ကျေးဇူးတော်ရှင်

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ်

စာစောင်

သာသနာ ၂၄၅၅-၂၅၅၅

ကောဇာ ၁၂၇၃-၁၃၇၃

ဓမ္မနာဒကျောင်းတိုက်

၂၈၀၁၄
၉၂၂
သသန
မြ-၉၇

ကျေးဇူးတော်ရှင်

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

သက်တော် (၁၀၀) ပြည့်အထိမ်းအမှတ်

သာသနာ ၂၄၅၅–၂၅၅၅ **စာစောင်** ကောဇာ ၁၂၇၃–၁၃၇၃

အမှတ် [illegible]
ရက်စွဲ ....

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

သက်တော် (၁၀၀) ပြည့်အထိမ်းအမှတ်

စာစောင်

မာတိကာ

ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ	ဥယျောဇနကထာ	၁
တတိယတိပိဋကဓရ ပြည်ဆရာတော်	သာသနာ့ထိပ်ခေါင်တင်ဓမ္မနာဒအရှင်ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများဆိုင်ရာ ကန်တော့ပန်းလွှာ	၂
ပဥ္စမတိပိဋကဓရ ယောဆရာတော်	အသိဆန်းကြယ်အနှစ်ကြွယ်	၅
ဆဋ္ဌမတိပိဋကဓရ ရေစကြိုဆရာတော်	မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ခံယူချက်နှင့်ဆုတောင်း	၁၂
သတ္တမတိပိဋကဓရ မော်ကျွန်းဆရာတော်	မှတ်တိုင်ကောင်းအများဆုံးစိုက်ထူသွားသူ	၁၆
အဋ္ဌမတိပိဋကဓရ မြင်းမူဆရာတော်	တာဝန်နှင့်ဝတ္တရား	၂၁
နဝမတိပိဋကဓရ မြင်းခြံဆရာတော်	အာဇာနည် (သို့မဟုတ်) အကောင်းဆုံး အမြင့်ဆုံးဘဝကို တည်ဆောက်သူ	၂၃
ဒသမတိပိဋကဓရ စွန်းလွန်းဆရာတော်	ကမ္ဘာ့မှတ်တမ်းဝင် ထေရ်ဆရာရှင်	၂၃
ဧကာဒသမတိပိဋကဓရ ရမ္မာဝတီဆရာတော်	မင်းကွန်းတိပိဋကဓရထေရ်၏ မေတ္တာလေသံများ	၂၉
ဒွါဒသမတိပိဋကဓရ စစ်ကိုင်းဆရာတော်	မင်းကွန်းဆရာတော်ကြီးနှင့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်း	၃၃
အရှင်ယောသိတ (ရေနံ့သာ)	မင်းကွန်းဆရာတော်ကြီး နှစ်တစ်ရာပြည့်ပွဲ	၃၉
ဦးခင်မောင်ရင်	မင်းကွန်းဓမ္မနာဒမဟာထေရဝံသသတပရိပုဏ္ဏ အဘိဇာတကာလ	၄၀
ကန့်ဘလူဖြူစင်ဝင်း	သာစွအလုပ်ဖြင့်အချိန်ကုန်စေသူ	၄၁
မော်ကျွန်းအရှင်ပဏ္ဍိတ	မင်းကွန်းအာဒိကမ္မိကတိပိဋကဓရ	၄၂
အရှင်သဒ္ဓမ္မသီရိ	အံ့တစ်ပါးမင်းကွန်းမဟာထေရ်မြတ်ကြီး	၄၃
ဘုန်းရွှေစင်	အာဇာနည်များ အဖေနှင့်သား	၄၄
သာသနာ့အလင်းရောင်ဦးဖေမြင့်	မင်းကွန်းဆရာတော်ကြီး၏ဂုဏ်တော်ဖွဲ့ဟူသည် သီကုံးဘယ်ခါမဆုံးပါ	၄၅
ဆန်းထွန်း (မန်းတက္ကသိုလ်)	တိပိဋကဓရမင်းကွန်းဆရာတော်ကြီးဘွဲ့ ပါဠိဘာသာ ဂုဏထောမနာမြန်မာဂီတိ	၄၆

♦ အရိယမဂ္ဂင်ဆရာတော်ကြီး	ဩဝါဒကထာ	၄၇
♦ စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး	မြန်မာပြည်နှင့် ယုဂ်လေးမျိုး	၄၉
♦ ခန္တီးဝန်းသိုဆရာတော်ကြီး	အနုမောဒနာ ဩဝါဒကထာ	၅၃
♦ ဦးသေဋ္ဌိလာဘိဝံသမဟာထေရ်	သမ္မောဒနီယ ဩဝါဒကထာ	၅၄
♦ ပဲခူးမြို့မဆရာတော်ကြီး	သမ္မောဒနီယ ဩဝါဒကထာ	၅၆
♦ မစိုးရိမ်ပဌာန်းဆရာတော်ကြီး	ဓမ္မမိတ်ဆွေနှစ်ဦးဆွေးနွေးခန်း	၅၇
♦ စစ်ကိုင်းရွှေစေတီဆရာတော်ကြီး	ဂုဏ်ပြုထောမနာစာတမ်း	၆၁
♦ မဟာစည်ဆရာတော်ကြီး	သမ္မောဒနီယအာသီသပတ္ထနာဩဝါဒကထာ	၆၃
♦ တောင်လေးလုံးဆရာတော်ကြီး	မရှိလျှင်မဖြစ်သောသူမြတ်ပုဂ္ဂိုလ်ထူး	၆၄
♦ ဖြဟ္မနိမ္မိတာရုံဆရာတော်ကြီး	အရိယပန်းကုံး	၆၈
♦ မြင်းခြံကိုးဆောင်တိုက်ဆရာတော်ကြီး	ဓမ္မစေတီများတည်ထားခြင်း	၇၀
♦ ရွှေကျင်သပြေကန်ဆရာတော်ကြီး	သမ္မောဒနီယ ဩဝါဒကထာ	၇၂
♦ ဘုရားကြီးတိုက်နယားဆရာတော်ကြီး	ဗဟုသုတရဟန်းတော်များ ကွယ်ပမသွားအောင်	၇၅
♦ ရွှေကျင်သာသနာပိုင်ဝါဆိုဆရာတော်ကြီး	အရှင်အာနန္ဒာ၏ ပယ်ဆုလေးမျိုးတောင်းဆုလေးပါး	၇၈
♦ မြတောင်ဆရာတော်ကြီး	ပထမပြန်ဓမ္မာစရိယစာမေးပွဲများသမိုင်းနှင့် အရှင်ဝိစိတ္တသာရာဘိဝံသ၏အဘိဝိသိဋ္ဌကထာ	၈၀
♦ ပေါက်မြိုင်ဆရာတော်ကြီး	တိပိဋကသခင် ကျေးဇူးရှင် အစဉ်မမေ့ပါ	၈၆
♦ ဆရာတော်ကြီးဦးဥက္ကံသာဘိဝံသ	နိကာယ်ငါးဖြာသာသနာ ကမ္ဘာအနှံ့ပြန့်စေသော်	၉၀
♦ ရှားပင်တိုက်သစ်ဆရာတော်ကြီး	မင်းကွန်းတောင်တန်းမှပေါ်ထွန်းလာသော ဆင်ဖြူတော်	၉၄
♦ ဆရာတော်ကြီးဦးသုစိတ္တ	သမ္မောဒနီယ ဩဝါဒကထာ	၉၈
♦ ဆရာတော်ကြီးအရှင်ရာဇဓမ္မာဘိဝံသ	ရှင်တစ်ဆူ လူတစ်ယောက်	၉၉
♦ ကိုလေး(အင်းဝဂုဏ်ရည်)	မဟာထေရပူဇာ	၁၀၄
♦ ရန်အောင်	အဖျင်းအညံ့စာလွှာ တင်ဆက်ပါ၏ဘုရား	၁၀၅
♦ မြေလတ်မင်းလွင်	မဟာကျော်ကဝိ၏ရာပြည့်ပူဇာမင်္ဂလာ	၁၀၆
♦ ဝိဇ္ဇာနွယ်	ထာဝရတည်ထေရ်ဇာနည်	၁၀၉
♦ မလှိုင်ကာဗျဝိဒူဆရာတော်	မိုးမိတ်ကုန်းမြေနှင့် တိပိဋကဓရဆရာတော်	၁၁၀
♦ ဦးထွန်းလွင်(သိရောမဏိ)	ဘုရားသို့ပင်ကြည်ညိုမြင်	၁၁၁

တိပိဋကဓရအရှင်သီလက္ခန္ဓာဘိဝံသ	တိပိဋကဓရအရှင်မြတ်များ၏ဖခင် ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်၏အနှစ်တစ်ရာသာသနာ	၁၁၂
တောင်ရင်းဆရာတော်အရှင်ကောဏ္ဍည	ဝတ္တိသာလော နိမ္မာလော	၁၃၂
သန်လျင်မင်းကျောင်းဆရာတော်ကြီး အရှင်ဝဏ္ဏသီရိ	အစ္ဆရိယအဗ္ဘုတပုဂ္ဂိုလ်	၁၄၀
ညောင်ကန်အေးဆရာတော်ကြီး အရှင်ကုန္ဒက	မင်းကွန်းဆရာတော်ကြီး၏ ထူးထူးခြားခြား အမိန့်စကားတော်များ	၁၄၈
ပခုက္ကူအရှင်ကေသရ	နှစ်သက်ပီတိဖြာလောက်ပါသည်	၁၅၁
ရဝေထွန်း	ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက	၁၅၄
ထီးချိုင့်နတ်စိုး	လောဘ ဒေါသ မာနကင်းလျှင် လွန်အောင်မြင်	၁၅၈
အရှင်ဒေဝိန္ဒာဓိပတိ	အနှစ်နှင့်အကာ	၁၆၃
ရတနာမာရ်အောင်ဆရာတော်ကြီး	မင်းကွန်းကုန်းမြေမှ သမီးတို့၏အမျှဝေသံ	၁၆၇
ဒီပစက်ရှင်	အတုယူကာပြုကျင့်ပါစို့ နောင်ညီတို့	၁၇၁
အရှင်သီရိန္ဒာစာရ	သင်္ဂဇာဆရာတော်နှင့် ဘယ်သူတူပါသလဲ	၁၇၄
အရှင်ဝိစိတ္တသာရ	မင်းကွန်းဆရာတော်ကြီး၏ထံတော်သို့ ပေးစာတစ်စောင်	၁၇၈
ဆန္ဒတော်ပြည့်ဆရာတော်ဦးနန္ဒိယ	မင်းကွန်းထေရ်ရှင်မြတ်သခင်နှင့် ဆုံဆည်းခွင့်ရခဲ့သော နေ့ရက်များ	၁၈၀
ဘဒ္ဒန္တဇောတိကာဘိဝံသ(နာယကချုပ်)	မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သက်တော်ရာပြည့်အထိမ်းအမှတ်	၁၈၅
အရှင်တိလောကာဘိဝံသ (အင်းစိန်)	လူ့ပြည်သာသနာအပြုလာ	၁၈၇
အရှင်ပဏ္ဍိတာဘိဝံသ (နာယကချုပ်)	မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သမိုင်းမှတ်တိုင်များ	၁၉၀
အရှင်ဃောသိတ (တစ်ဘဝသာသနာ)	အလွန်ကံကောင်းကြသော မြန်မာပြည်ရဟန်းတော်များ	၁၉၄
ဒေါက်တာအရှင်ဉာဏိဿရ	ဘုရားနှင့်တွေ့ရမည့် တက္ကသိုလ်	၁၉၇
ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ	မင်းကွန်းတောင်ယံမှပွဲတင်သံများ	၂၀၁
အရှင်မဟာသမပဏ္ဍိတ	ပိဋကတ်အမွေဆက်လက်ခံယူထိန်းသိမ်းရေး	၂၀၃

ဥူးသြဒါတသိရီဘိဝံသ	အာဇာနည်တို့၏လမ်းစဉ်	၂၀၆
ဘဒ္ဒန္တကုမာရ	ထူးခြားသည့် တိပိဋကဓရပုဂ္ဂိုလ်မြတ်	၂၀၉
ဘဒ္ဒန္တသုမန (မူလမင်းကွန်း)	မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ကြည်ညိုစရာများ	၂၁၃
အရှင်ဇဋိလ (ဘိုကလေး)	ပါရမီရှင်ဆရာတော်ကြီး	၂၁၅
ဦးပဏ္ဍိတ (ပဏ္ဍိတာရာမ)	ဆရာတော်နှင့် နီးနီးကပ်ကပ်နေခဲ့ရစဉ်က	၂၁၈
ဦးပညာတပ (ရွှေကျင်ဂူ)	ဓမ္မဓရ (သို့) ဓမ္မဂရုက	၂၂၂
ဓမ္မသုတေသီ (မင်းကွန်း)	သာသနာတော်ကို အလှူဆင်ကြသူများ	၂၂၅
အညတရဘိက္ခု (မင်းကွန်း)	ကျေးဇူးတော်ရှင် ထေရ်ဖခင်သို့တမ်းခြင်း	၂၂၈
ဘုန်းနဒီ	ညီညာဖြဖြပြုကြစို့	၂၃၂
အရှင်ယုဇန(ရန်အောင်)	ကျွန်ုပ်ကြားဖူးသလိုပြောဆိုပါမည်	၂၃၄
အညတရဓမ္မဝါဒီ	မြန်မာ့သာသနာဝင်မှ ပညာရှိသူတော်ကောင်းကြီးများ	၂၄၀
အရှင်ဉာဏသာမိ (နတ်မောက်)	နည်းပေးညွှန်ပြ ဆုံးမရာဝယ် စံပြုရသည့် မင်းကွန်းဆရာတော်ကြီး	၂၄၆
မေဓာ့ယာဉ်ပုံကျောင်းသားဟောင်း	စပ်မိစပ်ရာ	၂၅၀
ဘုန်းသုခ (ရတနာ)	မင်းကွန်းဆရာတော်ကြီးနှင့်မင်္ဂလာများ	၂၅၃
ထီလာမောင်ရှင်	သွာဂတံ တေ မဟာထေရ	၂၆၃
အရှင်ဉာဏောဘာသာလင်္ကာရ	ဆရာတော်ကြီးနှစ်ပါး၏စကားနှစ်ခွန်း	၂၆၇
အရှင်သုနန္ဒ	အနှစ်တစ်ရာသက်ရှည်ကြာလည်း	၂၇၃
ဘိုကလေးရှင်ပဏ္ဍိတ	မေ့မရနိုင်သည့် ကျေးဇူးရှင်ဆရာတော်	၂၇၆
ဦးတေဇောဘာသ (မအူပင်)	ဂုဏ်ယူမိပါသည်	၂၇၉
မင်းကွန်းကိုပညာ	မင်းကွန်းဆရာတော်ကြီးနှင့်ဗန်းမော်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသတို့စတင်တွေ့ဆုံပုံနှင့်. . .	၂၈၂
မြိုင်-စက်ကလေး	အေးချမ်းသာယာဆုံးသောအရိပ်	၂၈၅
တပည့်ရွှေညာသား	မမေ့နိုင်ပါမြတ်ထေရ်မဟာ	၂၈၉
အောင်စစ်သည်	အတိတ်မှအရိပ်များ	၂၉၀
ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)	ငုံ့ကြည့် မော့ကြည့် တည့်တည့်မြင်တတ်စေ	၂၉၄
ဒေါက်တာပဏ္ဍိတာဝရာဘိဝံသ	အံ့သြဖွယ်ဆရာတော်	၂၉၉

တည်တောဆရာတော်ကြီး	ဇရာမတရားကြီး	၃၀၃
အရှင်ယောသိတ (ရေနံ့သာ)	ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ကြီး၏ အံ့ဩဖွယ်နေ့တစ်နေ့	၃၀၅
ဇေယျာနရိန် (မြောင်းမြ)	မြင်စမ်းစေချင်ဆရာထေရ်သခင်	၃၁၀
အရှင်ကုသလ (မြိုင်သာယာ)	ပုဂ္ဂိုလ်ထူးကိုပူဇော်ပါ	၃၁၃
အောင်သျှင်သူ (မဟာမြေ)	တိပိဋကဓရရှေ့ခေါင်းဆောင်ကို မမေ့ကြောင်းပါဘုရား	၃၁၄
တက်လူ	မှန်းဆတမ်းတလွမ်းနေရ	၃၁၅
ယုဝတီရွှေဝါစိန်	ရှိခိုးပန်ထွာဝန္ဒနာ	၃၁၆
သကျဇာနည်သွေး	ထေရ်ဘုန်းကျေးဇူး	၃၁၇
မောင်သာရ	သူလိုလူ	၃၁၈
သမိန်သောင်း	ပူဇာစအလွမ်း	၃၂၀
ရတနာမာရ်အောင်ဆရာတော်	ပထမဓမ္မနာဒဆရာတော်ကြီးဦးပညာစက္က	၃၂၀
လူထုဒေါ်အမာ	အရိယမဂ္ဂင်ချောင်ဆရာတော်ကြီး	၃၂၇
အရှင်ယောသိတ(ရေနံ့သာ)	ဓမ္မနာဒတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ	၃၃၃
လူထုဒေါ်အမာ	သာသနာ့မိခင်ကြီးဒေါ်ဓမ္မစာရီ	၃၃၆
မြတ်ဆုမွန်	သာသနာပြုဖက်	၃၄၆
နန်းတင်ရင်(ပခုက္ကူ)	မညိုးဂုဏ်ရည်နှစ်ကြာရှည်	၃၅၃
နံ့သာမြေမောင်လင်းလူ	မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်	၃၅၅
အညာမြေမောင်သောင်းနွယ်	မေတ္တာရနံ့ကြိုင်လှိုင်ပျံ့	၃၅၆
စောယဉ်ကျေး(ကမ်းကလေး)	မင်းကွန်းထေရ်လိုလုပ်လိုက်စမ်း	၃၅၇
ဖျာပုံမောင်စန္ဒာ	ရာပြည့်ပွဲသို့	၃၅၈
မျိုးသွင်	တစ်ကမ္ဘာအလွမ်း	၃၅၉
စိမ်းမြအေး	နှစ်တစ်ရာပြည့်ကန်တော့ပန်း	၃၆၀
အိုးဝေဦးညိုမြ	မင်းကွန်းရောင်ခြည်သုံးစေတီ	၃၆၂
ဦးချမ်းသာ (လက်ဝဲမင်းညို)	မင်းကွန်းမိုးမိတ်ကုန်းမြေ ကိုယ်တွေ့ဗဟုသုတများ	၃၆၆

ဦးနု	အနုမောဒနာနှင့်ဆုတောင်း	၃၆၉
ဒေါက်တာမောင်မောင်	ထူးခြားသောပုဂ္ဂိုလ်သူမြတ်	၃၇၁
ဓမ္မဃောသကဦးမောင်မောင်	ဆရာတော်သည်အများအတွက်	၃၇၄
ဇေယျာမောင်	ဇဝံ မေ သုတံ	၃၇၇
သုခ	ဆရာတော်ဘုရား၏ ဉာဏပုဗ္ဗင်္ဂမ	၃၈၂
ဦးထွန်းလှိုင်	တိပိဋကဓရပုဂ္ဂိုလ်တစ်ပါး၏တန်ဖိုး	၃၈၅
ဦးအောင်သိမ်း (နာယကကြီး)	မြစ်ကူးတရား	၃၉၀
ဆန်းထွန်း (မန်းတက္ကသိုလ်)	မယ်တော်ကြီးဒေါ်ဓမ္မစာရီ	၃၉၆
မောင်အုံ့ (မဟာဝိဇ္ဇာ-ဘုံဘေ)	မင်းကွန်းဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ	၃၉၉
ဒေါက်တာတင်အောင်အေး	ဆရာ့အဆုံးအမဥ္ဇတည်သော မင်းကွန်းဓမ္မနာဒဆရာတော်	၄၂၈
ဦးသောင်းလွင်	မင်းကွန်းဆရာတော်နှင့် နိကာယ်သာသနာတော်ထွန်းကားရေးအသင်း	၄၃၂
ဦးကြည်ညွန့် (စစ်ကိုင်း)	ထာဝရကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး	၄၃၆
ဦးသိန်းအောင် (ဗာရာဏသီ)	မင်းကွန်းဆရာတော်ကြီးပေးသောအမွေ	၄၄၀
ဦးညွန့်မောင်	ပဥ္စနိကာယတိပိဋကဓရ	၄၄၅
ဦးကျော် (ကျန်းမာရေး)	မင်းကွန်းမဟာထေရ်၏တုနှိုင်းမရသော မေတ္တာစေတနာတော်	၄၄၉
မြဝင်း (ဒဿန)	မင်းကွန်းဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်များ	၄၅၆
နေဝင်း (လန်ဒန်)	ကျွန်တော်ကိုယ်တိုင်သိသော ဆရာတော်ကြီးဦးဝိစိတ္တ	၄၆၀
ဝဏ္ဏသီရိ	မင်းကွန်းဆရာတော်ကြီး၏လက်အုပ်အစုံ	၄၆၅
အဆိုတော်မောင်မောင်ကြီး	မင်းကွန်းဆရာတော်ကြီး၏ အံ့ဖွယ်ဖြစ်ရပ်များ	၄၇၀
စိန်နားကပ်ကြီး	မင်းကွန်းဆရာတော်ကြီး၏ပစ်ခွာသာမဏ	၄၇၅

ဦးသန်းအောင်ရွှေ	ဥက္ကဋ္ဌနာယက ဂုဏ်ပြည့်ဝ မြတ်လှဆရာတော်	၄၇၉
စိန်ရဲနောင်	ဘဘုန်းဘုရားနှင့်ထူးမခြားနား	၄၈၄
ကျော်ရင်မြင့်	ခေါင်းတွဲ	၄၈၇
မဥ္ဇူသက(မုံရွာ)	ကျေးဇူးအမွေအနှစ်ရှင်သန်ရစ်သည်	၄၉၀
ကပ္ပိယတစ်ဦး	ထာဝရကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါသည်	၄၉၄
ခင်လေးနွယ်	မေတ္တာဟူသည်	၄၉၉
မောင်ရင့်ကျူး (မြောင်းမြ)	ရည်မျှော်တမ်းတဦးနှိမ်ချလျက်	၅၀၁
ပထမကျော်ဦးစံသင်းလှိုင်	ဓမ္မဓရနတ်သားဆုကိုလေ့လာခြင်း	၅၀၄
ဒေါက်တာမင်းလဲ့ရီ	ပန်းချီကားဖြင့်ညွှတ်တွားပူဇော်ခြင်း	၅၀၉
ဒေါက်တာမြတ်မြတ်ထွန်း	မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ	၅၁၂
ဦးဂိုအင်ကာ	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို အရကျက်ထားနိုင်သူ	၅၁၅
ကျော်လှိုင်	မင်းကွန်းဆရာတော်ကြီးနှင့်စပ်လျဉ်းသည့် အမှတ်တရများ	၅၁၈
ကြည်စိုးထွန်း	နိမ္မိတ	၅၂၇
၁၃၄၀ မှ ၁၃၇၃-ခုနှစ်အထိ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋက = နိကာယကျောင်းတိုက်မှ အောင်မြင်တော်မူကြသော သံဃာတော်အရှင်မြတ်များစာရင်းချုပ်		၅၂၆
ရေနံချောင်းခင်မောင်မြ	စိတ္တံ ယသ န ကမ္ပတိ	၅၃၄
တင်အောင်သွင်	သာသနာ့မိခင်ကြီး၏ကဗျာလက်ရာများ	၅၃၆
ဆရာဝန်တင်ရွှေ	မင်းကွန်းဆရာတော်ကြီး၏ ထူးခြားသောအရည်အသွေးများ	၅၃၉
ဓမ္မာစရိယဦးဌေးလှိုင်	ဓမ္မပူဇာပါဘုရား	၅၄၂
ဓမ္မာစရိယဦးအေးနိုင်	ငယ်စဉ်မှစ၍ ယနေ့အထိ ကြည်ညိုနေရသော မင်းကွန်းဆရာတော်ကြီး	၅၄၇
ကျော်နန္ဒအောင်	သံ + အာ + ဓာ + ဏ္ဍ	၅၅၀
ကံထွန်းသစ်	ကောက်သင်းကောက်ပူဇာ	၅၅၄
ထပ်ဆင့်အကယ်ဒမီဂီတလုလင်ဦးကိုကို	မင်းကွန်းဓမ္မတေးရင်မှာအေး (ဓမ္မတေး)	၅၅၆
အကယ်ဒမီစန္ဒရားလှထွတ်	ဓမ္မနာဒအဓိဋ္ဌာန်ဓမ္မတေး	၅၅၇
ဘိုကလေးတင့်အောင်	မင်းကွန်းမြေမှခွာတော်မူလေပြီ (ဓမ္မတေး)	၅၅၈

ပုံနှိပ်မှတ်တမ်း

နာယကဆရာတော်များ

ရွှေရတုတိပိဋကဓရဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ

ရွှေရတုတိပိဋကဓရဆရာတော် အရှင်ဝံသပါလာလင်္ကာရ

ရွှေစင်တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ

ရမ္မာဝတီ တိပိဋကဓရဆရာတော် အရှင်ကုန္ဒပါလ

စာတည်းအဖွဲ့

အရှင်ယောသိတ (ရေနံ့သာ)

အရှင်ဉာဏောဘာသာလင်္ကာရ (တန့်ဆည်)

ဦးအောင်မွန် (မြတ်ဆုမွန်)

မွမ်းမံမှုစာတည်း

ဦးသီဟလတ်(မြန်မာသစ်မဂ္ဂဇင်း)

မျက်နှာဖုံးပန်းချီ

ဦးအေးမြင့် (မြန်မာမှုဒီဇိုင်း)

အတွင်းဒီဇိုင်း

ပန်းချီ မမွေး၊ ကျော်ဇာဇာဌေး

ကွန်ပျူတာစာစီ

မြတ်ဆုမွန်၊ Dream City

သရုပ်ဖော်ပန်းချီ

ဦးဘလုံလေး၊ ဦးစိန်၊ ဦးစန်းလှိုင်၊ ဦးအေးမြင့်၊ ပေါ်ဦးသက်၊ ဦးကျော်၊ ဦးဖေသိန်း၊ မောင်ငွေထွန်း၊ ဦးသန်းအောင်၊
မောင်မောင်သိုက်၊ မောင်ကျော်ညွန့်၊ စံတိုး၊ ဝသုန်၊ ကျော်သောင်း၊ ဇော်မင်း၊ ဖေညွန့်ဝေ၊ ကြည်သိန်း၊ မာလာ၊ သန်းလှ၊
ကျော်ဖြူစံ၊ သာတင့်ထက်၊ ရွှေစိုးဟန်၊ မြင့်မောင်ကျော်၊ မောင်ကျော်တင့်၊ တင်ထွန်းထွန်း၊ ရဲအောင်နိုင်။

တင်လှဝင်းထင်၊ သန်းကြွယ်၊ အောင်ဘ၊ ကောင်းစံ၊ ခင်မောင်စန်း၊ မမွေး၊ မောင်နေကြည်၊ ညီတင်၊ ခင်မောင်ရင်၊ အောင်ကျော်၊
တင်ဌေးအောင်၊ စိုးဝင်းအောင်၊ လှထွန်း(မန္တလေး)၊ လှမော်(မန္တလေး)၊ မမြခက်၊ မျိုးမြင့်သိုက်၊ မြင့်ကျော်ထက်။

အရောင်ခွဲ၊ ပုံနှိပ်နှင့် စာအုပ်ချုပ်

ကမ္ဘာဦးကာလာခွဲနှင့်စီတီပီ၊ မာကျူရီပရင်းတင်းဟောက်စ်၊ စွယ်တော်စာအုပ်ချုပ်နှင့်ပုံနှိပ်ဝန်ဆောင်မှုလုပ်ငန်း

ပုံနှိပ်သူ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်

ညွှန်ကြားရေးမှူး ဦးဝင်းနိုင်

မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅) က

ပုံနှိပ်ထုတ်ဝေသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတင်မှတ်တမ်းတင်လွှာ

ဤကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော် (၁၀၀) ပြည့် အထိမ်းအမှတ်စာစောင်၌ စံကျောင်းဆရာတော်ဘုရားကြီး၊ မင်းကျောင်းဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးက္ကန္ဒာလောကတို့၏ ပုံတော်များကို ဖော်ပြထားရာ (ဒီပုံတွေက ဒီစာအုပ်နဲ့ ဘာမှမဆိုင်ဘူး) ဟု အထင်မှားစရာ ဖြစ်လောက်ပါသည်။ မိမိတို့လည်း ဖြစ်ခဲ့ဘူးပါသည်။ မှန်၏ ရှင်းပြပါမည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ဘွဲ့ရ

အစိုးရပဋ္ဌမကျော်

သကျသီဟ

အဓိကထာပြန်အကျော်

အသျှင်ဝိစိတ္တသာရာဘိဝံသ

၏

အဒ္ဓုပ္ပတ္တိ

"အသျှင်နေပုည-စီစဉ်ရေးသားသည်"

ဟူသော စာအုပ်ကလေးကို ပြသချီးမြှင့်သည့် ဆရာတော် ဦးဝေပုလ္လာစာရ (ဗန်းမော်တိုက်) (ယခင်ဓမ္မနာဒတိုက်ကြပ်) အား "ဒီစာအုပ်ကလေးက သိပ်ကောင်းတာပဲဘုရား၊ ဂါထာကြီးတွေကလည်း ကောင်းလိုက်တာ ဦးနေပုညနှင့် အရှင်ဘုရားသိသလားဘုရား" ဟု လျှောက်သည့်အခါ "သိတယ် .. သိတယ် ဦးနေပုညဆိုတာ မင်းကွန်းဆရာတော်ကြီးရဲ့ တပည့်ပဲ ဝါးခယ်မမြို့ကြက်တည်င်မှာ ကျောင်းထိုင်တယ်။ သူ့ဆီရောက်တော့ တပည့်တော်က အရှင်ဘုရားရေးတဲ့ မင်းကွန်းဆရာတော်ကြီး အဒ္ဓုပ္ပတ္တိက ကောင်းလိုက်တာလို့ လျှောက်တော့ တပည့်တော်ရေးတာ မဟုတ်ပါဘူး။ မင်းကွန်းဆရာတော်ကြီး ကိုယ်တိုင် ရေးတာပါ။ တပည့်တော်ကို နာမည်ခံခိုင်းတာပါလို့ ပြောတယ်" ဟု ဆရာတော် ဦးဝေပုလ္လာစာရ မှ အမိန့်ရှိလိုက်သောအခါ "သြော် .. ဒါကြောင့် ဒီစာအုပ်ကလေးထဲမှာ ဒီကျေးဇူးရှင် ဆရာတော်ဘုရားကြီးတွေရဲ့ပုံတွေကို မင်းကွန်းဆရာတော်ကြီးက ဦးစားပေးထည့်တာကိုး" ဟု မိမိတို့ အထင်မှား အမြင်မှားများ ပျောက်သွားကြပါသည်။

"မင်းကွန်းဆရာတော်ကြီး နှစ် (၁၀၀) ပြည့် စာစောင်မှာ ဒီပုံတော်တွေ ထည့်သင့်တယ်" ဟု ယူဆသည့်အတွက် စာအုပ်ကလေးထဲမှာပါသည့်အတိုင်း မှုံဝါးဝါးပုံတော်များနှင့် ဂါထာများကို ထည့်သွင်းလိုက်ရခြင်း ဖြစ်ပါသည်။

(ဦးနေပုညသည် ပုပ္ပါးလှိုင်သာဇာတိဖြစ်ကြောင်း၊ ပုပ္ပါးလှိုင်သာ ဆရာတော်ဦးကေသရတပည့်ဖြစ်ကြောင်း၊ မင်းကွန်းဓမ္မနာဒတိုက်တွင် စာသင်ဘူးကြောင်း၊ မြင်းခြံမင်းကျောင်းတိုက် ဆန္ဒတော်ပြည့်ဆရာတော် ဦးနန္ဒိယမှ အမိန့်ရှိသည်က တစ်ကြောင်း

ဆရာတော် ဦးကေသရဟူသည် ဆရာတော်ဦးသောဘိတ၏ တပည့်ကြီးဖြစ်သည် ဆရာတော် ဦးသောဘိတ ပျံလွန်တော်မူသောအခါ ရှင်ဝိစိတ္တသာရ မင်းကွန်းသို့ ရွှေ့ပြောင်းပညာသင်ကြားရန် စီမံပေးကြသော ဆရာတော် ဦးသောဘိတ၏ တပည့်ကြီး (၇) ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည်က တစ်ကြောင်း ထိုအကြောင်းတို့က ဦးနေပုညအား နာမည်အခံခိုင်းခြင်းသည် ဆရာတော်ဦးကေသရအား ကျေးဇူးဆပ်ခြင်းဟု ယူဆရပေသည်။)

တဖန်ဤစာစောင်၌ မင်းကွန်းတိပိဋက=နိကာယ သာသနာပြုအဖွဲ့ ပဌမသုံးနှစ်ခရီး၊ ဒုတိယသုံးနှစ်ခရီး၊ တတိယသုံးနှစ်ခရီး၊ စတုတ္ထသုံးနှစ်ခရီး၊ ပဉ္စမသုံးနှစ်ခရီး စာအုပ်တို့၌ ပါရှိပြီးဖြစ်၍ အသက်ထင်ရှား မရှိကြတော့သည့် ဆရာတော်ကြီးများ စာရေးဆရာကြီးများ၏ စာပေများကို ပြန်လည်ဖော်ပြခြင်းမှာ ထိုပုဂ္ဂိုလ်တို့သည် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် တွေ့ဆုံဘူးကြသည်။ ထိုကိုယ်တွေ့အဖြစ်အပျက်များကို ရေးသားထားခြင်းကြောင့် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ဓါတ်ပုံများ အများကြီးပါရှိနေခြင်းမှာ မင်းကွန်းဆရာတော်ကြီး၏ဓါတ်ပုံနှင့်ပတ်သက်သည့် စာမူတစ်ပုဒ်တလေမျှ ရောက်မလာခြင်းကြောင့် ဖြစ်ပါသည်။

စာမျက်နှာ အခက်အခဲကြောင့် စာမူအကုန်လုံး မဖော်ပြနိုင်သည်ကို သည်းခံခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်မေတ္တာရပ်ခံပါသည်။

မြင်းခြံမြို့ မင်းကျောင်းတိုက် ဆန္ဒတော်ပြည့်ဆရာတော် ဦးနန္ဒိယအား လည်းကောင်း၊ မိမိတို့အား စိတ်ကြိုက်လုပ်ရန် တာဝန်ပေး မေတ္တာရပ်ခံကြသော တိပိဋကဓရ အရှင်သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ တိပိဋကဓရ အရှင်ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)၊ တိပိဋကဓရ အရှင်ကုန္ဒပါလ (ရမ္မာဝတီဆရာတော်) တို့နှင့် ရာပြည့်ကျောင်းတော်ကြီးဆောက်လုပ်၍ ရာပြည့်ပွဲတော်ဖြစ်မြောက်ရန် အထူးကြံစည်ကြိုးကုတ်အားထုတ် အလုပ်လုပ်သော အရှင်ဂန္ဓမာလာလင်္ကာရ (မြင်းခြံရွှေစင် တိပိဋကဓရဆရာတော်) တို့အားလည်းကောင်း

သတင်းစာထဲ၌ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဓာတ်ပုံများရှိပါက အကြောင်းကြားပါရန်၊ လာရောက်ယူပါမည်။ ကူးပြီးလျှင် ပြန်လည်ပို့ဆောင်ပါမည်ဟူသော ကြော်ငြာထည့်သည့်နေ့မှစ၍ အကြောင်းကြားလာသောသူတို့၏နေရာသို့ ကိုယ်တိုင်သွားယူ၊ ကူးပြီးပြန်ပို့အလုပ်တို့ကို မငြီးမငြူ လုပ်ကိုင်ပေးရုံမျှမက ကွန်ပျူတာနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို လှူဒါန်းခြင်း၊ ကားအကူပေးခြင်း စသည်ဖြင့် ကူညီဆောင်ရွက်ပေးသော အရှင်ဉာဏောဘာသာလင်္ကာရ (ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်)အား လည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ ပေးပို့ကြသောဓာတ်ပုံပေါင်း (၅၀၀၀) ကျော်ကို (Scanner) ဖတ်ပေးရုံမက ဓာတ်ပုံများ ကွန်ပျူတာဖြင့် ပြုပြင်ပေးခြင်း၊ စာစီပေးခြင်း၊ စီဒီ၌ ကူးပေးခြင်း၊ လိုအပ်သည့်ပုံများကို ကာလာပရင်တာဖြင့် ထုတ်ပေးခြင်း၊ ဒီဇိုင်းပုံစံများ အကြမ်းထုတ်ပေးခြင်း၊ စသည်တို့ကို လိုအပ်လျှင်လိုအပ်သလို အလျှင်အမြန် (အခမဲ့) ဆောင်ရွက်ပေးကြသော ကွန်ပျူတာနှင့် သက်ဆိုင်သည့် လုပ်ငန်းတို့ကို စေတနာပါပါ လုပ်ကိုင်ကူညီပေးကြသော အရှင်သောဘန (ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်) နှင့် သူ၏ နှမရင်းများဖြစ်ကြသော မယဉ်ယဉ်မာ၊ မသင်းသင်းဆွေတို့အား လည်းကောင်း

ဦးအောင်ထွန်းနိုင် (ပြည်မြန်မာ)၊ မင်းကွန်းမောင်မောင်သန်း၊ ကိုကျော်မြင့် (နယူးဗဟို) အစရှိသော အမြို့မြို့အနယ်နယ်မှ ဓာတ်ပုံဆရာတို့အားလည်းကောင်း၊ ဓာတ်ပုံပေးပို့ကြသော အနယ်နယ်အရပ်ရပ်မှ စေတနာရှင်တို့အားလည်းကောင်း၊ အကယ်ဒမီများရှင် ဒါရိုက်တာဦးကြည်စိုးထွန်းအား လည်းကောင်း၊ ဗိုလ်ကလေးဦးတင့်အောင်၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ကေတုဦးဝင်းထွန်း၊ ဦးစိန်မွတ္တား အစရှိသော ဂီတပညာရှင်တို့အား လည်းကောင်း

လိုအပ်သမျှ ကူညီကြသော ရန်ကုန်တိပိဋကကျောင်းမှ ဦးဂုဏသာရ၊ ဦးပညောဘာသ၊ ဓမ္မနာဒမှ ဦးကေသဝ၊ ဦးအဂ္ဂ၊ ဦးဇဝန၊ ကိုထွန်းဦး (မိုးမိတ်)၊ ကိုဝင်းဆွေ (မန္တလေး) တို့အားလည်းကောင်း၊ ဂေါပကအဖွဲ့ဝင်တို့အား လည်းကောင်း

သရုပ်ဖော်ပန်းချီ ဒါနပြုကြသည့် ဦးညီတင်၊ ဦးခင်မောင်ရင်၊ ဦးအောင်ကျော်၊ ဦးတင်ငွေအောင်၊ ဦးစိုးဝင်းအောင်၊ ဦးလှထွန်း၊ ဦးလှမော်၊ ဦးသန်းကြွယ်၊ မမြခက်တို့အားလည်းကောင်း

အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်-ဂုဏ်ပြုအပ်ပါသတည်း။

စာတည်းအဖွဲ့

ကမ္ဘာတောနှယ်ဝင် အကျော်ဇင် ဘဝပေါင်းကူး...။

မိမိတို့မှာ ရှေးကုသိုလ်တော်တော်များ၍ လူ့ဘဝကို ရရှိ တွေ့ကြုံ ဗုဒ္ဓသာသနာ ပွင့်လင်းရာ အခါဖြစ်သည့် ဗုဒ္ဓုပ္ပါဒ နဝမအခွင့်ကောင်းနှင့်လည်း ကြုံကောင်း ကြုံခဲ ကြုံတွေ့ ကြရလေပြီ...။

“သစ်ပင်ကောင်း ငှက်တသောင်းခို” ဆိုသလို ဗုဒ္ဓသာသနာတော်၏ အရိပ်ကြီးကား သစ်ရိပ် ဝါးရိပ်တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြ ပါသည်။

ကမ္ဘာ့အလှ ကမ္ဘာ့သား သတ္တဝါများ၏ ခိုကိုးရာ အေးရိပ်သာကြီး ဖြစ်သည့်အတိုင်း ထိုသာသနာ့အရိပ်ကြီး ပွါးစီးအောင် ကိုယ်အား ဉာဏ်အား ငွေအား တို့ဖြင့် အားပေးကူညီဆောင်ရွက် မိမိအလှူပါး နှစ်ဦးသား၏ အမျိုးအနွယ်ကို ကျင့်သည့် ဥဘယဟိတပဋိပန္နပုဂ္ဂိုလ် များ ဖြစ်ကြပါစေ - ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇစကား ဖော်ကြားအပ်ပါသည် ကမ္ဘာတော နှယ်ဝင် အကျော်ဇင် ဘဝပေါင်းကူး...။

ဦးဝိစိတ္တသာရာဘိဝံသ

တိပိဋကဓရ ဆရာတော်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ
ကိုးကွယ်တော်မူသော မြတ်စွာဘုရားရုပ်ပွားတော်



ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသလောင်းလျာ မောင်ရန်ရှင်း (ခေါ်) မောင်ခင်
ကျောင်းသားငယ်ဘဝ ပညာသင်ကြားခဲ့ရာမြင်းခြံခရိုင် သဲဖြူဝ (ခေါ်) ကျည်းပင်ရွာ ဆရာတော်ဦးသာသနကျောင်းမှ ဘုရားခန်း



ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသလောင်းလျာ မောင်ရန်ရှင်း (ခေါ်) မောင်ခင်
ကျောင်းသားငယ်ဘဝ ပညာသင်ကြားခဲ့ရာ မြင်းခြံခရိုင် သဲဖြူဝ (ခေါ်) ကျည်းပင်ရွာ ဆရာတော်ဦးသာသနကျောင်း

ကျေးရှူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ကျောင်းသားဘဝ သာမဏေဘဝ ပညာသင်ကြားပေးခဲ့သည့်
ဆရာဖြစ်တော်မူသော မြင်းခြံမြို့မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်းဆရာတော်ဦးသောဘိတ
ကိုးကွယ်ပူဇော်တော်မူခဲ့သော မြတ်စွာဘုရားရုပ်ပွားတော်နှင့် ရဟန္တာရုပ်ပွားတော်များ

ကျေးရှူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ
ကျောင်းသားငယ်ဘဝ (၇)နှစ်သားမှ (၁၀) နှစ်သားအရွယ်အထိ၊ သာမဏေဘဝ (၁၀) နှစ်သားမှ (၁၈) နှစ်သားအရွယ်အထိ
ပညာသင်ကြား သီတင်းသုံးနေထိုင်တော်မူခဲ့ရာ မြင်းခြံမြို့မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း



မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၏ ကျောင်းတိုက်တည်ဆရာတော်ကြီးဖြစ်တော်မူသည့်
ဆရာတော်ကြီးဦးပညာစက္က တည်ထားကိုးကွယ်တော်မူခဲ့သော မနောမယစေတီတော်

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တိပိဋကဓရဆရာတော်ကြီးဖြစ်တော်မူသော
အရှင်ဝိစိတ္တသာရာဘိဝံသ သီတင်းသုံးတော်မူရာ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်
(မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တိပိဋကဓရ အရှင်မြတ်ကြီးပေါ်ထွန်းရာ ဓမ္မနာဒကျောင်းတိုက်ကို
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ ကျေးဇူးရှင် ကျွဲမိစင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီက
၁၂၈၀ ပြည့်နှစ်တွင် ကျောင်းသစ်တည်ထောင်ဆောက်လုပ်၍ ဆရာတော်ဦးပညာစက္ကအား လှူဒါန်းတော်မူခဲ့သည်)

ဈေးရုံးရှင် စံကျောင်းဆရာတော်ဘုရားကြီး

စံကျောင်းမဟာထေရဝန္ဒနာ၊ သဒ္ဒါုလပိဋကီငိုတဂါထာ

ဗျာချာ ယော ဝိနယာဒိနံ ဝိရစယိယော သတ္တပါရဂ်တော၊
မာဒိနော်ဇနိတံ ပမာပယိ သုတံစံကျောင်းနိကာယံ ဝရံ။
ထေရောသာရိသုတော၀ ဂုတ္တဝိနယော သမ္မာဝနီယော မဟာ-
ထေရောတံပဝိတာမဟံ ဇိနသုတံ မီရာဘိ မီရံ နမေ။ ။

(မြင်းခြံမြို့မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း ဆရာတော် ဦးသောဘိတ၏ ဆရာရင်းဖြစ်သည်)

ဈေးရုံးရှင် မင်းကျောင်းဆရာတော်ဘုရားကြီး

မင်းကျောင်းမဟာထေရဝန္ဒနာ သဒ္ဒါလပိဋကိင္ဒိတဂါထာ

ထေရော ယော ဝိနယေ ဝိနီတဝိစယော ပါရင်္ဂတော . နူနကေ၊
ကမ္မံ သံဃပရာမိနဠ ဝိဝိစံ နိဋ္ဌာရယိ ဒုဋ္ဌရံ၊
ဝေါဟာရံ ဝိစယဥ္စသဗ္ဗရိ . ယုဂေ သဒ္ဒေ ရဝိန္နု ယထာ၊
ဝန္ဒေ တံ သဒယံ ပိတာမဟာဝရံ သီကူဋ္ဌယဂ္ဂါရဝံ။

(မြင်းခြံမြို့မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း ဆရာတော် ဦးသောဘိ၏ ဆရာရင်းဖြစ်သည်)

သာမဏေကျော်ဥပဇ္ဈာယ်ဆရာ ဟာချူဆရာတော် ဦးသောဘိတ

သာမဏေရပဇ္ဈာယကထေရဝန္ဒနာ သဒ္ဒါလပိတ္တိင်ဦတဂါထာ

ယေနာ နုဂ္ဂဟိတော သတီမိတိမတာ ထေရေနမေဓာဝိနာ၊
ဒွိကွတ္တုံ ပဋ္ဌမုဿဝေစ ဝိဇယီ ကစ္စာနသတ္တာဒိကေ။
အာပါဒီ ပရိယတ္တိသာသနဟိတေ နေကေစ ဝါစုဂ္ဂတံ၊
ဝန္ဒေ တံ ဂဏဝါစကံ တိပိဋ္ကေ ပါရင်္ဂတံ ဝိဒ္ဒသုံ။ ။

(ရှင်ဝိစိတ္တသာရအား အစိုးရပထမပြန်စာမေးပွဲအတွက် ပြဋ္ဌာန်းကျမ်းစာများ ပို့ချပေးရုံမက စာဝါအားလပ်သည့်နေ့တို့၌
ကဗျာဉာဏ်ရင့်သန်စေရန် ပေါရာဏဒီပနီ ပထမတွဲ ဒုတိယတွဲတို့ကို ကြည့်ရှုစေ၍ ပါဠိစာပေအရေးအသားကျွမ်းကျင်ကာ ပသုသုတကြွယ်ဝစေရန်
ဇိနာလင်္ကာရဋီကာကြီး၊ ဇာတတ္တကီကျမ်း၊ သောတတ္တကီကျမ်း၊ အဋ္ဌကထာဋီကာများကို ကြည့်ရှုစေကာ
ပေစာကိုင်ပုံ ပေစာထုတ်ပုံ ပေစာကြည့်ပုံ ပေစာသွင်းပုံ နေနည်း ထိုင်နည်း စသည်တို့ကို သင်ပြပေးတော်မူခဲ့သည့် ကျေးဇူးရှင်ဖြစ်ပါသည်)

ဩဝါဒါစရိယ တချုဆရာတော် ဦးဣန္ဒာလောက

ဩဝါဒစရိယဝန္ဒနာသဒ္ဒူလဝိက္ကီဠိတဂါထာ

နီတော ဟံ သဒယေန ယေန ပဉ္စနာ သမ္ဗုဒ္ဓဝါကျတ္တယေ၊
ထေရာဇညဝရေန နေကယတိနံ ဘူရိပ္ပယောပါယိနာ။
ရာဇာဂါရ မထာ နသိဋ္ဌသဟိတာ ဒီန္နာစ ယာဝါဂုနာ၊
ဝန္ဒေ တံ သဒယံ တိပေဋကဝိဒုံ သီလာဒျ နေကဂ္ဂုဏံ။ ။

(ဆရာတော် ဦးပညာစက္ကသည် မြင်းခြံမြို့မင်းကျောင်းတိုက် တနင်္ဂနွေထောင့်ကျောင်းဆရာတော် ဦးကေသရ၏ တူအရင်းဖြစ်သည်၊ မန္တလေးမှ မြင်းခြံသို့ ရောက်တိုင်းရောက်တိုင်း ဆရာတော် ဦးသောဘိတထံသို့ အမြဲလာလေ့ရှိသည်၊ ဆရာတော် ဦးသောဘိတ မေးသည်တို့ကို ဒေါက်ကနဲ ဒေါက်ကနဲ မဆိုင်းမတွ ဖြေဆိုနိုင်သည်၊ လိုအပ်သည့်အထောက်အထား ပေစာ ကျမ်းစာများကို ရှင်ဝိစိတ္တသာရက ယူပေးရသည်၊ ထိုအချိန်ကတည်းကပင် ရှင်ဝိစိတ္တသာရသည် ဆရာတော် ဦးပညာစက္ကအား သဘောကျနှစ်ချိုက် လေးစားကြည်ညိုခဲ့သည်၊ ဆရာတော် ဦးသောဘိတ ပျံလွန်သောအခါ ဆရာတော်ဦးသောဘိတ၏ တပည့်ကြီး (၇) ပါးတို့ ရှင်ဝိစိတ္တသာရ ပညာရေး နောင်ရေးအတွက် မန္တလေးပို့ရန် တိုင်ပင်ကြ၍ သာမဏေအား အကျိုးအကြောင်းပြောပြသောအခါ မန္တလေး မစနေရှင်ကြောင်း မင်းကွန်းဆရာတော် ဦးပညာစက္ကထံသို့သာ နေရှင်ကြောင်း လျှောက်ထားသဖြင့် ဆရာတော် ဦးပညာစက္ကထံသို့ ပို့ဆောင်ပါသည်၊ ဤဆရာတော်သည် ဆရာတော်ဦးပညာစက္ကနှင့် အထူးစင်မင်ရင်းနှီးသည့်အတွက်ကြောင့် ဆရာတော်ဦးပညာစက္ကထံသို့ သာမဏေအား ပို့ဆောင်အပ်နှံရန် ကျန်တပည့်ကြီးတို့က တာဝန်ပေးခြင်းကိုခံရသော ဆရာတော်ဖြစ်ပါသည်)

ရဟန်းဥပဇ္ဈာယ်ဆရာ မင်းကွန်း ဓမ္မနာဒဆရာတော်ဦးပညာဝဏ္ဏ

သမဏုပဇ္ဈာစရိယဝန္ဒနာ၊ သဒ္ဒရာဂါထာ

သဒ္ဓော ယော သန္တသီလော သုနိပုဏမတိမာ သန္တဝါစာဘိဓာနော၊
ဒန္တော စာ ဒန္တဒမ္မော သုဝိပုလမိတိမာ သတ္တနိက္ခိတ္တနေတ္တော၊
ထေရာဇညော နယိ မံ ပဒ္မသုတသုတံ ဂန္ထဝါစိတ္တ မည်၊
တံဟံ ဝန္ဒေဥပဇ္ဈံ ဂဏိတု မသုတရာ နေကဂန္ထာဘိစိဏ္ဏံ၊

((၈) ဝါအရတွင် မင်းကွန်းသို့ ဘောထွက်တော်မူခဲ့သည်၊ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီမှ ဓမ္မနာဒကျောင်းတိုက် စတင်တည်ထောင်ဆောက်လုပ်၍
လှူဒါန်းခြင်းကိုခံခဲ့ရသည်၊ အလင်္ကာရကျမ်း၊ နေတ္တိလင်္ကာကျမ်း၊ ဝိတဏ္ဍာဝါဒီ မဒ္ဒနကထာကျမ်း ဓာတ်ခြောက်ပါး သိမ်းဆည်းပုံကျမ်း စသည်တို့ကို ပြုစုတော်မူခဲ့သည်၊
၁၂၉၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့ သက်တော် (၅၃) အရွယ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့သည်)

ကျည်းပင်ရွာကျောင်း ကန့်ကူလက်လှည့်ဆရာတော်

ဆရာတော် ဦးသာသန



ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင့်သကာ (အာဒိကမ္မိက)၊ အစိုးရပထမကျော်၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိသိဋ္ဌ ဝိနယဓရ၊
မဟာဝိနိယကောဝိဒ၊ ဝိသိဋ္ဌအာဘိဓမ္မိက၊ မဟာအဘိဓမ္မ ကောဝိဒ၊ ဝိသိဋ္ဌဒီဃဘာဏက၊မဟာဒီဃနိကာယကောဝိဒ၊
ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ၊ဆဋ္ဌသံဂီတိ ဝိသဇ္ဇက၊အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ မဟာဗုဒ္ဓဝင်ကျမ်းပြု၊နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်များ ဒုတိယ အဓိပတိ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်

ဈေးရှုးတော်ရှင် ဖင်းတွင်းတိပိဋကဓရ ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

ဗောဓိပင် ညောင်ရေသွန်းလောင်းရန် ကြွတော်မူပုံ



ဗောဓိပင် ညောင်ရေသွန်းလောင်းနေပုံ



မဟာဗုဒ္ဓဝင်ကျမ်း ရေးသားပြုစုတော်မူနေပုံ

ကျေးရှူးရှင်
မင်းကွန်းတိပိဋကရေ
ဆရာတော်ကြီး
ပေစာသုတ်သင်တော်မူနေပုံ



ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သြဝါဒရေးသားချီးမြှင့်တော်မူနေပုံ

ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ကျမ်းစာပြုစု တည်းဖြတ်တော်မူနေပုံ

ပဲလှူပွဲများ၌ ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ရန် ကြွတော်မူနေပုံ

(ကျွန်း ၁၂ ရွာနှင့် အခြားရွာများမှ မိမိတို့ဒေသထွက် ပဲနီလေး ပဲထောပတ် စသော ပဲအမျိုးမျိုးတို့ကို ပဲပေါ်ပြီးစ တန်ရှူးလ၌ ဓမ္မနာဒကျောင်းတိုက် နှင့် တိပိဋက-နိကာယ ကျောင်းတိုက်တို့သို့ နှစ်စဉ်လှူကြသည်၊ ထိုအချိန် ထိုခရီးကား ပူကလည်း အလွန်ပူ၊ အိုက်ကလည်း အလွန်အိုက် ချွေးကလည်း တရွှဲရွှဲထွက်၍ ဖုန်ကလည်း တထောင်းထောင်းထကာ လှည်းလမ်းကလည်း ကြမ်းတမ်းလှသောကြောင့် အလွန်ပင်ပန်းလှသည်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် ကျောင်း၌အေးအေးဆေးဆေးနေနိုင်ပါလျက် မနေမူ၍ ဘယ်လောက် ပင်ပန်း ပင်ပန်း ရွာတိုင်း ရွာတိုင်းသို့ ဒုက္ခခံ သည်းခံ၍ မငြီးမငြူ သာသနာအတွက် ကြွတော်မူသည်၊ ရရှိလာသည့် ပဲအမျိုးမျိုးတို့ကို ဓမ္မနာဒကျောင်းတိုက် မိုးမိတ်ကုန်းမြေတိပိဋက-နိကာယကျောင်းတိုက် ရန်ကုန်တိပိဋကကျောင်း ရန်ကုန် မန္တလေး သာသနာ့တက္ကသိုလ်များ မြင်းခြံ မင်းကျောင်းတိုက်နှင့် မင်းကွန်းတောင်ရိုးရှိ ချောင်အသီးသီး ကျောင်းတိုက်အသီးသီးတို့၌ သီတင်းသုံးတော်မူကြသော ရဟန်းသာမဏေများ သာသနာ့နွယ်ဝင် သီလရှင်များအား လှူဒါန်းပါတော့သည်၊)

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး



ကျေးဇူးတော်ရှင် ဝင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ

သက်တော် (၁၇) နှစ် အရွယ်



သက်တော် (၁၉) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ



သက်တော် (၂၀) နှစ် အရွယ်



သက်တော် (၂၃) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ

သက်တော် (၂၈) နှစ် အရွယ်

သက်တော် (၃၈) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ



သက်တော် (၃၇) နှစ် အရွယ်

သက်တော် (၄၀) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ



သက်တော် (၄၂) နှစ် အရွယ်

သက်တော် (၄၃) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ

သက်တော် (၄၅) နှစ် အရွယ်

သက်တော် (၄၇) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ

သက်တော် (၆၀) နှစ် အရွယ်

သက်တော် (၇၀) နှစ် အရွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရွယ်မျိုးစုံပုံတော်များ

သက်တော် (၇၅) နှစ် အရွယ်

သက်တော် (၈၀) နှစ် အရွယ်

မင်းကွန်း ငွေတောင်တောရ ရွှေကျောင်တိုက် ခဏ္ဍာသိမ်၌
မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ရဟန်းခံအပြီး ရိုက်ကူးထားသောပုံ

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ



မန္တလေးရွှေရေးဆောင်တိုက်ဆရာတော်ကြီး
ဦးကြည် (ခေါ်) ဘဒ္ဒန္တ အာဒိစ္စရံသီ



မန္တလေးရွှေရေးဆောင်တိုက်ဆရာတော်
ဦးပဏ္ဍိဝ



မန္တလေး မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ

ကျေးရူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ

စစ်ကိုင်းတောင်ရိုး
(မင်္ဂလာစေတီ)
ဘုရားကြီးဆရာတော်ကြီး
ဘဒ္ဒန္တ ဇာဂရ



စစ်ကိုင်းတောင်ရိုး
မဟာသစ်ဝင်ချောင်
ဆရာတော်ကြီး
ဘဒ္ဒန္တ သောမာဘိသိရီ
(မစိုးရိမ်)

ကျေးရွာရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ



စစ်ကိုင်းတောင်ရိုး
သမ္မာသတိချောင်
ဆရာတော်ကြီး
ဘဒ္ဒန္တ လက္ခဏ



စစ်ကိုင်းတောင်ရိုး
ပတိရူပချောင်
ဆရာတော်ကြီး
ဘဒ္ဒန္တ ဇိန

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ



စစ်ကိုင်းတောင်ရိုး
ကမ္ဘောဇရှောင်ဆရာတော်ကြီး
ဘဒ္ဒန္တ ဝိသုဒ္ဓ



မင်းကွန်းတောင်ရိုး
ရွှေကျင်တိုက်ဆရာတော်ကြီး
ဘဒ္ဒန္တ ဝဏ္ဏ

ကျေးရှူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ



မင်းကွန်းတောင်ရိုး
ဓမ္မနာဒဆရာတော်ကြီး
ဘဒ္ဒန္တ ပညာစက္က

မြင်းခြံမြို့နယ်
ကျည်းပင်ရွာကျောင်းဆရာတော်ကြီး
ဘဒ္ဒန္တ သာသန

ကျေးရွာရှင် မင်းကွန်းတိပိဋကဝရသရာတော်ကြီး၏ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ



မန္တလေး ညောင်ကန်ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒ

ဤကျောင်းပုံသည် စစ်ကိုင်းတောင်ရိုး ဝက်ချက်ရှာ သမ္မာသတိချောင်မှ ကျောင်းဖြစ်ပါသည်၊ မင်းကွန်းဓမ္မနာဒ ဆရာတော် ဦးပညာစက္ကနှင့် သမ္မာသတိဆရာတော် ဦးလက္ခဏတို့သည် စစ်ကိုင်းနှင့် မင်းကွန်း အပြန်ပြန် အလှန်လှန် တလှည့်စီကြွကြ၍ စာပေဆွေးနွေးလေ့ရှိပါသည်၊ ၁၂ မိုင် ခရီးရှည်ကို နံနက် ၄ နာရီ ခြေလျင်ကြွ၍ နံနက် ၈ နာရီ ရောက်သည်၊ ညနေ ၄ နာရီ ခြေလျင်ပြန်ကြွ၍ ည ၈ နာရီ ကျောင်းပြန်ရောက်သည်၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ငယ်စဉ်က ခြေလျင်ကြွ၍ ဤကျောင်းပေါ်၌ ၃ ၄ ရက် သီတင်းသုံးနေထိုင်၍ စာကြည့်နေလေ့ရှိပါသည်၊



ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ

သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ(ဝံ့သကာ)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်
ဗန်းမော်ကျောင်းတိုက် မန္တလေးမြို့

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မင်းကွန်းကိုယ်စား မင်းကွန်းကိုယ်ပွား သားတပည့်များ

တိပိဋကဓရ
တိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
ရေစကြိုဆရာတော်
ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ



တိပိဋက ပါဠိပါရဂူ
ရွှေရတု တိပိဋကဓရ
တိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိ = နိ စီမံအုပ်ချုပ်မှု
မဟာနာယက
ဖော်ကျွန်းဆရာတော်
ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မင်းကွန်းကိုယ်စား မင်းကွန်းကိုယ်ပွား သားတပည့်များ

ရွှေရတုတိပိဋကဓရ
တိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိ-နိ စီမံအုပ်ချုပ်မှု
မဟာနာယက
မြင်းမူဆရာတော်
ဘဒ္ဒန္တဝံသပါလာလင်္ကာရ



ရွှေစင်တိပိဋကဓရ
ရွှေစင်တိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိ-နိ စီမံအုပ်ချုပ်မှုမဟာနာယက
အကျိုးတော်ဆောင်
ဓမ္မနာဒကျောင်းတိုက်
မဟာနာယကဆရာတော်
ဘဒ္ဒန္တဝန္ဒဓာလာလင်္ကာရ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မင်းကွန်းကိုယ်စား မင်းကွန်းကိုယ်ပွား သားတပည့်များ

တိပိဋကဓရ
တိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိ-နိ စီမံအုပ်ချုပ်မှု
မဟာနာယက
ရဋ္ဌာဝတီဆရာတော်
ဘဒ္ဒန္တဣန္ဒပါလ



တိပိဋကဓရ
တိ-နိ ဂုဏ်ထူးဆောင်
မဟာနာယက
ဘဒ္ဒန္တဣန္ဒာစရိယ

ကျေးရွာတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မင်းကွန်းကိုယ်စား မင်းကွန်းကိုယ်ပွား သားတပည့်များ



တိပိဋကဓရ
တိ - နိ ဂုဏ်ထူးဆောင်
မဟာနာယက
ဘဒ္ဒန္တဝီရိယာနန္ဒ

ပိဋကသုံးပုံဆောင်၊ ပိဋကနှစ်ပုံဆောင်၊ ပိဋကတစ်ပုံဆောင်၊ မင်းကွန်းကိုယ်စား၊ မင်းကွန်းကိုယ်ပွား၊ မင်းကွန်းသားတပည့်၊ သာသနာ့အာဇာနည် အရှင်မြတ်များပေါ်ထွန်းရာ ကျေးရွာတော်ရှင် ဖသခင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်တော်မူခဲ့သည့် မင်းကွန်းတောင်ရိုး သဗ္ဗောသမိုးမိတ်ကုန်းမြေ တိပိဋက - နိကာယကျောင်းတိုက်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုပြင်တော်မူခဲ့သောရှေးဟောင်းစေတီများနှင့် အသစ်တည်စေတီများ

မင်းကွန်းမိုးမိတ်ကုန်းမြေ
မိုးမိတ်စေတီ

မင်းကွန်းမိုးမိတ်ကုန်းမြေ
စက်တော်ရာစေတီ

မင်းကွန်းမိုးမိတ်ကုန်းမြေ
မင်းတေဇစေတီ (သမင်ခြံဘုရား)

ကျေးရူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုပြင်တော်မူခဲ့သောရှေးဟောင်းစေတီများနှင့် အသစ်တည်စေတီများ

မင်းကွန်းမိုးမိတ်ကုန်းမြေ
အရံစေတီများ

မင်းကွန်းမိုးမိတ်ကုန်းမြေ
ဝင်းတော်မှူးစေတီ
(ရွှေဘုန်းပွင့်စေတီ)

မင်းကွန်းမိုးမိတ်ကုန်းမြေ
ပိဋကတ်စေတီ

ကျေးရူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုပြင်တော်မူခဲ့သောရှေးဟောင်းစေတီများနှင့် အသစ်တည်စေတီများ

မင်းကွန်းထန်းမြင့်
မင်းဗလစေတီ (ဦးပေါက်ဘုရား)

မင်းကွန်းမိုးမိတ်ကုန်းမြေ
ကမ္ဘဝါစေတီ

မင်းကွန်း
နဂါးပတ်တောင်စေတီ

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုပြင်တော်မူခဲ့သောရှေးဟောင်းစေတီများနှင့် အသစ်တည်စေတီများ

မင်းကွန်း
နဂါးပတ်တောင်စေတီ

မင်းကွန်း
ထနောင်းတိုင်မိဖုယားစေတီ

မင်းကွန်း
ရာကျော်စေတီများ

မဲဇာချောင်အနီးမှစေတီ

မဲဇာချောင်အနီးမှစေတီ

မဲဇာချောင်အနီးမှစေတီ

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုပြင်တော်မူခဲ့သောရှေးဟောင်းစေတီများနှင့် အသစ်တည်စေတီများ

ဆန္ဒတော်ပြည့်စေတီတော်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မြင်းခြံမြို့ မင်းကျောင်းတိုက်၏ ကျောင်းဦး၌ ဤစေတီကိုတည်ရန် စိတ်ဆန္ဒရှိတော်မူခဲ့သည်။ သို့သော် ဘဝနတ်ထံ ဝင်စံတော်မူသွားခြင်းကြောင့် မတည်ဖြစ်ခဲ့ပေ။ ထိုဆန္ဒကို မင်းကျောင်းတိုက် ဓမ္မပါလကျောင်း ဆရာတော်ဦးနန္ဒိယက အကောင်အထည်ဖော်၍ ကျေးဇူးဆပ်သည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဆန္ဒတော်ပြည့်သွားပြီ ဟူသော အထိမ်းအမှတ်ဖြင့် ထိုစေတီကို ဆန္ဒတော်ပြည့်စေတီဟု ဘွဲ့အမည်ပေးခဲ့ပါသည်။

မင်းကွန်းတိပိဋကဓရ လွမ်းစေတီ

ဤစေတီကို မင်းကွန်းတောင်ရိုး သစ္စာသမိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်၌ တည်ထားပါသည်။ ဤစေတီ၌ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သက်န်း၊ သပိတ် စသော အသုံးအဆောင်များ လုံးဝ ဌာပနာထားခြင်းမရှိပါ။ အရိုးများ အရိုးပြာများ ဆံတော်များ လုံးဝ ဌာပနာထားခြင်းမရှိပါ။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား လွမ်းရှုံသက်သက်သာ တည်ထားခြင်းဖြစ်ပါသည်။



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်ချုပ်တာဝန် ဆောင်ရွက်တော်မူနေပုံ

(ဤအကျိုးတော်ဆောင်ချုပ် တာဝန်ထမ်းဆောင်တော်မူရင်း (မြန်မာနိုင်ငံမှာ လူဦးရေ သန်း (၅၀) ရှိတယ်၊ လူတိုင်း ကျောင်းဒကာဖြစ်အောင် လူတကိုယ် ၁ ကျပ်လှူတောင် ဒီတက္ကသိုလ်ကြီးတွေ ဆောက်လို့ပြီးတယ်) ဟူသော ဩဝါဒ မိန့်ကြားလျက် တိုင်းနှင့်ပြည်နယ် အကုန်လုံးသို့ ကြွရောက်ကာ (၁ ကျပ်တရား) ဟောကြား၍ လူတိုင်းကျောင်းဒကာဖြစ်အောင် လူတိုင်း ၁ ကျပ်လှူအောင် စီမံဆောင်ရွက် ကြိုးစားပန်းစား ပြုလုပ်ချက်ကြောင့် ရန်ကုန် မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ပြီးစီး အောင်မြင်တော်မူခဲ့သည်၊



ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး
သက်တော် (၇၅) နှစ် စိန်ရတုသဘင်၌
ဩဝါဒ မိန့်ကြားတော်မူနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ



သာသနဓဇ သီရိပဝရ
ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်



ဝိသိဋ္ဌဝိနယဓရ၊
မဟာဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်

ဝိသိဋ္ဌအာဘိဓမ္မိက၊
မဟာအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်

ဝိသိဋ္ဌဒီဃဘာဏက၊
မဟာဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်

ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
ဘွဲ့တံဆိပ်တော်

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
ဘွဲ့တံဆိပ်တော် (ဆင်စွယ်)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်

အရဟံ ဂုဏ်တော် ပုတီးစိပ်နည်း

၁။ သံသရာဝဋ်ဆင်းရဲ အပါယ်ဝဋ်ဆင်းရဲကို အကြောင်းမကောင်းယုတ်သော တထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်။

၂။ ဝါသနာအငွေ့တစ်စွန်းတစ်စ ကိုတထောင့် ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ။

၃။ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

၄။ ဖြစ်ပြီးမြဲဖြစ် အတန်တန်လည်ပတ်တတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး။

၅။ ကြီးကဲလွန်မြတ်တဲ့ ဂုဏ်အတတ်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံထိုက်။

တလောကလုံး မြင့်မိုးဦးသည့် (အရဟံ အရဟံ ဟုဆောင်သော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာပြည် တိုင် ပြန့်ပြောကျော်စောတော်မူသော မြတ်စွာဘုရား။ သော ဘဂဝါ ဣတိပိ အရဟံ။ ။

(တခေါက်ဆိုမှ ပုတီးတလုံးချလေ)

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ
မင်းကွန်း



တိံသ။ ၇ - ဒဿရဗ္ဗသဇာတ် (ဥမင်္ဂတွင်ရှာ၊လန့်)

တိံသ။ ၈ - ပဉ္စုပေါသထဇာတ်
၁၀/၉/၃၄ (လက်ရွေးကြီး ဘော်ပိုင်း)

ဝိတိဏ္ဏပါစန္တိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော မုသာဝါဒံ ကတွာ ဒေဝဒတ္တဿ ပထဝိပ္ပဝေသနံ အာရဗ္ဘ ကထေသိ။ ။(ရဟန်းတို့ ထိုစဉ် ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောဆိုနေကြစဉ်)၊ ၊န ဘိက္ခဝေ ဣဒါနေဝ၊ ပုဗ္ဗေပိ ဒေဝဒတ္တော မုသာဝါဒံ ကတွာ ပထဝိံ ပဝိဋ္ဌောယေဝ။ ။(မိန့် အတိတ်ဆောင်)—

ဤလက်နိပ်စက်ရိုက်ထားသောစာနှင့် ဤလက်ရေးစာတို့သည် မင်းကွန်းဆရာတော်ကြီးကိုယ်တိုင် တရားဟောမကြွမီ ကြိုတင်၍ နုတ်ထုတ်ထားသော စာတို့ဖြစ်ပါသည်၊ မင်းကွန်းဆရာတော်ကြီး၌ အလွန်အလုပ်များသောကြောင့် တရားဟောဖို့အတွက် စာကျက်ချိန်မရှိပါပေ၊ ဤနုတ်ထုတ်ထားသော စာရွက်တို့ကို တရားဟောကြွသောအခါ ရောဝတီမြစ်ထဲ ၄က်(လှေ) ပေါ် (သို့မဟုတ်) မော်တော်ပေါ်၌ ပဏ္ဍာသမဏက ဆရာတော်ကြီးအား ကပ်ရသည်၊ ဆရာတော်ကြီးသည် ထိုစာကို နှစ်ခေါက် သုံးခေါက်မျှသာကြည့်၍ ပဏ္ဍာသမဏအား ပြန်ပေးသည်၊ ထိုမျှလောက် နှစ်ခေါက် သုံးခေါက်မျှသာ ကြည့်သော်လည်း တရားပွဲ တရားဟောသောအခါ၌ အထစ်အငေါ့မရှိ စဉ်းစားနေရခြင်းမရှိ အမှားအယွင်းမရှိမူ၍ ဟောသွားနိုင်လေသည်၊ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာတော်ကြီး၏ ဉာဏ်ကောင်းပုံမှာ အလွန့်အလွန် အထူးအံ့သြစရာ ကောင်းလှပါပေသည်၊
ပဏ္ဍာသမဏသည် ဆရာတော်ကြီးက စာရွက်ကို နောက်တစ်ကြိမ် ပြန်တောင်း၍ ကြည့်လိမ့်အုံးမည်ထင်၍ ဆရာတော်ကြီး မျက်နှာရိပ် မျက်နှာကဲ ကြည့်၍နေ၏၊ ထိုစာရွက်ကို နောက်တစ်ကြိမ် မကြည့်တော့သော၊ မတောင်းတော့သော အထစ်အငေါ့မရှိ အမှားအယွင်းမရှိ မင်းကွန်းဆရာတော်ကြီး တရားဟောပုံကိုကြည့်၍ ပါးစပ်အဟောင်းသား အံ့သြခြင်းကြီးစွာ တရားပွဲတိုင်း တရားပွဲတိုင်း ဖြစ်မိပါသတည်း၊

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မြင်းခြံမြို့နယ် ကျည်းပင်ရွာ
အဘိဓဇ ကန့်ကူလက်လှည့်ကျောင်း

မြင်းခြံမြို့နယ် ကျည်းပင်ရွာ
အဘိဓဇ ဓမ္မသောဘိဏီ သိမ်တော်ကြီး

မြင်းခြံမြို့နယ်
ကျည်းပင်ရွာ ရွာဦးကျောင်းမုခ်ဦး

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မြင်းခြံမြို့နယ် ကျည်းပင်ရွာ တံတား

မြင်းခြံမြို့နယ် ကျည်းပင်ရွာ
အခြေခံပညာ မူလတန်းကျောင်း

မြင်းခြံမြို့နယ် သဲဖြူဝရွာ
တိပိဋက ဘုရားကျောင်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မြင်းခြံမြို့နယ်
သဲဖြူဝရွာ တိပိဋကကျောင်း

မြင်းခြံမြို့ ပုညသဟာယ
ဆွမ်းလောင်းအသင်း

မြင်းခြံမြို့နယ် ပြည်တော်သာရွာ
အစိုးရမှုလတန်းကျောင်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မြင်းခြံမြို့ မင်းကျောင်းတိုက်
တိပိဋက အဘိဓဇ
ပိဋကတ်တိုက်ဓမ္မာရုံ

မြင်းခြံမြို့ မင်းကျောင်းတိုက်
ဓမ္မပါလဓမ္မာရုံ အုတ်တိုက်ကျောင်း

တောင်သာမြို့ ပုညဝမုန
ဆွမ်းလောင်းအသင်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

နွားထိုးကြီးမြို့
ပုညသာမဂ္ဂီ ဆွမ်းလောင်းအသင်း

မင်းကွန်းဆေးရုံ

မင်းကွန်းဆေးရုံမှ သံဃာဆောင်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မင်းကွန်းဆေးရုံမှ သီလရှင်ဆောင်

မင်းကွန်းအထက်တန်းကျောင်း

မင်းကွန်းအထက်တန်းကျောင်းမှ
ဆရာ/ဆရာမဆောင်များ

ကျေးရူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မင်းကွန်း စိန်ရတု မူလတန်းကျောင်း

ထန်းမြင့်ရွာ မူလတန်းကျောင်း

တလိုင်းဆင်ရွာ
ပဋ္ဌာန်းမြားရတု မူလတန်းကျောင်း

ကျေးရွာရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

ကံကြီးကုန်းရွာ စိန်ရတု
မူလတန်းကျောင်း

မင်းကွန်း ရဲစခန်း

မင်းကွန်းရွာသစ်
ဘုရားနှင့် တန်ဆောင်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရသရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မင်းကွန်းရွာသစ် ဓမ္မာရုံ

မင်းကွန်း သုတရောင်ခြည် စာကြည့်သင်း

မင်းကွန်း ပညာတံခွန် စာကြည့်သင်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မင်းကွန်း စာကြည့်သင်း

မင်းကွန်း တိပိဋကဓမ္မနာဒ
ရေအလှူတော်

မင်းကွန်းတောင်ရိုး ဂူကလေးချောင်
ဒေါ်ဓမ္မစာရီ အထိမ်းအမှတ်
ဒေါ်ဓမ္မစာရီ ဓမ္မဗိမာန်စာကြည့်တိုက်နှင့်
ဒေါ်ဓမ္မစာရီ အဋ္ဌုပ္ပတ္တိ ကျောက်စာတိုက်

ကျေးရွာရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

ဒေါ်ဓမ္မစာရီ ဆွမ်းလောင်းဇရပ်

မင်းကွန်း တိုင်းရင်းဆေးခန်း

မင်းကွန်း တိုင်းရင်းဆေးရုံ

ကျေးဇူးရှင် ပင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

တိပိဋက ရွှေဟင်္သာကျောင်းတိုက်
(မန္တလေး)

တိပိဋက=နိကာယ
သာသနာပြု ဥပဋ္ဌာကအဖွဲ့
(၂၆ လမ်း မန္တလေး)

တိပိဋက=နိကာယ
သာသနာပြု ဥပဋ္ဌာကအဖွဲ့
(မန္တလေးတောင်ခြေ)

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

မန္တလေးတိုင်း
ကျောင်းထိုင်ဘုန်းကြီး
သင်တန်းကျောင်း

စစ်ကိုင်းတိုင်း ရွှေဘို
ကျောင်းထိုင်ဘုန်းကြီး
သင်တန်းကျောင်း

ဇီဝိတဒါန
သာသနာ့ အထူးကုဆေးရုံကြီး
(မန္တလေး)

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

ရန်ကုန် တိပိဋကကျောင်းတော်



တိပိဋက=နိကာယကျောင်းတိုက် (ပြင်ဦးလွင် အနီးစခန်း)

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးဆောင်ဆောက်လုပ် လှူဒါန်းတော်မူခဲ့သော အဆောက်အဦများ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ကျေးရွှေရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သာသနာပြုခရီးတစ်လျှောက် စီးခဲ့သည့်ယာဉ်မျိုးစုံ

ငှက် = ဤငှက်လှေစီး၍ မန္တလေးသို့ကြွ
မန္တလေးတရားပွဲမှ ည ၁၀ နာရီခန့်
မင်းကွန်းသို့ ငှက် (လှေ) တအိအိ
တကျွိကျွိအသံ (ခပ်ကွင်းနှင့် ခပ်တက်
ထိခိုက်မိသံ) နာခံရင်း ၂ နာရီခန့်စီး၍
မင်းကွန်းမော်တော်ဆိပ်သို့ရောက် . . .

လှည်း = မင်းကွန်းမော်တော်ဆိပ်မှ
ဓမ္မနာဒကျောင်းတိုက်သို့ ကိုကြာပေါ်
လှည်းကိုစီး၍ကြွခဲ့ရာ .
သာမန်လူတို့အတွက် ပျင်းစရာကောင်းလှသည့်
ရှီးရှီးရှီးရှီး ရှားရှားရှားရှား ရဲရဲရဲရဲ(သဲနှင့်လှည်းဘီး
ပွတ်တိုက်၍ ထွက်ပေါ်လာသည့်အသံ)
အသံတို့ကို နားသောတဆင်ရင်း
သန်းခေါင်ကျော် (၁) နာရီခန့် ပြန်ရောက်သည်



ကျေးရွှေရှင်မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီးသည် ဆင်းရဲချမ်းသာမရွေး
ဆက်ဆံသည်၊ မည်သူပင့်ပင့် ကြွသည်၊
မည်သည့်ယာဉ်နှင့်ပင့်ပင့် ကြွသည်၊
ဆင်းရဲသည့်သူများထံ ဆွမ်းစားကြွလျှင်
(သူ့ခမျာ တစ်ခါတလေမှ လှူရတာဆိုပြီး)
တရားရှည်ရှည်ဟောလေ့ရှိသည်၊
ဤသို့သော ဆိုက်ကားယာဉ်နှင့်ပင့်လျှင်လည်း
နေရာမရွေး ဒေသမရွေး ကြွတော်မူပါသည်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သာသနာပြုခရီးတစ်လျှောက်စီးခဲ့သည့် မော်တော်အမျိုးမျိုး

မင်းညွန့်မော်တော် =
ဓမ္မနာဒကျောင်းတိုက်ပိုင်
ဖြစ်ပါသည်

တိ = နိ (၁) မော်တော် =
တိပိဋက = နိကာယ
ကျောင်းတိုက်ပိုင် ဖြစ်ပါသည်

တိ = နိ (၂) မော်တော် =
တိပိဋက = နိကာယ
ကျောင်းတိုက်ပိုင် ဖြစ်ပါသည်

ကျေးရူးရှင် မင်းကွန်းတိပိဋကဓရသရာတော်ကြီး သာသနာပြုခရီးတစ်လျှောက်စီးခဲ့သည့် ဓမ္မနာဒကျောင်းတိုက်ပိုင် ကားအမျိုးမျိုး

ဂျစ်ကား

လင့်ရိုဘာကား

အီဇူးဇူးကား = မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် (ငြိမ်း) လှူသောကားဖြစ်ပါသည်

ကျေးရွာရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သာသနာပြုခရီးတစ်လျှောက် စီးခဲ့သည့်ယာဉ်အမျိုးမျိုး



ရွှေဘိုမြို့သို့ တရားဟောကြွစဉ် လမ်း၌ ဦးဘိုးမှီ ဒေါ်ရွှေညွန့်တို့လှူသောကား ပျက်နေ၍
သစ်ပင်အောက်တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးနေပုံ

ကျွဲရိုင်းဦးလှိုင်ကြည် ဒေါ်တင်ဦးတို့၏ကားပုံ

(မန္တလေးရောက်လျှင် အစဦးပိုင်း၌ ဦးကိုလေး ဒေါ်လှဖျော်တို့၏ကား ဦးဘိုးမှီ ဒေါ်ရွှေညွန့်တို့၏ကားများဖြင့် အကြိုအပို့ပြုလုပ်၍ နောက်ပိုင်း၌ ကျွဲရိုင်းဦးလှိုင်ကြည် ဒေါ်တင်ဦးတို့၏ကားဖြင့် ပြုလုပ်သည်၊ ရန်ကုန်၌ နိဗ္ဗ ဆွမ်းအမကြီး အမေရှိပ်ကားဖြင့် ပြုလုပ်၍ ရံခါ ဦးသန်း၏ကားဖြင့် ပြုလုပ်သည်) (ဤကားပိုင်ရှင်များသည် မိမိတို့အလုပ်ကိစ္စအတွက် အလေးမမှုပဲ မင်းကွန်းဆရာတော်ကြီး၏ အကြိုအပို့ကိစ္စအတွက်သာ အလေးထားပြုလုပ်ကြသည်)

ကျေးဇူးရှင် မွေးမိခင် ဒေါ်ဆင်
မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ မိခင်ဖြစ်ပါသည်

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏
မိဘနှစ်ပါးဖြစ်သော ဦးဆုံ ဒေါ်ဆင်တို့၏ နေအိမ်ဖြစ်ပါသည်

ကျေးမိခင် ဒေါ်ဓမ္မစာရီ
ဓမ္မနာဒကျောင်းတိုက်ကို
စတင်ဆောက်လုပ်တည်ထောင်၍
ဆရာတော်ဦးပညာစက္ကအား လှူဒါန်းခဲ့သော
သာသနာ့မိခင်ကြီးဖြစ်ပါသည်၊ စာပေတတ်ကျွမ်းသည်
ပါဠိအရေးကောင်းသည် ကဗျာအရေးကောင်းသည်
မင်းကွန်း တိပိဋကဓရဆရာတော်ကြီး
မင်းကွန်းရောက်စ သာမဏေဘဝ သုံးလအချိန်မှစ၍
ဒေါ်ဓမ္မစာရီ ဘဝပြောင်းသည်အထိ
ဆွမ်းချက်ကပ် လှူဒါန်းခဲ့သောကြောင့်
မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏
ကျေးမိခင် ဖြစ်ပါသည်

အရီးဒေါ်ငွေပေါ ။
မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ အဘိုး
မြန်မာဆေးဆရာကြီး ဦးချယ်၏သမီးဖြစ်ပါသည်
အဘိုး ဦးချယ်သည် သမီးငယ် မငွေပေါနှင့်
မြေးကလေး မောင်ခင်တို့အား ညစာစားပြီးချိန်တွင်
(ကကြီး ဘယ့်နယ်ရေးပါ့မယ်) (ကကြီးရေ က) ဟု
တစ်ယောက်တစ်လှည့် ဆိုစေ ရေးစေ၍
စာသင်ပေးခဲ့ပါသည်

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး၏ ရဟန်းဒါယကာ
သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်

ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရ
ဆရာတော်ကြီး၏ ရဟန်းဒါယကာ
သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်
နှင့် ရဟန်းဒါယိကာမ ဒေါ်ဒေါ်သိန်း

ဓမ္မနာဒကျောင်းတိုက် အစဉ်အဆက်

ဘဒ္ဒန္တ ပညာစက္က
ပထမဓမ္မနာဒဆရာတော်
၁၂၈၀ မှ ၁၂၉၉



ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
(ဒုတိယမြောက်ဓမ္မနာဒဆရာတော်)
၁၂၉၉ မှ ၁၃၅၄



ဘဒ္ဒန္တ သုစိတ္တ
(တတိယမြောက်ဓမ္မနာဒဆရာတော်)
၁၃၅၄ မှ ၁၃၆၆



ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ
(စတုတ္ထမြောက်ဓမ္မနာဒဆရာတော်)
၁၃၆၅ မှသည်



ဘဒ္ဒန္တ ဥတ္တံသာဘိဝံသ
(တိုက်အုပ်ဆရာတော်)
မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီးက စာပေကိစ္စ
ကျောင်းတိုက်အုပ်ချုပ်ရေး
ကိစ္စတို့၌ အထူးအားကိုးရသော
ဆရာတော် ဖြစ်ပါသည်

ဘဒ္ဒန္တ စန္ဒာသီရိ
(တိုက်ကြပ်ဆရာတော်)
ဆွမ်းစားကျောင်းတာဝန်နှင့်
စာသင်သားများနှင့် ကျောင်းသားများ
ထိန်းသိမ်းသည့်တာဝန်တို့ကို
ဆောင်ရွက်သည်၊ စကားနည်းလွန်း
သောကြောင့် (ဦးစန္ဒာသီရိ-
တပည့်တော်ကိုစကားပြောဦး) ဟု
မင်းကွန်းဆရာတော်ကြီးက မကြာမကြာ
ပြောလေ့ရှိပါသည် (ကိုရင်တို့က
ဘုန်းကြီးကို မကြောက်ဘူး
ဦးစန္ဒာသီရိကိုမှကြောက်တာ) ဟု
ဆရာတော်ကြီးက ကိုရင်များကို
မကြာမကြာ ပြောလေ့ရှိပါသည်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ



သံလျင်မှဆရာတော်ကြီးနှင့်အတူ

ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည်
ရောက်လေရာရာ အရပ်ဒေသ မြို့ရွာတို့၌
မိမိထက် အသက်သိက္ခာကြီးသော
ဆရာတော်ကြီးများထံသို့သွားရောက်၍
ဂါရဝပြုလေ့ရှိပါသည်

ဘီလူးကျွန်း
မုဒွန်းဆရာတော်ကြီးအား
ဂါရဝပြုနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ရဟန်းလောင်း ဆုံးမနေပုံ
(ရဟန်းလောင်းမှာ ကျေးဇူးရှင် ကျွဲမိခင်
သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ၏
မောင်ကြီး ဖြစ်ပါသည်)

ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ရဟန်းလောင်း ဆုံးမနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မိုးမိတ်ကုန်းမြေ
တိပိဋက - နိကာယ ကျောင်းတိုက်မှ
မဟာနာယကဆရာတော်ကြီးများ
ဖြစ်ကြသော ဓမ္မစကြာ သုံးဆယ်ပေးချောင်
ဆရာတော်ကြီးနှင့်
ရေဦးတိုက် ဆရာတော်ကြီးတို့အား
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ဂါရဝပြု ပူဇော်နေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
အနေကဇာတင်နေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
ဘုရားဝတ်ပြုနေပုံ

ကျေးရူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
ရဟန်းလောင်း ဆုံးမနေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီးထံမှ
သာမဏေလောင်းများ
သင်္ကန်းတောင်းနေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီးက
ကိုရင်ဝတ်ပေးနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

ကျည်းပင်ရွာ အဘိဓဇ ကန့်ကူလက်လှည့်
ကျောင်း၌ဆောက်လုပ်မည့် အဘိဓဇ
ဓမ္မသောဘိဏီ သိမ်တော်ကြီး
မြေသန့် သိမ်နှုတ်မင်္ဂလာအခမ်းအနားသို့
ကြွရောက်တော်မူလာကြကုန်သော
ဓမ္မနာဒကျောင်းတိုက်နှင့် မိုးမိတ်ကုန်းမြေ
တိပိဋက - နိကာယ ကျောင်းတိုက်တို့မှ
သံဃာတော်တို့အား
ဆရာတော်ဦးလက္ခဏ (မင်းကျောင်းတိုက်)၊
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၊
ဆရာတော်ဦးသုစိတ္တတို့နှင့် အတူတွေ့ရပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
သိမ်နိမိတ် ကြားတော်မူနေပုံ



အနယ်နယ်အရပ်ရပ်မှ
ရောက်ရှိလာသောစာများ
ဖတ်ရှုတော်မူနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

ကျောင်းအမကြီး ဒေါ်ရွှေညွန့်၊
မိုးမိတ်ဆွမ်းတာဝန်ခံ ဦးစိုးတင့်၊
မိုးမိတ်တာဝန်မှူး ကိုတင်မောင်
(ဆရာတော်ကြီးတူ)တို့
ဆွမ်းကပ်နေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
ရေနွေးကြမ်း ဘုန်းပေးနေပုံ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
ဆွမ်းဘုန်းပေးနေပုံ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် တွေ့ဆုံစဉ် အချို့ဒကာများက (အရှင်ဘုရားကို တပည့်တော်တော့ ရဟန္တာ ထင်ပါတယ်ဘုရား) ဟု လျှောက်တတ်သည် (မဟုတ်ပါဘူး ဒကာကြီး) ဟု ပြောသော်လည်း မရ ၂ ကြိမ် ၃ ကြိမ် ထပ်ထပ်လျှောက်တတ်သည်၊ ထိုအခါ ဆရာတော်ကြီးက (ကဲ ရဟန္တာဆိုရင် ဆေးလိပ်သောက်ပါ့မလား) ဟု မီးခိုးတထောင်းထောင်းထအောင် ဆေးလိပ်သောက်ပြခဲ့ရပေါင်း မနည်းခဲ့ပါပေ

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် ညီအရင်း ဦးဘသင်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး
သာမဏေငယ်များအတွက်
သင်္ကန်းချုပ်ရန် တိုင်းထွာနေပုံ

သင်္ကန်းဖြတ်နေပုံ

လက်ဖြင့်ချုပ်နေပုံ

ကိုရင်လေးများနှင့် ကလေးငယ်များအားချစ်တတ်သည့် ဆရာတော်ကြီး

ညနေအချိန် မိမိတို့အိမ်မှပြန်ကြွလာသော
ကိုရင်လေးများအား
(ကိုရင်တို့ ဘာဟင်းနဲ့စားခဲ့ကြတုန်း) ဟု
ရယ်စရာသဘောဖြင့် မေးလေ့ရှိသည်။
ကိုရင်လေးများကလည်း
ရယ်ကျဲကျဲ စပ်ဖြီးဖြီးဖြင့်
(မစားခဲ့ပါဘုရား) ဟု ပြန်လျှောက်ကြသည်၊
ထိုသို့ပြန်လျှောက်သည်ကို သဘောကျသော
ဆရာတော်ကြီးက ပြုံးပြုံးကြီးဖြင့်
(ရော့ ရော့ ထန်းလျက်စားကြ)ဟု
ထန်းလျက်ကျွေးလိုက်ပါတော့သည်။

ကလေးများအား
ဆန်ပြုတ်တိုက်ကျွေးနေပုံ



ကလေးများအား ဆန်ပြုတ်တိုက်ကျွေးနေပုံ
(၁၉၈၈ ခုနှစ်မှစ၍
သနားကရုဏာကြီးမားလှသော
ဆရာတော်ကြီးသည်
ကလေးများအား ဆန်ပြုတ်တိုက်ခြင်း
မုန့်ဝေခြင်းတို့ကို အမြဲပြုလုပ်သွားခဲ့ပါသည်)

ကျေးရူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မူလပထမ တိပိဋကဓရ
အရှင်မြတ် (၄)ပါး
အရှင်ဝိစိတ္တသာရာဘိဝံသ(မင်းကွန်း)၊
အရှင်နေမိန္ဒ(ပခုက္ကူ)၊
အရှင်ကောသလ္လ(ပြည်)၊
အရှင်သုမင်္ဂလ(ရန်ကုန်)



အသက်ကြီးသူများ ဆင်းရဲနွမ်းပါးသူများအား
ဆန် ဆီ ဆား ဆေး အဝတ်အထည်
နှစ်စဉ်လှူဒါန်းတော်မူခဲ့ပါသည်။
ဤပုံသည် ဖွားဖွားလေး ဒေါ်ကုန္ဒစာရီ
(ဒေါ်မမွစာရီ ညီမ)အား စွန့်ကြဲနေပုံဖြစ်ပါသည်။

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီးသည် ဘဏ်၌
ငွေပင်ငွေရင်းအပ်နှံကာ အတိုးငွေဖြင့်
(လှူပင်သေသော်လည်း
အလှူမသေသည့် အလှူ) ဟူသော
စကားလုံးအသစ်တီထွင်သုံးနှုန်း၍
(၁) နှစ် (၄)ကြိမ် ဆေးလှူဒါန်းခဲ့ပါသည်။
ဆရာတော်ကြီးမရှိတော့သော်လည်း
ယနေ့ထက်တိုင် လှူဒါန်းလျက်ရှိပါသည်

အရိယမဂ္ဂင်ဆရာတော်ကြီးနှင့်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
ပဲခူးမြို့မဆရာတော်ကြီးနှင့်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်ချုပ်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သမိုင်းဝင်ပုံတော်များ

မန္တလေးမြို့
နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ်အား
တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု
ဆရာတော်ဘုရားကြီးက
ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်



'သက်တော် (၇၅) နှစ် စိန်ရတုပူဇော်ပွဲ'

၁၃၄၈–ခု တန်ဆောင်မုန်းလဆန်း (၁၁) ရက်



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် လှူဒါန်းသည့် ဝတ္ထုငွေများရေစက်ချရန်၊ ရန်ကုန်မှ ပဲခူး၊ မိတ္ထီလာ၊ မန္တလေးအထိ လမ်းတစ်လျှောက်၌ရှိသော မြို့ရွာများသို့၎င်း၊ မန္တလေးမှမြင်းခြံ ရေနံချောင်း မကွေး ပြည် ရန်ကုန်အထိ လမ်းတစ်လျှောက်၌ရှိသောမြို့ရွာများသို့၎င်း မိုင်(၁၀၀၀)ခရီးကြွရောက်ကာ၊ မိမိခန္ဓာကိုယ်ပင်ပန်းမှုကို မငဲ့ကွက်ပဲ သာသနာရေးကိုသာ အလေးပေးလျှက် ကြွတော်မူခဲ့ပါသည်။ ဤပုံသည် မိုင်(၁၀၀၀)ခရီး၏ ခရီးဆုံးခါနီးဖြစ်သော တိုက်ကြီးမြို့ သဒ္ဓမ္မဇောတိကာရုံ ကျောင်းပေါ်၌ (၅-၄-၁၉၈၆) ညနေ(၅)နာရီအချိန်တွင် ပင်ပန်းနွမ်းနယ်လှပြီဖြစ်သော မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ဖူးမြော်ရပုံဖြစ်ပါသည်။

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေပြီ

မန္တလေး ရွှေဟင်္သာတိပိဋကကျောင်း၌
ဆေးကုသမှုခံယူနေသော
ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ထိုကျောင်း ဘုရားခန်းမှ
မြတ်စွာဘုရားအား
ဖူးမြော်ကြည်ညိုနေပုံ



၁၃၅၄ ခု ဓမ္မနာဒကျောင်းတိုက်၌
ကျန်းမာရေးအနည်းငယ်ကောင်းမွန်လာသည့်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
နေပူစာလှုံနေပုံ

၁၃၅၄ ခု တပို့တွဲလပြည့်ကျော် (၃) ရက်
ညနေ ၄ နာရီ ၄၄ မိနစ် အချိန်၌
မင်းနှင့်ပြည်သူ ရဟန်းရှင်လူ တစ်နိုင်ငံလုံး၏
လေးစားချစ်ခင် ကြည်ညိုခြင်းကိုခံရသည့်
ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေပြီ။
ထို့ကြောင့်တစ်နိုင်ငံလုံး ယူကြုံးမရ
အပူလုံးကြွ၍ ငိုကြွေးခဲ့ကြရလေပြီ

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

ဓမ္မနာဒကျောင်းတိုက် ဗန္ဓုလဓမ္မာရုံ၌
စံပျော်နေတော်မူနေသော
ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး၏
ရုပ်ကလာပ်တော်အား
နတ်မြင်းပျံနှစ်ကောင်ကသော
ရထားပေါ်သို့ တင်ဆောင်လျက်

တစ်နိုင်ငံလုံးမှ
ကြွရောက်တော်မူလာကြသည့်
သံဃာတော်များ
ဓမ္မနာဒကျောင်းတိုက်နှင့်
တိပိဋက=နိကာယကျောင်းတိုက်တို့မှ
တပည့်သံဃာတော်များ
ရှေ့မှကြွချီကာ

ဒေဝါဝင်း ရာဇာဝင်း ရတနာပုံဝင်း
စသော ဝင်းပေါင်းစုံ

ဆွေတော်မျိုးတော်အစုံ၊
အသင်းအဖွဲ့ပေါင်းစုံ၊
ဝတ်အသင်းပေါင်းစုံတို့က
အန္တိမ အဂ္ဂိ ဈာပန သာဓုကီဠနသဘင်
ကျင်းပမည့် ထန်းနစ်ပင်ကွင်းသို့
ပင့်ဆောင်လာကြပုံ

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရုပ်ပနှ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး
ဘဒ္ဒန္တ ကုန္တာစာရလည်း
ကြွရောက်တော်မူသည်

တောင်တန်းသာသနာပြုဆရာတော်
ဦးဥတ္တမသာရလည်း
ကြွရောက်တော်မူသည်

စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီး
ကြွရောက်တော်မူသည်

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး၏ အန္တိမ အဂ္ဂိ ဈာပန
သာဓုကီဠနသဘင် ဆင်ယင်ကျင်းပရာ
ထန်းနှစ်ပင်ကွင်း၌ ညအခါတွင်
မဏ္ဍပ်အချို့အား တွေ့မြင်ရပုံ

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးရွာရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရျာပန



စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ
အပါအဝင်မဟ္ဘကထိကဆရာတော် ၁၈ ပါးတို့က
၁၈ ည တိုင်တိုင် တရားရေအေး
တိုက်ကျွေး ဟောကြားတော်မူကြသည်

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

သံဃာတော်များကလည်း
ဂါထာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်



ဝတ်အသင်းများကလည်း
ဓမ္မဖြင့် ရွတ်ဖတ်ပူဇော်ကြသည်

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ဘဝဖြစ်တော်စဉ်ထေရုပ္ပတ္တိ
ပန်းချီပြခန်းနှင့် သမိုင်းဝင်ဓါတ်ပုံပြခန်း

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရုပ်ပွား

ကြွရောက်ကြသော ပရိသတ်တို့အား
မင်းကွန်းဆရာတော်ကြီး ပူဇော်သောအားဖြင့်
ရုပ်ရှင်ပညာရှင်များကလည်း ဖျော်ဖြေကြသည်

ဂီတပညာရှင်များကလည်း
ဖျော်ဖြေကြသည်

သဘင်ပညာရှင်များကလည်း
ဖျော်ဖြေကြသည်

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

ဆင်အကများ
သိုင်းပြသသဒ်အကအဖွဲ့များကလည်း
ဖျော်ဖြေပူဇော်ကြပါသည်

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

နိုင်ငံခြားသားများလည်း
လာရောက်ဖူးမျှော်ကြသည်

တိုင်းရင်းသူ
တိုင်းရင်းသားများလည်း
လာရောက်ဖူးမျှော်ကြသည်

ကြွရောက်တော်မူလာကြသည့်
အလွန်အလွန်များပြားလှသည့်
ပရိသတ်အားလုံးတို့အား

ထန်းနှစ်ပင်ကွင်းအနီး
ထမင်းရုံ၌ တစ်နေ့ ၂ ကြိမ်
ဓမ္မနာဒကျောင်းတိုက်၌ တစ်နေ့ ၃ ကြိမ်
မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ
ကျောင်းတိုက်၌ တစ်နေ့ ၃ ကြိမ်
စတုဒိသာထမင်းကျွေးပါသည်
နေ့တိုင်း အသားဟင်းများနှင့်ချည်း
ကျွေးပါသည်

လှူရန်ဌာန၌လည်း
ကြိတ်ကြိတ်တိုး လှူကြသည်

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးရွာရှင် မင်းကွန်းတိပိဋကဓရသာရာတော်ကြီး ဈာပန

နိုင်ငံတော်အစိုးရမှ
နိုင်ငံတော်ပိုင်သင်္ဘောကြီးများဖြင့်
အခမဲ့ပို့ဆောင်ပေးသည်

ထန်းနှစ်ပင် ဈာပနကွင်းထဲမှ
ပရိသတ်များ

မန္တလေးဘက်ကမ်းသို့ပြန်ရန်
စောင့်နေကြသည့်ပရိသတ်များ
(မင်းကွန်းဘက်သို့ကူးရန်
ပရိသတ်များလည်း မန္တလေးဆိပ်ကမ်း၌
ဤပုံကဲ့သို့ပင် များပြားလှစွာရှိကြသည်)

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန



နိုင်ငံတော်မှ ဦးစီးကျင်းပသည့်
ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ဈာပန ရေစက်ချအခမ်းအနား

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပန

လောင်တိုက်ပေါ်၌
ရုပ်ကလာပ်တော်အား
မီးသင်္ဂြိုဟ်ပုံ

အရိုးတော်နှင့် အရိုးပြာအား
ဝင်းပေါင်းစုံခင်း၍
ပင့်ဆောင်လာပုံ

အရိုးတော်နှင့် အရိုးပြာများ
ကိန်းစံပျော်ရန်
ဧရာဝတီမြစ်ကမ်းဘေး
တည်ဆောက်ထားသည့် မဏ္ဍပ်ပုံ

နိုင်ငံတော်မှ ဦးစီးကျင်းပသည့် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရှာပန

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ အန္တိမ အဂ္ဂိ ရှာပန သာဓုကီဠနသဘင် ပူဇော်ပွဲကို

ပဟိုစံကျောင်းမဏ္ဍပ်ကြီး၊ မြင်းခြံမဏ္ဍပ်၊ မန္တလေးတိုင်းမဏ္ဍပ်၊ စစ်ကိုင်းတိုင်းမဏ္ဍပ်၊ တိပိဋက = နိကာယသာသနပြုအဖွဲ့မဏ္ဍပ်၊ လောင်တိုက်၊ စင်ရှင်၊ နတ်လမ်း၊ တလားကြီး၊ တလားငယ်၊ သိုင်းပြသဇာအမျိုးမျိုး၊ တရားပွဲအမျိုးမျိုး၊ ကြည့်ရှုပွဲအမျိုးမျိုး တို့ဖြင့်ရင်း၊ လာရောက်ပူဇော်ကြကုန်သော ပရိသတ်တို့အား စတုဒိသာကျွေးမွေး၍ရင်း ကြီးကျယ်စမ်းနားစွာဖြင့် နိုင်ငံတော်မှ ဦးစီးကျင်းပခဲ့ပါသည်။ တစ်နိုင်ငံလုံးမှ လာရောက်ပူဇော်ကြသည့် ရဟန်းရှင်လူ ပရိသတ်များမှာ ယုံနိုင်စရာမရှိ အံ့ဩစရာကောင်း လောက်အောင် များပြားလှပါသည်။ မင်းကွန်းမော်တော်ဆိပ်မှ တိပိဋက = နိကာယ ကျောင်းတိုက်အထိနှင့် ကျောင်းဝိုင်းထဲ၌လည်း ပရိသတ်အပြည့်၊ မင်းကွန်းမော်တော်ဆိပ်မှ ဓမ္မနာဒကျောင်းတိုက်နှင့် ရှာပနကွင်းလမ်းတလျှောက်နှင့် ကျောင်းဝိုင်းထဲ ရှာပန ကွင်းထဲ တို့၌လည်း ပရိသတ်အပြည့်၊ မင်းကွန်းမော်တော်ဆိပ်မှ မြသိန်းတန်စေတီလမ်း တစ်လျှောက်၌လည်း ပရိသတ်အပြည့်၊ ပုထိုးတော်ကြီးမှ ရှာပနကွင်းအထိ လမ်းတစ်လျှောက်၌လည်း ပရိသတ်အပြည့်ရှိနေခဲ့ပါသည်။ ထိုသို့ တစ်နိုင်ငံလုံး၏ လေးစား ချစ်ခင်ကြည်ညိုခြင်း ကိုခံရသော ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက (အရိုးနှင့် အရိုးပြာ အိုးထဲထည့်၊ အိုးကို အပေါက်ဖောက် - ဧရာဝတီမြစ်ထဲမျှော - မိုးမိတ်ကုန်းမြေ အရှေ့တည့်တည့် မြုပ်ပါစေ) ဟုမှာတော်မူခဲ့သည့်စကားအတိုင်း - အရိုးနှင့်အရိုးပြာများကို အိုးထဲထည့်၍ အပေါက်ဖောက်ကာ ကရဝိတ် ဖောင်ပေါ်တင်ပြီး လှေဝင်း ရေဝင်းများ ခြံရံကာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့၊ အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ဝိုင်းပတ်ပူဇော်ပြီး အရိုးနှင့်အရိုးပြာအိုးကို မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယကျောင်းတိုက်၏ အရှေ့ဘက်တည့်တည့် ဧရာဝတီမြစ်ပြင်၌ မြုပ်အောင် မြှုပ်လိုက်ပါတော့သတည်း။ နေတစ်စင်း လတစ်စင်းကွယ်သကဲ့သို့ ဖြစ်ပါတော့သတည်း။ မြန်မာနိုင်ငံ၏ အသည်းနှလုံး အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီး ကွယ်သကဲ့သို့ဖြစ်ပါတော့သတည်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
ဗန်းမော်ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
၏
ဥပေါဟျာဇနကထာ

သက်တော်ထင်ရှားဘုရားရှင်၏ လက်ထက်တော်အခါက ပုဏ္ဏားတစ်ယောက်သည် အဖိုးတစ်သိန်းထိုက်တန်သော သက်န်းလျာပုဆိုးကိုယူလာပြီး တရားတော်အားပူဇော်လိုသည်။ ထို့ကြောင့် မြတ်စွာဘုရားအား 'တပည့်တော် ဘုရားရတနာအား ပူဇော်ဖူးပါသည်။ သံဃာရတနာအားလည်း ပူဇော်ဖူးပါသည်။ တရားရတနာအား မပူဇော်ဖူးပါ။ တရားရတနာအား ပူဇော်လိုပါသည်။ မည်ကဲ့သို့ပူဇော်ရပါမည်နည်း'-ဟု မေးလျှောက်သည်။

ထိုအခါ မြတ်စွာဘုရားက 'ဒါယကာကြီး၊ တရားရတနာကို ပူဇော်လိုပါလျှင် တရားကိုဆောင်သောပုဂ္ဂိုလ်အား ပူဇော်ပါ'-ဟု မိန့်တော်မူသည်။

ပုဏ္ဏားက 'အဘယ်ပုဂ္ဂိုလ်သည် တရားကိုဆောင်ပါသနည်း'-ဟု မေးပါသည်။

ထိုအခါ မြတ်စွာဘုရားက 'တရားကိုဆောင်သော ပုဂ္ဂိုလ်ကိုသိလိုပါက ကျောင်းတိုက်ထဲရှိ သံဃာတော်များကို မေးပါလေ'-ဟု မိန့်သည်။

ပုဏ္ဏားကြီးလည်း ကျောင်းတိုက်ထဲရှိ သံဃာတော်များအား လှည့်လည်၍မေးမြန်းရာ သံဃာတော်အားလုံးက 'တရားကိုဆောင်သောပုဂ္ဂိုလ်သည် ညီတော်အာနန္ဒာဖြစ်သည်'-ဟု တညီတညွတ်တည်း ဖြေကြားကြလေသည်။ ၎င်းသက်န်းလျာပုဆိုးကို ညီတော်အာနန္ဒာအား လှူဒါန်းသွားလေသည်။

အဋ္ဌကထာဆရာတော်က ဆက်လက်၍ 'ဘုရားရှင်၏ ပရိယတ္တိတရားတော်တို့ကို အရကျက်ဆောင်ပြီး အနက်အဓိပ္ပာယ်တို့ကို ဖွင့်ဆိုဟောကြားသည့် ဤပုဂ္ဂိုလ်မျိုးသည် ဘုရားရှင်၏ကိုယ်စား တရားဓမ္မများဖြင့် ဆိုဆုံးမဟောကြားသည့်အတွက် ဘုရားပင်မည်(=ဗုဒ္ဓေါနာမ)တော့သည်'ဟု ဖွင့်ဆိုသည်။

ထို့ကြောင့် မင်းကွန်းဆရာတော်ကြီးတို့လို တိပိဋကဓရဆရာတော်များအား ရှေးရှေးမြန်မာပညာရှိသူတော်ကောင်းများက 'မင်းကွန်းဆရာတော်ဘုရား'ဟု 'ဘုရား'ထည့်၍ ပူဇော်ကြသည်။ သာမန်ရဟန်းတော်တစ်ပါး မဟုတ်ပေ။ ထို့ကြောင့် ဘုရားအရာတည်သော မင်းကွန်းဆရာတော်တို့လို ဆရာတော်ဘုရားများအား လှူဒါန်းပူဇော်ကြပါလျှင်-

၁။ ဘုရား ပူဇော်မှုကိစ္စ၊

၂။ တရား ပူဇော်မှုကိစ္စ၊

၃။ ဘုရားသားတော်သံဃာ ပူဇော်မှုကိစ္စ-သုံးကိစ္စပြီးသည်။ တစ်ချက်ခုတ် သုံးချက်ပြတ်နည်း ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားအရာ၌တည်သော မင်းကွန်းဆရာတော်ကြီး၏ ရာပြည့်ဓမ္မပူဇာစာစောင် ဤစာအုပ်မျိုးသည် သာသနာငါးထောင်တည်သမျှ လောကသားတို့၏အကျိုးကို သည်ပိုးရွက်ဆောင်လျက် တည်ပါစေသတည်း။ ။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊ ဝဏ္ဏသကာပါဠိသိရောမဏိ၊
ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

သာသနာ့ထိပ်ခေါင်တင် ဓမ္မနာဒ အရှင်ဆရာတော်ဘုရားကြီး
၏
သာသနာပြု လုပ်ငန်းများဆိုင်ရာ
ကန်တော့ပန်းလွှာ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ
(ပြည်)

ဗောဓိသမ္ဘာရဂုဏ်, ဗုဒ္ဓဂုဏ်တို့ဖြင့် မည်သူနှင့်မျှမတူသောကြောင့် အသဒိသ၊ သတ္တဝါအားလုံးတို့ထက် ဂုဏ်ထူး ရှိ၍ ဂုဏဝိသိဋ္ဌ၊ အတူမရှိသော ရှေးဘုရားရှင်များနှင့်မှ နာမကာယ, ရူပကာယဂုဏ်တူ၍ အသမသမ ဖြစ်တော်မူသော တစ်ဦးတည်းသော ဘုရားရှင်လောက၌ ပွင့်တော်မူလာလျှင် လူနတ်ဗြဟ္မာ သတ္တဝါများစွာ ပစ္စုပ္ပန်, သံသရာ စီးပွားချမ်းသာများသာမက အတူမဲ့လောကုတ္တရာ ချမ်းသာအထိ ရရှိခံစားကြရသည်။

သုံးဆောင်ခံစားရကြသူများ

၁။ ဗောဓိမဏ္ဍိုင်၌ ခုနစ်ရက် ခုနစ်လီ သီတင်းသုံးပြီး ဣသိပတနကြွ၊ ဓမ္မစကြာသုတ်တော်ဟောပြီး၊ အရှင်ကောဏ္ဍညနှင့် ဗြဟ္မာ (၁၈) ကုဋေ။

၂။ ငါးရက်မြောက် အနတ္တလက္ခဏသုတ်ဟောပြီး၊ ပဉ္စဝဂ္ဂီများ အရဟတ္တဖိုလ်ရကြ။

၃။ ထို့နောက် ယသသတို့သား အမျိုးရှိသော ၅၅ ဦး အရဟတ္တဖိုလ်ရ။

၄။ ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် အနာဂါမ်ဖြစ်ကြ။

၅။ ဂယာသီသ၌ အာဒိတ္တပရိယာယသုတ္တန်အဆုံး ရသေ့ညီနောင်ရှင်တစ်ထောင်တို့ အရဟတ္တဖိုလ်ရကြ။

၆။ ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရအမျိုးရှိသော ပုဏ္ဏား သူကြွယ်တစ်သိန်းတစ်သောင်း သောတာပန်၊ တစ်သောင်း သရဏဂုံတည်။

၇။ တိရောကုဍ္ဍအနုမောဒနာအဆုံး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်။

၈။ သုမနာပန်းသည်အစည်းအဝေး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်။

၉။ ဓနပါလအစည်းအဝေး သတ္တဝါပေါင်းတစ်သောင်း။

၁၀။ ခဒိရင်္ဂဇာတ် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်။

၁၁။ ဇမ္ဗူကတက္ကတွန်း သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်။
၁၂။ အာနန္ဒသေဌေး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်။
၁၃။ ပါရာယနသုတ္တန်ဟောသောနေ့ သတ္တဝါပေါင်း တစ်ဆယ့်လေးကုဋေ။
၁၄။ အစုံစုံတန်ခိုးပြာဋိဟာပြရာနေ့ သတ္တဝါပေါင်း နှစ်သောင်း။
၁၅။ တာဝတိံသာ အဘိဓမ္မာဟောရာ၌ သတ္တဝါပေါင်း ကုဋေရှစ်ဆယ်။
၁၆။ တာဝတိံသာမှ ဆင်းသက်လာသောနေ့ သတ္တဝါပေါင်း ကုဋေသုံးဆယ်။
၁၇။ သက္ကပဉ္စသုတ်ဟောရာ၌ သတ္တဝါပေါင်း ရှစ်သောင်း။
၁၈။ မဟာသမယ၊ မင်္ဂလ၊ စူဠရာဟုလောဝါဒ၊ သမစိတ္တပဋိပဒါ လေးဌာနတို့၌ သတ္တဝါပေါင်း မရေမတွက်နိုင် တရားထူးရကြ၊ အမြိုက်ရည်သောက်ကြရသည်။
၁၉။ ယနေ့ထိ လည်းကောင်း၊ နောင်၌ လည်းကောင်း သာသနာမှီ၍ နတ်ရွာ နိဗ္ဗာန်ရမည့်သူများ အားလုံး သုံးဆောင်ခံစားကြရသည်။

သတ္တဝါများ ချမ်းသာရရကြောင်း

အလောင်းတော်မြတ် ဗောဓိသတ်သည် လေးအသင်္ချေ၊ ကပ်ရေ တစ်သိန်း တွက်ကိန်းများစွာ ဆယ်ဖြာ ပါရမီ၊ အလီ ၃၀၊ စွန့်ဖွယ်ကြီးငါး၀၊ စရိယ သုံးဆူ၊ သမ္ဘာရ ဖြစ်ကြောင်း တရားများ ဖြည့်သိပ် အထွတ်အထိပ် ရောက်ကာ ဝိပဿီ စသောရှေးဘုရားရှင်များအတူ အတုမဲ့ဉာဏ်တော်သခင် ဘုရားရှင်ဖြစ်တော်မူပြီးနောက် ဓမ္မစက္ကပဝတ္တနသုတ်တော် စသောတရားစက်ကို သွက်သွက်လည်စေကာ ဝေနေယျကြာ သတ္တဝါတို့အား ဆုံးမဟောကြားတော်မူအပ်သော နှစ်ဖြာ ဓမ္မဝိနယ ပိဋကသုံးသွယ် နိကာယ်ငါးဆောင် ၈၄၀၀၀ သောဓမ္မက္ခန္ဓာ (သာသနာတော်) ကြောင့်ပင် ဆိုပြီး များစွာ သတ္တဝါတို့ ချမ်းသာကြရပါသည်။

မြတ်ဗုဒ္ဓ၏ တရားစက်ကို ဘုရားအနေ လည်စေနိုင်သူ

'မြတ်စွာဘုရား၊ လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ သတ္တဝါများ စီးပွားချမ်းသာဖြစ်အောင် သာရိပုတ္တရာသည် လည်စေနိုင်သည်' ဟုဟောတော်မူရာ ဗုဒ္ဓလက်ထက်တော်အခါတွင် ဗုဒ္ဓမှလွဲ၍ အလေးထားအပ်ဆုံး အပူဇော်အပ်ဆုံး အချီးမွမ်းအပ်ဆုံး ပုဂ္ဂိုလ်မှာ အမြင့်ဆုံးပညာရှင်အရှင်သာရိပုတ္တရာဟုပင် သာသနာဝင်၌ မှတ်တမ်းတင်အပ်ပါသည်။ ယခုအခါ သာသနာတော်နှစ် ၂၅၀၀ ကျော်ခေတ်တွင် အရှင်သာရိပုတ္တရာ မရှိတော့ပြီဖြစ်၍ အလားတူ ကြည်ညိုလေးမြတ်ပူဇော်အပ်သော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ် သူမြတ်မှာ ရဟန်းရှင်လူ ပြည်သူမှန်သမျှ ထေရဝါဒ ပြည်သူများ အပါအဝင် အားလုံးသိပြီးပင် ဖြစ်ကြပါသည်။ မည်သည့် အရှင်ဟု ညွှန်ရန်ပင်မလိုတော့ပါ။

ခုဒ္ဒိဒုလ္လဘ၊ အာစရိယ ဂိုဏ်းဝင်၊ မြတ်အရှင်

ပစ္စုပ္ပန်ကိုကြည့်၍ အတိတ်ကိုမျှော်နိုင်သော်လည်း အနာဂတ်ရေးအပေါ် ကောင်းတော်ရှားပါးပုဂ္ဂိုလ်များတွင် ဓမ္မနာဒဆရာတော်ကြီးကား ယုဉ်စရာ ရှာမရ ဒုလ္လဘပုဂ္ဂိုလ်စစ် ဧကန်ပင် ဖြစ်သည်ဟု မိမိတို့မှာ ယုံကြည်မြတ်နိုးလွန်အားကိုး၍ ရိုကျိုးရပါသည်။ ထိုစကားမှန်၏။ မည်သူနှင့်မျှ မတူသော ဆရာတော်ကြီး၏ ပစ္စုပ္ပန်အကျိုးပေးပုံကို ကြည့်၍ အတိတ်ပါရမီတော်သမ္ဘာရဂုဏ်ကို သိရပါသည်။ အသောင်း အသိန်း ကိန်းဂဏန်းသုည ဘယ်မျှ များများ ပြိုင်ဖက်ရှားသည့် ဆရာတော်ကြီး၏ ပစ္စုပ္ပန်သာသနာပြုစိတ်ဓာတ်လုပ်ငန်းရပ်တို့ကား အနာဂတ်အပေါ် ကောင်းတော်ပြည့်စုံ မုချပင်လောက်လှပါတော့မည်။

သာသနာခေတ်၊ လက်ဖျစ်တီးရ၊ အံ့ချီးကြ

ဆရာတော်ကြီးကား သမ္မတ္တိစက်လေးရပ် ဖြောင့်မတ်ကုန်စင် ဂုဏ်တင်ဖွယ်ရာ ပြည့်ဝလှပါသည်။ ပုဗ္ဗေစ ကတပုညတာ သမ္မတ္တိစက် ကောင်း၍ ဆရာကောင်း၊ သမားကောင်း ဥယျာဉ်မှူးကောင်း မြေဩဇာနှင့်ရေလောင်းသူများပြည့်စုံကာ ပတိရူပဒေသဝါသသမ္မတ္တိစက်၊ သပ္ပုရိသူပနိဿယသမ္မတ္တိစက်တို့ဖြင့် သာသနာတော်တွင် အဖက်ဖက်မှ ထိပ်တန်းတက်ခဲ့ရပါသည်။ တစ် တစ်လီ တစ် အမှန်ဆုံးပင် ဖြစ်ခဲ့ရပါသည်။

သာသနာတော်၏ထိပ်တန်းဘွဲ့တော် အားလျော်စွာ နိုင်ငံတော်က ပူဇော်သော အမြင့်ဆုံး မော်တော်ယာဉ် (နိုင်ငံတော် သမ္မတစီးနင်းသော မော်တော်ယာဉ်နှင့် အလားတူ ယာဉ်) ကိုပင် လက်သင့်မခံ တွန်းလှန်ပယ်မြစ်၍ သိန်းဂဏန်းများစွာ လက်တော်သို့ ရောက်လာသော လာဘ်သပ်ပကာများကိုလည်း သာသနာတော်နှင့်အလျော် တော်ရာသို့ လှူစေနိုင်ပါသည်။ ဆရာတော်ကြီး အတ္တသမ္မာပဏိဓိ စက်ဆိုင်ရာ နှလုံးသွင်းစိတ်ထားကို မည်မျှပင်ရေးသား ရေးသား စာသား လုံလောက် ဂုဏ်မြောက်အောင် တတ်နိုင်မည်

မဟုတ်ပါ။ ဆရာတော်ကြီး၏ နှလုံးသွင်း စိတ်အစဉ်ကို မည်မျှ ဂုဏ်တင်စေကာမူ ပီပြင်ပြည့်စုံမည် မဟုတ်ပါ။

ပြိုင်ဘက်ကင်းသူ လွန်ထူးစွမ်းရည် မြတ်မထေရ်

သာသနာတော်လောက၌ ဘွဲ့ထူးဂုဏ်ထူးများ အလား တူသော်လည်း ဆရာတော်ကြီး ဘွဲ့ဂုဏ်တော်ကား တစ်မျိုး မဟုတ် တစ်မျိုး အများထက် ထူးခြားသာလွန် ချွန်ထက် ချွန်သည်သာ ဖြစ်ပါသည်။ ခေတ်ကာလအမျိုးမျိုး အုပ်စိုးသူ အဆက်ဆက် ပြည်သူဖက် အားလုံးပါ ညီညာဖြိုဖြို အကြည် ညို အပူဇော်ခံရ၍ သာသနာတော်အဆင့် အမြင့်ဆုံးတာဝန် များကို သူမတူအောင် ထမ်းဆောင်တော်မူနိုင်ရကား 'အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၌ လောကဓမ္မ နှစ်ဌာနပုံ ကျေးဇူးဂုဏ်တို့သည် စုံညီ စုပေါင်း ခိုအောင်းနားနေ စုကြလေကုန်ပြီ'ဟု ပူဇော်ညွှတ်နူး ရင့်ကျူး ရပါတော့သည်။

ထို့ကြောင့်ပင် ဆရာတော်ဘုရားကြီးအား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆိုင်ရာ တိပိဋက-နိကာယ ဂုဏ်ပြုပွဲ အခမ်းအနား၌ 'ဤအဘိဓဇဘွဲ့တော်ထက် အဆင့်မြင့်ဘွဲ့တော်ရှိပါကလည်း ဓမ္မနာဒ ဆရာတော် ဘုရားကြီးသည် ထိုက်တန်လှပါသည်ဘုရား' ဟု သာသနာ တော်ကို ကြည်ညိုသူ အဆင့်မြင့် ပုဂ္ဂိုလ်ကြီးတစ်ဦး ကြည်နူး ဆပ္ပား လျှောက်ထားသည်ကို မိမိတို့ မုဒိတာတိုးပွား ကုသိုလ် များ ရလိုက်ပါသည်။

လျှောက်လွှာပါကျ ဆုံးပါရစေ

ဆရာတော်ကြီး သာသနာပြု လုပ်ငန်းအသီးသီးကို ဤစာဆောင် နေရာများစွာတို့၌ ဆိုင်ရာပုဂ္ဂိုလ်များ ရေး သားကြမည်။ တိုင်းပြည်ကလည်း သိပြီး ဖြစ်နေကြပြီ ဖြစ်၍ မိမိက ဘာမျှမရေးသားတော့ပါ။ မိမိသည် ဆရာတော် ကြီး၏ ခြေရင်းနီးနား အတူနေ တပည့်သား မဟုတ်သော် လည်း နှစ်ကာလများစွာ အကြိမ်များစွာ နောက်တော်က လိုက်ပါခဲ့ရသဖြင့် ဆရာတော်ကြီး၏ ကိုယ်မှု နှုတ်မှု ဓမ္မ ဒေသနာ အစုတို့ကို မိမိအဆင့်မီသမျှ လိုက်နာပြုပြင် မိမိ ကိုယ်ဝယ် တန်ဆာဆင်ခဲ့ရပါသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများအတွက် "ဗုဒ္ဓမြတ်စွာ သာသနာ ဝယ် ကြည်ညိုဆပ္ပား ရှင်လူများတို့ အားထားကြည်ညို မှီခိုဖွယ်ရာ မြတ်ဆရာ၏ ဖြာဖြာဂုဏ်အင် လုပ်ရပ်စဉ်ကို လူရှင်များစွာ နတ်ပြဟ္မာသည် ဘယ်မှာ ရေးသား ပြည့်စုံ အောင် ဟောကြားနိုင်ပါအံ့နည်း။ လျှာပေါင်း ကုဋေ ဆိုပါ လေလည်း အခြေမပါ သေသာ သေကြရမည်တကား။ စာပေါင်း ကုဋေ ရေးပါလေလည်း အခြေမပါ သေသာ သေကြရမည်တကား" ဟုကန်တော့ပန်းလွှာ စကားရပ်ကို ကမ္ပတ်နိဂုံး လုံအောင်ဖုံး၍ ချုံးလိုက်ရပါတော့သတည်း။

အရှင်ကောသလ္လ (ပြည်)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ။



အသိဆန်းကြယ် အနှစ်ကြွယ်

ပဉ္စမတိပိဋကဓရယောဆရာတော်

အရှင်သိရိန္ဒာဘိဝံသ

နမော ဝိစိတြဉာဏဿ။

* ဆဋ္ဌခေတ်မှာ၊ လူ့ပြည်လာ၍၊
ကျရာတာဝန်၊ ကျေပွန်အောင်ထမ်း၊
အံ့မခန်း မင်းကွန်းဆရာတော်။

* တစ်ခေတ်တစ်ခါ၊ တစ်ပါးသာ၊
လူမှာဖြစ်ထွန်းပေါ်။

* ကံထူး-ဉာဏ်ထူး၊ လုံ့လထူး၊
အထူးပုဂ္ဂိုလ်ကျော်။

* အရင်းများများ၊ စိုက်၍ထားလည်း၊
အနည်းငယ်သာ၊ အမြတ်မှာ၊
ယူကာသွားသည့် ဆရာတော်။

* အသိဆန်းကြယ်၊ အနှစ်ကြွယ်၊
အံ့ဖွယ်ဆရာတော်။

* ဂုဏ်နည်းသူမှာ၊ အားမပါ၊
မကြာမီပင် မေ့သွားသော်။

* ဂုဏ်ကြီးသူမှာ၊ စွမ်းအားပါ၊
ကြာပါသော်လည်း မမေ့နော်။

* စာပေလည်းတတ်၊ ကျင့်သုံးတတ်၊
မြင့်မြတ်ပုဂ္ဂိုလ်မော်။

'အသိဆန်းကြယ် အနှစ်ကြွယ်'ဟူသည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဘွဲ့အမည်တော်ကို မြန်မာပြန်ဆိုထားသောစကားဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဈာပနပွဲတုန်းကလည်း ၎င်းစကားကိုပင် ခေါင်းစဉ်လုပ်၍ တိပိဋကဓရဆရာတော်အားလုံးတို့၏ကိုယ်စား တိပိဋကဓရဂုဏ်ကိုအာရုံပြုကာ ဟောကြားပူဇော်ခဲ့ပါသည်။ (ထိုအချိန်က တတိယ၊ စတုတ္ထ၊ ပဉ္စမ-တိပိဋကဓရ သုံးပါးသာ ရှိပါသည်။ သုံးပါးလုံးတို့၏ကိုယ်စား မိမိတစ်ပါးတည်းကသာ ဟောပေးရပါသည်)။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် အမှန်တကယ်ပင် အသိဆန်းကြယ်၍ အနှစ်ကြွယ်ဝတော်မူသည့် ပုဂ္ဂိုလ်ထူးကြီးပါတည်း။ အံ့သြဖွယ်ကောင်းလောက်အောင် ဉာဏ်ထက်မြက် ကြီးမားထူးချွန်လှသဖြင့် အသိလည်းဆန်းကြယ်တော်မူလှသည်။ အကျင့်သိက္ခာကြီးမား၍ ဖြောင့်စင်းတော်မူလှသဖြင့် ဖူးမဝနိုင်လောက်အောင် အနှစ်လည်းကြွယ်ဝပြည့်စုံတော်မူလှသည်။ သာသနာ့လုပ်ငန်းထဲ၌သာ အသိဉာဏ်နှင့်အသက်ကို အချိန်တိုင်းမြှုပ်နှံထားရကား သာသနာ့တာဝန် ကျေပွန်တော်မူလှသဖြင့် ပရိယတ်ဖြင့် အသိဆန်းကြယ်တော်မူသည်။ ပဋိပတ်ဖြင့် အနှစ်ကြွယ်ဝတော်မူသည်။

၂။ တတိယမှာတစ်ပါးသာ

သဗ္ဗကာမီထေရ်စသော ဒုတိယသင်္ဂါယနာတင်ထေရ်အရှင်တို့သည် ဖြစ်ပေါ်လာသောသာသနာ့ဘေးရန်ကို သုတ်သင်ဖယ်ရှား၍ ဒုတိယသင်္ဂါယနာတင်ပြီးသောအခါ နောက်နှစ်ပေါင်း ၁၁၈-နှစ်ကြာလျှင် ဓမ္မာသောကမင်းလက်ထက်၌ မိစ္ဆာဝါဒီပုဂ္ဂိုလ်များ လာဘသက္ကာရ ရလိုကြသဖြင့် သာသနာတွင်းဝင်ရောက်ရဟန်းပြုကာ မိမိတို့၏မိစ္ဆာဝါဒများကိုပြလျက် ဗုဒ္ဓသာသနာပျက်စီးအောင် ဖျက်ဆီးကြမည်ကိုလည်းကောင်း၊ ထိုဘေးရန်ပေါ်ပေါက်ချိန်၌ မိမိတို့မရှိနိုင်ကြတော့သည်ကိုလည်းကောင်း၊ ထိုပေါ်ပေါက်လာသောဘေးရန်ကို သုတ်သင်

ငြိမ်းအေးစေ၍ ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့်ရှောက်နိုင်မည့်သူမှာ လူ့ပြည်, နတ်ပြည်၌ လုံးဝမရှိဘဲ ဗြဟ္မာ့ပြည်၌ တိဿဗြဟ္မာကြီးတစ်ဦးတည်းသာ ရှိသည်ကိုလည်းကောင်း၊ တိဿဗြဟ္မာကြီး သက်တမ်းကုန်ခါနီး၌ အထက်ဗြဟ္မာ့ပြည်သို့ တက်သွားမည်ကိုလည်းကောင်း ဆင်ခြင်သိမြင်တော်မူကြသည်။

ထိုထေရ်အရှင်တို့သည် တိဿဗြဟ္မာကြီးထံ တန်ခိုးဖြင့်ကြွသွား၍ 'နောက်ထပ်ပေါ်ပေါက်လာမည့် သာသနာ့ဘေးရန်ကို သုတ်သင်ချီးမြှောက်နိုင်မည့်သူမှာ အသင်ဗြဟ္မာကြီးမှတစ်ပါး လုံးဝမရှိပါကြောင်း၊ အသင်ဗြဟ္မာကြီးတစ်ဦးတည်းကိုသာ ငါတို့မြင်ရပါကြောင်း၊ လူ့ပြည်လာ၍ ရဟန်းဘဝဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့်ရှောက်ပေးပါမည့်အကြောင်း' တိုက်တွန်းတောင်းပန် မိန့်ကြားတော်မူကြသည်။ တိဿဗြဟ္မာကြီးလည်း 'အနာဂတ်သာသနာတော်အတွက် ငါသာတာဝန်အရှိဆုံး'-ဟု သိခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။

ရဟန္တာထေရ်အရှင်မြတ်ကြီးများက ရဟန္တာထေရ်ငယ်များဖြစ်ကြသည့် အရှင်သိဂ္ဂဝနှင့်အရှင်စန္ဒဝဇ္ဇီနှစ်ပါးတို့ကို 'တိဿဗြဟ္မာကြီး လူ့ပြည်လာ၍ မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေနေကာ လူဖြစ်လာသောအခါ တိဿသတို့သားကို တစ်ပါးကရှင်သာမဏေဖြစ်အောင် တာဝန်ယူရန်၊ တစ်ပါးက ပိဋကတ်သုံးပုံ ဘုရားစကားအားလုံး သင်ကြားပေးရန်' တိုက် တွန်းပြောကြား တာဝန်ပေးအပ်တော်မူခဲ့ကြသည်။ အရှင်မြတ်နှစ်ပါးတို့ကလည်း တာဝန်ယူလက်ခံလိုက်ကြသည်။

သာသနာ့ထိပ်ခေါင်တင် ရဟန္တာထေရ်အရှင်မြတ်တို့သည် အနာဂတ်သာသနာအတွက် 'သူတို့ဟာသူတို့ ကြည့်ရှင်းကြလိမ့်မည်'-ဟု ကြောင့်ကြမဲ့ နေတော်မမူကြဘဲ အမြော်အမြင်ကြီးမားစွာဖြင့် အထူးကြောင့်ကြစိုက်၍ မဖြစ်မနေ ဆောင်ရွက်ပေးတော်မူခဲ့ကြသည်မှာ အထူးပင်ကြည်ညို၊ဝမ်းမြောက် အားတက်ဖွယ်ကောင်းလှသည်။ ကျေးဇူးလည်းအလွန်ကြီးမားလှပေသည်။

အရှင်သိဂ္ဂဝထေရ်သည် ဗုဒ္ဓမန္တန်သင်ယူလိုလှသည့် ဝေဒပါရဂူ ၁၆-နှစ်သားအရွယ် တိဿသတို့သားကို ရှင်ပြုပေး၍ လမ်းတိုနည်းဖြင့် အသိ, အကျင့် ဘက်စုံမြင့်ကာ သောတာပန်ဖြစ်သည်ထိ သင်ကြားပေးလိုက်သည်။ ရဟန္တာဖြစ်သည်ထိ သင်ပြပေးလိုက်လျှင် ပိဋကတ်သုံးပုံသင်ယူမှု၌ ကြောင့်ကြစိုက်မှု အားနည်းသွားမည်စိုးသဖြင့် ဆက်သင်မပေးတော့ဘဲ အရှင်စန္ဒဝဇ္ဇီထံ အပ်နှံပေးလိုက်သည်။

အရှင်စန္ဒဝဇ္ဇီထေရ်က သောတာပန်သာမဏေရှင်တိဿအား ပိဋကတ်သုံးပုံဘုရားစကားအားလုံး သင်ကြားပေးရာ ရှင်တိဿသည် ဉာဏ်ထက်လှသဖြင့် ရှင်သာမဏေဘဝ၌ သုတ္တန်, အဘိဓမ္မာဆောင် ဒွိပိဋကဓရ ဖြစ်သွားသည်။ ရဟန်းဖြစ်၍ ဝါမရမီမှာပင် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်ကျော် ဖြစ်သွားလေတော့သည်။ နည်းရပြီဖြစ်သဖြင့် တရားအလုပ်ကို ဆက်အားထုတ်လိုက်ရာ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာလည်း ဖြစ်သွားသည်။ သာသနာဆက်လက်တည်တံ့ပြန့်ပွားရေးအတွက် ပိဋကတ်စာပေတို့ကို သင်ပြပို့ချပေးသည်။

အထူးအားဖြင့် မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့၏ မိစ္ဆာဝါဒများကို သုတ်သင်ရှင်းလင်းသန့်စင်ကာ ဓမ္မာသောကမင်း၏အကူအညီ ဖြင့် တတိယသင်္ဂါယနာတင်ပေးခဲ့ပါသည်။ ဂုဏ်လည်းကြီး ကျယ်မြင့်မြတ်၍ မောဂ္ဂလိပုဏ္ဏား၏သားလည်းဖြစ်သဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ဟု ထင်ရှားကျော်ကြားတော်မူသည်။ မောဂ္ဂလိပုဏ္ဏားသည် သားတိဿအတွက် နေရာပေးရုံ ကူညီရုံမျှသာတည်း။ အတိတ်ကံမိဘကို ပစ္စုပ္ပန် မိဘက လွှမ်းမိုးနိုင်စွမ်းမရှိသဖြင့် မပိုင်ချေ။

အဘိဓမ္မာခုနစ်ကျမ်းတို့တွင် မြတ်ဗုဒ္ဓက အကျဉ်းခေါင်းစဉ် မာတိကာထားပေးခဲ့သော ကထာဝတ္ထုကျမ်းကိုလည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကပင် အကျယ်ဟောကြားပေးတော်မူခဲ့ပါသည်။ တတိယခေတ် ထိုသာသနာ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပေးဖို့ပင် ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ဆင်းလာခဲ့ရသည် မဟုတ်ပါလော။

၃။ ဆဋ္ဌခေတ်မှာ လူ့ပြည်လာ

တတိယသင်္ဂါယနာခေတ်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် မရှိမဖြစ် အံ့ဖွယ်သမိုင်းဝင် ပုဂ္ဂိုလ်ထူးဇကန်ဖြစ်သကဲ့သို့ ဆဋ္ဌသင်္ဂါယနာခေတ်၌လည်း မင်းကွန်းတိပိဋကဓရဆရာတော်သည် မရှိမဖြစ် အံ့ဖွယ်သမိုင်းဝင် ပုဂ္ဂိုလ်ထူး ဇကန်ဖြစ်ပါသည်။

ဒုတိယသင်္ဂါယနာတင်ထေရ်အရှင်တို့က တိဿဗြဟ္မာကြီးထံကြွရောက်၍ တတိယသင်္ဂါယနာခေတ်ကို တာဝန်ယူရန် တိုက်တွန်းတောင်းပန်ကြသကဲ့သို့၊ တာဝန်သိသူတို့ကလည်း မင်းကွန်းတိပိဋကဓရဆရာတော်လောင်းလျာ ဓမ္မဓရနတ်သားထံကြွရောက်၍ 'ဆဋ္ဌသင်္ဂါယနာခေတ်ကို

တိပိဋကဓရအဖြစ်ဖြင့် တာဝန်ယူချီးမြှောက်နိုင်မည့် သူမှာ အသင်နတ်သားမှတစ်ပါး လုံးဝမရှိပါကြောင်း၊ အသင်နတ်သားတစ်ဦးတည်းကိုသာ မြင်ရပါကြောင်း၊ လူ့ပြည်သို့လာ၍ ရဟန်းဘဝဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့်ရှောက် ပေးပါမည့်အကြောင်း' တိုက်တွန်းပြောကြားတောင်းပန်ကြခြင်းဖြစ်ပေလိမ့်မည်။

ဓမ္မဓရနတ်သားကလည်း 'အနာဂတ်သာသနာအတွက် ငါသာတာဝန်အရှိဆုံး'ဟု သိခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံခြင်းဖြစ်ပေလိမ့်မည်။ တာဝန်သိသူတို့ကကျည်းပင်ဆရာတော်လောင်းလျာ၊ မင်းကျောင်းဆရာတော်လောင်းလျာ၊ ဓမ္မနာဒဆရာတော်လောင်းလျာတို့ကို ဓမ္မဓရနတ်သား လူ့ပြည်သို့လာ၍ လူဖြစ်လာသောသတို့သားမောင်ခင်ကို တစ်ပါးက အခြေခံစာပေများသင်ပြပေးရန်၊ တစ်ပါးက ရှင်သာမဏေဖြစ်အောင်တာဝန်ယူရန်နှင့် ပိဋကတ်အခြေခံ ကျမ်းစာများသင်ပြပေးရန်၊ တစ်ပါးက ပိဋကတ်သုံးပုံ ဘုရားစကားအားလုံးသင်ကြားပေးရန် တိုက်တွန်းပြောကြား တာဝန်ပေးအပ်ထားခြင်းဖြစ်ပေလိမ့်မည်။ ဆရာတော်သုံးပါးတို့ကလည်း တာဝန်ယူထားသည့် ပုဂ္ဂိုလ်များသာ ဖြစ်ပေလိမ့်မည်။

အခြားစာသင်သားများကဲ့သို့ ဆရာပေါင်းစုံများစွာထံ၌ ပရိယတ္တိပညာသင်ယူမနေရဘဲ အနည်းငယ်မျှသော ဆရာတော်သုံးပါးထံ၌သာ ပညာသင်၍ မင်းကွန်းဆရာတော်ကြီးသည် ပရိယတ္တိပညာ၌ အထွတ်အထိပ်ရောက်လာသည်ကို ထောက်ရှု၍ ထိုကဲ့သို့တာဝန်ပေးထားခြင်း၊ တာဝန်ယူထားခြင်း ယုံမှားမရှိ မချွတ်ဧကန် ဖြစ်နိုင်လောက်ပါသည်။

မြင်းခြံမြို့နယ် ကျည်းပင်ရွာကျောင်းဆရာတော်က ကျောင်းသားငယ်မောင်ခင်ကို အရှင်သိင်္ဂဝပမာ အခြေခံစာပေများသင်ကြားပေးကာ၊ မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံပို့ပေးသည်။ မင်းကျောင်းဆရာတော်ကလည်း ရှင်ဝိစိတ္တသာရအား အရှင်သိင်္ဂဝထေရ်ပမာပင် ရှင်သာမဏေပြုပေး၍ ပိဋကတ်အခြေခံစာပေများကို သင်ကြားပေးသည်။

မင်းကျောင်းဆရာတော်၏တပည့်များက ရှင်ဝိစိတ္တ-သာရကို ဘူမိနက်သန်မြေကောင်းမှန်သော မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ဆရာတော်အရှင်ပညာစက္ကထေရ်ထံ အပ်နှံပေးလိုက်သည်။ ဘုန်းကံကြီးသူများကို နေရာကောင်း၊ ဆရာကောင်းက အဆင်သင့်ဆီးကြိုနေတတ်ပါသည်။

ဆရာတော်အရှင်ပညာစက္ကကလည်း အရှင်စန္ဒဝဏ္ဏထေရ်အလား ရှင်ဝိစိတ္တသာရအား ရှင်ဘဝ, ရဟန်းဘဝတို့၌ အခြေခံနှင့်တကွ ပိဋကတ်သုံးပုံ ဘုရားစကားအားလုံး တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးလိုက်သည်။

အရှင်ဝိစိတ္တသာရသည် အခြေခံပရိယတ္တိစာမေးပွဲများကိုဖြေဆို၍ ထူးထူးချွန်ချွန်အောင်မြင်ရုံမျှမက မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းစာချတန်း၌ တစ်နှစ်တည်းသုံးကျမ်းလုံးအောင်မြင်သဖြင့် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ ဝံ့သကာ ဘွဲ့ကိုပါ ရတော်မူသည်။

၄။ တစ်ခေတ်တစ်ခါ တစ်ပါးသာ

မြန်မာနိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာကို ဦးတည်၍ ရှေးက မကျင်းပမပြုလုပ်ဖူးသော တိပိဋကဓရရွေးချယ်ပွဲကို အာဂုံပြန်ဆိုပွဲ, သဘောရေးဖြေပွဲ နှစ်မျိုးခွဲ၍ ကျင်းပပြုလုပ်ပေးသည်။ သမိုင်း၏တောင်းဆိုချက်အရ ပေါ်ပေါက်ရောက်ရှိလာသော အရှင်ဝိစိတ္တသာရာဘိဝံသ၏ အချိန်မီ တိပိဋကဓရဖြစ်ရေးအတွက် ဆန်းကြယ်သောကံက အချိန်ကိုက်ဖန်တီးပေးခြင်းလည်းဖြစ်ပေလိမ့်မည်။ 'ယခုခေတ်ကာလ၌ တိပိဋကဓရပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်မလာနိုင်တော့ပါ'ဟူသော အများသံသယကို ပယ်ဖျောက်ပေးရန်အတွက် တိပိဋကဓရရွေးချယ်ပွဲကို ကျင်းပပြုလုပ်ပေးသည့် သဘောမျိုးလည်း ဖြစ်နိုင်ပါသည်။ တိပိဋကဓရရွေးချယ်ပွဲ မဝင်ရောက်ဘဲ ကိုယ့်ဟာကိုယ်သာ ပိဋကတ်သုံးပုံကို ကျက်မှတ်ကြိုးစားနေလျှင် အများက တိပိဋကဓရပုဂ္ဂိုလ်ကျော်ဟု ယုံကြည်ကြမည် မဟုတ်ပါ။

ပထမကျော် ဓမ္မာစရိယ သကျသီဟ ဝံ့သကာ အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂-ခုနှစ် တတိယအကြိမ်ကျင်းပသော တိပိဋကဓရရွေးချယ်ပွဲမှစ၍ အာဂုံပြန်ဆို ရေးဖြေတော်မူသည်။ ဝိနည်းငါးကျမ်း၊ ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း၊ အဘိဓမ္မာဒုတိယပိုင်းသုံးကျမ်းဟု သင်ရိုးပိဋကတ်သုံးပုံကို လေးပိုင်းခွဲထားရာ လေးပိုင်းကို လေးနှစ်မျှဖြင့် အာဂုံ, ရေးဖြေ နှစ်မျိုးလုံးဂုဏ်ထူးဖြင့်အပြီးအောင်မြင်တော်မူရကား ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့တော်ကို အံ့သြဖွယ်ကောင်းလောက်အောင်ရရှိတော်မူသည်။

ဆရာတော် တိပိဋကဓရပြီးချိန်နှင့် မိမိ၏ တိပိဋကဓရပြီးချိန် အသက်သိက္ခာချင်းတူပါသည်။ (၄၂)နှစ်၊ (၂၃)ဝါ ပါတည်း။ ဆရာတော်က လေးနှစ်သာကြာ၍ မိမိက ၁၆-နှစ်ကြာပါသည်။

သင်္ဂါယနာအတွက် ဆက်ကပ်လှူဒါန်းပူဇော်သည့် ပထမသင်္ဂါယနာ၏ အဓိကတာဝန်ခံ အရှင်အာနန္ဒာ၏ဘွဲ့မည်ဖြစ်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော် ဆင်စွယ်ယပ်ဝန်းကိုလည်း ခံယူရရှိတော်မူသည်။ တိပိဋကဓရရွေးချယ်ပွဲသည်လည်း အဓိကအားဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသ အစွမ်းပြရန်အတွက်၊ အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း တိပိဋကဓရရွေးချယ်ပွဲ၌ အစွမ်းပြရန်အတွက် ပေါ်ပေါက်လာရသည် မဟုတ်ပါလော။

အရှင်ဝိစိတ္တသာရာဘိဝံသဟူသော ဒြပ်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဟူသော ဂုဏ်တို့သည် လိုက်ဖက်ညီ၍ အလွန်ထည်ဝါတင့်တယ်လှသည်။ တကယ်လိုအပ်သည့်အချိန်၌ ချိန်းချက်ထားသကဲ့သို့ အချိန်ကိုက်ကွက်တိပေါ်ပေါက်လာရသည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာအတွက်ဖြစ်၍၊ ဆဋ္ဌသင်္ဂါယနာကလည်း အရှင်ဝိစိတ္တသာရာ- ဘိဝံသကိုသာ တိပိဋကဓရ အဖြစ်ဖြင့် အဓိကလိုအပ်နေသည် မဟုတ်ပါလော။

သမိုင်း၏တောင်းဆိုချက်အရ ပေါ်ပေါက်ခဲ့ရသော တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကား မင်းကွန်းတိပိဋကဓရဆရာတော်တစ်ပါးတည်းသာတည်း။ ဓမ္မဘဏ္ဍာ- ဂါရိကဘွဲ့တော်သည်လည်း မင်းကွန်းတိပိဋကဓရဆရာတော်နှင့်သာဆိုင်သော သင်္ဂါယနာတင်ဘွဲ့တော်တည်း။ နောက်ထပ်ပေါ်ပေါက်လာသော ကျန်တိပိဋကဓရဆရာတော်များအားလုံးသည် မင်းကွန်းတိပိဋကဓရဆရာတော်ကို အတုလိုက်ကြိုးစား၍ ပေါ်ပေါက်လာရသော ကိုယ်ပွားတိပိဋကဓရများသာ ဖြစ်ပါသည်။

မိမိနှင့်တကွ နောက်ဆရာတော်များ ရရှိထားသည့် တိပိဋကဓရဘွဲ့သည် မင်းကွန်းဆရာတော်ကြီးရရှိထားသည့် တိပိဋကဓရဘွဲ့နှင့် စာလုံးချင်းတူအောင် နှိုင်းယှဉ်ရေးပြနိုင်သော်လည်း တကယ့်အရည်အချင်းအားဖြင့် နှိုင်းယှဉ်ကြည့်လျှင်ကား မည်သို့မျှယှဉ်၍မရနိုင်ချေ။

နောက်ထပ်ဆက်လက်ပေါ်ထွက်လာကြဦးမည် ဖြစ်သော်လည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို မီအောင်လိုက်နိုင်သည့် တိပိဋကဓရပုဂ္ဂိုလ်ကား ယခုခေတ်၌ ပေါ်မလာနိုင်တော့ပါ။ ဆဋ္ဌသင်္ဂါယနာက တောင်းဆို၍ ပေါ်လာရသော သမိုင်းဝင်တိပိဋကဓရကား မင်းကွန်းဆရာတော်ကြီး တစ်ပါးတည်းသာတည်း။ မင်းကွန်းဆရာတော်ကြီးတစ်ပါးတည်းသာ တိပိဋကဓရအစစ်ပါတည်း။

နောက်နောင်ပေါ်ပေါက်လာသော တိပိဋကသုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်, အစိတ်, အဝက်ဆောင် ပုဂ္ဂိုလ်အားလုံး မင်းကွန်းဆရာတော်ကြီး ကျေးဇူးကြောင့်သာ ပေါ်လာရသည်ဖြစ်ရကား အားလုံး၏ဂုဏ်ကို စုပေါင်းလိုက်လျှင် ပုဂ္ဂိုလ်များစွာ၏ဂုဏ်အားလုံး မင်းကွန်းဆရာတော်ကြီး တစ်ပါးတည်း၌သာ ဦးညွှတ်စုပေါင်းမိသွားမည် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် တစ်ခေတ်မှာတစ်ခါ, တစ်ခါမှာ တစ်ပါးတည်းသာ ပေါ်ထွက်လာသော ကမ္ဘာ့အံ့ဖွယ်ရှားပါး ပုဂ္ဂိုလ်ထူးကြီးပါတည်း။

၅။ ကျရာတာဝန် ကျေပွန်အောင်ထမ်း

ချစ်ခင်မြတ်နိုးလေးစားထိုက်သည့် အောင်မြင်ကြီးပွားသည့်ပုဂ္ဂိုလ်ထူး၏ ဂုဏ်အင်္ဂါသုံးရပ်ရှိသည်။

၁။ အတိတ်က 'လုပ်အားကောင်းခဲ့ခြင်း၊ အတိတ်ကံကောင်းခြင်း (အတိတ်ကံ ကောင်း, မကောင်း ပစ္စုပ္ပန် ဉာဏ်,ဝီရိယဖြင့် တူးဆွကြည့်ခြင်း)'။

၂။ ပစ္စုပ္ပန်လုပ်အား ကောင်းလောက်အောင် အရည်အချင်းရှိခြင်း (ဉာဏ်+တည်ငြိမ်ရင့်ကျက်အေးချမ်းမှု+ဘုန်းတန်ခိုးအာနုဘော်+ထည်ဝါမှုရှိခြင်း)။

၃။ ပစ္စုပ္ပန်လုပ်အား ကောင်းခြင်း၊ (အများအတွက် ကျေးဇူးကြီးမားများပြားစွာ ပြုလုပ်ပေးနိုင်ခြင်း)- ဤသုံးပါးတည်း။

တစ်နည်းအားဖြင့်-

၁။ ဉာဏ်ရည်မြင့်မားအောင် မြှင့်တင်ခြင်း၊

၂။ အလုပ်ကို ရွေးချယ်စီမံခန့်ခွဲတတ်ခြင်း၊

၃။ တကယ်အလုပ်လုပ်ခြင်းအားဖြင့်-သုံးမျိုးပေတည်း။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ထိုဂုဏ်အင်္ဂါသုံးမျိုးစလုံးနှင့် ပြည့်စုံပါသည်။ ထို့ကြောင့်ပင် မနေမနားတကယ်အလုပ်လုပ်သည်။ လုပ်သမျှလည်း အရာရာအောင်မြင်သည်။ မည်သည့်အလုပ်မဆို ကိုယ်လုပ်ရမည့်အလုပ်ကို သေချာအောင်သတိထား၍ ကြိုးစားလုပ်သည်။ သူတစ်ပါးအလုပ်လုပ်လျှင် လုပ်သင့်သည်ကို ဝင်ကူလုပ်ပေးတတ်သည်။ အပြောထက် အလုပ်ကိုဦးစားပေးသည်။

မိမိသည် ၁၃၃၃-ခုနှစ်၊ နွေရာသီ၌ ရှေးကမရောက်ဖူးသော မင်းကွန်းသို့စရောက်ခဲ့သည်။ ပတ္တမြားဆရာတော်ကြီးသက်တော် ၉၀-ပြည့်အတွက် ရောက်သွားခြင်းဖြစ်သည်။ တိပိဋကဓရဆရာတော်ကြီးကို ဖူးတွေ့လိုသဖြင့် အဖော်ရဟန်းတစ်ပါးနှင့်အတူ ဓမ္မနာဒကျောင်းတိုက်သို့ ရောက်အောင်သွားခဲ့သည်။

ကျောင်းတိုက်ထဲဝင်လိုက်လျှင် ရဟန်း သာမဏေများ တံမြက်လှည်းနေသည်ကို တွေ့ရသည်။ ဆရာတော်ရှိ၊မရှိ မေးကြည့်ရာရဟန်းများ လက်ညှိုးညွှန်ရာကို ကြည့်လိုက်သည့်အခါ ရဟန်းသာမဏေများပုံထားသော အမှိုက်ပုံများကို လိုက်ကျုံးနေသည့်ဆရာတော်ကို တွေ့လိုက်ရသည်။ အမှိုက်ကျုံးရာကထလာပြီး 'သူများတွေအလုပ်လုပ်တာမြင်ရရင် ကိုယ်လည်း မလုပ်ဘဲမနေနိုင်လို့ အမှိုက်ကျုံးနေတာ ဦးဇင်း' ဟုမိန့်ကြားကာ တွေ့ဆုံဖူးမြင်ခွင့်ပြုတော်မူပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်သည် အခြေခံအသေးအဖွဲ့အလုပ်ကစ၍ အလေးအနက်တန်ဖိုးထားကာ လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်လေ့ရှိပါသည်။ ပညာရှိကြီးများလုပ်သမျှ ဂုဏ်ရှိသောအလုပ်ချည်းသာတည်း။

၁၃၄၇-ခုနှစ်၊ နွေရာသီ မိမိ တိပိဋကဓရပြီးခါစက မင်းကွန်း ရတနာဂူချောင်သို့သွားရောက်အနားယူစဉ် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ခဲ့ရာ 'ဦးသိရိန်၊ မင်းကွန်းမှာ ဘာလာလုပ်တာလဲ'၊ 'အနားယူလာတာပါဘုရား'၊ 'အေး. . . ကောင်းတယ်၊ မင်းကွန်းဟာ စာလာပေလာအတိုင်း အနားယူလို့အလွန်ကောင်းတဲ့နေရာ၊ စာလာပေလာအတိုင်း အလုပ်လုပ်ဖို့လည်းအလွန်ကောင်းတဲ့နေရာ၊ မင်းကွန်းဟာ တရားချစ်တဲ့ သူတော်ကောင်းတွေရဲ့ အောင်မြေပဲ ဦးဇင်း'ဟု မိန့်ကြားတော်မူသည်။

ထို့ကြောင့်ပင် ဖြစ်ပါလိမ့်မည်။ ဆရာတော်ကြီးပျံတော်မူခါနီးအချိန်၌ တပည့်များက မန္တလေးသို့ပင့်ထားရာ 'ငါဟာ မင်းကွန်းမှာပဲ ခေါင်းချပါရစေ၊ မင်းကွန်းကိုသာ အမြန်ပို့ပေးပါ'ဟု အတန်တန်မိန့်ကြားတော်မူသဖြင့် တပည့်များက မင်းကွန်းသို့ပြန်လည်ပင့်ပေးရသည်။ မင်းကွန်းသည် ဆရာတော်၏ တကယ့်အောင်မြေပါတည်း။

မင်းကွန်းဆရာတော် တိပိဋကဓရပြီး၍မကြာမီ ဆဋ္ဌသင်္ဂါယနာတင်ပွဲ စကျင်းပသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ အဖြေဝိသဇ္ဇကတာဝန်ကိုလည်း ကျေပွန်အောင်ထမ်းဆောင်သည်။ ရဲရင့်ပြတ်သား တည်ငြိမ်အေးမြ တိကျရှင်းလင်းလှသဖြင့် အားလုံးကလက်ဖျားခါ၍ အံ့သြချီးကျူးကြရသည်။ ပါဠိအမှားအမှန် သုတ်သင်ပေးရသည့် ဝိသောဓကတာဝန်ကိုလည်း ရဲရင့်တိကျပြောင်မြောက်စွာ အစအဆုံးကျေပွန်အောင် ထမ်းဆောင်ပေးသည်။ တိပိဋကအာဂုံပြန်ဆိုစဉ်ကပင် ပါဠိအမှားအမှန်သုတ်သင်ပေးရင်း ပြန်ဆိုခဲ့ပါသည်။ ဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာတာဝန် ခွဲခွာ၍မရစကောင်း၊ သင်္ဂါယနာတာဝန်အတွက်ပင် လူ့ပြည်သို့ရောက်လာခြင်းဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာသည် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြောင့် ကမ္ဘာ့အလယ်ထည်ဝါခဲ့သည်။ အခြားထေရဝါဒနိုင်ငံများက မိမိတို့နိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာ တင်လိုကြသော်လည်း တင်နိုင်လောက်အောင် ပစ္စယာနုဂ္ဂဟ လုံလောက်ကြသော်လည်း ဆဋ္ဌသင်္ဂါယနာနှင့် ထိုက်တန်သော တိပိဋကဓရပုဂ္ဂိုလ်ကျော် မဖော်ထုတ်နိုင်ခဲ့သဖြင့် တင်ခွင့်မရဘဲမျက်နှာငယ်ခဲ့ ကြရသည်။ ဆဋ္ဌသင်္ဂါယနာအတွက် မြန်မာကို ထိုက်ထိုက်တန်တန်မျက်နှာပန်းလှစေခဲ့သည်မှာ အဓိကအားဖြင့် မင်းကွန်းတိပိဋကဓရ ဆရာတော်သာ ဖြစ်ပါသည်။

မင်းကွန်း တိပိဋကဓရဆရာတော်သည် သာသနာအတွက် ဗုဒ္ဓဘာသာဝင်အားလုံးအတွက် အလွန်ကျေးဇူးများလှသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးခြောက်တွဲ(ရှစ်အုပ်)ကို ကြိုးကြိုးစားစား တိကျရဲရင့်ပြောင်မြောက်စွာ ရေးသားပြုစုပေးတော်မူခဲ့သည်။ တိပိဋကဓရပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်တိုးပွားရေးအတွက် မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋက=နိကာယကျောင်းတိုက် စသောတိုက်ခွဲတို့ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ဆရာတော့်ကျောင်းမှ တိပိဋကကောဝိဒပုဂ္ဂိုလ်ကျော်ငါးပါးပင် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ အစိတ်၊ အဝက်အောင်ပုဂ္ဂိုလ်များကား အလွန်များလှပါ၏။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်တာဝန်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ သမိုင်းဝင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း ကြိုးစားဖော်ထုတ်ပေးခဲ့သည်။ တိုင်းနှင့်ပြည်နယ် မြို့တော်များ၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကိုလည်း တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ တိပိဋကမပြန်ဆိုမီကပင် စာပေကြိုးစားချပို့သင်ပြပေးသည်။ တိပိဋက=နိကာယကျောင်းတိုက်များ တည်ထောင်ဖွင့်လှစ်ပြီးသောအခါ တိပိဋကဓရလောင်းလျာများအား တိပိဋကစာပေများကို များပြားလှသော သာသနာ့ကိစ္စများထဲမှ အချိန်ကိုခွဲဝေလှယူကာ ချပို့သင်ပြပေးတော်မူသည်။

ဤသို့စသည်ဖြင့် လောက, သာသနာအတွက် အလွန်ကျေးဇူးများလှသည့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တာဝန်ယူဆောင်ရွက်ချက်တို့ကား မရေတွက်နိုင်အောင် အလွန်များပြားလှပါသည်။

၆။ အရင်းများသော်လည်း အမြတ်နည်း

မင်းကွန်းတိပိဋကဓရဆရာတော်သည် မျက်မှောက်ခေတ်၌ ကံ,ဉာဏ်,လုံ့လအရာ ပြိုင်ဘက်ကင်းလောက်အောင် ဘက်စုံထူးချွန်ကြီးမားတော်မူလှသည်။ ထို့ကြောင့်ပင် အရာရာအောင်မြင်အောင် ဆောင်ရွက်တော်မူနိုင်စွမ်းရှိသည်။

တိပိဋကအာဂုံပြန်ဆိုစဉ်ကဖြစ်စေ၊ ဆဋ္ဌသင်္ဂါယနာအဖြေတာဝန်ဆောင်ရွက်စဉ်အခါ၌ဖြစ်စေ၊ တရားပွဲများတွင် တရားဟောရာ၌ဖြစ်စေ အသံကြည်လင်ပြတ်သားလှသည်။ တည်ငြိမ်ခန့်ညားလေးနက်သည်။ သာယာနာပျော်ဖွယ်အလွန်ကောင်းသည်။ ကြားရသူတို့ နာယူ၍မဝနိုင်၊ မငြီးနိုင်။

၁၃၂၂-ခုနှစ် မိမိသာမဏေဘဝက ဆဋ္ဌသင်္ဂါယနာအမေးအဖြေတိပ်ခွေများကို စတင်နာယူခွင့်ရခဲ့ရာ ထပ်တလဲလဲ နာယူ၍မဝနိုင်အောင် ကြည်နူးဝမ်းသာ၍မဆုံးနိုင်အောင် ရှိခဲ့ရပါသည်။ ကံကပေးသည့်အသံကို မည်သူမျှ ယှဉ်ပြိုင်၍ မရနိုင်ပါ။

ဟောပြောရွတ်ဆိုသမျှ စာအုပ်ကိုကြည့်၍ဖတ်သည်ထက်ပင် တိကျသေချာလှသည်။ စကားထပ်ခြင်း, တွန့်ထစ်ခြင်း, ချောင်းဟန့်ခြင်းလုံးဝမရှိ။ တစ်လုံးချင်း ပီသသည်။ မြည်ဟိန်းသည်။ ဖလင်ပြားဖြင့် ရိုက်ကူးထားသကဲ့သို့ မှတ်အားသတိ အလွန်ကောင်းသည်။ ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ်လုံး ဘယ်အရာဟောဟော ဘယ်နေရာဟောဟော ဘယ်အခါဟောဟော ကြေညက်နေသည်ချည်းသာတည်း။ တစ်ခါတစ်ရံ ညတရားပွဲများ၌ ဟောနေစဉ် ပွဲဆက်များ၍ ပင်ပန်းလွန်းလှသဖြင့် ငိုက်ခနဲ မှေးခနဲဖြစ်သွားသော်လည်း နှုတ်မှဟောနေသည့်အသံကား ရပ်တန့်ပြတ်စဲမသွားဘဲ အရှိန်မပျက်ဟောနေလျက်ပင်ရှိသည်ဟု မိန့်ကြားဖူးပါသည်။ရွတ်လိုဟောလိုသည့်စာအားလုံး နှုတ်တက်ကြေညက်နေသည်။

ဆရာတော်သည် သာသနာအတွက် အများအတွက် ဆောင်ရွက်ပေးရာ၌ ဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ကြီးများ၏ ဆောင်ရွက်ပုံကဲ့သို့ အလွန်ကြီးကျယ်အောင်လုပ်ဆောင်ပေးသော်လည်း ပကတိသာဝကဆုမျှကိုသာ ပန်ဆင်ဆုတောင်းထားသည်။ ဓမ္မဓရ သောတာပန်နတ်သားဆုကိုသာ တောင်းထားသည်။ နတ်ပြည်၌ ကြာကြာတရားဟောပေးလိုသည့်ဆန္ဒရှိနေသေးဟန်တူပါသည်။ ' ဘုန်းကြီးက အရင်းများများစိုက်ထားပေမယ့် ဘုရားဆုကြီးပန်များလို ကြီးစားထားပေမယ့် အမြတ်ကျတော့ နည်းနည်းပဲယူမယ်'ဟု မကြာခဏမိန့်ကြားတတ်သည်။ ကြက်သီးထဖွယ်ကောင်းလေစွ။

ပုထုဇဉ်အများစုသည် အရင်းနည်းနည်းသာစိုက်လို၍ အမြတ်များများရလိုကြသည်။ နည်းနည်းပေး၍ များများယူလိုကြသည်။ ကုသိုလ်နည်းနည်းလေးလုပ်ပြီး ဆုအများကြီးတောင်းကြသည်။ တာဝန်ဖြင့်လာခဲ့သော ဆရာတော့်အတွက်ကား တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည်ပင် ဆရာတော့်အမြတ်ဖြစ်သည်။ ကိုယ့်အတွက်သီးသန့် မည်သည့်အမြတ်ကိုမျှ မယူလိုတော့။ ဤသည်ပင် လျှင် အဆင့်မြင့်ပုဂ္ဂိုလ်တို့၏ ရင့်ကျက်မြင့်မြတ်သော စိတ်ထားဖြစ်သည်။ ဓမ္မဓရနတ်သားဘဝမှလာခဲ့ဟန်တူ၍ ဓမ္မဓရနတ်သားဘဝကိုပင် ပြန်ယူခြင်းလည်း ဖြစ်နိုင်သည်။

ဆရာတော့်အမြတ်အားလုံးသည် လောကသာသနာ အတွက်သာဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပစဉ်က ဆရာတော်ကို ပူဇော်သောအားဖြင့် အကောင်းဆုံးကားတစ်စီးကိုလှူဒါန်းခဲ့ရာ ဆရာတော်က 'ကားကြောင့် ချမ်းသာထက် ဆင်းရဲများမည်ဖြစ်ကြောင်း' မိန့်ကြား၍ လက်မခံဘဲငွေငွေးပယ်ကာ နိုင်ငံတော်အတွက်ပေးစွန့်လှူဒါန်းခဲ့သည်။ နိုင်ငံခြား တိုင်းပြည်များက အကြိမ်ကြိမ်ပင့်ကြသော်လည်း လုံးဝလက်မခံဘဲ မကြွရောက်ဘဲငြင်းပယ်ခဲ့ပါသည်။

ဆရာတော့် တိပိဋကဓရငွေရတုနှစ်က ဒကာ ဒကာမများက မန္တလေးမြို့၌ ငွေရတုပူဇော်ပွဲကျင်းပရာ တိပိဋကကိုအာရုံပြု၍ သုံးသိန်းလှူကြသည်။ ထိုအချိန်က သုံးသိန်းဟူသည် ယခုကာလတန်ဖိုးအရ သိန်း(၃၀၀၀)ပေတည်း။ ကိုယ့်အတွက် လုံးဝမယူဘဲ တစ်ထိုင်တည်းဖြင့် သာသနာအတွက် အားလုံးစွန့်ကြဲလှူဒါန်းပစ်လိုက်သည်။ ကိုယ့်အတွက် ဆွမ်းလေးတစ်ဆုပ်၊ ပံ့သကူမျှဖြင့် တင်းတိမ်ရောင့်ရဲကာ ရလာသမျှအားလုံးကို တိပိဋကဓရလောင်းလျာတပည့်များအတွက် စွန့်ကြဲလှူဒါန်းချီးမြှောက်သည်။ ဤသို့စသည်ဖြင့် ဆရာတော်၏ ကိုယ်ကျိုးစွန့် အနစ်နာခံကာ အရင်းများများစိုက်၍ အမြတ်နည်းနည်းယူပုံများမှာ အလွန်များလှပါသည်။ ကုသိုလ်ကောင်းကျိုးကား မလိုချင်လေ ပိုရလေဖြစ်မည်သာတည်း။

၇။ ဂုဏ်ရည်ကြီးမြတ်မမေ့အပ်

ကမ္ဘာအံ့ဖွယ် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့၌ ဖွားမြင်တော်မူခဲ့သည်ဖြစ်၍၊ ယခု ၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့၌ သက်တော် ၁၀၀-တိတိပြည့်ပါပြီ။ နှစ်ပေါင်း ၁၀၀-ဟူသည် တာဝတိံသာနတ်သက် တစ်ရက်၊ စတုမဟာရာဇ်နတ်သက် နှစ်ရက်သာတည်း။ ဓမ္မဓရ

နတ်သား၏ လူပြည်လာ၍ ဆဋ္ဌသင်္ဂါယနာခေတ် သမိုင်းပေး တာဝန်ကို ထမ်းဆောင်ပေးခြင်းသည် နှစ်ပေါင်း ၈၀-ကျော် ဖြစ်၍ တာဝတိံသာနတ်သက်အားဖြင့် နေ့ချင်းပြန်ခရီးထွက် ခဲ့ခြင်းသာဖြစ်ပေလိမ့်မည်။ ဤအတိုင်းမှန်လျှင် နေ့ချင်းပြန် ခရီး အပြန်လှလိုက်လေစွ။

သက်တော်ထင်ရှားမရှိတော့သော်လည်း ဓမ္မအား ဖြင့် ဆရာတော်ထင်ရှားရှိနေပါသည်။ တိပိဋက-နိကာယ လုပ်ငန်းများ၊ ပရိယတ္တိသာသနာ့တက္ကသိုလ်လုပ်ငန်းများ စသည့် သာသနာ့လုပ်ငန်းများ အဆက်မပြတ် လည်ပတ်နေ သမျှ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ထင်ရှားရှိ နေပါသေးသည်။ ပိဋကတ်သုံးပုံ တရားရှိနေသမျှ မြတ်စွာ ဘုရားထင်ရှား ရှိနေသကဲ့သို့သာဖြစ်ပါသည်။

၁၇၇၃-ခုနှစ်သည် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သက်တော်ရာပြည့်ဖြစ်သကဲ့သို့ မိမိ၏ ရဟန်းသိက္ခာရွှေရတုနှစ်လည်းဖြစ်သည်။ မိမိ၏မယ်တော်ကြီး ဒေါ်တုတ်ခိုင်၏ အသက် ၉၀-ပြည့်နှစ်လည်းဖြစ်ပါသည်။ ကုသိုလ်ရရှိ တိုးပွားစရာအဖြစ်ဖြင့် ကြုံကြိုက်တိုက်ဆိုင်လာ သဖြင့် ယှဉ်တွဲပြခြင်းဖြစ်ပါသည်။

ဗုဒ္ဓသာသနာရတနာနှင့် တွေ့ဆုံခွင့်ရသည့် လူ့ ဘဝသည် အတိတ်ကုသိုလ်ကံကောင်းဟူသော ရွှေဖြင့် စက်၍ လဲလှယ်ဝယ်ယူခဲ့ရသည့်ဘဝဖြစ်သဖြင့် အချိန်တိုင်း အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားလှပါသည်။ အချိန်တိုင်း ကုသိုလ်ရရှိတိုးပွားအောင် အချိန်ထိန်းကိရိယာ သတိမြဲဖို့ အထူးလိုအပ်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် အကယ်၍ ဗုဒ္ဓသာသနာမရှိသည့် တိုင်းပြည်နေရာ၌ လူဖြစ် ခဲ့သော် ဤ ကဲ့သို့ အံ့ဖွယ်အစွမ်းများကို ပြနိုင်မည်မဟုတ်ပါ။ အံ့မခန်းသည့် ဆရာတော့်အစွမ်းကို သိခွင့်, အတုယူကြည်ညို ခွင့်ရခြင်းမှာ အံ့ဖွယ်ဗုဒ္ဓသာသနာတော်၏ ကျေးဇူးကြောင့် ပါတည်း။ ဗုဒ္ဓသာသနာသည် မြန်မာနှင့်ထိုက်တန်၍ မြန်မာ ပြည်သို့ အပြည့်အစုံရောက်လာခဲ့ပြီးဖြစ်သည်။ ဗုဒ္ဓသာသနာ သည်ပင် ဗုဒ္ဓပါတည်း။

တပည့်ရဟန်းတစ်ပါးက ဗုဒ္ဓဂယာသို့ ဘုရားဖူးသွား လိုသဖြင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးထံ ခွင့်ပန် လျှောက်ထားရာ ဆရာတော်ကြီးက'ဦးဇင်း၊ မြတ်စွာဘုရား က တို့ရဲ့မြန်မာပြည်ကို ကြွလာခဲ့ပြီးပြီကွယ်။ ဘုရားဖူးချင်ရင် မြန်မာပြည်ထဲမှာပဲ ဖူးပါလား။ ရွှေတိဂုံဘုရားကို ခုနစ်ပတ် လောက် လှည့်ဖူးလိုက်ရင် စရိတ်မကုန်, အချိန်မကုန်, ခရီး မပန်းဘဲ ဘုရားနဲ့တွေ့ပါပြီကွယ်'ဟု မိန့်တော်မူပါသတဲ့။ မြန်မာကို ဆရာတော်မြတ်နိုးခြင်းမှာ ဗုဒ္ဓသာသနာတော် ကြောင့် ဖြစ်ပါသည်။

သာမန်ဂုဏ်နည်းသူကို မကြာမီပင် မေ့ပျောက် သွားတတ်သော်လည်း ဂုဏ်ကြီးမားများပြားသူကိုကား မည်မျှပင်ကြာသော်လည်း မမေ့ပျောက်အပ်ပေ။ ပရိယတ် ဂုဏ်,ပဋိပတ်- သိက္ခာဂုဏ်, သာသနာပြုဂုဏ်, လောက သာသနာကောင်း ကျိုးပြုဂုဏ်များ တိုင်းတာရေတွက်၍မရ နိုင်အောင်ကြီးမားများပြားတော်မူလှသော မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကို နှစ်ပေါင်းရာထောင်ကြာ သော်လည်း မမေ့ပျောက်အပ် မမေ့ပျောက်ထိုက် မမေ့ ပျောက်နိုင်ပေ။ အမှတ်ရတိုင်း တွေးလိုက်တိုင်း အသိဆန်း ကြယ်၍အနှစ်ကြွယ်ကြောင်း ကောင်းမှုများစွာ ရရှိတိုးပွား စေပါသည်။

သက်တော်ရာပြည့် တိပိဋကရှေ့ဆောင် တိပိဋက ဖခင်ကြီး၏ ကြီးမားများပြားလှသော အသိဆန်းကြယ်၍ အနှစ်ကြွယ်သည့် ဂုဏ်ကျေးဇူးတော်အနန္တကို အာရုံပြု၍ 'အသိဆန်းကြယ် အနှစ်ကြွယ်'ဟူသော ဆောင်းပါးဖြင့် လေး မြတ်ကော်ရော် ပူဇော်အပ်ပါသတည်း။ ။

တိပိဋကယောဆရာတော်အရှင်သီရိန္ဒာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ခံယူချက်နှင့်ဆုတောင်း

ဆဋ္ဌတိပိဋကဓရရေစကြိုဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဘုန်းရိပ်ကံရိပ်ကိုခိုလှုံ၍ နိကာယ် စာသင်သားဘဝနှင့် ၁၆-နှစ်၊ စာချဘုန်းကြီးဘဝနှင့်ခြောက်နှစ်၊ စုစုပေါင်း ၂၂- နှစ် တာကာလသည် အသစ် အသစ်ပမာ စိတ်ထဲမှာထင်ယောင် မြင်ယောင် ဖြစ်လာခဲ့သည်။ ၎င်း ၂၂-နှစ် တာကာလတွင် ၁၄-နှစ်တိတိ ဆရာတော်ကြီးကို သက်ရှိထင်ရှားအနေနှင့် မှီခိုခွင့်ရခဲ့၏။

တိပိဋကကျောင်းတိုက်ခွဲကို ၁၃၄၂-ခုနှစ်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၌ဖွင့်လှစ်ခဲ့ကြရာ ၁၃၄၃-ခုနှစ် ဝါအတွက် ရန်ကုန်တိ=နိဂေါပကအဖွဲ့နှင့် ဒကာ ဒကာမ များ၏ သဒ္ဓါတရားကို ချီးမြှောက်သောအားဖြင့် ဆရာတော်ကြီးသည် ရန်ကုန်ဌာနခွဲ တိပိဋကကျောင်းတော်၌ ဝါဆိုတော်မူခဲ့သည်။ ရန်ကုန်တိပိဋကကျောင်းတိုက်ခွဲ၌ ပိဋကတ်တစ်ပုံ အောင်မြင်သော စာသင်သားရဟန်းတော်များ သီတင်းသုံးရန်အစီအစဉ်အရ မိမိနှင့်တကွ ရဟန်းတော်ခြောက်ပါးတို့ ကြွရောက်၍ သီတင်းသုံးခဲ့ကြပါသည်။

မှတ်မိသေးသည်။ မိမိငယ်စဉ် ရှင်သာမဏေ ဘဝက ဆဋ္ဌသင်္ဂါယနာ အမေးအဖြေတရားတော်များကို နာယူလိုသဖြင့် အသံချဲ့စက်ဆရာကို ဖွင့်ပေးပါရန်ပြောကြားခဲ့ရာ ‘ကိုရင်က ငယ်ငယ်နဲ့ ရှည်တော်မူတတ်ထသော’ဟု အပြောခံခဲ့ရဖူး၏။

ကိုရင်ဘဝကပင် ဆရာတော်ကြီးကို အနီးကပ်ဖူးမြော်လိုသောဆန္ဒ ကိန်းအောင်းနေခဲ့ရာ ၎င်းဆန္ဒပြည့်ဝသွားခဲ့ပေပြီ။ ကမ္မဝါဖတ်ပုံဖတ်နည်းမှစ၍ လက်ထပ်သင်ပြမှုကို ခံယူခဲ့ရသည်။ ဆရာတော်ကြီး၏ နေနည်း ထိုင်နည်း စားသောက်နည်း အထွေထွေနှင့်တကွ မေတ္တာတရား ခန္တီတရားအားကြီးပုံ အဖုံဖုံတို့ကို နည်းယူခွင့်ရရှိခဲ့သည်။ ဆရာကံကောင်းသည်ဟု ဆိုရပေမည်။ မိမိဘဝတစ်သက်တာ တန်ဖိုးဖြတ်၍ မရသော အသိတရားများကို ရရှိခဲ့ပါသည်။ ဆရာတော်ကြီးနှင့် အနီးကပ် တစ်ဝါနေခဲ့ရသည့်အခါ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ဆရာတော်ကြီးအနီးသို့ ဝတ်ပြုချဉ်းကပ်ခဲ့ကြရာ မသိတာကို မေးမြန်းခွင့်၊ မိန့်ကြားသည့် အချက်တို့ကို နာယူခွင့်ရရှိခဲ့ကြ၍ ဆရာတော်ကြီး၏ ခံယူချက်နှင့် ဆုတောင်းတို့ကိုလည်း သိရှိခွင့်ရခဲ့ပါသည်။

လူတို့၏သဘာဝကား အများအားဖြင့် ရစရာရှိလျှင် အလကားရယူလိုကြသည်။ အလကားမရနိုင်လျှင်လည်း အနည်းငယ်မျှစိုက်ထုတ်၍ အများကြီးရယူလိုကြသည်။ လောကမှလွတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည့် သူတော်စင် သူတော်မြတ်တို့ကား ထိုသို့မဟုတ်ကြချေ။ ဘဝအနေဖြင့် ဖြစ်ပေါ်လာသည့်အခါ မိမိတို့ကပေးဆပ်ရမည်၊ ပေးဆပ်ခြင်းသည် ရယူခြင်းဖြစ်သည်-ဟု ခံယူထားကြသည်။ မင်းကွန်းတိပိဋကရေဆရာတော်ကြီးသည် ထိုအမျိုးအစားတွင် အပါအဝင်ဖြစ်၏။

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ခံယူချက်မှာ မိမိလုပ်ဆောင်နေသည့် သာသနာပြုကောင်းမှုများသည် အလောင်းအလျာသူတော်စင်ကြီးများ လုပ်ဆောင်သည့် ပမာ ကြီးကျယ်များပြားလှပါသည်။ ထိုကောင်းမှုများ အရင်းခံ၍ ဘုရားဆုကိုလည်း မရယူလိုပါ။ ပစ္စေက ဗုဒ္ဓါဆုကိုလည်း မရယူလိုပါ၊ အဂ္ဂသာဝကဆုကိုလည်း မရယူ လိုပါ၊ ရိုးရိုးပကတိ သာဝကဆုကိုသာ ရယူလိုပါသည် ဟုဖြစ်၏။ ဆိုလိုရင်းကား အရင်းအနှီးများများဖြင့် အမြတ်နည်းနည်းကိုသာရယူလိုခြင်း ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဆုတောင်းနှင့်စပ်၍ရေးရလျှင် ခေတ်အဆက်ဆက်၌ ပေါ်ထွန်းခဲ့သော ကျမ်းပြုဆရာတော် နိုင်ငံကျော် ဆရာတော်ကြီးများသည် အများသူငါ သိရှိစေရန် ထုတ်ဖော်၍လည်းကောင်း၊ အများသူငါမသိစေဘဲ လျှို့ဝှက်၍လည်းကောင်း ဆုအမျိုးမျိုးတောင်းခဲ့ကြသည်။

စာသင်သားများစွာတို့၏ မှီရာဖြစ်သည့် ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက် စသောကျမ်းပေါင်းများစွာကို ပြုစုရေးသားခဲ့သော ကုန်းဘောင်ခေတ်ဦးက ပေါ်ထွန်းခဲ့သည့် ထန်းတပင်သာသနာပိုင်ဆရာတော်ကြီးသည် ဤသို့ဆုတောင်းထားသည်ကို တွေ့ရ၏။

ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေနစ၊
ဣတောစုတာဟံ ဒုတိယေ၊
အတ္တဘာဝမှိ အာဂတော။(ပ)
မဂ္ဂင်္ဂနာဝမာရုယှ၊ သန္တာရေသံ သဒေဝကံ။
ဗုဒ္ဓေါ ပညာဓိကော ဟုတွာ၊
သံသာရ ဩဃသောတတော။

မြန်မာလိုဆိုလိုရင်းမှာ. . . 'ကျမ်းဂန်ပြုစုရေး သားရသော ဤကောင်းမှုကြောင့်လည်းကောင်း၊ အခြားကောင်းမှုကြောင့်လည်းကောင်း၊ ဤဘဝမှကွယ်လွန်ခဲ့သော် ဘုန်းတန်ခိုးကြီးမားသော, ပညာအားဖြင့်အောင်နိုင်သော, သူတစ်ပါးတို့ကိုသည်းခံနိုင်သော, ဗုဒ္ဓသာသနာကို မြတ်နိုးသော နတ်မင်းကြီးတစ်ပါး ဖြစ်ရပါလို၏။ (ဂေါတမဗုဒ္ဓမြတ်စွာ၏) သာသနာတည်ရှိစဉ်အခါ၌လည်းကောင်း၊ သာသနာကွယ်သောအခါ၌လည်းကောင်း၊ အထက်အထက် နတ်ပြည်၌ ဖြစ်နေရ၍ အရိမေတ္တေယျမြတ်စွာဘုရား၏ သာသနာ၌ (ပွင့်ထွန်းသောအခါ၌) သူတော်ကောင်းဥစ္စာ ခုနစ်ဖြာစသည်ကိုဖြည့်ဆည်းသော ဘုန်းတန်ခိုးကြီးမားသော လူမင်းကြီးဖြစ်ရပါလို၏။ လူမင်းကြီးဖြစ်ကာ သာသနာတော်ကို ချီးမြှောက်ပြီး၍ နိယတဗျာဒိတ်ခံယူရန် အင်္ဂါရှစ်တန် နှင့်ပြည့်စုံ သူဖြစ်လျက် အရိမေတ္တေယျ ဘုရားရှင်၏ 'သင်သည် နောင်အနာဂတ် မည်သည့်ကမ္ဘာ၌ ဘုရားဖြစ်လိမ့်မည်'ဟူသော နိယတဗျာဒိတ်ကို ခံယူရပြီးလျှင် အကျွန်ုပ်သည် ဘုရားစစ်စစ်ဧကန်ဖြစ်ရပါလို၏။ ရှေးရှေး ဘုရားလောင်းလျာတို့သည် စွန့်ခြင်းကြီးငါးပါးတို့ကို လည်းကောင်း၊ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို လည်းကောင်း ဖြည့်ကျင့်ကြ၍ မှန်မြတ်သော သဗ္ဗညုတ ဗောဓိဉာဏ်ကို ရရှိကြသကဲ့သို့ အကျွန်ုပ်သည်လည်း အနာဂတ်အခါ၌ ထိုကဲ့သို့ဖြစ်ရပါလို၏။ မဂ္ဂင်ရှစ်ဖြာဟူသော လှေဖောင်ကိုတက်စီး၍ ပညာဓိကဘုရားဖြစ်ပြီးလျှင် လောက၌ နတ်နှင့် တကွသော လူအပေါင်းကို သံသရာ ဝဲဩဃမှ ထုတ်ဆောင် ကယ်တင်နိုင်ရပါလို၏'-ဟူ၍ဖြစ်သည်။

ကုန်းဘောင်ခေတ်လယ် ဘကြီးတော်မင်းတရား ရွှေဘိုမင်းတရားတို့လက်ထက်တွင် ဗုဒ်စ-ဗုဒ်လယ်-ဗုဒ်ဆုံးဟူ၍ သာသနာ့မော်ကွန်းထိုးခြင်းခံရ၍ နာမည်ကျော်ကြားထင်ရှားခဲ့သော မင်းဆရာတော်တစ်ပါးဖြစ်သည့် ဆရာတော်ဦးဗုဒ်သည် နောက်ဆုံးရေးသားခဲ့သော ခုဒ္ဒသိက္ခာပါဠိနိဿယ၏နိဂုံး၌ ဤသို့ ဆုတောင်းထားသည်ကို တွေ့ရ၏။

'ငါသည် ကိုယ်စိတ်နှစ်ဖြာ မချမ်းသာသော ရောဂါဝေဒနာ ကပ်ရောက်လာသော်လည်း ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍ ဤနိဿယကိုရေးသားဘိသကဲ့သို့ အသင်စာသင်သားတို့သည်လည်း ကိုယ်နှင့်အသက် မငဲ့ကွက်မူ၍ ဤခုဒ္ဒသိက္ခာပါဠိနိဿယကို(ဝါ) ကျန်များစွာသော ကျင့်ဝတ်သိက္ခာကို အနည်းငယ်မျှဖြစ်သော အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါးကို ပျားကောင်ပမာ ချိုမြိန်စွာသား ပျားယေ ရသာ မနှန်းရာသော သိက္ခာသုံးပါးကို ကိစ္စတစ်ပါး စွန့်ပစ်ထား၍ ဖန်များကြိမ်ခါ လွန်စွာကြိုးကုတ် မယုတ်မြဲပင် ယှဉ်စေကုန်သတည်း'-ဟူ၍ဖြစ်သည်။

ဆိုလိုရင်းမှာ ဆရာတော်သည် ခုဒ္ဒသိက္ခာပါဠိ၏ နိဿယကို ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ ရေးသားသကဲ့သို့ စာသင်သားတို့သည်လည်း ၎င်းနိဿယကို (ဝါ) သိက္ခာ သုံးပါးကို ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ အကြိမ်ကြိမ်အဖန်ဖန် အားထုတ်နိုင်ကြပါစေ-ဟူ၍ဖြစ်သည်။ ဆရာတော်ဦးဗုဒ်သည် သူ့အတွက် ဘာဆုတောင်းခဲ့သည်ကိုတော့ ကွဲကွဲပြားပြား မသိရပါချေ။

ဤမှာဘက်ခေတ်တွင် ဘာသာဋီကာကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်မူခဲ့၍ နိုင်ငံကျော် ကမ္ဘာကျော် ကျေးဇူးတော်ရှင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသသည် နောက်ဘဝများ၌ လူဖြစ်ခဲ့လျှင် မြန်မာပြည်မှာပဲလူပြန်ဖြစ်၍ သူရေးသားပြုစုခဲ့သောကျမ်းစာများကို ပြန်လည်ကြည့်ရှု သင်ယူရလိုကြောင်း အာသီသရှိခဲ့သည်ဟု သိရှိရပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဆုတောင်းကား ဤသို့ဖြစ်သည်။

ဒုတိယေ အတ္တဘာဝမှိ၊ လဒ္ဓါ သပ္ပညနိဿယံ၊

ဓမ္မဓရောတိနာမေန၊ သောတာပန္နော မရှာဘဝေ။

မြန်မာလိုဆိုလိုရင်းမှာ-'ဒုတိယမြောက်အတ္တဘော၌ (ဤဘဝမှ နောက်ဘဝ၌) ကြီးမားသော ပညာရှိသူတော်ကောင်းကို အမှီ ရရှိ၍ ဓမ္မဓရဟူသောနာမည်ဖြင့် သောတာပန် နတ်သားဖြစ်ရပါလို၏'-ဟူ၍ဖြစ်သည်။

ဆရာတော်ကြီးသည် ဘဝသံသရာမရှည်လို (မရှည်ချင်) တော့ပေ။ ဤဘုရားသာသနာ၌ပင် ကျွတ်တန်းဝင်လိုသည်။ သောတာပန်မှာ အမျိုးအစားသုံးမျိုးရှိ၏။

၁။ ဧကဗီဇသောတာပန် (=ခန္ဓာမျိုးစေ့ တစ်ကြိမ်သာရှိပြီး အထက်မဂ်,ဖိုလ်အဆင့်ဆင့်တက်ကာ နိဗ္ဗာန်ဝင်စံမည့် သောတာပန်ဖြစ်သည်)။ ဉာဏ်အထက်ဆုံး သောတာပန် ဖြစ်၏။

၂။ ကောလံကောလသောတာပန် (=နှစ်ဘဝမှ ခြောက်ဘဝအတွင်း မြင့်မြတ်သည့် အမျိုးအနွယ်တစ်ခုမှ မြင့်မြတ်သည့် အမျိုးအနွယ်တစ်ခုသို့ဖြစ်ပြီး မဂ်, ဖိုလ်အဆင့်ဆင့် တက်ကာ နိဗ္ဗာန်ဝင်စံမည့်သောတာပန်ဖြစ်သည်)။ ဉာဏ်အလယ်အလတ်ရှိသော သောတာပန်ဖြစ်၏။

၃။ သတ္တက္ခတ္တုပရမသောတာပန် (=အလွန်ဆုံး ခုနစ်ဘဝကျင်လည်ရပြီး အထက်မဂ်,ဖိုလ်အဆင့် ဆင့်တက်ကာ နိဗ္ဗာန်ဝင်စံမည့် သောတာပန်ဖြစ်သည်)။ ဉာဏ်နုံ့သော သောတာပန်ဖြစ်၏။

ဆရာတော်ကြီးအဖို့ မည်သို့သော သောတာပန်အမျိုးအစားကို ရည်ညွှန်းသည်ဟု မသိရစေကာမူ ဆုတောင်းသည့်အတိုင်း သောတာပန်ဖြစ်သွားလျှင် အလွန်ဆုံး ခုနစ်ဘဝသာရှိပေတော့မည်။

အဘိဓမ္မာပိဋက ပုဂ္ဂလပညတ်ပါဠိတော်အဖွင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌ အရိမေတ္တေယျဘုရားကို ဖူးမြင်လိုမှု၊ ၎င်းဘုရားထံ၌ ကျွတ်တမ်းဝင်လိုမှုနှင့်စပ်၍ သတိပေးရန် ညွှန်ပြထား၏။ 'ငါ့ရှင်၊ ပုထုဇဉ်များ၏ သွားရောက်ရာဘုံဂတိသည် မမြဲပါချေ။ ငါ့ရှင်သည် အရိမေတ္တေယျဘုရားရှင်နှင့် မျက်မှောက်ဆုံတွေ့ရခွင့်ကို ရသော်လည်း ရရှိရာ၏။ မရသော်လည်း မရရှိနိုင်ရာ။ ယခုဘုရားရှင်နှင့် (ဘုရားရှင်၏ သာသနာနှင့်) တွေ့ဆုံနေရသည့်အခိုက် မမေ့မလျော့ ဖြစ်ပါလော (ကြိုးစားပါလော)'-ဟု ဆုံးမရမည်ဖြစ်ကြောင်း ဖွင့်ဆိုထားသည်။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ဆုတောင်းသည် ပုဂ္ဂလပညတ်အဋ္ဌကထာ စကားနှင့် ညီညွတ်၍လည်း နေပေသည်။ နောက်ဘုရားမျှော်ခြင်းသည် မည်သူမျှအာမခံချက်မရှိ၊ မသေချာမရေရာသည့် ကိစ္စ မဟုတ်ပါလော။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၌ မမိုတ်မသုံ ယုံကြည်ချက်ရှိ၏။ ထိုယုံကြည်ချက်မှာ မင်းကွန်းတောင်ရိုးဓမ္မနာဒချောင်ကို ပထမတည်ထောင်ခဲ့သည့် ဥပဇ္ဈာယ်ဆရာတော်ဘဒ္ဒန္တပညာစက္ကသည် နတ်တို့ပြည်၌ 'ဓမ္မစက္က' ဟူသောနာမည်ဖြင့် ဧကန်မုချ နတ်သားဖြစ်နေပေပြီဟူ၍ ဖြစ်သည်။ ဤဘဝ၌ ဆရာတော်ဘဒ္ဒန္တပညာစက္ကကိုအမှီပြု၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းခတ်တတ်မြောက်ခဲ့ရသကဲ့သို့ နတ်ပြည်၌လည်း ဆရာဖြစ်ခဲ့သည့် ဓမ္မစက္ကနတ်သားကို အမှီသဟဲပြုရန် 'ဓမ္မဓရ'ဟူသောနာမည်ဖြင့် သောတာပန်နတ်သားဖြစ်ရပါစေ-ဟု ဆုတောင်းခြင်း ဖြစ်သည်။

ဆရာရင်းဖြစ်သူ ဆရာတော်အရှင်ပညာစက္ကနှင့်စပ်၍ မိမိ၏ဆရာသည် မန္တလေးမြို့ စာချအကျော် ကျမ်းပြုအကျော် ပထမရွှေရေးဆောင်ဆရာတော်ကြီး၏ စာဆိုတပည့်ကြီး ဖြစ်ကြောင်း၊ စာကိုလည်းမြင် ဆရာတော်ကြီး၏ အာဘောဂကိုလည်းသိ၍ စာဆိုအလွန်အင်မတန်ကောင်းကြောင်း၊ စာဆို ဘယ်လောက်ကောင်းသနည်းဆိုလျှင် တစ်ပါးနှင့်တစ်ပါး ဣဿာမစ္ဆရိယနည်းပါးသောခေတ်ဖြစ်၍ စာဝါ တက်ပြီးသောအခါ ကျေးဇူးတင် ဂုဏ်ပြုသည့်အနေဖြင့် နေထိုင်ရန်ကျောင်းဆောင်သို့ ဝိုင်းဝန်းထမ်းပိုး၍

ပို့ဆောင်ပေးကြကြောင်း ခြေဖြင့်လျှောက်၍မပြန်ရကြောင်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အမိန့်တော်ရှိဖူးသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဆုတောင်းချက်သည် ပြည့်နိုင်မည်လော?၊ မပြည့်နိုင်မည်လော? ဟု မေးမြန်းစရာရှိပါသည်။ 'ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ'-ဟု မြတ်စွာဘုရားရှင်က အာမခံ မိန့်ကြားတော်မူထားသည်။ အဓိပ္ပာယ်မှာ 'ချစ်သားရဟန်းတို့ သီလသိက္ခာပြည့်စုံသူ၏ စိတ်၏တောင့်တချက်သည် ပြည်စုံရ၏။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းစင်ကြယ်သောကြောင့်ဖြစ်ပေသည်'-ဟုဖြစ်သည်။

ဤစာရေးသူနှင့် တပည့်အပေါင်းတို့သည်လည်း ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ သီလဂုဏ်နှင့်ပြည့်စုံမှုကြောင့် ဆရာတော်ကြီး၏ ဆုတောင်းချက်သည် ဧကန်မုချ ပြည့်ဝပေမည်ဟု မမှိတ်မသုန် ယုံကြည်လျက်ရှိကြပါသတည်း။

အကျင့်မြတ်ဖြင့် ပူဇော်ခြင်း

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ၁၃၄၀-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေ၌ တိပိဋက-နိကာယ ကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်တော်မူခဲ့၏။ ဤစာရေးသူတို့လည်း ၎င်းနှစ်တန်ဆောင်မုန်းလ၌ ထိုကျောင်းတိုက်သို့ ရောက်ရှိခဲ့ရာ တစ်နေ့သောအခါ ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူးသည်။ 'ဤကျောင်းတိုက်မျိုး မြို့တိုင်းမှာရှိလျှင်ကောင်းမည်'တဲ့။

မိမိသည် ၁၃၆၁-ခုနှစ်၊ ဝါဆိုလဆန်း ၆-ရက်နေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ကျန်စစ်သားလမ်း၌ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မူအတိုင်း တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်၍ တိပိဋကဓရအရှင်သူမြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေရန် သာသနာပြုလျက်ရှိပါသည်။

ဤဆောင်းပါးရေးသားခြင်းဖြင့်လည်းကောင်း၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် သာသနာဖြင့်လည်းကောင်း၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ရိုသေလေးမြတ်စွာပူဇော်ပါ၏။ ။

အရှင်ဝါယာမိန္ဒာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်မြို့။

မှတ်တိုင်ကောင်းအများဆုံးစိုက်ထူသွားသူ

သတ္တမတိပိဋကဓရ မော်ကျွန်းဆရာတော်

အရှင်သီလက္ခန္ဓာဘိဝံသ

သုံးဆယ့်တစ်ဘုံ ဘဝသံသရာဝယ် ကျင်လည်နေကြသော သတ္တဝါများအနေဖြင့် လူ့ဘုံလူ့ဘဝ ရောက်ဖို့ လူဖြစ်ဖို့ အင်မတန်ခဲယဉ်းလှသည်။ ထိုအကြောင်းကို 'မနုဿတ္တ ဘာဝေါ ဒုလ္လဘော' ဒေသနာတော်နှင့် အဋ္ဌကထာ ဋီကာ ဖွင့်ဆိုချက်များအရလည်းကောင်း၊ 'ဗြဟ္မာ့ပြည်က အပ်ကိုချ မြေကအပ်တစ်စင်း၊ အပ်သွားချင်းသာ ထိဖွယ်ရာ ပမာမှတ်ကြမင်း'ဟူသော ထွန့်ခေါင်ဆရာတော်ကြီး ၏ ကမ္ဘဋ္ဌာန်း သံပေါက်များအရလည်းကောင်း သိနိုင်ကြလေသည်။

ထိုမျှလောက်ရခဲသော လူ့ဘဝကိုရရှိ၍ တစ်ခေါက် တစ်ခါ လူဖြစ်လာရသော ဘဝဝယ် လူသားတို့သည် လူ့ဘဝ မှတ်တိုင်ကောင်းများကို အမှတ်တရ စိုက်ထူသွားသင့်ကြသည်။ 'ဘယ်ခေတ် ဘယ်အခါက ပေါ်ပေါက်ခဲ့သူ ဘယ်ပုဂ္ဂိုလ်က လောကကောင်းကျိုး အများကောင်းကျိုး ဘယ်လို လုပ်ငန်းမျိုးကို လုပ်ဆောင်သွားခဲ့သည်'ဟူသောမှတ်တိုင်မျိုး ရေးထိုးစိုက်ထူသွားသင့်ကြပေသည်။ စိုက်ထူသွားသင့်သော်လည်း အများစုသောလူသားတို့မှာ မည်သည့်မှတ်တိုင်မှ မစိုက်ထူနိုင်ဘဲ လူ့ဘဝမှ မထင်မရှားပြန်လည်ထွက်ခွာသွားရသည်က များလေသည်။

လူအချို့မှာ 'ငါတို့ လူ့ဘဝမှတ်တိုင်ကောင်းတွေ စိုက်ထူသွားသင့်သည်၊ စိုက်ထူသွားရမည်'ဟု သိကိုမသိ၍ မစိုက်ထူဘဲ အမှတ်တမဲ့နေလိုက်ကြသည်။ အချို့ကား မှတ်တိုင်ကောင်းတွေ စိုက်ထူသွား သင့်ကြောင်း သိသော်လည်း တကယ်စိုက်ထူဖို့ စိတ်မပါ။ အချို့ကမူ စိတ်ပါသော်လည်း စိုက်ထူဖို့ရာ အကြောင်းမညီညွတ် အခြေအနေမပေး။ ဤသို့အားဖြင့် အမျိုးမျိုးသော အကြောင်းတရားများကြောင့် ဘဝမှတ်တိုင်ကောင်းတွေ မစိုက်ထူနိုင်ခဲ့သည်က များလေသည်။

လူသားတချို့မှာ ဘဝမှတ်တိုင် စိုက်ထူနိုင်ကြသော်ငြားလည်း သူစိုက်ထူလိုက်သည့် မှတ်တိုင်မှာ မကောင်းသည့် မှတ်တိုင်, အများဒုက္ခရောက်မည့်မှတ်တိုင် ဖြစ်နေတာမျိုးလည်း ရှိသည်။ ဥပမာ-ဒုတိယကမ္ဘာစစ်ကို စတင်ခဲ့ရုံမက လူအများကို အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ် ဖြတ်ခဲ့ကြသည့် အာဏာရှင်ဟစ်တလာ၏နာဇီအဖွဲ့, ဖက်ဆစ်ဂျပန်များ, အိုစမာဘင်လာဒင်နှင့် ၎င်း၏ အယ်လ်ခိုင်ဒါအဖွဲ့များ, ကွန်မြူနစ်များ-စသည်။

အချို့ကား စောစောပိုင်းတွင် ဘဝမှတ်တိုင်ကောင်းတွေ စိုက်ထူနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ အယူအဆလွဲမှားပြီး မကောင်းသည့်မှတ်တိုင်များကို ပြောင်းလဲစိုက်ထူမိသွားတတ်သည်။ ဥပမာ-လူသေလူဖြစ် အရှင်ဥက္ကဋ္ဌ, ပစ္စုပ္ပန်ကမ္ဘဝါဒီအရှင်ဝိစိတ္တသာရာဘိဝံသတို့လိုပုဂ္ဂိုလ်မျိုး။ အရှင်ဥက္ကဋ္ဌသည် စောစောပိုင်းက ဗုဒ္ဓဘာသာ၏ အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ လူသေလူဖြစ် ဟူသောမိစ္ဆာဝါဒကြီးကိုစွဲကိုင်ကာ ဗုဒ္ဓဘာသာကို ပြန်လည်အန္တရာယ်ပေးသည့် ပုဂ္ဂိုလ်ဖြစ်လာသည်။ အရှင်ဝိစိတ္တသာရာဘိဝံသကား ပို၍ဆိုးသည်။ မင်းကွန်းဆရာတော်ကြီးနှင့် ဘွဲ့ချင်းတူ, ဉာဏ်ပညာ အလွန်ထက်မြက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့ထူး ဂုဏ်ထူးကြီးအများအပြားကိုရရှိထားပြီး သာသနာအကျိုးပြုလုပ်ငန်းအချို့လုပ်ဆောင်ခဲ့သော်လည်း၊ နောက်ပိုင်းတွင် ပစ္စုပ္ပန် ကမ္ဘဝါဒီဆိုသောမိစ္ဆာဝါဒကြီးကို ထူထောင်ကာ သာသနာတော်ကို အန္တရာယ်ပေးခဲ့လေသည်။

အချို့ကမူ ဘဝမှတ်တိုင်ကောင်းနှင့် မှတ်တိုင်ဆိုးများကို ရောနှောစိုက်ထူသွားတတ်ကြသည်။ (လူသားအချို့)။

ဘဝမှတ်တိုင်များ စိုက်ထူနိုင်သည့်အပြင် စိုက်ထူလိုက်သည့် မှတ်တိုင်တိုင်းကလည်း မှတ်တိုင်ကောင်းချည်းဖြစ်နေသူလူသားကား အလွန်ရှားပါးလှသည်။ ထိုရှားပါးသူများထဲတွင် မင်းကွန်းဆရာတော်ဘုရားကြီးသည် ထိပ်ဆုံးကပါဝင်သူ စံပြလူသားကြီးဖြစ်သည်။

အချို့ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိကိုရေးသားရာ၌ မှတ်တိုင်ကောင်းများချည်း စိုက်ထူခဲ့လေဟန်ရေးပေးခဲ့ကြသော်လည်း တကယ်တမ်းအားဖြင့်ကား ထိုသူတို့သည် မှတ်တိုင်ဆိုးအများအပြားကိုလည်း စိုက်ထူသွားကြသည်သာဖြစ်သည်။ လူကြားမကောင်း၍သာ ဖုံးဖုံးဖိဖိ မှတ်တမ်းတင်ပေးလိုက်ရသည်လည်း ရှိသည်။ အချို့ကိုယ်တိုင်ရေးသူများက ကိုယ့်အကြောင်း အကောင်းချည်းရေးသွားတာလည်း ရှိသည်။ အချို့က အရှိန်အဝါကြီးဇာအာဏာဖြင့် မိမိဘဝဇာတ်ကြောင်း အကောင်းချည်းရေးရန် ဖိအားပေးတာမျိုးလည်း ရှိသည်။

ဆရာတော်ဘုရားကြီးမှာကား ဤသို့မဟုတ်၊ လူကြားမကောင်း၍ ဖုံးဖုံးဖိဖိ မှတ်တမ်းတင်ပေးလိုက်ရသည့် အချက်မျိုးလည်း လုံးဝမရှိ။ 'ငါ့အကြောင်း အကောင်းချည်းရေးရမည်'ဟု ဖိအားပေးသွားတာမျိုးလည်းမရှိ။ ပကတိအားဖြင့်ကို ကြည်လင်သန့်ရှင်း အပြစ်ကင်းသည့် မှတ်တိုင်ကောင်းများကိုချည်း စိုက်ထူသွားခဲ့သူဖြစ်သည်။

ဆရာတော်ကြီးသည် ၈၂-နှစ်မျှသော မိမိ၏ဘဝတစ်သက်တာတွင် မိမိအသက်ထက်ပင်ပိုလွန်သော မှတ်တိုင်ကောင်းများစွာကို စိုက်ထူသွားသည်။ သာသနာအကျိုးပြု, လောကအကျိုးပြု, အများအကျိုးပြုမှတ်တိုင်များနှင့် နောင်လာနောက်သားတို့ အတုယူစရာမှတ်တိုင်များချည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် မှတ်တိုင်ကောင်း အများဆုံးစိုက်ထူသွားသူ- ဟုပင် ရဲရဲကြီးဆိုနိုင်ပေသည်။

သာသနာတော်နှင့်စပ်သည့် စေတီပုထိုးများပြုပြင်ခြင်း၊ ထီးတော်တင်ခြင်း၊ (စေတီပုထိုးဟောင်းများကို ပြုပြင်သွားသော်လည်း အသစ်တည်ထားမှုကိုကား သိပ်မပြုခဲ့၊သတိပြုဖွယ်)။ ဇာတိရပ်ရွာ၌ ကျည်းပင်ကျောင်း အပါအဝင် ဘုန်းတော်ကြီးကျောင်းများနှင့် သိမ်,ဇရပ်,ဓမ္မာရုံများကိုပြုပြင်ခြင်း၊အသစ်တည်ဆောက်ပေးခြင်း၊ နိကာယ်စာမေးပွဲများ၌ ကြီးကြပ်ကွပ်ကဲစီမံပေးခြင်း၊ မင်းကွန်းတောင်ရိုး၌ ရှင်သာမဏေစာမေးပွဲ ကျင်းပပေးခြင်း၊ မိဘမဲ့ကလေးငယ်များအား ရှင်ပြုပေးခြင်း၊ ကျည်းပင်ရွာ, မင်းကွန်းရွာ, ထန်းမြင့်ရွာ, တလိုင်း ဆင်ရွာ, ပြည်တော်သာရွာ-စသည်တို့၌ စာသင်ကျောင်းများ ပြင်ဆင်မွမ်းမံအသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ လမ်း,တံတားများ ဖောက်လုပ်တည်ဆောက်ခြင်း၊ ဆေးရုံ, ဆေးခန်း, ဆေးပစ္စည်းများလှူဒါန်းခြင်း၊ မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကြီးကို ဦးစီးစောင့်ရှောက်စီမံပေးခြင်း၊ မင်းကွန်းရွာနှင့် ပတ်ဝန်းကျင်ရွာများ လျှပ်စစ်မီးရအောင်ဆောင်ရွက်ပေးခြင်း-စသည်ဖြင့် မှတ်တိုင်ကောင်းတွေက များပြားလှသည်။

ထိုများပြားလှသော ဘဝမှတ်တိုင်ကောင်းများထဲမှ အထင်ရှားဆုံးမှတ်တိုင်များကို ရွေးထုတ်ကြည့်မည်ဆိုလျှင်- 'ကတညုတ ကတဝေဒီ၊ တိပိဋကဓရ၊ ဆဋ္ဌသင်္ဂါယနာ၊ မဟာဗုဒ္ဓဝင်၊ ဟောစဉ်ထူးဘိ၊ တိပိဋကဓရပေါ်ကြစေလို၊ တက္ကသိုလ်တည်ထား မှတ်တိုင်များ၊ ထူးခြားစိုက်ခဲ့တာ' ဟူသော မှတ်တိုင်ကောင်းများကို တွေ့ကြရမည်ဖြစ်သည်။

ကတညုတ ကတဝေဒီ

သူတစ်ပါးကျေးဇူးကိုအထူးသိမှတ်၍ ပြန်ဆပ်တတ်သူ ဆရာတော်ဘုရားကြီး၏ မှတ်တမ်းတင်လောက်သော ကျေးဇူးဆပ်မှုများမှာ-ရှင်သာမဏေ ဥပဇ္ဈာယ်ဆရာတော်ဦးသောဘိတ နာမကျန်းဖြစ်နေစဉ်က မိမိ၏စာမေးပွဲကိစ္စကို ဘေးဖယ်ထားပြီး ဥပဇ္ဈာယ် ဆရာတော်ကိုသာ ပြုစုလုပ်ကျွေးခဲ့ခြင်း၊ ရဟန်းဥပဇ္ဈာယ် ဆရာတော်ဦးပညာစက္ကလည်ချောင်းကင်ဆာဖြစ်လာသောအခါ မိမိကိုယ်တိုင် ပထမကျော် သကျသီဟ ဓမ္မာစရိယ ဝင့်သကာဘွဲ့များရရှိ

ပြီး၍ လက်ထောက်နာယကအဖြစ်ဖြင့် တိုက်တာအုပ်ချုပ်စာပေပို့ချပေးနေရသည်ဖြစ်ရာ အခြားပြုစုမည့် တပည့်ငယ်များကိုလွှဲထားလျှင် ရနိုင်ပါလျက် မိမိကိုယ်တိုင်ပြုစုပေးခဲ့ခြင်း၊ မိခင်ကြီးဒေါ်ဆင်အား အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့စောင့်ရှောက်ခြင်း-တို့ ဖြစ်ပေသည်။

တိပိဋကဓရ

တိပိဋကဓရဖြစ်အောင် အားထုတ်ခြင်းမှာလည်း ထူးခြားသည့်မှတ်တိုင်ကြီးတစ်ခုပေတည်း။ ယနေ့ခေတ်အနေဖြင့်ကြည့်လျှင် သိပ်မထူးခြားသလို မှတ်ထင်ကြမည်ဖြစ်သော်လည်း ဆရာတော်ဘုရားကြီးခေတ်က ပထမဆုံး လမ်းကြောင်း စထွင်ရခြင်း၊ ကျက်ရ, မှတ်ရသည့်စာအုပ်များက ခေါင်းစီးမရှိ အဖြတ်အတောက်မရှိ ရှုပ်ထွေးလှခြင်း၊ သာသနာ ၂၅၀၀-ပြည့်ဆဋ္ဌသင်္ဂါယနာပွဲကြီးအမီ ပြီးစီးအောင် အပြင်းအထန် ကြိုးစားရခြင်းတို့ကြောင့် အလွန်ထူးခြားသည့် လုပ်ငန်းကြီး တစ်ခုဟု သတ်မှတ်ရပေသည်။

တိပိဋကဓရ၊ လမ်းမဂ္ဂ၊ ထွင်ရ မြတ်ဆရာ။

တောကြီးရှုပ်ရှုပ်အတင်းခုတ်၊ ထွင်လုပ်တော့သည်သာ-ဟူသော စာထောက်စာမဆရာတော်ဦးကောဏ္ဍည (တောင်ရင်း)၏ ဆောင်ပုဒ်များအရ ဆရာတော်ဘုရားကြီး မည်မျှကြိုးစားခဲ့ရကြောင်း သိသာထင်ရှားသည်။

ဆဋ္ဌသင်္ဂါယနာ

ဆဋ္ဌသင်္ဂါယနာအား ဆရာတော်ဘုရားကြီး၏ ဘဝတစ်သက်တာတွင် အထူးခြားဆုံးသော မှတ်တိုင်ကြီးဟု ဆိုနိုင်သည်။ အရှင်အာနန္ဒာသည် ပထမသင်္ဂါယနာအတွက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿသည် တတိယသင်္ဂါယနာအတွက် သီးသန့်ပေါ်ထွန်းလာရသည့်အားလျော်စွာ ဆဋ္ဌသင်္ဂါယနာသဘင်တွင် ဆရာတော်ကြီးသည် အဖြေဆရာတော်အဖြစ် ထူးချွန်စွာဆောင်ရွက်တော်မူခဲ့သည်။

ပိဋကတ်သုံးပုံ တရားဒေသနာတော်များကို အချိန်နှင့် အံကိုက်ဖြစ်အောင် ချုံ့တန်ချုံ့ ချဲ့တန်ချဲ့၍ အစီအစဉ်တကျ ဖြေဆိုပြနိုင်ခြင်း၊ နှစ်နှစ်တိုင်တိုင် ရွတ်ဆိုဖြေကြားနေသော်လည်း အသံဝင်မသွားခြင်းတို့မှာ ထူးခြားလှသည်။

ထို့ပြင် ထိုစဉ်က ဆရာတော်ကြီးအသုံးပြုခဲ့သော သံစဉ်မှာ ရိုးရိုးစကားပြောသလိုလည်းမဟုတ်, တရားဟောသလိုလည်းမဟုတ်, ကျောင်းသူကျောင်းသားကလေးများစာအံကြသလိုလည်းမဟုတ်, စာပြောဆရာ ကွက်စိပ်ဆရာများ စာပြောကြသလိုလည်းမဟုတ်သော ထူးခြားသည့်သံစဉ်တစ်မျိုးဖြစ်ကြောင်း ပညာရှင်များက သတ်မှတ်ခဲ့ကြလေသည်။

မဟာဗုဒ္ဓဝင်

မဟာဗုဒ္ဓဝင်ကျမ်းကြီးပြုစုရေးသားပေးပါရန် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု လျှောက်ထားခဲ့စဉ်က 'ဂေါတမမြတ်စွာဘုရားသာသနာတော်အနှစ် ၂၅၀၀-သို့ ရောက်သောအချိန်အခါက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအရှင်မြတ်တစ်ပါးစီရင်တော်မူခဲ့သော မဟာဗုဒ္ဓဝင်ကျမ်းကြီးဖြစ်သောကြောင့် နောင်လာနောက်သား လူအများတို့၏ ပစ္စုပ္ပန်တမလွန် နိဗ္ဗာန်အကျိုးစီးပွားအလို့ငှာ အနာဂတ်သာသနာတော် နှစ်ပေါင်း ၂၅၀၀-တိုင်အောင် သာသနာ့ကျောက်တိုင် မော်ကွန်းကြီးအဖြစ်ဖြင့် ပြဋ္ဌာန်းစိုက်ထောင်ထားနိုင်ရန်'ဟု ထည့်သွင်းလျှောက်ထားခဲ့ရာ ယခုမဟာဗုဒ္ဓဝင်ကျမ်းကြီးမှာ ထိုအချက်နှင့် ကောင်းကောင်းကြီးပြည့်စုံနေကြောင်း ပညာရှိအားလုံးက လက်ခံခဲ့ကြသည်။

ဗုဒ္ဓနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုကို ဆုံးဖြတ်တော့မည်ဆိုလျှင် ဤမဟာဗုဒ္ဓဝင်ကျမ်းကြီး၌ ပါ,မပါ၊ မည်သို့ဆိုထားကြောင်း ကြည့်ပြီးမှဆုံးဖြတ်ကြရလေသည်။ ဤမဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရှေးရှေးပညာရှိကြီးများ ရေးဖို့ကြိုးစားခဲ့ကြသော်လည်း အပြီးမရောက်ခဲ့။ ဆရာတော်ကြီးက မဆုတ်မနစ် ဇွဲ,လုံ့လ,ဝီရိယကြီးမားစွာဖြင့် ကိုးနှစ်တိုင်တိုင် ကိုယ်တော်တိုင်လက်နှိပ်စက်ရိုက်၍ ပြုစုစီရင်တော်မူသည်။

ဟောစဉ်ထူးဘိ

မဟာဓမ္မကထိကဖြစ်တော်မူသော ဆရာတော်ကြီး၏ တရားဟောစဉ်မှာလည်း ထူးခြားလှသည်။ ပါဠိတော်, အဋ္ဌကထာများကို အလွတ်ကျက်မှတ်၍ ပါဠိတော်ဟောစဉ်များအဖြစ် ဟောကြားတော်မူသည်။ ပါဠိတော်ရွတ်လိုက်, အနက်ပေးလိုက်, အဓိပ္ပာယ်ပြောလိုက်ဖြင့် ဟောကြားတော်မူပုံမှာ လွန်စွာကြည်ညိုစရာကောင်းလှသည်။

ပါဠိတော်ရွတ်ပုံက ဥာန်,ကရိုဏ်းပီသကျနလှသလို အနက်မြန်မာပြန်ဆိုပုံကလည်း အပိုအလိုမရှိ တိကျလှသည်။ တိကျသည့်အနက်ထဲတွင် နဘောကာရန်များပါ အချိတ်အဆက်မိမိ ယှဉ်တွဲပါဝင်နေသဖြင့် တရားစစ်စစ်ကို နာယူလိုသူတို့ လွန်စွာသဘောကျနှစ်ခြိုက်ကြသည်။ အချို့နေရာ၌ ပိုပြီးမှတ်မိအောင် ဆောင်ပုဒ်ကလေးများပါ ချပေးသည်။ အဓိပ္ပာယ်ပြောပုံကလည်း လူပြိန်းများပါ နားလည်နိုင်လောက်အောင် ပြောဟောနိုင်သဖြင့် 'မြတ်စွာဘုရားဟောကြားတော်မူသည့် သာမုက္ကံသိကဓမ္မဒေသနာဆိုတာ ဒါမျိုးနေမှာပဲ'ဟုပင် မှန်းဆမှတ်ထင် ကြည်ညိုကြရလေသည်။

ထို့ပြင် ဘုရားရှင်လက်ထက်က အလွန်ဆန်းကြယ်လှစွာ ဥပမာ, ဥပမေယျတို့ဖြင့် တန်ဆာဆင်ပြီးတရားဟောတတ်သော စိတ္တကထိကအရှင်ကုမာရကဿပ, အရှင်ပုဏ္ဏတို့နှင့်လည်းကောင်း၊ ရုတ်တရက်ပေါ်လာသောအကြောင်းအရာ ဂါထာဗန္ဓ စကားဝါကျတို့ကို ဆီလျော်အောင်ထည့်သွင်းရွတ်ဆိုဟောကြားတတ်သော ပဋိဘာနဝန္တအရှင်ဝင်္ဂီသနှင့်လည်းကောင်း၊ အသံတော်မှာ အင်မတန်ချိုသာလွန်းသဖြင့် ကလျာဏဝါက္ကရဏအရှင်သောဏကုဋိကဏ္ဏ, မဉ္ဇုဿရအရှင်လကုဏ္ဍကဘဒ္ဒိယတို့နှင့်လည်းကောင်း နှိုင်းခိုင်းစံပြုထိုက်သော ဓမ္မကထိကပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်။

တိပိဋကဓရ ပေါ်ကြစေလို

မိမိ တိပိဋကဓရဘွဲ့ရရှိပြီး၍ ၂၅-နှစ်အကြာ ၁၃၄၀- ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် မင်းကွန်းတိပိဋက- နိကာယကျောင်းတိုက်ကြီးမှာလည်း ထူးခြားလှသောမှတ်တိုင်ကြီးတစ်ခုဖြစ်သည်။

တိပိဋကဓရတစ်ပါးပေါ်လာသည်နှင့် ဗုဒ္ဓသာသနာတော်အတွက် အလွန်ကြီးမားသော အင်အားတစ်ရပ်ဖြစ်သည်ကို ကောင်းစွာသိရှိတော်မူသော ဆရာတော်ကြီးသည် သာသနာတော်မှာ တိပိဋကဓရဆရာတော်တွေ အများအပြား ပေါ်ထွက်လာဖို့လိုသည်။

ပိဋကတ်သုံးပုံစာပေများသည် ခက်ခဲနက်နဲလှသလို များလည်းများပြားလှရာ ရိုးရိုးကျောင်းတိုက်မှာနေပြီး အခြားကိစ္စများကိုဆောင်ရွက်နေရင်း ကျက်မှတ်လေ့လာကြမည်ဆိုလျှင် တိပိဋကပန်းတိုင်ရောက်ဖို့ သိပ်မလွယ်။ ထို့ကြောင့် တိပိဋကဓရလောင်းလျာများအနေဖြင့် အခြားကျောင်းတိုက်များမှာနေသလို တပည့်တပန်း ရဟန်းသာမဏေများအား စာပေပြန်ပို့ချရမှု တာဝန်မရှိရအောင်၊ ကျောင်းတိုက်ဝေယျာဝစ္စ ကိစ္စအဝဝ မရှိရအောင်၊ မိမိ၏ ပစ္စည်းလေးပါးပြည့်စုံမှုအတွက် ပူပင်ကြောင့်ကြမရှိကြဘဲ စိတ်အေးလက်အေး စာကြိုးစားနိုင်ကြရအောင်၊ ထိုသို့ ကြိုးစားနိုင်ကြသည့်အလျောက် မြန်မြန်နှင့် များများ တိပိဋကဓရပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြအောင်-ဟူသော ရည်ရွယ်ချက်တို့ဖြင့် တိပိဋကဓရ အရှင်မြတ်များကို မွေးထုတ်ပေးနိုင်ရန် ဤ တိပိဋက-နိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့ခြင်းဖြစ်ပေသည်။

ရောက်ရှိလာကြသည့် တိပိဋကဓရလောင်းလျာများအား ပစ္စည်းလေးပါးပြည့်စုံအောင် ဖြည့်ဆည်းပေးသည့်ပြင် တိပိဋကဓရဖြစ်ရေး နည်းလမ်းများကိုလည်း ပေးတော်မူသည်။ ကျောင်းတိုက်သက်တမ်း ၃၃-နှစ်ရှိလာသည့် ယနေ့အချိန်ဝယ် ဤကျောင်းတိုက်ကြီးမှ တိပိဋကဓရဆရာတော် ခုနစ်ပါး အောင်မြင်ပေါ်ထွက်ခဲ့ပြီဖြစ်ရာ ဤကျောင်းတိုက်ကြီးသည် တိပိဋကဓရအများဆုံးပေါ်ထွက်ရာ စံပြကျောင်းတိုက်ကြီး ဖြစ်လာလေသည်။

တက္ကသိုလ်တည်ထား

ဆရာတော်ဘုရားကြီး၏ဘဝဝယ် နောက်ဆုံးအနေဖြင့် အမှတ်ထင်ထင်စိုက်ထူခဲ့သည့်မှတ်တိုင်ကြီးမှာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ပေးခြင်း လုပ်ငန်းဖြစ်သည်။ သာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆုံးဖြတ်ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို မင်းကွန်းဆရာတော်ဦးဆောင်သော တိ-နိသာသနာပြုအဖွဲ့က ဆောင်ရွက်ပေးပါရန် တာဝန်ပေးအပ်ချက်အရ ဆရာတော်ဘုရားကြီးသည် တစ်နိုင်ငံလုံးသို့ ရထားတစ်တန်, ကားတစ်တန်, သင်္ဘောတစ်တန်ဖြင့် အစုန်အဆန်မြန်းကြွ၍ တက္ကသိုလ်ရေစက်ချတရားဟောကြားတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် နောက်ပိုင်းကာလတို့တွင် လေယာဉ်ဖြင့်ကြွရောက်လေ့ မရှိသည့်အတွက် အချို့ခရီးစဉ်များ၌ အချိန်များစွာ ပေးခဲ့ရသလို အခက်အခဲများစွာလည်း ကြုံတွေ့ခဲ့ရသည်။

ထိုအချိန်တွင် ဆရာတော်ဘုရားကြီး၏သက်တော်မှာ ၇၉-နှစ်ရှိခဲ့ပြီ။ ၇၉-နှစ်ဆိုသောအရွယ်သည် အလွန်အိုမင်းသော ဇရာအရွယ်ဖြစ်သည်။ မျက်စိမှုန်ခြင်း, သွားကျိုးခြင်း, အရေတွန့်ခြင်း, တုန်ချိခြင်းစသော ဇရာ၏ လက္ခဏာများကို ဆရာတော်ကြီး၏ ခန္ဓာကိုယ်တော်တွင် ထင်ထင်ရှားရှား တွေ့လာရပြီဖြစ်သည်။ နဂိုကပင် ပိန်ချုံးသည့် ခန္ဓာကိုယ်တော်မှာ ပိန်သထက်ပိန်လာသည်။ အစားနည်းသဖြင့် အားအင်များလည်း နည်းပါးဆုတ်ယုတ်လာသည်။ အခြားသောဇရာလက္ခဏာများ ထင်ရှားလာသော်လည်း ဆံပင်များမှာမူ လုံးဝမဖြူဘဲ နက်မှောင်၍နေသည်ကို တအံ့တသြတွေ့ကြရသည်။

ဆရာတော်ဘုရားကြီးကို အလွန်ကြည်ညိုကြသော ဒကာ ဒကာမများက 'ဆရာတော်ကြီး အသက်ကြီးလှပြီ။ အိုမင်းရင့်ရော်ခဲ့ပြီ။ ငြိမ်းချမ်းစွာအားမွေးပြီး အေးအေးဖြည်းဖြည်း အလုပ်လုပ်စေချင်ပါသည်'ဟု ဝိုင်းဝန်းလျှောက်ထားကြသည်။

ထိုအခါဆရာတော်ဘုရားကြီးက 'လူ့ဘဝသက်တမ်းက တိုတိုလေးရယ်၊ လုပ်စရာအလုပ်တွေက အများကြီး။ ဖြည်းဖြည်းအေးအေးလုပ်နေရင် ဘယ်ပြီးပါတော့မလဲ'ဟု

အမိန့်ရှိပြီး စိတ်ထဲစွဲစွဲမြဲမြဲနှစ်မြုပ်၍ မနားမနေ အလုပ်လုပ်တော်မူခဲ့သောကြောင့် လုပ်ငန်းပမာဏ ကြီးမားလှသော တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများမှာ အချိန်မီပြီးစီးခဲ့ခြင်းဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး၏ အထူးခြားဆုံး ဘဝမှတ်တိုင်ကောင်းကြီးများကို လေ့လာကြည့်ပြီးနောက် ‘အခြားသူတစ်ယောက်ဆိုရင် ဤမှတ်တိုင်ကြီးများထဲမှ ဘယ်နှစ်ခုကိုစိုက်ထူနိုင်မလဲ’ ဆက်တွေးကြည့်မိသည်။

အလွန်ထူးခြားသောပုဂ္ဂိုလ်သည်ပင် ကျေးဇူးသိကျေးဇူးဆပ်,တိပိဋကဓရဖြစ်အောင်လုပ်, တိပိဋကဓရဖော်ထုတ်ပေး-ဟူသော မှတ်တိုင်အချို့ကိုသာ စိုက်ထူကောင်း စိုက်ထူနိုင်လိမ့်မည်။ စိုက်ထူနိုင်လျှင်သော်မှ တစ်ဦးလျှင် မှတ်တိုင်တစ်ခုစီလောက်သာ စိုက်ထူနိုင်လိမ့်မည်။ ကျန်မှတ်တိုင်ကြီးများကိုကား စိုက်ထူနိုင်လိမ့်မည်မဟုတ်။

ဆဋ္ဌသင်္ဂါယနာ, မဟာဗုဒ္ဓဝင်ကျမ်းပြု, ပါဠိတော်ဟောစဉ်ဟောကြား, တက္ကသိုလ်တည်ဆောက်-စသောမှတ်တိုင်ကြီးများကား အများနှင့်မသက်ဆိုင်၊ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးနှင့်သာသက်ဆိုင်သည့် သီးသန့်မှတ်တိုင်ကြီးများဖြစ်လေရာ ‘ကမ္ဘာပေါ်တွင် မှတ်တိုင်ကောင်း အများဆုံး စိုက်ထူသွားသူ’ ဟူသော ဝိသေသနမှာ ဆရာတော်ဘုရားကြီးနှင့် လွန်စွာသင့်လျော်သော ဝိသေသနပင်ဖြစ်တော့သည်။

မှတ်တိုင်ကောင်း အများဆုံးစိုက်ထူပြသွားသော ဆရာတော်ဘုရားကြီးသည် ‘လူဆိုတာ ဒီလို ဘဝမှတ်တိုင်ကောင်းတွေ စိုက်နိုင်သလောက် စိုက်ထားခဲ့ရတယ်ကွယ့်’ ဟူသောနမူနာကိုလည်း ပေးတော်မူသွားသည်ဖြစ်ရာ နောင်လာနောက်သားတို့အနေဖြင့်လည်း ဆရာတော်ဘုရားကြီးနမူနာပြသွားသည့်အတိုင်း ဘဝမှတ်တိုင်ကောင်းများကို တတ်နိုင်သလောက် ကြိုးစားစိုက်ထူသွားကြရမည် ဖြစ်ပေသတည်း။ ။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊
ဒဂုံမြို့သစ်(တောင်)၊ ရန်ကုန်မြို့။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

တာဝန်နှင့်ဝတ္တရား

အဋ္ဌမတိပိဋကဓရ မြင်းမူဆရာတော်

အရှင်ဝံသပါလာလင်္ကာရ

မိမိ တိပိဋကဓရဖြစ်လာရခြင်းသည် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။ မှန်ပါသည်။ ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်တော်မူသော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယကျောင်းတိုက်ကြီး၌ နေထိုင်ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။

နောက်တစ်ကြောင်းမှာ ရဟန်းဒကာမကြီးဒေါ်ရွှေညွန့်ကြောင့် ဖြစ်ပါသည်။ မှန်ပါသည်။ ရဟန်းဒကာမကြီးသည် မိမိနှစ်သက်သည့် အစားအသောက်များကို စီမံပေးရုံမျှမက 'ဦးဇင်း၊ ဘယ်နား မသွားပါနဲ့၊ ဘယ်အစာ မစားပါနဲ့'ဟု လေအေးလေးနှင့် အနီးကပ်ပြုစုစောင့်ရှောက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

'တိပိဋက=နိကာယကျောင်းတိုက်မှ အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်များသည် အခြားမည့်သည့်ကျောင်းတိုက်သို့ မပြောင်းမရွှေ့ဘဲ တိပိဋက=နိကာယကျောင်းတိုက်၌သာ နေထိုင်၍ တိပိဋက = နိကာယကျောင်းတိုက်၏ ကျေးဇူးကိုဆပ်ရမည်။ ငါးနှစ်ကျေးဇူးဆပ်ပြီးမှသာ တခြားကျောင်းတိုက်သို့ ပြောင်းရွှေ့ရမည်'ဟူသော သတ်မှတ်ချက်ရှိပါသည်။ သတ်မှတ်ချက် ရှိပင်ရှိငြားသော်လည်း မိမိမှာမူ အပြင်ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ မရနိုင်တော့ပါ။

အကြောင်းကိုဆိုရပါမူ ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပျံလွန်တော်မူပြီး ရဟန်းဒကာမကြီးဦးဆောင်၍ တိပိဋက = နိကာယကျောင်းတိုက်၌ မင်းကွန်းတိပိဋကဓရ လွမ်းစေတီကို တည်ပြီးသောအခါ ထိုစေတီ၏ရှေ့တည့်တည့်၌ ဒကာမကြီးက မိမိအတွက်ကျောင်းဆောက်၊ မိမိအတွက် ဘဏ်၌ ငွေကျပ်သိန်းနှစ်ဆယ်အပ်နှံပြီး လျှောက်ထားလိုက်သည့်စကားမှာ 'ဦးဇင်း၊ ဒီကျောင်းတိုက်မှာ အမြဲနေသွားပါ။ ဘယ်မှ မပြောင်းပါနဲ့။ မင်းကွန်းဆရာတော်ကြီးရဲ့ ဒီကျောင်းတိုက်ကြီးကို ဦးဇင်းပဲ ဆက်ပြီး တာဝန်ယူစောင့်ရှောက်လိုက်ပါ'ဟု လျှောက်ထားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မိမိ ဘာလုပ်ရမည်နည်း?။ ဘာမှလုပ်မရတော့ပါ။

မိမိ ပြောင်းချင်ပါ၏။ ပြောင်းမရတော့ပါ။

၂၀၀၁၄

ဤနေရာ၌ပြောချင်သည်မှာ 'တာဝန်နှင့်ဝတ္တရား' နှစ်မျိုးရှိရာတွင် 'တာဝန်'ဟူသည် 'မလုပ်မနေရ လုပ်ရမည့် အလုပ်ကို တာဝန်'ဟုပြောချင်ပါသည်။

'ဝတ္တရား'ဟူသည် 'မလုပ်ချင်လည်း မလုပ်ဘဲ နေခွင့်ရှိ၍ ဝတ်ကျေတမ်းကျေလုပ်ရမည့်အလုပ်ကို ဝတ္တရား' ဟု ဆိုချင်ပါသည်။

မိမိအတွက်မှာမူ တာဝန်နှင့်ဝတ္တရားနှစ်ခုလုံးက အတူတူပင် ဖြစ်နေပါသည်။ ထိုသို့အဓိပ္ပာယ်ထွက်သည့် အလျောက် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ကျေးဇူးနှင့် ကျေးဇူးရှင်ဒကာမကြီးဒေါ်ရွှေညွန့်တို့၏ကျေးဇူးတို့ကို ဆပ်မည်ဟု လေးလေးနက်နက် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

ယင်းသို့ဖြင့် မိမိသည် ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ပြုလုပ်ဆောင်ရွက်ခဲ့သကဲ့သို့ပင် တိပိဋက-နိကာယ ကျောင်းတိုက် သံဃာတော်များ၏ ကျန်းမာရေး, စားရေးသောက်ရေး, နေထိုင်ရေးတို့ကို ဆက်လက်ပြုလုပ်ဆောင်ရွက်ပြီး၊ တိပိဋက-နိကာယ ကျောင်းတိုက်ရှိ အဆောက်အဦတို့ကို ပြုပြင်ခြင်း,ဆေးသုတ်ခြင်း, အသစ်ဆောက်လုပ်ခြင်း၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ခဲ့သည့်, ပြုပြင်ခဲ့သည့် စေတီတော်တို့ကို ရွှေသင်္ကန်း ကပ်ခြင်း၊ မင်းကွန်း တိပိဋကဓရလွမ်းစေတီအား ကြေးပြား များတပ်ဆင်၍ ၎င်းကြေးပြားများပေါ်၌ ရွှေစစ်သင်္ကန်း ကပ်လှူခြင်းတို့ကို ဆက်လက်ပြုလုပ်ဆောင်ရွက်၍ ကျေးဇူး ဆပ်နေပါသည်။ ယခုလည်းဆပ် နောင်လည်းဆပ်နေမည် သာ ဖြစ်ပါသည်။

ကြီးလေးသည့် တာဝန်ဝတ္တရားတစ်ခုကို ရေးပြပါမည်။ မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်၏ တစ်နေ့ တာဆွမ်းစရိတ်မှာ ကျပ်ငွေငါးသိန်းကုန်ကျပါသည်။ သို့သော် ဒကာဒကာမအလှူရှင်များ လှူနိုင်အောင် ကျပ်တစ်သိန်းခွဲသာ အလှူခံပါသည်။ ကျန်လိုအပ်သော ကျပ်သုံးသိန်းခွဲကို မိမိ ရှာရပါသည်။ တစ်လတစ်လလျှင် မည်မျှရှာရမည်ကို စဉ်းစား သာကြည့်ပါက သိနိုင်ပါသည်။

သို့ရာတွင် ဆွမ်းအလှူရှင် နှစ်ဦး, သုံးဦး ပူးပေါင်း ပြီး ကပ်သည့်နေ့ဆိုလျှင်တော့ အရှာရသက်သာပါသည်။ တချို့ တချို့သောအလှူရှင်တို့ကမူ နှစ်ဦး,သုံးဦးပေါင်းပြီး ရေစက်မချနိုင်ဟုဆိုသောအခါ စိတ်မောလူမောဖြစ်ရ ပြန်ပါသေးသည်။

ဤသို့သောအကြောင်းကြောင့် တစ်နေ့တည်းတွင် ဆွမ်းအလှူရှင် နှစ်ဦး, သုံးဦးထပ်ခြင်း ဖြစ်ရသည်ကိုလည်း အလှူရှင်များအနေဖြင့် သည်းခံခွင့်လွှတ်ပေးကြပါရန် ဤ နေရာမှ အထူးမေတ္တာရပ်ခံပါသည်။

ဤသို့ ဤသို့သော သာသနာပြုလုပ်ငန်းများ အတွက် ရန်ပုံငွေရှာဖွေရသည်ကို မိမိစိတ်မပျက်ပါ၊ ဝမ်းမြောက်ဝမ်းသာပင် ဖြစ်မိပါသည်။

အကြောင်းကိုဆိုရသော် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ကျေးဇူးနှင့် ကျေးဇူးရှင်ရဟန်းဒကာမကြီး တို့၏ကျေးဇူးတို့ကို ဆပ်ခွင့်ရခြင်းကြောင့် ဖြစ်ပါသည်။

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ၏ ကျေးဇူးနှင့် ကျေးဇူးရှင်ရဟန်းဒကာမကြီးတို့၏ ကျေးဇူး ကြောင့်သာ မိမိ၏ မိဘများ၏ကျေးဇူးကို ဆပ်ခွင့်ရခဲ့ ပါသည်။ မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် မြင်းမူ မြို့နယ် ခွက်ခွင်းရွာ၏ကျေးဇူးကိုလည်း ဆပ်ခွင့်ရခဲ့ပါသည်။ မိမိ၏ မိဘများနှင့် မိမိရွာ၏ကျေးဇူးများအား ဆပ်ခွင့်ရခဲ့ သည်တို့ကို တွေးမိတိုင်း တွေးမိတိုင်း ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနှင့် ကျေးဇူးရှင် ရဟန်းဒကာမ ကြီးတို့၏ကျေးဇူးတို့ကို ပို၍ပို၍ သတိရမိနေပါသည်။

ထိုသို့သတိရမိသည့်အလျောက် ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ယခုလို သက်တော် ရာပြည့်အခါသမယမှာ ဆရာတော်ကြီးတည်ထောင်တော်မူ ခဲ့သည့် တိပိဋက - နိကာယကျောင်းတိုက်များ၏ တာဝန် ဝတ္တရား တို့ကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူး ဝမ်းမြောက် ဝမ်းသာ ဘဝတစ်သက်တာပတ်လုံး ဆက်လက်တာဝန်ယူ ထမ်းဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချလိုက်ပါတော့သတည်း။ ။

အရှင်ဝံသပါလာလင်္ကာရ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိပိဋက-နိကာယကျောင်းတိုက်၊
မိုးမိတ်ကုန်းမြေ၊ မင်းကွန်း။

အာဇာနည်

(သို့မဟုတ်)

အကောင်းဆုံး အမြင့်ဆုံးဘဝကို တည်ဆောက်သူ

နဝမတိပိဋကဓရ မြင်းခြံဆရာတော်

အရှင်ဂန္ဓမာလာလင်္ကာရ

ဘဝဟူသည် မွေးခြင်း, သေခြင်း မျဉ်းနှစ်ခုကြားမှ ကာလတစ်ခုသာဖြစ်ပါသည်။ ထိုကာလတစ်ခု အတိုအရှည် အနိမ့်အမြင့် အရှုံးအနိုင်သည်ပင် ဘဝတစ်ခု၏အတိုအရှည် အနိမ့်အမြင့် အရှုံးအနိုင် ဖြစ်ပါသည်။ သက်ရှိသတ္တဝါတိုင်းပင် ထိုကာလကို မလွဲမသွေ ဖြတ်ကျော်လျှောက်လှမ်းရစမြဲပင်။

ထိုသို့ဖြတ်ကျော်လျှောက်လှမ်းကြရာ၌ အတွေးအခေါ် ယုံကြည်ချက်, လုပ်ဆောင်ချက် အမျိုးမျိုးကွဲပြားခြားနားမှုကြောင့် သတ္တဝါတို့၏ ဘဝပုံသဏ္ဌာန်သည်လည်း အတို အရှည် အနိမ့် အမြင့် မညီမညာနှင့် အကောင်းအဆိုးကာလများ အမျိုးမျိုးအစားစားကွဲပြားစွာဖြင့် မြင်တွေ့နေရပါသည်။

ထိုအပြင် ဘဝကိုတည်ဆောက်ကြသည့်သတ္တဝါတို့၏ စွမ်းရည်နှင့်လုပ်ရပ်အပေါ်မူတည်ကာ ဘဝတန်ဖိုးလည်း အမျိုးမျိုးအစားစား ကွဲပြားနေခြင်းဖြစ်ပါသည်။ မိမိ၏အကောင်းဆုံးစွမ်းရည်နှင့် လုပ်ဆောင်ချက်များကို အများအကျိုးစီးပွားအတွက် ထုတ်ယူသုံးစွဲသူများကို သူတော်ကောင်းအဆင့် အာဇာနည်အဆင့် သတ်မှတ်ကြကာ၊ မိမိ၏စွမ်းရည်နှင့် လုပ်ရပ်ကြောင့် တစ်ဦးတစ်ယောက်ကအစ ဒုက္ခရောက်မည်ဆိုပါက မသူတော်, လူယုတ်မာ, လူမိုက်အဆင့်သာ သတ်မှတ်ကြပါသည်။ ထိုကဲ့သို့ အဆင့်သတ်မှတ်ချက်သည် လောက ဥပဒေသအရ လူအများကတိုင်းတာသတ်မှတ်ကြသည်ဖြစ်၍ လိမ်ညာရယူ၍ မရသလို အတင်းအဓမ္မဖွတ်ပြုလုပ်၍လည်း မရနိုင်ပါ။

မိမိတို့၏ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကား ကမ္ဘာပေါ်တွင် ဘဝကို အကောင်းဆုံး အမြင့်ဆုံးတည်ဆောက်နိုင်ကြသည့် စံပြပုဂ္ဂိုလ်ကြီးများတွင် တစ်ပါး အပါအဝင်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မိမိ၏ အကောင်းဆုံး အမြင့်ဆုံးပညာ, စိတ်ထား,ကိုယ်ကျင့်တရား,စွမ်းရည်များနှင့် ကိုယ်ကျိုးမဖက်သည့် အမျိုး ဘာသာ သာသနာ အကျိုးအတွက် ဆောင်ရွက်ချက်လုပ်ရပ်များဖြင့် မိမိ၏ဘဝကို အကောင်းဆုံး အမြင့်ဆုံး တည်ဆောက်နိုင်ခဲ့သည်ကို မြင်တွေ့နိုင်ပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဉာဏ်ပညာ အလွန်ပင်ထူးချွန်ထက်မြက်သည့် အားလျော်စွာ ဘဝတစ်လျှောက် ပညာရေးမှတ်တိုင်များကိုလည်း အကောင်းဆုံး အမြင့်ဆုံး စံချိန်ယူကာ စိုက်ထူတော်မူနိုင်ခဲ့ပါသည်။

မျက်မှောက်ခေတ်သာသနာတော်၌ ပညာဂုဏ်ရည်အတွက် ဆက်ကပ်လှူဒါန်းကြသည့် စာမေးပွဲဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် နိုင်ငံတော်အစိုးရအဆက်ဆက်တို့က အစဉ်အလာအရ ဆက်ကပ်လှူဒါန်းကြသည့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်များကိုလည်း အပြည့်စုံဆုံးရယူနိုင်သည့် တစ်ပါးတည်းသာရှိသော အာဇာနည်ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါသည်။

အထူးအားဖြင့် မျက်မှောက်ခေတ် သာသနာရေးလောက၌ အခက်ခဲဆုံးနှင့် ဂုဏ်အရှိန်အဝါအကြီးမားဆုံး စာမေးပွဲကြီးနှစ်ရပ်ရှိပါသည်။ ထိုစာမေးပွဲများကိုအောင်မြင်သော ရဟန်းတော်များကို ပညာရှင်အာဇာနည်များဟု လူရှင်အများက အသိအမှတ်ပြုပူဇော်ကြပါသည်။ ထိုစာမေးပွဲကြီးနှစ်ရပ်မှာ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက ကြီးမှူးကျင်းပသော သက္ယသီဟဓမ္မာစရိယခေါ်သော အဘိဝံသစာမေးပွဲကြီးနှင့် နိုင်ငံတော်အစိုးရကကျင်းပသော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးများပင် ဖြစ်ပါသည်။ ထိုစာမေးပွဲကြီး နှစ်ရပ်လုံး၌ပင် ဆရာတော်ကြီးသည် စံချိန်သစ်တင်ကာ ထူးခြားစွာ အဦးဆုံးအောင်မြင်တော်မူခဲ့ပါသည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယ စာမေးပွဲကြီးကို ၁၂၆၅-ခုနှစ်မှစတင်၍ကျင်းပခဲ့ပါသည်။ ထိုစာမေးပွဲသည် အတန်းအားဖြင့် (၁)သီးခြားစာသင်တန်း၊ (၂)သီးခြား စာချတန်းဟူ၍ နှစ်တန်းရှိပါသည်။ ဆရာတော်ကြီးအောင်မြင်တော်မူသည့် ၁၂၉၆-ခုနှစ် စာမေးပွဲကြီးအထိ နှစ်ပေါင်း ၃၁-နှစ်တာကာလအတွင်း ဓမ္မာစရိယ အောင်မြင်ကြသည့် ရဟန်းတော်ပေါင်း ၁၁၆-ပါးရှိခဲ့ရာ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းများကို နှစ်မခြားဘဲ နှစ်နှစ်တည်းဖြင့် အောင်မြင်သောရဟန်းတော်ကား ယခင်က မပေါ်ပေါက်ခဲ့ဖူးပါ။

ဆရာတော်ကြီးသည် ယခင်က မအောင်မြင်မပေါ်ပေါက်ဖူးသေးသည့် သီးခြားစာသင်တန်းအောင်မြင်ပြီးနောက် နှစ်မခြားဘဲ အဋ္ဌကထာကြီးသုံးကျမ်းလုံးကို တစ်ဆက်တည်းဖြင့် အောင်မြင်တော်မူခဲ့ရာ မကြုံစဖူး ထူးထူးကဲကဲ စံချိန်သစ်တင် အောင်ပွဲဆင်နိုင်သဖြင့် ဆရာတော်ကြီးအတွက် ပရိယတ္တိအသင်းကြီးကဘွဲ့အသစ်တီထွင်ကာ ဦးစိုက်ပန်း (သို့မဟုတ်) ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရှိသော 'ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝရ္ဂသကာ'ဟူသော ဘွဲ့ထူးကို အဦးဆုံး ဆက်ကပ်လှူဒါန်းခဲ့ရပြီး၊ ရန်ကုန်မြို့ ပါဠိဆရာမြန်မာပညာရှိအသင်းကြီးကလည်း 'အဋ္ဌကထာပြန် အကျော်'ရွှေတံဆိပ်၊ အခြားအသင်းအဖွဲ့ပေါင်းစုံကလည်း ရွှေတံဆိပ်အမျိုးမျိုး ၁၇-ခုတို့ကို ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ကြီးကျယ်ခမ်းနားစွာ လှူဒါန်း၍ ဆရာတော်၏ဉာဏ်ပညာကို ပူဇော်ခဲ့ကြပါသည်။

ထို့ပြင် အခက်ခဲဆုံးနှင့် ဂုဏ်ရှိန်ဝါအကြီးမားဆုံး စာမေးပွဲကြီးတစ်ခုဖြစ်သည့် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။ ဆရာတော်ကြီးသည် မြန်မာ့သာသနာ့သမိုင်း၌ တိမ်မြုပ်ပျောက်ကွယ်နေသည့် တိပိဋကဓရမျိုးဆက်ကို ပြန်လည်အသက်ဆက်ကာ ပိဋကတ်သုံးပုံကို နှုတ်တံ့ဆောင်နိုင်သည့်ပုဂ္ဂိုလ် မရှိနိုင်, မပေါ်ပေါက်နိုင်ဟု ထင်မြင်ယူဆ နေကြသည့်ခေတ်ကာလဝယ် ပိဋကတ်သုံးပုံကို အာဂုံဆောင် နိုင်သောတိပိဋကဓရသာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကြီးအဖြစ် ၁၃၁၅-ခုနှစ်၌ ပထမဦးဆုံး အောင်မြင်ပေါ်ထွန်းခဲ့ပါသည်။

ထိုသို့အောင်မြင်တော်မူရာ၌လည်း အာဂုံရောသဘောရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူပြီး ခက်ခဲများ ပြားလှသည့် တိပိဋကဓရစာမေးပွဲကြီးကို လေးနှစ်တည်းဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့သည့် ထူးခြားသော ပါရမီပညာရှင်ကြီးဖြစ်ပါသည်။

ထို့ကြောင့်ပင် 'ကမ္ဘာ့စံချိန်မှတ်တမ်းများ' အမည်ရှိ 'ဂင်းနစ်'စာအုပ်ကြီး၌ ဆရာတော်ကြီးအား 'ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်'အဖြစ် နှစ်နေရာတိုင်တိုင် မှတ်တမ်း

တင်ခြင်းခံခဲ့ရပါသည်။

ထိုကဲ့သို့ အခက်ခဲဆုံးနှင့် ဂုဏ်အရှိန်အဝါ အကြီးမားဆုံးစာမေးပွဲကြီးနှစ်ရပ်လုံး၌ ပထမဦးဆုံး ထူးချွန်စွာ အောင်မြင်တော်မူခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ပွဲကြီး၌လည်း ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပ မေးတော်မူသမျှကို အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့က တာဝန်ယူဖြေ ကြားခဲ့ကြသည့်ပမာ မဟာစည်ဆရာတော်ကြီး မေးတော်မူသမျှသော ပိဋကတ်သုံးပုံဆိုင်ရာ အမေးပုစ္ဆာများကို တစ်ပါးတည်းတာဝန်ယူကာ ဖြေကြားတော်မူခဲ့ခြင်းများမှာ မိမိဘဝကို ပညာမြင့်အရည်အသွေးများဖြင့် အကောင်းဆုံးအမြင့်ဆုံး တည်ဆောက်ထားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ပညာဂုဏ်ရည်များနှင့် သာသနာပြု ဂုဏ်ရည်အစွမ်းများကြောင့် ဆရာတော်ကြီး၏ သားတပည့်ဖြစ်သည့် မိမိမှာ နိုင်ငံရပ်ခြားတွင် အကူအညီ အထောက်အပံ့ ကောင်းများရရှိပြီး ဂုဏ်ယူဝမ်းမြောက်ခဲ့ရသည်များ အကြိမ်ကြိမ်ပင်။

မှတ်မှတ်ရရ ဖြစ်ရပ်တစ်ခုကိုပြရပါလျှင် ၂၀၀၃-ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် ဓမ္မဒေသနာခရီး ကြွစဉ်က နာဂိုယာမြို့သို့ ရောက်ရှိခဲ့ပါသည်။ နာဂိုယာမြို့ ပြဗ္ဗဝိဟာရ မြန်မာဘုန်းတော်ကြီးကျောင်း၌တည်းခိုပြီး မြန်မာဒကာများက မိမိတို့မြန်မာဘုန်းတော်ကြီးကျောင်းနှင့် မြန်မာလူမျိုး များကို စိတ်ရောကိုယ်ပါ တက်တက်ကြွကြွဖြင့် ကူညီနေသော ဂျပန်ဘုန်းတော်ကြီးအိုဇုမိစ်၏ကျောင်းသို့ ပင့်ဆောင်သွားကာ ဘုန်းတော်ကြီးအိုဇုမိစ်နှင့် တွေ့ဆုံပေးပါသည်။

ဘုန်းတော်ကြီးအိုဇုမိစ်သည် အလွန်သဘောကောင်းပြီးဖော်ရွေကာ ပြုံးပြုံးရွှင်ရွှင်နှင့် ခရီးခံပါသည်။ စကားစမြည် ပြောဆိုကြရင်း ဂျပန်ဘုန်းတော်ကြီးက မိမိကို 'မြန်မာပြည် ဘယ်အရပ်မှာနေပါသလဲ' မေးပါသည်။ မိမိကလည်း 'မြန်မာပြည်၏ ဒုတိယမြို့တော် မန္တလေးမြို့၏ တစ်ဖက်ကမ်း မင်းကွန်းမှာနေကြောင်းနှင့် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးရဲ့ တပည့်ဖြစ်ကြောင်း' ပြောပြပါသည်။

'မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို သိပါသလား' ဟုသူ့ကိုပြန်မေးရာ သူကသိကြောင်းပြောပါသည်။ 'ဘယ်ပုံ ဘယ်နည်း မင်းကွန်းဆရာတော်ကြီးကို သိပါသလဲ' ဟုမေးရာ သူက 'ခေတ္တစောင့်ပါ'ဟုပြောပြီး အခန်းထဲသို့ ဝင်သွားပါသည်။ ခဏအကြာ အခန်းထဲမှပြန်ထွက်လာပါသည်။ သူ့လက်ထဲ၌ စာအုပ်ငယ်တစ်အုပ်လည်း ပါလာသည်။ ထိုစာအုပ်ကိုလှန်ပြီး စာမျက်နှာတစ်ခုကိုပြရာ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးပုံနှင့် ဆရာတော်ကြီးအကြောင်း ရေးသားထားသောစာများ ဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့ရပါသည်။

စာအုပ်က ဂျပန်ဘာသာဖြင့်ရေးသားထားသည့် မြန်မာပြည်ဗုဒ္ဓဘာသာအကြောင်း စာအုပ်ဖြစ်ပါသည်။ စာရေးဆရာက ဂျပန်စစ်ပြန်တစ်ဦးဖြစ်ပြီး စစ်ကြီးပြီးဆုံးပြီး နောက်ပိုင်း မြန်မာပြည်သို့ တစ်ခေါက်ပြန်လာ၍ ဘုန်းကြီးဝတ်ပြီး မြန်မာပြည် ဗုဒ္ဓဘာသာအကြောင်းကို နှစ်နှင့်ချီ၍ လေ့လာကာ ရေးသားပြုစုထားသည့်စာအုပ်ဖြစ်ပါသည်။

ဂျပန်ဘုန်းတော်ကြီးအိုဇုမိစ်က 'အရှင်ဘုရားရဲ့ ဆရာဟာ ပိဋကတ်သုံးပုံလုံးကို အာဂုံဆောင်နိုင်သည့် ပုဂ္ဂိုလ်ထူး ကြီးဖြစ်ကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာလည်း အံ့မခန်းဖြေဆိုနိုင်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ သူအလွန်ကြည်ညိုလေးစားပါကြောင်း၊ ဆရာတော်ကြီး၏ တပည့်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဂျပန်ပြည်မှာ အကူအညီ လိုအပ်ပါက အစစအရာရာစွမ်းဆောင်နိုင်သလောက် ကူညီပါမည့်အကြောင်း' များလျှောက်ထားပါသည်။ မိမိကလည်း နာဂိုယာမြန်မာဘုန်းတော်ကြီးကျောင်းနှင့် မြန်မာလူမျိုးများကို ကူညီနေသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် နောက်နောင်လည်း လိုအပ်သောအကူအညီများကိုလည်း အစွမ်းကုန်ကူညီပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

ထို့ကြောင့်ပင်ယနေ့အချိန်အထိ မြန်မာဘုန်းတော်ကြီးများအတွက် ဂျပန်ပြည်နေထိုင်ခွင့် ဗီဇာရရှိအောင်ကူညီဆောင်ရွက်ပေးနေရာ ဆရာတော်ကြီး၏ပညာဂုဏ်ကို ဝမ်းမြောက်ဂုဏ်ယူကာ အကြိမ်ကြိမ်ဦးချနေပါသည်။

ထို့ပြင် ဆရာတော်ကြီးသည် မိမိ၏စိတ်ထားနှင့် ကိုယ်ကျင့်တရားစွမ်းရည်များကိုလည်း အကောင်းဆုံး အမြင့်ဆုံးအနေအထားရောက်အောင် တည်ဆောက်ထားနိုင်ခဲ့ပါသည်။ ဆရာတော်ကြီး၏နှလုံးသားသည် မေတ္တာတရားတို့ဖြင့် အေးချမ်းသိမ်မွေ့ကာ ခန္တီတရားတို့ဖြင့်ကြံ့ခိုင်ပြီး ဂါရဝနိဝါတ တရားတို့ဖြင့် နူးညံ့ပျော့ပျောင်းနေပါသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီးကို ဖူးမြင်ရသူတိုင်း လူမျိုး ဘာသာမရွေး ငြိမ်းအေးချမ်းသာမှုကို ခံစားရကာ အကြိမ်ကြိမ် ဦးညွှတ်ကြပါသည်။

အထူးအားဖြင့် သံဃာပရိသတ်အလွှာမှ ဆရာတော်သံဃာတော်တို့ကလည်း ဂိုဏ်းဂဏမတူကြစေကာမူ ဆရာတော်ကြီးအပေါ် လေးစားမြတ်နိုးကာ အမြတ်တနိုးတန်ဖိုးထား လေးစားကြခြင်းမှာ ဆရာတော်ကြီး၏ ဖြူစင်သောသီလ, မာနကင်းသော အမူအရာ, ဂါရဝပါသော နိမ့်ချမှု, အလိုနည်းမှုဟူသည့် အပိစ္ဆ စသောဂုဏ်ရည်များဖြင့် အကောင်းဆုံးတည်ဆောက်ထားနိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့ပြင် ဆရာတော်ကြီးသည် မိမိ၏ဘဝနှင့် ခန္ဓာကို အမျိုးဘာသာ သာသနာအကျိုးများအတွက်သာ အကောင်းဆုံး အသုံးချသွားနိုင်သည့် စံပြပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မိမိရရှိသည့် လာဘ်လာဘငွေကြေးပစ္စည်းများကို လမ်းတံတားများတည်ဆောက်ခြင်း၊ စာသင်ကျောင်းများနှင့် ဆေးရုံများတည်ဆောက်ခြင်း၊ စာကြည့်တိုက်များတည်ဆောက်ခြင်းစသည့် ပြည်သူပြည်သားတို့၏ ပညာရေး, ကျန်းမာရေး, လူမှုရေး စသည့်လုပ်ငန်းများ၌သာ အကောင်းဆုံး အသုံးချတော်မူကာ သာသနာရေးဘက်၌လည်း ဘုရား, ကျောင်းကန်, စေတီပုထိုးများတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း၊ သံဃဒါနဆွမ်းလောင်းအသင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ဇီဝိတဒါနသံဃာ့အထူးကုဆေးရုံကြီးများ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများတည်ဆောက် လှူဒါန်းတော်မူကာ မိမိ၏ တိပိဋကဓရအမွေသာသနာပြုအမွေများကို ဆက်ခံကြမည့် ပုံတူကိုယ်ပွားအမွေခံတပည့်များကို မွေးထုတ်ပေးသည့် တိပိဋကဓနိကာယကျောင်းတိုက်ကြီးများကို မင်းကွန်း, ရန်ကုန်, ပြင်ဦးလွင်မြို့ကြီးများ၌ တည် ထောင်ဖွင့်လှစ်ကာ လှူဒါန်းထောက်ပံ့တော်မူခဲ့သည့် ဆရာတော်ကြီး၏ သာသနာရေးဘက်၌ အကောင်းဆုံး အမြင့်ဆုံး စွမ်းဆောင်သွားနိုင်သည်ကိုလည်း အားလုံး မြင်တွေ့နိုင်ကြပါသည်။

ဆရာတော်ကြီး၏စွမ်းရည်များအနက်မှ မိမိအကြည်ညိုဆုံး အားအကျဆုံး စွမ်းရည်တစ်ခုမှာ ပုံတူကိုယ်ပွား တိပိဋကဓရ မျိုးဆက်သစ်များကို မွေးထုတ်သွားနိုင်ခြင်းပင် ဖြစ်ပါသည်။

အာဇာနည်ပုဂ္ဂိုလ်ကြီးတော်တော်များများသည် မိမိတို့၏ဘဝကို အကောင်းဆုံးစွမ်းရည်များဖြင့် တည်ဆောက်သွားနိုင်ကြသော်လည်း မိမိတို့၏အမွေများကို မျိုးဆက်သစ်များဆီသို့ လက်ဆင့်ကမ်းပေးမသွားနိုင်ကြသည်ကို မြင်တွေ့ကြရပါသည်။ ထို့ကြောင့်ပင် အချို့သောအာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ နေရာများသည် ထိုအာဇာနည်ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှားရှိစဉ်က ကျော်ကြားစည်ကားသလောက် ထိုအာဇာနည်ပုဂ္ဂိုလ်ကြီးများ ကွယ်ပျောက်သွားသည်နှင့် ခန်းခြောက်တိမ်မြုပ်သွားကြပါသည်။

မိမိ၏တစ်ဘဝတာအရေးသာမက အနာဂတ်အရေးများကိုပါမျှော်တွေး၍ ကြိုတင်ပြင်ဆင်ကာ စီစဉ်တည်ဆောက်နိုင်သည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို အမြော်အမြင်ကြီး မားသည့် ဒီဃဒဿီပုဂ္ဂိုလ်ထူးကြီးများ (သို့မဟုတ်) နှစ်ဖက်လှ အာဇာနည်များဟူ၍ ကမ္ဘာက မော်ကွန်းထိုးကာ ဂုဏ်ပြုကြပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မိမိကိုယ်တိုင်က အမြင့်ဆုံးဖြစ်သည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဂုဏ်နှင့်ပြည့်စုံသလို မိမိ၏ သာသနာပြုအမွေများကိုဆက်ခံကြမည့် မျိုးဆက်သစ်အမွေခံများကိုလည်း မိမိကဲ့သို့ ပုံတူကိုယ်ပွား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကမျိုးဆက် အမွေခံများကို မွေးထုတ်ကာ မိမိ၏ သာသနာပြုဓမ္မအမွေများ လက်ဆင့်ကမ်းပေးသွားတော်မူခဲ့ပါသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီး ကွယ်ပျောက်သွားသည်မှာ ဆယ်စုနှစ်နှစ်ခုနီးပါး ကြာမြင့်သွားခဲ့သော်လည်း ဆရာတော်ကြီးနည်းတူ တိပိဋကဓရဟူသော ပုံတူကိုယ်ပွားပုဂ္ဂိုလ်များမှာ တိမ်ကောခန်းခြောက်မသွားဘဲ အစဉ်အမြဲ တိုးတက်စည်ပင်နေဆဲပင်ဖြစ်သည်ကို မြင်တွေ့နိုင်ကြပါသည်။

ဆရာတော်ကြီးသည် မိမိ၏အကောင်းဆုံးစွမ်းဆောင်ရည်များနှင့် အမြင့်ဆုံးလုပ်ရပ်များဖြင့် အမျိုးဘာသာ သာသနာ အတွက် အကောင်းဆုံး အမြင့်ဆုံးပေးဆပ်ကာ သမိုင်းပေးတာဝန်ကျေပွန်ခဲ့သလို၊ မိမိတို့တပည့်များအတွက်လည်း ထာဝရစံထားကာ လေးစားဂုဏ်ပြုနေရမည့် အကောင်းဆုံး အမြင့်ဆုံး စံပြဆရာဘဝကိုလည်း ထာဝရတည်ဆောက် သွားနိုင်ပါပေသည်။ ။

အရှင်ဂန္ဓမာလာလင်္ကာရ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်၊ မင်းကွန်း။

ကမ္ဘာ့မှတ်တမ်းဝင် ထေရ်ဆရာရှင်

ဒသမတိပိဋကဓရ စွန်းလွန်းဆရာတော်

အရှင်သုန္ဒရ

မင်းကွန်းဆရာတော်ကြီး၏ဂုဏ်တို့ကို ချီးကျူးရေးသား ဖော်ပြရမည်ဆိုလျှင် ရေး၍မကုန် ပြော၍မခမ်း ချီးမွမ်းဖွယ်ရာ အံ့ဘနန်းပင်ဖြစ်ပေလိမ့်မည်။ ဤမျှများမြောင်လှစွာသော ချီးမွမ်းအံ့ဖွယ်ရာ ဂုဏ်သတင်းများထဲမှ မှတ်သားမိရာ အနည်းငယ်မျှကိုသာ ဖော်ပြနိုင်သည်ဖြစ်၍ သည်းခံခွင့်လွှတ် ဖတ်ရှုတော်မူကြပါဟု ရှေးဦးစွာ မေတ္တာရှေ့ထား ပန်ကြား၍ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

အတိတ်သမိုင်းကြောင်းနှင့် မျက်မှောက်ခေတ်တွင် သူတကာတို့ထက် သာလွန်ထူးကဲသောပုဂ္ဂိုလ်တို့၏အရည်အချင်း စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့အားဖြင့် ထင်ရှားမြင်သာသောလုပ်ငန်းဆောင်ရွက်မှုစသည်တို့သည် သာမန်လူတို့ထက် ထူးချွန်ပြောင်မြောက်ကြစမြဲဖြစ်ပေ၏။ ထို့အပြင် မည်သည့်လုပ်ငန်းမဆို အဓိပတိတပ်၍ ပြုမူဆောင်ရွက်ကြပြန်သဖြင့်လည်း သူတို့သည် အထက်တန်းကျ၍ မျက်နှာပန်းလှသော အမြင့်ဆုံးအဆင့်မှာ နေကြရစမြဲပင်ဖြစ်၏။

သူတကာတို့ထက် သာလွန်ထူးကဲသောပုဂ္ဂိုလ်တို့တွင် တစ်ပါးအပါအဝင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ကြီးသည်လည်း အရာရာတိုင်းတို့၌ အဓိပတိတပ်၍ အလုပ်လုပ်တော်မူကြောင်း ဤကဲ့သို့မှတ်သားဖူးသည်။

၁၃၁၀-ပြည့်နှစ်၊ ပထမအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲစတင်စဉ်က ပင့်သံဃာ ၁၀၀-ကျော်တွင် ဆရာတော်သည် တစ်ပါးအပါအဝင်ဖြစ်ခဲ့သည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးစဝ်ရွှေသိုက်သည် သံဃာတော်များအား လက်အုပ်ချီလျက် တက်ရောက်လာရာ ဆရာတော်ကြီး၏မြင်ကွင်းတွင် သမ္မတကြီးသည် သံဃာတော်များကို အားကိုးအားထားပြုသောမျက်လုံးနှင့် ဆဋ္ဌသင်္ဂါယနာအမီ တိပိဋကဓရဆရာတော်ပေါ်မှ ပေါ်ပါ့မလားဟူသော သံသယမျက်လုံးတို့ဖြင့် ညှိုးငယ်သောအသွင်ဆောင်နေသည်ဟု ဆရာတော်ခံစားလိုက်မိ၏။ သမ္မတကြီး၏ ထိုခံစားချက်ဝေဒနာနှစ်ရပ်လုံးကို မိမိကြိုးစား၍ ဖြည့်ဆည်းပေးမည်ဟု မိမိဘာသာ စိတ်ဆုံးဖြတ်ချက်ချမိလျက်သားဖြစ်နေ၏။

ထိုဆုံးဖြတ်ချက်ကို ပထမအကြိမ်စာမေးပွဲပြီး၍ အောင်မြင်သူမရှိဖြစ်သောအခါ ဆရာတော် သီတင်းသုံးနေထိုင်ရာကျောင်းသို့ ရောက်ရှိလာသော မွေးမိခင်ပမာ ဆရာတော်အား ပြုစုစောင့်ရှောက်မှုပေးနေသည့် သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီ၊ သူဌေးကြီးဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့အား 'မိမိကိုပြုစုစောင့်ရှောက်ခဲ့ကြသည့် ကျေးဇူးများကို အနည်းဆုံး ဝိနယဓရ၊ ကျန်းမာရေးကောင်းမွန်ပါက တိပိဋကဓရ ဘွဲ့တံဆိပ်ဖြင့် ကျေးဇူးဆပ်မည်'ဟု ရဲရဲတောက် ကတိစကား မိန့်ကြားခဲ့သည်။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ-ပဉ္စပကရဏမူလဋီကာ။

ဆန္ဒကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း။

ဤပြင်းပြစွာသောဆန္ဒတော်ဖြင့် ဓမ္မက္ခန္ဓာပေါင်းများစွာ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်သုံးပုံတို့ကို အချိန်ကာလအားဖြင့် လေးနှစ်တာအတွင်းမှာ အာဂုံရေသဘောရေးဖြေပါ နှစ်ရပ်စလုံး ဂုဏ်ထူးအားလုံးတို့ဖြင့် အောင်မြင်နိုင်ခဲ့သည်။

ဤမျှတိုတောင်းလှသောအချိန်အတွင်း ဆရာတော်ကြီးကဲ့သို့ အမှတ်ပြည့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ တစ်ပါးမျှ မပေါ်ပေါက်ခဲ့ဖူးသေးပါ။ ဤသည်မှာ တိပိဋကဓရဖြစ်ရမည်ဟူသော ဆန္ဒာဓိပတိအရင်းခံမှုနှင့် ကြိုးစားအားထုတ်မှု ဝီရိယာဓိပတိတို့ကြောင့်ပင် ဖြစ်ပေသည်။

ဝီရိယအရာ၌ သူမတူအောင်စွမ်းဆောင်နိုင်ပုံများကို ဆက်လက်တင်ပြရသော် ထေရဝါဒဗုဒ္ဓသာသနာ အနာဂတ်ကာလ၌ အဓွန့်ရှည်စွာအသုံးဝင်၍ သမိုင်းတွင်ရစ်နေမည့် စာမျက်နှာ ၅၃၀၀-ကျော်ပါ မဟာဗုဒ္ဓဝင်တော်ကြီးကို ကိုးနှစ်တိုင်တိုင် မနေမနား ဇွဲဝီရိယအရင်းတည်ထားလျက်

လက်နှိပ်စက်ဖြင့် ရေးသားရိုက်နှိပ်ပြုစုတော်မူနိုင်ခဲ့သည်။ ရှေးယခင် ပညာရှိများအဆက်ဆက် ပြုစုရေးသား၍ မပြီးပြတ်ခဲ့သော ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပေ၏။

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

လုံ့လကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ အဖြာဖြာသည် ဘယ်မှာမပြီးရှိအံ့နည်း-ဟူသည်ကား နောင်လာနောက်သားတို့အတွက် စံနမူနာ နည်းပေးလမ်းညွှန်သဖွယ်ပင် ဖြစ်ပေတော့၏။

တစ်ဖန် တိပိဋကစာမေးပွဲအတွက် စာကျက်ရာ၌ တစ်နေ့လျှင် စာမျက်နှာအားဖြင့် ၁၅-မျက်နှာမှသည် စာမျက်နှာ ၂၀-အထိကျက်မှတ်ပြီး၊ နေ့စဉ်နေ့တိုင်း ကျက်မှတ်ပြီးစာကို စာထောက်ပုဂ္ဂိုလ်တစ်ပါးနှင့် ပြန်ဆိုချိန် ငါးနာရီထား၍ စာပြန် လေ့ကျင့်ခဲ့သည်။ စာမေးပွဲကြီးတွင် လေးနာရီပြန်ဆိုရမည်ကို 'ပွဲမဝင်ခင် ပြင်ကကျင်းပ' စကားနှင့်အညီ မိမိက အပင်ပန်းခံ, အမောခံနိုင်အောင် ငါးနာရီကြိုတင်လေ့ကျင့်ထားသည့် သဘောဖြစ်သည်။ အာဂုံပြန်ဆိုသည့် ပိဋကတ်နှင့်အတူ ရေးဖြေပါပေါင်း၍ တစ်နှစ်တည်းဖြင့် အောင်မြင်စွာ ဖြေဆိုတော်မူနိုင်ပြန်လေသည်။ ဆရာတော်ကြီးကဲ့သို့သော ဝီရိယမျိုးကို နောင်လာနောက်သား သောတုဇန တိပိဋကဓရ လောင်းလျာတို့ နည်းယူဖွယ် အတုယူဖွယ်ပင် ဖြစ်ပေတော့သည်။

ယင်းသို့ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-ဟူသော အဓိပတိ လေးပါးဦးထိပ်ထား၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ မှတ်ဉာဏ်အရာတွင် သူမတူအောင် မှတ်မိ သိရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဂင်းနစ်မှတ်တမ်းစာအုပ်ကြီးတွင် ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်ဟူ၍ မှတ်တမ်းတင် ဖော်ပြခံခဲ့ရခြင်းဖြစ်ပေသည်။

မင်းကွန်းဆရာတော်ကြီးသည် တိပိဋကဓရ နောင်တော်ကြီးပီသစွာ တိပိဋကဓရလောင်းလျာ ညီတော်များအား ရှေ့ဆောင်လမ်းပြနမူနာအဖြစ် သာသနာ့မျိုးစေ့ကိုကြဲချတော်မူခဲ့ပြီး ထေရဝါဒအရှည်ခံ၍ တည်တံ့ရေးအတွက် မဟာဗုဒ္ဓဝင်ကျမ်းစာအုပ်အပါအဝင် အခြားများစွာသော သာသနာ့မျိုးစေ့တို့ကိုလည်း ချပေးတော်မူခဲ့သည်။

ထို့ပြင်ဆရာတော်ကြီးကား ဂါရဝေါ စ, နိဝါတော စ စသောဂုဏ်တို့နှင့်လည်း အထူးပြည့်စုံသည်ဟု ညွှန်းဆိုပြလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀-ခန့်မှသည် ယနေ့တိုင် သတိတရဖြစ်နေသေးသည့် မိမိကိုရင်ဘဝက အတွေ့အကြုံတစ်ခုမှာ-တစ်နေ့တွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားရင်ပြင်တော်တွင် ဆရာတော်ကြီး၏တရားပွဲရှိသည်ဟုကြားသိရ၍ မိမိတို့ကိုရင်ငယ်လေးတစ်စု တောင်မြို့ခေါ် အမရပူရမှ အမှတ်-၈ လိုင်းကားစီးကာ တရားနာသွားကြပါသည်။ ထိုအခါက ဆရာတော်ကြီးသည် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် အချိုဆုံးသောမျက်နှာတော်ဖြင့် မိမိတို့ ကိုရင်ငယ်လေးများဆီသို့ လက်အုပ်မြှောက်ချီ၍ မင်းလမ်းမအတိုင်း တရားဟောရာ ဓမ္မာသနပလ္လင်သို့ ကြွသွားတော်မူပါသည်။ ကိုရင်ငယ်လေးတွေပဲဟု အောက်မေ့တော်မမူဘဲ ဂါရဝ, နိဝါတတရားဖြင့် အသိအမှတ်ပြုနှုတ်ဆက်ခဲ့ပါသည်။

လေးနက်မည်ကျယ် ကြည်နူးဖွယ်ကောင်းသောအသံဖြင့် နိမိကဏ္ဍာသုတ္တန်ကို ဟောတော်မူပါသည်။ ဟောပြီး၍ အပြန်မှာလည်း သံဃာတော်များအား လက်အုပ်ချီကာ ပြန်ကြွတော်မူသည်ကို တအံ့တသြဖြစ်မိခဲ့ပါသည်။

အတွေးကြွကြွ စုတ်ချက်လှလှဖြင့်ခြယ်သထားသည့် လက်ရာမြောက် ပန်းချီကားတစ်ချပ်ကို ရှုစားလိုက်ရသကဲ့သို့ ဆရာတော်ကြီး၏ ထိုကဲ့သို့ အသိအမှတ်ပြုမှုကို မြင်တွေ့လိုက်ရသောအခါ မိမိ၏စိတ်နှလုံးတွင် ဆရာတော်ကြီးအား လေးစားကြည်ညိုရိုသေသောစိတ်, မေတ္တာသက်ဝင် ချစ်ခင်သောစိတ်, ဆရာတော်ကြီးကဲ့သို့ တိပိဋကဓရဖြစ်ချင်လှသည့် အားကျသောစိတ်များ တစ်ပြိုင်နက်တည်း တဖွားဖွားပေါ်ပေါက်ခဲ့ရဖူးပါသည်။

ဆရာတော်ကြီး၏တရားပွဲအပြီး မိမိတို့၏အပြန်ခရီးတွင် ထိုစဉ်က ကားရှားပါးသောအချိန်ဖြစ်၍ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးမှသည် သီတင်းသုံးနေထိုင်ရာ အမရပူရ (တောင်မြို့)သို့ မိမိတို့ကိုရင်ငယ်လေးများ လမ်းလျှောက်ကာ ပြန်လာခဲ့ကြရသည်။

ထိုအချိန်က ဆရာတော်ကြီး ကြဲချပေးခဲ့သည့် မျိုးစေ့များစွာထဲမှ တစ်စေ့သည်ပင် မိမိအား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်စေခဲ့လေပြီ။

မင်းကွန်းဆရာတော်ကြီး၏ ကျေးဇူးတရားကားကြီးမားလှပေစွ။ ကမ္ဘာ့မှတ်တမ်းဝင် ထေရ်ဆရာရှင်အား လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးဦးနှိမ် အကြိမ်ကြိမ် ဦးချလိုက်ရပါတော့သည်။ ။

အရှင်သုန္ဒရ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓရထေရ်၏ မေတ္တာလေသံများ

ကောဒသမတိပိဋကဓရ ရမ္မာဝတီဆရာတော် အရှင်ဣန္ဒပါလ

စာရေးသူသည် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်ထားအပ်သော တိပိဋကကျောင်းတိုက်၌ နေခွင့်ရရန်အတွက် ပဲခူးမြို့ မင်းကျောင်းစာသင်တိုက်မှ ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်သို့ မြန်မာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်၊ ညနေ၃-နာရီ ဝန်းကျင်လောက်တွင် ရောက်ရှိခဲ့သည်။

ရန်ကုန်တိပိဋကကျောင်းတော်၏ ပထမဆုံးတာဝန်ခံ အနုနာယကဆရာတော် ဦးနန္ဒိယ၏အကူအညီဖြင့် တိပိဋကကျောင်းတော် သုံးထပ်ကျောင်းဆောင်၏ ဒုတိယထပ်တွင် သီတင်းသုံးနေတော်မူသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီးထံမှောက် ရောက်ရှိခဲ့သည်။

မိမိ၏မိတ်ဆွေ ဦးပဥ္စင်းဦးနန္ဒသာရ၊ မူလရဟန်းမယ်တော်ကြီး ဒေါ်မေမေခင်(ပဲခူး) တို့လည်း မိမိနှင့်အတူ မင်းကွန်းဆရာတော်ကြီးကို ဦးချကန်တော့ကြသည်။ ဆရာတော်ကြီးက လာရင်းကိစ္စကို မေးတော်မူသဖြင့် ဆရာတော်ကြီး၏ကျောင်း၌နေလျက် တိပိဋကစာမေးပွဲအတွက် ကြိုးစားအားထုတ်လိုကြောင်း မိမိကဖြေကြားလျှောက်ထားသည်။

'အစိုးရစမ္ပာစရိယကို ဘယ်နှစ်ကအောင်တာလဲ'ဟု မေးပြန်သည်။ '၁၃၄၂-ခုနှစ်က အောင်တာပါဘုရား'ဟုဖြေ သည်။ 'ဟင်. . . အခု ၁၃၄၅-ခုနှစ်ဆိုတော့ အတော်တောင်ကြာနေပြီပဲ၊ ဒီလောက်အကြာကြီး ဘာလုပ်နေခဲ့တာလဲ'ဟု မိမိအားစိုက်ကြည့်လျက် မေးပြန်သည်။ 'မှန်ပါ့၊ တပည့်တော် ပါဠိဂုဏ်ထူးတန်း, မြန်မာဂုဏ်ထူးတန်းများအတွက် အားထုတ်နေခဲ့လို့ပါဘုရား'ဟု ပြန်ဖြေလိုက်သည်။ 'အိမ်း အိမ်း. . . ဪ ဪ'ဟု မိမိ၏အဖြေစကားမဆုံးခင် အားမလိုအားမရလေသံဖြင့် မိန့်တော်မူသည်။

'ဆရာသမား ထောက်ခံစာပါသလား'ဟုမေးရာ မပါခဲ့ကြောင်း ဖြေကြားလိုက်သည်။ 'ဆရာသမားထောက်ခံစာက အရေးကြီးတယ်။ အချိန်တော်တော်နောက်ကျနေပြီပဲ၊ အမြန်သွား. . . အမြန်သွား၊ ဆရာသမားထောက်ခံစာယူပြီး အမြန်ပြန်လာခဲ့'ဟု မိန့်တော်မူလိုက်လေသည်။ မိမိတို့လည်း ဆရာတော်ကြီးအားဦးချလျက် ပဲခူးသို့ ပြန်ခဲ့ကြသည်။

မင်းကွန်းဆရာတော်ကြီး၏ 'အိမ်း အိမ်း. . . ဩော ဩော'ဟူသော စကားလုံးလေယူလေသိမ်း၏အဓိပ္ပာယ်မှာ 'ဓမ္မာစရိယအောင်သည့်နှစ်မှာပင်လျှင် တိပိဋကစာမေးပွဲအတွက် စာကျက်ရန် တိပိဋကကျောင်းတိုက်သို့ လာသင့်ပါလျက်နှင့် မလာဘဲသုံးနှစ်လုံးလုံး ဘာကြောင့် အချိန်ဖြုန်းခဲ့ရသလဲ၊ ဓမ္မာစရိယအောင်သည့်နှစ် ၁၃၄၂-ခုနှစ်မှစ၍ တိပိဋက စာမေးပွဲအတွက် ကြိုးစားခဲ့မည်ဆိုလျှင် ခုချိန်ဆို ၁၃၄၅-ခုနှစ် သုံးနှစ်အတွင်းဝယ် တိပိဋက စာမေးပွဲ၌ အတော်ခရီးရောက် နေလောက်ပြီ'ဟူသော အဓိပ္ပာယ်ဖြင့် မိမိ၏ အချိန်ဖြုန်းတီး ခဲ့ပုံကို အားမလို အားမရဖြစ်လျက် မိမိအား တိပိဋကစာမေးပွဲ၌ အောင်မြင်စေလိုသော မေတ္တာအပြည့်ဖြင့် မိန့်ဆိုတော်မူအပ်သော 'မေတ္တာလေသံ'-ဟု နားလည်သဘောပေါက်မိသည်။

မင်းကွန်းဆရာတော်ကြီးမိန့်ကြားတော်မူလိုက်သော 'အိမ်း အိမ်း. . . ဩော ဩော၊ နောက်တောင်ကျနေပြီပဲ၊ အမြန်သွား အမြန်သွား'ဟူသော စကားသံများသည် မိမိ၏ နားထဲကမထွက်။

ထိုစကားသံများသည် ၁၃၄၅-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင်မှ မင်းကွန်း တိပိဋက-နိကာယကျောင်းတိုက်သို့ ရောက်သွားသောမိမိအတွက် ထိုနှစ်မှာပင် တိပိဋကစာမေးပွဲဝင်နိုင်ရန် များစွာတွန်းအားပြုခဲ့လေသည်။ သတ်မှတ်ထားသော စာမျက်နှာများကုန်အောင် အမြန်ကျက်နိုင်စေဖို့ သတိပေးနေသလိုဖြစ်ခဲ့သည်။

ထိုနှစ်မှာပင် သတ်မှတ်ထားသော စာမျက်နှာများကုန်အောင် စာကျက်မှတ်နိုင်ခဲ့သည်။ တိပိဋကစာမေးပွဲ၏ ပထမအဆင့်ကိုအောင်မြင်သဖြင့် မိမိအတွက် ကျေးဇူးအထူးများခဲ့သည်။ ပွဲဦးထွက် အောင်ပွဲရသဖြင့် တိပိဋကဓရဖြစ်ရန် လမ်းပွင့်ခဲ့ရသည်။ မင်းကွန်းမဟာထေရ်၏ မေတ္တာလေသံ အကျိုးသက်ရောက်မှုကား ကြီးမားလှပါဘိတော့သည်။

ဦးဇင်းတို့အဆင်ပြေကြရဲ့လား

မင်းကွန်း တိပိဋက-နိကာယကျောင်းတိုက်သို့ မင်းကွန်း ဆရာတော်ကြီးရောက်ရှိလာတိုင်း မိမိတို့ တိ-နိစာသင်သား သံဃာအားလုံး သွားရောက်ဦးချကန်တော့ကြမြဲဖြစ်သည်။

တိ-နိသံဃာများအား မင်းကွန်းထေရ်၏ ပထမဆုံးနှုတ်ခွန်းဆက်ပုံမှာ 'ဦးဇင်းတို့ အဆင်ပြေကြရဲ့လား။ အဆင်မပြေရင် တပည့်တော်ကိုပြောနော်၊ မကြောက်ကြနဲ့၊ ပြောသာပြောကြ။ ဒီကျောင်းတိုက်ကို ဦးဇင်းတို့ စာကျက်ဖို့အတွက် ဒကာဒကာမတွေက ဆောက်လှူထားကြတာ၊ ဦးဇင်းတို့ဘုန်းကံ သိပ်ကြီးကြတယ်။ ကျောင်းဆောက်ကြီးတွေကလည်း ဟည်း နေတာပဲ။ ဦးဇင်းတို့ရဲ့ ဘုန်းကံကြီးမားပုံကို တပည့်တော် အံ့ဩလွန်းလို့' စသည်ဖြင့် မေတ္တာဓာတ်အပြည့်အဝပါရှိသော လေသံဖြင့် တပည့်သံဃာများက မိမိအားကြောက်ရွံ့မှုမရှိ ရလေအောင် မင်းကွန်းထေရ်၏ နှုတ်ဆက်လေသံများကား မိမိအပါအဝင် တိ-နိသံဃာများ၏နားထဲ၌ စွဲထင်ကျန်ရစ်လျက်ရှိနေပေသည်။

အပူသက်သာနည်း

တန်ခူး,ကဆုန် အညာနွေ၏ပြင်းထန်သောအပူဒဏ်ကို လူးလိမ့်ခံလျက် မိမိတို့ တိ-နိစာသင်သားများ တိပိဋကစာများကို ကျက်မှတ်ကြိုးစားနေကြချိန်တွင် မင်းကွန်းဆရာတော်ကြီးကြွလာသဖြင့် သွားရောက်ဦးချကန်တော့ကြသည်။

ဆရာတော်ကြီးက 'ဦးဇင်းတို့ ပူကြသလား'ဟုမေးသည် သံဃာများက ခပ်ပြုံးပြုံးရယ်ကျဲကျဲဖြင့် 'မှန်ပါ့ ပူပါသည်ဘုရား'ဟု မဝံ့မရဲလျှောက်ထား ဖြေကြားကြသည်။ 'ပူတယ် ပူတယ်လို့ချည်း စိတ်ကစွဲနေရင် ပိုပူတတ်တယ်။ ဒီတော့ မပူအောင် အပူသက်သာအောင် ဦးဇင်းတို့ကို နည်းပေးမယ်။ အဲဒီလိုပူတဲ့အခါ ပဒုမ္မာကြာကန်ကြီးထဲမှာ ဆင်းနေရတယ်လို့ စိတ်ကမှတ်လိုက်ရင် အပူသက်သာသွားမယ်၊ အဲဒီလိုမှတ်လိုက်ကြ'ဟု ပြုံးရယ်လျက် မိန့်ကြားတော်မူပြီးလျှင်. . .

'အမှန်မှာတော့ ဦးဇင်းတို့စိတ်ကသာ အအေးကိုကြိုက်ပေမယ့် ဦးဇင်းတို့ရုပ်က အအေးကိုမကြိုက်ဘဲ အပူကိုကြိုက်တာ ဦးဇင်းတို့။ဘာဖြစ်လို့တုန်းဆိုတော့ အအေးဒဏ်ကို ရုပ်က မခံနိုင်ဘူး။ အအေးဓာတ်များလာခဲ့ရင် နှာစေး, ချောင်းဆိုးဖြစ်တယ်၊ ဖျားနာတတ်တယ်။ အအေးကိုကြောက်တယ်။ အပူဓာတ်လေးကိုရရင် ချွေးတစိုစိုနဲ့ဆိုတော့ ရုပ်ကကျန်းမာတယ်။ အပူဟာ တကယ်တော့ ဦးဇင်းတို့ရဲ့ရုပ်ကို အများကြီး အများကြီးကျေးဇူးပြုတယ်၊ ကျန်းမာအောင်လုပ်ပေးတယ်။ ဒါကြောင့် ပူတာကို ဦးဇင်းတို့ မကြောက်ကြနဲ့၊ ကျန်းမာတယ်' စသည်ဖြင့် အပူက ရုပ်ခန္ဓာကိုယ်အား ကျေးဇူးပြုပုံကို သေသေချာချာရှင်းပြတော်မူသည်။

မိမိတို့ တိ-နိသံဃာများလည်း ဆရာတော်၏ ထိုမေတ္တာ လေသံကြောင့် တဒင်္ဂအပူသက်သာခွင့် ရကြသည်။ အပူသက်သာနည်းကို ရရှိကြသဖြင့် တစ်ခါတစ်ရံ စာကျက်နေရင်း အချို့ အချို့မိတ်ဆွေဦးဇင်းများ၏ 'ပူတယ်ဟေ့. . . ပူတယ်ဟေ့'ဟု အော်သံကြားရလျှင် 'ပဒုမ္မာကြာအိုင်ထဲဆင်းနေပါလို့ ဆရာတော်ကြီး မှာထားတယ်လေ၊ မေ့နေပြီလား'ဟု ပြောခဲ့ကြသည်။

'အပူဒဏ်ခံရလျှင် ခန္ဓာကိုယ်က ချွေးထွက်မယ်၊ ချွေး ထွက်နေမှ ကျန်းမာတယ်'ဟု ဆရာတော်ကြီး၏ မေတ္တာလေသံ ဩဝါဒကို သတိရမိပြန်ပါသည်။ ကျန်းမာရေးအတွက် လိုက်နာကျင့်သုံးထိုက်သော မင်းကွန်းထေရ်၏ မေတ္တာလေသံအကျိုးသက်ရောက်မှုပါပေ။

ပေါက္ခရဝဿမိုး

မင်းကွန်းဆရာတော်၏ မေတ္တာလေသံ အကျိုးသက်ရောက်ပုံကိုယ်တွေ့ကို ပြောပြရမည်ဆိုလျှင် မင်းကွန်းတိ-နိကျောင်းတိုက် ဆွမ်းစားကျောင်း၌ မင်းကွန်းဆရာတော်ကြီး၏ တရားတိပ်ခွေများကို နေ့စဉ် အရုဏ်ဆွမ်းစားချိန်နှင့် နေ့လယ်ဆွမ်းစားချိန်တို့တွင် ဖွင့်ထားမြဲဖြစ်သည်။

နံနက်အရုဏ်တွင် ဆရာတော်ကြီး၏ မွေးနေ့ဓမ္မတေးများကို နိုင်ငံတော်အဆိုကျော်ပေါင်းစုံတို့ သီဆိုထားကြသဖြင့် ကြည်နူးဖွယ်ရာ နားဆင်ကြရသည်။ 'မင်းကွန်းနယ်က တရားသံ ကမ္ဘာနှံ့ကြွယ်' ဓမ္မတေးကား မည်သည့်အချိန် နားထောင် နားထောင် ရိုးခြင်းအီခြင်းမရှိဘဲ စိတ်ကို ကြည်လင်စေမြဲပင် ဖြစ်သည်။

နေ့ဆွမ်းစားချိန်တွင် မင်းကွန်းဆရာတော်ကြီး၏ တရားတိပ်ခွေများ၊ ဆဋ္ဌသင်္ဂါယနာတင် အမေးအဖြေတိပ်ခွေများကို အလှည့်ကျဖွင့်ပေးထားသည်။ အောင်မြင်သောလေသံ ဩဇာသံအပြည့်ပါသော သာယာနာပျော်ဖွယ်ကောင်းသော လေသံဖြင့် ဟောကြားတော်မူသော ဆရာတော်ကြီး၏ တရားလေသံများကို ဆွမ်းစားရင်းနားထောင်ရသည်မှာ အရသာရှိသည်ဟု ခံစားမိသည်။ မိမိတို့ တိ-နိစာသင်သားများသည် မင်းကွန်းဆရာတော်ကြီး၏ တရားတော်များကို ဆွမ်းစားရင်း နေ့စဉ်အမြဲကြားနေရခြင်းကြောင့် ဓမ္မသဝန မင်္ဂလာနှင့်အလိုအလျောက် ပြည့်စုံနေကြသည်။

ပေါက္ခရဝဿမိုး၏အကြောင်းကို မင်းကွန်းဆရာတော်ကြီး၏ တရားတိပ်ခွေလေသံမှတစ်ဆင့် နေ့ဆွမ်းစားရင်း အကြိမ်ပေါင်းများစွာ ကြားနေရသောမိမိအတွက် အလွန်တန်ဖိုးကြီးမားလှဘိသည်။

'ပေါက္ခရဝဿမိုးဆိုတာ ပဒုမ္မာကြာဖက်ပေါ်သို့ မိုးပေါက် ရေပေါက်များကျသော်လည်း ပိန်းကြာဖက်ကိုမစိုဘဲ လိမ့်ဆင်းသွားသလို ပေါက္ခရဝဿမိုး ရွာသွန်းဖြိုးသောအခါ ရေမစိုစေလိုသော လူများ၏ခန္ဓာကိုယ်ပေါ်သို့ မိုးရေပေါက်ကျသော်လည်း ခန္ဓာကိုယ်ကို ရေမစိုဘဲ လိမ့်ဆင်းသွားတယ်။ အဲဒါကြောင့် ပေါက္ခရဝဿမိုးလို့ခေါ်တာ'စသည်ဖြင့် ပေါက္ခရဝဿ မိုး၏အဓိပ္ပာယ်သည် တိပ်ခွေလေလှိုင်းမှ တစ်ဆင့်အကြိမ် ပေါင်းများစွာ မိမိနားထဲသို့ ဝင်ရောက်လာနေခဲ့သည်။ မှတ်လည်းမှတ်မိနေခဲ့သည်။

အဆိုပါ ပေါက္ခရဝဿမိုးသံသည် မြန်မာသက္ကရာဇ် ၁၃၄၉-ခုနှစ်တွင် ဝိနည်းပထမပိုင်း သဘောရေးဖြေစာမေးပွဲကို ဖြေဆိုခဲ့သောအခါ မိမိအတွက် တိုက်ရိုက်အထောက်အကူ ဖြစ်ခဲ့လေသည်။

ထိုစဉ်က မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် တိပိဋကစာမေးပွဲကိုဖြေဆိုကြရသည်။ ဝိနည်းပထမပိုင်း သဘောရေးဖြေ၌ နှစ်နှစ်ဆက်တိုက် စာမေးပွဲကျရှုံးထားသော မိမိအနေဖြင့် သုံးနှစ်ဆက်တိုက်ကျရှုံးမည်ကို တွေး၍ကြောက်နေမိသည်။ ပါရာဇိကဏ်မေးခွန်းစာရွက် စာဖြေခုံပေါ်ရောက်လာသည့်အခါ ရင်တွေခုန်နေသည်။ လက်တွေတုန်နေသည်။ ကြောက်စိတ်ဖြင့် မေးခွန်းစာရွက်ကို လှန်ကြည့်လိုက်မိရာဝယ် ဋီကာမေးခွန်း၌ 'ပေါက္ခရဝဿမိုး ဟူသည် အဘယ်သို့သော မိုးဖြစ်သနည်း။ အဘယ်ကြောင့် ပေါက္ခရဝဿမိုး-ဟု ခေါ်သနည်း'ဟူသောမေးခွန်းကို ဖတ်လိုက်ရသောအခါ အတိုင်း မသိဝမ်းသာသွားမိသည်။ ပြုံးလျက် 'အောင်ပြီဟေ့'ဟု ကြွေးကြော်နိုင်ဘဲ အသံထွက်အောင်ပင် အော်ခဲ့မိသည်ဟု ထင်သည်။ ထိုစဉ်က ပါရာဇိကဏ်မေးခွန်း အလွန်ခက်သည်။ မိမိအနေဖြင့် ပေါက္ခရဝဿမိုးအကြောင်းကို ဋီကာ၌ သေချာကျက်ထားမှုမရှိခဲ့ဘဲ မင်းကွန်းဆရာတော်ကြီး၏ တရားတိပ်ခွေလေသံ၏ ကျေးဇူးကြောင့်သာ ဖြေဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းမေးခွန်းကိုသာ မဖြေဆိုနိုင်ခဲ့လျှင် စာမေးပွဲဆက်လက်၍ ကျရှုံးနိုင်သည်ကိုတွေး၍ ဆရာတော်ကြီးအား အလွန့်အလွန် ကျေးဇူးတင်မဆုံးလောက်အောင် ကြည်ညိုနေမိခဲ့သည်။

သံဃမဟာနာယကအဖွဲ့ရည်ရွယ်ချက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို မြန်မာသက္ကရာဇ် ၁၃၄၂-ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ပဲခူးမြို့မဆရာတော်ကြီး ဘဒ္ဒန္တက္ကန္ဒာစာရမထေရ်က ဥက္ကဋ္ဌတာဝန်၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက အကျိုးတော်ဆောင်ချုပ် တာဝန်ကို ယူ၍ အသီးသီး ညီညွတ်စွာဆောင်ရွက်တော်မူခဲ့ကြသည်။

မင်းကွန်းဆရာတော်ကြီးသည် သံဃမဟာနာယက အဖွဲ့ကြီးတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်ကို အလှူပွဲများ အခမ်းအနားများတွင် အကြိမ်ပေါင်းများစွာ ဟောပြောတော်မူခဲ့သည်။ မိမိနှင့် တိ-နိစာသင်သားများသည် မင်းကွန်းဆရာတော်ကြီးထံမှ တိုက်ရိုက်လည်းနာယူကြရသည်။ နေ့ဆွမ်း ဘုဉ်းပေးစဉ် တိပ်ခွေမှတစ်ဆင့်လည်း အကြိမ်များစွာ နာယူမှတ်သားခဲ့ကြရသည်။

'ဟိုးရှေးယခင်က မြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်သီတင်းသုံးတော်မူကြသော ဆရာတော်များ ရဟန်းသာမဏေများတို့သည် မြတ်စွာဘုရား၏ သားတော်များဖြစ်ကြသော်လည်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း တစ်ပါးနှင့်တစ်ပါး အဆက်အဆံမရှိကြဘဲ စိမ်းစိမ်းကားကားကြီး နေလာခဲ့ကြသည်ကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ နိုင်ငံသား ဒကာ ဒကာမများက အားမလိုအားမရဖြစ်ကြသည့်အတွက် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးများနှင့် တိုင်ပင်ကာ သံဃာတော်များအားလုံး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း တစ်ပါးနှင့်တစ်ပါး ရင်းနှီးကျွမ်းဝင်မှုရှိအောင် ညီညွတ်မှုရှိအောင်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်တယ်။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ ဆရာတော် သံဃာတော်များ တဖြည်းဖြည်းရင်းနှီးကျွမ်းဝင်လာကြတယ်။ ညီညွတ်မှုလည်း ရှိလာကြတယ်'-စသည်ဖြင့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရခြင်း၏ အလွန် မြင့်မြတ်ကောင်းမွန်သော ရည်ရွယ်ချက်အောင်မြင်ပုံကို ဟောပြောမိန့်ကြားတော်မူသော မင်းကွန်းဆရာတော်ကြီး၏ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းသာမဏေများ တို့ကို ညီညွတ်စေလိုသော, မိတ်ဆွေဖြစ်စေလိုသော, ရင်းနှီး ကျွမ်းဝင်စေလိုသောအာသီသဖြင့် မိန့်ကြားတော်မူသော မေတ္တာလေသံတို့သည်ကား ယနေ့တိုင် နားထဲမှမထွက်နိုင်သေးဘဲ ကြားနေဆဲပင်ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သော မေတ္တာလေသံပါပေ။

မင်းကွန်းဆရာတော်ကြီးသည် သုဓမ္မာဂိုဏ်းဝင်ဖြစ်သော်လည်း ဂိုဏ်းဂဏအစွဲအလမ်းမကြီးသော, ဂိုဏ်းအားလုံးနှင့်အဆင်ပြေသော ဆရာတော်ဖြစ်လေသည်။ မိမိတို့ တိ-နိ စာသင်သားများသည် သုဓမ္မာ, ဒွါရ, ရွှေကျင် အစရှိသော ဂိုဏ်းပေါင်းစုံမှလာခဲ့ကြသောပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း မင်းကွန်းဆရာတော်ကြီး တည်ထောင်ထားအပ်သော မင်းကွန်း တိ-နိကျောင်းတိုက်၌နေထိုင်ကြရာတွင် မည်သည့်ဂိုဏ်း၌ နေထိုင်ကြသည်ကိုပင် မသိလောက်အောင် ခင်မင်ရင်းနှီးစွာ နေထိုင်ကြလေသည်။

မင်းကွန်းတိ-နိသို့ မိမိရောက်စနှစ် ၁၃၅၅-ခုနှစ်တွင် ဝါဆိုသံဃာ ၁၃၈-ပါးရှိခဲ့သည်။ ထိုသံဃာ ၁၃၈-ပါးစလုံး တစ်ပါးနှင့်တစ်ပါး ခင်မင်ရင်းနှီးစွာဖြင့် အလွန်ပျော်ရွှင်စွာ စာသင်ခဲ့ရသည့်အဖြစ်ကို တွေးမိလေတိုင်း ပီတိဖြစ်နေရသည်။ ဂိုဏ်းမစွဲဂိုဏ်းမရွေးသော မင်းကွန်းဆရာတော်ကြီး၏ မေတ္တာစွမ်းအားကြောင့်ဖြစ်သည်ဟုဆိုလျှင် ရာနှုန်းပြည့် မှန်ပေလိမ့်မည်။

မင်းကွန်းမှသည် ရန်ကုန်ဆီသို့

မိမိတို့ တိ-နိစာသင်သားများသည် နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့၌ ရန်ကုန်မြို့သို့ မီးရထားဖြင့် အရောက်ကြွကြရမြဲဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက် အမျိုးသားနေ့တွင် ကျင်းပမြဲဖြစ်သော ရန်ကုန်နိကာယ်စာမေးပွဲ(ခေါ်) နိကာယ်သာသနာထွန်းကားရေး အသင်းစာမေးပွဲဖြေဆိုရန်နှင့် နှစ်စဉ်ဒီဇင်ဘာလတွင် ကျင်းပမြဲဖြစ်သော တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကို ဖြေဆိုရန်အတွက် ဖြစ်သည်။

ရန်ကုန်မြို့ တိပိဋကကျောင်းတော်တွင် စခန်းချနေထိုင်ကြလျက် အဆိုပါစာမေးပွဲနှစ်ပွဲအတွက် အားထုတ်ကြရသည်။ သုံးထပ်ကျောင်းဆောင်၏ နှစ်ထပ်ဟောခန်းများ၌ ခေါက်ခုတင်များကိုတန်းစီခင်းကာ ခုတင်တစ်လုံးနှင့်တစ်လုံး ခေါင်းချင်းဆိုင်လျက်လည်းကောင်း၊ ပူးကပ်လျက်လည်းကောင်း သံဃာအပါး ၁၀၀-ကျော်တို့ ပျော်ရွှင်စွာ စာကြိုးစားကြရသည်။

'တိပိဋက-နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး'ဟု လိမ္မော်ရောင်ပိတ်သားပေါ်တွင် အဖြူရောင်စာတန်းများ ပေါ်လွင်စွာရေးထားသော ယပ်တောင်များကို ကိုယ်စီကိုင်လျက် သင်္ကန်းကိုစနစ်တကျရုံကာ ရန်ကုန်ဘူတာကြီးမှ တိပိဋကကျောင်းတော်ဆီသို့ ဘတ်စ်ကားများဖြင့် ကြွကြရသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မိမိတို့ တိ-နိစာသင်သားများ ရန်ကုန်သို့ စာမေးပွဲဖြေရန် မရောက်ခင်ကပင်ကြိုတင်၍ သာသနာရေးကိစ္စများဖြင့် ရန်ကုန်သို့ရောက် နေမြဲဖြစ်သည်။ ဆရာဝန်ကြီးဦးသာလှသည်လည်း ရန်ကုန်တိပိဋကကျောင်းတော်၌ တိ-နိ သာသနာပြု ကိစ္စအတွက် နေ့စဉ်အမြဲရှိနေတတ်သည်။

မိမိတို့ တိ-နိစာသင်သားများသည် ခရီးရောက်

မဆိုက် ပထမဦးစွာ မင်းကွန်းဆရာတော်ကြီးထံ သွားရောက်ဖူးမြော် ဦးချကန်တော့ကြရသည်။ ဆရာကြီးဦးသာလှလည်း အနီးအပါး တစ်နေရာတွင်ရှိနေသည်။ မင်းကွန်းဆရာတော်ကြီးက မိမိတို့ တိ-နိစာသင်သားတို့အား ဩဝါဒကထာများ မိန့်တော် မူရာ၌ ကြားညှပ်လျက်-

'ဦးဇင်းတို့ ဘာလိုသလဲ၊ လိုတာရှိရင် တပည့်တော်ကို အားမနာတမ်းပြောပါ။ တပည့်တော်ကို မပြောရဲဘူးဆိုရင် ဆရာကြီးဦးသာလှကို ပြောပါ။ တပည့်တော်ကို ဖခင်လို သဘောထားပါ၊ ဆရာကြီးဦးသာလှကိုတော့ မိခင်လို သဘောထားပါ။ သားသမီးဆိုတာ ဖခင်ကို ကြောက်တတ်ကြတယ်။ မိခင်ကိုတော့ မကြောက်ကြဘူး၊ ဘာမဆိုပြောရဲတတ်ကြတယ်။ အဟင်း. . . ဦးဇင်းတို့မှာ အဖေလည်းရပြီ၊ အမေလည်းရပြီ'- ဟုပြုံးရယ်ကာမိန့်တော်မူလေသည်။

ဤဩဝါဒကထာတော်ကို မင်းကွန်း တိ-နိ၌လည်း အခါအားလျော်စွာ မိန့်တော်မူတတ်လေသည်။ မင်းကွန်းဆရာတော်ကြီးအနေဖြင့် တိ-နိစာသင်သား သံဃာတော်များကို ဆရာကြီးဦးသာလှနှင့် ရင်းနှီးကျွမ်းဝင်စေလိုသော အာသီသဖြင့် မိန့်တော်မူသော မေတ္တာလေသံဖြစ်သည်ဟု ယူဆသည်။

ဆရာတော်ကြီးနှင့် ဆရာဝန်ကြီး

မင်းကွန်းဆရာတော်ကြီးသည် ဆရာဝန်ကြီးဦးသာလှနှင့်တွဲလျက် ခေတ်အဆက်ဆက်က မပေါ်ပေါက်ခဲ့ဖူးသေးသော ပိဋကသုံးပုံဆောင်၊ ပိဋကနှစ်ပုံဆောင်၊ ပိဋကတစ်ပုံဆောင် စာတတ်ပေတတ်ရဟန်းတော်များကို မွေးထုတ်ရာဌာနဖြစ်သော မင်းကွန်း တိပိဋက = နိကာယကျောင်းတိုက်၊ တိပိဋက-နိကာယသာသနာပြုအဖွဲ့ကြီးကို မြန်မာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်တော်မူခဲ့လေရာ မင်းကွန်းဆရာတော်ကြီး ပျံလွန်တော်မူသွားပြီဖြစ်သော်လည်း ယနေ့တိုင် အအောင်မြင်ဆုံးသာသနာပြုအဖွဲ့ကြီးအဖြစ် ရပ်တည်လျက်ရှိနေပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရစနှစ် ၁၉၄၈-ခုနှစ်မှ စတင်၍ ယနေ့၂၀၁၁-ခုနှစ်ထိ နှစ်စဉ်မပျက်ကျင်းပလာခဲ့သော တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ၆၃-ကြိမ်အတွင်း အောင်မြင်ပေါ်ထွန်းခဲ့သော တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဘွဲ့ရ ဆရာတော်၁၂-ပါးတို့တွင် မင်းကွန်းတိ-နိကျောင်းတိုက်မှ ငါးပါးပါဝင်လေသည်။

မင်းကွန်း တိ-နိကျောင်းတိုက်ကြီးရှိနေမှုကြောင့်သာ မိမိအပါအဝင် မင်းကွန်းတိပိဋကကျောင်းတိုက်မှ ဖြေဆိုအောင်မြင်ကြသော တိပိဋကဓရအရှင်တို့သည် တိပိဋကဓရ ဆရာတော်ဟူသော အထွတ်အထိပ်သို့ရောက်ရှိကြခြင်းဖြစ်လေရာ မင်းကွန်း တိ-နိကျောင်းတိုက်ကြီးကို တည်ထောင်တော်မူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးနှင့်ဆရာတော်ကြီး၏လုပ်ငန်းကို တွဲဖက်ကာတာဝန်ယူစီမံဆောင်ရွက်ပေးသော ဆရာဝန်ကြီးဦးသာလှတို့အား အထူးပင်ကျေးဇူးတင်နေမိပါတော့သည်။

'တိပိဋကဓရဆရာတော်ဖြစ်ရန် ပါရမီထူးရှိသူများအားလုံး တိပိဋကဓရဘွဲ့အောင်ပန်းကို မပင်မပန်း ချမ်းချမ်းသာသာ ရယူပိုင်ဆိုင်နိုင်ကြပါစေ'ဟူသော မင်းကွန်းဆရာတော်ကြီး၏ မေတ္တာလေသံသည်ကား ကျေးဇူးဆပ်လို့မကုန်နိုင်လောက်အောင် ကြီးမားလှပါဘိတော့သည်။

တိ-နိသံဃာအုပ်ချုပ်ပုံ

မင်းကွန်းဆရာတော်ကြီး၏ တိ-နိစာသင်သားသံဃာများကို အုပ်ချုပ်ပုံနည်းစနစ်ကား သူများနှင့်မတူ တစ်မူထူးခြားကွဲပြားလေသည်။ မိမိတို့ တိ-နိစာသင်သားတို့ကို တင်းကျပ်သောစည်းကမ်းများထုတ်လျက် အုပ်ချုပ်ခြင်းလုံးဝမပြုဘဲ လွတ်လပ်မှုအပြည့်အဝပေးထားသည်။ ဂေါပကလူကြီးများက စည်းကမ်းဖြင့်တင်းကျပ်ရအောင်ဟု မကြာမကြာလျှောက်ထားကြသော်လည်း မင်းကွန်းဆရာတော်ကြီးက လက်မခံဘဲ ပယ်ချခဲ့သည်။ 'ကျုပ်ကိုယ်တော်တွေ ဓမ္မာစရိယအောင်ပြီးသားတွေ၊ ပညာတတ်တွေ၊ လိမ္မာပြီးသားတွေချည်းဖြစ်ကြတယ်။ ဘာမှမပြောကြနဲ့။ သေသေချာချာပြုစုကြ'ဟုသာ မိန့်တော်မူလေသည်။

ဆရာတော်ကြီး၏ တိ-နိကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ 'ပိဋကသုံးပုံအောင်၊ နှစ်ပုံအောင်၊ တစ်ပုံအောင် အာဇာနည်ပုဂ္ဂိုလ်များ ဤကျောင်းတိုက်မှ စဉ်ဆက်မပြတ်အောင်မြင်ပေါ်ထွန်းနေပါစေ' ဟူသော အာသီသပင်ဖြစ်သည်။

'တင်းကျပ်သောစည်းကမ်းအောက်၌ မလှုပ်သာမရှုသာ အလွန်ခက်ခဲသော တိပိဋကစာမေးပွဲ ဆိုင်ရာစာပေများကို ကြိုးစားအားထုတ်နေကြရလျှင် အောင်မြင်မှုနှင့်ဝေးကြရနိုင်သည်။ လွတ်လပ်မှုရှိနေလျှင် ပျော်ရွှင်စွာကြိုးစားအားထုတ်နိုင်မည်၊ ခက်ခဲလှသော တိပိဋကဓရအောင်ပန်းကို ရယူပန်ဆင်နိုင်ကြမည်'ဟု တွေးဆမြော်မြင်ခြင်းကြောင့်သာ တိ-နိစာသင်သားတို့အား လွတ်လပ်မှုအရသာကို အပြည့်အဝပေးထားခြင်းဖြစ်သည်။

'မပင်မပန်းချမ်းချမ်းသာသာ တိပိဋကစာမေးပွဲ

အတွက် အားထုတ်နိုင်ကြပါစေ'ဆိုသော ရည်ရွယ်ချက်နှင့် ဤတိပိဋက- နိကာယကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်းဖြစ်တယ်' ဟူသော မင်းကွန်းဆရာတော်ကြီး၏ မေတ္တာလေသံကပင် လွတ်လပ်မှုအရသာကို တမင်သက်သက်ပေးထားခြင်း၏အဓိပ္ပာယ် ပေါ်လွင်ထင်ရှားနေပေသည်။

လွတ်လပ်စွာ စာကြိုးစားကြရခြင်းကြောင့်ပင် မင်းကွန်းတိ-နိကျောင်းတိုက်မှ တိပိဋကစာမေးပွဲအောင်စာရင်းကို လွှမ်းမိုးထားနိုင်လေရော့သလားဟု တွေးထင်သုံးသပ်မိသည်။ မိမိကိုယ်တိုင်လည်း လွတ်လပ်စွာ ပျော်ပျော်ရွှင်ရွှင် ကြိုးစားခွင့်ရမှုကြောင့် တိပိဋကဓရဘွဲ့အောင်ပန်းကို ဆွတ်ခူးပန်ဆင်နိုင်ခြင်းဖြစ်သည်ဟု ယူဆနေမိသည်။

ထို့ကြောင့် အသက်နှစ်ဆယ်ပြည့်ပြီးရုံမက မြတ်ဗုဒ္ဓ၏ ဝိနည်းပညတ်ဥပဒေတော်မြတ်ကို အာဂုံဆောင်ထားကြသော လိမ္မာပြီးသူ တိ - နိစာသင်သားတို့အား ခက်ခဲလွန်းသော တိပိဋကစာမေးပွဲကြီးကို ဖြေဆိုအောင်မြင်မှုရအောင် လွတ်လပ်မှုအရသာကိုပေးတော်မူသော မင်းကွန်းဆရာတော်ကြီး၏ အုပ်ချုပ်မှုပညာစွမ်းအားသည်ကား ထောမနာပြုအပ်သော ပညာရပ်တစ်ခုအဖြစ် မှတ်တမ်းတင်အပ်ပါပေသည်။

အတွဲညီသောဆရာနှင့်ဒကာ

မင်းကွန်းဆရာတော်ကြီးသည် မင်းကွန်းတိပိဋက- နိကာယကျောင်းတိုက်ကြီးကို ဆောက်လုပ်ခြင်း၊ ရန်ကုန်-မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခုကို ဆောက်လုပ်ခြင်း၊ တိုင်းနှင့်ပြည်နယ် ၁၄-ခုတို့၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အသီးသီးတို့ကို တည်ဆောက်ခြင်းအစရှိသော သာသနာပြုလုပ်ငန်း, ပရဟိတလုပ်ငန်းများစွာတို့ကို ဆရာဝန်ကြီးဦးသာလှနှင့် တွဲ၍ဆောင်ရွက်တော်မူခဲ့သည်။ ဆောင်ရွက်ခဲ့သောလုပ်ငန်း မှန်သမျှ အောင်မြင်ခဲ့သည်ချည်းပင်ဖြစ်သည်။

မင်းကွန်းဆရာတော်ကြီးက အလှူငွေများများရအောင် တရားဟောရေစက်ချခြင်းဖြင့် ဆောင်ရွက်ပေးတော်မူသည်ကို ဆရာဝန်ကြီးဦးသာလှက ကောင်းမွန်သောစီမံခန့်ခွဲမှုများဖြင့် အဆောက်အအုံအားလုံး ပြည့်ပြည့်စုံစုံ အချိန်မီပြီးစီးအောင် အရည်အသွေးပြည့်မီအောင် ဆောက်လုပ်ခြင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

မင်းကွန်းဆရာတော်ကြီးဖြစ်စေချင်သော မွန်မြတ်ကြီးကျယ်သောလုပ်ငန်းများပြီးစီးအောင် ဆရာဝန်ကြီးဦးသာလှက စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ မင်းကွန်းဆရာတော်ကြီးက ဆရာဝန်ကြီးကို အားလည်းကိုးသည်။ စိတ်ချယုံကြည်မှုလည်းရှိသည်။ ချီးမွမ်းစကားလည်း ပြောသည်။ ထို့ကြောင့် မင်းကွန်းဆရာတော်ကြီးသည် ဆရာဝန်ကြီးအား အသက်ထက်ဆုံး လက်တွဲမဖြုတ်ဘဲ တွဲမြဲတွဲလာခဲ့ခြင်းဖြစ်သည်။ တိ-နိစာသင်သားသံဃာများ၏ မိခင်အရာ၌ထား၍ ချီးမြှောက်တော်မူခဲ့သည်ဟုသုံးသပ်လျှင် မှန်မည်ထင်ပါသည်။ မင်းကွန်းဆရာတော်ကြီး၏ဉာဏ်အမြော်အမြင်ကြီးမှုပင် ဖြစ်ပေလိမ့်မည်။

လိုက်ဖက်ညီကြသည်

မင်းကွန်းဆရာတော်ကြီးနှင့် ဆရာဝန်ကြီးဦးသာလှတို့သည် ရုပ်ရှင်လှု လေးစားလောက်သည့် ဂုဏ်နှင့်လည်း ပြည့်စုံကြသလို လုပ်ရည်ကိုင်ရည်နှင့်လည်း ပြည့်စုံကြသည်။ မင်းကွန်းဆရာတော်ကြီးက သာသနာလောက၌ အမြင့်ဆုံး တိပိဋကဓရဘွဲ့ကို အောင်မြင်ရရှိထားပြီး ဆရာဝန်ကြီးကလည်း လူ့လောက၌ အမြင့်ဆုံးအထူးကုဆရာဝန်ကြီးဘွဲ့ကို အောင်မြင်ရရှိထားသည်။ လုပ်သမျှ အောင်မြင်ကြသည်။ ဤသည်ပင်လျှင် ကြီးကျယ်မွန်မြတ်သော လုပ်ငန်းများကို အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ကြခြင်း၏ ပင်မအကြောင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။ မင်းကွန်းဆရာတော်ကြီးက အလှူငွေရရှိအောင် ရှာဖွေပေးတော်မူသည်။ ဆရာဝန်ကြီးဦးသာလှက လုပ်ငန်းအကောင်အထည်ဖော်ပေးနိုင်သည်။ မင်းကွန်းဆရာတော်ကြီးဖြစ်ချင်သော မွန်မြတ်ကြီးကျယ်သည့် လုပ်ငန်းများကို ဆရာဝန်ကြီးက ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်သည်။

ကိုးရိုးကားရားစာသင်သားများ

ဤစာရေးသူတို့ မိုးမိတ်ကုန်းမြေ၌ သီတင်းသုံးနေစဉ်အခါက ဆယ်တာရွာမှ သမင်ခြံ, ပေါက်ဝဲ, နန်းတော်ကျွန်း, ဆူးလေကုန်း အစရှိသော ကျွန်းတွင်းရှိရွာများသို့ နွားလှည်းများဖြင့် ခရီးဆက်ကြွကြရသည်။ ကိုင်း,ပဲဖော်ပြီးခါစ သကြန်ပြီး၍ နှစ်ဦးကာလ အညာနွေ၏အပူပြင်းထန်ချိန်ဖြစ်သော်လည်း မင်းကွန်းဆရာတော်ကြီး၏ ဘုန်းကံကြောင့် ထင်၏၊ ကောင်းကင်၌ မိုးသားတိမ်ရိပ်က နေကိုအကာအကွယ်ပေးထားသဖြင့် အပူသက်သာသော ထိုနေ့နံနက် ဆူးလေကုန်းရွာလေလား၊ နန်းတော်ကျွန်းရွာလေလား သေချာမမှတ်မိတော့။

နေ့လယ်ဆွမ်းကပ်ပြီးသောအခါ မင်းကွန်းဆရာတော်ကြီးက ရွာသူရွာသား ပဲအလှူရှင်ဒကာဒကာမတို့အား ပဲဆွမ်းအလှူရေစက်ချတရားကို ပလ္လင်ပေါ်မှ

သေသေချာချာဟောပြတော်မူနေ၏။ မိမိတို့ တိ=နိ စာသင်သားများက တရားဟောပလ္လင်၏နောက်ကျော ဘက်၌ အချို့ဆေးလိပ်ဖွာနေကြသည်။ အချို့ ကွမ်းစား နေကြသည်။ အချို့ စကားပြောနေကြသည်။ အချို့ လဲလျောင်းနေကြသည်။ အချို့ ဝမ်းလျားမှောက်နေကြ သည်။ မိမိတို့ တိ=နိစာသင်သားများ၏ ကိုယ်အမူအရာ နှုတ်အမူအရာတို့မှာ ထိုစဉ်က အတော်ကိုးရိုးကားရား နိုင်လွန်းကြသည်။

ကြည်ညိုဖွယ်မဆောင်ဘဲ သရုပ်ပျက်နေကြသည်ကို မင်းကွန်းဆရာတော်ကြီးက သိတော်မူသဖြင့် 'ဒကာကြီးတို့ ဒကာမကြီးတို့က မိမိတို့ရပ်ရွာများဆီသို့ ကြွရောက်လာကြတဲ့ သံဃာတော်များကို ဆွမ်းလည်းကပ်ပြီးကြပြီ။ သို့သော်လည်း သေသေချာချာကြည်ညိုကြရအောင် နောက်ကျောဘက် ရောက်နေကြတဲ့သံဃာတွေကို ရှေ့ကိုပင့်လိုက်ကြပါ။ ရဟန်း သံဃာများကိုဖူးမြင်ရတာ သမဏာနဉ္စဒဿနမင်္ဂလာဖြစ် တယ်။ ပင့်လိုက်ကြ, ပင့်လိုက်ကြ'ဟု ဆရာတော်ကြီးက မိန့် လိုက်သောအခါတွင်မှ မိမိတို့ တိ=နိစာသင်သားများသည် ကမန်းကတန်း ဣရိယာပုထ်ကိုပြင်ဆင်ကြလျက် ဆရာတော်ကြီး၏ရှေ့၌ ပရိသတ်ဘက်မျက်နှာပြုကာ ဣန္ဒြေရရထိုင်နေကြလေတော့သည်။

တပည့်သံဃာများကို ငေါက်ငေါက်ငမ်းငမ်း ပြော ဆိုဆုံးမမှု လုံးဝမပြုဘဲ သိမ်မွေ့ညင်သာစွာ ဆုံးမလေ့ရှိသော မင်းကွန်းဆရာတော်ကြီး၏ မေတ္တာလေသံကို မိမိတို့ တိ=နိ စာသင်သားများက ယနေ့တိုင် မေ့မပြေသေးဘဲ သတိရ နေဆဲဖြစ်သည်။

ကူမဲဘုရားပင့် ခရီးစဉ်

၁၃၄၆-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ အမြဲပူဇော်ထား ရှိရန်အတွက် ကူမဲမြို့၌ ကိန်းဝပ်စံပယ်တော်မူနေသော ကျစ္စာမင်းကြီးတည်ထားကိုးကွယ်အပ်သော ဗုဒ္ဓရုပ်ပွား တော်ကြီးကို မင်းကွန်းဆရာတော်ကြီးနှင့် မိမိတို့ တိ=နိ စာသင်သား သံဃာ အားလုံးနီးပါး အပါး ၁၃၀-ကျော်တို့ ပျော်ပျော်ပါးပါး ရွှင်ရွှင် လန်းလန်း ကားတန်းရှည်ကြီးဖြင့် သွားရောက်ပင့်ဆောင်ကြသည်။ ဝါထိန်နေသော ကျောက်ဆည်မြို့ ကူမဲဒေသ၌ စပါးခင်း များ၏ကျက်သရေကို ယနေ့တိုင် မြင်ယောင်နေဆဲဖြစ်သည်။

၎င်းဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ရန်အတွက် မင်းကွန်းဆရာတော်ကြီးက မိမိတို့ တိ=နိစာသင်သား များအား ရှေးဟောင်းတန်ခိုးကြီးဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ဖူးမြော်ပူဇော်စေခြင်းဖြင့် ဘုန်းကံမြင့်မားစေလို သည်။ ထို့ကြောင့် သံဃာအားလုံး မဖြစ်မနေလိုက်ပါကြရန် ထပ်တလဲလဲသြဝါဒပေးခြင်းဖြစ်မည်ဟု တွေးထင်မိသည်။ ထိုဗုဒ္ဓရုပ်ပွားတော်ကို ထိုစဉ်က ပါဝင်ပင့်ဆောင်ခဲ့သော ကုသိုလ်ကြောင့် မိမိသည်လည်း တိပိဋကရေဘွဲ့ကို ဖြေဆို အောင်မြင်ခြင်းဖြစ်လေရော့သလားဟု တွေးလျက်ကျေနပ် နေမိသည်။

တပည့်များကို အောင်မြင်မှုရစေလိုသဖြင့် ကူမဲမြို့ က ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ကြရန် မိန့်တော်မူသော မင်းကွန်းဆရာတော်ကြီး၏ မေတ္တာလေသံ သည်ကား နှစ်စဉ် တန်ဆောင်မုန်းလရောက်လေတိုင်း နားထဲသို့ပဲ့တင်ထပ်စွာ ဝင်ရောက်လာလျက်ရှိပေတော့ သည်။

အိမ်နီးနားချင်းမနာလို

မြန်မာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ တိပိဋကစာမေးပွဲ ကို မဟာစည်ရိပ်သာ၌ကျင်းပသည်။ မိမိသည်လည်း တိပိဋကစာမေးပွဲ စတင်ဝင်ရောက် အာဂုံပြန်ဆိုသည့် နှစ်ဖြစ်သည်။ မိမိနှင့်တကွ အာဂုံပြန်သံဃာများအားလုံး စာမေးပွဲပြီးလို့ ရိပ်သာမှထွက်ခွာလျက် ကိုယ့်ကျောင်းကိုယ် ပြန်ကြသည်။

ရိပ်သာအတွင်း သာသနာစာရသုံးထပ်ကျောင်း ဆောင်၌ အာဂုံစာဖြေသံဃာများ၏နေရာတွင် သဘောရေး ဖြေသံဃာများ အသီးသီးနေရာယူကြလျက် စာမေးပွဲ အတွက် အားထုတ်နေကြချိန်ရက်များအတွင်းဝယ် မင်းကွန်း တိ=နိ ကျောင်းတိုက်မှ စာသင်သားနှစ်ပါးတို့ ပြဿနာများနှင့် ကြုံကြရသည်။ အရေးယူခံကြရသည်။ ကာယကံရှင်စာသင် သားများက မနာလို၍ ချောက်တွန်းခံရခြင်းဖြစ်ကြောင်းကို ပြောပြကြသည်။ မင်းကွန်းဆရာတော်ကြီးက အရေးမယူရန် မေတ္တာရပ်လျက် တပည့်များအား ကယ်တင်ရန်ကြိုးစား သော်လည်း အောင်မြင်မှုမရရှိခဲ့၊ လျစ်လျူရှုခြင်းခံရသည်။

ထိုကိစ္စ နှင့်ပတ်သက်၍ မင်းကွန်းဆရာတော်ကြီး က မိမိတို့ တိ=နိ စာသင်သားများအား 'ဦးဇင်းတို့၊ သမီး ချောရင် အိမ်နီးနားချင်းတွေက မနာလိုတတ်ကြဘူး၊ သမီး ချောရင် အိမ်နီးနားချင်းတွေက အမြင်ကတ်ကြတယ်၊ ဒါလောက ထုံးစံပဲ။ ဦးဇင်းတို့ကသိပ်ချောကြတယ်။ အင်း. . . တပည့်တော်သမီးတွေက သိပ်ချောကြလို့ ပတ်ဝန်းကျင်အိမ်နီးနားချင်းတွေက မနာလိုဖြစ်ကြတယ်။

ဒါကြောင့် အနေအထိုင် အပြောအဆို အစစအရာရာ သတိထားပြီးနေကြ။ အနေအထိုင် အပြောအဆိုမတတ်ရင် အိမ်နီးနားချင်းတွေရဲ့ ထိုးနှက်မှုခံရတတ်တယ်'ဟု မိန့်တော်မူခဲ့လေသည်။

ထိုအချိန်က မင်းကွန်း တိပိဋက-နိကာယကျောင်းတိုက်ကြီး၏ အောင်မြင်မှုမှာ ပတ်ဝန်းကျင်က မနာလိုချင်စရာကောင်းလောက်အောင် ကြီးမားနေသည်။ တိပိဋကအောင်စာရင်းထွက်လာလျှင် သတင်းစာ၌ မင်းကွန်းတိပိဋက-နိကာယ ကျောင်းတိုက်က စာအောင်စာရင်းအားလုံး၏ လေးပုံသုံးပုံ (သို့မဟုတ်) သုံးပုံနှစ်ပုံကို နှစ်စဉ်နေရာယူထားမြဲဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော မင်းကွန်းတိ-နိကျောင်းတိုက်ကြီး၏ သက်တမ်းသည် ငါးနှစ်အချိန်ကာလသို့ရောက်ပြီဖြစ်၍ အောင်မြင်မှုအဟုန် အလွန်မြင့်မားနေချိန်တွင် ဘာမဆိုစင်းလုံးချောမဖြစ်နိုင်ဟူသော လောကသဘာဝအရ ထိုသို့သောပြဿနာနှင့်လည်း ကြုံရခြင်းပင်ဖြစ်သည်။

ကြားရရုံမျှဖြင့် လှူချင်ကြ

'မင်းကွန်းဆရာတော်ကြီး'ဟူသော အသံကိုကြားလိုက် ရလျှင်ပင် ဒကာဒကာမအပေါင်းတို့၏စိတ်အစဉ်၌ လှူချင်တန်းချင်သော သဒ္ဓါစေတသိက်တွေ အလိုအလျောက် ယိုဖိတ်လာကြစမြဲပင်ဖြစ်သည်။

ကျောင်းဆောက်ရန်အတွက်ဆိုလျှင် လှူလိုက်ကြသည်ချည်းပင်။ ဆွမ်းအတွက်, သင်္ကန်းအတွက်, မည်သည့်အတွက်မဆို မင်းကွန်းဆရာတော်ကြီးကို မမြင်ဖူးလိုက်ကြသော်လည်း မင်းကွန်းဆရာတော်ကြီးအပေါ် ကြည်ညိုမှုကအံ့ဩစရာကောင်းလောက်အောင် ကြီးမားလေသည်။

မိမိသည်လည်း တိပိဋကရေအဲ့ကို အောင်မြင်ရရှိပြီးသောအခါ၌ မန္တလေးမြို့ တိပိဋကထိန်လင်းစာသင်တိုက်၊ ရန်ကုန်တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်၊ မွေးရပ်မြေ၌ စာသင်ကျောင်း, တံတား, ဆေးရုံ အစရှိသော သာသနာပြုကိစ္စ ပရဟိတကိစ္စတို့ကို ဆောင်ရွက်လာခဲ့ပေရာ လုပ်ငန်းကိစ္စအားလုံး စည်စည်ပင်ပင် အောင်အောင်မြင်မြင်ဖြစ်သည်ဟု ယူဆနေမိပါသည်။

မေတ္တာရေတွင်းကြီး

မင်းကွန်းဆရာတော်ကြီး၏ မေတ္တာရေတွင်းသည်ကား ခပ်လို့မခမ်း သုံးလို့မကုန်နိုင်လောက်အောင် ကြီးမားကျယ်ပြန့် နက်ရှိုင်းလှပါပေသည်။ ဘဝနတ်နန်းစံမြန်းတော်မူနေပါသော်လည်း ရဟန်းရှင်လူများစွာတို့အား အအေးဓာတ် မေတ္တာ ဓာတ်ကို အစဉ်အမြဲဖြန့်ဝေပေးတော်မူလျက်ပင် ရှိပေသေးသည်။ လွမ်းလို့မပြေ မေတ္တာရေတွင်းပိုင်ရှင် မင်းကွန်းမထေရ်ကြီးပါပေတကား။

ဤသည်တို့ကား မှတ်မိသမျှထဲမှ တစ်စိတ်တစ်ဒေသမျှသော မင်းကွန်းထေရ်၏ မေတ္တာလေသံများဖြစ်လေသည်။ လိုက်နာကျင့်သုံးလျှင် ကောင်းကျိုးများစွာ ရောက်စေနိုင်မည်မှာ သေချာပါသည်။

မြတ်ဗုဒ္ဓသာသနာတော်၌ ရာစုခေတ်တစ်ခေတ်လျှင် တစ်ယောက်လောက်သာပေါ်ထွန်းနိုင်သော မင်းကွန်းတိပိဋကဓရဆရာတော်ဟူသော မေတ္တာစွမ်းအားရှင်ပုဂ္ဂိုလ်ထူးကြီးကို ဤမေတ္တာလေသံများဆောင်းပါးဖြင့် ပူဇော်ကန်တော့လိုက်ပါသည်။

တုသိတာနတ်နန်းမှ လှမ်းပြည်စခန်းဆီသို့ ရည်ရော်မှန်းလျက် မေတ္တာရေချမ်း ပက်ဖျန်းပေးတော်မူပါဘုရား။ ။

အရှင်ကုဏ္ဍလ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊
တိပိဋကထိန်လင်းပရိယတ္တိစာသင်တိုက်၊
မန္တလေးမြို့။

မင်းကွန်းဆရာတော်ကြီး

နှင့်

မောဂ္ဂလ္လာန်သဒ္ဒါကျမ်း

ဒွါဒသမတိပိဋကဓရ စစ်ကိုင်းဆရာတော်

အရှင်အဘိဇာတာဘိဝံသ

၁၃၇၃-ခုနှစ်၊ နယုန်လထဲတွင် ရန်ကုန်သို့ရောက်ခဲ့ရပါ၏။ မိမိ တိပိဋကရွေးချယ်ရေးစာမေးပွဲဝင်စဉ်က တည်းခိုမြဲ မဟာဗောဓိကျောင်းတိုက်မှာတည်းသည်။ ထိုကျောင်းတိုက်သည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတွင်တည်ရှိပြီး သံဃာအပါး ၂၅၀-ကျော် ၃၀၀-ခန့်သီတင်းသုံးသည့် ကျောင်းတိုက်ကြီးဖြစ်သည်။ ပဓာန နာယကဆရာတော်မှာ သ၊စ၊အ ဓမ္မာစရိယ,အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော်ကြီးဖြစ်သည်။

မဟာဗောဓိကျောင်းရောက်တော့ ကျောင်းတိုက်ပဓာန နာယကဆရာတော်ကြီးထံ သွားရောက် ဂါရဝပြုရသည်။ ဆရာတော်ကြီးနှင့်ရောက်မိရောက်ရာ စကားစမြည် ပြောမိကြသည်။ မှတ်သားစရာတွေ များစွာမှတ်သားခွင့်ရသဖြင့် ဝမ်းသာရ၏။ အသက်ကြီးလာလျှင် မေ့တတ်ကြောင်း စကားစပ်မိရင်း မင်းကွန်းဆရာတော်ကြီး အကြောင်း ရောက်သွားသည်။

'ဦးအဘိဇာတ၊ အသက်ကြီးလာရင် မေ့တတ်တယ်ဆိုတာ အများအားဖြင့်မှန်ပေမယ့် လူတိုင်းတော့ မဟုတ်ဘူး။ မင်းကွန်းဆရာတော်ကြီးတို့တော့ ကြီးပေမယ့် မေ့ဟန်မတူဘူး'။

'ဆရာတော် အတွေ့အကြုံရှိလို့ မိန့်တာပါလားဘုရား'။

'အေး. . . ဟုတ်တယ်၊ တပည့်တော်ငယ်စဉ်က သူငယ်ချင်းတွေနဲ့အတူ လေး,ငါးပါးလောက် ခရီးသွားရင်း ဟဲဟိုးမြို့ရောက်ခဲ့တယ်။ အဲဒီတုန်းက မင်းကွန်းဆရာတော်ကြီးကလည်း တောင်ကြီးမြို့မှာ တရားဟောချီးမြှောက်ဖို့ ကြွလာတော့ ဟဲဟိုးဒါယကာတွေက ကြုံတုန်းအခွင့်အရေးကို အရအမိယူတဲ့အနေနဲ့ တရားပွဲပင့်လျှောက်ပူဇော်ကြတယ်။ ဆရာတော်ကြီး သီတင်းသုံးဖို့ အင်္ဂလိပ်ခေတ်တုန်းကတော့ အရာရှိတွေတည်းကြတဲ့ ဗိုလ်တဲပေါ့။ လောလောဆယ် ဓမ္မာရုံလိုအသုံးပြုနေကြတဲ့ အဆောက်အအုံမှာ စီစဉ်ပေးကြတယ်။ ဒကာ ဒကာမတွေ ဆရာတော်ကြီးထံ လာရောက်ဖူးမြော်ကြတယ်။ တို့လည်း ကြုံတုန်းဖူးမြော်မယ်ဆိုပြီး သွားဖူးကြတယ်'။

'ဒီလိုနဲ့နေရာကနေ သက်ဆိုင်ရာဒကာကြီးများက ဆရာတော်ကြီးအနားယူရအောင် ဧည့်သည်များပြန်ကြဖို့ မေတ္တာရပ်ခံကြတယ်။ တို့လည်း ပြန်ဖို့ဦးချကြတာပေါ့။ ဒီတော့ ဆရာတော်ကြီးက 'အရှင်ဘုရားတို့၊ မပြန်ပါနဲ့'တဲ့။ 'ရဟန်း အချင်းချင်း အတူနေရတဲ့အတွက်, စကားနှီးနှောရတဲ့အတွက် ဆင်းရဲပင်ပန်းမှုဆိုတာ မဖြစ်ပါဘူး'တဲ့။ ဒါနဲ့ တို့လည်း ဆက်ထိုင်နေရတယ်။

'ဆရာတော်ကြီးက ပဋိသန္ဓာရပြုတယ်။ 'အရှင်ဘုရားတို့ ဘယ်မှာ သီတင်းသုံးတုံး'တဲ့။ တို့က 'မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကပါဘုရား'လို့ လျှောက်တော့ ဆရာတော်ကြီးက 'စည်ရှင်ဆရာတော်ဦးကောသလ္လ

ဆိုတာ အလွန်တော်တာ။ သာသနာတော်မှာတော့ နိုးတူး ပဲတဲ့' ဆိုပြီး စည်ရှင်ဆရာတော်ကြီးအကြောင်းပြောတယ်။ စည်ရှင်ဆရာတော်ကြီးပြုစုခဲ့တဲ့ကျမ်းစာတွေထဲက ငယ်ငယ် ကကျက်ခဲ့တဲ့ စာတွေရွတ်ပြတာများ ဦးအဘိဇာတ ရေကရား ရေလွှတ် တတွတ်တွတ်ပါပဲ၊ မေ့ဟန်မတူဘူး'။

'ဒီလိုနဲ့စကားဆက်ကြရင်း မောဂ္ဂလ္လာန်သဒ္ဒါကျမ်း အကြောင်းလည်း စကားရောက်သွားတယ်။ 'တပည့်တော်က အဘယာရာမဆရာတော်ကြီးရဲ့ မောဂ္ဂလ္လာန်နိသျနဲ့ စာလိုက်ခဲ့ရတဲ့ လက်ဦးတပည့်တွေထဲမှာ ပါဝင်ခဲ့တယ်'တဲ့။

ဤတွင် မိမိအံ့ဩသွားသည်။ 'ဘယ်လိုများပါဝင်ခဲ့ တာတဲ့လဲဘုရား'ဟု မဟာဗောဓိဆရာတော်ကြီးကိုမေးမိသည်။

မဟာဗောဓိဆရာတော်ကြီးက မိန့်တော်မူသည်။

'အဲဒီခေတ်တုန်းက (၁၂၉၀-ပြည့်နှစ်ခန့်က) အဘယာရာမဆရာတော် မောဂ္ဂလ္လာန်နိသျရေးတော့ မောဂ္ဂလ္လာန်နိသျ စာအုပ်ပုံနှိပ်မှုထွက်တော့မယ်လို့ သတင်း စာက ကြေညာတယ်တဲ့။ ဒီတော့ ပထမဓမ္မနာဒဆရာတော် ဦးပညာစက္ကက အဘယာရာမဆရာတော်ထံ စာရေးပြီး မေတ္တာရပ်ခံတယ်။ 'စာရိုက်တာတစ်ဖောင်ပြီးတိုင်းပြီးတိုင်း တပည့်တော်ထံ ပို့မပေးနိုင်ဘူးလား၊ ရရင်လိုချင်ပါတယ် ဘုရား'လို့ တောင်းပန်ခဲ့တယ်။

'အဘယာရာမဆရာတော်ကလည်း တစ်ဖောင်ပြီး တိုင်း ပြီးတိုင်း ဓမ္မနာဒဆရာတော်ထံ ပို့ပေးခဲ့တယ်။ အဲဒါကို ဆရာတော်ဦးပညာစက္ကကတပည့်ဖြစ်တဲ့ တိပိဋကဓရ ဆရာတော်လောင်းလျာအရှင်ဝိစိတ္တသာရကို ပို့ချပေးတယ်။ ဒီလိုနဲ့ အဘယာရာမဆရာတော်ရဲ့ ဗျာကရဏသိရောမဏိ မည်သော မောဂ္ဂလ္လာန်နိသျ စာအုပ်အဖြစ် ပုံနှိပ်လို့လည်း ပြီးရော ဓမ္မနာဒဆရာတော်ကလည်း တိပိဋကဆရာတော် လောင်းလျာ တပည့်အရှင်ဝိစိတ္တသာရကို မောဂ္ဂလ္လာန် သဒ္ဒါကျမ်း ပို့ချလို့လည်းပြီးရော-'တဲ့။

ဤတွင် မိမိက မဟာဗောဓိဆရာတော်ကြီးကို လျှောက်လိုက်၏။

'ဟာ. . . ဒါဆို မြတ်စွာဘုရား တာဝတိံသာ နတ်ပြည် အဘိဓမ္မာဟောစဉ်တုန်းက နေ့စဉ်နေ့စဉ် ဟောခဲ့ တဲ့တရားကို စန္ဒကူးတောမှာ ဘုရားရှင်က အရှင် သာရိပုတ္တရာကို နယဒဿနနည်းပြ ဟောပေးခဲ့တယ်။အရှင် သာရိပုတ္တရာကတစ်ဆင့် လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ တပည့် ရဟန်းငါးရာကို ပြန်လည်ပို့ချခဲ့တယ်။ မြတ်စွာဘုရားလည်း တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားဟောလို့ပြီးရော လူ့ပြည်မှာ အရှင်သာရိပုတ္တရာလည်း တပည့်ငါးရာကို ပို့ချ ပြီးလို့ တပည့်ငါးရာလည်း အဘိဓမ္မာဆောင်ကြီးတွေ ဖြစ်သွားရောဆိုတာလို ဖြစ်နေတာပေါ့ဘုရား'။

'ဟုတ်တယ်၊ အဲဒီလိုပြောရမှာပဲ ဦးအဘိဇာတရေ'။

သမိုင်းအခြေအမြစ်ကို သဲလွန်စများမှ တဖြည်း ဖြည်း လျှောက်လိုက်၍ ခိုင်မာအောင် ရှာဖွေအတည်ပြုယူကြ ရပါ၏။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ထေရုပ္ပတ္တိ သမိုင်းကို ပြုစုလိုသူတို့အတွက် သဲလွန်စတစ်ပိုင်းကို တင်ပြ လိုက်ရပါ၏။ ။

အရှင်အဘိဇာတာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။

မင်းကွန်းဆရာတော်ကြီး နှစ်တစ်ရာပြည့်ပွဲ

တစ်ထပ်ကြော့
ပုလဲသွယ်ရှစ်ဆယ်ပေါ်တေးထပ်

* မင်း = နှင့်ပြည်သူ လွမ်းပိုမဝတဲ့၊
ပန်းလိုလှပ ထေရအခေါင်။
* ကွန်း = ခိုကြရ ရွှေမြတောင်နှယ်၊
နေလအထောင် လင်းသလိုထွက်။
* ဆ = ရာတော်ကြီး သာသနာ့ဝယ်၊
တဝါဝါဝါ တလင်းလင်း တလက်လက်။
* ရာ = ဇဝင်၌ ကျော်ကြားပါတယ်၊
မဟော်အလားပမာ တစ်အားထက်။
* တော် = များမဟာ တရားစွက်၍၊
အမှားမဖက် လုပ်ငန်းခွင်။
* ကြီး = ကြီးကျယ်ကျယ် ဆင့်ဆင့်ထပ်လျက်၊
မြင့်မြင့်မြတ်မြတ် စိတ်ဓာတ်အပြစ်စင်။
* နှစ် = တစ်ရာပြည့် မင်းကွန်းအရှင်ရယ်၊
လင်းထွန်းအစဉ် ခေတ်လမ်းမ၌။
* တစ် = ဂဏန်းခ ဘွဲ့များဘွဲ့ရစုံ၊
ဖွဲ့များဖွဲ့မကုန်။
* ရာ = ထောင်သိန်းသန်း ဂုဏ်ထူးခြံတယ်၊
မကြုံဖူးကုန် တစ်ခေတ်တစ်ယောက်လေး။
* ပြည့် = ဝလွန်းတဲ့ ဟိတ်ကပ်ရှင်ရယ်၊
စိတ်ဓာတ်ပိုင်ရှင် မင်းကွန်းထေရ်ဘုရားလေး။
* ပွဲ = တော်မြင့်မြတ် နှစ်တစ်ရာတိုင်၊
ချစ်ချစ်သဒ္ဓါ လွမ်းလို့မကုန်ပါလေး။ ။

အရှင်ဃောသိတ(ရေနံ့သာ)

မင်းကွန်းဓမ္မနာဒမဟာထေရဝဿသတပရိပုဏ္ဏ အဘိဇာတကာလ

အနဿရိယဂုဏပူဇာ ပဏ္ဍိတဝေဒနီယပါဠိဋ္ဌတေးထပ်

မင်းကွန်းထေရမဟာ အတိပါကဋ္ဌ
အဘိဇာတကာလံ။
ဣမာယ သမယံ
ဝဿ သတံ ပူရေတိ။
တိ သတ္တတေျက သက္ကရာဇေ (၁၃၇၃-ခုနှစ် အင်္ဂလိပ်ရာသချာနည်းအရ)
ကတ္တိကဇုဏှော သမ္ပါပုဏိ။
အာဒိကမ္မိက တိပိဋကမဟာထေရံ
သာသနံ သမ္ဘာဝိ။
မဟန္တံ ဆဋ္ဌသင်္ဂီတိ
ကယေတိ ဝိဿဇ္ဇကံ။
ပဥ္စနိ့ထေရဝါဒဝိဇိတဋ္ဌေဝ (ထေရဝါဒငါးနိုင်ငံ)
နတ္ထိတိ ဇမ္ဗူဒီပံ။
ဒဘာနန္ဒထေရ သဒိသံ
ယထိဒံ မဈိမ ဒေသကာပိ
တထာဟိ မရမ္မဝိဇိတံ
ဒင်္ဂပိမှုကံ။
- ဥတ္တမပုရိသ မဟာထေရံ၊ ကပ္ပါ(ကမ္ဘာ)ဝေနေယျံ ဝန္ဒိယန္တု 'ခေါ '။
- အစ္ဆရိယ အဗ္ဘုတ မဟာထေရံ၊ သာသနာပဒေသံ သလ္လက္ခန္တု 'နော '။
- သာသနပိဟု မဟာထေရံ၊ ပရမ္ပရေသံ အနုဿရန္တု 'ဘော '။ ။

မှတ်ချက်။ ။ကာရန်များကိုသာ အဓိကထား၍ ဖွဲ့သီပူဇော်ထားပါသည်။

အတိဂါရဝေန ပူဇိတော
ဦးခင်မောင်ရင်တိနာမကော ဓမ္မာစရိယော
သိပ္ပလညာနဂဟိတော
မြို့နယ်ဥပဋ္ဌာကော လှည်းကူးနဂရော။

သာစွအလုပ်ဖြင့် အချိန်ကုန်စေသူ

ရှစ်ဆယ်ပေါ်တေးထပ်

သီလာဒိဂုဏ်တော် ပြည့်လျှံပ
ကဝိစံပြ မင်းကွန်းထေရ်။
အသိဉာဏ်ခ လင်းလွန်းပေသည်
အဆင်းရွှန်းဝေ ကြည်ညိုစရာများ။
သုံးပုံပိဋက ဆောင်စွမ်းနိုင်သူပါ
အောင်ပန်းလှိုင်ကြူ ပထမဦးဆုံးပါဘုရား။
ဗုဒ္ဓဝင်ကျမ်းပြု ကဗျာအလှစုံစွာ
ဂါရဝခြုံကာ ကြံစည်ပွား။
သာစွဂုဏ်ဝါ ဉာဏ်ရည်အားတွေနဲ့
မြန်ပြန်တစ်လွှား ဟောပြမဲ့မှာ။
တိပိဋကလောင်းလျာ ပေါ်ထွန်းရေးကိုလ
ဖော်ညွှန်းပေးသည့် ကျောင်းကြီးဆောက်လှူကာ။
သာစွအလုပ်ဖြင့် အချိန်ကုန်စေကာ
သိရ်ဂုဏ်ဝေဖြာ ရှုစရာကွက္ခတွေနှင့်။
ဂုဏာဘိတ္ထဝ သဒ္ဒါရှိန်နဲ့ပျော်ရွှင်
ရာပြည့်ပွဲတော်သဘင်။
အများအကျိုးဆောင်သည့် ဆရာ့ဂုဏ်အင်ကို
အလှစုံလင် ကန်တော့ပန်းဆင်ကြလေး. . .။
စိတ်ကောင်းစာတတ် အကျင့်မြတ်ဆောင်သည်
မြင့်မြတ်ရောင်ခြည် ကမ္ဘာလွှမ်းတည်လိမ့်လေး. . .။
မင်းကွန်းထေရ်၏ ဂုဏ်ပုဒ်တွေကို
အကုန်ထုတ်လေကာ ရေးမဆုံးပါဘုရားလေး. . .။ ။

ကန့်ဘလူ ဖြူစင်ဝင်း
အာလောကာရာမကျောင်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

မင်းကွန်းအာဒိကမ္မိကတိပိဋကဓရဆရာတော်ဘုရားကြီးထံ

ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်



[illegible]

မော်ကျွန်းအရှင်ပဏ္ဍိတ
ညောင်ကန်အေးသာသနာပြုကျောင်း
ယောက်ကြန့် ရန်ကုန်မြို့။

အံ့တစ်ပါးမင်းကွန်းမဟာထေရ်မြတ်ကြီး

တေးထပ်

မင်းကွန်းထေရ် ကဝိမြတ်
ပရိယတ် ဥသျှောင်။
ပဋိပတ် သရုပ်ဆောင်လျှင်
ချုပ်အခေါင် ညွှန့်ဖူး။
စံပြုလောက် သူတစ်ဆူငယ်
သူမတူ ထူးသထက်ထူး။
သုံးပုံလုံး စာရှိပြန်ကာ
အာဒိကမ် အောင်မှူး။
ကျော်ပထမံ အောင်လံမြူးပါဘိ
အောင်ဆုခူး ဖြာဖြာ။
စာသဘင် ကဝိတံခွန်အစ
ဘိဝံသ ဝဋ္ဋံသကာ။
ပိဋကတ် ကောဝိဒါပါ
ဝိသိဋ္ဌာ မဟန္တပေမို့။
ဓမ္မဘဏ္ဍာ စိုးပေသသူ
မိုးမြေခြိမ့်ဆူ။
ဆဋ္ဌပွဲ အောင်သံကြူသည်
အောင်လံထူ အံ့တစ်ပါးဘုရား. . . လေး။ ။

အရှင်သဒ္ဓမ္မသိရီ
ဓမ္မိကာရုံ၊ စိန်ပန်း၊ မန္တလေးမြို့။

အာဇာနည်များ အဖေနဲ့သား

အဖေက လမ်းတွေဖောက်
သားတွေက လမ်းဖွေလျှောက်။
မျိုးဆက်ရှေ့နောက် လိုက်ဖက်ညီ
စံချိန်မီတဲ့ အဖေနဲ့သား။

အဖေက လမ်းထွင်ကြွ
သားတွေက စွမ်းအင်ပြ။
လမ်းစဉ်ကျလို့ ဂုဏ်မြင့်စည်
စံချိန်မီတဲ့ အဖေနဲ့သား။

အဖေက လက်ဆင့်ကမ်း
သားတွေက ဆက်ပင့်ထမ်း။
အမြင့်လမ်းသို့ စွမ်းအားချီ
စံချိန်မီတဲ့ အဖေနဲ့သား။

အဖေက အမွေတွေထား
သားတွေက အမွေတွေပွား။
အားထားထိုက်တဲ့ သားဇာနည်
စံချိန်မီတဲ့ အဖေနဲ့သား။ ။

ဘုန်းရွှေစင်

မင်းကွန်းဆရာတော်ကြီး၏ဂုဏ်တော်ဖွဲ့ဟူသည်

သီကုံးဘယ်ခါမဆုံးပါ

စန်းလသော်တာ၊ ထေရ်မဟာ၏
တေဇာသင်းထုံ၊ ဂုဏ်ပန်းရုံမှ
ဖူးငုံချပ်လွှာ၊ ဤကဗျာကို
မှတ်ပါအကျဉ်း၊ ပမာခင်းသော်
တောင်မင်းဂန္ဓမာ၊ ရောင်စုံဖြာသည့်
ဝေဆာပွင့်လန်း၊ ပန်းမြိုင်တန်းမှ
ထူးဆန်းသွယ်သွယ်၊ ပန်းရုံလယ်တွင်
သွယ်သွယ်စုရုံး၊ ပန်းသီကုံးသို့
ကုန်ဆုံးမမြင်၊ ထိုဘုန်းရှင်ကို
ဉာဏ်မြင်ကြီးစွ၊ ဇဝနနှင့်
တိက္ခဂမ္ဘီ၊ ဉာဏ်စုံညီသည့်
ကဝိခေါ်ဆို၊ ဘယ်ပုဂ္ဂိုလ်သည်
ဘယ်လိုဂါထာ၊ ဘယ်ကဗျာဖြင့်
ဘယ်ခါသီကုံး၊ ဘယ်မဆုံးသည်
ပေါင်းရုံးသမ္ဘာ၊ တေဇာသီရိ
ကဝိအမွန် တံခွန်မိုးသို့စိုက်ထူတည်း။ ။

သာသနာ့အလင်းရောင်ဦးဖေမြင့်

တိပိဋကဓရမင်းကွန်းဆရာတော်ကြီးဘွဲ့

ပါဠိဘာသာ ဂုဏထောမနာမြန်မာဂီတိ

ဘဒ္ဒန္တေ အာစရိယ
မာ ရဝိသမ ဥန္နတာ။
ဓမ္မဘဏ္ဍာ ဂါရိကာ၊
မာ ရဝိသမ ဥန္နတာ။
သာသနိက ပုင်္ဂဝါ၊
ဒုလ္လဘာ ဝတ။
အမှေဟိ သုဘဒ္ဒါ၊
သုလဒ္ဓါ တေပိဋ္ဋကာ။
ဝိသိဋ္ဌ မဏိကာ၊
ဝဇိရာ ဘာသ။
ပိဋ္ဋကာဓာရ၊
ပါဝစန ပါလီ။
အာယသ္မာ+တိ ဣဋ္ဌ၊
သိနိဒ္ဓ ထောမျသာရီ။
အင်္ဂါဒိ သုပါဓိ၊
ဓုနာတနိ အဘိဓေ။
အမိတ လဒ္ဓ လဍ္ဍနာ၊
သြနတတ္တာ။
သာသန သံယုတ္တရာ၊
သံပုဇ္ဇာ ဂုဏောဃိနော။
ဆန်းထွန်းတိ ဝေါမိ+ဟံ
ထောမနိယံ သုထောမိ ဝေါ. . . ။ ။

ဆန်းထွန်း(မန်းတက္ကသိုလ်)

အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး၏
ဩဝါဒကထာ



ဘုန်းကြီးသည် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယသာသနာပြုအဖွဲ့၏ နာယကဆရာတော်တစ်ပါး ဖြစ်သည့်အားလျော်စွာ ထိုအဖွဲ့ကြီး၏ သုံးနှစ်မြောက် မင်္ဂလာအခါသမယတွင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုစကား အနည်းငယ် ပြောကြားလိုပါသည်။

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ = ချစ်သား အာနန္ဒာ. . . ငါဘုရားသည် သင်တို့အား ဓမ္မ = တရားတော်ကိုလည်း ဟောကြားခဲ့ပြီ၊ ဝိနယ=ဝိနည်းကိုလည်း ပညတ်ခဲ့ပြီ၊ ထိုဓမ္မနှင့် ဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးသည့်နောက်တွင် သင်တို့၏ဆရာပင် ဖြစ်သည်။

ဤကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် မိန့်ကြားခဲ့သော မှာတမ်းစကားတော်ဖြစ်ပါသည်။

ဤမှာတမ်းစကားတော်၌ 'ဓမ္မ'ဟူသည် သုတ္တန္တပိဋက နှင့် အဘိဓမ္မပိဋကကို ဆိုလို၍ 'ဝိနယ'ဟူသည် ဝိနယပိဋကကို ဆိုလိုသည်။ သို့ဖြစ်၍ ဓမ္မဝိနယဟု ခေါ်ဆိုသော ပိဋက သုံးသွယ် နိကာယ်ငါးရပ်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်၏ကိုယ်စား တပည့်သာဝက ရဟန်းတော်များ၏ ဆရာအဖြစ် ထားတော်မူခဲ့ကြောင်း အတိအလင်း တွေ့မြင်သိရှိရပါသည်။ ဤစကားတော်အရ ပိဋကတ်သုံးပုံသည် ဘုရားရှင်၏ကိုယ်စားတော် ဓမ္မကာယဖြစ်ပါသည်။

သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းတော် ဟူသမျှသည် မြတ်စွာဘုရား၏ နောက်ဆုံးမှာတမ်း စကားတော်ကို လေးနက်စွာမှတ်သား၍ သာသနာတော်၏ အစဥ်ထာဝရ ရှင်သန်တိုးတက် ပြန့်ပွားခြင်းကို လိုလားလျက် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်အံလေ့ကျင့်မှုဟူသော ပရိယတ္တိတာဝန်ကို မလွဲမသွေ ထမ်းဆောင်ရပါမည်။

ပရိယတ္တိ မရှိတော့လျှင် ဗုဒ္ဓသာသနာတော်လည်း တစ်ခါတည်းကွယ်သည် မည်သောကြောင့် ပရိယတ္တိစာပေ သင်ကြားမှုကို အားမထုတ်ရသော ရဟန်းသည် မြတ်စွာဘုရားကို ကြည်ညို လေးစားရာ မရောက်သည့်အပြင် ဗုဒ္ဓသာသနာတော် အသက်ရှည်ရာရှည်ကြောင်း ရဟန်းတိုင်း ထမ်းဆောင်ရမည့် တာဝန်ကိုလည်းသွေဖည်ရာ ရောက်ပေမည်။

မြတ်စွာဘုရားသည် ကိုယ်တော်၏ သာသနာကို 'ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ' ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားသတ်မှတ်တော်မူခဲ့သည်။ ရှေးဦးစွာ 'ပဋိပတ္တိ'အဆင့်၌ကား မိမိလေ့လာဆည်းပူးခဲ့သော တရားတော်ကို လက်တွေ့ကျင့်သုံးအားထုတ်မှုကို ဆက်လက်လုပ်ရပါမည်။ 'ပဋိပတ္တိ'ဟူသော အကျင့်လုပ်ငန်းကို အောင်မြင်စွာ အားထုတ်နိုင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဟူသော 'ပဋိဝေဓ' အဆင့်သို့ တက်လှမ်းနိုင်ပါမည်။ ဘုရားရှင် သတ်မှတ်ထားတော်မူခဲ့သော ဤအဆင့် သုံးဆင့်ကို အစဥ်အတိုင်း သွားရပါမည်။ အဆင့်ကျော်၍ သွားမရနိုင်ပါ။

ပရိယတ္တိသင်ကြားမှုသည် အသိဉာဏ်ကို ဆည်းပူးခြင်းဖြစ်သောကြောင့် 'မျက်စိ'နှင့် တူပါသည်။ ပဋိပတ္တိသည် သိသည့်အတိုင်း ကျင့်ကြံအားထုတ်မှုဖြစ်သောကြောင့် ခြေထောက်နှင့်တူပါသည်။ လောက၌မျက်စိနှင့် ခြေထောက် နှစ်ပါးစုံမှသာ လိုရာခရီးသို့ရောက်နိုင်သကဲ့သို့ ထို့အတူ ပရိယတ္တိနှင့် ပဋိပတ္တိဟူသော အသိနှင့်အကျင့်ဝိဇ္ဇာနှင့် စရဏ နှစ်ပါးစုံမှသာ ပဋိဝေဓ ဟူသော မဂ်ဖိုလ်နိဗ္ဗာန်ခရီးသို့ ဖြောင့်တန်းစွာ ရောက်ရှိနိုင်ပါသည်။

ဤစကားစဥ်အရ ပရိယတ္တိ = ဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို သင်ကြားလေ့လာမှုသည် မိမိအတွက် သူတစ်ပါးအတွက် သာသနာတော်အတွက် အလွန်အထူးအရေးပါလှသောလုပ်ငန်း ဖြစ်ကြောင်း ထင်ရှားပါသည်။ သို့ဖြစ်၍ ပရိယတ္တိတတ်ကျွမ်းထားသော ရဟန်းသည် သမ္မာအယူကို ကောင်းစွာသိပြီးဖြစ်သောကြောင့် မိမိအကျိုးအတွက် တစ်ဆင့်တက်၍ အကျင့် = ပဋိပတ်ကိုလည်း အားထုတ်နိုင်ပါသည်။ သူတစ်ပါးတို့အားလည်း သမ္မာအယူနှင့်ပြည့်စုံအောင် ညွှန်ကြားပြသ ပေးနိုင်ပါသည်။ သာသနာတော် အစဥ်ထာဝရ ရှင်သန်တိုးတက် ပြန့်ပွားရေးအတွက်လည်း ထိထိရောက်ရောက် ထမ်းဆောင်နိုင်ပါသည်။ ပရိယတ္တိအားထုတ်မှုသည် ဤကဲ့သို့ အကျိုးထူးသုံးရပ်ကို ပေးစွမ်းနိုင်သောကြောင့် ယင်းလုပ်ငန်းကြီးကို ရဟန်းတော်တိုင်း ဦးလည်မသုန် ထမ်းရွက်သင့်သည့် မဟာတာဝန်ဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်ယူထိုက်လှပေသည်။

နိဂုံးချုပ်အားဖြင့် 'တိပိဋက=နိကာယကျောင်းတိုက်'မှ တိပိဋကဓရလောင်းလျာ အာဇာနည်အရှင်သူမြတ်များအား ဩဝါဒစကား လက်ဆောင်ပါးလိုသည်မှာ. . .

'အတတ်ပညာမည်သည် အချို့သောလူမိုက်များအဖို့ အကျိုးမဲ့ဖို့သာဖြစ်သည်' ဟူသော ဇာတ်နိပါတ်တော်လာ ဘုရားစကားတော်အရ 'မိမိ တတ်ကျွမ်းသည့် ပညာအတွက် မာန်ထောင်လွှားမှု လောကီ ဂုဏ်ပကာသန နာမည်ကြီးမှုတို့အတွက် မိမိ၏ပညာကို အလွဲသုံးစားပြုမှု တလွဲတချော်ပြောဆိုရေးသားမှု'တို့ကို ရှောင်ရှားပြီး သာသနာတော်တိုးတက်ပြန့်ပွားရေးအတွက်ကိုသာ ကြိုးစားအားထုတ်ကြရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

အရိယမဂ္ဂင်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

မြန်မာပြည်နှင့် ယုဂ်လေးမျိုး

စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး
ဘဒ္ဒန္တပဏ္ဍိတ

ယခုခေတ် ယခုအခါကို ဆုတ်ကပ်အခါ ဆုတ်ကပ်ကာလဟူ၍ သာသနာတော်ကျမ်းတို့၌လည်း အဆိုအမိန့် ရှိသည်။ လောကီကျမ်းတို့၌လည်း ဆုတ်ကပ်ကာလ ဆုတ်ကပ်ခေတ် ဟူ၍ပင် ဆိုကြသည်။ ဆုတ်ကပ်ဆိုသည်မှာ - လူတို့၌ လူ့ကျင့်ဝတ်တရားဆုတ်ယုတ်ခြင်းကို ဆိုလိုသည်။ လူတို့၌ လူ့ကျင့်ဝတ်တရား ဆုတ်ယုတ်လျှင် လောဘ, ဒေါသ စသော အကုသိုလ်တရားတွေ သောင်းကျန်းလာပြီးလျှင် ဒုစရိုက်မကောင်းမှုတွေ ထူပြောလာပေသည်။ လောဘ ဒေါသ စသည်တို့နှင့်တကွ ဒုစရိုက်တွေ ထူပြော၍ လူ့ကျင့်ဝတ်တရားတွေ ပျက်ပြားလာလျှင် လူတို့သန္တာန်၌ ရောဂါဝေဒနာတွေ တစ်စစ ပေါ်များစွာ ဖြစ်ပေါ်လာသည်။ ရောဂါဝေဒနာတွေ ပေါ်များစွာ ဖြစ်ပေါ်လာလျှင် လူတို့၏ အသက်တမ်း ယုတ်လျော့သဖြင့် အသက်တမ်းတိုလာကြသည်။ ဤသို့ဖြစ်ရခြင်းကို ဆုတ်ကပ်ကာလဟူ၍ ခေါ်ဆိုကြသည်။

လောကီကျမ်း အလိုအားဖြင့် လူ့လောက၌ ယုဂ်လေးမျိုး ရှိသည်ဟု ဆိုသည်။ ယုဂ်လေးမျိုး ဆိုသည်မှာ-

၁။ ကတယုဂ်၊

၂။ တေတာယုဂ်၊

၃။ ဒွါပရယုဂ်၊

၄။ ကလိယုဂ်-ဟူ၍ လေးမျိုးဖြစ်သည်။ ထိုယုဂ်လေးမျိုးတို့တွင်-

၁။ ကတယုဂ်ဆန်းသောအခါ၌...

လူတို့သန္တာန်တွင် လူ့ကျင့်ဝတ်တရား အပြည့်အစုံ ရှိသည်။ လူတို့သည် သူတော်ကောင်းတရား၌ မွေ့လျော်ကြသည်။ ရသမျှနှင့် မျှတရောင့်ရဲသဖြင့် လောဘ, ဒေါသ ခေါင်းပါးကြသည်၊ ရောဂါကင်း၍ အသက်တမ်းရှည်ကြသည်။ ငြိမ်းချမ်းသာယာရှိသည်။ ဥပမာအားဖြင့်-အခြေလေးချောင်းရှိသော ခုတင်, ကုလားထိုင်, စားပွဲ တို့သည် အခြေလေးချောင်း အပြည့်အစုံရှိသဖြင့် မလှုပ်မရှား ဣန္ဒြေရရ တည်ငြိမ်နေဘိသကဲ့သို့၊ ကတယုဂ်ဆန်းသောအခါ၌ လူတို့သည် လူ့ကျင့်ဝတ်တရား အပြည့်အစုံရှိကြသည် ဖြစ်၍ လူ့လောကကြီးသည် ငြိမ်သက်စွာ ရပ်တည်၍ ဣန္ဒြေရရ ကိုယ်စိတ်နှစ်ဝ ချမ်းသာစွာနေကြသည်ဟု ဆိုသည်။

၂။ တေတာယုဂ်ဆန်းသောအခါ၌

အခြေလေးချောင်းရှိသော ခုတင်, ကုလားထိုင်, စားပွဲ တို့သည် အခြေတစ်ချောင်းပြုတ်၍ အခြေသုံးချောင်းဖြင့်သာ ထောက်တည်နေဘိသကဲ့သို့ လူတို့၌ လူ့ကျင့်ဝတ်တရား လေးပုံရှိရာတွင် လူ့ကျင့်ဝတ် (လေးပုံတစ်ပုံ) ပျက်၍ သုံးပုံသာ ရှိတော့သည်ဖြစ်၍၊ လောဘ, ဒေါသ အတော်အတန် ထူပြောကာ ဒုစရိုက်တို့သည်လည်း အတော်အတန် ဖြစ်ပွားလာသောကြောင့် ကိုယ်စိတ်ချမ်းသာမှု နည်းပါးလာကြသည်။ ရောဂါဝေဒနာ အနည်းငယ် ဖြစ်ပေါ်လာကြသည်။ အသက်တမ်း မသိမသာယုတ်လျော့လာကြသည်။

၃။ ဒွါပရယုဂ်ဆန်းသောအခါ၌...

အခြေလေးချောင်းရှိသော အရာဝတ္ထုသည် အခြေနှစ်ချောင်းပြုတ်၍ အခြေနှစ်ချောင်းသာ ကျန်ရှိသဖြင့် ဒယိမ်းဒယိုင် ဟိုထိုးဒီရောက်ဖြစ်၍ တည်ငြိမ်ခြင်း မရှိသကဲ့သို့၊ လူတို့သန္တာန်၌ လူ့ကျင့်ဝတ်တရား လေးပုံတွင် နှစ်ပုံ ပျက်စီး၍ နှစ်ပုံသာကျန်သဖြင့် ကိုယ်ကျင့်တရားနည်းပါး အကုသိုလ်တွေသာ ပွားများကြသဖြင့် နှလုံးစိတ်ဝမ်းချမ်းသာ တည်ငြိမ်မှု နည်းပါးသည်ထက်နည်းပါးကာ ရောဂါတိုးပွား၍ အသက်တမ်းလည်း တိုသည်ထက် တိုလာကြသည်။ ကုသိုလ်နည်းပါး အကုသိုလ်သာလျှင် များလာကြသည်။

၄။ ကလိယုဂ်ဆန်းသောအခါကာလ၌ကား-

ကလိယုဂေ သမာယာတေ၊
သဗ္ဗပါပေကမန္ဒိရေ။
ဓမ္မော ပါဒေါ ဘဝေ ဓမ္မော၊
သဗ္ဗေ ပါပရတာ ဇနာ။

သဗ္ဗပါပေကမန္ဒိရေ = အလုံးစုံသော မကောင်းမှုတို့ဖြင့် ပြည့်သော အိမ်ကြီးသဖွယ် ဖြစ်သော၊ ကလိယုဂေ = ကလိယုဂ် အခါကာလသည်၊ သမာယာတေ = ကောင်းကောင်းကြီး ရောက်လာခဲ့သည်ရှိသော်၊ ဓမ္မော = လူတို့၏ ကျင့်ဝတ်တရားသည်၊ ဓမ္မော ပါဒေါ = အခြေတစ်ချောင်းသာ ရှိသော အရာဝတ္ထုနှင့် တူသည်၊ ဘဝေ = ဖြစ်၏။ သဗ္ဗေ ဇနာ = လူတိုင်း လူတိုင်း တို့သည်၊ ပါပရတာ = မကောင်းသော ကာယကံမှု ဝစီကံမှုတို့၌သာ ပျော်ပိုက်ကြကုန်၏။

ကလိယုဂ်ဆန်းသော ခေတ်အခါ၌ အခြေလေးချောင်းရှိသော ခုတင်, ကုလားထိုင်, စားပွဲခုံ စသည်တို့သည် အခြေသုံးချောင်းပြုတ်၍ အခြေတစ်ချောင်းသာလျှင် ကျန်တော့သကဲ့သို့ လူတို့၏ သန္တာန်၌ လူ့ကျင့်ဝတ်တရားတို့သည်လည်း လေးပုံမှာ သုံးပုံပြုတ်ပြီး တစ်ပုံသာ ကျန်တော့သဖြင့် လောဘ ဒေါသတွေ ပွားများပြီး ဒုစရိုက်တွေသာလျှင် ထူပြောသည်ဖြစ်၍ လူ့လောကကြီးသည် ငြိမ်းချမ်းသာယာမှု အလွန်နည်းပါး၍ ရောဂါဆန်းတွေ ဖြစ်ကြ၊ အသက်အရွယ် ငယ်ငယ်နှင့်သေကြ စားရေရိက္ခာရှားပါး မိုးခေါင်ရေရှား အစရှိသော ဒုက္ခအမျိုးမျိုးတို့နှင့်သာ တပူပူ တလောင်လောင်နေကြရသည်ဟု ဆိုသည်။

ကလိယုဂ်သက်သည် နှစ်ပေါင်း ၄၃၂၀၀-နှစ်ရှိသည်ဟု ဆိုသည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ကလိယုဂ်နှစ် ၂၅၀၀ ကျော်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်-ဟု ဆိုသည်။ ယခုအချိန်ဆိုလျှင် ကလိယုဂ်နှစ်သို့ ရောက်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀၀၀ ကျော်လာပြီဟု ဆိုရမည်။ ကလိယုဂ်သက်နှင့် တွက်လျှင် ကလိယုဂ်နှစ်၏ရှစ်ပုံတစ်ပုံ ကလိယုဂ်ခေတ်ထဲသို့ ရောက်နေကြောင်းသိရသည်။ ယင်းကလိယုဂ်ခေတ် = မကောင်းမှု ဒုစရိုက်ပေါ်များ၊ ကောင်းမှုကုသိုလ်တရား နည်းပါးသော ခေတ်သို့ ရှစ်ပုံတစ်ပုံ ရောက်လာသည့်အလျောက်

ကမ္ဘာ့အခြေအနေကို ကြည့်လျှင် လူသားတို့သည် လောဘ, ဒေါသ စသည် ထူပြောလျက် ဒုစရိုက်တွေသာ များနေကြသည်ကို တွေ့မြင်ရသည်ဖြစ်ရာ ဒုစရိုက်များသည်နှင့်အမျှ ရောဂါဘေး, ရေဘေး, လေဘေး, မီးဘေး, လျှော်ဘေး, သတ္တန္တရဘေး, ဒုဗ္ဘိက္ခန္တရဘေးတွေကို ခံစားနေကြရသဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခွင့်နည်းပါးကြကုန်၏။

ဤသို့ ပြဆိုခဲ့ခြင်းသည် တစ်ကမ္ဘာလုံးအနေဖြင့် တစ်ကမ္ဘာလုံးကို ခြုံ၍ လူ့လောကတစ်ရပ်လုံးကို ကြည့်၍ ပြဆိုခြင်း ဖြစ်၏။ ထိုထိုတိုင်းပြည်တို့၌ ကလိယုဂ်ခေတ် တော်တော် ရင့်စေကာမူ မြန်မာနိုင်ငံ အဖို့မှာမူကား ကလိယုဂ်ခေတ် မဆန်းသေးဟု ဆိုချင်သည်။ တစ်နည်းအားဖြင့် မြန်မာပြည်၌ ကတယုဂ်မဆန်းသေးစေကာမူ တေတာယုဂ်ခေတ်လောက်တော့ ရှိသေးသည်ဟု ဆိုချင်သည်။ ဤသည်ကား မိမိဆိုလိုသည်ကိုသာ ပြောခြင်းဖြစ်သည်။

အဘယ်ကြောင့် ကတယုဂ် သို့မဟုတ် တေတာယုဂ်ခေတ်ဟု ဆိုချင်သနည်းဟူမူ သံဃာတော်များဘက်ကို ကြည့်လျှင် ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်တော်မူကြသော သံဃာတော်များ၊ ပဋိပတ္တိသာသနာတော်ကို ဆောင်ရွက်တော်မူကြသော သံဃာတော်များ၊ ပရိယတ္တိပဋိပတ္တိတို့ကို ဆောင်ရွက်ရင်း စတုပါရိသုဒ္ဓိသီလကျင့်ဝတ်တို့ကို ထိန်းသိမ်းကာ သူတော်ကောင်းတရားကို ပွားများ အားထုတ်လျက် ရှိတော်မူကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ကြရသောကြောင့် ဖြစ်သည်။

ဥပါသကာဥပါသိကာ ဒကာဒကာမတို့ဘက်ကို ကြည့်ပြန်လျှင်လည်း ဘုရား, တရား, သံဃာ- ရတနာသုံးပါးကို ဆည်းကပ်ကြလျက် နေ့စဉ် ဘုရားဝတ်ပြုရှိခိုးခြင်း၊ မိဘဆရာတို့ကို ရှိခိုးခြင်း၊ ရိုသေလေးစားခြင်း၊ မိဘဆရာတို့ကို ပြုစုလုပ်ကျွေးခြင်း၊ ဒါနပြုခြင်း၊ သီလသီတင်းကျင့်သုံးဆောက်တည်ခြင်း၊ စွမ်းနိုင်သမျှ အချိန်ရသမျှ သမထဝိပဿနာဘာဝနာပွားများခြင်း၊ စေတီတော်တို့ကို သွားရောက်ဖူးမြော်ကာ စွမ်းနိုင်သမျှကောင်းမှုပြုခြင်း စသည်တို့ကို တွေ့မြင်ကြရပေသည်။

ယင်းသို့လျှင် လောဘ, ဒေါသ တို့ကို တတ်နိုင်သမျှ ချိုးနှိမ်၍ မကောင်းမှု - ဒုစရိုက်တို့ကို ကင်းနိုင်သမျှ ကင်းအောင် ရှောင်ကြဉ်ကြ၍၊ ကောင်းမှု ကောင်းလုပ်ဖြစ်သော ကာယကံမှု ဝစီကံမှုတို့ကို ပြုလုပ်ဆောင်ရွက်နေကြသော မြန်မာနိုင်ငံ တိုင်းရင်းသား ဥပါသကာ ဥပါသိကာတို့၏ ကာယကံကောင်းမှု ဝစီကံကောင်းမှုတို့ကို တွေ့မြင်ရသည် ဖြစ်ရာ အခြားနိုင်ငံ အခြားသောလူတို့၌ ကလိယုဂ်ခေတ် ဆန်းနေစေကာမူ မြန်မာနိုင်ငံ၌မူကား ကလိယုဂ် မဆန်းသေးပါ။ ကတယုဂ် (သို့မဟုတ်) တေတာယုဂ် ဆန်းလျက် ရှိပါသေးသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

အထူးအားဖြင့် 'ကတယုဂ်ဆန်းဆဲပင် ရှိသေးသည်'ဟု ဆိုလိုခြင်း၏ အကြောင်းတစ်ရပ်ကား အခြားမဟုတ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တည်ရှိသော 'တိပိဋက - နိကာယကျောင်းတိုက်ကြီး' ပင်ဖြစ်သည်။ ဤကျောင်းတိုက်ကြီးကို ဉာဏ်အမြင်ကျယ်တော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော် ရှေ့ဆောင်ဦးစီး၍ ပရိယတ္တိ သာသနမာမက ဒကာများ အဖွဲ့ဖြင့် တည်ထောင်ထားခြင်း ဖြစ်သည်။

သာသနာတော် သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် ပဓာန အရင်းမူလ ပင်မသာသနာတော် ဖြစ်သည်။ ပရိယတ္တိသာသနာကွယ်လျှင် မြတ်စွာဘုရား သာသနာကွယ်ပေတော့သည်။ ထို့ကြောင့် သာသနာတော် အဓွန့်ရှည်စွာ တည်စေခြင်းငှာ ရည်ညွှန်းတော်မူ၍ ဤတိပိဋက - နိကာယကျောင်းတိုက်ကြီးကို တည်ကာ ယနေ့ ပရိယတ္တိ စာသင်သား ၁၄၀-ကျော်တို့ကို လက်ခံ၍ ပစ္စည်းလေးပါးတို့၌ လိုလေသေးမရှိ၊ ချမ်းသာအောင် ထောက်ပံ့ပြုစု၍ တိပိဋကရေ နိကာယ ပါရဂူ သံဃာတော်များ ပေါ်ထွက်အောင် ဆောင်ရွက်လျက် ရှိလေသည်။

ဤ တိပိဋက - နိကာယကျောင်းတိုက် သာသနာပြုကျောင်းတိုက်ကြီးကို အကြောင်းပြု၍ မန္တလေး ရန်ကုန် အစရှိသော ထိုထိုမြို့ရွာတို့မှ ဒကာဒကာမတို့သည် လောကီ ပွဲလမ်းသဘင်တို့ကို ကျောခိုင်း မျက်နှာလွှဲခဲ့လျက် ကျောင်းအလှူဒါန၊ ဆွမ်းအလှူဒါန၊ သင်္ကန်းအလှူဒါန၊ ဆေးအလှူဒါန စသည်တို့ကို ပြုလုပ်၍ ကောင်းမှုတို့ကို အားထုတ်ကြရသည်။ သီလသီတင်း ကျင့်သုံးကြသည်။ တရားပေစာကြားနာကြသည်။ သာသနာနှင့်စပ်၍ ကောင်းမှုမျိုးစုံကို ပွားများအားထုတ်ကြရသည်။

ဤကောင်းမှုတို့ကို အားထုတ်ပြုလုပ်ကြကုန်သော ဒကာ+ဒကာမတို့ သန္တာန်၌ အကုသိုလ်နည်းပါး၍ ကုသိုလ်တို့သည်သာလျှင် ပွားများလျက် ရှိကြသည်။ တိပိဋက = နိကာယဝန်ဆောင်သံဃာတော်များ၏ သန္တာန်၌လည်း သာသနာ့အလုပ် သာသနာ့ကိစ္စ၌သာ အာရုံပြု၍ ပရိယတ္တိဓမ္မကို အားထုတ်နေကြရသည်ဖြစ်၍ ထိုသံဃာတော်များသန္တာန်၌လည်း အရိယာတမျှ လောဘ, ဒေါသ စသော အကုသိုလ်တရားတို့ ခေါင်းပါးအားနည်းကာ ကုသိုလ်တရားတို့သာ ပွားများ ဖြစ်ပေါ်နေကြသည်။

ယင်းသို့သော သံဃာတော်များနှင့် ယင်းသို့သော ဒကာ+ဒကာမတို့၏ သန္တာန်ကို ဉာဏ်ဖြင့် ကြည့်ရှုကြပါလျှင် ထိုသံဃာတော်၊ ထိုဒကာ-ဒကာမအဖို့၌ ကတယုဂ်ဆန်းသောခေတ် ဖြစ်နေကြသည်-ဟု ဆိုရမည်။ ကလိယုဂ်ခေတ်ကို တော်လှန်နေကြသော ပုဂ္ဂိုလ်တို့ ပါပေတည်း။ တိပိဋက = နိကာယကျောင်းတိုက်ကြီးကို နိုင်ငံနှင့်အဝန်းအားပေးချီးမြှောက်နေကြသည်ဖြစ်၍ နိုင်ငံနှင့်အဝန်းပင် ကလိယုဂ်ခေတ်ကို ခြေကန်တွန်းလှန်နေကြခြင်းပင်ဖြစ်သည်-ဟု ဆိုရမည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံတို့၌ ကလိယုဂ်ခေတ်ဆန်းသော်လည်း မြန်မာပြည်အဖို့၌ ကတယုဂ်ဆန်းလျက် (သို့မဟုတ်) တေတာယုဂ်ဆန်းလျက် ရှိသည်ဟု ဆိုခဲ့သည်။

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် အမှန်စင်စစ် ဤအကျိုးမျှလောက်ကိုသာ ရည်ရွယ်တော်မူမည် မဟုတ်ချေ။ အဘယ်သို့သော အကျိုးစီးပွားတိုင်အောင် ရည်ရွယ်သနည်း ဟူမူ ဤ တိပိဋက=နိကာယ သာသနာပြုကောင်းမှုကို အကြောင်းပြု၍ သံဃာတော်များရော၊ ဒကာဒကာမများပါ 'အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ'ဟု အရှင်ပုဏ္ဏထေရ် မိန့်တော်မူသကဲ့သို့ တဏှာ,ဒိဋ္ဌိတို့၏ အစွဲအလမ်းမှ လွတ်မြောက်၍ ကိလေသာမီးနှင့် ဒုက္ခက္ခန္ဓာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရရှိကြသည့်တိုင်အောင် ရည်ညွှန်း၍ ဤသို့ဦးဆောင်ကာ အားထုတ်ပြုလုပ်ခြင်း ဖြစ်ပေလိမ့်မည်။

တိပိဋက = နိကာယဝန်ဆောင်သံဃာတော်တို့သည် တိပိဋက = နိကာယကို အောင်ရုံသာမဟုတ်၊ သင်ကြားတတ်မြောက်ပြီးသည့်အခါ ထိုထိုပိဋက ထိုထိုနိကာယ်တို့၌ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်တို့ကို ထုတ်နုတ်၍ ကိုယ်တိုင်လည်း ပွားများအားထုတ်သဖြင့် လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်ကြောင်းလည်း ဖြစ်စေမည်။ ဒကာဒကာမတို့ကိုဟောကြားသဖြင့် ဒကာဒကာမတို့သည်လည်း 'မာတိကာမာတာဒကာမကြီးကဲ့သို့ လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်ကြောင်း ဖြစ်စေမည်'ဟု ဤသို့သော အကျိုးစီးပွားကို ကြည့်မြင်၍ ဦးဆောင်ရှေ့သွားပြုကာ ဆောင်ရွက်တော်မူသည်-ဟု ယုံကြည်ပေသည်။

ယင်းသို့ ယုံကြည်သည့်အလျောက် ကလိယုဂ်ကို ခြေကန်တွန်းလှန်၍ မြန်မာပြည်၌ ကတယုဂ်, တေတာယုဂ် ဆန်းစေသော သံဃာတော်များနှင့်တကွ တိပိဋက= နိကာယကျောင်းတိုက်ကြီးကို အားပေးချီးမြှောက်ကြကုန်သော ဒကာဒကာမတို့သည် ခန္ဓာလောကကြီးကို တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ တဏှာဒိဋ္ဌိတို့မှ လွတ်မြောက်ရာနိဗ္ဗာန်ကို ချမ်းသာသောကျင့်ဝတ် လျင်မြန်သော အမြင်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး

ဝန်းသိုခန္တီးဆရာတော်ကြီး

ဘဒ္ဒန္တသုဇန

၏

အနုမောဒနာ ဩဝါဒကထာ

မင်းကွန်းတိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ ပထမ သုံးနှစ်ခရီးစာစောင်၌ ဝိနယဘာဏက ကောဝိဒ၊ ဒီဃဘာဏကကောဝိဒ၊ အဘိဓမ္မဘာဏကကောဝိဒ၊ ဧကပိဋက၊ ဒွိပိဋက ဘွဲ့ထူးဂုဏ်ထူး ရရှိကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များစာရင်းကို ကြည့်ရှုရတုန်းကပင် ဘုန်းကြီး လွန်စွာ အားရကျေနပ် ဝမ်းမြောက်မိပါသည်။

ပထမ သုံးနှစ်ခရီးထက် ဒုတိယ သုံးနှစ်ခရီးတွင် ပို၍အောင်မြင်ကြောင်း ကြားသိရပြန်သဖြင့် ထပ်မံ ဝမ်းမြောက်ရပြန်ပါသည်။ ဤသို့ အောင်မြင်လာခြင်းသည် အမြော်အမြင်ကြီးသည့် တိပိဋကဓရဆရာတော် ဦးဝိစိတ္တ အရှင်နှင့် လောကဓံ ကြံ့ကြံ့ခံပြီး မလျှော့သောဇွဲဖြင့် အားထုတ်ကြသော အဖွဲ့ကြီး၏သဒ္ဓါစေတနာ၊ အဖွဲ့ကြီး၏ ပစ္စည်းလေးပါးကို မှီခိုပြီး ကာယစိတ္တသုခနှစ်ဖြာနှင့် ကြိုးစား အားထုတ်ကြသော စာသင်သားတို့၏ ဇွဲလုံ့လတို့ကြောင့် ဖြစ်ပါသည်။

စာသင်အရှင်မြတ်တို့ကလည်း အလဂဒ္ဒူပမာ=မြွေဖမ်း ဥပမာလျှင် စာသင်ခြင်း၊ နိဿရဏတ္ထ=သံသရာမှ လွတ်မြောက်ရန် စာသင်ခြင်း၊ ဘဏ္ဍာဂါရိက=မင်းဘဏ္ဍာစိုးကဲ့သို့ တရားဘဏ္ဍာ ဖြစ်ရန် သင်ကြားခြင်း သုံးမျိုးအနက် အလဂဒ္ဒူပမာသင်ခြင်း မဖြစ်စေဘဲ သံသရာမှ လွတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ကြိုးစားသင်ယူကြပါလျှင် နိကာယ အဖွဲ့ကြီးနှင့် စာသင်အရှင်များပါအကျိုးရှိပြီး အနာဂတ် သာသနာအတွက် အားတက်ဖွယ်ရာ ဖြစ်ပါသည်။

'သာသနာဋ္ဌိတိယာ ပန ပရိယတ္တိမူလံ' ဟူသည်နှင့် အညီ ပရိယတ္တိသာသနာတည်နေသမျှ သာသနာသုံးရပ် တည်နေမည် ဖြစ်၍ မင်းကွန်း နိကာယအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်းသည် သာသနာသုံးရပ်ကို ပြုစု ဆောင်ရွက်သည့် ကောင်းမြတ်သောလုပ်ငန်း ဖြစ်ပါသည်။

သို့ဖြစ်၍ နောင်နှစ်ပေါင်းများစွာ ကြာမြင့်အောင် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ကြစေရန်နှင့် အနာဂတ်သာသနာအတွက် ဤနိကာယသာသနာပြုအဖွဲ့ ကြီးမှ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်ပါ စေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

ဘဒ္ဒန္တသုဇန

အဘိဓဇမဟာရဋ္ဌဂုရု။

ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး
ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ၏
သမ္မောဒနီယဩဝါဒကထာ

နိုင်ငံခြားရောက်တဲ့အခါ အထူးသဖြင့် ဥရောပ, အမေရိက, ဩစတြေးလျရောက်တဲ့အခါ လေယာဉ်ပျံ, ရထားစီးရင်း လူတွေက ဘုန်းကြီးကို မေးကြတယ်။ ဘယ်လိုမေးသလဲဆိုတော့ အဝတ်ကအစ အထူးအဆန်း ဖြစ်နေတာကိုး။ ဥရောပကျတော့ ရှပ်ချင်းကလဲမတူဘူး။ ပထမကတော့ ဘာလူမျိုးပါလိမ့်မတုန်းလို့ မေးကြတယ်။ လူတိုင်းလိုလိုပဲ မေးကြတယ်။ လေယာဉ်ပျံမောင်းတဲ့ ကပ္ပတိန်ကတောင် မေးတယ်။ မြင်တယ်ဆိုတစ်ခါတည်း-

'အရှင်ဘုရား တစ်မျိုးပါလား ဘယ်ကတုန်း'။

'ဗမာပြည်က'။

'ဗမာလူမျိုးတွေဟာ ဒီလိုပဲဝတ်သလား'။

'ဟာ... မဝတ်ပါဖူး'။

'အရှင်ဘုရားက ဘာဖြစ်လို့ ဒီလိုဝတ်ရသတုန်း'။

'ဘုန်းကြီးမို့လို့ ဝတ်တာ၊ ဘုန်းကြီးဆိုတာ Priest ဒါမဟုတ် Monk ပေါ့'။

ဒါက ခရစ်ယန်အသုံး။ ခရစ်ယန်မှာ နှစ်ဂိုဏ်းရှိတယ်။ ပရိုတက်စတင့် (Protestant) နဲ့ ရိုမင်ကက်သလစ် (Roman Cathalic)။ ပရိုတက်စတင့်က အင်္ဂလိပ်တွေရဲ့ ခရစ်ယန်ဘာသာ၊ ရောမက ခရစ်ယန်က ရိုမင်ကက်သလစ် ခေါ်တယ် ခရစ်ယန်ချည်းပဲ။ ဗုဒ္ဓဘာသာရဟန်းဆိုတာ Priest လဲမဟုတ်ဘူး။ Monk လဲ မဟုတ်ဘူး။ ပါဠိလို ဘိက္ခု ခေါ်တယ်။ Priest ဆိုတာ ဗမာပြည်က ဘုရားတွေမှာ ဂြိုဟ်တိုင်ရေလှူတဲ့အခါ လှူသူရဲ့ကိုယ်စား ဆုတောင်းပေးတဲ့ ရေရောင်းသူနဲ့ တူတယ်။ ပရိသတ်ကိုယ်စား ထာဝရဘုရား သခင်ထံ ဆုတောင်းပေးတယ်။ ပရိသတ်နဲ့ ထာဝရဘုရားကို အောင်သွယ်ပေးတဲ့သူ။

Monk ဆိုတာ ဘုန်းကြီးဖြစ်ရင် သစ္စာပြုရတယ်။ ပထမ ကိုရင်ဝတ် novice ၊ အစမ်းလေ့ကျင့်လို့ စာမေးပွဲ အောင်ရင် Monk လုပ်ရတယ်။ Monk လုပ်လို့ရှိရင် သစ္စာပြုရတယ်။ 'ဒီရဟန်းအဖြစ်က ဘယ်တော့မှ မထွက်ပါဘူး' လို့။

ဗုဒ္ဓဘာသာမှာကတော့ သစ္စာပြုတာလဲမရှိပါဘူး။ အောင်သွယ်လုပ်တာလဲ မရှိဘူး။ ကိုယ်လုပ်နိုင်သမျှ လုပ်တာ။ ပထမ ကိုရင်၊ နောက်ရဟန်း။ နေနိုင်ရင်နေ၊ မနေနိုင်ရင် ထွက်။

ရိုမင်ကက်သလစ်များမှာတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါတည်း ဘုန်းကြီးဖြစ်ရင် နေနိုင်နေနိုင်၊ မနေနိုင် မနေနိုင် သစ္စာပြုထားတဲ့အတွက် ထွက်ကိုမထွက်ရဘူး။ ထွက်ရင် အင်မတန်ကြီးကျယ်တဲ့ အပြစ်ကြီး။ ဘယ်လို ကြီးကျယ်တုန်းဆိုတော့ တစ်ခုခုတော့ဖြစ်ရမယ်။ သစ္စာပြုပြီးသား ဖောက်ဖျက်ရမလား ဆိုပြီးတော့ ရူးရင်လဲရူးမယ်၊ စီးပွားပျက်ရင်လဲ ပျက်ရတယ်။

ဗုဒ္ဓဘာသာဘုန်းကြီးအတွက် အင်္ဂလိပ်စကား မရှိလို့ Priest လို့လဲသုံးတယ်။ Monk လို့လဲ သုံးနေကြရတယ်။ အမှန်ကတော့ ပါဠိလို ဘိက္ခုပဲ။ ဘိက္ခုဆိုတာ ဘာလဲဆိုရင် လောဘ, ဒေါသ, မောဟ ကင်းအောင် ကျင့်နေတဲ့ဘုန်းကြီး။

တစ်ခါ သင်္ကန်းအကြောင်းကို မေးလာပြန်တယ်။

'ဘာပြုလို့ ဒီအဝါရောင်ကြီးကို ဝတ်ရတာတုန်း'။

'အဝါရောင်ဝတ်တာ၊ အရောင်မျိုးစုံ ဘာလို့ မဝတ်သလဲဆိုလို့ရှိရင်' အဲဒါက အဓိပ္ပာယ်ရှိတယ်။

လောကမှာတော့ သစ်သီးသစ်ရွက်တွေဟာ နုသေးရင် စိမ်းနေတယ်။ ရင့်လာရင် စိမ်းရာမှ ဝါလာတယ်။ ဘာပြုလို့ ဝါသွားသလဲဆိုတော့ သူက ရင့်လာတာကိုး။ နုသေးလို့ စိမ်းတယ်။ ဒီလိုပဲ လူများမှာ ကိလေသာဆိုတာရှိတယ်။ အညစ်အနွမ်းလောဘ, ဒေါသ, မောဟတွေပေါ့။ အဲဒါတွေ ထူပြောနေသေးတယ်ဆိုလို့ရှိရင် အစိမ်းကြိုက်တဲ့သူကစိမ်း၊ အဝါ, အနီ, ပန်းရောင် စသည်ကြိုက်တဲ့သူကလဲ စိတ်ပြောင်းတိုင်း အဝတ်ကပြောင်းနေတယ်။ ဘုန်းကြီးကျတော့ ပြောင်းလို့မရဘူး။ ပြောင်းချင်တဲ့စိတ်ကို မရှိဘူး။ ရင့်ကျက်နေသော အသီးအရွက်များ ရင့်လာရင်ဝါလာသလို အဝါကိုဝတ်တယ်။

တချို့ လေယာဉ်မောင်းသမားတွေလဲ မေးကြတယ်။

'အရှင်ဘုရား၊ ဘာ ဘာသာ တုန်း'။

'ဗုဒ္ဓဘာသာ'။

'အရှင်ဘုရားက ဗုဒ္ဓဘာသာဆိုတော့ ဗုဒ္ဓဘာသာဆိုတာဘာလဲအရှင်ဘုရား။ ရှည်ရှည်ကြီးတော့ အချိန်မရဖူးဘုရား၊ အကျဉ်းချုပ်၊ အကျဉ်းချုပ်နိုင်သမျှ ချုံ့ပြီး ပြောစမ်းပါ'-တဲ့။

'၁။ မကောင်းတာမှန်သမျှ မလုပ်နဲ့၊

၂။ ကောင်းတာမှန်သမျှ လုပ်၊

၃။ စိတ်ကို စင်ကြယ်အောင်ထား၊

အဲဒါ ဗုဒ္ဓဘာသာပဲ။'

အဲဒီလို ဖြေတဲ့အခါကျတော့ တက်လာပြန်တယ်။

'ဘာတွေလဲကိုယ်တော်၊ မကောင်းတာတွေဆိုတာ'။

'ကောင်းတာတွေက ဘာတွေတုန်း'။

'စိတ်ကို စင်ကြယ်အောင်ထားဖို့ရာက တယ်လွယ်တာမှ မဟုတ်ဘဲ ကိုယ်တော်တဲ့'။

'မကောင်းတာမှန်သမျှ မလုပ်နဲ့ ဆိုတဲ့ဥစ္စာက ဗုဒ္ဓဘာသာမှာ အသေးစိတ်ရှိပါတယ်။ ကောင်းတာမှန်သမျှ မလုပ်နဲ့ဆိုတာ ကိုယ်လဲမကြိုက်ဘူး၊ သူများလဲ မကြိုက်ဘူး။ ကိုယ့်မှာလဲ ကျေးဇူးမရှိဘူး၊ သူများမှာလဲ ကျေးဇူးမရှိဘူး။ အဲဒါတွေက မကောင်းတာတွေပေါ့။'

'ကောင်းတာတွေဆိုတာက ကိုယ့်အတွက်လဲ ကျေးဇူးများတယ်၊ သူများအတွက်လဲ ကျေးဇူးများတယ်။ ဒီစကားကြားရတဲ့ အတွက်ကြောင့် အကြံကောင်း အစည်ကောင်း ရပြီးတော့ အကျိုးကျေးဇူးများတယ်။'

'စိတ်ကိုစင်ကြယ်အောင်ထားပါဆိုတာ ဘာတွေပြောတာလဲဆိုတော့ သူများဆီက မတရားမလိုချင်နဲ့၊ သူများဆီက ရဖို့ချည်း စိတ်မကူးနဲ့ လောဘအရင်းခံပြီး မပြောနဲ့၊ ဒေါသအရင်းခံပြီး မပြောနဲ့၊ အဲဒီနှစ်ခုကို စင်ကြယ်အောင်ထားရင် စိတ်ကို စင်ကြယ်အောင်ထားတာပဲ။'

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။ ။

အရှင်သေဋ္ဌိလာဘိဝံသ
ပဋ္ဌာနကျော်၊ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု။

ပဲခူးမြို့မဆရာတော်ကြီး

ဘဒ္ဒန္တကုဏ္ဍာစာရ

၏

သြဝါဒကထာ

သရီရဿ ဂုဏာနဉ္စ၊ ဒူရ မစ္စန္တ မန္တရံ၊
သရီရံ ခဏဝိဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ။

ဟိတောပဒေသ၊ မိတ္တလာဘ။ ဂါထာ-၄၉။

သရီရဿ စ=ခန္ဓာကိုယ်၏လည်းကောင်း၊ ဂုဏာနဉ္စ= သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၏လည်းကောင်း၊ အန္တရံ=ထူးပြားကွာခြားခြင်းသည်၊ အစ္စန္တံ ဒူရံ=အလွန်အကျူး အထူးပင်ဝေးကွာလှ၏။ သရီရံ=ခန္ဓာကိုယ်သည်၊ ခဏဝိဓံသိ= ဇရာဆိုတဲ့တရား ဗျာဓိဆိုတဲ့တရား မရဏဆိုတဲ့တရား မလွန်ဆန်နိုင်လို့ မကြာခဏပျက်စီးရခြင်းသဘောရှိပေ၏။ ဂုဏာ= အသက်ရှိစဉ်ကဆောင်ရွက်ခဲ့သော သတ္တိအထူး ဂုဏ်ကျေးဇူးတို့သည်ကား၊ ကပ္ပန္တဋ္ဌာယိနော=ကမ္ဘာကုန်ဆုံးသော်လည်း ပျက်ပြုန်းမရှိ တည်ရှိနေနိုင်ဘိ၏။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးနဲ့ ဘုန်းကြီးတို့ဟာ ငယ်စဉ်ကတည်းက မန္တလေးမြို့ မစိုးရိမ်တိုက်မှာ အတူတူသြဝါဒခံခဲ့ကြတယ်။ တိပိဋကဓရ ဖြစ်ပြီးတဲ့အခါကျတော့လည်း မင်းကွန်းကိုကြွပြီးတော့ ခုနစ်ရက်ကြာသီတင်းသုံး နေထိုင်ကာ ချီးမြှင့်ခဲ့ရပါတယ်။ သူ့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အာရုံပြုပြီးတော့ ဘုန်းကြီးကလည်းပဲကြည်ညိုလို့ မဆုံးဘူး။ လူစားထိုးလို့မရတဲ့ အဖြစ်မျိုးရောက်တဲ့ သူ့အပေါ်မှာ ချီးကျူးစရာတွေ အများအပြားပဲရှိပါတယ်။

အဲဒီအများအပြားတွေကို အကျဉ်းချုံးပြီးတော့ ခုနက ဂါထာထဲက 'သရီရံ ခဏဝိဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ'ဆိုတဲ့ စကားအတိုင်း 'ခန္ဓာကိုယ်ပင် မကြာခဏ သေကြေပျက်စီးရစေကာမူ အသက်ရှိစဉ်ကဆောင်ရွက်ခဲ့တဲ့ သတ္တိအထူး ဂုဏ် ကျေးဇူးတို့သည် ကမ္ဘာကုန်ဆုံးသော်လည်း ပျက်ပြုန်းမရှိ တည်နေနိုင်၏'ဆိုတာ 'ကမ္ဘာကျေသော်လည်း ဥဒါန်းမကြေ' ဆိုတဲ့စကားရဲ့ အရင်းခံပါပဲ။

သာသနာ့မှတ်တမ်းအားဖြင့် သံဃာတော်များဘက်ကလည်း သံဃာတော်များအလျောက် စွန့်စားအားထုတ်မှု၊ လူ ဒကာဒကာမများဘက်ကလည်း ဒကာဒကာမများအလျောက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်ပေါ်ပေါက်လာတဲ့အခါ ဝိုင်းဝန်းပြီးတော့ အားပေး ချီးမြှောက်ဖို့ရာတော့ ငါတို့ရဲ့တာဝန်ပဲဆိုတဲ့ အနေနဲ့ ဆောင်ရွက်ကြပါတယ်။

ခုလည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ အာရုံပြုပြီးတော့ ပူဇော်ပွဲပြုလုပ်တာမှာ ပရိသတ်များ စုံညီပါတယ်။ ဒါကြောင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးရဲ့ အသက်ရှိစဉ်က ဆောင်ရွက်ခဲ့တဲ့ သတ္တိအထူး ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီးတော့ ကုသိုလ်တရား ဆက်လက်ပွားများ အားထုတ်ကြပါလို့ တိုက်တွန်းရင်း သြဝါဒစကားကို နိဂုံးချုပ်လိုပါတယ်။ ။

ဘဒ္ဒန္တကုဏ္ဍာစာရ
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက၊
ပဲခူးမြို့မစာသင်တိုက်ကြီး၊ ပဲခူးမြို့။



ဓမ္မမိတ်ဆွေနှစ်ဦး ဆွေးနွေးခန်း

မစိုးရိမ်ပဓာန်းဆရာတော်ကြီး
ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ

၁။ ဓမ္မမိတ်ဆွေ။ ။ဩော်...ဓမ္မမိတ်ဆွေပါလား၊ ဒီလို နေရာမျိုးမှာ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာနဲ့ လာတွေ့ရတာ အလွန်ဝမ်းသာပါတယ် မိတ်ဆွေ။

စကားမစပ် မေးစမ်းပါရစေနော်၊ မင်းတုန်းမင်းတရားကြီးလက်ထက် စလေဆရာကြီး ဦးပုညရေးသားခဲ့ဖူးတဲ့ 'သောင်ကမ်းနှင့် ရေ၊ လွမ်းစရာ ပွေလွန်းလို့' ဆိုတဲ့ စာသွားအတိုင်း ဟောဟိုက ဧရာဝတီသောင်ကမ်းနဲ့ စမ်းရေရယ်၊ ဟောဒီက တောင်တန်းတွေနဲ့ ဘုရားစေတီတော်မြတ်တွေရယ်၊ ကျောင်းဆောင်လေး တွေရယ်ဟာ ဘယ်လောက်ပနံရသလဲ၊ ဒီတောတောင် ရိပ်သာနဲ့ ဒီစေတီတော်မြတ်၊ ဒီကျောင်းကလေးတွေဟာ လွန်စွာ ကြည်ညိုဖွယ် ဖြစ်သလို ကြည်နူးမွေ့လျော်ဖွယ်လည်း ကောင်းလှပါတယ် မိတ်ဆွေ။

ဒီတော ဒီတောင် ဒီစေတီနဲ့ ဒီကျောင်းဆောင်တွေအကြောင်းကို သိစမ်းပါရစေ ဓမ္မမိတ်ဆွေခင်ဗျား။

၂။ ဓမ္မမိတ်ဆွေ။ ။ ဒီတောင်တော်က မင်းဝံတောင်ရိုးမှာ အပါအဝင်ဖြစ်တဲ့မင်းကွန်းတောင်ရိုး **မိုးမိတ်ကုန်းမြေ**-ပါတဲ့မိတ်ဆွေ။ ဒီစေတီတော်များကတော့ ကြားဖူးနားဝအတိုင်း ပြောရမယ်ဆိုလျှင် အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး (ဦးဝိုင်း) ရွှေဘိုရောက်တဲ့အခါ ရွှေဘိုမှ လှမ်းပြီး ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ထားကိုးကွယ်တော်မူတဲ့ မင်းကွန်းပုထိုးတော်စေတီမြတ်ကြီး၏အခြံအရံဖြစ်တဲ့ ထိုပုထိုးတော်ကြီးတည်စဉ်က မိမိ၏တပ်မတော်တပ်မှူး ဗိုလ်မှူးကြီးများနဲ့ နေရာယူအစောင့်တာဝန်ကျတဲ့ 'မိုးမိတ်မင်းသားကြီး' တည်ထားကိုးကွယ်တဲ့ မိုးမိတ်စေတီတော်မြတ်စွာဘုရားဖြစ်ပါတယ် မိတ်ဆွေ။

ဒီကျောင်းတော်တွေကတော့ တိပိဋကရေစာမေးပွဲနဲ့ အရပ်ရပ်ရှိ အသင်းများ၏နိကာယ်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြမယ့် 'တိပိဋက စာသင်သားကြီးများ၊ နိကာယ်စာသင်သားကြီးများ' ပစ္စည်းလေးပါးအတွက် လုံးဝကြောင့်ကြမှုမရှိစေရဘဲ နိကာယ်ငါးရပ် ပိဋကတ်စာပေကို အချိန်နာရီပြည့် ကျက်+အံ+ကြံ+ကြည့်နိုင်ကြရန် တည်ထောင်ထားတဲ့ 'တိပိဋက - နိကာယ ကျောင်းတိုက်ကြီး'ရဲ့ နိကာယ်ငါးရပ်ပိဋကတ်တော်ဆိုင်ရာ အမည်ကမ္ပည်း အသီးသီးတပ်ထားတဲ့ နိကာယ်ကျောင်းဆောင်တွေ ဖြစ်ပါတယ် မိတ်ဆွေ။

၁။ ဓမ္မမိတ်ဆွေ။ ။ ဒီလိုဆိုလျှင် ရှေးရှေးက စေတီတော်မြတ်တွေနဲ့ ယခုခေတ်မှ အသစ်ဆောက်လုပ် လှူဒါန်းထားကြတဲ့ အဆောက်အအုံတွေ ရောနှောနေတာပေါ့နော်။

၂။ ဓမ္မမိတ်ဆွေ။ ။ ဟုတ်တာပေါ့ဗျာ။ ဒါမှလည်း မြတ်စွာဘုရားကို ဖူးမြော်ပြီးတာနဲ့ မြတ်စွာဘုရားရဲ့ သားတော်တွေဖြစ်တဲ့ သံဃာတော်တွေရဲ့ ရွတ်အံသရဇ္ဈာယ်နေကြတဲ့ မြတ်စွာဘုရားရဲ့ မုခပါဌ် တရားတော်သံတွေကိုပါ တစ်ခါတည်း တစ်ထိုင်တည်းနဲ့ ဖူးမြော်နိုင် ကြည်ညိုနိုင်ကြတာပေါ့ဗျာ။

၁။ ဓမ္မမိတ်ဆွေ။ ။ သာဓုဗျာ သာဓု သာဓု။ ဒါထက် အခုလို ရတနာသုံးပါးကို တစ်ခါတည်း တစ်ထိုင်တည်းနဲ့ ဖူးမြော်နိုင် ကြည်ညိုနိုင်အောင် မည်သူကများ တီထွင်ပြီး စီစဉ်ဖန်တီးထားတယ်ဆိုတာ သိပါရစေလား မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ ဩော်... ဟုတ်သားပဲ။ ဓမ္မမိတ်ဆွေက မေးမှပဲ ကျွန်တော်လည်း ပြောဖို့သတိရတော့တယ်။ ဒီလိုပါ ပထမအနေနဲ့ ဟောင်းနွမ်းဆွေးမြည့်ပြီး အုတ်ပုံကြီးများသဖွယ်ဖြစ်ကာ ပြိုကျပျက်စီးနေတဲ့ မိုးမိတ်စေတီတော်ကြီးနှင့်တကွ အရံစေတီတော်များ အားလုံးကို ချုံနွယ်ပုပ္ပေါင်းတွေ ဖယ်ရှင်းပြီး ပြင်ဆင်မွမ်းမံ၍၊ ဒုတိယအနေနဲ့ ကျောင်းတိုက်ကြီးတည်ပြီး ကျောင်းဆောင်တွေ အသီးသီးပေါ်ပေါက်လာအောင် စီစဉ်ဖန်တီးသူတွေကတော့ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးဦးဆောင်ပြုတဲ့ နာယကဆရာတော်များအဖွဲ့နဲ့ မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့ခေါ် တိပိဋက - နိကာယ သာသနာပြုအဖွဲ့ရယ်၊ အရပ်ရပ်ရှိ အလှူရှင် ဒကာ+ ဒကာမများရယ် ဖြစ်ပါတယ် မိတ်ဆွေ။

၁။ ဓမ္မမိတ်ဆွေ။ ။ သာဓုပါပဲဗျာ သာဓု သာဓု။ ဒီလိုဆိုတော့လည်း ဒီပုဂ္ဂိုလ်တွေဟာ အနာဂတ်သာသနာအတွက် အားတက်စရာကောင်းလောက်အောင်ပင် အင်မတန်မှ အမြော်အမြင်ကြီးကြပါပေတယ်။ ကျွန်တော်ဖြင့် ဒီစေတီတော်တွေနဲ့ ဒီကျောင်းဆောင်တွေ ကြည့်ပြီး မန်လည်ဆရာတော်ဘုရား ရေးသားတဲ့ မဃဒေဝ လင်္ကာသစ်၊ ပိုဒ်ရေအမှတ်-၅၈၉ ထဲက...

'ဝင်းဝင်းပြောင်ပြောင်၊ သာသနာရောင်လည်း၊ တန်ဆောင်ဓမ္မအိမ်၊ ရွှေသိမ်ရွှေကျောင်း၊ တန်ဆောင်း ပြာသာဒ်၊ မွေခာတ်သရီ၊ စေတီဗောဓိ၊ သီရိမ္ဗိုဟ်ပေါင်း၊ ရှုမညောင်းတည့်၊ မိုးကောင်းသူတော်၊ များတဖော်တို့၊ ရွှေတော်ဓိပင်၊ ခုံပလ္လင်၏၊ ရင်ပြင်တော်ရင်း၊ သာတလင်း၌၊ ပန်းခင်းပျံ့လှိုင်၊ ထုံသင်းကြိုင်လျက်၊ မုန်လိုဏ်မထုတ်၊ သမုတ်ရှုဋ္ဌိ၊ ပွတ်နှယ်ညီသား၊ စေတီဖြိုးမြိုင်၊ အဆိုင်ဆိုင်နှင့်၊ မုန်လှိုဏ်ရှိမဲ့၊ ဘွဲ့ထူးသညာ၊ ဝေါဟာခေါ်ရိုး၊ ပုထိုး ထူပ၊ များလှ ပည်းထူ၊ အဆူဆူဝယ်၊ ကြည်ဖြူကော်ရော်၊ ရှိပူဇော်၍၊ ရှင်ပျော်စိတ်ယဉ်၊ ကုသိုလ်ယှဉ်လျက်၊ အစဉ်မပြောင်း၊ နံ့သာပျောင်းနှင့်၊ သွန်းလောင်းရေစတ်၊ ညန်နက်ဖြင့်၊ ဝတ်တက်ဆွမ်းပန်း၊ ညီထွန်းဆီမီး၊ ရှုမငြီးအောင်၊ ညီးညီးမိုးယံ၊ ထိန်ထိန်လျှံသည်။ ။ စည်သံနှေညာ ပြိုးပြုန်းတည်း။'

ဆိုတဲ့လင်္ကာကို အမှတ်ရပြီး စိတ်ထဲမှာ ကြည်နူးမဆုံး တစ်ကိုယ်လုံးပင် ပီတိသောမနဿတွေဖုံးပြီး ပျော်လို့လည်း မဆုံးနိုင်အောင်ရှိပါတော့တယ် မိတ်ဆွေ။

ဒါကြောင့် စကားစပ်မိတုန်း ယခုလို ဘုရားတန်ဆောင်း အဟောင်းပြုပြင်ရတဲ့ ကုသိုလ်၊ ကျောင်းကန်အသစ် တီထွင်ဆောက်လုပ်ရတဲ့ကုသိုလ်တွေကြောင့်၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး တိုးပွားရရှိသွားတဲ့ 'ဒီဃာယုကောဘဝ' အမည်ရတဲ့ 'ဝသဘ' မင်းအကြောင်းကို ပြောပြလိုပါတယ် မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ ပြောပါခင်ဗျာ ပြောပါ၊ ပြောပါ။ နားထောင်ရန် အသင့်ပါပဲ။

၁။ ဓမ္မမိတ်ဆွေ။ ။ ဇာတ်ကြောင်းနှင့်တကွ ပြောမှ ပြည့်စုံမှာမို့ လိုရင်းဇာတ်ကြောင်းလေးက စ,ပြီး ပြောပါမယ်၊ နားထောင်ပါ မိတ်ဆွေ။

တစ်ရံရောအခါ သီဟိုဠ်ကျွန်းမှာ ပညာရှိ တစ်ယောက်က ဝသဘဆိုတဲ့ သူငယ်ရဲ့ဇာတာကို တွက်စစ်ပြီး 'မင်း၊ မင်းဖြစ်လိမ့်မယ်'လို့ ဟောသတဲ့။

ဒီတော့ ဝသဘကလည်း အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး စွမ်းရည်ရှိတဲ့ ယောကျ်ားများကို စုရုံးကာ 'မုန့်သည်မသားသည် မုန့်အနားက စ,၍ စားရသည်'ဆိုတဲ့ စကားပုံကို လက်သုံးပြု၍ သီဟိုဠ်ကျွန်း၏ မြို့စွန်ရွာစွန်မှ တစ်စတစ်စတိုက်ခိုက်သိမ်းယူ၍ နှစ်အတန်ကြာတဲ့အခါ ဗိုလ်ပါဆင်မြင်းလည်း တောင့်တင်းလာတာနဲ့ ထိုအချိန်က သီဟိုဠ်ကျွန်းရဲ့ မြို့တော်ဖြစ်တဲ့ အနုရာဓမြို့ကို ချီတက်ပြီး ဝိုင်းဝန်းပိတ်ဆို့ပါသတဲ့။

အဲဒီအချိန်မှာ သီဟိုဠ်ကျွန်းကို သုဘအမည်ရှိတဲ့ ဘုရင် အုပ်စိုးနေသတဲ့။ သုဘဘုရင်ဟာ ဝသဘစစ်သည်အင်အားနဲ့ ဝိုင်းရံလာတာကို သိတာနဲ့တစ်ပြိုင်နက် မိမိမှာရှိတဲ့ စစ်တပ်အလုံးအရင်းနဲ့ ပြန်လည်ခုခံတိုက်ခိုက်သော်လည်း အရေးမသာဘဲ စစ်မြေမှာ သုဘမင်းကျဆုံးသွားသတဲ့။

သုဘမင်းကျဆုံးသွားတာနဲ့ တစ်ပြိုင်နက် ဝသဘ-ဟာ တစ်မြို့လုံးကို သိမ်းကာမင်းပြုပါတယ်၊ မိမိမင်းမဖြစ်ခင်က သုဘမင်းရဲ့ အမိန့်အတိုင်း မိမိကို သတ်ဖို့ရန် ကြံစည်နေတဲ့ ဦးရီးဖြစ်သူစစ်သူကြီးဟာလည်း သုဘမင်းနှင့်အတူ စစ်မြေပြင်မှာ ကျဆုံးသွားပါတယ်။

ထိုဦးရီးတော်ဖြစ်သူရဲ့မယား **ပေါတ္ထ** အမည်ရှိတဲ့ အမျိုးသမီးကတော့ 'ဝသဘ၊ သင်၏ ဦးရီးတော်သည် သင့်အား မင်းကို အပ်၍ သတ်လိမ့်မည်၊ သင် လွတ်ရာပြေးလေလော့'ဟုဆို၍ အသပြာတစ်ထောင်ပေးကာ အသက်ကယ်ခဲ့ဖူးပါတယ်။ အဲဒီလို အသက်ကယ်ခဲ့ဖူးတဲ့ ကျေးဇူးကိုထောက်ထားပြီး ထိုပေါတ္ထအမည်ရှိတဲ့ အမျိုးသမီးကို ဝသဘမင်းက မိဖုရားမြှောက်ပါသတဲ့။

ထိုဝသဘမင်းဟာ တစ်နေ့တွင် ပညာရှိ ဟူးရားတို့ကို ခေါ်၍ 'ကျွန်ုပ် ဘယ်မျှလောက် အသက်ရှည်နေ၍ မင်းပြုရအံ့နည်း'ဟု မေးတဲ့အခါ ပညာရှိဟူးရားဆရာတို့က 'မင်းကြီး၊ အသင်မင်းကြီးသည် တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်'လို့ ဟောကြသတဲ့။

ထိုအခါ ထိုဝသဘမင်းဟာ ထိုဟူးရားဆရာတို့ကို စကားစောင့်စိမ့်သောငှာ 'မည်သူအားမျှ မပြောကြားကြလင့်' ဟုဆို၍ အသပြာတစ်ထောင်ပေးကာ လွှတ်လိုက်ပြီး နောက်တွင်မှ သံဃာတော်တို့ကို ပင့်ဖိတ်၍ ရှိခိုးပြီးလျှင် 'အရှင်ဘုရားတို့...၊ အသက်ရှည်လျား တိုးပွားခြင်းအကြောင်း ကောင်းမှုရှိသလော'ဟု မေးလျှောက်သောအခါ ဆရာတော် သံဃာတော်တို့က ဤသို့ ဟောကြားတော်မူကြသတဲ့။ ဝသဘမင်းအား ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ရာကျော်တက်၍ အသက်ရှည်ရှည် နေရအံ့သော နည်းကို သံဃာတော်တို့ ဟောကြားခြင်းမှာ...

'ပရိဿာဝန ဒါနဥ္စ၊ အာဝါသ ဒါနမေဝ စ။
ဂိလာန ဝတ္တ ဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ-ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလ သမာဒါနံ၊ ကတွာ တံ သာဓု ရက္ခိယံ။
ဥပေါသထူ+ပဝါသော စ၊ ကတ္တဗ္ဗော+ ပေါသထေ ဣတိ။

'လူတို့ကို အစိုးရသောမင်းကြီး...။ ရေစစ်အလှူ ကျောင်း ကန် စသော အာဝါသအလှူ၊ ဂိလာန=လူနာတို့ အကျိုးငှာ ယာဂုဝတ်, ဆေးဝတ် စသော အလှူတို့ကို ပေးလှူရာ၏။

ထိုမှတစ်ပါးလည်း ဆွေးမြည့် ယိုယွင်း အိုမင်း၍ နေသော ကျောင်းကန်နှင့် ဘုရား ပုထိုး စေတီ-စသော အာဝါသကိုလည်း ပြုပြင်ရာ၏။ ငါးပါးသီလကို အမြဲဆောက်တည်၍ သီတင်းနေ့တိုင်း၌ ဥပုသ်သီလကိုလည်း မပြတ်မလတ်ရအောင် စောင့်သုံးရာ၏၊ ဤသို့

ပြုလျှင် အသက်ရှည်စွာ နေရရှာသတည်း'ဟု ဟောတော်မူကြကုန်၏။

ဝသဘမင်းလည်း သံဃာတော်တို့ ဟောကြားသော ငါးပါးသီလကို အမြဲဆောက်တည်ခြင်း၊ ဥပုသ်သီတင်းစောင့်သုံးခြင်းနဲ့ ရေစစ်, ဆေး, ကျောင်း, အဟောင်းပြုပြင်ခြင်း အလှူတွင်မျှမကဘဲ (အားရ တင်းတိမ်ခြင်း မရှိဘဲ) မိမိနိုင်ငံ (သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးရှိ) ရဟန်းသံဃာတော်တို့အား သုံးနှစ် တစ်ကြိမ် တိစီဝရိက်သင်္ကန်းတို့ကို လှူဒါန်းပြီး အမျိုးမျိုးသော ပျားဆွမ်း ယနာဆွမ်း-စသော မွန်မြတ်သော ဆွမ်းအလှူနဲ့ ဆီမီးထောင်ပြည့် ညီထွန်းခြင်း-စသော ဆီမီးအလှူကိုလည်း လှူဒါန်းကာ ကျောင်းအသစ် သိမ်အသစ် စေတီအလှူတို့ကိုလည်း ဆောက်လုပ်တည်ထား ကိုးကွယ်တော်မူသတဲ့။ အဲဒီလို ဝသဘမင်းဟာ ပြည်သူလူထုနဲ့ ရဟန်းသံဃာတော်တို့ အကျိုးငှာ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူသောကြောင့် မကောင်းသောဘေးရန်အန္တရာယ် စဉ်းငယ်မျှမကျရောက်ဘဲ ၄၄-နှစ်တိုင်တိုင်မင်းပြုရသည် မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ ဝသဘမင်းအကြောင်း ကြားရတာဟာ အင်မတန်မှ ဝမ်းမြောက်စရာပါပဲ မိတ်ဆွေ။ ဒါကြောင့်ပဲ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝ လင်္ကာသစ်မှာ...

(၁) ရေစစ်, ဆေး, ကျောင်း၊ အဟောင်းပြုပြင်၊ ပဋ္ဌင်+အဌ၊ ဤငါးဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည့်။ ။ ဟူ၍လည်းကောင်း။

(၂) အန္နဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လျှာအာယု၊ မန္ဓာတုသို့၊ ရှည်မူလွှံ့ပေါ်၊ သက်တမ်းကျော်၏။

(၃) တဘော်ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူသည့်၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့်၊ ပဘာဝတီ၊ နတ်တပြီသို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။

(၄) ဆီမီးအလှူ၊ မျက်စိဟူရှင့်၊ ယာဉ်မူ လျှာသီး၊ ချမ်းသာကြီး၏။

(၅) ခိုမှီး အာဝါ၊ သာယာရိပ်ချမ်း၊ ကျောင်းသခ်မ်းကား၊ ဆုံးကမ်းမရှိ၊ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်ခပ်အောင်၊ မဟာပွလံ၊ ရှပ်ရဗ်တည့်၊ (သဗ္ဗ-ဟု ဆိုလိုသည်)

(၆) နက်တံသာရ၊ နုသာသဖြင့်၊ ဓမ္မတရား၊ သူတပါးအား၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှူများမင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်းဓမ္မစက်၊ မိန့်တော်ထွက်သည်။ ။ တုဖက်မစံ မခိုင်းတည်း။ ။ ဟူ၍လည်းကောင်း... ၊

ကုသိုလ်ကောင်းမှု တစ်မျိုးစီ၏ အကျိုးအာနိသင်ဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့လို လူပြိန်းများပင် နားလည်နိုင်အောင် ပါဠိကျမ်းဂန်တွေထဲက ထုတ်ဆောင်ပြီး လင်္ကာစီကုံးထားခဲ့တာပဲ ထင်ပါရဲ့။

ကျွန်တော်ဖြင့် အခုလို ကုသိုလ်ကောင်းမှု တစ်ခုစီရဲ့ အကျိုးကို သိလာလေ 'ဒီကုသိုလ် ကို ပြုလျှင် ဒီအကျိုး ရရှိနိုင်တယ်'လို့ ထုတ်ဖော် ဟောကြားတော်မူတဲ့ မြတ်စွာဘုရားကို ကျေးဇူးတင်လို့ မဆုံး ရှိခိုးလို့ မဆုံးနိုင်လေဖြစ်ရပါတယ် မိတ်ဆွေ။

၁။ ဓမ္မမိတ်ဆွေ။ ။ ကိုင်း... နောင် တွေ့မှပဲ ဆွေးနွေးကြသေးတာပေါ့။ အခုတော့ ဒီမျှနဲ့ တစ်ခန်းရပ် စကားဖြတ်ကြဦးစို့။ နောင်လဲ ယခုလို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ တွေ့ပါရစေ-လို့ ဆုတောင်းပါတယ် မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ သာဓုဗျာ-သာဓု-သာဓု။ ကျွန်တော်လည်း ခင်ဗျားလိုပဲ ဆုတောင်းလိုက်ပါတယ်။ 'ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ တိပိဋကဓရဆရာတော်အမှူးပြုသော နာယကဆရာတော်များ အဖွဲ့ရော၊ နိကာယ် သာသနာပြု အဖွဲ့ရော၊ ဒကာဒကာမတွေပါ အားလုံး အားလုံး-ဝသဘမင်းရဲ့ထုံးကို နှလုံးမူကာ ကောင်းမှုကုသိုလ်တွေ ပြုနိုင်ကြပါစေကုန်သတည်း'။ ။ 'ကောင်းမှုကုသိုလ်တွေပြုကာ ဝသဘမင်းကဲ့သို့ အသက်ရှည်ကြပါစေကုန်သတည်း။ ။ လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်အောင် ချမ်းသာကြပါစေကုန်သတည်း' လို့လည်း ဆုတောင်းလိုက်ပါတယ် ဓမ္မမိတ်ဆွေကြီးခင်ဗျား... ။

ပဌာန်းဆရာတော်

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

မစိုးရိမ်ကျောင်းတိုက်၊မန္တလေးမြို့။

စစ်ကိုင်းရွှေစေတီဆရာတော်ကြီး

ဘဒ္ဒန္တသုန္ဒရ၏

ဂုဏ်ပြုထောမနာစာတမ်း

တစ်ဦးထံမှ တစ်ဦး လက်ဆင့်ကမ်းလျက်

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ပရိယတ္တိသာသနာတော်အတွက် ထူးထူးခြားခြား ကြိုးပမ်း အားထုတ်ကြသည် မဟုတ်ပေ။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာယူခြင်း၊ မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းတရားများ တောင်းခံလျက် ကြိုးပမ်းအားထုတ်ကြသဖြင့် မိမိတို့နှင့် ထိုက်တန်သော ပဋိဝေဓ တရားထူးများကို ရရှိခံစား ကြရပေသည်။

မြတ်စွာဘုရား မရှိသည့်နောက် နှစ်ပေါင်းများစွာပင် ပဋိပတ္တိကျင့်စဉ်များ မကွယ်မပျောက်ဘဲ တစ်ဦးထံမှတစ်ဦး လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြသဖြင့် ပဋိပတ္တိကျင့်စဉ်များ ပေါ်ပေါ် လွင်လွင် ထင်ထင်ရှားရှား ထွန်းကားလျက်ပင် ရှိခဲ့သည်။

ကျမ်းဂန်အမျိုးမျိုး ပေါ်ပေါက်ခဲ့

မြန်မာနိုင်ငံတော် ပုဂံခေတ်၌ ဘုရင်နော်ရထာနှင့် ဓမ္မ ဒဿီခေါ် ရှင်အရဟံတို့ခေတ်မှာ ရှေးက ရှိနှင့်ပြီးသော သာသနာ့ဘေးရန်အန္တရာယ်ဖြစ်သည့် အရည်းကြီးတို့အား သုတ်သင် ရှင်းလင်းပြီးနောက် သန့်ရှင်းစင်ကြယ်သော သာသနာတော်ကို စတင်တည်ထောင်ခဲ့ကြလေသည်။

သာသနာတော်သုံးရပ်

မြတ်စွာဘုရား အဆုံးအမတော်သည် သာသနာတော် မည်၏။ ထိုအဆုံးအမ သာသနာတော်သည် ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သုံးမျိုး သုံးစား ရှိလေသည်။

ပရိယတ္တိ သာသနာဟူသည်မှာ မြတ်စွာဘုရား ၄၅-ဝါ အခါကာလပတ်လုံး ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ်နှင့်တကွ ယင်းတို့၏ အဖွင့် အဋ္ဌကထာ၊ ဋီကာများကို သင်အံလေ့ကျင့်ခြင်းပင် ဖြစ်သည်။

ပဋိပတ္တိသာသနာဟူသည်မှာ မြတ်စွာဘုရား၏ သွန်သင် ညွှန်ကြား ပြသထားသော ဒေသနာတော်အရ အားထုတ်ခြင်းပင် ဖြစ်သည်။

ပဋိဝေဓ သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြား ညွှန်ပြသည့်အတိုင်း ကြိုးပမ်းအားထုတ်သဖြင့် ရရှိလာသော ဈာန်, မဂ်, ဖိုလ် တရားပင် ဖြစ်သည်။ ထိုအချိန်က နိုင်ငံ တော် အုပ်ချုပ်သော ဘုရင်နှင့်တကွ တိုင်းသူပြည်သားလူအများကပါ သာသနာတော်ကို လေးလေးစားစား အားပေးခဲ့ကြသဖြင့် ပရိယတ္တိသာသနာတော်မှာ အလွန်အမင်း ထွန်းလင်းခဲ့ပေသည်။

ပုဂံခေတ်မှစ၍ မင်းအဆက်ဆက် သာသနာ့ဒါယကာခံယူကာ သာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့ခဲ့ကြသဖြင့် ပရိယတ္တိ သာသနာတော်ဘက်တွင် အလွန်ပင် ရှင်သန်ကြီးထွား လာခဲ့ပေသည်။ ပရိယတ္တိအရာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ကြသော ပိဋကတ္တယပါရဂူမထေရ်ကြီးများ ထိုစဉ်က ရေးသားခဲ့ကြသည့် ကျမ်းဂန်အမျိုးမျိုး ဋီကာအဖုံဖုံနှင့် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့မှာ ပရိယတ္တိဘက်တွင် အလွန်ပင်ပြောင်မြောက်ခဲ့လေသည်။

ထူးထူးခြားခြား မထွန်းကားခဲ့ပေ

ထိုပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ကုန်းဘောင်ခေတ်အထိ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်သည် အံ့ဖွယ်ဘနန်း ထွန်းကားခဲ့ပေသည်။ သို့သော် ပဋိပတ္တိသာသနာတော်ဘက်မှာကား ထူးထူးခြားခြား ပြောပလောက်အောင် ထွန်းကားမှုကား နည်းပါးခဲ့လေသည်။ ပရိယတ္တိ သာသနာတော်ကို ရှင်သန်ကြီးထွားလေအောင် ရှင်ရောလူပါ ကြိုးပမ်းနေကြရသဖြင့် ပဋိပတ္တိသာသနာတော်ဘက်တွင် ဖြစ်ဖြစ်မြောက်မြောက်မရှိခဲ့ပေ။

သို့သော်... လုံး၀ ဆိတ်သုဉ်းသည်ကား မဟုတ်ပေ။ ပဋိပတ္တိဘက်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းလျက် နေကြသော ပုဂ္ဂိုလ်များ ရှိခဲ့ကြပေသည်။

ကွယ်ပျောက်လုမတတ် ရှိခဲ့

မြန်မာနိုင်ငံတော်သည် ကံမကောင်း အကြောင်းမလှသဖြင့် ကုန်းဘောင်ခေတ် နောက်ဆုံးပိုင်းတွင် တိုင်းတစ်ပါးသား အင်္ဂလိပ်တို့၏ လက်အောက်တွင် နှစ်ပေါင်း ၁၀၀ နီးပါး ကျရောက်လျက် ရှိနေခဲ့ရသည်။ သို့သော်လည်း ထိုစဉ်က လက်ရှိ သာသနာ့ဝန်ဆောင် ဖြစ်တော်မူကြသည့် သာသန မာမက ဆရာတော်ကြီးများနှင့် သာသနမာမက ဖြစ်ကြသည့် ဒါယကာများ၏ အမြော်အမြင် ကြီးမားမှုနှင့် သာသနာတော် ကို မညှိုးမှိန်ရစေဘဲ ကြိုးပမ်းမှုတို့ကြောင့် အမြဲပင် ရှင်သန်ကြီးထွားခဲ့ပေသည်။ တစ်နိုင်ငံလုံး စာသင်တိုက်တွေ အများအပြား တည်ထောင်ကြလျက် သက်ဆိုင်ရာ မြို့ရွာ ဒါယကာ ဒါယိကာမများ၏ အကူအညီ အထောက်အပံ့အဖြစ် ပါဠိတော် အသံ၊ အဋ္ဌကထာ အသံ၊ ဋီကာ အသံတွေ ပျံ့လွင့်ခဲ့ပေသည်။

ပရိယတ္တိသာသနာတော်ဘက်မှာ မှေးမှိန်မှု မရှိခဲ့ကြပေ။ နေ,လ အသွင် ပေါ်လွင်ထင်ရှားခဲ့ကြပေ၏။

တိပိဋကဓရ ဆရာတော်

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက လောင်းလျာ အရှင်ဝိစိတ္တသာရသည် မွေးဖွားလာစဉ်ကပင် တကယ်ထူးခြားသော ကံ၊ တကယ် ထူးခြားသော ဉာဏ်၊ တကယ်ထူးခြားသော ဝီရိယများကို သယ်ပိုးထမ်းဆောင်လာခဲ့ပေသည်။ ယင်း ကံ,ဉာဏ်, ဝီရိယ တို့ ပါလာသည့်အတွက် ငယ်ရွယ်စဉ် သာမဏေဘ၀ကပင် မြန်မာနိုင်ငံတွင် ကျင်းပခဲ့ကြသော စာမေးပွဲများ၌ သူမတူ တန်အောင် အထက်တန်းမှ ထူးထူးခြားခြား အောင်မြင်ခဲ့လေသည်။ လွတ်လပ်ရေးခေတ်တွင်လည်း မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့မှ ကြီးမှူးကျင်းပခဲ့သော တိပိဋကဓရ စာမေးပွဲတွင်လည်း သူများနှင့်မတူ တစ်မူထူးခြားလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ကို ချမ်းသာလွယ်ကူစွာပင် ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဥယျာဉ်ကြီးမှ အသီးအပွင့်များ

ဤဆရာတော်သည် မိမိတာဝန်များ ပြီးစီးပြီးနောက် သာသနာတော်တွင် မိမိကဲ့သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက လောင်းလျာတွေ မြောက်မြားစွာ ပေါ်ထွန်းလာရေးအတွက် တိပိဋက-နိကာယ သာသနာပြု အဖွဲ့ကြီးတည်းဟူသော ဥယျာဉ်ကြီးကို ကိုယ်တိုင်ဦးစီး ဖွဲ့စည်းတည်ထောင်လျက် ရှိသည်။

မကြာလှသောအချိန်ကာလအတွင်းမှာ ထိုဥယျာဉ်ကြီးမှ အသီးအပွင့်များကို နိုင်ငံတော်သူ နိုင်ငံတော်သားများ မှီဝဲစားသုံးကြရတော့မည် ဖြစ်ပေသည်။

ရွှေစေတီဆရာတော် အရှင်သုန္ဒရ
အဂ္ဂမဟာပဏ္ဍိတ။

ဆဋ္ဌသင်္ဂီတိပုစ္ဆက
မဟာစည်ဆရာတော်ကြီး၏
သမ္မောဒနီယအာသီသပတ္ထနာ
ဩဝါဒကထာ

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ပရိယတ်တရားတော်မှစ၍ ဗုဒ္ဓသာသနာတော် တိုးတက်ထွန်းကားရေးအတွက် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး သန္တောသမိုးမိတ်ကုန်းမြေတွင် တိပိဋက = နိကာယ ကျောင်းတိုက်ကို တည်ထောင်၍ တိပိဋက = နိကာယ သာသနာပြုအဖွဲ့ စသည်ကို တည်ထောင်ပြုစုခဲ့သည်မှာ ဗုဒ္ဓသာသနာတော်အတွက် အလွန်ပင် ဝမ်းမြောက်ဖွယ် ကောင်းလှပါပေသည်။

ဝမ်းမြောက်ဖွယ် ဖြစ်ခြင်းအကြောင်းမှာ **လောကဌ ချမ်းသာရေး**နှင့် လောကမှ လွတ်မြောက်ကာ **နိဗ္ဗာန်ရောက်လျက် ချမ်းသာရေး**များအတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်က ပရိယတ် ပဋိပတ်သာသနာရေးများကို ကြိုးစားအားထုတ်ရန် ရည်သန်ညွှန်ပြ ဆုံးမတော်မူခဲ့ပေသည်။

ထိုအဆုံးအမတော်နှင့်အညီ ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက်ကြီးပွားစေရန် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသအရှင်မြတ်ကယင်း တိပိဋက = နိကာယ ကျောင်းတိုက်ကို တည်ထောင်စေပြီးလျှင် ထိုဌာနသို့ လာရောက်၍ ချမ်းသာစွာ နေထိုင်ကြလျက် တိပိဋက = နိကာယ ဗုဒ္ဓစာပေများကို သင်ကြားလေ့လာကြရန် စီမံညွှန်ပြတော်မူခဲ့ပေသည်။

ထိုသို့ စီမံခြင်းကြောင့် ၁၃၄၀-ပြည့်နှစ်က ထိုဌာန၌ ရဟန်းတော်များ ၄၈-ပါး လာရောက်လေ့လာကြ၍ ၃၇-ပါးက ဝင်ရောက်ဖြေဆိုကြရာ ၃၂-ပါးက အောင်မြင်ကြကြောင်း၊ ၁၃၄၁-ခုနှစ်က ၈၂-ပါး လာရောက်လေ့လာကြ၍ ၆၈-ပါးက ဝင်ရောက်ဖြေဆိုကြရာ ၅၈-ပါးက အောင်မြင်ကြကြောင်း၊ ၁၃၄၂ ခုနှစ်က ၁၀၃ ပါး လာရောက်လေ့လာကြ၍ ၉၈ ပါးက ဝင်ရောက် ဖြေဆိုကြရာ အပါး ၉၀ က အောင်မြင်ကြကြောင်း ဖော်ပြထားသည်ကို ထင်ရှားတွေ့ရပါသည်။

ထိုသို့ တွေ့ရသဖြင့်လည်း အလွန်ပင် ဝမ်းမြောက်ရဝမ်းသာရပါသည်။ နောက်နှစ်များကျတော့ ထို့ထက်ပို၍ လာရောက်နေထိုင်ကြ လေ့လာကြပြီးလျှင် တိပိဋကဓရ စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသဖြင့် ထို့ထက်ပို၍ များစွာပင် အောင်မြင်ကြမည်ကို မျှော်လင့် ယုံကြည်ကြရပါသည်။

ထိုသို့ ပရိယတ္တိသာသနာကို လေ့လာကြသည့်ပြင် ပဋိပတ္တိသာသနာကိုလည်း မိမိတို့ သိနားလည်သည့်အတိုင်း ကျင့်သုံးကြသဖြင့် ပဋိဝေဓသာသနာတော်ကိုလည်း ကိုယ်တိုင်ပင် တွေ့မြင်ကြသိကြ၍ အထူးအမြတ် ဗုဒ္ဓသာသနာတော်များနှင့် ပို၍ ပြည့်စုံကြမည်ကို မျှော်လင့်ယုံကြည်ကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ် အထူးသဖြင့် တိုးတက်ပြည့်စုံအောင် စွမ်းနိုင်သမျှ တိုးတက်ကူညီအားပေးနိုင်ကြပါစေ။ ။

မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ ရန်ကုန်မြို့

မရှိလျှင်မဖြစ်သော

သူမြတ်ပုဂ္ဂိုလ်ထူး

တောင်လေးလုံးဆရာတော်

ဘဒ္ဒန္တနာဂသေနာဘိဝံသ

'ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော'။

'ပုဂ္ဂလဝိသေသော= ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို၊ ဇာနိတဗ္ဗော= သတိချပ်၍ အသိအမှတ်ပြုအပ်၏'- ဟူသည်နှင့်အညီ ကံအား, ဉာဏ်အား, ဝီရိယအား ကြီးမားမြင့်မြတ်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပြီး၊ ဘုန်းမီးနေလ တောက်ပ ကျော်ကြား လွှန်ထင်ရှားလျက်ရှိသော အဘိပါကဋ ဝိသေသ ပုဂ္ဂလ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်သည် ဘာသာသာသနာရေးအတွေးရှိသူတိုင်းတို့၏ စိတ်အာရုံထဲမှာ အမြဲတည်ရှိနေမည့် သူမြတ်ပုဂ္ဂိုလ်ထူး ဖြစ်ရကား ဗုဒ္ဓမြတ်စွာသာသနာတော်သည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွက် မရှိလျှင်မဖြစ်သော ဘာသာသာသနာဖြစ်သကဲ့သို့ တိပိဋကဓရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်မှာလည်း သာသနာ့ခေါင်းဆောင် ဦးသျှောင်သရဖူ ဆရာတော်တစ်ဆူအဖြစ် မရှိလျှင်မဖြစ်သော သူမြတ်ပုဂ္ဂိုလ်ထူး တစ်ပါးပင်ဖြစ်သည် ဟု ထင်မြင် ယူဆမိသည့်အပြင် သာသနာကုန်ဆုံးသည့်တိုင်အောင် မြန်မာပြည်သာသနာသမိုင်းစဉ်မှာ ထိပ်ပိုင်းက မှတ်တမ်းတင်ထားရမည့် အရှင်တစ်ပါးပင် ဖြစ်သည်ဟုလည်း အမြင်ပွားကာ ရှင်အားတက်စွာဖြင့် ဝမ်းမြောက် နုမော် သာဓုခေါ်မိပေသည်။

ကိုယ်တိုင်တတ်သိရေး

ကိုယ်တိုင်တတ်သိရေးအတွက် ကံဟောင်းဆက် ဉာဏ်ကောင်းသက် ဝီရိယစောင်း ထက်ထက်ဖြင့် သင်ယူခဲ့ရာ နိကာယ်ငါးရပ် တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့သဖြင့် အဖွဲ့အသီးသီးတို့က ပထမကျော်၊ ဝင္ခသကာ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကြီး လက်မှတ်တံဆိပ်ခတ်၍ ပူဇော်ခဲ့ကြရုံမက နိုင်ငံတော် အစိုးရကလည်း 'အဘိဓဇ မဟာရဋ္ဌ ဂုရု' ဟု ဆိုအပ်သော အမြင့်ဆုံး ဂုဏ်ထူးဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုပူဇော်ခံရသည့် တိုင်အောင် တစ်မိုးအောက် တစ်ယောက် သူနှင့်သူသာ နှိုင်းစရာဆိုရလောက်အောင် ကျွမ်းကျင်တတ်မြောက်သော မုံသောက်မာတင်ဇာနည်ဝင် ပညာရှင်ကြီးတစ်ပါးပင် ဖြစ်ပေသည်။

ပရဟိတ ဆောင်ရွက်ချက်

ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇက၊ သောဓကအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒီမိုင်းဆိုက် (၆) တွဲ (၈) အုပ် မဟာဗုဒ္ဓဝင်ကျမ်းကြီး တစ်မျိုးတည်းကို ပြုစုခြင်းဖြင့် ဂန္ထကာရကထိပ်တန်းစာရင်းဝင် ဖြစ်ခဲ့လေသည်။ ဂိုဏ်းပေါင်းစုံ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်း စသော အရေးကြီးသော အခန်းကဏ္ဍတို့မှ စွမ်းစွမ်းတမံ အပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးဇာနည် မဟာထေရ်ကြီး ဖြစ်ပေသည်။

ထို့ပြင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၊ တိပိဋက-နိကာယကျောင်းတိုက်၊ မင်းကွန်း ဗုဒ္ဓဘာသာလူအိုရုံ၊ မင်းကွန်းတိုက်နယ် ဆေးရုံ၊ မိုးမိတ်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့နှင့် မြင်းခြံမြို့နယ်၊ ဇာတိချက်ကြွေ မွေးရပ်မြေ စသည်တို့၌ နှစ်ထပ်တိုက်ကျောင်းကြီးငယ်၊ ဓမ္မာရုံ၊ ဆေးရုံ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှစ်ထပ်ကျောင်းပေါင်းများစွာတို့ကို ဆောက်လုပ်လှူဒါန်း ထောက်ပံ့နေရုံသာမက စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုး သုံးဌာနရှိ သံဃာတော်များနှင့် သူတော်စင်သီလရှင်များအား ဆွမ်းဆန်တော်ထောက်ပံ့ရေး မလွန်ဆန်လှူအသင်းကြီး ဖွဲ့စည်းကာ တစ်နိုင်ငံလုံးရှိ ထက်အောက်မြို့ရွာတို့၌ နှိုးဆော်လျက် ထောက်ပံ့နေခြင်းစသော အံ့မခန်းပြောဖွယ်မကုန် သိန်းပေါင်းရာထောင်ချီ အကုန်အကျခံ၍ တည်ဆောက်ထောက်ပံ့လျက် လောကသာသနာ နှစ်ဖြာသောပရဟိတအကျိုး ကိုယ်ကျိုးမဖက် ရက်ရက်ရောရော စွန့်လွှတ်ဆောင်ရွက်ခြင်း တို့သည်လည်း ပုဂ္ဂိုလ်သာမန်တို့ မကြုံရက် အလွန်ခက်သော အချက်ကြီးပင်ဖြစ်ပေသည်။

'သားကောင်းတစ်ယောက်၊ ထွန်းပေါ်ပေါက်က၊ သူ့နောက်ဆွယ်ကျူး၊ တစ်နယ်လုံးလည်း၊ ကံဘုန်းဆင့်လျှောက်၊ အမြင့်ရောက်၏' ဟူသည်နှင့် အညီပင်တည်း။

"သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား ..." ဟူသော မြန်မာစကားပုံနှင့်လည်း စံတင်အံဝင်လျက် ရှိပေသည်။

အဟောင်းပြင်၍ အသစ်ထွင်

၁၃၁၈-ခုနှစ်၊ စစ်ကိုင်းလှေကြီး အပြင်းအထန်လှုပ်ခဲ့စဉ်က စေတီပုထိုး ကျောင်းကန်တိုက်တာ လူနေအိမ်များ ကြောက်ခမန်းလိလိ ပြိုလဲ ပျက်စီးခဲ့သဖြင့် မင်းဝံတောင်ရိုးအပါအဝင် ဖြစ်သော မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေပြင်မှာ ကြည့်မကောင်း ရှုမပျော် ကြည်လင်မှု မပေါ်နိုင်အောင် ဖြစ်ရှိနေသည်ကို ဆရာတော်သည် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့ကာ ကိုယ်အား ဉာဏ်အား လာဘအားဖြင့် ပြန်လည်ပြင်ဆင် အမွန်းတင်ထားသဖြင့် ရှုမြင်ရသူ စိတ်နှလုံးမှာ ကြည်နူးမဆုံး ပီတိဖုံးမျှ ကြည်ညိုခွင့် ရကြပေသည်။ ထိုနှင့်နမူ အလားတူ မြန်နယ်တစ်ခွင် အဟောင်းပြင်၍ အသစ်ထွင်နိုင်သော ဘုန်းရှင်ကံရှင် အစဉ်ပေါ်ထွန်းနိုင်ပါစေဟု အကြောင်းသင့်၍ အတောင်းဆင့်မိပေသည်။

'ဝင်းဝင်းပြောင်ပြောင်၊ သာသနာရောင်လည်း၊ တန်ဆောင်း ဓမ္မအိမ်၊ ရွှေသိမ် ရွှေကျောင်း၊ တန်ဆောင်း ပြာသာဒ်၊ မွေခေတ်သရီ၊ စေတီဗောဓိ၊ သီရိမျှိပေါင်း၊ ရှုမညောင်းတည့်' ဟူသော မဃဒေဝလင်္ကာသစ်နှင့်အညီ ယခုအခါ ဆရာတော်၏ ဘုန်းဟုန်စွမ်းသတ္တိဂုဏ်ဖြင့် ဖန်ဆင်းထားသည်ကို ဖူးမြော်ခွင့်ရကြလေပြီ။

ပရိယတ်မျိုးဆက် ခက်လက်ညွန့်စည် အခွန့်ရှည်

'ပရိယတ္တိ နာမ သာသနဿ မူလံ၊ ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ' - ဟူ၍ အဋ္ဌကထာဆရာ အမှာစကား ပမာထားပြီး၊ သာသနာတော်၏အမြစ်ဖြစ်သော ပရိယတ္တိမဏ္ဍိုင် ခိုင်စည် မျိုးဆက် ခက်လက်ညွှန့်စည် အခွန့်ရှည်စွာ တည်ပါစေခြင်း အလို့ငှာ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေထက်၌ တိပိဋက နိကာယကျောင်းတိုက်ကြီးကို ၁၃၄၀-ပြည့်နှစ်တွင် စတင် စိုက်ကာ ဇာနည်လျာ ၄၈-ပါး အစထား၍ ယင်းတိပိဋကနိကာယ စာသင်သားကြီးတို့အား နည်းညွှန်လမ်းပြ ပေးတန်သမျှပေးကာ မွေးမြူခြင်း တည်းဟူသော ဓမ္မာနုဂ္ဂဟဖြင့် ပြုစုစောင့်ရှောက်လျက်

ရှိသော ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်သည် နိုင်ငံတော်အစိုးရက မိမိအား တိပိဋကဓရအတွက် လစဉ်လှူဒါန်းသော ဆွမ်းဆန်တော် ၃၁ဝိ-နှင့် အဂ္ဂမဟာပဏ္ဍိတအတွက် နှစ်စဉ်လှူဒါန်းသော ဆွမ်းဆန်တော် ၁၀၀ဝိ-တို့နှင့် တရားပွဲ ပူဇော်ပွဲတို့မှ ပူဇော်ကြသည့် ဓမ္မပူဇာ ပစ္စည်းလေးပါးအလျာတို့ကို ငါးဖြာနိကာယ် သုံးသွယ်ပိဋကတ် ပရိယတ်သာသနာတော်အား လှူဒါန်းခြင်း တည်းဟူသော ပစ္စယာနုဂ္ဂဟဖြင့်လည်း ပြုစုစောင့်ရှောက်လျက်ရှိနေသည်ဖြစ်ပေရာ ၁၃၄၂-ခုနှစ်က ၁၀၃-ပါး အာဇာနည်လောင်းလျာများထဲမှ ၉၈-ပါးဝင် ၉၀-ပါး အောင်မြင်ခဲ့သည်ကို ထောက်ဆကာ ယခု ၁၃၄၇-ခုနှစ်တိုင်အောင် အတွင်းမှာ ၂၀၀-ကျော် လောင်းလျာထဲမှ ၁၀၀-ကျော်မျှ အောင်မြင်ကောင်းအောင်မြင်နေကြပြီး ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းရပေသည်။

ယင်းသို့ ပရိယတ္တိ သာသနာတော် နေရောင် လရောင်ကဲ့သို့ ထွန်းလင်းပြောင်စေလျက် သာသနာတော် တည်တံ့စည်ပြန့်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြမည့် သာသနာ့ အာဇာနည်အလျာ တိပိဋက-နိကာယ စာသင်သားကြီးများကို အချိန်စေ့နာရီပြည့် ဆန္ဒရှိသလောက် ကျက်, မှတ်, ရွတ်ပြန်, ကြံကြည့် နိုင်ကြစေရန် ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့စောင့်ရှောက်ပြုနိုင်စွမ်းရှိသော ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်မျိုးကား သာသနာ ၂၅၀၀ ကျော် ခရီးတစ်လျှောက်မှာ အံ့ဘနန်း ချီးမွမ်းနှုတ်ပန်း မဆုံးနိုင်သော ရှာမှရှား ဇာနည်ဝင်ဘုန်းရှင် ကံရှင်တစ်ပါးပါပေဟု ဆိုထိုက်ဆိုသင့်ပေသည်။

ကမ္ဘာ့ဘာသာကြီးအဖြစ် လွှမ်းသစ်လာနိုင်ဖွယ်

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေပေါ်ရှိ မူလ တိပိဋက-နိကာယကျောင်းတိုက်ကြီးကို သိန်း ၃၀ ကျော်မျှ သုံးစွဲ တည်ဆောက်လျက် သာသနာ့အာဇာနည်များ မွေးထုတ်ပေးနေသည့်အပြင် ၁၃၄၂ ခုနှစ် ရန်ကုန်မြို့တွင်လည်း တိပိဋက နိကာယ တိုက်ခွဲကို သိန်းပေါင်း ၂၀ ကျော်မျှ အကုန်အကျခံ၍ တိုးချဲ့တည်ဆောက်ကာ ဖွင့်လှစ်ထားပြန်လေသည်။

မင်းကွန်းတိပိဋက ဆရာတော်၏သာသနာပြုလုပ်ငန်းကြီးပမ်းချက်သည်ကား ဒီရေအလား အားပါးတရတိုးတက်ဆန်းသစ်လျက်ပင် ရှိပါသည်။ ယခုတစ်ဖန် ထက်သန်သောဆန္ဒ၊ ထက်သန်သောစိတ်၊ ထက်သန်သောဇွဲလုံ့လနှင့် ထက်သန်သော ပညာဟူသော 'ထက်လေးချက်' ပိုင်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်သည်ပင် ဦးဆောင်ပဓာန နာယကအဖြစ် နည်းပေး လမ်းပြ စီမံခန့်ခွဲလျက် ပြည်တွင်း ပြည်ပ သာသနာပြုနိုင်မည့် သာသနာ့ အာဇာနည်များ ပေါ်ထွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ဘာသာငါးမျိုးဖြင့် ပိဋကတ်သုံးပုံကို သင်ကြားပို့ချမည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း အားသွန်ခွန်စိုက် တည်ဆောက်လျက်ရှိနေကြပြန်ရာ ၁၃၄၈-ခုနှစ် တန်ခူးလပြည့်နေ့တွင် စတင်ဖွင့်လှစ်ပြန်တော့မည်ဟု သိရပြန်သောကြောင့် အဘိနန္ဒတ်သောမနသ်ဖြင့် ရှေ့သို့ မျှော်မှန်း အတွေးလမ်းတွင် ငါတို့၏ ဗုဒ္ဓသာသနာတော်သည် ယခုလို ဆရာဒကာ ရေနှင့်ကြာကဲ့သို့ လက်တွဲညီညာဆောင်ရွက်နေကြပါလျှင် မင်းကွန်းတိပိဋကဓရ ဆရာတော်၏ ဆောင်စွမ်းနိုင်မှုအားအဟုန်ကို ဥပနိဿယအမှီ ရကြပြီး မကြာတော့သော အချိန်မှာ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးပေါ်ပေါက်လာကာ ဗုဒ္ဓသာသနာသည် ကမ္ဘာ့ဘာသာကြီးအဖြစ် လွှမ်းသစ်လာနိုင်ဖွယ်ရာ မြင်ယောင်လာ၍ ဝမ်းသာပီတိ ဆီထိဂွမ်းမျှ ဖြစ်မိရပေသည်။

ကမ္ဘာပတ်လုံး သင် ကျင့်သုံး မသုဉ်း မကွယ် တည်လိမ့်မည်

ဗုဒ္ဓမြတ်စွာ သာသနာတော်၏အသက်သည် အနှစ် ၅၀၀၀ သာတည်မည်။ ၅၀၀၀ ပြည့်လျှင် ကွယ်ပသွားမည်ဟု ဆိုပြောနေကြသော စကားသည် မှန်သလော၊ မှန်ကန်ပါလျှင် ယခုလို လူရှင်ရဟန်းတို့ လုံ့လဖြင့် ပြုစုပျိုးထောင်အရှည်တည်အောင် အားထုတ်နေကြသော်လည်း အရှည်တည် ကြီးပွားအောင် မတတ်နိုင်။ သူ့အလိုလို ဓမ္မတာသဘောအတိုင်းသာ ဖြစ်သည်ဟု မလိုအပ်သော အဓိပ္ပာယ်ပေါ်ထွက်လာပေလိမ့်မည်။ ယင်းသို့ ဖြစ်သော် အစွန့်ရှည်စွာကြီးပွားစည်အောင် အားမထုတ်ဘဲ နေကြပြန်လျှင်လည်း အစွန့်ရှည်တည် ကြီးပွားစည်အောင် အားထုတ်အပ်ကြောင်း ဟောကြားတော်မူချက်များသည် အလကား ဖြစ်ကုန်ပေလိမ့်မည်။ ဘုရားဟောတော်မူတိုင်းသာ လိုက်နာသင်ကျင့်အားပေးချီးမြှင့်နေကြပါမူ လောကဥ္ဇ ရဟန္တာ မဆိတ်မသုဉ်းရာဟု ဟောချက်လည်း ထင်ရှား ရှိနေ၏။ သတိပဋ္ဌာန်သုတ်၌လည်း လိုက်နာသူ ကျင့်ကြံသူရှိနေသမျှ အကျင့်တရားတည်၍ အကျိုးရှိမည်ဟု ဟောထားခဲ့၏။ ယင်းသို့ဖြစ်မူ ဂုဏ်ရ ပုဂ္ဂိုလ်ကို အဓိက ထား၍ ဝေပုံချသော ၅၀၀၀ လော၊ သို့မဟုတ် သာသနာသက်တမ်းကို အဓိကထား၍ ဝေပုံချသော ၅၀၀၀ လောဟု။

ယင်းစကားနှစ်ရပ်ကို စိစစ်ရပေမည်

ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် ၁၀၀၀၊ ဆဠာဘိည ရဟန္တာခေတ် ၁၀၀၀၊ တေဝိဇ္ဇ ရဟန္တာခေတ် ၁၀၀၀၊ သုက္ခ ဝိပဿက ရဟန္တာခေတ် ၁၀၀၀၊ ပါတိမောက္ခသီလဝန္တခေတ် ၁၀၀၀ ပေါင်းလျှင် ဂုဏ်ထူးရ ပုဂ္ဂိုလ်ခေတ် ၅၀၀၀ ဟု သုတ်ပါထေယျအဋ္ဌကထာဆရာက ရေတွက်ပြ၏။

ပဋိသမ္ဘိ- ဒါပတ္တ ရဟန္တာခေတ် ၁၀၀၀၊ သုက္ခဝိပဿက ရဟန္တာခေတ် ၁၀၀၀၊ အနာဂါမ်ခေတ် ၁၀၀၀၊ သကဒါဂါမ် ခေတ် ၁၀၀၀၊ သောတာပန်ခေတ် ၁၀၀၀ ပေါင်းလျှင် ဂုဏ်ထူးရပုဂ္ဂိုလ်ခေတ် ၅၀၀၀ ဟု စူဠဝါအဋ္ဌကထာဆရာ က ရေတွက်ပြ၏။

ယင်းစကားနှစ်ရပ်မှာ အဆိုကွဲသော်လည်း ဂုဏ်ထူးရ ပုဂ္ဂိုလ်ခေတ်ကိုသာ ဆိုသောကြောင့် သဘောသွားမှာ အတူ တူပင် ဖြစ်လေသည်။ သာသနာတော်အသက်ကို ဆိုသည် လည်း မဟုတ်၊ ဘုရားဟောသည်လည်း မဟုတ်ပေ။

ထို့ပြင် ဝိမုတ္တိ ယုဂခေတ် (၅၀၀)၊ သမာဓိယုဂခေတ် (၅၀၀)၊ သီလယုဂခေတ် (၅၀၀)၊ သုတယုဂခေတ် (၅၀၀)၊ ဒါနယုဂခေတ် (၅၀၀) ပေါင်း၍ (၂၅၀၀) ပြည့်လျှင် ဝိမုတ္တိ- ယုဂခေတ်ကစ၍ ပြန်ရေတွက်လျှင် (၅၀၀၀) ဖြစ်၏ဟု သံယုတ်အဋ္ဌကထာဆရာက ရေတွက်ပြ၏။

ယင်းစကား အားလုံးသည် ဂုဏ်ထူးရပုဂ္ဂိုလ်ကို အဓိက ထား၍ ဝေပုံချသောစကားများသာ ဖြစ်ကြသည်။ သာသနာ ကို အဓိကထား၍ ဝေပုံချသောစကားများ မဟုတ်ပါလေ။

အဋ္ဌကထာဆရာတို့ အလိုမှာ သတ္တဝါတို့သန္တာန်၌ ကိလေသာစရိုက် ထူပြောလာသော ရေချိန်အလိုက် ဆိုခဲ့ သော ဂုဏ်ထူးရပုဂ္ဂိုလ်တို့ တည်နိုင်သောကာလကို အဓိက သချာနည်းဖြင့် ပိုင်းခြားတော်မူခဲ့ဟန်ရှိပေသည်။ သာသနာ တော်သည် နှစ်ပေါင်း မည်ရွေ့ မည်မျှသာ တည်မည်ဟု ကန့်သတ်ဖော်ပြဟန် မရှိပေ။

သို့မို့ကြောင့်ပင် အထက်အဆိုပါ မင်းကွန်းတိပိဋကဓရ ဆရာတော်နှင့် အဖွဲ့တို့ အားထုတ်ပြုစုစောင့်ရှောက် ချီးမြှောက်နေကြသကဲ့သို့ နိုင်ငံတွင်းရှိ မြို့ရွာတိုင်း၌ စဉ်ဆက် မပြတ် ကမ္ဘာပတ်လုံး သင်ကျင့် ချီးမြှင့်နေကြပါမူ ဤဗုဒ္ဓ သာသနာတော်သည် ကမ္ဘာပတ်လုံး ကမ္ဘာဆုံးသည့်တိုင် အောင်ပင် တည်တံ့ စည်ပြန့်နေပေမည်သာ။ ဆရာဒကာ လက်တွဲပြုတ်၍ သင်ကျင့်ချီးမြှင့်မှု မပြုလုပ်သောအချိန်မှာ သာသနာတော်ကြီး အမြစ်ပြုတ်၍ တစ်မုဟုတ်ချင်း ပြိုလဲ ပျက်စီးသွားသော တောစိုးသစ်ပင်ကြီးပမာ ပျောက်ကွယ် သွားမည်မှာ ဧကန်မုချပင် ဖြစ်ပေသည်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ စတင်ဖြစ်ထွန်း သာ သနာရောင်ဝါလွှမ်းခဲ့သော အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာ ပျောက်ကွယ်သွားခဲ့သော သမိုင်းသင်ခန်းစာကို သတိ သမ္ပဇဉ် ဉာဏ်ယှဉ်ကြည့်သင့်သည်။ တစ်ချိန်က ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းကားခဲ့ကြသော အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံတို့ကိုလည်း စံတင်လို့ ဉာဏ်ယှဉ် ကြည့်သင့် သည်။ ကြီးမားမြင့်မြတ်သော အမြော်အမြင်ဖြင့် သာသနာ နှင့် သတ္တဝါတို့ကို ချစ်ခင်မြတ်နိုး တန်ဖိုးအနဂ္ဃ ထားရှိနိုင်ကြ သော မင်းကွန်း တိပိဋကဓရဆရာတော်နှင့် အဖွဲ့ဝင် လှူသူတော်ကောင်းကြီးတို့သည် ကိုယ်ကျိုးမဖက် ဆောင်ရွက် တော်မူကြနိုင်ပါပေသည်ဟု ဝမ်းသာအားရ ရှိလှ၍ တိပိဋက ဆရာတော်အား သာသနာ့ခေါင်းဆောင် ဦးသျှောင်သရဖူ ဆရာတော်တစ်ဆူအဖြစ် မရှိလျှင် မဖြစ်သော သူမြတ် ပုဂ္ဂိုလ်ထူး တစ်ပါးပင် ဖြစ်သည်ဟု ခေါင်းစီးတင်၍ ရေးသားအပ်သော ဂုဏ်ပြုထောမနာ ဆောင်းပါးစာကား ဤတွင် ကမ္ပတ် အဆုံးသတ်လိုက်ရပါသတည်း။

လောကနှင့် သာသနာအတွက် အားထုတ်ကြရာ၌ ဘေးမသန်း ရန်မသီ ကြံစည်တိုင်း အောင်မြင်၍ ကိုယ်စိတ် နှစ်ဖြာ စမ်းလိုအေး ဂုဏ်သိက္ခာ ပန်းလို မွှေးနိုင်ကြပါစေ။

ဘဒ္ဒန္တနာဂသေနာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု။



အရိယပန်းကုံး

ဗြဟ္မနိမ္မိတာရုံဆရာတော်

ဘဒ္ဒန္တသဟာမ္ပတီထေရ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ချုပ်ကြီး၏ ပရိယတ္တိသာသနာပြုလုပ်ငန်း၌ ရှေ့တန်းမှဦးဆောင်လျက် အပတ်တကုတ် စေတနာထက်သန်စွာ အားထုတ်လုပ်ဆောင်နေကြကုန်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ အမြင့်မားဆုံး ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ကြီးနှစ်တိုက်ကို တည်ထောင်နိုင်စွမ်းရှိခြင်းသည် သာသနာ-နုဂ္ဂဟအရာတွင် ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှု တစ်ရပ်ပင် ဖြစ်ကြောင်း။

'မင်းကွန်း တိပိဋက-နိကာယ သာသနာပြုအဖွဲ့'သည် ရှင်တော်မြတ်ဘုရား၏ အံ့သြချီးမွမ်း၍ မကုန်နိုင်သော ဂုဏ် ကျေးဇူးတော်နှင့် တိပိဋကဓမ္မက္ခန္ဓာတရားတော်၌ ကြည်ညိုကုန်သည်ဖြစ်၍ အံ့သြချီးမွမ်း၍ မကုန်နိုင်သော အကျိုးသည် မုချမသွေ ရရှိစေနိုင်ပေသည်ဟူသော ဗုဒ္ဓ၏ ဟောပြောချက်ကို ယုံကြည်ကိုးစား အားထားချက် အပြည့်အဝရရှိခြင်း ကြောင့်သာ ဤသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကြကာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ကြိုးစားမယုတ် အားထုတ်ပူဇော်နေကြခြင်းပင် ဖြစ်သည်ကို သိရှိကြပြီးဖြစ်ပါသည်။

ရည်မှန်းချက်မှာ'ဤကမ္ဘာကြီး၌ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး လွှမ်းမိုး ပြန့်ပွားသွားစေရမည်' ဟူ၍ပင် ဖြစ်ပါသည်။

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော် ဦးဆောင်ပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူသည့် မင်းကွန်းတိပိဋက-နိကာယသာသနာပြုအဖွဲ့ကြီး၏ ရည်မှန်း ဦးတည်ချက်မှာလည်း ပိဋကတ္တယအာဂုံဆောင် အရိယာနွယ်ဝင်သူတော်စင် အရှင်မြတ်တွေ 'အရိယမာလာ' ထိုသို့မဟုတ် 'အရိယာပန်းကုံး' သဖွယ် ပေါ်ပေါက်စေရန် ရည်သန်ခြင်းဖြစ်ပါသည်။

ဤရည်သန်ချက်အတိုင်း ပေါ်ထွက်လာသည်ကိုလည်း တွေ့မြင် ကြည်ညိုကြရပါပြီ။ မင်းကွန်းတိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးသည် ရည်မှန်းဦးတည်ချက်ပန်းတိုင်သို့ မရောက်ပါက နောက်သို့မဆုတ် မတန့်မနား ယုံကြည်ချက် သဒ္ဓါအား အပြည့်အဝထားရှိကြလျက် ဘုရားသာသနာတော်မြတ်ကြီးကို ပြုစုနေကြကုန်သော 'ဥပထမ္ဘက' အဖွဲ့ကြီးဖြစ်သည်ဟု မိမိ (ဘဒ္ဒန္တသဟမ္ပတိ)က ယူဆကြည်ညိုလျက် ရှိပေသည်။

ထိုသို့သော ကြည်ညိုခြင်းကြောင့် ...

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။

အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ-ဤသို့ အပြားအားဖြင့်၊ ဗုဒ္ဓါ-ဘုရားဒြပ်တော်တို့သည်၊ အစိန္တိယာ-အံ့သြချီးမွမ်း၍ မကုန်နိုင်၊ ဗုဒ္ဓဓမ္မာ-ဘုရားဂုဏ်ကျေးဇူးတော်တို့သည်၊ အစိန္တိယာ-အံ့သြချီးမွမ်း၍ မကုန်နိုင်၊ (ဤအနက်သည် သာရတ္ထဒီပနီဋီကာအဖွင့်နှင့်အညီ ယောဇနာခြင်းတည်း။) (တစ်နည်းအနက်) ဗုဒ္ဓါ-ဘုရားဂုဏ်ကျေးဇူးတော်တို့သည်၊ အစိန္တိယာ-အံ့သြချီးမွမ်း၍ မကုန်နိုင်၊ ဗုဒ္ဓဓမ္မာ-ဘုရားတရားတော်တို့သည်၊ အစိန္တိယာ-အံ့သြချီးမွမ်း၍ မကုန်နိုင်၊ (ဤအနက်သည် အပါဒါန် အဋ္ဌကထာနှင့်အညီ ယောဇနာခြင်းတည်း။) ဧဝံ-ဤသို့ ချီးမွမ်း၍ မကုန်နိုင်သော ဘုရားဂုဏ်တော်, ဘုရားဒြပ်တော်၌ (ဝါ) ဘုရားဂုဏ်ကျေးဇူး, ဘုရားတရားတော်၌၊ ပသန္နာနံ- သဒ္ဓါကြည်ညိုကုန်သော သူတို့အား၊ အစိန္တိယာ-အံ့သြချီးမွမ်း၍ မကုန်နိုင်သော၊ ဝိပါကော-အကျိုးသည်၊ ဟောတိ-မုချမသွေ ဖြစ်နိုင်ပေ၏။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်အတိုင်းပင် မင်းကွန်းတိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးကို ဦးဆောင်၍ ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်လျက် ရှိကြကုန်သော သာသနာပြု ခေါင်းဆောင်ပုဂ္ဂိုလ်များအားလည်းကောင်း၊ ထိုအဖွဲ့ကြီးနှင့်အတူ ကူညီပံ့ပိုး သဒ္ဓါဖြိုးလျက် ပစ္စယာနုဂ္ဂဟတို့ကို တိုးတက်ရွှင်လန်း လှူဒါန်းကြကုန်သော သာသနာ့ ဒါယကာ ဒါယိကာမ သာသနမာမက ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့အားလည်းကောင်း ကြံ့စည်အံ့သြပြောဟော၍ မကုန်နိုင်သော (အံ့သြချီးမွမ်း၍ မကုန်နိုင်သော) အကျိုးသည် မုချမသွေ ဖြစ်နိုင်ကြပါစေ ဟု ဆုမွန်မြတ် ဆုမွန်ကောင်းတောင်းကာ ဤအနုမောဒနာစာသားကို ရေးသားပေးပို့အပ်ပါသတည်း။

ဘဒ္ဒန္တသဟမ္ပတိထေရ်
အဂ္ဂမဟာပဏ္ဍိတ

ဓမ္မစေတီများတည်ထားခြင်း

မြင်းခြံကိုးဆောင်ဆရာတော်

ဘဒ္ဒန္တသောဘိတ

ဓမ္မ-ဟူသည် ပါဠိဘာသာဝေါဟာရတစ်ခု ဖြစ်သည်။ ထိုဓမ္မကို 'တရား'ဟု မြန်မာဘာသာ ပြန်ဆိုကြသည်။ တရား အမျိုးမျိုး ရှိသည်တွင် ကျင့်သုံးလိုက်နာသူကို အပါယ် အစရှိသော ဘေးဒုက္ခအပေါင်းတို့မှ ကယ်တင်သောအားဖြင့် လည်းကောင်း၊ ကာကွယ်စောင့်ရှောက်သောအားဖြင့်လည်းကောင်း ဆောင်တတ်သောကြောင့် မဂ်လေးပါးသည်သာ မုချ 'ဓမ္မ' အမည်ရထိုက်ပေသည်။

သို့သော် မဂ်လေးပါး၏ ချက်ချင်းလက်ငင်း အကျိုးရ ဖိုလ်လေးပါးနှင့် ဆင့်ပွားအကျိုး နိဗ္ဗာန်ကိုလည်းကောင်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်ပြ ပရိယတ်ဓမ္မက္ခန် ကျမ်းဂန်များကိုလည်းကောင်း၊ သွာက္ခာတတာ စသော ဂုဏ်အင်များနှင့် ပြည့်ဝစုံလင်သည့်အတွက် 'ဓမ္မ' ဟု ခေါ်ဝေါ်ကြရတော့သည်။ ထို့ကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော ကိုးပါးသော လောကုတ္တရာတရားများတွင် ပရိယတ္တိဓမ္မ ထည့်၍ ဆယ်ပါးသောတရား ဖြစ်လာရသည်။

မဂ်	၄-ပါး၊
ဖိုလ်	၄-ပါး၊
နိဗ္ဗာန်	၁-ပါး၊
ပရိယတ်	၁-ပါး၊

ဤ ဆယ်ပါးသောတရားအားလုံးသည်ပင် သွာက္ခာတ တာစသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံခြင်းကြောင့် 'ဓမ္မံ သရဏံ ဂစ္ဆာမိ' အရ ကိုးကွယ်ဆည်းကပ်ထိုက်သော တရားတို့ချည်းသာ ဖြစ်ကြသည်။ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော် ဆိုသည်မှာလည်း ဤတရားဆယ်မျိုးပင် ဖြစ်ပေသည်။

အနာရောဂါပျောက်ကင်းဖို့ရန် ဆေးဝါးသည် အဓိက ဖြစ်သော်လည်း မှန်ကန်သောဆေးဝါးဖြစ်ရန်မှာ ဆေးနည်း ဆေးမှတ်တမ်းများနှင့်ကင်း၍ မဖြစ်နိုင်ပေ။ ဆေးနည်းဆေး မှတ်တမ်းများ ရှိနေလျှင် လိုအပ်သောဆေးကို အချိန်မရွေး ဖော်စပ် သုံးစွဲနိုင်ပေသည်။ ထို့အတူ မဂ်ဖြင့်ကိလေသာ ရောဂါမှန်သမျှ ပယ်ဖျောက်ရန်နှင့် ဝိမုတ္တိသုခကို ခံစားနိုင်ရန် မရှိမဖြစ် မသိမဖြစ်။ တကယ်ပင် လိုအပ်သော ဓမ္မမှာ ဆေးနည်း ဆေးမှတ်တမ်းသဖွယ်ဖြစ်သော ပရိယတ္တိဓမ္မသာ ဖြစ်ပေသည်။ ရှေးရှေးသာသနာ့ဦးဆောင် မထေရ်များကလည်း ...

'သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂ
တေ ယထာ။'

ဘုရားဟော ပရိယတ္တိ ဓမ္မက္ခန္ဓာများ တည်ရှိနေသရွေ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားများ မပျောက်မပျက် တည်ရှိမည် သာ ဖြစ်ပြီး သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပရိယတ္တိဓမ္မများ ပျောက်ကွယ်လျှင်ကား နေဝင်သကဲ့သို့ တစ်လောကလုံး အမှောင် ဖုံးကွယ်လိမ့်မည် ... ဟု မိန့်ကြားတော်မူခဲ့လေ သည်။

သာသနာတော်တည်တံ့ပြန့်ပွားဖို့ရန် ပရိယတ္တိဓမ္မကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါသည်။ မှန်၏။ သက် တော်ရှည်ဘုရားရှင်တို့၏သာသနာသည် မျက်မှောက် သာဝက တစ်ဆက်လောက်သာတည်တံ့ပြီး ဆက်လက် မတည်တံ့သည်မှာ ပရိယတ္တိဓမ္မ မရှိခြင်းကြောင့်သာ ဖြစ်ပါ သည်။

ဤဆိုခဲ့ပြီးသော အခြေအနေအရပ်ရပ်ကို ထောက် ရှုလျှင် ပရိယတ္တိဓမ္မသည်သာ သာသနာတော် အရှည် တည်တံ့ပြန့်ပွားဖို့ အမှန်တကယ် ဖြစ်သည်မှာ ထင်ရှားလှပေ သည်။ ပရိယတ္တိဓမ္မ တည်တံ့ဖို့ရန်မှာလည်း စက္ကူ၊ ရွှေ၊ ငွေ၊ ကျောက်ချပ်များပေါ်တွင် တင်ထားရုံဖြင့် မပြီးနိုင်ပါ။

ပျူခေတ်ကျောက်စာများ ယနေ့တိုင် ရှိနေသော်လည်း အဓိပ္ပာယ်ဖော်နိုင်သူ တစ်ဦးတစ်ယောက်မျှ မြန်မာနိုင်ငံတွင် မရှိတော့ပေ။ ပရိယတ္တိဓမ္မ တည်တံ့ပြန့်ပွားရေးမှုကို မြတ်စွာ ဘုရားက အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်၊ ပဌမသဒ္ဓမ္မသမ္မောသ သုတ်၌ အတိအလင်း ဖော်ညွှန်းခဲ့ပေသည်။ ယင်းမှုများ မှာ...

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မော သာယ အနန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ ...

၁။ ဣဓ ဘိက္ခဝေ ဘိက္ခူ သက္ကစ္စံ ဓမ္မံ သုဏန္တိ၊
၂။ သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ၊
၃။ သက္ကစ္စံ ဓာရေန္တိ၊
၄။ သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ၊
၅။ သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ။

ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ။ အံ၊၂၊၁၅၆။

ယင်းသို့ ဟောတော်မူသည့်အတိုင်း ပရိယတ္တိသဒ္ဓမ္မ ကို ...

၁။ ကောင်းစွာ နာကြားခြင်း၊
၂။ ကောင်းစွာ သင်ယူမှတ်သားခြင်း၊
၃။ ကောင်းစွာ နှုတ်တက်အာဂုံဆောင်ထားခြင်း၊
၄။ အနက်အဓိပ္ပာယ် စူးစမ်းဆင်ခြင် သိမြင်ခြင်း၊
၅။ သိသည့်အတိုင်း ပရိယတ် တရား အားလျော်စွာ ပဋိ ပတ် တရားကို ကျင့်သုံးခြင်းတို့ ဖြစ်ပါသည်။

မြတ်စွာဘုရား ချမှတ်ခဲ့သော အဆိုပါမှုများအတိုင်း လက်တွေ့အကောင်အထည် ဖော်မည်ဆိုလျှင် သာသနာ တော် တည်တံ့ပြန့်ပွားမည်မှာ ယုံမှားစရာ မရှိပေ။ ဤမှု ငါးချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျှင် သာသနာ တည်တံ့ပြန့်ပွားကြောင်း ဖြစ်သလို၊ အကောင်အထည်ဖော် မဆောင်ရွက်လျှင် သာသနာ ကွယ်မည်ဖြစ်၍ အဆိုပါ အင်္ဂုတ္တိုရ်ပါဠိတော်၌ပင်...

'ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ...' စသည်ဖြင့် ဟောထားတော်မူခဲ့လေသည်။

သာသနာကွယ်ကြောင်းတရားများကို လွယ်လွယ်ကူကူ မှတ်ယူနိုင်ရန် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက...

'အင်္ဂုတ္တိုရ်လာ၊ သာသနာ ကွယ်ကြောင်း၊ တရားပေါင်း ကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မ၊ ပဋိပတ်ကွာ၊ ဤငါးဖြာ တည်း'ဟု လင်္ကာစီ၍ မှတ်တမ်းတင်ခဲ့ပေသည်။

စေတီ

'စေတီ'ဟူသည် အလေးအမြတ်ထား၍ ကိုးကွယ်ရာ...ဟု အဓိပ္ပာယ်ရသည်။ ထိုစေတီသည် လူမျိုးနှင့်ဘာသာအလိုက် အမျိုးမျိုး ရှိသော်လည်း ဗုဒ္ဓသာသနာတော်၌ကား ...

'ဓာတု-ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂ စေတီလေး' ဟူသည်နှင့်အညီ လေးမျိုး ခွဲခြား၍ ပြတော်မူကြသည်။ ဤအရာ၌ ရေးသား တင်ပြလိုသည်မှာ ဓမ္မစေတီပင် ဖြစ်ပါသည်။

ဆိုခဲ့ပြီးသော ပရိယတ္တိဓမ္မသည်ပင် အမြတ်တနိုး ကိုးကွယ်ရာဖြစ်၍ 'ဓမ္မစေတီ' မည်ပါသည်။ ထိုပရိယတ္တိဓမ္မများ၏ တည်ရှိရာ ပိဋကတ်စာအုပ်များ၊ ပေစာ ကျောက်စာများ စသည်တို့သည်လည်း ဓမ္မစေတီများပင် ဖြစ်ပေသည်။ စာအုပ်စာပေ, ကျောက်စာများ ဓမ္မစေတီ ဖြစ်သကဲ့သို့ ယင်း ဓမ္မစေတီ ပိဋကတ်များ ကိန်းဝပ်ရာ ဗီရို, ကျောင်းတော်, အုတ်တိုက်, အုတ်အင်္ဂတေစေတီ စသည်တို့သည်လည်း ဓမ္မစေတီပင် မည်ပါသည်။ ပရိယတ္တိဓမ္မများကိန်းဝပ်ရာ ဗီရို, စေတီ စသော သက်မဲ့ပစ္စည်းများကို ဓမ္မစေတီဟု ခေါ်နိုင်လျှင် ပရိယတ္တိဓမ္မများ နှလုံးအိမ်ထဲတွင် ကိန်းဝပ်နေသော ပရိယတ္တိဆောင်ပုဂ္ဂိုလ်များကိုလည်း ဓမ္မစေတီဟု အဘယ်မှာ မဆိုနိုင်ဘဲ ရှိပါအံ့နည်း။ ဧကန်မုချ ဆိုရမည်သာ ဖြစ်ပေသည်။

မှန်၏။ ဘုရားလက်ထက်တော်က ပုဏ္ဏားတစ်ယောက်က မြတ်စွာဘုရားကို လျှောက်ထားသည်မှာ 'ရတနာသုံးပါးတွင် ဘုရားနှင့် သံဃာကို ပူဇော်မှုမှာ ထင်ရှားပါသည် ဘုရား။ တရားတော်ကို ပူဇော်လိုက မည်သို့မည်ပုံ ပူဇော်ရမည်နည်း' ဟု မေးလျှောက်သောအခါ မြတ်စွာဘုရားက 'တရားတော်ကို ပူဇော်လိုက ပရိယတ္တိဓမ္မ ဗဟုသုတရှိသော ပုဂ္ဂိုလ်များကို ပူဇော်ရမည်ဖြစ်ကြောင်း' မိန့်ကြားခဲ့လေသည်။

မင်းကွန်း တိပိဋကဓရအရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးကား မိမိကိုယ်တိုင် ဓမ္မစေတီဖြစ်ရုံမက ဓမ္မစေတီအသစ် မြောက်မြားစွာကိုလည်း အသစ်အသစ် မပြတ်မလပ် တည်ထားလျက်ရှိပေသည်။ တိပိဋက-နိကာယ ကျောင်းတိုက်ကြီးတည်ထောင်ပြီး ပိဋကသုံးပုံဆောင်၊ နိကာယ်ဆောင်ပုဂ္ဂိုလ်များ မငြိုမငြင် ချမ်းသာလွယ်ကူစွာ ပရိယတ္တိဓမ္မကို နာခံ, သင်ကြား, ဆောင်ထား, တွေးကြံ, ကျင့်သုံးနိုင်ရန် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လိုလေသေး မရှိ ထောက်ပံ့ကူညီလျက် တိပိဋကနှင့် နိကာယဆောင် ပုဂ္ဂိုလ်များ အမြဲမပြတ် မွေးထုတ်ပေးလျက် ရှိနေပေသည်။

ဆရာတော်၏ အားပေးချီးမြှောက်မှုကို ရနေကြသဖြင့် သာသနာ့အာဇာနည် ရဟန်းသာမဏေများသည် ပရိယတ္တိဓမ္မများကို ကြိုးစားအားထုတ်လျက် ရှိပေသည်။ နှစ်စဉ် တိပိဋကနှင့် နိကာယ်စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ကြလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာတော်၏ ဓမ္မစေတီ တည်ထားမှုလုပ်ငန်း မည်မျှအောင်မြင်နေသည်ကို မှန်းဆနိုင်ပေသည်။

တိပိဋကဆောင်ပုဂ္ဂိုလ်တစ်ပါးသည် ဆင့်ပွား ပိဋကဆောင် ပုဂ္ဂိုလ်အများအပြားကို မွေးထုတ်ပေးနိုင်လိမ့်မည် ဖြစ်ခြင်းကြောင့် တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသ၏ ဓမ္မစေတီတည်ထားမှု သာသနာပြုလုပ်ငန်းသည် မခန့်မှန်းနိုင်လောက်အောင် အကျိုးအာနိသင်များ ဖြစ်ပွားနိုင်မည်မှာ မလွဲပေ။ ဆရာတော်၏ဓမ္မစေတီတည်ထားခြင်း သာသနာပြုလုပ်ငန်း အောင်မြင်ရန် ပစ္စည်းအား, လူအား ထောက်ပံ့လျက် ရှိသည်ကား တိပိဋက-နိကာယသာသနာပြု အဖွဲ့ပင် ဖြစ်ပါသည်။

သာဂါရာ အနာဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမမနုတ္တရံ။

- ဟူသော ဒေသနာတော်အရ ဆရာဒကာ လက်တွဲညီညီဖြင့် သာသနာပြုနေသည်မှာ အားရစရာပင် ဖြစ်ပေသည်။ ဆက်လက်၍ အဓွန့်ရှည်ကြာစွာ သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှင့် နိဂုံးချုပ်အပ်ပါသတည်း။

ဘဒ္ဒန္တသောဘိတ
အဘိဓဇမဟာရဋ္ဌဂုရု။



ရွှေကျင်သပြေကန်ဆရာတော်ကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၏ သမ္မောဒနီယ ဩဝါဒကထာ

အလွန်ကြီးမားသောသာသနာတော်ကြီးကို စောင့်ရှောက်ရေးအတွက် အလွန်ကြီးမားသော ပုဂ္ဂိုလ်ကျော်များ လိုလားအပ်ပါသည်။

၁။ အစ္ဆေရ ဇာတံ နော ဗုဒ္ဓ၊ သာသနံ သုခ ဒါယကံ။

ပုညေနာ ပါဒိတံ တတ္ထ၊ ကိမုပေက္ခာ မသေ မယံ။

စွမ်းရည်အပြည့် သတ္တိဖြိုးကြွယ် အံ့ဖွယ်စင်စစ်ဖြစ်သော ချမ်းသာသုခ လိုတိုင်းရအောင် ပေးဆောင်တော်မူ တတ်သော မြတ်ဗုဒ္ဓ၏ ထူးလှသော အနှစ်ရတနာ သာသနာတော်မြတ်ကြီးကို မိမိတို့သည် ပုဗ္ဗေစကတပုညတာပါရမီ ထက်သန် ကံထူးဘုန်းထူးအရ ကြုံခဲ့ဆုံခဲ့ ရခဲ့ရပေပြီ။ ဘုန်းကံထူးစွာ ပါရမီအရ ကြုံတောင့်ကြုံခဲ ကြုံလာရသော ထိုဗုဒ္ဓမြတ်စွာ၏ ထူးခြားသော သာသနာတော်မြတ်ကြီးကို အကျွန်ုပ်တို့သည် အဘယ်မှာလေ့လာမပြု လျစ်လျူရှုနိုင်ပါအံ့နည်း။ လျစ်လျူမရှု တိုးအောင်ပြုကာ ကြိုးစားတော့မည်သာတည်း။

၂။ ပရိယတ္တိ ပဋိပတ္တိ၊ ဝသာဓိဂမ လာဘယာ။

အနုယုဥ္စဝ ဗုဒ္ဓဿ၊ သာသန ဝုဒ္ဓိ ကာရကော။

ဗုဒ္ဓသာသနာတော်၌ အဓိဂမ=မဂ်ဖိုလ်နိဗ္ဗာန်ရခြင်းသည် အဓိကဖြစ်၏။ ထိုအဓိဂမအကျိုးငှါ သာသနာတော်ကို အမှီပြုရသည်ဖြစ်ရာ စာပေကျမ်းဂန်သင်ယူခြင်း ပရိယတ္တိ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်ကြံခြင်း ပဋိပတ္တိ ဤလမ်းအတိုင်း ကြိုးစားအားထုတ်သူသည်သာ မြတ်ဗုဒ္ဓသာသနာတော် တိုးပွားအောင် ကြိုးစားသူစင်စစ် ဖြစ်ပါတော့သည်။ ဤသို့ကြိုးစားခြင်းဖြင့် မိမိသန္တာန်မှာ ပရိယတ်တွေ တိုးပွားလာရတော့သည်။ ပဋိပတ္တိတွေ တစ်ဆင့်ထက်တစ်ဆင့် မြင့်ကာမြင့်ကာ တိုးတက်စည်ကားလာရပေတော့သတည်း။

၃။ သယံ အာရဒ္ဓ မတ္တေန၊ န တံ ယာတိ တိ ဝုဒ္ဓိတံ။
အပိစ ဝါစ နာညေသံ၊ ဒေသနာ ယေဝ တံ ဘဝေ။

ဆိုခဲ့ပြီးသည့်အတိုင်း ကိုယ်တိုင် ပရိယတ်, ပဋိပတ် တရားများ ကြိုးစားရုံမျှဖြင့် အထိုက်အလျောက် သာသနာ တိုးပွားလာနိုင်ပါသည်။ သို့သော် တကယ်တိုးတက်ကြီးပွား ခြင်းဟု မဆိုရသေး။ ရှင်လူအများ၏သန္တာန်မှာ အနှံ့အပြား ပြန့်ပွားမှသာ သာသနာအလွန်တိုးတက်ကြီးပွားနိုင်သည်။ သို့ဖြစ်ရာ ပရိယတ္တိဝန်ဆောင်တွေ အများအပြား ပြန့်ပွား စည်ကားအောင် ပို့ချခြင်းဖြင့်လည်းကောင်း၊ ကျင့်ကြံသူတွေ တိုးပွားအောင် ကြိုးစားဟောပြသင်ကြားပေးခြင်းအားဖြင့် လည်းကောင်း သာသနာတော်တိုးပွားအောင် ကြိုးစား ရမည် ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရား သာသာနာတော် တိုးပွားအောင် ကြိုးစားတော်မူစဉ်က ကိုယ်တော်တိုင် ဟော ပြောခဲ့သည်။ 'စရထ ဘိက္ခဝေ စာရိကံ' စသည်ဖြင့် တိုက် တွန်းနှိုးဆော်ကာ သံဃာတွေများအောင် ဗုဒ္ဓဘာသာဝင်တွေ များအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

၄။ ကထံ မိဋ္ဌာနံ ကာတဗ္ဗံ၊ သာသန ဝုဒ္ဓိ ကာရိဘိ။
ဝိနယေ ဥပါလိ ထေရောဝ၊ အဓိဋ္ဌာနံ ဒဠှံ ကရေ။

သာသနာပြုရာ၌ အောင်မြင်အောင်ဘယ်လို အဓိဋ္ဌာန် ချက် ထားရမည်နည်း။ ဤအရာ၌ အရှင်ဥပါလိမထေရ် မြတ်သည် သာဓကဖြစ်ပါသည်။ ဝိနည်း၌ စွဲမြဲစွာ အဓိဋ္ဌာန် ထား ကြိုးစားခဲ့၍ ဝိနည်းသာသနာပြုရာ၌ အအောင်မြင် ဆုံး ဧတဒဂ်ရပုဂ္ဂိုလ်ကျော်အဖြစ် ရောက်ခဲ့ရသည်မှာ အထင်အရှားပင် ဖြစ်ခဲ့ပါ၏။ အရှင်ဥပါလိ၏ အဓိဋ္ဌာန်မှာ 'ဝိနယော အာသယော မယှံ=ဝိနည်းသည် ငါ၏နေရာ ကျောင်းရိပ်သာပါပေ'။ 'ဝိနယော ဌာန စင်္ကမံ=ဝိနည်းသည် ငါ၏ရပ်ရာ သွားရာ စင်္ကြံတော်ပါပေ'။ 'ကပ္ပေမိ ဝိနယေ ဝါသံ=ငါသည် ဝိနည်းတရားတော်၌ စွဲမြဲမကွာနေ ခြင်းကို ပြုပါ၏'။ 'ဝိနယော မမ ဂေါစရော=ဝိနည်းသည် ငါ၏ အမြဲသုံးရာစားကျက်ပါပေတည်း'။

၅။ သာသနံ အာယယော မယှံ၊ သာသနံ ဌာန စင်္ကမံ။
ကပ္ပေမိ သာသနေ ဝါသံ၊ သာသနံ မမ ဂေါစရော။

သာသနာတကယ်ပြုလိုသောပုဂ္ဂိုလ်များလည်း ထို အရှင်မြတ်၏ အဓိဋ္ဌာန်စိတ်အကြံမျိုး ထားသင့်လှပေသည်။ သာသနာတော်သည် ငါ၏နေရာ ကျောင်းရိပ်သာပါပေ။ သာသနာတော်သည် ငါ၏ရပ်ရာ, သွားရာ စင်္ကြံတော်ပါပေ။ ငါသည် သာသနာတော်၌ စွဲမြဲမကွာနေခြင်းကို ပြုပါ၏။ သာသနာသည် ငါ၏အမြဲသုံးရာစားကျက်ကြီး ဖြစ်ပါပေ သတည်း။

၆။ မဟန္တံ သာသန ကိစ္စံ၊ အလံ ကာတုံ နကေနစိ။
အလံ'တိ မဟန္တေဟေဝ၊ အာဇာနိယေဟိ ကာတဝေ။

သာသနာကိစ္စမှာ တစ်ဦးတစ်ယောက်အရာဆိုလျှင် လွယ်သေး၏။ တိုက်တာတစ်ခုအတွက်ဆိုလျှင် ပြုလုပ် ဆောင်ရွက်ဖို့ အတော်ခက်သွား၏။ တစ်တိုင်းတစ်ပြည်လုံး အတွက်ဆိုလျှင်တော့ ပြောစရာမရှိ။ သူသူငါငါ သာမာန် ပုဂ္ဂိုလ်တို့အရာ မဟုတ်တော့ပြီ။ တကယ်ကြီးမြတ်လှသော သာသနာ့အာဇာနည်မထေရ်မြတ်ကြီးတို့သာ စွမ်းနိုင်တော့ သည်။

၇။ မဟန္တာ ဧဝ မဟတံ၊ အတ္ထံ သာဓယိတုံ ခမာ။
ရိတေ သမုဒ္ဒါ ကောအညော၊ အဘာရိဗဍဝါ နလံ။

ကြီးကျယ်သူတို့သာ ကြီးကျယ်သူတို့၏ အကျိုးစီးပွားကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်၏။ သမုဒ္ဒရာ ပြင်ကျယ် ပင်လယ်ကြီးကိုထား၍ တစ်ခြားဘယ်အရာကမှ ဗဍဝါမုခ(သမုဒ္ဒရာမီးကြီး)ကို ဆောင်ထားခြင်းငှာ မတတ် နိုင်ပါပေ၊ နီတိအဆိုဖြစ်၏။ ကြီးကျယ်သောအရာကို ကြီးကျယ်သူတို့သာ ဆောင်ရွက်နိုင်ပါပေသည်။

၈။ မြမ္မသာသန ကိစ္စန္တိ၊ မဟန္တံ သာဓု သာဓနေ။
သဗ္ဗတ္ထ'တိ မဟန္တေဟေဝ၊ ဘဝိတဗ္ဗံ ဟဝေ ဟဝေတိ။

မြန်မာနိုင်ငံတော်၏ သာသနာ့ကိစ္စများကား အလွန် ကြီးမား အလွန်ပင်များပြားလှပါသည်။ ထိုကိစ္စများမြောင် ကို အပြီးရောက်အောင်ဆောင်ရွက်ရာ၌ နေရာခပ်သိမ်း ဝယ် သူ့ထက် ထူးခြား တကယ့်တကယ်အလွန်ကြီးမားသော ပုဂ္ဂိုလ်ထူးတွေသာ ဖြစ်သင့်ဖြစ်ထိုက်ဖြစ်အောင် ပြုရမည် သာတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု။

ဗဟုသုတရဟန်းတော်များ

ကွယ်ပမသွားအောင်

ဓမ္မာစရိယ ဆရာကြီး

စာရေးကြီးတိုက်နယားဆရာတော်ကြီး

ဦးမေဓာဝိယာဘိဝံသ



အဋ္ဌကထာ ဆရာကြီးများက ကျွန်ုပ်တို့ ဘုရားမြတ်ကို

"နမော မဟာကာရုဏိကဿ တဿ" ဟူ၍ ကရုဏာဂုဏ်တော်ဖြင့် ချီးကျူး ဖော်ပြ ပူဇော်ကြပါသည်။

ဋီကာဆရာကြီးများကလည်း ဘုရားမြတ်၏ ကရုဏာဟာ သူတစ်ပါးတို့နှင့် မဆက်ဆံ၊ သူတစ်ပါးတို့မှာ လုံးဝမရှိသော ကရုဏာဖြစ်ကြောင်း ဖွင့်ပြကြပေသည်။

ယင်းသို့ သူတစ်ပါးတို့နှင့် မဆက်ဆံ၊ သူတစ်ပါးတို့မှာ လုံးဝမရှိသည့် အလွန် မြင့်မြတ်ကြီးကျယ်သော ကရုဏာတော်ရှိတော်မူသည့်အတွက် ဘုရားမြတ်တစ်ပါး တည်းကိုသာ 'မဟာကာရုဏိက' ဟူသောဂုဏ်ပုဒ်ဖြင့် ချီးကျူးဂုဏ်ပြု ပူဇော်ကြပေ သည်။

သုမေဓာရှင်ရသေ့ဘဝက မဟာကရုဏာစာတ်

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က သံသရာ့ဒုက္ခသည်များအပေါ် လွန်စွာ သနားကြင်နာသော မဟာကရုဏာတော်မြတ် တိုက်တွန်းနှိုးဆော်အပ်ရကား လက်တော်သို့ ရောက်ပြီးသော သန္တိသုခဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ကို ယူတော်မမူ။ စွန့်လွှတ်တော်မူ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်အောင် ကျင့်ဆောင်အံ့ဟု လွန်ကဲထက်မြက်သော ယုံကြည်ချက်ရှိတော်မူသည့်အတွက် သုမေဓာရှင်ရသေ့အဖြစ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ပန်းကို လက်လှမ်းခံယူတော်မူစဉ် ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရသေ့မြတ်ကို ပန်းရှစ်ဆုပ်တို့ဖြင့် ချီးမွမ်းကော်ရော် ပူဇော်တော်မူလျက် လက်ယာရစ် လှည့်လည်ကာ ဖဲကြွတော်မူသည်။ နောက်တော်ပါ ရဟန္တာချည်း ဖြစ်တော်မူကြသည့် အရိယာသံဃာတော် လေးသိန်းတို့ကလည်း ပန်းနံ့သာတို့ဖြင့် ချီးကျူးစကား ပြောကြားကော်ရော် ပူဇော်လျက် လက်ယာရစ် လှည့်လည်ကာ ဖဲကြွတော်မူကြလေသည်။

ဒီပင်္ကရာ ဘုရားမြတ်စွာနှင့် ရဟန္တာအရှင်မြတ်များ၏ ချီးကျူးဂုဏ်ပြု ပူဇော်မှုကို ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်ကြည့်သူတို့အား ကျွန်ုပ်တို့ မြတ်စွာဘုရား (သုမေဓာရသေ့) ၏ မဟာကရုဏာစာတ် ကြီးကျယ်မြင့်မြတ်ကြောင်း ပေါ်လွင်ထင်ရှားပေလိမ့်မည်။ (ဗုဒ္ဓဝံ၊ ၄-၃၁၀-၁-။ ဗုဒ္ဓဝံ၊ ၄-၁၁၉။ အပ၊ ၄-၁။ ၂၁။ ဇာ၊ ၄-၁။ ၂၀) ၁ ချက်။

အချက်နှစ်ရပ်

ထို့ပြင် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းယက်တွင် လျောင်းစက်နေတော်မူစဉ် ယခုဘဝ၌ပင် ရဟန္တာဖြစ်ထိုက်သော သုဘဒ္ဒပရိဗိုဇ်က လောကဓမ္မ နှစ်ဝရေးရာ လိမ္မာကျွမ်းကျင် ရှင်အာနန္ဒာအား သူ့အား ယုံမှားခြင်းတရားဖြစ်ပွားနေသဖြင့် ထိုယုံမှားခြင်းတရား ကင်းပျောက်သွားရန်အတွက် ဘုရားရှင်အား ဖူးမြော်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်ရာ ရှင်အာနန္ဒာ၏ တားမြစ်စကား ဘုရားသဗ္ဗညုကြားတော်မူလေရာ သုဘဒ္ဒါပရိဗိုဇ်အား ငါ ဘုရားအား ဖူးမြော်ခွင့်ပြုရန် ရှင်အာနန္ဒာအား မိန့်ကြားတော်မူပြီးနောက် မိမိ၏ ပင်ပန်းနွမ်းနယ် ဆင်းရဲမှုကို မရှုမငဲ့ ကရုဏာတရားရှေ့ထားကာ တရားစကား ဟောကြားချီးမြှောက်တော်မူသဖြင့် သုဘဒ္ဒ ပရိဗိုဇ် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ဤဖော်ပြချက်ကို ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်ကြသောသူတို့အားလည်း ဘုရားမြတ်၏ ကရုဏာ ဂုဏ်တော်မြတ်ကို ကြည်ညိုဦးချ ပူဇော်မှု ပြုကြပေလိမ့်မည်။ (ဒီ၊၂။၁၂၂-၃။ ဒီ၊ဋ္ဌ၊၂။၁၇၉-၈၀။) ၁ ချက်။

အချက်နှစ်ရပ်

ထို့ပြင် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းထက်တွင် လျောင်းစက်နေတော်မူစဉ် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် လူ နတ် ဗြဟ္မာ သတ္တဝါတို့ အထူးအလဲ စိုးရိမ်သောက စိတ်ဆင်းရဲကြမှာကို မြင်တော်မူသဖြင့် ထိုသူများအား သက်သာရာ ရစိမ့်သောငှာ ...

'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ'

-ဟူသော စိုးရိမ်သောက ကင်းပျောက်ရေး တရားဆေးကို တိုက်ကျွေးတော်မူပေသည်။

'လောကဓမ္မ နှစ်ဌာနတွင် ကျွမ်းကျင်လိမ္မာ အာနန္ဒာ။ ငါ ဘုရားဟောကြားတော်မူအပ်သော ပညတ်တော်မူအပ်သော သုတ္တန်၊ အဘိဓမ္မာတရားနှင့် ဝိနည်းတရားတော် (ပိဋကတ်သုံးသွယ်၊ နိကာယ်ပဉ္စာ၊ အင်္ဂါကိုးဖြာ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်)သည် ငါ ဘုရားပရိနိဗ္ဗာန်ဝင်စံကွယ်လွန်တော်မူသောအခါ သင်တို့ဆရာ (ဘုရား) ဖြစ်ပေလိမ့်မည်။" (ဒီ၊၂။၁၂၆-၇။ ဒီ၊ဋ္ဌ၊၂။၁၈၂-၃) ၁ ချက်။

အထက်ပါ စကားသည် တိုက်ရိုက်ဖြောင့်ဖြောင့် ပြောသော စကားမျိုးမဟုတ်။ သွယ်ဝိုက်၍ ဥပစာအားဖြင့် ပြောသောစကားမျိုး ဖြစ်သည်။ ကျောက်ပြားပေါ်၌ ရေးထုထားသော ဓမ္မက္ခန္ဓာစသည်များက ဆုံးမကံမြစ်ကြလိမ့်မည် မဟုတ်။

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို အနက်သဒ္ဒါအားဖြင့် လိမ္မာကျွမ်းကျင်အောင် သင်ယူထားသည့် ဗဟုသုတ ရဟန်းတော်များက မြတ်ဘုရားပရိနိဗ္ဗာန် ဝင်စံကွယ်လွန်ပြီးနောက် ဆုံးမကံမြစ်ကြပေလိမ့်မည်။

'ဝိနည်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်းကောင်း၊ သုတ္တန်နှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်းကောင်း၊ အဘိဓမ္မာနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်းကောင်း ဖြေရှင်းဆုံးဖြတ်ပေးလိမ့်မည်' ဟု ဆိုလိုပေသည်။

ဖော်ပြအပ်ပြီးသော ဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းတော်သည် ဘုရားအရာ၌ တည်ပေ၏။

'ချစ်သား စုန္ဒ။ ဤဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းတော်သည် သင်တို့တပည့် မဟုတ်ချေ။ ဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းတော်သည် သင်တို့၏ ဘုရားမည်ပေ၏' ဟု မြတ်ဘုရားကိုယ်တိုင် ဗဟုသုတဂုဏ်နှင့် ပြည့်စုံသော ရဟန်းတော်ကို မိမိအရာ၌ ထားတော်မူခဲ့ပေသည်။ (ဒီ၊၃။၁၀၆-၇။ ဒီ၊ဋ္ဌ၊၃။၉၅-၆။ဒီ၊ဋီ၊၃။၉၁-၂။သာရတ္ထ၊၂။၁၆၇။)

မင်းကွန်း တိပိဋက=နိကာယသာသနာပြုအဖွဲ့ စသော အသင်းအဖွဲ့များသည် အဆိုပါဗဟုသုတရဟန်းတော်ဘုရားများ လောကတွင် ကွယ်ပမသွားရအောင် အစဉ်မပြတ်ဖြစ်ပေါ်နေအောင် ပွင့်နေအောင် ပြုလုပ်ပေးနေကြသော အသင်းအဖွဲ့များ ဖြစ်ကြပေသည်။ ယင်းသို့ ပြုလုပ်ပေးနေကြသဖြင့် ဖြစ်ပေါ်လာကြသော ပွင့်လာကြသော ဗဟုသုတ ရဟန်းတော်ဘုရားများ ပြုလုပ်သလောက် ကုသိုလ်ကောင်းမှုနှင့် အလားတူ ညီမျှသော ကုသိုလ်ကောင်းမှုများကိုလည်း မင်းကွန်း တိပိဋက=နိကာယသာသနာပြုအဖွဲ့ စသော အသင်းအဖွဲ့ဝင် ဒါယကာ ဒါယိကာမများ အမှန်မုချ ရနိုင်ကြပေသည်။ အဘယ်ကြောင့်နည်းဟူမူ အဆိုပါ ဗဟုသုတ ရဟန်းတော်ဘုရားများ ဖြစ်ပေါ်လာအောင် ပြုလုပ် (မွေးထုတ်) ပေးနေကြသောကြောင့် ဖြစ်ပေသည်။

ဦးမေဓိယာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ။
နယားကျောင်း၊ ဘုရားကြီးတိုက်၊
မန္တလေးမြို့။



အရှင်အာနန္ဒာ၏ ပယ်ဆုလေးမျိုးတောင်းဆုလေးပါး

ရွှေကျင်နိကာယ စုဒ္ဒသမသာသနာပိုင် ဇယမေဒနီ ဝါဆိုဆရာတော်ကြီး

မြတ်စွာဘုရား၏ညီတော် ဧတဒဂ်ငါးတန်ရ အရှင်အာနန္ဒာ အလုပ်အကျွေးဌာနန္တရနှင့် စပ်လျဉ်း၍ ရေးသားလိုပေသည်။

အရှင်အာနန္ဒာနှင့် တိပိဋကဓရမင်းကွန်းဆရာတော်တို့နှစ်ပါး ဓမ္မဘဏ္ဍာဂါရိကချင်း တူရုံမျှမက သဘောထားခံယူချက်ခြင်းလည်း တူမျှသည်ဟု ယူဥ်တွဲကြည်ညိုမိသဖြင့် ဤစာကို ရေးသားပါသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အရိုအသေပြု ရှိခိုး၍ ပယ်အပ်သောဆုလေးမျိုး, တောင်းအပ်သောဆုလေးမျိုးအားဖြင့် ဆုပေါင်းရှစ်မျိုးကို မြတ်စွာဘုရားထံ၌ တောင်းတော်မူပါသည်။

ထိုဆုရှစ်မျိုးတွင် ပယ်အပ်သောဆုလေးမျိုးဟူသည်-

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား

၁။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အလှူခံရရှိသော မြတ်သောသင်္ကန်း၊

၂။ ကောင်းမြတ်သောဆွမ်းတို့ကို အကယ်၍ တပည့်တော်အား မချီးမြှောက် မပေးစွန့်သည် ဖြစ်အံ့၊

၃။ ဂန္ဓကုဋိတစ်ခုတည်း၌ အတူတကွနေခွင့်မပေးသည်ဖြစ်အံ့၊

၄။ မြတ်စွာဘုရား၏ပင့်ဖိတ်ရာသို့ ခေါ်မသွားသည်ဖြစ်အံ့ တပည့်တော်သည် မြတ်စွာဘုရားအား လုပ်ကျွေးပါမည် ဘုရား။

ထိုအခါမြတ်စွာဘုရားက 'အဘယ်သို့သောအပြစ်ကို မြင်၍ ဤလေးမျိုးကို ပယ်စေရမည်နည်း'-ဟု မေးတော်မူရာ၊ 'အရှင်အာနန္ဒာသည် သက်န်းကောင်း၊ ဆွမ်းကောင်းရသောကြောင့်၊ မြတ်စွာဘုရားနှင့် တစ်ကျောင်းတည်းနေရသောကြောင့်၊ မြတ်စွာဘုရားနှင့်အတူ ပင့်လျှောက်ရာဌာနသို့ လိုက်ပါရသောကြောင့်၊ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခြင်း ဖြစ်သည်-ဤသို့ပြစ်တင်ပြောဆိုကြမည်ကို ကြိုတင်မြင်ထားပါ၍ ဤပယ်ဆုလေးမျိုးကို တောင်းပါသည်'ဟု လျှောက်ထား၏။

တောင်းအပ်သောဆုလေးမျိုးဟူသည်-

၁။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် တပည့်တော်လက်ခံထားသော ပင့်ဖိတ်ရာသို့ ကြွတော်မူသည်ဖြစ်အံ့၊

၂။ မြတ်စွာဘုရားအားဖူးမြော်ကြရန် အခြားသော တိုင်းနိုင်ငံဇနပုဒ်တို့မှ လာရောက်ကြကုန်သော ပရိသတ်ကို ရောက်လာသောအချိန်၌ပင် မြတ်စွာဘုရားကိုဖူးမြော်နိုင်စေရန် တပည့်တော် လျှောက်ထားသောအခါ အခွင့်ပေးတော်မူသည် ဖြစ်အံ့၊

၃။ တပည့်တော် ယုံမှားသံသယရှိသောအခါ၌ မြတ်စွာဘုရားထံသို့ ဆည်းကပ်မေးလျှောက်ခွင့်ပြုသည် ဖြစ်အံ့၊

၄။ တပည့်တော်၏မျက်ကွယ်၌ ဟောတော်မူသော တရားကို တပည့်တော်အား ပြန်၍ဟောကြားသည်ဖြစ်အံ့၊

ဤဆုလေးမျိုးကိုရပါက မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးပါမည်ဘုရား။

'အာနန္ဒာ၊ အဘယ်အကျိုးကျေးဇူးကိုမြင်၍ ဤဆုလေးမျိုးကိုတောင်းသနည်း'ဟု မြတ်စွာဘုရားကမေးတော်မူရာ 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအခွင့်အရေးမျှလောက်မှမရလျှင် အာနန္ဒာသည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးနေရာ ဘာအကျိုးရှိသနည်းဟူ၍ ပြစ်တင်ပြောဆိုဖွယ်ဖြစ်မည်ကို တွေးထင်မိသောကြောင့် ဆုလေးမျိုးကို တောင်းခြင်းဖြစ်ပါသည်'ဟု လျှောက်ထားလိုက်၏။

တစ်ဖန် မြတ်စွာဘုရား၏မျက်ကွယ်၌ 'ဤဂါထာ ဤသုတ်ဤဇာတ်ကို မြတ်စွာဘုရားသည် အဘယ်ဒေသမှာ ဟောတော်မူပါသလဲ'ဟု မေးကြသောအခါ 'ငါ့ရှင်အာနန္ဒာ ဤမျှကိုပင် မသိရှာပဲကိုး၊ မြတ်စွာဘုရား နောက်က အရိပ်ကဲ့သို့လိုက်ပြီး ဘယ်သို့နေလာခဲ့ပါသလဲ' စသည်အပြစ်တင်ဖွယ်ရာရှိပါသည်။ သို့ဖြစ်၍ တပည့်တော် ၏ မျက်ကွယ်၌ ဟောတော်မူသော တရားတော်ကိုလည်း တစ်ဖန်ပြန်၍ ဟောတော်မူစေလိုခြင်းဖြစ်ပါသည်'ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်လည်း အရှင်အာနန္ဒာတောင်းသော တောင်းဆုလေးမျိုး ပယ်ဆုလေးမျိုးကို ခွင့်ပြုတော်မူသဖြင့် မြတ်စွာဘုရား သက်တော်ရှည်သမျှကာလပတ်လုံး သူမတူအောင် ပြုစုလုပ်ကျွေးတော်မူပေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ပရိသတ်အလယ်၌ 'ငါဘုရားအား ပြုစုလုပ်ကျွေးကြသောရဟန်းတို့တွင် အတော်ဆုံး အသာဆုံး အမြတ်ဆုံးဟူသော ဥပဋ္ဌာကဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူသည်။ ယင်းဧတဒဂ်ဘွဲ့ထူးနှင့်တကွ-သတိမန္တဧတဒဂ်ဘွဲ့ထူး၊ ဂတိမန္တဧတဒဂ်ဘွဲ့ထူး၊ ဓိတိမန္တဧတဒဂ်ဘွဲ့ထူး၊ ဗဟုသုတဧတဒဂ်ဘွဲ့ထူး၊ ဤလေးမျိုးသော ဘွဲ့ထူးနှင့်ပေါင်း ငါးမျိုးဖြင့် ချီးမြှောက်တော်မူသည်။

ရေးပါရမီဖြည့်ဆည်းတော်မူခဲ့သော အရှင်အာနန္ဒာ အောင်မြင်ပြည့်စုံသည်ကို ကြည်ညိုကြရပါသည်။

(က) ပဌမသင်္ဂါယနာတင် အဖြေလျှောက်ကြားသော ဓမ္မဘဏ္ဍာဂါရိကအရှင်အာနန္ဒာ၊

(ခ) ဆဋ္ဌသင်္ဂါယနာတင် အဖြေလျှောက်ကြားသော ဓမ္မဘဏ္ဍာဂါရိကအရှင်ဝိစိတ္တသာရာဘိဝံသ။

ဧတဒဂ်အာဇာနည် အရှင်ကောင်းနှစ်ပါး၏ပုံရိပ်ကို အာရုံစက္ခုနှစ်ဖက်လုံ၍ ကြည့်ရှုထင်ထင် မြင်ယောင်သန်း၍ မျှော်မှန်းကြည်ညိုရပါကြောင်းနှင့် အများပြည်သူတို့ မျှော်မှန်းကြည်ညိုကြစေလိုကြောင်း တိုက်တွန်းအပ်ပါသတည်း။ ။

ရွှေကျင်နိကာယစုဒ္ဒသမသာသနာပိုင်
ဇယမေဒနီဝါဆိုဆရာတော်ကြီး
အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေးမြို့။

ပထမပြန်ဓမ္မာစရိယ
စာမေးပွဲများသမိုင်းနှင့်
အရှင်ဝိစိတ္တာသာရာဘိဝံသ၏
အဘိဝိသိဋ္ဌကထာ

မြတောင်ဆရာတော်ကြီး
ဘဒ္ဒန္တသာသနာဘိဝံသ

ဘုရင်ခေတ်လွန် ပထမပြန်စာမေးပွဲအစ

၁။ ကုန်းဘောင်ဆက်နောက်ဆုံး သီပေါဘုရင် ရတနာဂီရိ သို့ပါတော်မူပြီးနောက် ၁၂၄၈-ခုနှစ်မှ ၁၂၅၄-ခုနှစ်ထိ ဘုရင်ခေတ်ကျင်းပနေကြ ပထမစာတော်ပြန်ပွဲကြီး ကျင်းပပြုလုပ်မည့် ဦးဆောင်ပုဂ္ဂိုလ်မရှိသဖြင့် ခြောက်နှစ်တိုင်တိုင် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအတွက် စာမေးပွဲများလုံးဝမရှိ လစ်လပ်ပျက်ကွက်ခဲ့ရလေသည်။

၂။ အင်္ဂလိပ်အစိုးရမင်းတို့က မာလာလင်္ကာရ တောင်တော်သာသနာပိုင်ဆရာတော်ကြီးနှင့် ဆွေးနွေးတိုင်ပင်ပြီးလျှင် သုံးနှစ်ခန့်ကြာအောင် အကြံပြုချက်များကို တောင်းခံ၍ ပထမ စာတော်ပြန်ပွဲကို ပထမပြန်စာမေးပွဲ အမည်ဖြင့် ၁၂၅၇-ခုနှစ်၊ နယုန်လမှအစပြု၍ ကျင်းပခဲ့ကြသည်။ ယင်းသို့မကျင်းပမီ ပထမပြန်စာမေးပွဲကော်မတီကို စနစ်တကျဖွဲ့စည်းတည်ထောင်၍ ဖြေဆိုရမည့် ပြဋ္ဌာန်းဘာသာရပ်များကို ကော်မတီ ကအကြိမ်ကြိမ်ညှိနှိုင်းဆုံးဖြတ်ချက်ချမှတ်လျက် အတန်း လေးတန်းအတွက် အောက်ပါအတိုင်းသတ်မှတ်ခဲ့ကြသည်။

၁။ ပထမငယ်	- သဒ္ဒါ, သင်္ဂဟ, မာတိကာ ဓာတုကထာ	(၄)ရက်၊
၂။ ပထမလတ်	- သဒ္ဒါ, သင်္ဂဟ, မာတိကာ ဓာတုကထာ, ယမက	(၅)ရက်၊
၃။ ပထမကြီး	- သဒ္ဒါ, သင်္ဂဟ, မာတိကာ ဓာတုကထာ,ယမက,ဆန်း, အလင်္ကာ, အဘိဓာန်	(၆)ရက်၊
၄။ ပထမကျော်	- သဒ္ဒါ, သင်္ဂဟ, မာတိကာ ဓာတုကထာ,ယမက,ဆန်း, အလင်္ကာ,အဘိဓာန်,ပဋ္ဌာန်း	(၇)ရက်။

၃။ ယင်းသို့အတန်းလေးတန်းခွဲ၍ ၁၈-နှစ်ခန့်ကြာအောင်ကျင်းပခဲ့ကြရာ ဝိနည်းဘာသာနှင့် ဘာသာပြန်များ ထည့်သွင်းထားခြင်း၊ ဥဝါများတူရာပေါင်းထားခြင်း၊ ပြုပြင်ပေးသော်လည်း ပထမကျော်စာမေးပွဲအတွက် ပထမကြီးတန်းနှင့် ဘာသာရပ်ပြဋ္ဌာန်းမှု ကွာခြားမှုမရှိသဖြင့် ကန့်ကွက်စာများ တင်သွင်းခဲ့ကြသောကြောင့် ပထမပြန်စာမေးပွဲကော်မတီက ပထမကျော်စာမေးပွဲ သီးခြားကျင်းပခြင်းကို ရပ်ဆိုင်းခဲ့ရသည်။ ထို့နောက် ၁၂၇၅-ခုနှစ်မှစလျက် ဆက်လက်ကျင်းပသည့်အခါ ပထမကြီးတန်းစာမေးပွဲသည် အမြင့်ဆုံးဖြစ်နေသဖြင့် ပထမကျော်စာမေးပွဲရှိရန် တောင်းဆိုလာကြပြန်သည်။ တစ်ဖန် ပထမကြီးတန်း၌ (*)ခရေပွင့်အမှတ်ပြ၍အောင်မြင်ခဲ့လျှင် ပထမကျော်ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်ရန် ပထမကြီးတန်း ပုစ္ဆာများကို ထပ်မံဖြေဆိုရန်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ကြလေသည်။

အရှင်ဝိစိတ္တသာရ၏
စာမေးပွဲများအောင်မြင်မှုအတွက် ထူးခြားချက်

၄။ သာသနာ့အာဇာနည်လောင်းလျာ သာမဏေရှင်ဝိစိတ္တသာရသည် မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက်သို့ ၁၂၉၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်၊ သောကြာနေ့တွင် ဓမ္မနာဒတိုက်ဆရာတော် အရှင်ပညာစက္ကထံသို့ ပညာသင်ရန်ရောက်ရှိတော်မူခဲ့သည်။

(က) ၁၂၈၈-ခုနှစ်၊ နယုန်လတွင်ကျင်းပသော ပထမပြန်စာမေးပွဲတွင် ပထမငယ်တန်းကိုလည်းကောင်း၊

(ခ) ၁၂၈၉-ခုနှစ်၊ နယုန်လတွင်ကျင်းပသော ပထမပြန်စာမေးပွဲတွင် ပထမလတ်တန်းကိုလည်းကောင်း၊

(ဂ) ၁၂၉၄-ခုနှစ်၊ နယုန်လတွင်ကျင်းပသော ပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းကိုလည်းကောင်း (*) ခရေပွင့်အမှတ်ပြဖြင့် အောင်မြင်တော်မူခဲ့သည်။

(ဃ) ၁၂၉၄-ခုနှစ် အိမ်တော်ရာဘုရားဝင်းအတွင်း၌ ကျင်းပသော အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမကြီးတန်းကို အမှတ်အများဆုံးရလျက် အောင်မြင်တော်မူခဲ့သည်။

(င) ၁၂၉၅-ခုနှစ်၊ နယုန်လတွင်ကျင်းပသော သက္ကျသီဟ သီးခြားစာသင်တန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူပြန်သည်။

(စ) ၁၂၉၆-ခုနှစ်၊ နယုန်လတွင်ကျင်းပသော သက္ကျသီဟ သီးခြားစာချတန်း အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားဘဲ အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝံ့သကာ'ဘွဲ့ထူးကို ရှေးဦးအစ ဆက်ကပ်ခြင်းကိုခံတော်မူခဲ့သည့်အပြင် အစိုးရပထမကြီးတန်းကို ထိုနှစ်၌ပင် ထပ်မံဝင်ရောက်ဖြေဆိုတော်မူရာ တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိတော်မူခဲ့ သဖြင့် 'ပထမကျော်' ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်တော်မူခဲ့လေသည်။

အမြင့်ဆုံးဘွဲ့ ဓမ္မာစရိယ(စာချ)တန်း စတင်ဖြစ်ပေါ်လာ

၅။ ၁၂၉၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃-ရက်နေ့တွင် လက်ရှိ ပထမပြန်စာမေးပွဲဥပဒေကို စစ်ဆေးစုံစမ်း၍ ဥပဒေသစ်ပြုပြင်ပြင်ဆင်ရေးဆွဲရန် မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ စာတတ်အကျော် ဆရာတော်ကြီး ဆယ်ပါး၊ စစ်ကိုင်းတောင် သမိဒ္ဓေါဒယချောင် သီလရှင်ဆရာကြီးဒေါ်မာလာရီ၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ သိပ္ပံကျောင်းကြီးများမှ စာတတ်အကျော် လူပုဂ္ဂိုလ်ငါးဦးပါဝင်သော ပထမပြန်စာမေးပွဲ စုံစမ်းရေးကော်မတီအဖွဲ့ကို မြန်မာနိုင်ငံတော် အင်္ဂလိပ်အစိုးရက ဖွဲ့စည်းပေးခဲ့သည်။

ယင်းအဖွဲ့သည် တစ်နှစ်ကျော်ကာလတိုင်အောင် အချိန်ယူ၍ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ အကြိမ်ပေါင်း ၃၃-ကြိမ် စုပေါင်းစည်းဝေးပြီးလျှင် ပညာရှိ ရဟန်း, ရှင်, လူပုဂ္ဂိုလ်များအထံသို့လည်းကောင်း၊ စာသင်တိုက်ကြီးများသို့လည်းကောင်း၊ စုံစမ်းမေးမြန်း အကြံဉာဏ်များတောင်းခံပြီးလျှင် ငယ်, လတ်, ကြီး စာချတန်းများအတွက် ပြဋ္ဌာန်းကျမ်းစာများကို သတ်မှတ်ရေးဆွဲပြီး နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနသို့ အစီရင်ခံစာတင်သွင်းတော်မူခဲ့ကြလေသည်။

ပထမပြန်စာမေးပွဲကို ငယ်,လတ်,ကြီး စာမေးပွဲ ပြဋ္ဌာန်း ကျမ်းစာများအတိုင်း ခေတ်နှင့်လျော်ညီအောင် အနည်းငယ် ပြင်ဆင်ပြောင်းလဲ၍ ယခုအခါ ကျင်းပနေဆဲဖြစ်သောကြောင့် ရှည်လျားမည်စိုး၍ ချန်ထားခဲ့ရပါသည်။

၆။ (က) စာချတန်းရိုးရိုးအတွက်ကျမ်းစာများ

(က) ပါရာဇိကကဏ္ဍပါဠိတော်နှင့် အဋ္ဌကထာ (အနက်သာမေးရန်)

(ခ) ၎င်း (ပုဒ်ဖွဲ့စည်းမျဉ်းအတိုင်း အဓိပ္ပာယ်ကိုမေးရန်)

(ဂ) သီလက္ခန္ဓဝဂ္ဂပါဠိတော်နှင့် အဋ္ဌကထာ (အနက်သာမေးရန်)

(ဃ ၎င်း (ပုဒ်ဖွဲ့စည်းမျဉ်းအတိုင်း အဓိပ္ပာယ်ကိုမေးရန်)

(င) ဓမ္မသင်္ဂဏီပါဠိတော်နှင့် အဋ္ဌကထာ (အနက်သာမေးရန်)

(စ) ၎င်း (ပုဒ်ဖွဲ့စည်းမျဉ်းအတိုင်း အဓိပ္ပာယ်ကိုမေးရန်)

(ခ) စာချတန်းဂုဏ်ထူးဆောင်အတွက်ကျမ်းစာများ

(က) ပါစိတျာဒိပါဠိ+အဋ္ဌကထာ (ယခုအခါ ပါစိတျာဒိ အဋ္ဌကထာ, စူဠဝဂ္ဂါဒိ အဋ္ဌကထာ)

(ခ) သုတ်မဟာဝါ,သုတ်ပါထေယျ အဋ္ဌကထာ (သုမင်္ဂလဝိလာသိနီ)

(ဂ) မဇ္ဈိမနိကာယပါဠိ+ အဋ္ဌကထာ (ပပဉ္စသူဒနီ)

(ဃ) သံယုတ္တနိကာယပါဠိ+ အဋ္ဌကထာ (သာရတ္ထပကာသိနီ)

(င) အင်္ဂုတ္တရနိကာယပါဠိ+ အဋ္ဌကထာ (မနောရထပူရဏီ)

(စ) အဘိဓမ္မာ - ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်,ပဋ္ဌာန်းပါဠိတော်များနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပဉ္စပကရဏ အဋ္ဌကထာ။

၇။ ယင်းအစီရင်ခံစာ၌ စစ်ဆေးမေးမြန်းချက်များ၊ အကြောင်းအကျိုးဖော်ပြ အကြံပေးချက်များအားလုံး ပြည့်ပြည့်စုံစုံပါရှိလျက် ၁၃၀၀-ပြည့်နှစ်တွင် ပထမပြန်စာမေးပွဲ စုံစမ်းရေးအဖွဲ့ ဆရာတော်ကြီးများက မြန်မာနိုင်ငံအစိုးရမင်းတို့အား ပထမပြန်စာမေးပွဲနှင့်စပ်၍ အကြံဉာဏ်ပေးသော ဩဝါဒကထာကို 'လူကော်မတီတို့ အစီရင်ခံစာ'ဟုခေါင်းစီးတပ်လျက် ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်၌ စာမျက်နှာ ၁၀၇-ရှိ စာအုပ်ကိုရိုက်နှိပ်၍ မြန်မာနိုင်ငံအစိုးရက တစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိခဲ့ကြသည်။

ယင်းအတည်ပြုပြဋ္ဌာန်းချက်အတိုင်း ၁၃၀၁-ခုနှစ်တွင် ပထမပြန်စာမေးပွဲနှင့် စာချတန်းစာမေးပွဲကို စတင်ကျင်းပရန်ဖြစ်သော်လည်း မန္တလေးမြို့တွင် ရဟန်းပျိုအဖွဲ့က ဘာသာခြားဆိုင်များကို ဈေးမဝယ်ကြရန် တားမြစ်သည်မှစ၍ ကုလား-ဗမာအဓိကရုဏ်းမှုခင်းကြီး နိုင်ငံနှင့်အဝန်းဖြစ်ပေါ်လာခဲ့သောကြောင့် ၁၃၀၂-ခုနှစ် နယုန်လတွင် အစဦးဆုံးကျင်းပသော အစိုးရဓမ္မာစရိယ (စာချ)တန်းကို မင်းကွန်းဓမ္မနာဒတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသ ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်းအဋ္ဌကထာကြီး သုံးကျမ်းနှင့် ဂုဏ်ထူးဆောင်ကျမ်းတို့ကိုပါ နှစ်ချင်းစွဲ အောင်မြင်တော်မူသောကြောင့် 'သာသနဓဇသိရီပဝရဓမ္မာ စရိယ' ဟူသော အမြင့်ဆုံးဘွဲ့ထူးကို လက်ခံရရှိတော်မူသည်။

ထိုနှစ်မှစ၍ ဓမ္မာစရိယ (စာချ)တန်းစာမေးပွဲကို မန္တလေးနှင့် ရန်ကုန်မြို့တို့၌သာ တစ်လှည့်စီ ၁၃၁၅-ခုနှစ်အထိ နယုန်လတွင် ကျင်းပခဲ့ကြရသည်။

အရှင်ဝိစိတ္တသာရာဘိဝံသနှင့် တိပိဋကစာမေးပွဲ

၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၃၀၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉-ရက်၊ ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် လွတ်လပ်ရေးရပြီးနောက် တစ်နှစ်မြောက်ဖြစ်သည့် ၁၃၁၀-ခုနှစ်၊ ပြာသိုလမှစ၍ တိပိဋကဓရရွေးချယ်ပွဲကြီး စတင်ကျင်းပခဲ့ရာ တပို့တွဲလဆန်း ၆-ရက်နေ့တွင် စာအောင်ပွဲကြီးကျင်းပသောအခမ်းအနား၌ တိပိဋကဓရရွေးချယ်ရေးအဖွဲ့နာယကဆရာတော်များအဖွဲ့က အောင်မြင်သူမရှိ(သူည)သာဖြစ်ကြောင်း ကြေညာလိုက်ရလေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဝိနည်းငါးကျမ်း ပြန်ဆိုနိုင်ရန် ၁၃၁၁-ခုနှစ်၊ ကဆုန်လမှစ၍ မိမိယုံကြည်စဉ်းစားထားသောလမ်းစဉ်ဆယ်ချက်ကို အရင်းတည်၍ လေ့လာတော်မူခဲ့ရာ ထိုနှစ်ကျင်းပမည့် ဒုတိယအကြိမ် တိပိဋကဓရရွေးချယ်ပွဲကြီး၌ နောက်ဆုံးဖြစ်သည့် ဝိနည်းကျမ်းစာအုပ် ပရိဝါပါဠိ၊ အဋ္ဌကထာ၊ ဋီကာများမှာ တစ်လစာမျှကျန်နေသေးသဖြင့် စာမေးပွဲကြီးကို ပြန်ဆို-ရေးဖြေ မဝင်နွှဲလိုက်ရချေ။

၁၃၁၁-ခုနှစ်၊ ပြာသိုလဆန်း ၇-ရက်မှစ၍ ၂၆-ရက်တိုင်တိုင် တိပိဋကဓရစာမေးပွဲကြီးကိုကျင်းပရာ ရဟန်းတော်ငါးပါးဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ ရန်ကုန်မြို့၊ ဗဟန်း၊ ညောင်တုန်းကျောင်းတိုက်မှ ဦးပညာသာရတစ်ပါးသာ ဝိနည်းပါဠိတော်ငါးကျမ်းကို နေ့စဉ် အထောက်အမလွတ် ပြန်ဆိုနိုင်ခဲ့သဖြင့် 'ဝိသိဋ္ဌဝိနယဓရ'ဟူသောဘွဲ့ထူးကို အစဦးစွာ ဆွတ်ခူးအောင်မြင်တော်မူခဲ့ပါသည်။

၉။ (က) ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂-ခုနှစ်၊ သုံးကြိမ်မြောက်ကျင်းပအပ်သော တိပိဋကဓရရွေးချယ်ပွဲကြီး၌ ဝင်ရောက်ပြန်ဆိုတော်မူရာ စာမျက်နှာ ၂၂၆၀-ရှိ ဝိနယပိဋကကို သန့်သန့်ရှင်းရှင်း ပီပီသသ ပြတ်ပြတ်သားသား အထောက်အမလွတ်ကင်းစွာ အာဂုံပြန်ဆိုနိုင်ခြင်းကြောင့်လည်းကောင်း၊ သဘောရေးဖြေ စာမေးပွဲ၌လည်း အမှတ်ရာနှုန်းပြည့်နီးပါး ရရှိ အောင်မြင်တော်မူခြင်းကြောင့်လည်းကောင်း၊ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့က လှူဒါန်းအပ်သော 'ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ'ဟူသော ဘွဲ့တံဆိပ်တော်နှင့် လက်မှတ်တော်၊ နိုင်ငံတော်အစိုးရက လှူဒါန်းသော အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော်တစ်လက်၊ အမှတ်တံဆိပ်ပါရှိသည့် သာသနာ့အောင်လံတော်နှင့် မီးသဘော်၊ မီးရထား ပထမတန်းအခမဲ့ နောက်ပါကပ္ပိယနှင့်တကွ စီးနင်းခွင့်လက်မှတ်တို့ကို အလှူခံရရှိတော်မူခဲ့လေသည်။

(ခ) ၁၃၁၃-ခုနှစ်တွင် ကျင်းပအပ်သော လေးကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲကြီး၌လည်း အဘိဓမ္မာပိဋက ပထမပိုင်းငါးကျမ်း စာမျက်နှာ-၁၁၀၀ကျော်ကို အာဂုံပြန်ဆိုတော်မူရာ ရှေးနည်းအတူ အထောက်အမလွတ်ကင်း၍ ပြန်ဆို နိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်အပြင် သဘော ရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း ၉၄-မှတ်စီရရှိသောကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည်။

(ဂ) ၁၃၁၄ - ခုနှစ်တွင် ကျင်းပအပ်သော ငါးကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲကြီး၌ အဘိဓမ္မာပိဋက ဒုတိယပိုင်း ယမိုက်, ပဋ္ဌာန်း ကျမ်းရေ နှစ်ကျမ်း၊ စာအုပ်ရေ ရှစ်အုပ်၊ စာမျက်နှာ-၂၅၀၀ခန့်ကို အာဂုံပြန်ဆိုရာ ရှေးနည်းအတူ အထောက်အမလွတ်ကင်း၍ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်သည့် အပြင်၊ သဘောရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် နေ့စဉ် အောင်မှတ်ရာခိုင်နှုန်း ၈၉-မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်အတွက် 'ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအာဘိဓမ္မိကကောဝိဒ'ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

(ဃ) အရှင်ဝိစိတ္တသာရာဘိဝံသကား ဂဇက်ဝင်ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောဓက ဆရာတော်ဖြစ်သည့်အတိုင်း ၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက်နေ့ကစ၍ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်လာပြီး မန္တလေးမြို့တောင်ပြင် ပဋိဝိသောဓကဆရာတော် များနှင့်အတူ အဖွဲ့မှ တာဝန်ပေးသော ဝိနည်း မဟာဝါပါဠိတော်ကြီးကို တစ်ဖန်ထပ်၍ ပဋိဝိသောဓနအလုပ်ကို လုပ်ဆောင်တော်မူရာ ဝိနည်းမဟာဝါပါဠိတော် ပဋိဝိသောဓနအလုပ်ကို ဝန်ဆောင်သံဃအဖွဲ့က တစ်လဟုခန့်မှန်းထားသော်လည်း ၁၉-ရက်နှင့်ပြီးစီးသွားသဖြင့် ကျန်ဝိနည်းပါဠိတော်နှစ်အုပ်အတွက် နောက်ထပ်အဖွဲ့သစ်တစ်ဖွဲ့ကိုပင်ဆောင်ရလျှင် အချိန်ကုန်တာဝန်ကြီးလေးမည်ဖြစ်သောကြောင့် အကျိုးဆောင်ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသအား ကျန်၁၀-ရက်နှင့်အပြီး ဝိနည်းပါဠိတော်ကုန်အောင် တပည့်တော်တို့ ပဋိဝိသောဓကအဖွဲ့က ဆက်လက်၍ ဆောင်ရွက်ပေးမည်ဟု ရဲရဲတောက် ဝန်ခံလျှောက်ထားတော်မူခဲ့သည်။

(င) ထိုနှစ် နယုန်လ၌ပင် ဝိနည်းပါဠိတော်များကို နောက်ဆုံးသုတ်သင်ပြင်ဆင်မည့် ဩသာနသောဓေယျပတ္တ-

ပါဠကအဖွဲ့ကို မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာဝ၊ သီရိလင်္ကာ ငါးနိုင်ငံတို့မှ ပညာတတ်အကျော် ဆရာတော်များဖြင့်ဖွဲ့စည်းပြီး၍ ပုံနှိပ်မူနောက်ဆုံး(ပရဖတ်)သုတ်သင်ပြင်ဆင်ရာ၌ ဘာသန္တရဆေကရဟန်းတော်များ လိုအပ်နေသဖြင့် မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်လောင်းလျာ အရှင်သာသနာဘိဝံသနှင့် အမေရိကန်နိုင်ငံတွင် ပျံလွန်တော်မူသွားသော အရှင်သီလာနန္ဒာဘိဝံသနှစ်ပါးတို့ကို ဝန်ဆောင်အဖွဲ့က ရွေးချယ်ခဲ့သောကြောင့် ရန်ကုန်မဟာစည်ရိပ်သာသို့ အရောက်ကြွရောက်ခဲ့ရသည်။ ထိုအချိန်မှစ၍ ဒွိပိဋကဓရအရှင်ဝိစိတ္တသာရာဘိဝံသနှင့် ဤစာရေးသူ အရှင်သာသနာဘိဝံသတို့ တွေ့ဆုံရင်းနှီးတော်မူခဲ့ကြသည်။

(စ) အဆိုပါ ၁၃၁၅-ခုနှစ်၊ နတ်တော်လဆန်း၁၄-ရက်(ကြာသပတေး)နေ့တွင် စတင်ကျင်းပအပ်သော ခြောက်ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲကြီး၌ သုတ္တန္တပိဋက ဒီဃနိကာယ်သုတ်သုံးကျမ်း စာမျက်နှာ ၆၀၀-ကျော်ကို ရွေးနည်းအတူ အထောက်အမလွတ်ကင်း ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်အပြင် သဘောရေးဖြေပွဲ၌လည်း သီလက္ခန္ဓဝဂ္ဂ၌ ၉၃-မှတ်၊ မဟာဝဂ္ဂ၌ ၉၇-မှတ်၊ ပါထိကဝဂ္ဂ၌ ၉၇-မှတ် အောင်မှတ်ရရှိပြီး ဂုဏ်ထူးဖြင့်ပင်အောင်မြင်သည့်အတွက် နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့က 'ဝိသိဋ္ဌဒီဃဘာဏက၊ မဟာဒီဃနိကာယ ကောဝိဒ'ဟူသော ဘွဲ့လက်မှတ်ကို ဆက်ကပ်လှူဒါန်းခဲ့ရပြန်သည်။

တိပိဋကဓရ ပေါ်ထွန်းလာပြီ

၁၀။ အို. . . သူတော်ကောင်းတို့၊ တိပိဋကဓရ ကောလာဟလကား ဟိုဂျပန်ခေတ်မတိုင်မီ အနှစ် ၁၀၀-ကျော်လောက်ကပင်ဖြစ်ခဲ့သည်။ ယခု ထို တိပိဋကဓရပုဂ္ဂိုလ်သူမြတ်ကား ပေါ်ထွန်းခဲ့လေပြီ။ ထိုအရှင်ကား အခြားမဟုတ်၊ စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက်ဆရာတော် မန္တလေးမြို့ သကျသီဟဝင်္ဂသကာ ဓမ္မာစရိယ (အဋ္ဌကထာပြန်အကျော်နှင့် အစိုးရပဋ္ဌမကျော်) သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ အရှင်ဝိစိတ္တသာရာဘိဝံသပင် ဖြစ်လေသည်။

ထို့ကြောင့် တိပိဋကဓရရွေးချယ်ပွဲ စည်းမျဉ်းဥပဒေ အပိုဒ်-၄၀အရ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က လှူဒါန်းအပ်သည့် 'ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ'ဟူသော အောင်လက်မှတ်ဘွဲ့ ပုံတော်တံဆိပ်တော်၊ နိုင်ငံတော်အစိုးရတို့က လှူဒါန်းအပ် သော ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံးဌာန အခမဲ့ပထမတန်းမှစီးနင်းနိုင်သည့် အထူး(ပတ်စ်) လက်မှတ်တော်၊ အဓိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက်၊ အမှတ်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့နှင့် တကွ 'ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဟူသော အက္ခရာတံဆိပ်မင်းပေးလိပ်ပါရှိသည့် ဆင်စွယ်ယပ်ဝန်းတော်တို့ကို ၁၃၁၅-ခုနှစ်၊ တပို့တွဲ လဆန်း ၁၀-ရက်၊ စနေနေ့တွင် နိုင်ငံတော်သမ္မတအိမ်၌ ကျင်းပအပ်သော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲ၌ အလှူရရှိတော်မူခဲ့သည်။

၁၁။ (က) မန္တလေးမြို့မှ မြင်းဝန်မင်းကြီးတိုက်မှ ရွှေဝါဝင်းကျောင်းဆရာတော်လောင်းလျာ အရှင်သာသနာဘိဝံသနှင့် ဒက္ခိဏာရာမဘုရားကြီးတိုက် ပြည်ပသာသနာပြုလောင်းလျာ အရှင်သီလာနန္ဒာဘိဝံသတို့သည် ထိုနှစ်တန်ဆောင်မုန်းလမှစ၍ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ဩသာနသောဓေယျပတ္တပါဠကအဖွဲ့တွင် ဥပတ္တမ္ဘပအဖွဲ့ဝင်အဖြစ်ဖြင့် တပေါင်းလကုန်သည့်တိုင်အောင် ဆောင်ရွက်တော်မူကြရန် တာဝန်ပေးအပ်ခြင်းခံရသဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသက ညချမ်းအခါ သူနေထိုင်ရာကျောင်းတော်သို့ ခေါ်ယူ၍ စာပေကျမ်းဂန်များ ဓမ္မသာကစ္ဆာပြုတော်မူခဲ့ကြသည်။

ထိုအချိန်တွင် 'သဒ္ဒါမသန် မောဂ္ဂလ္လာန်'ဟူသော ပရိဘာသာအရ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကို ပထမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းသတ်မှတ်သင့်ကြောင်း ဆွေးနွေးချက်အရ စာအုပ်ဖြစ်မြောက်ရေးနှင့် ပို့ချရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

(ခ) ၁၃၁၆-ခုနှစ် ပါဠိတော်သင်္ဂါယနာ၏အစတွင် 'ဝုတ္တိဝိဝရဏပဉ္စိကာသမေတံ မောဂ္ဂလ္လာနဗျာကရဏံ' ဟူသော နာမည်ဖြင့် မောဂ္ဂလ္လာနသုတ္တာနမနုက္ကမနိကာ၊ မောဂ္ဂလ္လာနေ ဥဒါဟရိတပဒါနုက္ကမနိကာတို့ကို အက္ခရာအစဉ်ဖြင့် နောက်ဆုံးမှထည့်သွင်း၍ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ရိုက်နှိပ်လျက် သာသနာနှစ် ၂၄၉၈၊ ကောဇာ ၁၃၁၆-ခုနှစ်တွင် ထူးထူးခြားခြား အစဦးစွာပေါ်ထွက်လာခဲ့လေသည်။ အဘယာရာမ ဆရာတော် စီရင်ရေးသားသည့် မောဂ္ဂလ္လာန်နိဿယပထမတွဲ၊ ဒုတိယတွဲနှစ်အုပ်ကို ၁၃၃၂-ခုနှစ်၊ ဝါခေါင်လတွင် မန္တလေးမြို့ မြဇော်ပုံနှိပ်တိုက်၌ ဒုတိယအကြိမ် ရိုက်နှိပ်ထွက်ပေါ်လာခဲ့သည်။

(ဂ)အရှင်သာသနာဘိဝံသသည် ၁၃၁၈-ခုနှစ်၊ ကဆုန် လတွင် ပါဠိတော်သင်္ဂါယနာတင်ခြင်းကိစ္စများပြီးစီးအောင် မြင်၍ မြတောင်တိုက်ရွှေဝါဝင်းကျောင်း၌ ကျောင်းထိုင် ပဓာနအဖြစ် သီတင်းသုံးလျက် နေ့ဝါ၊ ညဝါများကို ပို့ချတော်မူနေရာ ၁၃၃၀-ခုနှစ် ဒုတိယဝါဆိုလမှ

အစပြု၍ တပေါင်းလတိုင်အောင် ညနေ ၃-နာရီအချိန်တွင် မောဂ္ဂလ္လာန-ဗျာကရဏကျမ်းကို အဖွင့်ပဉ္စိကာနှင့်တွဲဖက်၍ စာသင်သားတို့အား ပို့ချတော်မူခဲ့သည်။

၁၂။ (က) သာသနာနှစ် ၂၅၂၄၊ ကောဇာ ၁၃၄၂ - ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၌ တစ်နိုင်ငံလုံးရှိ တစ်သိန်းကျော်မျှသော ရဟန်းသံဃာတော်များ၏ သမ္မုတိရသံဃာ့ကိုယ်စားလှယ် ၁၀၀၀-ကျော် တက်ရောက်သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ပရိယတ္တိစာမေးပွဲများပြုပြင်ကျင်းပသွားရေးနှင့်စပ်လျဉ်း၍ မူလေးချက်ကို သာဓုသုံးကြိမ်ခေါ်၍ ချမှတ်ပြဋ္ဌာန်းပေးခဲ့ကြရာ တတိယမြောက် 'ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်စေခြင်း'ဟူသော မူအရ သင်ခန်းစာများကို မူလတန်းနှင့် ငယ်, လတ်, ကြီး အတန်းလေးတန်းအတွက် (က) ဝိနည်းကျင့်ဝတ်ဘာသာ၊ (ခ) ကဝိလက္ခဏာဘာသာ၊ (ဂ) အဘိဓမ္မာဘာသာ၊ (ဃ) မြန်မာစာဘာသာ-ဟု သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ကြသည်။

(ခ) ယင်းပြဋ္ဌာန်းချက်များတွင် ပါဠိဘာသာတတ်မြောက်စေမည့် ကဝိလက္ခဏာဘာသာပိုင်း၌ အတန်းလေးတန်းလုံးအတွက် ကစ္စည်းသဒ္ဒါကြီးကျမ်းနှင့် မောဂ္ဂလ္လာန်သဒ္ဒါကြီးကျမ်းတို့ကို ကြိုက်နှစ်သက်ရာဖြေဆိုရန် ပြဋ္ဌာန်းသတ်မှတ်လိုက်သဖြင့် မ-ဟ-နအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော်ကိုယ်တိုင်အုပ်ချုပ်စီမံ၍ 'မာဂဓသဒ္ဒလက္ခဏာသခီတံ မောဂ္ဂလ္လာနဗျာကရဏံ'ဟူသော ကျမ်းစာအုပ်ကိုလည်းကောင်း၊ အရှင်သံဃရက္ခိတမဟာသာမိမထေရ်သည် ရေးစီရင်တော်မူအပ်သော ပယောဂသိဒ္ဓိပါဠိကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာ ဘိဝံသ သုဓ်သင် ပြင်ဆင်သည်ဟူ၍လည်းကောင်း၊ ကောဇာ-၁၃၄၃ ခုနှစ်တွင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ရိုက်နှိပ်၍ ထူးထူးခြားခြား ထွက်ပေါ်လာခဲ့သည်။

(ဂ) တစ်ဖန် လေးနှစ်ခန့်ကြာသောအခါ ဘဒ္ဒန္တကုမာရာဘိဝံသမထေရ် ပြုစုရေးသားတော်မူပြီး မင်းကွန်းဓမ္မနာဒ တိပိဋကဓရဆရာတော်ဘုရားကိုယ်တိုင် အဘိယာစကတည်းဖြတ်သုဓ်သင်တော်မူသော ပယောဂသိဒ္ဓိနိသျ ပထမတွဲ, ဒုတိယတွဲ နှစ်အုပ်ကို ကောဇာ-၁၃၄၇ ခုနှစ်တွင် တိ-နိ ဥပဋ္ဌာကအဖွဲ့က ရိုက်နှိပ်ပေါ်ထွက်လာခဲ့ပြန်ရာ မြန်မာနိုင်ငံ စာချ, စာသင်ရဟန်း, သာမဏေအားလုံးတို့နှင့် ပါဠိဘာသာလိုက်စားသူတိုင်း စာတတ်မြောက်ရေး, သဒ္ဒါအသိဉာဏ်မြင့်မားရေးအတွက် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး၏ နှလုံးပြည့်ဝ အလိုဆန္ဒများ ပြီးမြောက်အောင်မြင်တော်မူခဲ့ပါသတည်း။ ။

ဘဒ္ဒန္တသာသနာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မြတောင်တိုက် အဓိပတိမဟာနာယက
ရွှေဝါဝင်းကျောင်း၊ မဟာအောင်မြေ၊ မန္တလေးမြို့။



တိပိဋကသခင် ကျေးဇူးရှင်

အစဉ်မမေ့ပါ

ပေါက်မြိုင်ဆရာတော်ကြီး

ဦးအဂ္ဂဝံသာဘိဝံသ

ကျေးဇူးတော်ရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဓမ္မနာဒဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲကြီး၌ ထုတ်ဝေပူဇော်မည့် မင်းကွန်းတိပိဋကဓရ ရာပြည့်စာစောင်အတွက် စာမူတောင်းခံလွှာကိုရရှိပါတယ်။ တပည့်တော်ဘဝ တစ်သက်တာမှာ ဆရာတော်ကြီးနှင့်စပ်၍ မမေ့နိုင်သော အမှတ်တရအောက်မေ့ဖွယ်လေးတွေကို တင်ပြပူဇော်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ရှေးဦးစွာပြောကြားလိုပါတယ်။

ကံဆန်းကြွယ်ပုံ

တပည့်တော်က စစ်ကိုင်းတိုင်းအထက်ပိုင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကသာမြို့လေးမှာ မွေးဖွားပါတယ်။ ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်မှာ စစ်ပြေးရင်း ကသာမြို့မြောက်ဘက်ဆင်ခြေဖုံး မိဿလင်းကျောင်းမှာ ၁၃၀၅-ခုနှစ်မှာ ရှင်သာမဏေဝတ်ပြီး စစ်ပြီးခေတ် ၁၃၀၉-ခုနှစ်၊ နယုန်လမှာ ရဟန်းအဖြစ်ရောက်ပြီးတော့ ဝါဆိုလမှာ ပရိယတ္တိသင်ကြားရန် စစ်ကိုင်းတောင်ရိုး ရေဦးတိုက်သစ် ဒေါ်ရွှေအုန်းကျောင်းဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသ (သကျသီဟသီးခြားစာချ)ထံတော်သို့ ရောက်ခဲ့ပါတယ်။

ကံတရားဆိုတာ အဆန်းသားပဲ။ တပည့်တော်အရပ်ဆရာသမားက စာသင်ဖို့ မန္တလေး၊ စစ်ကိုင်း နှစ်ဌာနရွေးခိုင်းပါတယ်။ တပည့်တော်က ကသာမြို့လို ဧရာဝတီမြစ်ကမ်းဘေး စစ်ကိုင်းကိုရွေးလို့ စစ်ကိုင်းကိုပို့ပေးတာပါ။ ဒါကြောင့်လည်း တိပိဋကဓရဆရာတော်ကြီးနှင့် ဆုံရတာလို့ ထင်ပါတယ်။ မန္တလေးသာရောက်သွားရင် ဆရာတော်ကြီးနှင့် တွေ့ရကြုံရရင်းနှီးရမယ် မထင်ပါဘူး။

ဆဋ္ဌသင်္ဂါယနာနှင့် တိပိဋကစာမေးပွဲ

တပည့်တော် စစ်ကိုင်းရောက်သည့် ၁၃၀၉-ခုနှစ်၊ ဝါခေါင်လမှာ ဗိုလ်ချုပ်အောင်ဆန်းစသော အာဇာနည်များကျဆုံးပြီး ပြာသိုလ၊ဇန်နဝါရီလ(၄)ရက်နေ့မှာ လွတ်လပ်ရေးရပါတယ်။ လွတ်လပ်ရေးရပြီးတယ်ဆိုရင်ပဲ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးလုပ်ဖို့ နိုင်ငံတော်သမ္မတ, ဝန်ကြီးချုပ် စတဲ့နိုင်ငံ့အကြီးအကဲတွေ၊ သူဌေးကြီးဆာဦးသွင်စတဲ့ သာသနာကြည်ညိုတဲ့ ဥပါသကာ ဥပါသိကာတွေက သင်္ဂါယနာတင်ဖို့ လိုဏ်ဂူကြီး ကျောင်းဆောင်ကြီးတွေဆောက်လုပ်၊ တစ်ဖက်ကလည်း တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်တွေ ပေါ်ထွက်လာဖို့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

တိပိဋကဓရစာမေးပွဲအောင်မြင်တော်မူပုံ

မင်းကွန်းဆရာတော်ကြီးက သာသနာ့ကျေးဇူး နိုင်ငံ့ကျေးဇူးနှင့် တိပိဋကဓရပုဂ္ဂိုလ်ထူးပေါ်ထွန်းလာစေဖို့ မျှော်လင့်တောင့်တ ပြင်းပြတဲ့ဆန္ဒရှိကြတဲ့ နိုင်ငံ့အကြီးအကဲများနှင့် ရဟန်းဒါယကာသူဌေးကြီးဆာဦးသွင်စတဲ့ပုဂ္ဂိုလ်တွေရဲ့ ဆန္ဒကျေးဇူးတွေ ပြည့်ဝစေဖို့ တိပိဋကစာမေးပွဲကို ပါဝင်ဆင်နွှဲဖြေဆိုခဲ့တဲ့အကြောင်း။ စာမေးပွဲတတိယအကြိမ်ကစပြီး ဝင်ရောက်ပြန်ဆိုဖြေဆိုခဲ့တာပါ။ တပည့်တော်တို့လည်း လွတ်လပ်ရေးရပြီးနောက် ပထမငယ်စတဲ့စာမေးပွဲတွေ ဖြေဆိုနေတဲ့ ရဟန်းငယ်ချာတိတ်လေးတွေပေါ့။

ဆရာတော်ကြီး တတိယအကြိမ်ဝင်ရောက်ဆင်နွှဲပြီး ဝိနည်းပိဋကကို အာဂုံရေးဖြေပါ ဂုဏ်ထူးနဲ့အောင်မြင်တဲ့ ၁၃၁၂-ခုနှစ်မှာ တပည့်တော်က ပထမလတ်တန်းအောင်ပါတယ်။ ဆရာတော်ကြီးက အဘိဓမ္မာရှေ့ပိုင်းကို အာဂုံရေးရေးဖြေပါ ဂုဏ်ထူးဖြင့်အောင်မြင်တော်မူတဲ့ ၁၃၁၃-ခုနှစ်မှာ တပည့်တော်က ပထမကြီးတန်း၊ ဆရာတော်ကြီးက အဘိဓမ္မာနောက်ပိုင်းကို အာဂုံရေးရေးဖြေပါ ဂုဏ်ထူးဖြင့်အောင်မြင်တော်မူတဲ့ ၁၃၁၄-ခုနှစ်မှာ တပည့်တော်က အစိုးရစာချတန်းနဲ့ သကျသီဟစာသင်တန်း၊ ဆရာတော်ကြီးက ဒီဃနိကာယ်သုတ္တန်ပိဋကကို အာဂုံရေးရေးဖြေပါ ဂုဏ်ထူးဖြင့်အောင်မြင်တော်မူပြီး ဝိသိဋ္ဌဒီဃဘာဏကဘွဲ့ မဟာဒီဃနိကာယကောဝိဒဘွဲ့နှင့် ပိဋကတ်သုံးပုံလုံး အောင်မြင်ပြီးစီးတော်မူလို့ ဝိသိဋ္ဌတိပိဋကဓရဘွဲ့၊ မဟာတိပိဋကဓရကောဝိဒဘွဲ့၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရတော်မူတဲ့ ၁၃၁၅-ခုနှစ်မှာ တပည့်တော်က သကျသီဟနှစ်ကျမ်းစွဲပေါ့၊ ဆရာတော်ကြီးက လောကမှာ အစ္ဆရိယ အဗ္ဘုတ တိပိဋကစာမေးပွဲကြီးကို လေးနှစ်လေးကြိမ် နှစ်မခြားဘဲ ဆက်တိုက် အောင်မြင်တော်မူလို့ အဲဒီအချိန်မှာ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ချီးကျူးပူဇော်ပွဲတွေကျင်းပခဲ့ကြတာပါ။

ဆရာတော်ကိုချီးကျူးကြ

အဲဒီအချိန်ကထုတ်ဝေတဲ့သတင်းစာတို့ ဆဋ္ဌသင်္ဂါယနာစာစောင်တို့စတဲ့စာစောင်တွေမှာ ဆရာတော်ရဲ့သတင်းတွေကိုဖတ်ရပြီး ဂုဏ်ယူဝမ်းမြောက် အားကျရတာပါ။ ဆရာတော်ရဲ့ထေရုပ္ပတ္တိစာအုပ်တစ်အုပ် ဖတ်ရှုပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်တော့ မဟာစည်ဆရာတော်ကပုစ္ဆက ဆရာတော်က ဝိဿဇ္ဇကအဖြစ်ဆောင်ရွက်ပုံတွေကို မလှိုင်မြို့ ကံကြီးကျောင်းတိုက် ကာဗျဝိဒူဆရာတော်ဦးစန္ဒဇောတိက အရှင်မဟာ

ကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့နဲ့ ဥပမာပေး နှိုင်းယှဉ်ပြီး ဂုဏ်ပြုတဲ့ဂါထာတွေနဲ့ ချီးကျူးဂုဏ်ပြုထားတာ အလွန်ကောင်းပါတယ်။

ကံကြီးဆရာတော်က ကာဗျဝိဒူဆိုတဲ့အတိုင်း ပူဇော်တဲ့ဂါထာတွေက ကောင်းမှကောင်း ခန့်မှခန့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတွေပြည့်စုံပြီး ဂုဏ်မြောက်လှပြီး သုတိသာယာတဲ့ ထုတိဂါထာတွေမို့ ခဏခဏဖတ်ကြည့်ပါတယ်။ ဂုဏ်ပြုခံရတဲ့ဆရာတော်တွေကလည်း တကယ်ဂုဏ်ပြည့်စုံ ဂုဏ်ပြုတဲ့ပုဂ္ဂိုလ်ကလည်း ဂုဏ်မြောက်အောင်ရေးသားနိုင်လို့ အားကျအတုခိုးရပါတယ်။ အဲဒီဂါထာတွေကို ရှာဖွေပြီး ရာပြည့်စာစောင်မှာ ထည့်သွင်းဖော်ပြရင် အခုခေတ် မကြားမသိ မဖတ်ရသေးတဲ့သူတွေလည်း ကြားသိဖတ်ရလို့ ဝမ်းသာကြမှာပါ။

ဒုတိယ၊ တတိယ တိပိဋကဓရများ

ဆရာတော်တိပိဋကဓရဖြစ်ပြီးနောက် ပေါ်ပေါက်လာကြတဲ့ ပခုက္ကူဦးနေမိန္ဒ၊ ပြည်ဦးကောသလ္လတို့လည်း တကယ့်သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်တွေပါပဲ။ သူတို့နှစ်ပါးက တပည့်တော်နဲ့ တစ်နှစ်တည်းမွေး တစ်နှစ်တည်း အစိုးရစာချတန်းအောင်မြင်သူတွေပါ။ သူတို့ကိုအားကျပေမယ့် တပည့်တော်က စာချတဲ့ဘက်ပဲအားသန်လို့ သူတို့လို မဖြစ်ခဲ့ပါဘူး။ သူတို့လည်း မင်းကွန်းဆရာတော်ကြီးအောက် သက်တော်တွေငယ်ပေမယ့် သက်တော်မရှည်ကြရှာပါဘူး။

ဇေယျသိန်ဆရာတော်နှင့် တိပိဋကဓရဆရာတော်

တပည့်တော်တို့ ဇေယျသိန်ဆရာတော်နဲ့ တိပိဋကဓရ ဆရာတော်တို့ဟာ အလွန်ရင်းနှီးတဲ့ ဒဠှမိတ္တ မိတ်ဆွေရင်းတွေ ဖြစ်ပါတယ်။ ဇေယျသိန်ဆရာတော်က ၁၂၆၉-ခုနှစ်ဖွား၊ တိပိဋကဓရဆရာတော်က ၁၂၇၃-ခုနှစ်ဖွား၊ ဇေယျသိန်ဆရာတော်က လေးနှစ်လောက်ကြီးပါတယ်။

ဇေယျသိန်ဆရာတော်က အစိုးရဓမ္မာစရိယ မဖြေပါဘူး။ ပထမကြီးအောင်ပြီး သကျသီဟစာသင်တန်းကို ၁၂၉၄-ခုနှစ်မှာ အောင်ပါတယ်။ တိပိဋကဓရဆရာတော်က စာသင်တန်းကို နောက်နှစ် ၁၂၉၅-ခုနှစ်မှာအောင်ပြီး နှစ်မခြားဘဲ နောက်နှစ် ၁၂၉၆-ခုနှစ်မှာ သုံးကျမ်းလုံးအောင်လို့ ဝင်္ကသကာဘွဲ့ရပါတယ်။ ဇေယျသိန်ဆရာတော်က နောက်နှစ် ၁၂၉၇-ခုနှစ်မှာအောင်ပါတယ်။ စာသင်စာချတစ်နံပါတ်နဲ့ ချည်းအောင်တာပါ။ဒီတော့ ဆရာတော်နှစ်ပါးက သကျသီဟစာမေးပွဲမှာလည်း မရှေးမနှောင်း အောင်တယ်ဆိုရမှာပါ။

ဇေယျသိန်ဆရာတော်က ဆဋ္ဌသင်္ဂါယနာဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ကြီးရဲ့တပည့်ပါ။ စာမေးပွဲအောင်ပြီး ညောင်ရမ်းဆရာတော်ကြီးလက်အောက်မှာ ဇေယျသိန်အုပ်ကျောင်းဆရာတော်အဖြစ်နဲ့ စာပေပို့ချခဲ့တာပါ။ စာချလည်းအလွန်ကောင်းပါတယ်။ ရွှေကျင်သာသနာပိုင် ညောင်ရွှေကန်ကြီးဆရာတော်ဦးဝိမလ၊ ရွှေကျင်တွဲဖက်သာသနာပိုင် စစ်ကိုင်း ပထမဂန္ဓာရုံဦးသုပညိန္ဒာဘိဝံသ၊ ဝင်္ကသကာ ဦးလက္ခဏ (ယခု ဦးကျော်ရှိန်၊ ထားဝယ်မြို့)တို့လည်း ဇေယျသိန်ဆရာတော်ကြီးရဲ့တပည့်တွေပါ။

ဒုတိယကမ္ဘာစစ်မှာ ကျောင်းအမများကပင့်လို့ စစ်ကိုင်းတောင်ရိုး ရေဦးတိုက်သစ်ဒေါ်ရွှေအုပ်ကျောင်းမှာ စစ်ဘေးကို ရှောင်တိမ်းနေရပါတယ်။ မန္တလေးကျောင်းကလည်း မီးထဲပါသွားပါတယ်။ စစ်ကိုင်းကျောင်းကဘုန်းကြီးတွေလည်း ပျံလွန်ကုန်လို့ ဆရာတော်ပဲဆက်လက်ပြီးနေပါတယ်။ မန္တလေး ကျောင်းပြန်ဆောက်ပြီးလည်း မပြန်တော့ဘဲ တပည့်ကြီး ဦးကုန္ဒဝံသကိုလွှဲထားပါတယ်။

တိပိဋကဓရဆရာတော်၏မေတ္တာတော်

၁၃၁၃-ခုနှစ်လောက် ပါဠိတက္ကသိုလ်တွေပေါ်လာချိန်မှာ မင်းကွန်း ဓမ္မနာဒ၊ ရှားပင်စတဲ့ချောင်တွေနဲ့ စုပေါင်းပြီး ဇေယျသိန်ပါဠိတက္ကသိုလ်ဖွဲ့ခဲ့ပါတယ်။ မင်းကွန်းကလည်း ပထမကြီးအောင် ပါဠိတက္ကသိုလ်ကျောင်းသားတွေ, သီလရှင်တွေအပါအဝင်ပေါ့။ ရှားပင်ဆရာတော်ဦးစန္ဒိမာတို့, ဦးကုဏ္ဍလ တို့ကလည်း ကထိကတွေပေါ့။

အဲဒီအချိန်မှာ ဆရာတော်နှစ်ပါးဟာ ပိုရင်းနှီးလာကြပါတယ်။ အဲဒီအချိန်မှာ စစ်ကိုင်းက လျှပ်စစ်မီးလည်း မရ သေးပါဘူး။ ချက်ရေးပြုတ်ရေးမှာလည်း မီးဆိုက်ဖို့ ထင်းအခက်အခဲရှိပါတယ်။ မြစ်ရေကြီးတဲ့အချိန်မှာ ကိုယ်ပိုင်သမ္ဗန်လေးတွေနဲ့ သံဃာတွေရော သီလရှင်တွေပါ မြစ်ထဲမှာ ထင်းဆယ်ကြရပါတယ်။ တိပိဋကဓရဆရာတော်က မင်းကွန်း အထက် ထင်းဆယ်ပြီး ဖောင်ဖွဲ့ရောင်းတဲ့ဌာနက ထင်းဖောင်များကို ဇေယျသိန်ကိုပို့ပေးပါတယ်။ ပျံလွန်တော်မူသွားတဲ့ ဦးသုစိတ္တ စသည်တို့ကို ထင်းဖောင်ရောက်မည့်အကြောင်းနှင့် ကျသင့်တဲ့စရိတ်များကို အရင်လာပြီး ပြောစေပါတယ်။အဲဒီလိုပို့ပေးလို့ ထင်းသယ်ရတဲ့ဒုက္ခလည်း လွတ်ကင်း ချမ်းသာသွားပါတယ်။ တိပိဋကဓရဆရာတော်က မိမိမလိုက်နိုင်တဲ့တရားပွဲတွေမှာ ဇေယျသိန်ဆရာတော်ကို ပင့်ခိုင်းပြီး ကိုယ်စားဟောကြားစေပြီးလည်း ချီးမြှောက်ပါတယ်။

တိပိဋကဓရဆရာတော်၏ ကရုဏာတော်

ဇေယျသိန်ဆရာတော်က ၁၃၃၅-ခုနှစ်၊ တော်သလင်း လဆန်း ၆-ရက်နေ့မှာ ပျံလွန်တော်မူပါတယ်။ ဇေယျသိန်ဆရာတော်ပျံလွန်ကြောင်း ကြားသိရသော တိပိဋကဓရဆရာတော်က မင်းကွန်းမှ မော်တော်ဖြင့် ချက်ချင်းကြွလာပါတယ်။ ဆန်အိတ်, ဆီပုံး, ငါးခြောက် စသောစားစရာများ၊ သင်္ကန်း, ထီး, ဖိနပ် စသည်များလည်း ပါလာပါတယ်။ အဲဒီရောက်လာတဲ့အချိန်မှာ မန္တလေး မိုးကောင်းတိုက် ညောင်ရမ်းတိုက်အုပ်ဆရာတော် ဦးလက္ခဏ၊ တိုက်ကြပ်ဒေးဝန်းဆရာတော် ဦးဇောတိကနဲ့ ဇေယျသိန်ဘုန်းကြီးဦးဣန္ဒဝံသတို့လည်း ရှိနေ ကြပါတယ်။ စစ်ကိုင်းကထွက်ပြီး မန္တလေး ပေါက်မြိုင်မှာ ရောက်နေတဲ့ တပည့်တော်လည်းရောက်နေပါတယ်။

တိပိဋကဓရဆရာတော်က ဇေယျသိန်စာချ ဘုန်းကြီးများကိုခေါ်ပြီး 'စာသင်တိုက်မှာ ပဓာနနာယက ဆရာတော် ပျံလွန်တော်မူရင် ဆရာတော်ကိုအားကိုးမှီခို နေရတဲ့ စာသင်သားလေးတွေဟာ မိဘပျက်စီးသွားတဲ့ သားသမီးတွေလို အားကိုးရာမဲ့ပြီး သနားစရာကောင်းတယ်။ အခု ဘုန်းကြီးယူလာတဲ့ စားစရာတွေကို စားကြ၊ အားငယ် စရာမလိုဘူး။ ဈာပနမှာလည်း သင်္ကန်း, ထီး, ဖိနပ်တွေကို ပဓာနထား လှူကြ။ ဈာပနမှာ ဆရာတော်ကိုပူဇော်ဖို့ ဂုဏသညုတ္တ သံဝေဂဂါထာတွေလည်း ရေးယူလာပြီး ဘုန်းကြီးကိုယ်တိုင် ရွတ်ဖတ်ပူဇော်ပေးမယ်။ အဲဒီ အခမ်း အနားမှာ လာသမ္မုပရိသတ်ကို ဖျော်ရည်တိုက်ဖို့ ဘုန်းကြီး တာဝန်ယူမယ်။ ဖျော်ရည်ဖျော်မယ့်အဖွဲ့လည်း မင်းကွန်းက ခေါ်လာမယ်။ ဘာမှမပူကြနဲ့ အားမငယ်ကြနဲ့'လို့ အားပေး ပြီး မင်းကွန်းကို ပြန်ကြွပါတယ်။

ဈာပနနေ့ကျတော့ ဆရာတော်ကြွလာပါတယ်။ ဖျော်ရည်ဖျော်နေကျအဖွဲ့လည်းပါလာပြီး ဖျော်ရည်ဖျော်ပြီး လာသမ္မုပရိသတ်အားလုံး ပြည့်စုံအောင်တိုက်ကျွေးခိုင်းပါ တယ်။ ဂုဏသညုတ္တသံဝေဂဂါထာတွေလည်း မင်းကွန်းကပဲ ရေးသား ရိုက်နှိပ်ပြီး လာသမ္မုဝေငှပေးခိုင်းပြီး ကိုယ်တိုင် ရွတ်ဖတ်ပူဇော်ပါတယ်။ အဲဒီဂါထာတွေအောက်မှာ မင်းကွန်းဓမ္မနာဒတိုက်အုပ်ဆရာတော်ဦးဥက္ကံသာဘိဝံသ ရေးသား၍ တိပိဋကဓရဆရာတော် ရွတ်ဖတ်ပူဇော်သည်လို့ ပါပါတယ်။ အဲဒီဈာပနပွဲမှာ တိပိဋကဓရဆရာတော်က အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်စံခန်းတရားတော်ကြီးကို တခမ်းတနားဟောကြားပြီး ရေစက်ချပေးပါတယ်။

ဒီလိုတိပိဋကဆရာတော်က မိမိဒဋ္ဌမိတ္တ ဇေယျသိန် ဆရာတော်ရဲ့ နောက်ဆုံးခရီးမှာ မိတ်ဆွေပီသစွာ ပစ္စယ ဓမ္မပူဇာတို့ဖြင့် ချီးမြှောက်တော်မူလို့ ဇေယျသိန်ဆရာတော် ကြီးရဲ့ ဈာပနဟာ အလွန်စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွား ပါတယ်။ ။

ဦးအဂ္ဂဝံသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊
ပေါက်မြိုင်ကျောင်းတိုက်၊ မန္တလေးမြို့။

နိဗ္ဗာနယ်ပိုင်းဖြာ သာသနာ ကမ္ဘာအနှံ့ပြန့်စေသော ဦးဥက္ကံသာဘိဝံသ

မူလကံ ပရိယတ္တိ၀၊ စိရံ စက္ကသ ဝုဒ္ဓိယာ။

တသ္မိံ ဝုဒ္ဓေ ဟိ ဝဍ္ဍန္တိ၊ သဒ္ဓမ္မာ ဣတရေ ဒုဝေ။

စက္ကသ = ဘုရားမြတ်စွာ သာသနာသုံးရပ် စက် တော်မြတ်၏၊ စိရံ = အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလပတ်လုံး၊ ဝုဒ္ဓိယာ = တစ်နေ့တခြား ဒီရေလားသို့ တိုးပွားကြည်လင် စည်ပင်ပြန့်ပြောခြင်း၏၊ မူလကံ=အခြေခံ မူလ ပဓာန အကြောင်းရင်းသည်၊ ပရိယတ္တိ၀=ပရိယတ် သာဧကန် စင်စစ်မှန်၏၊ ဟိ=ဆိုခဲ့ပြီးတောင်း ထိုစကားဟုတ်မှန်ဘိသည့် ယုတ္တိအကြောင်းကား၊ တသ္မိံ=ထိုပရိယတ္တိသဒ္ဓမ္မ နာမဝေါဟာ စက်သာသနာသည်၊ ဝုဒ္ဓေ = ပို့ချ+သင်+အံ ဟောပြည့်ညွှန်နှင့် ဖန်ဖန်လေ့ကျက် ပွားတက်စည်ပင်လတ် သည်ရှိသော်၊ ဣတရေဒုဝေသဒ္ဓမ္မာ=ဤမှတခြား ပဋိပတ် နှင့် ပဋိဝေဓသာသနာ နှစ်ပါးတို့သည်၊ ဝဍ္ဍန္တိ=ကန်ဘောင် ခိုင်မတ် ရေတည်လတ်၍ ငါးရပ်ပဒုံ ဖူးပွင့်ပုံသို့ အဟုန်မားမား ထိုနည်းလားလျှင် ကြီးပွားစည်ပင်နိုင်ကြကုန်၏။

မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆိုဆုံးမအပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော်သုံးရပ်တို့ ဤ လောကဓာတ်အတွင်းဝယ် ထွန်းလင်းတောက်ပစည်ပင်ရေး၊ အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါပတ်လုံး တည်တံ့ ရေးတို့သည် ပရိယတ္တိသာသနာတော်အပေါ်၌သာ မှီ၍ တည်၍ နေပါသည်။

ထိုပရိယတ္တိသာသနာတော်ဟူသည်မှာ... ဘုရား မြတ်စွာ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူ အပ်သော တရားတော်အစုပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ပြောကျယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပါဠိတော်နှင့် ပကိဏ္ဏကဒေသနာအဋ္ဌကထာ များပင် ဖြစ်ပါသည်။

ထိုပရိယတ္တိသာသနာတော်ဖြင့် မြတ်စွာဘုရားသည် ဝေနေယျတို့ လိုလားတောင့်တအပ်သော အကျိုးကို ဖြစ်ပေါ် စေနိုင်သည့် မှန်ကန်သောအကျင့်တရားတို့ကိုလည်းကောင်း၊ ထိုအကျင့်တရားတို့ကို လေးစားရိုသေစွာ လိုက်နာကျင့်သုံး ခြင်းဖြင့် ရရှိအပ်သော အကျိုးတို့ကိုလည်းကောင်း၊ ထို အကျင့်တရားတို့ကို ဆုတ်ယုတ်စေနိုင်သည့် ပယ်ရှားရမည့် တရားနှင့် ထိုအကျင့်တရားတို့ကို တိုးတက်စည်ပင်စေနိုင် သည့် မှီဝဲရမည့်တရားတို့ကိုလည်းကောင်း အပြည့်အစုံ ညွှန်ပြတော်မူခဲ့ပါသည်။ သို့ဖြစ်ရကား ပရိယတ္တိ သာသနာ မကွယ်မပ တည်တံ့ထွန်းလင်း၍ နေမှသာလျှင် နည်းမှန် လမ်းမှန် ကျင့်ကြံ အားထုတ်ခြင်းဟူသော ပဋိပတ္တိသာသနာ နှင့်ထိုသို့ကျင့်ကြံအားထုတ်ခြင်းဖြင့် မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဟူသော ပဋိဝေဓ သာသနာတော်-ဤသာသနာနှစ်ရပ်တို့ မတ်မတ်ခိုင်ကျည် မကွယ်မပ တည်တံ့တိုးတက်ကြရမည် ဖြစ်ပါသည်။

ဥပမာဆိုရပါမူ ရေကန်ကြီး၌ ကန်ဘောင်ကန်ရိုး ခိုင်ခံ့လုံခြုံလျှင် ရေများတည်နေကြ၍ ကြာမျိုးငါးပါးတို့ ပွင့်ကာ ရေကန်ကြီးတင့်တယ်သကဲ့သို့ ဖြစ်ပါသည်။ ထို့ ကြောင့် ရေတည်ကြာပေါက် ရှုတိုင်းတင့်သည့်အဆင့်သို့ ရောက်ရန် ကန်ရိုးကန်ဘောင် ခိုင်ခံ့လုံခြုံအောင် ဂရုတစိုက် အင်တိုက်အားတိုက် ဆည်ကြရဖို့ကြရသကဲ့သို့ ထို့အတူပင် သာသနာတော် သုံးရပ်တို့ လောကဓာတ်အတွင်းဝယ် ထွန်း လင်းတောက်ပ အနှစ်ငါးထောင်ကာလပတ်လုံး တည်တံ့ ရေးအတွက် ပရိယတ္တိသာသနာတော်ကို ပူဇော်ချီးမြှောက် ထောက်ပံ့ကြရမည်ဖြစ်ပါသည်။

ရွှေမထေရ်မြတ်တို့ သာသနာပြုပုံ

အရှင်မဟာကဿပမထေရ်မြတ်သည် 'သာသနာ တော် အရှည်တည်တံ့ရန် ဘုရားစကားတော်တရားတော် တို့ကို သင်္ဂါယနာတင်ရလျှင် ကောင်းလေစွ'ဟု နှလုံးပိုက် တော်မူ၍ ဘုရားရှင် ရွှေလက်ထက် ဧတဒဂ် ဘွဲ့တော်ရ အများဆုံး ပါဝင်သည့် 'တိပိဋက သဗ္ဗပရိယတ္တိ ပဘေဒ ဓရ ဆဠဘိည ပဋိသမ္ဘိဒါပတ္တ' ဖြစ်တော်မူကြသော ရဟန္တာမထေရ် ငါးရာတို့ကို ရွေးကောက်၍ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် လေးလအရောက်တွင် မြတ်စွာဘုရား၏ စကားတော်တရားတော်တို့ကို သင်္ဂါယနာ တင်တော်မူခဲ့ပါ သည်။

သင်္ဂါယနာတင်-ဟူသည်မှာ. . . ပန်းသီတံ၊ ပန်းသီ ကြိုးဖြင့် မသီမကုံးရ၍ ဖရိုဖရဲ ပြန့်ကျဲလေလွင့် ပျောက်ပျက် ရန် အခွင့်နှင့် နီးကပ်နေသော ပန်းပွင့်တို့ကို မပျောက် မပျက်ရန် ပန်းသီတံ၊ ပန်းသီကြိုးတို့ဖြင့် ထိုးစုပေါင်းရုံး သီကုံးဖွဲ့စည်း သိမ်းဆည်းစောင့်ရှောက်သကဲ့သို့ ထို့အတူပင် ထိုထို ဒေသတို့၌ ထိုထို ဝေနေယျတို့အား အကြောင်း အားလျော်စွာ ဟောကြားတော်မူအပ်၊ ပညတ်တော်မူအပ် သည်ဖြစ်၍ ဖရိုဖရဲ ပြန့်ကျဲ၍နေသော မြတ်စွာဘုရား၏ တရားတော်ဒေသနာတို့ကို သာသနာ့ခေတ် အနှစ်ငါးထောင် ပြည့်သည့်တိုင်အောင် မြဲခိုင် တည်တံ့စေရန် ဝေဖန်စိစစ် တော်မူကြ၍. . .

'ဤတရား ဤတရားစုကား ဒီဃနိကာယ်တည်း၊ ဤတရား ဤတရားစုကား မဇ္ဈိမနိကာယ်တည်း... 'ဤသို့ စသည်ဖြင့် သဘောတူရာတူရာ တရားတော်တို့ကို စုစည်း သတ်မှတ်တော်မူကြပြီးလျှင်-တရားတော် တစ်ခုစီတစ်ခုစီ၏ နိဒါန်း ပုဂ္ဂိုလ် စသည်တို့ကို မေးတော်မူ ဖြေတော်မူကြပြီး နောက် ထိုတရားတော်တို့ကို မထေရ်မြတ်ငါးရာတို့ စုပေါင်း ညီညွတ်စွာ ရွတ်ဆို အတည်ပြုတော်မူကြခြင်း ဖြစ်ပါသည်။

ထိုသို့ သင်္ဂါယနာတင်တော်မူကြပြီးနောက် အရှင် မဟာကဿပ အမှူးရှိသော မထေရ်မြတ်ငါးပါးတို့နှင့်တကွ မထေရ်မြတ်တို့၏တပည့်အဆက်ဆက်တို့သည် သင်္ဂါယနာ တင်အပ်သည့် အစဉ်အတိုင်း မြတ်စွာဘုရား၏မူခပါဠ် ပရိယတ္တိသာသနာတော်ကို သင်ကြားပို့ချခြင်း၊ သုံးသပ် ဆင်ခြင်ခြင်း၊ နှုတ်တက်အာဂုံဆောင်တော်မူကြခြင်းတို့ဖြင့် အသီးသီးတာဝန်ယူကာ ယနေ့တိုင် တည်ရှိနိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါသည်။

သာသနာတော်ကို
သိကြားမင်း ကူညီကြောင်း

သာသနာတော် နှစ် ၄၃၅နှစ်ခန့် အချိန်ဝယ် သီဟိုဠ်ကျွန်း၌ ဒုဗ္ဘိက္ခ ဘေးကြီး ကျရောက်လုနီးလတ်သော် သိကြားမင်းသည် ကြီးစွာသော ဖောင်တစ်ခုကို ဖန်ဆင်းပြီး နိကာယ်ငါးရပ်-ပိဋကတ်တော်ဆောင် မထေရ်မြတ်တို့ထံ ရှိသေစွာချဉ်းကပ်၍-

'အရှင်မြတ်တို့ဘုရား၊ ဤ သီဟိုဠ်ကျွန်းဝယ် မကြာမီ ဒုဗ္ဘိက္ခဘေးကြီး ကျရောက်တော့မည် ဖြစ်ပါသည်။ ရဟန်းတော်တို့သည် ပစ္စည်းလေးပါးတို့ဖြင့် ငြိုငြင်ပင်ပန်းကြ၍ နိကာယ်ငါးရပ် - ပိဋကတ်တော်တည်းဟူသော ပရိယတ္တိသာသနာတော်ကို မဆောင်စွမ်းနိုင် ဖြစ်ကြပါသည်။ ဤဖောင်သို့ တက်စီးတော်မူကြ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူကြပါ အရှင်တို့ဘုရား...'ဟု လျှောက်ထား၍ နိကာယ်ငါးရပ် ပိဋကတ်ကို သင်, အံ, ပို့ချ နှုတ်တက်အာဂုံ ဆောင်တော်မူကြသည့် ရဟန်းတော်တို့ကို ပစ္စည်းလေးပါးပြည့်စုံရာ ဇမ္ဗူဒိပ်ကျွန်းသာယာသို့ တာဝန်ယူ ပို့ဆောင်ပေးခဲ့ပါသည်။

မင်းကွန်း
တိပိဋကဓရ ဆရာတော်၏ စေတနာ

ဤသို့လျှင် ရှေးမထေရ်မြတ်တို့နှင့် ရှေးသူတော်စင်တို့ စံတင်နည်းပြ ဆောင်ရွက်တော်မူကြသည့်ထုံးကို နှလုံးပိုက် စံနမူ အတုယူ၍ အကျွန်ုပ်တို့၏ ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားသည် ခြောက်ကြိမ်မြောက်ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာသဘင်၌ ပါဠိပဝိသောဇနေ၊ ပါဠိပဋိပဝိသောဇနေ၊ ပါဠိသြသာနသောဇနေကိစ္စတို့နှင့်တကွ ထိုဆဋ္ဌသင်္ဂါယနာသဘင် စတင်ကျင်းပသည့်နေ့မှ စ၍ ပါဠိ အဋ္ဌကထာသင်္ဂါယနာသဘင်ကြီး ပြီးဆုံးသည့်တိုင်အောင် သင်္ဂါယနာအဖြေ 'ဝိဿဇ္ဇန'တာဝန်တို့ကို ကျေပွန်စွာ ထမ်းဆောင်လျက် ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူဝမ်းမြောက် ကုသိုလ်တရားတိုးပွားသည်ထက် တိုးပွားခြင်းသို့ရောက်အောင် ရွက်ဆောင်တော်မူပြီးသောအခါ မြန်မာနိုင်ငံ အထက်ပိုင်း အောက်ပိုင်းရှိ ထိုထိုမြို့ရွာ ဒေသတို့၌ သာသနာ့အခြေ ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် တရားဒေသနာမိုးကို တဖြိုးဖြိုး ရွာသွန်းလျက် ဒကာ ဒကာမတို့ သန္တာန်၌ သဒ္ဓါ၊ စေတနာ၊ ပညာတည်းဟူသော ကောင်းမှုမျိုးတို့ကို တိုးတက်ရှင်သန်စေခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၃၃၉-ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက် (မိမိ၏ တိပိဋကဓရအဖြစ် ၂၅ နှစ်မြောက်ရောက်သော)နေ့၌ကား တစ်ဆင့်တက်လှမ်း နိုင်ငံတော်အစိုးရတို့က မိမိအား လှူဒါန်းသည့် 'တိပိဋကဓရ လစာ ဆွမ်းဆန်တော်အလှူ'၊ 'အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်အလှူ'တို့နှင့်တကွ ထိုထိုတရားပွဲ ပူဇော်ပွဲတို့မှ ပူဇော်ကြသည့်ဓမ္မပူဇာ ပစ္စည်းလေးပါးအလှူတို့ကိုငါးဖြာနိကာယ် သုံးသွယ်ပိဋက-ပရိယတ္တိ သာသနာတော်အား လှူဒါန်းပြီးလျှင် တူညီသောကုသိုလ်ဆန္ဒ ထက်သန်စွာရှိကြသည့် တပည့်ဒကာ၊ ဒကာမအပေါင်းတို့နှင့် တိုင်ပင်ညီညွတ်၍...

၁။ လေကောင်းလေသန့်ရခြင်း၊

၂။ သာသာယာယာရှိခြင်း၊

၃။ ဆိတ်ငြိမ်အေးချမ်းခြင်း-

စသည်တို့ကြောင့် စာကျက်, စာအံ, စာပြန်, စာကြည့် ဤသို့စသည့် စာပေကိစ္စတို့ကို ရွက်ဆောင်ရန် လျော်ကန်သင့်မြတ်သော မင်းကွန်းတိုက်နယ် ထန်းမြင့်ရွာဦးရှိ ဇရာဝတီမြစ်ကမ်း'ရှုခင်းသာ မိုးမိတ်ကုန်းမြေစခန်း'ဝယ် ခမ်းနားသိုက်မြိုက် 'တိပိဋက-နိကာယကျောင်းတိုက်'ကို ၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်နေ့က ဖွင့်လှစ်တည်ထောင်တော်မူခဲ့ပါသည်။

ထိုတိပိဋက-နိကာယကျောင်းတိုက်ကြီး မဖွင့်မီကပင် ကြိုတင်ပြင်ဆင်သောအားဖြင့် ၁၃၃၉-ခု တပေါင်းလ၌ တိုင်းနှင့်ပြည်နယ် အသီးသီးရှိ တိပိဋက-နိကာယ စာသင်သား သံဃာတော်တို့အား သတင်းစာမှလည်းကောင်း၊ လက်ကမ်းကြော်ငြာဖြင့်လည်းကောင်း ပင့်ဖိတ်ခြင်း၊ ၁၃၄၀-ပြည့်နှစ်၊ နှစ်ဆန်း ၁ ရက်နေ့တွင် နဂိုရှိရင်းဖြစ်သည့် 'ဝဏ္ဏကျော်ထင်' အထူးကု ပါမောက္ခ ဆရာဝန်ကြီး ဦးသာလှ ဥက္ကဋ္ဌရှိသော မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဝေယျာဝစ္စအဖွဲ့ကို တိုးချဲ့၍ 'မင်းကွန်း မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက် ရေးနှင့် တိပိဋက-နိကာယ သာသနာပြု အဖွဲ့ ဟူ၍ အသစ်တစ်ဖန် ထပ်မံတိုးချဲ့ ဖွဲ့စည်းခြင်း၊ ၁၃၄၀-ပြည့်နှစ်၊ ကဆုန်လမှစ၍ တိပိဋက-နိကာယ စာသင်သား အရှင်မြတ်များကို လက်ခံခြင်း၊ နဂိုရှိရင်း ဇရပ် ဓမ္မာရုံအသစ်ပြုပြင် ကျောင်းအဖြစ် ရောက်အောင် ပြင်ဆင်မွမ်းမံခြင်း၊ ကျောင်းဒကာအသစ် အသစ်တို့က အသစ်အသစ်သော ကျောင်းဆောင်များ နေ့ညဥ့်ဆက်ကာ တည်ဆောက်ခြင်းတို့ဖြင့် အရပ်ရပ် ပရိက္ခာဥဿုံ ကုံလုံစေပြီးလျှင်. . .

(က) မိမိကိုယ်တိုင် နိကာယ်ငါးရပ် ပိဋကသုံးပုံတို့ကို အာဂုံနှုတ်တက်အရ ကျက်ဆောင်တော်မူ၊ သုံးသပ်ဆင်ခြင်တော်မူကြ၍လည်းကောင်း၊

(ခ) မိမိ၏တပည့် အဆက်ဆက်တို့ကိုလည်း မပျက်မကွက် ပို့ချသင်ကြားပေးတော်မူကြ၍လည်းကောင်း၊

ပရိယတ္တိသာသနာကို အရာအထောင်သော နေမင်းလမင်းတို့ကဲ့သို့ ထွန်းလင်းတောက်ပြောင်စေလျက် သာသနာခေတ် အနှစ် ငါးထောင်တည်တံ့တိုးတက်စည်ပင်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြမည့် သာသနာ့အာဇာနည်အလျာ တိပိဋက ‧ နိကာယစာသင်သားကြီးများကို ဝိဝေကနေရာများ ချထားပေး၍ ထိုအရှင်တို့ မငြိုမငြင် ပလိဗောဓကင်းပြတ်လျက် ပိဋကတ်စာပေတို့ကို နာရီပြည့် ဆန္ဒရှိသလောက် ကျက်, မှတ်, ရွတ်, ပြန် အဖန်ဖန်သုံးသပ်လေ့လာနိုင်ကြရန် ဆွမ်း, သက်န်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် အားရဝမ်းမြောက် လိုလေသေးမရှိရအောင် နေ့ညစောင့်ရှောက် ချီးမြှောက်ထောက်မပြုစုလျက်ရှိကြပါသတည်း။

နိကာယ်ငါးဖြာ၊ သာသနာ၊
ကမ္ဘာအနှံ့ ပြန့်စေသော်။
အနှစ်ငါးထောင်၊ ပြည့်တိုင်အောင်၊
အရောင်ထိန်ဝင်း လင်းစေသော်။

ဦးဥက္ကံသာဘိဝံသ
တိုက်အုပ်ဆရာတော်
ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း။

မင်းကွန်းတောင်တန်းမှ
ပေါ်ထွန်းလာသော
ဆင်ဖြူတော်
ရှားပင်တိုက်သစ်ဆရာတော်
ဘဒ္ဒန္တစန္ဒိမာ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၁၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ပထမဦးစွာ ခံယူရရှိတော်မူပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိတော်မူပြီးနောက် သုံးလမြောက်ဖြစ်သော ၁၃၁၆-ခုနှစ်၊ ကဆုန် လပြည့်နေ့တွင် နိုင်ငံတော်၌ နေလအသွင် ထင်ပေါ်ကျော်စောတော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၊ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးအစရှိသော ဆရာတော်ကြီးများကြီးမှူးလျက် ထိုင်း, ကမ္ဘောဒီးယား, လာအို, သီရိလင်္ကာ-ထေရဝါဒနိုင်ငံများမှ သံဃာတော်များနှင့် မြန်မာနိုင်ငံမှ သံဃာတော်-၂၅၀၀တို့သည် နိုင်ငံတော်အစိုးရ၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ဆဋ္ဌသင်္ဂါယနာပွဲကြီးကို ကျင်းပခဲ့ကြပါသည်။

ထိုဆဋ္ဌသင်္ဂါယနာပွဲကြီးသို့ ကမ္ဘာအရပ်ရပ်မှ လာရောက် ကြည်ညိုကြသော ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံတစ်ဝန်း တိုင်းနှင့်ပြည်နယ်အသီးသီးမှ လာရောက်ကြည်ညိုကြသော ပရိသတ်ကြီးမှာ ကမ္ဘာအေးကုန်းမြေမဆုံ ရန်ကုန်မြို့တော်အနှံ့ စည်ကားလှသော သာသနာ့ပွဲတော်ကြီးတစ်ရပ် ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော သင်္ဂါယနာတင်ပွဲကြီး ကျင်းပရာဝယ် အရေးအကြီးဆုံးဖြစ်သည့် အခန်းကဏ္ဍမှ ပါဝင်ရမည့်ပုဂ္ဂိုလ်မှာ ပုစ္ဆကဆရာတော်မေးသမျှကို မဆိုင်းမတွ ကြည်လင်ပြတ်သား နာကြားရသောပုဂ္ဂိုလ်များ သဒ္ဓါတရားဖြစ်ဖွယ်ရာ သာယာနာပျော်ဖွယ်သောအသံတော်ဖြင့် ပိဋကတ်သုံးသွယ်နိကာယ်ငါးရပ်မှလာသမျှသော အမေးပုစ္ဆာတို့ကို ဖြေစွမ်းနိုင်မည့် ဝိသဇ္ဇကပုဂ္ဂိုလ်ရဖို့ရန်အရေးမှာ အကြီးဆုံးသော လိုအပ်ချက် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ သီရိဓမ္မာသောကမင်းကြီးလက်ထက် တတိယသင်္ဂါယနာတင်ပွဲကျင်းပစဉ်က ဒုတိယသင်္ဂါယနာတင်ပွဲ၌ အကြီးအမှူးဖြစ်တော်မူသော အရှင်ယသရဟန္တာအရှင်မြတ်ကြီး၏ စီမံဆောင်ရွက်ချက်အရ တိဿဗြဟ္မာကြီးသည် ဗြဟ္မာ့ပြည်မှစုတေခါ အရှင်မောဂ္ဂလိပုတ္တတိဿရဟန္တာအရှင်မြတ်ကြီးအဖြစ် ပေါ်ပေါက်တော်မူလာသကဲ့သို့၊ မြန်မာနိုင်ငံ၌လည်း ဆဋ္ဌသင်္ဂါယနာပွဲကြီးမတိုင်မီ သုံးလစော၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ထွန်းလာရသည်မှာ ကံထူးသောမြန်မာနိုင်ငံဟု ဆိုထိုက်လှပါသည်။

ဆဋ္ဌသင်္ဂါယနာပွဲကြီး၌ အဖြေဝိသဇ္ဇကဆရာတော် ရွေးချယ်ရာတွင် သင်္ဂါယနာဝန်ဆောင်ဘာရနိတ္ထာရက ဆရာတော်များမှာလည်း အခက်အခဲမရှိ အားလုံးတညီတညွတ်တည်း မင်းကွန်းတိပိဋကဓရဆရာတော်ကို ဝိသဇ္ဇကဆရာတော်အဖြစ် ရွေးချယ်တော်မူခဲ့ကြပါသည်။ မင်းကွန်းတိပိဋကဓရဆရာတော်မှာ သင်္ဂါယနာပွဲ စသည့်နေ့မှစ၍ အဖြေတာဝန်ကိုယူကာ နေ့စဉ်အချိန်မှန်မှန် သာယာနာပျော်ဖွယ်သော အသံတော်ဖြင့်ဖြေဆိုခဲ့ရာ အသံလွှင့်ဌာနမှသည် နေ့စဉ်အချိန်မှန်မှန် ထုတ်လွှင့်ပေးခဲ့ပြန်ရာ တစ်တိုင်းတစ်ပြည်လုံး ရေဒီယိုမှ နာကြားခဲ့ရ၍ နာကြားရသူအပေါင်း သဒ္ဓါတရားဖြစ်ပွားကာ သာဓုနုမော်ကောင်းချီးခေါ်သံတို့ဖြင့် ပျံ့လွှင့်၍ နေခဲ့ပါသည်။

ထိုအချိန်ဝယ် သာသနာရေး မျှော်တွေးထောက်ဆ ဉာဏ်အမြင်ကျယ်တော်မူလှသော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ရည်ညွှန်း၍ 'မင်းကွန်းတောင်တန်းမှ ဆင်ဖြူတော်ပေါ်ထွန်းလာပြီ'ဟူသော စကားတစ်ခွန်းကို အမိန့်ရှိတော်မူပါသည်။

'သီဟကုဥ္စရသဒ္ဒူလ' စသောသဒ္ဒါတို့သည် သမာသ် သို့ရောက်သောအခါ 'ဥတ္တမတ္ထ=အမြတ်'ဟူသော အနက်ကို ဟောသကဲ့သို့ 'ဆင်ဖြူတော်'ဟူသော ဝေါဟာရသည် 'ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်'ဟူသော အနက်ဒြပ်ကို ဟောပါသည်။

တိပိဋကဓရဆရာတော်ကြီးမှာလည်း နံတော်ဗုဒ္ဓဟူးဖြစ်၍ 'ဆင်ဖြူတော်'ဟူသော ဝေါဟာရနှင့် သင့်လျော်လှပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏သာသနာဝင်

သာသနာတော်မှာ ထူးခြားသောအာဇာနည်ပုဂ္ဂိုလ်တစ်ဦးပေါ်ထွန်းလာလျှင် ထိုပုဂ္ဂိုလ်၏ဆရာစဉ်ဆက်သာသနာဝင်ကိုသိရှိရန်လိုအပ်ပါသည်။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မည်ကဲ့သို့သော သာသနာဝင်ဆရာစဉ်ဆက်မှ ပေါ်ထွန်းလာပါသနည်း။

'စန်+ဉာ+ဂု+နန်၊ ဆင့်ရန်တစ်ထွေ၊ သူ+ရေ+သု+ပဏ်၊ ရှစ်တန်ထေရ်မော်၊ ကျွန်းလုံးကျော်တို့၊ ရွှေသော်ဆရာ၊ နောက်မှာသိဿ၊ ဆင့်ဆင့်ပြလော့၊ ဝံသစင်ကြယ်၊ ငါတို့နွယ်တည်း'ဟူသော ရွှေရေးဆောင် ဆရာတော်ကြီးအရှင်အာဒိစ္စရံသီဦးကြည်၏ စံကျောင်း နိယံကျမ်း နိဂုံးလာဇကပိုဒ် လင်္ကာအရ ၁။ အရှင်စန္ဒ မဥ္ဇူသာ၊ ၂။ အရှင်ဉာဏဝရ၊ ၃။ အရှင်ဂုဏာဘိ၊ ၄။ အရှင်နန္ဒမာလာ၊ ၅။ အရှင် သူရိယဝံသ၊ ၆။ အရှင် ဥေ ယျဓမ္မ၊ ၇။ အရှင်သုဒဿန၊ ၈။ အရှင်ပဏ္ဍိတ၊ ၉။ အရှင်အာဒိစ္စရံသီ၊ ၁၀။ အရှင်ပညာစက္က-ဤဆရာတော်များမှ ဆင်းသက်လာသော ဆရာတော်ကြီးဖြစ်ပါသည်။

၁။ အရှင်စန္ဒမဉ္ဇူသာဆရာတော်

ယင်းဆရာတော်မှာ ၁၀၄၉-ခုနှစ်၌ ပုခန်းကြီးမြို့နယ် နှောင်းဘရွာ၌ဖွားမြင်သော ဆရာတော်ဖြစ်သည်။ အင်းဝခေတ် တနင်္ဂနွေမင်းကဆက်ကပ်သော 'စန္ဒမဥ္ဇူသာလင်္ကာရ တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူပါသည်။ ယင်းဆရာတော်၏ တပည့်မှာ ပထမကျော်အောင်စံထားဆရာတော် ဖြစ်ပါသည်။

၂။ ပထမကျော်အောင်စံထားဆရာတော်အရှင်ဉာဏဝရ

ယင်းဆရာတော်မှာ အရှင်စန္ဒမဥ္ဇူသာဆရာတော်၏ တပည့်ရင်းဖြစ်သည်။ အရှင်ဉာဏဝရမှာ ဟံသာဝတီမင်းလက်ထက် ကျောင်းရုံတစ်ရာဖြင့် ဆောက်လုပ်လှူဒါန်းအပ်သော ကျော်အောင်စံထားကျောင်း၌ သီတင်းသုံးတော်မူသောကြောင့် ကျော်အောင်စံထားဆရာတော်ဟု ထင်ရှားသည်။ သုဓမ္မာစာပြန်ပွဲ၌ ပထမကျော်အောင်မြင်တော်မူ၍ တံဆိပ်တော်မှာ 'ဉာဏသာဂရ ကိတ္တိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဖြစ်လေသည်။

၃။ မင်းအိုသာသနာပိုင်ဆရာတော်အရှင်ဂုဏာဘိ

ယင်းဆရာတော်မှာ ဖက်တောကျေးကန်ရွာ၌ ၁၀၇၀- ပြည့်နှစ်တွင်ဖွားမြင်လေသည်။ ရဟန်းငယ်ဘဝ ကျော်အောင်စံထားဆရာတော်ထံတွင် ပညာသင်ကြားသည်။ စဉ့်ကူးမင်း လက်ထက် စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားအနီး စဉ့်ကူးမင်း မယ်တော်မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းသော မင်္ဂလာ ရွှေဘုံကျောင်းတော်ကို အလှူခံတော်မူရသည်။ ဘိုးတော်ဘုရားလက်ထက် အမရပူရမြို့ အောင်မြေဘုံကျော်ကျောင်းတော်ကြီးကို ဘိုးတော်ဘုရားကလှူဒါန်း၍ သာသနာပိုင်အပ်လေသည်။ 'ဂုဏာဘိအနန္တသိရီသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူရသည်။ သက်တော်၈၃-နှစ် အရွယ်တွင် ပျံလွန်တော်မူသည်။

၄။ ပထမဗားကရာဆရာတော်အရှင်နန္ဒမာလာ

ဆရာတော်ကို ၁၁၀၀-ပြည့်နှစ်တွင် ပုခန်းကြီးမြို့နယ် အလယ်ကန်ရွာမှာဖွားမြင်၍ သာမဏေဘွဲ့ ရှင်နန္ဒမာလာ၊ ရဟန်းဘွဲ့ ရှင်ဓမ္မာဘိနန္ဒ ဖြစ်သည်။ မင်းအိုသာသနာပိုင်ဆရာတော် အရှင်ဂုဏာဘိ၏ တပည့်ဖြစ်သည်။ ရဟန်း ဒါယကာမှာ မကွေးမြို့စားအတွင်းဝန်ဖြစ်သည်။ ရဟန်းဒါယကာကပင် အင်းဝမြို့တော်အနောက်ဘက်တွင် ဗားကရာတိုက်အတွင်း ကျောင်းဆောက်လုပ် လှူဒါန်းလေသည်။ ထို့နောက် အမရပူရမြို့တော်သို့ ပြောင်းရွှေ့၍ 'တိပိဋကလင်္ကာရ သိရီဓဇ မဟာဓမ္မရာဇဂုရု' ဘွဲ့တော်ကိုခံယူကာ မြို့တော် အနောက် ဗားကရာတိုက်မှာ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် ဉာဏ်ပညာထက်သလောက် စိတ်ထက်သော ဆရာတော်ဖြစ်၍ ပြက္ခဒိန်ကိစ္စမှာ ဘိုးတော်ဘုရားနှင့် မသင့်မတင့်ဖြစ်ပြီး အဝတ်ဖြူလဲ၍ ဇာတိမြို့ရွာသို့ အပို့ခံရလေသည်။

၅။ သဲအင်းသာသနာပိုင်အရှင်သူရိယ

သဲအင်းသာသနာပိုင်ဆရာတော်ကို ၁၁၂၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်တွင် ပုခန်းကြီးမြို့ကျေး သဲအင်းရွာ ဦးအောင်စံ+ရှင်ပုံတို့မှ ဖွားမြင်သည်။ ငယ်စဉ် အင်းဝမြို့ ဘုံကျော်ကျောင်းတိုက် စရစ်ဆရာတော်, ထန်းတပင်ဆရာတော်တို့ထံ ပညာသင်ကြားသည်။ ထို့နောက် ဗားကရာဆရာတော်ထံသို့ ပြောင်းရွှေ့ပညာသင်ကြားလျက် ဗားကရာတိုက်မှာပင် ရဟန်းပြုသည်။ ၁၁၆၀-ပြည့်နှစ်မှစ၍ သဲအင်းရွာ၌ ကျောင်းတိုက်တည်ကာ စာပေပို့ချသည်။ ၁၁၈၂-ခုနှစ်၌ အင်းဝမြို့တော်အနောက်ဘက် လောကသရဖူဘုရားအရှေ့ဘက်တွင်ဆောက်လုပ်သော သဲအင်းတိုက်ကို အလှူခံကာ စာပေပို့ချတော်မူသည်။ စာပေအပို့အချ နည်းပေးကောင်းလှသဖြင့် 'စာတတ်ခေုန်+စာကုန်မန်ကျည်းတော+စာပြောသဲအင်း'ဟု ဥဒါန်းတွင်လေသည်။ ၁၁၉၉-ခုနှစ်တွင် သာသနာပိုင်အပ်နှင်းခြင်းခံရသည်။'သူရိယာဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို သာယာဝတီမင်းက ဆက်ကပ်သည်။

၆။ ဒုတိယမောင်းထောင်သာသနာပိုင်အရှင်ဥေယျမ္မ

ဒုတိယမောင်းထောင်ဆရာတော်မှာ သာယာဝတီမင်းလက်ထက်နှင့် မင်းတုန်းမင်းလက်ထက်တို့တွင် သာသနာပိုင်ဆရာတော်အဖြစ် နှစ်ကြိမ်တိုင်ဆောင်ရွက်ရသော ဆရာတော်ဖြစ်၍ သဲအင်းဆရာတော်၏တပည့် ဒုတိယသဲအင်းဆရာတော်ဟူ၍ထင်ရှားသည်။ သာယာဝတီမင်းက'ဥေယျမ္မာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ သဲအင်းဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ၁၂၀၁-ခုနှစ်တွင် 'မဟာရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် ထပ်မံဆက်ကပ်၍၊ မဟာအဘယာရာမတိုက် မဟာတုလွတ်ဘုံကျော်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ မင်းတုန်းမင်းလက်ထက်တွင် ဒုတိယအကြိမ် သာသနာပိုင်တင်မြှောက်၍ ရတနာပုံ မန္တလေးမြို့ မြို့ဦး နန်းတော်ရှေ့အရပ်၌ မဟာဝိသုတာရာမတိုက်တော်ကို လှူဒါန်းတော်မူသည်။

၇။ ဒုတိယစံကျောင်းဆရာတော်အရှင်သုဒဿန

ဆရာတော်ကို မြင်းခြံခရိုင် နွားပြင်းရွာ၌ ၁၁၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်တွင်ဖွားမြင်သည်။ အင်းဝမြို့ သဲအင်းတိုက်သို့ သာမဏေဘဝနှင့်ရောက်၍

သဲအင်းသာသနာပိုင်ဆရာတော်ကြီးနှင့် သာသနာပိုင်ဖြစ်လတ္တံ့သော စာချဘုန်းကြီးဦးဥေ ယျတို့ထံ၌ ပညာသင်ကြား၍ သဲအင်းတိုက်မှာပင် ရဟန်းအဖြစ်ရောက်သည်။ စာပေသင်ကြားပြီးနောက် အရညဝါသီနေလိုသဖြင့် မင်းကွန်းပုထိုးတော်ကြီးမြောက် အုံးသဇင်ရွာဏ္ဍသာလတောရကျောင်း၌ သီတင်းသုံးတော် မူသည်။ ထို့နောက် မန္တလေးမြို့ မြောက်ပြင်စံကျောင်းတိုက် ကြီး၌ သီတင်းသုံးသည်။

၈။ မိုင်းကိုင်းဆရာတော်အရှင်ပဏ္ဍိတ

အရှင်ပဏ္ဍိတကို မုံရွာမြို့နယ် သာစည်ရွာတွင် ၁၂၀၄- ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက်တွင် ဖွားမြင်သည်။ သာမဏေဘဝ ၁၇-နှစ်အရွယ်တွင် မင်းကွန်းမြောက်ဘက် အုံးသဇင်ရွာ ဏ္ဍသာလတောရကျောင်းနေ စံကျောင်းဆရာတော်ကြီးထံတွင် ပညာသင်ကြားနေပြီး၊ ၁၂၂၄-ခုနှစ်တွင် တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက်သို့ကြွရောက်၍ မြို့သစ်အတွင်းဝန်ဆောက်လုပ်သော ကျောင်းကြီးကို အလှူခံ၍ စာပေပို့ချသည်။

၉။ ရွှေရေးဆောင်ဆရာတော်အရှင်အာဒိစ္စရံသီ

ဆရာတော်ကို သက္ကရာဇ် ၁၂၁၉-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်တွင် တောင်သာမြို့နယ် မကျည်းချို့ရွာ၌ မွေးဖွားသည်။ ငယ်စဉ်က မန္တလေးမြို့ မြောက်ပြင် စံကျောင်းတိုက်ဆရာတော် နှင့် မိုင်းကိုင်းဆရာတော်တို့ထံ ပညာသင်ကြားသည်။ မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်ကြီးက ရှင်ပြုပေးသည်။ ပထမကျော်အောင်၍ လေ့သင်းအတွင်းဝန်က ရဟန်းဒါယကာခံယူသည်။ မိုင်းကိုင်းဆရာတော်သည် ရွှေရေးဆောင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသောအခါ နောက်ပါတပည့်အဖြစ်ဖြင့် လိုက်ပါ၍ ရွှေရေးဆောင်တိုက်၌ စာပေပို့ချရင်း ကျမ်းဂန်များပြုစုသည်။ နောင်အခါ ရွှေရေးဆောင်တိုက်ဆရာတော် ဖြစ်လာသည်။ငယ်မည်အတိုင်း ဆရာတော်ဦးကြည်ဟု ထင်ရှားသည်။ 'တောင်ပြင်မှာ ကြယ်တစ်လုံး'ဟု စာသင်သား လောကတွင် ပြောဆိုကြသည်။

၁၀။ ဓမ္မနာဒတိုက်တည်ဆရာတော်အရှင်ပညာစက္က

ဆရာတော်ကို မြင်းခြံမြို့၌ ၁၂၄၆-ခုနှစ်တွင် ဖွားမြင် သည်။ ငယ်စဉ်က စံကျောင်းဆရာတော်၏ တပည့်ဖြစ်သော မြင်းခြံမင်းကျောင်းတိုက်ဆရာတော်ထံမှာ စာပေသင်ကြား၍ ရဟန်းငယ်ဘဝက မန္တလေးမြို့ ညောင်ကန်ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်အရှင် အာဒိစ္စရံသီတို့ထံတွင်လည်း ပညာသင်ကြားခဲ့သည်။ ဆရာကြီးဒေါ်ဓမ္မစာရီက မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်ကိုတည်ထောင်၍ အရှင်ပညာစက္ကအား လှူဒါန်းသည်။ ပဌမဓမ္မနာဒဆရာတော်ဦးပညာစက္က ၁၂၉၉-ခုနှစ်တွင် ပျံလွန်တော်မူရာ ဓမ္မနာဒကျောင်းတိုက်ကို တပည့်ဖြစ်သူ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက ဆက်လက်စောင့်ရှောက်၍ စာပေများပို့ချတော်မူသည်။

ဤသို့အားဖြင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဆရာတော်အရှင်စန္ဒမဇ္ဈသာမှ ဆင်းသက်လာသော အနွယ်ဖြစ်ကြောင်း ထင်ရှားပေပြီ။

တိပိဋက-နိကာယသာသနာပြုအဖွဲ့ကြီးအနေဖြင့် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းတို့တွင် တစ်ခုအပါအဝင်ဖြစ်သည့် တိပိဋကဓရပေါ်ထွန်းရေးကို အလေးထားလျက် တိပိဋက-နိကာယကျောင်းတိုက်ကြီးမှ တိပိဋကဓရဆင်ဖြူတော်များ အဆက်မပြတ်ပေါ်ထွန်းလာအောင် သာသနာပြုလုပ်ငန်းကြီးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသတည်း။ ။

ဆရာတော်ဦးစန္ဒိမာ
အဂ္ဂမဟာပဏ္ဍိတ
ရွှေပင်တိုက်သစ်၊ မင်းကွန်းတောင်ရိုး။



မင်းကွန်းဓမ္မနာဒတာဝါယဉသဇကျောက်

အရှင်သုစိတ္တ၏

ဩဝါဒကထာ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တာဝန်ပေးခဲ့သော နိကာယ်သာသနာပြုရန် စိတ်ရည်သန်၍ အောက်ပါ ဆရာတော်များ၏ မိန့်ကြားအပ်သော စကားတော်များကို စိတ်၌မှတ်သား မြေဝယ်မကျ နှလုံးထားကြရန် တိုက်တွန်းပါသည်။ ကလျာဏနွယ်ဝင်သူတော်စင်အပေါင်းတို့။

မိမိတို့မှာ ရှေးကုသိုလ်ထောက်မ၍ လူ့အဖြစ်ကို ရရှိကြပြီးလျှင် ဘုရားသာသနာ ပွင့်လင်းရာအခါဖြစ်သည့် ဗုဒ္ဓုပ္ပါဒ နဝမ အခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို' ဆိုသကဲ့သို့ သာသနာတော်အရိပ်ကြီးကား သစ်ရိပ်ဝါးရိပ်တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြလှပါသည်။

ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ၏ ခိုကိုးရာ အေးရိပ်သာကြီးဖြစ်သည့်အတိုင်း ထိုသာသနာ့အရိပ်ကြီး ပွားစည်ပင်အောင် ကိုယ်အား, ဉာဏ်အား, အကြံအားတို့ဖြင့် အားပေးရွက်ဆောင်ကြ၍ မိမိ သူတစ်ပါး နှစ်ဦးသား၏ အစီးအပွားကိုကျင့်သည့် ဥဘယဟိတပဋိပန္နပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်လော့- ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇဉ် စကား ပြောကြားအပ်ပါသည် ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့။

မဟာနာယကဆရာတော်ကြီးများ၏ဩဝါဒကို အစဉ် အမြဲဦးထိပ်ပန်ကာ တိပိဋကစာသင်သား သံဃာတော်များ ကလည်း ကျက်-ကြံ-အံ-ကြည့် စွမ်းအားရှိသမျှ ကြိုးပမ်းတော်မူကြ၍ နေ့ညမပြတ် ပြုအပ်သော ကျင့်ဝတ်များကိုလည်း ပြည့်စေ၍ ပရိယတ္တိ ပဋိပတ္တိ နှစ်ဖြာသော အကျိုးတရားကိုဆောင်လျက် သို့ဆောင်နိုင်စိမ့်သော ငှာဒါနရှင်အပေါင်းတို့၏ ကျောင်း, ဆေး, ဆွမ်း, သင်္ကန်း လှူဒါန်းကြသည်များက ဗုဒ္ဓဘာသာဝင်တို့အတွက် ပီတိဖြာစေကာ အနုမောဒနာ ခေါ်ဖွယ်ရာများသာတည်း။

ဤသို့လျှင် ဆရာဒကာ ရှေ့နောက် ထက်အောက် စုစုစည်းစည်း ညီညီနှိုင်းနှိုင်း ဝေယျာဝစ္စအရပ်ရပ်တို့ကို ကျရာတာဝန် မပင်မပန်းပြုကြသမျှ ကုသိုလ်အဝဝ မှတ်တမ်းတင်ကာ စာပေအနုပညာရှင်, တေးဂီတ အနုပညာရှင် အစုစု ပါဝင်ပူဇော်နိုင်ကြရေး အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ဒါနများကား နေ့စဉ်လစဉ်နှစ်စဉ် ပါတည့်။

သာသနာအကျိုး ပမာဏမရွေး သေးသည်ကြီးသည်မဟူ စိတ်ဝမ်းကြည်ကြည် ညီညာဖြဖြ တစ်မိဝမ်းတွင်း တစ်အူထုံ့ဆင်းညီနောင်တို့ လက်တွဲညီညီ ဆောင်ရွက်ကြ၍-

တို့သာသနာ တို့ဘာသာ ညီညာဖြဖြပြုကြစို့။
တိ=နိသာသနာ နေဝါလဝန်းပမာ ထွန်းပါစေ။ ။

ဘဒ္ဒန္တသုစိတ္တ
အဂ္ဂမဟာပဏ္ဍိတ၊
ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး။

ရှင်တစ်ဆူ လူတစ်ယောက်

အရှင်ရာဇဓမ္မာဘိဝံသ

ရှင်တစ်ဆူ

ရှင်ကား အသက်အရွယ်ငယ်လှသေးသည်။ နှစ်ဆယ်ကျော်မျှသာ ရှိသေး၏။ အသက်အရွယ်ငယ်စေကာမူ ပညာကားကြွယ်လှ၏။ အသက်အရွယ်နှစ်ဆယ်ကျော်မျှဖြင့် ပထမကျော်အောင်ပန်း ဆွတ်လှမ်းပြီးပြီ။ ရှင်ငယ်သည် ပထမကျော်အောင်ပန်း ဆွတ်လှမ်းနိုင်ရုံမျှဖြင့် အားမရတင်းမတိမ်သေး။

ပထမကျော်ထက်အဆင့်မြင့်သည့် ပရိယတ္တိသာသနဟိတ(သကျသီဟ) စာမေးပွဲဖြေဆိုလိုသေး၏။ ပထမကျော်ပြဋ္ဌာန်းကျမ်းစာနှင့် ပရိယတ္တိသာသနဟိတ စာမေးပွဲပြဋ္ဌာန်းကျမ်းစာကား သိပ်မကွာလှ။ ဘေဒစိန္တာ, ကစ္စာယနသာရ မျှသာ ပရိယတ္တိသာသနဟိတစာမေးပွဲက ပိုလွန်း၏။ ထိုကျမ်းစာနှစ်စောင်စလုံး ရှင်ငယ် ရပြီး ဖြစ်သည်။

ပရိယတ္တိသာသနဟိတစာမေးပွဲဝင်ဖြေလျှင် တစ်နှစ်တည်းဖြင့် အလွယ်တကူအောင်မည်-ဟု ရှင်ငယ်က ထင်နေသည်။ တကယ်တမ်း ရှင်ငယ်ဖြေသည့်အခါ ပထမနှစ်၌ကျရှုံးသွား၏။ ရှင်ငယ်ကား ဝမ်းမနည်း။ နောက်နှစ် နံပါတ်(၁)မှ အောင်ရမည်-ဟု အားခဲထား၏။ ပရိယတ္တိသာသနဟိတအသင်းလူကြီးများထံသို့လည်း ရှင်ငယ်က သီဟနာဒ=မြတ်သောကြုံးဝါးသံ ပေးလိုက်သည်။

ရှင် - 'ဦးဇင်း ပထမကျော်အောင်ပြီးသား၊ ဒကာကြီးတို့အသင်းစာမေးပွဲ ဒီနှစ်ဝင်ဖြေတယ်၊ ကျတယ်၊ ဦးဇင်းဝမ်းမနည်းပါဘူး၊ နောက်နှစ် နံပါတ်(၁)က အောင်ကို အောင်ရမယ်'။

ဒကာကြီးများ-'ဦးဇင်း ဆက်သာဖြေ၊ တစ်နှစ် မအောင် တစ်နှစ်အောင်ရမှာပေါ့။ တပည့်တော်တို့အသင်းက ဦးဇင်းတို့လို ဇွဲကောင်းတဲ့ ရှင်ငယ်များအတွက် ရည်ညွှန်းတာပါ'။

ပရိယတ္တိသာသနဟိတ (သကျသီဟ) စာမေးပွဲ-ဟူသည် အသက်အရွယ်ငယ်စဉ်သာ ဖြေဆိုခွင့်ရှိ၏။ အသက် ၂၇-နှစ်ကျော်သွားလျှင် ဖြေဆိုခွင့်မရ။ ရှင်ငယ်ကား အသက် ၂၀-ကျော်မျှသာရှိသေးသည်။ ဒုတိယနှစ် (နောက်နှစ်) ဆက်ဖြေသည်။ ရှင်ငယ်ကြုံးဝါးသည့် အတိုင်းပင် နံပါတ်(၁)မှ အောင်မြင်လာ၏။ ရှင်ငယ်က နံပါတ်(၁) မှအောင်ရမည်ဟု သာမန်ကြုံးဝါးခြင်းမျိုးမဟုတ်၊ 'နံပါတ်(၁) က အောင်ကိုအောင်ရမယ်'ဟု သီဟနာဒ-ကြုံးဝါးခြင်းမျိုး ဖြစ်သည်။ အာဂရှင်တစ်ဆူပေတကား။

ရှင်တစ်ဆူကား နောင်ကြီးလာသောအခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသဖြစ်လာလေသည်။ တိပိဋကဓရဆရာတော်ကြီးအား 'စာမေးပွဲတစ်ကြိမ်တစ်ခါမျှ မကျဖူးကြောင်း ဆရာတော်၏ထေရုပ္ပတ္တိတွင် ရေးသားထားပါသည်၊ မှန်ပါသလားဘုရား' လျှောက်ထားကြည့်ရာ ဆရာတော်ကြီးက ငယ်စဉ်ကအဖြစ် အပျက်ကို အထက်ပါအတိုင်း မိန့်ကြားတော်မူ၏။

လူတစ်ယောက်

လူတစ်ယောက်ကား မောင်ဌေးလွင်ဖြစ်သည်။ မောင်ဌေးလွင်သည် အသက်ကလည်းငယ်သေး၏။ ဆယ့်ငါးနှစ်ဝန်းကျင်ခန့်။ သူ့ခေတ်က အစိုးရကြီးမှူးကျင်းပသည့် ပါဠိပထမပြန်စာမေးပွဲသည် နာမည်ကြီးလှ၏။ စာမေးပွဲကျင်းပသည်မှာ နှစ်သိပ်မကြာလှသေးသဖြင့် သာသနာ့လောကမှာ ယင်းစာမေးပွဲကို အာရုံစိုက်ကြသည်။

မောင်ဌေးလွင်လည်း စာမေးပွဲကို စိတ်ဝင်စား၏။ သူ့ကို စာချပေးသည့်ဆရာတော်ကို 'တပည့်တော် ပါဠိပထမပြန်စာမေးပွဲဝင်ဖြေချင်သည်'ဟု လျှောက်ထားလိုက်သည်။ စာချဆရာတော်ကလည်း မောင်ဌေးလွင် ပါဠိပထမပြန်ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာအားလုံး ရပြီးဖြစ်သည့်အတွက် ဝင်ရောက်ဖြေဆိုခွင့်ပြုလိုက်၏။

မောင်ဌေးလွင်သည် ထိုအချိန်၌ ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာသာမက ပထမလတ်တန်း, ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာအချို့ပါ အာဂုံရပြီး, ကျက်ပြီး, တက်ပြီးဖြစ်နေလေပြီ။ မောင်ဌေးလွင်က ပထမငယ်တန်း ဝင်ရောက်ဖြေဆိုလျှင် 'မုချအောင်ရမည်'ဟု သူ့ကိုယ်သူတွက်ထား၏။

သူ့ဆရာ စာချဘုန်းကြီးများကလည်း ဒီကလေးငယ် စာမေးပွဲအောင်မည်ဟုပင် တွက်ထားကြသည်။ တကယ်တမ်း ဝင်ရောက်ဖြေဆိုသည့်အခါ မောင်ဌေးလွင် စာမေးပွဲကျရှုံးလေသည်။ အသက်အရွယ်ကငယ်သေးသဖြင့် မောင်ဌေးလွင်သည် စာမေးပွဲကျသည့်ဒဏ် မခံနိုင်တော့။ ချုံးပွဲချငိုလေတော့သည်။ တစ်ရက်နှင့်လည်း ငိုမပြီး၊ နှစ်ရက်နှင့်လည်း ငိုမပြီး၊ စာမေးပွဲကျသည့်ဒဏ်ကို အရွယ်နှင့်မလိုက်အောင် ခံရရှာသည်။ ဆရာသမားများက အားပေးချော့မော့သော်လည်း သောကမဖြေနိုင်သေး။

နောင်ကြီးလာသည့်အခါ မောင်ဌေးလွင်သည် အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသဖြစ်လာ၏။ အရှင်ဇနကာဘိဝံသသည် ငယ်စဉ်က စာမေးပွဲကျ၍ ငိုခဲ့ရသည်ကိုအမှတ်ရတိုင်း ပြုံးမိ၏။ ထို့ကြောင့် ကလေးငယ်များ လောကဓံခံနိုင်အောင် ကဗျာတစ်ပုဒ်ရေးသားခဲ့၏။

ကဗျာကား. . .'လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူတွင်တွေ့ရိုး၊ ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍၊ ဝမ်းနည်းဝမ်းသာ၊ မဖြစ်ရာဘူး'-ဟူသတည်း။

နိကာယပဋ္ဌာတကမှ မိုးမိတ်ကုန်းမြေသို့

မစိုးရိမ်ပထမအဘိဓဇဆရာတော်ကြီးသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှင်ငယ်, ရဟန်းငယ်တို့၏နှုတ်ထဲ ကိန်းအောင်းတည်ရှိရေးကို အထူးကြိုးပမ်းတော်မူခဲ့၏။ ရှင်ငယ်, ရဟန်းငယ်တို့၏ နှုတ်ထဲ ဝမ်းထဲ ဓမ္မက္ခန္ဓာကိန်းအောင်းတည်ရှိစေလိုလျှင် စာမေးပွဲစနစ်ဖြင့် ဖော်ထုတ်ပေးမှ ရနိုင်ပေမည်။

မစိုးရိမ်ပထမအဘိဓဇဆရာတော်ကြီး၏ တိုက်တွန်းချက်အရ နေရင်းဦးကောဝိဒသည် ၁၃၁၇-ခုနှစ်မှစ၍ နိကာယ်စာမေးပွဲ ကျင်းပပေးခဲ့၏။ မန္တလေးမှ (ဘီ-အို-စီ) ဦးမောင်ကို ကိုလည်း နိကာယ်စာမေးပွဲ ကျင်းပပေးရန် တိုက်တွန်းခဲ့ဖူး၏။ မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ ဒကာကြီးဦးမောင်ကိုက နိကာယ်

စာမေးပွဲကျင်းပပေးခဲ့ဖူး၏။ လေး,ငါး,ခြောက်ကြိမ် လောက်သာ ကျင်းပနိုင်ခဲ့သည်။ စာဖြေဌာနကို ဦးမောင်ကိုအိမ်၌ပင် ပြုလုပ်ခဲ့သည်။ စာဖြေဌာနပြုလုပ်ခဲ့သည့် အိမ်ပိုင်ရှင်ကို အစွဲပြု၍ 'ဦးမောင်ကိုစာမေးပွဲ'ဟု အမည်တွင်၏။ ဦးမောင်ကိုစာမေးပွဲဖြင့် နိကာယ်ဆောင်ပုဂ္ဂိုလ် ၁၂၇-ပါး ဖော်ထုတ်နိုင်ခဲ့သည်။

မစိုးရိမ်ဆရာတော်ကြီးက ဖ-ဆ-ပ-လအစိုးရကိုလည်း နိကာယ်စာမေးပွဲကျင်းပပေးရန် တိုက်တွန်းခဲ့ဖူး၏။ မအောင်မြင်ပါ။ မန္တလေးပရိယတ္တိသာသနဟိတအသင်းကြီးကိုလည်း တိုက်တွန်းခဲ့သည်။ အသင်းကြီးကမူ မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ ၁၃၃၁ ခုနှစ် မှစ၍ နိကာယ်စာမေးပွဲ ကျင်းပပေးခဲ့သည်။

မစိုးရိမ်ဆရာတော်ကြီးသည် ၁၃၃၄-ခုနှစ် နတ်တော်လပြည့်နေ့မှစ၍ ရန်ကုန်မြို့ တာဝါလိန်းလမ်း ခြံအမှတ်-၃၀ လှူပျံတော်ပတ္တမြား ဦးမောင်မောင်+ဒေါ်ဒေါ်ငြိမ်းတို့အိမ်၌ သီတင်းသုံးခဲ့၏။ ထိုအိမ်၌ သီတင်းသုံးစဉ် ၁၃၃၅-ခုနှစ်၊ နတ်တော်လ၌ နိကာယဓမ္မဒေသကသမိတိ=နိကာယ်သာသနာတော် ထွန်းကားပြန့်ပွားရေးအသင်းကို တည်ထောင်ခဲ့လေသည်။

အဆိုပါ နိကာယ်သာသနာတော်ထွန်းကားပြန့်ပွားရေးအသင်းမှကြီးမှူးပြီး ရန်ကုန်မြို့တွင် ၁၃၃၆-ခုနှစ်မှစ၍ နှစ်စဉ် တန်ဆောင်မုန်းလ၌ နိကာယ်အာဂုံဆောင် စာမေးပွဲကြီးကျင်းပပြုလုပ်လေသည်။ စာအောင်ဆုနှင်းသဘင်ပွဲ၌ မစိုးရိမ်ဆရာတော်ကြီးက ဩဝါဒပေးရာတွင် အောက်ပါ စကားရပ်များ ထည့်သွင်းမိန့်ဆိုခဲ့၏။

'သာသနာတော်မှာ သကျသီဟမဟာစရိယ၏ တပည့် သကျသီဟမဟာစရိယများ အဆက်မပြတ်ပေါ်နေသော်လည်း တိပိဋကဓရ၏တပည့် တိပိဋကဓရ မပေါ်လာသေးသည်မှာ အားရစရာမကောင်းလှ။ တိပိဋကဓရဘွဲ့ရရှိသူများက မိမိ၏တပည့် တိပိဋကဓရ ပေါ်လာအောင် အားထုတ်ဖို့ကောင်းလှပေပြီ'ဟု ထည့်သွင်း မိန့်ကြားသွား၏။

ထိုစာအောင်ဆုနှင်းသဘင်၌ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးလည်း တက်ရောက်လေသည်။ အခမ်းအနားပြီးဆုံးသည့်အခါ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မစိုးရိမ်ဆရာတော်ဘုရားထံ လာရောက်၍ ကန်တော့ပြီးလျှင် 'ဆရာတော်ကြီး၏ ဩဝါဒအတိုင်း တိပိဋကဓရပေါ်ထွက်လာအောင် တပည့်များကြိုးစားပါမည်'ဟု ဝန်ခံလျှောက်ထားလေသည်။ ထိုကတိဝန်ခံချက်အရ မိုးမိတ်ကုန်းမြေ တိ=နိစာသင်တိုက်ကြီး ပေါ်လာဟန်တူပါသည်။

ဩဝါဒခံယူခြင်း

တိပိဋကဓရဆရာတော်ကြီးသည် မိုးမိတ်ကုန်းမြေ တိ=နိ နိကာယ်စာသင်တိုက် တည်ထောင်မည်ရှိသည့်အခါ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဩဝါဒခံ အကြံဉာဏ်တောင်းယူရန် တပည့်သံဃာများနှင့် ဥပါသကာများကို စာသင်တိုက်ကြီးအသီးသီးသို့စေလွှတ်ခဲ့၏။ စာသင်တိုက်ကြီး အသီးသီးမှ အကြံအမျိုးမျိုးပေးကြသည်။

တစ်နေ့တွင် ဩဝါဒခံယူရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၊ မစိုးရိမ်အလယ်တိုက်ကြီး အဘိဓာန်ဌာနသို့ ရောက်ရှိလာကြ၏။ အဘိဓာန်ဌာနဖြစ်သည့် မစိုးရိမ်အလယ်တိုက်ကြီး၌ နာယကဆရာတော်အားလုံး ရှိနေလေသည်။ အချို့နာယကများက 'စာချတန်းပြီးစာသင်သားများကိုသာ လက်ခံမည်ဖြစ်သဖြင့် နိကာယ်စာသင်သားများအတွက် သီးခြားစည်းကမ်းသတ်မှတ်ရန်မလိုတော့ကြောင်း' မိန့်ဆိုကြသည်။ မိမိကမူ 'နိကာယ်စာသင်တိုက်၌နှစ်နှစ်နေပြီး နိကာယ် တစ်ကျမ်းမှမအောင်မြင်လျှင် တိုက်တာမှ ရွှေ့ပြောင်းပေးရမည်'ဟု သတ်မှတ်ချက်စည်းကမ်းနှင့် စာသင်သားလက်ခံသင့်ကြောင်း၊ ယင်းသို့ စည်းကမ်းသတ်မှတ်ချက်မရှိလျှင် နောင်အခါ၌ တိုက်ဆွေးစာသင်သားဟောင်းများနေပြီး တိုက်တာဆုတ်ယုတ်သွားနိုင်ကြောင်း အကြံပြုတင်ပြခဲ့၏။

မိမိအကြံပြုတင်ပြချက်ကို မင်းကွန်း ဆရာတော်ကြီးကလည်း လက်မခံ၊ မစိုးရိမ်နာယကအဖွဲ့ကလည်း လက်မခံပါ။ နှစ်နှစ်ကျော်ကြာသည့်အခါ မင်းကွန်းဆရာတော်ကြီးနှင့် ဆွမ်းကျွေးပွဲတစ်ခုတွင် ဆုံမိ၏။

ထိုဆွမ်းကျွေးပွဲ၌ ဆရာတော်ကြီးက မိုးမိတ်နိကာယ်စာသင်တိုက် ဖြစ်ပျက်နေသည့် အကြောင်းစုံကို မိမိအား မိန့်တော်မူ၏။ 'ဦးဇင်းအကြံပြုခဲ့သည့်အတိုင်း စာသင်သားလက်ခံစည်းမျဉ်း သတ်မှတ်ရတော့မည်ဖြစ်ကြောင်း' မိန့်တော်မူသည်။

ပဥ္စနိကာယကျောင်းတိုက်

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် ပတ်သက်၍ ပဥ္စနိကာယကျောင်းတိုက် ပန္နက်ချစဉ်က အဖြစ်အပျက်ကိုလည်း ဖောက်သည်ချလိုသေး၏။ ထိုစဉ်က

'ပန္နက်တင်'ဟု အသုံးအနှုန်းမရှိပါ။ တစ်တိုင်းပြည်လုံး 'ပန္နက်ချ'ဟုသာ သုံးနှုန်းကြသည်။ ပန္နက်ချပွဲနှင့်အတူ ရန်ကုန်နိကာယ်အသင်း အစည်းအဝေးကိုလည်း ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်မှ နာမည်ကြီး, မကြီးဆရာတော်များကို ပင့်ဖိတ်ထား၏။ ၆-နာရီ အရုဏ်ကပ်ပြီးလျှင် ၆-နာရီခွဲ ၇-နာရီခန့် အစည်းအဝေး စတင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက လျှောက်ကြားထား၏။

သို့ရာတွင် ၇-နာရီထိုးသော်လည်း အစည်းအဝေး မစတင်နိုင်သေး၊ ၈-နာရီထိုးသည့်အချိန်၌ကား ပင့်ထားသည့် သံဃာတော်များ လှုပ်လှုပ်ရွရွဖြစ်လာသည်။ အချို့က 'စောင့်နေရတာကြာလှပြီ၊ အခုထိ အစည်းအဝေးက မကျင်းပသေးဘူးလား၊ ဘယ်သူလိုနေလို့လဲ'-စသည်ဖြင့် ပြောဆိုလာကြ၏။ သက်ဆိုင်ရာက တိပိဋကဓရဆရာတော်ကြီး ရောက်မလာသေး၍ အစည်းအဝေး မစတင်နိုင်သေးကြောင်း လျှောက်ထားကြသည်။

အချို့ဆရာတော်များက စောင့်နေရတာ ကြာလှပြီဖြစ်၍ ကျောင်းပြန်တော့မည်ဖြစ်ကြောင်း ပြောဆိုကြ၏။ ဤတွင် နိကာယ်အသင်းဒကာကြီးများက တာဝါလိမ်း၊ ခြံအမှတ် ၃၀-၌ သီတင်းသုံးနေသည့် မစိုးရိမ်ဆရာတော်ကြီးထံ အကြောင်းစုံ လျှောက်ထားလာကြ၏။ မစိုးရိမ်ဆရာတော်ကြီးက မိမိအား ဒကာကြီးများနှင့်အတူ လိုက်ပါသွားပြီး ဖြေရှင်းပေးရန် အမိန့်ချတော်မူ၏။ မိမိလည်း ဒကာကြီးများနှင့်အတူ လိုက်ပါသွားပြီး ပန္နက်ချမည့်နေရာသို့ ရောက်လျှင်ရောက်ချင်း အစည်းအဝေးစတင်မည်ဖြစ်ကြောင်း သံဃာ့ပရိသတ်အား လျှောက်ကြားလိုက်သည်။ သည်တော့မှ ငြိမ်ကျသွား၏။

အစည်းအဝေးစ၍ တစ်နာရီလောက်ကြာလျှင် တိပိဋကဓရဆရာတော်ကြီး ရောက်လာ၏။ တိပိဋကဓရဆရာတော်ကြီးက 'ကြို့ပင်ကောက်မှလာရသည်ဖြစ်၍ အချိန်အနည်းငယ်နောက်ကျသွားကြောင်း' သံဃာ့ပရိသတ်အား တောင်းပန်လျှောက်ထားလေသည်။

မိဘဝတ္တရားကျေပွန်သူ

ဘုရားရှင်က မဟာသုတသောမဇာတ်၌ မိဘဝတ္တရားကျေပွန်သူသားသမီးများ သေရမှာကြောက်ဖို့ မလိုကြောင်းကို

မာတာပိတာ စ မေ ဥပဋ္ဌိတာ၊
နာနုသောစံ ပရလောကံ ဂန္တဝေ။

မိဘဝတ္တရားကျေပွန်သူများသည် နောင်ဘဝကူးပြောင်းဖို့ စိုးရိမ်စရာမလိုကြောင်း၊ တမလွန်လောက နောက်ဘဝလမ်းမကြီး ဖြောင့်ဖြူးနေပြီဖြစ်ကြောင်းဟောကြားတော်မူခဲ့၏။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက မိဘဝတ္တရား ကျေပွန်လှ၏။ သူ တိပိဋကဓရအောင်မြင်ပြီးနောက် မိခင်ကြီးကို မင်းကွန်းဓမ္မနာဒတိုက်သို့ ခေါ်ဆောင်၍ ဇရပ်လေးတစ်ဆောင်၌ နေထိုင်စေခဲ့၏။ မိခင်ကြီး၏ စားဝတ်နေရေးကိုလည်း ဆရာတော်ကြီးကပင် တာဝန်ယူဆောင်ရွက်ပေးခဲ့၏။ မိခင်ကြီးသည် နှစ်နှစ်, သုံးနှစ်ဆက်တိုက် ဓမ္မနာဒကျောင်းတိုက်၌ နေပြီးသောအခါ ဆက်လက်မနေထိုင်လိုတော့ ပျင်းရိလာသည်။

အဘိုးကြီးအဘွားကြီးဟူသည် 'ဘကြီး၊ အမေကြီး' ဟုခေါ်ဆိုတတ်သည့် မြေးငယ်များရှိရာ၌သာ ပျော်မွေ့ကြသည်။ ဓမ္မနာဒကျောင်းတိုက်၌ 'အမေကြီး'ဟုခေါ်ဆိုမည့် မြေးငယ်များမရှိသဖြင့် မယ်တော်ကြီးသည် မပျော်ရွှင်တော့၊ ရွာပြန်နေချင်လာသည်။ ထိုအကြောင်းကို တိပိဋကဓရဆရာတော်ကြီးအား လျှောက်ထား၏။

ဆရာတော်ကြီးက ရွာမှာနေလိုလျှင် အိမ်ဆောက်ပေးမည်ဖြစ်ကြောင်း၊ မယ်တော်ကြီးပျော်မွေ့ရာသာ နေထိုင်ရမည်ဖြစ်ကြောင်း အမိန့်ရှိပြီး ရွာ၌အိမ်တစ်လုံးဆောက်ပေး၏။ ထိုစဉ်က ဆရာတော်ကြီး၏ညီ မောင်ဘသင်သည် မြို့တစ်မြို့၌နေပြီး ပွဲရုံလုပ်ငန်းလုပ်ဆောင်သဖြင့် အတန်အသင့် စီးပွားဖြစ်သည်။ မယ်တော်ကြီးအတွက် အိမ်ဆောက်ပေးသည့်အခါ ဆရာတော်ကြီးက အိမ်ဆောက်သည့်အထဲ ကုသိုလ်ပါဝင်ရန် မောင်ဘသင်အား တရားဟော၏။

'မောင်ဘသင်၊ မင်းအမေ မယ်တော်ကြီးက မင်းကွန်းမှာ မပျော်ဘူးတဲ့ကွ၊ ရွာမှာနေချင်သတဲ့၊ ငါက မယ်တော်ကြီးအတွက် ရွာမှာ အိမ်ဆောက်ပေးမလို့၊ မင်းလည်း စီးပွားအသင့်အတင့်ဖြစ်သားကွာ၊ မင်း အမေအတွက် အိမ်ဆောက်တဲ့အထဲ ကုသိုလ်ပါဝင်ပါလား'ဟု တရားဟော၏။

သည်တွင် ညီမောင်ဘသင်က 'ဦးဇင်း (ညီအစ်ကိုချင်းဖြစ်၍ ဦးဇင်းဟု သုံးဟန်တူပါသည်)၊ တပည့်တော်က သားသမီးတွေရှိသေးတယ်၊ သူတို့ကိုပေးရဦးမှာ၊ ဦးဇင်းက သားသမီးရှိတာမဟုတ်ဘူး၊ တပည့်တော် များများတော့

မထည့်နိုင်ဘူး၊ ငွေသီးခြား ၁၀၀-ကျပ်ပို့ပေးလိုက်မည်'ဟု လျှောက်ထားပြီး ဆရာတော်ကြီး၏ကပ္ပိယထံ ငွေ ၁၀၀-ကျပ် အပ်နှင်းလိုက်၏။ အိမ်ဆောက်၍ ကုန်ကျငွေမှာ ၁၃၂၅-ကျပ်ခန့် ရှိသည်ဟုဆို၏။

မယ်တော်ကြီးကွယ်လွန်ခြင်း

မယ်တော်ကြီးသည် ဆရာတော်ကြီးဆောက်ပေးသည့် အိမ်၌ လေး,ငါး,ခြောက်နှစ်ခန့်နေပြီးနောက် ကွယ်လွန်သွားရှာသည်။ ဆရာတော်ကြီးက မယ်တော်ကြီး ကွယ်လွန်သွားပြီဖြစ်ကြောင်း သူ့ညီမောင်ဘသင်သို့ အကြောင်းကြားလိုက်၏။ မောင်ဘသင်သည် မယ်တော်ကြီး၏ အသုဘကိစ္စအတွက် ရွာသို့ပြန်လာပြီး မယ်တော်ကြီး အလောင်းအနီး၌ထိုင်၍ တရှုပ်ရှုပ်ငိုလေတော့သည်။

ဆရာတော်ကြီးက 'မိဘဝတ္တရားမကျေပွန်တဲ့ သူတွေ ငိုကြကွ၊ တို့ကတော့ ဝတ္တရားကျေပွန်တယ်ကွ၊ ငိုစရာမလိုဘူး၊ မင်းအမေ့အတွက် အိမ်ဆောက်ပေးမယ် ဆိုတော့ ငွေတစ်ရာပဲ ထည့်တယ်၊ မိဘဆိုတာ အသက်ထင်ရှားရှိတုန်း သူတို့စိတ် တိုင်းကျထားပေးနိုင်ဖို့ လိုတယ်ကွ'-ဟူ၍ မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီးသည် ညီမောင်ဘသင်ကို တွယ်ကပ်ခြင်းမဟုတ်၊ ယခုခေတ် လူကြီးလူငယ်များ မိဘအသက်ထင်ရှားရှိစဉ် တာဝန်ကျေအောင်ပြုစုဖို့ သူ့ညီမောင်ဘသင်ကို ဆုံးမခြင်းဖြစ်ပါလိမ့်မည်။

ခေတ်လူကြီးလူငယ်များ မိဘဝတ္တရားကျေပွန်နိုင်ကြပါစေ။ ။

အရှင်ရာဇဓမ္မာဘိဝံသ
မဟာနာယကချုပ်ဆရာတော်
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။



မဟာထေရုပ္ပတ္တိ

ကိုလေး
(အင်းဝဂုဏ်ရည်)



❖ မဟာဂုဏ် ကမ္ဘာတုန် အခါကြီးရ
ကြာပဒုံအလှ ပွင့်ချိန်သော်
စာအကုန်သ,ဖို့ အခွင့်အကြိမ်ပေါ်ပြီ
အရှင့် အရှိန်အစော် အခေါင်အဖျား။

❖ တိ တိ ကျ ကျ
မိ မိ ရ ရ
တိပိဋက ဓမ္မဘဏ္ဍာကို
ကမ္ဘမှန်စွာ ဆောင်စွမ်းနိုင်၏ဘုရား။

❖ အကာ မပါ လုံးဝ
ဘာသာ နှလုံးလှ
သာသနာအဆုံးအမ ခံထမ်းပိုင်သည်
ဉာဏ်ပန်းလှိုင်လှိုင် ကြူစွတကား။
အကြံစွမ်းမြိုင်မြိုင် တူတကွသွားဖို့
ဖြူလွတရား ရွှန်းသစ်စေ။

❖ ဇရာရေပြာ ခွေကာရစ်
သေလာအနှစ် မင်းကွန်းနက်သန်မြေ။
အကျိုးနိမိတ် အဆုံးမြင့်
ပျိုးရိတ်ထုံးဖြင့် မိုးမိတ်ကုန်းမြင့် ထာဝရဝေပြီ
ဉာဏဂဝေသီ မှန်စေသတည်းဟု
ဉာဏ်ရွှေသီးသည့် ဗုဒ္ဓတက္ကသိုလ်
ဥက္ကဋ္ဌ ချက်ဗဟို။

❖ ဘဂဝါဇိန သာဝကာအဓိကရ
မဟာအဘိဓေ ဗောဓိပျိုကို
ဩ ၏ဆိုကာ ကန်တော့သည်ဘုရားလေး။

❖ ကိလိဋ္ဌာမပါရ
တိဟိတ်တကာ နာယက
ဝိစိတ္တာသာရ မဟာမဟာထေရ်ကို
ကဗျာ့တဗျာအညီ ကန်တော့သည်ဘုရားလေး။

❖ သဒ္ဒါဗလဝ အချာပဝရ
မဟာအမတ ကူးရပါအောင်
ဦးချခါခါ ကန်တော့သည်ဘုရားလေး။ ။

ကိုလေး (အင်းဝဂုဏ်ရည်)

အဖျင်းအညံ့ စာလှာတင်ဆက်ပါ၏ ဘုရား



ကျေး ဇူးတော်အစုံ အဖုံဖုံထပ်လို့
စူး(ဇူး) စမ်းပါလတ် လျှောက်မကုန်။
ရှင် တော်မြတ်၏ ပရိယတ်ဂုဏ်မှာ
ဆ ပွားဥသုံ လွန်မြောက်မြား။
ရာ စုသည်ခေတ် ချိန်အခါတွင်
တော် မျိုးစုံစွာ တော်လည်းတော်လှဘုရား။ ။
ကိုယ် တော်အရှင်ဘုရား ထူးမြတ်ပုံကို
စိတ် အာရုံတွင် ထင်လာငြား။
နှစ် သက်ကြည်ညို သဒ္ဓါပွားလို့
ဖြာ ဖြာထိပ်ဖျား လက်တင်ချီ။
ချမ်း သာပါစေ ဆုမွန်ကောင်း
သာ လွန်ငြိမ့်ညောင်း စုပေါင်းမြွက်ကြမည်။
စေ တနာ ဗလဝ ရှိတော်မူသည်ကို
ကြောင်း ကျိုး အလီလီ ရှုမျှော်တွေးလို့။
ဆု တော်ပေးဖို့ အဘိဝန္ဒနာ
တောင်း ပန်ပါ၏ဆရာ။
ပါ ဥပါဒ်သား အလျှင်းမပါသည်၊
သည် အဖျင်းအညံ့စာလှာ မဝံ့မရဲ တင်ဆက်ပါ၏ဘုရား။ ။

ရန်အောင်

မဟာကျော်ကဝိ၏ရာပြည့်ပူဇာမင်္ဂလာ

မဟာကဗျာလေးချီးကြိုး

❖ အရိုင်းဖျောက်ခွာ သဒ္ဓါဖြည့်ပန်သခဲ့တာကြောင့်
မနှိုင်းမထောက်သာ အာနိသံသတွေနဲ့
သမိုင်းတစ်လျှောက်မှာခင်ဗျာ ကမ္ဘာ၏စံကိုလည်း ပြခဲ့ပါပေါ့
မြန်မာကဝိအနန္တတွေထဲမှာတော့ သတိဗလကိုထူကာ
(အလိုဗျာ) ပါဠိဂန္ထတို့ကိုဖြင့်, ပါရမီဉာဏ်အလှထီးတွေကြောင့်
အာဒိကမ္မိကပါဗျ တိပိဋကတစ်ဆူ. . . ။

❖ မင်းကွန်းမြေ ဖျင်းလွန်းပေ အယုတ်တမံ မသမ်းရစေဖို့
အလင်းညွှန်းစေ ဓမ္မတ္တာရုံပန်းတွေနဲ့
အအုပ်အခံကျမ်းတွေပါဠိအဋ္ဌကထာဋီကာအစုံစုံတို့ကိုဖြင့်
စာအသိအာဂုံ ကျက်ကြံမလွဲရအောင်ပ
သဒ္ဓါဖြည့်ကာခြုံ ထက်သန်တဲ့ဖွဲ့တွေနဲ့
အဖျက်ရန်ပွဲတွေကို တတိတတိဖြိုခွဲကာပ
အဓိပတိဗိုလ်စွဲကာ ဓမ္မနာဒချောင်တစ်ဝန်းမှာဖြင့်
မိမိကိုယ်ကိုမြဲစွာ စံပြသဒ္ဓါဆောင်ညွှန်းခဲ့ပါရဲ့
သန္တာအရောင်ထွန်းကာ ပညာဆီမီးတို့ကိုဖြင့်
အန္ဓအမှောင်ယွန်းခွာ ယဉ်စွာလည်းမှီးကြစေဖို့
နည်းစနစ်မှန်စွာ သဘာဝေသရုပ်သကန်အပေါင်းတို့ကိုဖြင့်
မှီးချစ်ဖန်ခါ ဝါယာမေနှုတ်သံလည်းမစောင်းရစေဖို့
အကြောင်းဆ,ဖွေ ရေတံခွန်စမ်းဆီမှ
အပေါင်းဓမ္မတွေကို ရေပွှန်ကပန်းသည်သို့
စွမ်းစွမ်းတမံ အခါခါအပြန်ပြန်ကျက်ကာပ
အသက်သေသေ အရေတွေပင်ခန်းကြစေတော့
မက်မပြေ စာပေပလ္လင်နန်းတို့ကိုဖြင့်
စံမြန်းကာ ဘုရင်တစ်ဆူသို့
စင်ဖြူစွာ ကြံဆောင်မြဲခဲ့တယ်
(အိုကွယ်) မာန်ထောင်လာ မာနချိုးကာပ
ကံအရောင်သာ ဂါရဝမျိုးတွေနဲ့
စံခေါင်သဒ္ဓါ ဝါယမာန်နိုးလို့ရယ်
ကြိုးခဲ့ကြည်ဖြူ. . . ။

❖ ပါဠိအဌကထာ ဋီကာစုံ သမုဒ်အဏ္ဏာဝါလမ်းမှာဖြင့်
စာကဝိဆရာ သည်ကမ္ဘာဘုံ သရုပ်မှန်စွာလှမ်းခဲ့တာကြောင့်
ကြမ်းခက်ထန် ပိဋကတ်ဂယက်လှိုင်းတို့ကိုဖြင့်
စွမ်းထက်သန် သတိကပ်အချက်မရိုင်းရအောင်ပ
သမိုင်းလှစရာ အတန်တန်ရှာမှီးလိုက်ပုံက
နှိုင်းဆ,စရာ ဉာဏ်နာဝါကြီးကိုဖြင့်
အပိုင်စီးကာ မနားမရပ်မောင်းနိုင်ဖို့
အားအထပ်ထပ်ဆောင်းကာ အပြုံးကိုစေ၍
ထုံးလိုချေရေလိုလည်းနှောက်ခဲ့တာကြောင့်
ရောက်ခဲ့ပါပေ့ါ ကမ်းတစ်ဖက်အငူ
လှမ်းတက်ယူသည့် ဆရာတော်ဘုရား
(အလိုဗျာ) နှမ်းလျက်မပူသည့် အစွမ်းထက်သူတည့်
ကျမ်းဘဝင်ထူမည့် ဇာနည်ကျော်တစ်ပါး. . . ။

❖ အမိတဆရာတစ်ဆူ
တိပိဋကအရာမှာ ပါရဂူမြောက်တဲ့အပြင်
သဒ္ဓါဖြူမောက်စွာ အကျိုးထိပ်ဆုံးကိုဖွေဖို့
မိုးမိတ်ကုန်းမြေမှာ ကဝိလှအပေါင်းဖော်ဆွေအတွက်
တိပိဋကကျောင်းတော်တွေ အဖန်ဖန်တည်ကာပ
စံမီစွာ ဆွမ်းကွမ်းဆေးတွေနဲ့
ဝေယျာဝစ္စပါမကျန် သက်န်းတွေလှူ၍
ပင်ပန်းဟူ မြူမှုင်မသမ်းကြစေဖို့
ဆင်မြန်းသူ ဇမ္ဗူခွင်တစ်ဝန်းမှာဖြင့်
ဖြူစင်လန်းစွာ အမိကစေတနာကြောင့်
တိပိဋကထေရ်မဟာတွေ ထွန်းပါစေလို့
မိုးမိတ်မြေ ဂုဏ်ကိုမြောက်တဲ့အပြင်
ထက်အောက်နေ ကြေညာအရပ်ဆီမှ
အခက်ပျောက်စေ ထေရ်သမဏာမြတ်တွေအတွက်

ဒေသနာအရပ်ရပ်ကို ရှာကြံဆကာပ
ဘာသန္တရပါမကျန် သက္ကတ, ဟိန္ဒီနှင့်
ဘင်္ဂလီ နာဂရိ ကျမ်းအစုံစုံညှိကြကာပ
ပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိတို့ကိုဖြင့်
စံပြည့်စွာ အလင်းဖိတ်လျှံဖြာမည့်
အင်္ဂလိပ်မြန်မာ ဘာသာအပေါင်းတွေနဲ့
ခိုအောင်းလာ သံယာတော်အကြောင်းလှစေဖို့
ချိုပြောင်းစွာ စံရာတော်ကျောင်းတို့ကိုဖြင့်
လွတ်ကြောင်းသံသရာ ထောက်ကူစခန်းပေမို့
ညွှတ်ပြောင်းလျှံသဒ္ဓါ ဆောက်လှူဒါန်းကြတာကြောင့်
ခမ်းနားထည်ဝါ ဘဝင်ကိုကြုံမည့်
တက္ကသိုလ် ညီနောင်နှစ်ပါးကိုဖြင့်
အခက်ဖြို တည်ထောင်သွားခဲ့တာက
ပြည်ဘောင်တစ်လွှားမှာ လမ်းအတန်တန်စုံသည့်
မန်း,ရန်ကုန် မြို့ပြကြီးတို့မှာဖြင့်
အပွင့်အသီးတွေ ဖြိုင်ဖြိုင်ဝေကြတာကြောင့်
ကြိုင်လှိုင်နေ ကမ္ဘာမြေတစ်ဝှမ်းမှာဖြင့်
ဂုဏ်လွှမ်းစရာ အလင်းညွှန်းစေလာသူက
မင်းကွန်းထေရ်မဟာ သာသနာ့ခေါင်ထီးပါပဲ
သဘာဝအမှောင်ကြီးကို ရှင်းကာဖယ်၍
အလင်းဖြာသွယ် စာပေကျမ်းတွေနဲ့
ကမ္ဘာမြေတစ်ဝှမ်းမှာ အလှူဆင်နိုင်မှုတွေကြောင့်
ဘဝစင်ပြိုင် တုရာရှားပေလိမ့်
လူ့ကမ္ဘာတစ်လွှားမှာ အစစ်ရတနာတစ်ဆူမို့
နှစ်တစ်ရာဟူ လူတကာသိလို့ရယ်
(အဆွေတို့ရေ) သတင်းရွှန်းဝေ မသမာမှော်မမိကြစေဖို့
အလင်းညွှန်းစေ ကမ္ဘာပေါ်ပြည့်ကာပ
မင်းကွန်းထေရ် မဟာကျော်ကဝိအရှင်ရဲ့
ရာပြည့်ပူဇာပါတကား. . . တဲ့မှ
သဒ္ဓါပြည့်ပူဘယာရှား. . . ။ ။

မြေလတ်မင်းလွင်

ထာဝရတည်ထေရ်ကနည်

ရှစ်ဆယ်ပေါ်တေးထပ်

❖ ဇရာ ရေဇလာ ခွေကာရစ်
ကောသရာအစစ် စံမြန်းရာ။
❖ ဒေသနာအနှစ် လျှံဆန်းဖြာတယ်
စံနန်းသာယာ ရွှေမင်းကွန်း။
❖ ကျင့်မြတ်တူမရှိ ဆင့်ထပ်တစ်ဆူကဝိ၊
မြင့်မြတ်ဘူမိ အောင်မြေပြင်ဝယ်
ခေါင်ထေရ်ထေရ်ရှင် ဘုန်းတင့်ပေါ်ပေါ်ထွန်း။
❖ သုံးပုံပိဋက လုံးစုံရှိသမျှ
ဘုန်းဂုဏ်ပြည့်ဝ ဆောင်စွမ်းကာရယ်
အောင်ပန်းဖြာဖြာ ငွေရည်သွန်း။
❖ တောင်တန်းပြာပြာ နေခြည်မွှမ်းသို့
ရွှေစည်ရွှမ်းရွှမ်း ဆော်တီးကာ။
❖ 'ဓမ္မနာဒံ' သညာသကတ်
မင်္ဂလာအမြတ် ဆင့်ထပ်ခြယ်သ,လာ။
❖ တက်ကြွမြန်ပြည်၏ အရပ်ရပ်က ရှင်ကြည်အိ
ဆဋ္ဌသင်္ဂီတိ ရွှေသဘာဝယ်
ဒေသနာမှာ အဖြေစွမ်းတွေကြောင့်
မြေမြန်မာအဝှမ်း ညွှန်းထပ်ပေါ်ပေါ့်လွင်
ကျွန်းမြတ်တော်တော့်ဝင်။
❖ အဂ္ဂါဘိဓဇ သက်ရာပြည့်ဝ
ဆက်ကာရှိသမျှ မြတ်ဘုန်းရှင်ရယ်
ကပ်လုံးသာပင် တည်ဦးမည်ဘုရားလေး။
❖ မဟာဝိသိဋ္ဌ အာဒိစိတြ
ကမ္ဘာ့သိတံဆိပ်ရ ဓမ္မဂုဏ်ဆောင်တယ်
မြန်မာ့ဂုဏ်ရောင် တင့်ရွှန်းသည်ဘုရားလေး။
❖ မဟာသာဝက ဒကာ ဒကာမ
ပဏာဂါရဝ ဖြာ၍ဆင်တယ်
ရာပြည့်သဘင် ဆင်နွဲသည်ဘုရားလေး။ ။

ဝိဇ္ဇာနွယ်
တိ=နိ၊ မိုးမိတ်ကုန်းမြေ။

မိုးမိတ်ကုန်းမြေနှင့်တိပိဋကဓရဆရာတော်

တေးထပ်ရိုး

❖ မင်းကွန်းတောင်ဒိုင်အကန့် နှစ်မိုင်ခန့်ဝေးကွာ၊
မြိုင်စခန့် အေးရာတွင် ဘေးမလာပြီဘူး။
စိမ်းလဲ့လဲ့ ရေမှာကြည်သည် ဧရာဝတီမြစ်ရဲ့နဖူး၊
မင်းသားကြီးမိုးမိတ်တည်သည် ကိုးဖိတ်ဆီရည်စူး။
တိုးစိတ်ရည်ကြည်နူးဖို့ စေတီဦးပေါ်ပြန်၊
ယင်းထူပါစေတီအနီးမှာတော့ ဒေဝီကြီးကောင်းမှုကရံ။
စက်ပါဒ ခြတ်မွေစံပြီ နတ်ဝေယံဆင်းမြေခသည်သို့၊
မင်းတေဇတောင်းဆုတွေလီ ကောင်းမှုစေတီ၊
ဆောင်းဥတု နွေမိအောင် ရေနဒီဦးခိုက်ပါလို့လေး။

❖ မင်းကွန်းမြိုင် တောင်အဆင်းမှာလ ပြောင်သလင်းမြေပြင်၊
ရောင်အဆင်းက ငွေအသွင်လို နေချင်သူအများ။
ဓမ္မမြတ်အာဂမ,ငုံပြီ နာဒရုံ လှည့်လည်လို့ကြွား၊
ဦးဝိစိတ္တသာရခေါ်သည် ကာလနော်မြှောက်စား။
လာသမျှအကျော် အောက်ထားလို့ နောက်တစ်ပါးမပေါ်၊
ပိဋကတ်သိုက်စံထိုး တိုက်ဘဏ်စိုး ဘုန်းကံကြောင့်နော်။
ရွှေမိုးမိတ်ကုန်းမြေပေါ်မှာ ဘုန်းခြေတော် စက်လာချပြီမို့ ၊
ထက်မာယဝိသကြို ဆင်းကူသည့်ပုံ။
မုခ်စောင်းတန်း ဂူပုထိုးစုံတယ်၊
သူတစ်မျိုးကိုယ်တစ်ဖုံ အလှချင်းပြိုင်လို့လေး။ ။

မလှိုင်ကာဗျဝိဒူဆရာတော်

ဘုရားသို့ပင်ကြည်ညိုမြင်

၃၅-ပဒစီ အချီအချညီ ပိုဒ်စုံရတု

၁။ ။**ပိဋကတွေ၊** ဒိုးလိုမွှေသား၊ ညက်ကျေစောင်စောင်၊ နှုတ်ဖောင်ဖောင်လျှင်၊ ရှစ်ထောင်နှစ်ဆယ်၊ ခုနစ်ဆွယ်သည့်၊ ခံ့ထည်လှစွာ၊ စာမျက်နှာတို့၊ သွက်စွာအာဂုံ၊ မြင်းစိုင်းပုံတည့်။ ဉာဏ်ဟုန်လျင်ကာ၊ ရေးဖြေမှာလည်း၊ ရာခိုင်နှုန်းရှိ၊ ပြည့်လုထိတည်း။ သတိလျှံဖြာ၊ မှတ်ဉာဏ်မှာမူ၊ ကမ္ဘာပေါ်တွင်၊ ထိပ်ဆုံးပင်ဟု၊ စံဝင်မှတ်တမ်း၊ ဂုဏ်ရောင်လွှမ်း၏။ အစွမ်းထက်မြက်၊ ဤတစ်သက်၌၊ ပြိုင်ဘက်မပေါ်၊ ကမ္ဘာကျော်ရှင့်။ မဟော်တန္တျ၊ ဗုဒ္ဓကိုသို့၊ သိမှုစုံစုံ၊ ဖြေခွင့်ကြုံ၍၊ အာဂုံရေးဖြေ၊ ဉာဏ်ဖြင့်ခြေလျက်၊ နှစ်ထွေထုံလွှင့်၊ ဂုဏ်နှစ်ဆင့်ဖြင့်၊ သဘင့်လယ်ပုံ၊ တင့်တယ်စုံသည်၊ **သုံးပုံကျမ်းများ ထေရ်ဘုရား။**

၂။ ။**သိသမ္ဘဝေ၊** ပြောပြပေသား၊ သံနေပြတ်သား၊ လွန်ထင်ရှားရှင့်။ ဘုရားကိုယ်တိုင်၊ ဉာဏ်မကျိုင်ဖြင့်၊ လှိုင်လှိုင်ခွန်းဖွဲ့၊ ဟောသကဲ့သို့၊ သက်မဲ့ဓမ္မ၊ ကထိကတည့်။ ပြည့်ငစုံစုံ၊ နိကာယ်ကုန်အောင်၊ ဉာဏ်ဟုန်စေချက်၊ အဆက်ဆက်လျှင်၊ နှစ်သက်ပိုမို၊ လွန်ကြည်ညို၍၊ မှီခိုရာထား၊ မြတ်ဘုရားဟု၊ အများစိတ်မှာ၊ ထင်ကြပါ၍၊ သဒ္ဓါရွှင်ပျ၊ လျှုဒါန်းကြလျက်၊ ကိစ္စထွေထွေ၊ ပြီးမြောက်စေ၏။ အကြေအညာ၊ ဆန်လျှုရာနှင့်၊ နှစ်ဖြာရွှန်းစို၊ တက္ကသိုလ်တို့၊ လိုအပ်သမျှ၊ ပြည်စုံရသား၊ ထေရမိန့်ဖြာ၊ ဒေသနာတို့၊ ရှိန်ဝါလွှမ်းခြုံ၊ စခန်းကုန်သည်၊ **လုံးစုံချမ်းမြ ကြည်ဘုရား။**

၃။ ။**ဘိဓဇနေ၊** ကွယ်ဝင်ပေ၍၊ တွေဝေမောဟ၊ အမှောင်ကျလျက်၊ သောကထွေထွေ၊ ငိုမျက်ရည်ဖြင့်၊ တိုင်းနေပြည်သူ၊ ဘဝင်ဆူ၍၊ အပူမစဲ၊ ဝမ်းပမ်းနည်းလျက်၊ လွမ်းပွဲကြုံတွေ့၊ တငွေ့ငွေ့ရှင့်။ ဟိုရှေ့ခါဆီ၊ မျှော်မှန်းရည်မိ၊ မြန်ပြည်ထက်အောက်၊ နယ်စုံရောက်လျက်၊ ချီးမြှောက်ဆုံးမ၊ ဩဝါဒဖြင့်၊ ဓမ္မစက်သံ၊ ဘဝင်လှုံ့သား၊ စံနမူနာ၊ နည်းပြပါ၍၊ ဒိဋ္ဌာနုဂတိ၊ အမြင်ကြည့်လျက်၊ တပည့်များစွာ၊ လိုက်စေပါ၏။ မေတ္တာငွေ့လှုံ၊ မြတ်သင်္ကန်ကို၊ ဖန်ဖန်မြင်မိ၊ ဖြေမရှိရှင့်၊ နေထိကြာပန်း၊ ညှိုးကာနွမ်းသို့၊ လွမ်းငွေ့သင့်ပုံ၊ လှိုက်လှိုက်ခုန်သည်၊ **ဘုန်းဂုဏ်တမ်းတ သည်ဘုရား။** ။

ဦးထွန်းလွင်(ဓမ္မစရိယ သိရောမဏိ)
ဟံသာဂီရိ၊ စစ်ကိုင်း။

တိပိဋကဓရအရှင်မြတ်များ၏ဖခင် ကမ္ဘာကျော်မင်းကွန်းဆရာတော်ရှင်၏

အနှစ်တစ်ရာသာသနာ

(၁၂၇၃ - ၁၃၇၃)

အရှင်သီလက္ခန္ဓာဘိဝံသ

<u>၁၂၇၃ (၁၉၁၁-၁၂)-ခုနှစ်</u>

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာ၌ ခမည်းတော်သူကြီးဦးဆုံ+မယ်တော်ဒေါ်ဆင်တို့မှ ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ၁-၁၁-၁၉၁၁-ခုနှစ်၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၃း၁၃-နာရီအချိန်တွင် မင်းကွန်းတိပိဋကဓရဆရာတော်လောင်းလျာကို ဖွားမြင်သည်။ ထိုနှစ်မှာ သာသနာတော်နှစ် ၂၄၅၅-နှစ်ဖြစ်၍ မြတ်ဗုဒ္ဓ၏ဝါတော် ၄၅-ဝါနှင့် ပေါင်းလိုက်လျှင် ဗုဒ္ဓနှစ် ၂၅၀၀-ပြည့်သောနှစ်ဖြစ်သည်။

မွေးချင်းသုံးဦးအနက် ဒုတိယမြောက်သားရတနာဖြစ်ပြီး၊ ဖွားမြင်ခါစကပင် လူချစ်လူခင်ပေါများလှသည့်အတွက် အမည်ကို 'မောင်ခင်'ဟု မှည့်ခေါ်ခဲ့ကြသည်။ ဇာတာထဲတွင်ကား 'ဘေးရန်အန္တရာယ်အားလုံး ကင်းရှင်းရမည်'ဟူသော အတိတ်နိမိတ်ဖြင့် နေ့သင့်နံသင့် 'မောင်ရန်ရှင်း'ဟု ရေးမှတ်ခဲ့ကြသည်။

အဘိုး+အဘွား။ ခမည်းတော်ဦးဆုံ၏မိဘများမှာ မြန်မာဆေးဆရာကြီး ဦးချယ်နှင့် ဒေါ်အံ့တို့ ဖြစ်ကြပြီး၊ မယ်တော်ဒေါ်ဆင်၏မိဘများမှာ ဦးပေါ်နှင့် ဒေါ်ကျန်တို့ ဖြစ်ကြသည်။

<u>၁၂၇၄ (၁၉၁၂-၁၃)-ခုနှစ်</u>

မင်းကွန်းဆရာတော်လောင်းလျာမောင်ခင်သည် မိဘဘိုးဘွားများ၏ရင်ခွင်ဝယ် ပျော်ရွှင်ချမ်းမြေ့စွာ ကြီးပြင်းရသည်။

<u>၁၂၇၅ (၁၉၁၃-၁၄)-ခုနှစ်</u>

မောင်ခင်သည် မိဘဘိုးဘွားများရင်ခွင်ဝယ် ပျော်ရွှင်ချမ်းမြေ့စွာကြီးပြင်းရသည်။

<u>၁၂၇၆ (၁၉၁၄-၁၅)-ခုနှစ်</u>

မောင်ခင်သည် မိဘဘိုးဘွားများရင်ခွင်ဝယ် ပျော်ရွှင်ချမ်းမြေ့စွာ ကြီးပြင်းရသည်။

၁၂၇၇ (၁၉၁၅-၁၆)-ခုနှစ်

မောင်ခင့်ဖခင် ကျည်းပင်ရွာသူကြီးဦးဆုံ ကွယ်လွန်သည်။ သူကြီးဗိုဗိ မှန်ရာကိုလုပ်သည့်အတွက် မကျေနပ်သော ဓားပြအဖွဲ့က လုပ်ကြံသတ်ဖြတ်လိုက်သဖြင့် အသက် ၃၀-ကျော် ငယ်ငယ်ရွယ်ရွယ်မှာပင် ကွယ်လွန်သွားခြင်းဖြစ်သည်။ ဦးဆုံ ကွယ်လွန်သွားသဖြင့် ဒေါ်ဆင်သည် သူ့မိဘများရှိရာ သဲဖြူဝရွာသို့ ပြောင်းရွှေ့သွားရာ မောင်ခင်မှာ မိခင်နှင့်အတူ လိုက်မသွားဘဲ ဖခင်ဘက်မှ အဘိုးအဘွားများဖြစ်ကြသော ဦးချယ်+ဒေါ်အုံတို့၏အိမ်၌ နေရစ်ခဲ့သဖြင့် အဘိုးအဘွားတို့ လက်ပေါ်တွင်ကြီးပြင်းရပြီး အဘိုးအဘွားတို့၏ပြုစုစောင့်ရှောက်မှု, သွန်သင်ဆုံးမမှုများကို ခံယူခဲ့ရသည်။

၁၂၇၈ (၁၉၁၆-၁၇)-ခုနှစ်

မောင်ခင်သည် အဘိုးအဘွားတို့၏ ပြုစုစောင့်ရှောက်မှု, သွန်သင်ဆုံးမမှုများကို ခံယူခဲ့ရသည်။

၁၂၇၉ (၁၉၁၇-၁၈)-ခုနှစ်

အဘိုးဖြစ်သူဦးချယ်က မောင်ခင်အား ကျည်းပင်ကျောင်းဆရာတော်ဦးသာသနထံ အပ်နှံသည်။ ကျောင်းသွား ကျောင်းပြန်တိုင်း အဘိုးဦးချယ်က မောင်ခင်ကို ပခုံးနှင့်ထမ်း၍ အကြိုအပို့လုပ်ပေးခဲ့သည်။ ညနေ ဘုန်းကြီးကျောင်းမှ အိမ်ပြန်ရောက်သည့်အခါလည်း အဘိုးဦးချယ်သည် သူ၏သမီးငယ် မငွေပေါ်နှင့်အတူ မြေးကလေးမောင်ခင်အား တစ်ယောက်က 'ကကြီး ဘယ့်နှယ်ရေးပါ့မယ်'၊ တစ်ယောက်က 'ကကြီးရေ က'စသဖြင့် အမေးအဖြေပြုလုပ်စေခဲ့သည်။ မောင်ခင်နှင့် မငွေပေါ်တို့သည် တူဝရီးတော်စပ်ကြသော်လည်း အသက်အားဖြင့်ကား သုံးနှစ်သာကွာခြားသည်။

ဤနှစ်တွင် အဘိုးဆရာကြီးဦးချယ်က သက်န်းဝတ်ဖြင့်မြင်ချင်သည်ဆို၍ အေးမဏ္ဍပ်ဖြင့် ရှင်ပြုပေးခဲ့သည်။ သို့ရာတွင် သက်န်းမနိုင်သေးသည့်အရွယ်ဖြစ်၍ ခေတ္တမျှသာသက်န်းဝတ်ပေးခဲ့ကြသည်။

၁၂၈၀ (၁၉၁၈-၁၉)-ခုနှစ်

မောင်ခင်သည် အဒေါ်မယုံနှင့် နွားကျောင်းလိုက်သွားပြီး ညနေ နွားများရေသောက်အဆင်း ရှေ့ဆုံးမှ 'သန်ရောင်' အမည်ရှိ နွားနက်ကြီးကိုစီးလာစဉ် မြစ်ဆိပ်ရောက်ခါနီး နွားပေါ်မှလိမ့်ကျသွားသောအခါ နွားနက်ကြီးက မောင်ခင်ကို အခြားနွားများမနင်းမိစေရန် ဗိုက်အောက်တည့်တည့်ထား၍ရပ်နေပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ အခြားနွားများ အားလုံးသွားပြီး၍ ရှင်းသွားပြီဆိုမှ မောင်ခင့်ကိုယ်ပေါ်မှဖယ်ပေးပြီး သူကိုယ်တိုင် ရေသောက်ဆင်းသွားသည်။ ဘုန်းရှင် ကံရှင်ပါရမီရှင်အား အသက်အန္တရာယ်ပြု၍မရနိုင်ဆိုသည့်အဓိပ္ပာယ်ဖြစ်ပေသည်။

ကျည်းပင်ကျောင်းတွင်နေစဉ် ကျောင်းလှေကားအနီးရှိ ရှောက်ချိုပင်ကြီးပေါ်၌ တစ်လုံးတည်းကျန်ရှိနေသည့် ရှောက်ချိုသီးကြီးကို အခြားကျောင်းသားများ ဆူစုစု၍ခူးမရဖြစ်နေကြစဉ် မောင်ခင်သည် ဆူများကိုကွေ့ကာရှောင်ကာ သစ်ပင်ပေါ်သို့ ခဲရာခဲဆစ်တက်ပြီး ရှောက်ချိုသီးကြီးကို ရအောင်ခူးယူနိုင်ခဲ့သည်။ ရသည့်အခါလည်း သူတစ်ဦးတည်း မစားဘဲ အဖော် ကျောင်းသားများနှင့်အတူ ဝေငှစားခဲ့သည်။ သူတကာ ရယူနိုင်ခဲသည့် တိပိဋကဓရဘွဲ့ထူးကြီးကို အရယူပြီး နောက် နိုင်ငံအနှံ့အပြား ဓမ္မရသများဖြန့်ဝေပေးမည့် အတိတ်နိမိတ်ဖြစ်ပေသည်။

မည်သူနှင့်မျှ ခိုက်ရန်ဒေါသမဖြစ်ဘဲ အေးအေးဆေးဆေးနေတတ်ခြင်း, သည်းခံတတ်ခြင်း, အခြားကလေးများလို ဆော့ကစားမမက်ခြင်း, အားအားရှိစာကိုသာ ဖတ်နေတတ်ခြင်း, အခြားကလေးများ စာအံသံကြားသည်နှင့် ၎င်းစာကို ရပြီး ဖြစ်နေတတ်ခြင်း, အလိုက်သိအကင်းပါးခြင်း, မိမိ၏ဝတ္တရားကို ကျေကျေပွန်ပွန် မခိုမကပ်လုပ်ဆောင်တတ်ခြင်း, သူတစ်ပါးအား ငဲ့ညှာတတ်ခြင်း, ကိုယ်ချင်းစာတတ်ခြင်း-စသောထူးခြားချက်များလည်း ရှိပေသေးသည်။

ဤနှစ်တွင် အဘိုးဆရာကြီးဦးချယ် ကွယ်လွန်သွားသည်။ အဘိုးဦးချယ်ကွယ်လွန်သွားပြီးနောက် မိခင်ဒေါ်ဆင်နှင့် ဦးလေးဖြစ်သူ ဦးကောက်တို့က ကျည်းပင်ရွာကျောင်းဆရာတော်ဦးသာသနနှင့်တိုင်ပင်၍ မောင်ခင်ကို မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့် ကျောင်း စာချအကျော်ဆရာတော်ဦးသောဘိတထံသို့ ပြောင်းရွှေ့ပို့ဆောင်အပ်နှံခဲ့ကြသည်။ ထိုစဉ်ကပင် မောင်ခင်သည် ပညာတတ်ကြီးဖြစ်စေရန် စာကို ကြိုးစားကျက်မှတ်သည်။ တစ်နေ့ကျက်ရမည့်စာကို မရမချင်း နေရာမှထလေ့မရှိခဲ့ပေ။

၁၂၈၁ (၁၉၁၉-၂၀)-ပြည့်နှစ်

ဥယျာမေနေဝ သိဇ္ဈန္တိ၊ န စိန္တာယ ကတာနိ ဝေ။
န ဟိ သုတ္တဿ သီဟဿ၊ ပဝိသန္တိ မုခေ မိဂါ။

'လုပ်ငန်းကိစ္စများသည် ကြိုးစားလုပ်ဆောင်မှသာ ပြီးစီးသည်။ ကြံစည်နေရုံမျှဖြင့် မပြီးစီးနိုင်။ အိပ်နေသောခြင်္သေ့ကြီး၏ ပါးစပ်ထဲသို့ သားကောင်ငယ်များ သူ့အလိုလိုဝင်လာကြမည်မဟုတ်'-ဟူသော ရှေးပညာရှင်များ၏ အဆိုအမိန့်အရ ကျက်မှတ်စရာစာပေများသည် ကျက်မှတ်နေမှသာလျှင် နှုတ်ဖျားပေါ်ရောက်လာမည်။ မကျက်မှတ်ဘဲ သည်အတိုင်းထားလျှင်တော့ သူ့အလိုလိုရောက်လာလိမ့်မည်မဟုတ်သည်ကို နားလည်သည့်အတိုင်း မောင်ခင်သည် စာပေများ မိမိနှုတ်ဖျားပေါ်သို့ ရောက်လာအောင် ကြိုးစားသင်အံကျက်မှတ်ခဲ့သည်။

၁၂၈၂ (၁၉၂၀-၂၁)-ခုနှစ်

မောင်ခင်သည် အပျင်းနှင့်အဖျင်းတို့ အချင်းချင်းကျေးဇူးပြုပုံ၊ ပျင်းလျှင် ဖျင်းတတ်ပုံတို့ကို ရိပ်မိသည့်အားလျော်စွာ စာကိုသာလျှင် မပျင်းမရိတကုပ်ကုပ်နှင့် ကြိုးစားကျက်မှတ်နေခဲ့သည်။ သို့ဖြစ်၍လည်း မောင်ခင်၏ ဆွဲ,လုံ့လ,ဝီရိယကို အတူနေ ကျောင်းသားများသာမက ဆရာသမားများကပင် အသိအမှတ်ပြုချီးကျူးခဲ့ကြရသည်။

၁၂၈၃ (၁၉၂၁-၂၂)-ခုနှစ်

မိခင်ဒေါ်ဆင်က မောင်ခင်ကို ရှင်ပြုပေးသည်။ မောင်ခင်အဖို့ ဒုတိယအကြိမ် ရှင်ပြုမင်္ဂလာပွဲဖြစ်၏။ ဥပဇ္ဈာယ်ဆရာမှာ မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်းဆရာတော်ဦးသောဘိတဖြစ်သည်။ မောင်ခင်၏ ဉာဏ်အမြင်ဆန်းကြယ်မှုကို သတိပြုမိသော ဆရာတော်ဦးသောဘိတက မောင်ခင်၏ရှင်ဘွဲ့အမည်ကို 'ရှင်ဝိစိတ္တသာရ-ဆန်းကြယ်သော ဉာဏ်အမြင် အနှစ်သာရရှိသူ'ဟု မှည့်ခေါ်ခဲ့သည်။

၁၂၈၄-၈၅ (၁၉၂၂-၂၃)-ခုနှစ်

ရှင်ဝိစိတ္တသာရသည် မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ပိဋကတ်အခြေခံစာပေများ သင်ကြားအားထုတ်နေသည်။

၁၂၈၆ (၁၉၂၄-၂၅)ခုနှစ်

ရှင်ဝိစိတ္တသာရသည် မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ပိဋကတ်အခြေခံစာပေများ သင်ကြားအားထုတ်နေရင်း မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီအသင်းကဦးစီးကျင်းပသော စာပြန်ပွဲ၌ ကစ္စည်းသဒ္ဒါကြီးရှစ်စောင်ပါဌ်ကို ဝင်ရောက်ပြန်ဆိုရာ အထောက်လွတ် ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်သည်။

၁၂၈၇ (၁၉၂၅-၂၆)-ခုနှစ်

၁၄-နှစ်သားအရွယ် ရှင်ဝိစိတ္တသာရသည် မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီအဖွဲ့က ဦးစီးကျင်းပသော စာပြန်ပွဲ၌ အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကိုးပိုင်းကို ပြန်ဆိုရာ အထောက်လွတ် ဂုဏ်ထူးဖြင့်ပင် ပြန်ဆိုအောင်မြင်သည်။

ဤနှစ်တွင် ဆရာတော်ဦးသောဘိတက သင်ရိုးပါဠိတော်, အဋ္ဌကထာကျမ်းများကို ရှင်ဝိစိတ္တသာရအားပေးသည်။ ဦးလေးဖြစ်သူ ဦးဖြူလွင်ကလည်း သင်ရိုးဋီကာကျမ်းအစုံ လှူဒါန်းသည်။ ဤသို့ဖြင့် ရှင်ဝိစိတ္တသာရသည် ၁၄-နှစ်သားအရွယ် သာမဏေငယ်ဘဝကတည်းကပင် သင်ရိုးပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းများကို လတ်ဝယ်ရရှိပြီးသားဖြစ်နေပေပြီ။

ရှင်ဝိစိတ္တသာရသည် နေ့စဉ်နေ့တိုင်းပင် စာအုပ်ဗီရိုလေးထဲမှ တစ်အုပ်မဟုတ် တစ်အုပ်ကို ထုတ်ယူကြည့်ဖြစ်သည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းများတွင်ပါရှိသည့် ပါဠိပုဒ်အားလုံးကို မသိရှိသေးသော်လည်း တစ်ပုဒ်သိသိ နှစ်ပုဒ်သိသိ သိသမျှအမြတ်ပဲဟု ကြည့်ရှုနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ရှင်ဝိစိတ္တသာရသည် ထိုစဉ်ကပင် ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် များစွာရင်းနှီးနေပြီဖြစ်သည်။ ယင်းသည်ပင် တိပိဋကဓရ၏ ရှေ့ပြေးနိမိတ်များဟု ဆိုနိုင်ပေသည်။

ဤနှစ်မှာပင် ဆရာတော်ဦးသောဘိတက မော်ဘီဆရာသိန်းကြီး၏ ပေါရာဏဒီပနီကျမ်းစာအုပ်နှစ်တွဲကို ပေးအပ်ခဲ့ပြန်သည်။ ထိုစာအုပ်နှစ်အုပ်က ရှင်ဝိစိတ္တသာရအား ကဗျာမျိုးစေ့ဗီဇကို ချပေးသည်။ ရှင်ဝိစိတ္တသာရသည် ထိုစာအုပ်နှစ်အုပ်ကို ရရှိပြီးနောက် စာပေဝါသနာရှင်ပီပီ ကဗျာရေးခြင်း, စာရေးခြင်းတို့ကို အခါအခွင့်သင့်တိုင်း လေ့ကျင့်ခဲ့သည်။ ဆရာတော်ဦးသောဘိတကလည်း စာပေးစာယူကိစ္စရှိလျှင် ရှင်ဝိစိတ္တသာရကိုပင် ရေးခိုင်းလေ့ရှိသည်။

ယင်းကာလမှာပင် မိမိတပည့်ကို ဘက်ပေါင်းစုံမှ တော်စေ, တတ်စေလိုသော ဆရာတော်ဦးသောဘိတက ရှင်ဝိစိတ္တသာရကို ပါဠိဉာဏ်ပါရင့်သန်လာစေရန် ဇိနာလင်္ကာရဋီကာ၊ ဇာတတ္တကီ၊ သောတတ္တကီ-စသောစာအုပ်များကို ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်မှ တကူးတကမှာယူကာ ကြည့်ရှုစေခဲ့ပြန်သည်။

၁၂၈၈ (၁၉၂၆-၂၇)-ခုနှစ်

၁၅-နှစ်သား ရှင်ဝိစိတ္တသာရသည် အစိုးရပထမငယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်သည်။

၁၂၈၉ (၁၉၂၇-၂၈)-ခုနှစ်

၁၆-နှစ်သား ရှင်ဝိစိတ္တသာရသည် အစိုးရပထမလတ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်သည်။

၁၂၉၀ (၁၉၂၈-၂၉)-ခုနှစ်

ပထမလတ်တန်းအောင်ပြီးနောက် ပထမကြီးတန်းစာပေများ ကြိုးစားအားထုတ်နေစဉ် ရှင်ဝိစိတ္တသာရ ၁၇-နှစ်သားအရွယ်တွင် ဥပဇ္ဈာယ်ဆရာတော်ဦးသောဘိတ ကိုယ်တစ်ခြမ်းလေဖြတ်သွားသဖြင့် မိမိ၏စာပေကိစ္စများကို အသာဖယ်ထားကာ ဥပဇ္ဈာယ်ဆရာတော်ကိုသာ ကိုယ်ဖိရင်ဖိပြုစုပေးခဲ့သည်။

၁၂၉၁ (၁၉၂၉-၃၀)-ခုနှစ်

ရှင်ဝိစိတ္တသာရသည် ဂိလာနဖြစ်နေသော ဥပဇ္ဈာယ်ဆရာတော်ကိုသာ ကိုယ်ဖိရင်ဖိပြုစုပေးနေခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်သည် ဝက်သားအလွန်ကြိုက်တတ်၍ ဝက်သားဟင်းမပါလျှင် ဆွမ်းမစားတတ်သူဖြစ်ရာ ရှင်ဝိစိတ္တသာရသည် ဆရာတော်ကို ဆေးလာကုပေးသော ဆေးဆရာကြီးများအား 'သည်ရောဂါ (လေဖြတ်သည့်ရောဂါ) ဘာကြောင့်ဖြစ်ရသလဲ' မေးကြည့်ရာ 'ဝက်သားစား၍ ဖြစ်ရကြောင်း' ဆေးဆရာများက ပြောပြသဖြင့် ထိုအချိန်မှစ၍ ဝက်သားကို အကြောက်ကြီးကြောက်ကာ လုံးဝရှောင်ခဲ့တော့သည်။

၁၂၉၂ (၁၉၃၀-၃၁)-ခုနှစ်

ဥပဇ္ဈာယ်ဆရာတော်ဦးသောဘိတသည် ရှင်ဝိစိတ္တသာရ ပြုစုပေးနေရင်းပင် ဘဝနတ်ထံပျံလွန်တော်မူသွားသည်။

'ပညာရှိသူ၊ မရှိသူဟု၊ ကြီးသူငယ်သူ၊ ဘယ်မဟူဘဲ၊ ဗိုလ်လူခပင်း၊ ထိုတသင်းကား၊ သေမင်းနိုင်ငံ၊

လိုက်ရမှန်၍၊ ဧကန်မုချ၊ အနိစ္စသည်၊ ဒုက္ခ, အနတ္တပါတကား'-ဟူသော ဓမ္မသံဝေဂကို ရှင်ဝိစိတ္တသာရ ကောင်းကောင်းကြီး ရယူနိုင်ခဲ့သည်။ ရှင်ဝိစိတ္တသာရသည် ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ဈာပနကိစ္စကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ အထူးသဖြင့် ဥပဇ္ဈာယ်ဆရာတော် မျိုးစေ့ချလမ်းဖွင့်ပေးခဲ့သော ကဗျာဉာဏ်ကိုအခြေခံ၍ ဥပဇ္ဈာယ်ဆရာတော်၏ ဈာပနပူဇော်ပွဲတွင်ရွတ်ဖတ်ရန် ကောင်းကင်ကြိုး, လေ့လှော်သံ, ရတု, တေးထပ်, ဂါထာ-စသည်တို့ကိုရေးသားပြီး ဥပဇ္ဈာယ်ဆရာတော်အား ကျေးဇူးဆပ်ခဲ့သည်။

ဈာပနပွဲအပြီးတွင် ဆရာတော်ဦးသောဘိတ၏ တပည့်ကြီးများအစည်းအဝေးက ရှင်ဝိစိတ္တသာရ၏ဆန္ဒအတိုင်း မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ပို့အပ်ရန် ဘုန်းကြီးဦးဣန္ဒာလောကအား တာဝန်ပေးကြသည်။ သို့ဖြင့် ရှင်ဝိစိတ္တသာရသည် လိုက်ပါပို့ဆောင်ပေးသူဦးဣန္ဒာလောကနှင့်အတူ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ဆရာတော် ဦးပညာစက္က၏ ထံတော်မှောက်သို့ ၁၂၉၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် ရောက်ရှိခဲ့လေသည်။

ဒေါ်ဓမ္မစာရီနှင့်တွေ့၊ ရှင်ဝိစိတ္တသာရ ဓမ္မနာဒသို့ရောက်ရှိပြီးနောက်တစ်နေ့မှာပင် ဓမ္မနာဒကျောင်းတိုက်ကို မြေနေရာနှင့်တကွ စတင်ပြုစုမျိုးထောင်ပေးခဲ့သူ သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီနှင့် သိကျွမ်းခဲ့ရသည်။

အကျိုးအကြောင်း မေးမြန်းလျှောက်ထားပြီးချိန်မှစ၍ သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီသည် ဓမ္မနာဒဆရာတော်ထံခွင့်ပန်ကာ ရှင်ဝိစိတ္တသာရကို မွေးစားမိခင်ပမာ ဆွမ်းစသောပစ္စည်းလေးပါးတို့ဖြင့် စောင့်ရှောက်လာခဲ့သည်။ ဆရာကြီးဒေါ်ဓမ္မစာရီသည် သစ္စဝါဒီ ဋီကာကျမ်းကို ရေးသားနိုင်သည့် ပညာရှိပုဂ္ဂိုလ်ပီပီ ရှင်ဝိစိတ္တသာရအတွက် ပြောစရာဆိုစရာကြုံတွေ့လာလျှင် 'ကိုရင်၊ ဒီလိုကိစ္စမျိုးကို ရှေးရှေးသူတော်ကောင်းကြီးတွေ ပြုလုပ်လေ့မရှိဘူး၊ ရှောင်ကြဉ်ကြတယ်။ ဒီအလုပ်မျိုးကို ရှေးရှေးသူတော်ကောင်းကြီးတွေ ဒီပုံဒီနည်းဆောင်ရွက်လေ့ရှိကြတယ်' စသည်ဖြင့် သားအရင်းပမာ ညင်ညင်သာသာ နားဝင်အောင်ပြောပြပေးလေ့ရှိသည်။

စာမျိုးစုံသင်။ ရှင်ဝိစိတ္တသာရသည် မင်းကွန်းဓမ္မနာဒတိုက်ရောက်ချိန်မှစ၍ ဓမ္မနာဒဆရာတော့်ထံတွင် မောဂ္ဂလ္လာန်ဗျာကရိုဏ်း, ဆန်း, အဘိဓာန်, လင်္ကာကျမ်းများနှင့် အလင်္ကာစာကိုယ်ဋီကာသစ်ကျမ်းတို့ကို နေ့စဉ်နေ့ဝါများအဖြစ် သင်ကြားရသည်။ ညဝါအဖြစ် ပဋ္ဌာန်းကျမ်းကို ဓမ္မနာဒတိုက် စာချဘုန်းကြီးဦးအဂ္ဂဝံသထံတွင် သင်ကြားရပြီး၊ ဘေဒစိန္တာနှင့် ကစ္စာယနသာရတို့ကို ဓမ္မနာဒဆရာတော့်ထံတွင် ညစဉ် သင်ကြားရသည်။ ဝိနည်း, သဒ္ဒါ, သင်္ဂြိုဟ်, ယမိုက်-စသောကျမ်းများကိုလည်း သင်ကြားရသည်။ ဓမ္မနာဒဆရာတော်၏ စနစ်တကျ စီစဉ်ညွှန်ကြားချက်အရ ဥပုသ်နေ့များတွင် သင်္ဂဇာဆရာတော်၏ ဓမ္မပဒနိဿယ၌ပါရှိသည့် အကျဉ်းချုပ်ဝတ္ထုကြောင်းများကို ပါဠိဘာသာဖြင့် စီကုံးရသည်။ စာစီစာကုံးဘက်တွင်တော်စေရန် မယဒေဝလင်္ကာသစ်စာအုပ်ကိုလည်း ကြည့်ရှုရန်ညွှန်ကြားထားသည်။ ကဗျာ, ရတုနှင့် ဩဘာစာများကိုလည်း အခါအားလျော်စွာ ရေးသားစေတော်မူခဲ့သည်။

ရဟန်းဘောင်ရောက်ရှိ။ ရှင်ဝိစိတ္တသာရသည် ၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့၊ အသက် ၁၉-နှစ် ၅-လတွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓမ္မနာဒဆရာတော်ဦးပညာစက္ကကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်ရောက်တော်မူသည်။ ရဟန်းဒါယကာ ဒါယိကာမများမှာ ဆရာကြီးဒေါ်ဓမ္မစာရီနှင့် ရန်ကုန်မြို့မှ သူဌေးကြီးဆာဦးသွင်+သူဌေးကတော်ဒေါ်ဒေါ်သိန်းတို့ ဖြစ်ကြသည်။ ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဆက်သွယ်ဆောင်ရွက်ပေးမှုကြောင့် ရှင်ဝိစိတ္တသာရနှင့် သူဌေးကြီးဆာဦးသွင်တို့ဇနီးမောင်နှံ တွေ့ဆုံဖြစ်ကြခြင်း ဖြစ်သည်။

၁၂၉၃ (၁၉၃၁-၃၂)-ခုနှစ်

အရှင်ဝိစိတ္တသာရသည် ရဟန်းဖြစ်စ ဝါမရမီ အစိုးရပထမကြီးတန်းစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူသည်။

၁၂၉၄ (၁၉၃၂-၃၃)-ခုနှစ်

အရှင်ဝိစိတ္တသာရသည် ထိုခေတ်စာမေးပွဲဥပဒေအရ အစိုးရပထမကြီးတန်းစာမေးပွဲကို ဒုတိယအကြိမ် ထပ်မံဖြေဆိုရာ ခရေပွင့်(*)ပြ ထူးခြားချက်အမှတ်အသားဖြင့် အောင်မြင်တော်မူသည်။

၁၂၉၅ (၁၉၃၃-၃၄)-ခုနှစ်

အရှင်ဝိစိတ္တသာရ သကျသီဟစာမေးပွဲ စာသင်တန်းအောင်မြင်သည်။ အစိုးရပထမပြန် ပထမကြီးတန်းကို တတိယအကြိမ်မြောက် ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့်အောင်မြင်၍ 'ပဋ္ဌမကျော်'ဘွဲ့ရတော်မူသည်။ သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်ကပင် ပထမပြန်စာမေးပွဲကို စတင်ကျင်းပခဲ့ပြီး ပဋ္ဌမကျော်ပြန်ဆိုပွဲနှင့် ပဋ္ဌမကျော်အောင်မြင်သူများရှိခဲ့သော်လည်း စာရင်းဇယားအတိအကျမရှိခဲ့ပေ။ အင်္ဂလိပ်အစိုးရလက်ထက် ၁၂၆၂-ခုနှစ်ကျမှ စာမေးပွဲပုံစံဖြင့် ကျကျနနကျင်းပပေးခဲ့ရာ ပထမဆုံးသောပဋ္ဌမကျော်မှာ မော်လမြိုင်မြို့ ရတနာဘုံပျံကျောင်းမှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကေတုမာလာဖြစ်ပြီး အရှင်ဝိစိတ္တသာရမှာ ၃၁-ပါးမြောက် ပဋ္ဌမကျော်ဖြစ်သည်။

၁၂၉၆ (၁၉၃၄-၃၅)-ခုနှစ်

အရှင်ဝိစိတ္တသာရသည် သကျသီဟစာချတန်းဝယ် အဋ္ဌကထာကျမ်း သုံးကျမ်းလုံးကို နှစ်မခြားဘဲ ဆက်လက်အောင်မြင်ရာ မကြုံစဖူး ထူးထူးခြားခြားဖြစ်သွားသည်။ ၁၂၆၅-ခုနှစ်မှ ၁၂၉၅-ခုနှစ်အထိ နှစ်ပေါင်း ၃၁-နှစ်အတွင်း သကျသီဟဓမ္မာစရိယအောင် ၁၁၆-ပါးပေါ်ပေါက်ခဲ့သော်လည်း အဆိုပါစာသင်တန်းနှင့် စာချတန်း (အဋ္ဌကထာသုံးကျမ်းလုံး)ကို

ဆက်တိုက်အောင်မြင်သူဟူ၍ တစ်ပါးမျှမပေါ်ပေါက်ခဲ့သေးပေ။ စာမေးပွဲသက်တမ်း ၃၂-နှစ်ကြာမှ ထူးခြားစွာ ပထမဆုံး အောင်မြင်ပေါ်ပေါက်လာသော အရှင်ဝိစိတ္တသာရအား ရိုးရိုး အဘိဝံသဓမ္မာစရိယဘွဲ့အပြင် 'ဦးဆောက်ပန်း'ဟု အဓိပ္ပာယ်ရသည့် 'ဝဋံသကာ'ဆိုသော ဘွဲ့အသစ်ကိုတီထွင်၍ 'ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဋံသကာ'ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ရန်ကုန်မြို့ ပါဠိဆရာများပါဝင်သော မြန်မာပညာရှိအသင်းကြီးက 'အဋ္ဌကထာပြန်အကျော်' ရွှေတံဆိပ်နှင့် အခြားအသင်းအဖွဲ့ပေါင်းစုံတို့ကလည်း ရွှေတံဆိပ်အမျိုးမျိုးကို ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ကြီးကျယ်ခမ်းနားစွာ လှူဒါန်းခဲ့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် အသင်းအဖွဲ့များနှင့် စေတနာရှင်များက ဂုဏ်ပြုပူဇော်ကြသော ရွှေတံဆိပ်များကို ကြည့်ကာ 'ဝင်းဝါလှသော ဤရွှေတံဆိပ်များသည် ရွှေအဆင်းနှင့်တူသောအဆင်းရှိသော မြတ်စွာဘုရားရှင်နှင့်သာ သင့်တော်သည်'ဟု နှလုံးပြုပြီး လှပတင့်တယ်စွာ မှန်ကလာပ်ကဲ့သို့ မှန်ပေါင်တွင်း၌ချိတ်ဆွဲပြင်ဆင်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှူဒါန်းပူဇော်ခဲ့သည်။

ဗောဓိယာ ပစ္စယော ဟောတု၊ ဣဒံ မေ ပုညမင်္ဂလံ။

သုမနေန ပသန္နေန၊ အတ္တမနေန သဒ္ဓိတံ-ဟုလည်း ဆုတောင်းပတ္ထနာပြုခဲ့သည်။ အဓိပ္ပာယ်မှာ-'ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် ဆည်းပူးပြုလုပ်အပ်သော ကျွန်ုပ်၏ ဤကောင်းမှုမင်္ဂလာသည် ဗောဓိဉာဏ်၏အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း'-ဟု ဆိုလိုပေသည်။

၁၂၉၇ (၁၉၃၅-၃၆)-ခုနှစ်

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပဋ္ဌမကျော်နှင့် သကျသီဟဓမ္မာစရိယ ဝဋံသကာဘွဲ့များ ရထားပြီးဖြစ်သော်လည်း 'ဆရာသမား ထင်ရှားရှိသေးသမျှ ဆရာသမားကိုလက်မလွှတ်ဘဲ ဆရာသမားထံမှ ပညာယူ၍သာ နေရမည်'ဆိုသည့် ရှေးမထေရ်မြတ်ကြီးတို့၏ အဆိုအမိန့်အတိုင်း ဆရာတော်အရှင်ပညာစက္ကထံ၌ အထက်တန်းစာဝါများကို သင်ကြားအားထုတ်လျက်ပင်ရှိသေးသည်။ ထိုသို့သင်ကြားနေရင်း လက်ထောက်စာချအဖြစ်ဖြင့် တပည့်သံဃာများအားလည်း စာဝါများပို့ချပေးတော်မူသည်။

၁၂၉၈ (၁၉၃၆-၃၇)-ခုနှစ်

ပဋ္ဌမကျော် သကျသီဟဓမ္မာစရိယ ဝဋံသကာ အရှင်ဝိစိတ္တသာရာဘိဝံသသည် မင်းကွန်းဓမ္မနာဒတိုက်၌ လက်ထောက်စာချအဖြစ်ဖြင့် တပည့်သံဃာများအား စာဝါများပို့ချပေးနေသည်။ ပါဠိတော်ကြီးများကို ရွတ်ဖတ်ပူဇော်နေရင်း အဋ္ဌကထာ, ဋီကာများကိုလည်း ကြည့်ရှုလေ့လာမှတ်သားနေသည်။

၁၂၉၉ (၁၉၃၇-၃၈)ခုနှစ်

ဆရာတော်အရှင်ပညာစက္က၏ လည်ချောင်း၌ ကင်ဆာရောဂါဖြစ်ပွားလာသည်။ ဆရာတော်အရှင်ပညာစက္ကသည် ကိုယ်ကျင့်သီလပြည့်ဝဖြူစင်ပြီး ပိဋကတ်သုံးပုံပါဠိတော်ကြီးများကို အစ,အဆုံး အခေါက်ပေါင်း ၄၀-ကျော် ရွတ်ဖတ်ပူဇော်ခဲ့သူဖြစ်သည်။ ဆရာတော့်နှုတ်ဖျားမှ တရားစကားသံများသာ အမြဲတမ်းထွက်ပေါ်နေခဲ့သည်။ ထိုသို့ တရားတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခဲ့သူ ဆရာတော်ဘုရား၌ လည်ချောင်းကင်ဆာဆိုသော ရောဂါဆိုးကြီးဖြစ်လာရသည်မှာ အံ့ဩစရာကောင်းလှတော့သည်။ ဘဝ၏နောက်ဆုံးအချိန်၌ ဤသို့ဖြစ်လာတတ်သည်ဟုသာ သတိသံဝေဂယူကြရန်။

ဆရာတော်အရှင်ပညာစက္ကသည် လည်ချောင်းကင်ဆာရောဂါ ပြင်းထန်စွာခံစားလာရသဖြင့် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သိရီဝေပုလ္လကျောင်း၌ ခေတ္တသီတင်းသုံးကာ ဆရာဝန်ကြီးဒေါက်တာဂျုန်း၏ အကုအသကို ခံယူနေစဉ် ဝေဒနာကို အပြင်းအထန်ခံစားနေရသဖြင့် အချိန်ရှိသမျှ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းလျက်ရှိသည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် အချိန်အနည်းငယ်အားလပ်နေသည့်အတွက် ဆရာတော်ကို အတူပြုစုဖက် ဟိန္ဒူကုလားကိုရင်ကြီးရှင်ဉာဏထံ၌ သက္ကတဘာသာကို တစ်ရက်တာမျှ လေ့လာကြည့်ခဲ့သည်။

အင်္ဂလိပ်စာသင်၊ ထို့ပြင် အများတကာ အထင်တကြီးသင်ယူနေသည့် အင်္ဂလိပ်စာကိုလည်း မိမိ၏ဉာဏ်ကိုစမ်းသပ်သည့်အနေဖြင့် လေးနာရီကြာမျှ သင်ယူကြည့်ခဲ့ဖူး၏။ ဓမ္မနာဒကျောင်းတိုက်သို့ ခဝါသက်န်းလာ

ကောက်သည့်ဒကာနှင့် စကားစပ်မိရာမှ ထိုဒကာ အင်္ဂလိပ်စာတတ်ကြောင်းသိရှိသွားကာ သင်ယူခဲ့ခြင်းဖြစ်၏။ သက္ကတ သင်စဉ်ကလိုပင် အက္ခရာအရေးအသားနှင့် အသံထွက်များကို တိကျအောင် ရှေးဦးစွာသင်ယူလေ့ကျက်ပြီးမှ အခြေခံဖတ်စာကို မနားတမ်း ဇွဲကောင်းကောင်းနှင့်ဖတ်၏။ နေ့လယ် ၁၂-နာရီမှစ၍ လေ့ကျင့်သင်ယူခဲ့ရာ ညနေ ၄-နာရီထိုးသောအခါ အခြေခံဖတ်စာအုပ် တစ်အုပ်ကုန်လေသည်။

ဘာသန္တရများကို ဉာဏ်စမ်းသဘောမျှသာ သင်ယူခဲ့ခြင်းဖြစ်၏။ ပိဋကတ်ပါဠိတော်ကြီးများသင်သလို ကျကျနနသာ သင်ခဲ့မည်ဆိုပါက ဘာသန္တရပါရဂူပင်ဖြစ်နိုင်လောက်သည်။ သို့ရာတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဘုရားဟောဗုဒ္ဓပါဝစနများကိုသာ အလေးဂရုပြု၍ ဘာသန္တရများကိုမူ စိတ်မဝင်စားလှပေ။

ဆရာတော်ပျံလွန်။ ဓမ္မနာဒဆရာတော်ဦးပညာစက္ကသည် လည်ချောင်းကင်ဆာရောဂါဖြင့်ပင် ၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်နေ့၊ သက်တော် ၅၃-နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ နတ်တော်လဆန်း ၁၃-၁၄ ရက်နေ့များတွင် အန္တိမစျာပန သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် တမ်းချင်းဂါထာ, တေးထပ်, သီဂီါသံ စသည့် ဘုန်းကြီးပျံဆိုင်ရာ ဓမ္မဂီတိများကိုရေးသား၍ ဆရာသမားကို နောက်ဆုံးပူဇော်ခဲ့သည်။

ဓမ္မနာဒဆရာတော်။ ဆရာတော်ဦးပညာစက္က၏ အန္တိမစျာပနပွဲပြီးသည့်နောက် ၁၂၉၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက်နေ့တွင် ညောင်ကန်ဆရာတော်ကြီးအမှူးပြုသော ဓမ္မနာဒသာသနာပြု သံဃာ့အစည်းအဝေးက အရှင်ဝိစိတ္တသာရာဘိဝံသအား ဓမ္မနာဒကျောင်းတိုက်၏ ပဓာနနာယကဆရာတော်အဖြစ် တင်မြှောက်ကြောင်း တညီတညွတ်တည်းဆုံးဖြတ်တင်မြှောက်ကြသဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် သက်တော် ၂၇-နှစ်အရွယ်မှာပင် ဓမ္မနာဒကျောင်းတိုက်၏ ပဓာနနာယကဆရာတော်အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ပဓာနနာယကကျောင်းထိုင်ဆရာတော်ဖြစ်သွားသော်လည်း စာပေလေ့လာမှုကိုမရပ်ဆိုင်းဘဲ တပည့်စာသင်သားများအား စာပေပို့ချပေးနေသလို မိမိကိုယ်တိုင်လည်း ပါဠိတော်,အဋ္ဌကထာ, ဋီကာကျမ်းများကို ကြည့်ရှုလေ့လာလျက်ပင်ရှိသည်။

၁၃၀၀-၀၁ (၁၉၃၈-၃၉-၄၀)-ခုနှစ်

ဓမ္မနာဒဆရာတော်လေးအရှင်ဝိစိတ္တသာရာဘိဝံသသည် ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်နှင့်တကွ စာချ, တရားဟော, ရေစက်ချ စသောတာဝန်များကို ထမ်းဆောင်နေသည်။ တိုင်းပြည်တွင် နိုင်ငံရေးဆိုင်ရာ အရေးအခင်းအမျိုးမျိုးဖြစ်ပွားနေသဖြင့် မေတ္တာဘာဝနာကိုလည်း အထူးပွားများတော်မူနေသည်။

၁၃၀၂ (၁၉၄၀-၄၁)-ခုနှစ်

အစိုးရက ဓမ္မာစရိယစာချတန်းစာမေးပွဲကို စတင်ကျင်းပသည်။ စတင်ကျင်းပသောနှစ်တွင် ဓမ္မနာဒဆရာတော်လေး အရှင်ဝိစိတ္တသာရာဘိဝံသ ဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူးဆောင်သုံးကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်းလုံးပြီးစီးအောင်မြင် သဖြင့် 'သာသနဓဇသိရီပဝရဓမ္မာစရိယ'ဘွဲ့ ရတော်မူသည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် သကျသီဟဝဋံသကာဘွဲ့ကို ပထမဆုံးရရှိခြင်းဖြစ်သလို အစိုးရဓမ္မာစရိယဘွဲ့ကိုလည်း မြန်မာနိုင်ငံတွင် ပထမဆုံးရရှိခြင်းပင်ဖြစ်သည်။ ထူးခြားသောပုဂ္ဂိုလ်၏ ထူးခြားချက်များဟု ဆိုနိုင်သည်။

၁၃၀၃-၀၉ (၁၉၄၁-၄၈)-ခုနှစ်

မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် ဓမ္မနာဒကျောင်းတိုက်၌ ပဓာနနာယကအဖြစ်ဖြင့် စာရေး, စာကြည့်, တရားဟော, တိုက်တာအုပ်ချုပ်ကာ သာသနာပြုတော်မူနေသည်။ ကမ္ဘာအရပ်ရပ်၌ စစ်ပွဲကြီးများဖြစ်နေ၍ မေတ္တာဘာဝနာကို အထူးပွားများတော်မူနေသည်။

၁၃၁၀ (၁၉၄၈-၄၉)-ခုနှစ်

တိပိဋကရေးဖြေရန် စိတ်အကြံ။ ၁၃၁၀-ပြည့်နှစ်၊ တပို့တွဲလဆန်း ၆-ရက်နေ့ စတင်ကျင်းပသည့် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးသို့ အရှင်ဝိစိတ္တသာရာဘိဝံသ ကြွရောက်ခဲ့ရသည်။ ပဉ္စင်းသံဃာ ၁၀၀-ကျော်တွင် တစ်ပါးအပါအဝင်အဖြစ် ကြွရခြင်းဖြစ်၏။ စာမေးပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီးစဝ်ရွှေသိုက် သံဃာတော်များအား လက်အုပ်ချီပြီး တက်ရောက်လာသည်ကို အရှင်ဝိစိတ္တသာရာဘိဝံသက သာမန်ချီရိုးချီစဉ်လက်အုပ်ဟု မယူဆဘဲ 'တိပိဋကဓရ ရှာပုံတော်လက်အုပ်'ဟု မှတ်ယူကာ 'ဤလက်အုပ်ကျွေးကို ငါ တစ်နေ့ တိပိဋကဓရဖြစ်အောင် ကြိုးစားပြီး ပြန်ဆပ်ရမည်'ဟု ခံယူတော်မူခဲ့သည်။

ထိုနှစ်ကျင်းပသော ပထမအကြိမ် တိပိဋကဓရစာမေးပွဲကြီးတွင် ခြောက်ပါးဝင်ရောက်ဖြေဆိုသော်လည်း အောင်မြင်သူ တစ်ပါးမှမရှိဘဲ သုညဖြစ်ခဲ့သည်။ ထိုအကြောင်းကို အရှင်ဝိစိတ္တသာရာဘိဝံသ တည်းခိုနေထိုင်သည့် အောင်မြေသုခကျောင်းတိုက်သို့ ဆရာမကြီးဒေါ်ဓမ္မစာရီ၊ ဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့ရောက်ရှိလာကြပြီး စိတ်မသက်မသာဖြင့် လျှောက်ထားကြသည်။ ဤတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် 'ယခု သာသနာ့ဒါယကာကြီး၏သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်မသက်သာမှုများနေရာဝယ် ပီတိသောမနဿများဖြင့် ငါအစားထိုးပေးမည်'ဟု ကြံစည်လိုက်ပြီးနောက် 'သာသနာ့မယ်တော်ကြီးနှင့် လောကုတ္တရာခမည်းတော်၊ မယ်တော်ကြီးများ ဦးပဥ္စင်းကို ပြုစုစောင့်ရှောက်ခဲ့တဲ့ကျေးဇူးများကို အနည်းဆုံး ဝိနယဓရ ဘွဲ့တံဆိပ်ဖြင့် ကျေးဇူးဆပ်ပါမည်။ ကျန်းမာရေးကောင်းမွန်လျှင် တိပိဋကဓရအဖြစ်ဖြင့်ပင် ကျေးဇူးဆပ်ရန်ရည်ရွယ်ထားပါသည်'ဟု ဝန်ခံကတိစကား ရဲရင့်စွာမိန့်ကြားခဲ့သည်။

၁၃၁၁ (၁၉၄၉-၅၀)-ခုနှစ်

မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် ဒုတိယအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ဝင်ရောက်ရန်ကြိုးစားခဲ့သော်လည်း ပရိဝါပါဠိတော်၌ စိတ်တိုင်းကျ မကြေညက်သေးသဖြင့် မဝင်ရောက်ဘဲ နေခဲ့သည်။ ထိုဒုတိယအကြိမ်စာမေးပွဲတွင် ရန်ကုန်မြို့ ဗဟန်းရပ် ညောင်တုန်းကျောင်းတိုက်မှ အရှင်ပညာသာရသည် ဝိနည်းငါးကျမ်းကို ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်၍ တိပိဋကဓရစာမေးပွဲတွင် ပထမဆုံးအောင်မြင်သူအဖြစ် မှတ်တမ်းဝင်သွားသည်။ ထို့ပြင်မက အရှင်ပညာသာရသည် တိပိဋကဓရစာမေးပွဲကြီးကို အသက်ဆက်ပေးခဲ့သူလည်းဖြစ်သည်။

၁၃၁၂ (၁၉၅၀-၅၁)-ခုနှစ်

မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် တတိယအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ဝိနည်းငါးကျမ်းကို ဝင်ရောက်ပြန်ဆိုရာ ကျကျနန ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့သဖြင့် အထောက်လွတ် သန့်ရှင်းပီပြင်စွာ ပြန်ဆိုနိုင်သည်။ သဘောရေးဖြေအပိုင်းတွင်လည်း အမှတ်-၁၀၀ ပေးသောမေးခွန်းများ၌ ဘာသာရပ်တိုင်း ၈၅-မှတ်အထက်ရရှိ၍ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ပရိဝါကျမ်း၌မူ အမှတ်-၁၀၀ အပြည့်ရတော်မူသည်။

ဝိနယပိဋက ဝိနည်းငါးကျမ်းလုံးကို အာဂုံရောရေးဖြေပါ ဂုဏ်ထူးဖြင့်အောင်မြင်တော်မူ၍ 'ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ'ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်၊ ရထား၊ သင်္ဘောအထက်တန်း၌ တပည့်တစ်ဦးနှင့်အတူ အခမဲ့စီးနင်းခွင့် ခရီးသွားလက်မှတ်၊ လစဉ် ဆွမ်းဆန်တော်တို့ကို အလှူခံရရှိတော်မူသည်။

၁၃၁၃ (၁၉၅၁-၅၂)-ခုနှစ်

မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် စတုတ္ထအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်းကို ဝင်ရောက်ဖြေဆိုရာ အာဂုံ,ရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးဖြင့်ပင်အောင်မြင်၍ အသိအမှတ်ပြုလက်မှတ်ကို ခံယူရရှိတော်မူသည်။

သဘောရေးဖြေတွင် ဘာသာရပ်တူ အခြားဖြေဆိုသူရှိသော ဝိနည်းပိဋက၌ လက်ရေးဖြင့်ရေးသားဖြေဆိုခဲ့သော်လည်း ဘာသာရပ်တူ ဖြေဆိုသူမရှိသော အဘိဓမ္မာပိဋက၌ကား လက်နှိပ်စက်ဖြင့်ရိုက်နှိပ်၍ ဖြေဆိုတော်မူခဲ့သည်။

၁၃၁၄ (၁၉၅၂-၅၃)-ခုနှစ်

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပဥ္စမအကြိမ်မြောက် တိပိဋကရေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို ဝင်ရောက်ဖြေဆိုရာ အာဂုံ,ရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးဖြင့်ပင် အောင်မြင်သည်။ အဘိဓမ္မာပိဋကတစ်ခုလုံး ဂုဏ်ထူးဖြင့်အောင်မြင်သွားပြီဖြစ်၍ 'ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ'ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်နှင့် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူသည်။

၁၃၁၅ (၁၉၅၃-၅၄)-ခုနှစ်

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌမအကြိမ်မြောက် တိပိဋကရေးချယ်ရေးစာမေးပွဲတွင် သုတ္တန်ပိဋက ဒီဃနိကာယ်သုံးကျမ်းကို ဝင်ရောက်ဖြေဆိုရာ အာဂုံ,ရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးဖြင့်ပင်အောင်မြင်တော်မူသည်။ အောင်မြင်၍ 'ဝိသိဋ္ဌ-ဒီဃဘာဏက ဒီဃနိကာယကောဝိဒ'ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူသည်။

တိပိဋကဓရပေါ်ထွက်လာပြီ။ ပိဋကတ်သုံးပုံလုံးကို အရှင်ဝိစိတ္တသာရာဘိဝံသ ဂုဏ်ထူးများဖြင့်ချည်း ပြီးစီးအောင်မြင်ခဲ့လေပြီ။ သာသနာတော်ကြီးနှင့် နိုင်ငံသူနိုင်ငံသားတို့၏ ဘုန်းကံကြောင့် ဒုတိယအင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ပြည်ထောင်စုခေတ် ခေတ်အဆက်ဆက် မပေါ်ထွက်ခဲ့သည့် တိပိဋကဓရ ပုဂ္ဂိုလ်ထူး ပေါ်ထွက်လာခဲ့လေပြီ။ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် နှစ်သက်ဝမ်းမြောက်ကြရသည်။ မြန်မာကိုအထင်သေးသည့် နိုင်ငံခြားသားတို့အပေါ် မြန်မာတို့ ကောင်းကောင်းမော်ကြွား အနိုင်ယူနိုင်ပေပြီ။ 'တိုင်း၍ရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အခန့်သင့်'ဆိုသလိုပင် အချိန်အခါအနေဖြင့်လည်း ဆဋ္ဌသင်္ဂါယနာတင်ခါနီး သာသနာ ၂၅၀၀-ပြည့်ခါနီး အချိန်ကိုက် ဖြစ်နေပေပြီ။

ပိဋကတ်သုံးပုံလုံးကို အာဂုံရော, သဘောရေးဖြေပါ ဂုဏ်ထူးဖြင့်အောင်မြင်တော်မူ၍ 'ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ' ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ ကုန်း,ရေ,လေသုံးဌာန နောက်ပါတပည့်နှစ်ဦးနှင့်အတူ အခမဲ့ အထက်တန်းခရီးသွားလက်မှတ်များ၊ လစဉ် ဆွမ်းဆန်တော်-၃၁ဝ (၁၉၅၄-ခုနှစ် မြန်မာငွေတန်ဖိုး အလွန်မြင့်မားနေချိန်က လှူဒါန်းခြင်းဖြစ်ပါသည်။ ယခုခေတ်ငွေတန်ဖိုးအရဆိုလျှင် သုံးသိန်းကျော်ခန့်ရှိပါလိမ့်မည်)နှင့် အဆောင်အယောင်များကို အလှူခံရရှိတော်မူခဲ့သည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက။ နိုင်ငံတော်အစိုးရကလည်း ၁၃၁၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်၊ ၁၃-၂-၅၄-ရက်၊ စနေနေ့တွင် တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား သမ္မတအိမ်တော်၌ ဂုဏ်ပြုပူဇော်ပွဲ ခမ်းနားစွာဆင်ယင်ကျင်းပပူဇော်ပြီး 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဆရာတော်တစ်ပါး၏ အဆောင်အယောင် အမှတ်အသားဖြစ်သော 'ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' စာတန်းရေးထွင်းထားသည့် ဆင်စွယ်ယပ်ဝန်းတော်တို့ကို နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဦးဘဦးကိုယ်တိုင် ဆက်ကပ်လှူဒါန်းသည်။ ထို့ကြောင့် ဤနေ့ကို 'တိပိဋကဓရနေ့'-ဟု သတ်မှတ်ခဲ့သည်။

၁၃၁၆ (၁၉၅၄-၅၅)-ခုနှစ်

ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ထေရဝါဒငါးနိုင်ငံမှ သံဃာတော် ၂၆၁၇-ပါးတို့စုပေါင်းကာ ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ဆင်ယင်ကျင်းပပြုလုပ်ခဲ့ကြသည်။ ပါဠိတော်သန္နိပါတ ငါးကြိမ်, အဋ္ဌကထာသန္နိပါတ လေးကြိမ်, ဋီကာသန္နိပါတ နှစ်ကြိမ် ပြုလုပ်ခဲ့ကြသည်။

ဆဋ္ဌသင်္ဂါယနာသဘင်တွင် မေးခန်း,ဖြေခန်းလည်းပါဝင်ရာ အမေးတာဝန်ကျ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် မေးတော်မူသမျှသော ပိဋကတ်သုံးဖြာဆိုင်ရာ ခက်ခဲနက်နဲလှသည့် မေးခွန်းပုစ္ဆာတို့ကို မင်းကွန်းတိပိဋကဓရ ဆရာတော်က ပါဠိ-မြန်မာနှစ်ဘာသာဖြင့် ဖြေကြားတော်မူခဲ့သည်။ အာဏာသံပါ၍ စူးရှထက်မြက်သော မဟာစည်ဆရာတော်၏အသံတော်နှင့် မေတ္တာကရုဏာသံပါပြီး ဩဇာပြည့်ဝသည့် မင်းကွန်းဆရာတော်တို့၏အသံတော်တို့မှာ ကြားနာရသူတို့အဖို့ တစ်သက်မမေ့စရာပင်ဖြစ်တော့၏။ မင်းကွန်းဆရာတော်၏အသံတော်မှာ ကြည်လင်သာယာလွန်းပြီး ရွတ်ပုံဖတ်ပုံဖြေကြားပုံ

မှာလည်း အပိုလိုမရှိ ကွက်တိဖြစ်နေသဖြင့် နားထောင်နာယူရသူတို့မှာ နာယူ၍မဝနိုင်အောင်ဖြစ်ကြရသည်။ ဆရာတော်၏ ဖြေကြားတော်မူပုံတို့မှာ တွေ့မြင်ကြားနာရသူ ရဟန်းရှင်လူအပေါင်းတို့မှာ တအံ့တသြ ငေးမော၍ကြည့်ကြရသည်။ ပြည်တွင်း-ပြည်ပ ရဟန်းပညာရှိ, လူပညာရှိအပေါင်းက သောင်းသောင်းဖြဖြ ဂုဏ်ပြုချီးမွမ်းခဲ့ကြသည်။

၁၃၁၇ (၁၉၅၅-၅၆)-ခုနှစ်

မင်းကွန်းတိပိဋကဓရဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးတွင် အဖြေပုဂ္ဂိုလ်အဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်တော်မူသည်။

၁၃၁၈ (၁၉၅၆-၅၇)-ခုနှစ်

၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့က စတင်ကျင်းပလာခဲ့သော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးသည် ၁၃၁၈-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးသွားသည်။ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်ဆိုသည်မှာ ပါဠိတော်ကြီးများအားလုံး သင်္ဂါယနာတင်ပြီးသွားသည်ကို ဆိုလိုသည်။

ပါဠိတော်သင်္ဂါယနာတင်မှုကိစ္စ ပြီးစီးပြီးနောက် ၁၃၁၈-ခုနှစ်၊ ကဆုန်လဆန်း ၁၂-ရက်နေ့မှ လပြည့်ကျော် ၃-ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာအောင်ပွဲနှင့် သာသနာ ၂၅၀၀-ပြည့် ပူဇော်ပွဲတို့ကို ခမ်းနားစွာကျင်းပခဲ့သည်။

၁၃၁၈-ခုနှစ်၊ နတ်တော်လဆုတ် ၉-ရက်နေ့တွင် အဋ္ဌကထာများ သင်္ဂါယနာတင်မှုအဖြစ် အဋ္ဌကထာပထမသန္နိပါတကို စတင်ကျင်းပသည်။

၁၃၁၉ (၁၉၅၇-၅၈)-ခုနှစ်

အဋ္ဌကထာများသင်္ဂါယနာတင်မှုအဖြစ် အဋ္ဌကထာဒုတိယသန္နိပါတကို ကျင်းပသည်။

၁၃၂၀ (၁၉၅၈-၅၉)-ခုနှစ်

အဋ္ဌကထာများ သင်္ဂါယနာတင်မှုအဖြစ် အဋ္ဌကထာတတိယသန္နိပါတကို ကျင်းပသည်။

၁၃၂၁ (၁၉၅၉-၆၀)-ခုနှစ်

အဋ္ဌကထာများ သင်္ဂါယနာတင်မှုအဖြစ် အဋ္ဌကထာစတုတ္ထသန္နိပါတကို ကျင်းပသည်။

၁၃၂၂ (၁၉၆၀-၆၁)-ခုနှစ်

ဋီကာများသင်္ဂါယနာတင်မှုအဖြစ် ဋီကာပထမသန္နိပါတကို ကျင်းပသည်။

သင်္ဂါယနာကိစ္စများပြီးခါနီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက မင်းကွန်းဆရာတော်အား မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုပေးတော်မူပါရန် တောင်းပန်လျှောက်ထားသည်။ ဝန်ကြီးချုပ်သည် ၁၃၁၃-ခုနှစ်နှင့် ၁၃၁၅-ခုနှစ်တို့တုန်းကလည်း လျှောက်ထားခဲ့သေးသည်။ သို့သော် ထိုစဉ်က မင်းကွန်းဆရာတော်သည် တိပိဋကဖြေဆိုနေဆဲ၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာများသုတ်သင်နေဆဲဖြစ်၍ လက်မခံနိုင်ခဲ့သေးသောကြောင့် ယခု တတိယအကြိမ်မြောက် တောင်းပန်လျှောက်ထားရခြင်း ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်းပန်လျှောက်ထားချက်အရ မင်းကွန်းဆရာတော်သည် ၁၃၂၂-ခုနှစ်တွင် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို စတင်ပြုစုရေးသားတော်မူသည်။

၁၃၂၃ (၁၉၆၁-၆၂)-ခုနှစ်

ဋီကာသင်္ဂါယနာတင်မှုအဖြစ် ဋီကာဒုတိယသန္နိပါတကိုကျင်းပသည်။ ၁၃၂၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်၊ ၁၆-၂-၆၂ ရက်တွင် ဋီကာဒုတိယသန္နိပါတပြီးဆုံး၍ ဆဋ္ဌသင်္ဂါယနာနှင့်သက်ဆိုင်သော ကိစ္စအဝဝအားလုံး ပြီးစီးသွားသည်။ မင်းကွန်းဆရာတော်ကား မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဆက်လက်ပြုစုတော်မူသည်။

၁၃၂၃-ခုနှစ်၊ နတ်တော်လဆန်း ၁၁-ရက်၊ ၁၈-၁၂-၆၁-ရက်တွင် မင်းကွန်းဆရာတော်ကြီး၏မိခင် မယ်တော်ကြီး ဒေါ်ဆင် (၁၂၄၉-၁၃၂၃) ကွယ်လွန်သွားသည်။

၁၃၂၄-၃၀ (၁၉၆၂-၆၉)-ခုနှစ်

မင်းကွန်းဆရာတော်ကြီးသည် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုရေးသားနေရင်း စာချ, တရားဟော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူနေသည်။

၁၃၂၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်၊ ၁၂-၂-၆၇-ရက်တွင် မင်းကွန်းတိပိဋကဓရဆရာတော်၏ ရဟန်းဒါယကာ သတိုးသီရိသုဓမ္မ သူဌေးကြီးဆာဦးသွင် (၁၂၄၀-၁၃၂၇) ကွယ်လွန်သွားသည်။

၁၃၃၁ (၁၉၆၉-၇၀)-ခုနှစ်

မင်းကွန်းဆရာတော်ကြီးသည် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုရေးသားနေရင်း စာချ, တရားဟော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူနေရာ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုရေးသား၍ပြီးစီးသွားသည်။ ဆဋ္ဌသင်္ဂါယနာ၏ အထိမ်းအမှတ်အဖြစ်ဖြင့် အတွဲခြောက်တွဲ၊ မဂ္ဂင်ရှစ်ပါးအထိမ်းအမှတ်အဖြစ်ဖြင့် စာအုပ်ရှစ်အုပ်၊ မြတ်ဗုဒ္ဓ၏ဝါတော် ၄၅-ဝါအထိမ်းအမှတ်အဖြစ် အခန်းပေါင်း ၄၅-ခန်းတို့ကို ကိုယ်တော်တိုင်လက်နှိပ်စက်ရိုက်၍ ကိုးနှစ်ကျော်ကြာမျှ ရေးသားစီရင်တော်မူခဲ့ရသည်။ သင်္ဂါယနာခြောက်တန်တင် ပိဋကတ်ကျမ်းဂန်များထဲမှ အကြောင်းအရာများကိုသာ ချောမွေ့ပြေပြစ်သော စကားအသုံးအနှုန်းဖြင့် အပိုအလိုမရှိ တိတိကျကျရေးသားပြုစုထားသဖြင့် ပညာရှိများ ပမာဏထား၍ လေးစားကိုးကားရသော ကျမ်းကြီးကျမ်းခိုင်တစ်ဆူဖြစ်ပေသည်။

၁၃၃၂-၃၉ (၁၉၇၀-၇၈)-ခုနှစ်

ဆဋ္ဌသင်္ဂါယနာနှင့် ဆက်စပ်သည့်ကိစ္စများ အားလုံးပြီးစီးသွားချိန်တွင် ဆရာတော်သည် မိမိသီတင်းသုံးရာ ဓမ္မနာဒ ကျောင်းတိုက်ရှိ စာသင်သားသံဃာတော်အပါး ၁၂၀-ကျော်တို့အား နေ့စဉ် စာဝါများပို့ချသင်ကြားပေးတော်မူသည့်အပြင် အနယ်နယ်အရပ်ရပ်သို့ ဓမ္မဒေသနာခရီးကြွချီတော်မူ၍ ပါဠိတော်ဟောစဉ်တရားတော်များကိုဟောကြားကာ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သည်။

၁၃၃၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆-ရက်၊ ၁၂-၈-၇၁ ရက်တွင် ဆရာတော်၏မွေးစားမိခင် ကျေးဇူးရှင်ကြီးဖြစ်သူ ဆရာကြီးဒေါ်ဓမ္မစာရီ (၁၂၄၀-၁၃၃၃) ကွယ်လွန်သွားသည်။

၁၃၄၀ (၁၉၇၈-၇၉)-ခုနှစ်

မင်းကွန်းဆရာတော်ကြီးသည် စာချ,တရားဟော သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေရင်း ၁၃၄၀-ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀-ရက်၊ (မြန်မာနှစ်ဆန်း ၁-ရက်)နေ့တွင် ယခင်ကရှိခဲ့ပြီးသော မိုးမိတ်စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေးအဖွဲ့ကို 'တိပိဋက-နိကာယသာသနာပြုအဖွဲ့'ဟု ပြောင်းလဲဖွဲ့စည်းတော်မူလိုက်သည်။

ဖွဲ့စည်းရခြင်းအကြောင်းကား ၁၃၁၅-ခုနှစ်က တိပိဋကဓရဘွဲ့ရတော်မူခဲ့သော မင်းကွန်းဆရာတော်ဘုရားသည် ၁၃၄၀-ပြည့်နှစ်ရောက်သောအခါ တိပိဋကဓရသက်တမ်း ၂၅-နှစ်ပြည့်၍ ငွေရတုကာလသို့ ရောက်လာသည်။ ဤအချိန်သည် နိုင်ငံတော်၌ တိပိဋကဓရဆရာတော်လေးပါး ပေါ်ပေါက်ခဲ့ပြီးဖြစ်၍ တိပိဋကဓရလေးပါးပူဇော်ပွဲများကို နိုင်ငံအနှံ့ ကျင်းပနေကြချိန်လည်းဖြစ်သည်။ 'တိုင်းသူပြည်သူတို့၏ သဒ္ဓါတရားနှင့်နှိုင်းစာလိုက်လျှင် တိပိဋကဓရအရေအတွက်က နည်းလွန်းလှသေးသည်'ဟု တွေးမိသော မင်းကွန်းဆရာတော်ကြီးသည် 'နိုင်ငံတော်မှာ မိမိလို တိပိဋကဓရအရှင်မြတ်တွေ အများအပြားပေါ်ထွက်လာအောင် ဖော်ထုတ်ပေးရလျှင်၊ ဤသို့ဖော်ထုတ်ပေးနိုင်အောင် မိုးမိတ်ကုန်းမြေ၌ တိပိဋက-နိကာယ ကျောင်းတိုက်ဟူသော ကျောင်းတိုက်ကြီးတစ်ခု တည်ထောင်ဖွင့်လှစ်ရလျှင် ကောင်းမှာပဲ'ဟု အကြံရတော်မူသည်နှင့် ကျောင်းတိုက်တည်ထောင်သည့်အခါ အဆင်သင့်ဖြစ်နေစေရန် 'တိပိဋက-နိကာယသာသနာပြုအဖွဲ့'ကို ကြိုတင်ဖွဲ့စည်း တော်မူလိုက်ခြင်း ဖြစ်သည်။

၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်၊ ၉-၇-၁၉၇၈ ရက်၊ တနင်္ဂနွေနေ့တွင် 'အောင်'အတိတ်နိမိတ်ကိုယူ၍ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋက-နိကာယကျောင်းတိုက်ကြီးကို စတင်တည်ထောင်ဖန်ဆင်းတော်မူသည်။ မိမိအား နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများ လှူဒါန်းထားသည့် လစဉ်ဆွမ်းဆန်တော် နဝကမ္မနှင့် ဒါနဝတ္ထုများကို အခြေခံ၍ စေတနာရှင် ဒကာဒကာမများ၏ ပူးပေါင်းပံ့ပိုးမှုအင်အားဖြင့် တည်ထောင်တော်မူခဲ့ခြင်းဖြစ်သည်။

ကျောင်းတိုက်တည်ထောင်ပြီးနောက် အနယ်နယ်အရပ်ရပ်မှ တိပိဋကဓရလောင်းလျာ သံဃာတော်များကို ပင့်ဆောင်ကာ တိပိဋကစာပေများကို စိတ်အေးချမ်းသာစွာ ကျက်မှတ်လေ့လာနိုင်အောင် ဆောင်ရွက်ပေးတော်မူသည်။ ကြိုတင်ဖွဲ့စည်းထားပြီးဖြစ်သည့် တိပိဋက-နိကာယသာသနာပြုအဖွဲ့က အရှင်မြတ်များအား အနီးကပ်ပြုစုစောင့်ရှောက်သည်။ ထိုကဲ့သို့ အနီးကပ်ပြုစုစောင့်ရှောက်ပေးရသဖြင့် နောင်အခါ၌ 'တိပိဋက-နိကာယသာသနာပြုအဖွဲ့'ကို 'တိပိဋက-နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့'ဟု ဆရာတော်က နာမည်ပြောင်းပေးတော်မူသည်။ (ဥပဋ္ဌာက-ဟူသည် အနီးကပ်ပြုစုလုပ်ကျွေးသူ)။

ရောက်ရှိလာသော တိပိဋကစာသင်သားများသည် 'နေ့စဉ် ညနေ အချက်ပေးသံချောင်းတီးခတ်လျှင် ဘုရားဝတ်တက်ကြမည်'စသည့် ကတိကဝတ်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲသတ်မှတ်ကြသည်။ ဆရာတော်၏စေတနာကို နားလည်ကြသူများဖြစ်ရာ ကျောင်းတိုက်စည်းကမ်းကြောင့် မလုပ်ချင့်လုပ်ချင် လုပ်ရသလိုမျိုးမဖြစ်အောင် မိမိတို့ကိုယ်တိုင်ပင် ညှိနှိုင်းတိုင်ပင်၍ ကတိကဝတ်ထားကာ ကိုယ့်အသိတရားနှင့်ကိုယ် လိုက်နာခဲ့ကြသည်မှာ ဤကျောင်းတိုက်ကြီး၏ ထူးခြားချက် ဖြစ်ပေသည်။ ရှေးရှေးက ဥရုဝေလတောင်မှ ရသေ့ကြီးများကဲ့သို့ပေတည်း။

နိုင်ငံတော်အစိုးရသည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၂၃-ခုနှစ်၌ ဆက်ကပ်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာ မဆက်ကပ်ဘဲနေခဲ့ရာမှ ၁၃၄၀-ပြည့်နှစ်တွင် ပြန်လည်ဆက်ကပ်ရာ ပထမဆုံးဆက်ကပ်သည့် ၁၃၄၀-ပြည့်နှစ်တွင် မင်းကွန်းဆရာတော်ကြီးသည် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ သာသနာတော်၌ ထင်ရှားကျော်ကြားသော ပညာရှိကြီးများအား အင်္ဂလိပ်အစိုးရလက်ထက် ၁၂၇၆-ခုနှစ်မှစ၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် ဆက်ကပ်လှူဒါန်းခဲ့ရာ မင်းကွန်းဆရာတော်ကြီးသည် ၂၁၃-ပါးမြောက် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဖြစ်သည်။

၁၃၄၁ (၁၉၇၉-၈၀)-ခုနှစ်

မင်းကွန်းဆရာတော်ကြီးသည် ဓမ္မနာဒကျောင်းတိုက်နှင့် တိပိဋက-နိကာယကျောင်းတိုက်တို့မှ သံဃာတော်များကို အုပ်ချုပ်ကာ စာပေပို့ချ, တရားဟော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် ဆရာတော်ကြီး ၆၆-ပါးကို သံဃာတော်များ၏ဆန္ဒဖြင့် သမ္မုတိပေး ရွေးချယ်တင်မြှောက်ပြီးနောက် ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁-ရက်နေ့တွင် 'သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့'အဖြစ် ဖွဲ့စည်းလိုက်ရာ မင်းကွန်းဆရာတော်ကြီးသည် ထိုအဖွဲ့တွင် အဖွဲ့ဝင်တစ်ပါးအဖြစ် ပါဝင်ခဲ့သည်။

၁၃၄၂ (၁၉၈၀-၈၁)-ခုနှစ်

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်မှ ၁၄-ရက်၊ ၂၄-၅-၈၀ ရက်မှ ၂၇-၅-၈၀ ရက်အထိ လေးရက်တိုင်တိုင်ကျင်းပပြုလုပ်ရာ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈-ပါးကြွရောက်တော်မူသည်။ ထိုအစည်းအဝေးကြီး၌ မင်းကွန်းဆရာတော်ကြီးသည် နိုင်ငံတော်သံဃာ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသဖြင့်၊ မူလတာဝန်များအပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်များကိုပါ အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူသည်။

၁၃၄၃ (၁၉၈၁-၈၂)-ခုနှစ်

ဆရာတော်ကြီးသည် မင်းကွန်းတိ-နိကျောင်းတိုက်မှ သံဃာတော်များ တိပိဋကဓရစာမေးပွဲ, နိကာယ်စာမေးပွဲများ ဖြေဆိုရန်နှင့် ဆုနှင်းသဘင်ပွဲများ တက်ရောက်ရန် ရန်ကုန်မြို့သို့ ကြွရောက်လာကြချိန်ဝယ် ချမ်းချမ်းသာသာ တည်းခို သီတင်းသုံးနိုင်ရန် ၁၃၄၃-ခုနှစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် နယူးလင့်လမ်း (ယခု စကားဝါလမ်း)၌ တိပိဋကကျောင်းတော်ကို တည်ထောင်တော်မူသည်။

၁၃၄၄ (၁၉၈၂-၈၃)-ခုနှစ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် မင်းကွန်းဆရာတော်ကြီးဦးဆောင်သော တိ-နိသာသနာပြုဥပဋ္ဌာကအဖွဲ့အား တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်လာသည်။

တက္ကသိုလ်ကြီးများတည်ဆောက်ရန် နိုင်ငံတော်အစိုးရအားတာဝန်ပေးလျှင် နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်မည်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရမှာ သားသမီးများသောမိဘသဖွယ်ဖြစ်၍ 'ဗုဒ္ဓဘာသာအတွက် တက္ကသိုလ်ကြီးများတည်ဆောက်ပေးလျှင် မိမိတို့အတွက်လည်း တက္ကသိုလ်ကြီးများ တည်ဆောက်ပေးပါ'ဟု ဘာသာခြားများက တောင်းဆိုလာနိုင်ကြောင်း၊ ထိုသို့ တောင်းဆိုလာလျှင် နိုင်ငံတော်အစိုးရမှာ စိတ်ဆင်းရဲရမည်ဖြစ်ကြောင်း၊ သို့အတွက် တက္ကသိုလ်ကြီးများတည်ဆောက်ရေးကို အစိုးရအား တာဝန်မပေးရန် မင်းကွန်းဆရာတော်ဘုရားက သုံးသပ်တင်ပြသည်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလက်ခံပြီးလျှင် 'အစိုးရအား တာဝန်မပေးစေလိုပါက မင်းကွန်းဆရာတော်ကြီးဦးဆောင်သော တိ-နိသာသနာပြုအဖွဲ့ကပင် တာဝန်ယူပါ'ဟု တာဝန်ပေးအပ်လာရာ ဆရာတော်ကြီးက ဝမ်းမြောက်ဝမ်းသာလက်ခံတော်မူသည်။ 'မိမိခေါင်းပေါ်သို့ ရေချမ်းအိုးကြီးတင်ပေးလိုက်သည်ဟု မှတ်ထင်မိကြောင်း' မိန့်ကြားတော်မူသည်။

ထိုသို့လက်ခံပြီးနောက် ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာဝင်များအားလုံး ကျောင်းဒကာကျောင်းအမဖြစ်ရေးအတွက် မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်သို့ ရထားတစ်တန်၊ ကားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် အလှူခံကြွရောက်တော်မူရာ ဒကာဒကာမများက ဝမ်းမြောက်ဝမ်းသာ သဒ္ဓါထက်ငါ အလုအယက်လှူဒါန်းကြသည်။ ဤအချိန်မျိုး၌ ဆရာတော်ဘုရား၏ ထူးခြားသောဘုန်းကံတော်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။

၁၃၄၅ (၁၉၈၃-၈၄)-ခုနှစ်

၁၃၄၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်နေ့တွင် မင်းကွန်းဆရာတော်ဘုရား၏ အဓိကသာသနာပြုဖော်ဖြစ်သော မင်းကွန်းဓမ္မနာဒတိုက်အုပ်ဆရာတော် သကျသီဟဓမ္မာစရိယနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဥက္ကံသာဘိဝံသ (၁၂၇၈- ၁၃၄၅) ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်။

မင်းကွန်းဆရာတော်ဘုရားသည် ဤနှစ်တွင် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့ဆံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည်။ ဆက်ကပ်ခံရချိန်တွင် သက်တော်မှာ ၇၂-နှစ်သာရှိသေးရာ အဘိဓဇဆရာတော်ကြီးများအနက် သက်တော်အငယ်ဆုံး အဘိဓဇ ဆရာတော်ဖြစ်တော်မူသည်။ ၁၃၁၅-ခုနှစ်မှစ၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရပြီးသော် ကျမ်းစာများရေးသားပြုစုကာ နိုင်ငံတော်တစ်လွှား၌ အထူးသဖြင့် ကျော်ကြားထင်ရှား၍ တစ်နိုင်ငံလုံး၏လေးစားကြည်ညိုမှုကိုခံတော်မူရသော သာသနာ့ ထိပ်ခေါင်တင် ဆရာတော်ကြီးများအား 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ မင်းကွန်းဆရာတော်ကြီးသည် အပါး ၂၀-မြောက် အဘိဓဇဆရာတော်ကြီးဖြစ်တော်မူသည်။

၁၃၄၆-၄၉ (၁၉၈၄-၈၇)-ခုနှစ်

ဆရာတော်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးသို့ လှည့်လည်အလှူခံ ရေစက်ချတရားဟော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

တက္ကသိုလ်ကြီးများဖွင့်လှစ်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ကို ၁၉၈၆-ခုနှစ်၊ ဇွန်လ ၂၃-ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကို ၁၉၈၆-ခုနှစ်၊ ဩဂုတ်လ ၂၁-ရက်နေ့တွင်လည်းကောင်း စတင်ဖွင့်လှစ်သည်။ တက္ကသိုလ်အဆောက်အအုံများကို မင်းကွန်းဆရာတော်ကြီးဦးဆောင်သော တိ-နိသာသနာပြုအဖွဲ့က ဒကာဒကာမများလှူဒါန်းသော ဝတ္ထုငွေများဖြင့် တက္ကသိုလ်အင်္ဂါရပ်များနှင့်အညီ ဂုဏ်နှင့်ဒြပ်ဟပ်မိအောင် ခမ်းနားထည်ဝါစွာတည်ဆောက်ခဲ့ရာ အဆောက်အအုံအားလုံး ဆောက်လုပ်၍မပြီးသေးသော်လည်း ဖွင့်လှစ်၍ရနိုင်လောက်သော အနေအထားရှိလာပြီဖြစ်သဖြင့် ယခုကဲ့သို့ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

စိန်ရတုပူဇော်ပွဲ။ ၁၃၄၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ (မွေးနေ့၊မွေးရက်တိုက်ဆိုင်နေသည်)တွင် ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅-နှစ်ပြည့်၍ စိန်ရတုဝိဇာတပူဇာ

မင်္ဂလာပွဲတော်ကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေနှင့် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြသည်။ ရန်ကုန်တွင် တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့မှ ၈-ရက်နေ့အထိလည်းကောင်း၊ မင်းကွန်းတွင် တန်ဆောင်မုန်း လဆန်း ၈-ရက်နေ့မှ ၁၁-ရက်နေ့အထိလည်းကောင်း ကြံတောင့်ကြံခဲ စိန်ရတုမွေးနေ့ပွဲကြီးကို အားပါးတရ ပျော်ပျော်ပါးပါး တခမ်းတနားဆင်နွှဲပူဇော်ကြသည်။

ဆရာတော်ဘုရား၏ စိန်ရတုမွေးနေ့ပွဲတော်ကျင်းပသည်။ အချိန်အခါ၌ တပည့်သံဃာ ဒကာဒကာမများ၏ အကျဉ်းချုပ်တောင်းဆုကား- 'ဝဇိရံဝ ဝိသိဋ္ဌောယံ၊ စိရာဘံ ဒေတု ဘူတလေ•စိန်ရတနာအသွင် ထူးခြားလှသော ဤဝိသိဋ္ဌအရှင်သည် မြေပထဗျာတခွင်၌ အရောင်အလင်းကို ကြာမြင့်စွာပေးတော်မူနိုင်ပါစေသတည်း'-ဟူ၍ဖြစ်သည်။

၁၃၄၉ (၁၉၈၇-၈၈)-ခုနှစ်

ဓမ္မနာဒကျောင်းတိုက်နှင့် တိပိဋက•နိကာယကျောင်းတိုက်တို့ကိုအုပ်ချုပ်ရင်း သာသနာ့တက္ကသိုလ်ကြီးများအတွက် လှည့်လည်အလှူခံ ရေစက်ချတရားဟော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း။ သာသနာတော်ဝယ် အဆင့်မြင့်ကျောင်းထိုင်ဘုန်းတော်ကြီးများ ပေါ်ထွက်လာစေရေးအတွက် ပြည်နယ်, တိုင်းမြို့တော်များ၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ စီမံချက်အရ ဆရာတော်ကြီးသည် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖြစ်မြောက်လာအောင် ဆောင်ရွက်ပေးတော်မူသည်။ ထို့ပြင် မန္တလေးမြို့၌ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတော်ကြီးတည်ဆောက်၍ အစစအရာရာ ထောက်ပံ့ဖြည့်ဆည်းပေးကာ တက်ရောက်ကုသသူ ရဟန်း ရှင်လူတို့အား ဇီဝိတဒါနပြုတော်မူသည်။

၁၃၅၀ (၁၉၈၈-၈၉)-ခုနှစ်

၁၉၈၈-ခုနှစ် အရေးအခင်းကြီးဖြစ်ပွားချိန်တွင် အစိုးရဘက်ကရော ဒီမိုကရေစီအင်အားစုများဘက် မည်သည့်ဘက်ကမှမပါဝင်ဘဲ ပြည်သူ့ဆရာပီသစွာ နေတော်မူခဲ့သည်။ သတ္တဝါများသန္တာန်၌ တဟုန်းဟုန်းတောက်လောင်နေသော လောဘ, ဒေါသ, မောဟမီးများ ငြိမ်းအေးသွားစေရန် စူးစူးစိုက်စိုက်မေတ္တာပွားရင်း မေတ္တာဘာဝနာတရားကို ဟောကြားပေးတော်မူသည်။

၁၃၅၁ (၁၉၈၉-၉၀)-ခုနှစ်

မင်းကွန်းဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုးရှိ စေတီပုထိုးများ, မြင်းခြံမြို့နယ်ရှိ စေတီပုထိုးများ, အခြား နယ်မြေရှိ ပြုပြင်သင့်သည့် စေတီပုထိုးများကို ပြုပြင်မွမ်းမံခြင်း၊ ဇာတိရပ်ရွာ ကျည်းပင်ကျောင်းအပါအဝင် ပြုပြင်သင့်သည့် ဘုန်းတော်ကြီးကျောင်းများကို ပြုပြင်ဆောက်လုပ်ပေးခြင်း၊ သိမ်, ဓမ္မာရုံ, ဇရပ်, တန်ဆောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ မင်းကွန်းတောင်ရိုး၌ ရှင်သာမဏေစာမေးပွဲကျင်းပပေးခြင်း၊ မိဘမဲ့ တိုင်းရင်းသားကလေးငယ်များအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်၍ ရှင်ပြုပေးခြင်း၊ မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး၏ ဆွမ်းဆန်တော်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြသော သံဃာတော်များအား နှစ်စဉ် ဆွမ်းကပ်လှူဒါန်းခြင်း၊ တိပိဋကဓရစာမေးပွဲ, နိကာယ်စာမေးပွဲ, ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းစာမေးပွဲများ၏ ဖွင့်ပွဲ ဆုနှင်းသဘင်ပွဲများသို့ နှစ်စဉ် ကြွရောက်ချီးမြှောက်တော်မူခြင်း၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက•နိကာယကျောင်းတိုက်မှ တိပိဋက•နိကာယ် စာအောင် သံဃာတော်များ, ရှင်သာမဏေစာမေးပွဲအောင် သာမဏေများအား သက်နံးစသော ဒါနဝတ္ထုများဖြင့် လှူဒါန်းပူဇော်ဂုဏ်ပြုခြင်း အစရှိသောကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆည်းပူးတော်မူသည်။

လူမှုရေးအားပေးမှုများ။ မိမိ၏ဇာတိ ကျည်းပင်ရွာ, မိမိသီတင်းသုံးရာ မင်းကွန်းရွာနှင့်တကွ ထန်းမြင့်ရွာ, တလိုင်းဆင်ရွာ, ကန်ကြီးကုန်းရွာ, ပြည်တော်သာရွာ စသည်တို့၌ အခြေခံပညာမူလတန်း, အလယ်တန်း, အထက်တန်းကျောင်းများကို ပြင်ဆင်မွမ်းမံအသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ စာသင်ကျောင်းများ အဆင့်မြင့်တင်ခွင့်ရအောင် ဆောင်ရွက်ပေးခြင်း၊ လမ်း, တံတားများ တည်ဆောက်ပေးခြင်း၊ မင်းကွန်းတိုက်နယ်ဆေးရုံတွင် ပင်မဆေးပေး

ဆောင်, သံဃာဆောင်, သီလရှင်ဆောင်, ဆရာဝန် ဆရာမများနားနေဆောင်, ဝန်ထမ်းအိမ်ရာ, ဆေးရုံမုခ်ဦးများ ဆောက်လုပ်လှူဒါန်းခြင်း၊ အဆိုပါဆေးရုံသို့ တစ်နှစ်လျှင်လေးကြိမ် ဆေးမျိုးစုံလှူဒါန်းခြင်း၊ မင်းကွန်းရွာတွင် တိုင်းရင်းဆေးခန်းနှင့် သုတရောင်ခြည် စာကြည့်တိုက်, ပညာတံခွန်စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ မင်းကွန်း ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ သက်ကြီး ဘိုးဘွားများအား အာဟာရဒါန, ဓမ္မဒါနလှူဒါန်းခြင်း၊ မင်းကွန်းကျေးရွာနှင့် အနီး ပတ်ဝန်းကျင်ကျေးရွာများအတွက် လျှပ်စစ် မီးရရှိအောင်ဆောင်ရွက်ပေးခြင်း ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ဆည်းပူး တော်မူသည်။ ကလေးချစ်တတ်သော ဆရာတော်ဘုရားသည် ကလေးငယ်များအား မုန့်ဝေခြင်းလုပ်ငန်းများကိုလည်း မကြာခဏဆိုသလို ပြုလုပ်တော်မူသည်။

၁၃၅၂ (၁၉၉၀-၉၁)-ခုနှစ်

မင်းကွန်းတိပိဋက-နိကာယကျောင်းတိုက်ကြီးကို တည်ထောင်ဖွင့်လှစ်၍ သက်တမ်း ၁၂-နှစ်ရှိလာသည့် ၁၃၅၂-ခုနှစ် အရောက်တွင် ကျောင်းတိုက်ကြီးမှ ပိဋကတ်နှစ်ပုံခွဲအောင်တစ်ပါး (အရှင်ဝါယာမိန္ဒာဘိဝံသ)နှင့် ပိဋကတ်နှစ်ပုံအောင်တစ်ပါး (အရှင်သီလက္ခန္ဓာဘိဝံသ)တို့သာ ပေါ်ထွက်သေးသည်ကို အားမလိုအားမရဖြစ်တော်မူသဖြင့် 'တပည့်တော် တိပိဋကဓရအတွက် ကြိုးစားခဲ့တာ လေးနှစ်ပဲကြာတယ်၊ အခု ဒီကျောင်းတိုက်တည်ခဲ့တာ လေးနှစ်သုံးလီရှိခဲ့ပြီ ဆိုတော့ ဦးပဥ္စင်းတို့အထဲက တစ်ပါးလောက်တော့ တိပိဋကဓရဖြစ်ဖို့ကောင်းပြီ၊ ဒီမှာက ပိဋကနှစ်ပုံခွဲအောင် တစ်ပါး၊ ပိဋကနှစ်ပုံအောင် တစ်ပါးဆိုတော့ အင်မတန်နည်းလွန်းနေသေးတယ်၊ တပည့်တော် ဖခင်စိတ်နဲ့ပြောရမယ်ဆိုရင် သိပ်အားမရသေးဘူး'ဟု ပိုမိုကြိုးစားကြရေးအတွက် တပ်လှန့်စကား မိန့်ကြားတော်မူသည်။

ဤနှစ်တွင် သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနအမှုကြီး ပေါ်ပေါက်လာသည်။ ဆရာတော်ကြီးသည် ထိုပတ္တနိက္ကုဇ္ဇ ပေါ်ပေါက်လာ၍ စိတ်ဆင်းရဲရသည့်အထဲ ထိုပွဲ၌ပါဝင်ခဲ့သည့် ဆရာတော်များ နှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်ကြောင်း ကြားသိလိုက်ရသည့်အခါ ပိုမို၍စိတ်ဆင်းရဲတော်မူခဲ့ရသည်။

ဤနှစ်တွင်ပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် မင်းကွန်းသို့လာရောက်၍ ဆရာတော်ကြီးအား ရုပ်မြင်သံကြားစက်တစ်လုံးလှူဒါန်းသည်။ မအပ်စပ်သောပစ္စည်းဖြစ်၍ ဆရာတော်ကြီးက လက်မခံ၊ အတန်တန် ငြင်းပယ်သည်။ 'ရဟန်းတော်များနှင့် မအပ်စပ်ကြောင်း' ရှင်းပြသည်။ 'မဟုတ်ပါဘူးဘုရား၊ ဆရာတော်ကြီး သတင်းလေး ဘာလေး ကြည့်ရအောင်လို့ပါဘုရား'ဟု အတင်းအကျပ်လျှောက်ထားသည်။ မလှူရမနေသည့်ပုံစံဖြစ်လာသည်။ ဘယ်လိုမှ ငြင်းပယ်၍မရတော့သည့်အဆုံး၌ 'ဒကာကြီး၊ ဆရာတော်ကြီးက မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်မှာ သံဃာတွေအများကြီးရှိတယ်။ အဲဒါလည်း ဘုန်းကြီးရဲ့ကျောင်းတိုက်ပါပဲ။ အဲဒီမှာ လှူထားခဲ့ပါ'ဟု မိန့်ကြားတော်မူ လိုက်သည်။ မအပ်စပ်သောပစ္စည်းဖြစ်ပြီး လှူဒါန်းသူကလည်း အာဏာပိုင်ပုဂ္ဂိုလ်ဖြစ်နေသဖြင့် မလွှဲသာမရှောင်သာ စီမံလိုက်ရခြင်း ဖြစ်ဟန်တူသည်။

၁၃၅၃ (၁၉၉၁-၉၂)-ခုနှစ်

ဆရာတော်ဘုရားကြီး သက်တော် ၈၀-ပြည့်မည်ဖြစ်သဖြင့် ပတ္တမြားရတုဝိဇာတပူဇာပွဲ ဆင်နွှဲပူဇော်ကြမည်ဖြစ်ရာ ပတ္တမြားရတုအထိမ်းအမှတ်အဖြစ် တိ-နိကျောင်းတိုက်အတွင်းဝယ် တိပိဋက-နိကာယစာချကျောင်းတော်ဟူသော ကျောင်း တော်ကြီးကို ၁၃၅၂-ခုနှစ်ကပင်ကြိုတင်၍ ဒကာဒကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ၁၃၅၃-ခုနှစ်၊ ဝါဆို ဦးတွင် ထိုစာချကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသွားသဖြင့် ဝါဆိုလကွယ်နေ့တွင် တိ-နိသံဃာတော်များအားလုံးကို စုဝေးစေကာ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် စာဝါများပို့ချပေးမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ဆရာတော် ဘုရားကြီးနှင့်အတူ မန္တလေးမြို့မှ မြတောင်တိုက် သမ္မတစာချကျောင်းဆရာတော်, ဗန်းမော်ဆရာတော်, မစိုးရိမ်တိုက်သစ် ဦးဝိစိတ္တာဘိဝံသ, ဦးဥ ယျဓမ္မာဘိဝံသတို့ကလည်း စာဝါများ ကူညီပို့ချပေးကြမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

ဆရာတော်ဘုရားကြီးသည် သာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ရေးလုပ်ငန်းများကြောင့် စာဝါများ ရပ်နား ထားရရာမှ ၁၃၅၃-ခုနှစ်၊ ဝါခေါင်လဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့တွင် အဘိဓမ္မာဆိုင်ရာ အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာ, အနုဋီကာ စာဝါများကိုစတင်ပို့ချတော်မူသည်။ ဗန်းမော်ဆရာတော်နှင့် မစိုးရိမ်တိုက်ဦးဥ ယျဓမ္မာဘိဝံသတို့ပါ တိ-နိ

သံဃာတော်များနှင့်အတူ စာလိုက်ကြသည်။ ထိုစာဝါ၌ အရှင်သီလက္ခန္ဓာဘိဝံသက စာဆိုသူအဖြစ်ဖြင့် စာဆိုရသည်။ သက်တော် ၈၀-ပြည့်ခါနီးမှ ပို့ချတော်မူသည့် ကြုံတောင့်ကြုံခဲစာဝါပင်ဖြစ်သည်။

သက်တော် ၈၀-ပြည့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ရန်ကုန်မြို့၌ ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃,၄,၅-ရက် တို့တွင်လည်းကောင်း၊ မင်းကွန်းမိုးမိတ်ကုန်းမြေ၌ တန်ဆောင်မုန်းလဆန်း ၉,၁၀,၁၁-ရက်နေ့တို့တွင်လည်းကောင်း ကြီးကျယ် ခမ်းနားစွာ ကျင်းပပူဇော်ကြသည်။ စိန်ရတုပူဇာပွဲတုန်းကကဲ့သို့ပင် အကျဉ်းချုပ်ဆုတောင်းစကားအဖြစ် 'ပသာဒကော မဏီဝါယံ၊ စိရာဘံ ဒေတု ဘူတလေ'ဟု ရွတ်ဆိုဆုတောင်းခဲ့ကြသည်။ အဓိပ္ပာယ်မှာ- 'ရေအင်နောက်ကျူ ကြည်အောင်ပြုသား၊ လူ့မင်း တရား၊ စက္ကဝတ်ဖျား၏၊ ပဋ္ဌာန်းအသွင်၊ တို့အရှင်လည်း၊ များဖျင်စိတ်ဓာတ်၊ ကြည်စေလတ်၍၊ ဤထေရ်မြတ်လည်း၊ လောကဓာတ်အတွင်း၊ ဉာဏ်ရောင်လင်းကို၊ လွှန်မင်းရှည်ထွေ၊ ပေးပါစေသတည်း'-ဟူ၍ဖြစ်သည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက။ နိုင်ငံတော်အစိုးရသည် ၁၃၅၃-ခုနှစ်တွင် ဘွဲ့တံဆိပ်တော်အသစ်များတီထွင်၍ ဗုဒ္ဓသာသနာရောင် ထွန်းပြောင်အောင် ထူးထူးခြားခြား ရွက်ဆောင်သယ်ပိုးတော်မူကြသော သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများအား အဆင့်အမြင့်ဆုံးသာသနာပြု 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ မင်းကွန်းဆရာတော်ဘုရားကြီးသည် ပထမဆုံးနှစ်မှာပင် အဆိုပါဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ဆရာတော်ဘုရားကြီးသည် နှစ်ပါးမြောက် ဘွဲ့ရဆရာတော်ဖြစ်သည်။ (နံပါတ်-၁ ဆရာတော်မှာ မဟာနဂ္ဂဏ္ဍ ပဲခူးမြို့မဆရာတော်ဘုရားကြီးဖြစ်သည်။)

၁၃၅၄ (၁၉၉၂-၉၃)-ခုနှစ်

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေ တဖြည်းဖြည်းကျဆင်းလာသည်။ နေ့မအား ညမနား လုပ်ဆောင်ခဲ့သည့် သာသနာပြုလုပ်ငန်းများကြောင့် ခန္ဓာကိုယ်စက်ကြီးမှာ ပျက်စီးတော့မည့် အရိပ်အယောင်များပေါ်လာသည်။ ခြေဖမိုးလေးများ အနည်းငယ်မို့လာသည်ကိုပြ၍ 'သစ်ပင်တစ်ပင်မှာ အမြစ်ခြောက်သွားပြီဆိုရင် ပင်စည်က ဘယ်လောက်ပဲ စိမ်းလန်းနေနေ မကြာခင်သေရမှာပဲ၊ အခု ဘုန်းကြီးလည်း အမြစ်ခြောက်တဲ့သစ်ပင်လိုဖြစ်နေပြီ'ဟု မိန့်ကြားတော်မူသဖြင့် ကြားရသူ ဒကာဒကာမများမှာ စိတ်မချမ်းမသာဖြစ်ပြီး ကြိတ်၍ငိုကြွေးကြရသည်။

ထိုအချိန် ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ သီတင်းသုံးတော်မူခိုက် နိုင်ငံတော်အကြီးအကဲ လာရောက်ဖူးမြော်စဉ် ဆုံးမဩဝါဒစကား အနည်းငယ်မိန့်ကြားပြီးနောက် တရားဂါထာတစ်ပုဒ်ကို ရွတ်ပြတော်မူလိုက်သည်-

နာဟံ ဒါသော ဘဋော တုယှံ၊ နာဟံ ပေါသေမိ ဒါနိ တံ။
တံယေဝ ပေါသေန္တော စိရံ၊ သံသာရေ သံသရိံ အဟံ။

'ဟဲ့. . . ခန္ဓာကိုယ်၊ ငါဟာ သင်ခန္ဓာကိုယ်ကြီးရဲ့ ကျေးကျွန်လည်း မဟုတ်ဘူး၊ သူရင်းငှားလည်း မဟုတ်ဘူး။ ငါဟာ ယခုကနောက် သင်ခန္ဓာကိုယ်ကြီးကို ပြုစုလုပ်ကျွေးတော့မည် မဟုတ်၊ သင်ခန္ဓာကိုယ်ကြီးကိုပဲ ပြုစုလုပ်ကျွေးနေရတဲ့ အတွက် ငါဟာ သံသရာထဲမှာ အကြာကြီးကျင်လည်ခဲ့ရပြီ'ဟုဆိုလိုသည်။ ဤစကားမှာ မိမိကိုယ်မိမိ ရဟန္တာဖြစ်ပြီးပြီဟု ညွှန်ပြသော စကားတည်း-ဟု ပညာရှိများကယူဆကြသည်။

ထို့နောက်ပိုင်း ကျန်းမာရေး တစတစ ပိုမိုဆိုဝါးလာသည်။ သလိပ်ထ, ရင်ကျပ်, ချောင်းဆိုး, ရင်ဘတ်တစ်ခြမ်းအောင့် ရောဂါများကို ခံစားလာရသည်။ နိုင်ငံတော်အစိုးရနှင့်တကွ တပည့်ဒကာဒကာမများက ရန်ကုန်မြို့၌ ဆေးကုသမှုခံယူရန် လျှောက်ထားကြသော်လည်း မိမိ ကျိန်းသေပျံလွန်တော်မူတော့မည်ကို သိနေသော ဆရာတော်ဘုရားကြီးက လက်မခံဘဲ သီတင်းသုံးရာ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့သာ ပြန်လည်ကြွချီတော်မူသည်။ 'ဘုန်းကြီး ရန်ကုန်တို့ မန္တလေးတို့မှာ ပျံလွန်တော်မူရင် မင်းကွန်းက ဒကာဒကာမတွေ လာနိုင်မှာမဟုတ်ဘူး။ မင်းကွန်းမှာ ပျံလွန်တော်မူရင်တော့ မြို့က ဒကာဒကာမတွေ မင်းကွန်းကို အလွယ်တကူလာလို့ရနိုင်တယ်'ဟုလည်း မိန့်ကြားတော်မူသည်။ မင်းကွန်းမြေကို ဤမျှအထိ ငဲ့ညှာသော ဆရာတော်ဘုရားကြီးပါပေတည်း။

သက်တော် ၈၁-နှစ်ပြည့် မွေးနေ့တော်အပြီး ၁၃၅၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်မှစ၍ တပို့တွဲလပြည့်ကျော် အထိ သုံးလခန့် ခန္ဓာကိုယ်ဝယ် စွဲကပ်လာသော ရောဂါဝေဒနာအမျိုးမျိုးကို ဖလသမာပတ်ဝင်စားနေသည့် ရဟန္တာမထေရ်မြတ်ပမာ မတုန်မလှုပ် မညည်းမညူ ငြိမ်သက်စွာသည်းခံနေတော်မူပြီးနောက် တပို့တွဲလဆုတ် ၃-ရက်၊ ၉-၂-၉၃ ရက်၊

အင်္ဂါနေ့ ညနေ ၄-နာရီ ၄၀-မိနစ်အချိန် သက်တော်-၈၂၊ ဝါတော် ၆၂-ဝါတွင် သီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်၌ပင် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များပင် မလွန်ဆန်နိုင်သော အနိစ္စသဘောသို့လိုက်ပါ၍ တစ်ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို တပေါင်းလဆုတ် ၁၁-ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သား ရဟန်းရှင်လူများတို့က အန္တိမစျာပနပြုလုပ်ပူဇော်ကြရာ မြန်မာပြည်တွင် အထူးခြားဆုံး, အစည်ကားဆုံး, အခမ်းနားဆုံးသော နိုင်ငံတော်စျာပနပွဲကြီးအဖြစ် မှတ်တမ်းတင်ကြရသည်။ နောက်တစ်နေ့နံနက်တွင် အရိုးတော်နှင့် ပြာများကို ဧရာဝတီမြစ်အတွင်း မျှောချပူဇော်ကြသည်။

၁၃၅၅ (၁၉၉၃-၉၄)-ခုနှစ်

မင်းကွန်းတိပိဋကဓရဗိမာန်တော်ကို ပုထိုးတော်ကြီးနှင့် ခေါင်းလောင်းကြီးအကြား၌ ထူးခြားဆန်းကြယ်သော ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ကြသည်။ အန္တိမစျာပနပူဇာပွဲကြီးအတွက် ဒကာဒကာမများလှူဒါန်းထားသော ဝတ္ထုငွေများထဲမှ ပိုလျှံသောငွေများဖြင့် နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားတို့၏ စုပေါင်းကောင်းမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တမခ(၃၃)မှ တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွတ် (နောင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး)က ဦးစီးတည်ဆောက်ခဲ့သည်။ ဗိမာန်တော်အတွင်း၌ ခန့်ညားသော မတ်ရပ်ကြေးသားရုပ်တုတော်ကြီးနှင့် ပုံတော်မျိုးစုံပူဇော်ထားရှိသည်။

မင်းကွန်းတိပိဋကဓရလွမ်းစေတီ၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးအထွေထွေကို လွမ်းဆွတ်သတိရသောအားဖြင့် မန္တလေး တိ-နိအဖွဲ့ဥက္ကဋ္ဌကြီး ကျောင်းအမကြီး သုဓမ္မသိင်္ဂီဒေါ်ရွှေညွန့်က ဦးဆောင်ကာ မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်အတွင်း၌ 'မင်းကွန်းတိပိဋကဓရ လွမ်းစေတီ'ကို တည်ထားခဲ့သည်။ ဆရာတော်ကြီး ပျံလွန်တော်မူချိန် သက်တော် ၈၂-နှစ်ကို ရည်မှန်း၍ အမြင့် ၈၂-ပေထားရှိသည်။ အတွင်းဘက်၌ လိုဏ်ပါရှိပြီး ဆရာတော်ဘုရားကြီး၏အကြောင်းအရာ ပန်းချီပုံတော်များ ပူဇော်ထားရှိသည်။ နိုင်ငံတော်တစ်လွှား၌ တွေ့ရခဲသော ဆန်းဆန်းကြယ်ကြယ် စေတီပုံစံတစ်မျိုးဖြစ်သည်။

ထေရုပ္ပတ္တိပြတိုက်၊ တိပိဋက-နိကာယကျောင်းတိုက်အတွင်း တိပိဋကဓရလွမ်းစေတီ၏အနောက်ဘက်၌ ကျောင်းအမကြီးဒေါ်ရွှေညွန့်ကပင် ဦးစီးတည်ဆောက်ထားသည်။ ပြတိုက်အတွင်း၌ ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်များကို နာမည်ကျော်ပန်းချီဆရာများက ပုံတူပန်းချီကားများ ရေးဆွဲပူဇော်ထားကြသည်မှာ လွန်စွာအသက်ဝင်လှသည်။

ဗုဒ္ဓဝင်ပြခန်း၊ ဓမ္မနာဒကျောင်းတိုက်အတွင်းရှိ ဆရာတော်ကြီး ခန္ဓာဝန်ချသွားရာ ကျောင်းတော်သည် မဟာဗုဒ္ဓဝင်ကျောင်းတော်ဖြစ်သည်။ ထိုခန္ဓာဝန်ချသွားရာနေရာ၌ ဆရာတော်ကြီးစာကြည့်နေဟန် ရုပ်တုတော်နှင့် ဆင်စွယ်ယပ်ဝန်းတော်အပါအဝင် ဘွဲ့တံဆိပ်တော်အမျိုးမျိုး, ဘွဲ့လက်မှတ်နှင့် သာသနာ့အောင်လံတော်အမျိုးမျိုး, အသုံးအဆောင်ပစ္စည်းအမျိုးမျိုး, ဓာတ်ပုံအမျိုးမျိုးကို ပြခန်းလုပ်၍ တခမ်းတနားပြသထားသည်။ အိပ်ရာခုတင်ပေါ်၌ စာကြည့်နေဟန် ဆရာတော်ကြီးရုပ်တုတော်သည် အသက်ဝင်လှသဖြင့် ရုတ်တရက်ကြည့်လိုက်သည့်အခါ ဆရာတော်ကြီးကိုယ်တိုင်ပင် သီတင်းသုံးနေသည့်အလား ထင်မှားကြရသည်။

ကျောင်းတိုက်များ၊ ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ကို တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက တတိယမြောက်ဆရာတော်အဖြစ် ဆက်ခံတော်မူသည်။ ဓမ္မနာဒကျောင်းတိုက်နှင့် မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်တို့မှာ နှစ်တိုက်, တစ်တိုက်နေထိုင်ကြခြင်းဖြစ်သဖြင့် ဓမ္မနာဒဆရာတော် ဘဒ္ဒန္တသုစိတ္တသည် တိ-နိကျောင်းတိုက်ကိုလည်း စီမံအုပ်ချုပ်တော်မူသည်။

၁၃၅၆ (၁၉၉၄-၉၅)-ခုနှစ်

ဆရာတော်ဘုရားကြီးတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးမှ ပထမဆုံးသော တိပိဋကဓရဆရာတော်အဖြစ် ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ပေါ်ထွက်လာသည်။

၁၃၅၇ (၁၉၉၅-၉၆)-ခုနှစ်

ရေစကြိုဆရာတော်သည် ရန်ကုန်မြို့ တိပိဋကကျောင်းတော်မှ အောင်မြင်ခဲ့ခြင်းဖြစ်ရာ မိမိ၏စာမေးပွဲကိစ္စများ ပြီးဆုံးပြီးနောက် မိခင်ကျောင်းတိုက်ကြီးအား ကျေးဇူးဆပ်ရန် ၁၃၅၇-ခုနှစ် ဝါဆိုဦးကွင် မင်းကွန်းတိ-နိကျောင်းတိုက်သို့ ပြန်လည်ကြွရောက်ပြီး ညီတော် တိပိဋကဓရလောင်းလျာများအား စာဝါများပို့ချပေးတော်မူသည်။

ချောက်မြို့နယ် ဝွေးချိုကျေးရွာတွင် တိပိဋက-နိကာယကျောင်းတိုက်ခွဲကို စတင်ဖွင့်လှစ်သည်။

ကမ္ဘာကျော်ကြား ထူးခြားလှသည့် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို ဂီတ အနုပညာရှင်များကလည်း တတ်နိုင်သလောက်ပုံဖော်လိုသဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီဦးကြည်စိုးထွန်းက ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်ထေရုပ္ပတ္တိကို ရိုက်ကူးပူဇော်သည်။

၁၃၅၈ (၁၉၉၆-၉၇)-ခုနှစ်

ဓမ္မနာဒကျောင်းတိုက်နှင့် တိ-နိကျောင်းတိုက်ကြီးနှစ်တိုက်ကို ပူးတွဲအုပ်ချုပ်တော်မူနေသော ဆရာတော်ဘဒ္ဒန္တ သုစိတ္တက ရေစကြိုဆရာတော်အား တိ-နိကျောင်းတိုက်နှင့်စပ်သော တာဝန်အရပ်ရပ်ကို လွှဲအပ်တော်မူသဖြင့် ရေစကြို ဆရာတော်သည် စာချ-တရားဟောတာဝန်များအပြင် တိ-နိကျောင်းတိုက် စီမံအုပ်ချုပ်ရေးတာဝန်ကိုပါ ယူတော်မူခဲ့ရသည်။

၁၃၅၉-၆၀ (၁၉၉၇-၉၉)-ခုနှစ်

ပြင်ဦးလွင်မြို့နယ် အနီးစခမ်းတွင် တိပိဋက-နိကာယကျောင်းတိုက်ခွဲကို စတင်ဖွင့်လှစ်သည်။

၁၃၆၁ (၁၉၉၉-၂၀၀၀)-ခုနှစ်

ဆရာတော်ဘုရားကြီးတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးမှ ဒုတိယနှင့် တတိယ တိပိဋကဓရဆရာတော်များအဖြစ် မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာ လင်္ကာရတို့ အမြွှာညီနောင်ပေါ်ထွက်လာသည်။ တိပိဋကဓရစာမေးပွဲကြီးသမိုင်းတွင် မကြုံစဖူးထူးထူးခြားခြား နှစ်ပါးတွဲပေါ် လာခြင်းဖြစ်သည်။ ဤဆရာတော်နှစ်ပါးသည် တိပိဋကဓရစာမေးပွဲ စတင်ဝင်ရောက်စဉ်ကလည်း တစ်နှစ်တည်းအတူ ဝင်ရောက်ခဲ့သလို ပြီးဆုံးသည့်အခါ၌လည်း အတူတူပြီးဆုံးကြသည်။ တိပိဋကဓရ စာမေးပွဲကြီး နှစ် ၅၀-ပြည့်သည့်နှစ်တွင် ပိဋကတ်သုံးပုံ အာဂုံအောင်မြင်ခဲ့ကြသည့်အတွက် ဆရာတော်နှစ်ပါးကို 'ရွှေရတုတိပိဋကဓရဆရာတော်များ'ဟု ဂုဏ်ပြုခေါ်ဝေါ်ကြသည်။

၁၃၆၂ (၂၀၀၀-၀၁)-ခုနှစ်

ရေစကြိုဆရာတော်သည် ကိုယ်ပိုင်ကျောင်းတိုက်တည်ထောင်၍ သာသနာပြုတော့မည်ဖြစ်သဖြင့် တိ-နိ ကျောင်းတိုက်ကြီးနှင့်စပ်သော တာဝန်အရပ်ရပ်ကို ၁၃၆၂-ခုနှစ် ဝါဆိုဦးတွင် မော်ကျွန်းဆရာတော်အား လွှဲအပ်တော်မူ သည်။

ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးမှ စတုတ္ထတိပိဋကဓရဆရာတော် အဖြစ် မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ပေါ်ထွက်လာသည်။

၁၃၆၃ (၂၀၀၁-၀၂)-ခုနှစ်

ရွှေရတုတိပိဋကဓရဆရာတော်နှစ်ပါးနှင့် မြင်းခြံတိပိဋကဓရဆရာတော်တို့ ညီနောင်သုံးပါးအတူလက်တွဲကာ တိ-နိ သာသနာပြုလုပ်ငန်းများကိုသာမက စစ်ကိုင်း-မင်းကွန်း ကားလမ်းကတ္တရာခင်းခြင်းစသော ပရဟိတလုပ်ငန်းများကိုပါ အားကြိုးမာန်တက် လုပ်ဆောင်ကြသည်။

၁၃၆၄ (၂၀၀၂-၀၃)-ခုနှစ်

ဓမ္မနာဒတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တက ဓမ္မနာဒကျောင်းတိုက်ကြီး၏ ပဓာနနာယကတာဝန်ကို မြင်းခြံတိပိဋကဓရ ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရအား လွှဲအပ်တော်မူသည်။ မြင်းခြံတိပိဋကဓရဆရာတော်က လွှဲအပ်မှုကိုလက်ခံသော်

လည်း ပဓာနနာယကအနေဖြင့်မဟုတ်ဘဲ ဒုတိယနာယကအနေဖြင့်သာ ကူညီသာသနာပြုပေးပါမည်ဟု ပြန်လည်လျှောက်ထားသည်။

၁၃၆၅ (၂၀၀၃-၀၄)-ခုနှစ်

ကျေးဇူးတော်ရှင်ဆရာတော်ကြီးသည် ၁၃၁၅-ခုနှစ်က တိပိဋကဓရဘွဲ့ ရရှိတော်မူခဲ့ရာ ၁၃၆၅-ခုနှစ်တွင် နှစ်-၅၀ ပြည့်မြောက်ခဲ့သည်။ ၁၃၄၀-ပြည့်နှစ် ဝါဆိုဦးက ဆရာတော်ကြီးတည်ထောင်ခဲ့သော မင်းကွန်း တိပိဋက-နိကာယ ကျောင်းတိုက်ကြီးကား ၁၃၆၅-ခုနှစ်တွင် ၂၅-နှစ်ပြည့်မြောက်ခဲ့လေပြီ။ ထို့ကြောင့် ရွှေရတု ငွေရတုပူဇော်ပွဲကြီးကို မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်၌ ၁၃၆၅-ခုနှစ်၊ ဝါဆိုလဆန်း ၃-ရက်မှ ၈-ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြသည်။

မော်ကျွန်းဆရာတော်သည် မြင်းခြံ ကိုးဆောင်ဆရာတော်ဘုရားကြီးက မိမိအားအပ်နှံထားသည့် ဒဂုံ(တောင်)နိကာယ် စာသင်တိုက်သို့ ပြောင်းရွှေ့သာသနာပြုတော့မည်ဖြစ်သဖြင့် တိ-နိကျောင်းတိုက်ကြီးနှင့်စပ်သော တာဝန်အရပ်ရပ်ကို ၁၃၆၅-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄-ရက်နေ့တွင် မြင်းမူဆရာတော်ဘဒ္ဒန္တဝံသပါလာလင်္ကာရအား လွှဲအပ်တော်မူသည်။

ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးမှ ပဌမတိပိဋကဓရဆရာတော် အဖြစ် ရမ္မာဝတီဆရာတော်ဘဒ္ဒန္တကုဏ္ဍပါလ ပေါ်ထွက်လာသည်။

၁၃၆၆ (၂၀၀၄-၀၅)-ခုနှစ်

တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ကြီး၏ တတိယမြောက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုစိတ္တ ဘဝနတ်ထံပျံလွန်တော်မူသည်။

ဆရာတော်ဘဒ္ဒန္တသုစိတ္တ ပျံလွန်တော်မူပြီးနောက် မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည် ဓမ္မနာဒ ကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ပဓာနနာယကဆရာတော်အဖြစ် ဆက်ခံသာသနာပြုတော်မူသည်။ ကျောင်းတိုက် တိုးတက်ကြီးပွားရေးအတွက် သာမဏေကျော်ကလေးများကို ပြုစုပျိုးထောင်ပေးခဲ့သည်။ 'ဓမ္မနာဒကျောင်းတိုက်'ဟူသော မူလအမည်ကို 'တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်'ဟု ပြောင်းလဲသမိုက်တော်မူသည်။

၁၃၆၇-၆၈ ခုနှစ် (၂၀၀၅-၀၇)ခုနှစ်

မြင်းမူဆရာတော်သည် တိ-နိကျောင်းတိုက်ကြီး၏ ပဓာနတာဝန်ကို သုံးနှစ်တိုင်တိုင်ထမ်းဆောင်ခဲ့ပြီးနောက် ၁၃၆၈-ခုနှစ် ဝါဆိုဦးတွင် မြင်းခြံဆရာတော်အား တာဝန်လွှဲအပ်တော်မူသဖြင့် မြင်းခြံဆရာတော်သည် ဓမ္မနာဒ ကျောင်းတိုက်၏ တာဝန်များအပြင် တိ-နိကျောင်းတိုက်ကြီး၏ တာဝန်များကိုပါယူတော်မူခဲ့သည်။

၁၃၆၉ (၂၀၀၇-၀၈)-ခုနှစ်

မြင်းခြံတိပိဋကဓရဆရာတော်သည် ဓမ္မနာဒကျောင်းတိုက်၏ တာဝန်အရပ်ရပ်ကို တိုက်အုပ်တိုက်ကြပ်ဆရာတော် များအားလည်းကောင်း၊ တိ-နိကျောင်းတိုက်၏ တာဝန်အရပ်ရပ်ကို နောင်တော် တိပိဋကဓရဆရာတော်များအားလည်း ကောင်း အပ်နှံကာ ၂၀၀၇-ခုနှစ်၊ ဩဂုတ်လတွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်ကြွရောက်တော်မူသည်။

၁၃၇၀ (၂၀၀၈-၀၉)-ခုနှစ်

ဆရာတော်ဘုရားကြီး၏ တစ်ဘဝဇာတ်အတ္ထုပ္ပတ်ကို ရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင်ကြည်သာ(ပွဲကြိုက်ခင်)က ရိုက်ကူးပူဇော်သည်။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်၏ လှုပ်ရှားမှုပုံရိပ်များ၊ သရုပ်ဆောင်များ၏ သရုပ်ဆောင်ကွက် များဖြင့် ဖြစ်နိုင်သမျှကြိုးစားရိုက်ကူးထားသည်။ ဆရာတော်ဘုရားကြီး၏ဘဝဖြစ်တော်စဉ်ကို အကုန်အစင်မတင်ပြနိုင်သော် ငြားလည်း မိမိတို့၏အနုပညာစွမ်းအားဖြင့် အတော်အတန်ပီပြင်အောင်ကား တင်ပြပူဇော်နိုင်ခဲ့ကြသည်။

၁၃၇၁-၇၂ (၂၀၀၉-၁၁)-ခုနှစ်

ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် သီတင်းသုံးခဲ့ရာ တိပိဋက ဓမ္မနာဒပရိယတ္တိစာသင်တိုက်အတွင်း၌ ခမ်းနားကြီးကျယ်လှသည့် 'ရာပြည့်ဓမ္မဗိမာန်တော်ကြီး'ကို စတင်ဆောက်လုပ်သည်။ ရာပြည့်စာစောင်ထုတ်ဝေပူဇော်ခြင်းစသော လုပ်ငန်းများအတွက်လည်း ကြိုတင်ညှိနှိုင်းစည်းဝေးကြသည်။

၂၀၁၁-ခုနှစ်၊ ဇန်နဝါရီလတွင် မြင်းခြံတိပိဋကဓရဆရာတော်သည် ပညာတော်သင်ကိစ္စပြီးစီးပြီဖြစ်၍ အင်္ဂလန်နိုင်ငံမှ ပြန်လည်ကြွရောက်တော်မူလာသည်။

၁၃၇၂ (၂၀၁၁-၁၂)-ခုနှစ်

ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ သက်တော်ရာပြည့်သည့်နှစ်ဖြစ်သည်။ ဆရာတော်ဘုရားကြီးဖွားမြင်သောနှစ်က ဗုဒ္ဓနှစ် ၂၅၀၀-ပြည့်သောနှစ်ဖြစ်၍ ယခု ရာပြည့်သည့်နှစ်သည် ဗုဒ္ဓနှစ် ၂၆၀၀-ပြည့်သောနှစ်ဖြစ်သည်။

သားတပည့် တိပိဋကဓရဆရာတော်များနှင့် တိပိဋက-နိကာယသာသနာပြုအဖွဲ့တို့ကဦးဆောင်၍ အနယ်နယ်အရပ်ရပ်မှ ဒကာဒကာမများက ရာပြည့်အကြိုပူဇော်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်၌ တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့တွင်ကျင်းပပြီး ရာပြည့်ပွဲတော်ကြီးကို တန်ဆောင်မုန်းလပြည့်ကျော် ၂-ရက်မှနေ့မှ ၈-ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် မင်းကွန်း တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်၌ ကျင်းပပူဇော်ရန်စီမံထားကြသည်။ အမှတ်တရပူဇော်မှုများအနေဖြင့် ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အသံမစဲ ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မပူဇာ တရားပွဲများကျင်းပ၍ပူဇော်ခြင်း၊ ရာပြည်ဓမ္မဗိမာန်တော်ကြီးပေါ်၌ တိပိဋကဓရဆရာတော်ဘုရားကြီးအပါအဝင် ယခင် ဓမ္မနာဒတိုက် ဆရာတော်ဘုရားကြီးသုံးပါးတို့၏ ကုလားထိုင်ပေါ်ထိုင်လျက် ရုပ်တုတော်များကို တည်ထားပူဇော်ခြင်း၊ မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်ကြီးအတွင်း၌ ဆရာတော်ဘုရားကြီး၏ မတ်ရပ်ကြေးသားရုပ်တုတော်ကို တည်ထားပူဇော်ခြင်း၊ ရာပြည့်စာစောင်၊ ရာပြည့်ပြက္ခဒိန်နှင့် ထေရုပ္ပတ္တိ (တစ်ဘဝသာသနာ၊ အနှစ်တစ်ရာမှတ်တမ်းလွှာ) ကျမ်းစာအုပ်များနှင့် ဗွီစီဒီခွေများတို့ကို ရေးသားထုတ်ဝေပူဇော်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ပင့်သံဃာတော် အပါး ၁၀၀၀-ကျော်နှင့် မင်းကွန်းတောင်ရိုးရှိ သီလရှင်အပါး ၇၀၀-ကျော်တို့အား လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းခြင်း စသော အမှတ်တရ ကုသိုလ်အမျိုးမျိုးကို ကြိုးစားပြုလုပ်ကာ ဆရာတော်ဘုရားကြီးအား ပစ္စယ+ဓမ္မ နှစ်ဝသောပူဇာတို့ဖြင့်ပူဇော်ကာ တုံ့ဝပ်ကျေးဇူးဆပ်ခဲ့ကြလေသည်။

မှတ်ချက်။ ဆရာတော်ဘုရားကြီး၏ မွေးနေ့တော်ပူဇော်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့တိုင်း ရန်ကုန်မြို့ တိပိဋကကျောင်းတော်နှင့် မင်းကွန်း တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်တို့၌လည်းကောင်း၊ ပျံလွန်တော်မူသည့် နှစ်ပတ်လည်ပူဇော်ပွဲကို ၁၃၅၅-ခုနှစ်မှစ၍ နှစ်စဉ် တပို့တွဲလပြည့်ကျော် ၃-ရက်နေ့တိုင်း မင်းကွန်း တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်၌လည်းကောင်း ကျင်းပပူဇော်ကြသည်။

'ကြာလည်းမမေ့၊ ရှာလည်း မတွေ့၊ ငါလည်း တစ်နေ့'ဟူသော ကဗျာတိုကလေးအတိုင်း နှစ်ပရိစ္ဆေဒကြာညောင်းသော်လည်း ဂုဏ်တော်ကျေးဇူးတော်များကို မမေ့သောအားဖြင့်လည်းကောင်း၊ ငါတို့လည်း တစ်နေ့နေ့ တစ်ချိန်ချိန် ဒီလမ်းကို လိုက်ကြရမှာပဲ-ဟူသော မရဏာနုဿတိဘာဝနာတရားကို ပွားသောအားဖြင့်လည်းကောင်း ကျင်းပပူဇော်ကြခြင်းဖြစ်ပေသည်။ ။

မှတ်တမ်းပြုစုသူ-

အရှင်သီလက္ခန္ဓာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
သတ္တမတိပိဋကဓရ မော်ကျွန်းဆရာတော်။

ဝတီသာလော နီမှာလော
အရှင်ကောဏ္ဍည
(တောင်ရင်း)

ပန်းချီမောင်မောင်သိုက်

စိမ်းလန်းစိုပြည် မိုးမိတ်မြေ

၁၃၁၉-ခုနှစ်၊ ဗုဒ္ဓနေ့ ဗုဒ္ဓပွင့်ချိန် ပြိဿရာသီ ခါအညီဖြစ်သော ကဆုန်လမှာ သစ္စဝါဒီ ဋီကာကျမ်းပြု သာသနာ့မိခင်ကြီးဖြစ်သော သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီနှင့် ရှင်သာမဏေငယ်များ၊ သီလရှင်ငယ်များနှင့်အတူ ဤစာရေးသူ အရှင်သည် စက်တော်ရာစေတီသို့ ရေသပ္ပာယ်ရန် ရေပုံးကလေးတွေ ကိုယ်စီဆွဲ၍သွားခဲ့ကြပါသည်။

ထိုသို့သွားရာ၌ တံမြက်စည်းပင်များကို ဖယ်ရှားကျော်လွှား၍ ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ သွားကြရပေသည်။ အချို့နေရာ၌ နွယ်ယောင် ပင်ယောင် ဆူးကောက်ကောက်နှင့် ပေါင်ပုံချုံများ ဆီးချုံများအကြား အငြိအစူး အခြစ်ခံကာ ငုံ့လျှိုးတိုးဝင်၍သွားကြရပေသည်။ သို့ဖြစ်စေကာမူ ငယ်ရွယ်သောအချိန် အရှိန်ကောင်းသောသဒ္ဓါဓာတ်ကြောင့် ပင်ပန်းနွမ်းနယ်ရမှန်းမသိခဲ့။

စက်တော်ရာစေတီကိန်းအောင်းရာ အုတ်ပြာသာဒ်ကြီး၏ထိပ်တွင် အကိုင်းအခက် ဝေဝေဆာဆာနှင့် လုံးပတ် လေးထွာခန့်ရှိသော ရျော်ဖြူပင်ခေါ် ဆေးကုလားမပင်ကြီး ပေါက်နေသည်။ ဤအရှင်တို့သည် ရှေးဦးစွာ စက်တော်ရာပေါ်၌တင်ရှိနေသော လင်းနို့ချေးများကို သစ်ခက်တံမြက်စည်းဖြင့် ရှင်းလင်းသုတ်သင်ကြရသည်။ အနံ့အသက်များကို ယူဆောင်လာသောရေဖြင့် ဆေးကြောသုတ်သင်ကြရသည်။ ပြီးမှ အနီးအနားရှိ ခင်ပုပ်ပန်းပင်များ တောင်တဇင် (တောင်သဇင်)ပန်းများကို ခူးယူပူဇော်ကြပြီး ပြန်လာခဲ့ရသည်။

ထိုစဉ်အခါက ညို့ညို့မှိုင်းမှိုင်း အုံ့ဆိုင်းဝေဆာ သစ်ပင်ချုံနွယ်အသွယ်သွယ်အဆန်းဆန်းတို့ဖြင့် စိမ်းလန်းစိုပြည်သော တောကြီးဝနာ မြိုင်ဟေမာကဲ့သို့ပင်။

နာမည်မတပ် ထိုအရပ်

ထိုစဉ်အခါက ဤနေရာ ဤဒေသကို မိုးမိတ်ဘုရား မိုးမိတ်ကုန်းမြေဟု အခေါ်အဝေါ်မရှိသေးချေ။

နောက်သုံးနှစ်အကြာ ၁၃၂၁-ခုနှစ်ကျမှ သမင်ခြံရွာပတ်ဝန်းရွာတို့မှ ရောက်ချိန်အခါ နွားကျောင်းရန် လာကြသော ၇၀-ကျော်အဘိုးကြီးများက "သူတို့မိဘအဘိုးဘွားများက ဒီချောင်းကို မိုးမိတ်ချောင်းလို့ ခေါ်တယ်။ ဒီဘုရားကို မိုးမိတ်ဘုရားလို့ ခေါ်တယ်လို့ ပြောသံကြားဖူးကြောင်း' ဆရာတော်အားလျှောက်ထားကြသဖြင့် မသေမချာမရေမရာနှင့် 'မိုးမိတ်ချောင်း မိုးမိတ်ဘုရား'ဟု သင်္ကေတပြုခဲ့သည်။

ထို့နောက်တဖန် အမရပူရမြို့မှ မိုးမိတ်မင်းသားကြီး၏ မြေးမြစ်တော်စပ်သည်ဟုအဆိုရှိသော အသက် ၈၀-ကျော်အဘွားကြီးအား မေးမြန်းသောအခါ သူတို့ ငယ်စဉ်တောင်ကျေးကလေးဘဝက အဘိုးအဘွားများနှင့် ဒီဘုရားစေတီတော်တို့အား ဆွမ်းကပ်လိုက်ပါဖူးကြောင်း ပြောပြသဖြင့် ဟုတ်မှန်တိကျသောသဲလွန်စကို ရကြပေသည်။

ယင်းသဲလွန်စကိုအခြေခံ၍ ရာဇဝင်နှင့်ဆက်စပ်ပြီး သုတေသနပြုသောအခါမှ ထိုဘုရား၏ဒါယကာသည် မိုးမိတ်မင်းသားကြီး လွတ်တက် မဟာဓမ္မရာဇာ မင်းရဲရွှေတောင်၊ ဘုရားဒါယိကာမမှာ ကြင်ရာတော် ဟင်္သာမော်ထိပ်ခေါင်တင် ဖြစ်ကြောင်း သမိုင်းကြောင်းအထောက်အထားတို့ဖြင့် ခိုင်ခိုင်မာမာဖော်ထုတ်နိုင်ခဲ့ပေသည်။

အတိတ်ကာလ၏ ရှင်းတစ်ခု

ထိုအချိန် ၁၃၂၁-ခုနှစ်တွင် အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် ဦးခေါင်းတစ်ခြမ်းထုံသွားသော ရောဂါစွဲကပ်နေသည်။

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ကျနေသူ ဆရာဝန်ကြီးဦးသာလှသည် ရှင်တော်ဘုရားလက်ထက်က သမားတော်ကြီးဆရာဇီဝက၏အဏ္ဍုပ္ပတ္တိကို ရှုကြည့်၍ သဘောပေါက်နေသလား မပြောတတ်။ မင်းကွန်းဘက်ရှိ သူ့အိုရုံ၊ ဓမ္မနာဒတိုက် သံဃာတော်များနှင့်တကွ ဆရာတော်ဘုရား၏ ကျန်းမာရေးကို ကုသစောင့်ရှောက်သည်။ တစ်လလျှင် မန္တလေးမှ အစိုးရသင်္ဘောဖြင့် နှစ်ခေါက်သုံးခေါက် လာရောက် စစ်ဆေးကုသလေ့ရှိသည်။

သာသနာ့မိခင် သီလရှင်ဆရာကြီးနှင့် ဝဏ္ဍာကျော်ထင် အထူးကုဆရာဝန်ကြီးဦးသာလှမိသားစုတို့က သားအမိ သဖွယ် ချစ်ခင်ကြည်ညိုသည်ကို တွေ့မြင်ရပေသည်။

တစ်နေ့သောအခါ ကျေးဇူးတော်ရှင်ဆရာတော်၊ သာသနာ့မိခင်ဆရာကြီး၊ ဆရာဝန်ကြီး ဦးသာလှ သုံးဦးသား စပ်မိစပ်ရာစကားပြောကြရာမှ စက်တော်ရာဘုရားအကြောင်း ရောက်သွားသည်။ စက်တော်ရာထုထွင်းပုံ လက်ရာမှာ ဘိုးတော်ဘုရားလက်ထက်က လက်ရာဖြစ်သဖြင့် ပီပီပြင်ပြင် ရှိသည်။ ကျောက်သားကျောက်ရေကလည်း ကြည်လင်သည်။ အလွန် ကြည်ညိုဖွယ်ရာကောင်းသည် စသည်ဖြင့် စကားဦးတည်မိကြသည်။

ထိုအခါ ဆရာဝန်ကြီးက ၎င်းစက်တော်ရာကို ဖူးမြင်လိုကြောင်း လျှောက်ထားသဖြင့် ဆရာတော်၊ ဆရာဝန်ကြီး၊ စာရေးသူ၊ ဆရာကြီးဒေါ်ဓမ္မစာရီ အားလုံး လှည်းများဖြင့် ဖူးမြော်ရန်သွားခဲ့ကြသည်။

မိုးမိတ်စေတီတော်ဒါယကာ
မိုးမိတ်မင်းသားကြီး

မိုးမိတ်မင်းသားကြီး ကြင်ယာတော်
စက်တော်ရာ ဒါယိကာမ

ထိုစက်တော်ရာစေတီကို ဖူးမြော်၍ပြန်အလာတွင် မြတ်တိုင်းကြီးပမာ ပေါင်ပွဲ၊ ဆူးရစ်၊ နဘဲ၊ တောင်သဇင်၊ ဆေးကုလားမပင်တို့ဖြင့်ဝန်းရံကာ အပူဇော်ခံနေရသော မိုးမိတ်စေတီတော်ကြီးကို အမှတ်မထင်မော်၍ ဖူးမြော်လိုက်သော ဆရာဝန်ကြီး၏စိတ်ထဲ၌ 'သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် လွန်ကဲသော တန်ခိုးဣဒ္ဓိပါဒ်တို့ဖြင့် ပြည့်စုံသော မာရ်နတ်မင်းရန်ကို နှိမ်နင်းဖျက်ဆီးနိုင်သော်ငြားလည်း နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူပြီး မြတ်ဘုရား၏ ဓာတ်တော်မွေသရီ ကိန်းအောင်းရာ စေတီတို့သည် အဝိညာဏက သက်မဲ့ဝတ္ထု ချုံပိတ်ပေါင်းတို့၏ မကောင်းသဖြင့်ပြု၍ နှိပ်စက်ဖျက်ဆီးခြင်းကို ခံနေရပါတကား' ဟုနှလုံးမသာ စိတ်ထဲ၌ဖြစ်ပေါ်လာသလား မသိရ 'ဆရာတော် ဘုရား၊ ဒီစေတီကြီးကို ပြုပြင်မွမ်းမံလိုက်လျှင် ကြည်ညိုဖွယ်ရာ သပ်သပ်ပယ်ပယ် ဖြစ်သွားနိုင်ပါသည် ဘုရား'ဟု သဒ္ဓါပသန္န ဥဒါန်းစကား လျှောက်ထားသည်ကို ဤစာရေးသူကိုယ်တိုင် ကြားလိုက်ရပါသည်။

ရှိကြသော ပုဂ္ဂိုလ်တို့သည်သာ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှင့်ထောက်ပံ့ခြင်းကို ပြုနိုင်ကြပေသည်။

ကျမ်းဂန်စကားအရ မကြာမီမှာပင် ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှ၊ ဆရာကတော် ဒေါ်ခင်ညွန့်တို့သည် မြေမြတ်ကုန်းမြတ် မိုးမိတ်ရင်ပြင်တစ်နေရာတည်းမှာပင် မြတ်စွာဘုရားရှင်၏ကိုယ်စား စေတီတော်မြတ်ကြီးနှင့် မဟေသရနတ်မင်းကြီးကိုးကွယ်သော ရုပ်ပွားတော်ပမာ အာရုံခံအတွင်း ဝင်းဝင်းရောင်ဖိတ် မြရိပ်မြရောင် တောက်လောင်ဘနန်း ဆန်းဆန်းပြားပြား ပဥ္စဝဂ္ဂီမထေရ်များ ခြံရံကာထားသော ဓမ္မစကြာရုပ်ပွားတော်ကြီး၊ သာလာယံသုမ္မော ဇရပ် တော်ကြီးတို့ကို မြင်မြင်သူ ဘဝင်နှူးအောင် ကောင်းမှုပြုပြီးလေပြီ။

၁၃၄၇-ခုနှစ် ငွေရတုသဘင်မိုးမိတ်ပွဲတော်ကြီး၌လည်း တီးနိ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှသည် သုဒတ္တအဖွဲ့၊ သုဘဒ္ဒါ အဖွဲ့သားနှင့် ရှင်သာမဏေ



ပြုပြင်ရန်ပြင်ဆင်နေဆဲဖူးတွေ့ရသော မိုးမိတ်စေတီနှင့် စက်တော်ရာအုတ်ပြဿဒ်

မိုးမိတ်စေတီအနီးရှိ စက်တော်ရာ

ဤအရှင်ကား နားထောင်ရင်းပင် ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှ၏ 'အဟောင်းပြုပြင်ခြင်းအစ မိုးမိတ်စေတီက' ဟုသာ မနသိကာရ နှလုံးအိမ်၌ မှတ်တမ်းတင်မိပါတော့သတည်း။

သုဒတ္တ သုဘဒ္ဒါအဖွဲ့နှင့် မိုးမိတ်မြေ

'သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဘိနော'ဟူသော ဒေသနာအရ ဣဿရိယစသည့် ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏သာသနာတော်မြတ်ကြီးသည် ရှေးရှေးဘဝသံသရာက ဘုန်းစက်ထူး ပါရမီထူး

၄၅၀၊ ၅၀၀-ခန့်ကို ၃၅-ကျပ်တန် တိုက်သပိတ်အတွင်း ဆွမ်း၊ ဆွမ်းဟင်းအပြည့်အစုံထည့်၍ လှူနေသည်ကို မြင်တွေ့နေရပေမည်။

မိုးမိတ်ငွေရတုသဘင်ပွဲတော်ကြီး၌ ဆွမ်းလောင်းရုံပင် အားမရသေးဘဲ စာရေးတံမဲတွေကလည်း ဗလာမရှိ စုံစုံစေ့စေ့ ဖြစ်အောင် အားထုတ်ပေးသည်။ ထို့အပြင် ပင့်သံဃာ ၅၅၀ ပါးတို့ကို သင်္ကန်းဒွိစုံစီ၊ သီလရှင် ၂၇၅၀-ပါးရေတို့ကို လည်း ဝတ်စုံတစ်စုံစီ၊ ၎င်းပြင် ဘွဲ့ရအရှင်မြတ်တွေကို ဘွဲ့အလိုက် လှူဒါန်းပူဇော်ပေးသေးသည်။ သဒ္ဓါပါးရှား ဥစ္စာပါး သောသူများ ကြက်သီးထ,စရာဟု ဆိုရမလားမသိ၊ 'လာမည့်

နှစ်ကျရင် သာမဏေတွေအကုန် သင်္ကန်းတစ်စုံစီ လှူနိုင်အောင် ကြိုးစားမည်'တဲ့။ အဲဒီ အသံကြားရတော့ စာရေးသူစိတ်ထဲမှာ 'ဩော်... ပါဋလိပုတ်ပြည်ကြီးအရှင် ဘုရင်သီရိဓမ္မာသောကမင်းတရားကြီးနှင့် နိဂြောဓသာမဏေအရှင်ကဲ့သို့ သုဒတ္တသုဘဒ္ဒါအဖွဲ့နှင့် မင်းကွန်းတိုက်နယ်မှ ရှင်သာမဏေလေးများသည် ပုံတပြေးညီ ဖြစ်၍နေပါပေါ့တကား ...' ဟုပင် အတိတ်ရှေးကို ပြေး၍ မြင်မိသည်။

ငွေရတုသဘင် ရောက်ခဲ့စဉ်က

ဤစာရေးသူကား မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားအထံမှ ပညာရင်နို့ သောက်စို့ပြီးသည့်နောက် မိမိဇာတိ ဖြစ်သော စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ နိဂြောဓာရုံ ရွှေဘုံသာ ကျောင်းတိုက်၏ နာယကအဖြစ် နေထိုင်သီတင်း သုံးပါသည်။

ထိုသို့ သီတင်းသုံးနေစဉ် ၁၃၄၅-ခုနှစ်မှ စ၍ ရှေးကာလက တစ်ခါတလေမျှ မကြားဘူး၊ မပေါ်ပေါက်ဘူးသေးသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စီမံချက်ကတော့ တစ်တိုင်းလျှင် တစ်ကျောင်း၊ ပြည်နယ်တစ်ခုမှာ တစ်ကျောင်းဟု မူချထားငြားသော်လည်း ရန်ကုန်တိုင်းက ပထမ၊ စစ်ကိုင်းတိုင်းက ဒုတိယ ဖွင့်နိုင်ပါသေးသည်။ ရည်ရွယ်ချက်ကတော့ အကျင့်သိက္ခာ မြင့်မားရေး၊ ပိဋကတ် ကျမ်းဂန်နှံ့စပ်ရေး၊ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ရေး၊ မြန်မာစာ အရေးအသားကောင်းမွန်ရေး ဟူသော မူလေးချက်ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့သော ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသည် စစ်ကိုင်းတိုင်းအတွက် ရွှေဘိုမြို့ မဟာအောင်မြေကျောင်းတိုက်ကို တည်ရာဌာနပြု၍ ၁၃၄၇-ခုနှစ်၊ ကဆုန်လကွယ်နေ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စား ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒဆရာတော်ဘုရားက ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၌ မရှိလျှင်မဖြစ်သော နယဒေသက ဂဏဝါစကဆရာတော်များ လိုအပ်ကြောင်း သိရသောအခါ...

၁။ ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ကိုယ်တိုင် ဖွင့်လှစ်သည်ကတစ်ကြောင်း၊

၂။ ဤစာရေးသူသည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် ၂၅-နှစ်ခန့် အတူတကွ နေထိုင်ပေါင်းသင်းခဲ့သော ဒဠှမိတ္တ ကျောင်းအုပ်ဆရာတော် အရှင်ပဏ္ဍိတထေရ်က တောင်းပန်လျှောက်ထားသည်က တစ်ကြောင်း၊

၃။ မိမိတို့၏ စစ်ကိုင်းတိုင်း တိုင်းကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် ဖွင့်ပွဲသို့ တက်ရောက်၍ အနုမောဒနကထာကို ကြားရ၍ ဝမ်းမြောက်သည်က တစ်ကြောင်း၊

၄။ မိမိတို့၏ စစ်ကိုင်းတိုင်းဟူသော တိုင်းသံယောဇဉ် အမျှင်တွယ်ငြိမှုက တစ်ကြောင်း၊

၅။ သာသနာတော် တည်တံ့ပြန့်ပွားရေးကို အလေးဂရုပြု၍ အားပေးလိုသည်က တစ်ကြောင်း ...

ဤအကြောင်းများကြောင့် မိမိတိုက်တာ ကျောင်းဝိဟာနှင့်တကွ တပည့်တပန်း ဒကာ ဒကာမတို့ကို ကျိုးကြောင်းပြကာ ဥပေက္ခာထား၍ ရွှေဘိုမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မဟာအောင်မြေဝိဇ္ဇာလယ ကျောင်းတွင် နယဒေသက ဂဏဝါစကအဖြစ်ဖြင့် ဥဘတော ဝိဘင်းဘာသာကို တာဝန်ယူဆောင်ရွက်နေခဲ့ပါသည်။

ထိုသို့ နေစဉ်ပင် နှစ်စဉ်နှစ်တိုင်း မိုးမိတ်ဘုရားပွဲတော် ရွက်ဆောင်နေကျအတိုင်း သွားရောက်ရပါသည်။ အထူးမှာ ရိုးရိုးအခါဆိုရင် ဝါဆိုလဆန်းမှာပဲ ပွဲတော်ကျင်းပကြပါသည်။ ယခုနှစ်မှာတော့ ငွေရတုပွဲ ဆင်နွှဲလို၍ မူလဘူတ ဖြစ်သော တော်သလင်းလကိုပဲ ပွဲတော်သဘင် ဆင်ယင်ကြပါသည်။

မင်းကွန်းဓမ္မနာဒရောက်တယ်ဆိုရင် တည်းခိုနေကျ ဖြစ်သော သလ္လာဝတီကျောင်းမှာပင် တည်းခို၍ ရမည်းသင်းမြို့ ရွှေလမင်းဆွမ်းကျွေးအဖွဲ့၏ ဆွမ်းကျွေးမှုကိစ္စ သံဃာ့တာဝန်ကို တာဝန်ယူဆောင်ရွက်ပါသည်။

အတုယူစရာ ရွှေလမင်းစေတနာ

ဤဆောင်းပါးကို ဖတ်သူသည် ဤခေါင်းစဉ်စာတန်းကို ဖတ်ရှု၍ 'ဘယ်လို ဆက်စပ်သလဲ၊ ဘာအတုယူစရာ ရှိသလဲ' စသည်ဖြင့် 'လဲ' ပေါင်းများစွာ တွေးတောမှုတွေ ပေါ်လာပေလိမ့်မည်။ သို့အတွက် စာဖတ်သူနှင့် ရွှေလမင်း၏စေတနာကို ဤစာရေးသူကပဲ မိတ်ဆက်ပေးပါရစေ။

'ရွှေလမင်း'ဆိုသည်မှာ လူနာမည်မဟုတ်ပါ။ ဇာတိကား မန္တလေး၊ ပဝတ္တိ ရမည်းသင်းသူ ဖြစ်သော ဒေါ်ဒေါ်တင် တည်ထောင်ခဲ့သော ဆေးလိပ်ခုံအမည်ပင်။

ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင်ဒေါ်ဒေါ်တင်ကား မိုးမိတ် စေတီတော်ကြီးနှင့် မည်သို့မည်ပုံ ရေစက်နီးသည်မသိ။ မိုးမိတ်စေတီတော်ကြီးပွဲတော် ကျင်းပသောနှစ်မှစ၍ တိပိဋကဓရဆရာတော်၏ သာသနာ့မိခင်ကြီး တစ်ဦးအနေဖြင့် လိုအပ်သောနေရာမှ ကွက်လပ်ဖြည့်ကာ ဘုရားပွဲတော်

ကျင်းပသည့် ခုနစ်ရက် အစအဆုံး ဓမ္မနာဒကျောင်းတိုက်သို့ ကြွရောက်လာကြသော ရဟန်းပရိသတ် လူပရိသတ်တို့ကို လူပေါင်း ၄၀-ကျော်ဖြင့် မိမိတို့ကိုယ်တိုင် ဝယ်ခြမ်း ချက်ပြုတ် ကျွေးမွေးခြင်းအမှုကို မငြီးမငြင် မပင်မပန်း လက်ညီတက်ညီ စေတနာညီ ဝီရိယညီ ပြုလုပ်ကျွေးမွေးခဲ့သည်မှာ ၂၅-နှစ် ၂၅-ကြိမ် ရှိခဲ့လေပြီ။

ပဓာနနည်းအားဖြင့် ၁၃၄၇-ခုနှစ်၊ မိုးမိတ်ဘုရားပွဲတော်၏ငွေရတုသဘင် ဆိုသော်လည်း အပ္ပဓာနနည်းအားဖြင့် ရွှေလမင်း ဆွမ်းကျွေးအဖွဲ့၏ ငွေရတုသဘင်ဆိုက မှားမည် မထင်ပေ။

ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဒေါ်တင်ကား အသက် ၉၂ နှစ်အရွယ် ၁၃၄၃-ခုနှစ်က "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေ ဓမ္မာ နိရုဇ္ဈရေ" ဟူသော ဒေသနာအရ ဘဝခန္ဓာ ချုပ်ဆုံးခဲ့လေပြီ။

သို့ပါသော်လည်း ဒေါ်ဒေါ်တင်စိုက်ပျိုးတည်ထောင်ထားခဲ့သော 'နိဗဒ္ဓ' ကုသိုလ်အဟုန်ကို မပျက်စေဘဲ 'ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊ အထ ဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ" ဟူသော သိင်္ဂါလောဝါဒသုတ်နှင့်အညီ လည်းကောင်း၊

က။ မွေးတဲ့မွေးမည်၊ မှုထိုဉ၊ ဆောင်မည်တို့ကိုယ်စား။
ခ။ မျိုးဆက်ရှည်ထွေ၊ တို့အမွေ၊ ခံပေလိမ့်တကား။
ဂ။ ကောင်းမှုဘာဂ၊ တို့သေက၊ မျှလိမ့်ငါတို့အား။

မိခင်ဖခင်၊ သားပေါ်တွင် မြော်မြင်အကြောင်းငါး...

ဟူသော ကျေးဇူးရှင်ဆရာတော်ဘုရား၏ ဩဝါဒနှင့်အညီ သားသမီးများဖြစ်ကြသော ဦးအုံ့ထွန်း-ဒေါ်အမ၊ မြေးမြစ်များနှင့် ဆွေမျိုးအားလုံးတို့ပါ ဝိုင်းဝန်း၍ မိခင်ကြီးတည်ထားခဲ့သော နိဗဒ္ဓကောင်းမှုအလုပ်ကို ဆက်လက်ဆောင်ရွက်နေပေသည်။

သာသနာ့ဖခင်၊ မိခင်နှင့် မိုးမိတ်မြေ

မှန်ပေသည်။ တီ-နိသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှကား မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတော်နှင့် ရန်ကုန်ဌာနခွဲရှိ စာကျက်စာအံ စာပြန် စာကြည့် တိပိဋက-နိကာယ သံဃာတော် အရှင်မြတ်များအပေါ်၌ မိခင်ကြီး၏နှလုံးသွင်းပမာ ရင်အုပ်နှင့် မက္ခာမကွေ သူ၏မေတ္တာ၊ ကရုဏာတည်းဟူသော ဘယ်ပြန်ညာပြန် အတောင်ပံကြီးနှစ်ဖက်ဖြင့် ဖြန့်ယှက်ကာ အုပ်ထားဘိသကဲ့သို့ ရှိလေတော့သည်။

သို့ပင်တစေ သူ၏မေတ္တာ၊ ကရုဏာ အတောင်နှစ်ဖြာအောက်မှ မသိမလိမ္မာ ငယ်ရွယ်သောကြက်ငယ်ကလေးများ တိုး၍တိုး၍ ထွက်ဘိသကဲ့သို့ အချို့အချို့သော သားဆိုးသားမိုက်ကလေးများလည်း ပါရှိကောင်းပါရှိပေလိမ့်မည်။ သို့ပင်ပါရှိလင့်ကစား ဆရာဝန်ကြီး၏မျက်နှာကား ပြုံးပန်းမပျက်ဘဲ မေတ္တာ၊ ကရုဏာစာတ်တည်းဟူသော အတောင်နှစ်ဖက်ကတော့ မရုပ်သိမ်း၊ ဖြန့်ယှက်မြဲ ဖုံးအုပ်မြဲပင်။ ဆရာဝန်ကြီး၏ စိတ်နေစိတ်ထား သဘောရပ်ကား ကြီးမားပါပေစွ... ။

သာသနာ့ဖခင်ဆရာတော်ဘုရားကား ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အာဂုံဆောင်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးပင် မဟုတ်ပါလော... ။

အတ္တဟိတ = မိမိအကျိုးစီးပွားကိုသာ ပြုလုပ်ဆောင်ရွက်သော ပုဂ္ဂိုလ်။
ပရဟိတ = သူတစ်ပါး အကျိုးစီးပွားကို သာ ပြုလုပ် ဆောင်ရွက်သော ပုဂ္ဂိုလ်။
အတ္တဟိတ-ပရဟိတ = မိမိ သူတစ်ပါး အကျိုးစီးပွားတို့ကို ပြုလုပ်ဆောင်ရွက်သော ပုဂ္ဂိုလ်

တို့တွင် သဗ္ဗညုတ ဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်...

ဗုဒ္ဓေါ ဗောဓေယျံ၊
မုတ္တော မောစေယျံ၊
တိဏ္ဏော တာရေယျံ၊

ဟူသော သုမေဓာ ရှင်ရသေ့ဘဝက ကြုံးဝါးပဲ့တင်သံကို ထောက်ဆသောအားဖြင့် ပရဟိတပုဂ္ဂိုလ်အစစ်ကြီး ဖြစ်သလို ကျေးဇူးတော်ရှင် တိပိဋကရဆရာတော်ကြီးသည်လည်း ...

သဇ္ဈံ ပုနပိ သဇ္ဈန္တိ၊
ဘုဇမုက္ခိပ္ပ ဝုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေဝ၊
ပရဿတ္ထ မကုဗ္ဗတော ...

ဟူသော ပဋ္ဌိကာဋီကာကျမ်းလာ အရှင်သံဃရက္ခိတ မဟာသာမိမထေရ်၏မှာတမ်းကို လက်ခံယုံကြည်ပြီး ...

အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာတော်သည် အဘိဓမ္မာပိဋကအဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ၊ ပဉ္စပကရဏ အဋ္ဌကထာ ကျမ်းကြီးများအဆုံး နိဂုံး၌ 'ယံ ပတ္တံ ကုသလံ တဿ' အစရှိသော လေးဂါထာတို့ဖြင့် ဆုတောင်း အာသီသပြုတော်မူခဲ့ပါသည်။

အကျွန်ုပ်တို့သည်လည်း ထိုအရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာတော်၏ဆုတောင်း အာသီသဂါထာတို့ဖြင့်

ပင် အလွန်ကြည်ညိုစွာ ဆုတောင်းအာသီသမှု ပြုကြပါသည် ဟူသော မဟာဗုဒ္ဓဝင်နိဂုံး ဆုတောင်းစကားရပ်ကို ထောက်ဆ၍ အတ္တဟိတမဖက် သက်သက်သော ပရဟိတ ပုဂ္ဂိုလ်ရှင်တော်ဘုရား၏သားကောင်း ပုတ္တအနန္တတို့တွင် 'ဘယ်သူတွေမှ လိုက်မရသည့်' ဗုဒ္ဓဒိဋ္ဌာနုဂတစံပြပုဂ္ဂိုလ်ကြီးပါပေတကား။

မိုးမိတ်မင်းသားသည် ကုန်းဘောင်ရာဇဝင်စာတမ်းအရ ဤစေတီကို တည်ထားစဉ်က တစ်နေ့တစ်ခေါက် မိုးမိတ် ကုန်းမြေ အရောက်လှမ်း၍ ကြွမြန်းကာ ဖိဖိစီးစီး တည်ထား ပြုလုပ်ခဲ့သော မိုးမိတ်မင်းသားကဲ့သို့ ထို့အတူ ကျေးဇူးတော်ရှင် တိပိဋကဓရဆရာတော်ဘုရားသည်လည်း မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာစေတီတော်ကြီး၊ ရွှေဘုန်းပွင့်စေတီ တော်ကြီးများ မားမားမတ်မတ် အပူဇော်ခံနိုင်အောင် ပြုပြင်တည်ထားပြီးနောက် အဓွန့်ရှည်ကြာ သာသနာငါးထောင် တည်နေအောင် မူလဘူတ ကန်ပေါင်နှင့်တူသော ပရိယတ္တိ သာသနာတည်ရှိမှသာလျှင် ပရိပတ္တိ တည်းဟူသော ရေ၊ ပဋိဝေဓ တည်းဟူသော ကြာပန်းတို့ ပွင့်လန်းဝေဆာ ရှိနိုင်မည့် ခြင်းအရာကို မြင်သိတော်မူသည့်အလျောက် မိမိကဲ့သို့ပင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော သာသနာ့အာဇာနည် သားကောင်း ရတနာများစွာ ထွန်းကားစေရန် သာသနာ့ဥယျာဉ်ကြီး တစ်ခု ဤကုန်းမြေ၌ တည်ဆောက်ခြင်း ပြုအံ့ဟု နှလုံးပြုတော်မူသည်။

ဤသို့ နှလုံးပြုသည်မှ စ၍ ဝါဆိုဦးကာလ ဝါတွင်းကာလများ၌ ဆရာတော်ကိုယ်တိုင် နောက်ပါ ရဟန်းငယ်ကလေးများ၊ သာမဏေများနှင့် မကြာခဏ ကြွသွားကာ ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းခြင်း၊ မြက်တို့ကို သုတ်သင်ခြင်း စသည်ဖြင့် နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့သည်ကို တွေ့ရှိခဲ့ရပေသည်။ တစ်ရံတစ်ခါ စာရေးသူကိုယ်တိုင်ပင် ဦးဆောင်၍ ရှင်းလင်းသုတ်သင်ခဲ့ရသည်ကား အကြိမ်ပေါင်းများစွာပင်။

ဆရာတော်ဘုရားသည် ထိုစဉ်ကာလ ထိုရက်များက ဆိုလျှင် သဲဖြူချောင်းရွာ ဒကာစောမောင်၏ လှည်းဖြင့် နံနက် မိုးမိတ်၊ နေ့လယ် မိုးမိတ်၊ ညနေ မိုးမိတ် တစ်နေ့ တစ်ခေါက် မရောက်မရှိ၊ ကျောင်းမှာနေ၍ပင် မဖြစ်ရော့လေသလား ဟု တွေးရလောက်အောင်ပင်... ။

ဆရာတော်ဘုရားသည် မိုးမိတ်ကုန်းမြေအပေါ်၌ ကာယကံ မနောကံမျှသာ မဟုတ်သေးပါ၊ စကားပြောလျှင်လည်း မိုးမတ်မပါ စကားမပြောသလောက် ဖြစ်တော်မူခဲ့ပါသည်။

အာရုံ အာရမ္မဏိက သတိရ

ဤသို့နှင်နှင် ကျေးဇူးတော်ရှင်ဆရာတော်ဘုရား၏ စိတ်အစဉ်မှာ မိုးမိတ်ကုန်းမြေ၌ သာသနာ့ဥယျာဉ်ကြီး တည်ထောင်မည်ဟူသော အာရမ္မဏာဓိပတိကိစ္စ တပ်ခိုက်ဖြစ်ပေါ်လာသော စိတ်အမူအရာ၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာတွေ တွေ့မြင်သိရှိရတဲ့ စာရေးသူမှာ... မှတ်မိပါသေးသည် ဟုသာ စကားစလိုက်ကြပါစို့ရဲ့။

ဟိုယခင် အာဒိကမ္မိက အဘိဓမ္မမစိုးရိမ်ဆရာတော်ကြီး မြင်းခွာရွက်ဆေးလုံး စားသုံးမှီဝဲချိန်အခါက တွေ့ရာကြုံရာ ရောက်ရာဌာန၌ စကားစပ်မိတိုင်း၊ မြင်းခွာရွက်ဆေးလုံးဟာ ရိုဖြူရိုနီ ဆီးနီဆီးဝါ ဆီးအောင့်ဆီးနည်း ဟူသမျှ၌ ကောင်းကြောင်း၊ သွားမကျိုး၊ ဆံမဖြူ၊ စသည်ဖြင့် မပြတ်မပြတ် အမိန့်ရှိသတဲ့။

ပဌာန်းကျမ်းကြီး နည်းသစ်ထွင်၍ ချပို့စဉ်အခါကျတော့လည်း 'တို့များချပို့သောနည်းထက် သိလွယ်မြင်လွယ်သောနည်းများတွေ့ရှိလျှင် တို့များလာ၍ပြောပါဦး' ဟူ၍လည်းကောင်း၊ 'တို့များချပို့တဲ့နည်းဟာ သုံးလအတွင်း ပဌာန်းကျမ်းကြီးကို သဘောကျနိုင်တယ်'စသည်ဖြင့် မပြတ်မပြတ်အမိန့်ရှိသတဲ့။ ကြွရောက်ရာ အရပ်ဒေသတို့၌လည်း ၅-ရက်နေနေ၊ ၆-ရက်နေနေရှိသမျှ တစ်ယောက်နှစ်ယောက်နှင့် ပဌာန်းချပို့လေ့ရှိပေသည်။

ထို့ကြောင့် မစိုးရိမ်ဆရာတော်ကြီး၏ 'မြင်းခွာ-ပဌာန်း'ဟူသော စကားသည် ရေပန်းစားခဲ့ကြောင်း ကျေးဇူးတော်ရှင်ဆရာတော်အမိန့်ရှိသည်ကို မှတ်သားခဲ့ရဖူးသည်။

အဲဒီ မစိုးရိမ်ဆရာတော်ကြီးရဲ့ 'မြင်းခွာ-ပဌာန်း' ကဲ့သို့ ငါတို့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားလည်း နံနက် 'မိုးမိတ်'၊ ည'မိုးမိတ်' နှုတ်မြွက်တိုင်း 'မိုးမိတ်'ဖြစ်နေသဖြင့် 'ကိုယ်-နှုတ်-စိတ်-သုံး၊ မိုးမိတ်ကုန်း' ဟူ၍ မှတ်ချက်ချခဲ့ဖူးလေသည်။

အာဒိကမ္မိက အဘိဓမ္မမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးကား မိမိအောက် အလွန်ငယ်သော ရဟန်းသံဃာများကို 'နင်၊ မင်း၊ ကိုယ်တော်' ဟူ၍ ရိုင်းရိုင်းပျပျ မောက်မောက်မာမာ ရင့်ရင့်သီးသီး ပြောဆိုခေါ်ဝေါ် သုံးနှုန်းခြင်း မရှိ။ စကားပြောရာ ခိုင်းစေရာ စာပေ ပို့ချရာတို့၌ 'ဆရာတို့' ဟူသော နာမ်စားစကားလုံးဖြင့် သုံးနှုန်းလေ့ရှိကြောင်း အဆင့်စကား မှတ်သားရဖူးသည်။

စာရေးသူတို့၏ ကျေးဇူးတော်ရှင် တိပိဋကဓရဆရာတော် ဘုရားလည်းပဲ မိမိအောက် အလွန်ငယ်သော ရဟန်း

သံဃာတော်များကို 'ဘုရား၊ တပည့်တော်နှင့်' သုံးစွဲတော်မူလေ့ရှိသည်။

ဤစာရေးသူပင် ဆရာတော်ဘုရားထံ ရဟန်းတစ်ဝါကပင် ရောက်ရှိခဲ့သည်။ ရဟန်းခံစဉ်ကလည်း ဆရာတော်ပင် အနုသာသကမှု၊ ကမ္မဝါ ချီးမြှင့်မှု ပြုတော်မူခဲ့သည်။ သို့ပင် ပြုလင့်ကစား ရင့်ရင့်သီးသီး အခေါ်အဝေါ် မခံခဲ့ရပေ။ 'ဘုရား၊ တပည့်တော်' ဟူ၍ပင် စာရေးသူတို့အပေါ် သုံးနှုန်းသဖြင့် ကျော်ချမ်းခဲ့ရသည်ကား များလှပေပြီ။ ဩော်... အတုယူဖွယ်၊ လေးစားဖွယ်၊ ကြည်ညိုဖွယ် ကောင်းလေစွ။

ဆရာတော်ဘုရားသည် အထက်ပါ မိုးမိတ်ကုန်းမြေ၌ အာရမ္ဘဏာဓိပတိပစ္စည်းတပ်ပြီး စကားပြောခြင်း၊ ခဏာ



ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် အစသော ကျမ်းစာများကို ကျောက်ထက်အက္ခရာတင်ထားသည့် ကျောက်စာချပ်များ

ခဏာ ကြွခြင်း၊ ကုန်းမြေ၌ ကိုယ်ဖိရင်ဖိပြုခြင်း တို့ကား တပေါင်းဆွေးမှ အရေးပေါ်ဆိုတာလို တိပိဋကနိကာယ တည်းဟူသော စိုက်မိုး၊ ပျိုးမိုး၊ ကြဲမိုးများပင် ဖြစ်၍နေပါပေ့တကား။

ဝတီသာလောနိမ္မာလော

ထိုမှ နောက်၌ကား မိုးဦးကျနှင့် ဆောင်းလအဝင်မှာ မိမိတို့၏ လယ်ယာခွင်ကို စိုက်ပျိုးရန် ထွန်ယက်သော လယ်သမားကဲ့သို့ သာသနာ့လယ်မြေ သာသနာ့ဥယျာဉ်ဝယ် သာသနာ့သားကောင်း နိကာယ်ဆောင်တည်းဟူသော အပင်ပျိုများ ဖြစ်ပေါ်လာစေရန် သာသနာ့လယ်သမား သာသနာ့ဥယျာဉ်မှူးဖြစ်သော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည်လည်း သာသနာတော်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ခိုင်ခံ့တိုးတက်စေရန် တိပိဋကဓရ နိကာယမျိုးစေ့များ ကြဲချခြင်း၊ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းကြောင့် ယခုအခါ မိုးမိတ်ကုန်းမြေ သာသနာ့ဥယျာဉ်ဝယ် ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် တည်းဟူသော ပိဋကဓရပင်ပျို၊ နိကာယ ပင်ပျိုများဖြင့် စိမ်းလန်းစိုပြည် သီးပွင့်တွေ တဝေဝေ မြင်သူတွေအံ့မခန်း၊ ဆန်းဆန်းကြယ်ကြယ် ပစ္စည်းလေးပါးထောက်ပံ့သူ အသွယ်သွယ်တို့ဖြင့် လိုလေသေးမရှိ...။

အရှင်သီဝလိရောက်ရာ ရှားနှစ်တောဝနာတွင် နတ်သိကြားတွေ ဖန်ဆင်းသကဲ့သို့ ရုတ်ကရက် ရှောင်တခင်တွေ့ မြင်ကြရသော ဤဒေသ ဤနေရာသည်ကား မိုးမိတ်ကုန်း မြေမှ ဟုတ်ပါလေစ ဝတီသာလော-နိမ္မာလော ဟူ၍သာ ဆိုလိုက်ချင်ပါတော့သတည်း။

ရှင်တော်မြတ်အား လျှောက်ထားပါရစေ

ခုနှစ်ဆယ့် သုံးတောင်သံတောင်မြင့်မား မိုးမိတ်စေတီမြတ်ကြီးဘုရား... ။

အရှင်မြတ်ကြီးကား တဏှာ့ကင်ရာ၊ မေမက်ရာ၊ သရဏာက်ရာ၊ ဒီပက်ရာ စသော ကိုယ်တော်မြတ်တို့၏

နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့သော ရှေးရှေးသော နောင်တော့် နောင်တော် သဗ္ဗညုဗုဒ္ဓတို့၏ ကျေးဇူးတော်ကို မျှော်ခေါ်၍ ဆပ်တော်မူသောအနေအားဖြင့် ကိုယ်တော်မြတ်နှင့်အတူ စံတော်မူ၍ ဣန္ဒြေတော်အပြည့်အဝ လှပတင့်ဆန်း ရှုမခန်းအောင် ကိုယ်တော်၏တပည့်သား တိပိဋက-နိကာယ်ဆောင် အရှင်များ ခြံရံလျက် သီတင်းသုံးဟန် စံနေတော်မူပုံကား သံသရာခရီးသွား တပည့်တော်များ၏ ဖူးမြင်လို့မဝ၊ ကန်တော့၍လည်း အားမရ၊ ကြည်ညိုလို့လည်း မတင်းတိမ်၊ သဒ္ဓါအရှိန် အရောင်ထွက်၍ ပြောင်ပြောင်လက်လက် ဖြစ်ရပါတော့သည်ဘုရား။

တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အဘယဇာတက ဖြစ်တော်ပေါင်း များစွာဖြင့် ခြံရံတော်မူပြား စက်တော်ရာ စေတီတော်မြတ်ကြီးဘုရား... ။

အရှင်မြတ်ကြီးသည်ကား သက်တော်ထင်ရှား ဟိုယခင် ဗျာဒိတ်ပွဲမှာ ဆင်နွဲကာ ယဉ်သကဲ့သို့ အရှင်မြတ်၏ ဗျာဒိတ်သံ ဧတဒဂ်ရဖို့ရန်ကို အခါသမယ ပါရမီဖြည့်ကြသည့် သာကီယနွယ်ဖွား အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စရှိများစွာ လက်ယာတော်ရံ လက်ဝဲတော်ရံ သာဝထေရ် မဟာတို့နှင့် လည်းကောင်း၊

အရှင်မဥပ္ပလဝဏ်၊ အရှင်မ ခေမာ၊ အရှင်မ မဟာပဇာပတိ ဂေါတမီ စသည်များစွာ လက်ယာတော်ရံ လက်ဝဲတော်ရံ ထေရီမတို့နှင့် လည်းကောင်း၊ အနာထပိဏ်၊ စိတ္တသူကြွယ် ပေါ်ယယ်များစွာ ဥပါသကာတို့နှင့်တကွ ဝိသာခါ၊ နန္ဒမာတာ များစွာသောင်းသောင်း ဥပါသိကာမအပေါင်းတို့နှင့် လည်းကောင်း၊ သီတင်းသုံးဟန် စံနေတော်မူပုံကား သံသရာခရီးသွား တပည့်တော်များ၏ ဖူးမြင်လို့မဝ၊ ကန်တော့၍လည်း အားမရ၊ ကြည်ညိုလို့ မတင်းတိမ်၊ သဒ္ဓါအရှိန်အရောင်ထွက်၍ ပြောင်ပြောင်လက်လက် ဖြစ်ပါတော့သည် ဘုရား။

မိုးမိတ်မည်ခေါ် မြတ်ကုန်းတော်

မဟာမေဒနီ ဘေရီတလာ စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြန့် ချီးအုံ့မခန်း ပန်းလက်ယာရစ် ထူးမြတ်တင့်တယ်ဖွယ် ဖွယ်ရာရာ မြေတကာတို့၏သင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူတည်ရာ တေဇောလျှံဖိတ် မြေဦးထိပ်ဇယ သန္တောသဘွဲ့ခံ ဘုန်းကံရှိသူတို့၏စံရာ မင်္ဂလာကျက်သရေ အထွေထွေနှင့် ပြည့်စုံသော... 'အို... မိုးမိတ်ရွှေဘုန်း' မြတ်ကုန်းတော်... ။

သန္တောသဘွဲ့ခံ ဘုန်းကံရှိသူတို့၏စံရာ နိဗ္ဗာန်ဆိပ်ဦး ကူးသူတို့၏ ပုညတိတ္ထလည်းဖြစ်သော မိုးမိတ်မည်ခေါ် မြတ်ကုန်းတော်သည်ကား ဟိုရှေးယခင် လွန်ခဲ့သော အနှစ် ၂၀-ပင်တုန်းက စိမ်းလန်းစိုပြည် နဂိုနေအားဖြင့် ရွက်လိပ်ရွက်ဖူး ရွက်ညွန့်ထူးတို့ဖြင့်လည်းကောင်း၊ သစ်ပင်ကြီးငယ် အသွယ်သွယ်အဝဝ လှပတင့်တယ် ရှုစချင့်ဖွယ်တို့ဖြင့်လည်းကောင်း၊ အောင်မဲညိုဖြူ တမူထူးဆန်း နဘူးပန်းနှင့် ပွင့်ဆန်းလှထယ် ရနံ့ကြွယ်သော ခင်ပုပ်ပန်းနွယ်တို့ဖြင့်လည်းကောင်း၊ ထည်ဝါဆန်းဆန်း စိမ်းလန်းစိုပြည် အောင်မြေအတိတ် မိုးမိတ်မည်ခေါ် မြတ်ကုန်းတော် ဖြစ်ခဲ့သည် မဟုတ်ပါလော။

ယခုတမူ ဆူဆူပြာသာဒ် ဘုံရပ်အဆောင်ဆောင် မိုးခေါင်မြင့်နန်း စောင်းတန်းခြယ်စီ မြတ်စေတီတို့ဖြင့် ကစ်လီရှေ့နောက် ကုန်းမြင့်မြေထက်အောက်၌ ဘဝဂ်ရောက်မြင့်ကြွား ရမ္မ,သုဘ,သုရမ္မဆိုတဲ့ ပြာသာဒ်အလားကဲ့သို့ ဆန်းပြားစွာပင် မြင်မြင်ရသူ ပီတိတွေလှိုက်ဆူဖို့ မကိုဋ်အင်္ဂမဟာဗုဒ္ဓင် ဆိုတဲ့ ကျောက်စာ ကမ္ဗဝါစုံစုံ နဂါးရုံနှင့် ကုံလုံပိဋကတ် စေတီမြတ်ဗောဓိ အချိန်သိနာရီစင် တွင်တွင်မြည်ဟည်း ဗဟိုစင်ကြီးနှင့် ဝေးနီးမြင်လောက် ရေဇလာနဒီ သေလာပထဝီ မြေမဟီက ပေါက်သကဲ့သို့ ဂုဏ်မြင့်မောက်ကဲ လွန်စွာထည်ဝါခမ်းနား ဆန်းပြားတော်မူလှသော အို... သန္တောသ ဘွဲ့ခံ နာမံ တံဆိပ် ခတ်နှိပ်ခေါ်ဝေါ် မိုးမိတ်ကုန်းမြေတော်။ အသင် မိုးမိတ်ကုန်းမြေသည်ကား မူလာသမ္ဘူ ခုခါသမယမှာတော့ သုဒတ္တသုဘဒ္ဒါတွဲ့ခံ တိပိဋက-နိကာယသာသနာပြု သဒ္ဓါသန်သောအဖွဲ့ကြီးနှင့် ရင်းနှီးဆက်ဆံပေါင်းမိပြန်သောကြောင့် 'ဝတီသာလော-နိမ္မာလော' ဟူ၍ပင် အုံ့ဩချီးကျူး အံ့မူးဖွယ်ရာတစ်ရပ် နိဂုံးသတ်အနေဖြင့် ရပ်လိုက်ရပေလေတော့သတည်း။ ။

အရှင်ကောဏ္ဍည

ရွှေဘုံသာ၊ တောင်ရင်း။

အစ္ဆရိယ အဗ္ဘုတပုဂ္ဂိုလ်

သံလျင်မင်းကျောင်းဆရာတော်

အရှင်ဝဏ္ဏာသိရိ

အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ပွင့်ထွန်း ပေါ်ပေါက်လာခြင်းကြောင့် လက်ဖျစ်တီး၍ ချီးကျူးထိုက်ကုန်သော မဖြစ်စဖူး ထူးထူးကဲကဲ ဖြစ်ပေါ်လာကုန်သော အစ္ဆရိယ အဗ္ဘုတ တရားလေးမျိုးတို့ ထင်ရှားဖြစ်ပေါ်လာကြကုန်၏။

ယင်းတရားလေးမျိုးကား-

၁။ ဗောဓိသတ္တအလောင်းတော်မြတ် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်မာယာဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော်မူသောအခါ၊

၂။ မယ်တော်မာယာ ဝမ်းကြာတိုက်မှ အလောင်းတော်မြတ် မီးရှူးသန့်စင် ဖွားမြင်တော်မူသောအခါ၊

၃။ အလောင်းတော်မြတ် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူ၍ ဘုရားဖြစ်တော်မူသောအခါ၊

၄။ အာသဠှီနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့် စနေနေ့ဝယ် ဓမ္မစကြာတရားဟောတော်မူသောအခါတို့ ဖြစ်သည်။

တစ်လောကလုံးဝယ် အလွန့်အလွန် များလှစွာသော အရောင်အလင်းများ ထွန်းတောက်ပခြင်း ဟူသော အစ္ဆရိယ အဗ္ဘုတတို့ ဖြစ်ပေါ်လာခဲ့ပါသည်၊

တထာဂတဿ ဘိက္ခဝေ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါတုဘာဝါ စတ္တာရော အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ ပါတုဘဝန္တိ။

ကတမေ စတ္တာရော ?

၁။ ယဒါ ဘိက္ခဝေ ဗောဓိသတ္တော တုသိတာ ကာယာ စဝိတွာ သတော သမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမိ။

၂။ ပုန စပရံ ဘိက္ခဝေ ယဒါ ဗောဓိသတ္တော သတော သမ္ပဇာနော မာတုကုစ္ဆိမှာ နိက္ခမတိ။

၃။ ပုန စပရံ ဘိက္ခဝေ ယဒါ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ။

၄။ ပုန စပရံ ဘိက္ခဝေ ယဒါ တထာဂတော အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တေတိ။

အံ၊ ၁။ ၄၄၆။

ဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ တပည့်ရဟန်း (၅၀၀) ခြံရံလျက် ကြွတော်မူသည့်အခါ ရာဇဂြိုဟ်မြို့သူမြို့သားများက နှစ်ဦးပေါင်း သုံးဦးပေါင်း၍ လည်းကောင်း၊ အများစုပေါင်း၍လည်းကောင်း အာဂန္တုက အလှူဒါနကို ပေးလှူကြပါသည်။

ဆွမ်းအနုမောဒနာတရားကို အရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

ဥပါသကာ ဒါယကာတို့. . .

၁။ အလှူဒါယကာတစ်ဦးသည် မိမိကိုယ်တိုင်တော့ လှူပါတယ်၊ သူတစ်ပါးကို လှူဖို့ရာ နှိုးဆော်တိုက်တွန်းမှု မပြုပါ။ ယင်းဒါယကာသည် ဖြစ်လေရာ ဘဝတိုင်းမှာ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံခြင်းအကျိုးကို ရပါတယ်။ အခြံအရံနဲ့ ပြည့်စုံခြင်း အကျိုးကို မရပါ၊

၂။ အလှူရှင်ဒါယကာတစ်ဦးကတော့ မိမိကိုယ်တိုင်တော့ မလှူပါ၊ သူတစ်ပါးကိုသာ လှူဖို့ရာ တိုက်တွန်းပါတယ်။ ယင်း ဒါယကာသည် ဖြစ်လေရာ ဘဝတိုင်းမှာ အခြံအရံနဲ့ ပြည့်စုံခြင်းအကျိုးကိုသာရ၍ စည်းစိမ်ဥစ္စာနဲ့ပြည့်စုံခြင်း အကျိုးကို မရပါ။

၃။ အလှူရှင်ဒါယကာတစ်ဦးကတော့ မိမိကိုယ်တိုင်လည်း မလှူပါ၊ သူတစ်ပါးကိုလည်း လှူဖို့ရာမတိုက်တွန်းပါ။ ယင်း ဒါယကာသည် ဖြစ်လေရာဘဝတိုင်းမှာ ဝမ်းပြည့်ရုံမျှ စားစရာမရှိ၊ အခြံအရံမဲ့၊ ကိုးကွယ်ရာမဲ့ ဖြစ်ရပါတယ်။

၄။ အလှူရှင်ဒါယကာတစ်ဦးကတော့ မိမိကိုယ်တိုင်လည်း လှူပါတယ်။ သူတစ်ပါးကိုလည်း လှူဖို့ရာ နှိုးဆော်တိုက်တွန်းပါတယ်။ ယင်းဒါယကာသည် ဖြစ်လေရာဘဝပေါင်းတစ်ရာ၊ တစ်ထောင်၊ တစ်သိန်းမှာ စည်းစိမ်ဥစ္စာပေါများကြွယ်ဝ ချမ်းသာရုံမျှမက အခြံအရံပရိသတ်စုံစုံလင်လင်နဲ့ နေရခြင်း အကျိုးကို ရပါတယ်။

ယင်းတရားပွဲ၌ အသိဉာဏ်နဲ့ပြည့်စုံတဲ့အမျိုးကောင်းသားတစ်ယောက်ဟာ တရားတော်ကို နာရသော ကြောင့်. . .

'အချင်းတို့၊ အရှင်သာရိပုတ္တရာမထေရ်မြတ် ဟောကြားတော်မူတဲ့ တရားတော်ဟာ လက်ဖျစ်တီး၍ ချီးကျူးထိုက်သော မဖြစ်စဖူး အထူးဖြစ်သော အစ္ဆရိယ အဗ္ဘုတဓမ္မ ဖြစ်ပါပေ၏' ဟု ကြွေးကြော်လျက် အကျိုးနှစ်မျိုးကို ပြီးစေနိုင်တဲ့ 'မိမိလည်းလှူ သူတစ်ပါးကိုလည်း နှိုးဆော်တိုက်တွန်းခြင်းအမှုကို ပြုတော့မယ်' ဟု ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ဤ၌ တရားတော်၏ အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မ ဖြစ်ပုံကို ပြပါသည်၊

တမေကော ပဏ္ဍိတပုရိသော ဓမ္မံ သုတွာ၊ အစ္ဆရိယာ ဝတ ဘော၊ အဗ္ဘုတာ ဝတ ဘော ဓမ္မဒေသနာ၊ သုကာရဏံ ကထိတံ၊ မယာ ဣမာသံ ဒွိန္နံ သမ္ပတ္တီနံ နိပ္ဖါဒကံ ကမ္မံ ကာတုံ ဝဋ္ဋတိ။

ဓမ္မ၊ ဋ္ဌ၊ ၁။ ၄၉။

ဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်မှ ဗာရာဏသီသို့ ဒေသစာရီ ကြွတော်မူရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူသည့်အချိန် ဗာရာဏသီပြည်၌ သံဃာ့အလုပ်အကျွေး ရတနာသုံးပါး ကြည်ညိုကြသည့် သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမ ဇနီးမောင်နှံတို့ နေကြပါသည်။

သုပ္ပိယာဥပါသိကာမကြီးသည် ဘုရားကျောင်းပရိဝုဏ် အတွင်း ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းသို့ လှည့်လည် ကြည့်ရှုရာ ဝမ်းလျှောသဖြင့် မကျန်းမမာဖြစ်နေသော ရဟန်းတော်တစ်ပါးကိုတွေ့၍ ဘုဉ်းပေးလိုရာ မိန့်ကြားပါ ရန် လျှောက်ထားသဖြင့် အသားဟင်းဘုဉ်းပေးလိုကြောင်း သိရ၍ ချက်ပြုတ်ပို့ဖို့ရာ တာဝန်ယူလာခဲ့ပါသည်။

ဈေး၌ ပဝတ္တမံသအသား (ခုံတင်သား၊ ပွဲသကူသား) ဝယ်ခိုင်းရာ တစ်မြို့လုံးဝယ်မရသဖြင့် မိမိပေါင်သားကို ချက်ပြုတ်ပြီး ရဟန်းထံစေလွှတ် လှူဒါန်းခဲ့ပါသည်။

ခင်ပွန်းသည် သုပ္ပိယဥပါသကာက မေးမြန်း၍ အကြောင်းစုံ ပြန်ကြားပြောဆိုရာ-

ခင်ပွန်းသည်က "အချင်းတို့၊ အံ့ဖွယ် ရှိပါပေစွ။ အချင်းတို့၊ မဖြစ်စဖူး ဖြစ်ပါပေစွ။ ဤသုပ္ပိယာသည် ရတနာသုံးပါး၏ ကျေးဇူးကို အလွန်ယုံကြည်၏။ ရတနာသုံးပါးကို ကြည်

ညို၏။ မိမိ၏ အသားကိုသော်လည်း စွန့်လှူနိုင်သေး၏။ ဤသုပ္ပိယာအား အခြား တစ်စုံတစ်ခုသော မလှူနိုင်သော အရာကား အဘယ်မှာ ရှိတော့အံ့နည်း' ဟု ရွှင်လန်း နှစ်သက် တက်ကြွသောစိတ်ဖြင့် ဘုရားထံသွားခဲ့ပါသည်။

အထခေါ် သုပ္ပိယော ဥပါသကော

"အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ ယာဝ သဒ္ဓါယံ သုပ္ပိယာ ပသန္နာ၊ ယတြ ဟိ နာမ အတ္တနောပိ မံသာနိ ပရိစ္စတ္တာနိ၊ ကိံပိမာယ အညံ ကိဉ္စိ အဒေယျံ ဘဝိဿတီတိ ဟဋ္ဌော ဥဒဂ္ဂေါ ယေန ဘဂဝါ တေနုပသင်္ကမိ။"

ဝိ၊ ၃။ ၃၁၁။

ဤ၌ ရတနာသုံးပါး၏ကျေးဇူးကို ယုံကြည်မှုတရားဖြင့် အလှူရဲရင့်ပုံ အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မ သဒ္ဓါဖြစ်ပုံကို ပြပါသည်၊

သာဝတ္ထိပြည်၌ အလှူအတန်း လုံးဝဝါသနာမပါသော ပုဏ္ဏားကြီးသည် လွန်စွာချစ်မြတ်နိုးသောတစ်ယောက်တည်းသော သားကလေးမကျန်းမာသည့်အခါ ပိုက်ဆံကုန်မှာ ကြောက်သဖြင့် ဆေးမကုဘဲနေခဲ့ပါသည်။

သေအံ့ဆဲဆဲ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ပြီး ရောင်ခြည်တော်ကို လွှတ်၍ ဖူးမြော်စေခဲ့ပါသည်။ မိမိလက်ကို မ,ချီနိုင်သည့်အား မရှိတော့သဖြင့် စိတ်ဖြင့်သာ ကြည်ညိုလိုက်ရသည်။

ယင်းစိတ်ဖြင့် ကြည်ညိုလိုက်ရသည့် ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာ-၃၀ ရှိသည့် ရွှေဗိမာန်၌ နတ်သား သွားဖြစ်ရပါသည်။

မကျန်းမာစဉ် ဆေးကုသမပေးနိုင်ဘဲ သေပြီးမှ သုသာန်မှာ အလွမ်းလာသယ်နေတဲ့ ဖခင်ပုဏ္ဏားကြီးနှင့် ပြန်လည်တွေ့ဆုံစဉ် နတ်သားက...

'ဖခင်ပုဏ္ဏားကြီး၊ ကျုပ်သည် ဝမ်းမြောက်ကြည်ညိုသောစိတ်ဖြင့် ဘုရားရှင်အား လက်အုပ်ချီခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်ရပါ၏'

ပုဏ္ဏားကြီးက 'အံ့ဖွယ်ရှိပေစွ တကား၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွ တကား၊ လက်အုပ်ချီခြင်း ကုသိုလ်ကလည်း ဤသို့သော အကျိုးဖြစ်တုံ ဘိသေး၏' ဆိုပါသည်။

သား၏ ပြောဆိုမှုကြောင့် အမြင်မှန် သဘောပေါက်ပြီး ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းကျွေးပွဲ ပြီးဆုံး သည့်အခါ

'အရှင်ဂေါတမ၊ အရှင်ဘုရားတို့အား အလှူလည်း မပေး၊ ပူဇော်ခြင်းလည်း မပြု၊ တရားလည်း မနာ၊ ဥပုသ်လည်း မစောင့်ဘဲ စိတ်ထဲ ကြည်ညိုရုံသက်သက်ဖြင့် နတ်ပြည်ရောက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား' ဟု လျှောက်ရာ-

ဘုရားက 'ပုဏ္ဏားကြီး၊ ငါ့ကို မေးလျှောက်နေဖို့ လိုသေးလား၊ သင့်သားကိုယ်တိုင် သက်သေခံသွားပြီ မဟုတ်လား' ဟု ပြန်လည် မိန့်ကြားရပါသည်။

သွာဟံ မုဒိတမနော ပသန္နစိတ္တော၊
အဉ္ဇလိံ အကရိံ တထာဂတဿ။
တာဟံ ကုသလံ ကရိတ္ဝာန ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတော။
အစ္ဆရိယံ ဝတ အဗ္ဘုတံ ဝတ၊
အဉ္ဇလိကမ္မဿ အယမီဒိသော ဝိပါကော။

အထခေါ် ဗြာဟ္မဏော ကတဘတ္တကိစ္စံ တထာဂတ မုပသင်္ကမိတွာ နီစာသနေ နိသိန္နော ပဉှံ ပုစ္ဆိ။

'ဘော ဂေါတမ တုမှာကံ ဒါနံ အဒတွာပူဇံ အကတွာ ဓမ္မံ အသုတွာ ဥပေါသထဝါသံ အဝသိတွာ ကေဝလံ မနော ပသာဒမတ္တေနေဝ သဂ္ဂေ နိဗ္ဗတ္တာနာမ ဟောန္တိ တိ'

ဗြာဟ္မဏ ကသ္မာ မံ ပုစ္ဆသိ၊ နနု တေ ပုတ္တေန မဋ္ဌကုဏ္ဍလိနာ မယိ မနံ ပသာဒေတွာ အတ္တနော သဂ္ဂေ နိဗ္ဗတ္တဘာဝေါ ကထိတောတိ။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၂၂။

ဤ၌ ဘုရားအား စိတ်ဖြင့် ကြည်ညိုရသည့် ကုသိုလ်တန်ဖိုး သို့မဟုတ် လက်အုပ်ချီရသည့် ကုသိုလ် တန်ဖိုးတို့ အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မတို့ ဖြစ်ပုံကို ဖော် ညွှန်းလျက် ရှိပါသည်၊

အထက်၌ တင်ပြခဲ့သော အချက်များကို ချုပ်လိုက်သည့် အခါ...

(က) ဘုရားရှင်ပွင့်တော်မူလာခြင်း အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မတို့ ဖြစ်ပေါ်လာပုံ၊
(ခ) အရှင်သာရိပုတ္တရာ၏ တရား နာရသောကြောင့် တရား တော်၏ အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မ ဖြစ်ရပုံ၊
(ဂ) သုပ္ပိယာ၏ ရတနာသုံးပါး ယုံကြည်မှုသဒ္ဓါတရား ထက် သန်၍ အလှူရဲရင့်ခြင်း အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မ ဖြစ် ရပုံ၊
(ဃ) မဋ္ဌကုဏ္ဍလီနတ်သား၏ ဘုရားရှင်အား စိတ်ဖြင့် ကြည်ညိုရသည့် ကုသိုလ်တန်ဖိုး သို့မဟုတ် လက်အုပ်ချီရသည့် ကုသိုလ်တန်ဖိုးတို့၏ အစ္ဆရိယဓမ္မ အဗ္ဘုတဓမ္မ ဖြစ်ရပုံတို့ကို ရှုမြင်သုံးသပ်နိုင်ကြပါသည်။

ယင်းကဲ့သို့ အစ္ဆရိယ အဗ္ဘုတဓမ္မ ဟူသော အံ့သြဖွယ် အထူးအဆန်းကို မြင်ရသည့်အခါရနိုင်ခဲ့သော ရဖို့ရာခဲယဉ်းသော (အကျိုး) ပစ္စည်းကို ရသည့်အခါ ချစ်ခင်သူများကို

အမှတ်ရခြင်းသည် လောကထုံးစံ ဖြစ်သည်။ ဤထုံးစံအရ ဤစာရေးသူ ကျွန်ုပ်တို့မှာလည်း ချစ်ခင်လေးစား မြတ်နိုးသည့် ပုဂ္ဂိုလ်ကို သတိရလျက် ရှိပါတော့သည်။

ယင်းကဲ့သို့ အမှတ်တရ အဖြစ်အပျက် တစ်ခုကို တင်ပြလိုပါသည်။

အခါတစ်ပါး ဘုရားသခင်ကိုယ်တော်မြတ် ရာဇဂြိုဟ်မြို့၏အနီး ဇီဝက၏သရက်ဥယျာဉ်၌ ရဟန်းတော်ပေါင်း (၁၂၅၀)တို့နှင့် အတူ သီတင်းသုံး နေတော်မူပါသည်။

မဂဓတိုင်းကြီး၏ပြည့်ရှင် ဝေဒေဟီမိဖုရားကြီး၏ သားတော် အဇာတသတ်မင်းသည် ကုမုဒြာကြာပန်းများ ပွင့်လန်းဝေဆာလျက်ရှိသော တန်ဆောင်မုန်းလပြည့်နေ့ညဉ့်၌ အမတ်များခြံရံလျက် ပြာသာဒ်အထက်ဝယ် ထိုင်နေစဉ် 'ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ဟူသော ညဉ့်၏အပြစ်များ ကင်းစင်ဝင်းပ သာယာလှသော ညဥ့်အခါသည် စိတ်နှလုံးကို မွေ့လျော်နိုင်ပါပေစွ' စသည်ဖြင့် ဥဒါန်းကျူးရင့်လျက် ရှိပါသည်။

ယင်းကဲ့သို့ သာယာလှသော အခါသမယမှာ 'ဘယ်လို သမဏ ဗြာဟ္မဏများထံ ချဉ်းကပ်ရပါ့မလဲ' ဟု ဆက်လက် ဥဒါန်းကျူးရင့်လျက် ရှိပါသည်။

အမတ်အသီးသီးက လျှောက်တင်သည့်အနက် ဆရာဇီဝက ဘုရားဂုဏ်တော်များကို ဖော်ညွှန်းလျက် တင်လျှောက်သည်ကို သဘောကြိုက်ညီသဖြင့် ဆင်မယာဉ်သာ ငါးရာနှင့် စီးတော်ဆင်ကို ကကြိုးတန်ဆာ ဆင်မြန်းလျက် လည်းကောင်း၊ ကြီးကျယ် ခမ်းနားသော မင်း၏အာနုဘော်ဖြင့် ဆင်များကို စီးလျက် ဇီဝက၏ သရက်ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့ပေသည်။

ရဟန်းတော်ပေါင်း (၁၂၅၀) ခြံရံလျက် သီတင်းသုံးနေသော မြတ်စွာဘုရား၏ ပတ်ဝန်းကျင်ကို အကဲခတ်၍ လှမ်းကြည့်လိုက်သည့်အခါ ယင်း (၁၂၅၀) သော ရဟန်းပရိသတ်ဝယ် လက်လှုပ်၊ ခြေလှုပ်နေသော ရဟန်း တစ်ပါးတလေမျှ မရှိသည်ကို လည်းကောင်း၊ ရဟန်း တစ်ပါးတလေ၏ ချောဆပ်နေသောအသံကို လည်းကောင်း၊ အဆင်တန်ဆာများ အပြည့်အစုံဆင်မြန်းပြီးသား ကချေသည်များ ခြံရံလျက် ဘုရားရှင်ရှိရာသို့ ရှေ့ရှုလာသော အဇာတသတ်မင်းကြီးကို လည်းကောင်း လှမ်းပြီး ကြည့်ရှုနေသည့် ရဟန်းတစ်ပါးတလေကိုမျှ မမြင်ရဘဲ ဘုရားရှင်ကိုသာ ကြည့်ရှုဖူးမြော်နေကြကုန်သော ညွှန်ကင်းသဖြင့် အထူး ကြည်လင်နေသော ရေအိုင်ကြီးပမာ ပကတိ တည်ကြည် ငြိမ်သက်နေသော ရဟန်းတော်များကို ဖူးမြင်ရသဖြင့်...

'ယခုအခါ ရဟန်းသံဃာတော်အပေါင်းသည် ကိုယ်နှုတ် စိတ်တို့၏ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါပေ၏။ ငါ၏သား တော်ကလေး ဥဒယဘဒ္ဒမင်းသားလည်း ဤကဲ့သို့ ငြိမ်သက် ခြင်းနှင့် ပြည့်စုံစေပါသတည်း' ဟု ဝမ်းမြောက်နှစ်လိုမြွက်ဆို ခြင်း ဥဒါန်းစကားကို ပြောကြားခဲ့ပါသည်။

အဇာတသတ်မင်းကြီးသည် ဤမျှ များပြားလှသော ရဟန်းတော်များ၏ ငြိမ်သက် တည်ကြည်နေပုံ အစ္ဆရိယ၊ အဗ္ဘုတ တို့ကို ဖူးမြင်ရသဖြင့် အချစ်ဆုံးသားတော်ကလေးကို မှတ်မှတ်ရရ သတိရသွားပါသည်။

တတ္ထ ဟိ ဧကဘိက္ခုဿပိ ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ ခိပိတသဒ္ဒေါ ဝါ နတ္ထိ၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ နာဋကပရိဝါရံ ဘဂဝတော အဘိမုခေ ဌိတံ ရာဇာနံ ဝါ ရာဇပရိသံ ဝါ ဧကဘိက္ခုပိ န ဩလောကေသိ။

သဗ္ဗေ ဘဂဝန္တံယေဝ ဩလောကယမာနာ နိသီဒိံသု။

ရာဇာ တေသံ ဥပသမေ ပသီဒိတွာ ဝိဂတပင်္ကတာယ ဝိပ္ပသန္နရဟဒမိဝ ဥပသန္တိန္ဒြိယံ ဘိက္ခုသံဃံ ပုနပ္ပုနံ အနုဝိလောကေတွာ ဥဒါနံ ဥဒါနေသိ။

အယံ ပန ဘိက္ခုသံဃံ ဒိသွာ ပသန္နော ပုတ္တံ အနုဿရိ။ 'ဒုလ္လဘဥ္ဟိ လဒ္ဓါ အစ္ဆရိယံ ဝါ ဒိသွာပိယာနံ ဉာတိမိတ္တာဒီနံ အနုဿရဏံ နာမ လောကဿ ပကတိယေဝ။

ဒီ၊ ၅၊ ၁။ ၁၃၉။

အဇာတသတ်မင်းကြီးသည် ငြိမ်သက်တည်ကြည်ခြင်း အစ္ဆရိယ အဗ္ဘုတဓမ္မ တို့ကို ဖူးမြင်ရသဖြင့် အချစ်ဆုံးသားတော်လေးကို မှတ်မှတ်ရရ သတိရသွားသလို ဤ စာရေးသူ ကျွန်ုပ်သည် မှတ်မှတ်ရရ သတိရနေသော ပုဂ္ဂိုလ်ကြီးတစ်ပါး ရှိပါသည်။ ယင်းပုဂ္ဂိုလ်ကြီးကား-

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလမပြည့်မီ (၇) ရက်ခန့်အလို ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ၌ ဘုရားရှင်က အရှင်သာရိပုတ္တရာမထေရ်အား...

'ချစ်သား သာရိပုတ္တရာ သင်လို ပုဂ္ဂိုလ်မျိုးကို သင့်ရဲ့ ညီတော် နောင်တော်များအား ယခု နောက်ဆုံး မြင်ရခြင်း ဖြစ်သည်။ နောင် သင်လို ပုဂ္ဂိုလ်မျိုးကို တွေ့မြင်ဖို့ရာ များစွာ ခဲယဉ်းလှပါ၏။ သင့်ရဲ့ ညီနောင်တို့အား တရားဟောကြားသွားပါလော့' ဟု မိန့်ကြားတော်မူပါသည်။

သင်လို ပုဂ္ဂိုလ်မျိုးကား ငါဘုရား သာသနာတော်မှာ အစားထိုး မရသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်ဟု ဆိုလိုပါသည်။

ဘုရားရှင်လက်ထက်တော်က အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အစားထိုးမရနိုင်သလို၊ စာရေးသူတို့ ယခုလက်ရှိ သာသနာတော်မှာလည်း အစားထိုး မရနိုင်သော ပုဂ္ဂိုလ်ကြီးကား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖြစ်ပါတော့သည်။

မှတ်မှတ်ရရ သတိရလျက်ရှိသော ဆရာတော်ကြီး၏ အစ္ဆရိယ အဗ္ဘုတဓမ္မ တို့ကား…

(၁) ၁၂၉၃-ခုနှစ်၌ ရဟန်းဖြစ်စ ဝါ,မရမီ အစိုးရပထမကြီး တန်းကိုလည်းကောင်း၊

(၂) ၁၂၉၄-ခုနှစ်၌ တစ်ဝါ,အရတွင် အမျိုးသား ပထမကြီး တန်းကိုလည်းကောင်း၊

(၃) ၁၂၉၅-ခုနှစ်၌ နှစ်ဝါ,အရတွင် မန္တလေး သက္ကျသီဟ စာသင်တန်း၌ ဒုတိယ,ရလျက်လည်းကောင်း၊

(၄) ယင်း ၁၂၉၅-ခုနှစ်၌ပင် အစိုးရ ပထမကြီးတန်းကို ဒုတိယအကြိမ် ခရေပွင့်အမှတ်ပြလျက် လည်းကောင်း အောင်မြင်ခဲ့ပါသည်။

(၅) ၁၂၉၆-ခုနှစ် သုံးဝါအရတွင် အစိုးရပထမကြီးတန်းကို တတိယအကြိမ် ဝင်ရောက်ဖြေဆိုရာ မြန်မာတစ်နိုင်ငံလုံး အောင်မြင်သူများအပေါ် လွှမ်းကျော်လျက် (နံပါတ်တစ်) ရ၍ **ပထမကျော်** ဘွဲ့ထူးကို ဆွတ်ခူးခဲ့ပါသည်။

(၆) ပထမကျော် အောင်မြင်သည့်နှစ်၊ သက္ကျသီဟ စာသင်သား အောင်မြင်ပြီးသည့် ဒုတိယနှစ် ဖြစ်သည့် ၁၂၉၆ ခုနှစ်မှာပင် မန္တလေး သက္ကျသီဟ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ နှစ်မခြားဘဲ အဋ္ဌကထာကြီးသုံးကျမ်းကို တစ်နှစ်တည်းနှင့် အပြီး တစ်ပြိုင်နက် အောင်မြင်ခဲ့ပါသည်။

မန္တလေး သက္ကျသီဟ စာမေးပွဲကြီး စတင်ပြုလုပ်တည်းက တစ်ကြိမ်မျှမပေးရဖူးသေးသော 'ဦးဆောက်ပန်း' ဟု အမိပ္ပာယ်ရသည့် 'ဝဍ္ဎံသကာ' ဘွဲ့ထူးဖြင့် ချီးကျူးကာ အာဒိကမ္မိက 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဍ္ဎံသကာ' ဟူသော ဘွဲ့ထူးဖြင့် အပ်နှင်း ပူဇော်ခြင်း ခံခဲ့ရပါသည်။

(၇) အစိုးရ ပထမကျော်နှင့် သက္ကျသီဟ စာချတန်းကို တစ်ပြိုင်နက် တစ်နှစ်တည်းနှင့်အပြီး အောင်မြင်သည့်အတွက် ရန်ကုန်မြို့ ဂျူဗလီဟော ရုံကြီးတွင် ဓမ္မပူဇာ ထုတိမင်္ဂလာ ဩဘာသဘင် ဆင်ယင်ကျင်းပလျက် ရန်ကုန် ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးက ဆရာတော်အား 'သက္ကျသီဟ အဋ္ဌကထာပြန် အကျော်' ဟူသော ဘွဲ့တံဆိပ် လှူဒါန်းခြင်း ခံရပါသည်။

၁၃၀၃-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက် နေ့စွဲဖြင့် ထုတ်ဝေသော ဟံသာဝတီဂျာနယ် အတွဲ (၁)၊ အမှတ် (၉) ရွှေစကြာ ဆရာကြီးဦးစိုးမြင့် ရေးသားသည့် စာပိုဒ်ကို ဖော်ပြလိုပါသည်။

ငရုတ်ကျည်ပွေ့ အတက်ပေါက်ခြင်း

သက္ကျသီဟ စာမေးပွဲသက်မှာ ထိုအချိန်၌ နှစ်ပေါင်း ၃၁ နှစ် ရှိပြီဖြစ်ရာ စာသင်တန်း အောင်မြင်ပြီး နှစ်မခြားဘဲ နောက်တစ်နှစ်တွင် နှစ်ဆက်တစ်နှစ်တည်း တပြိုင်နက် အောင် သုံးချက်ထိုးကာ ပိဋကတ်သုံးပုံကို အလုံးစုံ အောင်မြင်သော ပုဂ္ဂိုလ်ဟူ၍ တပါးမျှ မပေါ်ခဲ့ဘူးသေးရာ စကျာသီဟ စာမေးပွဲနယ်တွင် 'ငရုပ်ကျည်ပွေ့ အတက်ပေါက်လျှင်သာ ပေါက်မည်။ ဒီလို ပုဂ္ဂိုလ်မျိုးတော့ ဘယ်တော့မှ မပေါ်နိုင်ပါဘူး'ဟုပင် ပြောစမှတ်ပြု၍ စံချိန်တစ်ခု ထားကြရလေသည်။ စကျာသီဟ စာချတန်း၏ အမြင့်ဆုံး စံချိန်ကား တစ်နှစ်တည်းနှင့်တပြိုင်နက်တည်း သုံးကျမ်းကိစ္စပြီး အောင်သည်ဖြစ်စေ နှစ်ကျမ်းနှင့် တကျမ်း ခွဲခြားအောင်မြင်၍ ကိစ္စပြီးသည်ဖြစ်စေ၊ စာသင်တန်းအောင်ပြီး နှစ်နှစ်မြောက်တွင် အောင်မြင်ခြင်းကို အမြန်ဆုံး အတော်ဆုံး ပထမတန်း ပုဂ္ဂိုလ်ဟု သတ်မှတ်ထားရှိခဲ့လေသည်။ သို့သော် ဦးဝိစိတ္တကား ထိုစံချိန်ကို ချိုးဖဲ့ဖျက်ဆီးပစ်ကာ သကျာသီဟ သာသနာဝင်ကို တစ်မျိုးတဖုံပြောင်းလဲလျက် ငရုပ်ကျည်ပွေ့ကို အတက်ပေါက်အောင်လုပ်ပြလိုက်လေသည်။

(ဆရာကြီး ရေးသည့်အတိုင်းသာ ဖြစ်ပါသည်။)

'ပထမကျော်' ဘွဲ့နှင့် အာဒိကမ္မိက 'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဍ္ဎံသကာ' ဘွဲ့ထူးကို ဆွတ်ခူးပြီး ခြောက်နှစ်အကြာ ၁၃၀၂-ခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပသော အစိုးရ ဓမ္မာစရိယ စာချတန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ နှစ်ချင်းစွဲ ဂုဏ်ထူးကျမ်းများပါ အောင်မြင်တော်မူသဖြင့် 'သာသနဓဇ သိရီပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပြန်ပါသည်။

ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ

၁၃၁၂-ခုနှစ်၊ သုံးကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ ဝိနည်း ငါးကျမ်း၊ စာမျက်နှာ ၂၂၆၀ ကို ဝင်ရောက်ပြန်ဆိုရာ သန့်သန့်ရှင်းရှင်း ပီပီသသ ပြတ်ပြတ်သားသား နာယက ဆရာတော်များနှင့်တကွ စာထောက်စာမ၊ စာနာ ပရိသတ် ရဟန်းရှင်လူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေလျက် အထောက်အမ လွတ်ကင်း

စွာ အာဂုံပြန်ဆိုတော်မူနိုင်သောကြောင့်လည်းကောင်း၊

သဘောတရား ရေးဖြေစာမေးပွဲ၌ ထူးကဲစွာ အောင်မြင်တော်မူခြင်းကြောင့်လည်းကောင်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လှူဒါန်းသော 'ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ' ဘွဲ့တံဆိပ်နှင့် လက်မှတ်တော်၊ နိုင်ငံတော်အစိုးရက လှူဒါန်းသော အရိုးဝါကနက္ကဒဏ် ထီးဖြူတော်တစ်လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် တပည့်နှစ်ဦးနှင့်တကွ မီးသင်္ဘော၊ မီးရထား ပထမတန်း အခမဲ့ စီးနင်းခွင့်လက်မှတ်တို့ကို အလှူခံရရှိတော်မူပါသည်။

ဝိသိဋ္ဌ အဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ

၁၃၁၃-ခုနှစ်၊ လေးကြိမ်မြောက်ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို (နှစ်မခြားဘဲ) ဝင်ရောက်လျက် အဘိဓမ္မာပိဋက ပထမပိုင်း ငါးကျမ်းကို ပြန်ဆိုရေးဖြေရာ အာဂုံပြန်ဆိုပွဲ၌ ရှေးနည်းတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်အပြင် သဘောရေးဖြေ စာမေးပွဲ၌လည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း ၉၄-မှတ် ရရှိသောကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူပါသည်။

၁၃၁၄-ခုနှစ်၊ ငါးကြိမ်မြောက်ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ အဘိဓမ္မာပိဋက ဒုတိယပိုင်း ကျမ်းရေ (၂)ကျမ်း၊ အုပ်ရေ ရှစ်အုပ်ကို အာဂုံ ပြန်ဆိုပွဲ၌ ရှေ့နည်းတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် အောင်မှတ် ရာခိုင်နှုန်း ၈၉ မှတ်ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခဲ့ပါသည်။

ယင်းသို့ အဘိဓမ္မာ (၇) ကျမ်း၊ အုပ်ရေ (၁၂) အုပ်၊ စာမျက်နှာ-၄၉၈၈ မျက်နှာရှိ အဘိဓမ္မာပိဋကကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆို၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်၍ သဘောရေး ဖြေပွဲ၌လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခြင်းကြောင့် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က လှူဒါန်းသော 'ဝိသိဋ္ဌ အဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ' ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံလက်မှတ်တော်၊ နိုင်ငံတော်အစိုးရက လှူဒါန်းသည့် အရိုးဝါကနက္ကဒဏ် ထီးဖြူတော် နှစ်လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်တို့ကို အလှူခံရရှိတော်မူပြန်ပါသည်။

ဝိသိဋ္ဌ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ

၁၃၁၅-ခုနှစ်၊ ခြောက်ကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ စာမျက်နှာ ၇၇၉ မျက်နှာရှိ သုတ္တန္တပိဋက (ဒီဃနိကာယ်) သုတ် ၃ ကျမ်းကို ဝင်ရောက်ဖြေဆို + ရေးဖြေရာ ရှေးနည်းတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲ၌လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်အတွက် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က လှူဒါန်းသည့် "ဝိသိဋ္ဌ ဒီဃ ဘာဏက မဟာဒီဃနိကာယ ကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံလက်မှတ်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ

ယင်းသို့ အာဂုံ သဘောရေးဖြေ နှစ်ပါးစုံ ပြန်ဆိုပွဲ၊ ရေးဖြေ အာဇာနည် စိတ်ဓါတ်ဖြင့် ရဲရဲတောက် အံ့မကုန် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်ရကား ပိဋကသုံးပုံ စုံလင်ပြီ ဖြစ်ပါ၍ တိပိဋကဓရ ရွေးချယ်ရေး စည်းမျဉ်းဥပဒေအပိုဒ် ၄၀ အရ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က လှူဒါန်းသည့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ' ဟူသော တံဆိပ်တော် အောင်လက်မှတ်တော်တို့ကို အလှူခံ ရရှိတော်မူပါသည်။

ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

နိုင်ငံတော် အစိုးရက လှူဒါန်းသည့် ကုန်း-ရေ-လေ သုံးဌာနတို့၌ အခမဲ့ ပထမတန်း စီးနင်းနိုင်သည့် လက်မှတ် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် သုံးလက် အမှတ်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်တို့နှင့်တကွ ...

'ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဟူသော အက္ခရာတံဆိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်နှင့် ဆင်စွယ် တံဆိပ်တုံးတို့ကို အလှူခံ ရရှိတော်မူပါသည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲလောက၌ ပိဋကသုံးပုံကို နှစ်မခြားဘဲ ဝင်ရောက်ပြန်ဆိုနိုင်ခြင်း၊ ပြန်ဆိုတိုင်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်ခြင်း၊ ဖြေဆိုတိုင်း ဂုဏ်ထူးအမှတ်ဖြင့်ပင် အောင်မြင်တော်မူနိုင်ခြင်းတို့ကား နောက်တုန်းကလည်း မဖော်ဘူးခဲ့၊ ပစ္စုပ္ပန်လည်း မပေါ်သေး၊ နောင်အနာဂတ်ကော ပေါ်ဖို့ရာ ခဲယဉ်းလှပါသည်ဟု ဆိုရသော် လွန်ရာကျအံ့ မထင်ပါ။

မင်းကွန်းဆရာတော်ကြီး၏ အန္တိမဈာပနပူဇော်ပွဲအခမ်းအနား၌ ဆရာတော်ဦးဝဏ္ဏသီရိ လျှောက်ထားစဉ်

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲသမိုင်း၌ ဆရာတော်၏ အောင်မြင်ချက်၊ ကြိုးစားချက်တို့ကား 'အစ္ဆရိယ-အဗ္ဘုတ' တို့ပင် ဖြစ်ပါတော့သည်။

ဤစာရေးသူကိုယ်တိုင် တိပိဋကဓရ သဘောရေးဖြေပွဲ နှစ်တစ်နှစ်၌ ဝင်ရောက်ကြည့်ရှုရာ ဆရာတော်သည် အခြား စာဖြေသူများနှင့် မတူဘဲ ထူးကဲစွာ မေးခွန်းဖတ်လိုက်ပြီးနောက် အဖြေကို တေးမှတ်နေခြင်း မပြုရဘဲ လက်နှိပ်စက်ဖြင့် တစ်ခါတည်း ဖြေဆိုနေသည်ကို တွေ့မြင်ရာ ဆရာတော်၏ ဉာဏ်ပညာကား အစ္ဆရိယ၊ အဗ္ဘုတ ဓမ္မပင် ဖြစ်ပါတော့သည်။

ဆဋ္ဌသင်္ဂါယနာခေတ်

ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရပြီး၊ နောက်တစ်နှစ်ဖြစ်သော သာသနာနှစ် ၂၄၉၈၊ ကောဇာ ၁၃၁၆၊ ကဆုန်လပြည့်နေ့၌ ပြည်တွင်းမှ ၂၄၇၃ ပါး၊ ပြည်ပမှ ၁၄၄ ပါးနှင့် ပရိသတ် နှစ်သိန်းကျော် တက်ရောက်သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း စတင်ကျင်းပသော ပထမသန္နိပါတဆဋ္ဌသင်္ဂါယနာပွဲကြီး၌ ဘဒ္ဒန္တ ဇဝန (အဂ္ဂမဟာပဏ္ဍိတ) ပခုက္ကူ ဆရာတော်ဘုရားကြီးက ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူ၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားက ဝိဿဇ္ဇက ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာပွဲကြီး၌ ဝိဿဇ္ဇက မထေရ်အဖြစ် ထူးကဲအောင်မြင်သော အသံတို့ဖြင့် ကြားနာရသူတို့ 'ပသန္နာနံ ဘိယျောဘာဝါယ' ဖြစ်အောင် ဆောင်ရွက်တော်မူခြင်းသည်လည်း ဆရာတော်၏ အစ္ဆရိယ အဗ္ဘုတဓမ္မတို့ပင် ဖြစ်ပါသည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီး

ဆိုင်ရာ ပုဂ္ဂိုလ်တို့က အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ချက်အရ စေတနာ ဝန်ထမ်းသက်သက်ဖြင့် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်တို့ကို မွှေနှောက်ရှာဖွေလျက် အတွဲပေါင်း ၆ တွဲ၊ အုပ်ရေပေါင်း ရှစ်အုပ်၊ စာမျက်နှာပေါင်း ၅၅၁၆-ခန့် ရှိသော မဟာဗုဒ္ဓဝင် ကျမ်းကြီးကို ပြုစုရေးသားတော်မူရာ ပြီးဆုံးအောင်မြင်ခဲ့ခြင်းမှာလည်း ဆရာတော်၏ ပညာပါရမီ၊ ဝီရိယပါရမီတို့၏ အစ္ဆရိယ အဗ္ဘုတဓမ္မတို့ပင် ဖြစ်ပါသည်။

သာသနာ့တက္ကသိုလ်ကြီးများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တာဝန်ပေးချက်အရ တိပိဋကဓရဆရာတော်ဘုရားကြီး ဦးဆောင်သော တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးက အလှူရှင်များ၏အင်အားကိုအရအမိယူဆောင်ကာတစ်စတစ်စ အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့သည့်အတွက် နတ်ဝိ-သုက်စီမံထားသည့်အလား အဆောက်အအုံများမှာပါ ပါသည်။

ဤကဲ့သို့ သိန်းပေါင်းများစွာ သာသနိကအဆောက်အအုံများ ပေါ်ထွက်ပြီးဆဲ၊ လတ္တံ့တို့ကို အကဲခတ် သုံးသပ်ရသော် အခြား မည်သည့် ပုဂ္ဂိုလ်ကမျှ ဦးဆောင်မည် မဟုတ်ပါ။ ဆရာတော်ဘုရားကြီး၏ ဘုန်းကံတော်၏ အစ္ဆရိယ အဗ္ဘုတဓမ္မ ဖြစ်ခြင်းကြောင့်သာဟု ဆိုပါက မည်သူမျှ ငြင်းဝံ့သူ ရှိမည် မဟုတ်ပါ။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၌ အကျိုးတော်ဆောင်ချုပ် တာဝန်ကိုလည်းကောင်း၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၌လည်း အကျိုးတော်ဆောင်ချုပ်တာဝန်ကိုလည်းကောင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

သာသနာတော်အတွက် တစ်ခုတည်းကိုသာ ဦးစားပေးလျက် ဆောင်ရွက်တော်မူလာခဲ့သော ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သည့်အနေဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ကောင်စီက ၁၃၄၀ ပြည့်နှစ်၊ ၁၉၇၈ ခုနှစ် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၄၆ ခုနှစ်၊ ၁၉၈၄ ခုနှစ် ၌ 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ယင်းကဲ့သို့ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရခြင်းသည်လည်း ဆရာတော်၏ အစ္ဆရိယ အဗ္ဘုတဓမ္မတို့ပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ရှေးဘုန်းရှေးကံ ကြီးမားမှု အစ္ဆရိယ အဗ္ဘုတဓမ္မ၊ ပညာပါရမီ၏ ပြည့်စုံမှု အစ္ဆရိယ အဗ္ဘုတဓမ္မ၊ ရာခိုင်နှုန်းများစွာသော ရဟန်းရှင်လူတို့၏ အကြည်ညိုခံရမှု အစ္ဆရိယ အဗ္ဘုတဓမ္မ၊ တရားဟောရာ၌ ခန္ဓာ အသက် ငဲ့ကွက်မှု မရှိဘဲ တစ်နေ့တည်း၌ တရားပွဲနှစ်ပွဲ၊ သုံးပွဲဆက်ပြီး ဟောကြား ချီးမြှင့်သည့် ဇွဲ လုံ့လ ဝီရိယ တို့၏ အစ္ဆရိယ အဗ္ဘုတဓမ္မ၊ မည်သည့် ပုဂ္ဂိုလ်နှင့် တွေ့ကြုံ ဆုံရစေကာမူ အမြဲတမ်း နိဝါတ နိမာနတို့၏ အစ္ဆရိယ အဗ္ဘုတဓမ္မ စသည် စသည်တို့ကား ရေးသား၍ ကုန်နိုင်ဖွယ် ရှိတော့မည် မဟုတ်ပါ။ ဤ စာရေးသူ သာမည ပုဂ္ဂိုလ်မျိုးကား ဆရာတော်ဘုရားကြီး၏ အစ္ဆရိယ အဗ္ဘုတဓမ္မတို့ကို ကုန်စင်အောင် ဖော်ညွှန်းနိုင်မည် မဟုတ်ပါ။

စလေဆရာကြီးဦးပုည၏ 'ရတနာနဒီမော်ကွန်း' ပါ အတိုင်းသာ ဖြစ်ပါလိမ့်မည်။

'တစ်ကမ္ဘာလျှင်၊ မဟာဗြဟ္မ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာသီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့် သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်'။

ဆရာတော်ဘုရားကြီးကား ယခုမျက်မှောက်ခေတ် သာသနာတော်ကြီးမှာ အစားထိုး မရသော ပုဂ္ဂိုလ်ကြီးသာ ဖြစ်ပါတော့သည်။ သာသနာတော်ကြီးအတွက် ဆောင်ရွက်စရာ လုပ်ငန်းအဝဝကား များစွာပင် ကျန်ရှိပါသေးသည်။ ဆရာတော်ဘုရားကြီး ဦးဆောင်ဦးရွက် ပြုမှသာ ပြီးစီးမည့် လုပ်ငန်းများကား အများအပြားပင်။ ဆရာတော်ဘုရားကြီး မကျန်းမာစဉ်က 'ဘုရား... ဘုရား' ဟု တကြပါတော့သည်။ သို့ဖြစ်ပါ၍ ရှေးသာသနာပြုလုပ်ငန်းစဉ်များကို ဆရာတော်ဘုရားကြီး ဦးဆောင်နိုင်ဖို့ရာ ကျန်းမာဖို့အထူးလိုအပ်နေပါသည်။ ကျန်းမာရေးအတွက် အစားအသောက်၊ အနေအထိုင်၊ အသွားအလာ၊ ခန္ဓာကိုယ်နှင့် စပ်သမျှ ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကလည်း ပြုပြင်နေထိုင်တော်မူသလို ကြည် ညိုသူများကလည်း ဆရာတော်ဘုရား ကျန်းမာရေး ချွတ်ယွင်းလာသည်အထိ မကြည်ညိုကြဖို့လည်း အရေးကြီးပါသည်။ သတိပြုကြရမည် ဖြစ်ပါသည်။ ဆုလည်း တောင်းကြရပါမည်။

လောကီလူ့ဘောင်၊ အမှောင်တွေတိုးလို့၊
အရောင်ညှိုးခဲ့ သာသနာတော်။
ဗုဒ္ဓစာပေ မထင်ရှားသဖြင့်၊
အရှင်ဘုရားတို့၊ လိုအပ်သနော်။
ဘဝသံသရာ၊ လမ်းမှန်ရအောင်၊
ကျမ်းဂန်ညွှန်ပြ၊ ရှေ့ဆောင်ခေါ်။
နောက်လာ နောက်သား၊ လူငယ်များ၊
တရားအမှန်ပေါ်။
ရဟန်းတော်ဖြစ်၊ ကျန်းခန့်သာလျက်၊
ရာသက်ရှည်စေသော် ။

အရှင်ဝဏ္ဏသိရီ
အဂ္ဂမဟာအကျော်

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ထူးထူးခြားခြား အမိန့်စကားတော်များ

ညောင်ကန်အေးဆရာတော်
အရှင်ကုန္ဒက



ခွင့်ပြုလျှင် ဘုန်းကြီးကျောင်းမြေတွင် ဖိနပ်စီးကောင်းသလော

နေ့ကား ၁၃၃၆-ခုတပေါင်းလဆုတ်၁၀-ရက်၊စနေနေ့။ အချိန်ကား နံနက် ၇-နာရီ အချိန်။ ဌာနကား ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ သာသနာ့ဒါယကာကြီး ဆာဦးသွင် တိုက်အိမ်အောက်ထပ်။

စာရေးသူသည် 'အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က' အမည်ရှိ ခရီးသွားမှတ်တမ်းစာအုပ်ကို မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းပါသည်။

ဆရာတော်ကြီးသည် ရန်ကုန်မြို့ကို တရားဟောရောက်တိုင်းပင် မိမိ၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်ပန်း ဆင်မြန်းခံယူရာအောင်မြေလည်းဖြစ်၊ သာသနာ့ဒါယကာကြီးလည်းဖြစ်သော မဟာစည် သာသနာ့ရိပ်သာ ဆာဦးသွင်၏အိမ်သို့ ဝင်ရောက်ချီးမြှင့်တော်မူမြဲဖြစ်သည်။ ဆာဦးသွင် ကွယ်လွန်ပြီးသော်လည်း တူမဖြစ်သူ ဒေါ်ထားထားအေးအား ဆက်လက်ချီးမြှောက်လို၍ ကြွရောက်တော်မူခြင်းဖြစ်သည်။

ထိုသို့ ကြွရောက်လာတော်မူတိုင်းပင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် သာသနာ့ဒါယကာကြီး ဆာဦးသွင်၏ ကိုးကွယ်ခံဒါယကာတူ အမြွာညီနောင်အလား သာသနာပြုဖက်နောင်တော်ကြီးဖြစ်သော မဟာစည်ဆရာတော်ကြီးအားလည်း ဦးတိုက်၍ သာသနာရေးစကားများကို ပြောကြားဆွေးနွေးလေ့ ရှိပါသည်။

ထို့ကြောင့်ပင် မဟာစည်ဆရာတော်ကြီးကလည်း တိပိဋကဓရ ဆရာတော်ကြီးအား ဝမ်းပန်းတသာ ပျူငှာစွာ ဆီးကြိုတော်မူ၍ သဘောကျသီတင်းသုံးနိုင်ရန် သီးသန့် အထူးနေရာပေးခြင်း၊ သက်ဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အား လိုအပ်သလို ပြုစုလုပ်ကျွေးကြရန် ညွှန်ကြားခြင်းတို့ဖြင့် မြတ်နိုးလေးစားတော်မူ ပါသည်။

ထိုဆရာတော်ကြီးနှစ်ပါးကား ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ ဆဋ္ဌသင်္ဂါယနာခေတ်တွင် ဆဋ္ဌသင်္ဂီတိပုစ္ဆကဆရာတော်၊ ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက ဆရာတော်ကြီးများအဖြစ် ကမ္ဘာမဆုံ ပြန့်နှံ့ကျော်ကြားဟော်မူကြသလို ကမ္ဘာ့ပဋိပတ္တိသာသနာပြုဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအကျိုးတော်ဆောင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး နှစ်ပါးအဖြစ်လည်း သမိုင်းမော်ကွန်းထူတော်မူကြပါလေသည်။

စာရေးသူကား မဟာစည်ဆရာတော်ကြီးထံ ပဋိပတ္တိဥပနိဿယခံယူ၍ နယ်လှည့်ကမ္မဋ္ဌာနာစရိယနှင့် ဓမ္မကထိကအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ရင်းပင် မိမိ အထုံပါရမီဝါသနာအရ စာပေရေးသားမှုကိုလည်း သွားရင်း ဟန်လွှဲဆိုသလို ဆောင်ရွက်လေ့ရှိပါသည်။

မဟာစည်ဆရာတော်ကြီး၏ခိုးမြှောက်မှုဖြင့် အဘိဓဇ-မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၊ ယခုမင်းကွန်းတိပိ-ဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးစသော ဆရာတော်ကြီးများ၏ နှုတ်ထွက်ဩဝါဒများကိုလည်း နာယူမှတ်သား မှတ်တမ်းတင်ခွင့်ရရှိခဲ့ပါသည်။

စာရေးသူ လှူဒါန်းသော 'အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က' ခရီးသွားမှတ်တမ်းကိုခံယူတော်မူပြီး မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက သာဓုအနုမောဒနာခေါ်တော်မူပါသည်။

ထို့နောက် စာရေးသူက 'လျှောက်ထားခွင့်ပြုပါဘုရား၊ မအူပင်မြို့က ဒါယကာတစ်ယောက်က ဘုန်းတော်ကြီးကျောင်းတွင်း တရားအားထုတ်ပွဲကျင်းပကြရာ ဘာသာယဉ်ကျေးမှုအလေးပြုတဲ့အနေဖြင့် ဖိနပ်မစီးဘဲ ဆောင်ရွက်ရသဖြင့် ဝေယျာဝစ္စဆောင်ရွက်သူတစ်ဦး မျက်စိကွယ်ရကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းတွင်း ဖိနပ်စီးခွင့် ရှိ-မရှိ လျှောက်ထားချက်ကို ဆရာတော်ဘုရားကြီးထံ စာဖြင့် လျှောက်ထားခဲ့တာ ယခုထိ အဖြေစာမရရှိသေးပါဘုရား" ဟု လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ကြီးက ဤသို့မိန့်ကြားတော်မူပါသည်။

'နှုတ်ဖြင့်ပဲ ဖြေပါရစေ။ ဖိနပ်စီးခွင့်ပြုတဲ့ နေရာမှာ သာသနာ့ရိပ်သာတွေဟာ နမူနာပါပဲ။ မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံသာသနာ့ရိပ်သာ ရေစက်ချလှူဒါန်းစဉ်ညောင်ရမ်းဆရာတော်ဘုရားကြီးက 'သံဃေ ဒိန္နံ မဟပ္ဖလံ- သံဃာလှူ အကျိုးများတယ်၊ သံဃာကို လှူ'ဟု မိန့်ကြားရာ သာသနာ့ဒါယကာကြီးဆာဦးသွင်က သံဃာလှူရင် အကျိုးကြီးမှန်း သိပါရဲ့ဘုရား။ ဒါပေမယ့် အရှည်တရား ကျင့်ပွား

ဆရာတော်ကြီးအား လှူဖွယ်ဆက်ကပ်နေသော ဆာဦးသွင်တို့မ ဒေါ်သားထား

ရေးတွင် ဖိနပ်စီးခွင့်ရဲရင့်အောင်အဖွဲ့ပိုင် ရေစက်ချပေးတော်မူပါဘုရား'လို့ လျှောက်ထားသဖြင့် အဖွဲ့ပိုင်ရေစက်ချပေးတော်မူခဲ့တယ်။

'ပြီးတော့ မင်းကွန်းဓမ္မနာဒတိုက်၌ ဗန္ဓုလသက်န်းတိုက်ပိုင်ရှင်ဒကာကြီးက ဓမ္မာရုံဇရပ်ကြီးဆောက်လှူရာ၊ ရဟန်းရှင်လူများ မဆေးသောခြေ၊ မခြောက်သောခြေတို့ဖြင့် နင်းခွင့်၊ ချွေးဖြင့် ကိုယ်လက်ထိပါးခွင့်၊ ဖိနပ်စီး၊ ထီးဆောင်ခွင့်၊ ရေချိုးခွင့်ဖြင့်ရေစက်ချပေးရန် လျှောက်ထားရာ ရွှေကျင်ပတ္တမြားဆရာတော်ကြီး ကိုယ်တော်တိုင် ရေစက်ချပေးဖူးတော်မူပါတယ်။

'နောက်ပြီး ဘုန်းကြီးတို့ မင်းကွန်း ဓမ္မနာဒတိုက်မှာ နွေရာသီအလွန်ပူပြင်းချိန်တွင် သံဃာအားပန်ကြားပြီး 'ဖိနပ်စီးခွင့်ပြုသည်'လို့ ကျောင်းတိုက်တွင်း သဲပြင်ကြီး၌ ဆိုင်းဘုတ်တိုင်လေးများ ချိတ်ဆွဲစိုက်ထူထားရတယ်။

'အခြား မိုးဆောင်းကာလအခါ အကြောင်းအားလျော်စွာ ပဒုဋ္ဌစေတနာမပါဘဲ ဖိနပ်စီးလာသူတွေ့လျှင်လည်း သံဃာများအား မငြိုငြင်ကြရန် ခွင့်ပန်ပြီးခွင့်ပြုထားရတယ်။

'စေတီရင်ပြင်မှတစ်ပါး သံဃာ့အာရာမ်တွင်းမှာ ခွင့်ပြုရင် ဖိနပ်စီးကောင်းပါတယ်။ ဝိနည်းရိုသေ၍ ကုက္ကုစ္စ ဖြစ်သည်ဆိုသော်လည်း ကိုယ်ပင်ပန်းဆင်းရဲအောင် အလွန် ကုက္ကုစ္စမဖြစ်သင့်ပါဘူး။ကုက္ကုစ္စလွန်က ကုက္ကုစ္စကြောင့်ပင် အာပတ်သင့်ပါသေးတယ်'။

ဤကား မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး၏ ဘုန်းတော်ကြီးကျောင်းအတွင်း လူများ ဖိနပ်စီးအပ်,မစီးအပ်အဆုံးအဖြတ် အမိန့်စကားတော်ပါပေတည်း။

ဗုဒ္ဓဘာသာရယ်၊ ကွန်မြူနစ်ရယ်၊ ခရစ်ယာန်ရယ်

နေ့ကား ၁၃၃၀-ပြည့်နှစ်၊ ဂါဆိုလဆုတ် ၃-ရက်၊ သောကြာနေ့။ အချိန်ကား နံနက် ၉-နာရီ ၃၀-မိနစ်။

နေရာကား မန္တလေးမြို့ အနောက်ဘက်ကမ်း မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး၏ စံကျောင်းတော်အောက်ထပ်။

စာရေးသူသည် မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီး၏ ချီးမြှောက်မှုဖြင့် နာယကကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သုဇာတမထေရ်၏ ဥပထမ္ဘက၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဆရာတော် ဦးသုဇာတ၏ တာဝန်ပေးချက်အရ ထိုနေ့ ဝါတွင်းသီတင်းနေ့များတွင် ရတနာပုံရိပ်သာ၌ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးအား တရားဟောကြားနိုင်မည့်ရက်ကို လျှောက်ထားရပါသည်။

တရားပွဲရက်အချိန်းအချက်ကိုစွပြီးသောအခါ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက စာရေးသူနှင့် နောက်ပါယောဂီ နှစ်ဆယ်ခန့်တို့အား သာသနာပြု တရားစကားများကို မိန့်တော်မူပါသည်။

ကွန်မြူနစ်ကို ချစ်ခင်ချင်တယ်

'ဗုဒ္ဓသာသနာပြုလုပ်ငန်းတွင် တချို့က ကွန်မြူနစ်ကို ဗုဒ္ဓဘာသာရဲ့ရန်သူလို သဘောထားပြီး မုန်းတီးချင်ကြတယ်။ ဘုန်းကြီးကတော့ မမုန်းတဲ့အပြင် ချစ်ပင် ချစ်ခင်ချင်ပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ဒီဃနခသုတ်နှင့် အဖွင့်၌ သဿတဒိဋ္ဌိ လက်ယာသမားနှင့် ဥစ္ဆေဒဒိဋ္ဌိ လက်ဝဲသမားများတွင် ဥစ္ဆေဒဒိဋ္ဌိ လက်ဝဲသမားဟာ မဇ္ဈိမပဋိပဒါ အလယ်လမ်းစဉ်ကို ရောက်လာတဲ့အခါ သဘောကျ သိမြင်လွယ်တယ်လို့တွေ့ရလို့ ကွန်မြူနစ်ကို ချစ်ခင်ချင်တယ်လို့ပြောတာပါ'။

ဤကား ဆရာတော်ကြီး၏အမိန့်စကားတည်း။ စာရေးသူတို့ ရိပ်သာများတွင် တရားဝင်ကြသူ လူချမ်းသာများနှင့် လူဆင်းရဲများတွင်လည်း လူဆင်းရဲများက မြန်စွာ တရားရလွယ်ကြတာတွေ့ရသည်။ သဿတဒိဋ္ဌိမျိုး လူချမ်းသာများသည် ကိုယ့်ကိုယ်ကိုညာပြီး အဆင်းရဲမခံနိုင်ကြ၍ တရားရနောက်ကျကြပုံရသည်။ ထို့နောက် ဆရာတော်ကြီးက ဤသို့ဆက်လက်မိန့်ပါသည်။

ခရစ်ယာန်ကို ညီအစ်ကို မောင်နှမလို ခင်တယ်

'ဘုန်းကြီးကတော့ အနမတဂ္ဂသုတ္တန်အရ သံသရာ ခရီးသွား လောကသားချင်းဟာ ဆွေမျိုးမတော်ဖူးတဲ့သူ မရှိကြဘူး။ အားလုံး ဆွေမျိုးတော်ဖူးသူချည်းပဲ။ ဒီနေ့ ကမ္ဘာမှာ ထင်ရှားတဲ့ ဘာသာကြီးလေးရပ်တို့တွင် ခရစ်ယာန်ဘာသာ ဟောပြောချက်အချို့ဟာ ဗုဒ္ဓဘုရားဟောချက်နှင့် ခပ်ဆင်ဆင် တူတာတွေလည်း ရှိတယ်။

'ခရစ်ယာန်ဘာသာဝင်များဟာလည်း ဗုဒ္ဓဘာသာဝင်များနှင့် ဆက်ဆံရေးတွင် လိုက်လျောညီထွေပြေပြစ်တာတွေက များတယ်။'

'ဘေးကပြောတာထက် သွေးကပြောတာ မှန်တယ်ဆိုတာလို ဖြစ်နေတယ်ထင်တယ်။ သဘောထားကြီးစွာနဲ့ သူ့ဘာသာ ကိုယ်လေ့လာ၊ ကိုယ့်ဘာသာ သူ့လေ့လာကြရင်းက ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြတာတွေလည်းရှိတယ်။ ဘုန်းကြီးတော့ ခရစ်ယာန်ဘာသာဝင်ကိုတွေ့ရင် ညီအစ်ကို မောင်နှမလိုပဲ ခင်မင်တယ်။'

ဘိက္ခုအရိယဓမ္မရေးသားတဲ့ 'ဗုဒ္ဓဝါဒပြဿနာများ' စာအုပ်တွင်ပါရှိတဲ့ မေးခွန်းအမှတ် (၁၂)ရဲ့အဖြေကို ဖတ်ရတော့ ပိုပြီးစိတ်ဝင်စားမိတယ်။ ဘာသာဝင်အချင်းချင်း အချိန်ကာလတွေ ကြာညောင်း နေရာဒေသတွေ ဝေးကွာနေကြလို့သာ ခပ်စိမ်းစိမ်း ဖြစ်နေကြပေမယ်လို့ သမိုင်းဖြစ်ရပ် အတ္ထုပ္ပတ္တိတွေကို တွေ့ရတော့ ယခင်က ခရစ်တော်ဟာ တိဗက်က ဗုဒ္ဓဘာသာဝကရဟန်းတစ်ပါးထံ တပည့်ခံ နည်းယူခဲ့တယ်ဆိုတာလည်းသိရော ရင်းနှီးကျွမ်းဝင်ခင်မင်သွားကြတော့တာပဲ။

'ဇယဒိသဇာတ်တော်တွင် ဘီလူးမဆောင်ယူသွားပြီး တောတွင်ကြီးပြင်းလို့ လူသားစားသောလူဘီလူး (ပေါရိသာဒ)ဖြစ်နေသူဟာ တူတော်မောင်အလီနသတ္တုမင်းသား၏ ပညာအစွမ်း၊ ဒိဗ္ဗစက္ခုရသေ့၏ ဉာဏ်စွမ်းဖြင့် အစ်ကိုတော် ဇယဒိသမင်းနှင့် တွေ့ဆုံဇာတ်ပေါင်းမိသောအခါ လူဘီလူးဘဝမှ ကျွတ်တမ်းဝင်ကာ ရသေ့ ရဟန်းပင် ပြုသွားခဲ့ဖူးပါတယ်။

'ထိုနည်း အတူပင် ခရစ်ယာန်အချို့လည်း ဗုဒ္ဓဘာသာဝင်များနှင့် ကျွမ်းဝင်ရင်းနှီးပြီး မူရင်းဗုဒ္ဓဘာသာကို လေ့လာမိတော့ ဗုဒ္ဓဘာသာဝင်ရဟန်းပင်ပြုသွားကြတာလည်း ရှိတယ်။'

ဤကား ဆရာတော်ကြီး၏ ထူးထူးခြားခြားအမိန့်စကားများပေတည်း။ ။

အရှင်ဣန္ဒက
ညောင်ကန်အေးဆရာတော်

နှစ်သက်ပီတိ

ပြာလောက်ပါသည်

ပခုက္ကူအရှင်ကောသရ

အဘိဓမ္မာခုနစ်ကျမ်းအစ ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ ပီတိငါးမျိုးပြထားပါသည်။

၁။ ကိုယ်၌ ကြက်သီးမွေးညင်းထခြင်းမျှကိုသာ ဖြစ်စေသော ခုဒ္ဒိကာပီတိတစ်မျိုး၊

၂။ လျှပ်စစ်လက်သလို ခဏဖြစ်၍ ခဏပျက်သော ခဏိကာပီတိတစ်မျိုး၊

၃။ သမုဒ္ဒရာကမ်းသို့ လှိုင်းတံပိုးသက်ရောက်၍ ပျက်သလိုလို ကိုယ်သို့သက်၍ ပျက်တတ်သော ဩက္ကန္တိကာပီတိတစ်မျိုး၊

၄။ အားရှိသည်ဖြစ်၍ ကိုယ်ကို အထက်သို့တက်သည်ကို ပြု၍ ကောင်းကင်သို့ ပြန်တက်စေခြင်း ဟူသောအတိုင်း အရှည်ရှိသော ဥဗ္ဗေဂါ-ပီတိတစ်မျိုး၊

၅။ လေဖြင့်မှုတ်၍ ပြည့်စေအပ်သော စည်ပေါင်းလို တစ်ကိုယ်လုံး ပျံ့နှံ့တည်နေသော ဖရဏာ ပီတိတစ်မျိုးဟူ၍-တွေ့ရပါသည်။ (အဘိ၊ဌ၊၁။၁၅၉၊၁၆၀)။

သီဟိုဠ်ကျွန်း၌ အမျိုးသမီးတစ်ယောက်သည် ကိုယ်လေးလက်ဝန်ရှိနေသည်ဖြစ်၍ မိဘများ စေတီပူဇော်ပွဲသို့ သွားကြသော်လည်း မသွားနိုင်ဘဲ ဖြစ်နေရှာသည်။ အိမ်မှာကျန်ရစ်သော ကိုယ်ဝန်ဆောင်အမျိုးသမီးသည် အိမ်တံခါး၌ရပ်၍ ရွှေလမင်းအရောင်ဖြင့် စေတီရင်ပြင်ကို ကြည့်ရှုဖူးမြင်နေပါသည်။ စေတီကို မီးပူဇော်ထားသည်ကိုလည်း မြင်ရပါသည်။ ပရိသတ်တွေ စေတီကို လက်ယာရစ်လှည့်လည်နေကြသည်တို့ကိုလည်း မြင်ရပါသည်။ ရဟန်းသံဃာတွေ တရားတော်ရွတ်ဆိုမြွက်သံတို့ကိုလည်း ကြားရပါသည်။

'ဤသို့သော စေတီရင်ပြင်၌ လှည့်လည်ခွင့်ရသော သူတို့သည်လည်းကောင်း၊ တရားနာခွင့်ရသော သူတို့သည်လည်းကောင်း ဘုန်းကံပါရမီပြည့်စုံကြပါပေကုန်စွ' ဟူ၍ စိတ်ကူးကြံစည်ရင်း ဥဗ္ဗေဂါပီတိဖြစ်ပေါ်လာပါသည်။

ထိုအမျိုးသမီးသည် တစ်ခဏချင်းကောင်းကင်သို့ ပျံတက်၍ မိဘတို့၏ ရှေးဦးစွာ ကောင်းကင်မှဆင်းသက်၍ စေတီကိုလည်း ရှိခိုးဦးချပါသည်။ တရားတော်ကိုလည်း နာကြားနေပါသည်။

'သင်ဟာ မည်သည့်လမ်းဖြင့်လာ၍ ဤဌာနရောက်နေတာလဲ'။

'ကျွန်မ ကောင်းကင်ဖြင့်သာလာ၍ လာရိုးလမ်းဖြင့် လာတာမဟုတ်ပါ'။

'နင် မညာပါနဲ့ဟာ၊ ကောင်းကင်ဖြင့် လာတယ်ဆိုတာ ရဟန္တာများသာ လာနိုင်တာပါ'။

အမျိုးသမီးက သူ၏ဖြစ်ကြောင်းကုန်စင်ကို ဤသို့ ပြောပြပါသည်။

'ကျွန်မ ရွှေလမင်းကြီးရဲ့အရောင်ဖြင့် စေတီကိုကြည့်ရှု၍ ကြည်ညိုရပ်တည်စဉ် မြတ်စွာဘုရားအပေါ်မှာ အာရုံထားသောအားရှိသော နှစ်သက်မှု ပီတိဖြစ်ပေါ်လာပါတယ်ရှင်။ ကျွန်မ ရပ်တည်တာ ထိုင်နေတာကို မသိမမြင်တော့ပါ။ ယူအပ်သော မြတ်စွာဘုရားစေတီနိမိတ်ဖြင့်သာ ကောင်းကင်သို့ ပြန်တက်၍ စေတီရင်ပြင်မှာ ရောက်ရှိတော့တာပါပဲရှင်'တဲ့။

ဥဗ္ဗေဂါပီတိသည် ကောင်းကင်သို့ ပျံတက်နိုင်သော သဘောရှိသည်ဟု ဆိုထားသည် မဟုတ်ပါလား။

ပထမအဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသမဟာထေရ် ဆရာတော်ကြီး၏ ကုသိုလ်တော်ကောင်းမှုများလည်း ပီတိငါးမျိုးဖြစ်လောက်ပါသည်။

ပီတိငါးမျိုးဖြစ်လောက်သော ဆဋ္ဌသင်္ဂါယနာအဖြေ ဆရာတော်ကြီး၏ လောကဓမ္မ ကုသိုလ်ကောင်းမှုတွေကို ပီတိဖြာဝေ ကြည်ညိုစေလိုပါသည်။

၁။ တိပိဋကဓရ အစိုးရ ဆွမ်းဆန်တော်မှ တစ်လ ၃၁၁-ကျပ်၊ တစ်နှစ်လျှင် ၃၇၃၂ ကျပ်ကို နိကာယ် သာသနာတော်အား လှူဒါန်းခြင်း။

၂။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အတွက် တစ်နှစ်လျှင် ၁၀၀၀-ကျပ်ကို နိကာယ်ငါးရပ် ပိဋကသာသနာတော်အား လှူဒါန်းခြင်း။

၃။ ငွေရတု ပူဇော်ပွဲများမှ လှူဒါန်းကြသော နဝကမ္မ အားလုံးကို ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုဘဲ၊ မန္တလေး ပရိယတ္တိသာသနဟိတအသင်း၊ မလွန်ဆန်လျှ အသင်းတို့အား ငွေကျပ် သုံးသောင်းစီ၊ ရန်ကုန်စေတိယင်္ဂဏအသင်း၊ အဘိဓမ္မာအသင်း၊ နိကာယ်အသင်းတို့အား တစ်သောင်းစီလှူဒါန်းခြင်း၊ ကျန်ငွေများကို အစိုးရဘဏ်အပ်နှံစေ၍ တိပိဋက-နိကာယသာသနာပြုရန် ငွေပဒေသာပင် နှစ်ပင်ခွဲ၍ လှူဒါန်းခဲ့ခြင်း။

၄။ မင်းကွန်း တိုက်နယ်ဆေးရုံအတွက် ပင်မငွေ သုံးသိန်းကျော် မ,တည် လှူဒါန်းခဲ့ခြင်း။

၅။ မင်းကွန်းရဲဌာနနှင့် မင်းကွန်းအလယ်တန်းကျောင်းတို့ကို ဖြစ်မြောက်သည်အထိ ဦးဆောင်စီမံ၍ လှူဒါန်းခြင်း။

၆။ မြင်းခြံနယ် မွေးရပ်မြေ ကျည်းပင်ရွာ ကျောင်းအနီးတံတားခင်း၍ လှူဒါန်းခြင်း။

၇။ မြင်းခြံနယ် သဲဖြူဝ ကျည်းပင်ရွာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်ကို လှူဒါန်းခြင်း။

၈။ သဲဖြူဝရွာဦး၌ နှစ်ထပ်ကျောင်းကြီးကို ဆောက်လုပ်၍ တိပိဋကကျောင်းဟု ကမ္ပည်းသတ်မှတ်ခြင်း။

၉။ ကျည်းပင်ရွာ၌ နှစ်သိန်းကျော်တန် နှစ်ထပ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းခြင်း။

၁၀။ မြင်းခြံမြို့နယ် ဆရာရင်းနေထိုင်ရာ မင်းကျောင်းတိုက်၌ မဟာဓမ္မပါလဓမ္မာရုံကြီး လေးသိန်းကျော်တန်ဆောက်လုပ်လှူဒါန်းခြင်း။

၁၁။ သိန်းပေါင်း ၃၀-ကျော်တန်ဖိုးရှိသော မင်းကွန်း မိုးမိတ် တိပိဋက=နိကာယကျောင်းတိုက်ကြီးကို ဦးစီး၍တည်ထောင်ခြင်း။

၁၂။ သိန်းပေါင်း ၂၀-ကျော်တန်ဖိုးရှိသော ရန်ကုန်နယူးလင်းလမ်းရှိ တိပိဋက=နိကာယတိုက်ခွဲကို ဦးစီး၍ တည်ထောင်ထားခြင်း။

၁၃။ သိန်းပေါင်းများစွာ တန်ဖိုးရှိသော မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးကို ဦးစီးဆောင်ရွက်နေခြင်း။

၁၄။ သိန်းပေါင်းများစွာ တန်ဖိုးရှိသော ရန်ကုန်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးကို ဦးစီးဆောင်ရွက်နေခြင်း။

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော်ကြီး၏ နှစ်သက်မှု ပီတိဖြာလောက်သော ကုသိုလ်စာရင်းများကို ဤမျှဖြင့် တင်းတိမ်စေလိုပါသည်။

ထူးခြားသော တိပိဋကဓရ၊ ထူးခြားမှု လွန်ကဲသော မဟာဓမ္မကထိက၊ ရဟန်းရှင်လူများအပေါ် မည်သူနှင့်မျှ မတူအောင် မေတ္တာထားတော်မူသော မေတ္တာဝိဟာရီ ဆရာတော်ကြီး၏ ပါရမီကုသိုလ်တွေကို သိရှိကြည်ညိုရ၍ ဝမ်းမြောက်မှု၊ အကြည်ညိုတိုးပွားမှု၊ နှစ်သက်မှုပီတိတွေ ဖြစ်ကြရပါသည်။

ပီတိအဆင့်မြင့်ရင့်လာလျှင် ကိုယ်ငြိမ်းအေးမှု ကာယပဿဒ္ဓိအဆင့်မြင့်၍၊ ရင့်လာသော် ကိုယ်ချမ်းသာခြင်း ကာယိကသုခ၊ စိတ်ချမ်းသာခြင်း စေတသိကသုခဇကန်မလွဲ ဖြစ်လာရပါတော့သည်။ သုခအဆင့်မြင့်၍ ရင့်ကျက်လာလျှင် ခဏတိုင်းခဏတိုင်း တည်ကြည်သော ခဏိကသမာဓိ၊ အပ္ပနာ၏ အနီး၌ဖြစ်သော ဥပစာရသမာဓိ၊ အထွတ်အထိပ်သို့ရောက်သော အပ္ပနာသမာဓိဇကန်ဖြစ်လာရတော့သည်။

'ငါ့တွက်မြားမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ထိန်ထိန်ထွန်းဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထား ငါ့မှာအမြဲတည်း'ဟု အဓိဋ္ဌာန်ပြုထားလောက်သော ထိပ်တန်းသာသနာပြုကုသိုလ်ရှင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးအား ပူဇော်ကန်တော့ရင်း နိဂုံးချုပ်လိုက်ရပါသည်။ ။

ပခုက္ကူအရှင်ကေသရ

ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက ဆရာတော်

ရဝေထွန်း

အညွှန်းစကား

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုမွေးနေ့ပူဇော်ပွဲ အထိမ်းအမှတ် အဖြစ် မင်းကွန်း တိပိဋက=နိကာယသာသနာပြုအဖွဲ့က ထုတ်ဝေ ဖြန့်ချိခဲ့သော မြန်မာသက္ကရာဇ် ၁၃၄၈-၁၃၄၉၊ ခရစ် ၁၉၈၇-ခုနှစ် အထူး ပြက္ခဒိန်ကြီး၏ နောက်ဆုံးအချပ်ပိုတွင် 'ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ပထမ တိပိဋကဓရ မင်းကွန်းဓမ္မနာဒဆရာတော်ဘုရား အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ဆက်ကပ်အလှူခံ ရရှိခဲ့သော အောင်လက်မှတ် ဘွဲ့တံဆိပ်တော်များ' ဟူသော ခေါင်းစဉ်နှင့် ဇယားတစ်ခုပါရှိခဲ့ပေသည်။

ယင်းဇယားတွင် အမှတ်စဉ်-၁ မှ ၃၁-အထိ သက္ကရာဇ်စဉ်အတိုင်း မြန်မာသက္ကရာဇ် ၁၂၈၆-ခုနှစ် သာမဏေဘဝမှစ၍ အောင်မြင်သောစာမေးပွဲများနှင့် ဘွဲ့တံဆိပ်များကို ဖော်ပြထားသဖြင့် ဖတ်ရှုကြည်ညိုဖွယ် မဆုံး ဖြစ်ရသည်။ ထပ်ကာထပ်ကာလည်း ဖတ်ရှုနေမိသည်၊ ယင်းတွင် ဝါတော် -၂၆ အရွယ် ဆဋ္ဌသင်္ဂါယနာနှင့် ပတ်သက်သော ဘွဲ့တံဆိပ်တော်များပင် ခုနစ်ခုနှင့်နှင်တွေ့ရပေသည်။ 'ဆဋ္ဌသင်္ဂီတိ ဓမ္မဝိသဇ္ဇက ဆဋ္ဌသင်္ဂါယနာပင် သာသနာပြုလက်မှတ်တော်' ဟူသော ဘွဲ့တံဆိပ်တော်မှာ ဆရာတော်ဘုရားမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရသော တံဆိပ်တော်ဖြစ်၍ အထူးခြားဆုံးသောတံဆိပ်တော်ပင် ဖြစ်၏။

တံဆိပ်တော်ထူးခြားသည်လောက်ပင် ထိုအချိန်အခါက နေ့စဉ်ရွတ်ဆိုဖြေကြားနေသကဲ့သို့၊ ညစဉ် မြန်မာတစ်နိုင်ငံလုံး လွှမ်းနေသော ရေဒီယိုမှ အသံတော်ကိုလည်း ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မြို့ကြီး မြို့ငယ်များမှသည် တောခေါင်တောဖျားများအထိ နာယူကြည်ညိုမဆုံး ဖြစ်ခဲ့ကြရသည်။ ဓာတ်ပြားအဖြစ် ဖြန့်ဝေရောင်းချခဲ့သဖြင့် အချို့ မြို့ရွာများ၌ ယခုတိုင် အလှူအတန်းများတွင် ဖွင့်လှစ်နာယူနေကြသေးသည်။

ထို့ကြောင့် ဆရာတော်ဘုရား၏ များပြားလှစွာသော ဂုဏ်ရည်များတွင် 'ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက' ဟူသော ဂုဏ်ထူးကို ထုတ်ဖော်ချီးကျူးရလျှင် ထိုအဖြေတရားတော်ကို ကြားနာဖူးသူတိုင်းက နှစ်လိုကြည်နူးမဆုံး ညွတ်နူးကြည်ညိုမဆုံး တပြုံးပြုံး ဖြစ်ကြရသည်။

သို့သော်- ယင်း 'ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက' ဟူသော ဂုဏ်ရည်မှာ မြင့်မားလွန်းလှသဖြင့် သာမန်ပညာရှင်တိုင်း အဖို့ မချီးကျူးနိုင်ပေ။ ပေါ်လွင်အောင် မဖော်ထုတ်နိုင်ပေ။ ဆရာတော်ဘုရားအတွက် အချို့သောပူဇော်ပွဲတို့တွင် စာရေးသူတို့သည် ယင်းဂုဏ်ထူးကို ရတုပြဲဘာ, စာကဗျာတို့ဖြင့် ချီးကျူးခဲ့ဖူးပါ၏။ ဖော်ထုတ်ခဲ့ဖူးပါ၏။ သို့သော် သမုဒ္ဒရာကြီးကို ကမ်းစပ်မှနေ၍ လက်ညိုးညွှန်ဘိသကဲ့သို့သာ ဖြစ်ခဲ့ပါလေသည်။

ထို့ပြင်- ကိုယ်နှင့်မဆိုင် ဉာဏ်မပိုင်ဘဲနှင့် လှိုင်လှိုင်ကြီး ချီးကျူးရေးသားနေပါကလည်း 'လူမိုက်ချီးမွမ်း ဂုဏ်နာခွမ်း၏' ဟူသော စကားကဲ့သို့ ဂုဏ်မထင်ရှား ဂုဏ်ပျက်ပြားဖွယ်ရာသာ ဖြစ်တော့မည်။

ပဌာန်းဆရာတော်ဘုရား၏ ရေးသားချက်

ဂုဏ်ကြီးသူ၏ဂုဏ်ရည်ကို ဂုဏ်ရည်တူချင်း ချီးမွမ်းခြင်းသည်သာ အကောင်းဆုံး ဖြစ်နိုင်ပေသည်။ ထို့ကြောင့် 'ဤဆရာတော်ဘုရားကြီးမျှသော တိပိဋက=နိကာယ သုံးနှစ်ခရီးစာစောင်အတွက် ဆရာတော်ဘုရားနှင့်ဆိုင်သော ဆောင်းပါးတစ်စောင် ရေးသားပို့ပေးပါ' ဟု စာစောင်ဆိုင်ရာများထံမှ တောင်းဆိုသောအခါ ဤစာရေး သူသည်များစွာ အခက်အခဲ တွေ့ရပေတော့သည်။ သို့သော် တောင်းဆိုထားသဖြင့် မရေး၍လည်းမဖြစ်တော့သဖြင့် ကြံမိကြံရာ ဂုဏ်ရည်တူဆရာတော်ဘုရားတစ်ပါး၏ ရေးသားချက်ကို အကူအညီယူရတော့သည်။

ပဌာန်းဆရာတော်ဘုရားသည် ဤစာရေးသူ၏ ဆရာတော်မြတ်တစ်ပါးပင် ဖြစ်၏။ မစိုးရိမ်ပါဠိဆရာတော်-ဟုလည်း ထင်ရှားပေသည်။ အဂ္ဂမဟာပဏ္ဍိတ အဘိဇ-မဟာရဋ္ဌဂုရု ပဌာန်းဆရာတော်ဘုရားသည် စာရေးအကျော် ဆရာတော်တစ်ပါး ဖြစ်သည့်အပြင် တိပိဋကဓရဆရာတော်ကြီးနှင့်လည်း အလွန်တရာ ရင်းနှီးကျွမ်းဝင်တော်မူသည်။ အတူတကွလည်း ကာလကြာရှည်စွာ သီတင်းသုံးခဲ့သည်၊ ထို့ကြောင့် ဂုဏ်ရည်တူချင်း ချီးကျူးမှုဖြင့် အချက်ကျကျ ချီးကျူးရေးသားနိုင်ပေသည်။



ပဌာန်းဆရာတော်ဘုရားသည် ဆဋ္ဌသင်္ဂါယနာ ပါဠိတော်အပြီး၊ မြန်မာသက္ကရာဇ် ၁၃၁၈-ခုနှစ် (၁၉၅၆-ခုနှစ်) ကဆုန်လပြည့်နေ့က သာသနာ ၂၅၀၀-ပြည့်အထူး (ဗုဒ္ဓဇယန္တိကာလ) ထုတ် သတင်းစာတစ်စောင်တွင် ပူပူနွေးနွေး ချီးကျူးဆောင်းပါးတစ်စောင် ရေးသားတော်မူခဲ့ပေသည်။ 'မြွေမြွေချင်း ခြေမြင်သည်'ဟူသော စကားကဲ့သို့ ပညာရှင်တစ်ဦး၏ ဂုဏ်ရည်ကို ပညာရှင်တစ်ဦးကသာ အချက်ကျကျ ချီးကျူးရေးသားနိုင်ပေရာ စာရေးသူသည် တိပိဋကဓရဆရာတော်ကြီး၏ 'ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက' ဂုဏ်ရည်ကို မိမိတိကျအောင်မဖော်ထုတ်နိုင် မဖော်ထုတ်နိုင်သည့် အတူတူ ထိုအချိန်က ပဌာန်းဆရာတော်ဘုရား ချီးကျူးရေးသားချက်များကိုသာ ပြန်လည်ဆန်းသစ်လျက် ဤခေတ်သူခေတ်သားတို့ ဖတ်ကြားပူဇော်နိုင်ရန် ထုတ်ဖော်တင်ပြလိုပါသည်။

ဆရာတော်ဘုရား၏ဂုဏ်နှင့်တန်အောင် ထုတ်ပြန်ရေးသားထားသော ပဌာန်းဆရာတော်ဘုရား၏ ချီးကျူးပုံတို့ကို လေးလေးနက်နက် ဖတ်ရှုကြည်ညိုလိုက်ကြစေချင်ပါသည်။

'မင်္ဂလေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ-ဟုဆိုအပ်သော ဓမ္မာနုဿတိ အာရုံဆယ်မျိုးတို့တွင် ပရိယတ္တိအာရုံတည်းဟူသောသော့ချက်ဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှလုံးအကြည်သော့အိမ်ကို တစ်ချိန်တည်း

ဖွင့်လှစ်လိုက်သည်နှင့်တစ်ပြိုင်နက် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ရုပ်ခန္ဓာ, နာမ်ခန္ဓာယန္တရားတို့သည် မရပ်မနားသွားရာမှာလည်း စာ၊ အိပ်ရာမှာလည်း စာ၊ ဣရိယာပထလေးပါးလုံးမှာ စာ၊ ပြောဆိုကြံစည်မှုမှာလည်း စာ၊ အာရုံစူးစိုက်ချက် အလွန်နာလှပါပေသည်။ အခြားတစ်ပါးကုန်သော လောကီအာရုံခြောက်ပါး များပြားလှစွာသောသော့တူတို့ဖြင့် ဘယ်သူမျှဝင်ရောက်၍ ပိတ်နိုင်ခွင့် ဖွင့်နိုင်ခွင့် မရနိုင်တော့လေပြီ'။

ပဋ္ဌာန်းဆရာတော်က ဤသို့ ပဋ္ဌာန်းပစ္စည်းဆက်စကားဖြင့် မရပ်မနားလည်ပတ်ပုံသဘောတရားကို ရေးပြပြီးနောက်၊ လည်ပတ်နေသောယန္တရားကြီးကို ရပ်တံ့ရန်ကြံရွယ်သူတို့ လက်မြှောက်အရှုံးပေးရပုံကိုလည်း ကျွန်းမာရေးကို အကြောင်းပြပြီး ရပ်နားရန်၊ သို့မဟုတ် သင့်တန်ရုံအလုပ်လုပ်ရန် တားမြစ်ကြ အကြံပြုကြသည်ကို အရှင်ကမိမိ၏သဒ္ဓါအဟုန်ကို မတုန်မလှုပ်စေသင့်ကြပါကြောင်းတောင်းတောင်းပန်ပန်နှင့် အပြောပင်မခံဘဲ မှန်မှန်ချီတက်၍ မျှော်လင့်ချက်အတိုင်း အောင်ပန်းဆင်သွားပုံဖြင့် 'ပရိယတ်တည်းဟူသော ဓမ္မာရုံသော့ချက်ဖြင့် စက်ယန္တရားနှိုးလိုက်သည့်အခါ ဘယ်နေရာကမျှ ဆွဲရပ်၍ မရနိုင်ပုံကို' ပုံဖော်တော်မူထားသည်။

တစ်ဖန် 'တိပိဋကဓရနှင့် ဓမ္မဘဏ္ဍာဂါရိက' ဟူသောခေါင်းစဉ်ဖြင့်-

"တိပိဋကဓရစာပြန်ပွဲနှင့် တိပိဋကဓရ (ရေးဖြေ) စာမေးပွဲကို ဂုဏ်ထူးဝိသေသနှင့်တကွ ပြန်ဆိုရေးဖြေအောင်မြင်ခဲ့ခြင်းသည် တိပိဋကဓရဘွဲ့တံဆိပ်အတွက်ဖော်ပြချက်မျှသာဖြစ်ပေသည် (ဝါ) စာရစာကျေသည့်အလုပ်ကို ပွဲထုတ်ပြရုံမျှသာ ဖြစ်ခဲ့ပေသည်၊ ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင်ကျင်းပလိုက်သည့်အခါ ရဟန်းပရိသတ်, မင်းပရိသတ်, ပြည်သူလူထု ပရိသတ်, ရဟန်းပညာရှိ, လူပညာရှိတို့ အလယ်ဗဟိုတွင် နေ့စဉ်နေ့တိုင်း အာဂုံနှုတ်တက်အရကျက်လျက် သွက်လက်ချောမော အံ့ဩဖွယ် အကျယ်ဝိတ္ထာရဝေဖန်၍ပြပြီးလျှင် သဒ္ဓါပသန္နဖြစ်လောက်အောင်ဖြေဆိုရှင်းလင်းလိုက်သည့်အချိန်အခါသို့ ဆိုက်ရောက်မှသာ (ဝါ) ပညာရဲရင့် ပွဲလယ်တင့်၍ ပြလိုက်သောအချိန်အခါကာလကျရောက်မှသာလျှင် မိမိပိုင်ဆိုင်သိမ်းဆည်း၍ထားခဲ့သော တိပိဋကဓမ္မဘဏ္ဍာတိုက်တော်ကြီးအတွင်းမှသန့်ရှင်းသာယာ လိုရာရွေးနုတ် တစ်မုဟုတ်ချင်း တစ်ခဏချင်း ဖြန့်ခင်းဖြေပြခွင့် ကြုံကြိုက်ရပေသောကြောင့်သာမုက္ကံသိကဓမ္မပါဠိတော် ဘဏ္ဍာထုပ်အမျိုးမျိုးတို့ကို ပိုင်ဆိုင်သော ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်အတွက် ဖော်ပြဖြန့်ဖြူးချက် အစစ်အမှန်ပင်ဖြစ်၍ နေရပေတော့သည်။

အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံအလုံးစုံတို့ကို ဖြေကြားမှုနှင့် ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇက ဖြေဆိုသူတို့တွင် စံချိန်အသစ်ထွင်၍ထားနိုင်သော အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုပိဋကတ်သုံးပုံတည်းဟူသော ဓမ္မာနုဿတိတရားတော်အာရုံ၌ ပရိကံနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်, စိတ်ဓာတ်အတွင်း ဉာဏ်အတွင်းတို့မှာ လင်းရောင်ခြည်ယှက်ဖြာ၍ ထိုဇေက္ဂတာ, ထိုသမ္မာသတိ ပုဗ္ဗင်္ဂမတရားတို့ကိုလည်း သစ္စာလေးပါးဖြင့်ခွဲခြမ်း အမြဲတမ်းထိန်းသိမ်းမွေးမြူနိုင်သော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်တစ်ဦးလည်း ဟုတ်မှန်လှပါပေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံ ဓမ္မာနုဿတိတရားတော်၌-

(က) ခိုင်ခိုင်ခံ့ခံ့ ပျံ့ပျံ့ပျူးပျူး အထူးတခိုက် အမြစ်စိုက် အမြစ်တွယ်၍ထားနိုင်သော အသိအလိမ္မာဉာဏ်ပညာအမောဟ ဟေတု သတိထူးကိုလည်း ဆွတ်ခူးပိုင်ဆိုင်သူဖြစ်ပါပေသည်။

(ခ) ထိုမှတပါး 'ဓာတာ ဝစသာ မနသာ အနုပရိစိတာ' ပိဋကတ်သုံးပုံအလုံးစုံတို့ကို အကုန်နှုတ်ငုံဆောင်

မှုနှင့် ပြန်ဆိုမှု, ဖြေကြားမှု, နှုလုံးသွင်းမှုတို့အတွက် မဖြစ်လျှင်မနေ အရိုးကြေကြေ အရေခြောက်ခြောက် မကြောက်မရွံ့ နောက်မတွန့်သော တကယ့်ဆန္ဒ, တကယ့်ဝီရိယ, တကယ့်စိတ်, တကယ့်အသိဉာဏ်တို့နှင့် နာမ်ခန္ဓာ, ရုပ်ခန္ဓာ အားလုံးတို့ကို သိမ်းကျုံးအုပ်ချုပ်နိုင်သော ဇွဲကောင်းမှု အဓိပတိ သတ္တိဂုဏ်နှင့်လည်း ပြည့်စုံကြွယ်ဝသူ ဟုတ်မှန်လှပါပေသည်။

(ဂ) ထိုမှတစ်ပါး စိတ်စေတနာကောင်းကောင်းဖြင့် မညောင်းမညာ ကောင်းစွာအလုပ်လုပ်နိုင်သော စေတနာ, သမ္မာသတိ၏ ပိုင်ရှင်တစ်ဦးလည်း ဟုတ်မှန်လှပေ၏။

(ဃ) ပိဋကတ်သုံးပုံ 'ဓမ္မာနုဿတိ' ဣဋ္ဌာရုံတို့မှ အစုံအလင် ယူငင်ထုတ်ဆောင်၍ထားအပ်သော တရားအရသာ ကောင်းကောင်းတို့ကို စိတ်စေတနာအတွေ့အထိတို့ဖြင့် မိမိရရ ဝဝလင်လင် သုံးဆောင်ချင်သလို သုံးဆောင်မှီဝဲနိုင်စေရန် ရှာကြံစုဆောင်းနိုင်မှု နာမ်အာဟာရသတ္တိအစွမ်းဖြင့်လည်း မမောမပန်း ပြည့်ဝအားရှိသူ တစ်ဦးပင်ဖြစ်ပါပေသည်။

(င) အရှင်ဝိစိတ္တသာရာဘိဝံသသည် ပိဋကတ်သုံးပုံ 'ဓမ္မာနုဿတိ' ဓမ္မာရုံတို့နှင့် တွေ့ကြုံဆက်ဆံမိသည်နှင့် တစ်ပြိုင်နက် မိမိ၏ မျက်စိ, နား, နှာ, လျှာ, ကာယနှင့် နာမကာယအကြည်အလင်တို့ကို ဆိုင်ရာပိုင်နိုင်စွာ အုပ်ချုပ်လျက် အလုပ်လုပ်နိုင်သော ဣန္ဒြိယသတ္တိထူးကိုလည်း ပိုင်ဆိုင်သူဖြစ်ပါပေသည်။

(စ) အရှင်ဝိစိတ္တသာရာဘိဝံသသည် ပိဋကတ်သုံးပုံ 'ဓမ္မာနုဿတိ' အာရုံ၌ မတုန်မလှုပ် မဆုတ်မနစ် အားစစ်ကြံစည်မှု၊ အပြန်ပြန် အလှန်လှန် အဖန်ဖန် ညက်ညက်ညောညောတွေးတောမှု ပရိယတ်ဓမ္မကွန်မှာ အင်မတန်ကြည်နူးနှစ်သက်မှု၊ ပိဋကတ်တော်၏ဓမ္မအရသာကို အဝခံစားသုံးဆောင်မှု၊ စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန်လှသော ဈာနသတ္တိကိုလည်း ပိုင်ဆိုင်သူတစ်ဦး ဖြစ်ပေသည်။

အဋ္ဌကထာ၊ ဋီကာနှင့် တကွသော သုံးပုံပိဋကတ်ပရိယတ်တောအုပ်မှာ အရှုပ်ဟူသမျှ အကုန်ရှင်း ထိုးထွင်းကြံဖန် အားထုတ်ကာ လွန်စွာမှတ်မိ သမ္မာသတိ ရှိရုံမျှမက ဇောက္ကတာကောင်းကောင်းကျ၍ လမ်းမလမ်းမှန်ကို သက်သက်သာသာ ဖြောင့်မတ်စွာလျှောက်နိုင်သော မဂ္ဂသတ္တိအမျိုးနှင့်လည်း အချိုးကျပြည့်ဝစုံလင်သော ပုဂ္ဂိုလ်ထူးဖြစ်ပါပေသည်။

အတ္တုက္ကံသန ပရဝမ္ဘနမပါ မှန်ရာကိုအကျဉ်းချုပ်ပြီး အဟုတ်ကို ပြရမည်ဆိုလျှင် 'က္ကဓ ဓမ္မဝိဟာရီ ဟောတိ' ပြဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့အနက် ပိဋကတ်သုံးပုံ ဓမ္မာနုဿတိ ဓမ္မာရုံတို့နှင့် ထုံစိမ်မွမ်းမံ အမှန်ကြည်မြဲ သီလ, သမာဓိ, ပညာ ဆင့်ကာဆင့်ကာ ပါရမီဖြည့်ဆည်း ခရီးစဉ်အတိုင်း အတန်းတက်ခဲ့ပေသည့်အတွက် ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင်သည့်အခမ်းအနားမှာ ဤမျှလောက် များပြားလှကုန်သော သုံးပုံပိဋကတ် ပရိယတ်စာပေတို့ကို မထစ်မငေါ့ ပေါ့ပါးလျင်မြန်လေယာဉ်ပျံသို့ နှုတ်သံအာဂုံ စုံစုံလင်လင် တွင်တွင်ကျယ်ကျယ် တင့်တယ်စွာ ပြန်ဆိုနိုင်ခြင်း ဖြစ်ပေသည်။ ပြဆိုခဲ့ပြီးသော ဤအကြောင်းတို့ကို ကောင်းစွာရှင်းလင်းခွင့်ရသဖြင့် အထိုက်အလျောက် ရှင်းလင်းသင့်သည့်အတိုင်း အနည်းငယ်ရှင်းလင်း၍ ပြလိုက်ခြင်းဖြစ်ပါပေသတည်း'။

၁၃၁၈-ခု၊ ကဆုန်လပြည့် (၂၄၊ ၅၊ ၅၆) သာသနာ ၂၅၀၀-ပြည့် အထူးထုတ် ဟံသာဝတီသတင်းစာ။ နှာ ၉-၁၀မှ။

ရဝေထွန်း

လောဘ
ဒေါသ
မာန

ကင်းလျှင်လွန်အောင်မြင်

ထိုးချိုင့်နတ်စိုး

ဤခေတ်အရှင်အာနန္ဒာ

ဓမ္မဘဏ္ဍာဂါရိကဆိုသည်မှာ တရားဘဏ္ဍာတော်ကို ဆောင်ထားနိုင်သူကို ဆိုပါသည် ဘုရားရှင်လက်ထက်တော် ကာလက ညီတော်အာနန္ဒာကို တရားဘဏ္ဍာတော်များ ဆောင်ရွက်ထားနိုင်သူဖြစ်၍ ဓမ္မဘဏ္ဍာဂါရိကအရှင်မြတ် ဟု ခေါ်ဝေါ်ကြသည်။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးသည့်နောက် ဓမ္မဘဏ္ဍာဂါရိကအမည်ရသူ တစ်ဦး တစ်ယောက်မျှမထွက်ပေါ်ခဲ့ဖူးပါချေ။

အရှင်အာနန္ဒာသည် တရားဘဏ္ဍာတော်ကိုလည်း ဆောင်တော်မူသည်သာမက ပထမသင်္ဂါယနာအခါက သုတ္တန္တပိဋကနှင့် အဘိဓမ္မာပိဋကတို့ကို ဖြေဆိုတော်မူခဲ့ သော ဓမ္မဝိသဇ္ဇကပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။

သင်္ဂါယနာအလျဉ်သည် ပထမမှ ဒုတိယ၊ ဒုတိယ မှ တတိယ၊ တတိယမှ စတုတ္ထ၊ စတုတ္ထမှ ပဉ္စမ၊ ပဉ္စမမှ ဆဋ္ဌ အကြိမ်သို့ စီးဆင်းလာသောအခါ မြန်မာနိုင်ငံတော်သို့ ဆိုက်ရောက်တော်မူလာသည်။

မြန်မာနိုင်ငံတော်၌ ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင် သောအချိန်တွင် ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင်ခြင်းငှာ ထိုက်သော ပိဋကတ်သုံးပုံဆောင် ဓမ္မဘဏ္ဍာဂါရိက အရှင် မြတ်တစ်ပါး ထင်ရှားစွာ ဖြစ်ထွန်းပေါ်ပေါက်တော်မူနေ ပြီ . . .။

ဆဋ္ဌသင်္ဂါယနာသဘင်ဆင်ယင်သောအခါ ထိုဓမ္မ ဘဏ္ဍာဂါရိကအရှင်သည် အရှင်အာနန္ဒာကဲ့သို့ပင် မထေရ် ကြီးများမေးမြန်းသမျှသော ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်လာတရားများကို မြင်းကောင်းပြေးသကဲ့သို့ ဖြေဆို တော်မူခဲ့သည်။ ထို့ကြောင့် ထိုအရှင်မြတ်အား ဒုတိယအရှင် အာနန္ဒာဟူ၍ ပညတ်ခေါ်ဝေါ်ခဲ့ကြသည်။

ထိုအရှင်မြတ်အား ပိဋကတ်သုံးသွယ်ကို ဆောင်နိုင် ခြင်း၊ ဥပမိရုပ်၏ကောင်းခြင်း၊ အသံဩဇာနှင့် ပြည့်စုံခြင်း၊ အဟောအပြောကောင်းခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် အများသည် ဘုရားတစ်ဆူပွင့်တော်မူသကဲ့သို့ မှတ်ယူ ကြည်ညိုခဲ့ကြပါသည်။ ထိုအရှင်မြတ်သည်ကား . . .

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝင့်သကာ

အဋ္ဌကထာပြန်အကျော်

အစိုးရ ပဋ္ဌမကျော်

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ

ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ

ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ

ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ

ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက

အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇ မဟာရဋ္ဌဂုရု-

စသော ဂုဏ်ပုဒ်များဖြင့် တန်ဆာဆင်အပ်သော မင်းကွန်း သခင်ထေရ်အရှင်ကြီးဖြစ်ပါသည်။

ကမ္ဘာဦးလူတို့သည် နေ-လကို တောင့်တကြသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များသည်လည်း ဆရာတော်ကြီးကို တောင့်တကြပါသည်၊ ဆရာတော်ကြီးကို အလွန် ဖူးမြင်လိုကြပါသည်။

'ဂုဏဝန္တေ ပယုန္တိ ဇနာ'- ဆိုသည့်အတိုင်း သာမန် ဂုဏ်ရှိသော မင်းသမီးမင်းသား အရပ်သားများကိုပင် လူတို့သည် အလွန်ကြည့်လို မြင်လိုကြပါ၏။ အလွန်ဂုဏ် တော် ကြီးမားသော ဆရာတော်ကြီးကိုမူကား အဘယ်မှာ မဖူးမြင်လိုဘဲရှိကြပါမည်နည်း။

သို့သော် ဆရာတော်ကြီးအနီးအပါးနေထိုင်ကြရသူ များက ဆရာတော်ကြီးအား နေ့စဉ်ဖူးတွေ့နေကြရသဖြင့် ဆရာတော်ကြီးအား ဖူးတွေ့ကြရခြင်းအတွက် ဘာမျှ အခက်အခဲရှိမည်မဟုတ်ပါသော်လည်း အဝေးတောမြို့ တောရွာတို့၌ နေထိုင်ကြရသူများအတွက်ကား ဆရာတော် ကြီးအား ဖူးတွေ့ရန်ပင်လျှင် ဒုလ္လဘကြီးတစ်ပါးဖြစ်ခဲ့ပါ သည်။

ဓမ္မနာဒ
ကျောင်းဒကာကြီး
ဦးမြို့

ပဲခူးမြို့မဆရာတော်ကြီးအနီး၌ မင်းကွန်းဆရာတော်ကြီးအား ဖူးမြင်ရပုံ

တိပိဋကဓရ ထီးချိုင့်သို့ကြွပုံ

ထီးချိုင့်မြို့သည် စစ်ကိုင်းတိုင်း မြောက်ပိုင်းကျ၍ ဧရာဝတီမြစ်ကမ်းရှိ ရှေးဟောင်းမြို့ကလေးတစ်မြို့မျှ ဖြစ်သည်။ ထိုထီးချိုင့်မြို့၌ ဧရာဝတီမြစ်ကြောင်းလမ်းမှတစ်ပါး ရထားလမ်းလည်း မရှိ၊ ကားလမ်းလည်း မရှိသောကြောင့် ချောင်ကျသောမြို့တစ်မြို့ဖြစ်သည်။

ထီးချိုင့်မြို့နှင့် ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကား မည်သို့မျှ အဆက်အစပ်မရှိ၍ ထီးချိုင့်နယ်သူနယ်သားများအတွက် ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရရန် အလွန်ခက်လှပါသည်။

သို့သော် ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး၏ ကျောင်းဒါယကာ ရဟန်းဒါယကာဖြစ်သော ဦးမြို့သည်ကား ထီးချိုင့်မြို့သားဖြစ်ခဲ့သည်၊ ကျောင်းဒါယကာကြီး ဦးမြို့ကောင်းမှုကျောင်းများသည် ထီးချိုင့်မြို့၌လည်းရှိသည်။ ထီးချိုင့်မြို့ ကျောက်စေတီတိုက်ကျောင်း၊ ရွှေအင်ကြင်းတောရကျောင်းများသည် ဦးမြို့၏ကောင်းမှုများ ဖြစ်ကြသည်။ ဦးမြို့၏ဆွေမျိုးများသည်လည်း ထီးချိုင့်မြို့၌ ရှိကြသည်။

တစ်ရံရောအခါ ဦးမြို့၏ ဆွေမျိုးများက ရှင်ပြုအလှူပွဲလုပ်သည်။ ထိုအလှူသို့ကြွပါရန် ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးအား ပင့်ကြသည်။ ဆရာတော်ကြီးသည် ရဟန်းဒါယကာ ကျောင်းဒါယကာကြီး၏ကျေးဇူးကို ထောက်မျှော်တော်မူ၍ အဆန်သင်္ဘောကြီးဖြင့် ထီးချိုင့်မြို့သို့ကြွလာတော်မူသည်။

ငဲ့ညှာတတ်သည့်ဆရာတော်

ဤမျှဂုဏ်တော်ကြီးမားသောဆရာတော် ကြွလာတော်မမူဖူးသောကြောင့် ထီးချိုင့်မြို့သူမြို့သားများ ပျာပျာသလဲ ဖြစ်နေကြသည်၊ ထီးချိုင့်၌ မော်တော်ကား မရှိသောကြောင့် ကားဖြင့်လည်းပင့်စရာမရှိ၊ နွားလှည်းကြီးနှင့်ပင့်ရန်လည်း အမြင်မတော် ဆင်တော်နှင့်ခလောက် ဖြစ်ချေပြီ . . .။

ဘယ်လိုပင့်ကြမည်နည်း။ လူထမ်းယာဉ်နှင့် ပင့်မှတော်မည်။ လူထမ်းယာဉ်နှင့် ပင့်လျှင်လည်း အကြိုအဆို အသိုင်းအဝိုင်းလည်းပါဦးမှ ဖြစ်မည်။ ဤသို့ဖြင့် ရဟန်းရှင်လူ ဝိုင်းအုံ၍ လူထမ်းယာဉ်ဖြင့် သင်္ဘောဆိပ်ကမ်းမှ ကြိုကြသည်။ သင်္ဘောဆိုက်လျှင်ဆိုက်ချင်း ကြိုဆိုရေးခေါင်းဆောင်များ ဆရာတော်ကြီးသီတင်းသုံးရာ သင်္ဘောဇည့်ခန်းသို့ သွားကြသည်။ အကြိုအဆိုပုဂ္ဂိုလ်များကိုမြင်၍ ဆရာတော်ကြီး သင်္ဘောအခန်းမှထွက်တော်မူလာပြီးလျှင် ဆိပ်ကမ်း၌ ကြိတ်ကြိတ်တိုးနေသောလူများကို ကြည့်၍ 'ဘာလုပ်ကြတာလဲ' ဟု မေးပါသည်။


သံဃာပရိသတ်နှင့်သာမွေ့လျော်သော မင်းကွန်းဆရာတော်ကြီး

ဆရာတော်ကြီးအား အကြိုလာပါကြောင်း လျှောက်ထားကြသောအခါ ဆရာတော်ကြီးသည် လက်ကာတော်မူ၍ 'အို- ဘာလို့ ဒီလို လုပ်ကြတာလဲ၊ အလကားရှုပ်လို့၊ တို့မှာလည်း ခြေထောက်ပါ,ပါတယ်၊ သူများသွားသလို သွားမှာပေါ့၊ လူယာဉ် မစီးပါရစေနှင့်' ဟု ငြင်းပယ်တော်မူပါသည်။

ကြိုဆိုရေးပုဂ္ဂိုလ်များက 'ဒကာများကို ချီးမြှောက်တော်မူသောအားဖြင့် စီးတော်မူပါဘုရား'ဟု ထပ်ကာ, ထပ်ကာ လျှောက်ထားသောအခါမှ 'အေးကွယ်- ခုတော့ အားနာပါးနာစီးရတော့မှာပဲ၊ အပြန်တော့မလုပ်ကြပါနှင့်' ဟု တောင်းပန်တော်မူ၍ ထမ်းစင်ထက်သို့ တက်တော်မူပါသည်။

ဖော်ရွေတတ်သည့်ဆရာတော်

ဆရာတော်ကြီးနှင့် မကြုံတွေ့မီက ဤမျှဂုဏ်တော်ကြီးမားသော ဆရာတော်ကြီးကား အများနှင့်ရောနှောခြင်း မပြုဘဲ ကိုယ့်ဂုဏ်နှင့်ကိုယ် တစ်ကိုယ်တည်းနေမှာပဲဟု ယူဆ၍ ဆရာတော်ကြီးသီတင်းသုံးရန် သီးသန့်နေရာ ပြင်ဆင်ထားကြပါသည်၊ ခဲဖွယ်ဘောဇဉ်သုံးဆောင်ရန်အတွက် တစ်သီးတခြားစီမံထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက 'တပည့်တော်ကို သီးသန့်ခွဲမထားကြပါနှင့်၊ တပည့်တော်ဟာ သံဃာတော်အများနှင့် အတူအိပ်ပြီး သံဃာတော်အများနှင့် အတူစားချင်ပါတယ်' ဟု အများနှင့် လိုက်လျောစွာ မိန့်ဆိုတော်မူပါသည်။

ဆရာတော်ကြီးသည် ထီးချိုင့်မြို့သို့ ကြွရောက်တော်မူစဉ်ကာလက ရွှေစည်းခုံကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်။ ထီးချိုင့် ရွှေစည်းခုံကျောင်းတိုက်သည် မြို့လယ်၌တည်ရှိ၍ ကျောင်းအုတ်တံတိုင်းကိုလွန်လျှင် မြို့တွင်းသို့ရောက်ပါသည်။

စာနာတတ်သည့် ဆရာတော်

ဆရာတော်ကြီးသည် အညောင်းလည်းပြေစေ၊ ဗဟုသုတလည်း ဖြစ်စေဟူသောသဘောဖြင့် ကျောင်းဝင်းကို လှည့်လည် ကြည့်တော်မူသည်။ ကျောင်းဝင်း အရှေ့ပေါက်သို့ ရောက်တော်မူလျှင် ရပ်တံ့တော်မူ၍ 'ဒီအနီးအနားမှာ ဆံပင်ညှပ်ဆိုင် ရှိသလား' ဟု မေးတော်မူပါသည်။

'ရှိပါတယ်ဘုရား၊ ဆရာတော် ဘာအလိုရှိလို့ပါလဲဘုရား'ဟု လျှောက်ထားသောအခါ 'ခေါင်းမှာ ဆံပင်ရှည်နေတာ စက်ကတ်ကြေးနှင့် ညှပ်ပစ်ချင်တယ်၊ ပြုန်းခနဲရောက်စမို့ ခေါင်းမရိတ်ဝံ့ဘူး၊ အအေးမိမှာစိုးတယ်'ဟု မိန့်တော်မူပါသည်။

'ဒီလိုဆို- ဆံပင်ညှပ်သမားကို တပည့်တော် ခေါ်ပေးပါရစေဘုရား'။

'မခေါ်နှင့်၊ မခေါ်နှင့်၊ ကိုယ့်အတွက်နှင့် သူတစ်ပါးတာဝန်ကြီးသွားလျှင် မကောင်းဘူး။ အဲ့သည်ဆိုင် ဘယ်နားမှာလဲ၊ လာ- လိုက်ခဲ့စမ်းပါ၊ အဲသည်ဆိုင်သွားပြီး ညှပ်ကြပါစို့'။

'မကောင်းပါဘူး ဆရာတော်ဘုရား။ တပည့်တော် ခေါ်ပေးပါရစေ၊ ဒီကျောင်းမှာ ညှပ်တော်မူပါဘုရား'။

'ဘာလို့ မကောင်းရမှာလဲ၊ ဆံပင်ညှပ်တာ ကြာတာ မှတ်လို့၊ လာပါ- လိုက်သာလိုက်ခဲ့ပါ'။

ဆရာတော်အားဆက်၍ မလျှောက်ထားဝံ့တော့သဖြင့် ဆံပင်ညှပ်ဆိုင်အထိ လိုက်သွားရပါသည်။

ဆရာတော်သည် ဆံပင်အညှပ်ခံကာ ဦးခေါင်းကို သုတ်သင်ပြီးမှ ကျောင်းသို့ ပြန်ကြွပါသည်။

ဆရာတော်ကြီးနှင့် နှစ်ရက်သုံးရက်မျှ ချဉ်းကပ်နေခဲ့ရသဖြင့် ဆရာတော်ကြီး၏သဘောထားကို ရိပ်စားမိခဲ့ပါသည်။ ဆရာတော်ကြီးသည် ယနေ့တွင် လိုတရသော ပတ္တမြားကြီးကဲ့သို့ တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက် ပူဇော်ခြင်းကို ခံယူတော်မူနေရပြီ-။

ဆရာတော် ဘုန်းကြီးခြင်းအကြောင်းရင်း

လူသာမန်တို့ စိတ်မျှမကူးဝံ့သော တိပိဋကဓရထုတ်လုပ်ရေး ဝိဇ္ဇာလယကျောင်းတော်ကြီးများ တည်ဆောက်ရေးတို့ကို အောင်မြင်စွာဆောင်ရွက်တော်မူလျက် ရှိပါပြီ။

ဆရာတော်ကြီး ဤမျှအောင်မြင်တော်မူခြင်းကား ပိဋကတ်သုံးပုံကို အာဂုံဆောင်ရွက်တော်မူနိုင်ခြင်းကြောင့်လည်းမဟုတ်၊ ဆဋ္ဌသင်္ဂါယနာဝင် အရှင်သခင်ဖြစ်တော်မူသောကြောင့်လည်း မဟုတ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အရှင်သခင်ဖြစ်တော်မူသောကြောင့်လည်း မဟုတ်ပါချေ။

ဆရာတော်ကြီးသည် အထက်တန်းပညာရှင်ကြီး ဖြစ်ပါသည်။ ဓမ္မကထိက အကျော်အမော်ကြီးဖြစ်ပါသည်၊ လောဘ, ဒေါသ, မာန်မာနတရားတို့သည် ဤသို့သော ထိပ်သီးပုဂ္ဂိုလ်ကြီးများအား ပူးဝင်၍ နှိပ်စက်တတ်ပါသည်။

'လောဘ၏ဖိစီးနှိပ်စက်ခြင်းကိုခံရလျှင် ရသမျှကို လိုချင်သည်။ တော်ပါပြီ တန်ပါပြီဟု မဆိုပြီ။ မီးပုံကြီးသည် ထည့်သမျှသော လောင်စာကို ဝါးမျိုသကဲ့သို့ လောဘသမားသည် ရလေလိုလေ အိုတစ္ဆေဖြင့် ရောင့်ရဲမှု ကင်းကွာလာသည်။

လောကကြီးသည် ပဋိပက္ခဓာတ်နှင့် အမြဲယှဉ်နေသည်။ လိုချင်လျှင် မရ၊ မလိုချင်မှ ရသည်။ လောဘကြီးသူမွဲ၍ လောဘနည်းသူ ချမ်းသာသည်။

'ဒေါသ၏ဖိစီးနှိပ်စက်ခြင်းကိုခံရလျှင် မြင်မြင်တကာ အပေါ် အမျက်ထွက်သည်။ မာန်လိုက်, မဲလိုက်, ဆဲလိုက်, ဆိုလိုက် ဖြစ်လာသည်။ ထိုအခါ ဒေါသ၏ ဆန့်ကျင်ဘက်တရားတို့၏ တိုက်ခိုက်ခြင်းကိုခံရ၍ အများက မုန်းခြင်း, ကြဉ်ဖယ်ခြင်းကို ခံရတတ်သည်။

'မာန၏ ဖိစီးနှိပ်စက်ခြင်းကို ခံရလျှင် ငါလိုလူ ဇမ္ဗူမှာ ရှိသလားဟု ဆောင့်ကြွားကြွား ဖြစ်လာသည်၊ သူတစ်ပါး အပေါ် အထင်အမြင်သေးလာတတ်သည်၊ ကိုယ်ချင်းစာတရား ကင်းလာတတ်သည်၊ ထိုအခါ မာန၏ဆန့်ကျင်ဘက်တို့ တိုက်ခိုက်ခြင်းကြောင့် လူထုက မာနရှင်ကိုလျစ်လျူရှုခဲ့ကြသည်။

ဆရာတော်ကြီးကား စာသိပုဂ္ဂိုလ်ကြီးမျှမက ငါသိပုဂ္ဂိုလ်ကြီးဖြစ်၍ ငါဟတည်းဟူသော ဘီလူး၏အကိုက်ကို ခံတော်မမူပါ။ ငါဟကင်းတော်မူသောကြောင့် လောဘအားနည်းတော်မူသည်။ မာနအားနည်းတော်မူသည်။ ဒိဋ္ဌိအားနည်းတော်မူသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာတတ်သည်။ မပြတ် မေတ္တာပွားတော်မူသည်။ သူတစ်ပါးကို ချစ်ခင်တတ်သည်။

ထို့ကြောင့် ဆရာတော်ကြီးကို မြင်လျှင် မြင်သူတိုင်းက ချစ်ခင်သည်။ မြင်သူတိုင်းက လေးစားသည်။ မြင်သူတိုင်းက လှူချင်တန်းချင်သည်၊

ဤအကျိုးဂုဏ်အင်အာနိသင်များကား ဆရာတော်ကြီး၏ လောဘနည်းခြင်း, ဒေါသနည်းခြင်း, မာနနည်းခြင်း, ကိုယ်ချင်းစာနာတတ်ခြင်း၏ ပစ္စက္ခအကျိုးများပင် ဖြစ်ကြပါသည်။ ပစ္စက္ခ၌ပင်လျှင် ဆရာတော်ကြီး၌ ဤမျှအကျိုးတရား ခံစားတော်မူနေရပါမူ သံသရာအကျိုးကိုမူကား အထူးပြောစရာမရှိဖြစ်ပါသည်။

အကျွန်ုပ်တို့သည် ဆရာတော်ကြီးကဲ့သို့ လောကီလောကုတ္တရာအကျိုးတရားများ ခံစားစံစားလိုကြပါ၏။ သို့သော် ဆရာတော်ကြီးကဲ့သို့ လောဘ, ဒေါသ, မောဟတရားများကို ကင်းပါးအောင်မရွက်ဆောင်ခဲ့ကြပါ။

အကယ်၍သာ လောဘ, ဒေါသ, မာန်မာနတရားများကို ဆရာတော်ကြီးကဲ့သို့ ကင်းပါးအောင် ပြုထားကြမည်ဆိုပါက အကျွန်ုပ်တို့သည်လည်း ဆရာတော်ကြီးကဲ့သို့ပင် ဟုန်းဟုန်းတောက်ကြီးပွားကြမည် ဖြစ်ပါသတည်း။ ။

ထီးချိုင့်နတ်စိုး

အနှစ်နှင့် အကာ

အရှင်ဒေဝိန္ဒာဓိပတိ

ကောဇာသက္ကရာဇ် ၉၆၇- ခုနှစ်တွင် ညောင်ရမ်းမင်း၏သားတော် အနောက်ဘက်လွန်မင်းနန်းတက်သည်။ ထိုမင်းလက်ထက်တွင် ပျက်စီးနေသောအောက်မြန်မာနိုင်ငံတော်ကို ပြန်လည်သိမ်းယူသည်။ ၉၇၀- ပြည့်နှစ်တွင် ပြည်မင်းရန်နိုင်စားကို အောင်မြင်သည်။ ပြည်မြို့ကို အောင်သောအခါ အနောက်ဘက်လွန်မင်းက 'ပြည်မြို့ကို ငါတိုက်သည်မှာ ရှင်တစ်ဆူနှင့် လူတစ်ယောက်သာရသည်' ဟုဆိုတော်မူသည်။

မင်းတရားကြီးဆိုသော လူတစ်ယောက်ကား ထင်ငယ်တည်း။ ထိုစဉ်က ထင်ငယ်သည်အသက် ၁၃-နှစ်သားလူငယ်မျှသာရှိသေး၏။ သို့ရာတွင် ပြည်မြို့ပျက်၍ အများအပြားလက်နက်ချနေကြသည့်ကြားမှ ဓားကိုင်၍ခုခံနေသေးသည်။ ဦးရီးဘယဂါမဏိက 'ဟဲ့-ထင်၊ လူပျိုလူရွယ်ပီသလှ၏။ သို့ရာတွင် မြို့ပျက်လေပြီ၊ အညံ့ခံလေတော့'ဆိုမှ 'သူ့ဆန်စား၍ ရဲရတော့သည်'ဆိုကာ လက်နက်ချလေသည်။ 'သူ့ဆန်စားလို့ ရဲရသည်'ဟူသော စကားပုံသည် ထင်ငယ်ဆိုခဲ့သောစကားပုံဖြစ်ပါသည်။

ရှင်တစ်ဆူဆိုသည်ကား တောင်ဖီလာဆရာတော်တည်း။ ဤနေရာ၌ တောင်ဖီလာဆရာတော်၏အကြောင်းအမြွက်မျှ ဖော်ပြပါဦးမည်။ တောင်ဖီလာဆရာတော်ကား စလင်းမြို့သားဖြစ်၍ ၉၄၀- ပြည့်နှစ်ဖွားတည်း။ မွေးနေ့ကြာသပတေးသားဖြစ်၍ သာမဏေဖြစ်သောအခါ ရှင်မုနိန္ဒဃောသ ဟုခေါ်သည်။ ၁၃-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ ၁၄-နှစ်သားအရွယ်တွင် ဝေဿန္တရာပျို့ကို စီရင်သည်။ စာတတ် ကဗျာတတ်ပုဂ္ဂိုလ်ဖြစ်၍ သာမဏေဘဝကပင် ကျော်ကြားပါသည်။ အသက် ၂၀-အရွယ်တွင် ပြည်ဘုရင်ရန်နိုင်မှူးကဒါယကာပြု၍ ပဉ္စင်းဖြစ်လာသည်။ ဦးပဉ္စင်းဖြစ်သောအခါလည်း 'ပြည်ပဉ္စင်းကျော်'ဟုတွင်သည်။

၉၉၁-ခုနှစ်တွင် သာလွန်မင်းတရား နန်းတက်သောအခါ ပြည်ပဉ္စင်းကျော်ကို တိပိဋကလင်္ကာရဘွဲ့ဆက်ကပ်သည်။ ၉၉၆-ခုနှစ်တွင် မင်းရဲကျော်စွာဆောက်လုပ်သော စစ်ကိုင်း မြစ်အနီး လေးထပ်ကျောင်း၌ သီတင်းသုံး၍ 'လေးထပ်ဆရာတော်'ဟု ကျော်ပြန်သည်။

ထိုစဉ်က ပါဒစေတီတော်ဟုခေါ်သော စက်တော်ရာနှစ်ဆူသည် လူသူအသွားအလာကင်းမဲ့၍ တောကြီးဖုံးအုပ်ကာပျောက်ကွယ်နေသည်။ စက်တော်ရာသည် စလင်းမြို့နှင့်နီးစပ်သဖြင့် စလင်းမြို့ဖွားဆရာတော်သည် သူ့အခွင့်အရေးရခိုက် စက်တော်ရာကိုဖော်ထုတ်ချင်သည်။ ထို့ကြောင့် မင်းပရိသတ်နှင့်တကွ စက်တော်ရာကို သွားရောက်ရှာဖွေရာ တွေ့ရှိသဖြင့် ယနေ့အထိ စက်တော်ရာသို့ သွားလမ်း-လာလမ်း လွယ်ကူခဲ့လေသည်။

စစ်ကိုင်းလေးထပ်ဆရာတော် ဟုခေါ်သော တိပိဋကာလင်္ကာရထေရ်သည် စက်တော်ရာရှာဖွေ၍ အပြန်တွင် ရွှေဥမင်ဆရာတော် နာမည်ကြီးလှသောကြောင့် ဝင်ရောက်တွေ့ဆုံလေသည်။ ရွှေဥမင်ဆရာတော်ကား မည်သည့်ပရိသတ်မျှမရှိ၊ အလုပ်အကျွေး ဖိုးသူတော်တစ်ယောက်နှင့်သာ ခေါင်းခေါင်းပါးပါး သီတင်းသုံးနေသည်။ ရွှေဥမင်အာရာမ်အတွင်း၌ သစ်ပင်အမြောက်အမြားရှိရာ သစ်ပင်များမှ ကြွေကျသော သစ်ရွက်များကို နေ့စဉ် တံမြက်လှည်းသောဝတ်ရှိသဖြင့် လေးထပ်ဆရာတော်ဝင်ကြွလာသောအခါ တံမြက်လှည်းနေသောရွှေဥမင်ဆရာတော်နှင့် တွေ့လေသည်။

ရွှေဥမင်ဆရာတော်ကား ဖြူဖတ်ဖြူရော် ဖြစ်နေသော သင်္ကန်းကိုဝတ်၍ တံမြက်လှည်းနေသောကြောင့် လေးထပ်ဆရာတော်က ရွှေဥမင်ဆရာတော်ဟုမထင်၊ တောထွက်ကိုယ်တော်ကြီးတစ်ပါးဟု ထင်ခဲ့သည်။ ထို့ကြောင့် 'ဦးပဉ္စင်းကြီး၊ ရွှေဥမင်ဆရာတော်ရှိပါသလား'ဟု ရွှေဥမင်ဆရာတော်ကိုမေးလိုက်သည်။

'ရှိပါတယ်ဘုရား၊ ရှိပါတယ်ဘုရား၊ အရှင်ဘုရားက ဘယ်ကပါလဲ'။

'တပည့်တော် စစ်ကိုင်း လေးထပ်မင်းကျောင်းကပါဘုရား၊ ဆရာတော်ဘယ်မှာ သီတင်းသုံးတော်မူပါသလဲ'။

'လေးထပ်မင်းကျောင်းကဆိုတော့ မင်းဆရာပါလား၊ ကျောင်းပေါ်ကိုကြွပါဘုရား၊ ကျောင်းပေါ်ကိုကြွပါဘုရား'။

ရွှေဥမင်ဆရာတော်၏စကားအတိုင်း လေးထပ်မင်းကျောင်းဆရာတော် ကျောင်းပေါ်ကိုကြွသည်။ ရွှေဥမင်ဆရာတော်က တံမြက်စည်းကို လှည်းသင်ရာကချ၍ နောက်မှ လိုက်သွားသည်။ ကျောင်းပေါ်ရောက်သောအခါ အထူးခင်းစရာမရှိ၍ သားရေနွယ်ကိုခါကာ ထိုင်ရန်ခင်းပေးသည်။

လေးထပ်ဆရာတော်က သားရေနွယ်ပေါ်ထိုင်ပြီး 'ဦးပဉ္စင်းကြီး ရွှေဥမင်ဆရာတော် ဘယ်မှာလဲ'ဟု မေးသည်။ ထိုအခါမှ ရွှေဥမင်ဆရာတော်က-

'သည်းခံတော်မူပါဘုရား၊ ရွှေဥမင်ဆရာတော်ဆိုတာ တပည့်တော်ပါပဲ'။

'အို... အရှင်ဘုရားကို ဦးပဉ္စင်းကြီးမှတ်လို့ အရှင်ဘုရားတပည့်တော်ထက် သိက္ခာကြီးတယ် ထင်ရဲ့ကော'။

'အရှင်ဘုရားရဲ့ ရဟန်းသက္ကရာဇ်မိန့်တော်မူပါဘုရား'။

'တပည့်တော်က ၉၅၄- ခုနှစ် ရဟန်းဖြစ်ပါတယ် ဘုရား'။

'အရှင်ဘုရားနှင့် တပည့်တော် ရဟန်းဖြစ်တဲ့ သက္ကရာဇ် လ - နေ့ - အချိန် အတူတူပါပဲဘုရား'။

'ဒီလိုဆို အရှင်ဘုရားခင်းပေးတဲ့ သားရေနွယ်ပေါ် တပည့်တော်မထိုင်ဝံ့ဘူး၊ အရှင်ဘုရားဒီမှာထိုင်ပါ'။

မင်းကွန်းဆရာတော်ကြီးနှင့် ရှင်[illegible]များ

'ကိစ္စမရှိပါဘူး၊ အရှင်ဘုရားက မင်းဆရာဖြစ်ပါတယ်၊ ထိုင်မြဲ ထိုင်တော်မူပါ၊ တပည့်တော် သားရေနွယ်တစ်ခုမှာ ထိုင်ပါမယ်ဘုရား'။

'အရှင်ဘုရားနှင့်တွေ့ရတာ တပည့်တော်ဝမ်းသာပါတယ်'။

'တပည့်တော်လဲ အရှင်ဘုရားလို မင်းဆရာနှင့် တွေ့ရတဲ့အတွက် ဝမ်းမြောက်ပါတယ်ဘုရား'။

'အရှင်ဘုရားရဲ့ကျောင်းက တောကြီးလိုပဲ၊ သစ်ပင်တွေအုပ်လို့၊ တစ်ပါးတည်း သီတင်းသုံးရတာ ကြောက်တော်မမူပါလားဘုရား'။

'သြော်. . . ကြောက်တာတော့ ဘယ်ပြောလို့ဖြစ်မှာလဲဘုရား၊ ကြောက်လို့ တစ်ပါးတည်းနေရခြင်းပါဘုရား'။

ရွှေဥမင်ဆရာတော်၏စကားကို ကြားသောအခါ လေးထပ်ဆရာတော်၏စိတ်၌ အလိုဟုတ်သားပဲ၊ ငါက သံသရာမကြောက်လို့ မင်းဆရာလုပ်နေတာပါလားဟု အကြံဖြစ်ပြီးလျှင်-

'အရှင်ဘုရား၊ ယခုလို ကြုံကြိုက်ခိုက် တပည့်တော်ရဲ့ အလှူကို ခံယူတော်မူပါဦး၊ ဟောဒါက ဒွိစုံသက်န်းပါဘုရား'။

ရွှေဥမင်ဆရာတော်က သင်္ကန်းကို လက်နှစ်ဖက်နှင့် ခံယူပြီး သင်္ကန်းကိုမြှောက်ပြီးလျှင် 'သာဓု-သာဓု-သာဓု။ ဤသင်္ကန်း ရွှေစည်းခုံဘုရားအားလှူပါ၏'ဟုဆိုကာ ဘေး၌ ချထား လိုက်သည်။ ထို့နောက် ဒုကုဋ်စသော အလှူဝတ္ထုများကို ကပ်လှူတိုင်းလည်း အလှူခံယူပြီးနောက် 'ရွှေစည်းခုံ စေတီတော်အား လှူပါ၏' ဟုဆိုကာ ချထားလေသည်။

ဤအဓိပ္ပာယ်ကား 'ပစ္စည်းအပိုမထား' ဟု ဆိုလိုရင်းဖြစ်ပါသည်။

ထို့နောက် လေးထပ်ဆရာတော်က 'ယခုအခါ မည်သည့် ကျမ်းများ ပြုစုနေပါသနည်း' ဟုလျှောက်ထားရာ၊ ရွှေဥမင်ဆရာတော်က'ဝိနည်းငါးကျမ်း ပါဠိတော်နိဿယပြုစု၍ပြီးစီးကြောင်း' လျှောက်ထားသည်။ ထိုစဉ်က လေးထပ်ဆရာတော်လည်း ဝိနည်းနိဿယများ ပြုစုပြီးရှိနေ၍ ရွှေဥမင်ဆရာတော် ပြုစုသောနိဿယကို ယူ၍ကြည့်ရှုရာ မိမိ နိဿယထက် သက္ကရာဇ်ဦးနေသည်ကို မြင်ရ၏။ ထို့ပြင် အယူအဆ အရေးအသားများလည်း မိမိနိဿယထက် သာလွန်ကောင်းမွန်သည်ကို တွေ့ရသောကြောင့် မိမိနိဿယကို ဌာပနာသွင်း၍ စေတီတည်လေသည်။ အချို့က စေတီတော်ရင်ပြင်၌ မီးပူဇော်သည်-ဟူ၍လည်း ဆိုကြသည်။

လေးထပ်ဆရာတော် ပြန်ကြွသောအခါ ရွှေဥမင်ဆရာတော်က လိုက်ပို့သည်။ သိက္ခာဝါတူနေသောကြောင့် လေးထပ်ဆရာတော်က 'အရှင်ဘုရား၊ ရှေ့ကကြွပါ' ဟုဆို၏။ ရွှေဥမင်ဆရာတော်က 'အရှင်ဘုရား မင်းဆရာဖြစ်ပါသည်၊ ရှေ့က ကြွတော်မူပါ'ဟု ဆို၏။ မည်သူမျှ ရှေ့ကမကြွကြ-ဟု ဆိုလေသည်။

ရွှေဥမင်ဆရာတော် ကျောင်းသို့ ပြန်ကြွလာသောအခါ အလုပ်အကျွေးဖိုးသူတော်က 'မဟာလေးထပ်ဆရာတော် လှူသောပစ္စည်းများကို မိမိမသုံးဆောင်ဘဲ ရှေ့၌ပင် အခြားသို့ပေးလှူသည်မှာ သူ့သဒ္ဓါတရားကိုဖျက်သည် မဟုတ်ပါလော' ဟုလျှောက်ထားသည်။

ရွှေဥမင်ဆရာတော်က 'သူ့သဒ္ဓါတရားကို ငါဖျက်ဆီးခြင်းမဟုတ်၊ မင်းဆရာကို ဆုံးမလိုက်ခြင်းသာဖြစ်သည်။ မင်းဆရာသည် ဤမှအပြန်တွင် စစ်ကိုင်းမြစ်နား မဟာလေးထပ်မင်းကျောင်းသို့ ဝင်ဝံ့ပါမူ အာဂယောကျ်ားဟု ဆိုရလိမ့်မည်'ဟု မိန့်တော်မူ၏။

ရွှေဥမင်ဆရာတော် မိန့်တော်မူသည့်အတိုင်း အရှင်တိပိဋကာလင်္ကာရသည် စစ်ကိုင်းသို့ရောက်လျှင် လေးထပ်ကျောင်းသို့ မဝင်ဝံ့တော့ဘဲ တောင်ဖီလာသို့ဝင်၍ တောရကျင့်သုံးတော်မူသောကြောင့် လေးထပ်ဆရာတော်အရှင်တိပိဋကာလင်္ကာရကို 'တောင်ဖီလာဆရာတော်'ဟူ၍ခေါ်ဆိုကြလေသည်။

အနှစ်နှင့် အကာ

သစ်ပင်ကြီးတစ်ပင်၌ အနှစ်နှင့်အကာဟူ၍ ရှိပါသည်။ အနှစ်သည် အတွင်း၌တည်၍ အကာမှာ အပြင်ဘက်၌ တည်သည်။ သစ်ပင်ကြီးကို ကြည့်သောအခါ အနှစ်ကို မမြင်ရ၊ အကာကိုသာ မြင်ကြရသည်။ အကာကိုကြည့်၍ 'ဤသစ်ပင်ကြီး ကြီးမားသန်ထွားလှ၏'ဟု ချီးမွမ်းကြ၏။

သို့ရာတွင် လက်ပံကဲ့သို့ အနှစ်မရှိသောသစ်ပင်များကား အမြင်အားဖြင့် မည်မျှလုပတင့်တယ် ရှုခြင်ဖွယ်ကောင်းသည်ပင်ဖြစ်စေ အနှစ်မရှိသောကြောင့် ကြာမြင့်စွာအသုံးခံသော အပင်မျိုးကား မဟုတ်ပါချေ။

လောကလူတို့၌လည်း အနှစ်ရှိသူနှင့် မရှိသူဟူ၍ နှစ်မျိုးရှိ၏။ အနှစ်မရှိသူ အကာသမားကား အဆံမပါသော စပါးပင်ကဲ့သို့ ထောင်လွှားတတ်ကြသည်။ လူအထင်ကြီးအောင် လုပ်တတ်ကြသည်။ များစွာသောလူတို့ကလည်း ထိုကဲ့သို့သောအကာသမားများကိုသာလွန်၍ အထင်ကြီးတတ်ကြသည်။

အနှစ်ရှိသောသစ်ပင်ကား အနှစ်တန်ဖိုးကြီးလေလေ အပင်လှီလေလေဖြစ်သည်။ လောက၌ နံ့သာနီသည် လွန်စွာ အဖိုးတန်၏။ လက်လေးသစ်ကို အဖိုးတစ်သိန်းတန်သည်ဟု ဆိုကြသည်။ ထိုမျှတန်ဖိုးကြီးသော နံ့သာနီပင်ကား တောတွင်း၌ ထင်ထင်ရှားရှား ကြီးကြီးမားမား တည်နေသည် မဟုတ်၊ မထင်မရှား လှီလှီကင်းကင်း တည်နေခြင်းသာ ဖြစ်ပါသည်။

လူတို့၌လည်း အနှစ်ရှိသောပုဂ္ဂိုလ်သည် ပပလွှားလွှား မပြောတတ်၊ ပပလွှားလွှားမနေတတ်ပါ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို လူတို့က အထင်သေးတတ်ကြပါသည်။ ယခုပင်လျှင် ကြည့်ပါ။ အကျော်လေးပါးရသော တောင်ဖီလာဆရာတော်သည် ကြုံကြုံလှီလှီ နေတော်မူသော ရွှေဥမင်ဆရာတော်ကို 'ဦးပဥ္စင်းကြီး'ဟု အထင်မှားမိသေးသည်။ နောင်အခါမှ အကြောင်းကိုသိ၍ ရွှေဥမင်ဆရာတော်ကို အတုယူကာ တောရခိုတော်မူပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးကို သတိရမိပါသည်။

ယနေ့ သာသနာတော်လောက၌ မင်းကွန်းဆရာတော်ဘုရားကဲ့သို့ အနှစ်ပြည့်သောပုဂ္ဂိုလ်ကား မရှိဟူ၍ပင် ဆိုသင့်ပါသည်။ ဆရာတော်ကြီးသည် အနှစ်ပြည့်သည့်အားလျော်စွာ မည်သည့်အခါမျှ ပပလွှားလွှား မာနစကား ပြောဆိုခြင်းလည်းမရှိ၊ ပပလွှားလွှား ဝတ်စားနေထိုင်ခြင်းလည်း မရှိ၊ ရိုးရိုးကုပ်ကုပ်မျှသာ သီတင်းသုံးတော်မူတတ်ပါသည်။ ထို့ကြောင့် အခြားတနေရာမှာ ဆရာတော်ကြီးအား တွေ့ကြုံခဲ့ပါမူ မည်သူကမျှ တိပိဋကဓရဆရာတော်ကြီးဟု သိမည်မဟုတ်သလို အထင်ကြီးမည်လည်းမဟုတ်ပါချေ။

အခါအားဖြင့် ၁၃၄၀- ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄- ရက်နေ့ ဖြစ်ပါသည်။ ထိုအချိန်အခါက ကသာမြို့မှ ဆရာတော်ကြီးကိုပင့်၍ ကသာမြို့ မဟာလေးထပ်ကျောင်း ဓမ္မာရုံ၌ ပူဇော်ပွဲကျင်းပပါသည်။

ထိုပူဇော်ပွဲတွင် ဆရာတော်ကြီးသည် ကသာမြို့သူမြို့သား ဒါယကာဒါယိကာမများအား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးနောက် ပရိသတ်စဲသောအချိန်တွင် ဓမ္မာရုံမှထွက်၍ မန်လည်ဆရာတော် တည်ထားတော်မူခဲ့သော တာဝတီသာမဟာစေတီတော်ကို လှည့်ပတ်ကြည်ညိုရင်း အညောင်းပြေ တစ်ပါးတည်းစင်္ကြံကြွတော်မူပါသည်။

ဆရာတော်ကြီး စင်္ကြံကြွနေစဉ် သာမဏေငယ်တစ်ပါးသည် ဆရာတော်ကြီးစင်္ကြံကြွရာသို့ ပြေးလာပြီး 'ဦးပဥ္စင်းကြီး ဦးပဥ္စင်းကြီး၊ ဘယ်က ကြွလာတာလဲ?' ဟု ရင်းရင်းနှီးနှီး မေးမြန်းပါသည်။

ဆရာတော်ကြီးက 'အေး အညောင်းပြေ လမ်းလျှောက်တာပေါ့ကွယ်၊ ကိုရင်ကကော ဘယ်ကျောင်းကတုံး'ဟုမေးမြန်းပါသည်။

'တပည့်တော် ဒီကျောင်းကဘုရား၊ ဟောဟို တပည့်တော်တို့ကျောင်းကိုလေ မနေ့က ဘုန်းကြီး အကြီးကြီးတစ်ပါးကြွလာတယ်၊ ပိဋကတ်သုံးပုံဆောင်တဲ့ ဘုန်းကြီးတဲ့။ ဟောဟိုဓမ္မာရုံအုတ်တိုက်ထဲမှာ တရားဟောတယ်။ ဦးပဥ္စင်းကြီး တရားသွားနာပါဦးလား' ဟု ကိုရင်ငယ်က ဆရာတော်ကို တရားနာသွားရန် တိုက်တွန်းနေသည်။

ထိုအခါ ဆရာတော်ကြီးက 'ဟေ-ဟုတ်လား၊ သာဓုကွယ် သာဓု၊ တရားနာသွားရသေးတာပ'ဟု ပြန်လည်မိန့်ကြားတော်မူပါသည်။ ။

အရှင်ဒေဝိန္ဒာဓိပတိ

ဒေဝဒေဝါ၊ ရှိပူဇာတည့်၊ မြတ်စွာကိုယ်စား၊ စေတီ များတို့၊ ရှည်လျားမြင့်ဖန်၊ လျောင်ဒဏ်ကြောင့်၊ ဖောက်ပြန် ပြုန်းတီး၊ ပြိုပျက်စီးသော်၊ ရှစ်ထီးမဂ္ဂင်၊ ဖွင့်စေချင်၍၊ အရှင် ဝိစိတ္တာ၊ တိပိဋ္ဋကဟု၊ ဓရမြိုက်ပျိုး၊ ဘဏ်တိုက်စိုးနှင့်၊ ကျော် ဟိုးပညာ၊ ဆေးဝိဇ္ဇာတည့်၊ ဒေါက်တာသာလှ၊ ရှေ့ဆောင်ပြု၍ ဗုဒ္ဓဘာသာ၊ ဒါယကာတို့ ၊ သဒ္ဓါလုလု၊ အားသစ်မှုကြောင့်၊ သတ္တုကိုယ်စား၊ စေတီများတို့၊ ငွားငွားစွင့်စွင့်၊ ရွှေထီးဖွင့်လျက်၊ ယခင့်ထက်ကြွယ်၊ တင့်စံပယ်ခဲ့-မဲဓာ့ယာဉ်ပျံ။

ချိုပိတ်ပေါင်းတို့၏ အပူဇော်ခံ

ဘိုးတော်ဘုရား၏သားတော် မိုးမိတ်မင်းသားကြီးသည် ခမည်းတော် အလယ်ကျွန်း (နန်းတော်ကျွန်း) ဝယ် ယာယီစံစဉ်က စောင့်ရှောက်နေထိုင်ခဲ့ရာကုန်းမြေတွင် စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါသည်။ ကြင်ရာတော်မင်းကင်းမင်းသမီးကလည်း စက်တော်ရာ၏ တည်ရာ အုတ်ပြာသာဒ်တစ်ဆူတည်ထားပြီး၊ ဝင်းတော်မှူး မင်းတေဇ, မင်းဗလတို့ကလည်း အသီးသီး စေတီတော်များ တည်ထားကြပါသည်။

ကာလရှည်လျားသဖြင့် ထိုစေတီတော်များ တစ်စ တစ်စပျက်စီးကြရာ လူအများ၏ပူဇော်မှုကို မခံရတော့ဘဲ ချုံနွယ်ပိတ်ပေါင်းတို့၏ ဝိုင်းအုံပူဇော်မှုကိုသာ ခံနေကြရပါတော့သည်။ ၁၉၅၆ (၁၃၁၈)-ခုနှစ်၊ စစ်ကိုင်း လျောင်ဒဏ်ချက်ကြောင့် ချွတ်ယွင်းပျက်စီးနေရာမှပြိုကျ၍ အုတ်ပုံ အုတ်ဆွေး ဘဝသို့ ရောက်နေရပါတော့သည်။ လူတို့၏ ပူဇော်ခံရမှုမှ ပိုမိုဝေးသွား၍ ချုံနွယ်တို့၏တိုး၍တိုး၍ ပူဇော်မှုကိုသာ ခံနေရကြပါတော့သည်။

မင်းကွန်းကုန်းမြေမှ

သမီးတို့၏ အမျှဝေသံ

ရတနာမာန်အောင်ထေရ်

ပန်းချီ မောင်ကျော်တင်

လောကခံ အလှည့်အပြောင်း

၁၃၂၁-ခုနှစ်တွင် ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋက-ဓရဆရာတော်ကြီးနှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးသာလှတို့ ဦးဆောင်ပြုပြင်ရာ ၁၃၂၂-ခုနှစ်တွင် ထီးတော်တင်ပွဲ ဆင်နွှဲနိုင်ခဲ့ပါသည်။ ၁၃၂၃-ခုနှစ်တွင်မှ စနစ်တကျဂေါပကအဖွဲ့ကို ဖွဲ့စည်းပြီး အရံစေတီတော်များကိုပါ ဆက်လက်ပြင်ဆင်ကာ ဗုဒ္ဓပူဇနိယဘုရားပူဇော်ပွဲကြီးကိုပါ စတင်ကျင်းပနိုင်ခဲ့ပါသည်။ ၁၃၄၀-ပြည့်နှစ်တွင် တိပိဋက=နိကာယ ကျောင်းတိုက်ကြီးကိုပါ တည်ထောင်၍ သာသနာပြုလုပ်ငန်းကြီးကိုပါ တိုးချဲ့ခဲ့ရာ ယခုအခါတွင် ‘ဝတီသာ-လော နိမ္မာလော’ ဟု ပြောရမတတ် အဆောက်အအုံတို့ဖြင့် ပြည့်ကြပ်စည်ကားလျက်ရှိပါသည်။ လူတို့က တိုး၍တိုး၍ ပူဇော်လာရာ ချုံပိတ်ပေါင်းတို့ ပူဇော်မှုမရကြတော့ပါ၊ လောကခံ၏ အလှည့်အပြောင်းကား ဘုရားပင်မကင်း စကောင်းပါတကား။

ငွေရတုပူဇော်ပွဲ

၁၃၂၃-ခုနှစ်မှ စတင်ပူဇော်ခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်သည် ၁၃၄၇-ခုနှစ်တွင် ၂၅-ကြိမ်မြောက် ငွေရတုခေတ်သို့ ရောက်ခဲ့၍ ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ အကြီးအကျယ် ဆင်နွှဲကြပါသည်။ ဗုဒ္ဓမြတ်စွာ၏ ပါရမီတော် ဖြည့်ဆည်းပူးခဲ့ရာ ငါးရာ့ငါးဆယ်ဇာတ်တော်ကို ကြည်ညိုအားကျအတုယူနိုင်ရန် ပင့်သံဃာ ငါးရာ့ငါးဆယ်ကျော်တို့အား ဒွိစုံသင်္ကန်းစသည်များကို လှူဒါန်းကြပါသည်။ သာသနာတော်နှစ် ၂၅၂၉-နှစ်ကို ရည်မှန်း၍ သီလရှင် ၂၅၀၀-ကျော်တို့အား ဝတ်စုံများကို လှူဒါန်းကြပါသည်။

၁၃၄၇-ခုနှစ်၊ တော်သလင်းလပြည့်နေ့ နေ့ခင်းဖက်တွင် ခြိမ့်ခြိမ့်သဲသဲဆင်နွှဲသည့် ဗုဒ္ဓပူဇနိယပွဲတော်ကို မြင်ကြရ၍ သဒ္ဓါစိတ်များတက်ကြွရသလို ညဖက်တွင် အေးအေးချမ်းချမ်းဆင်ယင်သည့် ငွေရတု ဆွမ်းရေစက်ချပွဲကလေးကို တွေ့မြင်ရ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြည်နူးရပြန်ပါသည်။

တိပိဋကဓရဆရာတော်ကြီးကား နေ့ဖက်တွင် တစ်နေကုန် တစ်နေ့ခန်းပင်ပန်းရမှုကို အလေးမပြုဘဲ ညဖက်တွင် ဆွမ်းအလှူရှင် ရမည်းသင်းရွှေလမင်းအဖွဲ့သား ညီမတော်များအား စိတ်ပါလက်ပါ တရားဓမ္မများကို ဟောကြားပေးနေပါသည်။ နေ့ဖက်တွင် တစ်နေကုန် တစ်နေခန်း ပင်ပန်းကြ၍ ဓမ္မနာဒတစ်တိုက်လုံး တိတ်ဆိတ်နေပါသည်။ လူနေအိမ်များနှင့် ဝေးခြားသည့်တောရကျောင်းဖြစ်၍ အပြင်မှ ဆူသံညံသံများလုံးဝမကြားရပါ။ ဆရာတော်၏ နှုတ်တော်မှ

သာသနာ့မိခင်ဒေါ်ဒေါ်တင်နှင့် အရှင်သေဋ္ဌိလ၊
အရှင်ကောဏ္ဍညနှင့် ရတနာမာရ်အောင်ဆရာတော်

တစ်လုံးချင်းတစ်လုံးချင်း ထွက်ပေါ်လာသည့် တရားတော်သံရေလျဉ်ကြော၌သာ အားလုံးမျောပါကာ ဆိတ်ငြိမ်စွာ နာယူနေကြပါသည်။

ထိုအချိန် သာသနာ့မိခင်ကြီးရွှေလမင်းဒေါ်ဒေါ်တင်လှူခဲ့သော လေယပ်ကြီးကလည်း အထက်မှ အသာအယာ လှုပ်ရှားလျက် အအေးဓာတ်ပေးနေပါသည်။ ဆရာတော်၏ တရားဓမ္မကြောင့် စိတ်ဓာတ်များ အေးချမ်းသကဲ့သို့ မိခင်ကြီး၏ လေယပ်ကြောင့် ရုပ်ဓာတ်များလည်း အေးချမ်းနေပါသည်။ ဆရာတော်ဘုရားနှင့် မိခင်ကြီးတို့မှာ ရွှေလမင်းအဖွဲ့သားများအား ယခုတိုင် အအေးဓာတ်ကို ပေးနေတုန်းပါကလားဟု စိတ်ကူးရင်း အတိတ်ကအရိပ်များသည် စာရေးသူ၏ စိတ်တွင် တလိပ်လိပ်ဝင်လာပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် သင်္ဂါယနာတင်ချိန်က ရန်ကုန်-မန္တလေးမီးရထားများ ပျဉ်းမနားဘူတာမှာ ညဉ့်အိပ်ကြရသည်။ ခရီးသွားရင်း ညတရားပွဲတရားဟောကြွဖို့သင်္ကန်းရုံနေသော တိပိဋကဓရဆရာတော်၏ တွဲပေါ်သို့ အသက်ခြောက်ဆယ်ကျော်လောက်ရှိသည့် ဥပါသိကာမကြီးတစ်ယောက်တက်၍ ရှိခိုးဝတ်ချလိုက်လျှင် တိပိဋကဓရဆရာတော်က ‘ဒကာမကြီး ရမည်းသင်းက ရွှေလမင်း ဒေါ်တင် မဟုတ်လား’ ဟု စတင်မေးလိုက်ပါသည်။

ဒကာမကြီးက ‘မှန်လှပါဘုရား’ ဟု လျှောက်ထားလျှင် ‘ဒကာမကြီး စိတ်ချချနေ၊ ဒကာမကြီး ပင့်စာရပါတယ်’ ဟု အမိန့်ရှိလေသည်။ ထိုအချိန်မှစ၍ တိပိဋကဓရဆရာတော်ဘုရားနှင့် ရမည်းသင်းရွှေလမင်းဒေါ်တင်တို့ ဆက်သွယ်မိကြပါသည်။

သား-အမိစိတ်

ဒကာမကြီးကလည်း ဆရာတော်ကြီးအား သားအရင်းကဲ့သို့ သဘောထားသည်။ ဆရာတော်ကလည်း မိခင်အရင်းကဲ့သို့ သဘောထားသည်။ ဒကာမကြီးမှာ မန္တလေးသူဖြစ်သော်လည်း ငှက်လေ့စီးရမှာကြောက်၍ မင်းကွန်းဘက်သို့ မရောက်ဘူးချေ။ ယခုမူ ငှက်လှေမကြောက် မင်းကွန်းဘက်သို့ အခေါက်ခေါက်ရောက်သည်မှာ မိခင်စိတ်ကြောင့်ဖြစ်ပါသည်။ ဆရာတော်ကလည်း သားအရင်းကဲ့သို့ စိတ်ရောက်လျက်ရှိပါသည်။

ဆရာကြီး ဒေါ်ဓမ္မစာရီ ရှိစဉ်က 'အရှင်ဘုရား ရမည်းသင်း ရွှေလမင်းဒေါ်တင်ကို ဘဝဟောင်းက မိခင်ဖြစ်ဖူးတယ်လို့ ဘယ်လို အထောက်အထားဖြင့် သိပါသလဲ' ဟု လျှောက်ထားဖူးသည်။ ရမည်းသင်းမြို့မှာ မဟုတ်ဘဲ ပျဉ်းမနားမြို့မှာ မြင်လျှင်မြင်ချင်း 'ရွှေလမင်းဒေါ်တင်ပဲလို့ သိပြီးဖြစ်သည့်ပြင် မိခင်တစ်ယောက်အနေ စိတ်ရောက်နေတယ်"ဟု ဆရာတော်က ပြန်ပြောကြားဖူးပါသည်။

ဆွမ်းကျွေးပွဲ

၁၃၂၃-ခုနှစ်တွင် မိုးမိတ်ဘုရားပွဲတော်ကို စတင်ကျင်းပပါသည်။ ပွဲတော်ကျင်းပရာ မိုးမိတ်ကုန်းမြေမှာ တည်းခိုစရာ နေရာထိုင်ခင်း မရှိသေး၍ ဘုရားပွဲလာ ရပ်ဝေးဧည့်သည်များ ဓမ္မနာဒတိုက်မှာ လာရောက်အိပ်ကြရပါသည်။ အနယ်နယ်မှ ဆန်လှူ သင်းထောက်များလည်း မလွန်ဆန်လှူပွဲအပြီး မိုးမိတ်ဘုရားပွဲတော်ဖက် ဆက်လက်လာရောက်ကြပါသည်။ လူဧည့်သည် ရဟန်းအာဂန္တုများ၏ စားရေးသောက်ရေးကို ဓမ္မနာဒကျောင်းတိုက်က တာဝန်ယူရမည်ဖြစ်ပါသည်။ ကျောင်းတိုက်ရှိ သံဃာတော်များမှာ ချက်ရေးပြုတ်ရေး မကျွမ်းကျင်ရုံမျှမက လူတို့ကို ဧည့်ခံရမည်မှာ မသင့်တော်သလို ဖြစ်နေပါသည်။ ရပ်သူရွာသားများကို ခိုင်းဖို့မှာလည်း စုစည်းမှုအသင့်မရှိ၍ အဆင်ပြေမည်မဟုတ်ပါ။

ထိုအခါ ဆရာတော်က ရမည်းသင်းရွှေလမင်းဒကာမကြီးအား အမိန့်ရှိပါသည်။ 'ဒကာမကြီး တပည့်တပန်းများကိုခေါ်ခဲ့၍ ဘုရားပွဲတော်အတွင်းမှာ ဝေယျာဝစ္စကုသိုလ်ပြုပါ။ ကျောင်းက ဆန်,ဆီစသော ချက်ပြုတ်စရာများထုတ်ပေးပါမည်။ ဧည့်ခံတာဝန်ယူပါ'။ ဒကာမကြီးမှာ မဆွတ်ခင်က ညွှတ်နေသူဖြစ်၍ 'မှန်လှပါဘုရား'ဟု ဝမ်းမြောက်ဝမ်းသာတာဝန်ယူပါသည်။

ဘုရားပွဲအချိန် ရောက်လျှင် ဆန်, ဆီ စသည် အပြည့်အစုံသယ်ယူကာ ဝေယျာဝစ္စကုသိုလ်မျှမက ဒါနကုသိုလ်ကိုပါယူပါသည်။ ရွှေလမင်းအဖွဲ့၏ ဧည့်ဝတ်ကျေပြွန်မှုကို ဘုရားပွဲလာ အနယ်နယ်မှပရိသတ်များက ချီးကျူးကြပါသည်။ အစိမ်းအကျက် ဂုဏ်ရှိဂုဏ်မဲ့မရွေး တပြေးတည်းကျွေးမွေးသည်။ ညဥ့်နက်သန်းခေါင် အချိန်မရွေး ဖော်ရွေစွာဧည့်ခံသည်။ မောရမှန်း ပန်းရမှန်းမသိ ပျော်ရွှင်စွာ သွက်လက်လှုပ်ရှား အလုပ်များနေပုံကို မြင်ရသူတိုင်း ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ကြသည်။

မိုးမိတ်ဘုရားပွဲတော်မတိုင်မီကပင် ဆန်, ဆီ, ပုစွန်ခြောက် စသည် စုဆောင်း၍ နှစ်စဉ်မပျက် လာရောက်လှူဒါန်းဧည့်ခံပါသည်။ နောက်ဆုံးကွယ်လွန်သည့် အသက်၉၃-နှစ်အရွယ်အထိ သွားရေး, လာရေး, နေရေး, ထိုင်ရေး, ဆင်းရဲမှုကိုအရေးမစိုက်ဘဲ နှစ်စဉ်မပျက် လာရောက်နိုင်သည်မှာ သာမညစေတနာမဟုတ်ပါ။ တိပိဋကဓရဆရာတော်ကြီး၏ ကံကြောင့်လာရသည်ဟုဆိုသော် သင့်တန်ရာပါသည်။

မိုးမိတ်စေတီတော်၌တင်လှူမည့် စိန်ဖူး၊ ငှက်မြတ်နား စသည်

ကုသိုလ်အမွေခံ

ရွှေလမင်းမိခင်ကြီး အသက် ကိုးဆယ်အရွယ်လောက်မှ စ၍ သမီး ဒေါ်အမ နှစ်စဉ်လိုက်ပါ ကြည့်ရှုစောင့်ရှောက်ပေးပါသည်။ မိခင်ကြီးမရှိသည့်နောက်ပိုင်းတွင် ကုသိုလ်အမွေကို ဆက်ခံယူရန် ဖြစ်ပါသည်။ ၁၃၄၃-ခုနှစ်တွင် မိခင်ကြီး ကွယ်လွန်သွားရာ ဒေါ်အမက မိခင်ကြီး၏ခြေရာလက်ရာမပျက် ကုသိုလ်အမွေကို ဆက်လက်ခံယူပါသည်။ ဓမ္မနာဒဆရာတော်ကြီးနှင့် နာယကဆရာတော်များ၊ သံဃာတော်များက မိမိတို့ကိုယ်စား ယခုလို လာရောက်ဧည့်ခံပေးသည်ကို ကျေးဇူးတင်မဆုံးဖြစ်နေကြသည်။ နှုတ်ကပင်ထုတ်ဟပြောဆိုကြပါသည်။

မွေနာဒဆွမ်းဝေယျာဝစ္စအတွက် တာဝန်ခံ ရွှေလမင်းဆေးလိပ်ခုံအဖွဲ့သူများ

ဆွမ်းရေစက်ချပွဲ

၁၃၄၇-ခုနှစ်၊ တော်သလင်းလပြည့်နေ့၌ကား မိုးမိတ်စေတီတော်ကြီးများ ဘုရားပွဲကြီး ၂၅-နှစ်မြောက် ငွေရတုခေတ်ရောက်ခဲ့သလို ရွှေလမင်းဆွမ်းကျွေးပွဲလည်း ၂၅-နှစ်ပြည့်မြောက် ငွေရတုခေတ်တိုင်ရောက်ခဲ့ပါသည်။နေ့ခင်းဘက်ဘုရားပွဲတော်မှအပြန် ညဦးတွင် တိပိဋကဓရဆရာတော်ဘုရားက ဘောဇနသုတ္တန်တရားတော်ကို မကျဉ်းမကျယ်ရှင်းလင်းပြတ်သားစွာ ဟောကြားပြီး 'မိမိတို့၏ ငါးရက်တာဝေယျာဝစ္စ ဆွမ်းဒါနအကျိုး ဆုမွန်ကောင်း အောင်အောင်မြင်မြင်တောင်းရအောင် လိုက်ဆိုကြ'ဟုတိုက်တွန်း၍ ရေစက်ချပေးပါသည်။

'လွန်ခဲ့သော ၂၅-နှစ်မှအစပြု၍ မွေးသမိခင် ကျေးဇူးရှင်သည် တည်ထောင်အပ်သောဒါနဝတ်ကို ပြုလိုကြသဖြင့် ဤမွေနာဒကျောင်းတိုက်သို့ တစ်ညီတစ်ညွတ် ရောက်လာကြ၍ ဤမိုးမိတ်စေတီတော်ဘုရားပွဲ ငါးရက်တာ အခါဝယ် ဤမွေနာဒသံဃာတော်များအားလည်းကောင်း၊ လာရောက်ကြသော ကလျာဏမိတ်ဧည့်ပရိသတ်အားလည်းကောင်း၊ ငါးရက်တိုင်တိုင် မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်အလှူကြည်ဖြူရွှင်လန်း ဝမ်းပန်းတသာ လှူဒါန်းကြပါကုန်၏' ဟူသော ဆရာတော်ချပေးသည့် ရေစက်ချတရားက ဤဆွမ်းကျွေးပွဲအနေအထားကို ထင်ရှားပေါ်လွင်စေပါသည်။

ဆရာတော်က ကုသိုလ်ပြုကြောင်းစကားများနှင့် ဆုတောင်းအမျှဝေကိုပါ လိုက်ဆိုစေပါသည်။

၁။ အာယုဒါန၊ မြတ်ပုညကြောင့်၊
ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊
နှစ်ဖြာဇီဝ၊ ကောင်းကျိုးရ၍၊
ဘဝသံသရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ်တိုင်လိုသောဝ်။

၂။ ဝဏ္ဏဒါန၊ မြတ်ပုညကြောင့်၊
ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊
နှစ်ဖြာဝဏ္ဏ၊ ကောင်းကျိုးရ၍၊
ဘဝသံသရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ်တိုင်လိုသောဝ်။

၃။ သုခဒါန၊ မြတ်ပုညကြောင့်၊
ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊
ချမ်းသာနှစ်ဝ၊ ကောင်းကျိုးရ၍၊
ဘဝသံသရာ၊ လျှင်မကြာဘဲ၊ ခေမာအထွတ်တိုင်လိုသောဝ်။

၄။ ဗလဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ နှစ်ဖြာဗလ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊ ခေမာအထွတ်တိုင်လိုသောဝ်။

၅။ ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ ပညာနှစ်ဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊ ခေမာအထွတ်တိုင်လိုသောဝ်။

အမျှဝေ

ဤကုသလ ဖို့ဘာဂကို မိ-ဖ-ဘိုးဘွား အမျိုးထား၍ သုံးပါးဘုံသူ ဟိန္ဒဂူအား ရည်တူရရန် ပတ္တိဒါန်ဖြင့် မကျန်စေရ ပေးဝေငှ၏။ မိ-ဖ-ဘိုးဘွား အမျိုးထား၍ များပြားလှစွာ သတ္တဝါတို့သည် အကျွန်ုပ်တို့နှင့် အညီအမျှ ဤကောင်းမှုအစုရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။ အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့။ သာဓု-သာဓု-သာဓု။

ရွှေလမင်းသာသနာ့မိခင်ကြီးကား မိမိစတင်တည်ထောင်ခဲ့သောဒါနဝတ်ကိုမပျက်စေဘဲ ဆက်လက်အားထုတ်ကြသောသမီးလိမ္မာတို့၏ ငွေရတုခေတ်အမျှဝေသံကို အထက်နတ်ဘုံမှ ဝမ်းပန်းတသာ သာဓုအနုမောဒနာပြုရင်း ရွှေရတု, စိန်ရတု, ရာပြည့် စသည့် ခေတ်အဆက်ဆက် အမျှဝေသံများကိုလည်း စောင့်မျှော်ကြိုဆိုနေမည်သာတည်း။ ။

ရတနာမာရ်အောင်ထေရ်
မေမြို့။

အတုယူကာပြုကျင့်ပါစို့ နှောင်သီတို့

ဒီပစက်ရှင်

ဆောင်းအကုန် နွေအကူး တပေါင်းမာသ ခါသမယမှာ သစ်ပင်ပေါ်က ရော်ရင့်သောရွက်ဟောင်းတို့သည် ကြွေကျ မြေခခဲ့လေပြီတကား။

'ကဆုန်, နယုန် မိုးသားခြုံ' စကားပုံနှင့်အညီ ကဆုန်, နယုန်လတို့၌ သစ်ပင်တိုင်း သစ်ပင်တိုင်း ဖူးပရစ်တို့ဖြင့် ရွက်နုတွေပေါ်ထွက်ခဲ့လေပြီတကား။ အဝိညာဏက တောတောင်သစ်ပင်တို့ကဲ့သို့ သဝိညာဏက သက်ရှိ မင်းကွန်းတိပိဋကဓရကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်က လူဘဝသို့ရောက်လာ ဖွားမြင်သည့်အတွက်တာကြောင့် ယခု ၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်သို့ ရောက်လျှင် သက်တော်နှစ်တစ်ရာပြည့်တော့ပေမည်။

၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်၌ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် တစ်ဘဝတာ ခန္ဓာငြိမ်းသည့်နေ့မှစ၍ရေတွက်လျှင် ၁၃၇၃-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၃-ရက်ရောက်လျှင် ပျံလွန်တော်မူခဲ့သည်မှာ ၁၉-နှစ်ရှိတော့ပေမည်။

ပထမဓမ္မနာဒဆရာတော်ကြီး ဦးပညာစက္က

တောတောင်သစ်ပင်တို့၌ ဖူးပရစ်အစချီ၍ ရွက်နုရွက်သစ်တွေဝေသကဲ့သို့ မင်းကွန်း ဓမ္မနာဒ၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်ကြီးတို့၌လည်း ဝိနယဓရဆောင် - စသောဖူးပရစ်တို့ဖြင့် တိပိဋကဓရတည်းဟူသော ရွက်သစ်များ စိမ်းစိုအုံ့ဆိုင်းလျက်ရှိကြပါပေပြီ။

မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ပထမတိုက်တည်ဆရာတော်ကြီးဘဒ္ဒန္တပညာစက္ကသည် မြင်းခြံမြို့ အမှတ်-၁၄၊ သပြေပင်ရပ်ဇာတိဖြစ်၍ ထိုစဉ်က တိပိဋကဓရစာမေးပွဲ မရှိသောကြောင့် တိပိဋကဓရဘွဲ့တံဆိပ်မရခဲ့သော်လည်း ပိဋကတ်သုံးပုံအားလုံးကို နှုတ်ငုံရသောကြောင့် နေ့စဉ် ဘုရားဝတ်တက်လျှင် ပိဋကတ်သုံးပုံပါဠိတော်များဖြင့် ဘုရားဝတ်တက်ကြောင်းကို တိပိဋကဓရမင်းကွန်းဆရာတော်က အမိန့်ရှိခဲ့သောကြောင့် သိခဲ့ရပေသည်။

'ဘအမျိုး ဘိုးအတူ'ဟူသော စကားကဲ့သို့ ယခုရာပြည့်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည်လည်း မြင်းခြံမြို့၊ သဲဖြူဝ, ကျည်းပင်ရွာဇာတိဖြစ်၍ ဆရာ့အတူ ပိဋကတ်သုံးပုံ နှုတ်ငုံတွတ်တွတ်ရသောကြောင့် မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓသာသနာ့သမိုင်း၌ ပထမဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဖြစ်ခဲ့လေသည်။

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် လူ့ဘဝဇာတိ သဲဖြူဝရွာ၌ တိပိဋကကျောင်းနှင့် ကျောင်းဝင်း, မူလတန်းကျောင်း, တံတားတို့ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ကျည်းပင်ရွာ၌ အဘိဓဇကန့်ကူလက်လှည့်ကျောင်း, ကျောင်းဝင်းနှင့် မူလတန်းကျောင်းတို့ကိုပြင်ဆင်ရန် ပင်မငွေပဒေသာနှင့်တကွ ပညာသံဝတ္တနိက ကုသိုလ်အထူးဆည်းပူးတော်မူခဲ့သည်။ သာသနာ့ဇာတိ မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်း၌ ဓမ္မပါလကျောင်း, သောတုရိပ်သာကျောင်း, တိပိဋကအဘိဓဇဓမ္မာရုံကြီးနှင့် အသီတိသာဝက လက်ဝဲရံ လက်ယာရံ ရှစ်ကျိပ်ပုံတူတော်တို့ကိုထုလုပ်၍ သာသနာ့အပေါ် ယုံကြည်သဒ္ဓါ စေတနာတိုးပွားအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

မင်းကွန်းဓမ္မနာဒတိုက် တတိယမြောက်ဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုစိတ္တသည်လည်း မြင်းခြံမြို့ အမှတ်-၁၄ ညောင်ဝိုင်းရပ်ဇာတိဖြစ်၏။ ညောင်ဝိုင်းရပ်ကွက်အတွင်း ကတ္တရာကျောက်ချောခင်း ကျောက်လမ်းကို လှူတော်မူခဲ့လေသည်။

မင်းကွန်းဓမ္မနာဒတိုက် စတုတ္ထမြောက်ဆရာတော် ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့၊ သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့၊ တိပိဋကဓရ တိပိဋကကောဝိဒ စသောဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည်လည်း မြင်းခြံမြို့ လေးအိမ်တန်းဇာတိဖြစ်ပေသည်။ ရွှေစင်တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည် လူ့ဘဝဇာတိ လေးအိမ်တန်း ကျောင်းကုန်းရွာ၌ မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ နှစ်စဉ် သက်ကြီးပူဇော်ခြင်းများ ပြုလုပ်၍ သာသနာ့ဇာတိ ရွှေညောင်ပင်ကျောင်းတိုက်အတွင်း၌ အဟော အစ္ဆရိ-အလွန်အံ့သြဖွယ် ရှင်အပါး-၁၅၀ ပြုပွဲတစ်ကြိမ်၊ ရှင်အပါး-၃၀၀ ပြုပွဲတစ်ကြိမ်ဟု သာသနာပြုကောင်းမှုတော်များကို ပြုလုပ်တော်မူသည်။

ရွှေစင်တိပိဋကဓရဆရာတော်သည် မန္တလေးမြို့၊ မျက်ပါးရပ်နေ အကယ်ဒမီရွှေသန့်စင်လုပ်ငန်းပိုင်ရှင် ဦးသူတော်+ဒေါ်ခင်စိန်မိသားစုတို့နှင့် ပစ္စယနှင့်ဓမ္မပူးတွဲ၍ ရွှေစင် တိပိဋကကတဝေဒီကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ မြင်းခြံမြို့ အမှတ်-၆ ရပ်ကွက်၊ ဇွဲမာန်ပွဲရုံ ဦးလှမော်+ဒေါ်သီတာမြင့်မိသားစုတို့နှင့်လည်း ပစ္စယနှင့်ဓမ္မ ပူးတွဲလျက် ဇွဲမာန်သိမ်တိုက်ကျောင်းတော်ကို တည်ဆောက်လှူဒါန်းတော်မူပါသည်။

တတိယ
ဓမ္မနာဒဆရာတော်
ဦးသုစိတ္တ

၁၃၇၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၈-ရက်နေ့ ဇွဲမာန် သိမ်တိုက်ကျောင်းရေစက်ချအလှူတော်သို့ ကြွလာစဉ် ရွှေစင်တိပိဋကဓရမင်းကွန်းဆရာတော်က ပထမတိပိဋကဓရ မင်းကွန်းဆရာတော်ကြီး၏ ရာပြည့် အထိမ်းအမှတ်စာစောင်၌ ဆောင်းပါးရေးရန် စာရေးသူအား လျှောက်ထားသော်လည်း ဆရာကြီးဒဂုန်နတ်ရှင်၏ 'ကလောင်တုံးချိန် ခါးကုန်းချိန်' တေးထပ်၌ 'ရွှေကလောင်အသွားတုံးပေါ့ ခါးကုန်းလို့လက်တုန် နားဦးစို့ သက်လုံရယ် ကွယ်မစုံရှယ်ရင့်' အပိုဒ်ကဲ့သို့ လက်များတုန် ကလောင်ဉာဏ်မပွင့်တော့၍ ငြင်းဆန်သောအခါ ထပ်မံရေးသားရန်တိုက်တွန်းသော်လည်း ကျည်းကန်ရှင်ကြီး မေတ္တာစာ၌လာသော 'လောကီချမ်းသာ လူတို့ရွာတွင် ကိုယ်မှာပင်ယား မဖျောက်အားခဲ့၊ နောင်အားခါမှ ဖျောက်ရမည့်ဘက် ယားသည့်ကွက်ကို မှတ်ချက်နှင့်သာ ထားရပါ့ရှင့်' ဆိုသည့်အတိုင်း ကျောင်းတိုက်တွင်းကိစ္စအဝဝကြောင့် မအားလပ်သည့်အတွက် ရေးစီခြင်းမပြုနိုင်ခဲ့ပါ။

၅-၇-၂၀၁၁-ရက်၊ နံနက် ၈-နာရီခွဲအချိန် ရေနံ့သာအရှင်ယောသိတကလည်း မင်းကွန်းဆရာတော်ကြီး၏ ရာပြည့်အထိမ်းအမှတ်ပွဲစာစောင်ကို အနှစ်တစ်ရာကာလတွင် တစ်ကြိမ်တစ်ခါသာ ပြုလုပ်သည့် စာစောင်ဖြစ်၍ ရေးဖြစ်အောင်ရေးပါရန် ဖုန်းဆက်၍ တိုက်တွန်းပြန်ပါသည်။

ယင်းရေနံ့သာအရှင်ယောသိတသည် ကဗျာနှင့် ဂါထာ အလွန်အရေးကောင်းသည်။ ပိဋကတ်စာပေပညာ ပြည့်ဝသော အရှင်ဖြစ်သည့်အတွက် ခေတ်ပေါ်လစီနှင့် အညီ ယခုသီတင်းသုံးရာ တောကျောင်းကိုကျောခိုင်း၍ မြို့ကျောင်း၌ သီတင်းသုံးစေလိုသော စေတနာဆန္ဒကြောင့် မိမိနှင့်နီးစပ်ရာ ဆက်သွယ်ခဲ့သော်လည်း မန္တလေးမြို့၊ ဘုရားကြီးတိုက် ကဗျာနန် ဆရာတော်၏ 'ကံမိုန်လျက် ဉာဏ်မမိုန်၊ တရားကိုယ်တွေး လိုက်တော့ ဟိုရှေးပါရမီထင့်' ဟုဆိုသကဲ့သို့ ဖြစ်ချေခဲ့သည်။

ရေးသားရန်တောင်းပန်သူ ရွှေစင်တိပိဋကဓရဆရာတော်၊ ရေနံ့သာအရှင်ယောသိတတို့နှစ်ပါး၏ တိုက်တွန်းချက်ကိုငဲ့ကွက်၍ ကလောင်တုံး ခါးကုန်း လက်တုန်သော်လည်း 'အတုယူကာ ပြုကျင့်ကြပါစို့ နောင်ညီတို့' ဟူသောစာတမ်းဖြင့် ကျေးဇူးတော်အဝဝကို တုံ့ဆပ်အပ်ပါသတည်း။ ။

သတ္တဝါတွေ ချမ်းသာကြပါစေ။

ဒီပစက်ရှင်
မြင်းခြံမြို့။

သင်္ဂဟဆရာတော်နှင့် ဘယ်သူတူပါသလဲ

အရှင်သီရိန္ဒာစာရ (မြင်းခြံ)

မဟူစကြာသုံးဆယ်ပေးဆရာတော်ကြီး၊
ရေဦးဆရာတော်ကြီးတို့အနီး၌
မင်းကွန်းဆရာတော်ကြီးအား ဖူးမြင်ရပုံ

မင်းကွန်းပြော့ပြ အစည

မြန်မာသက္ကရာဇ် ၁၃၃၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော်တွင် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးသည် ဧရာဝတီတိုင်းအတွင်းသို့ တရားဟောလှည့်လည်ရာမှ မြောင်းမြမြို့သို့ ရောက်လာပါ၏။ ထိုခရီးစဉ်သည် ဆရာတော်ကြီးအဖို့ တိပိဋကဓရဘွဲ့ရပြီးနောက် ပထမဆုံးခရီးစဉ်ဖြစ်နိုင်ပါ၏။ မြောင်းမြမြို့မှ မြို့သူမြို့သား သူတော်စင်များတို့သည် အသံကိုသာကြားဖူး၍ ရုပ်အဆင်းကိုမမြင်ရဖူးသေးသော တိပိဋကဓရဆရာတော်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြ၏။ ကြိုဆိုပွဲအခမ်းအနားကား ကြီးမားလှ၏။ နတ်ဝတ်တန်ဆာဝတ်ဆင်ထားသူက ဆရာတော်ကြီးကို ရှေ့မှလမ်းပြကာ ပင့်ဆောင်သွားပါ၏။ ဝတ်ရွတ်အသင်းများကလည်း ဆရာတော်ကြီး၏ ဂုဏ်ရည်ဘွဲ့တို့ကို တစ်လှည့်စီသံပြိုင်ရွတ်ဆို၍ ပူဇော်ကြ၏။ ပင့်ဆောင်ရေးအဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်သူ ဦးလှရှိန်က ဆရာတော်၏ ဗုဒ္ဓဝင်ကျမ်းကြီးသည် ပြဟ္မာမင်းကြီးများ လူ့ပြည်သို့ဆင်း၍ ရေးသားကြသလားဟု ထင်ရပါကြောင်း ကဗျာရေး၍ ဝတ်အသင်းတို့ကိုရွတ်ဆိုစေ၏။ ထိုကဗျာအဖွဲ့ အဆိုကို ဆရာတော်ကြီး၏ နောက်ပါ ရဟန်းတော်များမှ ကြိုက်နှစ်သက်ကြသဖြင့် အသံဖမ်းယူသွားကြ၏။ မင်းကွန်းဆရာတော်ကြီးသည် မြောင်းမြမြို့ ကမ်းနားလမ်း ခါတော်မှီ ကျောင်း၌တည်းခို၍ တရားဟောတော်မူပါ၏။ တရားပွဲကို နှစ်ညကျင်းပ၏။ ပထမညတွင် သုတ္တနိပါတ်ပါဠိတော်လာ ဗာဟိယသုတ္တန်ကို ဟောတော်မူ၏။ တရားပွဲကျင်းပရာ မီးသတ်ဌာနရှေ့ ကွင်းပြင်တစ်ခုလုံး လူပရိသတ်အပြည့်ရှိ၏။ ဆရာတော်ကြီးသည် တရားပွဲပထမပိုင်းပြီးဆုံး၍ နားချိန်တွင် ခါတော်မှီတည်းကျောင်းသို့အသွား ရဟန်းသံဃာတော်တို့ အများအပြား လာရောက်တရားနာသည်ကိုတွေ့မြင် သွား၏။ ထို့ကြောင့် တရားပွဲဒုတိယပိုင်း ပြန်စသောအခါ ရဟန်းတော်များအတွက် သီးသန့်တရားကွက်များကို ထည့်သွင်း၍ဟောသွားပါ၏။

သီးသန့်တရားကွက်များ ဟောကြားသွားခြင်းဆိုသည်မှာ အဋ္ဌကထာပါဠိ၌လာရှိသော ဟိ,စ,ပန,အပိ,ဧဝ- ဟူသော နိပါတ်ပုဒ်ကလေးများကို စာချသလိုတစ်ခုချင်း ရှင်းပြသွား၏။ ဥပမာအားဖြင့် ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗ, နိဝတ္တေတဗ္ဗ,အနုညာတဗ္ဗ-တို့ကိုရှင်းပြသွားပါ၏။ မြတ်စွာဘုရား ဆွမ်းခံကြွသောအခါ ဆွမ်းခံပုဂ္ဂိုလ်တို့၏ ဆင်းရဲရောက်ရပုံကို 'အိုးတိုလက်စွဲ၊ ဖုန်းစားနဲ့သို့၊ ရှင်မွဲရောက်ချောက်၊ အိမ်စဉ်လျှောက်သား'-အစရှိသော ဝိသုဒ္ဓါရုံကဗျာတို့ကိုရွတ်ဆို၍ ရှင်းပြတော်မူ၏။ ထိုကဗျာတို့ကိုလည်း ရဟန်းတော်များအနေဖြင့် ကျက်ထားသင့်ကြောင်း တိုက်တွန်းစကားပြောကြားသွားပါ၏။

မင်းကွန်းဟောပြ နောက်တစ်ည

ဆရာတော်ကြီးသည် ဒုတိယညတရားပွဲ၌ သုတ္တနိပါတ် ပါဠိတော်လာ အာဠာဝကသုတ္တန်ကြီးကို ဟောကြားတော်မူ၏။ ထိုသုတ္တန်ကြီးကို ဟောကြားသည့်ညက အစပထမပိုင်း၌ မင်းကွန်းမှာ ဆေးပေးခန်းဖွင့်ထားပုံကို ထည့်သွင်းဟောကြားသွား၏။ မင်းကွန်းအရိယမဂ္ဂင်ဆရာတော်ကြီးက အရင်ဆုံးအလှူငွေထည့်ဝင်ပုံကို ပြောပြပါ၏။

ဆရာတော်ကြီးသည် ပထမပိုင်းပြီးဆုံး၍ တရားပွဲနားချိန်တွင် ပရိသတ်တို့ကို အဖူးအမြော်ခံရင်း ဆေးပေါ့လိပ်ကို ဖွာတော်မူ၏။ ဒုတိယပိုင်း တရားပွဲပြန်စသောအခါ အာဠာဝကဘီလူးကြီး၏ လက်နက်ကိုးပါးဖြင့်တိုက်ခိုက်ပုံ၊ အာဠာဝကအမေး ဘုရားအဖြေတရားစကားတို့ကို အားရပါးရဟောတော်မူ၏။ တရားစတင်ဟောစဉ်က တင်ပလ္လင်ခွေထိုင်နေရာမှ တဖြည်းဖြည်းပုဆစ်တုပ်၍ တရားပွဲသိမ်းတဲ့အထိဟောကြားသွား၏။

အာဠာဝကဘီလူးကြီး၏ စစ်တိုက်ပုံအခန်းမှာ 'ဘီလူးကြီးကလည်း လက်နက်ကိုးပါးနဲ့ သန်းခေါင်ယံမှာတိုက်ခိုက်တယ်၊ ဘုန်းကြီးတရားပွဲမှာလည်း သန်းခေါင်ယံမှာ လက်နက်ကိုးပါးနဲ့ တိုက်ကောင်းတုန်းရှိသေးတယ်'ဟု ထည့်သွင်းဟောကြားသွားပါ၏။

ဆရာတော်များပြောစကား

တိပိဋကဓရမင်းကွန်းဆရာတော်ကြီးသည် မြောင်းမြမြို့သို့ရောက်သည့်နောက်နေ့ နံနက်ပိုင်းတွင် မြောင်းမြမြို့ပေါ်ရှိ ကျောင်းတိုက်များသို့ သွားရောက်ခဲ့ပါ၏။ ထိုနေ့နံနက် (၈)နာရီလောက်က တိပိဋကဓရဆရာတော်နှင့် နောက်ပါရဟန်းတော်များသည် ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်သို့လည်း ကြွရောက်လာပါ၏။ ဝေဠုဝတီဆရာတော်ကြီးကို ဖူးမြော်ကန်တော့ကြ၏။ ဝေဠုဝတီဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားကိုဆိုတော်မူပါ၏။ ဆရာတော်ကြီးနှစ်ပါးတို့တွေ့ဆုံစဉ်က ပြောကြဆိုကြပုံကို အမှတ်ရသမျှတင်ပြလိုပါ၏။ မင်းကွန်းဆရာတော်ကမေး၍ ဝေဠုဝတီဆရာတော်ကဖြေဆိုပါ၏။

မင်းကွန်းဆရာတော် - ဝေဠုဝတီဆရာတော်၊ သက်တော်, ဝါတော်ဘယ်လောက်ရှိပါပြီလဲဘုရား။

ဝေဠုဝတီဆရာတော်-တပည့်တော်က ၁၂၆၀-ပြည့်နှစ်ဖွား၊ အသက် ၇၅-နှစ်ထဲရောက်နေပါပြီ။ ၁၂၇၉-ခုနှစ်က ရဟန်းဖြစ်တော့ ရဟန်းဝါက ၅၆-ဝါရပါပြီဘုရား။

မင်းကွန်းဆရာတော်-ဆရာတော်များဇာတိကဘယ်အရပ်ကပါလဲဘုရား။ ဘယ်မြို့ဘယ်ရွာ ဘယ်ဆရာများအထံမှာ စာသင်ခဲ့ပါသလဲဘုရား။

ဝေဠုဝတီဆရာတော် - တပည့်တော်များဇာတိက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ နန်းဦးရွာပါဘုရား။ ရှေးခေတ်ကတော့ ပခန်းအရှေ့ဘက်မှာပါပါတယ်။ အဲဒီနန်းဦးရွာမင်းကျောင်းမှာ ရဟန်းဖြစ်ခဲ့ပါတယ်။ မင်းကျောင်းဆရာတော်အထံမှာ ရဟန်းသုံးဝါအထိစာသင်ခဲ့ပါတယ်။ ရဟန်းသုံးဝါအရမှာ ပခုက္ကူအရှေ့တိုက်ဆရာတော်အထံသို့ ရောက်ပါတယ်။ တပည့်တော်တို့ ပခုက္ကူရောက်စက အရှေ့တိုက်က တည်ထောင်ကာစ လမ်းဘေးမှာပဲရှိပါသေးတယ်။ ဆရာတော်ကြီးအထံမှာ စာသင်စာချနဲ့ ခြောက်ဝါလောက်ကြာခဲ့ပါတယ် ဘုရား။ အဲဒီကမှ မန္တလေးသို့ရောက်ပါတယ်။

မင်းကွန်းဆရာတော် - တပည့်တော်တို့လည်း ပခုက္ကူ စာသင်နည်းကို နှစ်သက်အားရ သဘောကျပါတယ်။ တပည့်တော်ရဲ့တပည့်များကိုလည်း စာမေးပွဲပြီးပါက ပခုက္ကူသို့ စာဝါကြီးဖောက်လွှတ်ပါတယ်ဘုရား။

ဝေဠုဝတီဆရာတော် - ကောင်းပါတယ်။ ပခုက္ကူရောက်မှ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို အစုံတက်ခွင့်ရပါတယ်။ ပခုက္ကူမှာလည်း နိကာယ်ငါးရပ်ပို့ချတယ်ဆိုပေမယ့် တပည့်တော်တို့ခေတ်ရောက်တော့ အကုန်ပို့ချတာမရှိတော့ ပါ။ ခုဒ္ဒကနိကာယ်ထဲက တချို့သောကျမ်းစာများကို မပို့ချတော့ပါ။ မန္တလေးမှာလည်း တပည့်တော်တို့ရောက်

တော့ ဆရာတော်ကြီးတွေ ကြိုတင်စာကြည့်ပြီးပို့ချတာ နည်းသွားပါပြီ။ စာချချိန်ရောက်မှ စာအုပ်ကြည့်ပြီး ပို့ချလိုက်တာက များတယ်။ ဗန်းမော်ဆရာတော်ဆို ဆန်းစာဝါကို လယ်ထဲက တက်လာပြီးပို့ချတာ။ ပိုင်နိုင်တာလည်း ပါတာပေါ့ဘုရား။

ညောင်လွန့်တောကျောင်း အနေကောင်း

မင်းကွန်းဆရာတော် - ဆရာတော်များ ဘယ်အသက်အရွယ် ဘယ်လိုအကြောင်းနဲ့တွေ့လို့ တရားအားထုတ်ဖြစ်တာပါလဲဘုရား။

ဝေဠုဝတီဆရာတော် - တပည့်တော်များ ၃၃-နှစ် အရွယ်, ၃၃-ဝါက တရားအားထုတ်ခဲ့ပါတယ်။ ဒီလိုအားထုတ်ဖြစ်တာလည်း သံဝေဂကြောင့်လို့ပြောရမယ်။ တစ်ခါက တပည့်တော် မန္တလေးမြို့အရှေ့ပြင်က ဘုန်းကြီးပျံပွဲသို့ သွားဖူးတယ်။ အဲဒီဘုန်းကြီးပျံပွဲမှာ ဘုန်းကြီးတွေဟာ ဒကာမတွေနဲ့ လေသေနတ်ပစ်ကစားနေကြတာကို တွေ့ရတယ်။ တပည့်တော်မှာ သံဝေဂဖြစ်မိတယ်။ သာသနာတော်ဟာ မကောင်းတော့ပါလား၊ ငါတော့ လူထွက်ရင်ထွက် လူမထွက်ရင် တောထွက်။ တစ်ခုခုကိုတော့ လုပ်မှဖြစ်တော့မယ်လို့။ လူတော့မထွက်ဘူး၊ တောထွက်တော့မယ်လို့ ဆုံးဖြတ်ပြီး ညောင်လွန့်တောရဆရာတော်အထံသို့ ရောက်သွားတာဖြစ်တယ်။ ညောင်လွန့်တောရသို့ရောက်တဲ့အခါမှာ တပည့်တော် အမြင်တွေပြောင်းသွားတယ်။ တကယ်တော့ သာသနာက မကောင်းတာမဟုတ်ဘူး လူက မကောင်းတာ။ ညောင်လွန့် တောရလိုဒီနေရာမျိုးမှာ သာသနာဟာတကယ်ကောင်းပါက လားလို့ သိလာတယ်။ တကယ့်ကို သာသနာမှာ ညောင်လွန့်တောရဟာ အနေအထိုင်ကောင်းပါတယ်။ ညောင်လွန့်ဆရာတော်ဆိုရင် အများနှင့်မဆန့်ကျင်အောင် နေထိုင်တော်မူတယ်။ ကော်ဇော အခင်းကြမ်းပြင်ထိမှ အပ်တယ်လို့အယူရှိတဲ့ပုဂ္ဂိုလ်လာလည်း ကြမ်းပြင်ထိအောင်ခင်းပေးလိုက်ကြနဲ့ ခိုင်းတယ်။ ဂိုဏ်းဂဏမတူတဲ့ပုဂ္ဂိုလ်နဲ့ပေါင်းရတဲ့နေရာမှာလည်း သင့်တင့်အောင်ပေါင်းကြ၊ ကြာရှည်အတူနေကြရတာ မဟုတ်ဘူး၊ သူ့ဝါဒကိုလည်း ကိုယ်နှစ်သက်တာ, ကြိုက်တာ မဟုတ်ဘူး။ ဆန့်ကျင်ဘက်မပြုကြနဲ့လို့ ဩဝါဒပေးတော်မူပါတယ်။

နှိမ့်ချနေတာသင်္ဂဇာ

မင်းကွန်းဆရာတော်-တပည့်တော်များလည်း အနယ် နယ်အရပ်ရပ်သို့ တရားဟောလှည့်လည်နေရတော့ ပုဂ္ဂိုလ်အမျိုးမျိုးနှင့် တွေ့ရပါတယ်။ သူတို့နှင့် ဆန့်ကျင်ဘက် မဖြစ်အောင် နေရပါတယ်၊ ဟောရ, ပြောရပါတယ်ဘုရား။

ဝေဠုဝတီဆရာတော် - ကိုယ်တော်က သင်္ဂဇာလိုပုဂ္ဂိုလ်ပဲ၊ အမြဲတမ်းနှိမ့်ချနေတတ်တာကိုး။ သင်္ဂဇာဆရာတော်ဟာ မင်းဆရာဖြစ်ပေမယ့် စကားပြောဆိုတဲ့နေရာမှာ အမြဲတမ်းနှိမ့်ချပြောဆိုတတ်တယ်။ သင်္ဂဇာဆရာတော်နှိမ့်ချပြောဆိုတတ်ပုံကလေးပြောရဦးမယ်။ တစ်နေ့သဥ္စ် သုဓမ္မာဇရပ်အစည်းအဝေးသို့ သင်္ဂဇာဆရာတော် နောက်ကျမှ ရောက်လာလို့ နောက်ကျနေရခြင်းအကြောင်းကို ရဟန်းတော်များက မေးကြတယ်။

သင်္ဂဇာဆရာတော်၊ ဘယ်ကြွနေလို့ နောက်ကျရပါသလဲ။

တောင်ပြင်ဘုရားကြီးတိုက်ဆရာတော်ထံသွားနေလို့ပါဘုရားတဲ့။

ဘုရားကြီးတိုက်ဆရာတော်နဲ့ တစ်စုံတစ်ခု ဆွေးနွေးမှု ပြုခဲ့ပါသလားဘုရား။

ပြုခဲ့ပါတယ်။

ဘယ်သူကနိုင်ပါသလဲ။

လက်ပံတောကျက်စားနေကျ သစ်တောက်ငှက်ဟာ ရှားတောကျ နှုတ်သီးကျိုးရသလို တပည့်တော်လည်း ဘုရားကြီးဆရာတော်နဲ့တွေ့မှ နှုတ်သီးကျိုးလာရပါတယ်ဘုရား။

သင်္ဂဇာဆရာတော်ဟာ အဲဒီလိုမာန်မာနကို နှိမ့်ချတော်မူတယ်။ တိပိဋကဓရဆရာတော်လည်း မာန်မာနကို နှိမ့်ချတော်မူလို့ သင်္ဂဇာဆရာတော်နှင့်တူတယ်လို့ တပည့်တော်ပြောဆိုခြင်း ဖြစ်ပါတယ်။

သင်္ဂဇာဆရာတွေ့ပြီဗျာ

မင်းကွန်းဆရာတော် - ဝေဠုဝတီဆရာတော်များ အခု ဒီမှာဘယ်ဂိုဏ်းဝင်များဖြစ်ကြပါသလဲဘုရား။

ဝေဠုဝတီဆရာတော် - တပည့်တော်တို့က ရှင်ရေဝတ ဂိုဏ်းဝင်တွေဖြစ်ကြပါတယ်ဘုရား။

မင်းကွန်းဆရာတော် - ဘယ်လိုရှင်ရေဝတဂိုဏ်းဝင်ပါလဲဘုရား။

ဝေဠုဝတီဆရာတော်-ခဒိရဝနိယလေ။

မင်းကွန်းဆရာတော် - မှန်ပါဘုရား။ တပည့်တော်တို့လည်း အခုမှ ဒုတိယသင်္ဂဇာဆရာတော်နှင့် တွေ့ရပါတယ်။ ဆရာတော်ဟာ ဒုတိယသင်္ဂဇာဆရာတော်ပါဘုရား။

ဝေဠုဝတီဆရာတော်-တပည့်တော်က သင်္ဂဇာဆရာတော်မဟုတ်ပါဘူး၊ သဲအင်းပါ။ တပည့်တော်တို့က စာပြော သဲအင်းဆိုတဲ့ သဲအင်းသာသနာပိုင်ကြီးရဲ့ အဆက်အနွယ်တွေဖြစ်ကြပါတယ်ဘုရား။

ဂုဏ်ကိုရှုတတ် သူတော်မြတ်

ဤသို့ဆရာတော်ကြီးနှစ်ပါးတို့သည် နှစ်သက်ဖွယ်ရာ အောက်မေ့အမှတ်ရဖွယ်ရာစကားတို့ကိုပြောဆိုကြ၍ မင်းကွန်းဆရာတော်ကြီးတို့ ပြန်ကြွသွားလေ၏။ လမ်း၌ မင်းကွန်းဆရာတော်က ဤသို့ ဦးလှရှိန်အား ပြောကြား၏။

'သူက ဒီတောထဲမှာလာပြီး ကြီးပွားနေတာကိုး'တဲ့။

ဝေဠုဝတီဆရာတော်ကလည်း တပည့်များအား ဤသို့ ပြောကြား၏။

'သူက မာန်မာနတွေကို အတော်နှိမ့်ချထားတာ၊ သူ့ဂုဏ် သူ့အရှိန်နဲ့ဆို မာန်တက်သင့်တာ၊ မာန်တက်နိုင်တာ၊ မာန်မတက်ဘူး၊ အတော်ရိုသေလေးစား နှိမ့်ချတဲ့ မင်္ဂလာရှိသူပဲ'။

ဝေဠုဝတီဆရာတော်၏ တပည့်ဒါယကာဒါယိကာမများကလည်း အချင်းချင်းပြောဆိုကြ၏။

'တို့ဆရာတော်က တိပိဋကဓရဆရာတော်နဲ့ အတော် စကားပြောနိုင်တာပဲ။ တိပိဋကဓရဆရာတော်နဲ့ တော်တော့ ဘုန်းကြီး စကားမပြောနိုင်ဘူး။ စကားမပြောရဲဘူး'-ဟူ၏။

သင်္ဂဇာအလား တူမရှား

ဆရာတော်ကြီးများပြောကြသောစကားတို့တွင် သင်္ဂဇာဆရာတော်နဲ့တူသောသူ- ဆိုသောစကားနှင့် ပတ်သက်၍ စာရေးသူ အနည်းငယ်ရှင်းပြလိုပါ၏။

သင်္ဂဇာဆရာတော်သည် မာန်မာနကိုနှိမ့်ချထားသူဖြစ်သကဲ့သို့ တိပိဋကဓရမင်းကွန်းဆရာတော်သည်လည်း မာန်မာနကိုနှိမ့်ချထားသူဖြစ်ပါ၏။ ထို့ကြောင့် တိပိဋကဓရမင်းကွန်းဆရာတော်ကို သင်္ဂဇာဆရာတော်နှင့်တူသူဟု ဝေဠုဝတီဆရာတော်က အမိန့်ရှိ၏။ ထိုစကားကို မင်းကွန်းဆရာတော်က မတားမြစ်ပါ၊ လက်ခံပါ၏။

သင်္ဂဇာဆရာတော်သည် ပုံပြော, စကားပြောကောင်း၏။ ဝေဠုဝတီဆရာတော်သည်လည်း ပုံပြော, စကားပြောကောင်းသူဟု မင်းကွန်းဆရာတော် မှတ်ထင်၏။ ထို့ကြောင့် ဝေဠုဝတီဆရာတော်ကို ဒုတိယသင်္ဂဇာဆရာတော်ဟု လျှောက်ထားခြင်းဖြစ်၏။

ထိုစကားကို ဝေဠုဝတီဆရာတော်က ငြင်းဆိုပါ၏။ မြန်မာမင်းလက်ထက်က 'စာတတ်ငါးခုန်၊ စာကုန်မကျည်းတော၊ စာပြောသဲအင်း' ဆိုသောစကားတွင် ပါဝင်သော သဲအင်းဆရာတော်ကြီး၏ အဆက်အနွယ်ဖြစ်၍ စကားပြောကောင်းတာဟု-ပြောဆိုသွား၏။

ထို့ကြောင့် တိပိဋကဓရမင်းကွန်းဆရာတော်နှင့် ဝေဠုဝတီဆရာတော်ကြီးတို့နှစ်ပါးတွင် ဘယ်သူသည် သင်္ဂဇာဆရာတော်နှင့်တူသူဖြစ်သနည်း ဟူသောအမေးကို စာရှုသူတို့ ရွေးချယ်ပေးကြပါ. . . ဟု။

သင်္ဂဇာနှင့်မူ၊ တူသောသူ၊ ဘယ်သူဖြစ်မည်နည်း?။
နှိမ့်ချပြောဆို၊ ဂုဏ်ကပို၊ ပုဂ္ဂိုလ်ဘယ်သူနည်း?။ ။

အရှင်သီရိန္ဒာစာရ(မြင်းခြံ)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ထံတော်သို့

ပေးစာတစ်စောင်

အရှင်ဝိစိတ္တသာရ

(ရေစကြို)

သမိုင်းဆိုသည်မှာ ဟောင်းသွားသည်, နွမ်းသွားသည်, ခေတ်နောက်ကျသွားသည်, ရိုးအီသွားသည်ဟူ၍ မရှိပါ။ ကြာလေကောင်းလေ, ဟောင်းလေသစ်လေပင် ဖြစ်သည်။ ရှေးတုန်းကသမိုင်း, ယခုခေတ်သမိုင်းစသည်ဖြင့် သမိုင်း၏ တန်ဖိုးကို ဆုံးဖြတ်၍မရနိုင်။ မည်သည့်သမိုင်းဖြစ်ဖြစ် သူ့အတိုင်းအတာနှင့်သူ တန်ဖိုးကြီးလှ၏။ အဖိုးတန်လှ၏။

ယခု စာရေးသူတင်ပြမည့် အကြောင်းအရာမှာ အဖိုးသားနားခွဲခြားဆုံးဖြတ်၍မရနိုင်သော၊ တန်ဖိုးဖြတ်၍ မရနိုင်သော ပေးစာတစ်စောင်ပင်ဖြစ်၏။ စာအပေးခံရသော ဆရာတော်ကြီးသည်လည်းကောင်း၊ စာရေးသားပေးပို့ခဲ့သော ဆရာတော်ကြီးသည်လည်းကောင်း၊ ယခုအခါ သက်ရှိထင်ရှားရှိတော်မမူကြတော့ပေ။ ထိုစာမှာ မြန်မာဘာသာ မဟုတ်၊ ပါဠိ ဘာသာဂါထာဖြင့် ရေးသားထားခြင်းဖြစ်၏။

မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်းတွင် ထိုကဲ့သို့တန်ဖိုးရှိလှသော တန်ဖိုးကြီးမားလှသောပေးစာတွေ များစွာရှိ၏။ ပေးစာမှာ အခြားမဟုတ်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးထံတော်သို့ မလှိုင်ကာဗျဝိဒူဆရာတော်ကြီး အရှင်စန္ဒဇောတိက ပေးသော ပေးစာတစ်စောင်ဖြစ်၏။

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်တွင် ပါဠိကျွမ်းကျင်ကြသော ရှေးမထေရ်ကျော်ကြီး များစွာပေါ်ထွန်းလာသကဲ့သို့ စာရေးသူတို့၏ခေတ်တွင်လည်း ပါဠိကျွမ်းကျင်လိမ္မာသော ဆရာတော်များမှာ အများအပြားပင်ပေါ်ထွန်းလာပါ၏။ ထိုအများအပြားထဲတွင် မလှိုင်ကာဗျဝိဒူဆရာတော်ကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်၏။

ကာဗျဝိဒူဆရာတော်မှာ ပါဠိစုဏ္ဏိယခေါ် စကားပြေ နှင့် ပါဠိဂါထာများကို သူမတူအောင် အတုယူနည်းမှီး လောက်အောင် ကျွမ်းကျင်လိမ္မာစွာ ရေးဖွဲ့နိုင်သော မထေရ်မြတ်ကြီး ဖြစ်ပါ၏။ ကာဗျဝိဒူဆိုသည့်အတိုင် ပါဠိဂါထာတို့သာမက မြန်မာဘာသာ ကဗျာအမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုးနှင့် ခံစားမှု ရသအမျိုးမျိုးဖြစ်ပေါ်လာအောင် ရေးစွမ်းနိုင်၏။ သဒ္ဒါကျမ်းကို အထူးနိုင်နင်း၏။ သကျသီဟ စာသင်တန်းကို အသက်အနည်းငယ်ကြီးမှ ဖြေဆို၍ ဖြေဆိုချိန် အသက်ပိုင်းသိပ်မရ၍ မအောင်မြင်ခဲ့ခြင်းဖြစ်၏ အသက်ငယ်ငယ်နှင့် ဖြေဆိုရလျှင် မုချအောင်မြင်နိုင်၏ ရန်ကုန် စေတိယင်္ဂဏစာသင်တန်းကိုမူ အောင်မြင်ခဲ့၏ အစိုးရဓမ္မာ စရိယစာသင်တန်းကို ကျမ်းရင်းသုံးကျမ်းနှင့် တကွ ဂုဏ်ထူးကျမ်းများပါ စုစုပေါင်း ကိုးကျမ်းစလုံ ထူးချွန်စွာ အောင်မြင်ခဲ့၏။

မလှိုင်ဆရာတော်ကြီးသည် တိပိဋကဓရဆရာတော်ကြီး ထံသို့သာ ပါဠိလိုပေးစာရေးခဲ့သည်မဟုတ်သေး။ တိပိဋကဓ ဆရာတော်ကြီး၏မယ်တော် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာ ထံသို့လည်း ပါဠိဂါထာများရေး၍ ချီးမြှောက်တော်မူခဲ့သေး၏ စာရေးရခြင်း၏အကြောင်းမှာ သီလရှင်ဆရာကြီးက မလှိုင် ဆရာတော်အား သင်္ကန်းလပ်ခြုံထည်လှူဒါန်းသည်ကိုအကြောင် ပြု၍ ဂုဏ်ပြုရေးသားတော်မူခြင်းဖြစ်၏။

ထိုကာဗျဝိဒူဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်အသီးသီးတွင် ပါဠိဂါထာများရေး၍ မြန်မာပြန်နှင့်တကွ ဝေဝေဆာဆာရေးသားတော်မူခဲ့၏။ ဆရာတော်ရေးသောစာများကို ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ အနီးစခန်းဆရာတော်က ဖတ်ကြားသည်ကို သင်္ဂါယနာမှတ်တမ်းစာအုပ်များတွင်တွေ့ရပါ၏။

ထိုမျှသာမက ဘုရားထီးတင်ပွဲ, မွေးနေ့ပွဲ, စာအောင်ပွဲ, ရဟန်းခံပွဲ, ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့ကြသော အမြို့မြို့အနယ်နယ်မှ ဆရာတော်များ၏ဈာပနပွဲ အစရှိသည်ဖြင့် ပွဲအမျိုးမျိုးတို့တွင် ဂါထာ, လင်္ကာ, ရတုပိုဒ်စုံ, လေးချိုး, ဒွေးချိုး, ဧကပိုဒ်ရတု, တေးထပ် အစရှိသည့်စာများကို စိတ်ပါလက်ပါ အားရပါးရရေးသား ပေးပို့တော်မူခဲ့ပါ၏။

အင်္ဂလိပ်ဘာသာအရေးအသားလည်း အထူးကျွမ်းကျင် နိုင်နင်းတော်မူသောကြောင့် မလှိုင်ကာဗျဝိဒူဆရာတော်၏ အင်္ဂလိပ်လိုရေးသားခဲ့သောစာအုပ်များက သက်သေပြနေပါ၏။

စာရေးသူသည် ကာဗျဝိဒူဆရာတော်ကြီး၏ တပည့် ရဟန်းတော်တစ်ပါးဖြစ်၏။ ဆရာတော်ထံမှာ ဓမ္မာစရိယစာချ တန်းအတွက် နည်းမျိုးစုံ, ကဗျာလင်္ကာမျိုးစုံ, အင်္ဂလိပ်စာ စသည်တို့ကို သင်ကြားခဲ့ရ၏။ ဆရာတော်ကျန်းမာရေးညံ့လာသောအခါ ထိုမှ ဤမှ တာဝန်ကျ၍ ရေးသားရသော ဂါထာလင်္ကာများကို ဆရာတော်က လမ်းလျှောက်ရင်းပြော စာရေးသူက ပြောသည့်အတိုင်း လိုက်၍ ရေးရပါ၏။ ယခုထိ မမေ့နိုင်ပါ။

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးထံတော်သို့ မလှိုင်ဆရာတော်ကြီးပေးပို့သော ပါဠိဘာသာပေးစာကို တင်ပြလိုက်ပါ၏။

တိပိဋကဓရထေရဿ သန္တိကံ
စန္ဒဇောတိထေရေန ပဟိတာ
ကမ္ဗဝါစာနုယုတ္တသာရဏီယာဂါထာ

၁။ သတ္တတိံသာယ ကဏ္ဍေဟိ၊ သုဝိဘတ္တာ သနိဿယာ။
လဒ္ဓါ ဝိစိတ္တသာရဿ၊ တမ္ဗဝါစာ ဝဋ္ဋိ မယာ။
၂။ ဩလောကေသိ မဟံ တဉ္စိ၊ ဝိစာရေသိ မနေကဒါ။
တေနေဝ မဒ္ဒသံခွါဝိ၊ တဿာ သာရဝတိံ ဂတိံ။
၃။ ပေါရာဏကမ္ဗဝါစာသု၊ အဒိဋ္ဌာနေတ္ထ ဒိဿရေ။
တာနိပိ သဗ္ဗသောပုဏ္ဏာ၊ ဝေသံ ဂဏ္ဍန္တိ နေလကံ။
၄။ တတ္ထာယုတ္တမဒိဿာန၊ မယာ ယုတ္တံဝ ဒဿိတံ။
ဧသာ သုဋ္ဌုတရာဝါသိ၊ ပဏ္ဍာ န ဟေတရာ။
၅။ ယေယေ တယာ ကတံ ယံ ဟိ၊ ကမ္ဗဝါစံ ဝဋ္ဋစ္စရေ။
တေတေ ထေရာ တ မာဂမ္မ၊ ဟေဿန္တိ ဝိနယညုနော။
၆။ ဗျတ္တာပဋိဗလာနဿု၊ ဝိနယေ ယေပိ ဘိက္ခဝေါ။
တေပိ တံဝ ဝဋ္ဋဥန္တာ၊ ဟေဟိန္တိ ဝိနယာ ဓိကာ။
၇။ အညေ ထုတဗ္ဗယုတ္တာပိ၊ ဗဟုကာဝ ပဒိဿရေ။
တေသုပိ ဝုစ္စမာနေသု၊ ကဒါ တံ နိဋ္ဌမာဂမေ။
၈။ ယာ ဝေ တံ သာသနံ ဌာတိ၊ တာဝါယမ္ပိ တယာ ကတာ။
သာသနဿူပကာရာယ၊ တိဋ္ဌတံ ဟိတမာနယံ။
၉။ တဝေဝ ကမ္ဗဝါစာယ၊ ရသံ ဘုတ္တမနပ္ပကံ။
တြာယံ စန္ဒဇောတိဿ၊ မယှံ မတိ ဝိဘာဝနာ။
၁၀။ ပိဋကံ ဓရမာနေန၊ ဝိစိတ္တသာရ ဝိညုနာ။
ဝိစိတ္တမတိယာ ယာပိ၊ ကမ္ဗဝါစာ ဝိသောဓိတာ။
၁၁။ တဿာ ဒါတာ ဟိ အယျာပိ၊ ဓမ္မစာရီ ပရောသတံ။
သတိ မုပဋ္ဌပေန္တိဝ၊ သုခီ ဟောတွ နုပဒ္ဒဝါ။ ။

ကာဗျဝိဒူဆရာတော်၏လက်ရာ စာပေများကို 'ဝိမိဿမဓုရရစနာ'အမည်ဖြင့် ယခုအခါ ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော်အရှင်သဒ္ဓိယဦးဆောင်ပြီး စေတနာရှင်ဒကာဒကာမများတို့က စုပေါင်း၍ ပြန်လည်ပုံနှိပ်ထုတ်ဝေထားကြပါ၏။ ဆရာတော့်လက်ရာ ကျမ်းစာအုပ်များကို ထိုကဲ့သို့ အသစ်ထပ်မံရိုက်နှိပ်ပူဇော်မှုကိုတွေ့ရ၍ ဝမ်းမြောက်စရာ ကျေးဇူးတင်စရာ သာဓုအနုမောဒနာပြုစရာဖြစ်ပါ၏။

မင်းကွန်းတိပိဋကဆရာတော်ကြီး၏ ရာပြည့်ပူဇော်ပွဲကြီးအတွက် ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်လိုက်ပါ၏။ ။

အရှင်ဝိစိတ္တသာရ(ရေစကြို)
သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊
ဘီအေ မြန်မာပါဠိဂုဏ်ထူး။

မင်းကွန်းထေရ်ရှင်မြတ်သခင်နှင့် ဆုံဆည်းခွင့်ရခဲ့သောနေ့ရက်များ

ဆန္ဒတော်ပြည့်ဆရာတော် ဦးနန္ဒိယ

မော်တော်လေးဖြင့် တရားဟောရန်ကြွတော်မူသော
မင်းကွန်းဆရာတော်ကြီး

မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီးက စစ်ကိုင်း မင်းကွန်း မင်းဝံတောင်ရိုးတို့၌ သီတင်းသုံးတော်မူကြသော ရဟန်းသာမဏေ သီလရှင်များတို့အား နှစ်စဉ် ဆွမ်းဆန်တော်များလှူကြရာ အကြောင်းအမျိုးမျိုးကြောင့် ယခင်ကလှူနေကျအတိုင်း မလှူနိုင်တော့ဘဲ ဆွမ်းဆန်အလှူနည်းသွားသည်ကို သိရှိသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မလွန်ဆန်လှူအသင်းကြီး၏လက်အောက်ခံ သင်းထောက်သင်းခွဲများကို ဖွဲ့စည်းပေးတော်မူသည်။ ထိုသို့ဖွဲ့ရာတွင် မိမိ၏ ဓမ္မပူဇာနဝကမ္မဝတ္ထုငွေများဖြင့် အထောက်အပံ့ပေးလျက် ထိုထို မြို့ရွာတို့၌ နေ့မအားညမနား ဆွမ်းဆန်တော်ရေစက်ချတရားပွဲများ ကျင်းပပြုလုပ်ပြီး ဟောကြားလိုက်ရာ မလွန်ဆန်လှူအသင်းကြီးသည် ခါတိုင်းလှူနေကျ ထက် တိုး၍တိုး၍ ဆွမ်းဆန်အလှူရရှိလာပါတော့သည်။

မလွန်ဆန်လှူအသင်းကြီး၏ သင်းထောက်သင်းခွဲများ ဖွဲ့စည်းစဉ် စာရေးသူသည် ဆရာတော်ကြီး နှင့် ပုသိမ်, ရေကြည်, အသုတ်, အိမ်မဲ, ဟင်္သာတ, ကွင်းကောက်, ပန်းတနော်, မင်းလှ, လပွတ္တာ-စသော အရပ်တို့သို့ အတူလိုက်ပါခဲ့ရသည်။ ထိုခရီးစဉ်အတွင်း ဆရာတော်ကြီးသည် သင်္ဘော, မော်တော်,ပဲ့ထောင်,လှေ,ဝေါယာဉ်-အစရှိသော ကြုံရာခရီး ကြုံရာယာဉ်ဖြင့် မညည်းမညူ ကြွရောက်တော်မူပါသည်။

ည ၁၁-နာရီ, ၁၂-နာရီအထိ ညတရားဟောပြီး မော်ကျွန်းဦးသိန်းအောင်၏ မော်တော်ပေါ်၌ပင် ကျိန်းစက်ပါသည်။ နောက်နေ့ နံနက် ၄-နာရီ, ၅-နာရီခန့်တွင် ကြိုပင့်ထားသည့် မြို့ရွာတို့၌ တရားဟောရပြန်ပါသည်။ ခရီးစဉ်မရှိပါဘဲ လမ်းခရီးအကြားမှ လာပင့်လျှင် ပင့်လာသူတို့က ‘တရားမဟောပါနဲ့ဘုရား၊ ခေတ္တအပူဇော်ခံရုံသက်သက်ပါ ဘုရား’ဟု လျှောက်ထားကြသော်လည်း ညတရားဟောကြားသကဲ့သို့ပင် ဆရာတော်ကြီးက တရားဟောရေစက်ချပေးတော်မူပါသည်။

ဤသို့ ကြားဖြတ်တရားပွဲတို့ကြောင့် ခရီးစဉ်နောက်ကျလေရာ ပင့်ထားသည့်မြို့ရွာများမှ သူတော်ကောင်းများ စိတ်ကသိကအောက်ဖြစ်ကြသော်လည်း ဆရာတော်ကြီးကို ဖူးမြင်လိုက်တာနှင့် ဝမ်းသာသွားကြပါသည်။

ဘယ်လောက်ခရီးဆက်ဆက် ဘယ်လောက်အိပ်ရေးပျက်ပျက် ဆရာတော်ကြီး၏မျက်နှာ ညှိုးနွမ်းခြင်း၊ အဆီပြန်ခြင်းများမရှိသည်ကို အမြဲတွေ့နေရပါသည်။ ထိုသို့ဖြစ်ရသည်မှာ ဓမ္မပီတိကြောင့်လည်းကောင်း၊ အစားအသောက် လျှော့စားခြင်းကြောင့်လည်းကောင်း ဖြစ်လိမ့်မည်ဟု စာရေးသူ ယုံကြည်ပါသည်။

* * *

စတ္တာရော ပဉ္စအာလောပေ အဘုတွာ ဥဒကံ ပိဝေ-ဒေသနာအရ လေးလုတ်၊ ငါးလုတ် လျှော့စားပြီး ရေသောက်ရမယ်လို့ ရှေးကလူကြီးများက ဆုံးမကြတယ်။

စတ္တာရော ပဉ္စအာလောပေ အဘုတွာ ဥဒကံပိဝေ

အလံ ပဟိတဿ ယုတ္တယောဂဿ ဘိက္ခုနော-နိဗ္ဗာန်စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်အားထုတ်သောရဟန်းအား လေး၊ငါးလုတ်သာစားပြီး ရေသောက်တရားအားထုတ်လျှင် သင့်တော်လောက်ပြီ-ဆိုတဲ့ အနုဋ္ဌိကာဝါဒကို ဆရာတော်ကြီးက ပို၍နှစ်သက်ပါသည်။

ပသေနဒီကောသလမင်းကြီးအကြောင်း ပြောပြ၍ အစားအသောက်လျှော့စားလျှင် မျက်စိ၊နား ဖြည်းဖြည်းမှုန်ကြောင်း၊ ပေါ့ပါးလျှင်မြန်သွက်လက်ကြောင်း၊ ဇီဝိတိန္ဒြေကို ကြာရှည်စွာစောင့်နိုင်ကြောင်းတို့ကိုပြောပြ၍ အစားအသောက်ကို တနင့်တပိုးမစားရန် တဝတပြဲမစားရန် ဩဝါဒပေးတော်မူလေ့ရှိပါသည်။

ဒကာဒကာမတွေက အတင်းဟင်းတွေခပ်ထည့်ရင်-'ဒကာကြီး ဒကာမကြီးတို့၊ ဆွမ်း၊ဆွမ်းဟင်းတွေက အကောင်းတွေ နတ်ဩဇာတွေဗျ။ များများစားရင် အစာမကြေဖြစ်တတ်တယ်'ဟု ဒကာဒကာမများ ကျေနပ်အောင် မိန့်တော်မူပါသည်။ အတူပါလာသည့် တပည့်များကိုမူ 'မျှရုံစား မျှရုံစား' ဟု တိုးတိုးလေး ဩဝါဒပေးတတ်ပါသည်။

* * *

ဆရာတော်ကြီးသည် အားငယ်သူအား အားပေးစကား လောဘ၊ဒေါသ၊မောဟမီးတောက်လောင်၍ ရောက်လာသူအား မီးငြိမ်းကြောင်းတရားစကား မိန့်ကြားလေ့ရှိပါသည်။

ကြုံဖူးပါသည်။ တစ်ခါက ရန်ကုန်မြို့ သာကေတ တိုးချဲ့ရပ်ကွက်၌ ညတရားပွဲဟောရန် ဂျစ်ကားအိုကလေးနှင့် ကြို-ပို့လုပ်ပါသည်။ ဒကာများက 'ဆရာတော့်ကို ဒီကားအိုလေးနှင့်ပင့်ရတာ အားနာလှပါတယ်ဘုရား'ဟု လျှောက်ကြရာ၊ 'အားမနာနဲ့ ဒကာကြီးတို့၊ ဘုန်းကြီးတို့မင်းကွန်းမှာဆို ဒီဂျစ်ကားက မာစီးဒီးဗျ မာစီးဒီး'ဟု မိန့်ကြားလိုက်ပါသည်။

[ထိုအချိန်က မင်းကွန်း၌ လှည်းနှင့်သာ ကွာနေရသည့်အခါ ဖြစ်ပါသည်]။

* * *

ဆရာတော်ကြီးသည် တိ-နိသံဃာတော်များနှင့် သာသနာတော်အပေါ်၌ သံယောဇဉ်ကြီးလွန်းပါသည်။

တစ်နေ့သ၌ ဆရာတော်ကြီး အပြင်းဖျားပါတော့သည်။အဖျားတက်နေရင်း 'နဝကမ္မသုံးထောင်ယူခဲ့'ဟု အမိန့်ရှိပါသည်။ ပစ္ဆာသမဏစိန်နားကပ်ကြီးနှင့် ဦးပဏ္ဍဝံသတို့ထံမှ ဦးစိုးတင့်ယူလာပြီး 'ရောက်ပါပြီဘုရား'ဟု လျှောက်လျှင် 'ကိုင်း. . . လိုက်ဆိုကြဗျာ'ဆိုပြီး 'ဘန္တေ အရှင်ဘုရား၊ တပည့်တော်တို့သည် ဤဓမ္မိယလဒ္ဓနဝကမ္မသုံးထောင်ကျပ်ကို ထိုမည်သော မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေ တိ-နိ ကျောင်းတိုက်၌ ချမ်းချမ်းသာသာ စာကျက်စာအံ စာပြန် စာကြည့် အချိန်ပြည့် တိ-နိစာပေများကို အားထုတ်နိုင်ရန် ပစ္စည်းလေးဖြာ အလျှာအဖြစ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တည်းဟူသော ပရိယတ္တိ သာသနာတော်အား နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏'ဟုအစချီ လျက် ခါတိုင်းကဲ့သို့ ရေစက်ချ ဆုတောင်းအမျှဝေ ဆုံးအောင် ဆိုပြီး 'ကိုင်း. . . သာဓုခေါ်ကြတဲ့ဗျာ'ဟု သာဓုခေါ်ခိုင်းသဖြင့် စာရေးသူတို့ သာဓုခေါ်ခဲ့ကြရပါသည်။ အပြင်းအဖျားကြီး နေပါလျက် ကယောင်ကတမ်း ရေစက်ချတာဖြစ်ပါလျက် အမှားအယွင်းမရှိ ရေစက်ချသွားနိုင်သည်ကို အံ့ဩကြည်ညို ဖြစ်မိပါသည်။ ယနေ့တိုင် မမေ့နိုင်ဖြစ်မိပါသည်။

* * *

မန္တလေးတောင်ခြေ သုဘဒ္ဒါဆောင်နှင့် မင်းကွန်းတိပိဋကကျောင်းတော်တို့၌ ဆရာဝန်ကြီးဦးထွန်းသင် ဦးဆောင်သော ဆရာဝန်အဖွဲ့ဆေးကုသမှုပြုကြစဉ် အစာအာဟာရမဝင်သည့်အတွက် အားပြတ်မသွားစေရန် နှာခေါင်းမှပိုက်ကို ဒေါက်တာ မိတ်ကသွင်းရာ ခက်ခက်ခဲခဲ သွင်းနေရပါတော့သည်။ 'ပိုက်ကို နည်းနည်းမျိုပေးပါဘုရား'

လျှောက်၍ ပိုက်ကို ဆရာတော် မျိုချစဉ် အမောဖောက်လာသဖြင့် သမားတော်ကြီးများကို အပြေးအလွှားသွားခေါ်ပါသည်။

ဆရာတော်ဦးဝေပုလ္လစသော တပည့်ကြီးတွေက 'ဆရာဝန်ကြီးတွေ သွားခေါ်နေပါပြီဘုရား၊ ဆရာဝန်ကြီးတွေ ရောက်လာရင် သက်သာသွားမှာပါဘုရား'ဟု လျှောက်ရာ ဆရာတော်ကြီးက 'ဦးဇင်းတို့၊ ဒီခန္ဓာကိုယ်ကြီးကို ဆရာဝန်ကြီးတွေ ရောဂါရှာဖွေကြည့်ရှုဖို့ ကုသဖို့က သူတို့အလုပ်ဖြစ်တယ်။ ဦးဇင်းတို့ တပည့်တော်တို့ကတော့ ဒီခန္ဓာကိုယ်ကြီးကို ၃၂-ကောဋ္ဌာသမြင်အောင် ကြည့်ရမယ်'ဟုဆိုပြီး 'အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ စသော ၃၂-ကောဋ္ဌာသပါဠိကို ဆုံးအောင်ရွတ်ဆိုပြီး ဦးဇင်းတို့မမေ့ကြနဲ့နော်၊ ၃၂-ကောဋ္ဌာသကို မြင်အောင်ကြည့်ကြ၊ တပည့်တော်လည်း မမေ့ပါဘူး'ဟု မောလျလျအသံလေးနှင့် မိန့်တော်မူနေပုံကို ယနေ့ထက်တိုင် သတိရနေပါတော့သည်။

* * *

ဆရာတော်ကြီးနေမကောင်းစဉ် ခုတင်ပေါ်မှ ကြည့်လျှင် လှမ်းမြင်ရအောင် ဆရာတော်ကြီးမျက်နှာနှင့် တည့်တည့် နာရီချိတ်ရန်ပြင်သောအခါ 'ဘာလုပ်ကြတာတုံး' ဟု မေးပါသည်။ 'ဆရာတော် ခုတင်ပေါ်ကကြည့်လျှင် နာရီမြင်ရအောင် ချိတ်တာပါဘုရား'ဟု လျှောက်သောအခါ 'တပည့်တော်တစ်ယောက်တင်ကြည်ဖို့တော့ ဒီနားမချိတ်ပါနဲ့၊ အများကြည့်လို့ မြင်လို့ရတဲ့နေရာချိတ်ပါ'ဟု အမိန့်ရှိပါသည်။ ဆရာတော်ကြီးသည် အများချမ်းသာဖို့ ဘယ်လောက်စိတ်ဆန္ဒရှိတယ်ဆိုတာ ပေါ်လွင်လှပါသည်။

ထိုသို့ဆေးကုသနေစဉ် ဆရာတော်ကြီးသည် ပထမပိုင်း၌ စကားပြောသေး၏။ ညတစ်ည တပည့်တွေ ဝိုင်းဝန်းပြုစုကြ အညစ်အကြေးသုတ်သင်ကြတော့ 'တပည့်တော်တစ်ယောက် ချမ်းသာဖို့အတွက် အများဒုက္ခရောက်ရ၊ အများဆင်းရဲဒုက္ခရောက်မှ ချမ်းသာမည့်ဒီခန္ဓာကြီး နောက်ထပ်မလို ချင်တော့ပါဘူး'ဟု အမိန့်ရှိသည်ကိုလည်း ယနေ့တိုင်ကြားယောင်နေမိပါတော့သည်။

နောက်ပိုင်းကာလတွင် ဆရာတော်ကြီးသည် စကားလည်းမပြော မျက်စိလည်းမဖွင့်တော့ဘဲ ဆိတ်ငြိမ်စွာ သီတင်းသုံးတော်မူပါသည်။ စကားမပြောနိုင်၍ မပြောခြင်းမဟုတ်ပါ။ မျက်စိမဖွင့်နိုင်၍ မဖွင့်ခြင်း ဟုတ်ဟန်မတူပါ။ ခန္ဓာကိုယ် ငြိမ်းငွေ့ သံသရာငြိမ်းငွေ့ပြီး သူ့တရားအလုပ်နှင့်သူ

မင်းကွန်းဆရာတော်ကြီး သုဘဒ္ဒါဆောင်၌ နာမကျန်းဖြစ်တော်မူပုံ

ချမ်းသာစွာ နေတော်မူခြင်းဖြစ်သည်ဟု ယူဆပါသည်။ ပျံတော်မူခါနီး နိုင်ငံတော်အကြီးအကဲဒကာများ လာရောက်ဖူးမြော်ကြသောအခါ 'ဆရာတော်ဘုရား၊ ဒကာကြီးများ လာရောက်ဖူးမြော်ကြပါတယ်'ဟုလျှောက်တော့ မျက်စိဖွင့်ပြီး အတော်ကြာကြာကြည့်ကာ အသိအမှတ်ပြုတော်မူပါသည်။ ထို့ကြောင့် ဆရာတော်ကြီး၏စျာပနပူဇော်ပွဲ၌ သီတဂူဆရာတော်ကြီးက 'ဆရာတော်ကြီးသည် မူလဆုတောင်းက ဒုတိယဘဝ၌ မေ္တယျ နတ်သားအဖြစ်ဆုတောင်းတာဟုတ်ပါလိမ့်မယ်၊ နောက်ပိုင်း ဆရာတော်ကြီးကျင့်သုံးသွားတဲ့ အမူအရာကိုကြည့်ရတာ ကိစ္စပြီးနိုင်လောက်တယ်လို့ ယူဆပါတယ်'ဟု ထည့်သွင်း ဟောကြားတော်မူခဲ့ပါသည်။

* * *

အရိုးအိုးစေတီ တည်သင့်, မတည်သင့် ဆရာတော်ကြီး၏အလိုကို ရေးပါဦးမည်။ စာရေးသူ ရန်ကုန်တိပိဋကကျောင်းတော်၌ အနုနာယကတာဝန်ယူစဉ်က ဖြစ်ပါသည်။

ညတစ်ည မဟာစည်ရိပ်သာကလူကြီးများ မင်းကွန်းဆရာတော်ကြီးထံရောက်လာပြီး 'ဆရာတော်ဘုရား၊ တပည့်တော်များအား သာသနာ့ရိပ်သာအတွင်း မဟာစည်ဆရာတော်ကြီးရဲ့ အရိုးအိုးစေတီ တည်သင့်, မတည်သင့် ဩဝါဒများ ပေးတော်မူပါဘုရား'ဟု လျှောက်ထားကြသော်၊ ဆရာတော်ကြီးက အရိုးအိုးစေတီ မတည်နဲ့လည်းအမိန့်မရှိ တည်ပါလို့လည်းအမိန့်မရှိဘဲ 'ဒကာကြီးတို့၊ စေတီထိုက်တာ လေးမျိုးရှိတယ်။

၁။ ဘုရား၊

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ရဟန္တာ၊

၄။ စကြဝတေးမင်း။

'ကျုပ်တို့တော့ တပည့်တွေကိုမှာခဲ့မှာ။ တပည့်တော်များပျံတော်မူရင် အရိုးအိုးစေတီမတည်နဲ့၊ မီးသဂြိုဟ်ပြီး အရိုးပြာကို အိုးလေးထဲထည့်ပြီး ဧရာဝတီမြစ်ကြော မျှောလိုက်လို့ မှာခဲ့မှာ။ ဘုန်းကြီးရဟန်းဒကာ မဟာစည်ရိပ်သာကြီး စတင်တည်ထောင်ခဲ့တဲ့ ဆာဦးသွင်ကွယ်လွန်တော့ သူ့တူမ ဒေါ်ထားထားနဲ့ ရိပ်သာအကြီးအကဲများက 'ဆာဦးသွင်ဟာ ရိပ်သာနဲ့ ပတ်သက်လို့ ကျေးဇူးများတယ်၊ ရိပ်သာရဲ့ဖခင်ကြီးသဖွယ် ဖြစ်တယ်။ ဒီရိပ်သာထဲမှာ အရိုးအိုးဂူလုပ်ရရင်ကောင်းမယ်' ဆိုပြီး ဘုန်းကြီးဆီလာလျှောက်ကြတယ်။ ဘုန်းကြီးက 'မလုပ်ကြပါနဲ့ဒကာကြီးတို့၊ လောကအလို ရိပ်သာကြီး ဆိတ်သုဉ်း တတ်တယ်၊ ရိပ်သာကြီး မစည်ကားဘဲဖြစ်တတ်တယ်'လို့ တားမြစ်တော့ လုပ်ချင်တဲ့ ပုဂ္ဂိုလ်များက အလိုမကျဘဲဖြစ်နေတော့ 'ကဲ ကဲ. . . အဲဒီလိုဆိုရင် ရိပ်သာထဲ အရိုးအိုးဂူတော့ မလုပ်ကြပါနဲ့၊ ဘုန်းကြီး ဒကာကြီးရဲ့အရိုးပြာကို အရိုးကမ္ဗဝါ လုပ်ပေးပါမယ်' ဆိုပြီးပြောတော့ နည်းနည်းသောကပါးပြီး သဘောကျကြတယ်'။

'ဘုန်းကြီးက မန္တလေးမှာ အရိုးကမ္ဗဝါလုပ်မယ်ဆိုပြီး ကမ္ဗဝါစာလုပ်တဲ့ပုဂ္ဂိုလ်ထံကျတော့ အရိုးပြာကိုလုံးဝမထည့်ပါနဲ့။ ဖျောက်ဖျက်ပစ်ပါ။ ရိုးရိုးသရိုးနဲ့ ကမ္ဗဝါစာပဲ လုပ်ပါလို့ ခိုင်းရပါတယ်'။

'တစ်ခါ ဘုန်းကြီးရဲ့ဥပဇ္ဈာယ်ဆရာ ဆရာတော်ဦးပညာစက္က ပျံလွန်တော်မူတော့ သာသနာ့မိခင်ဆရာကြီးဒေါ်ခမ္မစာရီက အရိုးအိုးစေတီတည်ချင်ပါတယ်လျှောက်ရော၊ ဘုရားတည်ပြီးဌာပနာတဲ့အခါကျတော့ ဆရာကြီးဒေါ်ခမ္မစာရီ ကျေနပ်အောင် အရိုးပြာအိုးကို ဌာပနာပါတယ်။ ညကျတော့ ဆရာကြီးဒေါ်ခမ္မစာရီမသိအောင် အရိုးပြာအိုးကို ယူပြီး ပန်းရံဆရာကြီးကို ဧရာဝတီမြစ်ရေထဲ အမျှောခိုင်းရပါတယ်။ လုံးဝ မဌာပနာပါဘူး။ အခုမှထုတ်ပြောခြင်းဖြစ်ပါတယ် ဒကာကြီးတို့။ ဒါ ဘုန်းကြီးရဲ့ခံယူချက်ပါပဲ'ဟု ဩဝါဒပေးသည်ကို စာရေးသူ ကိုယ်တိုင်ကြားနာခဲ့ရပါသည်။

* * *

ဆရာတော်ကြီးက 'ခန္ဓာကိုယ်နာကျင်သော်လည်း စိတ်မနာကျင်စေနဲ့။ ရာသီဥတုပူသော်လည်း စိတ်မပူစေနဲ့' ဟူ၍လည်း ဩဝါဒပေးလေ့ရှိပါသည်။

ကျန်းမာရေးမကောင်း ဝေဒနာခံစားရ၍ အားငယ် နေသောဒကာဒကာမတို့အား စိတ်အားရှိစေရန်-

'ဒကာကြီးဒကာမကြီးများ ကြောက်သလား၊ မကြောက်နဲ့နော်။ ရောဂါဝေဒနာတစ်ခုခု နှိပ်စက်ခံရတဲ့အခါ ကြောက်တဲ့စိတ်တွေ အားငယ်တဲ့စိတ်တွေ ဝင်တတ်ဖြစ်တတ်တယ်။ အဲဒီလိုဖြစ်တဲ့အခါ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး-

၁။ ကိမဟံ ဘာယာမိ အတ္တိမေ ဒါန=ငါဘာကြောက်ရမှာလဲ။ ငါ့မှာ ငယ်စဉ်တောင်ကျေး သိတတ်တဲ့အချိန်ကစပြီး ငါတတ်နိုင်သမျှ လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်စေတနာကမ္မသတ္တိတွေ အများကြီးရှိတယ်လို့ မိမိကိုယ်ကို လက်သီးဆုပ်ပြီး အားပေးပါ။

ပြီးတော့တစ်ခါ-

၂။ ကိမဟံ ဘာယာမိ အတ္တိမေ သီလ=ငါဘာကြောက်ရမှာလဲ။ ငါ ငယ်စဉ်တောင်ကျေး ကလေးသိတတ်တဲ့အရွယ်ကစပြီး ရတနာသုံးပါး မိဘဆရာသမား မိမိထက် အသက်သိက္ခာဂုဏ်ဝါကြီးမားပုဂ္ဂိုလ်များအား လက်အုပ်ချီမိုး ရှိခိုးအရိုအသေပြုခြင်း ဝေယျာဝစ္စပြုခြင်းစတဲ့ စာရိတ္တသီလ၊ ငါးပါး, ရှစ်ပါးစသော ငါဆောက်တည်ကျင့်သုံးခဲ့တဲ့ ဝါရိတ္တသီလ၊ ဒီစာရိတ္တ, ဝါရိတ္တနှစ်ထွေပြီးတဲ့ သီလကုသိုလ်စေတနာကမ္မသတ္တိတွေ ငါ့မှာအများကြီးရှိတယ်၊ အများကြီးရှိတယ်လို့ မိမိကိုယ်ကို လက်သီးဆုပ်အားပေးလိုက်စမ်းပါ။

ပြီးတော့တစ်ခါ-

၃။ ကိမဟံ ဘာယာမိ အတ္တိမေ ဘာဝနာ=ငါဘာကြောက်ရ ဘာအားငယ်ရမှာလဲ။ ငါ တတ်နိုင်သမျှဆင်ခြင်ပွားများထားတဲ့ ဂုဏ်တော်တွေ, မေတ္တာတွေ ရုပ်နာမ်နှစ်ပါးတို့ရဲ့ အဖြစ်အပျက်ကို ဆင်ခြင်ရှုမှတ်ပွားများတဲ့ ဝိပဿနာကောင်းမှုတွေ ငါ့မှာအများကြီးရှိတယ်၊ အများကြီးရှိတယ်လို့ မိမိကိုယ်ကို လက်သီးဆုပ်ပြီး အားပေးလိုက်စမ်းပါ။ ကြောက်စိတ်တွေ အားငယ်တဲ့စိတ်တွေ ပြေပျောက်သွားပါလိမ့်မယ်'လို့ ဆရာတော်ကြီးသည် အားပေးတော်မူလေ့ရှိပါသည်။

ပြီးတော့တစ်ခါ ရှင်သီဝလိ၏မယ်တော် သုပ္ပဝါသာမင်းသမီး၏ နှလုံးသွင်းဆင်ခြင်ပုံကိုလည်း အမိန့်ရှိပါသေးသည်။ 'ရှင်သီဝလိ၏မယ်တော် သုပ္ပဝါသာမင်းသမီးသည်

အတိတ်ကဝင့်ကြွေးကြောင့် ရှင်သီဝလိပဋိသန္ဓေတည်တဲ့အခါ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက် ပဋိသန္ဓေတည်နေရပါသည်။ ရှင်သီဝလိဖွားမြင်သည့်အခါ သုပ္ပဝါသာမင်းသမီး ဂဗ္ဘမူဠ ဆင်းရဲဒုက္ခဝေဒနာ အကြီးအကျယ်ခံစားရပါသည်။

ထိုအခါ ဆရာတော်ကြီး မိန့်တော်မူသည်မှာ 'အဲဒီ ဆင်းရဲဝေဒနာကို ဟောဒီသုံးချက်နဲ့ နှလုံးသွင်းပယ်ဖျောက်ပါ'-ဟုဖြစ်ပါသည်။ ယင်းတို့မှာ-

၁။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။

ဩော်. . . ငါယခု တွေ့ကြုံနေရတဲ့ ဆင်းရဲဒုက္ခဝေဒနာမျိုး ပယ်ဖျောက်ဖို့ရန် မြတ်စွာဘုရားသည် ၄၅-ဝါ ကာလလျားအောင် တရားဒေသနာတွေကို ဟောကြားတော်မူခဲ့ပါပေ၏။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရှင် မည်တော်မူပါပေစွတကား။

၂။ သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

ဩော်. . . ငါယခု တွေ့ကြုံနေရတဲ့ ဆင်းရဲဒုက္ခဝေဒနာမျိုးကို ပယ်ဖျောက်ဖို့ရန် ဘုရားသားတော် အရိယာ ရှစ်ဖော် သံဃာတော်တို့သည် ဖြောင့်မတ်သော အကျင့်ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါပေ၏။ သုပ္ပဋိပန္န ဂုဏ်တော်ရှင် မည်တော်မူပါပေစွတကား။

၃။ သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။

ဩော်. . . ငါယခု တွေ့ကြုံနေရတဲ့ ဆင်းရဲဒုက္ခဝေဒနာမျိုး နိဗ္ဗာန်ကျတော့ တစိုးတစိမရှိ၊ နိဗ္ဗာန်သည် အလွန့် အလွန်ချမ်းသာလှပါပေစွတကား-လို့ သုပ္ပဝါသာမင်းသမီးသည် ဤဆိုခဲ့ပြီးသောသုံးချက်ဖြင့် မိမိ၏ ဂဗ္ဘမူဠ ဆင်းရဲဒုက္ခ ဝေဒနာကို ပယ်ဖျောက်ပါတယ်။ ဒကာကြီး ဒကာမကြီးတို့လည်းပဲ ဤသုပ္ပဝါသာမင်းသမီးထုံး နှလုံးမူပြီး တရားနှလုံး ကျင့်သုံးလိုက်စမ်းပါ'-ဟူ၍ဖြစ်ပါသည်။

ပြီးတော့တစ်ခါ ဆရာတော်ကြီးက မိမိ၏ ဥပဇ္ဈာယ်ဆရာ ဆရာတော်ဦးပညာစက္က တစ်ချိန်က ခေါင်းကိုက်ရောဂါဝေဒနာစွဲကပ်ခဲ့ဖူးပုံနှင့် ထိုခေါင်းကိုက်ရောဂါကို တရားဘာဝနာနှလုံးသွင်း၍ ပယ်ဖျောက်ပုံတို့ကို ဤသို့အမိန့်ရှိပါသည်။

'ခေါင်းကိုက်လိုက်သည်မှာ နားထင်အကြောက ဒုတ်ဒုတ်ဆိုတဲ့အသံတောင်ကြားရတယ်။ သာမန်နှလုံးသွင်း အလေ့အကျက်မရှိရင် ရောဂါဝေဒနာထဲ စိတ်ရောက်ပြီး ငါ့နှယ်ဖြစ်ရပလေ၊ အလိုလေး အမယ်လေး စိတ်နှလုံးမသာယာမှု ဒေါမနဿအကုသိုလ်တွေဖြစ်နေမှာ။ ဥပဇ္ဈာယ်ဆရာတော်ကြီးကတော့ ဒီလိုမဖြစ်ပါဘူး။ ဒုတ်ဒုတ်ဆိုတဲ့ အသံမြည်တဲ့နေရာကိုမှတ်ပြီးတော့ 'ဩော်. . . ပထမဒုတ် တုန်းကဖြစ်ပေါ်ခဲ့တဲ့ သဒ္ဒရုပ်အသံ, သိတဲ့နာမ် ဤရုပ်နာမ်နှစ်ပါးတို့သည် ဒုတိယဒုတ်ထိတောင်မပါ၊ ပထမဒုတ်မှာပင် ချုပ်ပျောက်ကြလေသောကြောင့် မမြဲတဲ့အနိစ္စတို့တကား၊ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံရလေသောကြောင့် ဒုက္ခတို့ပါတကား။ 'ပထမဒုတ်, ဒုတိယဒုတ်တို့မှာဖြစ်ပေါ်တဲ့ ရုပ်နာမ်တရားတို့သည် တတိယဒုတ်ထိအောင်မပါ။ ထိုပထမ, ဒုတိယဒုတ်တို့တုန်းကပင် ချုပ်ပျောက်ကြလေသောကြောင့် မမြဲတဲ့အနိစ္စတို့ပါတကား။ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံရလေသောကြောင့် ဒုက္ခတို့ပါတကား။ ငါဟူ၍ အခိုင်အမာ အနှစ်သာရမဟုတ်သောကြောင့် အနတ္တတို့ပါတကား။ 'ဒီလိုဆက်ကာဆက်ကာ နှလုံးသွင်းလိုက်တော့ တော်တော်တန်တန် ဓာတုက္ခောဘ ဓာတ်ခြောက်ခြားခြင်းကြောင့်ဖြစ်တဲ့ ရောဂါဝေဒနာများဟာ ပီတိတွေနဲ့ ပီတိတွေနဲ့ တန့်ရပ်သွား၊ သက်သာပျောက်ကင်းသွားပါတော့တယ်တဲ့။ ကံကြောင့်ဖြစ်တဲ့ ရောဂါဝေဒနာကတော့ ကံရှိန်ရှိသလောက် ခံရမှာပေါ့' ဟူ၍လည်း အမိန့်ရှိဖူးပါသည်။

မြင်းခြံမြို့ ဆန္ဒတော်ပြည့်ဆရာတော်ဦးနန္ဒိယ၊

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သက်တော်ရာပြည့်အထိမ်းအမှတ်

ဘဒ္ဒန္တဇောတိကာဘိဝံသ

(၁)

ဓမ္မဓရေ ဘိက္ခူ ဥပဋ္ဌဟန္တာ ပူဇေန္တာ ဓမ္မေ ဒါနံ ဒဒန္တိ နာမ-အဋ္ဌကထာမိန့်ဆိုချက်အရ တိပိဋကဓရ သာသနာ့ဥသျှောင် စံပြဆရာတော်ကြီးအား ပူဇော်ပွဲ ပြုလုပ်၍ ပူဇော်ခြင်းသည် နှစ်သက်ဖွယ်ရာပူဇော်ခြင်းပင် ဖြစ်ပါသည်။

ဘုရားရှင်အား ဗြာဟ္မဏတစ်ဦးက မေးမြန်းလျှောက်ထားခဲ့၏။ 'အရှင်ဘုရား၊ ဘုရားရှင်မျက်မှောက်ရှိနေ၍ ဗုဒ္ဓပူဇာပြုလုပ်ရန် လွယ်ကူပါ၏။ တပည့်သံဃာများ ရှိနေ၍ သံဃာ့ပူဇာလုပ်ရန်လည်း လွယ်ကူပါ၏ဘုရား။ ဓမ္မပူဇာကို အဘယ်သို့ပူဇော်ရပါမည်နည်း'ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က 'သစေ ဗြာဟ္မဏ ဓမ္မရတနံ ပူဇေတုကာမော ဗဟုဿုတံ ပူဇေတီတိ'ဟု မိန့်တော်မူသည်။ ထိုအခါ ပုဏ္ဏားက 'အရှင်ဘုရားထံတော်ပါး၌ ဗဟုသုတရှိသူသည် ဘယ်သူပါနည်း'ဟုမေးမြန်း၏။ 'ငါ့ကိုမမေးနဲ့၊ ရဟန်းတွေကိုမေး'ဟု မိန့်တော်မူ၏။

ရဟန်းတွေကိုမေးမြန်းရာ အရှင်အာနန္ဒာကို ညွှန်ပြခဲ့ကြကုန်သည်။ ထို့ကြောင့် တိပိဋကဓရ သာသနာ့ဥသျှောင် စံပြဆရာတော်ကြီးအား ပူဇော်ခြင်းသည် ဓမ္မရတနာပူဇော်ခြင်းပင်ဖြစ်ပါသည်။

(၂)

၁၃၄၇-ခုနှစ်၊တပေါင်းလဆန်း ၁၃-ရက်နေ့ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တပည့်တော်အား ရွေးချယ်ခန့်ထားခြင်းပြုခဲ့သည်။ ၁၃၄၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁-ရက် အဆောက်အအုံများကို လက်ခံစောင့်ရှောက်ခဲ့ရသည်။ ၁၃၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၁-ရက် တက္ကသိုလ်ဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်ကို မန္တလေး တက္ကသိုလ်ထက် နှစ်လစောပြီး ဖွင့်လှစ်ခဲ့ပါသည်။ ထိုဖွင့်ပွဲ၌ တပည့်တော်သည် နှစ်လနောက်ကျရသည့်အတွက် သင်တန်းများကို နေ့စဉ် စာသင်ချိန်တိုးပြီး သင်ကြားပေးမည်ဖြစ်ကြောင်း နှင့် ဝါကျွတ်ပါက ရန်ကုန်-မန္တလေး သင်ခန်းစာတစ်ညီတည်း ဖြစ်အောင် ကြိုးစားသင်ပြပေးမည်ဖြစ်ကြောင်း အစီရင်ခံစာကို တင်ပြခဲ့သဖြင့် တိပိဋကဓရဆရာတော်ကြီးက လုပ်ငန်းသဘောကို နှစ်သက်တော်မူပါသည်။

ထိုအစီရင်ခံစာတင်ပြချက်အတိုင်း ဖြစ်အောင်လည်း အပင်ပန်းခံကြိုးစားလုပ်ကိုင်ခြင်းများကို ဦးအောင်ခန့်၊ ဦးစိန်း၊ ဦးစောလွင်၊ ဦးသိန်းမောင်-တို့ထံမှ တပည့်တော်၏ လုပ်ဆောင်ချက်များကို ဆရာတော်ကြီး သိရှိတော်မူပါသည်။ ထိုအခါမှစ၍ ဆရာတော်ကြီးနှင့် ရင်းနှီးစွာဆက်ဆံခဲ့ရ၏။

ဆရာတော်ကြီးသည် တပည့်တော်၏ လုပ်ကိုင်ဆောင်ရွက်မှုကို သိသောအခါတွင် 'ယခုမှ လူမှန်နေရာမှန် ဖြစ်သည်' ဟု မိန့်ဆိုကြောင်း ကြားသိရပါသည်။ တပည့်တော်အား ချီးမြှောက်သောအားဖြင့် မြို့တွင်း၌ ပြုလုပ်သော နေ့တရားပွဲများကို အကြိမ်ကြိမ်ခေါ်ဆောင်ခဲ့ပြီး ရှေ့ထွက်အဖြစ် သီလပေးခိုင်းလေ့ရှိပါသည်။

တစ်ခါတွင် ပရိသတ်များစုံလင်များပြားပြီး သီလရှင်များပင် ပါဝင်နေငြားသော်လည်း အဋ္ဌင်္ဂသီလ မပေးမူ၍ တပည့်တော်သည် ကောမာရပဉ္စကသီလ ပေးခဲ့ပါသည်။ ဆရာတော်ကြီးသည်ပင် တစ်ခါတွင် ကောမာရပဉ္စကသီလပေးခဲ့သည်ကို သိရှိရပါသည်။

ကောမာရပဉ္စကသီလဆိုသည်မှာ အိန္ဒိယ၌ အပျို၊လူပျို၊ သက်ကြီးရွယ်အိုနှင့် အိမ်ထောင်မရှိသူများ စောင့်သုံးလေ့ရှိသော သီလဖြစ်ပါသည်။ ဝိကာလဘောဇန သိက္ခာပုဒ်မပါ မူ၍ ၁။ ပါဏာတိပါတာ၊ ၂။ အဒိန္နာဒါနာ၊

၃။ မုသာဝါဒါ၊ ၄။ သုရာမေရယ၊ ၅။ အဗြဟ္မာစရိယ သိက္ခာပုဒ်ငါးခုကို ဆောက်တည်စေပါသည်။ ညနေစာ စားသောက်နိုင်ခွင့်ရှိသည်။ အဗြဟ္မစာရီသွင်းထား၍ မြင့်မြတ်ပါသည်။ အိန္ဒိယ၌ကုမာရနှင့် ကုမာရီများ စောင့်သုံး လေ့ရှိသောကြောင့် 'ကောမာရပဉ္စက'- ဟုခေါ်ခဲ့သည်။

တစ်ကြိမ်တွင် တပည့်တော်သည် ဆရာတော်ကြီး အား လျှောက်ထားဖွယ်ဆွေးနွေးဖွယ်ကိစ္စတစ်ခုရှိ၍ ကျောင်း ဒကာမ ကြီးဒေါ်ရွှေညွန့်အား 'ဒကာမကြီး၊ ဆရာတော်ကြီး ဒကာမကြီး၏ တိုက်သို့ ကြွလာခဲ့သော်ဘုန်းကြီးထံအကြောင်း ကြားပါ၊ ဆရာတော်ကြီးနှင့် လာ၍တွေ့လိုပါသည်'-ဟု မှာထား ခဲ့ပါသည်။ ဒကာမကြီးက ဆရာတော်ကြီးအား လျှောက်ထား ရာတွင် ဆရာတော်ကြီးက 'ပါမောက္ခချုပ် အလုပ်ကြီးစား လုပ်တယ်၊ အအားမနေဘူး ဘုန်းကြီးသိတယ်၊ ဘုန်းကြီးပဲ သွားတွေ့မယ်' ဆို၍ တက္ကသိုလ် သို့ ကြွတော်မူလာပါသည်။ တစ်ကြိမ်မှာတော့ စာပေနှင့် ပတ်သက်ပြီး ဆရာတော်ကြီးထံ လျှောက်ထားဆွေးနွေးဖူးပါသည်။

ဓမ္မပဒအဋ္ဌကထာ နာဂရီအက္ခရာ ရေးစာမူဂါထာ ၁၈၄၊ စာမျက်နှာ ၇၈-၌ စာမူရင်းရှိပုံမှာ-

ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နိဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
သမဏော ဟောတိ ပရံ ဝိဟေဌယန္တော-ဟု ဖြစ်ပါ

သည်။ 'နာဂရီစာမူ၌ - စတုတ္ထပါဒဝယ် 'န'မပါပါ။ ပါဠိမူ အားလုံးမှာ 'န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော' ဟုသာ ရှိနေကြပါသည်။ (ခု၁။၄၁။)။ ဦးဂိုအင်ကာ ရိုက်နှိပ် လှူဒါန်းသော နာဂရီဘာသာရေးစာအုပ်များမှာတော့ ဆဋ္ဌ သင်္ဂါယနာမူဖြစ်၍ 'န'ပါနေပါသည်'-ဟု ဆရာတော်ကြီးကို လျှောက်ထားရာတွင် ဆရာတော်က 'တပည့်တော်များတင်ခဲ့ သော ဆဋ္ဌသင်္ဂါယနာဖြစ်နေ၍ ဒါတော့သည်းခံပါ'ဟု ပယ် ဖျက်ခြင်းကိုမပြုရန် တားမြစ်တော်မူပါသည်။ ဆရာတော်ကြီး သည် မိမိပါဝင်ကြီးမှူးခဲ့သော ဆဋ္ဌသင်္ဂါယနာမူကို သစ္စာရှိစွာ စောင့်ထိန်းတော်မူခြင်းပင် ဖြစ်ပါသည်။

သဂ်ဇာဆရာတော်၏ ဓမ္မပဒနိဿယမှာ-

၁။ သဗ္ဗပါပဿ-ပထမဂါထာ-ဂါထာသာမည။
၂။ ဒုတိယ-ခန္တီ ပရမံ ဂါထာ-ဩပစ္ဆန္ဒသိကာ။
စတုတ္ထပါဒ၌ တစ်လုံးလွန်။
၃။ အနုပဝါဒေါ တတိယဂါထာ-သဝိပုလာ။
နှစ်လုံးလွန်-ဟု မိန့်ကြားတော်မူသည်။

ဆန်းကျမ်းသုတ် - ဝေတာလီယောပမံ မုခ တံ၊
ဩပစ္ဆန္ဒသကံ ရ,ယာ ယ,ဒန္တေ။

ဩပစ္ဆန္ဒသဂါထာလက္ခဏာ

ဝိသမဖြစ်သော ပထမ+တတိယပါဒ၌ ၆-မတြာရှိခြင်း၊ သမဖြစ်သော ဒုတိယ+စတုတ္ထပါဒ၌ ၈-မတြာရှိခြင်း၊ အဆုံး၌ ရ-ဂိုဏ်း၊ ယ-ဂိုဏ်း ကြိုက်ခြင်းတို့ကား ယင်း၏ လက္ခဏာပင်တည်း။

'န'ပါသင့် မပါသင့် စစ်တမ်း

တတိယပါဒဆန်းစစ်ပုံ - န ဟိ ပဗ္ဗဇိ တောပရူ ပဃာတီ
၆-မတြာ ရ-ဂိုဏ်း ယဂိုဏ်း

စတုတ္ထပါဒဆန်းစစ်ပုံ-သမဏော ဟောတိပ ရံ ဝိဟေ ဌယန္တော
၈-မတြာ ရ-ဂိုဏ်း ယ-ဂိုဏ်း

ယင်းသို့ ဆန်းလက္ခဏာပေါ်တွင် မှတ်ကျောက်တင် လိုက်ပါက စတုတ္ထပါဒ၌ 'န'တစ်လုံးမလိုကြောင်း၊ 'နဟိ'၌ 'န'လိုက်စပ်ပေးရမည်ဖြစ်ကြောင်း အလွန်ပင်ထင်ရှားပါသည်။

'ဝါကျဟူဟူ၊ မတူလျှင်ငြား၊ တူရောထား၊ စကား ကျဉ်းစိမ့်ငှာ' ဟူသော မောင်းထောင်နိယံနှင့်လည်း ညီပါ၏။

ဟိန္ဒီဋီကာအနက်ဖွင့်ပုံ။ 'ဒူဆရုံ ကီ ဟိဆာ ကရနေ ဝါလာ, အောက်ရုံ ဆတာနေဝါလာ, ပဗ္ဗဇိတ ဆတ်ကျာ ဆစု နဟီ ဟိုတာ'။

မြန်မာပြန်။ သူတစ်ပါးတို့ကို ညှဉ်းဆဲခြင်းပြုလေ့ရှိ သူနှင့် နှိပ်စက်ခြင်းရှိသူသည် ရဟန်းစစ် ရဟန်းကောင်း မဟုတ်-ဟု ဆိုလိုသည်။

ပရူပဃာတီ ပဗ္ဗဇိတော န ဟောတိ။

ပရံ ဝိဟေဌယန္တော သမဏော န ဟောတိ-ဟုအနက် စပ်ပါ။

'န ဟောတိ' တစ်စုံသာ အနက်ပေးရာလိုကြောင်း သိသာထင်ရှားပါပြီ။ ။

သိဒ္ဓိရတ္ထု၊ သုဘမတ္ထု၊ သိရီရတ္ထု။

ဘဒ္ဒန္တဇောတိကာဘိဝံသ

အဘိဓမ္မပါဠိပါရဂူ၊ သိရီပဝရ သက္ကျသီဟမဟာစရိယ
(သီးခြားစာချ)
ဇောတိကာရုံစာချကျောင်း၊ တောင်ထီးလင်းတိုက်၊
မန္တလေးမြို့။

လူ့ပြည်သာသနာ အပြုလော

အရှင်တိလောကာဘိဝံသ
(အင်းစိန်)

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

မြတ်စွာဘုရား လောက၌ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာဖြစ်သည်။ မြတ်စွာဘုရားသည် အလောင်းတော်ဘဝ သုမေဓာ ရှင်ရသေ့အဖြစ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုပန်စဉ်ကပင်-

ဗုဒ္ဓေါ ဗောဓေယျံ။
တိဏ္ဏော တာရေယျံ။
မုတ္တော မောစေယျံ။

ငါ သစ္စာသိလျှင် သတ္တဝါတွေကိုလည်း သိအောင် လုပ်မည်။

ငါ သံသရာကူးမြောက်ပြီးလျှင် သတ္တဝါတွေကို လည်း ကူးမြောက်ရအောင် လုပ်မည်။

ငါ လွတ်မြောက်လျှင် သတ္တဝါတွေကိုလည်း လွတ် မြောက်ရအောင်လုပ်မည်-ဟု ကြံစည်စဉ်းစား ကြုံးဝါးခဲ့ခြင်း သည်လည်း အဆိုပါသဘောပင်ဖြစ်သည်။

မြတ်စွာဘုရား လောက၌ ပွင့်ထွန်းသည်ဆိုသော်လည်း လူ့ပြည်လောက၌သာ ပွင့်ထွန်းပေါ်ပေါက်ခြင်းဖြစ်သည်။

ဘုရားပရိနိဗ္ဗာန်စံပြီးနောက် လူ့ပြည်သာသနာ

သက်တော်ရှည်မြတ်စွာဘုရားများ ပရိနိဗ္ဗာန်စံပြီး နောက် လူ့ပြည်လောက၌ သာသနာမကြွင်းကျန်တော့။ သက်တော်တိုသော မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်စံပြီးနောက် ၌ကား လူ့ပြည်၌ သာသနာဆက်လက်တည်ရှိနေသေးသည်။ မြတ်စွာဘုရားမရှိသည့်နောက် လူ့ပြည်၌ သာသနာဆက်လက် တည်ရှိနေသေးသည်ဆိုသော်လည်း အမြဲတမ်းတိုးတက်နေ သည်ကား မဟုတ်။ တစ်ခါတစ်ရံ တိုးတက်စည်ကားနေသည်၊ တစ်ခါတစ်ရံမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ဆုတ် ယုတ်နေတတ်သည်၊ အခက်အခဲများလည်း ကြုံရသည်။ ဘေးရန်အမျိုးမျိုးနှင့်လည်း ရင်ဆိုင်ရတတ်သည်။ ထိုအခါ မျိုး၌ သာသနာပြုခေါင်းဆောင်များက ထိုအန္တရာယ်အခက် အခဲများ ကျော်လွှားနိုင်ရန် ကြိုတင်စီမံပေးကြသည်။

ဥပမာ - ဒုတိယသင်္ဂါယနာတင်ပြီးနောက်လည်း ကောင်း၊ သာသနာနှစ်-၅၀၀(ခရစ်မပေါ်မီနှစ်-၁၀၀)ခန့်အချိန် မိလိန္ဒမင်းလက်ထက်၌လည်းကောင်း ထိုသို့စီမံခဲ့ကြသည်ကို တွေ့ရသည်။

သာသနာတော်အတွက် လိုအပ်သောအခါ အထက် ပြဟ္မာ့ဘုံနတ်ဘုံတို့၌ရောက်နေကြသော ထူးခြားသည့်အလောင်း တော်များသည် လူ့ပြည်သို့ဆင်း၍ သာသနာပြုပေးကြသည်။

မှန်ပါသည်။

၁။ အသောကမင်းလက်ထက် သာသနာတော် နှစ် ၁၀၀-ကျော်လောက်က တိဿဗြဟ္မာသည် လူ့ပြည်သို့ဆင်း၍ မောဂ္ဂလိပုတ္တတိဿမထေရ်အဖြစ် သာသနာပြုခဲ့ဖူးသည်။

ထိုအချိန်က ဘုရင်က သာသနာတော်ကို ထူးထူး ခြားခြား အားပေးချီးမြှောက်နေသဖြင့် မိစ္ဆာဒိဋ္ဌိအယူရှိသူ ဒိဋ္ဌိများလည်း သာသနာအတွင်းဝင်ရောက်ကာ ရဟန်း ယောင်ဆောင်နေကြသည်။ သာသနာတော်၌ ရဟန်းတု ရဟန်းယောင် မြောက်မြားစွာရှိနေသဖြင့် အုတ်အရောရော ကျောက်အရောရောဖြစ်နေသည်။သာသနာ့အရေးအခင်း ရှင်းမရအောင် ဖြစ်နေသည်။ အချို့သော အုပ်ချုပ်ရေး တာဝန် ရှိသူများ၏ တစ်ဇွတ်ထိုးမဆင်မခြင်လုပ်မှုကြောင့် သံဃာစစ် သံဃာမှန်များပင် သေဆုံးကုန်ကြရသည်။ မြွေပူရာကင်းမှောင့်ဆိုသလို ထိုသံဃာများသတ်မှု အရေး အခင်းကြောင့် သာသနာ့ဒါယကာ အသောကမင်းကြီးမှာ စိတ်မကောင်းဖြစ်ရသည်။ ထိုသည့် သံဃာ့အရေးအခင်းကို အဆိုပါမောဂ္ဂလိ ပုတ္တတိဿမထေရ်မြတ်ကြီး ရှင်းပေးခဲ့ ရသည်။

၂။ မိလိန္ဒမင်းလက်ထက် သာသနာတော် နှစ် ၅၀၀-ခန့်ကလည်း နာဂသေနနတ်သားသည် လူ့ပြည်သို့ ဆင်း၍ သာသနာပြုခဲ့ဖူးသည်။

ထိုအချိန်က ရာဇမာန်၊နေမာန်၊အာဏာမာန်၊ပညာမာန် စသည်တို့ဖြင့် သံဃာတော်များ စိတ်ဆင်းရဲအောင် နှိပ်စက် နေသော မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်ကိုယ်တိုင်ဟောပြော ပြသပြီး သံဃာတော်များ စိတ်ချမ်းသာအောင် သာသနာပြုခဲ့ ရသည်။

ဤသည်တို့မှာ ဗြဟ္မာ့ပြည်၊ နတ်ပြည်ရှိ အလောင်း တော်များ လူ့ပြည်သို့ဆင်း၍ သာသနာပြုခဲ့ဖူးသည့် သာဓက များဖြစ်သည်။

သာသနာတစ်ဝက်ရောက်ချိန်

သာသနာ ၅၀၀၀-ဟု ဆိုရိုးရှိခဲ့သည့်အတိုင်း ထို သာသနာနှစ် ၅၀၀၀-၏ တစ်ဝက်အချိန်ဖြစ်သော သာသနာ ၂၅၀၀-အချိန်ကလည်း နတ်ပြည်၊ ဗြဟ္မာ့ပြည်ရှိ ထူးခြားသည့် အလောင်းတော်များ လူ့ပြည်ဆင်း၍ သာသနာပြုခဲ့မည်မှာ မလွဲပေ။ လူ့ပြည်ဆင်း သာသနာပြုသည့် အလောင်းတော် များစာရင်းတွင် မင်းကွန်းတိပိဋကဓရဘဒ္ဒန္တဝိစိတ္တသာရာဘိ ဝံသမထေရ်ကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေမည်။

ထိုသာသနာ ၂၅၀၀-အချိန်က မြန်မာနိုင်ငံ၌ ဆဋ္ဌ သင်္ဂါယနာတင်ဖို့ စီစဉ်နေကြသည်။ ထိုအချိန်က တစ်ကမ္ဘာ လုံးတွင် ဗုဒ္ဓသာသနာအထွန်းကားဆုံးမှာလည်း မြန်မာနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်ဖို့ တစ် ကမ္ဘာလုံးက သဘောတူအားပေးကြသည်။ မြန်မာနိုင်ငံသို့ ထိုသင်္ဂါယနာတင်ပွဲ တကယ်ကျင်းပသောအခါ ပဌမသင်္ဂါ ယနာ၊ ဒုတိယ၊ တတိယ၊ စတုတ္ထသင်္ဂါယနာများနည်းတူ အမေးအဖြေလုပ်ဖို့ ထိုအပ်သောအခါ မေးမည့်ပုဂ္ဂိုလ်၊ ဖြေ မည့်ပုဂ္ဂိုလ်များကို ရွေးချယ်ကြသည်။

သာသနာနေလိုလလိုထွန်းကားနေသော မြန်မာနိုင်ငံ၌ ပရိယတ္တိဝန်ဆောင် စာတတ်ပုဂ္ဂိုလ် မြောက်မြားစွာရှိနေ

သဖြင့် သင်္ဂါယနာတင်ပွဲ၌ အမေးပုဂ္ဂိုလ်, အဖြေပုဂ္ဂိုလ်ရဖို့ မရှားဟု ထင်နေသော်လည်း တကယ်ရွေးချယ်ကြည့်သော အခါ ဗျတ္တ, ပဋိဗလပုဂ္ဂိုလ်ရဖို့ အခက်အခဲကြုံနေသည်။ ဆရာတော်ကြီး အတော်များများကို တစ်ပါးပြီးတစ်ပါး အမေးပုဂ္ဂိုလ် အဖြေပုဂ္ဂိုလ်အဖြစ် စမ်းသုံးကြည့်သော်လည်း စိတ်တိုင်းကျ မဖြစ်။ ထိုလိုအပ်ချက် ကွက်လပ်များကို မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘနမထေရ်မြတ်နှင့် မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်နှစ်ပါးတို့က ဖြည့်စွက်ပေးမှ အားလုံးစိတ်တိုင်းကျ ဖြစ်သွားသည်။

ထိုဆရာတော်ကြီးနှစ်ပါးသည် ဆဋ္ဌသင်္ဂါယနာ တင်ပွဲ အတွက် အဆိုပါလိုအပ်ချက်ကွက်လပ်ကို ဖြည့်ပေးဖို့ လူ့ပြည်ဆင်း၍ သာသနာပြုသော ပုဂ္ဂိုလ်ထူးများဖြစ်မည်ဟု စာရေးသူထင်မြင်ယူဆပါသည်။ ထိုဆရာတော်ကြီး နှစ်ပါးသာ ရှိမနေလျှင် ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် ပြည့်စုံ မည်မဟုတ်ပေ။ ထိုဆရာတော်ကြီးနှစ်ပါးကြောင့်ပင် ဆဋ္ဌ သင်္ဂါယနာတင်ပွဲသည် ပြည့်စုံလုံလောက်သွားသည်။

ထိုအချိန်က ဆရာတော်ကြီးနှစ်ပါး၏ မေးပုံဖြေပုံ များ အံ့မခန်းရှိလှသဖြင့် မြန်မာ့အသံမှတိုက်ရိုက် တစ်နိုင်ငံ လုံးသို့ အသံလွှင့်ပေးသည်။ ယခုခေတ်လို ရုပ်မြင်သံကြား မပေါ်သေးသဖြင့် ရုပ်ကိုတိုက်ရိုက်မမြင်ရသော်လည်း အသံ ကတော့ တစ်နိုင်ငံလုံးလွှမ်းသွားသည်။ တစ်နိုင်ငံလုံးရှိ ရဟန်း,ရှင်, လူပြည်သူအပေါင်းကလည်း ရေဒီယိုနားထောင် ရင်း အံ့မခန်း ဖြစ်ရသည်။ အထူးသဖြင့် မင်းကွန်းဆရာ တော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသမထေရ်မြတ်ကြီး၏ အသံကြားရသူတိုင်း ကြက်သီးထလောက်အောင် အံ့သြကြရ သည်။ ရေဒီယိုမှ အသံလွှင့်အစီအစဉ်မပြီးမချင်း စောင့် နားထောင်ကြသည်။ ဆရာတော်ကြီး၏အသံကလည်း တည်တည်ငြိမ်ငြိမ် ခံ့ညားထည်ဝါလှသည်၊ နားထောင်မဝ ဖြစ်ရသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ထူးခြားသော ဂုဏ်တော် ကျေးဇူးတော်များမှာ ဖော်ပြလို့မကုန်နိုင်အောင် များပြားပါသည်။ အခြားသူများလည်း ရှုထောင့်စုံမှ တင်ပြ ကြမည်ဖြစ်၍ စာရေးသူအနေဖြင့် အထူးမဖော်ပြတော့ပါ။ နှစ်ချက်, သုံးချက်လောက်သာ ဖော်ပြပါတော့မည်။ ဆဋ္ဌသင်္ဂါ ယနာတင်ပွဲကြီး ပြီးဆုံးပြီးနောက် မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုသွားသည်မှာလည်း သူများမလုပ်နိုင်သည့် အံ့မခန်း လုပ်ငန်းကြီးဖြစ်ပါသည်။

နောက်ဆုံးသာသနာပြုလုပ်ငန်းကြီး

ဆရာတော်ကြီး အသက်ထင်ရှားရှိစဉ် ဆောင်ရွက် သွားသော သာသနာပြုလုပ်ငန်းများအနက် နောက်ဆုံး တစ်ခုကို ဖော်ပြလိုပါသေးသည်။

ဆရာတော်သည် အသက်ခန္ဓာမစွန့်ခွာမီ လုပ်သွား သည့် နောက်ဆုံးသာသနာပြုလုပ်ငန်းကြီးမှာ ပရိယတ္တိ သာသနာ့ တက္ကသိုလ်များပင်ဖြစ်သည်။ မြန်မာ့သမိုင်း တစ်လျှောက်၌ တစ်ခါမျှမပေါ်ပေါက်ဖူးသည့် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို ရန်ကုန်, မန္တလေး နှစ်ဌာန ၌ ဆရာတော်ကြီးသည် ကိုယ်တိုင်ဦးဆောင်၍ တည်ထောင် ပေးသွားခဲ့လေသည်။

ထိုတက္ကသိုလ်ကြီးများသည် ပရိယတ္တိသာသနာ အတွက် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးများဖြစ်သည်။ ထို တက္ကသိုလ်ကြီးများမှ ခေတ်မီသာသနာ့ အာဇာနည်များ၊ တောင်တန်းသာသနာပြုပုဂ္ဂိုလ်များ၊ ဘီအေ, အမ်အေ, ဒေါက်တာဘွဲ့ရသူများ၊ ကမ္ဘာအရပ်ရပ်သို့ ပညာသင်ကြား သွားမည့်ပုဂ္ဂိုလ်များ စသည်တို့ကို နှစ်စဉ်မွေးထုတ်ပေးလျက် ရှိသည်။ ပိဋကတ်တော်ကို-ရှေးရိုးလေ့လာနည်း၊ ခေတ် လေ့လာနည်း- စသည်တို့ဖြင့် စနစ်တကျလေ့လာနိုင်ရန်, သုံးသပ်နိုင်ရန်, ဆုံးဖြတ်နိုင်ရန်, ရှုထောင့်စုံမှ ရှုမြင်နိုင်ရန် သင်ပေးသည်၊ လမ်းညွှန်ပေးသည်။

ယနေ့ တွေ့မြင်နေရသော ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီးများ ဖြစ်ပေါ်ဖို့အတွက် အခြေခံအကြောင်းအမျိုးမျိုး မကင်းရာမကင်းကြောင်းရှိကြသော်လည်း မင်းကွန်းတိပိဋက ဓရဆရာတော်ကြီးသာ လူ့ပြည်ရောက်မလာဘူးဆိုလျှင် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို လူအများ ယနေ့ တွေ့မြင်ရမည် မဟုတ်ပေ။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည်-

၁။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအတွက်၊

၂။ မဟာဗုဒ္ဓဝင်ကျမ်းကြီးအတွက်၊

၃။ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် လူ့ပြည်သို့ဆင်း၍ သာသနာလာပြုသော ထူးခြားသည့် သာသနာ့အာဇာနည် အလောင်းတော်ကြီးတစ်ပါးဖြစ်မည်ဟု စာရေးသူထင်မြင်ကြောင်းတင်ပြရင်း ဤဆောင်းပါးကို အဆုံး သတ်အပ်ပါသတည်း။ ။

အရှင်တိလောကာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏

သမိုင်းမှတ်တိုင်များ

အရှင်ပဏ္ဍိတာဘိဝံသ (နာယကချုပ်)

ယခုအခါ မြန်မာနိုင်ငံတွင် ရဟန်းသာမဏေပေါင်း သုံးသိန်းကျော်ရှိရာ အထူးခြားဆုံးပုဂ္ဂိုလ်ကို ညွှန်ပြပါဟု ဆိုလျှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ညွှန်ပြရပေလိမ့်မည်။ ဆရာတော်ကြီး၏သက်တမ်းတစ်လျှောက်တွင် အလွန်ထူးခြားသော သာသနာ့မှတ်တိုင်များကို စိုက်ထူနိုင်ခဲ့သောကြောင့်ဖြစ်ပေသည်။ ဆရာတော်၏ ပင်ကိုအရည်အချင်းများမှာ-

၁။ ထူးခြားစွာဉာဏ်ပညာကောင်းမွန်ခြင်း၊

၂။ စိတ်နေစိတ်ထားရိုးသားဖြောင့်မတ်ခြင်း၊

၃။ လုံ့လဝီရိယအထူးကြီးမားခြင်း၊

၄။ ကောင်းသောကိစ္စကို မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်လိုသောဆန္ဒရှိခြင်း၊

၅။ အရာရာ၌အထူးသည်းခံနိုင်ခြင်း၊

၆။ အသံတော်ကြည်လင်ပြတ်သား၍ သြဇဂုဏ်ရှိခြင်း၊

၇။ စကားပြောရာ၌ လေးလေးနက်နက် တိတိကျကျ မှတ်သားဖွယ်ရာများကို ချိုချိုသာသာ နားဝင်အောင်ပြောဆိုတတ်ခြင်း၊

၈။ အကျိုးမဲ့ကိစ္စဖြင့် အချိန်မကုန်စေဘဲ အကျိုးရှိမည့်အရာ၌သာ စိတ်ကိုတည်တံ့စွာထားရှိနိုင်ခြင်း၊

၉။ ဖြူစင်သောအကျင့်စာရိတ္တရှိခြင်း-တို့ ဖြစ်ကြပါသည်။

ဤဂုဏ်များကိုအခြေခံ၍ မိမိဘဝတိုးတက်ရေးကို ထိပ်ဆုံးရောက်အောင် ကြိုးစားနိုင်ခဲ့ပေသည်။ သာသနာတော်နှင့်စပ်၍လည်း အထူးခြားဆုံးဆောင်ရွက်တော်မူနိုင်ခဲ့ပေသည်။

သာသနာလောက၌ အခြားပုဂ္ဂိုလ်များသည် မိမိအရည်အချင်းကိုဖော်ပြသော ဘွဲ့တံဆိပ်တော်၊ ဒီဂရီကို တစ်မျိုးနှစ်မျိုးမှ အလွန်ဆုံး ခြောက်မျိုး၊ ခုနစ်မျိုးလောက်သာ ရကြပေသည်။ ထိုရရှိထားသောဘွဲ့များမှာလည်း ထိပ်တန်းအဆင့်ဟုတ်ချင်မှ ဟုတ်ပေမည်။

ဆရာတော်ကြီးမှာမူ ပထမကျော်ဘွဲ့မှစ၍ အဘိဓဇမဟာရဋ္ဌဂုရုအထိ ဘွဲ့ပေါင်း ၁၈-မျိုးရရှိထားရာ ယင်းဘွဲ့အားလုံး ထိပ်တန်းအဆင့်ချည်းသာဖြစ်ပေသည်။ ဆရာတော်ကြီးသည် ယင်းဘွဲ့ထူး ဂုဏ်ထူးများဖြင့် ဝါကြွားမောက်မာနေသူမဟုတ်၊ သူတစ်ပါးကို ကဲ့ရဲ့နှိမ်ချအထင်သေးနေသူလည်းမဟုတ်၊ လာဘ်လာဘကို တွယ်တာခင်မင်နေသူမဟုတ်၊ ဤလောကကိုသာကြည့်၍ ကိုယ်ကျိုးရှာနေသူမဟုတ်။ ဤသည်တို့မှာ သာမန်ပါရမီရှင်များ၌ ဖြစ်နိုင်ခဲ့သောဂုဏ်များဖြစ်ပေသည်။

ဖော်ပြပါ မိမိရရှိထားသော လောကဂုဏ်များကို အခြေခံ၍ သာသနာတော်နှင့် နိုင်ငံတော်အား တန်ဖိုးမဖြတ်နိုင်သော ဓမ္မဂုဏ်များရရှိအောင် ဆောင်ရွက်ပေးတော်မူခဲ့ပေသည်။ ၁၃၁၈-ခုနှစ်၊ သက်တော် ၄၅-နှစ်အရွယ်တွင် ထေရဝါဒ ငါးနိုင်ငံစုပေါင်း၍ ကမ္ဘာ့အေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့၏။ ထိုအချိန်က ဆဋ္ဌသင်္ဂါယနာ၌ အဖြေဆရာတော်အဖြစ်တာဝန်ယူ၍ မဟာစည်ဆရာတော်၏အမေးကို ကမ္ဘာ့ပညာရှင်များအလယ်တွင် စာအုပ်ကြည့်၍ ဖြေနေသည်ဟု ထင်ရလောက်အောင် အထစ်အငေါ့ အမှားအယွင်းမရှိ ကြည်လင်ပြတ်သားစွာ ပါဠိ-မြန်မာ နှစ်ဘာသာတို့ဖြင့် ဖြေကြားတော်မူခဲ့သည်။ ယခု ဆဋ္ဌသင်္ဂါယနာ အမေးအဖြေဓာတ်ပြားများနှင့် မှတ်တမ်းစာအုပ်များ အခိုင်အမာကျန်ရှိနေပေသည်။

ပိဋကတ်သုံးပုံမှ ရရှိထားသောအသိဉာဏ်ကို အခြေခံ၍ မြန်မာပြည်သူပြည်သားများ ဗုဒ္ဓအလိုတော်ကျ ချမ်းသာစွာ နေထိုင်တတ်စေရန် တရားတော်များကို အခွင့်သင့်တိုင်း တစ်နေ့လျှင် နှစ်ပွဲ၊ သုံးပွဲမျှ ဟောကြားတော်မူခဲ့သည်။ ယခု ဆရာတော်၏ ဟောစဉ်တရားစာအုပ်များ, တိပ်ခွေများ မြောက်မြားစွာကျန်ရှိခဲ့ပေသည်။

နိုင်ငံတော်အခမ်းအနားများ, သာသနာရေး ဘာသာရေးအသင်းအဖွဲ့အစည်း အခမ်းအနားများ၌လည်း ဩဝါဒစကား ရေစက်ချတရားများ ဟောကြားတော်မူပေသည်။ ထိုကိစ္စမျိုး၌ အချိန်အခါကိုကြည့်၍ ကာလညာဂုဏ်နှင့်လိုက်အောင် မှတ်သားဖွယ်ရာ အနှစ်သာရများကိုသာ မိန့်ကြားတော်မူလေ့ရှိသည်။ ၎င်း တရားတိပ်ခွေများ၊ မှတ်တမ်းစာအုပ်များ ရှိနေပေသည်။

ဆရာတော်သည် ပါဠိဘာသာကို တစ်ဖက်ကမ်းရောက်တတ်မြောက်ရုံသာမက မြန်မာစာအရေးအသား၌လည်းအထူးကျွမ်းကျင်တော်မူ၏။ ယင်းဂုဏ်နှစ်ပါးကြောင့် သာသနာတော်တွင် ရေးကမပေါ်ပေါက်ခဲ့ဖူးသော အလွန်ထူးခြားသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကိုရေးသား၍ ဓမ္မအမွေပေးတော်မူခဲ့ပေသည်။ မြန်မာစကားပြေ အရေးအသားသာမက မြန်မာကဗျာ၌လည်း ကျွမ်းကျင်တော်မူ၏။ ဆရာတော်၏ လက်ရာ ကဗျာလင်္ကာများကို ဟောစဉ်တရားများ၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ မှတ်တမ်းစာအုပ်များ၌ တွေ့ရပေသည်။

ဤသို့ တရားဟောခြင်း၊ စာပေရေးသားခြင်း၊ ကျမ်းဂန်ပြုစုခြင်းများအပြင် ဘာသာရေးအသင်းအဖွဲ့များ၏နာယက ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ်စသော ကြီးမားသောတာဝန်များကိုလည်း ကျေပွန်အောင်ဆောင်ရွက်တော်မူခဲ့သည်။

တိုင်းပြုပြည်ပြုသာသနာပြုကုသိုလ်ကြီးများ အောင်အောင်မြင်မြင်အကောင်အထည်ဖော်ပြီးနောက် သက်တော် ၈၁-နှစ်ပြည့်ခါနီး သုံးလလောက်အလိုတွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးမှာ လူကြီးရောဂါ ဝေဒနာစွဲကပ်လာပါသည်။ ကျွမ်းကျင်သောဆရာဝန်ကြီးများက စစ်ဆေးကြည့်ရာ သလိပ်များသောရောဂါမှတစ်ပါး အခြားရောဂါထူးမရှိဟုဆိုသည်။ သို့ရာတွင် ဆရာတော်ကမူ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏သဘောကို နားလည်ထားသော ပညာရှိသူတော်ကောင်းပီပီ အချိန်မရွေး ဖောက်ပြန်ပျက်စီးနိုင်သည်ဟု မြင်တော်မူသည်။ သို့အတွက် သေခြင်းတရားကို ရင်ဆိုင်နိုင်ရန်ဘာဝနာတရားကို အသင့်ပြင်လက်ကိုင်ထားပေသည်။

လူဆိုးပေါသောခရီးကိုသွားသူသည် အကွယ်အကာလက်နက်မပါလျှင် လူဆိုးများ၏နှိပ်စက်သတ်ဖြတ်မှုကို မခုခံနိုင်သလို ဘာဝနာလက်နက်မပါသူသည်လည်း သေမင်း၏နှိပ်စက်မှုဒဏ်ကို ခေါင်းငုံ့ခံရတတ်သည်။ ဤသဘောတရားကို ဆရာတော် သိမြင်ထားပေသည်။

ရောဂါဝေဒနာစွဲကပ်တော်မူစဉ်မှာပင် ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ သာသနာရေးကိစ္စဖြင့် ရန်ကုန်သို့ကြွလာတော်မူ၍ စကားဝါလမ်း၊ တိပိဋကကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ၁၃၅၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉-ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ လာရောက်ဖူးမြော်ရာ အောက်ပါဂါထာကိုရွတ်၍ ဩဝါဒပေးလျက် ဓမ္မသံဝေဂ ပွားတော်မူခဲ့ပါသည်။

နာဟံ ဒါသော ဘဋ္ဋော တုယှံ၊
နာဟံ ပေါသေမိ ဒါနိ တံ။
တံ ယေဝ ပေါသေဿာ စိရံ၊
သံသာရေ သံသရိံ အဟံ။

ဟယ်ခန္ဓာကိုယ်၊ ငါသည် သင်၏ အစေခံမဟုတ် အခစားမဟုတ်၊ ယခုအခါ ငါသည် သင်ခန္ဓာကိုယ်ကို မပြုစုမလုပ်ကျွေး မမွေးမြူတော့အံ့။ ငါသည် သင်ခန္ဓာကိုယ်အကောင်ပုပ်ကို လုပ်ကျွေးပြုစု ယုယလျက် ကြာမြင့်စွာသံသရာ၌ ကျင်လည်ခဲ့ရပေပြီ။

ထိုနေ့မှာပင် တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာကပင်မအဖွဲ့၏ဥက္ကဋ္ဌကြီးဦးသာလှအားလည်း မိမိကဲ့သို့တရားနှလုံးသွင်းနေရန် ကိသာဂေါတမီထေရီ၏ မျက်ရည်သိမ်းဂါထာကိုရွတ်၍ သတိပေးတော်မူပါသည်။

န ဂါမဓမ္မော နိဂမဿ ဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသောဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မမြဲခြင်းသဘောသည် တစ်

ယောက်တစ်အိမ် တစ်ရွာတစ်နယ် တစ်မြို့တစ်နိုင်ငံနှင့်သာ ဆိုင်သောသဘောမဟုတ်။ ကမ္ဘာလောကအတွင်းရှိ သက်ရှိသတ္တဝါအားလုံးတို့နှင့်ဆိုင်သော ထုံးစံဖြစ်သည်။

ဗုဒ္ဓလက်ထက်တော်က သာဝတ္ထိတွင် ကိသာ ဂေါတမီမည်သော သူဌေးသမီးရှိ၏။ တစ်နေ့၌ သူမ၏ ပြေးလွှားကစားနိုင်သောအရွယ်ရှိသားလေး သေဆုံးလေသည်။ ကိသာဂေါတမီသည် သားလေး၏ရုပ်ကလာပ်ကို မပြစ်ရက်ဘဲ ပွေ့ပိုက်၍ တစ်မြို့လုံးအနှံ့ လှည့်လည်လျက် ပြန်၍ အသက်ရှင်စေနိုင်သောဆေးကို တွေ့သူတိုင်းအား မေးမြန်းလေသည်။ မည်သူကမျှ မပြောနိုင်။ နားလည်သူ ဒကာတစ်ယောက်က 'မြတ်စွာဘုရားထံသွားပါ၊ မြတ်စွာဘုရားကတော့ ပြန်ရှင်နိုင်သော ဆေးနည်းကို သိပါလိမ့်မည်'ဟု ညွှန်လိုက်လေသည်။

ကိသာဂေါတမီသည် ဘုရားရှင်ထံရောက်လာပြီး သားကလေးအား ပြန်ရှင်အောင်လုပ်ပေးပါရန် တောင်းပန်သည်။ ဘုရားရှင်က 'လူမသေဖူးသောအိမ်မှ မုန့်ညှင်းဆီအနည်းငယ်ရှာယူခဲ့'ဟု ခိုင်းတော်မူလိုက်သည်။ ကိသာဂေါတမီသည် မုန့်ညှင်းဆီလိုက်ရှာလေရာ လူမသေဖူးသောအိမ်ကို မတွေ့ရ။ အဘိုး,အဘွား, အဖေ, အမေ, သား, သမီး, မြေး, မြစ်, ညီ, အစ်ကို, အစ်မ, နှမ, မောင်, ညီမ, ချွေးမ, သမက်, ဦးကြီး, ဦးလေး စသည် တစ်ဦးဦးသေဖူးသောအိမ်ချည်းဖြစ်နေ၏။ သို့ဖြစ်၍ ကျောင်းသို့ပြန်လာရာ ဘုရားရှင်က အထက်ဖော်ပြပါဂါထာကို မိန့်တော်မူသည်။ ဤတရားနာရမှ ကိသာဂေါတမီ သဘောပေါက်၍ တရားထူးရလျက် သောကမီးငြိမ်းအေးကာ မျက်ရည်သိမ်းနိုင်ခဲ့ပါသည်။

ဆရာတော်သည် လွန်ခဲ့သော နှစ် ၃၀-ခန့်ကတစ်ကြိမ်မကျန်းမမာဖြစ်ခဲ့ဖူး၏။ ထိုစဉ်ကပင် ဘာဝနာကို အထူးအားကိုးပွားများခဲ့သည်ကို တွေ့ရသည်။ ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄-ရက်ညတွင် ဆရာတော် အိပ်ပျော်နေခိုက် အိပ်မက်မက်သလို တစ်စုံတစ်ယောက်၏ ပြောသံကိုကြားရသည်မှာ ဇီဝိတသန္တတိ ၂-နာရီသာ ကျန်တော့သည်။ အရှင်ဘုရားရဲ့ အသက် နောက်ထပ် ၂-နာရီကြာလျှင် သေလိမ့်မည်ဟုဆိုလို၏။ ထိုအခါ အိပ်မက်ထဲမှာပင် သံသရာခရီးသွားရလိမ့်ဦးမည်။ ဘာကိုအားကိုး၍ သွားရပါမည်နည်းဟု ဆက်၍ဆင်ခြင်သည်။ ထိုသို့ဆင်ခြင်သောအခါ မိမိနှုလုံးသွင်းနေကြဖြစ်သည့် စူဠရာဟုလောဝါဒသုတ်တော်လာ ဆပဉ္စကဓမ္မဝိပဿနာပညာကို အားကိုးပြုရမည်ဟု အိပ်မက်ထဲမှာပင် ဆင်ခြင်မိလေသည်။

လန့်နိုးသောအခါ ဉဒါန်းကျူးသည့် သဘောဖြင့်-

၁။ မမေ့မလျော့ကြနှင့်၊

၂။ သေခြင်းတရားနှင့် အချိန်းအချက်မရှိဘူး၊

၃။ ကိုယ်လုပ်ရမည့် လောကဓမ္မစီးပွားများကို မြန်မြန်လုပ်ကြ။

ဤစကားသုံးခွန်းကို နှုတ်ကဆိုမိလေသည်။

ထိုအချိန်မှစ၍ မိမိတို့ထံသို့ လူနာမေးရောက်လာသူတို့အား ဤတရားသုံးမျိုးကို ပြောလိုက်ရမှ ဝတ္တရားကျေပွန်သည်ဟု အောက်မေ့မိလေသည်။

တစ်ဖန် ၁၃၂၅-ခုနှစ်၊ သီတင်းကျွတ်လလောက်မှာ ရှမ်းပြည်နယ် အင်းလေးမှ ဒကာ ဦးလှ+မခင်ပုတို့ ဓမ္မနာဒတိုက်သို့ရောက်လာ၍ တန်ဆောင်မုန်းလ၌ ကျင်းပမည့် ဆရာတော်၏ မွေးနေ့ပူဇော်ပွဲတွင် သံဝေဂဓမ္မလက်ဆောင်လင်္ကာပါသောယပ်တောင် လှူဒါန်းလိုကြောင်း လျှောက်ထားကြသည်။ ထိုအခါ သံဝေဂသုံးပါးအမြဲဖြစ်ပွားနေသော ဆရာတော်သည် အောက်ပါလင်္ကာကို ရေးပေးတော်မူခဲ့သည်။

မဟာဗုဒ္ဓဝင်ကျမ်းပြုစုတော်မူနေပုံ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍၊ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငှာဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်ကမှ၊ မရှိကြဘူး၊ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။ ဘုရားစကား၊ လိုက်နာပွားသည်၊ တရားလက်မလွတ်စေလင့်။

ယခုအခါ ဗုဒ္ဓဘာသာဝင်တို့၏ နာရေးကိစ္စများ၌ ယပ်တောင်ကမ်းသောအခါ ဤဓမ္မသံဝေဂလင်္ကာများ ပါရှိသဖြင့် ရဟန်းရှင်လူ ပြည်သူအများ၏ နှလုံးသားထဲသို့ ရောက်ရှိနေကြသည်။

ဤမျှဖြင့် ဓမ္မစာပေပါဠိနယ်ပယ်၌ မဝင်နိုင်သေး၍ ပါဠိစာပေသမိုင်းတွင် မှတ်တမ်းတင်နိုင်စေရန် ဂါထာပါဠိနှင့် အနက်ရေးဖွဲ့တော်မူခဲ့သည်။

အပ္ပမတ္တာ သဒါဟောထ၊ ဉတွာ သင်္ခါရ ဓမ္မတံ။
သကိစ္စမနုယုဉ္ဇေါ၊ နတ္ထိ နော မစ္စုသင်္ဂရံ။

ဤဂါထာကို မြန်မာလင်္ကာများဖြင့် တန်ဆာဆင်လျက် သံဝေဂဉာဏ် ရင့်သန်စေရန် အနက်ပေးတော်မူခဲ့သည်။ ယခုအခါ ဤဂါထာပါဠိအနက်များကို ဆရာတော်၏ ဟောစဉ်တရားများ၌ အထင်အရှားတွေ့ရပေသည်။

သံဝေဂဉာဏ် ဘာဝနာဉာဏ်များ အမြဲရင့်သန်နေသော ဆရာတော်သည် မိမိ၏ အသက်အပိုင်းအခြားကို သိနေတော်မူသလို 'သစ်ပင်ကြီးများ အိုပြီးအမြစ်ပါဆွေးလျှင် ရေလောင်းလို့မရဘူး'ဟု မိန့်တော်မူသည်။ တစ်ဆက်တည်းပင် မိမိ၏ နောက်ဆုံးခရီးဝယ် ရဟန်းရှင်လူပြည်သူများက အကြီးအကျယ် ပူဇော်ကြလိမ့်မည်၊ ဒကာဒကာမများ လှူကြလိမ့်မည်၊ အချိန်ကုန် ငွေကုန် လူပန်းဖြစ်နိုင်သည်။ ရဟန်းတော်များလာကြလျှင် ပရိယတ်ပဋိပတ် အလုပ်ပျက်လိမ့်မည်၊ ဤသည်ကို မလိုလား။

သို့ဖြစ်၍ နောက်ဆုံးမှာတမ်းအဖြစ် မိန့်တော်မူသည်မှာ-

၁။ မိမိကွယ်လွန်လျှင် သုံးရက်ပဲထားပါ။

၂။ အရိယာပုဂ္ဂိုလ်ရှစ်ပါးကိုမှန်း၍ သံဃာရှစ်ပါးပင့်ပါ။

၃။ ထိုသံဃာရှစ်ပါးအား ပရိက္ခရာရှစ်ပါးလှူပါ။

၄။ ထိုသုံးရက်အတွင်း နဝကမ္မကျပ်-၅၀၀၀ ထက် မပိုပါစေနှင့်။

၅။ သုံးရက်မြောက်နေ့တွင် ဓမ္မာနာဒတိုက်အနီးရှိ မန်ကျည်းပင်တန်းသို့ထုတ်၍ ရုပ်ကလာပ်ကို မီးရှို့ပါ။

၆။ အရိုးနည်းနည်းကျန်နေသေးလျှင် အိုးကလေးထဲထည့်၍ အပေါက်ကလေး သုံးပေါက်ဖောက်၍ မြစ်ထဲ ချလိုက်ပါ။

ဤသည်မှာ ဘဝ၏ တန်ဖိုးမရှိပုံ၊ ဓမ္မကသာ တန်ဖိုးရှိပုံကို သိနေသောပုဂ္ဂိုလ်များ၏ စိတ်ရင်းအတိုင်း မိန့်ဆိုချက်ဖြစ်သည်။

မင်းကွန်းဆရာတော်ကြီး နာမကျန်းဖြစ်တော်မူစဉ်

ဒုက္ခဝေဒနာ ပြင်းထန်စွာခံစားရသော်လည်း ဖောက်ပြန်ညည်းညူ မျက်နှာတော် အမူအရာမပြောင်း၊ သတိသမ္ပဇဉ်ကင်းသည်ကို မတွေ့ရပေ။

၁၉၅၄-ခုနှစ်၊တပို့တွဲလပြည့်ကျော် ၁-ရက်နေ့၊ နေ့လယ် ၁-နာရီတွင် ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှတပည့်တော်နှင့်တကွ တာဝန်ရှိသူများသွားရောက်ဖူးမြော်ပါသည်။ ယခု ဓမ္မနာဒတိုက်အုပ်ဆရာတော်က 'ရန်ကုန်သာသနာ့တက္ကသိုလ်မှနာယကများက တက္ကသိုလ်သံဃာတော်များ၏ကိုယ်စား ဆရာတော်အား လာရောက်ကန်တော့ပါသည်'ဟု လျှောက်ထားသောအခါ မျက်လုံးဖွင့်၍ အသိအမှတ်ပြုတော်မူပါသည်။

ဆရာတော်ကြီးသည် မိမိပြုလုပ်ခဲ့သမျှ သာသနာပြုကောင်းမှုများကို အာရုံပြုလိုက်၊ မိမိရုပ်နာမ်ကို အာရုံပြုလိုက်နေတော်မူပါသည်။ တပို့တွဲလပြည့်ကျော် ၃-ရက် ညနေ ၄-နာရီ ၄၄-မိနစ်အချိန်၌မူ အလွန်ကြည်လင်သော မျက်နှာတော်ဖြင့် ဖောက်ပြန်မရှိ ပကတိတည်ငြိမ်စွာ သတိမမေ့ဘဲ မလှုပ်မယှက် ဝိညာဉ်တော်ချုပ်ငြိမ်းလျက် တစ်ဘဝဇာတ်သိမ်းတော်မူပါသည်။

အသမ္မုဋ္ဌေ ကာလံ ကရောတိ=သီလရှိသူသည် မတွေမဝေ သတိမမေ့ဘဲ သေရ၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ=တရားကိုစောင့်သူကို တရားကပြန်စောင့်၏-ဟူသော တရားတော်နှင့်ညီလှသော ပညာရှိသူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးပါလားဟု အာရုံပြုမိပါသည်။ ။

အရှင်ပဏ္ဍိတာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
နာယကချုပ်၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)။

အလွန်ကံကောင်းကြသော မြန်မာပြည်ရဟန်းတော်များ

အရှင်ယောသိတ

(တစ်ဘဝသာသနာ)

* ကပိလဝတ် နေပြည်တော်သို့ ဘုရားရှင် ကိုယ်တော်မြတ် အဦးဆုံး ကြွလာတော်မူပြီးစသာသာဖြစ်သည်။ ပွင့်ထွန်းတောက်ကြွားသော ဘုရားရှင်ကိုယ်တော်မြတ်သည် စိမ်းစိုရွှန်းမြသော အနုပိယသရက်ပင်ပျို ဥယျာဉ်တောအုပ်ကြီး၌ သီတင်းသုံးတော်မူခိုက်ဖြစ်၏။

ဘဒ္ဒိယမင်း၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ် ဟူသော သာကီဝင်မင်းသားခြောက်ယောက်တို့နှင့်အတူ ဥပါလိသည် သာသနာ့ဘောင်သို့ ရဟန်းဖြစ်ပြီးနောက် ဘုရားထံမှောက်တွင် ဤသို့ လျှောက်တော့သည်။

'မြတ်စွာဘုရား...၊ တပည့်တော်အား ကမ္မဋ္ဌာန်းပေးတော်မူပါ။ ဆိတ်ငြိမ်ရာ တောသို့ သွား၍ တစ်ပါးတည်း နေပါအံ့၊ ခွင့်ပြုတော်မူပါဘုရား'။

ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်က နောင်ရေးကို ထောက်ထားပြီး ဤသို့ မိန့်တော်မူ၏။

'ရဟန်း...၊ ငါဘုရားနှင့်ခွဲ၍ တောထဲမှာ တစ်ပါးတည်းနေလျှင် ဝိပဿနာဓူရ တစ်ခုမျှသာ ပြည့်စုံမည်။ ငါဘုရားအနားမှာနေလျှင်တော့ ဝိပဿနာဓူရ, ဂန္ထဓူရ နှစ်ဝလုံး ပြည့်စုံနိုင်လိမ့်မည်'။

ဥပါလိရဟန်းသည် ရွှင်လန်းအားတက်သွားတော့၏။ နှလုံးအိမ်ပီတိလွှမ်း၍ ဝမ်းသာသွားရတော့သည်။ ဝမ်းမသာဘဲနေနိုင်မည်လော။

ဘုရားရှင်ကိုယ်တော်မြတ်ကပင် မိမိဘဝအတွက် ခြေချ၍ လျှောက်ရမည့်လမ်းကို အရေးတယူ မှုချလျက် ပေးနေပြီ မဟုတ်ပါလား။

ထိုစကားတော်အတိုင်း လိုက်နာနေထိုင်ရာ မကြာမီ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော့၏။ ပိဋကတ်ကိုလည်း ဘုရားရှင်ကိုယ်တော်တိုင် သင်ပြပေးသဖြင့် ဝိနည်းအရာ၌ ခေါင်ထိပ်သို့ရောက်ရလေတော့သည်။ ထို့ကြောင့် ဝိနည်းအရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရ၏။

ဤနေရာတွင် ဘုရားရှင်၏အလိုဆန္ဒတော်ကို ခန့်မှန်းနိုင်ပါပြီ။ သာသနာတွင်းသို့ ရောက်လာသော ပုဂ္ဂိုလ်တို့အား အစွမ်းသတ္တိအလျောက် ဓူရတစ်ပါးကို ဖြစ်စေ၊ ဓူရနှစ်ပါးလုံးကိုဖြစ်စေ ဆောင်စေတော်မူလို၏။ အကြောင်းမှာ-သာသနာတော်ကြီး အရှည်ခံ့၍တည်တံ့စေတော်မူလိုသော ကြောင့် ဖြစ်ပေသည်။

ကန်ရှိမှ ရေတင်၊ ရေတင်မှ ကြာပွင့်

ထို့ကြောင့်လည်း ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်တုန်းက စွမ်းနိုင်သောရဟန်းတော်တို့သည် နိကာယ်ကြီးတစ်ခုကို ဖြစ်စေ၊ နှစ်ခု၊ သုံးခု၊ လေးခုကိုဖြစ်စေ၊ ငါးခုလုံးကိုဖြစ်စေ ဆောင်ထားတော်မူကြ၏။

မိမိတို့ သန်ရာသန်ရာ အချို့က သုတ္တန်ဘက်၊ အချို့က ဝိနည်းဘက်၊ အချို့က အဘိဓမ္မာဘက်ကို ဆောင်ရွက်တော်မူခဲ့ကြ၏။ ဤသို့ ဆောင်ရွက်တော် မူကြသည်ကို 'ပရိယတ်သာသနာ့ တာဝန်ထမ်းသည်' ဟု ဆိုရ၏။ 'ဂန္ထဓူရတာဝန်ကို ယူသည်' ဟုလည်း ဆိုနိုင်သည်။

ဤသို့ ဆောင်ရွက်တော်မူကြသည်ကို အဋ္ဌကထာဆရာအရှင်မြတ်တို့က ဤသို့ ဥပမာပေးတော်မူကြ၏။

၁။ ပရိယတ်အလုပ်သည် ကန်ပေါင်ဆည်ဖို့ခြင်းနှင့် တူ၏။

၂။ ကျင့်ကြံအားထုတ်မှုပဋိပတ်သည် ထိုကန်အတွင်းမှ ရေတွေနှင့်တူ၏။

၃။ တရားထူး သိမြင်မှု ပဋိဝေဓသည် ထိုရေတွင်းမှ ဖူးပွင့်သော ကြာဖူးကြာပွင့်တို့နှင့်တူသည်-ဟူ၍။

ရေနှင့် ကြာဖူးကြာပွင့်တို့သည် စားသောက်သုံးစွဲဖို့ရာ အဓိကဖြစ်သော်လည်း ရေကန်ဆည်ဖို့ထားမှု မရှိလျှင် ထိုအရာတို့သည် လုံးဝခပ်သိမ်း ဖြစ်ပေါ်မလာနိုင်ချေ။ ထို့အတူပင် သာသနာတော်၌ ပဋိပတ်-ပဋိဝေဓတို့သည် အဓိကဖြစ်သည်ဟု ဆိုရသော်လည်း ပရိယတ်မတည်ရှိခဲ့ပါလျှင် ထိုအရာခပ်သိမ်းတို့ ပေါ်ပေါက်ခွင့်မရဘဲ ပျောက်ကွယ်ရချေတော့မည်။

ထို့ကြောင့်ပင် ဘုရားရှင်ကိုယ်တော်မြတ်က ပရိယတ်ဆောင်မှု ဟူသော ဂန္ထဓူရကို ညွှန်ပြအားပေးတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ထိပ်ခေါင်တင်ကြီးများ တာဝန်ကျေခဲ့ကြ

ဤသဘောအတိုင်းပင် ပထမသင်္ဂါယနာအပြီးတွင် ထိပ်ခေါင်တင် အရှင်မဟာကဿပမထေရ်ကြီးက ဤသို့ ဝေပုံချ၍ မိန့်ဟည့္စန်ကြားတော်မူခဲ့၏။

'ဝိနည်းပိဋကတ်တို့ကို အရှင်ဥပါလိ၏ တပည့် အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက်ကြပါ'။

'သုတ္တန်ပိဋကတ်တို့ကို အရှင်အာနန္ဒာ၏ တပည့် အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက်ကြပါ'။

အဘိဓမ္မာပိဋကတ်တို့ကို (အဘိဓမ္မာဘက်တွင် ဝက်ဝက်ကွဲ ပိုင်နိုင်ကြသော) အရှင်သာရိပုတ္တရာ၏တပည့် အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက်တော်မူကြပါ' -ဟူ၍။

ဤနည်းအားဖြင့် အဆက်ဆက်တာဝန်ကျေကျေ ဆောင်ရွက်တော်မူလာခဲ့ကြ၍သာ ယခုအခါ တိုင်အောင် သာသနာတော်ကြီးသုံးရပ် မတ်မတ်ခန့်ထည်မပျောက်ကွယ်ဘဲ တည်ရှိလာခဲ့နိုင်ခြင်း ဖြစ်ပေသည်။

ထိုတွင်လည်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ ရှိကြရာ၌ ပရိယတ်ကိုအခြေခံသော မြန်မာနိုင်ငံက သာ၍ ကြံ့ကြံ့ခိုင်ခဲ့သည်ကို မျက်မြင်ဒိဋ္ဌတွေ့ရှိနိုင်ကြပါ၏။ သာဓကမှာ ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ နှစ်ကြိမ်တိုင်တိုင် တင်ခွင့်ရသည်က သက်သေခံလျက် ရှိပါသည်။

ဆဋ္ဌသင်္ဂါယနာ ခေါင်းဆောင်ကြီး၏ တာဝန်သိမှု

ယခုအခါတွင်လည်း ဤတာဝန်တို့ကို ဆက်လက် ထမ်းဆောင်နိုင်ဖို့ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသက မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေတွင် မူချ၍ ဌာနကြီးတစ်ခု ဖွင့်လှစ် ဆောင်ရွက်ခဲ့လေပြီ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ ဦးဆောင်၍ နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာတော်များအတွက် 'နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ' ဖွင့်လှစ်ရန်လည်း စီမံနေကြလေပြီ။

မကြာမီ အချိန်အတွင်း ပညာစုံသင်ကြားပေးသော တစ်ချိန်တုန်းက အိန္ဒိယမှ နာလန္ဒာတက္ကသိုလ်ကြီးကဲ့သို့ တက္ကသိုလ်ကြီးများ၊ မန္တလေးမြို့ကြီး၌ တစ်ခု၊ ရန်ကုန်မြို့ကြီး၌ တစ်ခု ပေါ်ပေါက်လာတော့မည်။

ရှေးရှေးသော သင်္ဂါယနာတင် ထိပ်ခေါင်တင် ခေါင်းဆောင်မထေရ်ကြီးများက တာဝန်သိသိဖြင့် စီစဉ်ဆောင်ရွက်ခဲ့ကြသလို ယခုခေတ် ဆဋ္ဌသင်္ဂါယနာ၏ ခေါင်းဆောင်ကြီးတစ်ပါးဖြစ်သော ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသကလည်း တာဝန်သိ၍ တာဝန်ရှိရှိဖြင့် ဆောင်ရွက်တော်မူနေချေပြီ။

သို့ဖြစ်၍ စွမ်းနိုင်သောအမျိုးကောင်းသားမြန်မာရဟန်းတော်များတို့သည် အားပါးတရသင်ယူကြ၍ သာသနာ့တာဝန်ကြီးများကို အပြည့်အဝထမ်းဆောင်နိုင်ခွင့်ရကြပေတော့မည်။

ထို့ကြောင့် မြန်မာပြည် ရဟန်းတော်များကား အလွန့်အလွန် ကံကောင်းကြလေစွ ... ။

အရှင်ယောသိတ
(တစ်ဘ၀ သာသနာ)

ဘုရား
နှင့်တွေ့ရမည့်
တက္ကသိုလ်

ဒေါက်တာအရှင်ဉာဏိဿရ
(သီတဂူဆရာတော်)

နှစ်တွေကြာညောင်းခဲ့ပြီးဖြစ်၍ စနစ်တွေလည်း ပြောင်းခဲ့လေပြီ။ ပထမသင်္ဂါယနာတင်ပွဲကြီးအပြီးမှာ သာသနာ့ဝန်ဆောင် သံဃနာယကမထေရ်ကြီးများက သာသနာတည်တံ့ပြန့်ပွားရေးအတွက် နိကာယ်ကြီးငါးရပ်ကို ဆောင်ရွက်ပို့ချရန် ဘာဏကမထေရ်များအား အုပ်စုခွဲ၍ တာဝန်ပေးတော်မူခဲ့ကြပါသည်။

ပထမအကြိမ် သံဃာ့အစည်းအဝေးကြီးက စုစည်းစီစဉ် အတည်ပြု လက်ခံထားခဲ့သော နိကာယ်ငါးရပ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးရာ၌ အရှင်ဥပါလိနှင့် တပည့်များ အဖွဲ့က ဝိနည်းပိဋကကိုလည်းကောင်း၊ အရှင်အာနန္ဒာနှင့်တပည့်များအဖွဲ့က ဒီဃနိကာယ်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာ၏တပည့်များအဖွဲ့က မဇ္ဈိမနိကာယ်နှင့် အဘိဓမ္မာခုနစ်ကျမ်းကိုလည်းကောင်း၊ အရှင်မဟာကဿပနှင့် တပည့်များအဖွဲ့က သံယုတ္တနိကာယ်ကို လည်းကောင်း၊ အရှင်အနုရုဒ္ဓါနှင့် တပည့်များအဖွဲ့က အင်္ဂုတ္တရနိကာယ်ကို လည်းကောင်း အသီးသီး တာဝန်ယူတော်မူခဲ့ကြ၍ နှုတ်ဆင့်ကမ်း သယ်ဆောင်တော်မူလာခဲ့ကြသည်မှာ သာသနာနှစ်ငါးရာစုသို့ရောက်ခဲ့သည်။

သာသနာနှစ် ငါးရာစုမှ နှစ်ဆယ့်ခြောက်ရာစုအထိ နှုတ်မှ ပေရွက်ပေါ်သို့ လည်းကောင်း၊ ပေမှ ကျောက်သို့ လည်းကောင်း၊ ကျောက်မှ စက္ကူသို့ လည်းကောင်း အဆင့်ဆင့် ကူးပြောင်းလာခဲ့ပေသည်။ နိကာယ်ဆောင်မထေရ်တို့၏ကျေးဇူးကား နှစ်ပေါင်း ငါးထောင်ဆပ်လို့မကုန်အောင် ကြီးမားလှပါပေသည်။

နှုတ်ဆောင်တစ်ခေတ်ဆန်း

နှုတ်ဆောင်တစ်ခေတ်သည် သိပ်မကြာခဲ့ပေ။ နှစ်ပေါင်း ငါးရာခန့်သာ အားကောင်း ခဲ့သည်။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများ ရှားပါးသွားသည့်အခါ နိကာယ် နှုတ်ဆောင်ခေတ်လည်း တိမ်ကောလာခဲ့ရသည်။

ရှင်မဟိန္ဒနှင့် ရှင်မသံဃမိတ္တာတို့ သယ်ဆောင်သွားသော သီဟိုဠ်ရောက် ဗုဒ္ဓသာသနာသည် နှုတ်ဆောင်အဖြစ် နှစ် ၂၀၀ - ကျော်မျှသာ တည်ရှိခဲ့သည်။ ရှင်မဟိန္ဒတို့ သာသနာပြုအဖွဲ့ သာသနာနှစ် ၂၃၆-တွင် သီဟိုဠ်သို့ ရောက်သည်။ ပိဋကသုံးပုံကို အရှင်တို့ နှုတ်ဖြင့်သယ်ဆောင်သွားကြခြင်း ဖြစ်သည်။

နှုတ်ဆောင်ဘာဏကမထေရ်တို့ သဒ္ဓါ, သတိ, သမာဓိ, ပညာ အား နည်းပါး လာခြင်း၊ တိုင်းပြည် ဘေးဒုက္ခများလာသဖြင့် မင်းနှင့် ပြည်သူတို့၏အနုဂ္ဂဟ အားနည်း လာခြင်း အကြောင်းတို့ကြောင့် သာသနာနှစ် ၄၅၀-တွင် နှုတ်မှပေသို့ ကူးပြောင်းခဲ့ရသည်။ ထိုကို စတုတ္ထသင်္ဂါ ယနာတင်သည်ဟု ဆိုသည်။

သူပုန်ထသဖြင့် ရှင်ဘုရင်တောမှာပြေးပုန်းနေရသော ၁၄-နှစ်တာကာလပတ်လုံး သစ်သီးသစ်ရွက်ကို စား ရေကို သောက်လျက် ပိဋကတ်ကို ရွတ်ဆိုနေကြသော သီဟိုဠ်ဘာဏကမထေရ်တို့၏ သဒ္ဓါ, ဝီရိယကား အံ့ဖွယ်လိလိ ဖြစ်ပေ၏။

တိုင်းပြည်အေးချမ်း၍ ရှင်ဘုရင်ပလ္လင်ပြန်အရ ဘာဏကဓာရကမထေရ်တို့ကို စုရုံး၍ နိကာယ်ကျမ်းတို့ကို စစ်ဆေးရာ ဒီဃဘာဏက၊ မဇ္ဈိမဘာဏက၊ အင်္ဂုတ္တရဘာဏက၊ သံယုတ္တဘာဏက၊ ဝိနယဓရ အဘိဓမ္မိကပုဂ္ဂိုလ်တို့ကို များစွာတွေ့ရကုန်၏။ ကျမ်းအရေအတွက် အများဆုံးဖြစ်သော ခုဒ္ဒကနိကာယ်တွင် မဟာနိဒ္ဒေသကျမ်းကို ဆောင်ထားသူ ရှာမရ ဖြစ်နေသည်။ သို့ဖြစ်သောကြောင့် ၎င်းကျမ်းကွယ်ပျောက်လုလုသို့ ရှိသည်။ မထေရ်တို့ ကြိုးစား၍ ရှာကြရာ မဟာနိဒ္ဒေသဘာဏကဒုဿီလ ပုဂ္ဂိုလ်တစ်ပါး ရှားရှားပါးပါး တွေ့ရလေသည်။

မထေရ်ကြီးများက ဆောင်နိုင်စွမ်းရှိသည့် မထေရ်တစ်ပါးကို ထိုပုဂ္ဂိုလ်ထံမှ သင်ယူရန်ညွှန်ကြားကြရာ ညွှန်ကြားခံရသူ မထေရ်က မသင်ယူလိုကြောင်း ငြင်းဆိုလေသည်။ အထပ်ထပ် တိုက်တွန်းမှ သင်ယူလေသည်။ ဤဖြစ်ရပ်တို့ကား သာသနာ နှစ် ၄၄၀-က စခဲ့သော ဝဋ္ဋဂါမဏိမင်းနှင့် ဗြာဟ္မဏတိဿ သူပုန်တို့ ၁၄-နှစ်ကြာ စစ်ပွဲအပြီး စတုတ္ထသင်္ဂါယနာမတင်မီက ဖြစ်ရပ်များတည်း။

တိပိဋကဓရလောင်းလျာသံဃာတော်များ

ပြောင်းလဲလာသော ပညာရေးစနစ်

စတုတ္ထသင်္ဂါယနာတင်ပြီးနောက် သာသနာငါးရာစုနောက်ပိုင်း၌ကား ဘာဏကဓာရကပုဂ္ဂိုလ်တို့ ရှားပါးသွားခဲ့လေသည်။ မဟာယာန မဟာသံဃိကဂိုဏ်းက ကြီးမှူးတည်ထောင်ခဲ့သော အိန္ဒိယပြည်၊ မဂဓတိုင်း၊ နာလန္ဒတက္ကသိုလ်ကြီး ရှိလေသည်။ ယနေ့ နာလန္ဒ တက္ကသိုလ်ကား ပါဠိဘာသာတစ်ခုကိုသာ ဦးစားပေးသင်ကြားပို့ချနေပေသည်။ ဗာရာဏသီတက္ကသိုလ်ကတော့ သက္ကတဘာသာကို ဦးစားပေး သင်ကြား ပို့ချနေသည်။

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၌ သာသနာငါးရာစုခေတ်က စတင်ထင်ရှားခဲ့သော မဟာဝိဟာရကျောင်းတိုက်ကြီးများ၊ ဇေတဝနဝိဟာရ၊ အဘယဂီရိဝိဟာရကျောင်းတိုက်ကြီးများလည်း အယူဝါဒကွဲပြားပြီး ပျက်စီးပျောက်ကွယ်ခဲ့ကြကုန်ပြီ။

ယနေ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဝိဇ္ဇောဒယဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီးများလည်း ဥရောပ၊ အမေရိက ကောလိပ်များ၏ ပညာရေးစနစ်ကိုအတုယူ၍ ခေတ်မီ

ပညာရပ်များကို သင်ကြားပို့ချနေကြပြီ ဖြစ်၍ နိကာယ်ငါးရပ် ကျွမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်များပေါ်ထွက်လာရန် ခဲယဉ်းလှဘိ၏။

ယနေ့ သီရိလင်္ကာရဟန်းတော်များ၏ ပညာရေးစနစ်သည် ပါဠိဘာသာသုတ္တန်ကောက်နုတ်ချက်များလောက်သာ သင်ကြားသောစနစ်ဖြစ်သည်။ နိကာယ်များကို အစအဆုံး သင်ကြားသောစနစ်မဟုတ်တော့ချေ။

ထိုင်းနိုင်ငံသံဃာတော်များ၏ မဟာချူလာတက္ကသိုလ်ကြီးမှာလည်း ခေတ်မီပညာရပ်များကိုချည်း ဦးစားပေးကာ သင်ကြား ပို့ချပေးနေသောကြောင့် ထိုင်းသံဃာတော်များမှာ သုတ္တန်နှင့် အဘိဓမ္မာအတွက် ကောက်နုတ်ချက်လောက်ကိုသာ အစမ်းအမြည်းသဘောသင်ယူနေရပေသည်။ ရိုးရိုးပါဠိပညာရေးစာမေးပွဲမှာလည်း အဆင့်ကိုးဆင့် သတ်မှတ်၍ အမြင့်ဆုံးကျမ်းစာကို ဓမ္မပဒအဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ အဘိဓမ္မတ္ထဝိဘာဝနီနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့ကို ပြဋ္ဌာန်းထားပေသည်။ အဆင့်ကိုးဆင့်အောင် ပုဂ္ဂိုလ်၏အရည်အချင်းသည် မြန်မာပြည်က ပထမကြီးတန်းနှင့် ဓမ္မာစရိယ အတန်းကြားလောက်မှာ ရှိပေသည်။ ထို့ကြောင့် မြန်မာပြည်က နိကာယ်စာပြန်ပွဲများနှင့် တိပိဋကဓရစာပြန်ပွဲများ၊ နိကာယ်ဆောင်ပုဂ္ဂိုလ်များနှင့် ဧကပိဋက, ဒွိပိဋက တိပိဋကဆောင်ပုဂ္ဂိုလ်များအကြောင်း ပြောပြသောအခါ သီဟိုဠ်ရဟန်းတော်များ ထိုင်းရဟန်းတော်များ ရင်သပ်ရှုမော အံ့သြကြသည်။

အဆင့်အတန်းမြင့်သော မြန်မာနိုင်ငံပညာရေး

မြန်မာနိုင်ငံတွင် ပိဋကပညာရေးစနစ်ကား-

၁။ နိကာယ်လမ်းဖောက်သည့် ပညာရေးစနစ်၊

၂။ နိကာယ်လမ်းလျှောက်သည့် ပညာရေးစနစ်၊

၃။ နိကာယ်ဆောင် ပညာရေးစနစ်-ဟူ၍ ယနေ့ သုံးမျိုးရှိသည်။

ထိုတွင် ပထမငယ်, ပထမလတ်, ပထမကြီး, ဓမ္မာစရိယတန်း စနစ်များမှာ နိကာယ်ငါးရပ် ကူးခပ်နိုင်ဖို့ လမ်းဖောက်နေခြင်း ဖြစ်သည်။ ဤနည်းစနစ်ကို မန္တလေး စာသင်တိုက်ကြီးများကစပြီး အမြို့မြို့စာသင်တိုက်တိုင်းမှာ သင်ကြားပို့ချနေကြပေသည်။

နိကာယ်လမ်းလျှောက် ဆိုသည့် နိကာယ်ငါးရပ် ကျမ်းပေါက်သင်နည်းစနစ်ကို သင်ကြားပို့ချသည့် အရာမှာတော့ ပခုက္ကူစာသင်တိုက်ကြီးများသည် သာသနာ့စံပြများ ဖြစ်ကြပေသည်။

ပိဋကသုံးပုံအာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲ နှစ်မျိုးပါရှိသော ‘တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ’ကို နိုင်ငံတော် အစိုးရက ဥပဒေသတ်မှတ်၍ နှစ်စဉ်ကျင်းပသည်။ ၁၃၁၀ - ပြည့်နှစ်ကစသည့် စာမေးပွဲဖြစ်သည်။

တိပိဋကဓရအလောင်းအလျာများ တောတောင်လျှိုမြောင်သို့ ချဉ်းကပ်၍ မိမိတို့ အစီအစဉ်ဖြင့်သာလျှင် ခြိုးခြိုးခြံခြံ ခေါင်းခေါင်းပါးပါး ပိဋကတ်သုံးပုံကို ကျက်မှတ်လေ့လာတော်မူကြလေသည်။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက နိကာယ်သာသနာတော်ထွန်းကားရေးအတွက် မန္တလေး၊ ရန်ကုန်၊ ပဲခူးမြို့တို့၌ နိကာယ်စာမေးပွဲများဖြစ်အောင် ရွက်ဆောင်တော်မူခဲ့သည့်ပြင် နိကာယ်ဆောင်မည့် အရှင်တို့အတွက် ပစ္စည်းလေးပါး ချမ်းသာမည့် ကျောင်းတိုက်ကြီး (ရန်ကုန်မြို့ ကန်ဘဲ့ ဘူတာရုံလမ်း ပဉ္စနိကာယ သာသနာ့ဗိမာန်တော်) အကောင်အထည်ဖော်ဆောင် ဆောက်လုပ်နေစဉ်မှာပင် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့လေသည်။

တိပိဋကလောင်းလျာသံဃာတော်များ

တိပိဋက = နိကာယကျောင်းတိုက်ကြီး ပေါ်ထွန်းလာခြင်း

ယခုအခါ မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက မိမိ၏ ကာယစွမ်းအားတွေကို တိပိဋကနှင့် ပဉ္စနိကာယပရိယတ္တိသာသနာတော်ကြီးအတွက် စုပြုံအသုံးချလိုက်ရာ တိပိဋကဓရလောင်းလျာ၊ နိကာယဘာဏကလောင်းလျာ၊ နိကာယ ဓမ္မာစရိယလောင်းလျာအရှင်မြတ်တို့အတွက် ပစ္စည်းလေးဖြာ လွန်ချမ်းသာသည့်



မိုးမိတ်ကုန်းမြေ တိ=နိကျောင်းတိုက်

တိပိဋက = နိကာယ ကျောင်းတိုက်ကြီး ပေါ်ပေါက်လာခဲ့ပြီ ဖြစ်လေသည်။

ဇာတ်တော်များ၌ 'မင်းသားတို့သည် တက္ကသိုလ်ပြည်သို့ ပညာသင်သွားကြလေသည်' ဆိုသော စာပိုဒ်များကို မကြာမကြာ တွေ့ရလေသည်။ ဂန္ဓာရတိုင်း တက္ကသီလမြို့ ဆိုသည်မှာ ယခုအခါ ပါကစ္စတန်ပြည်ထဲမှာ ရှိသည်။

ယခုခေတ်မှာလည်း တိပိဋကစာမေးပွဲဝင်လိုသူတိုင်း နိကာယဘာဏကဖြစ်လိုသူတိုင်း တိပိဋက = နိကာယ ကျောင်းတိုက်ကြီးသို့ သွားရောက်ကြပေတော့မည်။ တိပိဋက စာသင်သား၊ နိကာယ်စာသင်သား အရှင်မြတ်များ အချိန်ပြည့် စာကျက် + စာအံ + စာကြံ + စာကြည့်တော် မူနိုင်ကြရန်အတွက် တိပိဋက = နိကာယ သာသနာပြု အဖွဲ့ကြီးက ကပ္ပိယကာရကအဖြစ် တာဝန်ယူ၍ ပစ္စည်းလေးပါး ထောက်ပံ့လျက် ရှိသည်။

သာသနာနှစ်ငါးရာကျော်ကစ၍ အားနည်းလာခဲ့သော နှုတ်ဆောင် ဘာဏကခေတ်သည် ယခုအခါ ပြန်လည်ဆန်းသစ်လာလေပြီ။ မြန်မာတစ်ပြည်လုံး နိကာယ် နိကာယ်-ဟူသောအသံသည် တောလက်ကျေးရွာများအထိ ကျော်စောလျက် ရှိနေပေသည်။ ထို့ကြောင့် သာသနာ ၂၆-ရာစုကို ဘာဏကဆန်းသစ်သည့်ခေတ်ဟု ဆိုထိုက်ပါသည်။ ဤခေတ်ကို မင်းကွန်းတိပိဋကဓရဆရာတော် တည်ထောင်သည်ဟုဆိုက မှားနိုင်မည်မဟုတ်ပါပေ။

နိကာယ်ငါးရပ် ပိဋကတ်ကို ပေါက်ရောက်လေ့လာရာ ဌာနကြီးများသည် စာသင်သားတို့ကို ဘုရားရှင်နှင့် တွေ့ဆုံပေရာ ဌာနကြီးများဖြစ်ပေသည်။ ထိုဌာနကြီးများကား ယနေ့ခေတ် မြန်မာပြည်သာသနာ၌သာ အထင်အရှား အထက်+အောက်အနှံ့အပြား ရှာ၍တွေ့နိုင်လေသည်။

ထို့ကြောင့် သံဃာတော်များ၏ စရဏအားနှင့် ပညာအား + ဒကာဒကာမများ၏ သဒ္ဓါအားနှင့် ထောက်ပံ့မှု အနုဂ္ဂဟအားတို့ပေါ်မှာ အခြေခံ၍ တည်ဆောက်ထားသော မြန်မာနိုင်ငံ သံဃာတော်များ၏ ပိဋကတ်နိကာယတက္ကသိုလ်ကြီးများကို လည်းကောင်း၊ ပိဋကတ်ဆောင် နိကာယ်ဆောင် မထေရ်ကြီးများကို လည်းကောင်း အနောက်တိုင်းပညာရှင်များက အံ့သြကြသည်။ ပိဋကတ်ဆောင်ပုဂ္ဂိုလ်များ၏ ဦးနှောက်ကိုပင် ခွဲစိတ်၍ ကြည့်ချင်သည်ဟု ဆိုကြသည်။

သို့ဖြစ်သောကြောင့် ဤ တိပိဋက = နိကာယကျောင်းတိုက်ကြီးသည် တိပိဋက စာသင်သား နိကာယ်စာသင်သားတို့အား နေ့စဉ်မပြတ် ဘုရားရှင်နှင့် တွေ့နေအောင် ကျေးဇူးပြုပေးသောဌာန ဖြစ်သောကြောင့် ဓမ္မမျက်စိနှင့် ကြည့်က ကမ္ဘာတွင် အမြတ်ဆုံးသောတက္ကသိုလ်ကြီး ဖြစ်၏။

ဤ တိပိဋကစာသင်သား၊ နိကာယ်စာသင်သားတို့သည်လည်း ကမ္ဘာ့တက္ကသိုလ်ကျောင်းသားတို့ထက် သာလွန်သော ဗုဒ္ဓ၏ဓမ္မတက္ကသိုလ်ကျောင်းတော်သားကြီးများ ဖြစ်ကြပေ၏။

ဤ တိပိဋက = နိကာယကျောင်းတိုက်ကြီးကို တည်ထောင်တော်မူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကား ကမ္ဘာ့တက္ကသိုလ်ကြီးများကို တည်ထောင်ခဲ့ကြသောဆရာကြီးများနည်းတူ ဗုဒ္ဓရှင်တော်၏ ဓမ္မတက္ကသိုလ်ကြီးကို ထူးကဲစွာ တည်ထောင်သူပုဂ္ဂိုလ်တစ်ဆူ ဖြစ်ပါပေသတည်း။ ။

အရှင်ဉာဏိဿရ
သီတဂူ-စစ်ကိုင်း



မင်းကွန်းတောင်ယံမှ ပွဲတင်သံများ

ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

ဗုဒ္ဓဝစနများ မမေ့မပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏တာဝန်ဖြစ်သည်။

ထိန်းသိမ်းစောင့်ရှောက်ရာ၌ အပိုင်း သုံးပိုင်းရှိ၏။

၁။ ပရိယတ္တိ = သင်ယူမှုအပိုင်း၊

၂။ ပဋိပတ္တိ = ကျင့်သုံးမှုအပိုင်း၊

၃။ ပဋိဝေဓ = ကိုယ်တွေ့သိမြင်မှုအပိုင်းတို့ဖြစ်သည်။

ထိုတွင် ပရိယတ္တိ = သင်ယူမှုအပိုင်းသည် သာသနာတော် ရှည်ကြာတည်တံ့ပြန့်ပွားရေးအတွက် ပဓာနအကျဆုံးအပိုင်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သင်ယူမှုမရှိလျှင် ကျင့်သုံးမှုမရှိနိုင်။ ကျင့်သုံးမှုမရှိလျှင် ကိုယ်တွေ့သိမြင်မှုမရှိနိုင်သောကြောင့်တည်း။ သို့ဖြစ်၍ ကိုယ်တွေ့သိမြင်နိုင်ရန် ကျင့်သုံးမှုရှိရမည်။ မှန်ကန်စွာကျင့်သုံးတတ်ရန် သင်ယူမှုရှိရမည်ဖြစ်၏။

'တရား မနာ၊ စာပေ မသင်၊

နှုတ်တွင် မဆောင်၊ သိအောင် မပြု၊

ဓမ္မာနုဓမ္မပ် ပဋိပတ်ကွာ၊

ဤငါးဖြာ သာသနာကွယ်ကြောင်းမှတ်-ဟူသည်နှင့်အညီ ဗုဒ္ဓဝစနများကို မနာကြားလျှင်၊ မသင်ယူလျှင်၊ သင်ယူပြီးနောက် အရအမိဆောင်မထားလျှင်၊ ဆောင်ထားပြီးနားလည်အောင်မလုပ်လျှင်၊ နားလည်ပြီးနောက် မှန်ကန်စွာမကျင့်သုံးလျှင် သာသနာကွယ်နိုင်သည်ဟု ဗုဒ္ဓကသတိပေးဆုံးမတော်မူခဲ့လေသည်။

ဗုဒ္ဓဝစနများ၏ဦးတည်ချက်မှာ ဝိမုတ္တိတစ်မျိုးတည်းသာဖြစ်သော်လည်း သတ္တဝါအမျိုးမျိုး၏ အကျင့်စရိုက်အားလျော်စွာ ဟောကြားအပ်သည့်တရားတော်တို့၏ အရေအတွက်ကား အလွန်များလှ၏။ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် မြားမြောင်ကျယ်ဝန်းပေသည်။

ဤမျှ ကျယ်ဝန်းများပြားလှသည့် ဗုဒ္ဓဝစနများကို မမေ့ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည့် သံဃာတော်အရှင်မြတ်များ၏ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေသည်။

ဗုဒ္ဓလက်ထက်တော်အခါ၌ စာပေအရေးအသား မရှိမဟုတ်၊ ရှိသည်သာဖြစ်၏။သို့ရာတွင် ဗုဒ္ဓဝစနများကိုစာဖြင့်ရေးမှတ်ခြင်းမပြုဘဲ လွန်ကဲသောသတိ၊ စွမ်းအင်ရှိသောအသိဉာဏ်၊ ထက်သန်သောလုံ့လဝီရိယတို့ဖြင့် နှုတ်တက်သာဆောင်တော်မူခဲ့ကြသည်။

အထူးသဖြင့် အရှင်ဥပါလိသည် ဝိနယပိဋကကို စီစဉ်တကျစုစည်းပြီး နှုတ်ငုံဆောင်ခဲ့သည်။ ရဟန်းတော်များအားလည်း ရှင်းလင်းချက်နှင့်တကွ အကျယ်ဖွင့်ဆို ပို့ချပေးသည်။ အရှင်အာနန္ဒာကား ဝိနယပိဋကနှင့်တကွ ဗုဒ္ဓဝစနအလုံးစုံကိုနှုတ်ငုံဆောင်ခဲ့လေသည်။

ကျောက် အံ ကြီ ကြည့်နေတော်မူသော မိုးမိတ်အရှင်မြတ်တစ်ပါး

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် အခါ၌ အရှင်အာနန္ဒာ မထေရ်မြတ်သည် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်တော် မူခဲ့၏။ ပထမတာဝန်မှာ ဗုဒ္ဓ၏ဝေယျာဝစ္စကို ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ဒုတိယတာဝန်မှာ ဗုဒ္ဓဝစနများကို နာယူမှတ်သားဆောင်ထားခြင်းဖြစ်ပေသည်။

ထိုတာဝန်ကြီးနှစ်ရပ်တွင် ဒုတိယတာဝန်၏ ခက်ခဲနက်နဲမှုကို အသိဉာဏ်ရှိ၍ စဉ်းစားမိသူတိုင်း သိနိုင်သည်။ ဤမျှထုထည်ကြီးမားလှသည့် ဗုဒ္ဓဝစနများကို တစ်လုံးတစ်ပါဒမျှ မမေ့ပျောက်ရအောင် နှုတ်ငုံဆောင်ထားရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ကင်း၍မဖြစ်နိုင်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့် လေးရက်မြောက်တွင် အရှင်မဟာကဿပဦးဆောင်ပြီး အရှင်ဉပါလိ၊ အရှင်အာနန္ဒာတို့၏အကူအညီဖြင့် ဗုဒ္ဓဝစနများကို စနစ်တကျ စုစည်းသတ်မှတ်ကြသည်။ ပိဋကအလိုက် နိကာယအလိုက် ခွဲထားကြသည်။ ဗုဒ္ဓကိုယ်တော်တိုင် ရှင်းလင်းဟောကြားခဲ့သည့် ပကိဏ္ဏကဒေသနာများကို အဋ္ဌကထာအဖြစ်သီးသန့်ထားကြသည်။

ဗုဒ္ဓဝစနများ ရှည်ကြာတည်တံ့ရေးအတွက် နိကာယအလိုက် တာဝန်ခွဲဝေ ပို့ချသွားရန် ဆုံးဖြတ်ကြသည်။

ဤနည်းဖြင့် ဆရာတပည့် အဆက်ဆက် သင်ယူပို့ချပေးခဲ့ရာ များစွာအောင်မြင်ခဲ့လေသည်။ သာသနာတော်နှစ် ၄၀၀-ကျော်သည်အထိ နှုတ်ဖြင့်သာဆောင်ကြသည်။ သာသနာတော် နှစ် ၄၅၀-ပြည့်သို့ ရောက်သောအခါ၌ကား နှုတ်ဖြင့် ဆောင်နိုင်စွမ်းသည့်အား ပျော့လာသဖြင့် ပေထက်အက္ခရာ တင်ကြရလေသည်။ နှုတ်ဆောင်ခေတ်မှ စာပေခေတ်သို့ ကူးပြောင်းလာခဲ့ခြင်းပင်ဖြစ်၏။

ထိုအချိန်မှစ၍ ယနေ့အထိ ဗုဒ္ဓဝစနများသည် ခေတ်အဆက်ဆက် အခက်အခဲအမျိုးမျိုးအကြားမှ ရှင်သန်လှုပ်ရှားပြန့်ပွားလာခဲ့ပေသည်။ စာမှ နှုတ်သို့လည်းကောင်း၊ နှုတ်မှ စာသို့လည်းကောင်း ကူးပြောင်းခဲ့သည်။ နောက်ဆုံးတွင် နှုတ်သို့ အရောက်နည်းလာပြီး စာပေအဖြစ်၌သာ အခိုင်အမာရပ်တည်လေတော့၏။

စာပေမှန်လျှင် လေ့လာသင်ယူသူရှိမှသာ အသက်ဝင်လှုပ်ရှားနိုင်၏။ လေ့လာသင်ယူသူ မရှိပါက ပေပုရပိုက်နှင့် စာအုပ်များအကြား၌သာ တိမ်မြုပ်ပျောက်ကွယ်သွားပေလိမ့်မည်။ ဤအချက်ကို အလေး အနက်ထား၍နိုင်ငံတော်အစိုးရက တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပနေခြင်းဖြစ်သည်။

စာမေးပွဲရှိလျှင် သင်တန်းကျောင်းရှိရမည်ဖြစ်၏။ သင်တန်းကျောင်းမရှိလျှင် ထိုစာမေးပွဲ မတည်မြဲနိုင်။ တိပိဋကဓရစာမေးပွဲ ပျောက်ကွယ်လျှင် တိပိဋကဓရပုဂ္ဂိုလ်ထူးတွေ ပေါ်ပေါက်လာနိုင်ဖွယ်မရှိ။ တိပိဋကဓရပုဂ္ဂိုလ်ထူးတွေ မပေါ်လာပါက ဗုဒ္ဓဝစနများသည် တစ်စတစ်စ ပေပုရပိုက် စာအုပ်များအကြား၌သာ ပျောက်ကွယ်တိမ်မြုပ်သွားမည်သာဖြစ်၏။

သို့ဖြစ်၍ ဤအချက်ကို အလေးအနက် ဆင်ခြင်အမြော်အမြင်ကြီးမားလှသော မင်းကွန်းတိပိဋကဓရ ဓမ္မနာဒဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိ၏ တိပိဋကဓရဘွဲ့ရ ၂၅-နှစ်မြောက်ကာလ၌ သာသနာတော်အတွက် အရေးပါလှသော သာသနာ့တာဝန်တစ်ရပ်ကို ချမှတ်ဆောင်ရွက်တော်မူလိုက်လေသည်။

ထိုတာဝန်မှာ အခြားမဟုတ်ပါ။ ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ ကမ္ဘာတွင် မပေါ်ဖူးသေးသော တိပိဋက = နိကာယ ကျောင်းတိုက်ကြီးကို တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးနှင့်တကွ တည်ထောင်ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းတိုက်ကြီးသည် ကြီးမားသောအဟုန်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေပေသည်။

မင်းကွန်းတောင်ယံတွင် မိုးမိတ်စေတီတော်ကြီးမှ ဆည်းလည်း (ဆွဲလဲ)-သံနှင့်အတူ တိပိဋကဓရလောင်းလျာ အာဇာနည်အရှင်မြတ်တို့၏ ဓမ္မပွဲတင်သံတွေ လွင့်ပျံ့နေပေပြီ။

မဝေးတော့သည့် အနာဂတ်ကာလမှာပင် တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်တွေ မြောက်မြားစွာထွက်ပေါ်လာပေတော့မည်။ ။

ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။



ပိဋကတ်အမွေ ဆက်လက်ခံယူ ထိန်းသိမ်းရေး အရှင်မဟောသဓပဏ္ဍိတ

မိမိ၏ပတ်ဝန်းကျင်တွင် သိမြင်ထိတွေ့နေရသည့် အရာဝတ္ထုများဖြင့် တိုင်းတာ၍ကြည့်တတ်ကြသည်မှာ လောကသဘာဝပင်ဖြစ်သည်။

စာရေးသူသည် စာအခြေခံ အသင့်အတင့်ရ၍ ကျမ်းစာများလေ့လာကြည့်ရှုတတ်လာသောအခါ မိမိ၏ ကျေးဇူးရှင်ဆရာတော် အရှင်ဇနကာဘိဝံသ၏ သဒ္ဒါဖြုပ်ဘာသာဋီကာကျမ်းကြီးမှာ ကြည့်မဝ ရှုမဝရှိပါတော့သည်။ ရတနာတို့ဖြင့်ပြည့်နေသော ဘဏ်တိုက်ကြီးကဲ့သို့ပင် သုံး၍မကုန် စွဲ၍မကုန်နိုင်သော စာပေရတနာတို့ဖြင့် ပြည့်နေသည့် 'စာပေဘဏ်တိုက်ကြီး' ဖြစ်နေပါသည်။

ဆရာတော်သည် သူ၏ကျန်းမာရေးအခြေအနေကို အားမရလှသဖြင့် 'နောင်တွင် ဂန္ထဝင်မြောက် စံတင်လောက်အောင် ကျန်ရစ်စေတော့'ဟု သဘောထား၍ အစွမ်းကုန် ပြုစုရေးသားခဲ့ခြင်းလည်း ဖြစ်သည်။

အလားတူပင် တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ သည်လည်း ဗုဒ္ဓဝင်ကျမ်းကြီးကို ပိဋကတ်သမုဒ္ဒရာကြီးအတွင်းမွှေနှောက်၍ လက်ပေါက်ကုန်နှိုက်ကာ ရေးသားခြယ်မှုန်းခဲ့လေသည်။ ဤကျမ်းတစ်ဆူတည်းဖြင့်ပင် ဂန္ထဝင်မြောက် ကျမ်းပြုဆရာ အကျော်အမော် ဆရာတော်ကြီးတစ်ပါးအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူစေနိုင်ခဲ့ပါသည်။

သို့ရာတွင် တိပိဋကဓရဆရာတော်အား 'ဂန္ထဝင်ကျော်ပုဂ္ဂိုလ်ကြီး' အဖြစ် 'သတိမမူ ဂူမမြင်'သို့ ရှိကောင်းရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပိဋကတ်သုံးပုံ အာဂုံရွတ် စွမ်းဆောင်နိုင်သည့် တိပိဋကဓရဂုဏ်၊ နိုင်ငံအဝန်းလှည့်၍ နက်ရှိုင်းကျယ်ဝန်းလှသည့် တရားတော်များကို လေးနက်ခံ့ညား ဟောကြားနိုင်စွမ်းသည့် ဓမ္မကထိကဂုဏ်ကြီးများက လွှမ်းနေသောကြောင့်ပင် ဖြစ်ပါသည်။

မိမိကား ကျမ်းပြုဆရာတော်၏လက်ပေါ်တွင် ကြီးပြင်းလူလားမြောက်ခဲ့ရသူဖြစ်၍ မိမိပတ်ဝန်းကျင် အသိအမြင်အထိအတွေ့အရ တိပိဋကဓရ ဆရာတော်အား 'ဂန္ထဝင်ကျော် ပုဂ္ဂိုလ်ကြီး' အဖြစ် ပို၍ မြတ်နိုးကော်ရော် ပူဇော်မဝနိုင်အောင် ရှိနေပါတော့သည်။

မှန်ပါသည်။ ဆရာတော်ကြီးများသည် အချိန်ပိုအချိန်အား မထားဘဲ. . .

ဆန္ဒပြင်းထန်ခြင်း၊

ဇွဲလုံ့လပြင်းထန်ခြင်း၊

စိတ်ဓာတ်ပြင်းထန်ခြင်း၊

ဉာဏ်အားပြင်းထန်ခြင်း-

ဟူသော 'ထန်လေးချက်'ကို အမိအရ ဆုတ်ကိုင်၍ လုံးပန်းကြိုးကုတ် အားထုတ်တော်မူခဲ့ကြသောကြောင့်သာ ဤအဖိုးတန်ကျမ်းစာကြီးများ ထွက်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

တိပိဋကဓရဆရာတော်ကား ဤမျှဖြင့် တင်းတိမ်ရခြင်း ရှိတော်မမူဘဲ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ 'တိပိဋက = နိကာယကျောင်းတိုက်ကြီးကို တည်ဖန်၍ သာသနာ့အာဇာနည်များကို မွေးထုတ်တော်မူခဲ့ပြန်သည်။

ဤတိပိဋက = နိကာယ ကျောင်းတိုက်ကြီးသည် အချိန်အခါနှင့် အခြေအနေအရ ပေါ်ထွက်သင့်၍ ပေါ်ထွက်လာခြင်း ဖြစ်ရုံမက 'ဆရာတော်၏ စွမ်းပကားကြောင့် သာသနာတစ်ခေတ်ဆန်း၍ ပွင့်လန်းထွန်းတောက်ခဲ့သည်' -ဟု မှတ်တမ်းထိုးရမည်ဖြစ်သည်။

ဤကဲ့သို့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ အရှိန်အဟုန် မြင့်မားစွာ ပေါ်ထွက်လာခဲ့သည်မှာလည်း တိပိဋကဓရဆရာတော်နှင့် ကျောင်းတိုက်အုပ်ချုပ်မှုအဖွဲ့၊ အမှုဆောင်လူကြီးများအဖွဲ့တို့၏ အမြော်အမြင်ရှိခြင်း၊ စည်းကမ်းစနစ်ကျနခြင်း၊ သပ္ပာယ မျှတအောင် ချီးမြှောက်နိုင်ခြင်း၊ ဦးဆောင်မှု မှန်ကန်ခြင်းတို့ကြောင့် ဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

သာသနာ့သမိုင်းတွင် ပိဋကတ်အာဂုံဆောင် အရှင်မြတ်တို့၏ အခန်းကဏ္ဍသည်လည်း ထွန်းပြောင်ခဲ့သည့် အစဉ်အလာရှိပေသည်။ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် ဗြာဟ္မဏတိဿသူပုန်ဘေးကြီး ဆိုက်ရောက်နေစဉ် ဤအရှင်မြတ်ကြီးများသည် ပိဋကတ်တော်များ မပျောက်ပျက်ရအောင် နေ့စဉ်ပြန်ဆိုထိန်းသိမ်းခဲ့ကြသည်။ အာဟာရချို့တဲ့ရှားပါးသည့်ကြားမှပင် ရေစိုသဲအိတ်ကြီးများပေါ်တွင် မှောက်၍ (ရင်ပူဝမ်းပူဒဏ်ခံနိုင်ရန်) အပတ်တကုတ် အားထုတ်တော်မူခဲ့ကြသည်။ မေ့ပျောက်မသွားစေရန် အသက်အသေခံ၍ ရွတ်အံနေတော်မူခဲ့ကြသည်။

ဤအရှင်မြတ်များ၏ 'လှေခွက်ချည်းကျန်အလံမလှဲ' ဟူသည့် သာသနာချစ်မြတ်နိုးသည့်စိတ်ဓာတ်သည် အားကျအတုယူဖွယ် ကြည်ညိုဖွယ် ကောင်းလှပေတော့သည်။

မြန်မာနိုင်ငံတွင် အင်း၀ သိုဟန်ဘွားခေတ်၌လည်း ဤဖြစ်ရပ်မျိုး ကြုံခဲ့ဖူးသည်။ သိုဟန်ဘွားသည် ပိဋကတ်ကျမ်းစာများကို မီးရှို့ဖျက်ဆီးခဲ့လေသည်။ တိုင်းပြည်အေးချမ်းသောအခါ ပိဋကတ်တော်များကို နိုင်ငံတစ်ဝန်းလုံး၌ လိုက်လံရှာဖွေ၍ ပြန်လည်စုဆောင်းခဲ့ရသည်။ ထိုသို့စုဆောင်းခဲ့ရာတွင် ဝိနည်းငါးကျမ်းအဝင် 'ပရိဝါရကျမ်း'မှာ ပြန်၍မရ၊ ပျောက်ဆုံး၍ နေခဲ့လေသည်။

ဝိနည်းအာဂုံဆောင်အရှင်မြတ်တို့ကို လိုက်လံ ရှာဖွေမှ တောရဆောက်တည်နေသော 'အရှင်ဒီပ'ထေရ်ကို တွေ့ကြရသည်။ ဤအရှင်၏ နှုတ်မှ ရွတ်ဆိုပြသည်များကို ပေထက်ရေးမှတ်ခွင့်ရသဖြင့်သာ 'ပရိဝါရကျမ်း'ကို ယနေ့ အရှင်တို့ သင်ယူပို့ချခွင့် ရနေခြင်းဖြစ်သည်။ တောရဆောက်တည်နေသည့် ဝိနည်းအာဂုံဆောင် အရှင်ဒီပမထေရ်ကြီး၏ ကျေးဇူးကား ကြီးမားလှပေစွ။

ဤသို့လျှင် ပိဋကတ်အာဂုံဆောင်အရှင်မြတ်တို့၏ သာသနာတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပုံ အခန်းကဏ္ဍသည် သာသနာ့သမိုင်းတွင် အရေးပါလျက်ရှိရာ ထိုအရှင်မြတ်တို့ကို မွေးထုတ်ရာဖြစ်သော 'ဤတိပိဋက = နိကာယကျောင်းတိုက်ကြီး'သည်လည်း အမှန်ပင် အခိုင်အမာ တည်ရှိနေစေရန် လိုအပ်လှပါပေသည်။

စာရေးသူ၏ စိတ်အာရုံ၌ သံမှိုနှက်သကဲ့သို့ စွဲလျက်ရှိသော တိပိဋကဆရာတော်၏ ဩဝါဒတစ်ရပ်မှာ-

'မလုပ် မပြော၊ လုပ်မှ ပြော၊
သဘော စင်လှပေ။
အပြောသာချဲ့၊ အလုပ်မဲ့၊
ကဲ့ရဲ့မလွတ်ချေ' - ဟူ၏။

ဆရာတော်ကား ဤဩဝါဒအတိုင်း ကိုယ်တိုင်လည်း ကျင့်သုံးတော်မူ၏။ အပြောနှင့်အလုပ် ညီအောင် တကယ်လည်း အလုပ်လုပ်တော်မူ၏။

မှန်ပါသည်။ ဆရာတော်သည် ဗုဒ္ဓမြတ်စွာအား ပူဇော်လိုပါသဖြင့် လည်းကောင်း၊ သမာနတ္တတာ (=မိမိနှင့်တန်းတူချီးမြှောက်မှု) ဟူသော သင်္ဂဟတရားနှင့် အညီ သာသနာ့အာဇာနည်လောင်းလျာ ညီငယ်များစွာကို့အား ချီးမြှောက်တော်မူလိုသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ 'စံပြ ကျက်သရေဂုဏ်ဆောင်' အဖြစ် ကမ္ဘာ့အလယ်တွင် တယ် ဝင့်ကြွားစေလိုသဖြင့်လည်းကောင်း ကိုယ်အားဉာဏ်အားစိုက်ထုတ်၍ ဤ 'တိပိဋက=နိကာယကျောင်းတိုက်ကြီး' ကို အစွမ်းကုန်တည်ထောင်ပြုလုပ်တော်မူခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်ဖော်ပြရလျှင် မိဘသည် သားသမီး အလိမ္မာတို့အား အမွေအနှစ်များ ပေးအပ်သကဲ့သို့လည်းကောင်း၊ စကြာမင်းကြီးသည် သက်တော်ရင့်ညောင်း၍ တရားမွေ့တို့ဖြင့် မွေ့လျော်နေလိုသည့်အခါ သားကြီး ဥပရာဇာအား ထီးမွေနန်းမွေ လွှဲပြောင်းနှင်းအပ်လေ့ ရှိသကဲ့သို့ လည်းကောင်း၊ တိပိဋကဓရဆရာတော်သည်လည်း 'တိပိဋက=နိကာယကျောင်းတိုက်ကြီး' တည်ဖန်၍ သာသနာ့အာဇာနည် ရှင်ရဟန်းကောင်းတို့အား 'သာသနာ့အမွေ၊ ပိဋကတ်အမွေ' ခွဲဝေအပ်နှင်းခြင်း ဖြစ်သည်။ ဤအမွေကို အသက်နှင့်ရင်း၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်ကား သာသနာ့အာဇာနည်လောင်းလျာ တိပိဋက = နိကာယစာသင်သား' အရှင်မြတ်များ၏ တာဝန်သာလျှင်ဖြစ်ပေတော့သည်။ ။

အရှင်မဟောသဓပဏ္ဍိတ



အာကာနည်တို့၏ လမ်းစဉ်

ဦးသြဒါတသိရီဘိဝံသ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်ပါသည်။

တစ်နေ့တွင် သင်္ဂါရဝပုဏ္ဏားကြီးသည် ဘုရားရှင်ထံရောက်လာပြီး ရှိမခိုးဝပ်မချဘဲ ဝမ်းမြောက်ဝမ်းသာ စကားများ ပြောဆိုလျှောက်ထားကာ ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား၏။

'အရှင် ဂေါတမ၊ တပည့်တော်ဗြာဟ္မဏတို့သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်ကြပါကုန်၏။ သူတစ်ပါးတို့ကိုလည်း ယဇ်ပူဇော်စေကြပါကုန်၏။ ဤသို့ ပူဇော်ကြသော ဗြာဟ္မဏတို့သည် အများကောင်းကျိုးဆောင်သည့်အကျင့်ကို ကျင့်သုံးကြသူတို့ မည်ပါကုန်၏။ ယဇ်ပူဇော်ခြင်း အမှုသည် အများကောင်းကျိုးကိုဆောင်သဖြင့် ကောင်းမှုအကျင့် (အနေက သာရီရိကပုညပ္ပဋိပဒါ) မည်ပါသည် ဘုရား"

သင်္ဂါရဝပုဏ္ဏားကြီးက သူတို့၏ ကျင့်ဝတ်တစ်ခုဖြစ်သော သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်ခြင်းသည် အများကောင်းကျိုးဆောင်သည့် အကျင့်ဖြစ်ပါကြောင်း ယဇ်ပူဇော်ခြင်းအမှုကို ဂုဏ်တင်၍ လျှောက်ထားလိုက်ခြင်းဖြစ်သည်။

ထိုမျှသာမကသေး၊ ရဟန်းပြုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည့်အကျင့်ဖြစ်၍ ရဟန်းပြုကြသူတို့သည်လည်း တစ်ကိုယ်ကောင်းအကျင့် ကျင့်ကြသူတို့သာ ဖြစ်သည်ဟု ရဟန်းပြုခြင်းအမှုကို ကဲ့ရဲ့ရှုတ်ချသောသဘောဖြင့် အောက်ပါအတိုင်း ဆက်လက် လျှောက်ထားလိုက်ပြန်၏။

'အရှင် ဂေါတမ၊ အကြင် ပုဂ္ဂိုလ်တစ်ယောက်သည် အိမ်ရာတည်ထောင် လူ့ဘောင်မှ ခွာရှောင်၍ ရဟန်းပြုပြီးလျှင် မိမိတစ်ဦးတည်း ကိလေသာငြိမ်းအောင် ဆုံးမ၏။ ကိလေသာငြိမ်းအောင်ကျင့်၏။ (ထို့ကြောင့်)ထိုရဟန်းပြုခြင်းသည် အများကောင်းကျိုးဆောင်သည့် အမှုမျိုး မဟုတ်ဘဲ တစ်ကိုယ်ကောင်းဆန်သည့် အကျင့်(ဧကသာရီရိက-ပုညပ္ပဋိပဒါ)သာ ဖြစ်ပါသည်။'

ဤသို့ သူတို့၏လုပ်ငန်းစဉ်ကို အများကောင်းကျိုးဆောင်သည့် လုပ်ငန်းစဉ်အဖြစ်သတ်မှတ်၍ ရှင်ရဟန်းပြုခြင်းကိုမူ တစ်ကိုယ်ကောင်းဆန်သည့် အကျင့်သာဖြစ်သည်ဟု စွပ်စွဲလိုက်သည်ကို ဘုရားရှင်က ဖော်ပြပါအတိုင်း အချက်ကျကျ ဖြေရှင်းတော်မူလိုက်သည်။

'ပုဏ္ဏားကြီး၊ သည်လိုဆိုလျှင် သင့်ကိုပင်ပြန်၍ မေးမည်။ သင်ကြိုက်သလို ဖြေပါ။ ပုဏ္ဏားကြီး၊ ဤလောက၌ အရဟံစသော ဂုဏ်တော်တို့နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် ပွင့်ပေါ်လာ၏။ ထိုမြတ်စွာဘုရားက 'ချစ်သားတို့ လာကြကုန်လော့၊ မှန်ကန်သော နည်းလမ်းဖြင့် ကျင့်သည့်အတွက် ငါဘုရားသည် အတုမရှိ မြတ်သော အမြိုက်ဓာတ်(မသေဓာတ်)ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရပြီ၊ ရရှိခဲ့ပြီ။ သင်ချစ်သားတို့သည်လည်း ငါဘုရားကျင့်သည့် လမ်းစဉ်အတိုင်းကျင့်ကြလျှင် အတုမရှိမြတ်သော (အမြိုက်ဓာတ်)ကို သင်တို့ကိုယ်တိုင် တွေ့ထိသိမြင်ကြရကုန်လတ္တံ့'ဟု ပြောဆိုပြီး ငါဘုရားက အမြိုက်ဓာတ်ရကြောင်း တရားကိုဟော၏။ ကြားနာရသူ နတ်လူဗြဟ္မာတို့သည်လည်း ငါဘုရားဟောကြားသည့်အတိုင်း ထိုအမြိုက်ဓာတ်အလို့ငှာ ကြိုးစားအားထုတ်ကြ၏။ ထိုကျင့်ကြံကြသူတို့သည် သိန်း,သောင်းမကများပြားကြကုန်ဘိကဲ့သို့ အမြိုက်ဓာတ်ကို ရကြသူတို့သည်လည်း သိန်း,သောင်းမက များပြားလှပေကုန်၏။

'ပုဏ္ဏားကြီး၊ သင်မည်သို့ မှတ်ထင်သနည်း။ ဤသို့ အမြိုက်ဓာတ်ရအောင် ဟောကြားပြသခြင်း၊ အမြိုက်ဓာတ်တွေ့ရှိအောင် ကြိုးစားအားထုတ်ခြင်းသည် တစ်ကိုယ်ကောင်းဆန်သည့် အကျင့်ဟုဆိုရမည်လော။ အများအကျိုးဆောင်သည့်အကျင့်ဟု ဆိုရမည်လော'ဟု ဘုရားရှင်၏ အချက်ကျကျ မေးမြန်းချက်ကို သင်္ဂါရဝပုဏ္ဏားကြီးက ဖော်ပြပါအတိုင်း လျှောက်ထားလိုက်၏။

'အရှင်ဂေါတမ၊ ဒီအတိုင်းဆိုလျှင် ရဟန်းပြုခြင်းသည် အများကောင်းကျိုးဆောင်သည့် အနေကသာရီရိကပုညပ္ပ-ဋိပဒါ ဖြစ်ပါပေသည်။'

လောက၌ အချို့သူတို့သည် သင်္ဂါရဝပုဏ္ဏားကြီး ယူဆသကဲ့သို့ ရဟန်းသာမဏေပြုနေကြသူတို့သည် တစ်ကိုယ်ကောင်းဆန်သည့်ပုဂ္ဂိုလ်များသာ ဖြစ်သည်ဟု ယူနေကြသူများ ရှိကြပေသည်။ အများအကျိုးကို မျက်ကွယ်ပြုနေကြသူများဟု စွပ်စွဲသူကလည်း စွပ်စွဲလျက်ရှိနေကြပေသည်။

မြတ်ဗုဒ္ဓပွင့်ပေါ်လာခြင်း (ဝါ) မြတ်ဗုဒ္ဓဖြစ်အောင် ကြိုးစား အားထုတ်ခဲ့ခြင်း၏ နောက်ခံသမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြတ်ဗုဒ္ဓ၏ လမ်းစဉ်သည် တစ်ကိုယ်ကောင်းဆန်သည့်လမ်းစဉ် မဟုတ်ကြောင်း သိနိုင်ပေသည်။

ရဲရဲတောက်ကြွေးကြော်သံ

ကိံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

'မိမိ၏ စွမ်းရည်သတ္တိကို ကောင်းမွန်စွာ သိမြင်သောယောကျ်ားအာဇာနည်အဖို့ တစ်ယောက်တည်း သံသရာမှ ကူးမြောက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သိထိုက်သည့်အရာမှန်သမျှ သိနိုင်သည့် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိအောင် ကြိုးစားပြီး လူနတ်ဗြဟ္မာသတ္တဝါအများကို သံသရာမှ ကူးမြောက်အောင် ကယ်တင်ပေအံ့။'

ဤသည်ကား သုမေဓာ ရှင်ရသေ့ဘဝက ကြွေးကြော်ခဲ့သော အလောင်းတော်မြတ်၏ ရဲရဲတောက် ကြွေးကြော်သံဖြစ်၏။ ယင်းကြွေးကြော်သံကား မြတ်ဗုဒ္ဓ၏ ရည်မှန်းချက်နှင့် မြတ်ဗုဒ္ဓ၏လမ်းစဉ်ကို ဖော်ပြနေသော ကြွေးကြော်သံပင် ဖြစ်ပေသည်။

လောက၌ တစ်ကိုယ်ကောင်းဆန်သော အလုပ်သည် စွမ်းရည်သတ္တိညံ့သူတို့၏ အလုပ်ဖြစ်၏။ မိမိ၏ စွမ်းရည်သတ္တိအပေါ် ယုံကြည်မှုမရှိ၍ အများအကျိုးဆောင်ရန် မဝံ့ခြင်း ဖြစ်သည်။ အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်သည် စွမ်းရည်သတ္တိ ထက်မြက်သူများ(ဝါ) မိမိစွမ်းရည်သတ္တိကို ယုံကြည်သည့် အာဇာနည်ပုဂ္ဂိုလ်များ၏ သန္တာန်၌သာ တည်ရှိပေသည်။ အာဇာနည်ပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင်လည်း စွမ်းရည်သတ္တိ ထက်မြက်လာအောင် ရှေးဦးစွာ ကြိုးစား၍ စွမ်းရည်သတ္တိပြည့်လာသည့်အခါ ကိုယ်ကျိုးကိုသာ မကြည့်တော့ဘဲ အများအကျိုးဖက်သို့ ဦးလှည့်တော့သည်။ ထိုပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိသည် အများချမ်းသာအောင် စွမ်းဆောင်နိုင်ပေတော့သည်။

မြတ်ဗုဒ္ဓသည် အလောင်းတော်ဘဝကပင် ကိုယ်ကျိုးစွန့်ကာ အများအကျိုးအတွက် ဆင်းရဲဒုက္ခအမျိုးမျိုးခံပြီး

အများကောင်းစားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပေသည်။ လူသာမန်တို့ ဖြည့်ကျင့်နိုင်ခဲသော စွန့်လွှတ်မှုမျိုးစုံကို စွန့်လွှတ်ကာ ပတွန့်မဆုတ် အားထုတ်ကြိုးပမ်းတော်မူခဲ့၏။

၁။ လောကတ္ထစရိယာ=တစ်လောကလုံး ချမ်းသာရေးအတွက် ကျင့်ကြံအားထုတ်ခြင်း၊

၂။ ဉာတတ္ထစရိယာ=ဆွေတော်မျိုးတော်တို့၏ ချမ်းသာရေးအတွက် ကျင့်ကြံအားထုတ်ခြင်း၊

၃။ ဗုဒ္ဓတ္ထစရိယာ=သဗ္ဗညုတဉာဏ်တော်မြတ်ရရှိရန် ကျင့်ကြံအားထုတ်ခြင်းဟူသော အလောင်းတော်မြတ် ဖြည့်ကျင့်ခဲ့ရသည့် အကျင့်တော်တို့ကို လေ့လာကြည့်လျှင် ကိုယ်ကျိုးထက် အများအကျိုးကို ဦးတည်ခဲ့ကြောင်း သိနိုင်ပေသည်။

လောက၌ အများအကျိုးဆောင်လိုသူသည် (ဝါ)အများအကျိုးကို ပေါက်ပေါက်မြောက်မြောက် ဆောင်လိုသူသည် မိမိဖက်က ပြည့်စုံလုံလောက်မှုရှိစေဖို့ လိုအပ်ပေသည်။ မိမိဖက်က ပြည့်စုံလုံလောက်မှုမရှိဘဲ သူတစ်ပါးတို့၏ အကျိုးကို ပေါက်မြောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

အလောင်းတော်မြတ်သည် တစ်လောကလုံး၏ အကျိုးကို လိုလားတော်မူသောမေတ္တာတော်ရှိရာ ယင်းသို့အကျိုးဆောင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်ကြီးဖြစ်သော သိစရာရှိသမျှကို သိမြင်နိုင်သည့် ဉာဏ်တော်မြတ်ကို ရရှိရန် ကြိုးစားခြင်း ဗုဒ္ဓတ္ထစရိယာကို မလွဲမသွေ ဖြည့်ကျင့်တော်မူရပေသည်။

ထို့ကြောင့် ဗုဒ္ဓတ္ထစရိယာသည် လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာဟူသော အများကောင်းစားရေးကို ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအချက်ကြီးဖြစ်ကြောင်း သဘောပေါက်နိုင်ကြမည်ဖြစ်ရာ မြတ်ဗုဒ္ဓ၏ကျင့်စဉ်များသည် အများကောင်းစားရေးကျင့်စဉ်များသာ (အနေကသာရိရိကပုညပ္ပဋိပဒါ)ဖြစ်ကြောင်း သိနိုင်ပေသည်။

သာသနာ့အာဇာနည် တိပိဋကဓရဆရာတော်

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် ဗုဒ္ဓ၏လမ်းစဉ်ကို နှစ်နှစ်ကာကာ လက်ခံယုံကြည်သော ဗုဒ္ဓသားတော်ကြီးဖြစ်ရာ သက်တော်ရှယ်တော်ကြီးရင့်သည်ကို ဂရုမပြုဘဲ အခြေအနေပေးသမျှ အဖဘုရားရှင်၏ ကိုယ်ကျိုးစွန့်လမ်းစဉ်(ဝါ)အများကောင်းစားရေးလမ်းစဉ်ကို ဖော်ဆောင်ကာ လူသာမန်တို့ ကြံစည်ရုံပင် မကြံစည်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်လှသော သာသနာပြုလုပ်ငန်းကြီးများကို ဦးစီးလှသော သာသနာပြုလုပ်ငန်းကြီးများကို ဦးစီးလမ်းညွှန်မှုပေးကာ ဆောင်ရွက်လျက်ရှိပေသည်။

ဆရာတော်၏ အများကောင်းစားရေးလုပ်ငန်းစဉ်များ ကြီးကျယ်များပြား ထင်ရှားလှသည်ဖြစ်ရာ ဤ၌ အထူးဖော်ထုတ် ရေးသားတင်ပြဖွယ် မလိုတော့ပေ။

ထိုနည်းတူစွာ ဆရာတော်၏ ပါရမီလုပ်ငန်းစဉ်ကြီးကို ဝိုင်းဝန်းအကောင်အထည်ဖော်လျက်ရှိသော တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးသည်လည်း တစ်ကိုယ်ကောင်းဆန်သည့် (ဝါ) ကိုယ်ရေးကိုယ်တာကိုသာ ငဲ့သည့်မူဝါဒလမ်းစဉ်များကို ဖယ်ရှားလျက် အဖဘုရားသခင်၏ အများကောင်းစားရေး ဝါဒလမ်းစဉ်အတိုင်း မှန်မှန်ကြီးလျှောက်သွားလျှင် ရည်မှန်းချက်များပေါက်ရောက်ကာ နိုင်ငံတော်အတွက် သာသနာတော်အတွက် မရေမတွက်နိုင်သော ကောင်းကျိုးတရားများကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဦးစီးဦးဆောင်ဆရာတော်ကြီးဖြစ်သော မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနှင့် တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးသည် မြတ်ဗုဒ္ဓ၏ အများကောင်းစားရေးလမ်းစဉ်ကြီးကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ကြလျက် ရေရှည်အကျိုးများမည့် အများကောင်းစားရေး လုပ်ငန်းကြီးများကို ဆထက်ထမ်းပိုး အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေလို့ မေတ္တာအာသီသ ပြုအပ်ပါသတည်း။

ဦးဩဒါတသိရီဘိဝံသ
ဇေယမေဒနီအတုလဂုဏ်ရည်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

ထူးခြားသည့်
တိပိဋကဓရပုဂ္ဂိုလ်မြတ်

ဘဒ္ဒန္တကုမာ

တက္ကသိုလ်ကြီးများ၏ဖခင်
မင်းကွန်းဆရာတော်ကြီး၏ ကြေးသားရုပ်တုတော်

အရှင်မဟာကဿပမထေရ်သည် ခုနစ်သိန်းကျော်သော သံဃာခေါင်းဆောင်များအစည်းအဝေးက သင်္ဂါယနာတင်ခွင့်ကို တညီတညွတ်တည်း သဘောတူခွင့်ပြုတော်မူခဲ့ပြီး သင်္ဂါယနာဝန်ဆောင် အရှင်မြတ်များကိုရွေးချယ်ရန် အရှင်မဟာကဿပထေရ်ကိုပင် တာဝန်ပေးအပ် ရွေးချယ်စေတော်မူခဲ့ပါသည်။ အရှင်မဟာကဿပထေရ်သည်- (၁) တိပိဋက သဗ္ဗပရိယတ္တိပ္ပဘေဒရေ (၂) ပဋိသမ္ဘိဒါပ္ပတ္တ၊ (၃) မဟာနုဘာဝ၊ (၄) ယေဘုယျေန ဘဂဝတာ ဧတဒဂ္ဂအာရောပိတ၊ (၅) တေဝိဇ္ဇပ္ပတ္တ၊ (၆)ခီဏာသဝ-ဟူသော အရည်အချင်းပြည့် ၄၉၉-ပါးသောမထေရ်မြတ်တို့ကို သံဃာတော်၏ရှေ့မှောက်၌ ရွေးကောက်တော်မူပါသည်။ အရှင်အာနန္ဒာကို သံဃာ့ဆန္ဒဖြင့် ရွေးကောက်တော်မူပါသည်။

ထို့အတူ ဒုတိယသင်္ဂါယနာ, တတိယသင်္ဂါယနာ သဘင်တို့၌လည်း တိပိဋကဓရ သဗ္ဗပရိယတ္တိပ္ပဘေဒရေ အစရှိသော အရည်အချင်းပြည့်ရဟန္တာမထေရ်မြတ်တို့ကို သံဃာ့ဦးဆောင်မထေရ်မြတ်များက ရွေးချယ်တော်မူပြီး ဘုရားမြတ်စွာ၏ ပါဠိစနတို့ကို သင်္ဂါယနာတင် အတည်ပြုတော်မူခဲ့ကြပါသည်။ ပဥ္စမသင်္ဂါယနာတင်စဉ် အခါကလည်း တိပိဋကဓရဘုရားကြီးဆရာတော်ကို အကြီးအမှူးပြု၍ သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

ဆဋ္ဌသင်္ဂါယနာ၌လည်း တိပိဋကဓရပုဂ္ဂိုလ်ရရှိရေးအတွက် ဆရာတော်ကြီးများက တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကိုကျင်းပပြီး တိပိဋကဓရပုဂ္ဂိုလ်ကို ရွေးချယ်တော်မူခဲ့ရာ ၆-ကြိမ်မြောက်စာမေးပွဲ၌ မင်းကွန်းဆရာတော်လောင်းလျာကိုရရှိတော်မူကြသဖြင့် ဆဋ္ဌသင်္ဂါယနာသဘင်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရင်အေးတော်မူခဲ့ကြပါသည်။ မြန်မာနိုင်ငံတော်တစ်ခုလုံး လူ, ရှင်, ရဟန်းတို့ ဝမ်းအမြောက်ကြီး ဝမ်းမြောက်တော်မူခဲ့ကြပါသည်။

မင်းကွန်းဆရာတော်ကြီး တိပိဋကစာတော်ပြန်စဉ်အခါက ဟံသာဝတီမူ, သုဓမ္မဝတီမူ, ဇမ္ဗူမိတ်ဆွေမူ အစရှိသည်ဖြင့် ပိဋကတ်တော်မူကွဲများကို ဖော်ပြ၍ အာဂုံပြန်ဆိုတော်မူကြောင်း ကြားသိရပါသည်။ ဆရာတော်ကြီး၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဂုဏ်တော်များမှာ 'အဟောဝတ အစ္ဆရိယော'၊ 'အဟောဝတ အဗ္ဘုတဓမ္မော'ဟု ဥဒါန်းကျူးရင့် လောက်အောင်ပင် အံ့ဖွယ်မဆုံးပါပေ။

ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူစဉ် ဓမ္မဒေသနာဟောကြားတော်မူစဉ် ဆရာတော်ကြီး၏ အသံတော်မှာလည်း သူတော်စင်တို့ နာယူ၍မဝနိုင်အောင်ပင် သဒ္ဒနိကာယ်တင့်တယ်တော်မူလှပါပေသည်။ မိမိသည် ဆရာတော်ကြီး၏အထံတော်၌ အနီးကပ်နေခွင့် မရသော်လည်း ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ဆရာတော်ကြီး ကြွရောက်တော်မူစဉ် နားနေချိန်၌ ဆည်းကပ်ဖူးမြော်ခွင့်, ဩဝါဒမိန့်ခွန်းများနာယူခွင့် အနည်းငယ်ရရှိခဲ့ပါသည်။

သာသနာ့တက္ကသိုလ်ကြီး၏ဖခင်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်နိုင်ရေးကိစ္စများ ဆောင်ရွက်ချိန်၌ ပညာရေးဘတ်ဂျက် တစ်ပြားမှမရှိပါ။ ပညာရေးလုပ်ငန်းများကို ပညာရှင်များ၏ စေတနာ ပါရမီကုသိုလ်ပြုမှုကြောင့် ရနိုင်သော်လည်း သင်ကြားရေးအတွက်၊ သင်တန်းသား, ဆရာများနေထိုင်ရေးအတွက်၊ ဆွမ်းကွမ်းဆက်ကပ်ရေး အတွက် အစရှိသောအခက်အခဲများ များစွာရှိနိုင်ပါသည်။ ကျောင်းဆောင်များ,စာသင်ဆောင်များ, ဘောဇနဆောင်များ ယင်းတို့ကိုဆောက်လုပ်ရန်နှင့် နေရာရှိဖို့လည်း လိုအပ်ပါသည်။

ဆွမ်းကွမ်းအတွက် ဆွမ်းခံထွက်လျှင် ပြီးနိုင်ပါသည်။ သင်ကြားရေးအတွက် စေတနာ့ဝန်ထမ်း ပညာရှင်များရှိလျှင် ပြီးနိုင်ပါသည်။ သို့သော် ကျန်ကိစ္စများအတွက် လိုအပ်လျက်ရှိနေပါသည်။ ထိုအခါက ဥပထမ္ဘကဦးကျော်လွင်က ကမ္ဘာအေးကုန်းမြေရှိ အပရဂေါယာနကျောင်းဆောင်နှင့် ဆွမ်းစားဆောင်တို့ကို သာသနာ့တက္ကသိုလ်အတွက် အသုံးပြုခွင့်တောင်းခံခဲ့ပါသည်။ ခွင့်ပြုချက်မရသဖြင့် အခက်ကြုံနေသည့်အခါ တိပိဋကဓရမင်းကွန်းဆရာတော်ကြီးက မဟာနာယကအစည်းအဝေး၌ 'ကိုကျော်လွင် ခင်ဗျားက ပညာရေးဝန်ကြီးလုပ်၊ ဘုန်းကြီးက ဆောက်လုပ်ရေးဝန်ကြီး လုပ်မယ်'ဟု မိန့်ကြားတော် မူကြောင်း သိရပါသည်။

ထိုမိန့်ကြားတော်မူချက်ကြောင့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ကျေးဇူးတော်ရှင်တိပိဋကဓရမင်းကွန်းဆရာတော်ဦးဆောင်သော သာသနာ့တက္ကသိုလ်ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

ကျေးဇူးတော်ရှင်တိပိဋကဓရမင်းကွန်းဆရာတော်ကြီးသည် သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းနိုင်ရေးအတွက် ပင့်လျှောက်သည့် အလှူရှင်များရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နေရာ အနှံ့ ကုန်းတစ်တန်, ရေတစ်တန် မနေမနား ရေစက်ချပွဲများကို ကြွရောက်ချီးမြှင့်တော်မူခဲ့ပါသည်။ ခန္ဓာကိုယ်ပင်ပန်းမှုကို နည်းနည်းမျှမမှုပါ။ ပင်ပန်းမှုကြောင့် ဝေဒနာဖြစ်သော်လည်း သက်သာခွင့်ရသည်နှင့်တစ်ပြိုင်နက် ဆက်လက်ချီးမြှောက်တော်မူပါသည်။ သာသနာ့ အာဇာနည်အစစ်ကြီးဖြစ်တော်မူသည်မှာ နောက်ပုဂ္ဂိုလ်များ နည်းယူဖွယ်ပင် ဖြစ်ပါသည်။

'ပုညဝတာ ပဏ္ဍိတပုရိသေန ကတံ မနာပ မေဝ ဟောတိ' (ဝိ၊ဋ္ဌ၊၁။၁၄၆။)ဟူသော အဋ္ဌကထာဆရာတော် မိန့်ကြားတော်မူသည့် ဒေသနာတော်အတိုင်း သာသနာ့တက္ကသိုလ်ကြီးများ၏မြေနေရာ, သာသနိကအဆောက်အအုံကြီးများသည် တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဆောင်ရွက်တော်မူချက် စေတနာရှင်တို့၏ သဒ္ဓါစေတနာကြောင့် သူတော်စင်များမြင်တွေ့ရသည့်အတိုင်း ဇောတိကသူဌေး၏ဗိမာန်အလား ခမ်းနားထည်ဝါစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဆရာတော်ကြီး၏ကြီးမားလှသော ဘုန်းကံ





မင်းကွန်းဆရာတော်ကြီးနှင့် ရဟန်းဒါယကာဆာဦးသွင်

ပါရမီတော် ဉာဏ်ပညာတော်ကြီးကျယ်မှုတို့ကို ထင်ဟပ်စေခဲ့ပါသည်။ ပါရမီဘုန်းကံမရှိပါက သာသနာပြုလုပ်ငန်းအဝဝကို အောင်မြင်အောင် မဆောင်ရွက်နိုင်ပါ။

ကျေးဇူးတော်ရှင်တိပိဋကဓရမင်းကွန်း ဆရာတော်ကြီးသည် သာသနာ့တက္ကသိုလ်ကြီးများ၊ မန္တလေးတိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဇီဝိတဒါနသံဃအထူးကုဆေးရုံတော်ကြီးတို့ကို ဆောက်လုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ပရိယတ္တိသာသနာတော်အား ရေစက်ချလှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ဂေါပကရက္ခကအဖြစ် လွှဲအပ်တော်မူခဲ့ပါသည်။ ကိုယ်ကျိုးကိုမငဲ့ သာသနာတော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးတော်မူခြင်းသည်လည်း အံ့ဩမကုန်နိုင်ဖွယ်သော ဂုဏ်ရည်တို့ပါပေ။

ပစ္စည်းမတွယ်အံ့ဩဖွယ်

ဆရာတော်၏ရဟန်းဒါယကာကြီး သူဌေးကြီးဆာဦးသွင်က မင်းကွန်း ဓမ္မနာဒကျောင်းတိုက်အတွင်း၌ ကျောင်းတော်ကြီးဆောက်လုပ်ပြီး မီးစက်တစ်လုံး လှူဒါန်းခဲ့ပါသည်။ ဆရာတော်ဘုရားက ကျောင်းနှင့် မီးစက်ကို သံဃိကလှူဒါန်းဖို့ မိန့်ကြားသောအခါ သူဌေးကြီး ဆာဦးသွင်က 'ဦးပဥ္စင်း. . .၊ တပည့်တော်က ဦးပဥ္စင်းရဲ့ ပစ္စည်းလေးပါးဒကာဖြစ်ပါတယ်။ သံဃိကဒါနအကျိုးကြီးကြောင်း တပည့်တော်အသိပါ။ ဦးပဥ္စင်းကို လူဖြစ်လျှင် အိမ်တစ်ဆောင်မီးတပြောင်ထားဖို့က တပည့်တော်မှာ တာဝန်ရှိပါတယ်။ ဦးပဥ္စင်းက ရဟန်းဖြစ်နေတော့ ဦးပဥ္စင်း အလိုရှိရာ ချမ်းချမ်းသာသာသုံးနိုင်အောင် ပုဂ္ဂလိက လှူဒါန်းပါတယ်။ ပုဂ္ဂလိကအလှူခံပါ'ဟု ပွင့်ပွင့်လင်းလင်း လျှောက်ထားပြီး ပုဂ္ဂလိကအဖြစ်လှူဒါန်းခဲ့ပါသည်။

အလှူဒါယကာ သူဌေးကြီးဆာဦးသွင်မရှိသည့်နောက်တွင် ဆရာတော်က ကျောင်းနှင့်မီးစက်ကို အာရာမိက သံဃိကအဖြစ် လှူဒါန်းတော်မူပါသည်။ ထို့ပြင် ဆရာတော်ကြီးသည် ရရှိလာသော ပုဂ္ဂလိကလာဘ်တို့ကို သံဃာအားလှူဒါန်းမြဲ ဖြစ်ပါသည်။ အသုံးပြုလိုသည့်အခါ သံဃာကိုပန်ကြား၍ အသုံးပြုကြောင်းသိရပါသည်။ ပစ္စည်းလေးပါး၌ တွယ်တာကပ်ငြိမှုမရှိသည့် သန္တုဋ္ဌိ၊ သလ္လေခဂုဏ်ရည်များကလည်း နည်းယူကျင့်သုံးဖွယ် ကောင်းလှပါသည်။ လောဘ, မစ္ဆရိယ တရားများ အင်အားနည်းပါးသည်မှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။

ကောင်းသောကထိန်သင်္ကန်းဖြစ်အောင်

ဆရာတော်ကြီး၏ မင်းကွန်းဓမ္မနာဒကျောင်းတိုက်၌ ကျောင်းဒကာ သူဌေးကြီးဆာဦးသွင်မိသားစုက နှစ်စဉ် ကထိန်သင်္ကန်းလှူဒါန်းကြပါသည်။ ကထိန်သင်္ကန်းကိုလည်း ထိုခေတ်အခါက အကောင်းဆုံးသင်္ကန်းကို လှူဒါန်းပါသည်။ ဆရာတော်က ဝိနည်းဒေသနာတော်အရ ဒုကုဋ်သင်္ကန်းမရှိသော ဟောင်းနွမ်းနေသော သံဃာများကို

စိစစ်၍ ကထိန်သင်္ကန်းကို အလှူခံစေတော်မူပါသည်။ ကထိန်သင်္ကန်းကို ဆရာတော် အလှူမခံယူကြောင်း သိသွားသဖြင့် တစ်နှစ်ထက်တစ်နှစ် ကထိန်သင်္ကန်း ညံ့သွားပါသည်။

ထိုသို့ဖြစ်သည်ကို ဆရာတော်က သုံးသပ်ဆင်ခြင်တော်မူပြီး ဝါဆိုဦးကာလ၌ ရဟန်းတော်များ၏ နှစ်ထပ်သင်္ကန်းကိုယူစေပြီး ကြည့်ရှုပါသည်။ နှစ်ထပ်သင်္ကန်း မရှိသောရဟန်းတော်များကို နှစ်ထပ်သင်္ကန်း လှူဒါန်းပါသည်။ ဟောင်းနေသော နှစ်ထပ်သင်္ကန်းများရှိသည့် ရဟန်းတော်များအား အသစ်သင်္ကန်းများကို အလှူခံစေတော်မူပါသည်။ ကထိန်သင်္ကန်းရရှိသည့်အခါ အားလုံး နှစ်ထပ်သင်္ကန်းပြည့်စုံနေပြီဖြစ်၍ မထေရ်ကြီးဖြစ်သော မိမိက ကထိန်သင်္ကန်းကို အလှူခံပြီး ကထိနကံဆောင်တော်မူပါသည်။ ကထိန်သင်္ကန်းကို ဆရာတော်ဘုရား အလှူခံကြောင်းသိသည့်အခါ ရှေးကကဲ့သို့ သင်္ကန်းကောင်းကို လှူဒါန်းကြကြောင်း ကျောင်းထိုင်ဆရာတော်များ သတိပြုဖွယ်ကို နာယူခဲ့ရပါသည်။

မတောင်းကြနဲ့

'ဦးပဥ္စင်းတို့. . .၊ ဝန်ကြီးတွေ အရာရှိတွေနဲ့ တွေ့တဲ့အခါ ဘိလပ်မြေတို့၊ သွပ်တို့၊ သစ်သားတို့စတဲ့ လိုချင်တာတွေကို မတောင်းကြနဲ့။ တပည့်တော် ဘယ်သူ့ကိုမှ မတောင်းခဲ့ဘူး။ အဲဒါကြောင့် အစိုးရအရာရှိများက တပည့်တော်ကို ကြည်ညိုကြတာဖြစ်တယ်။ ရှေးက မန္တလေးက အိမ်တစ်အိမ်ဟာ ဘယ်သူ့မှ ဆွမ်းခံအိမ်ဖိတ်လို့မရဘူး။ ဒါနဲ့ ဦးပဥ္စင်းတစ်ပါးက နာမည်ကြီးလွန်းလို့ သွားပြီးဆွမ်းခံဖိတ်တယ်။ ဒကာကြီးက 'အရှင်ဘုရား၊ ယာစကော အပ္ပိယော ဟောတိ။ ယာစကော= တောင်းလာသောပုဂ္ဂိုလ်ကို၊ အပ္ပိယော=အတောင်းခံရသူက မနှစ်သက် မကျေနပ်သည်၊ ဟောတိ=ဖြစ်၏။-တဲ့ဘုရား'ဟု လျှောက်ထားရာ ဦးပဥ္စင်းက 'ဒါယကာကြီး၊ အဲဒီပါဠိတင် မဟုတ်သေးဘူး၊ ရှေ့တစ်ပုဒ်ဆက်ရွတ်ပါ'လို့ပြောတော့ ဒကာကြီးကရိပ်မိပြီး 'အရှင်ဘုရား ဆွမ်းခံကြွတော်မူပါလို့ လျှောက်တယ်'တဲ့။ အဲဒီ ပါဠိက 'အဒဒံ ဟောတိ အပ္ပိယော။ အဒဒံ = တောင်းခံလာသူအား မပေးကမ်းသောသူကို၊ အပ္ပိယော = တောင်းသောသူက မနှစ်သက် မကျေနပ်သည်၊ ဟောတိ=ဖြစ်၏'တဲ့။

အဲဒါကြောင့် 'လူကြီးတွေနှင့်တွေ့လျှင် ပစ္စည်း မတောင်းကြနဲ့'ဟု တောင်းခံမှုနှင့်ဆက်စပ်သော ဩဝါဒတော်ကိုလည်း နာယူခဲ့ရပါသည်။

ဆရာတော်ဘုရား၏ ဩဝါဒဒေသနာတော်တို့ကို နာယူကြသည့်ပုဂ္ဂိုလ်များသည် အများပြည်သူတို့ လိုက်နာကျင့်သုံးနိုင်ကြစေရန် တိပိဋကဩဝါဒဒေသနာတော်ကျမ်းစာကို ဖြန့်ဝေပေးနိုင်လျှင် လွန်စွာအကျိုးများမည်ဖြစ်ကြောင်း တိုက်တွန်းလျက် ဆရာတော်ကြီး၏ ကြည်ညိုဖွယ် တစ်စိတ်တစ်ဒေသကို တင်ပြလိုက်ပါသတည်း။ ။

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
ဒုတိယပါမောက္ခချုပ်၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊
ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများ

ဘဒ္ဒန္တသုမန

(မူလမင်းကွန်း)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ရခိုင်ပြည်နယ် သံတွဲ(ဒွါရာဝတီ)မြို့၌ ၁၃၄၅-ခုနှစ်၊တပေါင်း လဆန်း ၉-ရက်နေ့တွင် ကျင်းပသော တိပိဋကဓရဆရာတော်ဦးနေမိန္ဒ၊ ဆရာတော်ဦးကောသလ္လ၊ ဆရာတော်ဦးသုမင်္ဂလ အပါအဝင် တိပိဋကဓရဆရာတော်လေးပါး ပူဇော်ပွဲသို့ ကြွရောက်တော်မူခဲ့စဉ်က ဒွါရာဝတီပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့၏ ငွေရတုသဘင်ပွဲတို့တွင် နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကိုလှူဒါန်းကြသောအခါ ဆရာတော်ကြီးက 'ဘုန်းကြီးနှင့်တကွအပူဇော်ခံ ဆရာတော်လေးပါးပိုင် နဝကမ္မနှင့် အထွေထွေပစ္စည်းများကို ဆရာတော်များသဘောတူ ဒွါရာဝတီ ပရိယတ္တိစာပြန်ပွဲအတွက် ငွေပဒေသာပင် စိုက်ထူရန် လှူဒါန်းပါတယ်။

သံတွဲမြို့မှထွက်ရှိသော ငှက်ပျောခြောက်ကလေးကိုတော့ လှူဒါန်းလျှင် ဘုန်းကြီးလက်ခံပါမယ်။ အမှတ်တရ ဟိုရောက်လျှင် သံဃာတော်များနှင့် ဒကာဒကာမများ သုံးဆောင်ရတာပေါ့'-ဟု မိန့်တော်မူပါသည်။

ထို့နောက် ဆရာတော်ကြီးသည် သံတွဲမြို့ နံတော်တောင် ဘုရားကြီး စာသင်တိုက်တွင် အနားယူသီတင်းသုံးနေစဉ် ညချမ်းအချိန်တွင် ဆရာတော်ကြီး၏ပစ္ဆာသမဏ ဦးကုသလကို စာရေးသူက ဆရာတော်ကြီးအား ဝတ်ပြုနှိပ်ပေးလိုပါကြောင်း လျှောက်ထားပါသည်။



ထိုအခါ ဘုန်းကြီးဦးကုသလက 'အရှင်ဘုရားကိုယ်တိုင် သွားလျှောက်လို့ရလျှင် ဝတ်ပြုပါ၊ တပည့်တော်မလျှောက်ဝံ့ပါ'ဟု မိန့်ပါသည်။

ထိုအခါ စာရေးသူသည် ဆရာတော်ဘုရား အနားယူနေသော အခန်းတွင်းသို့ဝင်သွားပြီး ဆရာတော်ဘုရားအား ဝတ်ပြုလိုပါကြောင်းလျှောက်ထားပါသည်။ ဆရာတော်ဘုရားက လက်မခံပါ။ နောက်ထပ်အရဲစွန့်ပြီး အကြောင်းအမျိုးမျိုး တင်ပြ၍ လျှောက်ထားသောအခါ 'ဒီလိုဆို မောင်ပဉ္စင်း ဝတ်ပြုပေးလျှင် ထိထိမိမိ နာနာသာနှိပ်ပေးပါ'ဟု ခွင့်ပြုမိန့်ဟတော်မူပါသည်။ တစ်နာရီခွဲကျော် ဝတ်ပြုခွင့်ရရှိခဲ့ပါသည်။

ဝတ်ပြုနေစဉ် ဆရာတော်ကြီးက ရရှိသမျှ လာဘ်လာဘတို့ကို လှူဒါန်းပစ်ကြောင်း၊ ဆေးဝါးလှူကြောင်း၊ အတန်းကျောင်းတွေဆောက်လှူကြောင်း၊ မင်းကွန်း၌ တိပိဋက=နိကာယ ကျောင်းတော်ကြီး တည်ထောင်ထားကြောင်း၊ ရရှိလာသည့်ပစ္စည်းဝတ္ထုတို့ကို ဓမ္မနာဒတိုက်၏ သံဃိကအဖြစ် ထားရှိကြောင်း စသည်ဖြင့် အကျယ်တဝင့် မိန့်ကြားတော်မူပါသည်။စာရေးသူ ကြည်ညို၍မဆုံး ဖြစ်ရပါသည်။

အလှူအတန်းနှင့်ပူဇော်ပွဲ စသည်တို့သို့ နာမည်ကြီးပုဂ္ဂိုလ်များကြွတော့မည်ဆိုလျှင် တခြားပုဂ္ဂိုလ်များက ထိုနာမည်ကြီးပုဂ္ဂိုလ် မလာမချင်း စောင့်နေရပါသည်။

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကား ထိုသို့မဟုတ်ပါ။ ဥပမာအားဖြင့် တစ်နာရီ ပူဇော်ပွဲသို့ ကြွရမည် ဆိုပါစို့။ တစ်နာရီမထိုးမီ ၁၀-မိနစ်လောက်မှစ၍ သင်္ကန်းရုံပြီး ထိုင်စောင့်ရင်း ပုတီးလေးစိပ်နေသည်။ မကြာမကြာ ရှေးဟောင်းနာရီလေး ထုတ်ကြည့်လျက် ပင့်လာသည့်ကားရောက်သည်နှင့် တစ်ပြိုင်နက် ကားပေါ်ကြွပါတော့သည်။ မင်းကွန်း ဆရာတော်ကြီးကသာ တခြားပုဂ္ဂိုလ်များကို စောင့်နေရ သည်။ တခြားပုဂ္ဂိုလ်များက မင်းကွန်းဆရာတော်ကြီးကို မစောင့်ရပါ။ 'ငါ တိပိဋကဓရပဲ' ဟူသော စိတ်ထား အပြုအမူ မပြုလုပ်သည့် မင်းကွန်းဆရာတော်ကြီးအား ယနေ့ထက်တိုင် ကြည်ညိုမဆုံးဖြစ်နေရပါတော့သည်။ ။

ဘဒ္ဒန္တသုမန
မူလမင်းကွန်းဓမ္မရိပ်သာ၊
သာကေတ၊ ရန်ကုန်မြို့။

ပါရမီရှင် ဆရာတော်ကြီး

အရှင်ဇဋိလ
(ဘိုကလေး)

ယခုအချိန်အခါသည် တပည့်ရှင်လူ ပြည်သူအများတို့က ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ရာပြည့်သဘင်ပွဲကို ပူဇော်ဆင်နွှဲရန် ပြင်ဆင်နေချိန်ဖြစ်ပါသည်။ ဆရာတော်ကြီးကား လွန်ခဲ့သော ၁၉-နှစ်ခန့်က ဘဝနတ်ထံစံလွန်တော်မူခဲ့လေပြီ ဖြစ်ပါသည်။

ခန္ဓာဇာတ်သိမ်း၍ တစ်ဘဝငြိမ်းခဲ့ပြီ ဖြစ်သော်လည်း ဆရာတော်ကြီး၏ဂုဏ်ကျေးဇူး, သီလ, သမာဓိ, ပညာ-စသော ဘဝအလှတရားတို့သည်ကား ယနေ့အချိန်တိုင် လူသားတို့၏ နှလုံးအိမ်ဝယ် အစဉ်ကိန်းဝပ်လျက် လွမ်းဆွတ်တသ မေ့မရနိုင်ဘဲ ရှိနေကြရပါသည်။

ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်ထေရုပ္ပတ္တိကို ကြည်ညိုလေ့လာသောအခါမှာ စာရေးသူ ဉာဏ်မီသမျှ ကြံစည်ရသော် ဆရာတော်ကြီး၏ စိတ်စေတနာနှင့် အပြုအမူများသည် မဟာပုရိသယောကျ်ားမြတ်တို့၏ စိတ်ထားနှင့် ပါရမီအလုပ်များကို ပြည့်စုံစွာ ပြုလုပ်အားထုတ်သွားခဲ့သည်-ဟု တွေ့မြင်ခံစားရပါသည်။

ဆိုရပါဦးအံ့။ ဘုရားအလောင်းတော်များ ပါရမီဖြည့်ဆည်းသောအခါ အောက်ပါအချက် ဆယ်ချက်ကို ဖြည့်ကျင့်တော်မူခဲ့ကြပါသည်။

၁။ ဒါနပါရမီ. . .။မိမိအတွက်မငဲ့ကွက် မျှော်လင့်ချက်မထား အများကောင်းကျိုးလိုလားသောစိတ်ထားဖြင့် မိမိပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ,ရာထူးအာဏာ, ဂုဏ်သတင်းကျော်ကြားခြင်းတို့ကို လှူဒါန်းပေးဝေ ကူညီစွန့်လွှတ်ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် မိမိပိုင်ဆိုင်သော ပစ္စည်းလေးပါးနှင့်တကွ ရပိုင်ခွင့်, ခံစားပိုင်ခွင့်များကို မိမိအတွက်မငဲ့ကွက် သာသနာတော်နှင့် လောကအတွက်သာ စွန့်လွှတ်လှူဒါန်းမှုများကား များပြားလှသည်သာတည်း။

၂။ သီလပါရမီ. . .။မိမိခန္ဓာကိုယ်ကိုမငဲ့ကွက် အပြစ်ကင်းသော ကိုယ်မှုနှုတ်မှုများ, လိုက်နာအပ်သော ကျင့်ဝတ်များ, စောင့်စည်းအပ်သော ဣန္ဒြေသိက္ခာများကို ကောင်းစွာ ဆောက်တည်ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် သိမ်မွေ့နူးညံ့၍ နှစ်လိုဖွယ်ကောင်းသော ကိုယ်နှုတ်နှလုံးတို့ကို ဘဝတစ်လျှောက်လုံး အသုံးချသွားခဲ့သည်ကို တွေ့ရပါသည်။ ခန္ဓာကိုယ်အားအင်နည်းပါးမှုကိုမျှမငဲ့ကွက် စံပြုစရာပြုကျင့်သွားခဲ့သော အကျင့်ဝတ္တရားများတို့ကား မျက်ဝါးထင်ထင် ရှုမြင်အပ်သည်သာတည်း။

၃။ပညာပါရမီ. . .။အရှိတရားကိုထိုးထွင်းသိ၍ အမှန်တရားကို ဝေဖန်ပိုင်းခြားမြင်နိုင်စွမ်းသော ဉာဏ်ပညာတရား ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ပစ္စက္ခမျက်မှောက် အခြေအနေ အချိန်အခါကိုလည်း မစွန့်လွှတ်, အတိတ်ကိုလေ့လာ, အနာဂတ်ကိုမျှော်ရှုလျက် မိမိ၏အသိအမြင်များကို လောကနှင့် သာသနာအတွက် အကျိုးရှိစွာ အသုံးပြုသွားနိုင်သည်မှာ ယခုတိုင်သာဓကများစွာ ထင်ရှားရှိနေသည်သာဖြစ်ပါသည်။

၄။ ဝီရိယပါရမီ. . .။မှန်ကန်ကောင်းမြတ်၍ အကျိုး ရှိသောအလုပ်များကို ပန်းတိုင်မရောက်မချင်း မဆုတ်နစ်မူ၍ လွန်စွာအားထုတ်ပြုလုပ်ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် တိပိဋကဓရစာမေးပွဲဖြေဆိုစဉ် တစ်လျှောက်နှင့် တိပိဋကဓရဖြစ်ပြီး ဘဝတစ်လျှောက်လုံး သာသနာအတွက် ဆောင်ရွက်ရာ၌ လူသာမန်တို့ မကြံစည်ဝံ့ မကြံစည်နိုင်သော သာသနာပြုလုပ်ငန်းကြီးများကို လွန်စွာကြီးမား၍ ပြင်းထန်သော ဇွဲလုံ့လသတ္တိတို့ဖြင့်ပြုလုပ်ခဲ့သည်မှာ အလွန်ထင်ရှား၍ အထူးပြောစရာ လိုမည်မထင်ပေ။

၅။ ခန္တီပါရမီ. . .။ကောင်းဆိုးနှစ်တန် လောကဓံတရားတို့ကို တွေ့ကြုံဆုံလာရာ၌ တုန်လှုပ်ခြင်းရှင်းချစ်မုန်းကင်း၍ ပကတိအတိုင်းလက်ခံနိုင်ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် အောင်မြင်မှုဂုဏ်သတင်းကြောင့်ဖြစ်ပေါ်လာသော အကောင်းလောကဓံတရားတို့ကိုလည်း မက်မောသာယာတွယ်တာခြင်း အလျဉ်းမရှိသလို လူသားတိုင်းတွေ့ကြုံရသည့် ဝေဖန်တိုက်ခိုက် နှောင့်ယှက်မှုများနှင့် ကြုံရာ၌လည်း တုန်လှုပ်ခြင်းမရှိ တည့်မတ်မှန်ကန်စွာ လက်ခံဖြေရှင်းခဲ့ပါပေသည်။

၆။ သစ္စာပါရမီ. . .။အသက်သိက္ခာ ဂုဏ်အာဏာတို့ကြောင့်သော်မှလည်း လိမ်ညာမပြော မှန်ကန်အကျိုးများရှိးသားသောစကားကိုသာ ပြောကြားခြင်းသည် သစ္စာပါရမီဖြစ်ပါသည်။ ဆရာတော်ကြီးသည် လိမ်ညာသိမ်ဖျင်း အကျိုးကင်းသောစကားကို ပြောကြားဖူးသည်ဟူ၍ မည်သူ့ထံကမျှ မကြားရဖူးပါ။ မှန်ကန်၍အကျိုးများသောစကားကိုသာ ပြောဆို၍ မိမိနှင့်တကွ တပည့်သားတို့၏ဘဝကို လှပအောင် အသုံးချတည်ဆောက်သွားခဲ့ပါသည်။

၇။ အဓိဋ္ဌာနပါရမီ. . .။အလုပ်ကိစ္စဆုံးဖြတ်ချက်တို့၌ လောကဓံလှိုင်းတို့ကြောင့် ယိုင်လဲခြင်းမရှိ၊ ကျောက်တိုင်ပမာ ခိုင်မြဲသောစိတ်ထားဖြင့် မပြောင်းမလဲ ပြီးစီးအောင်ဆောင်ရွက်ခြင်းသည် အဓိဋ္ဌာနပါရမီဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဘဝနှင့် လုပ်ဆောင်ချက်များသည် သာသနာတော်တည်းဟူသော တစ်ခုတည်းသောလမ်းကြောင်းမှလည်း မသွေဖည်၊ လွတ်မြောက်မှုဟူသော တစ်ခုတည်းသောပန်းတိုင်သို့လည်း ဦးတည်၍ မယိုင်မလဲခိုင်မြဲစွာ လျှောက်လှမ်းလုပ်ဆောင်သွားခဲ့သည်သာ ဖြစ်ပါသည်။

၈။ မေတ္တာပါရမီ. . .။ရန်သူ၌လည်း ဒေါသမထား၊ ချစ်သူ၌လည်း တဏှာမပွားဘဲ ညီမျှသောစိတ်ထားဖြင့် ဘေးရန်ကင်းကွာ ကောင်းကျိုးလိုလားသော ကြံစည်ပြောဆိုပြုလုပ်မှုအားလုံးတို့သည် မေတ္တာပါရမီဖြစ်ပါသည်။ ဆရာတော်ကြီးသည် တစ်ဘဝတာအတွင်း၌ ရန်သူမိတ်ဆွေ မခွဲခြား အားလုံးညီမျှသောစိတ်ထားဖြင့် ကောင်းကျိုးတိုးပွားရန်သာ ဆက်ဆံပြောဆိုဆောင်ရွက် ဖြေရှင်းခဲ့ပါသည်။ ဆရာတော်ကြီး၏မျက်နှာတော်ကို ဖူးတွေ့ရလျှင် မေတ္တာဓာတ်အရှိန်ရိုက်ခတ်မှုကို တွေ့မြင်ခံစားနိုင်ကြပါသည်။

၉။ ဥပေက္ခာပါရမီ. . .။အကောင်းတရား၌လည်း မမက်မောမသာယာ မတွယ်တာမမိန့်မူး၊ အဆိုးတရား၌လည်း စိုးရိမ်ပူဆွေးငိုကြွေးဖောက်ပြန်ခြင်းမရှိ၊ နှစ်ဖက်အစွန်းမထွက် တည့်မတ်သောစိတ်ထားဖြင့် အရေးမပြုလျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီဖြစ်ပါသည်။ ဆရာတော်ကြီးသည် အောင်မြင်မှုများ၌လည်း မတက်ကြွမထောင်လွှား၊ ကျရှုံးမှုများ၌လည်း မတွေဝေမငေးမောသူသဘောအတိုင်းလက်ခံ၍ မိမိမဟုတ်နိုင်သောကိစ္စများနှင့် အချို့သောကိစ္စများအား ညီမျှသောစိတ်ထားများဖြင့် အလေးမမူ လျစ်လျူရှု ဥပေက္ခာ ပြုနိုင်ပါပေသည်။

၁၀။ နေက္ခမ္မပါရမီ. . .။ သံသရာမှ လွတ်မြောက်လိုမှုနှင့် ထွက်မြောက်မှုကို နေက္ခမ္မပါရမီဟုဆိုရပါသည်။ တောထွက်မှုမျှကိုသာ ဆိုလိုသည်မဟုတ်ပါ။ ရှေးပါရမီကိုးပါးကို ဆောင်ရွက်ဖြည့်ကျင့်ရာ၌ နေက္ခမ္မပါရမီကို အခြေခံမှသာလျှင် နေက္ခမ္မသဘောပါမှသာလျှင် ပါရမီမြောက်ပါသည်၊ ပါရမီ ဖြစ်နိုင်ပါသည်။ နေက္ခမ္မပါရမီကို ပါရမီတို့၏အချုပ်ဟုဆိုသော် ရနိုင်ပေ၏။ ဆရာတော်ကြီး၏ ဘဝကို လေ့လာမှတ်သားရာ၌ ပြုမူဆောင်ရွက်ချက်အားလုံးတို့သည် နေက္ခမ္မသဘော ဦးစီးပြဓာန်းလျက်သာ ဆောင်ရွက်သွားသည်ကို တွေ့မြင်နိုင်ပါသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင်ဆရာတော်ကြီးသည် တစ်ဘဝတစ်သက်တာပတ်လုံး မဟာပုရိသခေါ် ယောကျ်ားမြတ်တို့၏ ဥစ္စာဖြစ်သော ပါရမီအလုပ်ကို ဖြည့်ကျင့် ဆည်းပူးသွားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မည်သို့ဆိုစေ ဆရာတော်ကြီးကား တစ်ခေတ်မှာတစ်ယောက် ထွန်းပေါက်လာသော စံနမူနာပြုစရာ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ခြင်းကိုကား မည်သူတစ်ယောက်မျှ ငြင်းနိုင်မည် မဟုတ်ပေ။ ဆရာအသီးသီးတို့၏ တပည့်အသီးသီးတို့သည် မိမိတို့၏ဆရာအား ယုံကြည်မှု၊ ကြည်ညိုမှု၊ လေးစားမှုများဖြင့် ရှုထောင့်အမျိုးမျိုးမှ အမြင်အမျိုးမျိုးကို ပြောဆိုချီးမွမ်းကြသည်မှာကား ဓမ္မတာသာတည်း။

မိမိတို့၏ဆရာသခင် ကျေးဇူးရှင် ဆရာတော်ကြီးကား ချစ်သူ၊မုန်းသူ၊ဆန့်ကျင်သူ၊လက်ခံသူ လူမျိုးဘာသာအားလုံးတို့မှ ယုံကြည်အားထား လေးစားပူဇော်ကြသည် ဖြစ်ရကား မဟာပုရိသာဇာညအစစ် ပါရမီရှင်အလောင်းတော်ဟူ၍သာပင် ဆိုလိုက်ချင်၍ ရာပြည့်အဝင် ဆရာသခင်ကို ဤစာစဉ်ဖြင့် ဦးခိုက် ပူဇော်လိုက်ရပါတော့သည်။ ။

အရှင်ဇဋိလ(ဘိုကလေး)

ဆရာတော်နှင့်
နီးနီးကပ်ကပ်နေခဲ့ရစဉ်က

ဦးပဏ္ဍိတ

(ပဏ္ဍိတာရာမကျောက်ဆည်ကျောင်းတိုက်)

ဦးဇင်းသည် ၁၃၄၃-ခုနှစ်၊ ကဆုန်လ၌ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋက-နိကာယကျောင်းတိုက်သို့ရောက်ရှိပြီး ဒီဃနိကာယ်သဘောရေးဖြေအတွက် အားထုတ်ရာ ၁၃၄၉-ခုနှစ်၌ ဒီဃနိကာယ်သဘောရေးဖြေ အောင်မြင်ခဲ့ပါသည်။

ထိုနှစ်၌ပင် တိပိဋက-နိကာယကျောင်းတိုက်၏ကျောင်းခွဲဖြစ်သော ရန်ကုန်မြို့၊ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော်၌ ပိဋကတစ်ပုံအောင်ပုဂ္ဂိုလ်များကိုသာ သုံးနှစ်တစ်ကြိမ်အလှည့်ကျသီတင်းသုံးရန် မဟာနာယကဆရာတော်များအဖွဲ့က စီစဉ်ဆုံးဖြတ်ချက်အရ ၁၃၅၀-ပြည့်နှစ် ဝါဆိုအမီ ရန်ကုန်တိပိဋကကျောင်းတော်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။

ထိုအချိန်က တိပိဋကကျောင်းတော်၌ ဆရာတော်ကြီး၏ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ အထိမ်းအမှတ်အဖြစ် အဘိဓဇကျောင်းတော်ကြီး ဆောက်လုပ်လျက်ရှိရာ ၁၃၅၁-ခုနှစ် ဝါဆိုအမီ ကျောင်းတော်ကြီးပြီးစီးသွားခဲ့ပါသည်။ ထိုကျောင်းကြီးပေါ်၌ အစောင့်အရှောက်အဖြစ် ရဟန်းနှစ်ပါးသီတင်းသုံးရန် အခန်းနှစ်ခန်းစီမံထားရာ အနုနာယကဘုန်းကြီးဦးကေသဝက ဦးဇင်းအား ထိုကျောင်းကြီးပေါ်၌ နေထိုင်ရန်စီစဉ်ညွှန်ကြားခဲ့၍ အဘိဓဇကျောင်းကြီးပေါ်၌ နေထိုင်ခွင့်ရခဲ့ပါသည်။

ထိုအချိန်က ဆရာတော်ကြီးသည် ရန်ကုန်၊ မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် ဆောင်ရွက်တော်မူနေချိန်ဖြစ်ပြီး ဒါယကာဒါယိကာမများကလည်း ဆရာတော်ကြီးအထံ၌ ရေစက်သွန်းချ လှူဒါန်းလိုကြသည့်အတွက် ဆရာတော်ကြီးသည် ရန်ကုန်သို့ မပြတ်မပြတ်ကြွရောက်တော်မူသည့် အချိန်အခါဖြစ်ပါသည်။ ထိုနှစ်ဝါအတွင်းက ဆရာတော်ကြီးလည်း အဘိဓဇကျောင်းသစ်ကြီးပေါ်၌ ပထမဦးဆုံးသီတင်းသုံးတော်မူခြင်းပင် ဖြစ်ပါသည်။

ထိုအဘိဓဇကျောင်းကြီးပေါ်၌ ဆရာတော်ကြီးအတွက် အိပ်ခန်း၊ စာကြည့်ခန်း၊ ကုဋီ ရေချိုးခန်းနှင့် ဆွမ်းစားဆောင်၊ ဧည့်ခန်းမ ဆောင်၊ အစောင့်အရှောက် ရဟန်းနှစ်ပါးအတွက် အခန်း နှစ်ခန်း၊ ဆရာတော်၏ ပစ္စာသမဏအတွက်တစ်ခန်း၊ ကပ္ပိယ အတွက်တစ်ခန်းတို့ဖြင့် အသေအချာအကွက်ချစီမံပြီး ခမ်းနား သပ်ရပ်စွာတည်ဆောက်ထားပါသည်။ ဦးဇင်းတို့နေသောအခန်းသည် ဆရာတော် ဆွမ်းဘုဉ်းပေးသော ဆွမ်းစားဆောင်ကြီးအတွင်း ဖွဲ့စည်းထားသောအခန်းများ ဖြစ်ပါသည်။

ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီး၍ ရေနွေးဘုဉ်းပေးသောအခါ ဦးဇင်းတို့နှစ်ပါးကို ပစ္စာသမဏအား အခေါ်ခိုင်းပြီး ရေနွေးသောက်ခိုင်းပါသည်။ ဦးဇင်းသည် ရှေးအခါက ဆရာတော်ကြီးကို နီးနီးကပ်ကပ် မဖူးဖူး၊ မတွေ့ဖူးပါ။ ယခုလို ရေနွေးတစ်ဝိုင်းတည်း နီးနီးကပ်ကပ် ဖူးတွေ့ရသောအခါ စိတ်ထဲမှာ လွန်စွာဝမ်းသာပြီး ရေနွေးလည်းမသောက်မိ ဘာကိုမျှလည်းမစားဖြစ်ဘဲ ဆရာတော်ကြီး မျက်နှာတော်ကိုသာ စိုက်ကြည့်လျက် 'ချမ်းသာတော်မူပါစေ၊ ချမ်းသာတော်မူပါစေ'ဟုသာ အဖန်ဖန် အထပ်ထပ် နှလုံးသွင်းနေမိ ပါသည်။

ဆရာတော်သည် မွန်မွန်မြတ်မြတ် စားသောက်ဖွယ်ရာများကို ဘုဉ်းပေးတာမတွေ့ရဘဲ မင်းကွန်းက ပါလာသော ရေနွေးဖျော်ထားသည့် ပဲစိမ်းကျော်ကိုသာ နှစ်ဇွန်း၊သုံးဇွန်း ဘုဉ်းပေးကာ ရေနွေးတစ်ပန်းကန် သောက်ပြီး 'ဘုဉ်းပေးကြ ဘုဉ်းပေးကြ'ဟုမိန့်ကာ ဆရာတော့်အခန်းသို့ ပြန်ကြွသွားပါသည်။

ထိုစဉ်က ဆရာတော် ကြွရောက်သီတင်းသုံးသည့်အခါ ဝေယျာဝစ္စဆောင်ရွက်ရန် ကပ္ပိယနှစ်ယောက်ကို အဖွဲ့ကတာဝန်ပေးထားပါသည်။ ကပ္ပိယများသည် လူငယ်များဖြစ်သည့်အတွက် တာဝန်ကို ထိုက်သည့်အားလျော်စွာ မဆောင်ရွက်နိုင်ကြပါ။

ဆရာတော်ပြန်ကြွသွားလို့ နောက်တစ်ရက်ရောက်သည့်တိုင်အောင် လက်ဆေးကန်ထဲ၌ ပန်းကန်တွေပုံးလုံးပက်လက်၊ အိပ်ရာတွေကလည်း ဒီအတိုင်း။ ဦးဇင်းက ငါ ကုသိုလ်ရတာပေါ့ဆိုပြီး ပန်းကန်ခွက်ယောက်တွေဆေး၊ ရေစင်အောင်သုတ်ပြီး ကြောင်အိမ်ထဲမှာသိမ်း။ ဆရာတော်၏ အိပ်ရာနေရာများ ခေါက်သိမ်း၊ အခန်းတံမြက်လှည်း၊ ရေချိုးခန်း၊ ကုဋီများဆေးကြော၊ ဧည့်ခန်းဆောင်အခင်းများလိပ်၍ တံမြက်လှည်းကာ ကပ္ပိယများဆောင်ရွက်ရမည့်တာဝန်ကို ဆရာတော်ကြီးအပေါ် ကြည်ညိုချင်သောစိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာ စိတ်အားထက်သန်စွာ ဆောင်ရွက်ခဲ့ပါသည်။

ကပ္ပိယများ မဆောင်ရွက်သည်မှာ တစ်ခါတစ်ရံ မဟုတ်ဘဲ အကြိမ်တွေများလာပါသည်။ တစ်ကြိမ်တွင် ပန်းကန်ခွက်ယောက်များဆေးရင်း ဝေယျာဝစ္စကိစ္စလည်း အဆင်ပြေ ငါလည်းကုသိုလ်ရအောင် ငါအမြဲဆောင်ရွက်ခွင့် ရလျှင်ကောင်းမှာပဲဟု အကြံဖြစ်ပြီး အနုနာယကဘုန်းကြီး ဦးကေသဝအား အကျိုးအကြောင်းပြောပြပြီး လျှောက်ထားကြည့်ရာ 'နေဦးကိုယ်တော်၊ တပည့်တော် ပစ္စာသမဏနဲ့



တိုင်ပင်ကြည့်လိုက်ဦးမယ်'ဆိုပြီး နောက်တစ်ခေါက် ဆရာတော်ကြွအလာ ပဋ္ဌာသမဏဦးနိမလ (စိန်နားကပ်ကြီး) နှင့်တိုင်ပင်ပြီး 'လုပ်ကိုယ်တော်၊ ရတယ်'ဆိုတာနှင့် ထိုအခေါက်ကစပြီး ဆရာတော်ကြီး ကြွမလာခင် တစ်ရက် ကြို၍ တစ်ကျောင်းလုံးကို ပိုးမွှားများ, အမှိုက်များ, ဖုန်မှုန့်များမရှိရအောင် ရှင်းလင်းသုတ်သင်၍ နေရာများ ခင်းခြင်း၊ စာကြည့်ခန်းကို သန့်ရှင်းကာ နေရာခင်း၍ စာကြည့်စားပွဲ, လက်နှိပ်စက်တို့ကို အရန်သင့်ထားရှိခြင်း၊ ကုဋီကို ဆေးကြော၍ ရေချိုးကန်ကို ရေဟောင်းများလှယ်ပြီး ရေသစ် ထည့်ခြင်း၊ ပန်းကန်ခွက်ယောက်များ ဆေးကြော၍ ရေစင်အောင်သုတ်ပြီး မှောက်ထားခြင်း၊ ဆရာတော်ပြန်ကြွသည့်အခါ အားလုံးကိုရှင်းလင်း သုတ်သင် ဆေးကြော၍ နေရာတကျ သိမ်းဆည်းခြင်း-ဟူသော ဝေယျာဝစ္စကိစ္စများကို နှစ်နှစ်တိုင်တိုင်ဆောင်ရွက်ကာ ကုသိုလ်ယူခဲ့ပါသည်။

ဆရာတော်ကို ခေါင်းရိတ်ပေးရန်လည်း ဦးဇင်းကိုပင် တာဝန်ပေးပါသည်။ ဆရာတော်၏ ခန္ဓာကိုယ်သည် အသားအရေ နည်းပါးလှသည့်အတွက် ဦးခေါင်းတော်လည်း မနိုင်းကောင်းနိုင်းကောင်း ဘူးသီးအနုခြောက်လို ဖြစ်ပြီး ရိတ်ရမလွယ်ကူပါ။ ဓားဟာ ချောချောမွေ့မွေ့ မသွားဘဲ ခုန်နေသည့်အတွက် မနည်းထိန်းရိတ်ရပါသည်။ ဓားကလည်း အတော်ထက်မှ အဆင်ပြေပါသည်။ ဓားကတော့ ဆရာတော့်အတွက် နိုင်ငံခြားမှ သီးသန့်လှူထားသော စပါယ်ရှယ်ဖြစ်၍ သွေးစရာမလို မသွေးရဘူးဟု ပဋ္ဌာသမဏက ပြောပါသည်။

သို့သော် တစ်ကြိမ်တွင်မူ ဓားကမတိုးဘဲဖြစ်နေပါသည်။ ဆရာတော်ကလည်း ရိတ်လိုက်တိုင်း ရိတ်လိုက်တိုင်း တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားပါသည်။ ဓားကလည်း ရိတ်မရ, လှူသွားသည့် ပုဂ္ဂိုလ်က သွေးစရာမလို မသွေးရဘူးဆို၍ သွေးစရာကျောက်လည်း ဆောင်မထားပါ။ ကျောက်ရှိလည်း အခုမှသွေးနေ၍ အဆင်မပြေပါ။ ဆရာတော်ကမူ ဘာမှမမိန့်ဘဲ ငြိမ်၍သာ နေပါသည်။ မတတ်သာသည့်အဆုံး မိမိအခန်းသို့ပြေးကာ မိမိအသုံးပြုသောဓားကိုယူပြီး ရိတ်ပေးမိပါသည်။ ထိုအခါ ဆရာတော်က 'ဦးဇင်း ရဲရဲသာရိတ်၊ တပည့်တော်မနာပါဘူး၊ နာတယ်ဆိုတာ နှလုံးသွင်းမှုရှိမှနာတာပါ'ဟု မိန့်ပါသည်။

မျက်မှောက်ခေတ်သာသနာတော်တွင် ပရိယတ္တိပညာဂုဏ်အားဖြင့် အမြင့်မြတ်ဆုံးဖြစ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးက မိမိ၏တပည့်များအပေါ် မှာပင် မင်း, ငါဟူသော အသုံးမျိုးလုံးဝမသုံးဘဲ 'တပည့်တော်'ဟူသော မိမိအား တိုက်ရိုက်ပြောသောစကားကို ကြားလိုက်ရသည့်

အတွက် မဖြစ်စဖူး အထူးအဆန်းကို မြင်ရကြားရသောအခါ ဖြစ်ပေါ်သည့် ခံစားမှုမျိုး စိတ်ထဲတွင်ဖြစ်ပေါ်လာပြီး ကြည်ညိုလေးစားသော စိတ်များလည်း အတိုင်းမသိ ဖြစ်ပေါ် ခဲ့ပါသည်။

နောင်တွင် ခေါင်းရိတ်သောအခါ ဒီအဖြစ်မျိုး မဖြစ်ရအောင် အနုနာယကဘုန်းကြီးထံမှ ဓားအသစ် တစ်ချောင်း တောင်းကာ စိတ်တိုင်းကျသွေးပြီး ခါးပန်းလိပ် ထဲထည့်ကာ ဆောင်ဆောင်သွားခဲ့ပါသည်။

တစ်ခေါက်တွင်မူ မင်းကွန်းသို့ပြန်ကြွခါနီး၌ ဦးဇင်းကို အခေါ်ခိုင်းပြီးလျှင် လက်နိပ်စက်တင်၍ရိုက်သော ခုံဝိုင်း ကလေးကိုပြကာ 'ဦးဇင်း၊ဟောဒီတန်းကလေးကို ဒီနား ဒီနားက ဖြတ်ပြီး ဟောဒီနားမှာ အပလေးနဲ့ပိုးပြီး ရိုက်ထားလိုက်နော်၊ ဖြစ်တယ်မဟုတ်လား၊ ဒကာကြီးတွေကို သွားမခိုင်းနဲ့နော်၊ သူတို့မှာ အလုပ်တွေကသိပ်များတာ'ဟု မိန့်ပါသည်။

ထိုအချိန်က ဆရာတော်သည် ရန်ကုန်-မန္တလေး နိုင်ငံ တော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် ဆောင် ရွက်တော်မူနေချိန်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ စုပေါင်း ရေစက်ချလှူဒါန်းပွဲများသို့ ကြွရောက်ချီးမြှောက်တော်မူနေရ ပါသည်။ ရန်ကုန်သို့လည်း မပြတ်ကြွရောက်တော်မူလာပြီး နံနက်ခင်း၌ တစ်ဦးချင်းအလှူရှင်များ၏ ရေစက်ချ လှူဒါန်းပွဲများသို့ ကြွရောက်ချီးမြှောက်တော်မူရပါသည်။ နေ့ခင်းပိုင်း ကျောင်းတော်၌ စုပေါင်းရေစက်ချလှူဒါန်း ပွဲများ တစ်နေ့ လေး‚ငါးပွဲ နေ့တိုင်းလောက်နီးပါးရှိသည်။ တစ်ပွဲ တစ်ပွဲလျှင် တစ်နာရီခွဲမျှကြာရာ တစ်နေကုန်သွား ပါသည်။

ရေစက်ချပွဲများပြီးသည်နှင့် စာကြည့်ခန်းထဲဝင်ကာ လက်နိပ်စက် တချောက်ချောက်ရိုက်နေပါတော့သည်။ ခန္ဓာ ကိုယ်နှင့်မမျှအောင် အပင်ပန်းခံနိုင်သည့် ဆရာတော်ပါပေ။

ဆရာတော်ကြီးသည် မိမိမှာ ဤကဲ့သို့ အချိန်အား ဟူ၍ မရှိလောက်အောင် အလုပ်တွေများလှသော်လည်း အလုပ်တွေများ...ကိုတာ... အောက်မေ့ပုံမပေါ်။ သူတစ်ပါးအပေါ်၌မူ 'ဒကာကြီးတွေကို သွားမခိုင်းနဲ့နော်၊ သူတို့မှာ အလုပ်တွေကသိပ်များတာ'ဟု မိန့်တော်မူသော ဆရာတော်၏ သူတစ်ပါးအပေါ်ထားရှိသော စိတ်ထားနှင့် အရှိန်အဝါဩဇာကြီးမားလှသော်လည်း အရှိန်အဝါဩဇာ ကို မည်သည့်အခါမျှအသုံးမချ၊ သာမန်ဆရာတော်တစ်ပါး ပမာ ရိုးသားစွာ ကျင့်ကြံနေထိုင်သွားခဲ့သော ဆရာတော်၏ ရိုးသားမှုဂုဏ်ကို အတုယူနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

ပရိယတ္တိပညာရေးတွင် အထွတ်အထိပ်သို့ရောက် အောင် စွမ်းဆောင်တော်မူနိုင်ခဲ့သောဆရာတော်၊ သီလ‚ သမာဓိ‚ ပညာဂုဏ်အားဖြင့် ကြီးမား-အားကောင်းတော်မူခဲ့ သောဆရာတော်၊ ဆင္ဃသင်္ဂါယနာ အဖြေဆောင်ရွက်ရန် နတ်ဗြဟ္မာများတောင်းပန်မှုကြောင့် အလောင်းတော်ကြီး များကဲ့သို့ လူ့ပြည်ဆင်း သာသနာပြုခဲ့လေသလားဟု ထင်ရ လောက်အောင် အရာရာ၌ထူးခြားတော်မူခဲ့သော ဆရာတော်၊ ထင်ပေါ်ကျော်ကြား ဘုန်းကံကြီးမား၍ လာဘ်လာဘ အလွန်ပေါများတော်မူသော်လည်း မိမိကမူ မျှတရုံစား မျှတရုံဝတ် ကျောင်းနှစ်ဆောင်ကြားက အဖီလေးမှာနေပြီး တိပိဋကဓရ ဖြစ်ချိန်က၍ အသက် ထက်ဆုံး အများအကျိုး သာသနာတော်အကျိုးကိုသာ တစိုက်မတ်မတ်အားထုတ်သွားခဲ့သော ဆရာတော်ကို ဆုံးရှုံး ခဲ့ရသည်မှာ ၁၈-နှစ်ကြာခဲ့ပေပြီ။

အကယ်၍သာ ယနေ့အထိ ဆရာတော် အသက် ထင်ရှားရှိနေခဲ့လျှင် ရာပြည့်ပူဇော်ပွဲကြီးကို ဆရာတော်၏ မျက်မှောက်၌ ခြိမ့်ခြိမ့်သဲပူဇော်နေကြရပေပြီ။

ယခုတော့မူ ဂုဏ်တော်တွေကိုရည်မှန်း လွမ်းတလျက် မျက်ကွယ်ပူဇော်မှုကိုသာ ပြုခွင့်ရကြပေတော့သည်။

တပည့်ပဏ္ဍိတ

ပဏ္ဍိတာရာမကျောက်ဆည်ကျောင်းတိုက်၊

မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။

ဓမ္မဓရ (သို့မဟုတ်) ဓမ္မကာရက ဦးပညာတပ

(ရွှေကျင်ဂူတောရ)

ဒုတိယေ အတ္တဘာဝမှိ၊ လဒ္ဓါ သပ္ပညနိဿယံ၊
ဓမ္မဓရောတိနာမေန၊ သောတာပန္နော မရူဘဝေ။

ဤဂါထာလေးကိုဖတ်လိုက်လျှင် ဘယ်သူ ဘယ်ဝါ ဘယ်ပုဂ္ဂိုလ်ကြီးဆိုတာကို ရိပ်မိကြမှာပါ။ ဤဂါထာလေးရဲ့ အဓိပ္ပာယ်မြန်မာပြန်ကို ကြည့်ရအောင်။

ဒုတိယဘဝမှာ အရိယာသူတော်ကောင်းကို အမှီရ၍ ဓမ္မဓရအမည်နဲ့ သောတာပန်နတ်သား ဖြစ်ပါရစေတဲ့။

ဆုတောင်းဆိုလည်း မမှား။ သူ့ရဲ့အနာဂတ် အမည်တော်လို့ဆိုရင်လည်း ရပါတယ်။ ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်သူလည်းဆိုတာသိနိုင်ကြပါပြီ။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးပဲမဟုတ်လား။

ဤဆုတောင်းဂါထာကို မသိရသေးခင်က ဆရာတော်ကြီးကို ရဟန်းကိစ္စပြီးနေတဲ့ အရိယာရဟန္တာ သူတော်စင်ကြီးလို့ အောက်မေ့ကြတယ်။ ဆရာတော်ကြီး ကိုယ်တိုင်ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အပြတ်ဖြေရှင်း ထားတာ သိကြမှာပါ။ ဆရာတော်ကြီးရဲ့ အနာဂတ် အမည်တော် ဆုတောင်းဂါထာရဲ့ နှလုံးသွင်းအာဘော် အစစ်အမှန်က ဒီဘဝမှနောက်ဘဝသို့ ပြောင်းရွှေ့ရသောအခါ သူ့ရဲ့ဆရာ ပဌမဓမ္မနာဒဆရာတော်က နတ်ပြည်မှာ အရိယာနတ်သား ဖြစ်နေပေလိမ့်မယ်။ အဲဒီအရိယာ နတ်သား သူ့ဆရာရဲ့တရားကိုနာကြားပြီး ဓမ္မဓရ အမည်နဲ့ သောတာပန်နတ်သားဖြစ်ရပါစေလို့ ဆုတောင်းလိုက်ခြင်းပါပဲ။

ဆရာတော်ကြီးရဲ့ လက်ရှိအနေအထားနဲ့ ကြည့်လျှင် လုပ်ဆောင်ချက်အရင်းအနှီးက အလွန်ကြီးမားနေပြီး လုပ်ရပ်နဲ့ရလဒ်တို့က အလွန်တရာကွာခြားမှုရှိနေတာကြောင့် အများစုက သိပ်ပြီးလက်မခံချင်ကြဘူး။

ဘုရားဆုကြီးပန်လား ?၊

ဘုရားငယ်ဆုပန်လား ?၊

အဂ္ဂမဟာသာဝကဆုပန်လား?-လို့ အောက်မေ့ကြတယ်။ အဲဒီကိစ္စကို ယခုဂါထာက ပယ်ဖျက်ပြီးသားဖြစ်နေပါပြီ။

'အရင်းများများနှင့် အမြတ်နည်းနည်းရယူလိုတဲ့ ဆရာတော်ကြီးရဲ့ စိတ်ထားကို သိရလို့ ဆရာတော်သံဃာတော် ပညာရှင်အများစုတို့က လက်ခံသွားကြပါပြီ။ ရှင်းလင်းသွား ကြပါပြီ။

သို့ဖြစ်လျှင် ယခုဘဝမှာလည်း 'ဓမ္မဓရ'ဖြစ်ပြီး နောင်ဘဝမှာလည်း 'ဓမ္မဓရ'ဖြစ်ချင်သေးတယ် ဆိုတာလေးကတော့ အဆန်းပဲဖြစ်မနေဘူးလား။

ယခုဘဝမှာ ဓမ္မတွေကိုဆောင်ရတာ အားမရသေးလို့ နောင်ဘဝမှာလည်း ဓမ္မကိုဆက်ပြီးဆောင်ချင်တယ်ဆိုတော့ သိပ်ပြီးကြည်ညိုလို့မဆုံးနိုင်တဲ့အချက်ပါပဲ။ ဒီလိုဆိုတော့ ယခုဘဝမှာလည်း တိပိဋကဓရ၊ နောင်ဘဝမှာလည်း တိပိဋကဓရ ဖြစ်ချင်နေတာ သေချာနေပြီမဟုတ်ပါလား။ ဆရာတော်ကြီးရဲ့ ဓမ္မဓရဖြစ်ချင်ပုံလေးကို သာဓကဆောင်ပြီး ကြည့်ကြရအောင်။

ဆရာတော်ကြီးဟာ သက်တော်ရွယ်တော် ၈၀-နှစ်ရှိနေပြီ။ နဂိုကလည်းခပ်ပိန်ပိန် ခပ်ပါးပါး အရိုးပေါ် အရေကျဲကျဲ ဆရာတော်အိုကြီးက သာသနာတော်မှာ အခက်ခဲဆုံး အနက်နဲဆုံးဖြစ်တဲ့ အဘိဓမ္မာမူလဋီကာနဲ့ အနုဋီကာကျမ်းကြီးကို သတိကောင်းကောင်းနဲ့ အလွဲအမှားမရှိဘဲ ပိုင်ပိုင်နိုင်နိုင်ကြီး ပို့ချသွားခဲ့ပါတယ်။

အဲဒီအချိန်ကာလတွေတုန်းက စာရေးသူရဲ့ဥပဇ္ဈာယ် ပြည်မြို့ ဗာရာဏသီ ဆရာတော်ကြီးက 'မောင်ပဉ္စင်း၊ ဘယ်စာဝါတွေလိုက်နေတုန်း'လို့မေးလို့ စာရေးသူက 'တပည့်တော် အဘိဓမ္မာမူလဋီကာနဲ့ အနုဋီကာစာဝါတွေ လိုက်နေပါတယ်ဘုရား'လို့ လျှောက်လိုက်တော့ ဗာရာဏသီဆရာတော်ကြီးက 'တော်တော်သတ္တိကောင်းတဲ့ ဆရာတော်ကြီးပါလား၊ တကယ့်သတ္တိရှင်ကြီးပါလား၊ အရွယ်နဲ့မမျှအောင် လုံ့လဝီရိယကြီးတဲ့ ဆရာတော်ကြီးပါလား'လို့မိန့်ပြီး အားရကျေနပ်တော်မူခဲ့ပါတယ်။ ဒါကိုကြည့်ပြီး 'ဓမ္မဓရ' ဆိုတဲ့ ဘွဲ့တော်ဟာ ဒီဘဝမှာလည်း ထိုက်ထိုက်တန်တန်၊ နောင်ဘဝမှာလည်း ထိုက်ထိုက်တန်တန်ဖြစ်ရမှာကို ယုံကြည်ရမှာပါပဲ။

ဓမ္မဓရဆရာတော်ကြီးက မွေးထုတ်ပေးလိုက်တဲ့ ဓမ္မဓရ ကြီးငယ်တွေ ယခုအခါ တိ=နိကျောင်းတော်မှာ အလျှိုအလျှို ထွက်ပေါ်နေပြီမဟုတ်ပါလား။ အဲဒီစာဝါပို့ချခန်းမှာ ပါဝင်နေတဲ့ စာလိုက်သံဃာတွေကို ယခုအာရုံပြုကြည့် ယခုပေါ်နေပါပြီ။ ယခု နှစ်ပုံအောင်၊ နှစ်ပုံခွဲ၊ သုံးပုံအောင် လက်ရှိဆရာတော်တွေက စာလိုက်သံဃာတွေ မဟုတ်ပါလား။ ဘယ်လောက် အားရစရာကြည်နူးစရာကောင်းတဲ့ သာသနာ့ မြင်ကွင်းလေးပါလဲ။ ယခုအခါ တစ်နိုင်ငံလုံးရဲ့ ကျက်သရေဆောင်တွေဟာ ဓမ္မဓရဆရာတော်ကြီး မွေးထုတ်ပေးလိုက်တဲ့ သားစဉ်မြေးဆက် တပည့်သာဝကတွေပဲ မဟုတ်လား။

ထို့ကြောင့် 'ဓမ္မဓရ'ဘွဲ့တော်ကြီးဟာ ဆရာတော်ကြီးအတွက် ယခုဘဝမှာရော နောင်ဘဝတွေမှာပါ ထိုက်တန်တဲ့ ဘွဲ့တော်ကြီးဖြစ်ကြောင်း အားလုံးက နားလည်သဘောပေါက်ကြပါပြီ။

နောက်တစ်ခုက 'ဓမ္မဂရုက'ဆရာတော်ကြီးပါ။

ဆရာတော်ကြီးရဲ့ တရားဓမ္မအပေါ် ထားရှိတဲ့ မူဝါဒ စိတ်သဘောထားတွေကြောင့် ဆရာတော်ကြီးကို 'ဓမ္မဂရုက ဆရာတော်ကြီး'လို့ စာခေါင်းစီးတပ်ပြီး တင်စားပြောဆိုနေရတာပါ။

ဆရာတော်ကြီး စာဝါတွေပို့ချစဉ်က မိန့်ခွဲခဲ့တဲ့ စကားတော်တွေကို ပြန်လည်ဖော်ပြရမှာပါ။ဆရာတော်ကြီးက 'ဦးဇင်းတို့၊ ဓမ္မကိုလေးစားကြပါ၊ ရိုရိုသေသေနာယူကြပါ၊ မှတ်မှတ်သားသား မြဲမြဲစွဲစွဲအားထုတ်ကြပါ'တဲ့။

ဆရာတော်ကြီးကအကြောင်းနဲ့ မိန့်ဆိုနေခြင်းဖြစ်ပါတယ်။ ဆရာတော်ကြီးက 'တပည့်တော် ကိုရင်ဘဝတုန်းကတဲ့ တောကနေပြီးတော့ မန္တလေး တောင်ပြင်ကျောင်းတစ်ကျောင်းကို အလည်အပတ်ရောက်ခဲ့တယ်။ အဲဒီအခါ စာဝါတွေနဲ့ တိုက်ဆိုင်နေလို့ အဲဒီစာဝါနဲ့ပတ်သက်တဲ့ စာအုပ်ကိုယူဆောင်ပြီး စာဝါလိုက်တယ်။ ပို့ချနေတဲ့စာဝါက ပါရာဇိကဏ်အဋ္ဌကထာ၊ အခန်းက ဒုတိယပါရာဇိကအခန်း ကဏ္ဍ 'နာဝဋ္ဌ' အခန်း၊စာဝါပို့ချနေတဲ့ ဆရာတော်ကြီးက ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဆရာတော်ကြီးရဲ့ စာဝါပြီးဆုံးတော့ စာလိုက်သံဃာတော်တွေ ကိုယ့်နေရာ ကိုယ်ပြန်ကြကြတယ်။ တပည့်တော်နဲ့စာဆို နှစ်ပါးပဲ ကျန်တော့တယ်။ အဲဒီအခါမှာ အဖော်ကိုယ်တော်က တပည့်တော်ကို ခါးတို့ပြီးခေါ်တယ်။ 'ကိုရင်လာ၊ ပြန်ရအောင်'တဲ့၊ အဲဒီမှာ တပည့်တော်က 'အရှင်ဘုရားကြွနှင့်ပါ၊ တပည့်တော် အနက်လှည့်တာကို နားထောင်ချင်သေးတယ်' ဆိုတာနဲ့ သူပြန်ကြွသွားတယ်။ စာဆိုကိုယ်တော်က ပြီးခဲ့တဲ့ အနက်(နိသျ)လည်း ကုန်ဆုံး



မင်းကွန်းဆရာတော်ကြီး
စာချရန် ကြွတော်မူလာပုံ

ရော တပည့်တော်နဲ့အတူ စာချကျောင်းပေါ်က ပြန်ဆင်းခဲ့တယ်။ ကျောင်းပြန်ရောက်တော့ အဖော်စာလိုက်ကိုယ်တော်တွေက တပည့်တော်ကိုဝိုင်းပြောကြတယ်။ 'အံ့မယ်. . . မင်းက ဘာနားလည်လို့ တို့နဲ့အတူ ပြန်မလိုက်ဘဲ နေခဲ့ရတာတုံး၊ မင်းနားလည်လို့လား'တဲ့။ ဒီတော့ 'နားလည်တာပေါ့'လို့ပြောလိုက်တယ်။ 'နားလည်ရင် အဲဒီစာတွေ ပြန်ပြောပြစမ်းပါ'ဆိုလို့ တပည့်တော်က ဆရာတော်စာချသွားတဲ့အခန်းက စာအဓိပ္ပာယ်တွေကို ပြန်ပြောလိုက်တော့ အားလုံးအံ့အားသင့်ကုန်ကြတယ်။ ဟင်. . . ဟာ. . . ဖြစ်ကုန်ကြတယ်။ 'အံ့မယ်. . . ဒီကိုရင်က တကယ့်ကိုရင်ပါလား'တဲ့။ 'နားမလည်ပဲနဲ့ ရောယောင်ပြီးနေတယ်လို့ တို့ထင်ခဲ့တာ၊ ယခုတော့ တို့ထင်သလိုမဟုတ်ဘဲ တကယ့်ကိုရင်ပါလား'တဲ့။

'အဲဒါကြောင့် အရှင်ဘုရားတို့ စာပေကို ရိုရိုသေသေ လေ့လာလိုက်စား နာယူမှတ်သားကြပါ၊ ပေ့ါပေ့ါတန်တန် မလုပ်ကြပါနဲ့၊ ဓမ္မဂရုကပုဂ္ဂိုလ်ကျော်တွေဖြစ်အောင် ကြိုးစားကြပါ'လို့ တိုက်တွန်းသွားခဲ့ပါတယ်။

စာချရင်းမှာလည်း ပြောဆိုသွားတဲ့ ဩဝါဒအဆုံးအမတွေ တစ်ခါတစ်ခါပါလေရဲ့။

'အရှင်ဘုရားတို့၊ နှလုံးသား မီးအလောင် မခံကြပါနဲ့၊ နှလုံးသားအေးချမ်းအောင် ကျင့်သုံးပေးကြပါ။ 'ပဇ္ဇာတာပ' နောင်အခါ ပူလောင်နေမယ့် အပြုအမူမှန်သမျှ ရှောင်ရှားကြပါ။ အဲဒါသတိထားပါ'တဲ့။

ကျန်းမာရေးနဲ့ပတ်သက်ပြီး-

'အရှင်ဘုရားတို့၊ စိတ်အလိုမလိုက်နဲ့၊ ရုပ်အလိုကိုလိုက်ကြပါ။ စိတ်ကအအေးကြိုက်တယ်၊ ရုပ်က အပူကြိုက်တယ်။ စိတ်အလိုလိုက်ပြီး ရေချိုးတာမှားရင် ဒုက္ခရောက်တတ်တယ်၊ ရုပ်အလိုလိုက်ပြီး ချွေးလေးနဲ့နေတာ ရောဂါမဖြစ်ဘူး'

စစ်သုံးမျိုးအကြောင်းကိုလည်း နားလည်သဘောပေါက်ကြပါတဲ့။ တိုက်စစ်, ခံစစ်, ထိုးစစ်တဲ့။ တိုက်စစ်ဆိုတာ ကိုယ့်ဘက်က အင်အားကောင်းကောင်းနဲ့ ရန်သူအနည်းငယ်ကို တိုက်ထုတ်ပစ်တာကို တိုက်စစ်တဲ့။ ခံစစ်ဆိုတာ သူမသာကိုယ်မသာ အင်အားမျှပြီး ရှေ့မတိုး နောက်မဆုတ် တိုက်နေတာကို ခံစစ်တဲ့။ ထိုးစစ်ဆိုတာ နည်းဗျူဟာသုံးပြီး လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်တာ ထိုးစစ်တဲ့။

အဲသလိုပဲ ဘုရားက ချစ်သားတို့ ကိလေသာတွေကို တိုက်ခိုက်တဲ့နေရာမှာ စစ်သုံးမျိုးလို့သဘောထားပြီး တိုက်ခိုက်နိုင်ရမယ်တဲ့။ ကိုယ့်ရဲ့သန္တာန်မှာ သဒ္ဓါကောင်းကောင်းနဲ့ မစ္ဆရိယနှမြောတဲ့စိတ်တွေကိုအနိုင်ယူပြီး တိုက်ခိုက်နိုင်ရမယ်။ ကိုယ်တွင်းအဇ္ဈတ္တမှာ သဒ္ဓါအားကလည်း ကောင်းချင်တဲ့အခါ အားကောင်းနေတယ်။ ထိုသဒ္ဓါအားကို ဖျက်ဆီးပစ်နိုင်တဲ့ နှမြောစိတ်ကလည်း များချင်များနေမယ်။ အဲဒီအခါမှာ သဒ္ဓါအားကောင်းကောင်းနဲ့ နှမြောစိတ်တွေကိုပယ်သတ်ပြီး လှူဒါန်းနေတာလည်း ခံစစ်တစ်မျိုးပဲတဲ့။ လျှပ်တစ်ပြက် ရှောင်တခင် ကိလေသာအငိုက်မှာ သဒ္ဓါ, ပညာအားတွေကို အသုံးပြုပြီး အဆောတလျင် ကုသိုလ်ကောင်းမှုပြုနိုင်ခြင်းဟာလည်း ထိုးစစ်တစ်မျိုးပဲတဲ့။ အဲဒီစစ်သုံးစားကို နားလည်သဘောပေါက်ပြီး ကိလေသာစစ်ပွဲ အနိုင်ကြဲနိုင်ကြပါစေလို့ တိုက်တွန်းရင်း တပည့်တော်ရဲ့စာဝါကို နိဂုံးကမွတ် အဆုံးသတ်လိုက်ပါတယ်-ဟူ၍ ဆရာတော်ကြီးက စာဝါကိုအဆုံးသတ်ခဲ့ပါတယ်။

ဤသို့ဖြင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ ဓမ္မဂရုကဖြစ်ပုံကို အလေးထား၍ ရေးသားပူဇော်မှတ်တမ်းတင်ခြင်းကဏ္ဍကို အဆုံးသတ်လိုက်ရပါတယ်။ ။

ဦးပညာတပ၊ ရွှေကျင်ဂူတောရ၊ ပဌနကိုရ်၊
မကွေးမြို့၊



မင်းကွန်းဆရာတော်ကြီးနှင့် မိုးမိတ်သံဃာတော်များ
ရန်ကုန်ဘူတာရုံတွင်

သာသနာတော်ကို အလှဆင်ကြသူများ

ဓမ္မသုတေသီ
(မင်းကွန်း)

သုတ္တပိဋက၊ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်လာ မဟာဂေါသိင်္ဂသုတ်တော်ကို ဖတ်ရှုလေ့လာပြီး မိမိခေါင်းထဲ အတွေးတစ်ခုဝင်လာသည်မှာ 'ဂေါသိင်္ဂအင်ကြင်းတောကြီးဆိုသည်မှာ သီတင်းသုံးသည့် နေရာဒေသအားလျော်စွာတင်စား၍ မိန့်တော်မူခြင်းဖြစ်၍၊ အမှန်အားဖြင့် ထိုသုတ်တော်လာ အရှင်မြတ်တို့မိန့်ဆိုသောဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းတော်တို့သည်သာ သာယာသည့် အင်ကြင်းတောကြီးနှင့်တူသော သာသနာတော်မြတ်ကြီးကို ပို၍တင့်တယ်စေနိုင်သည်'ဟု ဆိုလိုကြောင်း ယူဆမိပါသည်။

ဤသို့ဆိုလျှင် ဖွားမြင်တော်မူသည်မှ နှစ်-၁၀၀ ပြည့်တော်မူခဲ့ပြီးဖြစ်သော မင်းကွန်းဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ခြေရာကို နင်းတော်မူခဲ့ကြသည့် သားတပည့်ဗဟုသုတဂုဏ်ရှင် တိပိဋကဓရဆရာတော်များသည်လည်း သာသနာတော်ကြီးကို ပို၍တင့်တယ်လှပအောင် တန်ဆာဆင်ကြသူများဟုဆိုလျှင် မှားမည်မထင်ပါ။

ချဲ့ပါဦးအံ့။ မဟာဂေါသိင်္ဂသုတ်တော်တွင် ပထမဦးဆုံး အရှင်အာနန္ဒာလျှောက်ထားသည့် တိပိဋကဗဟုသုတဓရဂုဏ် ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသော ဘုရားတရားတော်ကို ကိုယ်တိုင်နှုတ်ငုံဆောင်ထားကြသလို၊ ပရိသတ်လေးပါးတို့အား ဟောကြားဆုံးမခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသည်မှာ ထိုတိပိဋကဓရအရှင်မြတ်တို့ပင် မဟုတ်ပါလော။

မင်းကွန်းဆရာတော်ကြီးသည် မိမိကိုယ်တိုင်အရှင်အာနန္ဒာကဲ့သို့ ပိဋကတ်သုံးပုံကို အာဂုံဆောင်တော်မူသလို မိမိကဲ့သို့ ပိဋကတ်သုံးပုံဆောင်အရှင်မြတ်များပေါ်ပေါက်အောင်လည်း များစွာကြိုးစားတော်မူခဲ့ပါသည်။ ထိုသို့ကြိုးစားတော်မူခဲ့၍လည်း ဆရာတော်၏တပည့်များထဲမှ ပိဋကတ်သုံးပုံ အာဂုံရေးဖြေအောင် ငါးပါး၊ အာဂုံဆောင်နှစ်ပါး ပေါ်ထွက်တော်မူခဲ့ပါသည်။

ဆရာတော်၏ ရာပေါင်းများစွာသော တပည့်တွေထဲမှ ဤအရေအတွက်ကိုကြည့်သောအားဖြင့် ပိဋကတ်စာပေ၏ ခက်ခဲနက်နဲပုံကို သိရှိနိုင်ပါသည်။ အမှန်အားဖြင့် ပိဋကတ်သုံးပုံအောင်ခြင်းဖြင့် သာသနာတော်ကို အလှုဆင်နိုင်ဖို့ဆိုသည်မှာ မလွယ်ကူပါ။ ပူဇော်ထိုက်သော ရှေးဘုန်းရှေးကံပါရှိခြင်း၊ ထက်မြက်သောဉာဏ်ပညာဖြင့်ပြည့်စုံခြင်း၊ မဆုတ်မနစ်သော ဇွဲလုံ့လနှင့်ပြည့်စုံခြင်း ဤအင်္ဂါသုံးချက်နှင့်ပြည့်စုံမှသာ အောင်မြင်နိုင်သည်ဟု ယူဆမိပါသည်။

ဆဋ္ဌတိပိဋကဓရ ရေစကြိုဆရာတော်မှစ၍ ဆရာတော်ကြီး၏သားတပည့် တိပိဋကဓရဆရာတော်တို့သည် ယခုဆောင်ရွက်တော်မူနေကြသော သာသနာရေး, လူမှုရေးဆောင်ရွက်ချက်တို့ကိုကြည့်သောအားဖြင့် ရှေးဘုန်းရှေးကံကြီးမားပုံမှာ ထင်ရှားလှပါသည်။ ထို့ပြင် ဆရာတော်တို့သည် သာမဏေဘဝ, ရဟန်းငယ်ဘဝမှစ၍ ခက်ခဲသော ပါဠိပါရဂူဘွဲ့, အဂ္ဂမဟာကျော်ဘွဲ့, သာမဏေကျော်ဘွဲ့-စသည်တို့ကို ရရှိတော်မူထားရကား ဉာဏ်ပညာထက်မြက်ပုံနှင့် ဇွဲ လုံ့လထက်သန်ပုံတို့မှာလည်း အထူးပြောစရာမလိုပါ။

ထိုအကြောင်းကိုထင်ရှားစေရန် ဟီနူပမာအနေဖြင့် မိမိအဖြစ်နှင့်ပင် သာဓကတင်ပြလိုပါသည်။ မိမိသည် ဓမ္မာစရိယအောင်မြင်ပြီးတော့ ကျောင်းမှာ စာချဆရာတော်များပြည့်စုံနေသဖြင့် မင်းကွန်း တိပိဋက=နိကာယကျောင်းတိုက်သို့ ရောက်ရှိခဲ့ပါသည်။ ရည်ရွယ်ချက်အနေဖြင့် ပြောရလျှင်လည်း ရယ်စရာဖြစ်နေမလားမသိ။ စာသင်တိုက်မှာနေစဉ်က ဘာသာရေးစာအုပ်လေးများဖတ်ရင်း ဆရာတော်တစ်ပါး၏ ကလောင်အမည်နောက်၌ 'ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ' ဟုတပ်ရှိထားရာ 'အင်း. . . ငါလည်း ဥဘတောဝိဘင်္ဂဓရတွဲ့လေးရရင် ကောင်းမှာပဲ'ဟု တွေးမိ၏။ အများစုမှာ မိမိတို့ အသက်အရွယ်နဲ့ ဉာဏ်ရည်အားလျော်စွာ ပိဋကတ်နှစ်ပုံ၊ သုံးပုံမှန်း၍ မင်းကွန်းသို့ရောက်လာကြသော်လည်း မိမိမှာတော့ ထိုအဆင့်တွေဟာ အလှမ်းဝေးလွန်းသဖြင့် အမှန်ပင် မရည်ရွယ်ခဲ့ပါ။

မှတ်မိပါသေး၏။ ယခု ပျံလွန်တော်မူသွားရှာသော ဦးပညာသာမိ(ရွှေနွယ်)က မိမိရောက်ပြီးသိပ်မကြာခင်တွင် 'ဦးပဥ္စင်းလေး၊ ပိဋကဘယ်နှစ်ပုံလောက်ထိ ရည်ရွယ်ထားသလဲ'ဟုမေးရာ မိမိကလည်း ရိုးရိုးပင် 'ဥဘတောဝိဘင်္ဂဓရလောက်တော့ မှန်းတာပဲဘုရား'ဟု ဖြေခဲ့ပါသည်။ ထိုအခါ ဦးပညာသာမိက 'မင်းရည်ရွယ်ချက်က ကြီးလှချည်လားကွာ'ဟု ပြောရာ အနီးရှိကိုယ်တော်များ ဝိုင်းရယ်ကြပါသည်။ အသောနသော မိမိသည် ဤသို့ပြောသည်ကိုပင် အဟုတ်ထင်ကာ 'သြော်. . . ငါ့ရည်ရွယ်ချက် ကြီးတယ်ဆိုပါလား'ဟု တွေးမိသေး၏။ အမှန်မှာတော့ ဥဘတောဝိဘင်္ဂဓရဆိုသည်မှာ ပိဋကတ်သုံးပုံဖြေဆိုရသော အဆင့်ဆယ်ဆင့်တို့တွင် အောက်ဆုံးအဆင့် အလွယ်ဆုံးအဆင့်ဖြစ်ပါ၏။

သို့သော် ဆင်လည်း ဆင်အထွာနှင့် ဆိတ်လည်း ဆိတ်အထွာနှင့်ဆိုသကဲ့သို့ ထိုအလွယ်ဆုံးအဆင့်မှာပင် မိမိအတွက်တော့ များစွာအခက်အခဲတွေ့ခဲ့ရပါသည်။ ကျောင်းရောက်စ တော်သလင်းလပြည့်ကျော် ၈-ရက်နေ့ အစမ်းစာမေးပွဲဖြေရတော့ ပြဋ္ဌာန်းကျမ်းစာ သုံးပုံတစ်ပုံပင်မကုန်သေးသော မိမိသည် စာဖြေရမှာ စိတ်လေးနေမိ၏။ တကယ်ဖြေတဲ့အခါမှာလည်း ၁၀-ပုဒ်မေးသည်မှ နှစ်ပုဒ်ကျော်ကျော်လောက်သာရရှိခဲ့၏။ စိတ်ပူတတ်သောမိမိသည် 'သြော်. . . ဂေဇက်ထွက်ရင်တော့ ငါအောက်ဆုံးက နေမှာပဲ၊ ဆရာတော်များက အမှတ်နည်းလို့ သြဝါဒတွေများပေးနေဦးမလားမသိဘူး'ဟုတွေးပူမိသေး၏။ ဂေဇက်ထွက်လာတော့ မှန်းထားတဲ့အတိုင်း မိမိရမှတ် ၂၄-မှတ်၊ သို့သော် အောက်ဆုံးတော့ မဟုတ်။ မိမိနှင့်အတူဖြေဆိုသော စာဖြေသံဃာ ၂၅-ယောက်ခန့်တွင် မိမိအောက်သုံးပါးရှိသေး၏။ ဒီလိုနဲ့ ရောက်စနှစ်က ပလ္လင်မတက်နိုင်ခဲ့။

မိုးမိတ်တိပိဋကလောင်းလျာ သံဃာတော်များ

နောက်နှစ် တန်ဆောင်မုန်းလမှာတော့ စာမျက်နှာ ၈၅၁-မျက်နှာရှိသောဥဘတောကျမ်းစာ နှစ်အုပ်ကုန်သွား၏။ စာကုန်သွားသော်လည်း ပြာသိုလတွင် ပလ္လင်တက်စာပြန်ရတော့မည်ဖြစ်ရာ စာမေးပွဲနီးလာလေ စိတ်က ပင်ပန်းလေးလံသလို ဖြစ်နေ၏။

မှတ်မိပါသေးသည်၊ ထိုနှစ် တိပိဋကစာပြန်ပွဲချိန်ရောက်တော့ ရွှေစင်တိပိဋကဓရ မြင်းခြံဆရာတော်က နောက်ဆုံးအဆင့် ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းပြန်တော်မူ၏။ အစဆုံးအဆင့် နှစ်ကျမ်းသာပြန်ဆိုရသောမိမိမှာ စိတ်ရောလူပါ ပင်ပန်းရသလောက် ပါဠိတော်ရှစ်အုပ် စာမျက်နှာပေါင်း ၃၅၆၅-မျက်နှာပြန်ဆိုရသောအရှင်မြတ်မှာ ရွှင်ရွှင်လန်းလန်း ကြည်ကြည်နူးနူး ပြန်ဆိုတော်မူသည်ကို ဖူးမြင်ရသည့်အခါ များစွာကြည်ညိုလေးစားမိ၏၊ အားလည်းကျမိပါ၏။ ဓမ္မပီတိကြောင့်လားမသိ၊ ထိုအချိန်က ဆရာတော်၏ မျက်နှာကို ဖူးမြော်ရသည်မှာ ကြည်ကြည်လင်လင် အေးအေးချမ်းချမ်းလည်းရှိလှ၏။ အောင်စာရင်းထွက်တော့ ဆရာတော်ရော မိမိတို့ပါ အောင်ခဲ့ပါ၏။

သို့သော် ထိုအချိန်မတိုင်ခင်ကတည်းက မိမိဆုံးဖြတ်ချက်တစ်ခုချထားသည်မှာ 'တော်ပြီ၊ တိပိဋကစာမေးပွဲဆိုတာ ဆရာတော်များလို ဘုန်းရှင်ကံရှင်ဉာဏ်ရှင်တွေရဲ့အလုပ်၊ ကံမဲ့ဉာဏ်မဲ့ ဘုန်းကံနည်းပါးတဲ့မိမိနှင့်မထိုက်တန်၊ ဥဘတောအောင်ရင် ပြောင်းတော့မည်'ဟု ဆုံးဖြတ်မိ၏။

ဆုံးဖြတ်သည့်အတိုင်းပင် နောက်တစ်နှစ်နေပြီး မိမိ ဆရာများရှိရာသို့ ထွက်ခဲ့တော့၏။ ထွက်ခဲ့တာက

တခြား အကြောင်းကြောင့်မဟုတ်။ စာမျက်နှာ ၁၄၀၀ကျော်ရှိသော ဝိနည်းနောက်ပိုင်း ခန္ဓကသုံးကျမ်းကို ကျက်မှတ်ရန် မစွမ်းနိုင်တော့ဟုယူဆ၍ ရွာဆရာတော်များထံ လျှောက်ကာ ပြောင်းခဲ့ခြင်းဖြစ်၏။ ရဟန်းအမကြီးကိုတော့ ဟားနေမည်စိုး၍ စာနဲ့ပဲရေးပြီးပြောခဲ့၏။

ဝါတွင်းပိုင်း ရွာကဒကာမများ ဆွမ်းလာကပ်တော့ တစ်ဆင့်စကားကြားရသည်မှာ 'ဦးဇင်း မင်းကွန်းကပြောင်းသွားလို့ ရဟန်းအမကြီးငိုနေတယ်'ဟုပြောကြ၏။ အမှန်တော့ မိမိကိုယ်တိုင်လည်း ဝမ်းနည်းစွာပြောင်းခဲ့ရခြင်းဖြစ်ပါ၏။ တစ်ခါက ရွာကဒကာတစ်ယောက်က 'ဦးဇင်း မင်းကွန်းရောက်ပြီးကတည်းက ရွာကိုသိပ်မပြန်တော့ဘူး၊ မင်းကွန်းမှာ ပျော်နေပြီထင်တယ်'ဟုပြောရာ မိမိကလည်း 'ပျော်တာပေါ့ ဒကာကြီးရယ်၊ မင်းကွန်းဆရာတော်ဘုရားများရဲ့ ဘုန်းရိပ်ကံရိပ် မေတ္တာရိပ်အောက်မှာနေရတာက ကိုယ့်မိဘနဲ့နေရသလို အရမ်းနွေးထွေးပါတယ်'ဟု ပြောခဲ့ဖူး၏။

သီတင်းကျွတ်၍ရွာပြန်တော့ ရဟန်းအမကြီးကို'ဘာလို့ ငိုရသလဲ'ဟုမေးရာ ဒကာမကြီးကပြန်၍ပြောသည်မှာ 'မြို့က မိတ်ဆွေတွေက ဦးဇင်းလေး ဘယ်မှာနေသလဲလို့မေးရင် မင်းကွန်းတိပိဋကကျောင်းမှာ ပိဋကတ်စာပေတွေ ကျက်နေတယ်လို့ဖြေရတာ အလွန်အရသာရှိတယ်ဘုရား၊ ခုလို ရုတ်တရက် ပြောင်းသွားတော့ တပည့်တော် ဝမ်းနည်းမိတာပေါ့' ဟုလျှောက်ထားရှာ၏။ မိမိစိတ်ထဲမှာတော့ 'ဒကာမကြီး ဦးဇင်းက သူများတွေလိုအစွမ်းမှမရှိဘဲကိုး'ဟု တွေးနေမိပါ၏။

ဒီလိုနဲ့ရွာကိုပြန်ရောက်တော့ တိပိဋကမပြန်နိုင်တောင် နိကာယ်တော့ဖြေဦးမှပဲဟုတွေးကာ ဝါတွင်းကပင် လက်မှတ်ထိုးထားသော ရန်ကုန်နိကာယ်လိုက်ဖြေရာ အောင်လာပြန်တော့ စိတ်အားတက်မိ၏။ သတင်းစာမှ တိပိဋကအောင်စာရင်းကြေညာလို့ မိတ်ဆွေရဟန်းတော်များ အောင်ကြတော့ ပို၍အားတက်ရပြန်၏။

ဒါနဲ့ပဲ ရဟန်းအမကြီးလည်း စိတ်ကျေနပ်စေရန် မိတ်ဆွေ ရဟန်းများကလည်း တိုက်တွန်းကြသဖြင့် မင်းကွန်းပြန်ဝင်ဖို့ ဆုံးဖြတ်မိလိုက်ပြန်၏။ ထိုအချိန်က ရွှေရတုတိပိဋကဓရဆရာတော်နှစ်ပါး အုပ်ချုပ်နေချိန်ဖြစ်၍ ဆရာတော်တို့ထံ လျှောက်လွှာတင်၍ တစ်ဖန်ပြန်ဝင်ခဲ့ပါသည်။ ခန္ဓကသုံးကျမ်းကိုလည်း စိတ်မပါပါအောင် ကြိုးစားကျက်မှတ်ခဲ့ရာ ပင်ပင်ပန်းပန်းနှင့်ပင် အောင်မြင်ခဲ့ပါ၏။ အောင်သွားပြန်တော့လည်း ပင်ပန်းခဲ့သမျှ ပြေပျောက်၍ ဝမ်းမြောက်ခဲ့ရပါသည်။

ရမ္မဝတီတိပိဋကဓရဆရာတော် အမိန့်ရှိဖူးသည်မှာ 'တိပိဋကစာမေးပွဲမှာ အစကတည်းက ပင်ပင်ပန်းပန်းကျက်မှတ်နေရရင် အဲဒီပုဂ္ဂိုလ်ဟာ ပိဋကတ်သုံးပုံလုံးအောင်ဖို့ မလွယ်ကူ' ဟု မှတ်ချက်စကား တစ်ဆင့်ကြားရဖူးပါသည်။ ထိုစကားကိုလည်း မိမိအတွေ့အကြုံအရ အမှန်ပင်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

သို့သော်လည်း 'သူ့ဂွဲ၊ သူ့ဉာဏ်၊ သူ့အောင်လံ' ဆိုသော စကားအရ ပုံမှန်ကြိုးစားပါက အားလုံးမဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်နိုင်ပါသည်။ ကံကြမ္မာဝဋ်ကြွေးကင်း၍ ဇွဲလည်းကောင်း ကျန်းမာရေးလည်း ကောင်းရင်ပေါ့။

ဤကဲ့သို့ မိမိအဖြစ်နှင့် နှိုင်းယှဉ်တင်ပြရခြင်းမှာလည်း တစ်စုံတစ်ခုသောအကျိုးကိုလိုလား၍ ဆရာတော်များကို မြှောက်ပင့်ခြင်းမဟုတ်သလို မိမိကိုယ်ကို စိတ်ဓာတ်ကျ၍ နှိမ့်ချနေခြင်းလည်းမဟုတ်ပါ။

ဤစာစောင်ကိုဖတ်ရှုကြသောပုဂ္ဂိုလ်များ ပိဋကတ်သုံးပုံအောင်ဖို့ဆိုတာ ဘယ်လောက်ထိခက်ခဲ များပြားတယ်၊ ရှေးဘုန်းရှေးကံကြီးမား၍ ဉာဏ်ပညာထက်မြက်မှ အောင်မြင်နိုင်တယ်-ဆိုတာသိရှိပြီး သာသနာတော်ကိုအလုဆင်တော်မူကြတဲ့ ထိုအရှင်မြတ်တို့ကို ကြည်ညိုတတ်ဖို့ ရည်ရွယ်ရင်းဖြစ်ပါသည်။

ဤသို့လျှင် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး၏ ရာပြည့်ပူဇော်ပွဲ အမှတ်တရအဖြစ် ဤစာမူဖြင့် ရေးသားပူဇော်ရသော ကုသိုလ်ကောင်းမှု၊ မင်းကွန်းဆရာတော်ကြီးနှင့် သားတပည့် တိပိဋကဓရဆရာတော်များကို သက်တော်အနေဖြင့် နောင်တော်အရွယ်မျှသာ ဖြစ်သော်လည်း ဂုဏ်ကျေးဇူးအနေအားဖြင့် ဖခင်အရာ၌တည်သဖြင့် နေ့စဉ်ရှိခိုးဦးတင်ခဲ့ရသည့်ကုသိုလ်ကောင်းမှု၊ မိမိ၏ အခြားအခြားပြုလုပ်သမျှသော ကုသိုလ်ကောင်းမှုတို့ကြောင့် နောင်အနာဂတ်ဘုရားသာသနာဝယ် ကံကောင်းထောက်မ၍ ရှင်ရဟန်းဖြစ်ခွင့်ရရှိခဲ့သော် ထိုအရှင်မြတ်များကဲ့သို့ သာသနာတော်ကို အလှဆင်နိုင်သည့် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ် ဖြစ်ရပါလို၏-ဟု ဆုတောင်းမိပါသည်။

ညီတော်နောင်တော်အားလုံးလည်း သာသနာတော်ကို အလှဆင်နိုင်သည့် တိပိဋကဓရပုဂ္ဂိုလ်များဖြစ်ကြပါစေ။ ။

ဓမ္မသုတေသီ(မင်းကွန်း)

ကျေးဇူးတော်ရှင်

ထေရ်ပခင်သို့တမ်းခြင်း

အညတရဘိက္ခု

(မင်းကွန်း)



တပည့်တော်များ၏ဖခင် ကျေးဇူးရှင်ဖြစ်တော်မူသော အာဒိကမ္မိကတိပိဋကဓရဂုဏ်ရှင် အို... မင်းကွန်းထေရ်သခင်။

ယခုအချိန်အခါသည်ကား ကျေးဇူးတော်ရှင် ထေရ်ဖခင်၏ သီလဂုဏ်တော်, သမာဓိဂုဏ်တော်, ပညာဂုဏ်တော်များနှင့် တပည့်သံဃာ ဒါယကာ ဒါယိကာမများအပေါ် ရင်ဝယ်သားကဲ့သို့စောင့်ရှောက် မေတ္တာအဟုန်ထောက်ထား သနားခြင်းတွေကများ ဝမ်းမြောက်ခြင်းတွေပွားပါပေသော ကျေးဇူးတော်အပေါင်းတို့ကို ရည်စူး ကုသိုလ်ထူးဆည်းပူးကြ၍ ရာပြည့်ပူဇော မဟာမင်္ဂလာသဘင် ခြိမ့်ခြိမ့်သဲဆင်ယင်ကျင်းပကြကုန်သော အခါသမယကြီးပါဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်ကား လာ+တည်+ပြန်-ခြင်း ပြိုင်ဘက်ကင်းသည့် သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော တစ်ဆူထေရ ဂုဏ်ပေါင်းခသည့် မဟာမထေရ်မြတ် ဖြစ်ခဲ့ပါပေ့ါဘုရား။

လာခြင်းကောင်းပုံ ကောင်းခြင်းဂုဏ်ကား ကျေးဇူးတော်ရှင် ထေရ်ဖခင်သည် အနန္တသတ္တဝါ ဝေနေယျာများ ချမ်းသာဖို့အရေး အစဉ်တွေးလျက် ဖြဟ္မစိုရ်တရား လွန်ပွားများမှု အကြောင်းစုနှင့် ပုဂ္ဂိုလ်အခြား မဟာများတို့ စွမ်းဆောင်ခြင်းငှာ မတတ်သာသော တာဝန်ကိစ္စ မှန်သမျှကို မေတ္တာရှေ့ထား စွမ်းဆောင်သွားမှု အကြောင်းစုကို ထောက်ရှုမျှော်သော် ဖြဟ္မာ့ပြည်မှ ဆင်းသက်ကြွလာ ထေရ်မဟာဟုဇကန်အမြဲ စိတ်ထဲစွဲခဲ့ရပေ့ါဘုရား။

တည်ခြင်းကောင်းပုံ ကောင်းခြင်းဂုဏ်ကား ကျေးဇူးတော်ရှင် ထေရ်ဖခင်သည် ငယ်စဉ်ခဏ ငယ်ဘဝကပင် သူတကာထက်ထူးပြား အလွန်ပင်ခြားနားခဲ့ပါပေ့ါဘုရား။ ဆူးများရံခ တက်မရသည့် ဖျားမှာအသီး တစ်လုံးတည်းသော ရှောက်သီးကို တက်ယူကာဆွတ်ခူးပြနိုင်ခဲ့။ ထိုမှတစ်ဖုံ ထူးခြားပုံကား နွားအုပ်ကြီးထဲမှ နွားကြီးတစ်ကောင်ပေါ် တက်စီးပျော်စဉ် ဘုတ်ခနဲပြုတ်ကျ ထိုခဏ၌ ဘေးမသီရန်မခ စောင့်ရှောက်ကာပြခဲ့ပါပေ့ါဘုရား။

သာသနာ့ဘောင်ရောက် လွန်ထွန်းတောက်ခဲ့ပုံ ကောင်းခြင်းဂုဏ်များကား ရရန်ခက်ခဲ ပဌမကျော်ပွဲကို ထိပ်ဆုံးမှ အောင်မြင် ဂုဏ်ထူးဆင်ခဲ့ကာ 'ပဌမကျော်ဘွဲ့'ထူး အရခူးခဲ့။ မန္တလေးသကျ လွန်ခက်ခဲလှသဖြင့် နှစ်မခြားမဆိုထားဘိ နှစ်များစွာပင်ကြိုးပမ်း ဆွတ်ယူနိုင်ခဲသောအောင်ပန်းကို စာသင်စာချ ကြားမကျဘဲ နှစ်ချင်းဆက်အောင် ဂုဏ်ပေါင်းဆောင်သဖြင့် 'ဝဋံသကာ'ရွှေတံဆိပ် ခတ်နှိပ်ခံခဲ့ရကာ အဘိဝံသဘွဲ့ထူး အရမြူးခဲ့။ ဦးဆုံးစတင် ကျင်းပထွင်သော ဓမ္မာစရိယ တန်းစာချကို ဂုဏ်ထူးသုံးကျမ်း အမြင့်တန်းနှင့် သုံးကျမ်းကျမ်းရင်း အောင်ပန်းခင်းကာ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ထူး ဆွတ်ခူးခဲ့ပါပေ့ါဘုရား။

အခြားထေရ်ကျော် ဇာနည်မော်တို့ ခြောက်နှစ်မှစ နှစ်ဆယ့်ရှစ်နှစ်တိုင် အားထုတ်ကြိုးပမ်း လျှောက်လှမ်းခဲ့ရသော တိပိဋကစာပြန်စာရေးပွဲတော်ကို လေးနှစ်ဖြင့်အပြီးနှက် ဝိသိဋ္ဌ,မဟာတောင်ထွက်ခဲ့ တိပိဋကဘွဲ့ထူး အရဦးခဲ့သောကြောင့် အာဒိကမ္မိကဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒထေရ်ဖြစ်ခဲ့ပါပေ့ါဘုရား။

ထေရဝါဒ စုပေါင်းကြကာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြ ဆဋ္ဌသင်္ဂါယနာ ဂုဏ်ပေါင်းဖြာသော ကျက်သရေထူး မင်္ဂလာမြူးသည့်ပွဲသဘင်ဝယ် တို့ဖခင်မထေရ်သခင်ကို ရှေ့ဆုံးမှ ပွဲထုတ် အဖြေဆရာတော်ဟူ၍သမုတ်ကာ ဆရာတစ်ဆူ ဂုဏ်ပေါင်းထူသည့် မဟာစည်ဆရာတော်အမေး မထစ်ငေါ့ မရပ်တန့် ချောင်းမဟန့်ဘဲ သာယာအောင်မြင် အသံတော်ထင်ထင်ဖြင့် အဖြေတွေပေးကာ ရောက်လာသမျှ သံဃာ့ပရိသတ်နှလုံး အစဉ်သိမ်းကျုံးလျက် ကမ္ဘာတစ်လွှား အလွန်ပင်ထင်ရှားခဲ့ပါပေ့ါဘုရား။

အင်္ဂလန်ဟု အမည်စုသည့် နိုင်ငံထုမှထုတ်ဝေသော ဂင်းနစ်စံချိန် မှတ်တမ်းထိန်သည့် စာအုပ်မင်္ဂလာ စာမျက်နှာတွင် ကမ္ဘာ့မှတ်ဉာဏ် ကောင်းဆုံးပန်သော ဆုတံဆိပ်ဆွတ်ခူး ထေရ်ဖခင်၏နာမည်ထူးကား ကမ္ဘာသို့တိုင် ပျံ့နှံ့လှိုင်ခဲ့ပါပေ့ါဘုရား။ မြတ်ဗုဒ္ဓမိန့်ဟ သုတဓရအစစ် တို့ဆရာတော် လှစ်ခါပြလိုက်ပါပေ့ါဘုရား။

ဆဋ္ဌပေါင်းစု သင်္ဂါယနာမှုကို အကြောင်းပြု၍ မြတ်ဘုရားဂုဏ်တော် ရည်စူးမျှော်လျက် သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိ ချိန်ခွင်လျှာညှိကာ ဖော်ထုတ်ရေးသား မဟာဗုဒ္ဓဝင်ကျမ်းစာအုပ်ကြီးများကား ခြောက်တွဲရှစ်ကျမ်း အံ့မခန်းပေမို့ ဖတ်ရသူနှလုံးသားဝယ် သဒ္ဓါရှေ့သွား စေတနာများနှင့် အံ့သြဘနန်း ကြက်သီးတွေဖြန်းဖြန်းထကာ ဗုဒ္ဓဖြစ်စဉ်လုံးစုံအင်ကို သေချာနှံ့စပ် သိမှတ်ခဲ့ရပါပေ့ါဘုရား။

တစ်လီထိုမှ အဘိဇေ,ပဏ္ဍိတနှင့် သဒ္ဓမ္မတံခွန် အောင်ပန်းချွန်ကို ဂုဏ်နှင့်ဂုဏာ စုံပြိုင်ရေးအတွက် မင်း,ပရိသတ်တို့က တံဆိပ်ခတ်နှိပ် အောင်လံချိတ်ကာ လျှင်မြန်မနှေး ဆက်ကပ်ပေးခဲ့ကြပါပေ့ါဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်၏ ဆည်းပူးပြုလုပ်ကောင်းမှုထုပ်များကား စေတီ,ဇရပ် ကျောင်းပြဿဒ်နှင့် တံတားတစ်ဖုံ ကျောင်း, ဆေးရုံစ ခန္ဓာဆင်မြန်း ကောင်း

သက်န်းနှင့် ခန္ဓာကိုယ်တွင်း စဉ်သွတ်သွင်းသည့် ကောင်းသည့်ဘောဇဉ် မိမိကြဉ်၍ တစ်ပါးသူခန္ဓာ ဝဖြိုးလို့ အလှပိုအောင် အမြဲအစဉ် လှူဒါန်းမှုအဆုံး ဖြည့်၍ မနိုင် ရေတွက်၍မဆုံး ခိုင်ခိုင်ခံ့ခံ့ တည်တည်တံ့၍ မလှုပ်မယိုင် မြဲနိုင်ခဲ့ပါပေ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်က မိမိလိုပင် တိပိဂုဏ်ရှင်များ ပေါ်ထွန်းဖို့အရေး အစဉ်မျှော်တွေးကာ ရရသမျှ ပစ္စယကို မြုပ်နှံရင်းနှီး လွန်ပွားစီးလျက် တည်ထောင် ဖန်ဆင်း ပြိုင်ဘက်ကင်းသည့် တိပိဋက = နိကာယ ကျောင်းတိုက်ကြီးများကား ယခုအခါ လွန်စွာသာယာ ရိပ်ပေါင်းဖြာလျက် ဂုဏ်ရှင်တိပိ ခုနစ်ပါးပင်ရှိခဲ့ပါပေ့ဘုရား။

နယ်စပ်သာသနာ ဖွံ့ဖြိုးပါသား စိတ်မှာထားလျက် သာသနာပြု သံဃာစုတို့ ပေါ်ထွန်းဖို့အရေး အစဉ်မျှော်တွေးကာ မွေးဖွားသန့်စင် အားစွမ်းအင်တွေပြခဲ့သော သာသနာ့ တက္ကသိုလ်ကျောင်းတိုက်ကြီးများကား ယခုအခါ ခန့်ကျန်းသာလျက် သာသနာပြုဂုဏ်ရှင် များစွာပင်ပေါ်ထွက်ခဲ့ပါပေ့ဘုရား။

ရပ်ကွက်,မြို့,ရွာ ကျောင်းထိုင်ပါသား ရဟန်းများကို ကျောင်းထိုင်အင်္ဂါ စုံညီစွာဖြင့် ကျောင်းထိုင်ဖို့အရေး စိတ်တော်ဖြင့်တွေးကာ စတင်မွေးဖွား ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်ကြီးများကား ယခုအခါ လွန်စွာဝဖြိုးအလှတိုးကာ ကျောင်းထိုင်အင်္ဂါ စုံညီစွာဖြင့် ကျောင်းထိုင်ကြသား ရဟန်းများကား ရေတွက်၍ပင် မကုန်နိုင်ခဲ့ပါပေ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်က ဖောက်လုပ်စတင် လမ်းမှန်များထွင်ခဲ့။ ထိုလမ်းမှန်များပေါ် လျှောက်ကာသွားသော်ကား ကျောက်ခဲထွေထွေ ဆူးခက်တွေနှင့် ထိုထိုဘေးရန် အတန်တန်မှ ကွာကွာဝေးဝေး ချမ်းသာတွေပေးလျက် လိုရာပန်းတိုင် အရောက်ကိုင်နိုင်ခဲ့ပါပေ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်က အရိပ်ကောင်းကောင်း သစ်ပင်ပေါင်းကို စတင်စိုက်ကာ အရိပ်ဖြာခဲ့။ ထိုအရိပ်အောက် အပန်းဖြေ ဝင်ရောက်သော်ကား ဥတုဘေးဘျမ်း အဆိုးသွမ်းတို့ မလာမရောက် ချမ်းသာတွေပေါက်လျက် အေးမြကြည်သာ ခိုနားကာနေနိုင်ခဲ့ပါပေ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်သည် လေယာဉ်, ရထား မြင်းလှည်း,ကားနှင့် ဆိုက်ကားတစ်ဖုံ လှေ,လှည်း စုံအောင် ဘယ်ဟာမရွေး တရားရရေးကိုသာဂရုပြုလျက် မြန်ပြည်အနှံ့ လိုက်လံကြွကာ ဘုရားရှင်နှုတ်ထုတ် ပါဠိပုဒ်များကိုရွတ်ဆိုကာ ထူးထွေဆန်းပြား နိဿယများနှင့် တန်ဆာဆင်အဓိပ္ပာယ် ဆိုက်ရောက်မြင်အောင် သုံးပုံပိဋကတ် တရားမြတ်ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့ပါပေ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်က ဘုရားမိန့်မှာ နောက်ဆုံးတရားလွှာကို 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ ဘုရားစကား လိုက်နာပွားသည် တရားလက်မလွတ်ကြစေနှင့်'ဟု ဩဝါဒပေး တရားဆေးသည် အလွန်ပင်တက်ကြွ ဓားသွားမွှလို ထက်ခဲ့ပါပေ့ဘုရား။ ဩဝါဒခြွေ တရားရေကို သောက်သူနှလုံး အမြဲပင်ပြုံးနိုင်ခဲ့ပါပေ့ဘုရား။

အခြားထိုမှ ဩဝါဒနှင့် သံဝေဂတစ်ဖုံ ကျူးရင့်ခြင်းစုံခဲ့ ထေရ်ဘုရားဟောကြား တရားများနှင့် ဩဝါဒတစ်ဖုံ သံဝေဂစုံအောင် နာယူမှတ်သား လိုက်နာပွားသော် အဘယ်သူ့နှလုံး မပြုံးနိုင်ဘဲ ရှိအံ့ပါမည်နည်းဘုရား။ အဘယ်သူ့ဘဝင် မရွှင်နိုင်ဘဲ ရှိအံ့ပါမည်နည်းဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်၏ တည်ခြင်းကောင်းပုံ ကောင်းခြင်းဂုဏ်ကို ပါးစပ်မှပြော နှုတ်မှဟောလည်း လေများသာပုံ မကုန်နိုင်ခဲ့။ လက်နှင့်စာရေး ထုတ်ဖော်ပေးလည်း မင်များသာကုန် မခမ်းနိုင်ခဲ့ပါပေါ့ဘုရား။ အတ္တ,ပရ ညီစွာပြလျက် ပရ,ကလွန် အမြတ်မွန်၏ဟု တောင် ဆိုလိုက်ချင်ပါသည်ဘုရား။

ပြန်ခြင်းကောင်းပုံ ကောင်းခြင်းဂုဏ်ကား ဝတီနတ် မြန်း ဗိမာန်နန်းဝယ် 'ဓမ္မဓရ'မည်တွင်ခသည့် အသွင်နတ်သား အရယူကာသွားခဲ့ပါပေါ့ဘုရား။

ပဏ္ဍိတ်အမော် ပညာကျော်များ စိတ်တော်အစဉ် နှလုံးဘဝင်၌ မှတ်ထင်ထားကြသည်မှာ ကျေးဇူးတော်ရှင် ထေရ်ဖခင်သည် တစ်ဘဝဇာတ်သိမ်း ခန္ဓာငြိမ်းရန် ရောဂါရစ ချိန်ကာလ၌ တိုင်းပြည်ခေါင်းဆောင် ရာဇခေါင်အား ဆိုဆုံးမမှု တရားစုကို မိန့်ကြားညွှန်ပြ လမ်းမှန်ပြလျက် 'နာဟံ ဒါသော ဘဒ္ဒော တုယှံ' အစချီသား ဂါထာသွားကို ခွန်းခြွေမိန့်ဟ ကျူးရင့်ပြသော် ဒုက္ခဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ မလွဲဧကန် ရောက်ရှိမှန်မှ ဤဂါထာကို ကျူးရင့်ဆိုဟု မင်းကွန်းထေရ်ကျော် ဆရာတော်ကို ရဟန္တာတစ်ဆူအဖြစ် မှတ်ယူကာ နေကြပါပေါ့ဘုရား။

ကျေးဇူးတော်ရှင် ထေရ်ဖခင်၏ စေတနာတရား သဒ္ဓါများနှင့် ဝီရိယ, သတိ အစရှိသား တရားများကား မြဲမြံခိုင်ခံ့ တည်တည်တံ့၏။ ထိုမှတစ်လီ ဂုဏ်ပေါင်းစီသည့် သီလတော် ဂုဏ်တော် တရားတော် ကျေးဇူးတော်တို့ကား တပည့်တော်များအဖို့ လိုက်၍မမီ မြေမဟီသို့ ကျယ်ပြန့်နက်နဲ အလွန်ပင် ခက်ခဲလှပါပေါ့ဘုရား။ ဆပ်လို့မဆုံး မြင်းမိုရ်ထုံးနှယ် ကြီးကျယ်မြင့်မြတ် ကျေအောင်ဆပ်ဖို့ ခက်လှပါပေါ့ဘုရား။

ကျေအောင်ဆပ်ရန် ခက်ခဲမှန်လည်း အကယ်၍များ ထေရ်ဘုရားသည် ဘဝဇာတ်သိမ်း ခန္ဓာမငြိမ်းဘဲ ဝတီယံဖျား နတ်ပြည်လားခဲ့သော် ကျေးဇူးတော်ရှင် ထေရ်ဖခင်၏ ဂုဏ်ကျေးဇူးကို ရည်စူးဆို၍ ပြုလုပ်ကြလာ တပည့်သံဃာ ဒါယကာနှင့် ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ပူဇာမင်္ဂလာ ရာပြည့်ပွဲမဟာသို့ တပည့်သံဃာ ဒါယကာနှင့် ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ဥစ္စာဆည်းပူး ကုသိုလ်ထူးကို ရွှင်လန်းကြည်သာ ဝမ်းမြောက်စွာဖြင့် အနုမောဒနာ သာဓုဖြာရန် ဝတီနတ်နန်း ဗိမာန်ခန်းမှ ရထားနတ်ပန်း စီးကာမြန်းလျက် နှစ်လို့ရွှင်သာ ကိုယ်ရောင်ဝါဖြင့် ကြွရောက်တော်မူပါ တပည့်တော်များ၏ဖခင် ကျေးဇူးရှင်ဖြစ်တော်မူသော အာဒိကမ္မိကတိပိဋကဓရ ဂုဏ်ရှင် အို... မင်းကွန်းထေရ်သခင်အရှင်သူမြတ်ကြီးဘုရား။ ။

တပည့်-
အညတရဘိက္ခု (မင်းကွန်း)



ညီညာဖြစ်ဖြ ပြုကြစို့

ဘုန်းနဒီ

မင်းကွန်းဓမ္မနာဒကျောင်းတိုက်

တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြစ်ဖြပြုကြစို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြစ်ဖြပြုကြစို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြစ်ဖြပြုကြစို့။

ကားသံ, လူသံတို့ကင်း၍ တိတ်ဆိတ်ငြိမ်သက်လှသော ညတစ်ညဝယ် နားထဲတွင် အေးမြစွာစီးဆင်းဝင်ရောက်လာတဲ့ တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်က ကိုရင်လေးများ၏ သံပြိုင်ရွတ်ဆိုလိုက်သော သံပေါက်လင်္ကာအသံတို့ကြောင့် ကျောင်း၏ဝရန်တာရှေ့ဝယ် ပဋ္ဌာန်းရွတ်ရင်းလမ်းလျှောက်နေသော စာရေးသူ၏ခြေလှမ်းများ ရုတ်ခြည်းရပ်တန့်သွားလေ၏။

သြော်. . . ၉-နာရီတောင် ထိုးသွားပါပေါ့လား။ မှန်ပါသည်။ ယင်းသံပေါက်လင်္ကာအသံလေးများသည် ည ၉-နာရီထိုးတိုင်း ကြားနေကျအသံလေးများဖြစ်ကြပါသည်။ ဆရာတော်ကြီးသည် ည ၉-နာရီထိုးလို့ စာဝါပြီးတိုင်း ဤသံပေါက်လင်္ကာလေးတွေကို ရွတ်ဆိုအဓိဋ္ဌာန်ပြုပြီးမှ စာအံကျောင်းဆင်းကြရန် မိန့်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ည ၉-နာရီ ထိုးတိုင်း ကိုရင်လေးများရွတ်ဆိုတဲ့ သံပေါက်လင်္ကာလေးများကနားထဲတွင် ပဲ့တင်ထပ်လျက် ရှိပေသည်။ ဆရာတော်ကြီးရှိစဉ် ကတည်းက ချမှတ်တော်မူခဲ့သော စည်းကမ်းလေးတစ်ရပ် သေသေသပ်သပ်ရှိနေသေးတာကိုတွေးရင်း ရင်ထဲမှာ ပီတိတရားများ တိုးပွားမိလေ၏။

ဆရာတော်ကြီးသည် ညီညွတ်ခြင်းကို မြတ်နိုးတော်မူသည်၊ လိုလားနှစ်သက်တော်မူသည်။ ညီညွတ်ခြင်းကို မြတ်နိုးနှစ်သက်တော်မူ၍လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော 'သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ'-အစချီသော သုခလေးပါးတရားဖြစ်တဲ့ ချမ်းသာညီညွတ်ရေးတရားတော်ကို မိမိ၏ ကြုံလှီပါးလှပ်လှတဲ့ခန္ဓာကိုယ်ကို ငဲ့ကွက်တော်မမူဘဲ ကုန်းလမ်း, ရေလမ်းတို့ဖြင့် ထက်အောက်စုန်ဆန် နေပူမိုးရွာ မရှောင် လှည့်လည်ကာကြွတော်မူလျက် ဒကာဒကာမအပေါင်း သူတော်ကောင်းတို့အား ဟောကြားတော်မူခဲ့လေ၏။

မိမိ၏ တပည့်သံဃာတော်အပေါင်းတို့အားလည်း ဩဝါဒပေးသည့်အခါတိုင်း ဤသုခလေးပါးတရားဖြစ်တဲ့ ချမ်းသာညီညွတ်ရေးတရားတော်ကို မကြာခဏ ဩဝါဒပေးလေ့ရှိ၏။ ဆရာတော်ကြီးသည် မိမိ၏ တပည့်သား ရဟန်းသံဃာများအားလည်းကောင်း၊ မိမိ၏တပည့် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အားလည်းကောင်း ညီညီညွတ်ညွတ်နဲ့ သာသနာပြုစေချင်သည်။ သာသနာပြုရာတွင်လည်း ညီညွတ်ရေးသည် အရေးကြီးကြောင်းကို ဆရာတော်ကြီးက မိမိ၏တပည့်အပေါင်းတို့အား သိစေချင်သည်၊ နားလည်သဘောပေါက်စေချင်သည်။

စင်စစ် စည်းလုံးညီညွတ်ခြင်းသည် စည်းကမ်းရှိမှု, စည်းကမ်းလိုက်နာမှုတို့တွင် မြစ်ဖျားခံပါသည်။ စည်းကမ်းမရှိ, စည်းကမ်းလိုက်နာမှု အားနည်းခဲ့လျှင် 'အကွပ်မဲ့ကြမ်း ပရမ်းပတာ'ဟူသကဲ့သို့ မိမိတို့ဖွဲ့စည်းထားသော အဖွဲ့အစည်းကြီး တစ်ခုလုံး ပြိုကွဲပျက်စီးသွားနိုင်ပါသည်။

မြတ်ဗုဒ္ဓက သံဃာ့အဖွဲ့အစည်းကြီးကို ဖရိုဖရဲ ပရမ်းပတာမဖြစ်ရလေအောင် ပန်းများကို ကြိုးဖြင့်သီကုံးထားသကဲ့သို့ ဝိနည်း, သုတ္တန်, အဘိဓမ္မာတည်းဟူသော

ပန်းသီကြိုးဖြင့် ဖွဲ့ချည်သီကုံးထားပါသည်။ ယင်းသို့ ဖွဲ့ချည်သီကုံးထားနိုင်သောကြောင့် မြတ်ဗုဒ္ဓ၏သာသနာတော်သည် ယခုအချိန်ထိ ထွန်းလင်းတောက်ပနေဆဲ ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏သာသနာတော်သည် တစ်ချိန်တုန်းက အနောက်ဘက်တွင် ပါကစ္စတန်ပြည်, တာဂျစ်ကစ္စတန်ပြည်, အာဖဂန်နစ္စတန်ပြည်, တူရကီနိုင်ငံ, ဂရိနိုင်ငံများအထိ ပျံ့နှံ့ထွန်းကားခဲ့၏။ မြောက်ဘက်တွင် တိဗက်, မွန်ဂိုလီးယား, ရုရှား-စတဲ့နိုင်ငံများအထိ ပျံ့နှံ့ထွန်းလင်းခဲ့ပြီး အရှေ့ဘက်တွင်လည်း မြန်မာနိုင်ငံ, လာအို, ကမ္ဘောဒီးယား, ထိုင်း, ဗီယက်နမ်,ဂျပန်,ကိုရီးယားနိုင်ငံများ၊ တောင်ဘက်တွင်လည်း သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)အထိပျံ့နှံ့ခဲ့ပြီး ယခုအချိန်ထိ သာသနာတော်သည် အချို့နိုင်ငံတို့၌ တည်တံ့ခိုင်မြဲလျက်ရှိပေသည်။

တစ်ချိန်က မြတ်ဗုဒ္ဓ၏သာသနာတော်သည် အာရှတိုက်ကြီးတစ်ခုလုံး သင်္ကန်းရောင်တို့ဖြင့် ဖုံးလွှမ်းခဲ့သည့်တိုင်အောင် ထွန်းလင်းတောက်ပခဲ့၏။ သီဟိုဠ်ခေတ်တုန်းကဆို မြတ်ဗုဒ္ဓ၏သာသနာတော်သည် ဘယ်အထိထွန်းကားခဲ့သလဲဆိုလျှင် ဈာန်အဘိညာဉ်ရတဲ့ ရဟန်းတော်တွေ ကောင်းကင်ထက်မှာ လူးလားခေါက်ပြန် ပျံဝဲနေကြလို့ စပါးတွေလှန်းထားတာ မခြောက်သွေ့နိုင်တဲ့အတွက်ကြောင့် တောင်သူလယ်သမား ဒကာဒကာမများ ညည်းညူရတဲ့အထိတောင် ထွန်းကားခဲ့၏။ ရဟန်းသံဃာမှန်လျှင် ပုထုဇဉ်မရှိသလောက်ဖြစ်တဲ့အထိကို မြတ်ဗုဒ္ဓ၏သာသနာတော်ဟာ ထွန်းလင်းတောက်ပခဲ့၏။

မြတ်ဗုဒ္ဓ၏သာသနာတော်သည် ဤကဲ့သို့ ကမ္ဘာအနှံ့ပျံ့နှံ့ထွန်းလင်းခဲ့သည့် အကြောင်းတရားကား မြတ်ဗုဒ္ဓချမှတ် ပညတ်တော်မူခဲ့သော ဝိနည်းစည်းကမ်းဥပဒေအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးခဲ့ပြီး ဆရာ ဒကာ ညီညွတ်စွာလက်တွဲ၍ သာသနာပြုခဲ့ကြခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏သာသနာတော်ကို ဆတက်ထမ်းပိုး တိုးတက်ပြန့်ပွားဖို့ရန်အတွက် ဗုဒ္ဓဘာသာဝင်တိုင်းအားလုံးမှာ တာဝန်ရှိပေသည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းရှိရုံနှင့် မြတ်ဗုဒ္ဓ၏သာသနာတော်သည် အရှည်တည်တံ့ မခိုင်မြဲနိုင်ပေ။ သာသနာပြုပုဂ္ဂိုလ်ဟု ခေါ်ဆိုနေကြသော ဗုဒ္ဓဘာသာဝင်တိုင်းတို့သည်လည်း မိမိတို့၏ သာသနာတော်မြတ်ကြီးကို အရှည်တည်တံ့ခိုင်မြဲပြီး မိမိတို့၏ဘဝအတွက် အောင်မြင်မှုတွေကို ရယူလိုချင်လျှင် တစ်ဦးကောင်း တစ်ယောက်ကောင်းလောက်နှင့်တော့ သာသနာပြု၍မရနိုင်ပေ။ အလွှာပေါင်းစုံက အယုတ်, အလတ်,အမြတ်မရွေး တစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်းတစ်ခုနှင့် ညီညာစွာလက်တွဲကာ သာသနာပြုမှသာလျှင် နေအထောင် လအထောင် ထွန်းလင်းတောက်ပသည်ထက် ပိုမိုထွန်းလင်းတောက်ပသော သာသနာတော်မြတ်ကြီးဖြစ် လာပေလိမ့်မည်။

မြတ်ဗုဒ္ဓသည် သာသနာတော်မြတ်ကြီးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတိုင်တိုင် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးမှ စွန့်လွှတ်အနစ်နာခံမှုများဖြင့် တည်ထောင်ခဲ့ရ၏၊ အရင်းအနှီးကြီးကြီးမားမားဖြင့် တည်ထောင်ခဲ့ရ၏။ သက်သောင့်သက်သာဖြင့် တည်ထောင်တော်မူခဲ့ရသော သာသနာတော်မဟုတ်ပေ။

အထက်တန်းစားဖြစ်သော ရှင်ဘုရင်များ၊ အိမ်ရှေ့မင်းများ၊ မင်းညီမင်းသား သူဌေးသူကြွယ် စတဲ့ရာထူးဂုဏ်သိန်ရှိတော်မူကြကုန်သောပုဂ္ဂိုလ်များက မြတ်ဗုဒ္ဓ တည်ထောင်တော်မူခဲ့သော သာသနာတော်မြတ်ကြီးကို အရှည်တည်တံ့ခိုင်ခံ့ရန်အတွက် ညီညာစွာထမ်းဆောင်ခဲ့ကြ လက်ဆင့်ကမ်းခဲ့ကြ ဝိုင်းဝန်းချီးမြှောက် ထောက်ပံ့ခဲ့ကြ၍သာ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးသည် ယခုအချိန်တိုင်တည်ရှိ ခိုင်မြဲနေဆဲဖြစ်ပေသည်။

ယင်းအကြောင်းတရားတို့ကို သိရှိတော်မူထားပြီးသော စာရေးသူတို့၏ အနန္တကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ချမ်းသာပြီးညီညွတ်တဲ့ ချမ်းသာညီညွတ်ရေးတရားတော်တို့ကို တပည့်ဒကာဒကာမအပေါင်း သူတော်ကောင်းတို့အား ဟောကြားပြသတော်မူခဲ့ပါပေသည်။

ထို့ကြောင့် သာသနာတော်မြတ်ကြီးကို စတင်တည်ထောင်တော်မူခဲ့သော မြတ်ဗုဒ္ဓနှင့် ယင်းသာသနာတော်မြတ်ကြီးကို အရှည်တည်တံ့ခိုင်မြဲဖို့ရန်အတွက် ထက်အောက်စုန်ဆန်လှည့်လည်ကာကြွတော်မူလျက် မြတ်ဗုဒ္ဓ၏ဓမ္မတို့ကို ဟောကြားပြသတော်မူခဲ့သော သုတဗုဒ္ဓ ဖြစ်တော်မူသည့် အနန္တကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးတို့၏ ကျေးဇူးတရားတို့ကို ပြန်လည်ပေးဆပ်သောအားဖြင့် ဆရာဒကာညီညွတ်စွာလက်တွဲလျက် 'တို့သာသနာ၊တို့ဘာသာ၊ ညီညာဖြဖြပြုကြပါကုန်စို့'-ဟု တိုက်တွန်းရေးသားလိုက်ရပါပေတော့သတည်း။ ။

တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြဖြပြုကြစို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြဖြပြုကြစို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာဖြဖြပြုကြစို့။

ဘုန်းနဒီ

ဆေးလိပ်ဖွာနေတော်မူသော ဆရာတော်ကြီး

ကျွန်ုပ်ကြားဖူးသလို မြော်ဆိုဝါဒမည့်

အရှင်ယုဇန

(ရန်အောင်)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲနှင့်ပတ်သက်၍ တစ်စုံတစ်ရာရေးဖို့ ရွှေရတုတိပိဋကဓရဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသမှ အတော်စောစောကပင် ဤအရှင်ကို အသိပေးလာခဲ့ပါသည်။

မှတ်မှတ်ရရပြောရလျှင် တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ၏ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှိ တိပိဋက မဟာအတုလဝေယံကျောင်းတော်ကြီး မြေလှူဒါန်းပွဲတွင် တစ်ကြိမ်၊ တိပိဋကဓရဆရာတော် အရှင်ဣန္ဒပါလ၏ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက် ကျောင်းရေစက်ချပွဲတွင် တစ်ကြိမ်ဖြစ်ပါသည်။ ဆရာတော် ဦးသီလက္ခန္ဓက 'တပည့်တော်တို့ တိပိဋကဆရာတော်ကြီးရဲ့ထေရုပ္ပတ္တိက ထည်ထည်ဝါဝါခံ့ခံ့ညားညားမရှိသေးဘူး' ဟူ၍လည်း ညည်းပြောလေးပြောလိုက်သဖြင့် ဤအရှင်ပင် စိတ်မကောင်း ဖြစ်ရပါသေးသည်။

'ဟုတ်တယ်ဘုရား၊ တပည့်တော်တို့ မေမြို့ရတနာမာရ်အောင်ဆရာတော်ရေးခဲ့လျှင် အရမ်းကောင်းမှာ'ဟု တမ်းတမ်းတတ ဤအရှင်ကပြောသဖြင့် သူလည်းဒါကို ထောက်ခံသည်။ မှန်ပါ၏။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ကျေးဇူးတော်ဂုဏ်တော်တို့ကား မြောက်မြားလှစွာပင် အနယ်နယ်အရပ်ရပ်၌ ပြန့်ကျဲတည်ရှိနေခဲ့သည်ဖြစ်ရာ ပမာအားဖြင့်သော် တုံးပြီးတစ်ပြီးလှီးဖြတ်ပြီး ချက်ပြုတ်စရာများ အဆင်သင့်ရှိနေပါလျက် အစပ်အဟပ်တည့်အောင် စီမံနိုင်မည့် စားဖိုမှူးတစ်ဦး မရှိသကဲ့သို့ဖြစ်နေ၍ အကယ်၍သာ ရတနာမာရ်အောင်ဆရာတော်တို့ကဲ့သို့ လောကီလောကုတ္တရာ ဝမ်းစာလျှံသူများက ကလောင်သွက်သွက်ဖြင့် ရေးခဲ့မည်ဆိုလျှင် ဖတ်၍မညည်းနိုင်အောင်ပင် ရှိလိမ့်မည်ဟု ဤအရှင်ထင်မြင်မိပါ၏။

ယခုတော့ ရတနာမာရ်အောင်ဆရာတော်လည်း မရှိရှာတော့ပါ။ အဘယ်သို့သောရှင်လူတို့၏ အစွမ်းအစဖြင့် ဆရာတော်ကြီး၏ ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ထေရုပ္ပတ္တိကြီး ဘယ်အခါများပေါ်ထွက်လာပါအံ့။ အာသာငမ်းငမ်းဖြင့် တွေ့ချင်မြင်ချင်စမ်းပါဘိတော့သည်။ ကြိုးစား၍ အားသစ်တော်မူကြပါကုန်။

မကြာသေးမီက၊ တိတိကျကျဆိုရလျှင် ၈-၆-၂၀၁၁ ရက်၊ နေ့ခင်းပိုင်း ၂း၀၀-နာရီခန့်တွင် ဤအရှင်ထံ ဖုန်း တစ်ချက်ဝင်လာသည်။ အသံကိုမကျက်မိ၍ အားနာနာနှင့်ပင် 'ဘယ်သူပါလိမ့်'ဟု ပြောင်ဖွင့်မေးရတော့သည်။ တစ်ဖက်မှ 'ဘယ်လိုလဲ၊ အသံကိုတောင် မမှတ်မိတော့ဘူးလား' ဟူသော ရင်းနှီးကျွမ်းဝင်သောလေကို ဖျတ်ခနဲဖမ်းမိတော့မှ သြော် သြော်. . . ရေနံ့သာအရှင်ယောသိတပါလား-ဟု သိလိုက်ရတော့သည်။

မတွေ့မဆုံသည်မှာကြာပြီဖြစ်၍ သူနှင့်ကိုယ်သတင်းအဆက်ပြတ်နေရကား အကြောင်းရင်းကို စေ့ငုရတော့သည်။ သူ့အပြောအရ ဆရာတော်ကြီး၏ သက်တော်ရာပြည့်စာစောင် ထုတ်ဝေမည်၊ စာမူပို့ပါဦး-ဟူသောသတင်းဖြစ်ရာ ဟိုယခင် ရွှေရတုတိပိဋကဓရဆရာတော် အရှင်သီလက္ခန္ဓ ပြောခဲ့ဖူးသည့်စကားလက်စပေပဲဟု ပြန်လည်အမှတ်ရမိတော့သည်။ ရေနံ့သာအရှင်ယောသိတကိုလည်း ဖုန်းထဲမှပင်ရေးပေးပါမည်ဟု ဝန်ခံကတိပြုလိုက်ရာ ယခု

သော် အဆိုပါကတီအရ စားပွဲပေါ် ထိုင်မိပါလေပြီ။ ဘာများ ရေးရပါ့၊ စဉ်းစား. . . စဉ်းစား. . . ။

စဉ်းစားရင်းပေါ်လာသောမြင်ကွင်းတို့ကား အနောက်ဘက်မှာ မင်းဝံတောင်ရိုး ပြာမှိုင်းမှိုင်းကြီးနှင့် တောင်ခါးပန်းမှ စေတီပုထိုးများ။ သည်ဘက်မှာ အနားကွပ်ထားသည်က ဧရာဝတီမြစ်ပြင်၊ လှိုင်းကြက်ခွပ်တွေအဖွေးသားနှင့်။

အို. . . ကြည့်ပါဦး။ ဟောဟိုမှာ သဲသောင်ပြင်ကြီး။ အနိမ့်အမြင့် မို့မောက်ချိုင့်ဝှမ်း အရစ်ရစ်တွေ ရောပြွန်းနေသည့် သဲငွေသောင်ပြင်။


ကျောင်းအမကြီးဒေါ်ရွှေညွန့်

တစ်ရံရောအခါများဆီက လေပြည်တသွေးသွေး နေခြည်တအေးအေး၌ သည်ငွေသောင်ယံ သဲပြင်ကျယ်ကြီးပေါ် စိတ်လွတ်ကိုယ်လွတ် ပစ်လှဲချ၍ မွရွနေသည့် သဲပွင့်များကို လက်နှင့်ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အပြောကျယ်လှသော မိုးကောင်းကင်ကြီးကို ပက်လက်လှန် မော့၍ကြည့်နေခဲ့ဖူးသည်။

ရံဖန်ရံခါ ရေစပ်စပ်သဲသောင်ခုံပေါ် အိခနဲ အိခနဲ လမ်းလျှောက်ရင်း ဖိနပ်ရာတို့၌ စိမ့်တက်လာသော ရေကွက်ကလေးများကြောင့် ကိုယ့်ခြေရာပျောက်ပျောက်သွားသည်ကို တစိမ့်စိမ့်ကြည့်၍ ကြည်နူးနေခဲ့ဖူးသည်။

မြစ်ပြင်၌သွားလာနေသော အဝေးဆီမှ မော်တော်များ လှေများကို ငေးမျှော်ရင်း ဟိုး. . . အရှေ့စူးစူးက လှမ်းမြင်နေရသည့် မန္တလေးတောင်တော်ကို စိတ်ကူးနှင့်တက်ပြီး မောနေခဲ့ဖူးသည်။

အို. . . ပြောရလျှင်ဖြင့် ပြော၍ဆုံးနိုင်တော့မည် မထင်။ သည်မြေ သည်ရေ သည်တော သည်တောင်တို့၌ ကာလအတိုင်းအတာတစ်ခုအထိ စီးမျောနစ်ဝင်နေခဲ့ဖူးသည်မှာ ငြင်းမရသည့် အတိတ်ကပုံရိပ်တစ်ခုပင်။ လက်ဝဲသုန္ဒရအမတ်ကြီးလိုသာ ရေးတတ်လျှင်ဖြင့် မဲဇာတောင်ခြေထက်သာသော အလွမ်းရတုကြီးကို ရေးချပစ်လိုက်ချင်သည်။ သို့သော် ကိုယ့်အစွမ်းအစနှင့် ကဗျောင်အမျိုးအစားသာ ဖြစ်လာမည်ဖြစ်၍ ဆောင်းပါးကိုသာရေးတော့အံ့ဟု စိတ်တိုးတိုးချမိပါတော့သည်။

သို့ဖြင့် ဆောင်းပါးရေးတော့မည်ဟုစိတ်ကူးနှင့် ဆရာတော်ကြီး၏အကြောင်းအရာတို့ကို ပြန်လည်သုံးသပ်ရတော့သည်။

တို့ဆရာတော်ကြီး၏ အကြောင်းအရာတို့ကား များသောအားဖြင့် စာရေးဆရာကြီးငယ်တို့ မိမိတို့၏ရှုထောင့်များမှ အမြင်အမျိုးမျိုးကို တိ=နိသုံးနှစ်ခရီး စသောစာစောင်ကြီးများတွင် အတော်များများဖော်ပြခဲ့ပြီးလေပြီ။ သို့ဖြစ်၍ အထပ်တစ်ရာ အဖာဗရပွဖြစ်နေသော မည်းပြာပုဆိုးပေါ်က နောက်ထပ်ချုပ်ရိုးသစ်တစ်ခု အနေ မဖြစ်ရလေအောင် စာရေးဆရာကြီးအောင်ဗလ၏စကားကဲ့သို့ ‘ကျွန်ုပ်ကြားဖူးသလို ပြောဆိုပါမည်’ဟူသော ခေါင်းစဉ်အောက်၌ ဟိုမှာသည်မှာ ဘယ်သူမှ မရေးသေးသည့် ကြားဖူးနားဝဗဟုသုတလေးများကိုသာ ဖတ်ချင်စဖွယ်ရေးပေအံ့ဟု နှလုံးသွင်းမိလေတော့သည်။ သို့ရကား-သည်လိုစလိုက်ကြစို့ရဲ့။

ဆရာတော်၏အာဘော် ကျောင်းအမကြီးကဖော်

ဆရာတော်ကြီးသည် မင်းကွန်း၌ရှိနေခိုက်ဖြစ်ပါက သီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်မှ မိုးမိတ်ကုန်းမြေသို့ စဉ်ဆက်မပြတ်ကြွတော်မူလေ့ရှိပါသည်။ ကြွတော်မူတိုင်းပင် ဆွမ်းစားကျောင်းအနီး ကားကိုရပ်တန့်၍ လှေကားခုနစ်ထစ်ခန့်ကိုတက်တော်မူပြီး ရုံး(အဘိဇကျောင်းတော်)ရှေ့၌ရေးသားထားသည့် ယနေ့ဆွမ်းအလှူရှင်များဘောကို သေသေချာချာအရေးတယူ ဖတ်ရှုလေ့ရှိပါသည်။

ဤမြင်ကွင်းကို မကြာမကြာမြင်ရသဖြင့် ဤအရှင်က ကျောင်းအမကြီးဒေါ်ရွှေညွန့်ကို ‘ဒကာမကြီး၊ ဆရာတော်ကြီးက ဆွမ်းအလှူရှင်ဘောကို အမြဲတမ်းကြည့်တာပဲဗျာ။ တော်တော့်ကို ဂရုစိုက်တာပဲ’ဟု ပြောမိသည်။

‘အရှင်ဘုရားတို့က အဲသည်လောက်ပဲ သိသလား’။

‘ဒကာမကြီး၊ ဦးဇင်းတို့က သည့်ထက်ဘာပိုသိစရာရှိလို့လဲဗျာ’။

‘တပည့်တော်တို့ လူအိုချင်းမို့ သိတာဘုရား၊ ဟောဟို လှေကားထစ်လေးတက်ခဲ့ရလို့ မောပြီးရပ်နေရတာ၊ သူ့ခမျာ စာဖတ်ရင်း အမောဖြေနေရတာဘုရား’။

‘ဩော်. . . သည်လိုကိုး’။

စာရေးဆရာကြီးမောင်သာရပြောဖူးသည့် စကား တစ်ခွန်းရှိသည်။ စာရေးဆရာဆိုတာ ပြတာလည်း မြင်အောင် ကြည့်ရသည်။ မပြတာလည်း မြင်အောင်ကြည့်ရသည်တဲ့။ ယခုကား ဆရာတော်ကြီးမပြသည့် မြုပ်ကွက်ကလေးကို ကျောင်းအမကြီး၏ဖော်ထုတ်မှုဖြင့် ဤအရှင်တို့ မြင်ခွင့်ရလိုက်ပါ၏။

ဤမှတစ်ဆင့်တက်၍ 'ဇရာ မမ္မောမှိ၊ ဇရံ အနတီတော-အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘော ကိုမလွန်မြောက်နိုင်'ဟူသော အဘိဏှသုတ်တော်အထိ လှမ်း၍ မြင်နိုင်ပါမူကား အဖိုးအနဂ္ဃဖြစ်ခြိမ့်မည်။

ဆရာတော်၏အထာနှင့် ဒကာတော်၏ဝါသနာ

ဤအရှင်တို့ငယ်ငယ် အနှစ်၄၀-လောက်က မန္တလေးမြို့ ရပ်ကွက်အသီးသီး၌ အနီးစခန်းဆရာတော်ကြီး၊ တိပိဋကဓရ ဆရာတော်ကြီး၊ လယ်တီဦးဝိလာသစသော ဓမ္မကထိက အကျော်အမော်များ၏ တရားပွဲကြီးများကို မကြာမကြာနာကြားကြရသည်။ ထိုစဉ်က သဲကုန်းဆရာတော် (ယခု သီတဂူ)ကိုကား အနီးစခန်းဆရာတော်ကြီး၏တပည့် အဖြစ် စတင်ပြူထွက်လာသည်ကို ရံဖန်ရံခါဖူးကြနာကြရသည်။

သို့ကလိုဆရာတော်ကြီးများ တရားဟောကြရာတွင် အနီးစခန်းဆရာတော်ကြီး၏ ထူးခြားချက်ကား လောကီ လောကုတ္တရာ စပ်ဆိုင်ရာ ဗဟုသုတမျိုးစုံထည့်သွင်းလျက် တရားထောက်ဒကာကြီးများဖြင့် မေးကာဖြေကာ ပရိသတ်စိတ်ဝင်စားအောင် ဟောတော်မူလေ့ရှိသည်။

တိပိဋကဓရဆရာတော်ကြီး၏ ဟောနည်းမှာကား ပါဠိတော်, အဋ္ဌကထာလာသည့်အတိုင်း လေးလေးနက်နက် အပိုအလိုမရှိ အတိအကျဟောခြင်းဖြစ်ရကား ဆရာကြီးဦးဆန်းထွန်းကား ပါဠိတော်, အဋ္ဌကထာစာအုပ်ကိုင်၍ပင် စောင့်ကြည့်ပြီး တရားနာဖူးသည်ဟူ၏။

ရဟန်းတော်များနှင့် အဆင့်မြင့်တရားနာပရိသတ်၏ နားနှင့်အံဝင်ခွင်ကျဖြစ်နိုင်သော်ငြား နားတိမ်သည့်ပရိသတ်အတွက်ကား ပျင်းစရာကြီးဟု ယူဆဖွယ်ရာ ရှိပေသည်။ ထို့ပြင် တရားထောက်ဒကာမရှိဘဲ ဆရာတော် တစ်ပါးတည်းသာလျှင် တောက်လျှောက်ဟောကြားခြင်းလည်းဖြစ်၊ တစ်စုံတစ်ရာ ချောင်းဟန့်ခြင်း၊ ကိုယ်အမူအရာလှုပ်ရှားခြင်း ဘာတစ်ခုမျှ မရှိ။ ပိဘိကျောင်ဆစ်ရပ်အသွင် ဟောနေခြင်းလည်းဖြစ်ရာ အမြိုင်နှင့်အလှုပ်ကို လိုလားသူတို့ကမူ အားရနိုင်လိမ့်မည် မထင်ပါ။

လယ်တီဦးဝိလာသဆရာတော်ကြီးကား ရဟူဒီပုံပြင်များဖြင့် သူ့တရားကိုတန်ဆာဆင်လေ့ရှိရာ အသက်ဝင်အောင် ဟောပြောတတ်သော သူ့အာပေါင်အာရင်းကြောင့် ပရိသတ်များ ငြီးငွေ့ရသည်မရှိ။ တဟားဟားနှင့်ရယ်ရင်းကုသိုလ်ရေးဆိုင်ရာ ဗဟုသုတများ တိုးပွားကြရပေသည်။

တစ်ခါသော် တိပိဋကဓရဆရာတော်ကြီး၏ တရားပွဲ၌ ရယ်ပွဲကြီးတစ်ခု ကြုံရဖူးပါသတဲ့။ အကြောင်းကို ရှင်းလင်းအောင်ဆိုရပါလျှင် အနီးစခန်းဆရာတော်ကြီး တရားဟောသည့်အခါ မန္တလေးမြို့ မလွန်ရပ်မှ ဒကာကြီး ဦးအေးသည် တရားထောက်အဖြစ် အမြဲပါဝင်လေ့ရှိ၏။ ဦးအေးကား ရှေးမြန်မာကြီးတစ်ဦး၏ဟန်ပန်အတိုင်း သူ၏ဆံထုံးတော်ကြီးတမာသီးကို ပန်းရောင်ပိုးပဝါလေးဖြင့် ပတ်ထားလေ့ရှိ၏။ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး တရားထောက်သည့်အခါ ဓမ္မကထိက၏လေအလိုက် အသံရှည်ကြီးဆွဲပြီး 'မှန်ပါဘုရား'၊ 'အမိန့်ရှိတော်မူပါဘုရား' စသည်ဖြင့် ထောက်လေ့ရှိသူဖြစ်၏။

တိပိဋကဓရဆရာတော်ကြီးကား ဤကဲ့သို့တရားထောက်ထားပြီး ဟောလေ့မရှိပါ။ တစ်ခါတွင် တိပိဋကဓရဆရာတော်ကြီး၏တရားပွဲ၌ ဦးအေးကဲ့သို့ တရားထောက် ဒကာကြီးတစ်ဦးရှိနေရာ ထိုဒကာကြီးသည် ဆရာတော် တရားဟောနေစဉ် ကြားဖြတ်၍ 'မှန်ပါဘုရား'၊ 'အမိန့်ရှိတော် မူပါဘုရား' စသည်ဖြင့် အသံရှည်ဆွဲပြီး ဝင်ဝင်ထောက်နေလေရာ ဆရာတော်အဖို့ အလွန်ပင် သမာဓိပျက်ရလေတော့သည်။ နှစ်ကြိမ်, သုံးကြိမ်မျှရှိသောအခါ ဆရာတော်က တရားကိုရပ်၍ 'ဒကာကြီး၊ ဘုန်းကြီးက တရားထောက်ထားပြီး မဟောတတ်ဘူး၊ ဒကာကြီး တရားဝင်မထောက်ပါနဲ့'ဟု အမိန့်ရှိလိုက်ရာ အဆိုပါဒကာကြီးသည် တရားထောက်သည့် လေအတိုင်းပင် အသံရှည်ကြီးနှင့် 'မှန်လှပါဘုရား' ဟု ထလျှောက်လိုက်ရာ ပရိသတ်များ ဝါးခနဲပွဲကျသွားသည်-ဟု ဆိုပါ၏။

ဘေးလိပ်လို့ခေါ် လိုက်ကြစို့ရဲ့

ဆရာတော်သည် ဆေးပေါ့လိပ်ကို ဒန်ဖလားခွက်ခံပြီး ဖွာလေ့ရှိပါသည်။ နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲ သောက်လာခဲ့သည့်အတွက် မလျော်မှန်းသိပင်သိငြားသော်လည်း ဖြတ်နိုင်ရန် ခဲယဉ်းနေပုံရပါသည်။ ဆေးလိပ်၏ဆိုးကျိုးကိုသိသူများက မည်သို့ပင်လျှောက်လျှောက် သောက်မြဲသောက်နေသည်သာ။ နောက်ဆုံး မန္တလေးတောင်ခြေ ရွှေဟင်္သာတိပိဋကကျောင်းတော်၌ ရောဂါဖြစ်တော့မှ

သာ ဆေးလိပ်ပြတ်သွားခြင်းဖြစ်ပါသည်။ ဆေးလိပ်နှင့် ပတ်သက်၍ ဆရာတော်တွင် ပြောစမှတ်နှစ်ခု ကျန်ရစ်ခဲ့ပါသည်။

တစ်ခါက ဒကာတစ်ဦးသည် 'ဆရာတော်ကို ရဟန္တာဟု တချို့ကပြောနေကြကြောင်း၊ မိမိစိတ်၌လည်း ဤသို့ပင် ထင်မြင်မိပါကြောင်း' ဖြောင်ဖွင့်၍လျှောက်ထားလာရာ ဆရာတော်က 'ရဟန္တာဆိုလျှင် ဆေးလိပ်သောက်ပါ့မလားဗျာ'ဟု မိန့်တော်မူ၍ တစ်ဖက်လှည့်ပြီး ဆေးလိပ်သောက်နေလိုက်တော့သည်။ တစ်ခွန်းတစ်ပါဒမျှ မိန့်တော်မမူတော့ဟုဆိုပါ၏။

တစ်ခါကမူ ကျန်းမာရေးလိုက်စားသူ ဒကာတစ်ဦးက ဆေးလိပ်သောက်လျှင် မည်သို့မည်ပုံ ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ကြောင်းကို မပြီးနိုင်မစီးနိုင် မိကျောင်းမင်းရေခင်းပြဆိုသည့်အတိုင်း လျှောက်ထားနေလေရာ ဆရာတော် နားကြားပြင်းကတ်လာပုံရပါသည်။ ထို့ကြောင့် အောက်ပါအတိုင်းပြော၍ တစ်ဖက်သို့လှည့်နေလိုက်သည်-ဟုဆိုပါ၏။

'ဆေးဖြစ်လို့ပဲ ဆေးလိပ်ခေါ်တာပေါ့ဗျာ၊ ဘေးဖြစ်ရင် ဘေးလိပ်ခေါ်မှာပေါ့'။

ကဲဗျာ ဘယ်လိုသဘောရကြပါသလဲ။ ဆရာတော်ကြီး အမည်ပေးသလို အဲသည်အလိပ်ကို တစ်နိုင်ငံလုံးဝိုင်းပြီး 'ဘေးလိပ်'ခေါ်ဝေါ်သုံးစွဲကြရင် မကောင်းပါလားဗျာ။

သတိတန်ခိုး အကျိုးအနန္တ

ဟိုယခင် လွန်ခဲ့သောအနှစ် ၂၀-ကျော်အထက်က ဧရာဝတီမြစ်အတွင်း မင်းကွန်း-မန္တလေး စုန်ဆန်သွားလာနေသော မင်းညွှန့်အမည်ရှိ မော်တော်လေးတစ်စီးရှိခဲ့ဖူးသည်။ ဆရာတော်အတွက် အများလှူဒါန်းထားသော ထိုမော်တော်လေးသည် မြန်မာတစ်နိုင်ငံလုံး ဟိုးဟိုးကျော်ထင်ရှားနေသည့် ဆရာတော်၏မွေ့ခရီးစဉ်များ အဆင်ပြေချောမွေ့ရေးအတွက် အလွန်အားထားရသည့် ရေယာဉ်လေးတစ်စီး ဖြစ်ခဲ့လေသည်။

ဘယ်မှာတရားပွဲရှိရှိ ထိုရေယာဉ်ကလေးနှင့် ဧရာဝတီမြစ်အတွင်း စုန်ဆင်းတော်မူပြီး မန္တလေးရောက်သည်နှင့် မော်တော်ကားပေါ်ပြောင်းရွှေ့ကာ လိုရာခရီးသို့ ကြွတော်မူမြဲဖြစ်၏။ ပြန်ကြွတော်မူရာ၌လည်း ညဥ့်ဘယ်အချိန်ပဲဖြစ်နေပါစေ မန္တလေးမရမ်းခြံဆိပ်၌ ဆိုက်ကပ်ထားသည့် ထိုမော်တော်လေးပေါ်သို့ နဖူးကို လက်ကလေးနှင့်ကာဘာလုပ်ပြီး မော်တော်အတွင်းပိုင်းအထိငုံ့ဝင်ကာ အသင့်ရှိနေသော ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ပြီး ဆေးပေါ့လိပ်ဖွာရှိုက်ရင်း မင်းကွန်းသို့လိုက်ပါ၍ ပြန်ကြွတော်မူမြဲဖြစ်လေ၏။

ထိုရေယာဉ်၏ ရေယာဉ်မှူးမှာ ကိုအုန်းလှိုင်ဖြစ်၍ ယာဉ်နောက်လိုက်များမှာ ကိုမြင့်၊ ကိုဝင်းမောင် စသော ဆရာတော်၏ တူ့မြေးတော်စပ်သူများဖြစ်ကြ၏။ သူတို့သည် လူငယ်များပီပီ အလေးအနက်စဉ်းစားသူများ မဟုတ်ရကား ဆရာတော် မော်တော်ပေါ်မှ ဆင်းကြွသွားသည်နှင့် တစ်ပြိုင်နက် ဆရာတော်ထိုင်နေကျ ပက်လက်ကုလားထိုင်ကို အလုအယက် ဝင်ထိုင်ကြလေ့ရှိသည်။

တစ်ခါသော် သူတို့အချင်းချင်း ချောက်ချသည့်အနေဖြင့် ပက်လက်ကုလားထိုင်၏ အောက်ဘက်ပိုင်းတုတ်ချောင်းကို တစ်ယောက်က ဖြုတ်ထားလိုက်၏။ သူတို့အထဲမှ တစ်ဦးဦး အပြေးအလွှားဝင်ထိုင်လိုက်သည်ရှိသော် ဖြုန်းခနဲကျစေရန် တမင်အကွက်ဆင်ထားခြင်းဖြစ်၏။ သို့ပါသော်လည်း ကံဖယ်ချင်တော့ ထိုနေ့တွင် သူတို့အထဲမှ တစ်ဦးတစ်ယောက်မျှ ဝင်မထိုင်ဖြစ်ကြ။ တုတ်ချောင်းဖြုတ်ထားသူကလည်း အမှတ်တမဲ့။

ထုံးစံအတိုင်း ဆရာတော်ကြွလာသောအခါ ပက်လက်ကုလားထိုင်အနီးရောက်သည်နှင့် ကုလားထိုင်အခင်းကို လက်နှင့်ထောက်ကြည့်လိုက်ရာ လျှောခနဲအဝတ်စ ပြုတ်ကျသွားလေသည်။ ဆရာတော်က 'ကြည့်စမ်း၊ လူကလေးတို့က ကိုယ့်ဆရာတော်ကို ပြန်စမ်းနေကြသေးတယ်'ဟု မိန့်တော်မူ၏။ ဒေါသထွက်ခြင်းမရှိ၊ မာန်မဲခြင်းမပြု။ သတိလွတ်သူအတွက် ဆင်ထားသောအကွက်သည် သတိရှိသူအတွက်တော့ စိတ်ဆိုးဖွယ်ရာဖြစ်ပုံမရ။

သတိမတော သဒ္ဓါ ဘဒ္ဒံ၊ သတိမာ သုခမေဓတိ။

သတိမတော သုဝေ သေယျော၊ ဝေရာ စ ပရိမုစ္စတိ။

'သတိရှိသူမှာ အမြဲတမ်းကောင်းတယ်။ သတိရှိသူဟာ ချမ်းသာကို ခံစားရတယ်။ သတိရှိသူရဲ့ ပစ္စုန်ပ္ပန်ဟာကောင်း သလို အနာဂတ်ဟာလည်း ကောင်းမြတ်တယ်။ သတိရှိသူဟာ ဘေးရန်ကလည်း လွတ်မြောက်နိုင်တယ်'ဟူသော သံယုတ္တ နိကာယ်ပါဠိတော်လာ ဂါထာလေးကို အမှတ်ရဖွယ်ဖြစ်တော့သည်။



မော်တော်ပေါ်မှာ ပက်လက်ကုလားထိုင်၌
သီတင်းသုံးလိုက်ပါလေ့ရှိတော်မူသော
မင်းကွန်းဆရာတော်ကြီး

စာသင်သားအပေါ် ဆရာတော်၏ကရုဏာ

နောက်တစ်ခုတင်ပြချင်ပါသေးသည်။

ဤအရှင်၏ စိတ်အထင်အရပြောရလျှင် ၁၃၄၄၊ ၁၃၄၅-ခုနှစ်လောက်က ထင်ပါသည်။ တစ်ညနေခင်းတွင် ဆရာတော်ကြီးသည် ဓမ္မနာဒကျောင်းတိုက်မှ မိုးမိတ်ကုန်းမြေ သို့ကြွတော်မူလာပြီး အချက်ပေးသံချောင်းတီး၍ သံဃာ တော်များကို စုဝေးစေပါသည်။ အားလုံးစုံသည်နှင့် တိပိဋကဩဝါဒါစရိယအဖွဲ့က နိုင်ငံတော်သံဃမဟာနာယကထံ တင်သွင်းသည့် ပညာရေးအစီရင်စာနှင့်ပတ်သက်၍ ထိခိုက်ကြေကွဲစွာ မိန့်ကြားတော်မူပါသည်။ ယင်းအစီရင်ခံစာတွင် 'တိပိဋကစာဖြေသံဃာတော်များသည် အာဂမဉာဏ်သာရှိ၍ သဘာဝဉာဏ်မရှိကြ'ဟူသော စာပိုဒ်ပါရှိနေရာ ဤအချက်ကို ဆရာတော် အလွန်ခံစားရပုံရပါသည်။

ဤနေရာတွင် ယင်းအစီရင်ခံစာ ထွက်ပေါ်လာခြင်းကို အနည်းငယ်ရှင်းပြပါဦးမည်။ ထိုစဉ်က တိ=ဩ ဆရာတော်အချို့သည် တော်ရုံတန်ရုံအရည်အချင်း ရှိရုံမျှနှင့် တိပိဋကဓရဆရာတော်မဖြစ်စေသင့်ဟူသော စေတနာ လွန်ကဲနေကြပုံ ရပါသည်။ ထိုစေတနာသည် ရေးဖြေအရှင်မြတ်များအတွက် လည်ပင်းညှစ်ထားသကဲ့သို့ ဖြစ်၍ နေလေသည်။

ထိုစဉ်ကစာဖြေသူများထဲတွင် သက္ကသီဟ, စေတိယင်္ဂဏ, အစိုးရဓမ္မာစရိယ, အဂ္ဂမဟာကျော်, ပါဠိပါရဂူဘွဲ့များအပြင် တိပိဋကဓရဘွဲ့ပါရရှိပြီးဖြစ်သည့် ယောဆရာတော်လည်း အပါအဝင်ဖြစ်နေရာ ထိုဆရာတော်သည်ပင် ဒီဃနိကာယကောဝိဒအဆင့်ကိုမလွန်ဘဲ အကြိမ်ကြိမ်ကျရှုံးလျက် ရှိပါသည်။ ထို့အတူ အခြားသံဃာများလည်း နှစ်စဉ်ပင် ရေးဖြေဂေဇက်တွင် အောင်မြင်သူမရှိဟု ဆိုရမလောက် အကျအရှုံးများလျက်ရှိကြသည်။ သည်ကြားထဲ ယခုကဲ့သို့ အစီရင်ခံစာထွက်ပေါ်သည့် အခါတွင် စာသင်တိုက်ကြီးများ အသီးသီးရှိ စာချဆရာတော်ကြီးများအသိုင်းအဝိုင်း၌ ဤအချက်သည် အလွန်ပျံ့နှံ့သွားပါသည်။

ထို့ကြောင့်ပင် 'မိုးမိတ်ကကိုယ်တော်တွေက အာဂုံသာ ရအောင်ကျက်နိုင်ကြတာ၊ ဓမ္မာစရိယပြီးပေမယ့် အဋ္ဌကထာ ဋီကာတွေကျတော့ သဘောမိအောင် မကြည့်နိုင်ကြဘူး' ဟူသော ဆရာတော်ကြီးတစ်ပါး၏မှတ်ချက်ကို ဤအရှင် ကိုယ်တိုင်ပင် နားနှင့်ဆတ်ဆတ်ကြားလိုက်ရပါသေးသည်။

ဆိုခဲ့သည့်အတိုင်း ထိုနေ့က ဆရာတော်ကြီးသည် တိပိဋကသံဃာတော်များအား မိန့်ကြားရာတွင်-'တကယ်ထဲ ဘုရား၊ သူတို့က စာသင်သားတွေအပေါ် မညာမတာ သည် လိုချည်း မြေနိမ့်ရာလှံစိုက်တာတော့ မကောင်းပါဘူး။ သည် တော့ အရှင်ဘုရားတို့ ဘာမှအားမငယ်ကြနဲ့။ ကိုယ်ဖြေ ရမည့်ကိစ္စ ဖြေသာဖြေကြ။ သည်ကိစ္စ တပည့်တော်တို့ ပြေ လည်အောင် ဆောင်ရွက်ပေးပါ့မယ်။ အချို့ဆရာတော် တွေက အပျိုကြီးတွေနဲ့တူတယ်ဘုရား။ အပျိုကြီးများ သားသမီးမရှိတော့ သားသမီးချင်း ကိုယ်ချင်းမစာတတ် သလို အခုဆရာတော်တွေလည်း ခမျာများ တပည့်တပန်း နည်းတော့ တပည့်အပေါ် သံယောဇဉ်မထားတတ်ကြဘူး ဘုရား' စသည်ဖြင့် အားပေးစကားမိန့်ကြား တော်မူပါသည်။

ဤအားပေးချက်သည် ယင်းအစီရင်ခံစာကို အကြောင်းပြု၍ စိတ်ပျက်အားငယ်သွားကြသည့် စာဖြေ အရှင်မြတ်များအား ပြန်လည်ဆယ်တင်ပေးသည့် ဆရာတော်ကြီး၏ကရုဏာတော်ပင်ဖြစ်ပါသည်။ မှန်ပါ သည်။ ဆရာတော်ကြီးသည် စာသင်သားများအပေါ် အလွန်ညာတာလှ ရှိတော်မူပါသည်။

ဤအချက်ကို ထင်ရှားစေပါဦးမည်။ ထိုနှစ်များ တစ်ဝိုက်ဆီကပင် ဆရာတော်ကြီးထံ ပုစ္ဆာများထုတ်ပေး ပါရန် ဒေသန္တရစာမေးပွဲငယ်များမှ တာဝန်ရှိသူတို့ မကြာ မကြာ လာလေ့ရှိပါသည်။ ထိုအခါ ဆရာတော်ကြီးက ဦးရာဇိန္ဒ၊ ဦးသုန္ဒရ၊ ဦးဉာဏာလင်္ကာရာဘိဝံသ-စသော ပိဋကတ်နှစ်ပုံ၊ နှစ်ပုံခွဲဆောင်ဆရာတော်များအား ပုစ္ဆာ အထုတ်ခိုင်းလေ့ ရှိပါသည်။ ထိုဦးပဉ္စင်းများထုတ်ပြီးလျှင် ဆရာတော်ထံ ပြကြရပါသည်။ ပုစ္ဆာအနည်းငယ်မြင့် နေလျှင် 'ကိုယ်တိုင်လည်း ဖြေနေလျက်သားနဲ့၊ ညာရ ကောင်းမှန်းမသိဘူး'ဟု မြည်တွန် တော်မူပြီး သင့်တင့်ရုံမျှ မေးခွန်းများကို ပြောင်းလဲထုတ်ခိုင်းလေ့ရှိပါသည်။

အထက်တွင် ဆရာတော်မိန့်ကြားခဲ့သလိုပင် များ မကြာမီ တိပိဋကဩဝါဒါစရိယဆရာတော်များ အပြောင်း အလဲဖြစ်သွားပါသည်။ ထိုသို့ပြောင်းလိုက်တော့မှပင် ရေးဖြေ အရှင်မြတ်များ အသက်ရှူပေါက်ချောင်သွားကြ၍ မိမိတို့၏ရေးဖြေအဆင့်များကို နှစ်မကြာစေဘဲ အသီးသီး အောင်မြင်မှုများ ရသွားကြပါသည်။ ဤသို့အောင်မြင်မှုများ ရသွားကြသည်နှင့်အမျှ ထိုမှ ဤမှ ဝေဖန်သံများလည်း ပျောက်ပျက်ကုန်ကြ ပါတော့သည်။

ဤအရှင်သည် အတေးအမှတ်ဝါသနာပါသည့် အလျောက် တိပိဋကဓရဆရာတော်ကြီး၏ နှုတ်တော်ထွက် ဩဝါဒတို့ကို မိမိကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားပြီးသည့် နှင့် ချက်ချင်းဆိုသလို ပုတ်တမ်းရေးလေ့ရှိပါသည်။ယခုဆရာ တော်နှင့်ပတ်သက်၍ ဆောင်းပါးရေးမည်ဆိုသောအခါ မှတ် တမ်းဟောင်းများကို ပြန်လှန်မိရာ၌ ကျိုးကြောင်းပြည့်စုံ အောင် မှတ်သားရသဖြင့် အနည်းငယ်ကျယ်ဝန်းနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဤဆောင်းပါး၌ ရှည်လျား ပေများ မဖြစ်စိမ့်သောငှာ ဩဝါဒအချို့ကိုသာ နုတ်ထုတ်၍ တင်ပြပါတော့မည်။

စာပိုဒ်အဖြတ်အတောက် ဝိနိစ္ဆယ

အနေကဇာတင်တဲ့အခါ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ကိုရွတ်ကြတော့-'ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ (နိရုဇ္ဈန္တိ)'လို့ တစ်ဆက်တည်း မရွတ်ကြပါနဲ့ဘုရား။ ဇာတိကြောင့် ဇရာ မရဏဖြစ်တာက မုချအကျိုး၊ သောကပရိဒေဝစတဲ့ တရား များက အကျိုးဆက်။ သည်လိုနှစ်မျိုးကွဲနေတဲ့အတွက် အကျိုး ရင်း, အကျိုးဆက် ကွဲပြားအောင် 'ဇာတိပစ္စယာ ဇရာမရဏ' မှာ စဉ်းငယ်ရပ်၊ ပြီးမှ 'သောကပရိဒေဝ' စသည်ကို ဆက်ဆို ရမှာပါဘုရား။

၁၃၄၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈-ရက်၊ ၈း၃၀- နာရီ အချိန် မိုးမိတ်ကုန်းမြေ မင်းတေဇကုန်းတော်ရှိ ပိဋကတ်စေတီ ထီးတော်တင်အနေကဇာတင်ပွဲ၌ မိန့်ကြား ချက်ဖြစ်ပါသည်။

နာတိမဒ္ဒေ ထ ကတ္တစိ နကဋ္ဌိ ဝိနိစ္ဆယ

တပည့်တော်တို့ မေတ္တသုတ်ထဲမှာ 'ကတ္တစိ နကိဋ္ဌိ' လို့ရှိတတ်ကြတယ်။ 'ကိ' သဒ္ဒါနောင်'အံ' ဝိဘတ်သက်ပြီး ရုပ်စီရင်တဲ့အခါ ပုလ္လိင် ဣတ္ထိလ္လိင်ဖြစ်လျှင် 'ကံ'လို့ ရုပ်ပြီးတယ်။ နပုလ္လိင်ဖြစ်လျှင် 'ကိံ'လို့ရုပ်ပြီးတယ်။ သည် နေရာမှာ အရတူ ဖြစ်တဲ့ 'နပရော ပရံ'မှာ 'ပရော'ဆိုတဲ့ ပုလ္လိင်ကိုထောက်ပြီး ပုလ္လိင် 'ကိ' သဒ္ဒါလို့ တစ်ထစ် ချမှတ်ရပါ့မယ်။ ဒါကြောင့် 'ကတ္တစိ နကံစိ'လို့ ရှိရမှာ ဖြစ်တယ်။အကယ်၍ ဝဂ္ဂန္တပြုခဲ့သော် 'ကတ္တစိ နကဉ္စိ'လို့ ရှိရမှာဖြစ်ပါတယ်'။

(မှတ်ချက်။ သပြေကန်ပရိတ်ကြီးနိဿယသစ်၌ 'နကဉ္စိ'-ဟုရှိပြီး၊အခြားစာအုပ်ငယ်များ၌ 'နကိဉ္စိ'- ဟုရှိသည်)။

၁၃၄၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁-ရက်၊ ညနေ ၄း၃၀-နာရီအချိန် အာစရိယပူဇော်ပွဲ၌တစ်ကြိမ်၊ ၎င်းနှစ် တန်ဆောင်မုန်းလဆန်း ၈-ရက်၊ ညနေ စျေးချို ရွှေဆိုင်တန်းမှခင်းသည့် ကထိန်တရား၌တစ်ကြိမ် မိန့်ကြားချက် ဖြစ်ပါသည်။

ဤသည်တို့ကား ဤအရှင်ထံ၌ လတ်တလော တွေ့ရှိရသော မှတ်တမ်းများကိုအမှီပြု၍ ရေးသားတင်ပြခြင်းအချက်များ ဖြစ်ပါ၏။ ဆောင်းပါးရေးအံ့ဆို၍ နောက်ထပ်တွေ့ရှိချက်များကို နောက်နောက်အမှတ်တရ စာအုပ်များ၌သာ ဆက်လက်မျှော်တော်မူကြပါရန် မေတ္တာရပ်ခံအပ်ပါ၏။

ဤဆောင်းပါးကိုနိဂုံးမချုပ်မီ ဆရာတော်ကြီး တပည့်များ(ဤအရှင်၏ညီဖွားများ) ဖြစ်ကြသည့် တိပိဋကဓရဆရာတော်တို့အား အနည်းငယ် အကြံပြုလျှောက်ထားလိုပါသေး၏။ ခွင့်ပြုတော်မူကြစေခလို။

လက်ရှိအနေအထားကိုသုံးသပ်ရသော် သတင်းမီဒီယာနှင့် အနုပညာနယ်ပယ်၌ ဆရာတော်ကြီးနှင့် တိ-နိ၏ အခန်းကဏ္ဍများ (မြန်မာ့ရုပ်မြင်သံကြားမှ ဆရာတော်ဘုရားကြီး၏ မေတ္တာပို့အစီအစဉ်လေး ပြပေးနေသေးသည်မှအပ) တစ်စတစ်စ မှုန်ဝါးမှေးမှိန်လျက် ရှိလာနေသည်ကို သတိပြုမိပါ၏။ မှုန်ဝါးခြင်း, မှေးမှိန်ခြင်း၏ နောက်တစ်ဆင့်သည် ပျောက်ကွယ်ခြင်း ဖြစ်လိမ့်မည်ထင်ပါ၏။

အိုင်တီနည်းပညာခေတ်နှင့်အညီ တိ-နိ အဝန်းအဝိုင်း အတွင်းမှ တိပိဋကဓရဆရာတော်များ၊ သက်ဆိုင်ရာ တိ-နိ သံဃာတော်များ၊ တိ-နိအမှုဆောင်များ၏ သာသနာရေးဆိုင်ရာလှုပ်ရှားမှုလေးများ၊ (ဥပမာ-တစ်ချိန်က တိ-နိ အနုပညာရှင်များ၏ လှုပ်ရှားမှုကဲ့သို့)ကို သတင်းဂျာနယ် ရုပ်သံရေဒီယိုများမှတစ်ဆင့် စဉ်ဆက် မပြတ် စောင့်ကြည့်လိုသော တိ-နိအမာခံ ဒကာဒကာမများ နိုင်ငံအနှံ့အပြား၌ရှိနေကြသည်ကို မျက်ခြည်မပြတ်သင့်ပါ။ သတင်းဆက်သွယ်ရေးလုပ်ငန်း (ပြန်ကြားရေးလုပ်ငန်း)နှင့် စည်းရုံးဆော်ဩမှုအပိုင်းများ ယခင်ကအတိုင်း ပြန်လည် အားဖြည့်၍ ဆောင်ရွက်မည်ဆိုသော် တိ-နိ၏အခန်းကဏ္ဍ ပြန်လည်သက်ဝင်လှုပ်ရှားလျက် တိုင်းပြည်၏ရှေ့ဆောင် ဘာသာရေးအသင်းအဖွဲ့ကြီးအဖြစ် ပြန်လည်ဦးမော့လာနိုင်မည် ဖြစ်ပါကြောင်း အကြံပြုတင်ပြလျှောက်ထား အပ်ပါသည်။

ထို့ပြင် ဒုတိယမြောက်အကြံပြုတင်ပြလိုသေးသည်မှာ လယ်တီမူဝိပဿနာအသင်းအဖွဲ့များ၊ လယ်တီမဟာသရဏဂုံတော်ကြီးအဖွဲ့များ၏ စဉ်ဆက်မပြတ်လှုပ်ရှားမှုများကြောင့် 'လယ်တီဆရာတော်'ဟူသောအသံသည် ယနေ့တိုင် မပျောက်မပျက် မြည်ဟိန်းလျက်ရှိသည်မှာ နမူနာယူဖွယ်ဖြစ်ပါသည်။

အရှင်တို့ တပည့်တော်တို့၏ကျေးဇူးတော်ရှင် တိပိဋကဓရဆရာတော်ကြီး၏ ခြောက်တွဲရှစ်အုပ်ရှိသည့် ဗုဒ္ဓဝင်ကျမ်း စာအုပ်ကြီးများသည် အကျယ်ပြန့်ဆုံး,အခိုင်ခံ့ဆုံး, အကောင်းဆုံးကျမ်းစာအုပ်ကြီးများဖြစ်သည်မှာ မှန်ပါ၏။ သို့သော် ရဟန်းတော်များနှင့် စာပေပညာရှင်များအတွက် အလွန်အသုံးတည့်သော်ငြား ဗုဒ္ဓဘာသာဝင် အများစုကြီးအတွက်ကား ကျမ်းအိပ်ကြီးများအဖြစ် သာရှိနေကြပါသည်။

ယင်းကျမ်းအိပ်ကြီးများ အသက်ဝင်လာစေရန် စဉ်းစားသင့်သည်ဟု ထင်ပါ၏။ ဤအရှင်၏ဆန္ဒကိုတင်ပြရသော် ထိုကျမ်းကြီးများကို မူရင်းမပျက် အနှစ်ချုပ်နုတ်ထုတ်ပြီးလျှင် အဆင့်သုံးဆင့်ခွဲ၍ ပြဋ္ဌာန်းကျမ်းစာအုပ်သုံးအုပ် ရိုက်နှိပ်စေကာ တိပိဋကဓရ ဗုဒ္ဓဝင်စာမေးပွဲများကို တစ်ပြည်လုံးအနှံ့ ကျင်းပပေးရသော် ရဟန်းရှင်လူမည်သူမဆို ဖြေဆိုခွင့်ပြုခြင်းအားဖြင့် အိပ်ပျော်နေသောကျမ်းကြီးများ နိုးထရှင်သန်လာလိမ့်မည်ဟု ထင်မြင်မိပါ၏။

ဤကိစ္စဖြစ်မြောက်စေရန် တိ-နိတိပိဋကဓရ ဆရာတော်များကဦးဆောင်ခဲ့သော် မုချအောင်မြင်လိမ့်မည်ဟုလည်း ယူဆယုံကြည်မိပါ၏။ တိပိဋကဓရညီဖွားများ ယနေ့သာသနာတော်၏ မနက်ဖြန်ပေါင်းများစွာကို တောက်ပသောအရောင်များဖြင့် လှလှပပလိမ်းခြယ်ပေးနိုင်ကြပါစေဟု ဆန္ဒပြုလျက်. . .။ ။

အရှင်ယုဇန(ရန်အောင်)



မြန်မာ့သာသနာဝင်မှ
ပညာရှိသူတော်ကောင်းကြီးများ
အညတရဓမ္မဝါဒီ

မြန်မာ့သာသနာဝင်တွင် အထင်ကရပညာရှိသူတော်ကောင်းကြီးများ ပေါ်ထွန်းခဲ့ပါသည်။ ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ကြီးသည် ထိုပေါ်ထွန်းခဲ့သော ပညာရှိသူတော်ကောင်းများမှ အထင်ကရပုဂ္ဂိုလ်မြတ်တစ်ဆူ ဖြစ်သည်ဟုဆိုလျှင် ကြောင်းကျိုးပြည့်စုံနိုင်လုံသဖြင့် အပြစ်မရောက် ဂုဏ်မြောက်ပါသည်။

လေးလေးနက်နက်တွေး၍ မှတ်မှတ်သားသားပြောကြားတတ်သူ မိတ်ဆွေဆရာတော်တစ်ပါးက လယ်တီဆရာတော်ကြီး၊ မန်လည်ဆရာတော်ကြီး အစရှိသော ဆရာတော်ကြီးတို့အား ဂုဏ်နှင့် ဂုဏောဟပ်အောင် 'မြန်မာဘုရားကြီးများ'ဟုဆိုသင့်ကြောင်း ပြောစကားကို ယခုတိုင် ကောင်းစွာကြားယောင်လျက်ရှိပါသည်။ ထိုထိုဆရာတော်ကြီးများ၏ ကျေးဇူးတော် ဂုဏ်တော်တို့ကြောင့်သိဖို့မလွယ်သိနိုင်ခဲသည့် ဗုဒ္ဓပြတ်စွာသာသနာ၏ အမွေအနှစ်တို့ကို နှောင်းခေတ်သားတို့ ယထာဘူတကျစွာ သိနေကြရသည် မဟုတ်ပါလော။

ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ကြီးသည် ဂုဏ် သိန်အရှိန်အဝါ လွန်စွာကြီးမားလှပါသည်။ သို့သော် အရှိန် အဝါလှိုင်းတံပိုးအမျိုးမျိုးဒဏ်ကို သူတော်ကောင်းအစစ်ဖြစ် တော်မူသည့်အလျောက် တည်တည်တံ့တံ့ ကြံ့ကြံ့ခံနိုင်တော် မူခဲ့ပါသည်။ ဗန္ဓုလသူဌေးဦးဆိုင်က မင်းကွန်းဓမ္မနာဒတွင် ကျောင်းဆောက်မည်ဟု လျှောက်ထားရာ 'ဒကာကြီး၊ ဘုန်းကြီးထံ ကျောင်းဆောက်လျှင် ဘုန်းကြီးတစ်သက်ရှိမှာပေါ့။သာသနာတော် အရှည်ကျေးဇူးများအောင် မန္တလေးမြို့ရှိ ရွှေရေးဆောင်အလယ်တိုက်ကြီးကို အသစ်ပြန်ဆောက်ပါ'ဟု အမိန့်ရှိကြောင်း တစ်ဆင့်စကားကြားသိရဖူးပါသည်။

မန္တလေးမြို့တွင် ထိုခေတ်ထိုအခါက စာလိုက်သံဃာများပြားလှ၍ အသံချဲ့စက်ဖြင့်စာချရသောဆရာတော်မှာ ရွှေရေးဆောင်ဆရာတော်ကြီးတစ်ပါးသာရှိပါသည်။ ရွှေရေးဆောင်ဆရာတော်ကြီးအထံ စာဝါလိုက်ရင်း သာသနာဝင်ဆရာစဉ်ဆက် မှတ်သားဖွယ် စံပြဖွယ်များ ကြားနာရသည်မှာ လွန်စွာကြည်နူးစရာပါတည်း။

မစိုးရိမ်ဆရာတော်ကြီး၏ အန္တိမစျာပနကျင်းပစဉ်က မင်းကွန်းဆရာတော်ကြီး ကိုယ်တွေ့ကြုံမိန့်မြွက်ခဲ့သော ကျင့်ထုံးဥပဒေသတစ်ရပ်ကို စာရေးသူ၏နှလုံးအိမ်တွင် ယနေ့တိုင် မမေ့နိုင် အခိုင်အမာကိန်းအောင်းလျက်ရှိပါသည်။

မင်းကွန်းဆရာတော်ကြီးသည် မစိုးရိမ်ဆရာတော်ကြီး၏ သူမတူသောမေတ္တာစေတ်ကို ဖော်ညွှန်းပူဇော်ခဲ့ပါသည်။

တစ်ခုသော သီတင်းဝါလကျွတ်ချိန်၌ အစဉ်အလာအရ တိပိဋကဓရဆရာတော်ကြီးသည် မစိုးရိမ်ဆရာတော်ကြီးထံတော်သို့ ပူဇော်ကန်တော့ရောက်ခိုက် မစိုးရိမ်ဆရာ တော်ကြီးက-

'ဦးဝိစိတ္တ၊ အရှင်ဘုရားတို့သီတင်းသုံးတဲ့ မင်းကွန်းတောင်ရိုးတွင် မည်သည့်ချောင်က မည်သည့်ဆရာတော်ထံ ကန်တော့ရောက်ရဲ့လား'ဟုအမိန့်ရှိရာ မင်းကွန်းဆရာတော်က 'အဆက်အစပ်နည်း၍မရောက်ပါကြောင်း' ပြန်လည်လျှောက်သည်။ ထိုအခါ မစိုးရိမ်ဆရာတော်ကြီးက 'ဦးဝိစိတ္တ၊ တပည့်တော်က တိုက်တွန်းပါတယ်၊ ထိုဆရာတော်အထံလည်း သွားရောက်ကန်တော့လိုက်ပါ'ဟု အမိန့်ရှိသဖြင့် ထိုဆရာတော်အထံ နှစ်စဉ်သွားရောက်ကန်တော့ခဲ့ပါသည်။

ကန်တော့ခံဆရာတော်သည် သုံးကြိမ်မြောက်ကန်တော့ရောက်သည့်တိုင် တိပိဋကဓရဆရာတော့်အပေါ် အမြင်ကြည်ဟန်မတူ၊ တိပိဋကဓရဆရာတော်အား အမနာပစကားပြောကြားလျက်ပင်ရှိကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိနေရပါသည်။ သို့ဖြစ်သည့်တိုင် တိပိဋကဓရဆရာတော်သည် မစိုးရိမ်ဆရာတော်ကြီး၏ ဩဝါဒအမှာစကားကို ဦးထိပ်ထားပန်ဆင်လျက် မတွန့်မဆုတ် ကန်တော့မှုအလုပ်ကို ဆက်လက်အားထုတ်ခဲ့ပါသည်။

ထိုဆရာတော်အထံ လေးနှစ်မြောက်ကန်တော့ရောက်သည့်အခါ တရားတော်၏သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်များ မိမိအာရုံတွင် ထင်ထင်ရှားရှားသက်ဝင်သောအားဖြင့် ယုံမှားကင်းပျောက် သဘောပေါက်တော့သည်။ ကန်တော့ခံဆရာတော်အထံ ရောက်လျှင်ရောက်ချင်း ထိုဆရာတော်က 'ဦးဝိစိတ္တ၊ အရှင်ဘုရားကမကန်တော့မီ တပည့်တော်ဝန်ချပါရစေ။ အရှင်ဘုရားအပေါ် တပည့်တော်၏ အထင်လွဲမှားအပြစ်များတင်ရှိနေပါသည်။ ထိုအပြစ်များကို တပည့်တော်ဝန်ချပါသည်၊ ခွင့်လွှတ်ပေးပါ'ဟု တောင်းပန်စကားပြောကြားပါတော့သည်။

ဤသည်တို့မှာ မစိုးရိမ်ဆရာတော်ကြီး၏ အံ့ဩမကုန်အံ့ဖွယ်ဖုံဖုံ မေတ္တာဂုဏ်၏ အဟုန်ကြီးမားသည့် စွမ်းပကားများဖြစ်ပါကြောင်း လျှောက်ထားတင်ပြ ပူဇော်ခဲ့ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ စွမ်းရည်ဖုံဖုံ ကျေးဇူးဂုဏ် အရပ်ရပ်ကို ရှင်ရော, လူပါ အလေးအမြတ် အသိအမှတ် ပြုခဲ့ကြပါသည်။ ယခုလည်းပြုလျက်ပါ။ နောင်လည်းပြုနေ ကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ဆဋ္ဌသင်္ဂါယနာမဟာသဘင် အောင်ပွဲဆင်စဉ်အခါက ကြုံရသည့် မှတ်ဖွယ်ဖြစ်ရပ်တစ်ခုရှိခဲ့ဖူးပါသည်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ထားမှုကိုအကြောင်းပြု၍ ဆဋ္ဌသင်္ဂါယနာကျင်းပရာ ဘူမိနက်သန် ကုန်းမြေကို အမှတ်တရအမည်ပေးရန် သင်္ဂါယနာ ဝန်ဆောင်ဆရာတော်ကြီးများ အစည်းအဝေး ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးတွင် ဝန်ဆောင်ဆရာတော်ကြီး တစ်ပါးက 'မိဂဒါဝုန်ကုန်းမြေ'ဟု အမည်ပေးသင့်ကြောင်း အဆိုပြုလာပါသည်။ ထိုအချိန်က သက်တော် ၄၀-ဝန်းကျင် အရွယ်မျှရှိသေးသောဝန်ဆောင်အဖွဲ့ဝင် မင်းကွန်းဆရာတော် က'ဆရာတော်ကြီးများဘုရား၊ အနေအထားအရ မိဂဒါဝုန် အမည်သည် ကုံလုံပြည့်စုံမှုရှိပါ့မလား'ဟု တင်ပြ လျှောက်ထားရာ၊ အဖွဲ့ဝင်ဆရာတော်တစ်ပါးက 'တိပိဋကဓရ ဆရာတော်၊ 'မိဂ' သဒ္ဒါ 'သမင်'အနက်မျှမက အခြားအနက် များကိုလည်း ဟောနိုင်တာပဲမဟုတ်ပါလား'ဟု မိဂဒါဝုန် အဆိုဘက်မှ ထောက်ခံ တင်ပြလာပါသည်။

ထိုအခါ မင်းကွန်းဆရာတော်က ဝန်ဆောင် ဆရာတော်ကြီးများကိုလက်အုပ်ချီမိုးလျက် 'ဆရာတော်ကြီး များဘုရား၊ မိဂဒါဝုန်အမည်ဖြင့် ဘေးမဲ့ကုန်းမြေအမည် ပေးပါက ငှက်များအတွက် ဘေးမဲ့ပေးရာတွင် မပါဝင်ခြင်း ကြောင့် မိဂဒါဝုန် အမည်သည် အနေအထားအရ ကုံလုံ ပြည့်စုံသည့် အမည်မဖြစ်ပါဘုရား'ဟု ဆွေးနွေးတင်ပြ လျှောက်ထားရာ အဖွဲ့ဝင် သံဃာတော်များအားလုံးက ကြည်ကြည်ဖြူဖြူ လက်ခံတော်မူကြပါသည်။

တုန့်ရှိုင်းမရ ဆဋ္ဌသင်္ဂါယနာမဟာကုသိုလ်အဟုန် ကျေးဇူးဂုဏ်ကြောင့် ထိုစဉ်အခါက ကမ္ဘာသူကမ္ဘာသား အများ နှလုံးစိတ်ဝမ်းမငြိမ်းချမ်း စိုးရိမ်ထိတ်လန့်နေရသော အနုမြူတတိယကမ္ဘာစစ်မီးကြီးအန္တရာယ် ကွယ်ပပါစေသော ဟူသည့်ဗျူပွတ်အကြောင်း နိမိတ်ကောင်းဖြင့် 'ကမ္ဘာအေး ကုန်းမြေ'ဟု ကျက်သရေမင်္ဂလာ အမည်နာမပေါ်ထွန်းခဲ့ရ ပါသည်။

သံဃာ့ဂိုဏ်းပေါင်းစုံအကြိုကာလ မင်းကွန်းဆရာတော် ကြီး ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် သီတင်းသုံးတော်မူစဉ်အခါက ဆဋ္ဌသင်္ဂါယနာခေတ်ဦး နီပေါ ရဟန်းတော်တစ်ပါးနှင့် ဆက်စပ်တွေ့ကြုံခဲ့ပုံ အကြောင်းစုံ ကို စာရေးသူအပါအဝင် ဝန်ဆောင်ဆရာတော်အချို့အား အမိန့်ရှိခဲ့ဖူးပါသည်။ ထိုမိန့်ဆိုချက်အရ မျက်မှောက်ခေတ် 'သုဏာတု'ကို 'ဆုနာတု'ဟု ကမ္ဘာသုံးဝေါဟာရအမည်တပ် သည့် ပြောစမှတ် စကားရပ်များနှင့်ပတ်သက်၍ မှတ်သား ဖွယ်အဖြစ်သိခဲ့ရ၏။

ဆရာတော်ကြီးအမိန့်ရှိသည်မှာ ဆဋ္ဌသင်္ဂါယနာခေတ် ဦးကာလ၌ နီပေါရဟန်းတော်တစ်ပါးသည် ပိဋကတ်တော် များကို ပီပြင်ကြည်လင်သောမြန်မာသံဖြင့် ရွတ်ဖတ် သရဇ္ဈာယ်သည်ကို အထူးအဆန်းအဖြစ် တွေ့ကြုံရ၍

အဘိဓဇ မစိုးရိမ်ဆရာတော်ကြီးအနီး၌
ဖူးတွေ့ရသော မင်းကွန်းဆရာတော်ကြီး

နီပေါရဟန်းတော်ကို မင်းကွန်းဆရာတော်ကြီးက 'အရှင် ဘုရား၊ မြန်မာနိုင်ငံတွင် ရှေးကရောက်ဖူး နေဖူးပါသလား' ဟု မာဂဓဘာသာ ပါဠိစကားဖြင့်မေးရာ နီပေါရဟန်းတော် က 'မြန်မာပြည်ကို ရှေးကမရောက်ဖူးပါ၊ အခုမှရောက်ဖူး ပါသည်'ဟု ပါဠိဘာသာ စကားဖြင့်ဖြေဆိုပါသည်။

ထိုအခါ မင်းကွန်းဆရာတော်ကြီးက 'အရှင်ဘုရား၊ နီပေါမှာနေစဉ်က မြန်မာကျမ်းတတ် ရဟန်းတော်တစ်ပါးပါး နှင့် ပိဋကတ်တော်များကို သင်ကြားလေ့လာခဲ့ဖူးပါသလား' ဟု ပါဠိဘာသာဖြင့်မေးပြန်သော် နီပေါရဟန်းတော်က 'ဘုရားတပည့်တော် ယခု ဆဋ္ဌသင်္ဂါယနာကိစ္စကြုံကြိုက်မှ မြန်မာနိုင်ငံကိုရောက်ဖူးပြီး မြန်မာရဟန်းတော်များနှင့် သိကျွမ်းရင်းနှီးရခြင်းဖြစ်ပါသည်'ဟု ပါဠိဘာသာဖြင့် ဖြေဆို ပါသည်။

နီပေါရဟန်းတော်နှင့်စပ်လျဉ်းပြီး ဆရာတော်ကြီး ဆက်လက်မိန့်ကြားတော်မူသည်မှာ 'နီပေါရဟန်းတော်၏ ပြောစကားကိုကြားရတော့ တပည့်တော်လွန်စွာမှ ဝမ်းသာ မိသည် အံ့ဩမိသည်။ နီပေါရဟန်းတော်၏ ပါဠိပိဋကတ် ရွတ်ဆိုသံသည် တပည့်တော်များ မြန်မာလူမျိုးတို့ရွတ်ဆိုသံ နှင့် မခြားနားဘဲထပ်တူဖြစ်သည်။ တပည့်တော်များ ဒီအချက် ကို အခိုင်အမာအထောက်အထားပြု၍ ထိုနေ့ ထိုအချိန်မှစပြီး တို့ဘုရားက နီပေါနိုင်ငံ ကပိလဝတ်ဇာတိဖွား၊ ခု နီပေါရဟန်း တော်၏ပါဠိပိဋကတ်ရွတ်ဖတ်သံသည် ဘုရားအလိုကျ ဘုရား အသံတော်နှင့် ဇကန်တူညီမည်သာဖြစ်ကြောင်း တထစ်ချ ဆုံးဖြတ်လိုက်တော့တာပဲ'ဟု အားပါးတရ အမိန့်တော်ရှိသည် ကို ယနေ့တိုင် မမေ့နိုင်အောင် ကြားယောင်လျက်ရှိတော့ သည်။

မင်းကွန်းဆရာတော်ကြီး၏ ဗုဒ္ဓသာသနာတော်ရေးရာ ခံယူချက်သည် ဇကာယနော မဂ္ဂေါ မသွေမပြောင်း တစ်ကြောင်းတည်းသောလမ်းကိုသာ လျှောက်လှမ်းတော်မူလေ့ရှိပါသည်။ ထိုအချက်နှင့်စပ်လျဉ်းသော ဖြစ်ရပ်တစ်ခုကို ဆရာတော်ကြီးကိုယ်တိုင် အမိန့်ရှိဖူး၍ တိုက်ရိုက်ကြားနာခဲ့ရသည်ကို ပြန်လည်အောက်မေ့လျှင် မနေ့တစ်နေ့က အဖြစ်လို ကြည်ကြည်နူးနူး ခံစားရပါသည်။

အချိန်မှာ သံဃာ့ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး အောင်မြင်၍ သံဃာ့အဖွဲ့အစည်းအသီးသီးပေါ်ပေါက်ပြီး အရှိန်အဟုန်ရစကာလမှာဖြစ်ပါ၏။ မင်းကွန်းဆရာတော်ကြီးသည် မိမိအတွေ့အကြုံအမြော်အမြင်ကိုအခြေခံ၍ တိပိဋက စာမေးပွဲစည်းမျဉ်းကို အချိန်အခါအခြေအနေနှင့် လျော်အောင် မွမ်းမံဖြည့်စွက်သတ်မှတ်ပြင်ဆင်ချက်တို့ဖြင့် အတည်ပြုခဲ့ပါသည်။

စည်းမျဉ်းသစ်အရ ထူးခြားချက်တစ်ရပ်မှာ တိပိဋက စာမေးပွဲကြီးတွင် ရှေးယခင်က ဝိနည်းငါးကျမ်း ပိဋကတ်တော်ကို နှစ်ခြင်းပေါက် တစ်ကြိမ်တည်း တစ်ပြိုင်နက်ပြန်ဆိုကြရပါသည်။ လွန်စွလွန်စွာ ခက်ခဲနက်နဲလှ၏။ ကျမ်းစာအုပ်အနေအားဖြင့် ငါးအုပ်မျှရှိ၍ ဆဋ္ဌမူဆိုက်ကြီးစာမျက်နှာအရေအတွက်အားဖြင့် ၂၂၀၀-ကျော်ရှိသည်။ သာမန်ပုဂ္ဂိုလ်မည်သူပင်ဖြစ်စေ စွမ်းဆောင်နိုင်ဖို့ဆိုသည်မှာ 'တောင်ကြီးဖြိုမည့်ကြံ ခါးကမသန်' ဆိုစကားပမာ စိတ်ရှိသော်ငြား စွမ်းအားမသန် အားမာန်မမျှဖြစ်ခဲ့ရပါသည်။

ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ကြီး၏ အမြော်အမြင် အကြံပြုချက်အရ တိပိဋကဓရစာမေးပွဲကြီးကို ဖြေဆိုရာ၌ ဝိနည်းပိဋကတ်ငါးကျမ်းကို အဦးအစဖြေဆိုအောင်မြင်ပြီးမှ ကျန်ပိဋကတ်တော်များကို ပြန်ဆိုရန်နှင့်၊ ဝိနည်းပိဋကတ်တော်ကို ပြန်ဆိုကြရာမှာလည်း ရှေးကလို အတားအဆီး ဝန်ထုပ်မကြီးအောင် ရှေ့ပိုင်း ပါရာဇိက၊ ပါစိတ်နှစ်ကျမ်းကို ဥဘတောဝိဘင်း၊ နောက်ပိုင်း မဟာဝါ၊ စူဠဝါ၊ ပရိဝါသုံးကျမ်းကို ခန္ဓက-ဟု နှစ်ပိုင်းခွဲခြား သတ်မှတ်ထားသည်။ အတည်ဖြစ်လာသော တိပိဋကဓရ စာမေးပွဲ စည်းမျဉ်းသစ်အရ ဝိနည်းပိဋကတ် ရှေ့ပိုင်းအောင် သာသနာ့အာဇာနည်လောင်းလျာများ များစွာပေါ်ထွန်းလာခဲ့သည်။

ထိုအာဇာနည်လောင်းလျာများကို ကျင်းပမည့် တိပိဋက ဓရပူဇော်ပွဲကြီးသို့ပင့်ရန်၊ မပင့်ရန်ပြဿနာ ပေါ်ပေါက်ခဲ့ရာ ယင်းပြဿနာသည် ထိုစဉ်က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး၏အကျိုးတော်ဆောင်ချုပ် မင်းကွန်းဆရာတော်ကြီးအထံ ရောက်လာတော့သည်။

တိပိဋကဓရပူဇော်ပွဲကြီးသို့ ပင့်ရန်၊ မပင့်ရန် ပြဿနာ ရင်းမြစ်အခြေခံမှာ သက်ဆိုင်ရာစာမေးပွဲဌာန၏ ပုဂ္ဂိုလ်တစ်ဦးနှင့်မကင်းသော ဆရာတော်အနည်းငယ်နှင့် သက်ဆိုင်နေပါသည်။ ထိုပြဿနာကိုအရင်းခံ၍ မင်းကွန်းဆရာတော်ကြီးက ဖော်ပြပါသက်ဆိုင်သူတို့နှင့် စကားဆိုရသောအဆင့် ရောက်ခဲ့ပါသည်။

မင်းကွန်းဆရာတော်ကြီးက သက်ဆိုင်သူများကိုခေါ်၍ 'ဝိနည်းပိဋကရှေ့ပိုင်းအောင်အရှင်များကို ကျင်းပမည့်တိပိဋကဓရပူဇော်ပွဲသို့ ပင့်မှာလား မပင့်ဘူးလား'ဟု အမိန့်ရှိပါသည်။ ထိုအခါ သက်ဆိုင်သူက 'မပင့်ပါဘုရား' ဖြေဆိုသည်။ မင်းကွန်းဆရာတော်ကြီးက 'ဘာကြောင့် မပင့်နိုင်တာလဲ'ဟု ထပ်ဆင့်မေးတော်မူပါသည်။ သက်ဆိုင်သူက 'စည်းမျဉ်းစည်းကမ်းအရ မပင့်နိုင်တာဖြစ်ပါကြောင်း' ဖြေကြားလျှောက်ထားပါသည်။

ဆရာတော်ကြီးက 'မနှစ်ပူဇော်ပွဲတုန်းက ဝိနည်းရှေ့ပိုင်းအောင် အရှင်များကို ပင့်သည်မဟုတ်လော'ဟု အမိန့်ရှိသော် သက်ဆိုင်သူက 'ဆရာတော်ကြီးအားနာလို့ တပည့်တော်များပင့်ရတာပါဘုရား'ဟု လျှောက်ထားလေရာ ဆရာတော်ကြီးက 'မနှစ်ကပူဇော်ပွဲပင့်တာ ကျုပ်အားနာလို့'ဟု မိန့်တော်မူလျှင် သက်ဆိုင်သူသည် ကြိုတင်ပြင်ဆင်ခဲ့ဟန်ရှိ၏။ မိမိနှင့် တစ်ပါတည်းယူဆောင်လာသော တိပိဋကစည်းမျဉ်း စာအုပ်မှ ဆိုင်ရာအပိုဒ်ကိုဖွင့်၍ ဆရာတော်ကြီးအား ပြပါသည်။

ဆရာတော်ကြီးက သက်ဆိုင်သူကို ထိုအပိုဒ်ကိုဖတ်စေပါသည်။ အပိုဒ်၌ဆိုထားသည်မှာ 'ဝိနည်းပိဋကရှေ့ပိုင်းအောင် အရှင်များကို အောင်လက်မှတ်ကိုသာ ဆက်ကပ်ရမည်'ဟု ဖြစ်၏။ ထိုသူက ထိုအပိုဒ်လာစည်းမျဉ်းအရ 'ဝိနည်းပိဋကရှေ့ပိုင်းအောင်အရှင်များကို ပူဇော်ပွဲသို့မပင့်ရန်ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း' ဦးခေါင်းကိုမော့၍ လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ကြီးက အဆိုပါစည်းမျဉ်းအပိုဒ်ကို ထပ်ပြီးဖတ်စေပါသည်။ 'ဝိနည်းပိဋကရှေ့ပိုင်းအောင် အရှင်များကို အောင်လက်မှတ်ကိုသာ ဆက်ကပ်ရမည်'ဟုဆက်ဖတ်ပါသည်။ ဆရာတော်ကြီးက 'ဒကာကြီး၊ ထိုအပိုဒ်၌ 'သာ' သဒ္ဒါကို အထူးပြု၍ဆိုထားသည်မဟုတ်လား။ ဒကာကြီးလည်း သာမန်အနည်ညာတပုဂ္ဂိုလ်မှမဟုတ်တာ၊ သ-စ-အ မဓ္ဓာစရိယ ဘွဲ့ထူးဂုဏ်ထူးကြီးများရထားရုံမက နိုင်ငံသိစာပေလောကမှ



စာရေးဆရာကြီးတစ်ယောက်လည်း ဖြစ်သည်။ မြန်မာမှု 'သာ' သဒ္ဒါဆိုတာ ပါဠိ 'ဧဝ'သဒ္ဒါ၏ ကိုယ်ပွားဖြစ်သည်။ ပိဋကတော်၌ 'ဧဝ'သဒ္ဒါနှင့် ဆက်နွယ်လာလျှင် အချို့နေရာများ၌ ယူရမည့်အနက် ဂဟေတဗ္ဗတ္ထ၊ မြစ်အပ်သောအနက် နိဝတ္တေ တဗ္ဗတ္ထ၊ ခွင့်ပြုအနက် အနုညာတတ္ထသဘောကို စိစစ်ဝေဖန်လေ့ရှိသည်။ ဒီစာသွားစာလာနည်းများကို ဒကာကြီး သိပြီးသားပဲ'။

ဆရာတော်ကြီးက ဆက်လက်၍ 'ဒကာကြီး၊ စည်းမျဉ်းအရ အောင်လက်မှတ်ကိုသာ-ဟူရာ၌ ပါဠိမှ 'ဧဝ'ကိုယ်ပွား 'သာ'သဒ္ဒါ၏အနက်သုံးမျိုးကို စိစစ်ရာ၏။ ဤ၌ ယူရမည့်အနက် ဂဟေတဗ္ဗတ္ထသည် အဘယ်နည်း၊ အောင်လက်မှတ် မဟုတ်လော'ဟု ဆရာတော်ကြီးက ပြောလျှင် သက်ဆိုင်သူက 'ဟုတ်ပါကြောင်း' ဝန်ခံလျှောက်ထားပါသည်။ ဆက်၍ ဆရာတော်ကြီးက 'မြစ်အပ်သည့်အနက် နိဝတ္တေတဗ္ဗတ္ထကို ရှာကြစို့' ဟုအမိန့်ရှိပြီး၊ 'ဤ၌ မြစ်အပ်သည့်အနက် နိဝတ္တေတဗ္ဗတ္ထမှာ 'ဘွဲ့တံဆိပ်'သာ ဖြစ်သည်။ ရှေ့ပိုင်းအောင်ရုံဖြင့် ဘွဲ့တံဆိပ်တော်မပေးရဟု ဆိုလိုသည်။

'ဒကာကြီး၊ ဤအရာ၌'ဧဝ'အနက်သုံးမျိုးစလုံး ရကောင်း သည်။ ခွင့်ပြုအနက် အနုညာတတ္ထသည် အဘယ်နည်း၊ ကျင်းပမည့် တိပိဋကပူဇော်ပွဲကြီးသို့ ပင့်ရမည် ဟူသောအနက် ဧကန်သက်ရောက်သည်။ ဒကာကြီး ရည်ညွှန်းသော အပိုဒ် စည်းမျဉ်းအရ 'တိပိဋကပူဇော်ပွဲကြီးသို့ မပင့်ရ'ဟူသည့် အနက်သဘောသက်ရောက်သော စကားရပ်ကို ဘုန်းကြီးများ တစိုးတစိမျှ တွေးတောစဉ်းစား၍ မရပါလေ'ဟု အမိန့်ရှိတော်မူပါသည်။

'ဤအရာ၌ ဘုန်းကြီး ဓမ္မဓိဋ္ဌာန်ကျ မေတ္တာရှေ့ထား ပြောကြားလိုသည်မှာ ဗုဒ္ဓသာသနာတော်အရေးနှင့် စပ်လျဉ်း၍ ကုသိုလ်ကံအကြောင်းအခွင့်သာသောအလျောက် လုပ်ပိုင်ခွင့် ဆောင်ရွက်ခွင့်ရနေခြင်းဖြစ်သည်။ ဓမ္မလမ်းကြောင်းအတိုင်း မတိမ်းမစောင်း ကျိုးကြောင်းမှန်စွာ ဆောင်ရွက်ကြပါ။ ဓမ္မလမ်းကြောင်းမှ မသွေမဖည် ဆောင်ရွက်သောအလျောက် 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ' ဒေသနာတော်အရ တရားတော်၏အစောင့်အရှောက်ကို ဧကန်ရမည်သာဖြစ်၏။ ဗျတိရိက်အပြန်သဘောအရ ဓမ္မလမ်းကြောင်းမှသွေဖည်၍ အဓမ္မလမ်းကြောင်းသို့ တိမ်းစောင်းသွားလျှင် တရားတော်၏စောင့်ရှောက်မှုကို ရတော့မည်မဟုတ်ကြောင်း၊ ရနိုင်တော့မည်မဟုတ်ကြောင်း သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ ကြိုးပမ်းအားထုတ်လေ' ဟု မေတ္တာရှေ့ထား ပြောကြားတော်မူခဲ့ပါသည်။

စာရေးသူမှာ ကိုယ့်ကိုယ်ကို ကျေနပ်နေသောအချက်တစ်ရပ်ရှိပါသည်။ ဘဝတစ်လျှောက် ဆရာကောင်းများနှင့် ကြုံကြိုက်ဆည်းကပ်ခွင့်ရခြင်းအကြောင်းပင်ဖြစ်သည်။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီးသည် စာရေးသူအပေါ် ကြားသိသူများ အံ့သြဘနန်း ဝမ်းပမ်းတသာဖြစ်လောက်အောင် ထူးထူးခြားခြား ချီးမြှောက်မှုများရှိတော်မူခဲ့ပါသည်။ ထိုအချက်များကိုဖော်ပြနေလျှင် အတ္တုက္ကံသနသဘော စောကြောဖွယ်ဖြစ်မည်မို့ နောက်တစ်ကြောင်းမှာ ကြုံတောင့်ကြုံခဲရာပြည့်ပူဇော်ပွဲကြီးတွင် ပုဂ္ဂလိကအရေး အလေးမပေးသင့်ဟု ယူဆ၍ ထိုအကြောင်းခြင်းရာများကို မဖော်ပြတော့ဘဲ ဒုလ္လဘော ပုရိသာ ဇညော- သဘောအရ ယောကျ်ားဇာနည် မဟာထေရ်အရှင်မြတ်ကြီးကို ဦးထိပ်ရွက်ပန် အဖန်ဖန်ပူဇော်လျက်ဖြင့် 'မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့်အစားထိုးအံ့'ဟု သမိုင်းဌာနက ဥပဒေသအနေ ဆိုတုံခြေလည်း မျက်မှောက်မြန်မာ့သာသနာဝင်တွင် ခုရောနောင်ပါ အစားထိုး၍မရနိုင်သော ပညာရှိသူတော်ကောင်းကြီးပါတကား။ ။

အစဉ်ဦးခိုက် ဦးတိုက်လျက်

အညတရဓမ္မဝါဒီ

နည်းပေးညွှန်ပြ ဆုံးမရာဝယ် စံပြုရသည့်
မင်းကွန်းဆရာတော်ကြီး
အရှင်ဉာဏသာမိ (နတ်မောက်)

နှလုံးသားဝယ် သာနေဆဲလမင်းကြီး

ယခုဆိုလျှင် ၁၃၇၃ - ခုနှစ်သို့ပင် ရောက်ခဲ့လေပြီ။ တန်ဆောင်မုန်းလတွင်ကား ကျေးဇူးရှင် မင်းကွန်းတိပိဋကရဆရာတော်ကြီး၏ သက်တော်ရာပြည့်ကာလ ရောက်ပေတော့မည်။ ဘာလိုလိုနှင့် ဆရာတော်ကြီးတစ်ဘဝ ခန္ဓာဇာတ်သိမ်းတော်မူခဲ့တာပင် ၁၈-နှစ် ကျော်လာပါပြီကော။ ဩော်. . . လောကအသုံးစကားတစ်ခုရှိပါ၏။ 'ပျောက်သောသူ ရှာလျှင်တွေ့-သေသောသူ ကြာလျှင်မေ့' သတဲ့။

သို့သော် ဆရာတော်ကြီးကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ခွင့်ရခဲ့ကြသူများ၊ ဆရာတော်၏ တရားဓမ္မဟောပြောသည့်အသံတော်ကို နာကြားရသူများ၊ ဆရာတော်၏ မေတ္တာတော်အအေးဓာတ်ကို ခံစားခဲ့ရသူများ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း မှန်သမျှကို ပါရမီဖြည့်ကာ ပါဝင်လှူဒါန်းခွင့်ရခဲ့ကြသူများအဖို့မှာ ဆရာတော်ကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ခန္တီ, မေတ္တာ, ကရုဏာဂုဏ်တော်တွေ သာသနာပြုဂုဏ်တော်တွေကို အာရုံပြုရင်း ပြုရင်းကပင် ကြည်ညိုလို့မဝ ပူဇော်လို့မဆုံး မေ့ပျောက်လို့လည်းမသွား တပည့်သာဝကတို့၏ နှလုံးသားထဲဝယ် ဆရာတော်တည်းဟူသော လမင်းကြီး၏အေးမြသောဂုဏ်တော် ရောင်ခြည်ဓာတ်တွေဟာ ထိန်ထိန်သာလို့ နေဦးမှာကတော့ အမှန်ပင် ဖြစ်ပါပေသည်။

နည်းပေးညွှန်ပြ အနုစ်သာရ

စာရေးသူသည် မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက- နိကာယကျောင်းတိုက်၌ နေထိုင်သီတင်းသုံး၍ ဆရာတော်ကြီး၏ မေတ္တာအေးရိပ်ကိုခိုလှုံကာ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲနိကာယ်စာမေးပွဲများကို ဝင်ရောက်ပြီး ပြန်ဆိုခဲ့ ဖြေဆိုခဲ့ပါ၏။

ဆရာတော်၏ ပစ္စည်းလေးဖြာဖြင့် ချီးမြှောက်မှုကိုလည်း ခံစားခဲ့ရပါ၏။ ဆရာတော်ကြီး နည်းပေးညွှန်ပြ ဆိုဆုံးမသော ဩဝါဒမျိုးစုံကိုလည်း နာယူမှတ်သားခွင့်ရခဲ့ပါ၏။ဆရာတော်ကြီး၏ အေးမြသောမေတ္တာဓာတ်တော်ကိုလည်း အပြည့်အဝခံစားခွင့် ရခဲ့ပါ၏။

ထိုသို့ ဆရာတော်ကြီး နည်းပေးညွှန်ပြတော်မူခဲ့သော ဩဝါဒများစွာရှိသည့်အနက်က ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလ ပြည့်ကျော် ၁-ရက်၊ မွန်းတည့် ၁၂-နာရီ အချိန်မှာ ပေးတော်မူခဲ့သော ဩဝါဒကို တင်ပြလိုပါ၏။

ထိုနေ့က ဆရာတော်ကြီးသည် တိ-နိစာသင်သားသံဃာတော်များကို နိကာယသောဘိနီ သိမ်တော်ကြီးအတွင်း၌ စုဝေးစေ၍ ဝါဆိုအကြို ဩဝါဒပေးတော်မူရာတွင် ဒွန္ဒဥပသမ္ပဒ-ရဟန်းလောင်းနှစ်ပါး, သုံးပါးတွဲ၍ ရဟန်းခံရာ၌ သာသနာ့ဝန်ထမ်းရဟန်းတော်များ တိတိကျကျသိထားသင့်သော အချက်အလက်များကို ဝိနည်းမဟာဝါအဋ္ဌကထာကို နည်းမှီ၍ စတုက္ကလေးမျိုးခွဲလျက် အသေးစိတ်ရှင်းလင်းကာ နည်းပေးညွှန်ပြ ဩဝါဒပေးတော်မူခဲ့ပါသည်။

ထိုသို့ ရဟန်းလောင်းနှစ်ပါး, သုံးပါးကို ဒွန်တွဲ၍ ရဟန်းခံရာ၌-

၁။ ဧကုပဇ္ဈာယ ဧကာစရိယ၊

၂။ ဧကုပဇ္ဈာယ နာနာစရိယ၊

၃။ နာနုပဇ္ဈာယ နာနာစရိယ၊

၄။ နာနုပဇ္ဈာယ ဧကာစရိယ-ဟု လေးမျိုးခွဲပြတော်မူပါသည်။

၁။ ဧကုပဇ္ဈာယ ဧကာစရိယ

ဥပဇ္ဈာယ်ဆရာ(အရှင်တိဿ) တစ်ပါးတည်းထား၍ ရဟန်းလောင်း နှစ်ပါး,သုံးပါး (ရှင်နာဂ, ရှင်သီဟ, ရှင်ဒတ္တ) တို့ကို ကမ္မဝါစာဆရာ တစ်ပါးတည်းက ကမ္မဝါစာဖတ်၍ ရဟန်းခံသောနည်း။

တသ္မာ ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုသာဝေတဗ္ဗာ။

၂။ ဧကုပဇ္ဈာယ နာနာစရိယ

ဥပဇ္ဈာယ်ဆရာ(အရှင်တိဿ) တစ်ပါးတည်းထား၍၊ ရဟန်းလောင်းများဖြစ်ကြသော-

(က) ရှင်နာဂကို - ကမ္မဝါစာဆရာ အရှင်ဗုဒ္ဓရက္ခိတ၊

(ခ) ရှင်သီဟကို - ကမ္မဝါစာဆရာ အရှင်ဓမ္မရက္ခိတ၊

(ဂ) ရှင်ဒတ္တကို - ကမ္မဝါစာဆရာ အရှင်သံဃရက္ခိတ-တို့က မိမိ မိမိတို့၏ ရဟန်းလောင်း နာမည်ကို အသီးအသီး သုံးသပ်၍ ကမ္မဝါစာ ဖတ်ကာ ရဟန်းခံသောနည်း။

ဒွိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေဝ ဒွေ တိဿော ဝါ ကမ္မဝါစာ ကာတဗ္ဗာ။

၃။ နာနုပဇ္ဈာယ နာနာစရိယ

ဥပဇ္ဈာယ်ဆရာ နှစ်ပါး,သုံးပါးထား၍ ရဟန်းလောင်း နှစ်ပါး,သုံးပါးကို ကမ္မဝါစာဆရာ နှစ်ပါး,သုံးပါးတို့က မိမိ မိမိတို့၏ ရဟန်းလောင်းအမည်ကို အသီးအသီးသုံးသပ်၍ ကမ္မဝါစာဖတ်ကြား ရဟန်းခံသောနည်း။

(က) ဥပဇ္ဈာယ်-အရှင်တိဿ-ရှင်နာဂ-အရှင်ဗုဒ္ဓရက္ခိတ၊

(ခ) ဥပဇ္ဈာယ်-အရှင်ယသ-ရှင်သီဟ-အရှင်ဓမ္မရက္ခိတ၊

(ဂ) ဥပဇ္ဈာယ်-အရှင်နန္ဒ-ရှင်ဒတ္တ-အရှင်သံဃရက္ခိတ။

သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။

အထက်၌ဖော်ပြခဲ့သော အမှတ်စဉ် ၁, ၂, ၃-ပါနည်းများသည် ကံမြောက်သောနည်း၊ အပ်စပ်သောနည်းများဖြစ်ပါသည်။

၄။ နာနုပဇ္ဈာယ ဧကာစရိယ

ဥပဇ္ဈာယ်ဆရာ နှစ်ပါး,သုံးပါး (အရှင်တိဿ-အရှင်ယသ-အရှင်နန္ဒ)တို့ကိုထား၍ ရဟန်းလောင်း နှစ်ပါး,သုံးပါးကို (ရှင်နာဂ, ရှင်သီဟ, ရှင်ဒတ္တ)တို့ကို ကမ္မဝါစာဆရာတစ်ပါးတည်းက ကမ္မဝါစာဖတ်၍ ရဟန်းခံသောနည်း။

သစေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိ ယော ဟောတိ၊ 'နတွေဝ နာနုပဇ္ဈာယေနာ'တိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ၊ ဣဒံ သန္ဓာယ ဟိ ဧသ ပဋိက္ခေပေါ။

ဝိ၊ဋ္ဌ၊၃။၃၁၅။

ဤနံပါတ်လေးနည်းသည် ကံမမြောက်သော ပအပ်စပ်သောနည်းဖြစ်သည်ဟု ဆရာတော်ကြီးက ကျကျနန ရှင်းပြတော်မူပါသည်။

ဆက်လက်၍ ဆရာတော်ကြီးသည် ရဟန်းပြုခွင့်တောင်းသည့်အခါ နှစ်ကြိမ်, သုံးကြိမ်တောင်းရာ၌ 'ဒုတိယမ္ပိ သံဃံ၊ တတိယမ္ပိ သံဃံ ဘန္တေ၊ ဥပသမ္ပဒံ ယာစာမိ'- စသည်ဖြင့်သာ တောင်းပါ။ 'ဒုတိယမ္ပိ ဘန္တေ သံဃံ၊ တတိယမ္ပိ ဘန္တေ သံဃံ'-ဟု စာအနေအထား မပြောင်းပါနှင့်။ ဒုတိယမ္ပိ, တတိယမ္ပိ ကြောင့် ခိုင်ခံ့သော ပါဠိတော်ကြီးများကို 'ဣန္ဒြေမပျက်စေသင့်' ဟူသော စကားကိုသုံး၍ မိမိနှစ်သက်သဘောကျသောနည်းကို တပည့်များအား နည်းပေးညွှန်ပြတော်မူပါသည်။

သာဓကအားဖြင့်-စူဠဝါပါဠိတော်, သမုစ္စယက္ခန္ဓကတွင် မာနတ်တောင်းရာ၌ 'သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ (ပ) မာနတ္တံ ယာစာမိ။ ဒုတိယမ္ပိ သောဟံ ဘန္တေ၊ တတိယမ္ပိ သောဟံ ဘန္တေ'-ဟုသာ မပြင်ဘဲဆိုရသကဲ့သို့လည်းကောင်း၊ပရိဝတ်တောင်းရာ၌ 'အဟံ ဘန္တေ သမ္ဗဟုလာ သံယာဒိသေသာ အာပတ္တိယော'- စသည်၌ ဒုတိယမ္ပိ, တတိယမ္ပိဝယ် မပြင်ဘဲဆိုသကဲ့သို့ လည်းကောင်း၊ ဒါယကာ ဒါယိကာမများ သီလတောင်းရာ၌ 'အဟံ ဘန္တေ တိသရဏေန သဟ'-စသည်ဖြင့်ဆိုရာဝယ် 'ဒုတိယမ္ပိ ဘန္တေ အဟံ၊ တတိယမ္ပိ ဘန္တေ အဟံ တိသရဏေန သဟ'ဟု မပြင်ဘဲ ဆိုသကဲ့သို့လည်းကောင်း မှတ်ပါ-ဟု အမိန့်ရှိပါသည်။

ထိုမှတစ်ဖန် ဆရာတော်ကြီးသည် သိက္ခာထပ်ရာ၌ ရဟန်းပြုခွင့်တောင်းပုံပါဠိကို ထပ်မံအဆိုခိုင်းရခြင်း အကြောင်းကိုလည်း ဤသို့ဆက်လက်ရှင်းပြတော်မူပါသည်။

ကမ္မဝါစာသား၌ ပါသော 'နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ'၌ 'ယာစတိ'သည် ပစ္စုပ္ပန်ကြိယာဖြစ်၍ 'ယာစတိ' ကြိယာကိုငဲ့က ကမ္မဝါစာဖတ်သောအခါ၌ ပစ္စုပ္ပန်ဖြစ်စေရန် ထပ်မံအဆိုခိုင်းရခြင်းဖြစ်သည်။

ရဟန်းဖြစ်ပြီးသားမို့ ခွင့်တောင်းစရာမလိုပါဟု ဆိုပါက အတိတ်ကာလက ခွင့်တောင်းခဲ့ခြင်းဖြစ်၍ ကမ္မဝါစာ၌ပါသော 'ယာစတိ' ကြိယာကို အတိတ်ကာလ ကြိယာဖြစ်အောင် 'ယာစိ၊ ယာစိသု'ပြင်၍ 'ဥပသမ္ပဒံ ယာစိ၊ ဥပသမ္ပဒံ ယာစိသု'ဟု ဖတ်ရပေတော့မည်။ ထိုသို့မဖြစ်ရလေအောင် ခွင့်တောင်းပါဠိကို ထပ်မံအဆိုခိုင်းရခြင်း ဖြစ်သည်ဟု ရှင်းပြတော်မူပါသည်။

မှတ်ချက်။ ။ထိုသို့ ရဟန်းပြုခွင့်ထပ်မတောင်းသဖြင့် ကံပျက်သည်ဟူ၍ ဆရာတော်ကြီးက လုံးဝအမိန့်မရှိပါ။ ကမ္မဝါစာဖတ်သောအခါ ရှေ့နောက်ညီညွတ်အောင် ပြုလုပ်ရန်ကိုသာ ဆရာတော်ကြီးက ဩဝါဒပေးခြင်း ဖြစ်ပါသည်။

မေတ္တာရှေးရှု ဆုံးမပြု

ဆရာတော်ကြီးသည် တပည့်များကို ဆိုဆုံးမရာ၌ မေတ္တာအပြည့်ပါ၏။ သိမ်မွေ့နူးညံ့စွာ ပညာသားပါပါ ဆုံးမလေ့ ရှိပါ၏။ ကိုယ်တော်တိုင်က 'အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ-အနုမြူမျှလောက်သာရှိသော အပြစ်သေးသေးလေးတို့၌ပင် အပါယ်သို့ကျရောက်စေနိုင်သော ဘေးအန္တရာယ်ဆိုးကြီး'ဟု အမြဲရှုလေ့ရှိသောပုဂ္ဂိုလ်လည်း ဖြစ်တော်မူပါ၏။ တပည့်များကိုလည်း မိမိကဲ့သို့ကျင့်စေလိုသော ဆန္ဒတော်ရှိတော်မူပါ၏။ ထိုဆန္ဒတော်ကို စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရ သိခွင့်ရခဲ့ပါသည်။

၁၃၅၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈-ရက်နေ့ ဆရာတော် တစ်ဘဝခန္ဓာဝန်မချမီ လေးလခန့်က ဖြစ်ပါ၏။ မန္တလေးမြို့မှ ကျောင်းအမကြီးဒေါ်ခင်လှ၊ သားကိုဝင်းအောင် (ဇမ္ဗူအောင်ဆောက်လုပ်ရေး) မိသားစုတို့က မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယ ကျောင်းတိုက်တွင် တိ-နိထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ တိ-နိ သံဃာတော်များအား တစ်နေ့တာ ဆွမ်းအာဟာရလှူဒါန်းခြင်း ကောင်းမှုပြုလုပ်ကြပါ၏။

တိ-နိကျောင်းတိုက်မှာပင် လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူခြင်း၊ ရေစက်ချအမျှအတန်း ပေးဝေခြင်းကိစ္စများ ပြီးစီးအောင်ဆောင်ရွက်ပါသည်။ မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတိုက်၌ ပြုဖွယ်ကိစ္စ ပြီးစီးသည့်အခါ ဆရာတော်ကိုဖူးရန် ဓမ္မနာဒကျောင်းတိုက်သို့ သွားခဲ့ကြပါသည်။

ဆရာတော်ကြီး၏မျက်မှောက်ရောက်ကြသောအခါ စာရေးသူက ဆရာတော်ဘုရားကို 'မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတိုက်မှာပင် ရေစက်ချခြင်း ကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါပြီ ဘုရား'-ဟု လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဆရာတော်ကြီးက 'အေး အေး၊ ကောင်းတယ်ကောင်းတယ်၊ ဒါပေမယ့် သီလလေးတော့ယူလိုက်ကြဦး'

ဟုပြောပြီး သီလပေးတော်မူပါသည်။ သီလယူပြီးကြသောအခါ အလှူရှင်များက ပါလာသောသက်န်းဒွိစုံများကို အသီးအသီး ဆရာတော်ကြီး၏လက်ဝယ်သို့ သက္ကစ္စ မြောက် လှူဒါန်းဆက်ကပ်ကြပါသည်။

သက်န်းဒွိစုံများ ဆက်ကပ်ပြီးကြသောအခါ ဆွမ်းဒါယိကာမကြီးဒေါ်ခင်လှ နှင့် သားဖြစ်သူ ကိုဝင်းအောင်တို့သည် အချိုရည်ဘူး, မုန့်ပုံး, နာနတ်သီး စသော ခဲဖွယ်များ ထည့်ထားသော လင်ပန်းကြီးကို မ,ကာ ကပ်ကြပါတော့သည်။ မှတ်တမ်းတင်ဓာတ်ပုံ သမားကလည်း မလွတ်တမ်း ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်နေပါသည်။

ထိုအချိန်တွင် စာရေးသူသတိပြုမိသည်မှာ ဆရာတော်ကြီး၏လက်သည် ခဲဖွယ်စားဖွယ်အပြည့်ပါသော လင်ပန်းကိုမထိစေဘဲ ဒါယကာလေးကိုဝင်းအောင်၏ ဘယ်ဘက် လက်ဖမိုးလေးကိုသာ ဆရာတော်ကြီးရဲ့ ဉာလက်က ထိထားခြင်းကိုဖြစ်ပါသည်။

လှူဖွယ်ဝတ္ထုများအားလုံး ကပ်လှူပေးသောအခါ တစ်မိနစ်ခန့်လောက်ရှိမှ ဆရာတော်ကြီးက စာရေးသူ ရှိရာဘက်သို့ မျက်နှာမူလျက် မုန့်ခဲဖွယ်များထည့်ထားသော လင်ပန်းဘက်သို့ လက်ညှိုးညွှန်ကာ 'ဦးပဥ္စင်း . . ၊ တစ်ခါ တည်း စားလို့မကုန်ဘူး'ဟု အမိန့်ရှိလိုက်ပါသည်။

ရဟန်းတော်များသည် ခဲဖွယ်ဘောဇဉ်ကို အကပ်ခံ၍ သိုမှီးသိမ်းဆည်းကာ မဘုဉ်းပေးကောင်းပါ။ ဘုဉ်းပေးလျှင် သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။ အကပ်ခံပြီးပါက ထိုနေ့အတွက်သာ ဘုဉ်းပေးကောင်းပါသည်။ ထို့ကြောင့် ဆရာတော်ကြီးသည် လင်ပန်းကိုမထိစေဘဲ အလှူရှင်များ စိတ်ကျေနပ်စေရန် ဟန်ပြရုံသာ လက်ကို ထိထားခြင်းဖြစ်ပါသည်။

စာရေးသူကိုလည်း အကပ်ခိုင်းသည်ထင်၍လောမသိပါ။ အထက်ကရေးခဲ့သည့်အတိုင်း 'ဦးပဥ္စင်း . . ၊ တစ်ခါတည်းစားလို့မကုန်ဘူး'ဟူသောစကားဖြင့် အလှူရှင်များလည်းမသိအောင် ပညာသားပါပါ ဆုံးမတာကို ခံယူလိုက်ရပါသည်။ စာရေးသူ၏စိတ်ထဲတွင် ဆရာတော်၏ ထိုစကားတစ်ခွန်းအတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း အမှန်အတိုင်းဝန်ခံပါသည်။

စာရေးသူလို သေးသေးနုံ့နုံ့ကလေးက ဆရာတော်၏ ဂုဏ်ပုဒ်များကို ဂုဏ်နှင့်ဒြပ် ဟပ်မိအောင်ဖွင့်ဆိုနိုင်စွမ်း မရှိပါ။ သို့ပါ၍ ဆရာတော်၏ဂုဏ်ပုဒ်များကို မဖွဲ့ဆိုပါ။ ဆရာတော်ညွှန်ပြသော နည်းဥပဒေအချို့နှင့် အများနှင့် မဟုတ်ဘဲ မိမိတစ်ဦးတည်းကိုသာ ဆိုဆုံးမခဲ့သော ဖြစ်ရပ်မှန်အကြောင်းအရာကလေးကို မှတ်မှတ်ရရ အနုမတ္တေသု ဝဇ္ဇေသု ဘယ- ဒဿာဝီဂုဏ်တော်ရှင် ဆရာတော်ကြီးကို ဦးညွှတ်ရင်း တင်ပြလိုက်ပါသည်။

နည်းပေးညွှန်ပြ ဆိုဆုံးမရာတွင် စံပြုရသော ဆရာတော်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်များသည် အနှစ်ရာထောင်မက သာသနာတည်နေသရွေ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ဥပါသကာ ဥပါသိကာမ အပေါင်းတို့၏ နှလုံးသားဝယ် မပျောက်မပျက် တည်ရှိနေဦးမှာကတော့ အမှန်ပင်ဖြစ်ပါသတည်း။ ။

အရှင်ဉာဏသာမိ(နတ်မောက်)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊
ဥဘတောဝိဘင်္ဂဓရ။

စပ်မိစပ်ရာ

မေဓာ့ယာဉ်ပျံမော်ကွန်း ကျောင်းသားဟောင်း

အလွန့်အလွန် ရထားခုန်နေသောကြောင့် မီးရထားပေါ်တွင် မျက်နှာသစ်ရမလွယ်၊ ကျင်ကြီးကျင်ငယ် စွန့်သွားရ မလွယ်ကူပေ။ ထိုမလွယ်ကူသည့်အလုပ်ကို လူငယ်လေးတစ်ယောက်ကဲ့သို့ သွက်သွက်လက်လက် လွယ်လွယ်ကူကူသွားလာနေသော အသက် ၈၀-ခန့်ရှိ ဆရာတော်ကြီးတစ်ပါးကို တွေ့ရသောအခါ အံ့ဩခြင်း ဖြစ်မိ၏။

'ဆရာတော်ဘုရား၊ သက်တော်ဘယ်လောက် ရှိပြီလဲ ဘုရား'။

'၉၄-နှစ်'။ စာရေးသူပို၍အံ့ဩခြင်းဖြစ်မိပြန်၏။

'ဆရာတော် ဘယ်အရပ်ကပါလဲဘုရား'။

'ပခုက္ကူ မြိုင်ဇာတိပါ။ နေတာကတော့ ကယားပြည်နယ် ကုန်းတာရွာ တောင်မောကျောင်းပါ'။

'ဆရာတော် ဘယ်လိုလုပ် ကယားပြည်နယ်ရောက်သွားတာလဲဘုရား'။

'မခံချင်စိတ်နဲ့ရောက်သွားတာ၊ အင်္ဂလိပ် အစိုးရလက်ထက်က ဗုဒ္ဓဘာသာဘုန်းကြီးတွေ ပြည်နယ်တွေမှာ သာသနာပြုခွင့်မပေးဘူး။ အဲဒီအရှိန်က မဆလအစိုးရလက်ထက်အထိပဲ၊ အစိုးရကခွင့်ပြုပေမယ့် နိုင်ငံခြားသားဘုန်းကြီးတွေက လာခွင့်မပေးဘူး။ တပည့်တော် ကုန်းတာရွာရောက်တော့ အီတလီခရစ်ယာန် ဘုန်းကြီးတွေက နေခွင့်မပေးနိုင်ဘူးပြောတယ်။ ဒါတို့နိုင်ငံ ငါနေချင်နေမယ် မနေချင်မနေဘူးဆိုပြီး သူတို့ကိုအရွဲ့တိုက်ပြီး ဝါးကျောင်းလေးဆောက်နေတယ်။ တပည့်တော်သာသနာပြုလိုက်တာ ဘာသာခြားတွေ ထောင်ပေါင်းများစွာ ရာပေါင်းများစွာ ဗုဒ္ဓဘာသာထဲကူးပြောင်းလာကြတယ်။ နိုင်ငံတော်အစိုးရက ဘွဲ့တော့ပေးပါတယ် 'သဒ္ဓမ္မ ဇောတိကဓဇ'တဲ့။ 'ငါလုပ်တဲ့အလုပ်က အကြီးကြီး၊ ပေးတဲ့ဘွဲ့က အငယ်လေး'ဆိုပြီး ဘွဲ့သွားမယူဘူး။ ၁၃၇၃-နှစ်ကျတော့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ပေးတော့မှ 'ငါလုပ်တဲ့ အလုပ်နဲ့ ထိုက်တန်တယ်ဆိုပြီး ခုဘွဲ့ယူလာတာပဲ'။

'အရှင်ဘုရားကကော ဘယ်ကလဲ'။

'ရေနံချောင်းမြို့နယ် အုတ်ရှစ်ကုန်းရွာကပါဘုရား'။

'ရန်ကုန်ဘာသွားလုပ်မှာလဲ'။

'တပည့်တော် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တပည့်ပါဘုရား၊ ၁၃၇၃-ခုနှစ်မှာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရာပြည့်ပူဇော်ပွဲ လုပ်မှာပါဘုရား။ အဲဒီပူဇော်ပွဲအတွက် လုပ်စရာရှိတာ သွားလုပ်မလို့ပါဘုရား'။

'ဩော်. . . မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တပည့်ကိုး၊ တပည့်တော် နာမည်ကြီးတဲ့ပုဂ္ဂိုလ်တွေ အပြစ်ရှာကြည့်တယ်၊ တွေ့တာပဲ။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကျတော့ အပြစ်ရှာလို့မရဘူး။ ဘယ်ဘက်ကကြည့်ကြည့် အပြစ်မရှိဘူး'ဟု မိန့်ဆိုလိုက်ရာ စာရေးသူ၏ရင်ထဲ အတိုင်းမသိအောင် ကြည်နူးဝမ်းသာခြင်းဖြစ်မိပါတော့၏။

တောင်းပန်းလွှာ-တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဉာဏအကြောင်း ရာပြည့်နှင့်ဘာမဆိုင် ညာမဆိုင် ထည့်ရေးရခြင်းမှာ အင်္ဂလိပ်တွေ အနိုင်ကျင့်ဗိုလ်ကျယုတ်မာပုံကို သိစေလို၍ဖြစ်ပါ၏။

* * *

မန္တလေးမြို့နေ ကွဲရိုင်းဖိနပ်လုပ်ငန်းပိုင်ရှင် ဦးလှိုင်ကြည်သည် များစွာချမ်းသာ၏။ အလွန်မာနကြီး၏။ မာနကြီးသလားမမေးနဲ့၊ သူ့သားသမီးတွေကိုတောင် တန်းတူထိုင်ခွင့် မပြု။ တစ်ခါသော် သူ့အလှူကြီး၌ အနီးစခန်းဆရာတော်ကြီးအား ညတရားဟောရန် ပင့်ထား၏။ မထင်မှတ်ဘဲ အနီးစခန်းဆရာတော်ကြီး လေဖြတ်သွား၍ ညတရားပွဲအတွက် အခက်တွေ့သွားရာ ထိုအချိန်က မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို မကိုးကွယ်သေး။ သို့နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးထံသွားပြီး အကျိုးအကြောင်း လျှောက်ထား၏။ လျှောက်သမှု ရိုးရိုးမလျှောက်၊ သူမဟောလည်း ကိစ္စမရှိဟူသော မာန်မာနဖြင့် ခပ်တင်းတင်းပင် လျှောက်၏။

ထိုအခါ မင်းကွန်းဆရာတော်ကြီးက 'ဟောမှာပေါ့ ဒကာကြီး၊ စိတ်ချလက်ချနေ' မာနမဲ့လေသံလေးဖြင့် အမိန့်ရှိလိုက်ရာ 'သူများမဟောနိုင်မှ ကျုပ်လာပင့်တာ၊ ကျုပ်မဟောနိုင်ဘူး'လို့ ပြောလိမ့်မည်ထင်နေသော ဦးလှိုင်ကြည်မှာ 'ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ကြီးဖြစ်ပါလျက် ဘာမာနမှ မရှိပါလား၊ ငါ မာနတက်နေတာ အလကားပါလား'ဟု တွေးမိပြီး ထိုအချိန်မှ စ၍ မာနတွေ အလွှားလိုက်ကွာကျကာ ဆရာတော်ကြီးအား သက်ဆုံးတိုင် ကိုးကွယ်ခဲ့ပါတော့၏။

ဦးလှိုင်ကြည်သည် ဆရာတော်ကြီး ကြွလိုရာသို့ သက်သက်သာသာကြွနိုင်ရန်ရည်မှန်းပြီး သူစုဆောင်းထားသောသီးသန့်ငွေမှ အက်စ်အီးအမျိုးအစား စလွန်းကားအသစ်စက်စက်ဝယ်၍ ဆရာတော်ကြီး ကြွလိုရာလိုက်ပို့၏။ ကားမောင်းသူငယ်တစ်ဦးကိုလည်း သီးသန့်တာဝန်ပေးထား၏။ တစ်နေ့ ထိုကားမောင်းသမားအား ဦးလှိုင်ကြည်က ငေါက်ရာ- 'မငေါက်ပါနဲ့ဒကာကြီး၊ သူလိုက်ပို့လို့ ဘုန်းကြီးတို့ ဒကာကြီးတို့ လိုရာခရီးရောက်တာ၊ သူမပို့ရင်မရောက်ဘူး။

မငေါက်ပါနဲ့'ဟု ဆရာတော်ကြီးက အမိန့်ရှိလိုက်ပါ၏။ ဤကား မျက်နှာကြီးရာ ဟင်းဖတ်မပါသော ဆရာတော်ကြီး၏ စိတ်ဓာတ်မှန် ဖြစ်ပါ၏။

ဆရာတော်ကြီးသည် လှူဖွယ်ပစ္စည်းများကို ကလေးငယ်ကလေးများပါ ကပ်ခိုင်း၏။ စိတ်ရှည်ရှည်ဖြင့်သည်းခံ၍ အကပ်ခိုင်းလေ့ရှိ၏။ 'မိဘစီးပွားတက်တယ်ဆိုတာ သားသမီးတွေရဲ့ ဘုန်းရှိန်ကံရှိန်တွေလည်း ပါတယ်'ဟု နမူနာယူစရာ စကားကိုလည်း မိန့်ကြားတတ်၏။

[မအေးအေးသန်း၊ ကိုသန်းဌေး၊ မခိုင်ခိုင်ဇော်၊ မမင်းမင်းမိုးတို့ ပြောပြချက်]။

* * *

၁၉၉၀-ပြည့်နှစ်ခန့်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအတွက် တနင်္သာရီတိုင်းသို့ ကားဖြင့်ကြွစဉ်က ဖြစ်ပါသည်။ ဆရာတော်ကြီးတို့

မင်းကွန်းဆရာတော်ကြီးနှင့် ဦးလှိုင်ကြည်

ကားတန်းကြီးအလာတွင် စက်ဘီးစီးလာသောသူငယ်တစ်ဦး လမ်းဘေးချရပ်၍ရှောင်လိုက်ရာ သူပုန်ထောင်ထားသည့် မိုင်းပေါ်သို့ တက်နင်းမိရာ ပွဲချင်းပြီးသေသွားပါသည်။ မင်္ဂလာဆောင်ခါနီးသတို့သားဟု သိရသည်။ တဒိုင်းဒိုင်း တဒက်ဒက်ဖြင့် ဆူညံသွားတော့သည်။

ရဲမှူးကိုဝင်းကြည်သည် ကားတံခါးဖွင့် ဆရာတော်ကြီးအား ဇွတ်အတင်းပွေ့၍ ချုံပုတ်ကလေးနားချထားကာ ဘေးရန်စောင့်ရှောက်နေပါတော့၏။ ဆရာတော်ကြီးကား တုန်လှုပ်ခြင်းမရှိ၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းလုံးဝမရှိ အေးအေးလူလူ ပုတီးလေးစိပ်နေတော့သည်။

[ရဲမှူးကိုဝင်းကြည်နှင့် ကိုကျော်သက်ဦး ကိုယ်တွေ့ပြောပြချက်]။

* * *

မင်းကွန်းတောရရိပ်သာ ဆရာတော်ကြီးဦးပဏ္ဍိတနှင့် အလယ်တောရဆရာတော်ဦးသီလာစာရတို့ တွေ့ဆုံစဉ်-

'ဦးသီလာစာရရေ၊ တပည့်တော်တော့ မင်းကွန်းတိပိဋကဓရဆရာတော်ကို ကြောက်သွားပြီ'။

'ဘာပြုလို့လဲဘုရား'။

'ဟာ. . . မပြောပါနဲ့ဦးသီလာစာရရာ၊ တပည့်တော်က သူ့ကို မာမာထန်ထန် ပြစ်တင်ဝေဖန်တော့ တပည့်တော်ကို လက်အုပ်ချီ ရှိခိုးပြီး တောင်းပန်သွားတယ်။ တပည့်တော်တော့ မင်းကွန်းတိပိဋကဓရဆရာတော်ကို ကြောက်သွားပြီ'။

[ဆရာတော်ဦးသီလာစာရက တပည့်များအား ပြောကြားချက်]။

* * *

'မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မန္တလေးမြို့



ကလေးငယ်များကို ကိုယ်တော်တိုင် ဆန်ပြုတ်တိုက်ကျွေးနေတော်မူသော မင်းကွန်းဆရာတော်ကြီး

အနောက်ပြင် ချမ်းသာကြီးတိုက်မှာ အဘိဓာန်၊ လင်္ကာ၊ ဆန်း ချတော့သိပ်ကောင်းတာ။ တောင်ပြင်နဂါး အနောက်ပြင်ကျား ဆိုတဲ့ တောင်ပြင်ကဦးနာရဒ၊ အနောက်ပြင်က ဦးကလျာဏတို့ စာချကောင်းတာလည်း ဟုတ်တာပဲ။ မင်းကွန်းဆရာတော်ကြီးကလည်း စာချကောင်းတာပဲ။ တပည့်တော်ကိုယ်တိုင် လိုက်ခဲ့ရတာ'။

[၁၃၅၅-ခုနှစ်၌ ကြည့်မြင်တိုင်မြို့နယ် သံဃာနာယက ဥက္ကဋ္ဌ စလင်းတိုက်ဆရာတော်ဦးပညိန္ဒ၏ မိန့်ကြားချက်]။

* * *

မြင်းခြံမြို့မှ ဒကာတစ်ယောက်သည် ဒေါသအလွန်ကြီးသည်။ ရန်ခဏခဏဖြစ်သည်။ ရန်ဖြစ်တိုင်း သူကချည်း

ရိုက်သည်။ အချုပ်ခံရသည်။ ထို့နောက် အချုပ်ကလွတ်သည်။

ဤသို့ ရန်ဖြစ်သည်၊ အချုပ်ခံရသည်၊ လွတ်သည် သံသရာလည်နေတော့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့်တွေ့ဆုံခိုက် 'ငါ့သန္တာန်တွင်၊ ဒေါသဝင်က၊ ဝင်လာဒေါသ၊ မဖြစ်ရအောင်၊ ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါ၏'ဟူသော ဩဝါဒကို မိန့်ကြားလိုက်ချိန်မှစ၍ လုံးဝရန်မဖြစ်တော့ဘဲ ထိုပုဂ္ဂိုလ်လူကောင်းဖြစ်သွားတော့သည်။

[မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော်မျက်နှာကျက်၌ ထိုဩဝါဒကို ရွှေစာလုံးဖြင့် ရေးထိုးထားသည်။ ထိုအကြောင်းကို ဆန္ဒတော်ပြည့်စေတီတော်ကို ဦးစီးတည်ထားသော မင်းကွန်းဆရာတော်ကြီးတပည့် ဆရာတော်ဦးနန္ဒိယ၏ ပြောကြားချက်]။

* * *

၁၃၁၄-ခုနှစ် မင်းကွန်းတောင်ရိုး ရွားပင်တိုက်သစ် ဆရာတော်ဦးစန္ဒိမာ၏ ကျောင်းတိုက်အလှူ၌ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက-

တနင်္ဂနွေ ဘဂိုဏ်းနေ၊

အင်္ဂါ၊ကြာသပတေး နဂိုဏ်းပေး၊

ဗုဒ္ဓဟူး၊သောကြာ နပယ်ပါ၊

စနေမှာကား ဘပယ်ထား၊

တနင်္လာကို လေးဂိုဏ်းဆို-အတိုမှတ်ထား။

'လက်ာအတိုင်း တနင်္ဂနွေသားဆိုလျှင် ဘဂိုဏ်းပေးရမယ်။ အင်္ဂါ၊ ကြာသပတေးသားဆိုလျှင် နဂိုဏ်းပေးရမယ်။ ဗုဒ္ဓဟူး၊သောကြာသားဆိုလျှင် နဂိုဏ်းမပေးရ၊ ဘဂိုဏ်း၊ယဂိုဏ်း၊ မဂိုဏ်းပေးရမယ်။ စနေသားဆိုလျှင် ဘဂိုဏ်းမပေးရ၊ နဂိုဏ်း၊ ယဂိုဏ်း၊ မဂိုဏ်းပေးရမယ်။ တနင်္လာသားဆိုလျှင် ဘဂိုဏ်း၊ နဂိုဏ်း၊ယဂိုဏ်း၊ မဂိုဏ်းပေးရမယ်'-ဟု သံဃာတော်များအား မိန့်ကြားတော်မူသည်။

[ယခု သက်တော် ၈၁-နှစ်ရှိ စစ်ကိုင်းတောင်ရိုး စတုတ္ထမြောက် ကမ္ဘောဇချောင် ဆရာတော်ဦးဝါယမ (နှစ်ဝါ အရအချိန်က) ထိုအလှူသို့ကြွသွားရင်း မှတ်သားနာယူခဲ့ရသောဩဝါဒဖြစ်သည်။ ပထမ ကမ္ဘောဇချောင်ဆရာတော်မှာ ပဌမကျော်ဦးဉာဏ၊ ဒုတိယမြောက်မှာ ဆရာတော်ဦးပဏ္ဍိစ္စ၊ တတိယမြောက်ဆရာတော်မှာ ဦးဝိသုဒ္ဓ (ဆာဦးသွင်ရဟန်း၊ ရန်ကုန်မြို့ ဗဟန်းရပ် အောင်မြေသုခဆရာတော်)ဖြစ်သည်]။

* * *

၁၉၈၈-ခုနှစ် တစ်နိုင်ငံလုံးဆန္ဒပြ၍ အစားအသောက် ရှားပါးနေချိန်သည်။ ဆရာတော်ကြီးသည် ထိုနှစ်မှစ၍ မင်းကွန်းရွာဝန်းကျင်ရှိ ကလေးများကို ဆန်ပြုတ်တိုက်ခြင်း၊ မုန့်ဝေခြင်း အမြဲပြုလုပ်သည်။

မိုးမိတ်နာယကဆရာတော်တစ်ပါးက 'ကလေးတွေ မုန့်ဝေတာ ကုန်တာပါပဲဘုရား'ဟု လျှောက်ထားရာ ဆရာတော်ကြီးက 'တပည့်တော် ကုန်တာမဟုတ်ဘူး၊ ရတာ ရတာ ကလေးတွေမုန့်ဝေရင် ပိုပိုရလာတယ်'ဟု မိန့်ကြားလိုက်ပါ သည်။

* * *

နံနက်အရုဏ်ခေါက်ဆွဲပြုတ်ထဲ၌ ကြက်သားပေါင်းရည်ထည့်၍ကပ်ရသည်။ ဆရာတော်ကြီးညွှန်ကြားချက်အတိုင်း နေ့ဆွမ်းအတွက် ဝါဆိုလမှ တန်ဆောင်မုန်းလအထိ ကြက်ဟင်းခါးသီး၊ နတ်တော်လမှ တန်ခူးလအထိ ဒန့်ဒလွန်သီး ဒန့်ဒလွန်ရွက် နေ့စဉ်ချက်ရသည်။ တခြားဟင်းများမချက်ရပါ။ ကဆုန်၊ နယုန်လတို့၌ မိမိတို့ချက်ချင်တာချက်ရသည်။ ငါးကြင်းကိုမွပြီးထောင်းကျော်နှင့် ရှောက်ရွက်သုတ်ကပ်ရသည်။ အချိုပွဲ ပေါင်မုန့်ကြော်၊ ပန်းသီး၊ သကြားသီး ဆရာတော်ကြီး ကြိုက်နှစ်သက်သည်။

[နံနက် ၃-နာရီမှစ၍ မည်းမည်း ကြော်လှော်ချက်ပြုတ်၍ နေ့စဉ်ကိုယ်တိုင်လာပို့သော ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းနေ သာသနာ့မိခင်ကြီး အမေချိုပ် ညီမ ဒေါ်အေးတင်၊ သမီးဒေါ်ကျင်အေး၊ ဒေါ်သိန်း၊ ဒေါ်ညွန့်၊ မြေး မငွေငွေတို့၏ ပြောပြချက်]။

* * *

မန္တလေးမြို့အနီး ကပိုင်ရွာ၌ မိဘလုပ်ကျွေးနေသော ရဟန်းတစ်ပါးကို ရဟန္တာဟုထင်မှတ်ကာ အုတ်အော်သောင်းတင်း မန္တလေးတစ်မြို့လုံး သွားရောက်ဖူးမြော်ကြ၏။ ထိုအထဲ၌ ပန်တော်မူကျောက်ဆစ်ကိုခင်ဇော်လည်း ပါ၏။ 'တရုတ်သူဌေး တစ်ယောက်က ၂၀၀-တန်အုပ်လိုက်လှူတော့ အဲဒီဘုန်းကြီးရဲ့ မျက်နှာက ဣန္ဒြေပျက်သွားတယ်။ ရဟန္တာဟုတ်မယ်မထင်ဘူး။ မင်းကွန်းဆရာတော်ကြီးကို ၂၀၀-တန်အုပ်လိုက်လှူတာ တွေ့ဖူးတယ်။ မျက်နှာပျက်မသွားဘူး'ဟု စာရေးသူအား လျှောက်၏။

'မောင်ခင်ဇော်ရေ၊ ဆရာတော်ကြီးက ၂၀၀-တန်အုပ်လိုက်မကလို့ ဘယ်လောက်ကြီးလှူလှူ ဣန္ဒြေမပျက်ဘူး။ လှူတဲ့လူလည်းဒီမျက်နှာ မလှူတဲ့လူလည်း ဒီမျက်နှာပဲဗျာ'ဟု စာရေးသူက ပြန်ပြောလိုက်၏။

[မှတ်ချက် - ထိုအချိန်က ငွေကျပ် ၂၀၀-တန်

သည် အကြီးဆုံးဖြစ်၏]။

* * *

ဆရာတော်ကြီးသည် ပစ္စည်းအသစ်အဆန်းလေး များရလာလျှင် ဆရာကြီးဒေါ်ဓမ္မစာရီ၏ညီမ ဘွားဘွားလေး ဒေါ်ဣန္ဒစာဂီအား လှူလေ့ရှိသည်။ ယင်းသို့ ပေးလှူသည်ကို ဆရာတော်ကြီး၏ အနီးနေဦးဇင်းအချို့က နှမြောဟန်ပြကြ၏၊ မကြိုက်ဟန်ပြကြ၏။ ယင်းကိုရိပ်မိသော ဆရာတော်ကြီးက 'ငါပစ္စည်း ငါပေးတာ မင်းတို့နဲ့ဘာဆိုင်လဲ၊ ငါလုပ်ချင်သလို လုပ်တယ် ဘာဖြစ်လဲ'ဟူသော သဘောဆောင်သည့် တစ်ပါးသူအား မထီမဲ့မြင်အပြုအမူကို မပြုပါဘဲ 'ဦးဇင်းတို့ အသက်ကြီးသူတွေကို ဒီလိုပစ္စည်းလေးတွေပေးရင် သူတို့ အသက် ပိုရှည်တယ်'ဟု အမိန့်ရှိတော်မူ တတ်၏။

[ဆရာတော်ကြီး၏ ပစ္ဆာသမဏဦးနိမလ(ခ) စိန်နားကပ် ပြောပြချက်]။

* * *

လိုက်မှာပါဘုရား'ဟု လျှောက်လျက် ရှိခိုးကြ၏။ ဤတွင်မှ ဆရာတော့်မျက်နှာ၌ အားတက်သည့်ပုံ ပေါ်လာ၏။

မင်းကွန်းမော်တော်ဆိပ်ရောက်လျှင် လာကြိုနေသော ကား၌ အလံတပ်ထားသည်ကို ဆရာတော်က အဖြုတ်ခိုင်း၏။ 'မိမိစိတ်ထဲမှာ ကျိတ်၍ ဆရာတော်ကို ချီးကျူးမိ၏။ နာရေးကိစ္စ၌ အလံတလူလူလွှင့်၍သွားလျှင် ဘယ်သဘာဝကျမလဲ။ သြော် ဆရာတော် ဆရာတော်၊ အသေးအဖွဲကိစ္စလေးမှအစ သတိမလစ်ပါလားဟုတွေးရင်း လေးစားပြီးရင်း လေးစား ကြည်ညိုပြီးရင်း ကြည်ညိုခဲ့ရပါ၏။

ဓမ္မနာဒကျောင်းရောက်၍ အိမ်ကြီးချောင်အတက် တောင်ဘက်လှေကားသို့ ကားဆိုက်သောအခါ အသံချဲ့စက်မှ ဆရာတော်ကြီး၏ ချီးကျူးပွဲတစ်ခု၌ ဘွားဘွားလေး ဒေါ်ဣန္ဒစာဂီမှ ဂါထာဖြင့် ရွတ်ဖတ်ပူဇော်နေသော တိပ်ခွေဖွင့်ထားသည်နှင့် ကြုံတွေ့နေ၏။

ဆရာတော်ကြီးသည် လှေကားသို့မတက်သေးဘဲ

မင်းကွန်းဆရာတော် အသုံးပြုတော်မူရန် ဦးလှိုင်ကြည် ဝယ်ထားသောကား



အိမ်ကြီးချောင် ကျိုက်လပ်ဇရပ်သို့တက် တောင်ဘက်အုတ်လှေကား (ဤလှေကားသို့မက်မီ ဆရာတော် ခပ်ကြာကြာရပ်နေသည်)

မန္တလေးမြို့မှ ရန်ကုန်မြို့သို့ကြွလာသော ဆရာတော်ကြီးသည် ခရီးရောက်မဆိုက်ပင် ညက ဘွားဘွားလေး ဒေါ်ဣန္ဒစာဂီ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိတော်မူလျှင် သိတော်မူချင်း ညနေရထားဖြင့် မင်းကွန်းသို့ ပြန်ကြွရန် စီစဉ်ခိုင်းသည်။ ဝါတော်ကြီးဦးခေမာစာရနှင့် စာရေးသူတို့အား 'ဦးဇင်းတို့လိုက်မလား'ဟု ဆရာတော်က မေးရာ 'မလိုက်ပါ ဘုရား'ဟု နှစ်ပါးလုံး တိုင်ပင်ထားသည့် အလားပြိုင်တူလျှောက်ကြသည်။ ဆရာတော် အားပျက်သွားပုံတွေ့ရ၏။ သို့နှင့် နှစ်ပါးတိုင်ပင်ပြီး နံနက် ဘူတာရုံသို့ ဆရာတော်မရောက်ခင် ကြိုတင်သွားရောက်ကြကာ မီးရထားတွဲပေါ်က စောင့်နေကြ၏။ ဆရာတော် ကြွလာသည်နှင့် 'တပည့်တော်တို့

မျက်နှာအောက်ဆိုက်ပြီး တော်တော်ကြာကြာ ရပ်နေတော်မူ၏။ သို့နှင့် တာဝန်မှူးဦးစိုးတင့်က 'ဟေ့. . . အသံချဲ့စက်ပိတ်လိုက်စမ်း၊ အသံချဲ့စက်ပိတ်လိုက်စမ်း'ဟု အော်ပြောလိုက်ရာ အသံချဲ့စက်ပိတ်သွား၏။ ထိုအခါမှ ဆရာတော်ကြီးသည် လှေကားသို့တက်၏။

စာရေးသူ ဆရာတော့်စိတ်ကို မှန်း၍တွေးနေမိ၏။ ဆရာတော်ကြီးငယ်စဉ်မှစ၍ တိပိဋကဓရမဖြစ်မီ၊ တိပိဋကဓရဖြစ်ပြီးကာလအတန်တန်၌ ဒေါ်ဓမ္မစာရီနှင့် ဒေါ်ဣန္ဒစာဂီတို့ ညီမနှစ်ဦး ဆွမ်းချက်နေပုံတွေ၊ ဆွမ်းကပ်နေပုံတွေ၊ ဖျော်ရည်ကပ်နေပုံတွေ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲဖြေဆိုစဉ် ကာလတစ်လျှောက်လုံး စာကြည့်ပေးနေပုံတွေ၊



အိမ်ကြီးချောင်ရှိ ကျိုက်လပ်ဇရပ်

ဒေါ်ဓမ္မစာရီ ညီမ
ဖွားဖွားလေး ဒေါ်ဣန္ဒစာရီ

ဆရာတော် ကြွရာအရပ်ရပ်သို့ လိုက်ပါကြပုံတွေ, တရားပွဲကအပြန် ထိုတရားပွဲ၌ ဟောခဲ့သည့်တရားကို ဘွားဘွားလေးတို့အား ပြန်ဟောပြပုံတွေ, ပစ္စည်းအသစ် အဆန်းလေးတွေ စွန့်လေတိုင်း ဘွားဘွားလေးတို့ ဝမ်းသာနေပုံတွေ, ဘွားဘွားလေးတို့၏ ဆပ်မကုန်နိုင်သည့်ကျေးဇူးတွေကို မြင်ယောင်ပြီး မချိတရိသွားတာ ဖြစ်လိမ့်မည်ဟု တွေးရင်းတော်တော့်ကို စိတ်မကောင်းဖြစ်မိ၏။

ကျိုက်လတ်ဇရပ်အပြင်ဘက်မျက်နှာစာ၌ အရှေ့တောင်ဘက်ပန်းရုံအနီး ခုတင်ပေါ်၌ထားရှိသော ဘွားဘွားလေး၏ ရုပ်ကလာပ်ကို ခပ်ကြာကြာကမ္မဋ္ဌာန်း ရှုနေ၏။ ပြီးမှ စာရေးသူအား 'ဦးဇင်း၊ ရုပ်ကလာပ်ကို ကြည့်စီစဉ်'ဟု မိန့်၍ ဈာပနအတွက် ဦးစိုးတင့်စသော တာဝန်ရှိသူတို့နှင့် ပြောဆိုနေ၏။ စာရေးသူသည် ရေနံချောင်း၌ ဘုန်းကြီးပျံသုံး,လေးခုကို ပြင်ဆင်ခဲ့သည့်အတိုင်း ရွှေရောင်စက္ကူ, ငွေရောင်စက္ကူတို့ကို ပုံစံအမျိုးမျိုး ညှပ်ကပ်၍ ပန်းခြောက်များဖြင့် တန်ဆာဆင်လျက် ဆိုင်းဘုတ်ရေး၍ထားလိုက်သောအခါ အမြင်တင့်တယ်သွား၏။ ဆရာတော်သည် ရုပ်ကလာပ်ပြင်ဆင်ထားသည်ကို အတော်သဘောကျသွားပုံရ၏။

စာရေးသူလည်း မိုးမိတ်သို့ပြန်၍ ဂါထာ, တေးထပ်, ရတုများကို အားချင်းအမြန်ရေး၍ ဆရာတော့်အားကပ်၏။ ဆရာတော်သည် တည်းဖြတ်သုတ်သင်ပြီး လက်နှိပ်စက်ဖြင့် ရိုက်၍ နောက်တစ်နေ့ မိုးမိတ်ကုန်းမြေရှိ စာရေးသူကျောင်းသို့ ကိုယ်တိုင်ကြွလာပြီး 'ဦးဇင်း၊ ဂါထာကငုပ်နေတယ် သူများမပြန့် ကဲ့ရဲ့လိမ့်မယ်။ တေးထပ်နဲ့ ရတုတွေ အချိန်မရလို့ မဖတ်တော့ဘူး။ စိတ်မကောင်းမဖြစ်နဲ့'ဟု မိန့်ကြားလျက် စာမူများပေးသွားခဲ့သည်။

ကျေးဇူးရှင်ဆရာတော်၏ ကျေးဇူးရှင်ဖြစ်သည့် ဘွား ဘွားလေး၏ရုပ်ကလာပ်ကို ဆရာတော် ကျေနပ်သွားအောင် ပြုလုပ်ပေးလိုက်ရသည့်အတွက်ကြောင့်လည်းကောင်း၊ ဂါထာ, တေးထပ်, ရတုတို့ဖြင့် ဆရာတော့်ကိုယ်စား ကျေးဇူးဆပ်လိုက်ရသည့်အတွက်ကြောင့်လည်းကောင်း စာရေးသူအဖို့ အတိုင်းမသိ ကျေနပ်နှစ်သက်မိခဲ့သည်။

* * *

မန္တလေးတိုင်း တိုင်းမှူးက မန္တလေးမှ ဆရာတော်ကြီးများနှင့် မင်းကွန်းဆရာတော်ကြီးတို့အား S.E ကားလေးများ လှူမည်ဖြစ်ပါကြောင်း လာရောက်လျှောက်ထား၏။ 'ဘုန်းကြီးက တောဆိုတော့ ကားကောင်း ကောင်း မလှူပါနဲ့၊ မလိုပါဘူး။ ဂျစ်ကားလေးလောက်ပဲ လှူပါ' အမိန့်ရှိလိုက်သည်။ ထိုမိန့်ကြားချက်ကို အထူး ကြည်ညိုသဘောကျသွားသော တိုင်းမှူးက လမ်းကြမ်း ခရီးကြမ်းနှင့် အသင့်တော်ဆုံးဖြစ်သည့် လေးဘီးယက် အိဇူဇူးကားအသစ်စက်စက်ကို လှူလိုက်ပါတော့သည်။

ရန်ကုန်သို့ရောက်ပြန်သောအခါ ရန်ကုန်မှ ဗိုလ်ချုပ်တင်လှကတစ်ဖန် ကားလှူပြန်ရာ 'မန္တလေးတိုင်းမှူးက လှူပြီးပြီ၊ လက်မခံပါရစေနဲ့။ ဘုန်းကြီးကို လောဘကြီးတယ် ထင်ကြလိမ့်မယ်'ဟုပြောဆိုကာ လှူဒါန်းသည်ကို လက်မခံ။ ဗိုလ်ချုပ်တင်လှကလည်း လက်ခံရန် အကြိမ်ကြိမ်လျှောက်၏၊ လက်မခံ။ နောက်ဆုံး ငြင်းမရတော့မှ 'ဒကာကြီး၊ ဘုန်းကြီးအလှူခံမယ်၊ လောဘကြီးတယ်

ကလေးငယ်တို့ထံမှ ပစ္စည်းလေးပါး အကပ်ခံယူနေတော်မူပုံ

လို့တော့ မထင်နဲ့နော်။ လက်နှိပ်စက်တစ်လုံးလှူပါ။ မြင်းခြံမြို့နယ် သံဃာ့နာယကအဖွဲ့မှာ လက်နှိပ်စက်မရှိသေးဘူး။ အဲဒီကိုလှူချင်လို့ပါ'ဟုမိန့်လိုက်ရာ ထိုည ညတွင်းချင်းပင် ၁၀-နာရီကျော်ကျော်အချိန်ခန့်၌ လက်နှိပ်စက်တစ်လုံး လာရောက်လှူသွားပါတော့သည်။

* * *

ဂျစ်ကားမှ လင့်ရိုဗာ၊ လင့်ရိုဗာမှ အီဇူဇူးကားအထိ ဆရာတော်ကြီး ဘဝနတ်ထံဝင်စံသည့်ကာလတိုင်အောင် ကားအမျိုးမျိုးကို တစ်ဦးတည်းဒိုင်ခံမောင်းနှင်ပေးခဲ့သည့် ဒရိုင်ဘာကိုတင်ဝင်းနှင့် တွေ့ကြုံခိုက် 'ဆရာတော်ကြီးက ဘာများအမိန့်ရှိတတ်သလဲ'ဟုမေးရာ- 'ကားမြန်မြန်မောင်းလျှင် 'လူလေး၊ ကားလှတာရော လူလေးလှတာရော ဘေးကလူတွေမြင်အောင် ဖြည်းဖြည်းမောင်းပါ'ဟု အမိန့်ရှိသလို၊ မြို့တစ်မြို့ရောက်တိုင်းရောက်တိုင်း အဲဒီမြို့ရဲ့ ဖြစ်ပေါ်လာတဲ့ သမိုင်းရာဇဝင်ကို ပြောပြတတ်တယ်'ဟု ဒရိုင်ဘာကိုတင်ဝင်း က ပြောပြပါသည်။

* * *

၁၃၅၄-ခုနှစ်၌ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီးမကျန်းမာသောအခါ နိုင်ငံတော် အစိုးရ၏ ညွှန်ကြားချက်ဖြင့် မန္တလေးမြို့ရှိ အထူးကုဆရာဝန်များ နေ့စဉ်လာရောက်ကြည့်ရှုကုသ၍ စစ်ကိုင်း တပ်မ-၃၃ မှ ဆေးတပ်ဖွဲ့ကလည်း တရုံမလပ် ကြည့်ရှုစောင့်ရှောက်နေကာ ဆက်သွယ်ရေးတပ်မှ ၁-နာရီ တစ်ကြိမ်ကျ နိုင်ငံတော်သို့ ဆက်သွယ်ရေးစက်ဖြင့် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို အစီရင်ခံရသည်။ နိုင်ငံတော်အစိုးရနှင့် အထူးကုဆရာဝန်ကြီးများသည် သည်းသည်းလှုပ်အလွန့်အလွန်ကို အထူးဂရုစိုက် ကုသစောင့်ရှောက်ကြခြင်းဖြစ်သည်။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း?ဟူမူ ဆရာတော်ကြီးသည် မိမိ၏ဆရာရင်း ကျေးဇူးရှင်ဆရာတော်ဦးသောဘိတ လေဖြတ်ဝေဒနာခံစား နေရစဉ်က ၁၂၉၀-ပြည့်မှ ၁၂၉၁-ခုနှစ်အထိ နှစ်နှစ် တိုင်တိုင် စာမေးပွဲမဖြေဆိုတော့ဘဲ မိမိ၏ပညာရေးကို အနစ်နာခံ၍ စေတနာရှိရှိပြုစုကာ မိမိ၏လက်ပေါ်မှာပင် ဆရာတော်ဦးသောဘိတ ပျံလွန်တော်မူခဲ့ခြင်း၊ ၁၂၉၉-ခုနှစ်၌ ဥပဇ္ဈာယ်ဆရာ ပထမဓမ္မနာဒ ဆရာတော်ဦးပညာစက္က၏ ဂလယဏ္ဍ= လည်ချောင်းကင်ဆာရောဂါဖြစ်သည်ကို စေတနာရှိရှိပြုစု၍ မိမိ၏လက်ပေါ်၌ပင် ပျံလွန်တော်မူခဲ့ခြင်း၊ ကျေးဇူးရှင်မွေးမိခင်ဒေါ်ဆင်နှင့် ကျေးဇူးရှင်ကျွေးမိခင် ဆရာကြီးဒေါ်ဓမ္မစာရီတို့ နာမကျန်း ဖြစ်သောအခါ အထူးဂရုစိုက်၍ စေတနာရှိရှိပြုစုတော်မူခဲ့ခြင်း စသည်တို့ကြောင့်ဖြစ်ပါသတည်း။ ။

မေဓာ့ယာဉ်ပျံမော်ကွန်းကျောင်းသားဟောင်း

မင်းကွန်းဆရာတော်ကြီးနှင့် မင်္ဂလာများ

ဘုန်းသုခ
(ရတနာ)

'မဟန္တ ဘာဝံ ဂလတိ ဂစ္ဆတိ ဧတေနာတိ မင်္ဂလံ=မင်္ဂလာ တရားကိုကျင့်သုံးလျှင် အထွတ်အထိပ်သို့ ရောက်နိုင်တယ်'လို့ ဝရသမ္ဗောဓိမထေရ်က ခာတုပစ္စယ ဒီပနီမှာ ဆိုထားပါတယ်။

အဲဒီတော့ မင်းကွန်းဆရာတော်ကြီးသည်လည်း မင်္ဂလာတရားတွေကိုကျင့်သုံးခဲ့လို့ အထွတ်အထိပ်သို့ရောက်ခဲ့တာလို့ ဆိုချင်ပါတယ်။

၁။ လူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်း၊ ပညာရှိကို မှီဝဲ ဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ။

မင်းကွန်းဆရာတော်ကြီးဟာ အသက်ခြောက်နှစ်သားအရွယ်က ကျည်းပင်ကျောင်းဆရာတော်ဦးသာသနထံ ရောက်ရှိခဲ့ပါတယ်။ ၁၀-နှစ်သားအရွယ်မှာ မင်းကျောင်းဆရာတော်ဦးသောဘိတနှင့်၊ ၁၈-နှစ်သားအရွယ်ကျတော့ မင်းကွန်းဆရာတော်ဦးပညာစက္ကတို့ကို ဆည်းကပ်ခွင့်ရခဲ့ပါတယ်။ အဲဒီလို ပညာရှိသူတော်ကောင်းကြီးများကို ဆည်းကပ်ခွင့်ရတဲ့ ဆရာတော်အတွက် လူမိုက်ဆိုတာချိန့်လားလို့မေးရလောက်ပါတယ်။

ပူဇော်ထိုက်သူကိုပူဇော်ခြင်း၌လည်း လေဖြတ်သွားတဲ့ ဥပဇ္ဈာယ်ဆရာတော်ကို စာသင်အပျက်ခံပြီး သုံးနှစ်ကျော်ပြုစုပေးခြင်း၊ မွေးမယ်တော်ကို အိမ်တစ်ဆောင် မီးတပြောင်ထားပေးခြင်း၊ တရားဓမ္မဟောခြင်းဆိုတဲ့ အာမိသပူဇာ ဓမ္မပူဇာ နှစ်မျိုးစလုံးဖြင့် ပူဇော်ခဲ့ပြန်ပါတယ်။

၂။ တင့်သင့်လျောက်ပတ်တဲ့အရပ်မှာ နေရခြင်း၊ ရှေးကပြုသည့် ကောင်းမှုရှိခြင်း၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည် မြတ်သောမင်္ဂလာ။

၁၂၉၁-ခုနှစ်၊ တန်ခူးလဆန်း ၁-ရက်နေ့မှာ ဦးကုန္ဒာလောကနှင့်အတူ မင်းကွန်းမြေကိုရောက်ခဲ့ပါတယ်။ 'ငါတော့ စာကျက်လို့ ကောင်းတဲ့အရပ်ရောက်ပြီ'လို့ ဆရာတော်ကြီးကိုယ်တိုင် ထုတ်ဖော်ပြောခဲ့တဲ့ မင်းကွန်းမြေဟာ ဆရာတော်ကြီးအတွက် အောင်မြေပါပဲ။

မင်းကွန်းမြေကိုရောက်ပြီးတဲ့နောက်မှာ 'မျိုးစေ့မှန် အပင်သန်'ဆိုသလို ဆရာတော်ကြီးရဲ့ ရှေးအတိတ်က ပညာပါရမီမျိုးစေ့များ မှန်မှန်စိုက်ခဲ့မှုရှိခြင်း၊ ယခုဘဝ လုံ့လဝီရိယကြီးရင့်မှုတို့ကြောင့် ဆရာတော်ကြီးဟာ အာဒိကမ္မိက တိပိဋကရေ စတဲ့ ပညာတံခွန်စိုက်ထူနိုင်ခဲ့သူ ဖြစ်ခဲ့ပါတယ်။ အဲဒီလို စိုက်ထူနိုင်ခဲ့တာဟာ ဆရာသမားတွေရဲ့ ထိန်းကျောင်း မှုကို ခံယူပြီး မိမိကိုယ်တိုင်လည်း အာရုံမပြောင်းဘဲ တည်ကြည်စွာနေခဲ့တဲ့ အကြောင်းရင်းလည်းပါပါတယ်။

၃။ အကြားအမြင်များသောသူဖြစ်ခြင်း၊ အပြစ်မရှိသော အတတ်ကို တတ်ခြင်း၊ ကောင်းစွာ သင်အပ်သော ဝိနည်းရှိခြင်း၊ ကောင်းစွာဆိုအပ်သော စကားရှိခြင်းသည် မြတ်သောမင်္ဂလာ။

၁၉၉၀-ပြည့်၊ အောက်တိုဘာလ ၂၂-ရက် နံနက်ပိုင်း နိုင်ငံတော်အကြီးအကဲတို့ကိုပေးတဲ့ ဩဝါဒကို



တဝတ အတွင်းရေးမှူးမှ ကျန်းမာရေးမပြည့်စုံသေး၍ မင်းကွန်းသို့ပြန်မကြွရန် လျှောက်ထားနေပုံ



အရိယမဂ္ဂင်ဆရာတော်ကြီးအနီး မင်းကွန်းဆရာတော်ကြီး သီတင်းသုံးနေပုံ

ဖတ်ကြည့်ရင် ဆရာတော်ကြီးရဲ့ ဘာသန္တရဗဟုသုတရှိတာကို သိနိုင်ပါတယ်။'ဂျပန်လိုပြောတော့ 'အာရိဂတ်တော'ပေါ့။ 'အာရိဂတ်တော' ဆိုတဲ့စကားဟာ ပါဠိစကားပြောတာ။ 'အမိကာရော= ထူးထူး ကဲကဲ ကျေးဇူးပြုတယ်'လို့ဖြစ်တယ်။ ဆရာတော်ကြီး မိန့်ကြားခဲ့သည့်အတိုင်း ဖော်ပြခဲ့တာပါ။

ဆရာတော်ကြီး ပိဋကတ်သုံးပုံ အာဂုံဆောင်ခဲ့တဲ့အတွက် ကမ္ဘာ့ဉာဏ်အကောင်းဆုံးအဖြစ် မှတ်တမ်းတင်ခံခဲ့ရတာကို အားလုံးသိပါတယ်။

ပိဋကတ်သုံးပုံကို ထုံးလိုမွှေ ရေလိုနှောက် တတ်မြောက်ခဲ့တဲ့ ဆရာတော်ကြီးဟာ အပြစ်ကင်းတဲ့ အတတ်ကိုတတ်တယ်ဆိုတာ ယုံမှားဖွယ်မရှိပါဘူး။

ဆရာတော်ကြီးဟာ ဝိနည်းကို အင်မတန်လေးစားတဲ့ ဆရာတော်ဖြစ်ပါတယ်။ ၁၈-၉-၁၉၉၂-ခုနှစ် နေ့လယ်ပိုင်း ဒုတိယတိုင်းမှူးဦးအောင်ခင်က 'ဆရာတော်ဘုရား၊ ကျန်းမာရေးမကောင်းတဲ့အတွက် မင်းကွန်းပြန်မကြွပါနဲ့ဦးဘုရား' လျှောက်တော့ 'ဝါတွင်းကြီးဖြစ်နေတဲ့အတွက် ပြန်ကြွရမယ်' လို့ မိန့်တော်မူပါတယ်။

နောက်ပြီး တပည့်သံဃာများကိုပေးတဲ့ဩဝါဒဟာ သိပ်ကောင်းတယ်။ ကျောင်းထိုင်ဘုန်းကြီးများ သတိပြုသင့်တဲ့ အချက်တွေအများကြီးပါတယ်။ ဆရာတော်ကြီး ကျန်းမာရေး မကောင်းတော့ တပည့်သံဃာများအားခေါ်ပြီး 'ခုသီတင်းသုံးနေတဲ့ ကျောင်းတိုက်အားလုံး သံဃိကဖြစ်တယ်။ အသုံးအဆောင်အားလုံး သံဃိက။ ဝိနည်းတော်အတိုင်း ကိုက်ညီအောင်စီစဉ်ပါ။ ဘုန်းကြီးသေရင်ဘာမှမကျန်စေရဘူး။ ဘုန်းကြီးသေလို့ ပစ္စည်းကျန်တယ်ဆိုတာ ရှက်စရာကောင်းတယ်။ ဘုန်းကြီး အားလုံးသံဃိကလုပ်ထားတယ်။ ဟောဒီ ဘုန်းကြီးကိုယ်ပေါ်ဝတ်ရုံထားတဲ့ သင်္ကန်းလည်းသံဃိကပဲ'။ ကိုယ့်ကျိုးအတွက်မငဲ့ကွက်ဘဲ အများကိုပဲငဲ့ကွက်တဲ့ဆရာတော်ကြီးဟာ စာရေးသူတို့အားလုံးရဲ့ စံပြပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။

ပရဟိတသမားဆရာတော်ကြီးဟာ စကားပြောတဲ့နေရာမှာလည်း အလွန်ချိုသာပါတယ်။ မင်းကွန်းရွာရှိကလေးများဆိုလျှင် 'ဆရာတော်ကြီးကြွလာပြီ' ဆိုတဲ့အသံကြားရင်ပဲ ပျော်နေတတ်ကြပါတယ်။ အဲဒီလို ကလေးများပျော်နေတတ်တာဟာ ဆရာတော်ကြီးရဲ့ စကားကောင်း စကားချိုလေးတွေကြောင့်ပဲ ဖြစ်ပါတယ်။ တကယ်လို့သာ ငါက်ငမ်းဆဲရေး တိုင်းထွာတတ်ရင် အနားကိုမပြောနဲ့ အဝေးကမြင်ရုံနဲ့ 'ရှောင်လေးဝေးဝေး သူ့ရဲ့ဘေး'ပဲ ဖြစ်ပါလိမ့်မယ်။ ဆရာတော်ကြီး ပြောခဲ့တဲ့စကားတွေမှာ သာသနာ့တန်ဖိုး, မြန်မာ့တန်ဖိုး, ဘဝတန်ဖိုးတို့ကို မြှင့်တင်ပေးတဲ့စကားတွေ အများကြီးရှိပါတယ်။

၄။ အမိအဖကို လုပ်ကျွေးခြင်း၊ သားမယားတို့အား ထောက်ပံ့ခြင်း၊ အနှောင့်အယှက်မရှိတဲ့အလုပ်ကို လုပ်ခြင်းသည် မြတ်သောမင်္ဂလာ။

ဖတဆိုးလေး ဆရာတော်ကြီးဟာ တိပိဋကဓရဖြစ်တဲ့အချိန်မှာ မယ်တော်ကြီး ဒေါ်ဆင်ကို မင်းကွန်းသို့ ခေါ်ပြီး လိုတယ်မရှိ ပြုစု စောင့်ရှောက်ပါတယ်။ ဒါပေမယ့် မယ်တော်ကြီး မပျော်ပိုက်တဲ့အတွက် မိမိမွေးရပ်မြေမှာပဲ

ဆရာတော်ကြီး မွေးမိခင်
မယ်တော်ကြီး
ဒေါ်ဒေါ်ဆင်

အိမ်လေးဆောက်ပေးခဲ့ရပါတယ်။ ဆရာတော်ကြီးဟာ ဘုရားမြတ်စွာ ချီးမွမ်းတဲ့ မိဘကိုလုပ်ကျွေးခြင်းအမှုကို ပြုခဲ့ပါတယ်။

မိခင်ကိုစောင့်ရှောက်ထောက်ပံ့ရုံမက တပည့်သားသမီးများကိုလည်း စောင့်ရှောက်ထောက်ပံ့ပေးခဲ့ပါတယ်။ ၁၉၉၉-ခုနှစ်မှာ ဓမ္မနာဒတိုက်မှတပည့်တွေကို စာဝါပို့ချပေးခြင်း၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ကြွပြီး အလင်္ကာ၊ ဆန်းစာဝါပို့ချခြင်းများကို ပြုလုပ်ခဲ့ပြီး၊ ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်မှာ တိပိဋက-နိကာယ ကျောင်းတိုက်ကြီးကိုဖွင့်လှစ်ပြီး ဆရာတော်ကြီးလို တိပိဋကဓရများ ပေါ်ထွန်းအောင် လုပ်ပေးခဲ့ပါတယ်။ ဆရာတော်ကြီးဟာ တိပိဋကဓရလောင်းလျာများ ဆွမ်းကိုစွမပူပန်ရအောင် အဂ္ဂမဟာပဏ္ဍိတဘွဲ့နှင့် တိပိဋကဓရဘွဲ့တို့အတွက် ရရှိတဲ့ ဝတ္ထုငွေ ဆွမ်းဆန်တို့ကို တိပိဋက စာသင်သားများအတွက် ရာသက်ပန်လှူဒါန်းခဲ့ပါတယ်။ အဲဒီလို ဆရာတော်ကြီးဟာ တပည့်သားသမီးများကို ဓမ္မာ နုဂ္ဂဟ, ပစ္စယာနုဂ္ဂဟတို့ဖြင့် စောင့်ရှောက်ထောက်ပံ့ ပေးခဲ့ပါတယ်။

ဆရာတော်ကြီး ငယ်စဉ်က မိမိနှင့်သူတစ်ပါး ထိခိုက်နိုင်တဲ့ကစားနည်းများကို ကစားမှုမပြုခဲ့သလို သက်တော်ကြီးတဲ့ အခါမှာလည်း ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ အဖြေတာဝန်ယူပြီး ပိဋကတ်ထဲက အနှောင့်အယှက် ပုဒ်ပါဠိတွေကို ပြင်ဆင်ပေးခဲ့ပါတယ်။ နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ကြီးဘဝ ထမ်းရွက်ခဲ့တဲ့အလုပ်တွေဟာ မိမိနှင့်သူတစ်ပါးတို့အတွက် အနှောင့်အယှက်ကင်းတဲ့ အလုပ်တွေပဲ မဟုတ်ပါလား။

၅။ အလှူပေးခြင်း၊ တရားတော်နှင့်အညီ ကျင့်ခြင်း၊ ဆွေမျိုးတို့အားထောက်ပံ့ခြင်း၊ အပြစ်မရှိတဲ့အလုပ်ကိုလုပ်ခြင်းသည် မြတ်သောမင်္ဂလာ။

ဆရာတော်ကြီးရဲ့ စေတနာပြတ်သားစွာ လှူဒါန်းခဲ့တဲ့ အလှူဟာ များပြားလှပါတယ်။ သိသာရုံ ဖော်ပြရရင် မင်းကွန်းတောင်ရိုး ဒေါ်ဓမ္မစာရီဓမ္မာရုံ, တိုက်နယ်ဆေးရုံ, တိုင်းရင်းဆေးပေးခန်း, မူလတန်းကျောင်း, အထက်တန်းကျောင်း၊ မြင်းခြံမြို့ မဟာဓမ္မပါလ အုတ်ကျောင်း, တိပိဋက အဘိဓဇဓမ္မာရုံတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ စက်တော်ရာ စေတီတော်, မင်းဗလ စေတီတော်စတဲ့ ရှေးဟောင်းစေတီပုထိုးများကိုပြုပြင်ပြီး ပိဋကတ်စေတီတော်, ကမ္ဘဝါစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့ပါတယ်။ တစ်နှစ်လေးကြိမ် သက်ကြီးရွယ်အိုများ, ဆင်းရဲနွမ်းပါးသူများကိုလည်း အဝတ် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကိုလည်း လှူဒါန်းတော်မူပါတယ်။

ဆရာတော်ကြီးရဲ့ သဒ္ဓါအား လှူဒါန်းမှုအား မည်မျှကောင်းခဲ့သလဲဆိုတာ မြင်းခြံဆရာတော်ဦးစက္ကိန်ကို မိန့်တဲ့စကားကသက်သေပါပဲ။ 'တပည့်တော်ရဲ့ အပ္ပမာဒသတိ တရားနဲ့ ဒကာဒကာမတွေက သဒ္ဓါဒေယျဖြစ်တဲ့ လှူခဲ့တဲ့ ပစ္စည်းတွေကို အနုဂါမိကဥစ္စာ သံသရာပါအောင် တပည့်တော်ယူမယ်'လို့ မိန့်တော်မူခဲ့ပါတယ်။

ဆရာတော်ကြီးဟာ ကိုယ်တိုင်လည်း တရားနှင့်အညီ ကျင့်သလို သူတစ်ပါးကိုလည်း ကျင့်စေပါတယ်။ ဆရာတော်ကြီးမိန့်ခဲ့တဲ့ အောက်ပါဩဝါဒဟာ ဓမ္မကထိကများ သတိထားရမယ့်အကြောင်းတွေပါပဲ။

'မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များဟာ သနားစရာကောင်းတယ်။ သာသနာတော်အတွက် ပစ္စည်းလေးပါးပေးလှူလျက် သူတို့ဘက်ကတာဝန်ကို သူတို့ ကျေပွန်အောင်ထမ်းဆောင်ကြသော်လည်း ဘုရားဟောတရားများမှာမူ မူရင်းအတိုင်း သူတို့နားထဲမရောက်ဘဲရှိတယ်။ ဘုရားဟောတရားများကို ဘုရားဟောသည့်အတိုင်း သူတို့နားရောက်အောင် မပို့ပေးရင် တပည့်တော်တို့ဘက်က တာဝန်မကျေဘဲဖြစ်နေလိမ့်မယ်။ သူတို့နားထဲကို ဘုရားဟောတရားစစ်စစ် ရောက်စေချင်လို့ အပင်ပန်းခံကာ ပါဠိတော်ကြီးများကို အာဂုံဆောင်ပြီး ဟောနေရတာပဲ။ ပြီးတော့တစ်ခုရှိသေးတယ်။ တပည့်တော်က တိပိဋကဓရဆိုတော့ တပည့်တော် ဟောလိုက်တဲ့တရားဆိုရင် ရှင်ရောလူရော အသေအချာ မှတ်ထားတတ်ကြတယ်။ စာထဲ မပါတာတွေ တပည့်တော် ဟောမိရင်

သူတို့ အမှတ်မှားကြလို့ တပည့်တော်မှာ တာဝန်လေးသွားပါလိမ့်မယ်။ ဒီတော့ တပည့်တော်ကတော့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရှိကို အရှိအတိုင်းဟောမှာပဲ။ ပါဠိလေးရွတ်ပြီး ကိုယ်လိုရာဆွဲမပြောဘူး။ တရားဟောပလ္လင်ပေါ်ကနေ ဟောရတာဆိုတော့ တရားစစ်စစ် ပြောဟောတာပဲ ကောင်းပါတယ်'လို့ မိန့်ခဲ့တာဟာ ဆရာတော်ကြီး တရားနှင့် အညီကျင့်တယ်ဆိုတာ ထင်ရှားပါတယ်။

ဆရာတော်ကြီး အရင်းအဖျားမခွဲခြားဘဲ အများအကျိုးကို ဆောင်ရွက်ခဲ့တဲ့အတွက် ဉာတကာနဥ္စသင်္ဂဟ မင်္ဂလာကို သီးသန့်ဖြည့်ကျင့်နေစရာမလိုဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် မိမိရဲ့မွေးရပ်မြေမှာ အဘိဓဇ ကန့်ကူလက်လှည့် အုတ်ကျောင်း၊ သိမ်၊ ရိုးကူးတံတား၊ မူလတန်းကျောင်းများ၊ ငယ်စဉ်ကပညာသင်ခဲ့ရတဲ့ ကျောင်းတိုက်များကို ပြန်လည် ပြုပြင်တည်ဆောက်ပြီး လှူဒါန်းခဲ့ပါတယ်။ အဲဒီလိုပစ္စယာနုဂ္ဂဟဖြင့် ဆွေမျိုးများကိုချီးမြှောက်သလို ဓမ္မာနုဂ္ဂဟဖြင့်လည်း ချီးမြှောက်ခဲ့ပါတယ်။

ဆဋ္ဌသင်္ဂါယနာတင်မှုအစ သာသနာ့တက္ကသိုလ်ကျောင်းတိုက်များဖွင့်ပေးခြင်းအဆုံး ဆရာတော်ကြီး လုပ်ခဲ့တဲ့ အလုပ်အားလုံးဟာ အပြစ်မရှိတဲ့အပြင် ဘာသာသာသနာအကျိုး မြန်မာလူမျိုးတွေရဲ့အကျိုးတွေပဲ ဖြစ်ခဲ့တယ် မဟုတ်ပါလား။

၆။ မကောင်းမှုမှရှောင်ကြဉ်ခြင်း၊ မကောင်းမှုကို မလုပ်ခြင်း၊ သေအရက်မသောက်ခြင်း၊ တရားမမေ့ခြင်းသည် မြတ်သောမင်္ဂလာ။

'မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ' ဆောင်ပုဒ်ရှင်ဖြစ်တဲ့ ဆရာတော်ကြီးဟာ မကောင်းမှုကို ရှောင်ကြဉ်တော်မူတာကို နိကာယ်ဆောင် သံဃာတော်များကိုပေးတဲ့ ဩဝါဒကိုဖတ်ကြည့်ရင် သိပါတယ်။

'အရှင်ဘုရားတို့လည်း နေ့စဉ်နေ့စဉ် နိကာယ်စာပေတွေနဲ့တွေ့နေတော့ အရှင်ဘုရားတို့ နေ့စဉ် ဘုရားနဲ့ တွေ့နေတာပဲ။ ဘာလို့လည်းဆိုတော့ ငါတို့ဟာ နိကာယ်နဲ့အမြဲတွေ့နေတဲ့ ပုဂ္ဂိုလ်တွေ၊ နိကာယ်စာပေကို ကျက်၊ အံ၊ ကြံ၊ ကြည့်ဆိုတဲ့ ပရိယတ္တိအလုပ်ကိုလုပ်နေရင် ဘယ်ဟာမှ ဝင်ပြီးတော့ မလာပါဘူး။ ဒါကြောင့် တပည့်တော်များဆိုလိုရင်းက ဦးဇင်းတို့ နေ့စဉ်နေ့စဉ် ဘုရားနဲ့တွေ့နေတယ်။ ဦးဇင်းတို့၊ ကိုယ့်ကိုယ်ကို ဒီအတိုင်းအောက်မေ့ပါ၊ ဘုရားနဲ့တွေ့နေတဲ့ပုဂ္ဂိုလ်ပီပီ ကာမ၊ ဗျာပါ ဝိဟိံသာဆိုတဲ့ မိစ္ဆာဝိတက်တွေကို လက်မခံပါနဲ့။ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်ဆိုတဲ့ သမ္မာဝိတက်သုံးပါး ဦးဇင်းတို့ ဂေါစရဂါမ် ဖြစ်ပါစေ။ အေး. . . ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် ဆိုတဲ့ မိစ္ဆာဝိတက်တွေ မပေါ်အောင်သာ သတိပြုပါ' လို့ မိန့်တော်မူပါတယ်။

ဆရာတော်ကြီးဟာ အသက်နှင့်ဘဝကို အဓိပ္ပာယ်သိသိ အကျိုးရှိစွာ အသုံးချတော်မူခဲ့တဲ့ အတွက် အသက်နှင့်ဘဝကို အဓိပ္ပာယ်သိသိ အကျိုးရှိအောင် ဘယ်လိုအသုံးချရမယ်ဆိုတာကိုမသိတဲ့ အ,တတ လူတွေသောက်တဲ့ သေအရက်ကို မသောက်ခဲ့ဘူးဆိုတာ သေချာပါတယ်။ အဲဒီလို သေအရက်ကိုမသောက်တဲ့ ဆရာတော်ကြီးဟာ တရားလက်လွတ်မဖြစ်ခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဆရာတော်ကြီး ကျန်းမာရေးမကောင်းစဉ် အခါက 'ဦးဇင်းတို့၊ တပည့်တော်ရဲ့ ဒီခန္ဓာကိုယ်ကြီးကို ၃၂-ကောဋ္ဌာသကြီးကို ကမ္မဋ္ဌာန်းမြောက်အောင်ကြည့်ကြ၊ သတိလက်မလွတ်ဘဲနဲ့ ကြည့်ကြ'လို့ အနီးအနားမှာရှိတဲ့ ဦးဇင်းများကို မိန့်တော်မူခဲ့တဲ့အတွက်ကြောင့်ပါ။

နောက်ပြီး ဆရာဝန်ကြီးဦးသာလှအား 'ဒီရောဂါက ဘုန်းကြီးခန္ဓာကို ချွေမည့်ရောဂါဖြစ်တယ်။ အချိန်မရွေး ဘုန်းကြီး မျက်စိမှိတ်ဖို့အသင့်ရှိတယ်'လို့ မိန့်တော်မူခဲ့တဲ့ အတွက် ဆရာတော်ကြီး တရားလက်လွတ် မဖြစ်ခဲ့ဘူးဆိုတာကို ယုံမှားသံသယဖြစ်စရာမလိုဘူးလို့ ထင်ပါတယ်။

၇။ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ သူ့ကျေးဇူးကိုသိခြင်း၊ လျောက်ပတ်သောအခါ တရားနာခြင်းသည် မြတ်သောမင်္ဂလာ။

ဆရာတော်ကြီးရဲ့ ဂါရဝကြီးပုံပြောပြရရင် ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ဝိနည်းစာပြန်ပွဲမှာ ဓမ္မကထိကတွေ အစုံတက်ပါတယ်။ တစ်နှစ်မှာ ဆရာတော်ကြီး အစောကြီး ရောက်ပြီး အနီးစခန်းဆရာတော်က နောက်ကျမှ ရောက်လာခဲ့ပါတယ်။ အနီးစခန်းဆရာတော် ရောက်တယ်ကြားတော့ ဆရာတော်ကြီးဟာ ဂါရဝသွားပြုပါတယ်။ 'ငါ တိပိဋကရပဲ' ဆိုပြီး မာနထောင်လွှားမှုမရှိပါဘူး။ မာနမရှိတဲ့နေရာမှာ ရွှေဟင်္သာဆရာတော်ကြီးတို့ကတောင် အားကျအတုယူပါတယ်။ ဆရာတော်ကြီးဟာ တပည့်သံဃာ များနှင့် စကားပြောရင်တောင် 'တပည့်တော်၊ အရှင်ဘုရား'လို့ နူးညံ့ သိမ်မွေ့စွာ ပြောဆိုပါတယ်။

ဆရာတော်ကြီးဟာ အပ္ပိစ္ဆအလိုနည်းရောင့်ရဲခြင်း အပြည့်ရှိတော်မူပါတယ်။ တစ်နိုင်ငံလုံးကြွချီပြီး တရားချီးမြှင့်နေတဲ့ ဆရာတော်အတွက် သွားရေးလာရေး အဆင်ပြေစေဖို့ သင်္ဂါယနာမတင်မီလေးမှာ အစိုးရက ကားတစ်စီးလှူပါ

တယ်။ အဲဒီကားကိုကြည့်ပြီး 'ဘုန်းကြီးက တောဘုန်းကြီးပါ၊ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုးနဲ့ မလျှော်ပါ။ စေတနာကို ငဲ့ပြီး သင်္ဂါယနာတင်ပွဲပြီးအောင်တော့ သုံးပါ့မယ်'လို့ အလိုနည်းစွာ မိန့်ကြားတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ရောင့်ရဲနိုင်မှုဟာ အံ့မခန်းပါဘဲ။ ဆရာတော်ကြီးအိပ်ခန်းထဲမှာ ခေါင်းအုံးတစ်လုံး, ဖျာတစ်ချပ်, စောင်တစ်ထည်နဲ့ဆိုတာကို ကြားရတဲ့အခါ စာရေးသူ ကြက်သီးဖြန်းဖြန်းထ,မိပါတယ်။

ဆရာတော်ကြီးဟာ သူ့ကျေးဇူးကို အထူးသိတော်မူပါတယ်။ ဆရာတော်ကြီးရဲ့ ကျေးဇူးသိတတ်ခြင်းတွေက ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ။ မွေးမိခင်ကို ပစ္စယ, ဓမ္မ နှစ်ဌာနဖြင့် ကျေးဇူးဆပ်ခြင်း၊ ဥပဇ္ဈာယ်ဆရာတော်ကျန်းမာရေးမကောင်းစဉ် စာသင်သုံးနှစ်အပျက်ခံပြီး ပြုစုခြင်းတွေဟာ ပဏ္ဏာမလောက်ပဲ ရှိပါသေးတယ်။

အနီးစခန်းဆရာတော်နှင့် ကျိုက်ဝိုင်းဆရာတော်တို့ရဲ့ တရားဟောပုံများကို ဝေဖန်ဆန်းစစ်ပြတဲ့ ဆရာတော်ကြီးဟာ လျှောက်ပတ်တဲ့အခါ တရားနာတယ်ဆိုတာ သိသာပါတယ်။

၈။ သည်းခံခြင်း၊ ဆိုဆုံးမလွယ်ခြင်း၊ ရဟန်းတို့အား ဖူးမြင်ရခြင်း၊ လျောက်ပတ်သောအခါ တရားစကား ဆွေးနွေးမေးမြန်းခြင်းသည် မြတ်သောမင်္ဂလာ။

ဆရာတော်ကြီးရဲ့ သည်းခံမှုစွမ်းအား ကြီးမားလှပါတယ်။ ဆရာတော်ကြီး တရားဟောကြွတဲ့အခါ ရံဖန်ရံခါ သူကြိုနိုး ငါကြိုနိုးနဲ့ ဘယ်သူမှလာမကြိုလို့ ကိုယ့်ဘာသာ



မင်းကွန်းဆရာတော်ကြီး
အသုံးပြုတော်မူသော ကုတင်

ဆိုက်ကားငှားပြီး တရားပွဲမပျက်အောင် ကြွရတဲ့အခါလည်း ကြုံခဲ့ရပါတယ်။ 'ပင့်ထားပြီး လာမကြိုဘူး၊ မဟောဘူးကွာ။ ငါ့အတွက် တရားပွဲမရှားပါဘူး'ဆိုပြီး လှည့်ပြန်တာမျိုးမရှိခဲ့ဘူး။ တရားပွဲကုသိုလ်ရှင်တွေ သဒ္ဓါမပျက်အောင် ဟောမြဲဟောခဲ့တာပါပဲ။

ဒေါက်တာမောင်မောင်တို့မိသားစုကို ဆုံးမဩဝါဒပေးခဲ့တဲ့စကားကိုဖတ်ကြည့်ရင် ဆရာတော်ကြီးရဲ့ သည်းခံမှုစွမ်းအားကို ကြည်ညိုမဆုံးဖြစ်နေမှာပါ။ 'ဘုန်းကြီးကိုယ်တိုင် ဓမ္မပဒလာဂါထာတော်နှင့်အညီ နေထိုင်ပါတယ်။ မိမိကိုမလိုမုန်းထား ပြစ်တင်စကားပြောတဲ့ ရဟန်းသံဃာကို ကိုယ်က ဦးအောင်ကန်တော့တောင်းပန်လိုက်တာပဲ။ အဲဒီလို တောင်းပန်လိုက်တော့ ရန်ငြိမ်းပြီး မိတ်ဆွေကောင်း ဖြစ်စေတယ်။ သည်းခံခြင်း မေတ္တာတရားကို ဒါယကာကြီးတို့ ကောင်းကောင်းမှတ်သားပြီး ကျင့်ကြံပွားများကြ'လို့ ဩဝါဒပေးတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးဟာ ဆရာကြီးဒေါ်ဓမ္မစာရီ, ဆရာတော်ကြီးဦးပညာစက္ကတို့ရဲ့ ဆိုဆုံးမမှုကို နာခံခဲ့လို့သာ တိပိဋကဓရဖြစ်ခဲ့ပြီး မာနထောင်လွှားမှုမရှိခဲ့တာပါ။ 'တပည့်တော်အဖို့ ကံကောင်းတာက သာသနာ့မိခင်ကြီး ဆရာကြီးဒေါ်ဓမ္မစာရီနှင့် ဥပဇ္ဈာယ်ဆရာကောင်း ဆရာတော်ဦးပညာစက္ကတို့ရဲ့ ဝိနည်းကျင့်ဝတ်လိုက်နာကျင့်ဖို့နဲ့၊ အနှစ်အဆံမပြည့်တဲ့စပါးနှံများ ထောင်နေပုံ၊ အနှစ်အဆံပြည့်တဲ့ စပါးနှံများ ငိုက်နေပုံ ဥပမာပြသွန်သင်ဆုံးမမှုကြောင့် တိပိဋကဓရ လောင်းလျာရှင်ဝိစိတ္တသာရာဘဝမှာ ဝတ်ပုံ, စားပုံ, ပြောပုံ ဆိုပုံ, သွားလာနေထိုင်ပုံအချိုးကျပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးတွေ ရလာတော့လည်း မာနမရှိဘဲ ဆရာ့အဆုံးအမအတိုင်း လိုက်နာကျင့်သုံးတော့ ရဟန်းရှင်လူ ဖူးတွေ့သူတိုင်းရဲ့ လေးစားကြည်ညိုမှုကိုခံရတာပေါ့ဗျ' လို့ ဆရာတော်ကြီးက တပည့်ရင်း မြင်းခြံမြို့ မင်းကျောင်းဆရာတော် ဦးနန္ဒိယကို မိန့်ခဲ့ဖူးပါတယ်။

ဆရာတော်ကြီးဟာ သူ့ဘဝလှပခဲ့သလို နောက်လူတွေရဲ့ဘဝလှပဖို့အတွက် တိပိဋက=နိကာယကျောင်းတိုက်ကိုဖွင့်လှစ်ပြီး စာချ,စာသင်လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့ ဆရာတော်ကြီးအတွက် သမဏာနဉ္စဒဿနမင်္ဂလာဟာ အချိန်တိုင်း နေ့တိုင်းတိုးပွားခဲ့ပါတယ်။

ပိဋကတ်သုံးပုံအကုန်လုံးကို မဟာစည်ဆရာတော်ကြီးနှင့် အမေးအဖြေပြုလုပ်ခဲ့တဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲဟာ ဆရာတော်ကြီးရဲ့ သာသနာအတွက် အကျိုးကျေးဇူးကြီးလှတဲ့ ဓမ္မသာကစ္ဆာပွဲကြီးပဲ မဟုတ်လား။

၉။ လောကီအာရုံ၌မငြိကပ်ဘဲ ခြိုးခြံစွာကျင့်ခြင်း၊ မြတ်သောအကျင့်ကိုကျင့်ခြင်း၊ အရိယသစ္စာတို့ကို သိမြင်ခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာ။

ဆရာတော်ကြီး ကျောင်းမှာနေလည်း လက်နှိပ်စက် တချောက်ချောက်၊ တရားဟောသွားလည်း အညောင်းပြေ အမောပြေနားတယ်မရှိ လက်နှိပ်စက်ရိုက်နေတတ်တဲ့အတွက် လောကီအာရုံမှာ ခံစားဖို့အချိန်တောင်မရှိပါဘူး။ ဆရာတော်ကြီးက ပရိယတ်ဘက်ကို ဦးတည်သာသနာပြုနေတဲ့ အတွက် ပဋိပတ်ကျင့်ဖို့ မေ့နေသလားလို့ မေးစရာရှိပါတယ်။ ဒီအမေးကို ဆရာတော်ကြီးကိုယ်တိုင် ဖြေခဲ့ဖူးပါတယ်။ 'မေ့မေ့လျော့လျော့ မနေပါဘူး၊ အခွင့်ရတိုင်း အချိန်ရတိုင်း အာနာပါနဿတိ သမာဓိဘာဝနာလာရှိတဲ့ ဂဏနာနည်းနဲ့ သမာဓိကိုအခြေခံပြီး ဝိပဿနာနှလုံး ကျင့်သုံးပါတယ်'လို့ ဖြေခဲ့ပါတယ်။

ဆရာတော်ကြီးဟာ ရှင်နာဂသိန်လို မိမိဟောတဲ့ တရားကိုဆင်ခြင်ပြီး ဝိပဿနာရှုလို့ မဂ်ဝင်ဖိုလ်ပေါက် မဟုတ် စေကာမူ တရားသဘောကို နက်နဲစွာသိမြင်ခဲ့မှာ မလွဲပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဆရာတော်ကြီး ဟောခဲ့တဲ့ အနာထပိဏ္ဍိကောဝါဒသုတ္တန်စတဲ့ တရားတော်တွေဟာ စာတွေ့ ကိုယ်တွေ့ ပေါင်းစပ်ဟောထားလို့ပါပဲ။

အဲဒီလို ကိုယ်တိုင်လည်းကျင့် သူတစ်ပါးကိုလည်း ကျင့်စေခဲ့တဲ့ ဆရာတော်ကြီးအတွက် နိဗ္ဗာန်ရောက်ကြောင်း မြင်ခဲ့တယ်လို့ဆိုရမှာပဲ မဟုတ်ပါလား။

၁၀။ လောကဓံရှစ်ပါးနှင့်တွေ့ကြုံသည့်အခါ စိတ်မတုန်လှုပ်ခြင်း၊ စိုးရိမ်မှုမရှိခြင်း၊ ရမ္မက်ဟူသော မြူမရှိခြင်း၊ ဘေးမရှိခြင်းသည် မြတ်သောမင်္ဂလာ။

၁၉၈၈-ခုနှစ် ငွေစက္ကူကိစ္စဖြစ်တဲ့အခါ ဆရာတော်ကြီးက တပည့်များကို ဩဝါဒပေးတော်မူပါတယ်။ 'ဒီကနေထုတ်လိုက်တယ်ဆိုရင် နက်ဖြန် သဘက်ခါကျတော့ ဒီပြဿနာပေါ်တာပဲ။ အဲဒီဥစ္စာ တပည့်တော်တို့ကျောင်းမှာ ကိုးသောင်းကျော် တစ်သိန်းလောက် ပြဿနာဖြစ်မယ် ပြောပါစို့။ ဒါအမှန်ကတော့ ဒီဥစ္စာ တွေ့တတ်ကြုံတတ်တဲ့ အာမိသကိစ္စဟာ ဒီလိုပဲ တွေ့တတ်တယ်ဆိုပြီး တပည့်တော် စိတ်ထဲမှာ အဲဒီအတွက် ဘာမှစိတ်ဆင်းရဲမှုမရှိစေဘူး။ အမှန်လည်းမရှိပါဘူး။ ကိုယ်တော်တို့ ဒီလောကဓံကြောင့် ဦးဇင်းတို့ရဲ့စာပေ ပရိယတ္တိအားထုတ်မှုလျော့မသွားကြပါနဲ့' စသည်ဖြင့် ဩဝါဒပေးတော်မူပါတယ်။

ဆရာတော်ကြီးကိုယ်တိုင် အံ့သွားကျိုးလို့ ပြည်တည်ပြီး မခံမရပ်နိုင်အောင် ဒုက္ခဝေဒနာခံစားရတာ တောင် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးမှာ စာပြန်မပျက်ခဲ့ပါဘူး။

လောကဓံဆိုတာ လံကဓော ပြန်မပြော နားမထောင်လို့ ဂရုမစိုက်ဘဲနေလိုက်ရင် သူ့နေရာသူပြန်ပြေးတဲ့ အရာပါ။

ဆရာတော်ကြီးဟာ အသက်သေမှာကိုတောင် စိုးရိမ်ခြင်းမရှိခဲ့ပါဘူး။ တပည့်များကို ဩဝါဒချွေလျက် စာချလျက်ပါပဲ။ ဒါကြောင့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတွေကို ဘဝသက်တာပတ်လုံး လိုက်နာကျင့်သုံးခဲ့တဲ့ ဆရာတော်ကြီးဟာ ရမ္မက်သိမ်း၍ အေးငြိမ်းချမ်းသာ ဘေးကင်းကွာမှာ အမှန်ပဲ မဟုတ်ပါလား။

သဗ္ဗတ္ထမပရာဇိတာ-လို့ မင်္ဂလသုတ်နိဂုံးမှာ ဆိုထားတဲ့အတိုင်း ဆရာတော်ကြီးဟာ ဘယ်နေရာမှာမှ မဆုံးရှုံးခဲ့ပါဘူး။ အဲဒီလို ဘယ်နေရာမှာမှ အရှုံးမရှိခဲ့တဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒတွေကို လက်တွေ့လိုက်နာကျင့်သုံးကာ လောကကို အောင်နိုင်သူတွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့. . .။

'သာသနာစက်၊ ကျန်တစ်ဝက်လျှင်၊
ဆက်ဆက်ခွန့်ရှည်၊ ကြံ့ကြံ့တည်ဖို့-
တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့
တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့
တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့

တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ဘုန်းသုခ(ရတနာ)

သွာဂတံ တေ မဟာထေရ

ထီလာမောင်ရှင်

'မင်းကွန်းတိပိဋကဓရဆရာတော်ကြီး' ဟု ဆိုလိုက်လျှင် မြန်မာပြည်တစ်နံတစ်လျား မသိသူမရှိ သလောက်အောင် အလွန်ပင်ထင်ရှားၡ၏။ အဘယ့်ကြောင့် ဆိုသော် ကျေးဇူးတော်ရှင်ဆရာတော်ကြီးကား အမျိုး ဘာသာ သာသနာတော်အတွက် အသက်ကိုပင် ပဓာန မထား ဆောင်ရွက်သွားတော်မူခြင်းကြောင့်ဟု ဆိုရပါလိမ့် မည်။

ကျေးဇူးတော်ရှင်ဆရာတော်ကြီးသည် ပါရမီရှင် သာသနာ့အာဇာနည်ထေရ်မြတ်ကြီးတစ်ဆူ ဖြစ်တော်မူ ပါ၏။ ထိုထိုသို့သော သာသနာ့အာဇာနည် ပါရမီရှင်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့သည်ကား တစ်သက်တစ်ခါ ပေါ်ထွန်းလာရန် အလွန်တရာမှ ခဲယဉ်းလှပါ၏။ ထိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းလာပါကလည်း အမျိုးဘာသာ သာသနာတော် အကျိုးကို ပြောင်မြောက်စွာ ဆောင်ရွက်သွားနိုင်ကြပါ၏။

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ထင်ရှားမသေ့ ပေါ်ထွက်လာကြစေရန်လည်း အစဉ်အမြဲကြံဆ ရင်ထဲက ဆန္ဒအမှန်တွေနဲ့ တောင့်တမျှော်ကိုးမိကြပါ၏။ တောင့်တမျှော်ကိုးသည့်အတိုင်း ပေါ်ထွန်းလာပါကလည်း 'သွာဂတံ တေ မဟာအာဇာနည်ယောကျ်ားမြတ်၊ သင်၏လာခြင်းကား လူသားကောင်းကျိုး အမျိုးဘာသာ သာသနာအကျိုး ဖွံ့ဖြိုးစည်ပင်လာသည့်အတွက် ကောင်းသောလာခြင်းပါတည်း'ဟု သောင်းသောင်းဖြဖြ ကြိုဆိုကြသည်မှာ မုချဧကန်ဖြစ်ပါ၏။

မင်းကွန်းတိပိဋကဆရာတော်ကြီးသည်လည်း တစ်ခေတ်တစ်ခါ ထူးကဲစွာပေါ်ထွန်းလာသော အမျိုးဘာသာ သာသနာတော်အတွက် အဖိုးမဖြတ်နိုင်သော အနှိုင်းမဲ့ ကျေးဇူးရှင်ကြီးတစ်ဆူ ဖြစ်တော်မူပါ၏။ အနှိုင်းမဲ့ကျေးဇူးရှင် မင်းကွန်း အာဒိကမ္မိကတိပိဋကဓရဆရာတော်ကြီးကို 'သွာဂတံတေ မဟာထေရ-သာသနာ့ဥသျှောင် ထွဋ်ခေါင်ဥက္ကဋ္ဌ အာဇာနည် မဟာထေရ်မြတ်ကြီး ပေါ်ထွန်းထင်ရှားကြွရောက်တော်မူလာခြင်းသည်ကား အမျိုးဘာသာ သာသနာတော်အကျိုး တန်ခိုးဝေဖြာ ကြီးပွားစည်ပင်လာသဖြင့် ကောင်းသောကြွတော်မူလာခြင်းပါဘုရား'ဟု သောင်းသောင်းဖြဖြ ကြိုဆိုနေကြပါ၏။

ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ ဘဝသမိုင်းစာမျက်နှာကို ပြန်လှန်သုံးသပ်ကြည့်ကြမည်ဆိုပါက ဆရာတော်ကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် မန္တလေးတိုင်းဒေသကြီးသည်လည်းကောင်း၊ မြင်းခြံမြို့နယ်သည်လည်းကောင်း ရဟန်းပညာရှိ၊ လူပညာရှိ သူတော်ကောင်းတို့များစွာ ထင်ရှားပေါ်ထွက် နေထိုင်အခြေချရာ တိုင်း၊ မြို့နယ်များ ဖြစ်သည်ကို လူတိုင်းအသိပင်ဖြစ်ပါ၏။ မန္တလေးတိုင်း မြင်းခြံမြို့နယ်အဝင်အပါ ကျည်းပင်ရွာ ရွာသူကြီးဦးဆုံ+ဒေါ်ဆင် မိဘနှစ်ပါးတို့၏ ရင်၌ပေါက်ဖွားလာရခြင်းကား ဆရာတော်ကြီးအတွက် သပ္ပုရိသူပနိဿယ-သူတော်ကောင်းတို့ကို မှီဝဲရခြင်းဆိုသည့်မျိုးစေ့ကို ချပေးလိုက်ခြင်းပင်ဖြစ်ပါတော့၏။ယင်းမျိုးစေ့ကြောင့်ပင် မိဘများနှင့်အဘိုးအဘွားတို့၏ စာပေသင်ကြားပေးခြင်းအပြင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသာသနမဟာထေရ်တို့အထံ၌ ကံ့ကူလက်လှည့်ပညာများကို သင်ကြားခဲ့ရသည် မဟုတ်ပါလား။

ထိုမှတစ်ဖန် မြင်းခြံမြို့ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်၏ ခြေတော်ရင်းခိုလှုံကာ ပိဋကတ်အခြေခံ ကျမ်းစာများအပြင် ကဗျာ၊ လင်္ကာ၊ ရတု၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်-စသည် တို့ကို သင်ယူဆည်းပူးခွင့် ရခဲ့ပါ၏။ ၎င်းနောက် ဆရာတော် ဘဒ္ဒန္တသောဘိတမဟာထေရ် ဘဝနတ်ထံ ပျံလွန်တော်မူပြီးရာအခါ၌ကား မင်းကွန်းဒေသ ဓမ္မနာဒကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာစက္က မဟာထေရ်မြတ် အထံတော်သို့ ရောက်ရှိခဲ့ရပါ၏။ ယင်း မင်းကွန်းဒေသ ဓမ္မနာဒကျောင်းတိုက်သည်ကား တိတ်ဆိတ်ငြိမ်သက် ဝိဝေကအရပ်ဖြစ်၍ ဆရာတော်ကြီးငယ်စဉ် သာမဏေဘဝမှစကာ ဘဝနတ်ထံပျံလွန်တော်မူသည့်တိုင်အောင် သီတင်းသုံးလျက် ဆရာတော်ကြီး အလွန်နှစ်သက် သဘောကျသော အရပ်ဒေသ၊ ဆရာတော်ကြီး၏ သာသနာ့အောင်မြေလည်း ဖြစ်ခဲ့ပါ၏။

ဆရာတော်ကြီး ဓမ္မနာဒကျောင်းတိုက်သို့ ရောက်ချိန်ကစ၍ ဆရာတော်ကြီး၏ သပ္ပုရိသူပနိဿယစက် အစွမ်းကုန်လည်ပတ်နေချိန်ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီးကို ပါဠိစာစီစာကုံးမှစ၍ အထက်တန်းပိဋကတ်စာပေများကို သင်ကြားပေးတော်မူသော ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တပညာစက္ကမဟာထေရ်နှင့် ဆရာတော်ကြီး ကိုရင်ငယ်ဘဝမှစ၍ ဆရာတော်ကြီး ဖြစ်သည့်တိုင်အောင် သားရင်းပမာ ညင်ညင်သာသာ နားဝင်အောင် ပြောပြဆုံးမလေ့ရှိသည့် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် တွေ့ဆုံခဲ့ရသောကြောင့်တည်း။ ဒေါ်ဓမ္မစာရီဆက်သွယ်ပေးသောကြောင့်ပင် သာသနာပြုဖက် ရဟန်းဒါယကာကြီး ဆာဦးသွင်+ဒေါ်ဒေါ်သိန်းတို့နှင့် ဆုံဆည်းခဲ့ရသည်မဟုတ်ပါလား။

ထိုမှတစ်ဖန်'ဂုဏဝန္တေ ပဿန္တိ ဇနာ'ဟူသော ဒေသနာတော်အရ ဒကာဒကာမအပေါင်းတို့ကား စာမေးပွဲအောင်မြင်၍ အောင်ပန်းဆင်နိုင်သည့် ဂုဏ်ရှင် ကိုသာများသောအားဖြင့် ယုံကြည်ကိုးစား အားထားကြည်ညိုကိုးကွယ်လိုကြပါ၏။ စာမေးပွဲအောင်မြင်၍ ဘွဲ့ထူးဂုဏ်ထူးတွေကိုရမှ 'စာတတ်သည် စာတော်သည်'ဟု အသိအမှတ်ပြုကြ၏၊ ဆည်းကပ်လိုကြ၏၊ ချီးမြှင့်မြှောက်စားလိုကြ၏။

ဤသည်တို့ကား ခေတ်ကာလအရ ငြင်းဆန်၍ မရသော လောကဓမ္မတာတစ်ခုဖြစ်ပါ၏။ ယင်းသဘောသဘာဝကို ထိုစဉ်အခါက ကျေးဇူးတော်ရှင်ဆရာတော်ကြီး ရိပ်စားမိတော်မူပါလိမ့်မည်။ ထို့ကြောင့်ပင် ငယ်၊လတ်၊ကြီး၊

ပဋ္ဌမကျော်- စာမေးပွဲများမှအစ ပရိယတ္တိသာသနဟိတဓရ ဓမ္မာစရိယ (အာဒိဝင္ဝံသကာ)၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်များ၊ နောက်ဆုံး ထိုခေတ် ထိုအခါမှာ မည်သူမျှပြန်ဆိုခြင်းငှာ မစွမ်းနိုင်သော တိပိဋကဓရဆရာတော် အဖြစ်ဖြင့် အာဒိကမ္မိကဝိသိဋ္ဌ တိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဟူသော ပိဋကတ် စာပေပညာရေး၏ အထွတ်အထိပ်ဘွဲ့တံဆိပ်တော်များ တိုင်အောင် အဦးဆုံး အစဆုံး ထိပ်ဆုံးကသာ ထူးထူးချွန်ချွန် အောင်ပန်းဆင်တော်မူနိုင်ခဲ့ပါ၏။

ဤသို့အောင်ပန်းဆင်ခဲ့နိုင်လင့်ကစား ဆရာတော်ကြီး ကား ထိုထိုသောဂုဏ်ပုဒ်တို့၌ မိန်းမောတွေဝေ သာယာယစ်မူး ၍လည်း နေတော်မမူပါချေ။ အမျိုးဘာသာ သာသနာတော် တိုးတက်စည်ပင်ပြန့်ပွားရေးကိုသာ ဇွဲ,လုံ့လ,ဝီရိယထက်သန် စွာဖြင့် အစားလည်းမေ့ အအိပ်လည်းမေ့ကာ ပျော်မွေ့စွာ ကြိုးစားအားထုတ် ဆောင်ရွက်တော်မူခဲ့ပါ၏။ ထိုအချိန်မှ စ၍ ဆရာတော်ကြီးသည် ဘွဲ့တော်ဂုဏ်ထူးတော်တို့ကို ကြီးမားသော ဇွဲ,လုံ့လတို့ဖြင့်တန်ဆာဆင်တော်မူပြီး ဖြစ်ရ ကား စစ်မြေတလင်းဝယ် ချပ်ဝတ်တန်ဆာအပြည့်အစုံ ဝတ်ဆင်ကာ တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေသည့် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအလား ခန့်ညားထည်ဝါစွာ သာသနာ့ စစ်မြေပြင်၌ သာသနာ့ကိစ္စအဝဝတို့ကို ထိပ်ဆုံးက ပါဝင် ဆောင်ရွက်ရန် အသင့်ရှိနေပါတော့၏။

ထိုအချိန်ကား ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပ ပြုလုပ်ရန် စိုင်းပြင်းနေချိန်ဖြစ်ပါ၏။ ယင်းဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးအတွက် အဓိကအကျဆုံး လိုအပ်ချက်ဖြစ်သည့် တိပိဋကဓရ သာသနာ့အာဇာနည် ဖြစ်နေခဲ့ပါ၏။ အဓိက အကျဆုံး လိုအပ်ချက်ဖြစ်သည့် တိပိဋကဓရ သာသနာ့ အာဇာနည်ဖြစ်တော်မူသည့်အလျောက် ဆဋ္ဌသင်္ဂါယနာပွဲ ကြီးဝယ် ဝိဿဇ္ဇကအဖြေဆရာတော်အဖြစ်ဖြင့် နှုတ်မဆိတ် အသံမပြောင်း ချောင်းမဟန့် ရပ်တန့်ထစ်ငေါ့၍မနေ ပြေပြစ် ချောမောအသံတော်ဖြင့် ရွတ်ဆိုဖြေကြားတော်မူခဲ့ပါ၏။

ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို သုတ်သင် ပြင်ဆင်ရာ၌လည်း မူလဝိသောဓက, ပဋိဝိသောဓက, ဩသာနသော ဓေယျပတ္တပါဠက-တာဝန်တို့ကို အပင်ပန်းခံ ကာ တာဝန်ယူဆောင်ရွက်တော်မူခဲ့ပါ၏။ ယင်းသို့ တာဝန် တို့ကို ဆောင်ရွက်ရာတွင်လည်း ဂါရဝ, နိဝါတ, နိမ္မာန တရားလက်ကိုင်ထား၍ သံဃာ့ထေရ်တို့အား ရိုသေ ကိုင်းရှိုင်းစွာ ဆည်းကပ်လျှောက်ထားဆက်ဆံပုံတို့ကို တွေ့မြင်ရသော နိုင်ငံခြားသားပညာရှင် ရဟန်းတော်များက ‘ဤဒိသော လဏ်ာဒီပေပိ နတ္ထိ၊ ဇမ္ဗူဒီပေပိ နတ္ထိ= ဤလို အရှင်မျိုး သီဟိုဠ်ကျွန်း၌လည်းမရှိပါ၊ ဇမ္ဗူဒိပ်ကျွန်း၌လည်း မရှိပါ’ ဟု လက်ဖျစ်ရိုက်တီး အံ့ဩချီးမွမ်းကြရသည် မဟုတ် တုံလော။

ဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးသည့်နောက် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ခြောက်တွဲ, ရှစ်အုပ်ဖြင့် ပါဠိတော်, အဋ္ဌကထာတို့၌လာသော ဘုရားရှင်၏ ဖြစ်တော်စဉ်မှန်သမျှတို့ကို အကြွင်းအကျန်မရှိ ပြုစုတော် မူခဲ့ပါ၏။

ထို့ပြင် မိမိ၏ကျောင်းတိုက်ရှိ ရဟန်းသာမဏေ စာသင်သားသံဃာတို့ကိုလည်း စာပေပို့ချပေးခြင်း၊ မိမိ၏ ပင်ပန်းဆင်းရဲမှုတို့ကိုပင် ပဓာနမထား တိပိဋကဓရဟောစဉ်မူ အဖြစ်ဖြင့် တရားရေအေး အမြိုက်ဆေးများကို တိုက်ကျွေး ဟောကြားတော်မူခဲ့ပါ၏။ ဆရာတော်ကြီး ဟောကြားတော်မူ ခဲ့သော တရားတော်များကား ယခုအခါ ဟောစဉ်တရား စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေထားသဖြင့် တရားဟော ဓမ္မကထိက ကြီး,ငယ်တို့၏ မှီငြမ်းကိုးကား အားထား လက်ကိုင်ကြည့်ရှုရသော တရားစာအုပ်များ ဖြစ်ခဲ့ရပါ၏။ ဩော်. . . ဆရာတော်ကြီး၏ ဟောစဉ်တရားတော်များ ကား ဆရာတော်ကြီး နောင်လာနောက်သား ဓမ္မကထိက ဆရာတော်များအတွက်လည်း အကျိုးရှိပါပေစွ။

ထို့နောက် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသောအခါမှာလည်း နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ်အဖြစ် ဖြင့် သာသနာရေးရာကိစ္စအဝဝတို့ကို နေ့မအား ညမနား ကြိုးစားဆောင်ရွက်တော်မူခဲ့ပါ၏။ သာသနာတော်အတွက် ဆရာတော်ကြီး ဆောင်ရွက်သွားခဲ့သည့် အချက်အလက် တို့ကား တွေးကြည့်ရုံမျှဖြင့်ပင် အသက်ရှူမှားလောက်အောင် အံ့ဩမှင်သက်မိရပါသေး၏။

ဆရာတော်ကြီးကား မိမိကဲ့သို့ တိပိဋကဓရ သာသနာ့ အာဇာနည်အရှင်မြတ်များ ပေါ်ထွန်းလာရန် စိတ်ဆန္ဒ အလွန်အမင်းပြင်းပြတော်မူ၏။ စိတ်ဆန္ဒ အလွန်အမင်း ပြင်းပြတော်မူသည့်အားလျော်စွာ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋက=နိကာယ ကျောင်းတိုက်တော် ကြီးကို တည်ထောင်တော်မူပြီး တိ=နိစာသင်သားသံဃာတော်



တို့အား ဆွမ်းကွမ်း ဝေယျာဝစ္စ အပြည့်အစုံ အလုံ အလောက်ထောက်ပံ့ပေးကာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် စာပေများကို ကျက်မှတ်စေတော်မူခဲ့ပါ၏။ ယခုဆိုလျှင် ဆရာတော်ကြီး မျှော်မှန်းထား သည့်အတိုင်း ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော တိ=နိကျောင်းတော်ကြီးက သားတပည့် တိပိဋကဓရသာသနာ့အာဇာနည်ဆရာတော် များ ခုနစ်ပါးတိတိ ပေါ်ထွန်းလာခဲ့ပါ၏။

နိကာယ်ဆောင်သံဃာတော်များမွေးမြူရာ မိုးမိတ် တိ=နိကျောင်းတိုက်ကြီးကိုတည်ထောင်ရုံမျှ အားမရ မကျေနပ်သေးဘဲ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ ရန်ကုန်-မန္တလေးမြို့ကြီးများ၌ နိုင်ငံတော်အဆင့် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ရပ် တို့ကိုလည်း သက်တော်ကြီးရင့်နေသည့်တိုင် ပင်ပန်းဆင်းရဲမှုကို ပဓာနမထား ကိုယ်တော်တိုင် အနယ်နယ်အရပ်ရပ်သို့ ကြွသွားအလှူခံပြီး တည်ထောင်ပေးတော်မူပြန်ပါ၏။

လောက၌ အဘက်ဘက်မှပြည့်စုံသူတို့ကား အလွန် တရာမှရှားပါ၏။ ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော်ကြီး သည် သီလ,သမာ ပညာ သိက္ခာသုံးပါး အကျင့်မြတ်တရား များနှင့်လည်း အထူးပင်ပြည့်စုံလှ၏။ ဝိနယဂရုက လဇ္ဇီ ပေသလ သိက္ခာကာမ အပ္ပိစ္ဆဂုဏ်ရှင်လည်း ဖြစ်တော်မူပါ ၏။ နိုင်ငံတစ်ဝန်းရှိ စာမေးပွဲများစွာတို့၌ ထိပ်တန်းကနေ အစဦးဆုံးအောင်ပန်းဆင်နိုင်ပြီး ဘွဲ့ထူးဂုဏ်ထူးတွေ များစွာပင် ရရှိပိုင်ဆိုင်ထားသော ဂုဏ်များအရှင် ဖြစ်ပင် ဖြစ်ငြားသော်လည်း မာန်မာနမထား ဂါရဝ, နိဝါတ, နိမ္မာန တရားတို့နှင့်လည်း အထူးပင်ပြည့်စုံလုံလောက်တော်မူ၏။ ကရုဏာမေတ္တာတရားများလည်း အထူးပင်ကြီးမား၏။

ဆရာတော်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်များ ကား 'တစ်ဆူကွယ် တူတယ်လေ့ ထေရ်ဘုရား။ ချိုး, ချဲ့မလို မကုန်မို့၊ ဂုဏ်တော်ကိုပုံဖော်တဲ့အတိုင်း၊ နှိုင်းရမယ်လား'- ဟူသော ပညာရှင်တစ်ဦး၏ ကဗျာထဲကအတိုင်း ချိုးထား သော်လည်း မလုံ၊ စာပန်းချီရေးဖွဲ့၍ ချဲ့ထွင်ရေးသား သော် လည်း မကုန်မခန်းနိုင်အောင် များပြားလွန်းရကား ဤ ဆောင်းပါးငယ်လေး၌ အနည်းအကျဉ်းမျှလောက်သော ဂုဏ်တော်ကျေးဇူးတော်တို့ကိုသာ ထုတ်နုတ်ရွေးချယ်ကာ အောက်မေ့တမ်းတ မှန်းဆရည်ရော် မြတ်နိုးရိုသေစွာ ပူဇော်လိုက်ရပါ၏။

ယခု ၁၃၇၃-ခုနှစ်ရောက်သည့်အခါကား ကျေးဇူး တော်ရှင် မင်းကွန်းဆရာတော်ကြီး မီးရှူးသန့်စင်ဖွားမြင်ခဲ့ရာ ၁၂၇၃-ခုနှစ်မှစ၍ရေတွက်လျှင် သက်တော် ၁၀၀-ပြည့် ဖြစ် ပါသည်။ သက်တော်ရာပြည့်နှစ်ဖြစ်သည့်အတွက် ရာပြည့် ပူဇော်ပွဲကြီးကို ခမ်းနားထည်ဝါစွာကျင်းပပြုလုပ်ပြီး ဆရာတော် ကြီးအား အထူးတလည်ပူဇော်မှုမျိုးစုံဖြင့် ပူဇော်ကြတော့မည်။ ယင်းသက်တော်ရာပြည့်ပူဇော်ပွဲကြီးမှာ ဆရာတော်ကြီး၏ အနှိုင်းမဲ့ဂုဏ်ကျေးဇူးအနန္တတွေကို အောက်မေ့တမ်းတ ပူဇော်ကန်တော့သောအားဖြင့် 'သွာဂတံ တေ မဟာထေရ' ဟူသောခေါင်းစဉ်ဖြင့် ဂုဏ်ပြုပူဇော်ကန်တော့လိုက်ရပါ သည် အနှိုင်းမဲ့ကျေးဇူးတော်ရှင် သာသနာ့ထွတ်ခေါင် ဆရာတော် အရှင်မြတ်ကြီးဘုရား။ ။

ထီလာမောင်ရှင်

တိ=နိကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ။

ဆရာတော်ကြီးနှစ်ပါး၏

စကားနစ်ခွန်း

အရှင်ဉာဏောဘာသာလင်္ကာရ

(တန့်ဆည်)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး

စာရေးသူသည် ၁၃၃၅-ခုနှစ်၊ ၁၄-နှစ်သားအရွယ် သာမဏေဘဝမှစ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် စတင်နေထိုင်ခဲ့ပြီး၊ ၁၃၄၄-ခုနှစ်၌ မဟာဂန္ဓာရုံကျောင်းတိုက်မှ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့၏။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးသည် အရုဏ်ဆွမ်းဘုဉ်းပေးအပြီး နေ့စဉ်နေ့တိုင်း သံဃာတော်များအား သြဝါဒပေးတော်မူလေ့ရှိရာ ဆရာတော်ကြီး၏ သြဝါဒများကို ငါးနှစ်တိုင်တိုင် နေ့စဉ်နာယူခဲ့ရ၏။ မဟာဂန္ဓာရုံဆရာတော်ကြီးကား 'သာသနာ့သမိုင်းတွင် သြဝါဒအများဆုံး ပေးတော်မူသော ဆရာတော်'ဟု မှတ်တမ်းတင်ရမည့် ဆရာတော်ကြီး ဖြစ်ပေသည်။

ထို့အတူ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည်လည်း အာဒိကမ္မိကတိပိဋကဓရဆရာတော်ကြီးဖြစ်သည့် အားလျော်စွာ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း စသည့် ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံတော်အစိုးရဆိုင်ရာ ဓမ္မသဘင်ပွဲတော်များ၊ သံဃာ့အစည်းအဝေးပွဲကြီးများ၊ တိပိဋကဓရရွေးချယ်ရေး စာမေးပွဲဖွင့်ပွဲ, အောင်လက်မှတ်ဆက်ကပ်ပွဲ စသည်ပွဲများတွင် မကြာမကြာ သြဝါဒပေးတော်မူရ၏။ ကျောင်းတိုက်ကြီးများသို့ ကြွတော်မူလာလျှင်လည်း ကျောင်းတိုက်ဆိုင်ရာဆရာတော်များက သြဝါဒပေးဖို့ရန် လျှောက်ထားကြသဖြင့် သြဝါဒပေးတော်မူရ၏။

ဥပမာဆိုရသော်-စာရေးသူတို့ငယ်စဉ် ၁၃၃၉-ခုနှစ်၌ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူသောအခါ ပျံလွန်တော်မူပြီး လေးရက်မြောက်နေ့တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ကြွတော်မူကာ ဈာပနပွဲ၌သုံးရန် ဆန်များ ဆီများ လှူဒါန်းခဲ့၏။ မဟာဂန္ဓာရုံကျောင်းတိုက်

နာယကဆရာတော်များက သံဃာတော်များအား ဩဝါဒ ချီးမြှင့်ရန်လျှောက်ထားကြသဖြင့် မင်းကွန်းဆရာတော်ကြီးက-

'မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူသွားခြင်းသည် ခက်မငါးဖြာနှင့်ပြည့်စုံသော သာသနာ့ သစ်ပင်ကြီးမှ အရေးပါတဲ့ အကိုင်းကြီးတစ်ကိုင်း ကျိုးကျသွားသလို အစားထိုးမရ သောဆုံးရှုံးမှုဖြစ်ကြောင်း' စသည်ဖြင့် မိန့်တော်မူပြီး ဆက်လက်၍ 'တပည့်တော်ရဲ့ဆရာ ဆရာတော်ဦးပညာစက္က ပျံလွန်တော်မူစဉ်မှာ တပည့်တော်က ခုနစ်ဝါပဲ ရှိပါသေးတယ်။ ယခု မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူချိန်မှာ ကျန်ရစ်ခဲ့ကြတဲ့ နာယကဆရာတော်များဟာ ဝါ ၂၀-ကျော် မဟာထေရ် အရွယ်များဖြစ်ကြပါတယ်။ ကျောင်းတိုက်ကို ဆက်လက်ပြီး ညီညီညွတ်ညွတ်နဲ့ အုပ်ချုပ်နိုင်ကြမှာပါ'ဟုလည်းကောင်း၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့ ကိုယ်ကဤပုံ ဖြစ်လိုတုံလည်း စသည်ဖြင့် သောကငြိမ်းကြောင်းတရားကိုလည်းကောင်း မိန့်တော်မူပြီး ဩဝါဒ ပေးတော်မူခဲ့ပါသည်။

မဟာဂန္ဓာရုံကျောင်းတိုက်မှ နာယကဆရာတော်များသည်လည်း မင်းကွန်းဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးအဖုံဖုံတို့ကို အောက်မေ့ကြလျက် မင်းကွန်းဆရာတော်ကြီး ပျံလွန်တော်မမူမီ နှစ်ရက်အလိုတွင် မင်းကွန်းဆရာတော်ကြီးထံတော်သို့ အဖူးမြော် ရောက်တော်မူကြ၏။ ထိုအချိန်တွင် မင်းကွန်း ဆရာတော်ကြီး ကား မည်သူ့ကိုမျှစကားမပြော မျက်လုံးကိုမျှပင် ဖွင့်ကြည့်တော်မမူချေ။ ထို့ကြောင့်အားလုံးက ဆရာတော်ကြီး သတိမရှိတော့၊ မျက်လုံးပင် မဖွင့်နိုင်တော့ဟု မှတ်ယူထားကြ၏။

မဟာဂန္ဓာရုံနာယကဆရာတော်များသည်လည်း ထိုသို့ပင်မှတ်ယူကြလျက် ဆရာတော်ကြီးက ပြန်လည်အမိန့်မရှိနိုင်သော်လည်း ကြားမည်ဆိုကကြားနိုင်အောင် 'မဟာဂန္ဓာရုံကျောင်းတိုက်မှ နာယကဆရာတော်များ စုံစုံညီညီ ဆရာတော်ကြီးအား လာရောက်ဖူးမြော်ကြပါသည်ဘုရား' ဟု လျှောက်ထားသောအခါ မျက်စိလုံးဝမဖွင့်သော (လုံးဝမဖွင့်ဟုယူဆထားကြသော) ဆရာတော်ကြီးသည် ကန်တော့ခြင်းကိုအသိအမှတ်ပြုဟန်ဖြင့် မျက်လုံးတော်ဖွင့်ကြည့်တော်မူပြီး မျက်စိပြန်မှိတ်သွားကြောင်း မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကအရှင် ဣန္ဒောဘာသာဘိဝံသက စာရေးသူနှင့် မဟာဂန္ဓာရုံအနုနာယက အရှင်တိက္ခဉာဏ (ထိုစဉ်က တိပိဋက-နိကာယကျောင်းတိုက်ကြီး၏ အနုနာယက) အား မိန့်တော်မူ၏။

တစ်ဆက်တည်းမှာပင် ဆရာတော် ဦးဣန္ဒောဘာသာဘိဝံသက 'ဆရာတော်ကြီးက စကားမပြောနိုင် မျက်စိမဖွင့်နိုင်ဆိုတာ မဟုတ်ဘူးကွ၊ စကားမပြော မျက်စိမဖွင့်ဘဲ သူ့အလုပ် သူလုပ်နေတာပဲဖြစ်မယ်' ဟု မှတ်ချက်ပြုတော်မူ၏။

ဤသို့လျှင် မင်းကွန်းဆရာတော်ကြီးသည် ကျောင်းတိုက်ကြီးများသို့ရောက်လျှင် ဩဝါဒပေးတော်မူရလေ့ရှိ၏။ ထို့အတူ မိုးမိတ်ကုန်းမြေ၌ ဝါဆိုဦးတစ်ကြိမ်, စာဖြေခါနီး တစ်ကြိမ် ပုံမှန်ဩဝါဒများပေးပြီး ကြားကာလများတွင်လည်း အကြောင်းအားလျော်စွာ ဩဝါဒပေးတော်မူ၏။ ဆရာတော်ကြီးသည် အကြောင်းကိစ္စရှိ၍ တိ-နိသံဃာတော်များအား ဩဝါဒပေးလိုသောအခါ သံချောင်းခေါက်၍ သံဃာတော်များကို စည်းဝေးစေပြီး မာမာထန်ထန်လေသံ မပါဘဲ မေတ္တာအပြည့်ရှိသောလေသံဖြင့် ဩဝါဒပေးတော်မူလေ့ရှိ၏။

တစ်ခါသော် ဆရာတော်ကြီးသည် ပရိတ်မရွတ်မီ တိ-နိသံဃာတော်များအား 'အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့က အသက်ကြီးပါပြီ။ တပည့်တော်ကို ငဲ့ညှာ၍ ဖြည်းဖြည်းမှန်မှန်ဖြင့် ပရိတ်ရွတ်တော်မူကြပါ ဘုရား'ဟု လျှောက်၍ မေတ္တသုတ်ပရိတ်ကို ရွတ်တော်မူ၏။ ပဌမပိုင်းတွင် သံဃာတော်များသည် ဆရာတော်၏ဩဝါဒအတိုင်း ဖြည်းဖြည်းမှန်မှန် ပရိတ်ရွတ်၏။ တဖြည်းဖြည်းနှင့် အရှိန်ရလာသောအခါ ယခင်အတိုင်း လျင်မြန်စွာ ရွတ်မိကြ၏။ ပရိတ်ရွတ်၍ပြီးဆုံးသောအခါ ဆရာတော်သည် စိတ်တိုသောအမျက်ထွက်သောအသံမပါဘဲ ပကတိ အေးဆေးသောအသံဖြင့် 'အရှင်ဘုရားတို့၊ တပည့်တော်လည်း ပရိတ်မရွတ်နိုင်လောက်အောင် မအိုသေးပါဘူး၊ ကြည်ညိုဖွယ်ဖြစ်အောင် ဖြည်းဖြည်းမှန်မှန် ရွတ်ကြပါလို့ ပြောတာပါ'ဟု မိန့်တော်မူ၏။ ဤသို့ဤသို့အားဖြင့် မင်းကွန်းဆရာတော်ကြီးသည်လည်း ဩဝါဒပေါင်းများစွာကို ပေးတော်မူခဲ့သည့် ဆရာတော်ကြီးဖြစ်ပါသည်။

* * *

ဆရာတော်ကြီးစီးတော်မူခဲ့သော ဂျစ်ကား

မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် မင်းကွန်းဆရာတော်ကြီးတို့ သံဃာ့ပရိသတ်, လူပရိသတ်အလယ်တွင်ပေးခဲ့သော ဩဝါဒများကို စာရေးသူသည် ပရိသတ်များနှင့်အတူ နာယူခဲ့ရဖူးပါ၏။ အချို့အချို့သောဩဝါဒများကို မှတ်မိနေသော်လည်း အချို့ဩဝါဒတို့ကိုကား မေ့မေ့ပျောက်ပျောက်ဖြစ်သွား၏။ သို့သော် စာရေးသူတစ်ဦးတည်းကိုပေးခဲ့သည့် ဆရာတော်ကြီးနှစ်ပါး၏ ဩဝါဒ စကားနှစ်ခွန်းကိုကား ကြီးကျယ်သော ဩဝါဒတို့မဟုတ်သော်လည်း ယနေ့တိုင် မမေ့နိုင်ပါ။ ယင်းဩဝါဒတို့မှာ ဤသို့ဖြစ်ပါသည်။

တံခါးဖွင့်ပြီးရင် ဘောက်ချိတ် ချိတ်

မဟာဂန္ဓာရုံဆရာတော်၏ပထမဩဝါဒမှာ စာရေးသူ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသို့ရောက်ခါစ ၁၃၃၅-ခုနှစ်က ဖြစ်၏။ ဆရာတော်ကြီးသည် နံနက်ခင်း ဩဝါဒပေးပြီးသောအခါ အချို့ရက်များတွင် သီတင်းသုံးရာကျောင်းသို့ ပြန်ကြွတော်မူ၏။ အချို့ရက်များတွင် သီတင်းသုံးရာကျောင်းသို့ ပြန်မကြွသေးဘဲ ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုတော်မူလေ့ရှိ၏။

၁၃၃၅-ခုနှစ် တစ်ခုသောနံနက်ခင်းတွင် စာရေးသူ ဩဝါဒနာယူပြီးအပြန် ထိုစဉ်က စာရေးသူတို့ နေထိုင်ရာ တိုက်သစ်ကျောင်းဆောင်အပေါ်ထပ် မြောက်ဘက်မှ ပြတင်းပေါက်ကိုဖွင့်ပြီး ဘောက်ချိတ် မချိတ်ဘဲ ထားလိုက်မိ၏။ စာရေးသူတံခါးဖွင့်ပြီးချိန်နှင့် ဆရာတော်ကြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုရင်း ညွှန့်သန်းကျောင်းနှင့် တိုက်သစ်ကျောင်းဆောင်ကြားရောက်လာချိန် တိုက်ဆိုင်သွား၏။

တံခါးဖွင့်သံကြားသဖြင့် ဆရာတော်ကြီးသည် မော့ကြည့်တော်မူပြီး ဘောက်ချိတ်မချိတ်ဘဲတံခါးဖွင့်ထားသည်ကို တွေ့ရသောအခါ 'ခုနက အပေါ်ထပ်ကတံခါး ဘယ်သူဖွင့်တာလဲ၊ ဖွင့်သူကို ခေါ်ခဲ့ပါ'ဟု အခေါ်ခိုင်းသဖြင့် စာရေးသူသည် သင်္ကန်းကို လက်ကတော့တင်ပြီး ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆရာတော်ကြီး၏ရှေ့မှောက်သို့ သွားရောက်ခဲ့ရ၏။ ဆရာတော့်ရှေ့မှောက်ရောက်သောအခါ-

'ကိုရင် ဘယ်သူ့တပည့်လဲ'။

'ဦးတေဇဝန္တတပည့်ပါ အရှင်ဘုရား'။

'ကိုရင့်ဆရာက တံခါးဖွင့်ပြီးတိုင်း ဘောက်ချိတ်ချိတ်ဖို့ မပြောဘူးလား'။

'ပြောပါသည် အရှင်ဘုရား'။

'ဒါဆို ဘာပြုလို့ တံခါးဖွင့်ပြီး ဘောက်ချိတ် မချိတ်သလဲ'။

'မေ့သွားလို့ပါ အရှင်ဘုရား'။

'နောက် မမေ့စေနဲ့၊ တံခါးဖွင့်ပြီးတိုင်း ဘောက်ချိတ်ချိတ်၊ ဘောက်ချိတ်မချိတ်ချင်ရင် တံခါးမဖွင့်နဲ့၊ ဘောက်ချိတ်မရှိရင် တံခါးမဖွင့်နဲ့'ဟု ဩဝါဒပေးတော်မူ၏။

ထိုသြဝါဒကို ယခုအချိန်ထိ ကြားယောင်ဆဲဖြစ်ပြီး၊ ယင်းဝါဒအတိုင်း မိမိကျောင်းရှိ ကိုရင်ငယ်များအား ပြန်၍ သြဝါဒပေးနေရ၏။

စကားပြောရင် လိုရင်းကိုပဲပြောပါ

ဒုတိယသြဝါဒမှာ ၁၃၃၇-ခုနှစ်ခန့်တွင် ဖြစ်၏။ စာရေးသူသည် ထိုအချိန်က ဆေးကျောင်းကြီးအမည်ရှိ ကျောင်းဆောင်တွင် နေထိုင်ခိုက်ဖြစ်၏။ ဆေးကျောင်းကြီးမှာ မူလသစ်သားကျောင်းဟောင်းကို အုတ်နံရံများတက်၍ ပြုပြင်ပြီးခါစ ဖြစ်၏။

တစ်ခုသောနံနက်ခင်းတွင် ဆရာတော်ကြီးသည် ကျောင်းတိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုရင်း ဆေးကျောင်းကြီးအနီးသို့ ရောက်လာသောအခါ စာရေးသူကိုမြင်၍ 'ကိုရင်၊ လာစမ်း လာစမ်း၊ ကျောင်းအောက်မြေတိုက်ထဲ ခွေးဝင်သွားတယ်၊ မောင်းစမ်း'ဟုခိုင်းသဖြင့် မြေတိုက်အတွင်းသို့ငုံ့ဝင်၍ ခွေးကိုမောင်းထုတ်ပြီး အပြင်သို့ထွက်လာခဲ့၏။

'ကိုရင်၊ ခွေးရှိသေးသလား'ဟု ဆရာတော်ကြီးက မေးရာ 'ခွေးတော့မရှိပါဘူးဘုရား'ဟု စာရေးသူကလျှောက်ထားလိုက်မိသည်တွင် 'ခွေးမရှိရင် ခွေးချေးရှိသလား'ဟု မိန့်သဖြင့် 'ခွေးချေးလည်းမရှိပါအရှင်ဘုရား'ဟု ပြန်လည်လျှောက်ထားသောအခါ 'စကားဆိုတာ အပိုမပြောရဘူး၊ လိုရင်းပဲပြောရတယ်။ စကားတစ်လုံးပိုရင် အဓိပ္ပာယ်တစ်မျိုးထွက်တယ် မှတ်ထားပါ'ဟု မိန့်တော်မူခဲ့ပါသည်။

* * *

၁၃၄၄-ခုနှစ်၊ ဝါဆိုလဆန်း ၇-ရက်တွင် စာရေးသူသည် မဟာဂန္ဓာရုံကျောင်းတိုက်မှ မိုးမိတ်ကုန်းမြေသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါသည်။

စာရေးသူတို့ရောက်စအချိန်တွင် တီးနိကျောင်းတိုက်၌ မင်းညွန့်အမည်ရှိ မော်တော်ရေယာဉ်နှင့် ပဲ့ထောင်မော်တော်လေးသာရှိ၏။ မော်တော်ကားများ မရှိသေး။ မင်းကွန်းတောင်ရိုးတစ်ခုလုံးတွင်လည်း ဆရာတော်ကြီးစီးသည့် ဂျစ်ကားငယ်လေးတစ်စီးသာရှိ၏။ ပဲ့ထောင်မော်တော်လေးဖြင့် ဒေါ်ကြူအမည်ရှိ အဝယ်တော်က မင်းကွန်းဆိပ်မှ မန္တလေးသို့ နေ့စဉ် ဈေးဝယ်သွားရ၏။ ဈေးသွားဈေးပြန် ထန်းမြင့်ရွာမှ လှည်းတစ်စီးက တာဝန်ယူပြီးကြိုပို့ရ၏။ ထိုစဉ်က တီးနိကျောင်းတိုက်ရှေ့တွင် လှည်းများရပ်နားခြင်းလည်းမရှိသေးပါ။ သံဃာတော်များဆေးရုံကိုစွစသည်ဖြင့် မင်းကွန်းဘက်သို့ သွားလိုက ရွာထဲမှ လှည်းကိုခေါ်ရ၏။

မင်းကွန်းဆရာတော်ကြီးသည် မိုးမိတ်ကုန်းမြေသို့ ဆွမ်းအနုမောဒနာတရားဟောရန် ဂျစ်ကားလေးဖြင့် နေ့စဉ်ကြွလာတော်မူကာ ဆွမ်းအနုမောဒနာတရားဟောပြီး၍ ပြန်ကြွခါနီးတိုင်း 'ဆေးရုံတို့ဘာတို့ လိုက်မည့် သံဃာရှိသေးလား' ဟုမေးပြီး တီးနိကျောင်းတိုက်မှ သံဃာများကို ဆေးရုံစသည်သို့ ပို့ပေးတော်မူလေ့ရှိ၏။

စာရေးသူသည် မိုးမိတ်ကုန်းမြေသို့ရောက်ပြီး မကြာမီမှာပင်ဖျားသဖြင့် စာရေးသူနေထိုင်ရမည့် သမ္မာအာဇီဝကောလင်းကျောင်းဆောင်သို့ မပြောင်းရွှေ့နိုင်သေးဘဲ ဓမ္မရက္ခိတကျောင်း၌သာ ခေတ္တနေရ၏။ လေး,ငါးရက်ကြာသော်လည်း အဖျားကမပျောက်၍ မင်းကွန်းဆေးရုံသို့သွားပြီး ဆရာဝန်ထံ ပြရမည်ဖြစ်နေ၏။

ဆရာတော်ကြီးသည် ဆွမ်းအနုမောဒနာတရားဟောပြီး၍ ပြန်ကြွခါနီး၌ 'ဆေးရုံလိုက်မည့်သံဃာ ရှိသေးသလား' ဟုမိန့်တော်မူသဖြင့် ဂိလာနတစ်ပါးလိုက်လိုကြောင်းလျှောက်ထားပြီး ဦးဥတ္တမာဘိဝံသနှင့်အတူ ဆရာတော်ကြီး၏ကားပေါ်တွင် လိုက်ပါခဲ့ရ၏။ ဆရာတော်ကြီးသည် စာရေးသူအား ဆေးရုံသို့ပို့ပြီး ဓမ္မနာဒကျောင်းတိုက်သို့ကြွတော်မူ၏။ ဆရာတော်ကြီး ကျောင်းရောက်ပြီးနောက် ကားကို ဆေးရုံသို့ တစ်ဖန်ပြန်လွှတ်၍ စာရေးသူတို့ကို တီးနိကျောင်းတိုက်သို့ ပြန်ပို့ပေးစေ၏။

နောက်ရက်တွင် ဆရာတော်ကြီးက 'မနေ့က ဆေးရုံလိုက်ခဲ့တဲ့ဦးဇင်းလေးကို ပင့်လိုက်ပါ'ဟု ခေါ်ခိုင်းသဖြင့် စာရေးသူသည် ဆရာတော်ကြီး၏ရှေ့မှောက်သို့ ရောက်လာခဲ့၏။ စာရေးသူသည် ခုနစ်ရက်ခန့်ဖျားနေပြီး ရေကလည်း မချိုးရသေးသဖြင့် လူပုံက ညည်းသိုးသိုးဖြစ်နေ၏။ အဖျားသက်သာခါစ ဂိလာနဖြစ်၍ ပသာဒရုပ်များကလည်း ညှိုးနွမ်းနေ၏။ နဂိုကပိန်သောခန္ဓာကိုယ်တွင် ဆံပင်ကလည်း ရှည်နေပြန်သဖြင့် ပိုပြီးပိန်သလိုဖြစ်နေ၏။

ဆရာတော်ကြီးရှေ့မှောက် ရောက်လာသော စာရေးသူအား ဆရာတော်ကြီးက'ဦးဇင်းလေး၊ နေကောင်းသွားပြီလား။ ဟောဒီအားဆေးက အမေရိကန်ကလာတာ၊ တော်တော်ကောင်းတယ်၊ အဖျားပျောက်ရင် ဆွမ်းစားပြီးတိုင်း တစ်နေ့တစ်လုံးဘုဉ်းပေး'ဟု မိန့်တော်မူပြီး ဆေးအလုံး



တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး နံနက်ခင်းဩဝါဒ ချီးမြှင့်တော်မူစဉ်

သုံးဆယ်ပါသည့် UNICAPM အားဆေးတစ်ဘူး ချီးမြှင့်တော်မူ၏။ ထို့နောက် ဆရာတော်ကြီးသည် ရှိခိုးဦးချနေသောစာရေးသူကို ကြည့်တော်မူ၍ 'ဦးဇင်းကလည်း သေးလိုက်တာ'ဟု မိန့်တော်မူလိုက်လေသည်။

မင်းကွန်းဆရာတော်ကြီးထံမှ ဒုတိယဩဝါဒတော်ကို ၁၃၄၇-ခုနှစ်ခန့်က မှတ်သားနာယူခဲ့ရ၏။

ထိုစဉ်အခါက ဆရာတော်ကြီးသည် မြန်မာပြည်အနှံ့ ကြွတော်မူ၍ တရားပွဲပေါင်းများစွာ ဟောတော်မူ၏။ တရားဟောရန် မြို့တစ်မြို့ ရွာတစ်ရွာသို့ဝင်ခါနီးတိုင်း 'မြို့စောင့်နတ် ရွာစောင့်နတ်များအမှူးထား၍ မြို့သားမြို့သူ ရွာသားရွာသူ ခပ်သိမ်းသူ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ'ဟု မေတ္တာပို့ပြီးမှ ဝင်တော်မူ၏။ ထို့ကြောင့် ကြွရောက်လေရာ အရပ်တိုင်း၌ ဆရာတော်ကြီးအား ရဟန်းသံဃာများကလည်း ကြည်ညိုကြ၏။ ဒကာ ဒကာမများကလည်း ကြည်ညိုကြ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၌ အံ့ဖွယ်လေးပါး ရှိကြောင်းဟောတော်မူရာတွင် 'ရဟန်းတို့ . ၊ဘိက္ခုဘိက္ခုနီ ဥပါသကာ ဥပါသိကာမ ပရိသတ်လေးပါးသည် အာနန္ဒာကို ဖူးမြော်ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ အာနန္ဒာ၏ တရားတော်ကို ကြားနာရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ အာနန္ဒာကိုဖူးမြော်ရခြင်း တရားတော်ကို နာယူရခြင်း၌ တင်းတိမ်ရောင့်ရဲခြင်း မရှိကြ'ဟု သုတ္တပိဋက၊ အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ၊ အာနန္ဒအစ္ဆရိယသုတ်၌ ဟောတော်မူခဲ့၏။ **အံ၊၁။၄၄၈။**

ဤသို့ဆရာတော်ကြီးကို အမြို့မြို့အရွာရွာရှိ အချို့ရဟန်းရှင်လူများက ကြည်ညိုကြကြောင်းကို ကြားသိရဖူးသော်လည်း ကိုယ်တွေ့မကြုံဖူးပေ။ ယခုအခါမှသာ ကိုယ်တွေ့ ကြုံရ၏။

ကြုံရပုံမှာ မင်းကွန်းဆရာတော်ကြီး၏ သက်တော်ရာပြည့်ပွဲတော်တွင် ဆရာတော်ကြီး၏ ပုံတော်အမျိုးမျိုးကို ဓာတ်ပုံပြခန်းတို့၌ ပြသရန်၊ ရာပြည့်စာစောင်တွင် ပုံတော်များ စုံစုံလင်လင်ဖော်ပြနိုင်ရန် ဓာတ်ပုံများ စုဆောင်းရာ၌ 'ဆရာတော်ကြီး၏ဓာတ်ပုံများကို ငှားရမ်းကြပါရန် စာရေးသူ၏ ကျောင်းလိပ်စာဖြင့် သတင်းစာမှ ကြော်ငြာထည့်ခဲ့ရာ သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ဟိုမှဒီမှ ဖုန်းဆက်ကြ၏။ ရန်ကုန်မြို့တွင်းသာမက အနယ်နယ်အရပ်ရပ်မှ ဆက်ကြ၏။ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းမှတစ်ပါး ကျန်ပြည်နယ်နှင့် တိုင်းများမှ ဖုန်းဆက်၍ မေးမြန်းကြ၏။ ဆက်လာသောဖုန်းများကို ပြန်လည်ဖြေကြားနေရ၍ အခြားအလုပ်များကိုပင် ဖြောင့်ဖြောင့်မလုပ်နိုင်သဖြင့် ကိုရင်တစ်ပါးအား ဗလာစာအုပ်တစ်အုပ်နှင့်ဘောလ်ပင်တစ်ချောင်း ပေးပြီး ဖုန်းအနား၌ စောင့်ခိုင်းထားရ၏။

အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံများကို စာတိုက်မှလည်းပို့ကြ၏။ ကားဖြင့်ပို့၍ ကားဂိတ်သို့ သွားပြီးရွေးယူရ၏။ ရထားဖြင့်ပို့သဖြင့် ရန်ကုန်ဘူတာကြီးသို့ သွားရောက်စောင့်ကြိုယူစေရ၏။ ရန်ကုန်မြို့တွင်းရှိ အချို့ပုဂ္ဂိုလ်များ

သည် လူကိုယ်တိုင် လာရောက်ပို့ကြ၏။ အချို့သူများထံ သွားရောက်၍ ယူရ၏။ သို့ဖြင့် ရရှိလာသောဓာတ်ပုံများကို SCANNER စက်ဖြင့် ဖတ်ပြီးကူးယူခဲ့ရာ ဓာတ်ပုံပေါင်း ၅၀၀၀-ခန့်ရရှိခဲ့ပါသည်။

ဓာတ်ပုံလာပို့ရင်း ဆရာတော်ကြီးအား မည်သို့မည်ပုံ ကြည်ညိုကြောင်းပြောပြကြ၏။ ဓာတ်ပုံသွားယူသော အခါ၌လည်း ပြောပြကြ၏။ အချို့ကြည်ညိုသူများသည် ဆရာတော်ကြီးပျံလွန်တော်မူချိန်မှစ၍ သတင်းစာတွင် ဖော်ပြခဲ့သော ဆရာတော်ကြီးအကြောင်းပါသည့် သတင်းစာများကို ဖြတ်ညှပ်ကာ စာအုပ်တွင်ချုပ်၍ အမြတ်တနိုးသိမ်းထားကြ၏။ မင်းကွန်းဆရာတော်ကြီးကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ကြည်ညိုကြောင်း ချစ်ခင်လေးစားကြောင်းကို ဤသို့ ဆရာတော်ကြီး၏ဓာတ်ပုံစုဆောင်းသည့်အခါမှ ကိုယ်တိုင်သိရ ကြုံတွေ့ရတော့၏။

မင်းကွန်းဆရာတော်ကြီးသည်ကား အရှင်အာနန္ဒာနှင့် ဓမ္မဘဏ္ဍာဂါရိက(တရားဘဏ္ဍာစိုး) အဖြစ်ဖြင့် သာလျှင် တူသည်မဟုတ်၊ ပရိသတ်များ၏ ကြည်ညိုမှုကို ခံယူရသည့် နေရာတွင်လည်း တူညီသောဆရာတော်ကြီး ဖြစ်ပါပေ၏။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကား တကယ့်မဟာရဋ္ဌဂုရု-ပြည်သူများ၏ဆရာတော်ကြီးစင်စစ် ဖြစ်တော်မူပါသည်။

ထိုသို့ ရဟန်းသံဃာများနှင့် ပြည်သူအားလုံးက ကြည်ညိုကြသည့် ဆရာတော်ကြီးဖြစ်၍ တိ-နိသံဃာတော်များသည် မိုးမိတ်ကုန်းမြေသို့ရောက်လာသော ဧည့်သည်များအား ဆရာတော်ကြီးကို ဖူးမြော်စေကြ၏။ စာရေးသူသည်လည်း လက်ဝဲသုန္ဒရအမတ်ကြီးအား ပြည်နှင်ဒဏ်ပို့ရာ မဲဇာနှင့်တစ်ဆက်တည်းဖြစ်သော မဲဇာဒေသမှ ဧည့်သည်များရောက်လာသောအခါ ဆရာတော်ကြီးသီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ကြီးကို ဖူးမြော်စေ၏။

ဆရာတော်ကြီးသည် စာရေးသူကို 'ဘယ်ကကြွလာသလဲ'စသည်ဖြင့် နှုတ်ဆက်မေးမြန်း၏။ ဧည့်သည်များကိုလည်း နှုတ်ဆက်၏။ မဲဇာဒေသမှဖြစ်ကြောင်း လျှောက်ထားသောအခါ မန်လည်ဆရာတော်ကြီးကျောင်းသို့ တရားဟောကြွဖူးကြောင်း၊ တရားနာပရိသတ် အလွန်များကြောင်း၊ ဇာတ်ပွဲလည်းပါကြောင်း၊ ပွဲကြည့်လာသော ပရိသတ်ကိုကြည့်၍ 'ဒီပရိသတ်တွေပြန်သွားပြီး နောက်နေ့မှာ အမှိုက်သရိုက်တွေကို တော်တော် သန့်ရှင်းရေးလုပ်ရမှာပဲဟု စဉ်းစားမိတယ်။ ဟော. . . နောက်နေ့ရောက်တော့ ဘာအမှိုက်မှမရှိဘူးဗျာ၊ အားလုံးစည်းကမ်းရှိရှိ စွန့်ပစ်ကြတယ်၊ သန့်ရှင်းလို့' ဟု အမိန့်ရှိလေသည်။

ဆရာတော်ကြီးအား ဖူးမြော်လိုက်ရသည့် ဧည့်သည်များသည် မိမိတို့အား တိပိဋကဓရဆရာတော်ကြီးက ယခုလိုဝမ်းပန်းတသာ နှုတ်ဆက်စကားပြောဆိုခံရ၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။

၁၃၄၇-ခုနှစ် တစ်ခုသောနံနက်ခင်းတွင်လည်း စာရေးသူသည် ဆရာတော်ကြီးကိုဖူးမြော်လိုကြသည့် ဧည့်သည်များကို ဆရာတော်ကြီးထံလိုက်ပို့ရပြန်၏။ ဆရာတော်ကြီးသည် စာရေးသူကို နှုတ်ဆက်စကားပြောဆို၏။ စာရေးသူအား ရေနွေးပွဲတွင်ထိုင်စေ၍ ရေနွေးသောက်စေ၏။ ထို့နောက် ဧည့်သည်များနှင့် နှုတ်ဆက်စကားပြောဆိုပြီးဆုံး၍ ဆရာတော်ကြီးအားရှိခိုးပြီး ပြန်ဖို့ရန် ဟန်ပြင်နေသော စာရေးသူကို ဆရာတော်ကြီးသည် တိုးတိတ်ညင်သာသောအသံဖြင့် 'ဦးဇင်းတို့လည်း ဧည့်သည်အတွက် အချိန်တွေအများကြီးပေးရတယ်နော်' ဟု မိန့်တော်မူလိုက်ပါသည်။

သံဃာပရိသတ် လူပရိသတ်တို့အလယ်တွင် မဟုတ်ဘဲ မိမိတစ်ပါးတည်းအားပေးခဲ့သည့် တစ်ခွန်းစ၊ နှစ်ခွန်းစဖြစ်သော ဆရာတော်ကြီးနှစ်ပါး၏ ဤနှစ်ခွန်းစီသော ဩဝါဒကို စာရေးသူသည် ယနေ့တိုင်မမေ့နိုင်ဘဲ ကြားယောင်နေဆဲ ဖြစ်ပါတော့သည်။ ။

အရှင်ဉာဏောဘာသာလင်္ကာရ(တန့်ဆည်)
ဘုရားသုံးဆူပရိယတ္တိစာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

အနှစ်တစ်ရာ သက်ရှည်ကြာလည်း

အရှင်သုနန္ဒ

ယင်းသို့ လူသေသော်လည်း နာမည်မသေသောပုဂ္ဂိုလ်အကျော် ထေရ်မွန်မော်များစွာတို့တွင် တစ်ပါးကျန်နေပါသေးသည်။ ယင်းပုဂ္ဂိုလ်ကျော်ကား စာရေးသူနှင့် တပည့်သာဝကများ၊ ဒကာ ဒကာမများ၊ ပြည်သူပြည်သားများ ကြည်ညို လေးစားအားထားရပါသော ကျေးဇူးတော်ရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ မဟာထေရ်ပင် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၆၀၀၀ (သန်းပေါင်းခြောက်ထောင်)ကျော်ရှိသည်ဟုဆိုသော်လည်း တကယ်တမ်း ဆန်းစစ်လေ့လာ အတိုချုပ်လိုက်လျှင် 'လူနှစ်မျိုးသာ' ရှိသည်ဟု ယူဆသုံးသပ်မိပါသည်။ ယင်းလူမျိုးမှာ (၁)လူသာသေ၍ နာမည်မသေသူ၊ (၂) လူမသေခင်က နာမည်သေနေသူ-ဟူ၍ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ဖြစ်စေ မြန်မာနိုင်ငံတွင်ဖြစ်စေ ပညာရပ်တစ်ခုခုကို တီထွင်ကြံဆခဲ့သူများ၊ ကိုယ်ကျိုးစွန့်ခဲ့သူများ အများအကျိုးကို ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ခဲ့သူများ၊ ယင်းလူသားအားလုံးကို သူတို့မရှိတော့သော်လည်း နောက်လူများက အသိအမှတ်ပြုနေကြ ဂုဏ်ယူလေးစားကြ ချီးမွမ်းပြောစမှတ်ပြုကြရစမြဲဖြစ်သည်။

ဗုဒ္ဓဘာသာထွန်းကားနေသော မြန်မာပြည်မှာလည်း နေနှယ်လအသွင် ထင်ရှားခဲ့ကျော်ကြားခဲ့သော ရွှေကျင်ဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်၊ မင်းကွန်း ဇေတဝန်ဆရာတော်၊ မစိုးရိမ်ဆရာတော်၊ ဝေဘူဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ မဟာစည်ဆရာတော် စသည်စသည် များပြားလှသော ဆရာတော်ကြီးတို့၏ ဂုဏ်ကျေးဇူး ဂုဏ်သတင်းတို့ကား ယနေ့တိုင် အခုချိန်ထိ ပျံ့နှံ့နေဆဲ ကြိုင်လှိုင်နေဆဲပင်ဖြစ်ပါသည်။ လူသာသေသော်လည်း နာမည်မသေကြသော သမိုင်းကြောင်းကောင်းမွန်သော ဆရာတော်ကြီးတို့ပါတကား။

မင်းကွန်းဆရာတော်ကြီးသည် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သောကြောင့် ၁၃၇၃-ခုနှစ်မှာ သက်တော်အနှစ်တစ်ရာ ပြည့်ပါမည်။ အသက်တစ်ရာ နှစ်တစ်ရာထိ သက်ရှိထင်ရှား ရှိနေသေးပါမူ ကောင်းလိမ့်မည်ဟု မဖြစ်နိုင်ပေမယ့် ရင်တွင်း ဆန္ဒတောင့်တမှုတော့ရှိနေသည်ကတော့ အမှန်တကယ်ပင်။

မင်းကွန်းဆရာတော်ကြီးသည် သက်တော် ၈၂-နှစ်ထိ နေရသမျှအချိန်ကာလမှာ ဗုဒ္ဓသာသနာတော်အတွက် တိုင်းပြည်လူမျိုးအတွက် အားတက်သရော ဓမ္မသဘောကို ဟောပြော၍လည်းကောင်း၊ မဟာဗုဒ္ဓဝင်ကဲ့သို့သော ဂန္ထဝင်မြောက်ကျမ်းစာကြီးများရေးသား၍လည်းကောင်း၊ တိပိဋက-နိကာယကျောင်းတိုက်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ မန္တလေး+ရွှေဘိုကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ၊ မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးများ၊ ဆေးရုံဆေးခန်းများ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများ၊ စေတီပုထိုးပြုပြင်မှုများ၊ သိမ်, ကျောင်း, တံတား ဆောက်လုပ်လှူဒါန်း ဖန်ဆင်းတည်ထောင်မှုများသည် သူ့နှယ်ငါ့ဟန် လူသာမန်တို့ ကြံစည်ဖို့ မဝံ့သာ စွန့်စားဖို့လည်းစိတ်မကူးရဲသော လုပ်ရပ်များပင်ဖြစ်ပေသည်။

ဆရာတော်ကြီးမှာမူ ရေချမ်းအိုးအဆင့်ဆင့်ရှက် ထားသလို ကြီးမားသောဆန္ဒ၊ ခိုင်မာသောသဒ္ဓါ၊ မြဲမြံသောဝီရိယ၊ လှုံ့ဆော်သောစေတနာတို့ မပြတ်ကိန်းအောင်းကာ မ,တစ် ထောင် တစ်ကောင်ဖွားဆိုသလို သာသနာရေးကိစ္စ ကုသိုလ်ရေးကိစ္စတို့ကို ရုပ်လုံးပေါ်အောင် ရုပ်လုံးဖော်ကာဆောင်ရွက်သွားသည်ကား အံ့သြဖွယ်ထူးခြားဖွယ် တို့ပင်ဖြစ်ပါတော့သည်။

'အနှစ်တစ်ရာ၊ သက်ရှည်ကြာလည်း၊ ခေမာအမတ၊ မမြင်ရက၊ ဘဝဉ်ဇာတ်၊ ကယ်မမြတ်ဘူး၊ ဝိပဿနာ၊ အခြေ ပါ၍၊ လေးဖြာမဂ်စု၊ ဉာဏ်စက္ခုဖြင့်၊ ဓုဝဇေကန်၊ နေရဟန်ကို၊ ဝေဖန်မြင်က၊ တစ်ရက်မျှပင်၊ ဇီဝရှည်လျှင်း၊ တည်နေခြင်းက၊ လွန်မင်းသာစွ၊ မြတ်ထွဋ်လှဟု၊ ဇိနဘုရား၊ ဟောမိန့်ကြားသည်၊ တရားကြိုးသင့်ပြီတကား'ဟူသော ဆရာတော်ကြီး ဟောကြားခဲ့သော တရားစာသားကို ယခုလို အနှစ်တစ်ရာ ပြည့်သောအချိန်မှာ တိုက်ဆိုင်စွာ သတိရမိ အမှတ်ရမိပါသည်။

ဖော်ပြပါ တရားလင်္ကာအတိုင်း ဆရာတော်ကြီးသည် 'ခေမာအမတ'ကို မြင်, မမြင် ရောက်,မရောက် စာရေးသူ မသိသော်လည်း၊ 'ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏'ဟုလည်းကောင်း၊ 'ရုပ်ဟုခေါ်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏'ဟုလည်းကောင်း၊ အခြားသော အာသီဝိသောပမသုတ်၊ ဆဆက္ကသုတ်၊ ရာဟုလောဝါဒသုတ်၊ အနာထပိဏ္ဍိ ကောဝါဒသုတ် စသောဒေသနာတို့တွင် ရုပ်နာမ်တို့၏ သဘာဝကို လက္ခဏာတင်၍ ကြိမ်ဖန်များစွာ ဟောကြားသည်ကိုထောက်ဆ၍ တရားရှိသူ တရားမွေ့သူ ဖြစ်သည့်အားလျော်စွာ ဆရာတော်ကြီးနေရသမျှ အချိန်ကာလသည် တန်ဖိုးရှိသောအချိန် မြင့်မြတ်သောဘဝ ဖြစ်ရမည်မှာ မလွဲသေချာပါတော့သည်။

'ပြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂက္ခဏ၊ မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တစ်ချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်၊ အရိုးအနိစ္စ ပါတကား'-ဟု ဆရာတော်ကြီး ဟောကြားရေးသားခဲ့သည့် တရားလင်္ကာအတိုင်း ဆရာတော်ကြီးသည် ၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်နေ့တွင် တစ်ဘဝတာ ခန္ဓာဝန် ချပ်ငြိမ်းတော်မူပါသည်။

ယခုလို ဆရာတော်ကြီး၏ သက်တော်ရာပြည့်ပွဲတွင် အာစရိယဂုဏော အနန္တော-နှင့်အညီ မိမိဆရာတော်ကြီးမို့ ကြိုးစား၍ ဆောင်းပါးရေးသားနေပါသော်လည်း ဆရာတော်ကြီး၏ဂုဏ်ပုဒ်ကို ရုပ်လုံးလှပြီး ရုပ်လုံးကြွအောင် ပီပြင်စွာ ရေးသားနိုင်စွမ်းမရှိသည်ကို ဝန်ခံပါသည်။

ဆရာတော်ကြီး၏ ဂုဏ်အစုကို ပီပြင်ပေါ်လွင်အောင် ဟောပြသူ ရေးပြသူရှိပါသေးသည်။ ရတနာ၏အကြောင်း ရတနာ၏တန်ဖိုးကို ရတနာပညာရှင် ရတနာသုတေသီ (သို့မဟုတ်) ရတနာကုန်သည်တို့သာ သိသကဲ့သို့ တိပိဋက မင်းကွန်းဆရာတော်ကြီး၏ ဂုဏ်ပုဒ်အလီလီကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသသည် ဂုဏ်ရည်ချင်းလည်းတူ သဒ္ဓါဓာတ် ပညာဓာတ် မေတ္တာဓာတ်ချင်းလည်း တူတော်မူရကား ရုပ်လုံးလှ၍ ရုပ်လုံးကြွအောင် လင်္ကာဆောင်ပုဒ် စီကုံးကာ ဆရာတော်ကြီး၏ အန္တိမစျာပနသာခုကီဠနပွဲတော်တွင် တရားဟောကြား ချီးမြှင့်ရာဝယ် တရားနာပရိသတ်တို့အား လင်္ကာဆောင်ပုဒ်တို့ကိုတိုင်ပေးရာ စာရေးသူလည်း နာယူခဲ့ရ၍ မှတ်သားထားမိပါသည်။

ယင်းလင်္ကာဆောင်ပုဒ်တို့မှာ-

၁။ တတိယမှာ၊ ခေတ်အခါဝယ်၊ ပြဟ္မာတိဿ၊ ရောက်လာရသို့၊ ဆဋ္ဌခေတ်မှာ၊ လူပြည်လာ၍ ကျရာတာဝန်၊ ကျေပြွန်အောင်ထမ်း၊ အံ့မခန်း၊ မင်းကွန်းဆရာတော်။

၂။ ကံထူး, ဉာဏ်ထူး၊ လုံ့လထူး၊ အထူးပုဂ္ဂိုလ်ကျော်။

၃။ အရင်းများများ၊ စိုက်၍ထားလည်း၊ အနည်းငယ်သာ၊ အမြတ်မှာ၊ ယူကာသွားသည့်ဆရာတော်။

၄။ အသိဆန်းကြယ်၊ အနှစ်ကြွယ်၊ အံ့ဖွယ်အရာတော်-ဟူ၍ဖြစ်ပါသည်။

ယောဆရာတော်က တတိယသင်္ဂါယနာတင်နိုင်ဖို့အတွက် တိဿပြဟ္မာသည် ပြဟ္မာ့ပြည်မှစုတေ၍ လူ့ပြည်ဆင်းသက်ကာ တိဿဘွဲ့တော်ဖြင့်ရဟန်းပြုပြီး ရဟန္တာဖြစ်လျက် တတိယသင်္ဂါယနာတင်ပွဲ ဆင်နွှဲသကဲ့သို့ မင်းကွန်းဆရာတော်ဘုရားသည်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရာဝယ် မဟာစည်ဆရာတော်က ပုစ္ဆကတာဝန်ယူ၍၊ မင်းကွန်း

ဆရာတော်က ဝိသဇ္ဇကတာဝန်ယူပြီး ကျရောက်လာသော သာသနာ့တာဝန်ကို တိပိဋကဓရဟူသော ဂုဏ်ပုဒ်နှင့် လိုက်လျောညီစွာ ကြည်လင်ပြတ်သား နာပျော်ဖွယ် အသံတော်ဖြင့် ထမ်းဆောင်ခဲ့သည်ကို ပေါ်လွင်အောင် ဂုဏ်တင်ထားခြင်းဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီးသည် ဘုန်းသမ္ဘာလည်း ထူးခြား၊ ကုသိုလ်ကံလည်းကြီးမား၊ ဉာဏ်ပညာလည်းဖွံ့ထွား၊ လုံ့လ ဇွဲ ဝီရိယကလည်းမြင့်မား ထူးခြားသည်တို့ကို ပေါ်လွင်အောင် 'ကံထူး, ဉာဏ်ထူး၊ လုံ့လထူး၊ အထူးပုဂ္ဂိုလ်ကျော်'ဟု အမွှန်းတင်ခြင်းဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ အဓိကာရ ကုသိုလ်မျိုးစုံ လုပ်ဆောင်ပုံကား မဟာဗောဓိ ဘုရားဆုပန်ယောကျ်ားကြီး များလုပ်ဆောင်ချက်ဖြစ်ပြီး ဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် ဆုမတောင်းဘဲ ဒုတိယဘဝဝယ် 'ဓမ္မဓရနာမည်ဖြင့် သောတာပန်နတ်သားသာ ဖြစ်ရပါလို၏'ဟု ဆုတောင်းပုံ သေးငယ်သည့်အတွက် အရင်းအနှီးများများ စိုက်ထုတ် အလုပ်လုပ်ပြီးမှ အမြတ်အစွန်းကို အနည်းငယ်ဘဲရယူသွား သည့်ဆရာတော်-ဟု တင်စားကာစပ်ဆိုခြင်းဖြစ်ပါသည်။

'အသိဆန်းကြယ်၊ အနှစ်ကြွယ်'ဟူသည် ဆရာ တော်ကြီး၏ ဘွဲ့အမည်မှာ 'ဝိစိတ္တသာရ= ဆန်းကျယ်သော အနှစ်သာရရှိသူ'ဟူသောအဓိပ္ပာယ်ကို 'အသိဆန်းကြယ်၊ အနှစ်ကြွယ်၊ အံ့ဖွယ်ဆရာတော်'-ဟူ၍ ဆရာတော်ကြီး၏ ဘဝ၊ ဆရာတော်ကြီး၏ဂုဏ်ပုဒ် ဆောင်ရွက်ချက်တို့ကို သိသာယဉ်ကျေးသောစကားလုံးများဖြင့် ထင်ရှားထင်ဟပ် စွာ သမာသ+အတ္ထ+သြဇဂုဏ်မြောက်အောင် ဆောင်ပုဒ် လင်္ကာ လေးပုဒ်တို့ဖြင့် မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။

'သူတော်ချင်းချင်း သိတင်းလွှေ့လွှေ့'ဆိုသကဲ့သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအချင်းချင်းမို့ တစ်ပါး၏ဂုဏ်ကို တန်ဖိုးရှိရှိ တစ်ပါးကသိမြင်ပြီး ချီးမြှောက်ဟောကြား ခြင်းဖြစ်ပါသည်။

ယခုအခါ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော် ကြီး တစ်ဘဝတာခန္ဓာရပ်စဲသွားသော်လည်း ဆရာ တော်ကြီး၏ ပုံရိပ်ပုံလွှာပုံလက်ရာတို့ကား ချုပ်ပျောက်ဝေဝါး မှိန်မသွားဘဲ ပြတ်သားထင်ထင် တွေ့မြင်နေရဆဲပါ။

တိပိဋက=နိကာယကျောင်းတိုက်ကြီးလည်း ပိဋကတ်စာပေသံ သောသောညံလျက် အောင်ချက်ဝေဆာ



အောင်လံဖြာလျက် အောင်သတင်းလျှံ အောင်လံလူလူ လွင့်ထူနေဆဲပါ။

တိပိဋကဓမ္မနာဒကျောင်းတိုက်ကြီးလည်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ဦးစီးဦးဆောင် ပြု၍ စေတနာရှင် သဒ္ဓါရှင် ပါရမီရှင်အပေါင်းတို့က စုပေါင်း ကာ ရာပြည့်ကျောင်းတော်ကြီးကိုလည်း တည်ဆောက်လှူဒါန်း လျက် ဂုဏ်ကျေးဇူးဆပ် ခြေရာထပ်တူ သာသနာပြုနေပါ သောကြောင့် စာရေးသူအပါအဝင် သာဝကအပေါင်းတို့က နှစ်ထောင်းအားရ သာဓုခေါ်မိသည်ကား အမှန်ပင်။

ဆရာတော်ကြီး ဟောကြားရေးသားတော်မူခဲ့သော 'အနှစ်တစ်ရာ၊ သက်ရှည်ကြာလည်း' အစချီသော တရား လင်္ကာမှစာသားကိုယူကာ ဤဆောင်းပါးကို 'အနှစ်တစ်ရာ သက်ရှည်ကြာ'ဟု အမည်ပေး၍ ပြောပြမကုန် ရေး၍မနိုင် သော ဂုဏ်ကျေးဇူးတော်အနန္တကို မှန်းဆကာ ရှိခိုး ကန်တော့ပါသည်။ ။

အရှင်သုနန္ဒ

ဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊
ရာကျော်စိတ္တသုခတပ်ဦးကျောင်း၊ မင်္ဂလာဒုံ၊
ရန်ကုန်မြို့။



မေ့မရနိုင်သည့်
ကျေးဇူးတော်ရှင်ဆရာတော်
ဘိုကလေးအရှင်ပဏ္ဍိတ



မင်းကွန်းဆရာတော်ကြီး ဆေးလှူနေပုံ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၁၈-နှစ်ကျော်မျှရှိခဲ့ပေပြီ။ 'သေသောသူ ကြာလျှင်မေ့'ဟူသော အဆိုစကားရှိခဲ့လင့်ကစား ယင်းစကားမှာ ဂုဏ်မရှိသူ သာမညပုဂ္ဂိုလ်များအတွက် မှန်ငြားသော်လည်း ဆရာတော်ကြီးကဲ့သို့ ဝိသေသဂုဏ်ထူးရှင်ကြီးများအတွက်ကား အမှားသာဖြစ်ပေလိမ့်မည်။

ဆရာတော်ကြီးသည် 'အရှည်မကြာ၊ ကိုယ်ခန္ဓာကား၊ တစ်ရာအနှစ်၊ ကိုယ်ဌဖြစ်သား၊ ပြန်စစ်နိုင်းလျော်၊ ကျေးဇူးသော်မှ၊ ကျူးကျော်ကုန်ခန်း၊ ကမ္ဘာကျွန်းလည်း၊ ဥဒါန်းမကျေ၊ လူ့မြေနတ်ရပ်၊ပွဲတင်ထပ်လိမ့်'-ဟူသော ဝိဓူရပျို့(အပိုဒ်-၁၂၇)၌ လာသည့်အတိုင်း သက်တော် ၈၂-နှစ်မျှ သီတင်းသုံးနေတော်မူခဲ့သော်လည်း ဂုဏ်ကျေးဇူးတော်တို့မှာ ကမ္ဘာကျွန်းသည်အထိ မော်ကွန်းဝင်ပွဲတင်ထပ်နေပေလိမ့်မည်။

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ထုတ်ဖော်ရန်မှာ ဤအရှင်တို့ကဲ့သို့ သာမညပုဂ္ဂိုလ်များ၏အရာမဟုတ်ပါပေ။ အလွန်ထူးခြားသည့် ဂုဏ်ကြီးရှင်ဖြစ်တော်မူသော ဆရာတော်ကြီးတို့လို ပုဂ္ဂိုလ်ကျော်မျိုး၏ဂုဏ်များကို ဆရာတော်ကြီးကဲ့သို့ ပုဂ္ဂိုလ်ကျော်မျိုး, ပုဂ္ဂိုလ်တော်မျိုးများကသာ ထုတ်ဖော်ဂုဏ်ပြုမှ သဘာဝကျပေလိမ့်မည်။

လက်ယာရံ, လက်ဝဲရံ အဂ္ဂသာဝကကြီးနှစ်ပါး ပရိ-နိဗ္ဗာန်စံတော်မူသောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ရဟန်းတို့၊ အနှစ်ရှိသော သစ်ပင်ကြီးသည် တည်ရှိနေစဉ် အကြီးဆုံးအကိုင်းတို့သည် ပျက်စီးကုန်ရာသကဲ့သို့ ထို့အတူပင် အနှစ်ရှိသော များစွာသောရဟန်းအပေါင်းသည် တည်ရှိနေစဉ် သာရိပုတြာနှင့် မောဂ္ဂလ္လာန်တို့သည် ပရိနိဗ္ဗာန်ပြုကုန်ပြီ'-ဟု မိန့်ကြားတော်မူခဲ့၏။ (သံ၊၃။၁၄၁။)။

ဤသည်မှာ မထေရ်မြတ်ကြီးနှစ်ပါး၏ဂုဏ်ကို အပြည့်အစုံသိမြင်တော်မူသော ဘုရားရှင်က မထေရ်မြတ်ကြီးတို့၏ ဂုဏ်ကို 'သာသနာ့သစ်ပင်ကြီး၏ အနှစ်ရှိသော အကြီးဆုံးသောအကိုင်း'ဟု တင်စားမိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။

၁၃၃၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂-ရက်နေ့က ဘဝနတ်ထံပျံလွန်တော်မူသွားသော ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ ဈာပနသို့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ကြွရောက်တော်မူလာပြီး 'အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူသွားတာဟာ ခက်မငါးဖြာရှိတဲ့ သာသနာ့သစ်ပင်ကြီးမှ ပင်စည်ဝွဆုံအရင်းက အရေးပါသည့် အကိုင်းကြီးတစ်ကိုင်း ပဲ့ထွက်ကျိုးကျသွားသလိုပါပဲ၊ သာသနာတော်မှာ အလွန်နစ်နာဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါတယ်'-ဟု မိန့်ကြားတော်မူသွားခဲ့ပါသည်။

ဤသည်တို့မှာ တကယ့်ဂုဏ်ကိုသိမြင်တော်မူကြသော ပုဂ္ဂိုလ်မြတ်ကြီးများ မိန့်ကြားသွားခဲ့သည့် ဂုဏ်ပြုစကားတော်များ ပင်ဖြစ်ပေသည်။

ယခုလည်း ဂုဏ်ကြီးရှင် ပုဂ္ဂိုလ်ကျော် ဖြစ်တော်မူသည့် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို ပြန်လည်ထုတ် ဖော်အောက်မေ့တသ သတိရဖို့ဟူသည် ဆရာတော်ကြီးထက် သာသူ တန်းတူတို့က ထုတ်ဖော်ချီးကျူးကြမှ သဘာဝကျ ထိမိပေလိမ့်မည်။

ဤသို့ ထုတ်ဖော်ချီးကျူးဂုဏ်ပြုကြသူတို့တွင် ပရိတ်ကြီး နိဿယသစ်ကျမ်းပြုဆရာတော်ကြီး အရှင် ဝါသေဋ္ဌာဘိဝံသ က မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ကို 'ကြီးကျယ်သူ'၊ 'တကယ့် တကယ် အလွန်ကြီးမားသော ပုဂ္ဂိုလ်ထူး'-ဟူ၍ (စတုတ္ထသုံးနှစ်ခရီး။၃၀-၌) ထုတ်ဖော် ချီးကျူး ဂုဏ်ပြုတော်မူထားပါသည်။

စာဆိုပညာရှင်တစ်ပါးဖြစ်သော ပခုက္ကူအရှင် ကေလာသဆရာတော်ကမူ မင်းကွန်းတိပိဋကဓရဆရာ တော်ကြီး၏ သက်တော်၈၀-ပြည့် အထိမ်းအမှတ်အဖြစ် ဂါထာဖွဲ့သီ၍ ဆရာတော်ကြီး၏ ဂုဏ်တော်တို့ကို ထုတ်ဖော် ချီးကျူး ပူဇော်ရာတွင်-

၁။ သာသနာ့ကိစ္စများစွာတို့၌ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော ဆရာတော်ကြီး၊

၂။ ကောင်းကြံ, ကောင်းပြော, ကောင်းသောအမှု လုပ်သည့် ဆရာတော်ကြီး၊

၃။ အလျှဒါနရှင်ရှင့်, အကျင့်ရှင့်ရှင့်, စာပေရှင့်ရှင့်, တရား ဟောမှုရှင့်ရှင့်တော်မူသော ဆရာတော်ကြီး၊

၄။ ကိုယ်ကျိုးသူ့ကျိုးနှစ်မျိုး သည်ပိုးရွက်ဆောင်တော် မူသော ဆရာတော်ကြီး၊

၅။ ပညာကြီးမား, သီလရှိ, သိမ်မွေ့ ချက်တစ်ဖြတ် ဉာဏ်ဝယ်ထင်သော စကားရှိတော်မူသော ဆရာ တော်ကြီး၊

၆။ အသိပညာမျိုးစုံ ကြွယ်ဝတော်မူသော ဆရာတော်ကြီး၊

၇။ ဝေဖွဲ့လေဟုန်ပမာ ဉာဏ်ပညာအဟုန်ကြီးမား လှသော ဆရာတော်ကြီး - စသည် စသည်ဖြင့် ကြည်ညိုဖွယ်ရာ မြောက်မြားစွာတို့ကို ထုတ်ဖော်ချီးကျူး ရေးသားဖွဲ့ဆိုထားခဲ့ပါသည်။

မည်သို့ပင်ဆိုစေ။ ဆရာတော်ကြီးကား ရှေးဦး ပထမ တိပိဋကဓရဖြစ်သည့်အလျောက် တရားဟောရာ၌ ခက်ခဲနက်နဲသော ပါဠိတော်ကြီးများကို ရွတ်ဆို ဟောပြ ခြင်းဖြင့် ဉာဏ်ပညာအရာတွင်လည်း 'တစ်'ဖြစ်သည်ကို ပြသသွားခဲ့ပေ၏။ မြန်မာပြန်များမျှသာ ဟောကြား နေသော ယနေ့ခေတ်၌ ဆရာတော်ကြီးကို အလွန်ပင် တမ်းတနေမိပါသည်။

မြန်မာပြည်တစ်ဝှမ်း တရားဟောလှည့်လည်ရာတွင် ရောက်ရာအရပ်၌ မိမိမှာပါလာသော ပုစွန်ခြောက်ထောင်း ကြော်, ပဲကြမ်းကြော်လေးမျှကိုသာ ဘုဉ်းပေးလျက် အစား အသောက်အရာ၌လည်း နောင်လာနောက်သားများ အတု ယူဖွယ်ရာ ပြသသွားခဲ့ပေ၏။ အလွန်ထင်ရှားကျော်ကြား သောပုဂ္ဂိုလ်ဖြစ်၍ စေတနာသဒ္ဓါထက်သန်သောသူတို့က သတ်ဖြတ်ချက်ပြုတ်ကြော်လှော်ကြမည့်အရေး ကင်းဝေး အောင် ကျင့်သုံးသွားသည်ထင်ပါသည်။

ဝိနည်းအဆုံးအဖြတ်စကား၊ စာပေအဆုံးအဖြတ်စကား များ မိန့်ကြားသွားခဲ့သည်မှာလည်း နောင်လာနောက်သား များအဖို့ အလွန်အားကိုးမှတ်သားရပေ၏။ ဤသို့ဖြင့် ဝိနည်း အဆုံးအဖြတ်အရာ၊ စာပေအဆုံးအဖြတ်အရာတွင်လည်း ပြသသွားခဲ့ပေ၏။ သိမ်ထပ်ရဟန်းခံရာ၌ 'ဥပသမ္ပဒံ ယာစတိ' ဟူသော ကမ္မဝါစာသားပါ ပစ္စုပ္ပန်(တိ)ဝိဘတ်ကိုထောက်၍ သိမ်ထပ်ခံရဟန်းသည် 'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ'ဟု ရဟန်းခံပေးဖို့တောင်းပန်ရမည်-ဟူသော အဆုံးအဖြတ်မျိုး တည်း။

ထို့ပြင် ဆရာတော်ကြီး ရေးသားသွားသော မဟာ ဗုဒ္ဓဝင်ကျမ်းကြီးဆိုသည်မှာလည်း ဂန္ထဝင်လောက၌ ထိပ်ဆုံး ကရှိသည့်ကျမ်းကြီးပင်ဖြစ်၏။ ယင်းမဟာဗုဒ္ဓဝင်ကျမ်းကြီးကို ယခုခေတ်ပညာရှင်များ အားကိုးနေရဆဲ မှိုငြမ်းပြုကြည့်ရှု နေရဆဲဖြစ်ပေသည်။ နောင်တွင်လည်း ဆက်လက်အားကိုး မှိုငြမ်းပြုကြည့်ရှုနေကြရဦးမည်သာဖြစ်၏။

ထို့ပြင် ဆရာတော်ကြီး၏ သင်္ဂါယနာအဖြေတရား တော်များ၊ ပါဠိတော်ဟောစဉ် တရားတော်များမှာလည်း သံဝေဂသံ, တရားသံဖြင့် ဟောကြားထားရကား ထောက်ပြ ဝေဖန်စရာမရှိ။ အိပ်ရာထဲဗုန်းဗုန်းလဲ သေပွဲဝင်မည့်ပုဂ္ဂိုလ် များအထိ အားကိုးတကြီး နာယူနေကြရဆဲ လေထဲ၌ ပျံ့လွင့် နေဆဲဖြစ်၏။

တိပိဋကဓရအရာတွင် အာဒိကမ္မိက ရှေးဦးပထမဖြစ် သည့်အလျောက် တကယ့်ထိပ်တန်းပုဂ္ဂိုလ်များ၏ ကိုးကွယ် ဆည်းကပ်မှုခံရသော်လည်း ကိုယ်ပိုင်ယာဉ်မထား၊ နိုင်ငံ ရပ်ခြားခရီးမသွားဘဲ တစ်ပါးတည်းသော စံပြပုဂ္ဂိုလ်ထူးကြီး အဖြစ် နေထိုင်ပြသတော်မူသွားခဲ့ပေသည်။

ဤသည်တို့ကား ဤအရှင်မြင်သော ဆရာတော်ကြီး ၏ ဂုဏ်တော်ကျေးဇူးတော်အချို့ပင်ဖြစ်ပါ၏။ ဖော်မပြနိုင်ဘဲ ထားခဲ့ရသော ဂုဏ်တော်ကျေးဇူးတော်တို့မှာ မြောက်မြားစွာပင်ရှိပါ၏။ ဤကဲ့သို့ ဂုဏ်ကျေးဇူးတော် တို့၏အရှင် ဆရာတော်ကြီးကို မနေ့ကပင် အသက်ထင်ရှား ရှိနေသည့်အလား စိတ်ထဲ၌ အောက်မေ့တသ သတိရလျက် ရှိနေပါတော့သတည်း။ ။

ဘိုကလေးအရှင်ပဏ္ဍိတ

ဂုဏ်ယူမိပါသည်

ဦးတေဇောဘာသ
(မအူပင်)

ကျွန်ုပ်ဘဝ၌ ဂုဏ်ယူရသောအကြောင်းအရာ သုံးခုရှိပါသည်။ မအူပင်ဇာတိသားဖြစ်ရခြင်းကို ဂုဏ်ယူပါသည်။ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ သားတပည့်ဖြစ်ရခြင်းကို ဂုဏ်ယူပါသည်။ နောက်တစ်ခုက တောကျော်နယ်လှည့်ဓမ္မကထိကဖြစ်ရခြင်းကို ဂုဏ်ယူပါသည်။ အကြောင်းအရာတွေ ကွဲပြားခြားနားသော်လည်း အဓိကအကြောင်းကတော့ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မေတ္တာရိပ်၌ ခိုလှုံခွင့်ရခြင်းကြောင့်ဖြစ်ပါသည်။

၁၃၅၄-ခုနှစ်၊ နယုန်လ၏ တစ်ခုသောနေ့တစ်နေ့။ ဒကာဦးတင်ရွှေ (ဓမ္မာစရိယ-မအူပင်)က ဆရာတော်ကြီး သီတင်းသုံးရာ ရန်ကုန်တိပိဋကကျောင်းတော်ကြီးမှာ မိမိတို့မြို့မှရဟန်းတစ်ပါး မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်၌ နေထိုင်ပညာသင်ကြားခွင့်ပြုပါရန် လျှောက်ထားပါသည်။



မြစ်ဝကျွန်းပေါ်သို့ ကြွချီတော်မူမည့် မင်းကွန်းဆရာတော်ကြီး

ဆရာတော်ကြီးက 'ဘုန်းကြီး တိပိဋက = နိကာယ ကျောင်းတိုက်ကြီး တည်ထောင်စဉ်ကစပြီး မအူပင်က ဒကာ ဒကာမတွေ ပစ္စည်းလေးပါးအထူးထောက်ပံ့ကြလို့ ကျေးဇူး ဆပ်ချင်နေတာ၊ ဒီနေ့ ဒီအချိန်အထိ မအူပင်ဇာတိ စာသင် သားတစ်ပါးမှမရှိသေးလို့ ဘုန်းကြီးဆန္ဒမပြည့်ဝဘူး။ ဒီနေ့ တော့ ဆန္ဒပြည့်ပြီ။ ဒကာကြီးလျှောက်ထားတာကို လက်ခံပါ တယ်'လို့ မိန့်ပါသည်။

အဲဒီအချိန်က မိုးမိတ်ကုန်းမြေမှာ စာသင်သားအပါး ၁၅၀-သာ လက်ခံသင်ကြားပေးပါသည်။ လျှောက်လွှာတင်၊ သတ်မှတ်တဲ့အရည်အချင်းနှင့်ပြည့်စုံမှ နေထိုင်ခွင့်ရပါသည်။

ကျွန်ုပ်ကတော့ ဆရာတော်ကြီးရဲ့အထူးအမိန့်နဲ့ မအူပင်သားဆိုတဲ့ ဇာတိဂုဏ်ကြောင့် ၁၅၁-ပါးမြောက် စာသင်သားအဖြစ် နေထိုင်ခွင့်ရခဲ့ပါသည်။ သို့အတွက် မအူပင်သားဖြစ်ရခြင်းကို ဂုဏ်ယူပါသည်။

မင်းကွန်းဆရာတော်ကြီး၏ သားတပည့်ဖြစ်ရ ခြင်းကို ဂုဏ်ယူရတာကတော့ စာဖွဲ့လို့မကုန်နိုင်ပါ။ကျွန်ုပ်တို့ သာသနာ၌ 'ဒီကိုယ်တော်က မင်းကွန်းဆရာတော်ကြီး တပည့်'ဟုဆိုလိုက်တာနှင့် ကိစ္စတော်တော်များများ ပြီးမြောက် အောင်မြင်ပါသည်။ ကျွန်ုပ်သည်ပင် ယခုလိုအဆင့်အတန်း မျိုးနေနိုင်သည်မှာ ထိုဂုဏ်သတ္တိကြောင့် ဖြစ်ပါသည်။ သို့အတွက် ဆရာတော်ကြီး၏ သားတပည့်ဖြစ်ရခြင်းကို ဂုဏ်ယူပါသည်။

ကျွန်ုပ်ကံကောင်းသည်ဆိုသော်လည်း စင်စစ်ကံ မကောင်းခဲ့ပါ။ ဆရာတော်ကြီး၏မေတ္တာရိပ်၌ ကြာကြာခိုလှုံ ခွင့်မရလိုက်သောကြောင့်ဖြစ်သည်။ ၁၃၅၄-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၃-ရက်နေ့တွင် ကျေးဇူးတော်ရှင်ဆရာတော် ကြီးသည် တစ်ဘဝဒုက္ခဇာတ်သိမ်းတော်မူပါသည်။ ဆရာ တော်ကြီးအား တိပိဋကစာအောင်ပန်းတို့ဖြင့် ကျေးဇူးဆပ်ခွင့် ပူဇော်ခွင့်မရတော့ပါ။

သို့သော် ကျွန်ုပ်ကံကောင်းခဲ့ပါသည်။ ဆရာ တော်ကြီး ပျံလွန်တော်မူပြီးသည့်နောက် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများစွာထဲမှ ဆွမ်းဆန်တော်ရေစက်ချ ဓမ္မသဘင်ပွဲများသို့ ဓမ္မကထိကအဖြစ် လိုက်ပါခွင့်ရခဲ့ပါ သည်။ ဓမ္မခရီးစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ကဝ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀-ခန့်သို့ နှစ်စဉ် တရားဟောကြွခဲ့ရပါသည်။ ယခုဆိုလျှင် ၁၆-နှစ်ခရီးသို့ ရောက်ရှိခဲ့ပါပြီ။

ထိုဓမ္မခရီးစဉ်များကား မြို့ကြီးတွေမှာဟောရသလို ချောချောမွေ့မွေ့မဟုတ်ပါ။ ထိုအရပ်ဒေသသည် ပင်လယ် ဆားငန်ရေဝင်ရာဒေသဖြစ်၍ လယ်ကန်သင်းများကို မြင့်မြင့် ဖို့ထားရပါသည်။ မိုးကာလဆိုလျှင် စက်လှေများ ဖြင့်သွားရပါသည်။ ဆောင်းရာသီ နွေရာသီဆိုလျှင် ထွေလာ, ကား, လှည်းတို့ဖြင့်သွားရပါသည်။

တရားစတင်ဟောတဲ့နှစ်ကဆိုလျှင် ဂျစ်ကားစုတ်ကလေးနှင့်သွားရပါသည်။ ကားပေါ်မှာ ပေါက်တူး ပေါက်ပြား တင်သွားရပါသည်။ ဓမ္မခရီးစဉ်အရ တစ်ရွာမှတစ်ရွာသို့ကူးသည့်အခါ လယ်ကန်သင်းမြင့်မြင့်တွေ့မှာအလွန်ကြောက်ပါသည်။ ပါလာသည့် ပေါက်တူးဖြင့် တစ်ပါးတစ်လှည့် ကားကျော်တက်လို့ရအောင် လယ်ကန်သင်းများကို ပေါက်ရပါသည်။ နံနက်ဝေလီဝေလင်း နှင်းတောထဲမှာ ကျွန်ုပ်တို့ ဓမ္မကထိကများ မချမ်းနိုင်မအေးနိုင် ချွေးတဖြိုင်ဖြိုင်ကျခဲ့ရပါသည်။

တစ်ခါတုန်းက ဓမ္မခရီးစဉ်အကူး လမ်းခုလတ်မှာ ဖြုန်းခနဲ မိုးကသဲကြီးမဲကြီးရွာချလိုက်ပါသည်။ မြေလမ်းဖြစ်၍ ကားမောင်းလို့မရတော့ပါ။ ကျွန်ုပ်တို့ ဓမ္မကထိကအဖွဲ့ တည်းခိုရာကျေးရွာသို့အရောက် ကားကိုတွန်းခဲ့ရပါသည်။ ရှေ့ခရီးစဉ်အတွက် ရွံ့တွေဗွက်တွေနဲ့မို့ ဘယ်လိုမှ ခရီးဆက်လို့မရတော့ပါ။ ထိုနေ့ည ရေစက်ချတရားချီးမြှင့်ရန် ချိန်းဆိုထားပြီးဖြစ်နေပါသည်။ ထိုနေ့မရောက်လျှင် ဆရာတော်များနှင့် ဒကာဒကာမတွေ မျှော်နေရှာမည်။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး၏ သာသနာပြုစံနှုန်းကိုနှလုံးမူ၍ လယ်ထွန်စက်အကူအညီတောင်းပြီး ထိုကျေးရွာများသို့ အရောက်သွားကာ မိုးထဲရေထဲရွှံ့ထဲဗွက်ထဲ အခက်အခဲကြားမှ တရားတစ်ပွဲပြီးမြောက်အောင် ချီးမြှောက်ခဲ့ရပါသည်။ ထိုစဉ်က ဦးကုဏ္ဍလ(မကွေး)၊ ဦးကောသလ္လ(ပုပ္ပား)၊ ဦးကေသဝ(မင်းကွန်း)၊ ဦးသကျဝံသ(မြင်းခြံ)တို့နှင့်အတူသွားရသော ဓမ္မခရီးစဉ်ဖြစ်ပါသည်။ သတိတရရှိလွန်း၍ အမှတ်တရဓာတ်ပုံများရိုက်ကာ သိမ်းထားပါသည်။

မိုးမရွာလျှင်လည်း ဖုန်တထောင်းထောင်းမို့ မျောက်လောင်းများလို့ ထင်မှတ်မှားလောက်ပါသည်။ သက်နှင်းရုံနှင့် မရ၊ သင်္ကန်းခေါင်းမြီးခြုံပြီးကြွရပါသည်။ ဘယ်လောက်ပင်ပန်းခက်ခဲပါစေ ဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်တွေကို ကျေးဇူးဆပ်သောအားဖြင့် ဆောင်ရွက်နေရတာပဲဆိုတဲ့ ကြည်နူးစိတ်က ပင်ပန်းတာတွေကို ပြေပျောက်စေပါသည်။ ဒေသခံဆရာတော်ကြီးများနဲ့ ဒကာဒကာမတွေကလည်း မင်းကွန်းဓမ္မကထိကတွေ ကြွလာမည့်ရက်ကို လက်ချိုးရေတွက်လို့ စောင့်မျှော်နေကြပါသည်။ ကံအောင်ဆရာတော်၊ ထိတံဆရာတော်၊ ဝါးတောဆရာတော်၊အောင်သာဆရာတော်တို့ဆိုတာ သက်တော်, ဝါတော်ကြီးလှပါပြီ။

ကျွန်ုပ်တို့ မင်းကွန်းဓမ္မကထိကများကိုတော့ ဝါတော်ငယ်သော်ငြား မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏တပည့်များဆိုသော သံယောဇဉ်စိတ်ထားနဲ့ လေးလေးစားစား စောင့်ကြိုလေ့ရှိပါသည်။ ကျွန်ုပ်တို့ ဓမ္မကထိကအဖွဲ့ကလည်း လမ်းခရီးမှာ ဘယ်လောက်မောမော ဆရာတော်ကြီးများကို ဖူးလိုက်ရလျှင် ဒကာဒကာမတွေကို တွေ့လိုက်ရလျှင် အမောတွေပြေရပါတော့သည်။

'ကြွကြွပါဘုရား၊ တပည့်တော်တို့က မင်းကွန်းဆရာတော်ကြီးတပည့်ဆိုလျှင် ကိုရင်လေးကြွလာလည်း လှူလိုက်မှာပါဘုရား'ဆိုသော ခရီးဦးကြို(အာဝါသိကဝတ်)စကားလေးတွေကိုလည်း အမြဲကြားယောင်မိပါသည်။

ခုတော့လည်း ရာသီအလီလီပြောင်းလို့ နှစ်တွေကြာညောင်းခဲ့ပါပြီ။ ဒီဆရာနဲ့ ဒီဒကာ ကိုင်းကိုကျွန်းမှီ ကျွန်းကိုကိုင်းမှီဖြစ်ခဲ့ကြပါပြီ။ဆရာတော်ကြီးတွေဆိုလျှင်လည်း ဆရာနဲ့တပည့်လို၊ ဆရာတော်ငယ်တွေကျတော့ ငယ်ပေါင်းကြီးဖော်တွေကဲ့သို့၊ ဒကာဒကာမတွေမှာလည်း သားသမီးနဲ့မိဘလို မေတ္တာတွေမျှခဲ့ကြပါပြီ။

ယခုဆိုလျှင် မင်းကွန်းဆရာတော်ကြီးရဲ့ အရိုက်အရာကိုဆက်ခံသူ ရွှေစင်တိပိဋကဓရဆရာတော်ရဲ့ နှစ်စဉ်ကြွရောက် ချီးမြှောက်မှုကြောင့် ဓမ္မခရီးစဉ်များ ပြန့်ပွားတိုးတက်လျက်ရှိပါသည်။ ကျွန်ုပ်တို့ ဓမ္မကထိကအဖွဲ့၏ ၁၀-ရက်ဓမ္မခရီးစဉ် ပြီးဆုံးလျှင်ဖြင့် တစ်ရွာဝင် တစ်ရွာထွက် နှုတ်ဆက်ရပါတော့သည်။ တချို့ဒကာဒကာမတွေ ဝမ်းနည်း၍ ငိုကြပါသည်။ ကျွန်ုပ်တို့ ဓမ္မကထိကအဖွဲ့ဝင်တွေလည်း 'ငါလည်းလေ လောကီသားပေမို့' ဆိုတဲ့အတိုင်း ဝမ်းနည်းရင်းနဲ့ နှုတ်ဆက်ပြန်ခဲ့ရပါတော့သည်။

ကျွန်ုပ်ကတော့ 'မအူပင်ဦးတေဇော၊ နောက်နှစ်လည်း ကြွဦးနော်'လို့ ဒကာဒကာမတွေ တောင့်တနေရတဲ့ မပါမပြီး တောကျော်ဓမ္မကထိကကြီး ဖြစ်နေခဲ့ရပါသည်။ အဲဒီအတွက်လည်း ဂုဏ်ယူရပါသည်။ ။

ဦးတေဇောဘာသ(မအူပင်)
နယ်လှည့်ဓမ္မကထိက
မတ္တရာကျောင်း၊ ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့်

ဗန်းမော်ဆရာတော်ကြီးဘဒ္ဒန္တကုမာရာဘိဝံသတို့ စတင်တွေ့ဆုံပုံနှင့်...

မင်းကွန်းကိုပညာ

မင်းကွန်းဆရာတော်ကြီး၏
အန္တိမဈာပနပူဇာအခမ်းအနား၌
ဗန်းမော်ဆရာတော်ကြီး
ဩဝါဒချီးမြှင့်နေတော်မူပုံ

ကိုပညာ။ ။ဆရာတော်ဘုရား။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် စတင်တွေ့ဆုံကြပုံလေးကို အမိန့်ရှိပေးပါဦးဘုရား။

ဗန်းမော်ဆရာတော်ကြီး။ ။ဆဋ္ဌသင်္ဂါယနာမတင်မီကာလက မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဟာ ဝင်္ဂသကာ ဘွဲ့ရကြတဲ့ပုဂ္ဂိုလ်ကိုးပါးထဲမှာ ပထမဦးဆုံး 'ဝင်္ဂသကာ'ဘွဲ့ကို ရတော်မူလို့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို 'အာဒိ ကမ္မိက ဝင်္ဂသကာ'လို့ အမည်တွင်ပါတယ်။

ဝင်္ဂသကာဘွဲ့ရကြတဲ့ပုဂ္ဂိုလ်ကိုးပါးက-

၁။ ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး (ပျံလွန်)။

၂။ ဘဒ္ဒန္တဥတ္တမာဘိဝံသ။ ညောင်ရမ်းကျောင်း၊ မိုးကောင်းကျောင်းတိုက်(ပျံလွန်)။

၃။ ဘဒ္ဒန္တလက္ခဏာဘိဝံသ(ဦးကျော်ရှိန်) (ပရိသုဒ္ဓ)။

၄။ ဘဒ္ဒန္တသုမနာဘိဝံသ (ဦးသောင်းလွင်)(ပရိသုဒ္ဓ)။

၅။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နဝမဗန်းမော်ဆရာတော်ကြီး။

၆။ ဘဒ္ဒန္တသုနန္ဒာဘိဝံသ (ဦးရွှေအောင်)(ကွယ်လွန်)။

၇။ ဘဒ္ဒန္တနာရဒါဘိဝံသ (ဦးထွန်းလှိုင်)(ကွယ်လွန်)။

၈။ ဘဒ္ဒန္တကစ္စာယနာဘိဝံသ (ဗိုလ်ကြီးကျော်နိုင်)။

၉။ ဘဒ္ဒန္တကေသရာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်း၊ အမရပူရ။

ဒီကိုးပါးထဲမှာ ဆရာတော်နှင့် ဦးကေသရ နှစ်ပါးပဲကျန်တော့တာ။ ကျန် ခုနစ်ပါးကတော့ အချို့ပျံတော်မူ၊ အချို့ ပရိသုဒ္ဓပြုကြနဲ့။

နောက် ဆဋ္ဌသင်္ဂါယနာတင်တော့မယ်ဆိုတော့ မြန်မာနိုင်ငံမှာရှိကြတဲ့ ဆရာတော်ကြီးတွေက ထိုင်းတို့၊ ကမ္ဘောဒီးယားတို့၊ လာအိုတို့၊ သီဟိုဠ်တို့သွားပြီး စည်းရုံးကြတယ်။ စည်းရုံးကြတော့ ထိုင်းမှာရှိကြတဲ့ဆရာတော်ကြီးတွေကပြောကြသတဲ့။ 'ရှေးတုန်းက သင်္ဂါယနာအဆက်ဆက်တင်ကြတဲ့အခါမှာ တိပိဋကဓရပါကြတယ်၊ ကိုယ်တော်တို့မြန်မာနိုင်ငံမှာ တိပိဋကဓရရှိရဲ့လား'လို့မေးကြသတဲ့။ အဲဒီမှာ တိပိဋကဓရ မရှိသေးဘူးဆိုတာ သိလိုက်ကြသပေါ့။

အဲဒီနိုင်ငံခြားသွားကြတဲ့ဆရာတော်ကြီးတွေ မြန်မာနိုင်ငံပြန်ရောက်လာကြတော့ အဲဒီအကြောင်းပြောပြကြတယ်။ အဲဒီတုန်းက ဒီမှာအစိုးရက ဦးနုအစိုးရပေါ့။ ဦးနုအစိုးရကို ပြောပြတော့ 'ကဲ. . . ဒီလိုဆိုရင် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကျင်းပမယ်၊ တိပိဋကဓရအောင်တဲ့ဆရာတော်ကို အဖြေ(ဝိသဇ္ဇက)ထားပြီး ဆဋ္ဌသင်္ဂါယနာတင်ကြမယ်'လို့ ပြောသတဲ့။

ဒီလိုနဲ့ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကျင်းပလာလိုက်တာ တစ်ပါးမှမအောင်ဘဲဖြစ်နေတော့ သူဌေးကြီး ဆာဦးသွင်က သူ့ရဲ့ရဟန်း မင်းကွန်းတိပိဋကဓရဆရာတော်လောင်းလျာကိုလျှောက်သတဲ့။ 'ဦးဇင်း၊ အခုတိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကျင်းပနေတာ

နှစ်တွေလည်းကြာပြီ၊ ခုထက်ထိ တစ်ပါးမှမပေါ်သေးဘူး။ ဒီလိုဆိုရင် ဆဋ္ဌသင်္ဂါယနာတင်ဖြစ်တော့မှာမဟုတ်ဘူး'လို့ လျှောက်သတဲ့။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက 'ဒါဖြင့်ရင် ကျုပ်ပြန်လိုက်မယ်ဗျာ'လို့ အမိန့်ရှိသတဲ့။

တိပိဋကစာပြန်တော့လည်း ဖြစ်ကတတ်ဆန်း ကသောကမျောပြန်တာမျိုးမဟုတ်ဘဲ အင်မတန်မှ အောင်အောင်မြင်မြင် အသံနေအသံထားနဲ့ကို ပြန်ဆိုနိုင်တယ်။ ဇာတ်မင်းသားကြီးဦးဖိုးစိန်ဆိုရင် နေ့တိုင်းနေ့တိုင်း မင်းကွန်းဆရာတော်ကြီး စာပြန်နေတာကို လာလာပြီး နာယူကြည်ညိုလေ့ရှိသတဲ့။ စာနာလာတာပေ့ါ။ ပြီးတော့ အဲဒီခေတ်တုန်းက သမ္မတကြီးစဝ်ရွှေသိုက်ကလည်း မင်းကွန်းဆရာတော်ကြီးရဲ့ စာပြန်တဲ့အသံကို ကြည်ညို လွန်းလို့တဲ့၊ မင်းကွန်းဆရာတော်ကြီး တိပိဋကစာပြန်ရာ ဌာနဖြစ်တဲ့ မဟာစည်သာသနာ့ရိပ်သာကို နေ့တိုင်းနေ့တိုင်း လာပြီး စာနာလေ့ရှိသတဲ့။

အဲဒီလို မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဟာ အခြားသူများ စာပြန်သလိုမဟုတ်ဘဲ အသံနေအသံထားနဲ့ ကို ပြန်ဆိုခဲ့တယ်။ ပြန်တော့လည်း အကျအနမရှိ ကျော်ခြင်း ခုန်ခြင်းလည်းမရှိ ပြန်ဆိုနိုင်တယ်။ ပြီးတော့ အဲဒီတုန်းက ပါဠိတော်မူတွေဟာ မသန့်ရသေးတော့ (ဆဋ္ဌသင်္ဂါယနာ မတင်ရသေးတော့) အချို့စာမူတွေကို စာပြန်ရင်းနဲ့ ထောက် ထောက်ပြခဲ့သေးသတဲ့။ ဒီစာပိုဒ်လေးမှာ ဒီစာလုံးလေးက ပိုနေတယ်၊ ဒီစာလုံးကလေးက ကျနေတယ်-စသဖြင့် စာမူ အမှားတွေကိုလည်း စာပြန်ရင်းပြင်ပေးသတဲ့။ အာဂုံပြန်ဆို ရာမှာ အကျအနမရှိ၊ အခုန်အကျော်လည်းမရှိ၊ အထောက် အမလည်းမရှိ ချောချောမောမောကြီးပြန်ဆိုနိုင်လို့ 'ဝိသိဋ္ဌ တိပိဋကဓရ'ရရှိတော်မူတယ်။ နောက်ရေးဖြေ ဖြေတော့ လည်း ကျမ်းတိုင်းကျမ်းတိုင်းမှာ အမှတ် ၉၀,၁၀၀-ရရှိတော် မူလို့ 'မဟာတိပိဋကကောဝိဒ'ဘွဲ့ကိုလည်း ရရှိတော်မူတယ်။

ဒီမြန်မာနိုင်ငံမှာ ပထမဦးဆုံးတိပိဋကဓရဖြစ်လို့မို့ 'အာဒိကမ္မိက ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ' ဘွဲ့ကိုလည်း ရရှိတော်မူတယ်။ သက်တော်ထင်ရှား ဘုရား လက်ထက်က ညီတော်အာနန္ဒာလို ဘုရားဟောဓမ္မက္ခန္ဓာတွေကို အကုန်လုံးထိန်းသိမ်းစောင့်ရှောက်ထားနိုင်လို့ 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက'ဘွဲ့ကိုလည်း ရတော်မူပါတယ်။

ကိုပညာ။ ။ဆရာတော်ဘုရား။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးရဲ့ တရားဟောပုံ ထူးခြားမှုလေးများရှိရင် အမိန့်ရှိပါဦးဘုရား။

ဗန်းမော်ဆရာတော်ကြီး။ ။မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတရားဟောတဲ့နေရာမှာ မှတ်သားဖွယ်ရာ ကောင်းတာလေးကတော့ ဆရာတော်ကြီးက ပါဠိတော် ဟောစဉ်, အဋ္ဌကထာဟောစဉ်အနေနဲ့ ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေကိုအလွတ်ကျက်ပြီး အစဉ်အတိုင်း ဟောတော် မူပါတယ်။ ပါဠိတော်ကိုမူတည်ပြီး အဋ္ဌကထာ အဖွင့်, ဋီကာ အဖွင့်တွေကို အစဉ်အတိုင်းဟောတော်မူလို့ အလွယ်တကူ ခေါ်တော့ 'ပါဠိတော်ဟောစဉ်'လို့ပဲ အမည်တွင်ပါတယ်။

ဆရာတော်ကြီးရဲ့ဆရာ ဆရာတော်ဦးပညာစက္က ကတော့ ပိဋကတ်သုံးပုံကိုအလွတ်တော့မရဘူး။ ပိဋကတ် သုံးပုံပါဠိတော်မှာ အုပ်ရေ ၄၀-ရှိပါတယ်။ အဲဒီအုပ်ရေ ၄၀-ကို တစ်နေ့တစ်နေ့ စာမျက်နှာ ၅၀, ၆၀-စသည်ဖြင့် ဒီယနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်ကနေပြီးတော့ မိလိန္ဒပဉှာ ပါဠိတော် ထိအောင်အုပ်ရေ ၄၀-တစ်ခေါက်။ ပါဠိတော် အုပ်ရေ ၄၀-ကိုလည်း ၁၊၂၊၃၊၄-၄၀-ဆိုပြီး နံပါတ်စဉ်တပ်ထားတယ်။ အဲဒီအစဉ်အတိုင်း နေ့စဉ် ရွတ်ဖတ်ပူဇော်လေ့ရှိတယ်။ ဒီလိုပူဇော်လာတာ သူ့တစ်သက် မှာ အခေါက်ရေပေါင်း ၃၀-ကျော်ရွတ်ဖတ်ပူဇော်နိုင်ခဲ့သတဲ့။

နောက်ပြီး မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက မှတ်မှတ်ရရလေးပြောဖူးတယ်။ ဥပမာ. . .'တပည့်တော် ဒံပေါက်ဆွမ်းလေး စားချင်လိုက်တာလို့ တောင့်တလိုက်ရင် မန္တလေးကနေပြီး ဒံပေါက်ဆွမ်းလာကပ်တဲ့လူ ရောက်လာ တတ်တယ်။ တစ်ခါတလေကျတော့ ဒူးရင်းသီးလေးစားချင် လိုက်တာလို့ အောက်မေ့လိုက်ရင် အချိန်အခါမဟုတ်ဘဲ ဒူးရင်းသီးတွေ ရောက်ရောက်လာတတ်တယ်။ တစ်ခါကျတော့ လည်း တပည့်တော်မှာ အေးတဲ့အချိန်အခါမျိုးမှာ အခုလို အေးတဲ့ရာသီမှာပေ့ါ။ သက္ကလတ်ခြုံထည်လေး ခြုံရရင်ကောင်း မှာလို့ စိတ်ကူးလိုက်ရင် လှူတဲ့လူရောက်ရောက်လာတယ် ဘုရား'လို့ သူ့ဆရာဦးပညာစက္ကကို လျှောက်ထားဖူး သတဲ့။

သူ့ဆရာဦးပညာစက္ကက 'အေး၊ မင်း အဲဒါ ပါဠိတော် တွေ အမြဲရွတ်ဖတ်သရဇ္ဈာယ်နေတော့ မင့်ခန္ဓာကိုယ်ကြီး ကလည်း ဓမ္မစေတီထိုက်သွားတာပေ့ါ၊ မင့်ခန္ဓာကိုယ်က ပါဠိတော်တွေရဲ့တည်ရာ ဓမ္မစေတီထိုက်သွားတော့ အဲဒါ သိဒ္ဓိပေါက်တယ်'လို့ အမိန့်ရှိဖူးတယ်တဲ့။

ဒါ့ကြောင့် ခန္ဓာကိုယ်ဓမ္မစေတီထိုက်အောင် ပါဠိတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြ။ အဲဒါဆိုရင် သိဒ္ဓိပေါက်ပြီး လိုရာကိစ္စအောင်မြင်မှာလို့ မင်းကွန်း တိပိဋက ဓရဆရာတော်ကြီးက တပည့်တော်ကို ပြောဖူးတယ်။

ကိုပညာ။ ။ဆရာတော်ဘုရား။ဆရာတော်နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးတို့ဟာ ဆဋ္ဌသင်္ဂါယနာ

တင်စဉ်ကာလမှာ အတူတွေ့ဆုံခဲ့ဖူးတယ်လို့ သိရပါတယ်ဘုရား။ ဆဋ္ဌသင်္ဂါယနာတင်ရာမှာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ ထူးထူးခြားခြားဖြစ်မှုလေးများကိုလည်း အမိန့်ရှိပေးပါဦးဘုရား။

ဗန်းမော်ဆရာတော်။ ။မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက ပါဠိတော်တွေကို ကျက်ထားတာဆိုတော့ ပါဠိတော်စာသွားစာလာ ပိုင်တယ်ပေါ့။ အချို့အချို့နေရာတွေမှာ စာတစ်လုံး နှစ်လုံး၊ စာတစ်ပိုဒ် နှစ်ပိုဒ်၊ စာတစ်ဝါကျ နှစ်ဝါကျ စသည်ကျနေတယ်ဆိုတာတွေကို ထောက်ပြနိုင်တယ်။

ပြီးတော့ ပေဋကောပဒေသပါဠိတော်ကျမ်းကို ကြည့်တဲ့အခါ အဲဒီလိုပါဠိတော် စာသွားစာလာနဲ့ မကိုက်ဘဲဖြစ်နေတယ်။ ပေဋကောပဒေသပါဠိတော်ကျမ်းကို ဆဋ္ဌသင်္ဂါယနာမတင်ဖို့ရန် လျှောက်ထားတယ်။ အဲဒီလို လျှောက်ထားတော့ မန္တလေးမြို့ ဘုရားကြီးတိုက်နယား ဆရာတော်ကြီးက 'ဆရာတော်ဘုရား၊ ဒီပေဋကောပဒေသကျမ်းစာတွေကို ပဉ္စမသင်္ဂါယနာတင်တုန်းကလည်း တင်ခဲ့တယ်၊ ပဉ္စမသင်္ဂါယနာတင်ခဲ့တော့ တပည့်တော်တို့နဲ့ နှစ်ပေါင်း ၁၀၀-ပဲကွာသေးတယ်။ သိပ်ဝေးသေးတာ မဟုတ်ဘူး။ ရှေးဆရာတော်ကြီးတွေတင်ခဲ့တဲ့ ကျမ်းစာတွေကို မပျောက်မပျက်ရလေအောင် ဒီအတိုင်းလေးရှိတဲ့အတိုင်း တင်ထားနိုင်သလောက် တင်ထားကြပါစို့'လို့ လျှောက်ထားတော့၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကလည်း ဆရာတော်ကြီးများရဲ့ အလိုဆန္ဒကိုလိုက်လျောပြီး ဆဋ္ဌသင်္ဂါယနာတင်စေခဲ့ပါတယ်။ ဆရာတော်ကြီးများနဲ့ ဆန့်ကျင်ဘက်မလုပ်ဘဲ ပေဋကောပဒေသကျမ်းကို ဆဋ္ဌသင်္ဂါယနာတင်ဖို့ လက်ခံခဲ့ပါတယ်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဟာ ပါဠိတော်စာသွားစာလာတွေကို အင်မတန်ပိုင်နိုင်တဲ့အတွက် ဒီပေဋကောပဒေသကျမ်းဟာ ပါဠိတော်စာသွားမဟုတ်ဘူးဆိုတာ သိနေတယ်။ သိပေမယ်လို့ ပြင်ဖို့ရာအတွက်တော့ မူကမရှိဘဲဖြစ်နေတယ်။ ဒါကြောင့် ဒီအတိုင်းပဲထားပြီး ဆဋ္ဌသင်္ဂါယနာတင်ခဲ့ကြပါတယ်။

ကိုပညာ။ ။ဆရာတော်ဘုရား။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဆဋ္ဌသင်္ဂါယနာတင်စဉ်မှာ အာရှက ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ကြတဲ့ ထိုင်း, ကမ္ဘောဒီးယား, လာအို, သီဟိုဠ်, အိန္ဒိယ, နီပေါ, ဂျပန်-စတဲ့နိုင်ငံရပ်ခြား ဆရာတော်ကြီးများက 'တိပိဋက ကိုယ်တော်လေး၊ ပါဠိတော် အုပ်ရေ-၂၀ ကတော့ တိပိဋက ပြန်ရလို့ ကျက်ထားတာထားပါတော့၊ ကျန်တဲ့ပါဠိတော် အုပ်ရေ ၂၀-နဲ့ အဋ္ဌကထာ ၅၂-အုပ်၊ ဋီကာ ၂၆-အုပ်ကို ဘယ်အချိန်ကများ ကျက်လိုက်တာပါလိမ့်၊ တိပိဋကပြန်တုန်းကလည်း လေးနှစ်ထဲနဲ့ပြီးသွားတာ'လို့ အံ့ဩဝမ်းသာ မေးမြန်းကြသတဲ့ဘုရား။ ဆရာတော် ဒီအတွေ့အကြုံလေးကို အမိန့်ရှိပေးပါဦးဘုရား။

ဗန်းမော်ဆရာတော်ကြီး။ ။အဲဒီဥစ္စာကလည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက တစ်နေ့စာ တစ်နေ့စာလေးလောက်ကို တစ်ခေါက်နှစ်ခေါက်လောက် ဖတ်ခိုင်းလိုက်ရင် ရသွားသတဲ့။ ရသွားပြီးတော့ အနက်တွေကလည်းထင်တော့ မြန်မာပြန်ရာမှာလည်း အလွန်ချောအောင်ပြန်နိုင်တယ်။

တစ်ရက်စာလေးကို မဟာစည်ဆရာတော်ကြီးနဲ့ စည်း ဝါးကိုက်တဲ့အနေနဲ့ မဟာစည်ဆရာတော်ကြီးကမေး၊ အမေးကတော့မခက်ဘူးပေါ့။ အဖြေက အရှည်ကြီးဖြေရတာဆိုတော့ အဲဒီမှာ မင်းကွန်းဆရာတော်ကြီးက ဖြေဖို့ရာလေး နည်းနည်း စာကိုကြည့်။ တစ်ခါတလေလည်း ကိုယ့်ဘာသာကိုယ်လည်း ကြည့်၊ သူများကိုလည်း တစ်ခေါက်လောက် အဖတ်ခိုင်း။ ဒါနဲ့ပဲ ဆဋ္ဌသင်္ဂါယနာမှာ အဋ္ဌကထာတွေ, ဋီကာတွေ အကုန်လုံးလိုလို အမေးအဖြေလုပ်သွားနိုင်တယ်လို့ ဆိုပါတယ်။

အဲဒါနဲ့ နိုင်ငံခြားသားတွေရော မြန်မာပြည်မှာ ရှိကြတဲ့ ဆရာတော်တွေပါ အကုန်လုံးအံ့ဩကြတာပါပဲ။ ဒီလို ပုဂ္ဂိုလ်မျိုး မရှိဘူး မရှိဘူးနဲ့ ဝမ်းသာအယ်လဲ ချီးမွမ်းကြပါတယ်။

အေး. . . သဒ္ဒါနည်းတွေဘာတွေဆိုတာ မင်းကွန်းဆရာတော်ကြီးက အဓိပ္ပာယ်သိရင်ကို ပါဠိစီတတ်သွားတာ။ အဲဒါကြောင့် ဆဋ္ဌသင်္ဂါယနာမှာ ပါဠိ, အဋ္ဌကထာ, ဋီကာတွေကို ချောချောမောမောပြန်ဆိုနိုင်တာပေါ့။ ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

[၁၆-၂-၂၀၁၁၊ ဗုဒ္ဓဟူးနေ့ ညနေ ၃း၀၀-နာရီနဝမမြောက် ဗန်းမော်ဆရာတော်ဘုရားအား မေးမြန်းလျှောက်ထားချက်များဖြစ်သည်။]။

မင်းကွန်းကိုပညာ

အေးချမ်းသာယာဆုံးသော အရိပ်

မြိုင်–စက်ကလေး



စာရေးသူသည် ၁၃၅၃-ခုနှစ်တွင် မိဘဆွေမျိုးများကို ခွဲခွာပြီး မုံရွာမြို့ရှိ စာသင်တိုက်ကြီး တစ်တိုက်သို့ ရောက်ရှိခဲ့ပါသည်။ ထိုကျောင်းတိုက်သို့ရောက်သည့်နေ့မှစပြီး နံနက်စောစောထ, ဘုရားရှိခိုး, ဝတ်ကြီးဝတ်ငယ်ပြု, ဆွမ်းခံ, စာကျက်, စာဝါလိုက်-ဤအလုပ်တို့ဖြင့် တစ်နေ့တာကုန်ဆုံးလေတော့၏။ စာသင်သားဘဝရောက်တော့မှ စာသင်သားဒုက္ခအလွန်ကြီးမားကြောင်း နားလည်သွားတော့၏။

ရှေးဦးစွာ မေတ္တာတရားလွန်ကြီးမားသည့် မိဘများနှင့် ခွဲခွာနေရခြင်းဒုက္ခ၊ စာမေးပွဲကျလို့ ဝမ်းနည်းအားငယ် စိတ်ပျက်ရခြင်းဒုက္ခ၊ စိတ်ကောင်းရှိသောပုဂ္ဂိုလ်, စိတ်ကောင်းမရှိသောပုဂ္ဂိုလ် စသည်ဖြင့် နယ်တကာရပ်တကာမှ လာရောက်သီတင်းသုံး စာသင်ကြသောပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းဒုက္ခ၊ ဘုန်းကံနည်းပါး လာဘ်လာဘမရှိ လှူမည့်သူမရှိသဖြင့် ပစ္စည်းလေးပါး မပြည့်စုံခြင်းဒုက္ခ - စသည်စသည်အားဖြင့် များပြားလှစွာသော စာသင်သားဒုက္ခအဝဝတို့ကို စတင်ရင်ဆိုင်ရတော့၏။

စာရေးသူအနေဖြင့် စာပေကို အပြင်းအထန် ကြိုးစားသဖြင့် အထိုက်အလျောက်အောင်မြင်မှုရခဲ့၏။ တစ်ဆက်တည်းဆိုသလို ထိုအောင်မြင်မှုကိုမလိုလားသည့် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့၏ နှောင့်ယှက်မှုကြောင့် စိတ်ဆင်းရဲမှု ဒဏ်ကိုလည်း အပြင်းအထန်ခံစားလာရတော့၏။

ထို့ကြောင့် စာရေးသူလည်း ၁၃၅၇-ခုနှစ်တွင် ကျောင်းပြောင်းချင်သောဆန္ဒ ပေါ်ပေါက်လာသဖြင့် မုံရွာရှိ ကျောင်းတစ်ကျောင်းသို့ သွားရောက်လျှောက်ထားလေရာ ကျောင်းထိုင်ဆရာတော်က 'မင်း ငါ့ကျောင်းနေရင် စာကျက်ဖြစ်မှာမဟုတ်ဘူး'ဆိုပြီး ရန်ကုန်ကျောင်းတစ်ကျောင်းသို့ ပို့ဆောင်ပေးတော့၏။

ရန်ကုန်ကျောင်းရောက်တော့ စာရေးသူလည်း တိပိဋက ဖြေလိုသောဆန္ဒ ပြင်းပြလာသဖြင့် 'တိပိဋကမလုပ်တဲ့ ကျောင်းတိုက်မှာ တိပိဋကလုပ်လို့မသင့်'ဟု တွေးပြီး မန္တလေးရှိကျောင်းတစ်ကျောင်းသို့ သွားရောက်လျှောက်ထားရာ ကျောင်းထိုင်ဆရာတော်က 'တစ်နှစ်ပဲနေမှာဆိုရင်တော့ နေပေါ့။ တစ်နှစ်ကျော်ရင်တော့ မဖြစ်ဘူး'ဟု ဆိုလေ၏။

စာရေးသူ ထိုကျောင်းရောက်တော့ ဆွမ်းခံထွက်သောအခါ ဆွမ်းခံအိမ်မရှိ ဘုံလောင်းတိုးရ၏။ သပိတ်ပြည့်အောင်ရတဲ့အခါလည်း ရှိ၏။ ဆွမ်းဝအောင်မရတဲ့အခါလည်း ရှိ၏။ ဆွမ်းမဝတာက တစ်ကြောင်း၊ စာအော်ကျက်တာတစ်ကြောင်းကြောင့် ကျန်းမာရေးဖောက်ပြန်လာ၏။ အိမ်မိဘထံ ပိုက်ဆံမှာပြီး ဆေးကုရ၏။ ကျန်းမာရေး ကောင်းလာသောအခါ စာမေးပွဲသွားဖြေရာ အောင်မြင်ခဲ့၏။

တစ်နှစ်ကုန်တော့ ကျောင်းရှာရပေဦးမည်။ သို့နှင့် ရန်ကုန်ရှိကျောင်းတစ်ကျောင်းသို့ သွားရောက် လျှောက်ထားရာ 'စာချတန်းမို့လက်မခံ'ဟု ငြင်းပယ်သည့် ကျောင်းတိုက်က တစ်မျိုး၊ မရင်းနှီးလို့ လက်မခံသည့် ကျောင်းတိုက်က တစ်ဖုံ ကျောင်းရှာရတာ အလွန်ဆင်းရဲလှ၏။ သို့နှင့် အခြားကျောင်းတစ်ကျောင်းသို့ သွားရောက်လျှောက်ထားရာ ကျောင်းထိုင်ဆရာတော်က စာရေးသူတို့ရွာနှင့်နီးသောရွာက ဆရာတော်ဖြစ်နေသဖြင့် လွယ်ကူစွာ လက်ခံလိုက်၏။

သို့သော် 'ဒီကျောင်းမှာ စာချတန်းပြီးရင် မောင်းထုတ်တာများတယ်'ဟု သတင်းရထား၏။ ထို့ကြောင့် စာရေးသူလည်း နောက်ထပ်တစ်ကျောင်းရှာဖို့ စိတ်ဆင်းရဲနေရပြန်၏။ ဤသို့လျှင် စာသင်သားဘဝဆိုသည်မှာ ကျောင်းရှာရခြင်း ဒုက္ခ၊ ကျောင်းရသော်လည်း ဘယ်အချိန်နှင်ထုတ်မှာလဲ- ဟူသောသောကတွေနှင့် သေချာတိကျ ခိုင်မာသောဘဝမရှိဘဲ ဆင်းရဲစွာဖြတ်သန်းကြရကုန်၏။

သူငယ်ချင်းတစ်ပါးဆိုလျှင် 'ခုခေတ်ကျောင်းထိုင်ဘုန်းကြီးတွေက သာသနာစိတ်ခေါင်းပါးကြတယ်။ လိုရင်လက်ခံတယ်၊ မလိုရင် သူတို့အတွက်အကျိုးမရှိရင် မောင်းထုတ်တယ်။ ဒီလိုကျောင်းတိုက်တွေနေလို့ ဘာမှစိတ်ချမ်းသာမှာမဟုတ်ဘူး။ မိဘမေတ္တာအရိပ်ပဲအေးမြတယ် စိတ်ချမ်းသာတယ်'ဆိုပြီး လူထွက်သွားလေရဲ့။

ဒီလိုနဲ့ စာရေးသူလည်း ပင်ပန်းသည်းခံပြီး ကြိုးစားခဲ့ရာ တစ်နှစ်တည်းမှာပဲ စာချတန်းလည်းပြီး၊ ဝိနယဓရလည်း အောင်၊ ရဟန်းဒကာလည်းရခဲ့တယ်။ ရဟန်းဒကာဆိုပေမယ့် တချို့က လှူဒါန်းထောက်ပံ့ကြတယ်၊ တချို့က လုံးဝ မလှူကြ မထောက်ပံ့ကြပါဘူး။ တချို့က ဗေဒင်ယတြာစသော အကြောင်းကြောင့် မိမိအကျိုးအတွက်သာ ကြည့်ပြီး ရဟန်းခံကြတယ်။ မိမိကား အဆိုးဝါးဆုံးသော ရဟန်းဒကာနှင့် စတင်တွေ့လေတော့၏။ ထို့ကြောင့် မိမိအနေဖြင့် မိဘချွေးနဲ့စာထောက်ပံ့ငွေဖြင့်သာ ဖြတ်သန်းခဲ့ရ၏။

စာသင်သားတိုင်း ဆင်းရဲကြသည်တော့ မဟုတ်ပါ။ တချို့လည်း ပြည့်စုံအောင်ထောက်ပံ့ကြသည့် ဆရာဒကာတွေနဲ့တွေ့ပြီး ကြီးပွားချမ်းသာကြ၏။တချို့လည်း ထောက်ပံ့မှု လုံးဝမရှိသော ဆရာဒကာတို့နှင့် တွေ့ကြုံကြရ၏။ အတောင်မစုံသေးဘဲ ပျံသန်းကြသည့်ငှက်ကလေးတွေ ကိုယ်လိုရာ မပျံသန်းနိုင်ကြဘဲ လေထန်ရာကျရောက်ကြလေ၏။ အချို့ ငှက်ကလေးတွေ နူးညံ့ပျော့ပျောင်းသော သစ်ပင်ပေါ်သို့ ကျရောက်ပြီး ချမ်းသာကြ၏။ အချို့ ငှက်ကလေးတွေ ဆူးခက်ချုံပေါ်သို့ကျရောက်ပြီး ဆင်းရဲကြ၏။

ထိုအတူ စာသင်သားသံဃာတွေလည်း ကံတည်းဟူသောလေဟုန်အတိုင်း ချမ်းသာ, ဆင်းရဲ ခံစားကြရလေကုန်၏။ ပစ္စည်းလေးပါးမပြည့်စုံလျှင် အနေသနမှုများ ပြုလုပ်ပြီး သာသနာတော်လည်းပျက်စီး၊ မိမိလည်း အပါယ်ငရဲသို့ ရောက်တတ်၏။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့က မိမိတို့ သားရဟန်းအတွက် ပစ္စည်းလေးပါးတာဝန်မယူနိုင်ဘဲ 'သူတစ်ပါးတွေ လှူလိမ့်မည်'ဟူသော မျှော်လင့်ချက်ဖြင့် မိမိ၏ သားသမီးတို့ကို တစ်နယ်တစ်ကျေးသို့ မစေလွှတ်သင့်ပါ။

စာရေးသူ သူငယ်ချင်းတစ်ပါးဆိုလျှင် သူ့မိခင်ကို 'အမေရယ်၊ မြို့က ဒကာဒကာမတွေဆိုတာ ဂုဏ်တွေ, ရာထူးတွေ, ပကာသနတွေ, ပိုက်ဆံတွေ, အာဏာတွေ, အခြ

တိ=နိ ကုန်းမြေ တည်ထောင်စက
မင်းကွန်းဆရာတော်ကြီး
စာသင်သားများထံ
ကြွတော်မူပုံ

အရံတွေ ဒါတွေရှိတဲ့သူကိုမှ ရဟန်းထင်တာ၊ လျှချင်တာ။ ဦးဇင်းတို့လို ဘာမှမရှိတဲ့ သူတွေကိုတော့ ဘယ်သူမှ ရဟန်း မထင်ကြဘူး၊ မလှူကြဘူး။ ဒါကြောင့် အမေ့ မေတ္တာရိပ်လောက် ဘယ်အရိပ်မှမအေးပါဘူး။ အမေ့ မေတ္တာအရိပ်မှာပဲ နေပါတော့မယ်'-ဆိုပြီး လူထွက်သွားလေရဲ့။

စာရေးသူလည်း လူထွက်ချင်တဲ့စိတ်တွေ, မိဘနဲ့အတူ နေထိုင်ချင်တဲ့စိတ်တွေ စွဲကပ်နေတဲ့အချိန်မှာပဲ ၁၃၆၀-ပြည့်နှစ်မှာ မင်းကွန်း တိပိဋက=နိကာယ ကျောင်းတိုက်သို့ ရောက်ရှိခဲ့တော့၏။

စာရေးသူ မင်းကွန်း တိ = နိကျောင်းရောက်တော့ မင်းကွန်းဆရာတော်ကြီး၏ဂုဏ်သတင်းတွေ အရှိန်အဝါတွေ ဘုန်းတန်ခိုးတွေ အရိပ်အာဝါသတွေ မေတ္တာအေးဓာတ်တွေကတော့ ယခုအချိန်အထိ တစ်စက်ကလေးမျှ မှေးမှိန်သွားခြင်းမရှိသေးဘဲ ပျံ့နှံ့စိမ့်ဝင်လျက်ရှိပါသေးတယ်။ နောင်လည်း ဘယ်တော့မှ မှေးမှိန်သွားမှာမဟုတ်ပါဘူး။ အထူးသဖြင့် မင်းကွန်း တိ=နိစာသင်သားတိုင်း၏ နှလုံးသားဝယ် မင်းကွန်းဆရာတော်မြတ်ကြီးရဲ့အရိပ်တွေ မေတ္တာဓာတ်တွေဟာ အသက်လိုပဲ အမြဲတည်ရှိနေပါတော့တယ်။

မင်းကွန်းဆရာတော်မြတ်ကြီး၏ သာသနာစိတ်ပြည့်ဝမှု, စိတ်ထားဖြူစင်မှု, စိတ်ဓာတ်အရည်အချင်းပြည့်ဝမှု, ပညာအမြော် အမြင်ပြည့်ဝမှု, ခန္တီ-ဝီရိယပြည့်ဝမှုတွေကို စာနဲ့လည်းရေးလို့ မကုန်နိုင်သလို ပါးစပ်နဲ့လည်း ပြောလို့ မကုန်နိုင်ပါဘူး။

ထို့ကြောင့် ယခုအချိန်အထိ မင်းကွန်းတိ=နိ ကျောင်းတိုက်၌ နေထိုင် သီတင်းသုံးခဲ့ဖူးသူတိုင်း ဘယ်သူမှ မင်းကွန်းဆရာတော်မြတ်ကြီးရဲ့အပြစ်ကို နည်းနည်းလေးမျှ ပြောထွက်သူမရှိသလို ဘယ်သူမှလည်း မင်းကွန်းဆရာတော်မြတ်ကြီးအပေါ် မေတ္တာမထားနိုင်တဲ့သူ ဆိုတာလည်း မရှိပါဘူး။

စာရေးသူ မင်းကွန်း တိ=နိကျောင်းရောက်တော့ မင်းကွန်းဆရာတော်ကြီးကိုယ်စား တိ=နိမဟာနာယက တိပိဋကဓရဆရာတော် မြတ်ကြီးတွေက စီမံအုပ်ချုပ် ပြီး သာသနာပြုနေကြပါတယ်။ စာရေးသူ တိ=နိကျောင်း ရောက်တော့ သုံးထပ်ကျောင်းဆောင် အပေါ်ထပ်မှာ နှစ်ပါး တည်း နေရတယ်။ အရုဏ်ဆွမ်း, နေ့ဆွမ်း ဆွမ်းခံစရာမလို၊ အချိန်တန်လို့ ဆွမ်းတုံးခေါက် ရင် ဆွမ်းကျောင်းပေါ်သွားပြီး ဘုဉ်းပေးလိုက်ရုံပါပဲ။ ကိုယ် စားတဲ့ပန်းကန်တောင် မဆေးရဘူး။ ဆွမ်းဘုဉ်းပေးပြီး ထ,ပြန်လာရုံပါပဲ။ ကျန်းမာရေး မကောင်းတဲ့အခါကျတော့ ကျောင်းတိုက်က ဆေးဖိုး အကုန်အကျခံပါတယ်။ စာဖြေကြွတဲ့အခါမှာလည်း ကျောင်းတိုက်က ကားအကြိုအပို့ ခရီးစရိတ်အားလုံး အကုန်အကျခံပြီး စီမံဆောင်ရွက်ပေးပါတယ်။ စာမေးပွဲ အောင်လာတဲ့အခါမှာလည်းပဲ ထိုက်ထိုက်တန်တန် ဂုဏ်ပြု ပူဇော်ပွဲကြီးတွေ တခမ်းတနားနဲ့ အားပေးအားမြှောက် ပြုလုပ်ပေးကြတယ်။ ရှာကဆွေမျိုးတွေ ဘုရားဖူးလာတဲ့ အခါမှာလည်း ကျောင်းတိုက်က စားရေး နေရေးစသည် စီစဉ်ပေးတယ်။

အုပ်ချုပ်မှုအပိုင်းမှာလည်း ဘာမှတင်းတင်း ကျပ်ကျပ် မရှိပါဘူး။ ကိုယ်ပိုင်ကျောင်းမှာ ကိုယ်လုပ်ချင် သလို လုပ်နေရသလို စိတ်ချမ်းသာမှု အပြည့်အဝရပါတယ်။ စာသင်သား သံဃာတွေကလည်း တိပိဋကစာပေတွေ ကျက်မှတ်နေကြတာဆိုတော့ တိပိဋကစာပေရဲ့ ဆုံးမမှု

အောက်မှာ ယဉ်ကျေး ပြီးသားတွေပါ။ ဒါကြောင့် ဘယ်သူမှ ကြီးလေးတဲ့အပြစ်တွေ မကျူးလွန်ကြသလို တစ်ဦးနှင့်တစ်ဦး စိတ်ဆင်းရဲအောင် ဘယ်သူမှလည်းမလုပ်ကြပါဘူး။ စာသင်သားသံဃာတော်တွေအားလုံး တိ-နိမဟာနာယက တိပိဋကဓရဆရာတော်မြတ်ကြီးတို့ရဲ့ မေတ္တာစာတ်ပြည့်ဝတဲ့ စီမံမှုအရိပ်အာဝါသအောက်မှာ မေတ္တာ, ကရုဏာ ကိုယ်စီထားပြီး ပျော်ရွှင်ညီညွတ်စွာဖြင့် တိပိဋကစာပေတွေကို အချိန်ပြည့် ကျက်မှတ်နေကြပါတယ်။

ထိုသို့ မင်းကွန်းဆရာတော်မြတ်ကြီးနှင့် တပည့်သားများဖြစ်ကြကုန်သော မင်းကွန်း တိ-နိမဟာနာယက တိပိဋကဓရဆရာတော်မြတ်ကြီးတို့၏ သာသနာစိတ်ပြည့်ဝမှု, စိတ်ထားဖြူစင်မှု, ပညာဉာဏ်ပြည့်စုံမှုတို့ကြောင့် မင်းကွန်း တိ-နိကျောင်းတိုက်ကြီးဟာ သာသနာတော်မှာ နေလို, လလို ထင်ပေါ်ကျော်ကြားပြီး တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်များ တစ်ပါးပြီးတစ်ပါး စဉ်ဆက်မပြတ် ဆက်ကာဆက်ကာပေါ်ထွက်၍နေပေတော့၏။

သို့နှင့် စာရေးသူလည်း တိပိဋက-နိကာယ မင်းကွန်းကျောင်းတိုက်သို့ရောက်ပြီး ငါးနှစ်ခန့်ကြာလာသောအခါ မင်းကွန်းတိ-နိကျောင်းသို့မရောက်ခင်ဘဝနဲ့ မင်းကွန်းတိ-နိကျောင်းသို့ရောက်ပြီးဘဝ ဘဝနှစ်ခု အခြေအနေတို့ကို ယှဉ်ကြည့်မိတော့၏။

ငါ မင်းကွန်းတိ-နိကျောင်းမရောက်ခင်တုန်းက ဆွမ်းခံစားရ၏။ ရတဲ့အခါလည်း ရှိ၏၊ မရတဲ့အခါလည်း ရှိ၏။ ဝ,တဲ့အခါလည်း ရှိ၏၊ မဝ,တဲ့အခါလည်း ရှိ၏။ မင်းကွန်း တိ-နိကျောင်းရောက်တော့ ဆွမ်းခံမထွက်ရတော့။ မဝ,တဲ့ အခါဟူ၍မရှိတော့။

မင်းကွန်းတိ-နိကျောင်း မရောက်ခင်တုန်းက တရုတ် စီဝိုင်စီသက်န်းလေးနဲ့ ချို့ချို့ငဲ့ငဲ့ နေခဲ့ဝတ်ခဲ့ရ၏။ မင်းကွန်း တိ-နိကျောင်းရောက်တော့ ဂျပန်သင်္ကန်းတွေနဲ့ ပေါပေါများများဝတ်နိုင်ခဲ့တော့၏။

မင်းကွန်း တိ-နိမရောက်ခင်တုန်းက ကျောင်းရှာရတဲ့ဒုက္ခ, ကျောင်းရသော်လည်း ဘယ်အချိန်နှင်ထုတ်မတုန်း ဆိုပြီး တွေးတောပူပန်ရတဲ့ဒုက္ခတွေ ခံစားခဲ့ရ၏။ မင်းကွန်း တိ-နိကျောင်းရောက်တော့ ထိုဒုက္ခတွေမရှိတော့။

မင်းကွန်းတိ-နိကျောင်းမရောက်ခင်တုန်းက ကျောင်းတစ်ဆောင်တည်းမှာ သံဃာတွေအများကြီးနဲ့ စုပုံနေရ၏။ မင်းကွန်းတိ-နိကျောင်းရောက်တော့ ကျောင်းတစ်ဆောင်လျှင် နှစ်ပါးသာ ချောင်ချောင်လည်လည်နေရ၏။

မင်းကွန်းတိ-နိကျောင်း မရောက်ခင်တုန်းက ကျန်းမာရေးမကောင်းတဲ့အခါ, စာဖြေသွားတဲ့အခါ မိဘတွေဆီ ပိုက်ဆံတောင်းပြီး ကိုယ့်အစီအစဉ်နှင့် စီစဉ်ဆောင်ရွက်ရ၏။ မင်းကွန်းတိ-နိကျောင်းရောက်တော့ ကျောင်းတိုက်ကအားလုံး စီစဉ်ဆောင်ရွက်ပေး၏။

မင်းကွန်းတိ-နိကျောင်း မရောက်ခင်တုန်းက စိတ်ဆင်းရဲအောင် နှောင့်ယှက်တဲ့သူတွေနဲ့ တွေ့ခဲ့ရတယ်။ မင်းကွန်း တိ-နိကျောင်းရောက်တော့ မတွေ့ရတော့။

တိ-နိကျောင်း မရောက်ခင်တုန်းက စာမေးပွဲအောင်ရင် ပူဇော်ပွဲကျင်းပပေးမည့်သူ, အားပေးမည့်သူမရှိခဲ့။ မင်းကွန်းတိ-နိ ကျောင်းရောက်တော့ ပူဇော်ပွဲတွေပြုလုပ်အားပေးခဲ့၏။

မင်းကွန်း တိ-နိကျောင်း မရောက်ခင်တုန်းက လုပ်ချင်တာလည်း မလုပ်ရ, မလုပ်ချင်တာလည်း လုပ်ရခြင်းဆိုတဲ့ ဒုက္ခတွေခံစားခဲ့ရ၏။ မင်းကွန်း တိ-နိကျောင်း ရောက်တော့ အဲဒီဒုက္ခတွေမရှိတော့ မခံစားရတော့ပါ။

အကျဉ်းချုပ်အားဖြင့် ရေးသားရပါလျှင် စာရေးသူဖြတ်သန်းခဲ့ရသော ဘဝတစ်လျှောက်လုံးတွင် မင်းကွန်း တိပိဋက-နိကာယကျောင်းတိုက်ကြီးသည် အေးချမ်းသာယာဆုံးသော ဘဝရိပ်မြုံကြီးဖြစ်ခဲ့ပါတော့သည်။

ထိုသို့ စာသင်သား သံဃာတော်အရှင်မြတ်တို့၏ ဘဝ သုခတို့ကို ကျေပွန်အောင်ဆောင်ရွက်ပေးတော်မူကြကုန်သော မင်းကွန်းတိပိဋကဓရဆရာတော်မြတ်ကြီးတို့နှင့်တကွ ဆရာတော်မြတ်ကြီး၏တပည့်သားများဖြစ်ကြကုန်သော တိ-နိစီမံအုပ်ချုပ်မှု မဟာနာယကဆရာတော်မြတ်ကြီးတို့ အားလုံး အစဉ်အမြဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ လိုရာဆန္ဒအဝဝပြည့်စုံကြကာ သာသနာတော်မြတ်ကြီး တိုးတက်စည်ပင်ပြန့်ပွားအောင် ဆထက်တိုး ထမ်းဆောင် နိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။ ။

မြိုင်-စက်ကလေး

ထူးခြားသည့် မြတ်ထေရ်မဟာ

တပည့်ရွှေညာသား

ဟိုငယ်စဉ်က စာရေးသူတို့ ကိုရင်ငယ်ဘဝကို ပြန်ပြီးတော့ တွေးမြင်ယောင်နေမိပါသေးသည်။ တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး၏ မုခ်ဦးအဝင် ကိုရင်အပါး-၁၀၀၊ ကျောင်းသား ၅၀-လောက်နဲ့ နေ့စဉ်နံနက်,နေ့,ည စာအံသံတွေဆူညံနေတဲ့ မှန်ကျောင်းဆိုတဲ့ ကျောင်းကလေးမှာပေါ့။

တစ်ညတော့ ည၉း၃၀-အချိန် နွားလှည်းဘီးသံ တရှဲရှဲ တဂျုံးဂျုံးနဲ့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မန္တလေးမြို့မှ တရားပွဲအပြန် ကျောင်းနားနွားလှည်းရောက်တော့ စာအံသံတွေခဏရပ်ပြီး ဆရာတော်ကြီးကို ခရီးဦးကြိုပြုကြ၊ ကိုရင်တွေအကုန် ရှိခိုးဝတ်ချတော့ ဆရာတော်ကြီးက 'လာ လာ. . . ကိုရင်တို့၊ ကျောင်းလိုက်ခဲ့ကြ'လို့ခေါ်ပြီး ချိုချဉ်နှင့် ထန်းလျက်ဝေပြီး 'ကိုရင်တို့. . .၊စာကြိုးစားကြ၊ ကြားလား' လို့မိန့်မှာတဲ့ ဩဝါဒစကားရပ်ကိုကား ယနေ့တိုင် နားထဲမှာကြားယောင်နေဆဲပါ။

ဆရာတော်ကြီး ဗုဒ္ဓဝင်ကျောင်းမှာ ဆွမ်းဘုဉ်းပေးတဲ့နေ့များဆိုရင် ဆွမ်းဘုဉ်းပေးပြီးတာနဲ့ 'ကိုရင်စိန်နားကပ်တို့ အဖွဲ့သွားခေါ်ပါကွာ'ဆိုပြီး ဆွမ်းဝိုင်းပေါ် ရှိရှိသမျှ အချိုပွဲမုန့်တွေကို ဝေငှကျွေးနေပုံကိုလည်း မြင်ယောင်နေဆဲပါ။

ဆရာတော်ကြီးရဲ့အနားကို ကိုရင်စိန်နားကပ်နဲ့ စာရေးသူတို့အပါအဝင် ကိုရင်ငါးပါး ခြင်, ယင်ခြောက်နေရင်းက မိန့်မှာတဲ့ဩဝါဒစကားလေးရပ်ကိုလည်း နားထဲမှာ ယခုတိုင်ကြားနေဆဲပါ။

၁။ ကိုရင်တို့၊ တစ်ပါးနဲ့တစ်ပါး ရန်မဖြစ်ရဘူး။

၂။ ကိုရင်တို့၊ တစ်ပါးနဲ့တစ်ပါး မဆဲရဘူး။

၃။ ကိုရင်တို့၊ သူများပစ္စည်းကို မယူရဘူး(မခိုးရဘူး)။

၄။ ကိုရင်တို့၊ စာကိုလည်း ကြိုးစားကြကွ။

'ကြားလား'-ဟု မကြာမကြာ မိန့်မှာခဲ့ပုံကိုလည်း ယနေ့တိုင်မြင်ယောင်နေဆဲပါ။

တစ်နေ့ နေ့လယ်ပိုင်း ကိုရင်ကျောင်းသားတွေ ၂-နာရီ စာအံနားတော့ ဆော့ကစားတဲ့ ဆူဆူညံညံအသံတွေနဲ့ ဆရာတော်ကြီးက မန္တလေးက ပြန်အကြွနဲ့ဆုံတော့ ဆရာတော်ကြီးက 'ကိုရင်တို့ ဒီအနားမဆော့ကြနဲ့၊ တပည့်တော်ကျောင်းနားက ပိုပြီးတော့ကျယ်တယ်။ အဲဒီမှာ လာဆော့ကြ'လို့တောင် ခေါ်လိုက်ပါသေးတယ်။

ဗုဒ္ဓဝင်ကျောင်းကိုရောက်တော့ ဆရာတော်ကြီးက အနီးရှိဘုန်းကြီးဦးပဏ္ဍိဝံသနဲ့ ရဟန်းတွေကို 'ကိုရင် ကျောင်းသားအရွယ်ဆိုတာ ဆော့ကစားတတ်တဲ့အရွယ်ဆိုတော့ ဆော့ကစားကြမှာပေါ့'တဲ့။

'ဒီ ကိုရင်ကျောင်းသားတွေ တပည့်တော်တို့ ဦးဇင်းတို့အရွယ်တွေရောက်လာရင် ငယ်ငယ်တုန်းကလို ဆော့ကစားပါဦး၊ ဘောကန်ပါဦး ပြော၊ ဘယ်လိုမှ မဆော့တော့ဘူးဘုရား။ အရွယ်က စကားပြောလာလိမ့်မယ်'တဲ့။

'သူတို့လေးတွေကို ပျော်အောင်မွေးရတယ်။ ကျောင်းမှာ ကျောင်းသားရှိမှ ကိုရင်ဆိုတာရှိမယ်၊ ကိုရင်ဆိုတာရှိမှ ရဟန်းဆိုတာရှိမယ်၊ ရဟန်းဆိုတာရှိမှ သာသနာကိုစောင့်ရှောက်မယ့်သူရှိမယ်'လို့ မိန့်တော်မူရင်း ဆရာတော်ကြီးရဲ့ အနာဂတ်သာသနာအတွက် စဉ်းစားတော်မူတဲ့စကားရပ်တွေကိုလည်း အမှတ်ရနေဆဲပါ။

မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်၊ ရန်ကုန်သာသနာ့တက္ကသိုလ်၊ မန္တလေးသာသနာ့တက္ကသိုလ်ကြီးတွေ ဆောက်လုပ်ပြီးတော့ ဆရာတော်ကြီးက မန္တလေးသာသနာ့တက္ကသိုလ်က သံဃာတွေကို ဝါဆိုသင်္ကန်းကပ်လှူချင်တော့ အနီးရှိဘုန်းကြီးဦးပဏ္ဍိဝံသ (ယခုတိုက်အုပ်ဆရာတော်)ကို 'ဦးဇင်း၊ တပည့်တော်ကို သင်္ကန်းအစုံ-၇၀ ခဏပေးပါဦး၊ တက္ကသိုလ်ကသံဃာတွေကို ဝါဆိုသင်္ကန်းလှူချင်လို့ဘုရား။ ဦးဇင်းသင်္ကန်းကို တပည့်တော် အလကားမယူပါဘူး။ ပြီးရင်ပြန်ဆပ်ပါ့မယ်'လို့ပြော၍ တောင်းခံခဲ့ပါသည်။

မိမိအားလှူထားသောပစ္စည်းမှန်သမျှ 'သံဃာသ ဒေမ= ဓမ္မနာဒတိုက်သံဃာတော်များအား လှူပါ၏'ဟု လှူထားပါသည်။ မိမိရထားသောပစ္စည်းပင်ဖြစ်သော်လည်း ဘယ်သောအခါမှ အမိန့်သြဇာအာဏာသံတို့ဖြင့် မတောင်းခဲ့ဖူးပါ။

ဓမ္မနာဒတိုက်အတွင်းရှိ မှန်ကျောင်း

ဆရာတော်ကြီး ဝါဆိုသင်္ကန်းလှူပြီး နှစ်ရက်လောက်ကြာတော့ ရန်ကုန်ကဧည့်သည်တွေ သင်္ကန်းအစုံ-၁၀၀ လာလှူသွားတယ်။ ဧည့်သည်တွေပြန်ရင်ပဲ ဘုန်းကြီးဦးပဏ္ဍိဝံသ ကို 'ရော့ဗျာ၊ ဟိုနေ့က ဦးဇင်းဆီကယူတဲ့သင်္ကန်းတပည့်တော် ပြန်ပြီးတော့ဆပ်တယ်'ဆိုပြီးတော့. . . 'ဘုန်းကြီးဆိုတာ ကိုယ်ကချည်း ရူပက္ခန္ဓာဖြစ်နေလို့မတော်ဘူး၊ ကိုယ်ကလည်း ဝေဒနာက္ခန္ဓာဖြစ်ဦးမှ၊ ကြားလားဦးဇင်းတို့' ဆိုပြီး မိန့်မှာတဲ့သြဝါဒစကားရပ်ကိုလည်း ရင်ထဲမှာ မြတ်ဗုဒ္ဓမိန့်တော်မူထားတဲ့ 'အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ = ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကိုရောက်ကြောင်းတည်း။ ကုသိုလ်ကောင်းမှု၌ မေ့လျော့နေသောသူသည် သေခြင်းအကြောင်းတည်း (အသက်ရှင်နေပေမယ့် သေသည်နှင့်တူ၏)'-ဟု မြတ်ဗုဒ္ဓ၏ အပ္ပမာဒသြဝါဒကိုလည်း နားထဲမှာ ကြားယောင် စဉ်းစားမိသလို ဆရာတော်ကြီး၏ အထူးမိန့်မှာ မြတ်သြဝါဒများကို ယနေ့ထိတိုင် ကြားယောင်နေဆဲ သတိရနေဆဲပါ၊ မမေ့နိုင်ကြသေးပါ။ မြတ်ထေရ်မဟာအား အကြိမ်ကြိမ် ဦးချ ကန်တော့လိုက်ပါတော့သည်ဘုရား. . .॥ ॥

* နေ့စဉ်မိန့်မှာ၊ သြဝါဒကို၊
ရင်မှာနေ့ည၊ မေ့မရ၍၊
စေ့စေ့တွေးဖော်၊ မြတ်ထေရ်မော်ကို၊
ကော်ရော်ဦးချ၊ ဖူးမဝသည်၊
နေ့နေ့ညညပါဘုရား. . .॥

ရွှေညာသား
တပည့်
ကေသဝါလင်္ကာရ
သာသနဓဇ ဓမ္မာစရိယ၊ မင်းကွန်း။

အတိတ်မှ
အရိပ်များ
အောင်စစ်သည်

လွန်ခဲ့သော ၁၃၄၅-ခုနှစ်ဝန်းကျင် နွေရာသီ တန်ခူး ကဆုန်လလောက်ကဟု မှတ်ထင်မိပါသည်။ မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတော်၏ အလေ့အကျင့်ထုံးစံမှာ ဘုရားဝတ်ပြု ချိန်, ဆွမ်းစားချိန်များမှလွဲ၍ ကျန်အချိန်များ၌ သံချောင်းသံသက်သက်ဖြင့်သာ အချက်ပေးသံချောင်းခေါက်၍ ဆရာဝန် ကြီးဦးသာလှ+ဒေါ်ခင်ညွန့်တို့ လှူဒါန်းထားသော အဘိဓေ (ဂေါပကရုံး)ကျောင်းတော်၌ သံဃာတော်များကို စည်းဝေးစေပါသည်။

အငြိုးကြီးလှသောနေသူရိန်၏ အပူရှိန်ကြောင့် ပူပြင်း လှသောနေ့တစ်နေ့ဝယ် ဆွမ်းစားပြီး မွန်းတည့် ၁၂-နာရီအချိန် မိုးမိတ်ဘုရားဝင်းအတွင်းရှိ စည်တော်စင်မှ ထွက်ပေါ်လာသော 'ဒေါင် ဒေါင်'ဟူသော သံချောင်းသံကြောင့် ကြည်ညိုဖွယ်ဖြစ်အောင် သင်းပိုင်ကိုပြင်ဝတ်, ဧကစီ(သီ)ကိုရမ်းကာ နေရာထိုင်ကို ပခုံးပေါ်တင်လျက် အဘိဓေကျောင်းသို့သွားသောအခါ ဘုရားခန်း၏ တောင်ဘက်ဘေး၌ နောက်မှီအုံးကို မှီလျက် မေတ္တာကရုဏာစိတ်ဓာတ်ကြောင့် အေးမြကြည်လင်သောစိတ်ထားဖြင့် သီတင်းသုံးနေသော ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မျက်နှာတော်ကို ဖူးတွေ့ရပါသည်။

သံဃာတော်များစုံညီသည့်အခါ ဆရာတော်ကြီးက 'အရှင်ဘုရားတို့ ယခုတပည့်တော် အချိန်အခါမဟုတ် ကြွလာတာကတော့ ကျန်းမာရေးကိစ္စ သတိပေးစရာရှိလို့ပါဘုရား၊ တခြားကိစ္စမရှိပါဘူး၊ ကျန်းမာရေးဂရုစိုက်ကြပါဘုရား။ အရှင်ဘုရားတို့ကျန်းမာရေးဝန်ကြီးဌာနက နံနက်၁၀-နာရီမှ ညနေ ၄-နာရီအတွင်း ရေမချိုးရန် သတိပေးထားတယ်ဘုရား၊ အဲဒါကို သတိပေးချင်လို့ပါဘုရား။ တပည့်တော်တို့ရဲ့ စိတ်(နာမ်) တရားကတော့ ချွေးများထွက်နေရင် ချွေးတစိုစိုနဲ့နေရရင် သဘောမကျဘူးဘုရား။ ရုပ်တရားကတော့ ချွေးလေးထွက်နေမှ, ချွေးလေးစို့နေမှ သဘောကျတာဘုရား။ ပေါ့ပါးသွက်လက်ပြီး နေလို့ထိုင်လို့ကောင်းတယ်ဘုရား။ အရှင်ဘုရားတို့ ရေချိုးမရဲကြပါနဲ့၊ ညနေ ၄-နာရီကျော်မှ ရေချိုးကြပါ။ ဒါလေး သတိပေးချင်လို့ပါဘုရား။ ကဲ ကဲ. . . အရှင်ဘုရားများကြွလို့ရပါပြီဘုရား'ဟု မိန့်ကြားခဲ့သော အဆုံးအမဩဝါဒများသည် စာရေးသူ၏ ရင်ထဲအသည်းထဲ၌ အရိပ်ပမာလိုက်၍နေသော တန်ဖိုးမဖြတ်နိုင်သည့် တန်ဖိုးဖြတ်မရသည့် အမြတ်ရတနာ ဩဝါဒများပင်ဖြစ်ပါသည်။

လွန်ခဲ့သော အရေးအခင်းဖြစ်ချိန်က ရဟန်းရှင်လူပြည်သူများ ကျီးလန့်စာစား အထိတ်တလန့်နဲ့ ကြောက်နေရချိန်၌ ကျောင်းအမကြီး သာသနာ့မိခင်ကြီး ဒေါ်ရွှေညွန့်ခမျာ သားရဟန်းများ၏စားဝတ်နေရေးအတွက် ရတက်မအေး ပူဆွေးသောကရောက်လျက် သားရဟန်းများလည်း စားဝတ်နေရေးအဆင်ပြေပြီး ရေရှည်အတွက် ဘဏ္ဍာရေးလည်း အဆင်ပြေပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ ရှေးယခင်က အရောအနှောမပါ အသားဟင်းများဖြင့်ကျွေးခဲ့သော်လည်း ခေတ်အခြေအနေအရ ကုလားပဲ, အာလူး စသည်ဖြင့် ရောနှောလျက် ချက်ပြုတ်ကျွေးလေရာ အချို့သော သားရဟန်းများက မယ်တော်ကြီးကိုနွဲ့ဆိုးဆိုးကာ 'ဒီဟင်းတွေကို မစားနိုင်ပါဘူး' ဟု ပြောကြပါသတဲ့။

အဲဒီအခါမှာ ဆရာတော်ကြီးက သံဃာတော်များကို သံချောင်းခေါက်စည်းဝေးစေပြီးလျှင် 'အရှင်ဘုရားတို့၊ တပည့်တော်ကို ကျောင်းအမကြီးက 'ဆရာတော်ဘုရား၊ ကိုယ်တော်လေးတွေက အရောအနှောပါတဲ့ အသားဟင်းကို မစားနိုင်ဘူးတဲ့ဘုရား'လို့လျှောက်တော့ တပည့်တော် အရှင်ဘုရားတို့ဘက်ကနာလို့ 'ဒကာမကြီး၊ ကျုပ်ကိုယ်တော်တွေက အသားစားကျူးတဲ့ ပေါရိသာဒတွေများ မှတ်နေသလားလို့ ပြောလိုက်တယ်ဘုရား'တဲ့။ ကဲ မှတ်ကရော။

ဆက်ပြီးတော့ ဆရာတော်ကြီးက 'အရှင်ဘုရားတို့၊ တပည့်တော် ဆရာကြီးဦးသာလှအိမ်မှာ မကြာမကြာ ဆွမ်းစားဖူးတယ်ဘုရား။ ဆရာကြီးအိမ်မှာ ဆွမ်းကပ်တဲ့အခါတိုင်း ဥပမာ-ဆိတ်သားဟင်းချက်တယ်ဆိုရင် အသားချည်းမချက်ဘူးဘုရား။ ကုလားပဲလေးရောပြီး ဆီဆိုလို့ပါလေကာပါတယ်ဆိုရုံပဲ။ ကြက်သားဆိုရင်လည်း အာလူး, ဘူးသီး စသည်ဖြင့် အသီးအနှံရောချက်ထားတာကို သတိထားကြည့်မိတယ်ဘုရား။ အဲဒီလို ကျန်းမာရေးအသိပညာရှိတဲ့ ဆရာကြီးတို့လိုပုဂ္ဂိုလ်များက အဆီအဆိမ့်များရှောင်တယ်ဘုရား' စသည်ကို ပြောကြားတော်မူပါသည်။

ထို့ပြီးနောက် မိမိ၏ငယ်ဆရာတော် ဦးသောဘိတ ဝက်သားအလွန်ကြိုက်ပြီး ဝက်သားကို အလွန်အကျွံစားသဖြင့် ပက္ခဃာတခေါ်တဲ့ လေငန်းရောဂါဖြင့် ပျံလွန်တော်မူရကြောင်း စသည့်ဩဝါဒများကို ချီးမြှောက်တော်မူပါသည်။

ထိုအရေးအခင်းအချိန်အတွင်းမှာပင် မင်းကွန်းတောင်ရိုး သံဃာသမဂ္ဂီအဖွဲ့က ကျေးရွာလူထုအား ဆန်ဝေမှုနှင့်ပတ်သက်၍ တိ-နိသံဃာတော်များက သံဃာတော်



မင်းကွန်းကုန်းမြေ၌ တိ=နိ ကျောင်းတိုက် တည်ကာစရှုခင်း

များ၏ဆန္ဒခံယူပြီးလျှင် လက်မှတ်ထိုးကြ၍ ဆရာတော်ဘုရားထံ စာရေးလျှောက်ထားကြပါသည်။ ထိုအခါမှာလည်း ဆရာတော်ကြီးက လောကအကြောင်း, ဓမ္မအကြောင်းကို နားမလည်ရှာတဲ့သားများအပေါ် သနားကြင်နာတတ်တဲ့ ဖခင်ကဲ့သို့ မေတ္တာကရုဏာဖြင့် တည်ကြည်လေးနက်စွာ ညီညွတ်ရေးတရားများ ဟောကြားပြီးနောက် လက်မှတ်ထိုးထားသော သံဃာစာရင်းကို ဖတ်ကြည့်ပါသည်။

'လက်မှတ်ထိုးထားတဲ့စာရင်းပါ လက်မှတ်တွေကို သေချာကြည့်ပါ၊ လက်မှတ်ဆိုတာ ကလေးလူကြီး အကုန်ဖတ်တတ်ရတယ်။ ဥပမာ-ဝန်ကြီးချုပ်ဦးနုရဲ့ လက်မှတ်ကိုကြည့်၊ 'မောင်နု'လို့ ထင်ထင်ရှားရှား လက်မှတ်ထိုးထားတာကိုတွေ့ရလိမ့်မယ်ဘုရား။ အရှင်ဘုရားတို့၊ နောင်လက်မှတ်ထိုးတဲ့အခါမှာ သူတစ်ပါးဖတ်လို့ရအောင်လက်မှတ်ထိုးကြပါဘုရား။ ကဲ. . . ဒီနေ့ အရှင်ဘုရားများ မပြေမလည်ဖြစ်နေတဲ့ ပြဿနာများလည်း ပြေလည်သွားပြီဆိုတော့ အရှင်ဘုရားများ ကျေနပ်ဝမ်းမြောက်ကြတယ် မဟုတ်လားဘုရား။ ကျေနပ်ဝမ်းမြောက်ကြလျှင် သာဓုခေါ်ပါဘုရား'စသည့် ဩဝါဒများကိုလည်း မမေ့နိုင်သေးပါ။

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွင့်ပြီးစအချိန် ဆရာတော်ကြီး အောက်ပြည်အောက်ရွာမှ ပြန်ကြွလာသည့်အခါ တိ=နိသံဃာတော်များအား 'ကျန်းမာရေးဂရုစိုက်ပြီး မိမိတို့ အဓိကရည်မှန်းထားသည့် ပန်းတိုင်မပျောက်အောင် ပရိယတ္တိစာပေကိုသာ ကြိုးစားအားထုတ်ကြရန်' မိန့်ကြားတော်မူပါသည်။

ထို့ပြီးနောက် 'အရှင်ဘုရားတို့၊ မိုးမိတ်သံဃာတော်တွေ ဓမ္မနာဒသံဃာတော်တွေ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ်ကသံဃာတော်တွေ ဘုန်းကြီးလိုက်ကြတာဘုရား၊ အရှင်ဘုရားများအတွက် ဧရာဝတီတိုင်း, ဖျာပုံ, ဒေးဒရဲ, လေးမျက်နှာ-စတဲ့မြို့များက ပေါ်ဆန်းမွှေးလို ဆန်အကောင်းစားတွေ၊ မျှင်ငါးပိလို ငါးပိအကောင်းစားတွေ၊ ငါးရံ့ခြောက်တွေများလှူလိုက်တာ မနည်းဘူးဘုရား။ နောက်နေ့ရောက်လျှင် တာဝန်မှူးများဖြစ်ကြတဲ့ကိုစိုးတင့်, ကိုတင်မောင်တို့က သုံးကျောင်း သုံးဌာနခွဲပြီး လှူကြလိမ့်မယ်ဘုရား။ ဒါအရှင်ဘုရားများ အားမငယ်အောင်,ဝမ်းသာအောင် ဒကာဒကာမတွေက အရှင်ဘုရားတို့ကို ဥပေက္ခာပြုမထားဘူးဆိုတာသိအောင်လို့ တပည့်တော်က အရှင်ဘုရားတို့အား ပြောကြားခြင်းဖြစ်ပါတယ်ဘုရား'-စသည့် မိမိရဲ့ ဘုန်းရိပ်ကံရိပ်ကိုမှီခိုနေတဲ့ သံဃာတော်များကို အထက်စီးလေသံနဲ့မပြောဘဲ မိမိကိုယ်ကိုနှိမ့်ချကာ ပြောကြားတော်မူခဲ့သော ဩဝါဒများသည်ကား စာရေးသူ၏ ရင်ထဲအသည်းထဲသို့ အတိတ်မှအရိပ်ပမာ လိုက်ပါ၍နေသော တန်ဖိုးမဖြတ်နိုင်သည့် တန်ဖိုးဖြတ်၍မရသည့် အမြတ်ရတနာဩဝါဒများပင်ဖြစ်ပါတော့သည်။ ။

အောင်စစ်သည်

ငုံ့ကြည့်၊ မော့ကြည့်၊ တည့်တည့်မြင်တတ်စေ

ဓမ္မဘောရီအရှင်ဝီရိယ
(တောင်စွန်း)



နိကာယအောင် သံဃာတော်တစ်ပါးအား
မင်းကွန်းဆရာတော်ကြီး စာအောင်လက်မှတ်ချီးမြှင့်နေပုံ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသမဟာထေရ်မြတ်ရဲ့ ရာပြည့်အထိမ်းအမှတ် စာအုပ်အတွက် စာတစ်ပုဒ်ရေးဖို့ စဉ်းစားလိုက်တဲ့အခါ မိမိရဲ့ နှလုံးအိမ်ထဲမှာ ဥာပနာသဖွယ်ကိန်းတည်နေတဲ့ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနဲ့မိမိတို့ တွေ့ဆုံရပုံ လျှောက်ထား ပြောဆိုရပုံများအပါအဝင် ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့အကြောင်းအရာများက တသီတတန်းကြီးပေါ်လာပါတယ်။

အမရပူရမြို့ တူးမောင်းတိုက်မှာ မင်းကွန်းဇာတိသား ရှင်ဓမ္မိကဆိုတဲ့ကိုရင်တစ်ပါးနဲ့ မိမိတို့ စာပေဝါသနာတူချင်းအဖြစ်နဲ့ ညီအစ်ကိုရင်းလို ရင်းနှီးခင်မင်ခဲ့ကြခြင်းပါပဲ။ အဲဒီ ကိုရင်က မင်းကွန်း တိပိဋကဓရဆရာတော်ကြီးရဲ့ ဓမ္မနာဒကျောင်းတိုက်အနီးမှာရှိတဲ့ ကုန္ဒာရာမချောင်ကနေ တူးမောင်းတိုက်ကို ရောက်လာတာပါ။ မင်းကွန်းဆရာတော်ကြီးရဲ့ ကျောင်းတိုက်အနီးမှာ နေတာဖြစ်သလို ကျောင်းတိုက်ဆရာတော် အချင်းချင်းကလည်း ရင်းနှီးကျွမ်းဝင်ကြတဲ့အတွက် တိပိဋကဓရ ဆရာတော်ကြီးနဲ့လည်း ဆရာရင်းတပည့်ရင်းပမာ ရင်းနှီးကျွမ်းဝင်ပါတယ်။

တိုတိုချုပ်ပြောရရင်တော့ ကိုယ့်အရပ် ကိုယ့်ဒေသကို ပြန်ဖို့ စရိတ်စကချွေတာနေရတဲ့မိမိအတွက် နွေရာသီစာမေးပွဲပြီးတာနဲ့တစ်ပြိုင်နက် သူငယ်ချင်းကိုရင်နှင့်အတူ မင်းကွန်းကို လိုက်သွားပြီး သူ့ရဲ့မိခင်တိုက်ဖြစ်တဲ့ ဣန္ဒာရာမ ချောင်မှာ နွေခိုဖြစ်ခဲ့တာပါပဲ။ အဲဒီအချိန်က မင်းကွန်းကနေ မန္တလေးကို တရားဟောကြွဖို့ ဆရာတော်ကြီးအသုံးပြုနေတဲ့ မင်းသားကြီးဆိုတဲ့မော်တော်ကို စောင့်ပြီးစီးရင် သံဃာတော်များအနေနဲ့ မန္တလေးက မင်းကွန်းကို အခမဲ့လိုက်ပါနိုင်တဲ့ အခွင့်အရေးကလည်းရှိနေတာကိုး။

ဣန္ဒာရာမကျောင်းတိုက်က မင်းကွန်းဆရာတော်ကြီးရဲ့ ဓမ္မနာဒကျောင်းတိုက် ကုန်းတော်ခြေရင်းမှာပဲရှိလို့ မြစ်ဆိပ်ကနေ လမ်းလျှောက်တက်ခဲ့ရင် ဆယ့်ငါးမိနစ်လောက်ပဲကြာပါတယ်။ သူငယ်ချင်းကိုရင်နဲ့အတူ ညနေဘက်ရောက်တိုင်း ဆရာတော်ကြီးထံ ရောက်ဖြစ်ပါ တယ်။ အဲဒီ ၁၃၂၆-ခုနှစ်လောက်တုန်းကတော့ ဆရာတော်ကြီးထံမှာ ဒကာဒကာမတွေ လာရောက်တာလည်း အတော်နည်းပါတယ်။ ဈေးချိုတော်ပိတ်တဲ့ ဥပုသ်နေ့လောက်မှာသာ မန္တလေးက ဧည့်သည် ပရိသတ်အနည်းအပါးရောက်တတ်လေ့ရှိပြီး ကျန်ရက်တွေမှာ ဧည့်သည်ရယ်လို့ မရှိသလောက်ပါဘဲ။ ဆရာတော်ကြီးဟာ လက်နှိပ်စက်ကလေးတစ်လုံးနဲ့ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုနေတဲ့အချိန်ကာလလည်း ဖြစ်ပါတယ်။ မိမိတို့က ဆရာတော်ကြီး အနားယူချိန်လောက် မှန်းပြီးသွားကြတာပါ။ ဆရာတော်ကြီးကို အညောင်းပြေဝတ်ပြုနှိပ်နယ်ပေးရင်း အေးအေးဆေးဆေး လျှောက်ထား မေးမြန်းနိုင်တဲ့ အခွင့်ထူးကိုလည်းရခဲ့ပါတယ်။ တစ်ခါတစ်ခါ မဆီမဆိုင်လို့ဆိုရလောက်အောင် ကတ်ကတ်သတ်သတ် မေးတတ်လေ့ရှိတဲ့မိမိကို ဆရာတော်ကြီးကလည်း သဘောကျပြီး စိတ်ရှည်လက်ရှည် ဖြေကြားတော်မူပါတယ်။

တစ်ခါတလေတော့လည်း မိမိတို့ကမမေးမလျှောက်ဘဲ ဆရာတော်ကြီးကိုယ်တိုင်က မှတ်သားဖွယ်ရာအတွေ့အကြုံများနဲ့ ရှေးမထေရ်မြတ်ကြီးများရဲ့အဆိုအမိန့်အဆုံးအဖြတ်များကို နောက်ခံဖြစ်ရပ်များနဲ့ပါ စီကာပတ်ကုံး ပြောပြတာမျိုးလည်းရှိပါတယ်။ မိမိရေးသားခဲ့တဲ့ 'မထေရ်မြတ်တို့စကားဝိုင်းစာစုများ'ထဲက အကြောင်းအရာတော်တော်များများဟာ ဆရာတော်ကြီးထံက မှတ်သားနာယူခဲ့ရတာပါ။ ဒါကြောင့်လည်း မိမိဘဝမှာ ကံအကြောင်းတရားချို့တဲ့ခြင်းများက ပါရမီဓာတ်ခံကိုပိုမိုကောင်းမွန်အောင် အထောက်အကူပြု ပေးခဲ့တယ်လို့ ဆိုလိုက်ရတာပါ။

မင်းကွန်းဆရာတော်ကြီးထံမှာ ဝတ်ကြီးဝတ်ငယ်ပြုပေးရင်း ဆရာတော်ကြီးမိန့်ကြားခဲ့တာများထဲက မိမိအတွက် အမှတ်တရဖြစ်စေခဲ့တဲ့ အဆိုအမိန့်တစ်ခုကတော့ ဆရာတော်ကြီးဟာ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံပြန်ဆိုတော်မူပြီးတဲ့နေ့က မှတ်မှတ်ရရ 'ငါ့ပါးစပ်တော့ အမေနို့စို့ရကျိုး နပ်ပေပြီ'လို့ အောက်မေ့ဆင်ခြင်ပြီး ကိုယ့်ကိုယ်ကိုလည်း ကျေကျေနပ်နပ်ကြီးဖြစ်သွားခဲ့ရပုံ။ အဲသလို ကျေနပ်ဝမ်းမြောက်တဲ့စိတ်နဲ့ပဲ မယ်တော်ကြီးကို အမျှပေးဝေလိုက်ရတာလည်း အမေနို့ဖိုးကို အားရပါးရ ထိုက်ထိုက်တန်တန်ကြီး ပေးဆပ်လိုက်နိုင်တယ်လို့ အောက်မေ့တဲ့အတွက် လူဖြစ်ကျိုးရော သာသနာနဲ့ကြုံတွေ့ရတဲ့အကျိုးပါနပ်တယ်လို့ ခံစားခဲ့ပုံများကို အားပါးတရပြောပြပါတယ်။

မိမိက မိမိအသက်ဆယ်နှစ်ကျော်လောက်မှာပဲ မိခင်ကြီးဆုံးသွားခဲ့ပုံနဲ့ မိခင်ကြီးရဲ့ 'သာသနာ့ဘောင်မှာ ရဟန်းဖြစ်အောင်ပြုပါ'ဆိုတဲ့ နောက်ဆုံးမှာတမ်းအရ အခုလို သာသနာဘောင် ဝင်ရောက်ခဲ့ရပုံတို့ကို လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါတယ်။ ပြီးတော့မှ မိခင်ကြီးဖြစ်စေချင်သလို သာသနာဘောင်ကို ဝင်ရောက်လာပြီးတဲ့အခါမှာ သာသနာ့ဝန်ထမ်းကောင်းတစ်ယောက်ရဲ့ ပရိယတ္တိသာသနာ့တာဝန်ကို ထိထိရောက်ရောက်ထမ်းဆောင်တဲ့ သာဓကတစ်ခုအနေနဲ့ အနည်းဆုံး ပိဋကတ်တစ်ပုံလောက်ဖြစ်စေ၊ အမေနို့ကိုစို့ခဲ့တဲ့ပါးစပ်နဲ့ နှုတ်တက် အာဂုံကျက်မှတ်ပြန်ဆိုပြီး မိခင်ကြီးကိုအားရပါးရ အမျှပေးဝေနိုင်အောင် ကြိုးစားဖို့လည်းတိုက်တွန်းတော်မူပါတယ်။

မိမိက ဓမ္မာစရိယတန်းအောင်မြင်ပြီးတဲ့အခါမှာ အဲသည်လို အမျှဝေနိုင်အောင်ကြိုးစားပါ့မယ်ဆိုတဲ့ အကြောင်း ကတိပေးတဲ့အခါမှာလည်း ဆရာတော်ကြီးက ကြိုတင်သာဓုခေါ်ပြီး အသိအမှတ်ပြုတော်မူပါတယ်။ ဒီလိုကြိုတင်သာဓုခေါ်ခြင်းဟာလည်း မိမိပေးတဲ့ကတိတည်ဖို့အတွက် ဆရာတော်ကြီးက သာဓုနဲ့ စရန်ရိုက်လိုက်တယ်လို့ စိတ်ထဲမှာ မှတ်ထင်လိုက်မိပါတယ်။ ဒါပေမယ့် တကယ်တမ်း ဓမ္မာစရိယ စာမေးပွဲကို မိမိရဟန်းနှစ်ဝါရတဲ့အချိန်မှာပဲ အောင်မြင်ခဲ့ပေမယ့် စာချဘုန်းကြီးရှားပါးတဲ့ အမရပူရမြို့ တူးမောင်းတိုက်မှာ စာသင်သားနှင့်စာချ မမျှတဲ့အတွက် ကျောင်းတိုက်ကခွာမရဘဲ ၁၅-နှစ်ကျော်လောက် စာချရင်း အချိန်ကုန်သွားခဲ့လို့ ဆရာတော်ကြီးကို

ပေးခဲ့တဲ့ ကတိမတည်နိုင်ခဲ့သလို ကွယ်လွန်သူမိခင်ကြီးကိုလည်း ဓမ္မာစရိယစာမေးပွဲ အောင်မြင်ခြင်းမျှနဲ့သာ အမျှဝေနိုင်ခဲ့ပါတယ်။

၁၃၄၂-ခုနှစ် မိမိ ရဟန်း ၁၅-ဝါရတဲ့အချိန်မှာတော့ အသက်အရွယ်အရ ကျက်မှတ်နိုင်တဲ့စွမ်းအားလည်း လျော့စ ပြုလာပြီဆိုတာကို သတိထားလိုက်မိတယ်။ မင်းကွန်းဆရာတော်ကြီးထံက သာဓုစရန်ယူပြီး ပေးထားတဲ့ ကတိကို အတည်ပြုပေးဖို့လည်း တာဝန်မကျေသလို ခံစားနေမိတဲ့အတွက် စာချတဲ့တာဝန်ကိုခေတ္တနားပြီး ပိဋကတ်သုံးပုံထဲက စာမျက်နှာ အနည်းဆုံးဖြစ်တဲ့ သုတ်သုံးကျမ်းကို အာဂုံကျက်မှတ်ခဲ့ပါတယ်။

အဲဒီနှစ်မှာကျင်းပတဲ့ ၃၃-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးမှာ အချိန်မီဝင်ရောက်ပြန်ဆိုနိုင်ပါတယ်။ စာမေးပွဲအကြိုနေ့ မဟာစည်သာသနာ့ရိပ်သာရှိ ဖလ်ယဉ်ဓမ္မာရုံကြီးထဲမှာ မင်းကွန်းဆရာတော်ကြီးထံမှ အားဆင့်ပေးစကား(ဗလဝါနုပ္ပဒါနကထာ)နာယူဖို့ တိပိဋကဓရစာမေးပွဲဝင် သံဃာတော်များ စုပေါင်းနေရာယူကြတဲ့ အခါ မိမိက ဆရာတော်ကြီးနဲ့ အနီးဆုံးဖြစ်မယ့် ရှေ့ဆုံးတန်းမှာ နေရာယူထားပါတယ်။ ဆရာတော်ကြီး ကြွလာတဲ့ အခါ မိမိကဦးညွှတ်ပြီး လက်အုပ်ချီ နှုတ်ဆက်တဲ့အခါ ဆရာတော်ကြီးကလည်း သိမှတ်တဲ့သဘောနဲ့ မေးကိုဆတ်ပြပြီး နှုတ်ဆက်တော်မူပါတယ်။ ဆရာတော်ကြီးအပေါ်မှာ ကတိတည်အောင် ပေးဆပ်မယ်ဆိုတဲ့စေတနာနဲ့ မိခင်ကြီးရဲ့ နို့ဖိုးကိုပေးဆပ်လိုတဲ့ စေတနာတို့ရဲ့ တွန်းအားကြောင့်ပဲဆိုရမယ်ထင်ပါတယ်။ အဲဒီစာမေးပွဲကို ပြန်ဆိုအောင်မြင်ခဲ့လို့ မိခင်ကြီးကို ဆရာတော်ကြီးနည်းတူ ကျေနပ်စွာအမျှပေးဝေနိုင်ခဲ့ပါတယ်။

နောက်တစ်နှစ် ဆရာတော်ကြီး ကိုယ်တိုင်ကြီးမှူးကျင်းပတဲ့ နိကာယဗ္ဗောတကပဥ္စနိကာယစာမေးပွဲမှာလည်း ဒီဃနိကာယ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ သဘောရေးဖြေ စာမေးပွဲကိုဝင်ရောက်ဖြေဆိုရာ တစ်နှစ်တည်း သုံးကျမ်းလုံး ဖြေဆိုအောင်မြင်ခဲ့ပြီး တစ်နိုင်ငံလုံးမှာ ဒုတိယဂုဏ်ထူးဖြင့် 'ဒီဃနိကာယအဂ္ဂမဟာဓမ္မာစရိယ'ဘွဲ့ကို ရရှိခဲ့ပါတယ်။ ဘွဲ့လက်မှတ်ပေးအပ်ရာမှာ ဆရာတော်ကြီးကိုယ်တိုင်ပေးအပ်ပါတယ်။ အောင်လက်မှတ်နှင့်အတူ ဒုတိယဂုဏ်ထူးဆောင်ဘွဲ့လက်မှတ်ကိုပါ ဆရာတော်ကြီးက ပေးအပ်တဲ့အခါ မိမိကိုတွေ့လိုက်တော့ ဆရာတော်ကြီးကလည်း ကျေနပ်သိမှတ်တဲ့ အမူအရာနဲ့ ပြုံးပြီးနှုတ်ဆက်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ဆရာတော်ကြီးနဲ့ မဆုံဖြစ်ခဲ့ပြန်ပါဘူး။

၁၃၄၂-ခုနှစ်ကစပြီး မိမိက တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက်မှာ ပဋ္ဌာန်းညဝါကို အဓိကထားပြီး စာချဘုန်းကြီးအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ ၁၃၄၉-ခုနှစ်မှာတော့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်က တပည့်ဖြစ်သူ သာမဏေကျော်ရှင်နေမိန္ဒာလင်္ကာရကို ရဟန်းခံတဲ့အခါ သာသနာတော်မှာအကျိုးများမယ့် သာသနာ့အာဇာနည်ဖြစ်လာရေးကိုရှေးရှုပြီး ပဥ္စင်းခံပွဲကို တိပိဋကဓရဆရာတော်ကြီးလေးပါးလုံး ကြွရောက်ချီးမြှောက်ဖို့ လျှောက်ထားပင့်ဆောင်တဲ့အခါ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာပဲ ကြွရောက်ချီးမြှောက်ပါတယ်။

အာဂန္တုဆရာတော်ကြီးများကို နေရာချထားတဲ့ အခါ တိပိဋကဓရဆရာတော်များ လာရောက်ဖူးမြော်ကြတဲ့ ဒကာ ဒကာမများ အဆင်ပြေပြေဖူးမြော်နိုင်ရန် ဆရာတော်တစ်ပါးကို ကျောင်းဆောင်တစ်ဆောင်သတ်မှတ်ပြီးတော့ ပြင်ဆင်ထားပါတယ်။ ဆရာတော်ကြီးကြွရောက်လာပြီး သတ်မှတ်ထားတဲ့ ကျောင်းဆောင်မှာ သီတင်းသုံးနားနေပြီးလို့ ညနေပိုင်းမှာ မိမိတို့ သွားရောက်ဖူးမြော်ကန်တော့ကြတဲ့ အခါ ဆရာတော်ကြီးက ယုန်မွေးစောင်ကြီးကိုသိုင်းခြုံပြီး သီတင်းသုံးနေပါတယ်။ မိမိက 'ဆရာတော်၊ ဒီရှမ်းပြည်မှာ သိပ်ပြီးတော့များ အေးနေပါသလားဘုရား' လို့လျှောက်ထားတော့ ဆရာတော်ကြီးက 'အေး. . . ရန်ကုန်၊ မန္တလေးတို့ထက် ယုန်မွေးစောင် တစ်ထည်စာလောက်တော့ ပိုအေးတာပေါ့'လို့ မိန့်ကြားပြီး ပြုံးနေပါသည်။

ပြီးတော့မှ 'အေး. . . လောကမှာ ကိုယ်မကျေနပ်စရာတစ်ခုခုနဲ့ကြုံရရင် ငုံ့ကြည့်ပြီးဖြေတတ်ရတယ်'လို့ ဆက်လက် မိန့်ကြားပါတယ်။ မိမိက 'ဆရာတော် ငုံ့ကြည့်ပုံကြည့်နည်းလေးလည်း အမိန့်ရှိပါဦးဘုရား'လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက 'အခု ဘုန်းကြီးတို့ တောင်ကြီးမြို့မှာ အအေးဒဏ်နဲ့ကြုံရတယ်ဆိုပေမယ့် အခုလို ယုန်မွေးစောင်ကြီးနဲ့ခြုံပြီးကာကွယ်နိုင်လို့ နွေးနွေးထွေးထွေးလည်း နေနိုင်ပါတယ်။ ပြီးတော့ မနက်ဖြန်ညနေဆိုရင်လည်း ဒီကနေ ပြန်ကြွကြရမှာဆိုတော့ အအေးဒဏ်ကလည်း လွတ်သွားတော့မှာပါ။ ဟိုးအောက်က ပစ္စန္တရစ်ငရဲဘုံသားတွေဆိုတာ စကြဝဠာကြီးသုံးခုရဲ့ အဆုံမှာဖြစ်ပြီး အလွန်အေးစက်တဲ့ဒဏ်ကို ခံစားနေကြတာလေ၊ ဘာအကာအကွယ်မှလည်း မရှိဘူး။ ဘယ်တော့ လွတ်မယ်ဆိုတာလည်း မသိနိုင်

ကြဘူး မဟုတ်လား။ အဲဒီလို ငုံ့ကြည့်လိုက်ရင် ကိုယ်ကြုံရတဲ့ ဒုက္ခဆိုတာ ဘာမျှမပြောလောက်တော့ဘူးလေ။ အဲဒီလို ငုံ့ကြည့်ပြီး ဖြေလိုက်ရတာပေါ့' လို့ မိန့်ကြားပါတယ်။ မိမိတို့အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တစ်ပြိုင်နက် သာဓုခေါ်လိုက်မိပါတယ်။

ပြီးတော့ မိမိက ဆက်ပြီး 'ဆရာတော်၊ သိပ်ပြီး ကျေနပ်လွန်းနေပြီဆိုရင်ကော ဘုရား'လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက 'လောကီသားတွေရဲ့ကျေနပ်မှုဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို အာရုံပြုပြီး ကျေနပ်နေကြတာမဟုတ်လား။ ဦးပဥ္စင်းက ရဟန်းစာဝါတွေ ပို့ချပေးနေတာဆိုတော့ ပဉ္စာဝါရ အဓိပတိပစ္စည်းကို ဆင်ခြင်ကြည့်ပါလား၊ အာရုံငါးပါး ကာမဂုဏ်တရားတွေလို့ဆိုရမယ့် ရုပ်အာရုံ မှန်သမျှဟာ အဓိပတိတပ်ပြီး အလေးအနက်အာရုံပြုလိုက် တိုင်းအကုသိုလ်သာဖြစ်နိုင်တယ်မဟုတ်လား။ အဲဒီတော့ ဘယ်လောကီအာရုံမဆို ကျေနပ်လွန်းရင် အကုသိုလ်ပဲဖြစ်နေမှာလေ။ အဲသလိုမဖြစ်အောင် ကျေနပ်လွန်းနေရင် မော့ကြည့်ပြီး အကုသိုလ်မဖြစ်အောင် ဖြေဖျောက်ရတယ်'။

'ကိုယ့်အထက်ကို မော့ကြည့်လိုက်ရင် လောကီအရပြောရမယ်ဆိုရင်လည်း နတ်ဘုံ, ဗြဟ္မာ့ဘုံတွေမှာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဆိုတာတွေနဲ့ယှဉ်လိုက်ရင် လူ့ဘုံချမ်းသာဆိုတာ ဘာမျှမပြောလောက်သေးဘူး။ လောကုတ္တရာအရကြည့်မယ်ဆိုရင်လည်း ကိုယ်က ပရိယတ္တိတာဝန်ကလေး အနည်းအပါးပဲ ကျေသေးတာ၊ အထက်မှာ ကိုယ့်ထက်ပရိယတ်, ပဋိပတ်တာဝန်နှစ်ရပ်လုံး ကျေပွန်ပြည့်စုံကြလို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဆိုတဲ့ အရိယာအဆင့်ရောက်နေတဲ့ပုဂ္ဂိုလ်တွေကို အာရုံပြုကြည့်လိုက်ရင် ကိုယ်ကျေနပ်နေတဲ့အရာအားလုံးဟာ ဘာမျှမပြောပလောက်တဲ့အတွက် တွယ်တာကျေနပ်စရာလည်း မဟုတ်တော့ဘူး။ မာန်မာနတက်စရာလည်း မဟုတ်တော့ဘူးပေါ့။ အဲဒီလိုမော့ကြည့်ပြီး တော့ ကိုယ်ကျေနပ်နေတဲ့ လောဘတွေနဲ့ မာန်မာနတွေကို ဖြေဖျောက်ရတယ်'လို့ မိန့်ကြားလိုက်တဲ့အခါမှာတော့ လာရောက်ကန်တော့ကြတဲ့ မိမိတို့ စာချဘုန်းကြီးအားလုံးဟာ ဦးခေါင်းကိုညွတ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အားရပါးရကြီး တစ်ပြိုင်နက် သာဓုသုံးကြိမ် ခေါ်လိုက်မိကြပါတော့တယ်။

'ဪ... ဆရာတော်ကြီးဟာ တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိကဆိုတဲ့ ဘွဲ့ထူးကြီးကိုရရှိထားသော်လည်း ကောင်းဆိုးဖုံဖုံ လောကဓံစုံကို ငုံ့ကြည့်, မော့ကြည့်ပြီး တည့်တည့်မှန်မှန်ကြီးမြင်တတ်တဲ့ ဆရာတော်ကြီးပါကလား' ဆိုပြီးတော့လည်း စိတ်ထဲမှာ အထပ်ထပ်သာဓုခေါ်မဆုံး ကြည်ညိုမဆုံး ဖြစ်နေမိပါတော့တယ်။

အဲဒီရဟန်းခံပွဲကို မိတ္ထီလာမြို့နယ်က တောမဓမ္မာရုံကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ သက်တော် ၉၂- နှစ်ရှိ သိမ်တောင်နိကာယကျောင်းတိုက်များရဲ့ မဟာနာယက ဆရာတော်ကြီးဘဒ္ဒန္တပဏ္ဍာဝလည်း ကြွရောက်ချီးမြှောက်ကော်မူပါတယ်။ ဆရာတော်ကြီးက စာသင်သားဘဝတုန်းက မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှာ မင်းကွန်းဆရာတော်ကြီးက ရှင်သာမဏေ၊ ဆရာတော်ကြီးက ရဟန်းတော်အဖြစ်နဲ့ စာသင်ဘက် ဆရာတူ တပည့်ညီနောင်များလည်း ဖြစ်ခဲ့ကြပါတယ်။

ရဟန်းခံတဲ့အခါမှာတော့ တောမဓမ္မာရုံ ဆရာတော်ကြီးကိုဥပဇ္ဈာယ်ပြုပြီး မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက နောင်လာနောက်သားရဟန်းတော်များလည်း နည်းယူရအောင် အနုသာသကပြုပေးဖို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ဝမ်းမြောက်ဝမ်းသာပဲ လက်ခံဆောင်ရွက်ပေးပါတယ်။

ဆရာတော်ကြီးရဲ့အနုသာသနစကားထဲက အထူးမှတ်သားမိတဲ့အချက်များကတော့ ရှေးဦးစွာ ဥပဇ္ဈာယ်ဆရာရဲ့အမည်ကို 'တိဿ'လို့ အမည်မှည့်ရတာနဲ့ပတ်သက်လို့ 'မြတ်စွာဘုရားလက်ထက်က ရှင်မဟာကဿပမထေရ်မြတ်ကြီးကို ဥပဇ္ဈာယ်ပြုတဲ့ ပဥ္စင်းခံပွဲမှာ ဥတ်ကမ္မဝါစာရွတ်ဖတ်ရမည့် အရှင်အာနန္ဒာမထေရ်မြတ်က ဥပဇ္ဈာယ်ဆရာတော်မြတ်ကြီးရဲ့ အမည်ရင်းဖြစ်တဲ့ 'ပိပ္ပလိ'ဆိုတဲ့ အမည်ကို တိုက်ရိုက် ရွတ်ဖတ်ရမှာကို မဝံ့မရဲဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင်ကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က အနွယ်ရဲ့အမည်ဖြစ်တဲ့ 'ကဿပ'ဆိုတဲ့ အမည်သစ်မှည့်ပြီး ကမ္မဝါစာဖတ်ဖို့ ခွင့်ပြုခဲ့တယ်။ တပည့်တော်တို့ မြန်မာပြည်သာသနာတော်ရဲ့ အနွယ်ကို ကြည့်လိုက်မည်ဆိုရင် တတိယသင်္ဂါယနာတင် မဟာနာယကထေရ်ကြီးဖြစ်တဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးကဆင်းသက်လာတာဖြစ်လို့ 'တိဿအနွယ်' လို့ ဆိုရပါလိမ့်မယ်။

ဒါကြောင့် အခုကမ္မဝါစာရွတ်ဖတ်ရာမှာလည်း ဂရုဂါရဝ ဖြစ်ပါစေရန်ရည်ရွယ်ပြီး ဥပဇ္ဈာယ်ဆရာဖြစ်တော်မူတဲ့ တောမ ဓမ္မာရုံဆရာတော်ကြီး၏ဘွဲ့အမည်ရင်းကို ခေတ္တပယ်ဖျောက်၍ 'တိဿ'လို့ အမည်ရင်းမှည့်ရတာဖြစ်ကြောင်း မိန့်ကြားသွားပါတယ်။

ကမ္မဝါစာရွတ်ဖတ်ပြီးလို့ ရဟန်းသစ်ကို ဆုံးမတဲ့အခါ 'ပိဏ္ဍိယာလောပ ဘောဇနံ' ဆိုတာနဲ့ပတ်သက်ပြီး ဆုံးမရာမှာ 'ရဟန်းဆိုတာ အလှူခံပုဂ္ဂိုလ်သာဖြစ်တယ်။ တောင်းစားသူ မဟုတ်ဘူး။ ဒီနှစ်မျိုးက ဘယ်လိုထူးသလဲဆိုတော့ တောင်းစားသူဆိုတာ နှုတ်ကပြောပြီးတော့ လိုချင်ရာကိုတောင်းကြတယ်။ ဒီလိုတောင်းကြရာမှာလည်း ဖုန်းတောင်းရယ် ယာစကာရယ်ဆိုပြီး နှစ်မျိုးနှစ်စားရှိတယ်။ ဖုန်းတောင်းဆိုတာက ကျန်းမာပါစေ, ချမ်းသာပါစေ စတဲ့ ဆုတောင်းတွေရွတ်ဆိုပြီး တောင်းကြသူတွေကိုခေါ်တာ။ ယာစကာဆိုတာကတော့ ဆုတောင်းတွေ ဆုပေးတွေမပါဘဲ 'ပေးမှကမ်းမှ စားရမှာပါ' ဆိုပြီး လိုချင်ရာကို တိုက်ရိုက်တောင်းဆိုကြသူများဖြစ်တယ်။ ရဟန်းဆိုတာ အဲသလိုတောင်းသူနှစ်မျိုးမှာ မဖြစ်ကောင်းဘူး။

အလှူခံပုဂ္ဂိုလ်ဆိုတာကတော့ ကိုယ်နဲ့သာရပ်ပြီးတော့ အလှူခံရတယ်။ မိမိက သပိတ်ပိုက်ပြီးတော့ အိမ်ရှေ့သွားရပ်တဲ့အခါ ဒကာဒကာမတို့က အလိုက်သိလှူဒါန်းတာကိုသာ အလှူခံပြီးသုံးဆောင်ရတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က 'ပိဏ္ဍိယာလောပ ဘောဇနံ'လို့ ပညတ်ဆုံးမတော်မူခြင်းဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း ထူးထူးခြားခြား မှတ်သားလိုက်ရပါတယ်။

ဘာပဲဖြစ်ဖြစ် အဲဒီရဟန်းခံပွဲမှာ ဆရာတော်ကြီး မိန့်ကြားတော်မူတဲ့ မိန့်ကြားချက်တွေထဲက ရှင်ရောလူပါ အားလုံးအတွက် အထူးသတိပြုလိုက်နာစရာဩဝါဒကတော့ 'ငုံ့ကြည့် မော့ကြည့်ပြီး တည့်တည့်မှန်မှန်မြင်တတ်စေ'ဆိုတဲ့ ဩဝါဒအမြုတေပဲ ဖြစ်ပါတယ်။

အရာရာကို ငုံ့ကြည့် မော့ကြည့်ပြီး တည့်တည့်မြင်တော်မူတတ်တဲ့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ ရာပြည့်အထိမ်းအမှတ်ပွဲမှာ ဤစာတမ်းနဲ့ ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်ကို ကန်တော့ပူဇော်လိုက်ပါတယ်။

ငုံ့ကြည့် မော့ကြည့်ပြီး တည့်တည့်မြင်တတ် ကြည့်တတ်ကြပါစေ။ ။

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

အံ့ဩဖွယ်ဆရာတော်

ဒေါက်တာ

ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ

ဆရာတော်ဆိုသည်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးကို ဆိုလိုပါသည်။ ဆရာတော်ကြီး၏ ဂုဏ်တော်များကိုဆိုရခြင်းမှာ မဝံ့မရဲနိုင်လှပါသည်။

အကြောင်းမှာ ယောအတွင်းဝန်ဦးဘိုးလှိုင်က သူ၏တပည့်အား ပြောသောစကားလေးကို သွား၍သတိရသောကြောင့်ဖြစ်ပါသည်။ ဝန်မင်း၏တပည့်တောက ဝန်မင်းရေးသော ကာယနုပဿနာ၊ ဥတုဘောဇနသင်္ဂဟ၊ ဝိမုတ္တိရသ ကျမ်းတို့ကောင်းကြောင်းကို ချီးကျူးသည်။ ထိုအခါ ဝန်မင်းက ယင်း၏တပည့်အား 'ရှေ့ ဒေါင်းဒဂိုး တစ်ဆယ့်ခြောက်ပြားယူသွား၊ နောက်ဘယ်တော့မှ ငါရေးသောကျမ်းကို မချီးကျူးနဲ့၊ ချီးကျူးတယ်ဆိုတာ ငါ့ထက်တတ်သည့် ပုဂ္ဂိုလ်ကချီးကျူးမှ ငါ့ကျမ်းဂုဏ်တက်မှာပေါ့၊ ငါ့တပည့်ဖြစ်တဲ့မင်းကချီးကျူးတော့ ငါ့ကျမ်းပျက်ကရောပေါ့'ဟု ဆိုသော စကားလေးဖြစ်ပါသည်။ ဆရာတော်ကြီးကို ဂုဏ်မြောက်အောင် ချီးကျူးနိုင်ပါ့မလားဟု မဝံ့မရဲ ဖြစ်နေခြင်းဖြစ်ပါသည်။

သာသနာ၌ ဘုရားရှင်၏ စကားတော်(တရားတော်)များကိုချီးကျူးရာမှာ စကားသုံးခွန်း သုံးထားကြောင်း တွေ့ရသည်။ ယင်းတို့မှာ (က) အစ၏ကောင်းခြင်း၊ (ခ) အလယ်၏ကောင်းခြင်း၊ (ဂ) အဆုံး၏ကောင်းခြင်း-တို့ဖြစ်ပါသည်။ ထို စကားသုံးခွန်းကိုယူ၍ ဆရာတော်ကြီးအား ဂုဏ်ပြုလိုပါသည်။ ဘုရား၏စကားတော်၌ အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသလို အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းခြင်းနှင့် ပြည့်စုံပါသည်။

ရှင်းပါဦးမည်။ ဆရာတော်ကြီးသည် သာမဏေဘဝ ငယ်စဉ်ကပင် အစွမ်းအစကို ပြသနေပါသည်။ အငယ်တန်း ဖြေစဉ်က ဖြစ်ပါသည်။ ဘာသာပြန်ပုစ္ဆာ၌ တစ်ခါမျှမတွေ့ဖူးသော ဂါထာတစ်ပုဒ်ကို ဘာသာပြန်ခိုင်းထားပါသည်။ ပါဠိတစ်ချက် အနက်တစ်ချက် ပြန်ခိုင်းခြင်းဖြစ်ပါသည်။ ရှင်းအောင်ပြောရလျှင် အနက်ပေးခိုင်းခြင်းဖြစ်သည်။

သာမဏေကလေးရှင်ဝိစိတ္တ စဉ်းစားသည်။ ဂါထာကို ဖျက်ပစ်လိုက်သည်။ ကတ္တားပုဒ်, ကံပုဒ်, ဝိသေသနပုဒ်, ဝိသေသျပုဒ်, ကြိယာပုဒ်-စသည်ဖြင့်ရွေးပြီး ထိုပုဒ်များကို စီကာရေးချလိုက်သည်။ ထိုအစီအစဉ်အတိုင်း အနက်ပေးလိုက်သည်။ စာမေးပွဲဖြေပြီး ကျောင်းပြန်ရောက်သောအခါ ဆရာတော်ကြီးက 'မောင်ဝိစိတ္တ၊ ဒီဂါထာကို ဘယ်လိုအနက်ပေးခဲ့သလဲ'ဟု မေးပါသည်။ ဖြေဆိုခဲ့သည့်အတိုင်း ပြန်လျှောက်ထားသောအခါ 'မောင်ဝိစိတ္တ၊ ငါ့တပည့် မင်းတော်တယ်'ဟု ချီးကျူးကြောင်း စာရေးသူအား အမိန့်ရှိဖူးပါသည်။ ထိုစဉ်က ၁၄-နှစ်သားခန့် ရှိပါလိမ့်ဦးမည်။ တောက်မည့်မီးခဲ တရဲရဲဆိုသကဲ့သို့ဖြစ်ပါသည်။ ဤကား အစ၏ တော်ခြင်းဖြစ်ပါသည်။

အလယ်၏တော်ခြင်းများကိုကား များပြားလှ၍ ချုံ့၍ ဆိုပါမည်။ သကျသီဟစာချတန်း၌ ဝင်္ဂသကာ (ရွှေတံဆိပ်) ရခဲ့ပါသည်။ တိပိဋကဓရ စာမေးပွဲတွင်လည်း ဝိသိဋ္ဌပေါင်း မြောက်မြားစွာဖြင့် အံ့ဖွယ်ဘနန်းအောင်မြင်ခဲ့ပါသည်။ ဤကဲ့သို့သော တိပိဋကဓရမျိုးကား ဤသာသနာတွင် နောက်ထပ်ပေါ်ပေါက်ဖွယ်ရာမရှိတော့ပါ။ တိပိဋကဓရများတွင်လည်း အာဒိကမ္မိကဖြစ်ပါသည်။

အဆုံး၏ကောင်းခြင်း, တော်ခြင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်နှင့် အဘိဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များ ရရှိခဲ့ခြင်းများပါဝင်သည်။ သာသနာတွင် အရှင်အာနန္ဒာရရှိခဲ့သော ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို ပထမဆုံးရရှိခဲ့သော ဆရာတော်ကြီးလည်းဖြစ်ပါသည်။ ဓမ္မဘဏ္ဍာဂါရိကဟူသည် တရားဘဏ္ဍာရေးဝန်ကြီးပင်ဖြစ်ပါသည်။ တစ်မိပေါက် တစ်ယောက်ဖွားမဟုတ်ဘဲ တစ်သာသနာတွင် တစ်ပါးတည်းသာဖြစ်ပါသည်။

ဆရာတော်မှာ ဂုဏ်ကြီးသလောက် တစ်နည်းပြောရလျှင် နာမည်ကြီးသလောက် မာနကားမရှိသူဖြစ်ပါသည်။ အထင်ပြောရလျှင် မာနလုံးဝမရှိသူဖြစ်ပါသည်။ မာနမရှိမှုနှင့် ပတ်သက်၍ ရွှေဟင်္သာဆရာတော်ကြီး၏ မိန့်ကြားချက်ဖြင့် သာဓကပြလိုသည်။

တစ်နေ့တွင် ကိစ္စတစ်ခုဖြင့် ရွှေဟင်္သာဆရာတော်ကြီးထံသို့ စာရေးသူရောက်သွားခဲ့သည်။ စပ်မိစပ်ရာ ပြောကြရင်းက ရွှေဟင်္သာဆရာတော်ကြီးက 'ဘုန်းကြီးတို့လည်း ငယ်ငယ်ကဒေါသကြီးပါတယ်၊ တိပိဋကဓရဆရာတော်ကြီးတို့များ တော်လိုက်တာ မာနလည်းမရှိဘူး၊ ဒေါသလည်း မရှိဘူး'ဟု မိန့်ဖူးပါသည်။

မာနမရှိမှုနှင့်ပတ်သက်ပြီး သာဓကတစ်ခု တင်ပြပါရစေ။ စာရေးသူ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက ၌ နေထိုင်စဉ်က အဖြစ်အပျက်လေးပါ။ ကြခတ်ဝိုင်းကျောင်းတိုက်၌ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလမှာ ဝိနည်းစာပြန်ပွဲ ကျင်းပလေ့ရှိပါသည်။ ထိုပွဲမှာ နာမည်ကျော် ဓမ္မကထိကဆရာတော်များအားပင့်၍ တရားနာလေ့ရှိပါသည်။ တိပိဋကဓရဆရာတော်ကြီးအားလည်း ပင့်ပါသည်။ စိန်သီဟကျောင်းအထက်ထပ်တွင် သီတင်းသုံးစေပါသည်။ စာရေးသူတို့က ဧည့်ခံရပါသည်။ စာရေးသူသည် ထိုအချိန်က သုံးဝါမျှရှိပါသေးသည်။ ထိုကဲ့သို့ ဝါကလည်း



အဘိဓဇ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီးအား မင်းကွန်းဆရာတော်ကြီး ဝတ်ပြုနေပုံ

ငယ် ပါမွှားလည်းဖြစ်ပြီး မထင်မရှား ဦးဇင်းလေးအား 'တပည့်တော်'ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်းပြောဆိုပါသည်။ စာရေးသူအနေဖြင့် အံ့အားသင့်သွားပါသည်။

အလိုက်သိတတ်ရာ၌ နှစ်ပါးမရှိသော ဆရာတော်ကြီး ဖြစ်ပါသည်။ နံနက်ခင်းတွင် အရုဏ်ဆွမ်းဘုဉ်းပေးအပြီး စကားပြောနေကြရာ 'ကြခတ်ဝိုင်းဆရာတော်ကြွလာသည်' ဟူသောအသံလည်းကြားရော သောက်နေသောဆေးလိပ်ကို စားပွဲခုံအောက် ထိုးလိုက်ပါသည်။ ကြခတ်ဝိုင်းကျောင်းတိုက်သည် ရှေ့ကျင်ကျောင်းဖြစ်၍ ဆေးလိပ်မသောက်ပါ။ ထို့ကြောင့် အလိုက်သိစွာ ရောမရောက်၍ ရောမလိုက်ကျင့်ခြင်း ဖြစ်ဟန်တူပါသည်။

ထို့ပြင် အနီးစခန်းဆရာတော်လည်း ရောက်နေကြောင်းသိသောအခါ အနီးစခန်းဆရာတော်ထံကြွ၍ ဂါရဝပြုပါသည်။ အာဂန္တုချင်းဖြစ်၍ ဂါရဝမပြုလည်း ဖြစ်ပါသည်။ ဆရာတော်သည် ထိုကဲ့သို့ နိဝါတနိမာနကြီးတော်မူသော ဆရာတော် ဖြစ်ပါသည်။

ဆရာတော်သည် သူတစ်ပါးအား အပြစ်တွေ့လျှင်ပင် အပြစ်ပြောလေ့မရှိပါ။ ချီးကျူးစရာတွေ့လျှင်ကား ချီးကျူးရန် ဦးမလေးပေ။ အနီးစခန်းဆရာတော်ကြီးသည် ဟောရာတွင် ဖြန်းဖြန်းကွဲဟောလေ့ရှိ၏။ ထိုသို့ဟောခြင်းကို မင်းကွန်း ဆရာတော်ကြီးက 'အနီးစခန်းဆရာတော်သည် တရားဟော လျှင် ပြတ်ပြတ်သားသား ဟောတတ်သည်'ဟု အမိန့်ရှိဖူး၏။ မည်သည့်အခါမျှ အပြစ်သဘောဖြင့် ပြောလေ့မရှိပေ။ အင်မတန် ယောနိသောမနသိကာရများသော ဆရာတော်တစ်ပါးပါပေ။

မင်းကွန်းဆရာတော်ကြီးသည် မင်းတုန်းမင်းလက်ထက်က ထင်ရှားသော မတ္တရာဆရာတော်နှင့်တူပါသည်။ မတ္တရာဆရာတော်သည် ဟင်း၌ဆားငန်လွန်းလျှင် 'သွေးကြေသည်'-ဟုပြောသည်။ ဆားလုံးဝမထည့်ဘဲ ကပ်လျှင် 'ရေငတ် ပြေသည်'-ဟုပြောသည်။ ကျောင်းကြီးအပေါ်ထပ်၌ သီတင်းသုံးပါဟုလျှောက်လျှင် 'မိုးလုံလေလုံမို့ ကောင်းသည်'-ဟု ပြောသည်။ ထန်းရွက်တဲ၌သီတင်းသုံးပါဟုလျှောက်လျှင် 'တက်ရ ဆင်းရတာသက်သာသည်'-ဟု မိန့်သည်။

ဆရာတော်ကြီး၌ သည်းခံခြင်းတရား ထူးထူးခြားခြားရှိပါသည်။ တစ်ခါက ဆရာတော်ကြီးအား မန္တလေးမှ ဒကာ ဒကာမများက တရားဟောရန် ပင့်ထားပါသည်။ ဆရာတော်ကြီးကမင်းကွန်းမှ မော်တော်ဖြင့်လာမည်၊ မန္တလေးဘက်ကမ်း ဂေါဝိန်ဆိပ်မှ ကားဖြင့် ကြိုရန် မန္တလေး ဒကာ ဒကာမများက စီစဉ်ထားသည်။ ဆရာတော်ကြီးအား သူကြိုမည် ငါကြိုမည် စသည်ဖြင့် ကတိပေးထားသူများကလည်း များပြားလှသည်။ တရားဟောမည့်အချိန်က ည

၇-နာရီဖြစ်သည်။ ညနေ ၆- နာရီခွဲ ဆရာတော်ကြီးသည် ဂေါဝိန်ဆိပ်ကမ်းသို့ရောက်နှင့်နေသည်။ ကြို့မည့်ကားကို မျှော်သည်။ သို့သော် ကြို့မည့်ကား မလာပေ။ အချိန်နီးနေ၍ ဆိုက်ကားငှားကာတရားဟောရာ မဏ္ဍပ်သို့ကြွလာရသည်။ မှောင်ရိပ်တွင်ဆိုက်ကားကိုရပ်စေပြီး တရားဟောရာမဏ္ဍပ် သို့ ကြွသည်။ တရားဟောပြီးသောအခါလည်း ထိုဆိုက်ကား ဖြင့်ပင် ဂေါဝိန်သို့ပြန်ကာ ဂေါဝိန်မှတစ်ဆင့် မင်းကွန်းသို့ ပြန်သည်။ ဒကာများအားငဲ့၍ ဆိုက်ကားဖြင့်လာခြင်းကို မည်သူ့ကိုမျှအသိမပေးပေ။ ကားကြို့မည့် ဒကာများက လည်း သူကြိုလိမ့်မည် ငါကြိုလိမ့်မည်တွေးကာ မကြိုဖြစ်ကြ ပေ။ ပွဲစီစဉ်သူ ဒကာများကလည်း ဆိုက်ကားဖြင့် လာမည် ဟု မည်သူမျှ မတွေးကြ။ ထို့ကြောင့် ဆိုက်ကားဖြင့် ကြွလာပြီး ဆိုက်ကားဖြင့်ပင် ပြန်ကြွသွားကြောင်း မသိလိုက်ကြပေ။ ဤမျှအထိ သည်းခံနိုင်စွမ်းကြီးမားသော ဆရာတော်ကြီး ပါပေ။

ဤနေရာ၌လည်း မတ္တရာဆရာတော်နှင့်တူပါသည်။ မတ္တရာဆရာတော်၏ ခြေသလုံး၌အနာပေါက်ပါသည်။ ထိုအနာ၌ လောက်များအိမ်ဖွဲ့နေပါသည်။ ဆရာတော် သည် သည်းခံကာ မည်သူ့မျှမပြောပေ။ တပည့်များက အညောင်းအညာပြေစေရန် နှိပ်ပေးသည့်အခါ အနာကို နှိပ်မိသည်။ ထိုအခါ ဆတ်ခနဲတုန်သွားသည်။ တွန့်တွန့် သွား၍ တပည့်များက ခြေသလုံးကို လှန်ကြည့်သောအခါ လောက်များအိမ်ဖွဲ့နေသောအနာကိုတွေ့ရ၍ လောက်များကို ဖယ်ရှားကာအနာကို သန့်စင်မည်စီစဉ်ရာ မတ္တရာဆရာတော် က ၎င်း၏တပည့်များအား 'မင်းတို့ အိမ်ကိုဖျက်ရင် မင်းတို့ ကြိုက်မလား၊ မဖျက်ကြပါနဲ့'ဟု မိန့်သည့်အတွက် တပည့် များက မည်သို့မျှမလုပ်နိုင်ကြဘဲ အသာနောက်ဆုတ် နေရကြောင်း ဖတ်ရဖူးသည်။

ဆရာတော်ကြီးသည် ဘဝ၏နောက်ဆုံးပိုင်းအထိ မန္တလေးနှင့်ရန်ကုန်မြို့၌ တည်ထောင်ထားသော တက္ကသိုလ် ကြီးနှစ်ခုအတွက် နေ့မအားညမအား လုံ့လကြိုးကုတ် အားထုတ်သွားသည်။ ထိုတက္ကသိုလ်များအတွက် အနားမယူ ဘဲ တရားဟောသည်။ ဆရာဝန်များက ကျန်းမာရေး အတွက် မဟောရန်တားမြစ်သည်။ ထိုကိစ္စအတွက် ဆရာ တော်ကြီး အမိန့်ရှိသော စကားလေးမှာ မှတ်သားစရာ ကောင်းလွန်း၍ နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုက်ပါသည်။ ၎င်းမှာ 'ဘဝသံသရာတွင် ဤပါးစပ်က မကောင်းတာတွေ ချည်း ထွက်ခဲ့ရသည်၊ သာသနာနှင့်တွေ့မှ သူတော်ကောင်း တရားများကို ဟောရတာမို့ သေချင်သေပါစေ တရားဟော ကိုတော့ မရပ်နိုင်ပါ'ဟု ဖြစ်ပါသည်။ ။

ဒေါက်တာဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့။





ရောမတရားကြီး

ထီးချိုင့်မြို့တည်တောဆရာတော်

ရန်ကုန်မြို့
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ဝိဇ္ဇာလယသုံးထပ်ကျောင်းများအုတ်မြစ်ချအောင်ပွဲ
ရှစ်ဆယ်ပေါ်တေးထပ်

တစ်ထောင့်သုံးရာ လေးဆယ့်ကိုး
ရေးဖွဲ့မြတ်နိုး ခေတ်ကောဇာ။
ကဆုန်ပြီသ ပုဏ္ဏမအခါဝယ်
ဂုဏ်ကြွသမ္မာ ရောင်ဝါထွန်း။
ရှင်စောဗုဒ္ဓ ထွန်းမြတ်သာသနာသည်
လွှတ်လပ်သာယာ ပြန်ပြုးရန်ဖို့ညွှန်း။
ကမ္ဘာအေးဟု သာသနာ့မြေဝယ်
ထာဝရအခြေတယ်(တည်) လ,နေဝန်း။
မြန်မာ့ကျက်သရေ လက်ဝေရှန်းအောင်
တက္ကသိုလ်ကွန်း စိုက်ထူထောင်။
ထေရ်ပေါင်းများစွာ ငါးရာမကနှင့်
သိကြား,ဗြဟ္မာ,ဒေဝ အုတ်မြစ်ချပွဲအောင်။
ပရိယတ်နှင့် ပဋိပတ်နှောင်သည်
သုံးထပ်အဆောင်ဆောင် ဝိဇ္ဇာလယတို့
ဟိတ်သမ္မာကြွ ဖြိုးလက်အာဘာ
တိုးတက် သာသနာ။
မြန်မာတစ်ဝန်း၌ သဒ္ဓါအစွမ်းသာသည်
ကမ္ဘာလွှမ်းကာ ရောင်ဝန်းဖြာလိမ့်လေး။
အုတ်မြစ်ချပွဲ သိမ့်သဲညာသည်
ဖြိုမ့်ဝံ့သာသနာ တောက်ထွန်းပါလိမ့်လေး။

ကောဇာသက္ကရာဇ် ၁၃၄၉-ခု၊ ကဆုန်လပြည့်နေ့သည်ကား ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဝိဇ္ဇာလယသုံးထပ်ကျောင်းများ အုတ်မြစ်ချပွဲ သဘင် ဆင်ယင် ကျင်းပသောနေ့ဖြစ်ပါသည်။ ထိုနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပင့်ဆောင်ထားသော သံဃာ့နာယကဆရာတော်ကြီးများသည် နံနက် ၈-နာရီအချိန်မှစ၍ ကြည်ညိုဖွယ်ရာ သင်္ကန်းကိုယ်စီရုံ၍ ထီးဖြူတော်များ အုပ်မိုးကာ ကမ္ဘာအေးကျောင်းဆောင်များမှ ဝိဇ္ဇာလယ အုတ်မြစ်ချမဏ္ဍပ်သို့ ခြေလျင်စီတန်း၍ ကြွတော်မူခဲ့ကြပါသည်။ ၈-နာရီခွဲတွင် ဆရာတော်ကြီးများ မဏ္ဍပ်အတွင်း ဝင်ရောက်တော်မူကြပြီးဖြစ်သည်။

ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်တို့အား ကြိုဆိုသောအားဖြင့် စည်တော်ကြီးအဖွဲ့မှ အောင်စည်သံ ရင့်ကျူး၍ ကြိုဆိုနေကြပါသည်။



ဆရာတော်ကြီးများ အသီးအသီး မိမိတို့နေရာ၌ သီတင်းသုံးတော်မူမိကြလျှင် အခမ်းအနားမှူးက အုတ်မြစ်ချ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာ၍ အစီအစဉ်ကို ဖတ်ကြားပါသည်။

အစီအစဉ်အရ ဝိဇ္ဇာလယကျောင်းတော်များ ဖြစ်ပေါ်လာပုံသမိုင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ တာဝန်ခံများက ဖတ်ကြားပါသည်။ ထို့နောက် ပြည်နယ်အလိုက် တိုင်းအလိုက် ပြည်နယ်နာယက တိုင်းနာယက ပြည်နယ်အကျိုးဆောင် တိုင်းအကျိုးဆောင်များက မိမိတို့နှင့်ဆိုင်ရာ ဝိဇ္ဇာလယ ကျောင်းတော်များ၏ အုတ်မြစ်များကို ချတော်မူကြပါသည်။

ဤသို့ ဟောရင်းပြောရင်း အလုပ်လုပ်ရင်းဖြင့် တိပိဋကဓရ နာရီလက်တံသည် ဆယ်နာရီခွဲဆီသို့ ညွှန်ပြနေပြီ။ ပင့်ဆောင်၍ ကြွရောက်တော်မူလာကြသော ဆရာတော်များအားလုံး ဆွမ်းမဘုဉ်းပေးကြရသေးပါ။ အုတ်မြစ်ချကိစ္စကား ပြီးပါပြီ။ သို့သော် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဩဝါဒပေးရန်နှင့် ရေစက်ချပေးရန် တာဝန်ကျန်နေသေးသည်။

ဆရာတော်ကြီးသည် နာရီကိုကြည့်တော်မူပြီး 'အခုအချိန်မရှိတော့ဘူး၊ ဆရာတော်များ ဆွမ်းကပ်ရန်ကိစ္စနီးနေပြီ။ ဒါကြောင့် ခပ်မြန်မြန်လုပ်ကြစို့'။

'ဘကြီးတော်မင်းတရားရဲ့မိဖုရားကြီးဒေါ်နုဟာ ညောင်ကန်ဆရာတော်ဗုဓ်ကို အလွန်ကြည်ညိုတယ်။ ညောင်ကန်ဆရာတော် သီတင်းသုံးရန်အတွက် အင်းဝမြို့တော်မှာ မဟာ အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး တည်ဆောက်တယ်။ အုတ်ကျောင်းတော်ကြီးပြီးစီးတော့ ကျောင်းတင်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သတဲ့။ ဒီကျောင်းတင်ပွဲတော်မှာ ဆရာတော်ဗုဓ်ကို တရားဟောဖို့ သံဃာတော်များက တိုက်တွန်းကြတော့ ဆရာတော်ဗုဓ်က ဝန်ခံတော်မူပြီး-

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊

အဓိပတိပစ္စယော၊

အနန္တရပစ္စယော-

စတဲ့ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ၂၄-ပစ္စည်းကိုရွတ်ပြီး ရပ်နေလိုက်သတဲ့။ ဒီအခါ ဆရာတော်ပိုးက-

'ဘယ့်နှယ် ကိုဗုဓ်၊ ဘုရင်နဲ့ မိဖုရားကြီးက အလွန်သဒ္ဓါတော်မူလို့ ကျောင်းကြီးမိုးပါးနီးအောင်ဆောက်ပြီး အလွန်ကြီးတဲ့အလှူတော်ကြီးပေးပါတယ် ဆိုမှ ဘယ့်နှယ် တရားတိုတိုနှင့် ဖြတ်လိုက်ရတာလဲ'လို့ ဆိုသတဲ့။

ဒီတော့ ဆရာတော်ဗုဓ်က 'ဒါဟာ တရားတိုတို မဟုတ်ပါဘူး၊ ဧရာမတရားကြီးပါဘုရား'လို့ လျှောက်သတဲ့။

ဆရာတော်ပိုးက 'ဘယ်မှာဧရာမတရားကြီး ဟုတ်လို့တုံး၊ ပစ္စယုဒ္ဒေသလေးပဲ'လို့ပြောတော့ ဆရာတော်ဗုဓ်က 'အရှင်ဘုရား၊ ဒီတရားကို ပစ္စယုဒ္ဒေသကလေးပဲလို့ မိန့်တော်မမူပါနှင့်။ ဘုရားဟောတော်မူတဲ့ တရားတော်တွေထဲမှာ ဒီပဋ္ဌာန်း တရားတော်ဟာ အကြီးဆုံး အနက်နဲဆုံး အခက်ခဲဆုံး အသိမ်မွေ့ဆုံး အနူးညံ့ဆုံးဖြစ်ပါတယ်။ ဒါကြောင့် ဘုရင်နှင့်မိဖုရားက ဧရာမအလှူကြီးလှူတဲ့အခါ အလှူနှင့် လိုက်အောင် တပည့်တော်က ဧရာမတရားတော်ကြီးကို ဟောရပါတယ်ဘုရား'လို့ လျှောက်ထားသတဲ့။

'အေး. . . သည်ယနေ့ ဝိဇ္ဇာလယသုံးထပ်ကျောင်းများ အလှူဟာလည်း အင်မတန်ကြီးတဲ့ ဧရာမအလှူကြီးဖြစ်တယ်။ ဧရာမအလှူကြီးဖြစ်တဲ့ ဝိဇ္ဇာလယသုံးထပ်ကျောင်းများ ရေစက်ချပွဲမှာ ဧရာမတရားကြီးဖြစ်တဲ့ ပစ္စယုဒ္ဒေသပဋ္ဌာန်းတရားတော်ကြီးကို ဟောကြစို့-ဟု မိန့်တော်မူကာ 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော'-စသော ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ဟောကြား ရွတ်ဆိုကာ ရေစက်ချအမျှပေးဝေတော်မူပါသတည်း။ ။

ထီးချိုင့် တည်တောဆရာတော်

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏

အုံ့ညို့မှုပယ်နေ့တစ်နေ့

အရှင်ဃောသိတ (ရေနံ့သာ)

ဆရာဝန်ကြီး ဦးသာလှ၊ ဒေါ်ခင်ညွှန့်ကောင်းမှု
ပြည်သာယာဇရပ် (ခေါ်) အဘိဓဇ အဘိဓမ္မာကျောင်းကြီး

မိမိသည် ရေနံချောင်းမှ စစ်ကိုင်းတိုင်း မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်သို့ တိပိဋကစာမေးပွဲဖြေဆိုရန် ပြောင်းရွှေ့လာစဉ် မိုးမိတ်၌ နေရာမပြည့်စုံသေးသဖြင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဓမ္မနာဒကျောင်းတိုက်၌ ခေတ္တသီတင်းသုံးရန် ဂေါပကက လျှောက်ထားသောကြောင့် ဓမ္မနာဒကျောင်းတိုက်သို့ရောက်ရှိခဲ့ရ၏။

၁၃၄၁-ခုနှစ်၊ နှစ်ဆန်း ၁-ရက် နံနက်ပိုင်းဖြစ်ပါ၏။ ဆရာတော်ကြီးသည် မန္တလေးသို့ တရားဟောကြွသွား၍ ကျောင်း၌မရှိ၊ ညနေ ၄-နာရီခန့်မှ ပြန်ရောက်၍ မိမိက သွား၍ကန်တော့ရပါသည်။ မြင်မြင်ချင်း အထူးကြည်ညိုမိသည်။

ထိုအချိန်က တိုက်အုပ်ဆရာတော်ဦးဥက္ကံသာဘိဝံသက 'မိုးမိတ်နေရန် ဦးပဉ္စင်းတစ်ပါးရောက်ရှိကြောင်း' လျှောက်ထားသည်။ မင်းကွန်းဆရာတော်ကြီးက မိမိ၏ပစ္စည်းများကို အယူခိုင်း၏။ မိမိမှာ အိပ်ရာနှင့် လက်ဆွဲအိတ်သာပါရှိခဲ့၏။ အိပ်ရာလိပ်ကိုဖြည်ခိုင်းပြီး အိန္ဒိယလုပ် အိပ်ရာခင်းအသစ်တစ်ထည်စွန့်သည်။ နှစ်ဖက်ချောသင်ဖျာတစ်ချပ်ကိုပါ စွန့်သည်။ ပြီးလျှင် 'ကိုင်း. . . ဦးပဉ္စင်းနေရာရအောင် တပည့်တော်စီစဉ်ပေးမယ်'ဟုဆိုကာ မိုးမိတ်သို့ ဆရာတော်ကိုယ်တိုင်လိုက်ပို့၍ ဆရာဝန်ကြီးဦးသာလှ ဆောက်လှူသော ပြည်သာယာကျောင်းကြီး၌ 'တိပိဋက=နိကာယစာပေများကို သင်အံလေ့ကျက်နေသူသည် ဗုဒ္ဓနှင့်တွေ့နေသည်'ဟူသော မစိုးရိမ်ဆရာတော်ကြီး၏ဩဝါဒဆိုင်းဘုတ်အောက် တည့်တည့်တွင် နေရာချပေးတော်မူခဲ့သည်။

ဆရာတော်ကြီးအား ကြည်ညိုလွန်း၍ ၁၃၄၂-ခုနှစ်မှ စတင်၍ မိုးမိတ်ဘုရားပွဲနှင့် ပတ်သက်သည့်ကိစ္စများ၊ ဆရာတော်ကြီး၏ပူဇော်ပွဲများ၌ တက်တက်ကြွကြွ စေတနာရှိရှိ လုပ်ကိုင်ခဲ့ပါသည်။

မိုးမိတ်စေတီတော်များဘုရားပွဲ၏ ၂၅-နှစ်မြောက် ငွေရတုသဘင်၌ တေးထပ်ရေးသားသည်တွင် ဆရာတော်ဦးဗုဓ်သည် မှားသည့်နေရာ ထုံးတို့၍ပြင်ဆင်ပေးရန် လျှောက်ထားလာသော ရဟန်းငယ်တစ်ပါး၏ကျမ်းကို ထုံးအိုးထဲထည့်ဘိသကဲ့သို့ ဆရာတော်ကြီး ပြင်ဆင်ပေးလိုက်မှ တေးထပ်ဆိုတာ ဒီလိုရေးရပါလားဟုသိရှိကာ ထိုအခါမှစ၍ တေးထပ်ရေးတတ်သွားပါတော့သည်။

ဆရာတော်ကြီး၏သက်တော် ၇၅-နှစ်ပြည့် စိန်ရတုပူဇော်ပွဲ၊ သက်တော် ၈၀-ပြည့် ပတ္တမြားရတုပူဇော်ပွဲတို့ကို

အင်တိုက်အားတိုက် အပင်ပန်းခံ၍ လုပ်ဆောင်ခဲ့ပါသည်။ စိန်ရတုသဘင်အတွက်နေပူမှမိုးရွာ မိုးရွာမှနေပူ သွားလာရသဖြင့် ခြေထောက် ထုံနာကျဉ်နာဖြစ်သည်ကိုပင် ဆရာတော်ကြီးပူဇော်ပွဲအတွက် လုပ်ရင်းဖြစ်တာများ ဖြစ်ချင်သလောက်ဖြစ်စမ်းဟု ဝမ်းမြောက်ဝမ်းသာ ခံယူခဲ့ပါသည်။ မိမိသည် ဆရာတော်အပေါ် ဤမျှအထိ ကြည်ညိုမိခဲ့ပါ၏။

အဘယ်ကြောင့်ဟူမူ ဆရာတော်ကြီးကား အနီးကပ်ကြည့်လေ ကြည်ညိုစရာကောင်းလေ ဖြစ်ခြင်းကြောင့်ပင်။ မိမိသည် ဆရာတော်အား ၁၄-နှစ်တိုင်တိုင် အနီးကပ်စောင့်ကြည့် အကဲခတ်ခဲ့ရာတွင် အပြောအဆို အနေအထိုင်မှစ၍ တစ်စက်ကလေးမျှ မကြည်ညိုစရာ မတွေ့ရှိခဲ့ပါချေ။ လူပုဂ္ဂိုလ်များက ရဟန္တာဟုထင်မည်ဆိုကလည်း ထင်မြင်စရာပင်။

ဤသို့ ဆရာတော်ကြီးအား ကြည်ညိုလှသဖြင့် တခြားသူများလည်း ဆရာတော်ကြီးအကြောင်း သိရှိနိုင်ကြစေရန်-

၁။ ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိ စာအုပ်ရေးသားခြင်း၊

၂။ ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် ရှစ်လုံးဘွဲ့နှင့် ဂုဏ်ရည်တော်ဘွဲ့ သံဆန်းကဗျာစာအုပ် ရေးသားခြင်း၊

၃။ ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် သီချင်းတိပ်ခွေ ရေးသားခြင်း၊ အကယ်ဒမီ ဂီတလုလင်ဦးကိုကို သံစဉ်သွင်း၍ သန်းမြတ်စိုး၊ မာမာအေး၊ ထား၊ ရီရီသန့်၊ မေဆွိ၊ နီနီဝင်းရွှေ၊ နှင်းရီသန့်၊ ရတနာဦးတို့ သီဆိုသည်။

၄။ ကျပ်လေးသိန်းတန် ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိ ပန်းချီကားကြီးများ ပြုလုပ်သင့်ကြောင်း ကျောင်းအမကြီးဒေါ်ရွှေညွန့်အား မိမိအကြံပေးပြီး ဦးစီးလုပ်ကိုင်ပေးခြင်းတို့ကို ပြုလုပ်ပေးရုံမက ဆရာတော်ကြီး အလွန်ပြုလုပ်ချင်နေသော-

၁။ ဆရာကြီးဒေါ်ဓမ္မစာရီ ဓမ္မဗိမာန် စာကြည့်တိုက်၊

၂။ ဆရာကြီးဒေါ်ဓမ္မစာရီဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိစာအုပ်၊

၃။ ဆရာကြီးဒေါ်ဓမ္မစာရီရေးသားပြုစုသော သစ္စဝါဒီဋီကာကျမ်း-တို့ကိုလည်းဆောင်ရွက်ပေးခဲ့သေး၏။

ဒေါ်ဓမ္မစာရီဓမ္မဗိမာန်ဖွင့်ရန် ၁၂-ရက်အလို နှစ်ပေါင်းနှစ်ဆယ်ခန့်က ပျောက်နေသော သစ္စဝါဒီဋီကာစာမူကို ပြန်လည်တွေ့ရှိရာတွင် တွေ့လျှင်တွေ့ချင်း ဗိမာန်ဖွင့်ပွဲအမီ စာအုပ်ဖြစ်ချင်ကြောင်း ဆရာတော်ကြီး မိန့်ကြားသဖြင့် ၁၃၅၄-ခုနှစ် ပဲခူးမြို့ရေကြီးချိန် ရန်ကုန်သို့ခက်ခက်ခဲခဲသွား၊ စစ်တပ်မှ ငွေပို့သောကားဖြင့်လိုက်၊ ရန်ကုန်ရောက်တော့ မာရှယ်လောအမိန့်ကြောင့် ဗန္ဓုလပန်းခြံအနီး ဘဏ်နားတွင် တစ်ညကျိန်းစက်ခဲ့ရသည်။ ကိုးရက်တည်းနှင့် လေးရောင်ခြယ်မျက်နှာဖုံး၊ ကွန်ပျူတာစာလုံးများဖြင့် လှလှပပ စာအုပ်ဖြစ်အောင်ပြုလုပ်ပေးခဲ့သော(ဆရာတော်ကြီး၏အလုပ်ကိစ္စနှင့်ပတ်သက်လာလျှင် သူ၏လုပ်ငန်းများကိုရပ်၍ အင်တိုက်အားတိုက်ပြုလုပ်တတ်သော) မြတ်ဆုမွန် ဦးအောင်မွန်နှင့် လိုအပ်သမျှကို မငြိုမငြင် ငွေထုတ်ပေးခဲ့သော ဆရာကြီးဦးသာလှတို့နှင့်အတူ အောင်မြင်ထမြောက်အောင် ပြုလုပ်ပေးခဲ့ပါသည်။

မိမိမှာ ဆရာတော်ကြီးထံမှ တန်ဖိုးမဖြတ်နိုင်သော ချီးမြှောက်မှုတို့ကို ရရှိခဲ့ပါ၏။

၁။ 'ဦးဃောသိတ အရေးအသား ကောင်းတယ်၊ အတ္တသမ္မာပဏိဓိရှိတယ်၊ စေတနာရှိတယ်'-ဟု ချီးမြှောက်မှု။ တိုက်ကြပ်ဆရာတော် ဦးဝေ ပုလ္လာစာရ၊ ဦးပဏ္ဍဝံသ၊ ဦးစိန်နားကပ်၊ ဖွားဖွားလေးဒေါ်ကြွနှစာရီ၊ ဦးစောလှိုင်၊ ဆရာတော်၏ ညီဝမ်းကွဲ ဦးကံညွန့်တို့က ပြောပြ၍ သိရပါ၏။

၂။ တက်ထရွှန်တိစီဝရိတ်၊ စီဝိုင်စီတီစီဝရိတ်၊ သိုးမွေးခြုံထည်ချီးမြှောက်မှု။ သိုးမွေးခြုံထည် စွန့်စဉ်က 'ဦးပဥ္စင်းကိုယ်တိုင်ခြုံနော်၊ သူများမလှူပါနဲ့'ဟု ပြော၍ ပေးခဲ့ပါ၏။

၃။ ကလောင်နာမည်၌ 'ရေနံချောင်း'ဟု သုံးထားသည်ကို 'ဦးပဥ္စင်း၊ ရေနံချောင်းဆိုရင် ကဗျာမဆန်ဘူး။ ကဗျာဆန်အောင် 'ရေနံ့သာ'လို့ ပြောင်းလိုက်တယ်'ဟု ချီးမြှောက်မှု။

၄။ ၁၃၅၄-ခုနှစ်၊ ဝါဆိုပြီးချိန်မှစတင်၍ ဝေဒနာ အလွန်ခံစားနေရဟန်ရှိသည်။ မည်သူ့မျှလည်း ပြောမပြသဖြင့် မသိရ။ ထိုဝေဒနာခံစားရချက်မှာ ဖျောက်မရနိုင်အောင် ပြင်းထန်လှဟန်ရှိသည်။ ဘိလပ်မြေစက္ကူများကို လျှောက်လွှာစက္ကူဒေါင့်ညှပ်ရန် ကတ်ကြေးဖြင့်ညှပ်ခြင်း၊ ပလတ်စတစ်ကြိုးလေးများ ကျစ်ခြင်းတို့ကို အချိန်လွန်အောင် ပြုလုပ်နေ၍ တပည့်များကလျှောက်ထားကြသောအခါ 'ဦးပဥ္စင်းတို့ မသိပါဘူး၊ တပည့်တော် သက်ရှိစိတ်ကို သက်မဲ့ ပစ္စည်းနဲ့ ထိန်းနေတာပါ'ဟုပြော၍ လုပ်မြဲလုပ်နေခဲ့ပါသည်။ ထိုဘိလပ်မြေစက္ကူနှင့် ကြိုးကလေးများကို မိမိနေထိုင်ရာ မိုးမိတ်ကုန်းမြေ မဇ္ဈိမယာဉ်ပျံမော်ကွန်းကျောင်းအရှေ့ဘက် သရက်ပင်ကြီးနား ကားကလေးကို ရပ်၍ မိမိအားအခေါ်ခိုင်းကာ 'ရော့. . . ဦးပဥ္စင်းက စက္ကူအသုံးပြုတော့ လိုမှာ၊ တပည့်တော် ညှပ်ထားတဲ့ ဘိလပ်မြေစက္ကူ၊ ဒါက တပည့်တော်ကျစ်ထားတဲ့ ကြိုး၊

အောက်သွေးသုညဖြစ်နေသော်လည်း သတိမမေ့ဘဲ ဝေဒနာကို သည်းခံနေပုံ

ဦးပဥ္စင်း ဘာလိုတုံး၊ လိုတာရှိ ပြောနော်' ပြောလျက် သုံးခေါက်တိတိ ချီးမြှောက်မှုတို့ကို ခံခဲ့ရပါ၏။

အကြီးအကျယ် ဝမ်းသာခဲ့ရပါ၏။ သို့သော် ဆရာတော် ပျံတော်မူသောအခါ ယင်းအဖြစ်တို့ကို မြင်ယောင်၍ အကြီးအကျယ် ဝမ်းနည်းခဲ့ရပါ၏။ ကျမည့်မျက်ရည်ကို အံကြိတ်ဆီးတား၍ဖြစ်သည့်သောကကို အလုပ်ဖြင့်ပယ်ဖျောက်၍ ဆရာတော့်ဈာပနကို အအိပ်ပျက်အစားပျက်ခံကာ ပူဇော်ခဲ့ပါ၏။

ဆရာတော်ကြီး၏ စေတနာထားခြင်းကိုခံရသော မိမိသည် ဆရာတော်နေမကောင်းသောအခါက နေ့စဉ်နှင့်အမျှ ဓမ္မနာဒသို့သွားရောက်၍ ဆရာတော်ကြီး ကျန်းမာချမ်းသာပါစေကြောင်း သမ္မာဒေဝနတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့က မ,စပါစေကြောင်း ဆုမွန်တောင်းလျက် ရတနသုတ်၊ မေတ္တာသုတ်၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသတို့ကို စိတ်ထဲမှ အမြဲရွတ်ဖတ်ပူဇော်ခဲ့ပါ၏။

ဤသို့ ဆရာတော်ကြီးနှင့် ပတ်သက်၍ ကြည်ညိုစရာတွေနှင့်ချည်း တွေ့ကြုံနေရသောမိမိအနေဖြင့် မယုံနိုင်စရာအံ့သြဖွယ်နေ့တစ်နေ့ တွေ့ကြုံလိုက်ရသည်မှာ-

၁၃၅၄-ခုနှစ်၊ပြာသိုလဆန်း၁၄-ရက်၊နေ့လယ်၁၂-နာရီ ၃၀-မိနစ်အချိန်။ ဆရာတော်ကြီး၏ နှာခေါင်းနှင့် ခံတွင်းတို့မှ ရုတ်တရက်ဆိုသလို သွေးများစိမ့်ထွက်လာသည်။သွေးအန်သလိုလည်းဖြစ်သည်။ မည်သို့ပင်ပြုစုစေကာမူ သွေးကရပ်မသွား။ ထို့ကြောင့် သမားတော်ကြီးဦးထွန်းသင် စိုးရိမ်စပြုလာသည်။ မန္တလေးမှ ဆရာဝန်ကြီးများထံ အကြောင်းကြားပြီး သွေးသွင်းရန် သွေးအဆင်သင့်ရှိစေဖို့ ပြင်ဆင်သည်။

* * *

မိုးမိတ်ကုန်းမြေမှ ဒု-တာဝန်မှူး ဦးစိုးတင့်သည် မိုးမိတ်ကုန်းမြေ ရုံးခန်းရှေ့၌ 'ဆရာတော်ကြီးအတွက် အိုအမျိုးအစားသွေး အရေးတကြီးလိုနေလို့ တိပိဋက = နိကာယကျောင်းတိုက်မှ အိုသွေးသံဃာတော်များ အဖွဲ့ရုံးရှေ့ ကားပေါ် သို့ အမြန်ကြွပါဘုရား' ဟု အသံချဲ့စက်ဖြင့် လျှောက်သည်။

မိုးမိတ်သံဃာတော်များနှင့် မိုးမိတ် ဝန်ထမ်းများ ဓမ္မနာဒသို့အမြန်သွားကြသည်။

* * *

နေ့ ၁-နာရီ ၃၀-မိနစ်။ သွေးများကျနေဆဲ၊ ထိန်း၍ မရသေး။

အထက်သွေး-၆၀၊ အောက်သွေး-၃၀။

ဆရာတော်ကြီးသည် တစ်ချက်မျှ မညည်း၊ မျက်လုံးကလေးဖွင့်၍ သတိမလစ် ဝေဒနာကို သည်းခံနေရှာသည်။

* * *

နေ့ ၂-နာရီ။ သွေးကားမတိုက်၊ ထုတ်လို့မကုန်နိုင်။

အထက်သွေး-၆၀၊ အောက်သွေး-သုည။

ဆရာတော်ကြီး သည် ညည်းညူခြင်းမပြု၊ သတိမလစ်၊ မျက်လုံးကလေးဖွင့်လျက် သည်းခံနေရှာသည်။ 'သုံးနာရီခွဲမှ သွေးမသွင်းနိုင်ရင် မလွယ်တော့ဘူး' ဟု ဦးထွန်းသင် ပြောလိုက်သောအခါ ဓမ္မနာဒနှင့် မိုးမိတ်မှတပည့်သံဃာများ မျက်စိပျက်မျက်နှာပျက် ဖြစ်ကုန်ကြသည်။ မှိုင်သူမှိုင် ငိုင်သူငိုင် ရှင်မှရှင်ပါတော့မလားဟု သည်းတထိတ်ထိတ် ရင်တဖိုဖို။

ယခင်ကဆိုလျှင် ၁-နာရီမှ ၁-ကြိမ် အစီရင်ခံရသော ဆက်သွယ်ရေးစက်များမှာ ယခုတော့ စက္ကန့်မလပ် မိနစ်မလပ် 'မင်းကွန်းဆရာတော်ကြီး သွေးအန် သွေးအန်၊ စိုးရိမ်ရ စိုးရိမ်ရ၊ အရေးကြီး အရေးကြီး' ဟူသော ဆက်သွယ်သံများသာ ဆူညံနေတော့သည်။ ဝမ်းသာစရာ မျှော်လင့်ချက်စကားလေး တစ်ခုမှုပင်မပါခဲ့။

* * *

ညနေ ၃-နာရီ။ သွေးများကျနေဆဲ၊ ထိန်း၍မရသေး။

အထက်သွေး-၆၀၊ အောက်သွေး-သုည။

ဆရာတော်ကြီးကား မညည်းမညူ သတိမလစ်၊ မျက်လုံးများဖွင့်ကာ ဝေဒနာကိုသည်းခံလျက်။

* * *

ညနေ ၃-နာရီ ၁၀-မိနစ်။ သွေးကား ယိုထွက်ဆဲ။

ဆရာဝန်ကြီး ဦးနော်မန်လှနှင့် ခုနစ်ဦးအဖွဲ့ ဓာတ်မှန်ရိုက်စက်တွေ ပစ္စည်းကိရိယာတွေ အစုံအလင်ဖြင့် ကားတွေတဝီဝီ စက်ကုန်ဖွင့်၍ ကျောင်းတိုက်ထဲ ဝင်လာကြသည်။

သမားတော်ကြီးဦးထွန်းသင်က လေ့ကားရင်းမှကြိုဆိုသည်။ ဆရာတော်ကြီးအား ဂါဝရပြု၍စစ်ဆေးကြသည်။ သွေးပေါင်ချိန်ကြည့်သည်။ အထက်သွေး-၆၀၊ အောက်သွေး-သုည၊ သွေးလှူမည့်သူများထံမှ သွေးထုတ်သည်။

ညနေ ၃-နာရီ ၂၅-မိနစ်။

သွေးစသွင်းသည်။

သမားတော်ကြီးများ ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။ အစာအိမ်သွေးကြောပေါက်တာလား၊ အဆုတ်သွေးကြောပေါက်တာလား မဆုံးဖြတ်နိုင်အောင် ရှိကြသည်။ သွေးပေါင်က တက်မလာ။ အထက်သွေး-၆၀၊ အောက်သွေး-သုည။

* * *

ညနေ ၄-နာရီ ထိုးကာနီးအထိ အထက်သွေး-၆၀၊ အောက်သွေး-သုညပင်။ သွေးသွင်းပါလျက် သွေးပေါင်တက် မလာသည်ကို အထူးစိုးရိမ်သွားကြသည်။

သွေးကား ယိုထွက်ဆဲ။ ဆရာတော်ကား မညည်းမညူ သတိမလစ်၊ ဝေဒနာကို သည်းခံလျက်ပင်။

* * *

ညနေ ၄-နာရီ၌ သွေးပေါင်တက်လာသည်။ သို့သော် သွေးကားယိုဆဲပင်။ ထိန်းမရသေး။ အထက်သွေး-၆၀၊ အောက်သွေး-၃၀။

* * *

ညနေ ၄-နာရီ ၁၅-မိနစ်။

ဓာတ်မှန်များရိုက်၍ စစ်ကိုင်း သီတဂူဆေးရုံသို့ ဓာတ်မှန်ဆေးရန် အမြန်သွားသည်။

* * *

ညနေ ၄-နာရီ ၂၅-မိနစ်။

နမခတိုင်းမှူး၊ အမှတ်-၃၃ တပ်မမှူးတို့နှင့် အရာရှိ အရာခံ အကြပ်တပ်သားများ စစ်ကားတွေတသီကြီးဖြင့် တဝေါဝေါ ကျောင်းတွင်းဆိုက်ရောက်လာသည်။ တိုင်းဘောလုံးဖွင့်ပွဲမှ ဒရောသောပါးလာခဲ့ကြခြင်းဖြစ်သည်။ အတူပါလာသော ဗွီဒီယိုအဖွဲ့က မှတ်တမ်းတင်ရိုက်ကူးသည်။

တိုင်းမှူးသည် သွေးစုပ်ထုတ်နေသူများအား 'ဘယ့်နှယ်လဲ၊ ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ'ဟု မေးသည်။

ဆရာဝန်ကြီးဦးထွန်းသင်၏ အနားသွား၍-

'ဆရာကြီး ရှေ့ဆက်ဘယ်လိုလုပ်မလဲ'။

'သွေးထွက်ရပ်မှ လုပ်ရမှာပဲ၊ ခုတော့ ဘယ်လိုမှလုပ်လို့ မရဘူး'။

'ဒါနဲ့ မနက်ကတော့ကောင်းတယ်ဆို'။

'ဟုတ်ပါတယ်၊ မနက်ကတော့ ကောင်းပါတယ်'။

'အရိပ်အခြေလေးမှ မပြဘူးလား'။

'မပြဘူး၊ တန်းပြီး သွေးအန်တာပါပဲ'။

* * *

ညနေ ၅-နာရီ။

လပခတိုင်းမှူး၊ ဆေးတပ်ရင်းမှူး ဗိုလ်မှူးကြီးအောင်နိုင်တို့အဖွဲ့ ရေလမ်းခရီးမှရောက်လာသည်။

ဆရာတော်ကြီးအား ဂါရဝပြု၍ ဦးထွန်းသင်အား အကျိုးအကြောင်းမေးသည်။ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်အား လိုက်လာခဲ့ရန် မှာကြားခဲ့ကြောင်းပါ တိုင်းမှူးက ပြောပြသည်။

အတူပါလာသော ဗွီဒီယိုအဖွဲ့က မှတ်တမ်းတင် ရိုက်ကူးသည်။

* * *

ညနေ ၅-နာရီ ၂၀-မိနစ်၌ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော် ရောက်လာသည်။

* * *

ဆေးတပ်ရင်းမှူး ဗိုလ်မှူးကြီးအောင်နိုင်သည် သွေးမတိတ်သည်ကို မကျေနပ်။ ဆရာတော်ကြီးအား ခွင့်လွှတ်ပါမည့်အကြောင်း ရှိသေစွာလျှောက်ထား၍ အမျိုးမျိုးအဖုံဖုံ ကြည့်ရှုစစ်ဆေးသည်။

အာခေါင်ကို ဝါဂွမ်းဖြင့် ပိတ်ဆို့ကြည့်သည်။ သွေးကား ထွက်မြဲ။ တစ်ဖန် အာခေါင်အနီးမှ အတွင်းနှာဝကို ပိတ်ဆို့ကြည့်ရာ နှာခေါင်းမှသွေးများ ဒလဟောယိုစီးလာသည်။ ဤနည်းဖြင့် အကြိမ်ကြိမ်စမ်းသပ်ကြည့်သည်တွင် နှာခေါင်းမှသွေးယိုထွက်ကြောင်း သိသာသွားသည်။

တိုင်ပင်နေကြသော သမားတော်ကြီးများထံ အမြန်သွား၍ အကျိုးအကြောင်းပြောပြသည်။ မန္တလေးမှ နားနှာခေါင်း လည်ချောင်း အထူးကုဆရာဝန်ကြီး ဦးခင်မောင်ဆွေအား အမြန်လာရောက်ရန် ဆက်သွယ်ရေးစက်ဖြင့် အကြောင်းကြားခေါ်သည်။

* * *

ညနေစောင်း ၆-နာရီ ၃၀-မိနစ်။

သွေးပေါင်အတော်တက်လာသည်။

အထက်သွေး-၁၀၀၊ အောက်သွေး-၆၀။

သို့သော် သွေးကားထွက်ဆဲပင်။ ဆရာတော်ကြီးသည် သတိမလစ် မျက်လုံးလေးဖွင့်ကာ ဝေဒနာသည်းခံလျက်။

* * *

ဆရာတော်ကြီး၏ကျန်းမာရေးအတွက် ဆရာဝန်ကြီးများ တိုင်ပင်နေကြပုံ

၈-နာရီ ၄၀-မိနစ်။

ဆရာဝန်ကြီးဦးခင်မောင်ဆွေနှင့်အဖွဲ့ ပစ္စည်းကိရိယာ အစုံအလင်ဖြင့် ရောက်ရှိလာသည်။

ရောက်ရောက်ခြင်းပင် ကြည့်ရှုစစ်ဆေးကာ သွေးအနေဖြင့် လက်ယာဘက်နှာခေါင်းမှ သွေးယိုထွက်သည်ထင်ကြောင်း ဗိုလ်မှူးကြီးအောင်နိုင်အား ပြောပြလျက် 'ဆရာတော်ဘုရား၊ ခဏသည်းခံတော်မူပါဘုရား'ဟု လျှောက်ထားပြီး လက်ဝဲဘက်နှာခေါင်းထဲသို့ ၆-လက်မခန့်အရှည်ရှိ ဂွမ်းတောင့်များ ထည့်သည်။ လက်ယာဘက်နှာခေါင်းထဲသို့ ဘော့(လ်)ပင် အရွယ် ၁-ပေခွဲခန့်အရှည်ရှိ ရာဘာပိုက်ထည့်သည်။ နောက်ပိုက်တစ်ဝက်ခန့်ကို ပါးစပ်မှဆွဲထုတ်သည်။ တစ်ဖန် နှာခေါင်းမှပြန်ဆွဲသည်။

ဘေးလူအနေဖြင့် မြင်ရသည်မှာ မသက်သာ၊ နာလိုက်မည့်ဖြစ်ခြင်း၊ ခံရခက်လိုက်မည့်ဖြစ်ခြင်း၊ သို့သော် ဆရာတော်ကြီးသည် 'ဟင်း ဟင်း ဟင်း ဟင်း'ဟု သုံးလေးချက်သာ ညည်းညူသည်။ သွေးယိုထွက်ကတည်းက ဤတစ်ကြိမ်သာ ညည်းသေးသည်။

* * *

ည ၉-နာရီ ၁၀-မိနစ်။

ဆရာဝန်ကြီး ဦးခင်မောင်ဆွေ၏ ကျွမ်းကျင်စွာ ပိတ်ဆို့နိုင်မှုကြောင့် သွေးလုံးဝတိတ်သွားသည်။

တပည့်သံဃာတော်များ၊ သမားတော်ကြီးများ၊ တိုင်းမှူးနှစ်ဦးနှင့်အရာရှိများမှာ ယခုမှပင် သက်ပြင်းချနိုင်တော့သည်။ ဝမ်းသာ၍ မဆုံးနိုင်ကြတော့။

နေ့လယ် ၁၂-နာရီ ၁၅-မိနစ်မှ ည ၉-နာရီ ၁၀-မိနစ် အထိ ၉-နာရီတိုင်တိုင် ကြီးမားစွာ ဝေဒနာခံစားခဲ့ရသဖြင့် ပင်ပန်းလှပြီဖြစ်သောဆရာတော်ကြီးသည် နှစ်နှစ်ခြိုက်ခြိုက် ကျိန်းစက်၍သွားပါတော့သည်။

* * *

ဆရာတော်ကြီး နှာခေါင်းမှသွေးယိုခြင်းသည် နည်းနည်းနောနောမဟုတ်ပါ၊ ထွေးခံခုနစ်လုံးနှင့်။ သွေးနှင့် ဝါဂွမ်းရောလျက် ဇလုံကြီးနှစ်လုံးရှိပါသည်။ မြင်ရသူတိုင်း ကြက်သီးထ၍ အသည်းတယားယားဖြစ်ကြရသည်။

* * *

ခွဲစုတ်စက်ကလေးမှာလည်း ၉-နာရီလုံးလုံး မောင်းနှင်ခဲ့ရသောကြောင့် ပူရှိန်းနေသည်။ ဆရာတော်ကြီး၏ ပါးစပ်အား လက်မလက်ညှိုးတို့ကို ကား၍ဖြဲထားပြီး လက်ခလယ်ဖြင့် လျှာကိုမထိခိုက်မိအောင် ဖိထားရသော သူနာပြုကိုဇော်ဝင်းမှာ လက်အံသေ၍ကိုက်ခဲနေတော့သည်။

* * *

ထိုသို့ ၁၂-နာရီ၃၀-မိနစ်မှ ည ၉-နာရီ ၁၀-မိနစ် အထိ ၉-နာရီတိုင်တိုင် ပါးစပ်ကို ဖြဲထားခြင်းခံရ၍ မခံမရပ်နိုင်လောက်အောင် သွေးယိုထွက်ခြင်းဝေဒနာကို ခံစားရသော်လည်း သတိမလစ် မျက်လုံးကလေး ဖွင့်ထားလျက် မညည်းမညူ ဝေဒနာကို သည်းခံနေနိုင်သည့် ဆရာတော်ကြီးအား အားလုံးကပင် တအံ့တသြဖြစ်ကြရသည်။ သာမန်ပုဂ္ဂိုလ်တော့ မဟုတ်တန်ရာဟု ထင်မှတ်သွားခဲ့ကြသည်။

ထို့ထက် သမားတော်ကြီးများကမူ သာမန်လူများ သွေးပေါင်ချိန် အောက်သွေး-၃၀ ရှိက သတိလစ်ပါလျက် ဆရာတော်ကြီးကား သတိမလစ်ခဲ့။

သာမန်လူများ အောက်သွေး-သုညရှိက သေရမည်သာ ဖြစ်သည်။ ဆရာတော်ကြီးမှာမူ နေ့ ၂-နာရီမှ ညနေ ၄-နာရီအထိ ၂-နာရီတိုင်တိုင် အောက်သွေး-သုညဖြစ်နေခဲ့ပါလျက် ပျံလွန်တော်မမူခဲ့။ ယင်းဖြစ်ရပ်အား အထူးပင် အံ့သြခြင်းဖြစ်ခဲ့ကြရသည်။

ည ၉-နာရီ ၄၃-မိနစ်၌ တိုင်းမှူးများ၊ သမားတော်ကြီးများသည် ဆရာတော်ကြီးအားကန်တော့၍ ဦးထွန်းသင်အား နှုတ်ဆက်ကာ ပြန်သွားကြတော့သည်။

* * *

သမားတော်ကြီးများနှင့် တပည့်ရဟန်းရှင်လူတို့ ပူးပေါင်း၍ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား သွေးခုနစ်ပုလင်းသွင်းကာ မရဏလက်တွင်းမှ ကယ်တင်ခဲ့ကြသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ အံ့သြဖွယ် ဝေဒနာကို ရှုမှတ်သည်းခံနိုင်သော ၁၃၅၄-ခုနှစ်၊ ပြာသိုလဆန်း၁၄-ရက်၊ ဗုဒ္ဓဟူးနေ့ကိုကား သမိုင်းဝင်နေ့တစ်နေ့ အဖြစ် မှတ်တမ်းတင်အပ်ပါတော့သတည်း။ ။

အရှင်ဃောသိတ (ရေနံ့သာ)

မြင်စမ်းစေချင်

ဆရာထေရ်သခင်

ဇေယျာနရိန်(မြောင်းမြ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များရဲ့ အဓိပတိ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင် မင်းကွန်းဆရာသခင် အရှင်မြတ်ကြီးဘုရား. . .။

ဆရာရှင် စတင်မျိုးစေ့ချတည်ထောင်ပေးခဲ့တဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ၂၅-နှစ် ငွေရတု သက်တမ်းပြည့်မြောက်တဲ့ သမိုင်းဝင်ကာလမှာ ဘာသာသာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့တဲ့ ဆရာရှင်ရဲ့ ကျေးဇူးဂုဏ်အနန္တကို ပြန်လည်အမှတ်ရ အောက်မေ့တသနေဆဲပါဘုရား။

ပြန်လည်အမှတ်ရခြင်းနှင့်အတူ ဆရာရှင်သာသနာပြုဖက် တပည့်ဒကာ ဒကာမတွေကိုခွဲခွာပြီး ဘဝ နတ်ထံစံလွန်တော်မူပြီး သုံးရက်မြောက်သောနေ့မှာ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရဲ့ ပါမောက္ခချုပ်ဆရာတော်က ဆရာသခင်ရဲ့ သာသနာပြုကျေးဇူးဂုဏ်တွေကို သင်တန်းသားများသိကြရအောင် ဖော်ထုတ်ချီးကျူးဂုဏ်ပြုခဲ့တာကို အခုလိုပြန်လည်ကြားယောင်လာခဲ့ပါတော့တယ်ဘုရား။

'အရှင်ဘုရားတို့၊ တပည့်တော်တို့ရဲ့ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဟာ အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်တော်မူရင်း လွန်ခဲ့တဲ့သုံးရက်က ဘဝနတ်နန်းစံမြန်းသွားပြီဖြစ်ပါတယ်။ တပည့်တော်တို့ တက္ကသိုလ်ကြီးအတွက်တော့ အစားထိုးမရတဲ့ ကျေးဇူးရှင်ကြီး တစ်ပါးဆုံးရှုံးသွားခြင်းပါ။ ဆရာတော်ကြီးဟာ တကယ်တော့ ထူးခြားမြင့်မြတ်တဲ့ ပါရမီရှင်ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်တယ်။ ထူးခြားမြင့်မြတ်တဲ့ပါရမီရှင်တိုင်းဟာ အမျိုး ဘာသာ သာသနာ အကျိုးများ စွမ်းစွမ်းတမံ ဆောင်ရွက်တာကိုကြည့်ရင် သိနိုင် ပါတယ်။ တပည့်တော်တို့ သာသနာ့တက္ကသိုလ်ကြီးကိုလည်း ကမ္ဘာ့စံချိန်မီ တက္ကသိုလ်ကြီးဖြစ်အောင် ဆောင်ရွက်ပေးခဲ့တာ အရှင်ဘုရားတို့ သိမြင်ကြတဲ့အတိုင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဆရာတော်ကြီးမရှိတော့တဲ့နောက်ပိုင်း ဆရာတော်ကြီးဖြစ်စေချင်တဲ့တက္ကသိုလ်ကြီး ဆက်လက်ရှင်သန်တိုးတက်အောင် ဆောင်ရွက်ကြဖို့ တပည့်တော်တို့မှာ တာဝန်ရှိနေပါပြီ။ တာဝန်ရှိတဲ့အတိုင်းလည်း ဆက်လက်ရှင်သန်တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဘုရား'။

ဆရာရှင် ဖြစ်စေချင်တဲ့ဆန္ဒတိုင်း ဆရာဒကာညီညွတ်စွာနဲ့ တာဝန်ယူထမ်းဆောင်ခဲ့ကြလို့ သာသနာ့တက္ကသိုလ်ကြီးဟာ ယခု ၁၃၇၃-ခုနှစ်၊ နယုန်လမှာ ၂၅-နှစ်တင်းတင်းပြည့် ငွေရတုသဘင်ပွဲ ဆင်နွှဲနိုင်ခဲ့ပါပြီ။ ရည်ရွယ်ချက်အတိုင်း ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြလို့လည်း အောင်မြင်မှုများစွာ ရရှိခဲ့ပါပြီ ဖြစ်ပါတယ်ဘုရား။

ဆောင်ရွက်ကြတဲ့နေရာမှာလည်း 'အရိုးကိုအရွက်မဖုံးစေနဲ့'ဆိုတဲ့ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများရဲ့ဩဝါဒကို ဦးထိပ်ပန်ဆင်ပြီး 'အကျင့်လည်းမြတ်၊ ပိဋကတ်နှံ့သိ၊ ပါဠိ ကျွမ်းစေ၊ မြန်မာစာပေအရေးအသား-ဤလေးပါး ထူးခြား ထက်မြက်စေရမည်'ဆိုတဲ့ ပရိယတ္တိပညာရေးစီမံကိန်းမူ လေးချက်နဲ့အညီ ဆောင်ရွက်ခဲ့ကြလို့ ဆရာရှင် တွေ့မြင်ချင်လွန်းတဲ့ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရ အရှင်မြတ်တွေပေါ်ထွက်ခဲ့ပါပြီဘုရား။ အခု သာသနတက္ကသီလဓမ္မပါရဂူ အရှင်မြတ်သုံးပါးပါပေါ် ထွက်ခဲ့ပြန်ပါပြီဘုရား။ အဲဒီအရှင်မြတ်တွေဟာ ဘာသာရေး အသိဉာဏ်မဖွံ့ဖြိုးသေးတဲ့ ဝေးလံခေါင်သီသောနယ်စပ်ဒေသများသို့ကြွရောက်ပြီး ပင်ပန်းဆင်းရဲမှုကိုမငဲ့ကြဘဲ ထိရောက်အောင်မြင်စွာသာသနာပြုနေကြပါပြီဘုရား။

တပည့်တော်တို့ သာသနာ့တက္ကသိုလ်ကိုရောက်တဲ့နေ့ 'သစ်လွင်ကြိုဆိုပွဲ'လို့ခေါ်ရမည့် သင်တန်းသားသစ်စတင် မိတ်ဆက်တဲ့နေ့က ဆရာသခင်မိန့်ကြားတော်မူတဲ့ 'ဂုဏ်နဲ့ ဒြပ် လိုက်အောင်နေကြ'ဆိုသောဩဝါဒစကားကို ခုတိုင်ကြား ယောင်နေဆဲပါဘုရား။ အဲဒီဩဝါဒဟာ တပည့်တော်တို့ အသက်ထက်ဆုံး လိုက်နာသွားရမယ့်ဩဝါဒဆိုတာကို အဲဒီအချိန်ကတည်းက သဘောပေါက်နားလည်ကြပါတယ်ဘုရား။

တကယ်တော့ တက္ကသိုလ်သင်တန်းသားများဟာ တက္ကသိုလ်ဆိုတဲ့ဂုဏ်ကိုငဲ့ပြီး နေချင်တိုင်းနေ သွားချင်တိုင်းသွား စားချင်တိုင်းစား နေလို့မဖြစ်တော့ပါ။ အရာရာမှာ သွားသတိ လာသတိ စားသတိ နေသတိ အမြဲရှိနေရပါမယ်။ ဒါမှလည်း စံပြတက္ကသိုလ်ကျောင်းသားပီသမယ်ဆိုတာကို ဆရာရှင် ကြိုတင်သိမြင်ထားလေရော့သလားဘုရား။

ဒါတင်မက တက္ကသိုလ်ရောက်သင်တန်းသားတွေကို ချီးမြှောက်တဲ့အနေနဲ့ ဇာတ်တော်လာအာဇာနည်မြင်းနဲ့ အခုလို နှိုင်းခိုင်းချီးမြှောက်ထားပုံက တပည့်တော်တို့ဘဝအတွက် အားတက်ဂုဏ်ယူစရာ ဖြစ်ခဲ့ရပါတယ်ဘုရား။

'သာသနာ့တက္ကသိုလ်သင်တန်းသားတွေသည် နောင် အနာဂတ်ကာလမှာ တပည့်တော်တို့ရဲ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်သွားကြမယ့် သာသနာ့အာဇာနည်တွေပဲ။ ဒီအရှင် မြတ်တွေဟာ အာဇာနည်မြင်းနဲ့ အလားတူပါတယ်။ အာဇာနည်မြင်းဆိုတာ ပင်ကိုကအာဇာနည်ဗီဇရှိနေပေမယ့် အစားအသောက် အနေအထိုင် နေရာဒေသအဆင့်မြင့်မြင့်မထားပေးခဲ့ရင်အာဇာနည်စိတ်တွေမပေါ်ဘဲ ငုပ်နေမြုပ်နေတတ်ပါတယ်။ ဒါ့ကြောင့် ဒီတက္ကသိုလ်သင်တန်းသားတွေကို အာဇာနည်မြင်းတွေနည်းတူ အာဇာနည်စိတ်တွေပေါ်လာအောင် ဆွမ်းကွမ်းထောက်ပံ့နေကြတဲ့ ဥပဋ္ဌာကအဖွဲ့တွေက သိရှိနိုင်စေဖို့ အစားအသောက်အနေအထိုင်ကအစ အဆင့်မြင့်မြင့်ထားပေးရမယ်'လို့ ဩဝါဒပေးထားတာကိုလည်း ယခုထက်တိုင် အမှတ်ရနေဆဲပါဘုရား။

အဲဒီဩဝါဒကထာရဲ့ကျေးဇူးကြောင့်လည်း တပည့်တော်တို့အစားအသောက်အနေအထိုင်ပိုင်းမှာ ယခုအချိန်အထိ ပူပန်ကြောင့်ကြမှဲ့ အဆင့်မြင့်မြင့်စားသောက်နေထိုင်ခဲ့ရပါတယ်ဘုရား။ ဒါ့ပြင် တက္ကသိုလ်မှာဆွမ်းကွမ်းကိစ္စအားလုံး တာဝန်ယူဖြည့်ဆည်းပေးခဲ့တာကြောင့်လည်း ယခုထက်တိုင် ဆွမ်းခံမထွက်ရဘဲ စာပေကိုသာ အချိန်ပြည့် ကြိုးစားအား ထုတ်ခွင့်ရခဲ့ပါတယ်ဘုရား။

တစ်ဖက်ကလည်း သင်တန်းသားတွေ ဆွမ်းခံမကြွရဘဲနေခဲ့ကြရင် အောက်ခြေလွတ်သွားမှာစိုးရိမ်မိလို့ အစာအာဟာရသုံးဆောင်ရာမှာ မျှတစွာဆင်ခြင်စားသောက်ဖို့၊ အစစအရာရာ မိမိစိတ်တိုင်းကျ မစားရ မသုံးဆောင်ရတဲ့ အခါမျိုးမှာလည်း အဓိဝါသနခန္တီ (သည်းခံခြင်း)တရား လက်ကိုင်ထားပြီး ဆင်ခြင်စားသောက်ကြဖို့ မှာကြားတော်မူခဲ့ပါတယ် ဘုရား။ ဒီဩဝါဒတွေဟာ တပည့်တော်တို့အတွက် တက္ကသိုလ်မှာနေစဉ်သာမက ဘဝတစ်သက်တာလုံး လိုက်နာကျင့်သုံးရမယ့် ဩဝါဒအမြုတေများဖြစ်တယ်လို့ ခံယူထားပါတယ် ဘုရား။

တက္ကသိုလ်မှာ ပညာသင်ကြားခဲ့စဉ်မှာလည်း ဆရာရှင်ရဲ့ တုနှိုင်းမရတဲ့ဂုဏ်ကျေးဇူးတွေကို လေးစားကြည်ညို အားကျခဲ့ရသလို ဆရာရှင်ရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ခမာဂုဏ်, သန္တိန္ဒြိယဂုဏ်စတဲ့ ဂုဏ်တွေကိုလည်း တုယူအားကျ လိုက်နာခဲ့ရပါတယ်။ ဒါတွေဟာ တပည့်တော်တို့အနေနဲ့ လက်ဆင့်ကမ်း သာသနာ့တာဝန်ထမ်းဆောင်ခြင်းလို့ ခံယူမိပါတယ်ဘုရား။

ယခု ၂၅-နှစ်ပြည့် ငွေရတုကာလအချိန်မှာတော့ ဆရာရှင် မျိုးစေ့ချတည်ထောင်ပေးခဲ့တဲ့ သာသနာ့တက္ကသိုလ်ကြီးဟာ အရွယ်ရောက်လာတာနဲ့အမျှ ရင့်ကျက်တည်ငြိမ်လာခဲ့ပါပြီဘုရား။ ၁၆-ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဆင်ယင်ပြီးချိန်အထိ သာသနတက္ကသီလ ဓမ္မာစရိယ B.A. (Buddhism) ဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A. (Buddhism)ဘွဲ့ရရှိပြီးတဲ့ အရှင်မြတ်တွေ ရာပေါင်းများစွာ ပေါ်ပေါက်ခဲ့ပြီးပါပြီ။ တချို့ဆိုရင် တပည့်အဖြစ်ကနေ တစ်ဆင့်တက်ပြီး ဆရာအဖြစ်နဲ့ တက္ကသိုလ်ကြီးမှာပဲ ဆက်လက်ပခုံးပြောင်းတာဝန် ထမ်းဆောင်နေကြပါပြီဘုရား။

တချို့ဆိုရင်လည်း Ph.Dဒေါက်တာခေါ် ဓမ္မပါရဂူဘွဲ့ ရယူဖို့ကြိုးပမ်းအားထုတ်နေကြသလို နိုင်ငံရပ်ခြားတက္ကသိုလ်များဆီသို့ထွက်သွားပြီး သာသနာပြုသင်တန်းနဲ့ဘွဲ့ဒီဂရီများ ရယူဖို့ကြိုးပမ်းနေကြပါပြီ။ တက္ကသိုလ်ကျောင်းတော်ကြီးက အစပျိုးပေးလိုက်တဲ့ပညာရပ်များနဲ့ နိုင်ငံရပ်ခြားသာသနာပြု ခရီးလမ်းကြောင်းပေါ်ကိုလည်း ရောက်ရှိနေကြပါပြီဘုရား။ အချို့ကလည်း နိုင်ငံတွင်းမှာပဲ ဝေးလံခေါင်သီတဲ့ နယ်စပ်တောင်တန်းဒေသများကို သွားရောက်ပြီး ပြည်တွင်းသာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေကြပါပြီ။

ဒီလိုအောင်မြင်မှုတွေနဲ့ ထာဝစဉ်ရှင်သန်နေမယ့် သာသနာ့တက္ကသိုလ်ကြီးရဲ့အနာဂတ်ခရီးကို ဆရာရှင်မြင်စေချင်ပါဘိတယ်ဘုရား။ ဆရာရှင် သက်တော်ထင်ရှားရှိနေသေးပါရင် တပည့်တော်များက တက္ကသိုလ်ကြီးရဲ့တိုးတက်နေမှုကို ကိုယ်တိုင်ကိုယ်ကျ လျှောက်တင်ချင်ပါဘိဘုရား။

သို့ပေမယ့် သာသနာ့တက္ကသိုလ်ကြီးများရဲ့တိုးတက်အောင်မြင်မှုအဖြာဖြာကို ရောက်ရာသုဂတိ ဘုံဘဝက သိမြင်ခဲ့ပါရင် ဝမ်းမြောက်ဝမ်းသာ ပီတိမျက်နှာနဲ့ သာဓုအကြိမ်ကြိမ်ခေါ် ဆိုနေမယ်ဆိုတာ မြင်ယောင်မိပါတယ်ဘုရား။

ဆရာတော်ဘုရားရဲ့ သာသနာပြုဂုဏ်မြတ်တွေကို ဖော်ထုတ်တင်ပြရရင် ကမ္ဘာကုန်ကျယ်သရွေ့ ကုန်ဆုံးနိုင်ဖွယ် မမြင်တော့ပါဘုရား။ ဒါကြောင့် ဆရာအရှင်ရဲ့ တက္ကသိုလ်အပေါ်တင်ရှိခဲ့တဲ့ကျေးဇူးဂုဏ်တွေကို သက်တော်ရာပြည့်အထိမ်းအမှတ် မော်ကွန်းစာစောင်ကနေ 'မြင်စမ်းစေချင် ဆရာထေရ်သခင်'ဆိုတဲ့ ဂုဏ်ပြုလွှာနဲ့ ကျေးဇူးဆပ်ပူဇော်ကန်တော့လိုက်ပါတယ် ကျေးဇူးတော်ရှင်ဆရာသခင် အရှင်မြတ်ကြီးဘုရား. . . ။

ဇေယျာနရိန်(မြောင်းမြ)
သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့။

ပုဂ္ဂိုလ်ထူးကိုပူဇော်ပါ

❖ စစ်ကိုင်းတောင်တော် မြောက်ဘက်ဖျား
မင်းကွန်းတောင်တော် တည်ရှိသား။

❖ ဆရာတော်ဘုရား မင်းကွန်းထေရ်
ကမ္ဘာသိအောင် တော်လွန်းပေ။

❖ မင်းကွန်းမထေရ် တူသူများ
ဒီကမ္ဘာမှာ ရှိပါသလား။

❖ ဘယ်နေရာသွားသွား ရှာကြည့်ပါ
လုံးဝလုံးဝ မရှိနိုင်ပါ။

❖ မြန်မာပြည်မှာ ပထမ
တိပိဋကဓရ ဘွဲ့ကိုရ။

❖ စိတ်ဓာတ်မြင့်လှ ထေရ်တစ်ဆူ
သံဃာ့ဆေးရုံ ဆောက်လုပ်လှူ။

❖ တစ်ဖြာတစ်မူ တက္ကသိုလ်များ
ရန်ကုန်မန္တလေး ဆောက်လုပ်ထား။

❖ ထင်ပေါ်ကျော်ကြား မင်းကွန်းထေရ်
နှစ်ပေါင်းတစ်ရာ ပြည့်၍နေ။

❖ မမေ့နိုင်ပေ တပည့်တို့
နှစ်တစ်ရာတိုင် ပူဇော်စို့
လွမ်းလို့လွမ်းလို့ ရွှေရင်စို့။ ။

အရှင်ကုသလ
ကမ်းကလေးရွာ၊ ဘားအံမြို့။



တိပိဋကမရရှေ့ခေါင်းဆောင်ကို မမေ့ကြောင်းပါဘုရား

❖ တိပိဋကအောင် ရှေ့လမ်းပြ
မမေ့တမ်းတ လွမ်းသည်။
ယနေ့မှန်းဆ ကျွမ်းရပြီ
လွမ်းမျက်ရည် ယိုဆင်း။
သာသနာထွတ် မြတ်ဥသျှောင်ကို
မပြတ်ထူးတောင် သတိရလေခြင်း။

❖ ပို့သခဲ့ မေတ္တာတွေဟာ
အနှစ်အကာဝေ မယွင်း။
ချစ်သဟာတွေ ဆွေတစ်သင်းကိုလ
မသေခြင်း ပို့ကာ။
နိဗ္ဗာန်ရွာ သာစခန်းကိုဖြင့်
မကွာတန်း လှမ်းတက်ဖို့ရာ။

❖ ထူးလှတဲ့ မြတ်ဆရာကို
မပြတ်ခါခါ ရိုကျိုးလို့။
ရှိခိုးလို့ ဦးထိပ်တင် ဖူးမဝပင်။
ဦးဝိစိတ္တ မြတ်အရှင်ကို
မပြတ်အစဉ် ရှိခိုးပါရဲ့လေး။
တိပိဋက ရှေ့ခေါင်းဆောင်ကို
မမေ့ကောင်းနောင် ရာပြည့်ကျော်အထိလေး။ ။

အောင်သျှင်သူ(မဟာမြေ)

မှန်းဆတမ်းတ လွမ်းနေရ



❖ ရာပြည့်ပွဲတော်၊ ဆရာတော်အား၊
လျော်ကန်လျောက်ပတ်၊ ကောင်းမြတ်ချိန်ရှု၊
ရတုစာစီ၊ လျှောက်ပန်ချီသည်၊
ရွှေပြည်နန်းမှ၊ မြတ်ထေရ၊
ဓမ္မနာဒ၊ ဆရာကြွ။

❖ အရှင်ဝိစိတ္တသာရာဘိဝံသ၊ ဘုန်းထေရသည်၊
စံပြဆောင်ထမ်း၊ တုသိနန်းမှ၊
လှမ်းကြွထွက်ခွာ၊ ဤလူ့ရွာသို့၊
မကြာယခု၊ အချိန်လု၍၊
ကောင်းမှုမြတ်နိုး၊ တပည့်မျိုးကို၊
ကောင်းကျိုးကိုယ်၌၊ တည်စေလိုက်ရန်၊
စံထိုက်သာသနာ၊ ထွန်းလင်းဖြာရန်၊
ဆရာတော်ကြီး၊ စိတ်ခရီးဖြင့်၊
ပင့်ပြီးယခု၊ စိတ်ကြံပြုသော်၊
ကရုဏာစိတ်၊ အလွမ်းစိတ်သည်၊
တရိပ်ရိပ်တက်၊ လွမ်းပိုလျက်။

❖ ဗုဒ္ဓယုံကိုး၊ ဓမ္မကျိုးနှင့်၊
အမျိုးဘာသာ၊ သာသနာကို၊
ရောင်ဝါနေလ၊ ထွန်းလင်းပြ၍၊
သံဃာ့ဂုဏ်တော်၊ ဆရာတော်တည့်၊
ပွဲတော်ရာပြည့်၊ လျှောက်ပန်ကြည့်သည်၊
ပီတိပြုံးမြ၊ ဆရာကြွ၊
စိတ်ကူးကြံဆ၊ လွမ်းနေရ။ ။

တက်လူ

ပန်းချီမောင်ကျော်ညွန့်နှင့်အဖွဲ့

ရှိခိုးပန်ထွာဝန္ဒနာ

ထေရ်မြတ်အသွင်၊ တို့သခင်ကား၊ သုံးအင်သာသနာ၊ တည်စိမ့်ငှာဟု၊ ဇရာဒုဗ္ဗလ၊ အချိန်ကျလည်း၊ ကြီးစွာလုံ့လ၊ ဥဿာဟဖြင့်၊ နေ့ညမပြတ်၊ လုပ်ဆောင်တတ်၏။ ထေရ်မြတ်ဆရာ၊ လက္ခဏာလည်း၊ လေးဖြာသန္ဓ၊ လွန်ညီမျှ၍၊ တကွလေးမြတ်၊ ကြည်ညိုညွတ်မိ၊ ရူပပ္ပမာဏ = ရူပပ္ပသန္ဓ၊ လှပခံ့ညား၊ သဒ္ဓါပွားကြ၊ အများဆည်းကပ်၊ မပြတ်နာချင်၊ သံစဉ်ပြေလျော၊ ဃောသပ္ပမာဏ=ဃောသပ္ပသန္ဓ၊ စသည့်တရား၊ ပြည့်စုံငြားရှင့်၊ လေးပါးပစ္စည်း၊ အရသည်းလည်း၊ သုံးနည်းချွေတာ၊ လူခပမာဏ=လူခပ္ပသန္ဓ၊ မြတ်ဓမ္မကို၊ မြဲစွကျင့်သုံး၊ မပြီးဆုံးသေး။ ကျင့်သုံးဝိနည်း၊ သိပ်သည်းညီစွာ၊ ကျင့်သိက္ခာနှင့်၊ မြတ်စွာမူတင်၊ မေတ္တာယှဉ်တတ်၊ ဓမ္မပ္ပမာဏ= ဓမ္မပ္ပသန္ဓ၊ သီလသမာ၊ ဓိ-ပညာဖြင့်၊ လွန်စွာပြည့်ငြား၊ မြတ်ဘုရား၏၊ သားတော်အစစ်၊ ဧကန်ဖြစ်၍၊ သျှင်ချစ်မြတ်စွာ၊ ဟောညွှန်ပါသည်၊ သုံးဖြာပိဋကတ်၊ နှံ့စပ်သိမြင်၊ သံရှစ်အင်ဖြင့်၊ နားတွင်ချိုသာ၊ သာယာနာဖွယ်၊ ဂုဏ်ပေါင်းကြွယ်လှ၊ မြိုင်လယ်တောတိုင်း၊ အရိုင်းသစ်ပင်၊ ပေါများလျှင်လည်း၊ မည်တွင်စန္ဒကူး၊ ထိပ်ခေါင်ဖူးမှာ၊ လွန်ထူးရှားပါး၊ သည်စကားသို့၊ ပတ္တမြားမှန်ဘိ၊ မရှိတောင်တိုင်း၊ တွေးချင့်နှိုင်းမိ၊ တို့၏ဆရာ၊ မြတ်ဘုန်းလျာက၊ အခြားမရှိ၊ ပကတိထူးခြား၊ တစ်ပါးတည်းသာ၊ ဆိုထိုက်ပါ၏။ သာသနာသုံးရပ်၊ အကျင့်မြတ်ဟု၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ စွယ်စုံရသား၊ သံဃာမဟာ၊ နာယကာဟု၊ ဦးစွာပထမ၊ ပါဝင်ရ၍၊ သာသနာ့သန့်ရှင်း၊ ထွန်းတောက်လင်းအောင်၊ အကျိုးဆောင်ခဲ့။ မြန်ဘောင်အတွင်း၊ လှည့်လည်ရင်းဖြင့်၊ ခပင်းများစွာ၊ ဝေနေယျာကို၊ ဒေသနာတရား၊ ဟောညွှန်ကြား၏။ တရားရွှေစည်၊ တီးတိုင်းမြည်ဘိ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ၊ ဂါရိကဟု၊ ဘွဲ့ရအကျော်၊ နိုင်ငံတော်က၊ ချီးကျူးဂုဏ်ပြု၊ နှိုင်းတုစရာ၊ မမြင်ပါတည့်။ သံဃာတော်များ၊ အားထားတွယ်တာ၊ သင်ရာစံပြည့်၊ တုမရှိသော၊ ပရိယတ္တိ၊ ဘုန်းရှိသာသနာ၊ စည်ပင်ရာကို၊ တက္ကသိုလ်ကျောင်း၊ ပြီးမြောက်ကြောင်းတွက်၊ ရက်ဆက်မနား၊ လှည့်လည်သွားပြီး၊ တရားဟောပြ၊ ဒါနအလှူ၊ လက်ခံယူသည်၊ တိုင်းသူပြည်သား၊ ဒကာများလည်း၊ ရွှင်အာနုဘော်၊ အုတ်အော် သောင်းတင်း၊ ရင်တွင်းကြည်လင်၊ သဒ္ဓါစင်၍၊ ဘဝင်ရွှင်လန်း၊ ပေးလှူဒါန်းကြ၊ ရေစက်ချပွဲ၊ နယ်တိုင်းနွဲ့ပေ့။ ဝှဲချီးဂုဏ်ပြု၊ ရတုသီဖွဲ့၊ ရေးစီနွဲ့သူ၊ ကျွန်ုပ်မှာမူကား၊ တွေးယူဉာဏ်ထုတ်၊ ဂုဏ်ပုဒ်မြောက်မြား၊ ရေးသားဖုံဖုံ၊ အစွမ်းကုန်လည်း၊ ပြည့်စုံပြီပဲ၊ မဆိုရဲရှင့်။ သဲသဲလှုပ်မျှ၊ ချီးကျူးကြသည့်၊ 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ' ထေရအရှင်၊ တို့သခင်ကို၊ ကြည်ရွှင်မြတ်လေး၊ ဂုဏ်ကို တွေးလျက်၊ ငြိမ့်အေးစီရီ၊ စာပန်းချီဖြင့်၊ ခြယ်သီဖွဲ့ကျူး၊ တင်ဦးရှိခြောင်း၊ သွယ်ဖယောင်းခက်၊ ဆယ်ချောင်းလက်ဖြင့်၊ ထိပ်ထက်ဖြန့်မိုး၊ ပျပ်ဝပ်လျှိုးသည်၊ ရှိခိုးပန်ထွာ ဝန္ဒာနာပါဘုရား။ ။

ယုဝတီရွှေဝါစိန်

ထေရ်ဘုန်းကျေးဇူး



၁။ ဗုဒ္ဓသာသနာ ဝါဝါဝင်းဖို့
ပြည်နယ်တိုင်းတွင်း နယ်စုံစွာ။
ပင်ပန်းမှုကို မျက်နှာလွဲလို့
အားခဲကြိုးစား ကြွရောက်ရှာ။
မအိပ်မနေ စေတနာများနဲ့
သဒ္ဓါတရား ဖြူစင်စွာ။
ကိုယ်ချမ်းသာရေး သူမတွေး
သူတွေး သာသနာ
အဲဒါကြောင့် မင်းကွန်းထေရ်က စံပြဖြစ်နေတာ။
၂။ စိတ်ကောင်းရှိကာ စာပေတတ်လို့
မာနကင်းလတ် ထေရ်မဟာ။
မန္တလေး-ရန်ကုန် တက္ကသိုလ်များကို
ကြိုးကြိုးစားစား တည်ထောင်ကာ။
အဲဒါကြောင့်ပင် တက္ကသိုလ်များမှ
ပညာတတ်များ ပေါ်ထွက်လာ။
တက္ကသိုလ်က ဘွဲ့တွေရ
များလှ မြတ်သံဃာ
အဲဒါကြောင့် မင်းကွန်းထေရ်အား လွမ်းအားပိုနေတာ။
၃။ တက္ကသိုလ်တွေ တည်လေခြင်းကြောင့်
ကျေးရွာတုတ်တွင်း ထင်လင်းစွာ။
တပ်ကုန်းနေပြည်တော် တိုးတက်သွားလို့
လိမ္မာရေးခြား များလာကာ။
တို့ရွာအတူ တိုင်းပြည်တွင်းမှာ
တသင်းသင်းသင်း ယဉ်ကျေးလာ။
မင်းကွန်းကျေးဇူး မမေ့ဘူး
အထူး နှစ်-၁၀၀
အဲဒါကြောင့် မင်းကွန်းထေရ်အား လွမ်းသွားနေ့စဉ်ပါ။ ။

နေပြည်တော် တပ်ကုန်းမြို့နယ် ယဉ်ကျေးမှုသင်တန်းကို
ရန်ကုန်သာသနာ့တက္ကသိုလ်မှ
ဆရာတော်ဦးသောဘန ဦးဆောင်ဖွင့်လှစ်မှုနှင့်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏
ရာပြည့်ပူဇော်ပွဲကို ပူဇော်ပါသည်။

သကျဇာနည်သွေး(ကျိုးအင်းမြေ)
မြစ်ကွေ့ကျောင်း၊ ဟသ်ာတမြို့။

သူလိုလူ

❖ သာသနာတစ်ဝက်၊ ရောင်ဝါလက်၍၊
တစ်ဝက်သာသနာ၊ မပျက်ပါဘဲ၊
ဆက်ကာအတည်၊ သက်ကြာရှည်ဖို့၊
ထက်ပြည်ဗြဟ္မာ မြင့်မြတ်ရာက လာခဲ့သူ။

❖ ဗြဟ္မာအလား၊ မေတ္တာထား၍၊
အများအကျိုး၊ သူသယ်ပိုးခဲ့။
မျိုးမျိုးဝန်တာ၊ ကိုယ်ချင်းစာ၍၊
ညာတာသနား၊ နှလုံးသားတစ်စုံ၊
လိုက်လိုက်တုန်အောင်၊ ဖုံဖုံအမှု၊
စုံစုံပြုကာ ကရုဏာအတိ သူ့မှာရှိခဲ့။

❖ အရှိတရား၊ အသိပွားလျက်၊
တပည့်သားတစ်ယောက်၊ ဂုဏ်ရှန်းတောက်၍၊
ထွန်းပေါက်သောခါ၊ ဖရဏာပီတိ၊
ဂွမ်းဆီထိသို့၊ မုဒိသဘော၊
ထုတ်နှောကာ၊ မနောမှာလျှင်၊
ဝမ်းသာအားရ၊ ကျေနပ်ပြခဲ့။

❖ ဘဝဇာတ်ခုံ၊ အဖုံဖုံ၌၊
တွေ့ကြုံဒုက္ခ၊ ခံစားရလည်း၊
ဒုက္ခအစု၊ လျစ်လျူရှု၏။
သုခတွေ့လည်း၊ ပီတိလွှဲ၍၊
အမြဲတမ်းသာ၊ ဥပေက္ခာမှု၊
ဆရာပြုခဲ့။

❖ သို့အတွက်တာ၊ တို့ဆရာသည်၊
ဗြဟ္မာအလား၊ မေတ္တာထား၍၊
သနား-ဝမ်းသာ၊ ဥပေက္ခာမှု၊
လျစ်လျူရှုလျက်၊ လေးခုအနေ၊
လွန်မြတ်ပေသည်၊ မသေဗြဟ္မာနှင့်တူတကား။

❖ ရှင်တော်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်
သုံးဝသာသနာ၊ ပြည်မြန်မာဝယ်၊
ရှည်ကြာတည်ရေး၊ မျှော်ခေါ်တွေးရှု၊
အလေးပြုလျက်၊ သုံးခုမှုကြီး၊
ချမှတ်ပြီးသော်၊ ကြီးမားထန်ပြင်း၊
လုံ့လချဉ်းလျက်၊ မင်းကွန်းတောင်ရိုး၊

မိုးမိတ်ကုန်းမြေ၊ ဆိတ်ငြိမ်မြေ၌၊
စာပေပရိယတ်၊ ပိဋကတ်ကို၊
ကျက်မှတ်ကြံကြည့်၊ တိပိဋက၊
နိကာယဟု၊ နာမမည်ဟီး၊
ကျောင်းတော်ကြီးကို၊ ဦးစီးတည်ထောင်၊
အကျိုးဆောင်သော်၊ များမြောင်လှဘိ၊
တိပိဋက၊ ဓရအရှင်များ၊
ပေါ်ထွန်းသွားခဲ့။

❖ သာသနာမဏ္ဍိုင်၊ မယိမ်းယိုင်အောင်၊
ကျောင်းထိုင်ဘုန်းကြီး၊ လုပ်နည်းကောင်းကောင်း၊
သင်တန်းကျောင်းကို၊ ရွှန်းရွှန်းစိုစွာ၊
စေတနာဖြင့်၊ တိုင်းနှင့်ပြည်နယ်၊
အသွယ်သွယ်၌၊ ရည်ရွယ်ချက်ကောင်း၊
နည်းလမ်းကောင်းကို၊ ကျိုးကြောင်းမိန့်ချွေ၊
ဆောက်လုပ်စေခဲ့။

❖ တင့်ဆန်းသာသနာ၊ ပွင့်လန်းဖြာဖို့၊
ဘာသာသီးသီး၊ တတ်ကျွမ်းပြီးလျှင်၊
စောမီးမြတ်စွာ၊ သာသနာကို၊
ကမ္ဘာအနှံ့၊ မကြာပြန့်၍၊
သန့်သန့်ရှင်းရှင်း၊ ရှင်နေမင်းသို့၊
ပွင့်လင်းဝေဖြာ၊ အသေချာလျှင်၊
တေဇာရွှန်းလို၊ တက္ကသိုလ်များ၊
တည်ထောင်သွားခဲ့။

❖ အများအကျိုး၊ ဘာသာကျိုးတွက်၊
သည်ပိုးထမ်းရွက်၊ လုပ်ဆောင်ချက်သည်၊
တစ်ဝက်သာသနာ၊ မပျက်ပါဘဲ၊
ဆက်ကာအတည်၊ သက်ကြာရှည်ဖို့၊
ထက်ပြည်ဖြဟ္မာ၊ မြင့်မြတ်ရာက၊
လာခဲ့တကား။ ။

မောင်သာရ(အရာတော်)



ပူဇာအလွမ်း

❖ ဒုက္ခဘုံ သတ္တဝါအများကိုလ
ချားအသွင် မကျင်လည်စေဖို့
စဉ်တည်ရန် သာသနာဆေးကိုဖြင့်
ပေးအပ်ခဲ့ မြတ်ဗုဒ္ဓါ။

❖ ဆေးသုံးဖုံ မဟာမြတ်မှာတော့
ပရိယတ် အခြေတည်လို့
ပဋိပတ် ဝေဝေစည်လျက်
အေးဌာနီ ပဋိဝေဓကို
လမ်းပြခဲ့ပါ။

❖ အရှင်မြတ် ဝိစိတ္တသာရ
သာသနာ သဒ္ဓါပိုလှသဖြင့်
ကျမ်းထိုထို ရေလိုနှောက်ပါလို့
ပေါက်မြောက်အောင် ကိုယ်ပိုင်ဆောင်၍
အောင်ဘွဲ့ရ ဓမ္မဘဏ္ဍာဂါရိကာ
ထေရ်မဟာ မြတ်တစ်ပါး။

❖ ပိဋကတ် ဓမ္မစေတီ
ပရိယတ် အခြေတည်၍
မြတ်ပင်စည် ဖွံ့ထည်ခန့်ပါလို့
ရှင်းသန့်မှန် ကျင့်ကြံပွားပါမှ
တရားမြိုက် ဆေးအဆီကို
ရကြမည် ကြံစည်တွေးကာပ
ဝေးနီးရွာ လမ်းတာကြမ်းသော်လည်း
နာမကျန်း ကိုယ်ကာယေဖြင့်
အရိုးကြေ အရေခန်းစေတော့
ကြွလှမ်းချီ နယ်ပြည်အရပ်ရပ်ဆီသို့
'ပရိယတ် သာသနာ့တက္ကသိုလ်'
ဖြစ်စေလို မိုစိတ်ထားရယ်နှင့်
ကြိုးစားယူ ဖြူလုံ့လကိုလ
ဦးချကာ သဒ္ဓါလွှမ်းပါလို့
သောကဖြာ ပူဇာလျှမ်းကာပ
လွမ်းလိုက်ပ့ါ လွမ်းလိုက်ပါဘိဘုရား။ ။

သမိန်သောင်း



တိပိဋကဓရဆရာတော်၏ ဥပဇ္ဈာယ်မဟာထေရ်

ပထမဓမ္မနာဒဆရာတော်ကြီးဦးပညာစက္က

မေမြို့ရတနာမာရ်အောင်ထေရ်

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက် ပထမဆရာတော် ဦးပညာစက္ကမထေရ်သည် မြင်းခြံမြို့ သပြေပင်ရပ် ခမည်းတော်ဦးတူ+မယ်တော်ဒေါ်အိမ်မြတို့မှ ၁၂၄၇-ခု၊ တော်သလင်းလဆန်း ၂-ရက်၊ ကြာသပတေးနေ့တွင် ပညာဂြိုဟ်ကြီး တိုင်ထိပ်စီးလျက် မီးရှူးသန့်စင် ဖွားမြင်သော သားဦးရတနာဖြစ်ပါသည်။ ဆရာတော်၏ငယ်နာမည်မှာ မောင်မြောက်ဖြစ်၍ မောင်မောက်၊ မောင်ရောက် ညီအစ်ကိုနှစ်ယောက်နှင့် မတင်-ဟူသော နှမတစ်ယောက်ရှိပါသည်။

ရှင်သာမဏေပြု

ခုနစ်နှစ်အရွယ်ရောက်သောအခါ မိဘများက သားငယ် မောင်မြောက်ကို မြင်းခြံမြို့ မင်းကျောင်းတိုက် တနင်္ဂနွေထောင့်ကျောင်းဆရာတော်ဦးကေသရ (ဦးရိုးတော်)အထံ၌ အပ်နှံ၍ ပညာသင်စေပါသည်။ ဆယ်နှစ်သားအရွယ်တွင် ဆရာတော်ဦးကေသရကိုပင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ရောက်ပါသည်။ စက်တမျှထက်မြက်လှသော ပညာဉာဏ်ရှိမှုကိုအကြောင်းပြု၍ 'ရှင်ပညာစက္က'ဟု ဘွဲ့အမည် ပေးပါသည်။ ရှင်ပညာစက္ကသည် ဦးရိုးတော် ဦးကေသရနှင့် မင်းကျောင်းတိုက်ဆရာတော်ကြီးဦးဝိစာရတို့ အထံတွင် ပိဋကတ်အခြေခံစာများနှင့် ပါဠိတော်, အဋ္ဌကထာများကို သင်ယူတော်မူခဲ့ပါသည်။

မန္တလေးပညာသင်ကြွ

ရှင်ပညာစက္ကသည် ၁၇-နှစ်အရွယ်ရောက်သောအခါ 'တောင်ပြင်မှာ ကြယ်တစ်လုံး'ဟု သာသနာတော်တစ်ရပ်လုံးက စာချကောင်းသဖြင့်ချီးကျူးမှုကိုခံရသော မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော်အရှင်အာဒိစ္စရံသီခေါ် ဆရာတော်ဦးကြည်၏ အထံတော်သို့ရောက်သည်။ထိုဆရာတော်ကြီး၏အထံ၌ သာမဏေဘဝ ၁၇-နှစ်မှစ၍ ရဟန်းခုနစ်ဝါ ရသည့်တိုင်အောင် သဒ္ဒါနည်း,ဝါကျနည်း, ဝိနိစ္ဆယနည်းတို့ကို ပိဋကတ်သုံးပုံနိကာယ်ငါးရပ် ကူးခပ်ပေါက်မြောက်နိုင်သည်အထိ သင်ယူခဲ့ပါသည်။

အထူးအားဖြင့် ပရိယတ်စာပေလောကဝယ် အခက်ခဲဆုံးဟု အသိအမှတ်ပြုအပ်သော မူလဋီကာနှင့်နေတ္တိကျမ်းစာများကို ရွှေရေးဆောင်ဆရာတော်ဦးကြည်နှင့် ညောင်ကန်ဆရာတော်ဦးက္ကန္ဒတို့အထံမှ ပါရဂူမြောက်သင်ယူတော်မူသည်။ 'မူလဋီကာအမွေ မောင်ပဥ္စင်းကို ပေးခဲ့ပြီ'ဟုပင် ညောင်ကန်ဆရာတော်ကြီး၏ ထုတ်ဖော်ချီးကျူးမှုကို ခံယူခဲ့ရပါသည်။

မင်းကွန်းကြွ

ဦးပညာစက္ကတို့ မန္တလေးမြို့၌ ပညာသင်ချိန်တွင် အင်္ဂလိပ်မင်းလက်ထက် မြို့ကြီးများ၌ ပလိပ်ကပ်ရောဂါဖြစ်ပွားလေ့ရှိသည်။ ထိုရောဂါဖြစ်လျှင် အရပ်တစ်ပါးသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ မန္တလေး၌ ပလိပ်ကပ်ရောဂါဖြစ်သောအခါ ဦးပညာစက္ကသည် ရွှေရေးဆောင်၌စာသင်ဖက်ဖြစ်ဖူးသော မင်းကွန်းဦးပုကြီးချောင်က ဦးဂန္ဓမာထံသွားရောက်ခိုလှုံလေ့ရှိသည်။ထိုချောင်မှာတိတ်ဆိတ်အေးချမ်းသည့်အပြင် စာအုပ်စာပေများ အထူးသဖြင့်ပေစာများအတော်စုံစုံလင်လင်ရှိနေရာ စာပေသမားဦးပညာစက္ကအတွက် အကောင်းဆုံးခိုလှုံစရာဌာနဖြစ်ခဲ့သည်။ ထို့ပြင် ဦးဂန္ဓမာ၏ မိတ်ဆက်ပေးချက်အရ ဦးပုကြီးချောင်အနီး၌တည်ရှိသော အိမ်ကြီးချောင်ဆရာကြီးဒေါ်ဓမ္မစာရီနှင့်လည်း သိကျွမ်းခဲ့ရသည်။ ဆရာကြီးဒေါ်ဓမ္မစာရီသည် သူတစ်ပါးအရည်အချင်းနှင့် စိတ်နေစိတ်ထားကို အကဲခတ်တတ်သူဖြစ်ရာ ဦးပညာစက္ကကို ပညာရှိပြီး သီလဖြူစင်သော ပရိယတ်, ပဋိပတ်စွယ်စုံပုဂ္ဂိုလ်မှန်းသိသဖြင့် အလွန်ကြည်ညိုသွားသည်။ မင်းကွန်းတွင် အမြဲသီတင်းသုံးနေထိုင်ရန်လည်း အကြိမ်ကြိမ်လျှောက်ထားသည်။

ဓမ္မနာဒကျောင်းတိုက်တည်

ဦးပညာစက္က မင်းကွန်း၌နေဖို့ဝန်ခံသောအခါ ၁၂၇၄-ခုနှစ်တွင် ဥရုဝေလချောင်အဝင်ဝရှိ ကျိုက်လတ်ဒကာကြီးဦးတူ၏ ကျောင်းငယ်ကိုပြင်သည်။ ဦးပုကြီးတောင်ပေါ်၌ရှိသော အုတ်ကျွတ်မိုးစကြံကျောင်းကိုလည်း ရွှေ့ပြောင်းပြင်သည်။ ထိုကျောင်းမှာသီတင်းသုံးစဉ် မိမိအားစာပို့ချပေးသည့် ဓမ္မာစရိယဖြစ်သောဦးပညာစက္ကအား ဆရာကြီးဒေါ်ဓမ္မစာရီက နံနက်ဆွမ်း+နေ့ဆွမ်းတို့ဖြင့် နေ့စဉ်မပြတ်နိဗဒ္ဓဝတ်ထား၍ ဆက်ကပ်လှူဒါန်းသည်။ ဦးပညာစက္ကကလည်း ဆရာကြီးဒေါ်ဓမ္မစာရီအား အဘိဓမ္မာအဋ္ဌကထာ, မူလဋီကာ, နေတ္တိပါဠိတော်အဋ္ဌကထာနှင့်ပဏ္ဏာသပါဠိတော်-စသောကျမ်းစာများကိုပို့ချပေး၍ ဓမ္မာနုဂ္ဂဟဖြင့် အတုံ့ပြန်ကာ ဆွမ်းကြွေးဆပ်တော်မူသည်။

ထိုဥရုဝေလချောင်နေရာသည် သဲပူရှိသောနေရာဖြစ်၍ မျက်စိဝေဒနာရှိသောဦးပညာစက္ကအတွက် သပ္ပါယမဖြစ်ဘဲရှိသည်။ ယခုဓမ္မနာဒတိုက်နေရာကို သန့်ရှင်းအောင် မြေများညှိပြီး ကျောင်းငယ်များဆောက်ကာ ချောင်သစ်တည်ထောင်သည်။ ထိုချောင်သစ်၌ ဒေါ်ဓမ္မစာရီက ကျောင်းငယ်တစ်ဆောင်၊ ဦးကြွယ် + ဒေါ်ဆိုင်တို့က ကျောင်းငယ်တစ်ဆောင်၊ ဦးမောင်ခ+ဒေါ်ဖီးတို့က ကျောင်းငယ်တစ်ဆောင် ပေါင်း ကျောင်းငယ်သုံးဆောင်ဆောက်ပြီး ၁၂၈၀-ပြည့်နှစ်တွင် ဦးပညာစက္ကအား လှူဒါန်းကြသည်။ ဦးပညာစက္ကက သံဃိကအလှူခံတော်မူ၍ ကျောင်းသစ်အမည်ကို 'ဓမ္မနာဒကျောင်းတိုက်'ဟုမှည့်ခေါ်သည်။ [ဓမ္မ=စာပေပရိယတ်တရားများကို၊ နာဒ = သင်အံ + ပို့ချ ရဲရဲတောက်ကျူးရင့်ရာဌာန-ဟု အဓိပ္ပာယ်ရသည်] ။

ဦးပညာစက္ကသည် ကျောင်းသစ်လက်ခံပြီးနောက် ရဟန်း, သာမဏေ, သီလရှင်ဆရာလေး, ဆရာကြီးများအား နေ့ညမအား စာပေပရိယတ်များကို တွင်တွင်ကြီးပို့ချတော်မူသည်။ 'ပညတ်သွားရာ ဓာတ်သက်ပါ'ဆိုသလို ဓမ္မနာဒ-ဟူသောကျောင်းတိုက်အမည်နှင့် အလွန်ဆီလျော်အောင်ပြုလုပ်တော်မူသည်။ နေ့စဉ်ပြုရမည့်နိဗဒ္ဓဝတ်များကိုလည်း မှန်မှန်ပြုလုပ်တော်မူသည်။ ပဋိပတ္တိတရားဘာဝနာကိုလည်း အချိန်ယူ၍ပွားများတော်မူသည်။

ဦးပညာစက္က မင်းကွန်းနေစက ခုနစ်ဝါသာရှိပြီး ဓမ္မနာဒတိုက်တည်ပြီးသောအခါ၌လည်း ၁၃-ဝါမျှသာရှိသေးသော်လည်း သက်ကြီးဝါကြီးဆရာတော်ကြီးများသာလုပ်နိုင်သည့် ပိုင်ပိုင်နိုင်နိုင် စာပေပို့ချမှုစသော ကြီးကျယ်သောသာသနာပြုလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်စွမ်းနိုင်မှုတို့ကြောင့် ဆရာကြီးဒေါ်ဓမ္မစာရီက အလွန်ကြည်ညိုသဒ္ဓါပွားပြီး ဦးပညာစက္ကအားဂုဏ်ပြုသောအားဖြင့် အောက်ပါဥဒါန်းတေးထပ်ကို ရေးစပ်ဖူးပါသည်။

ဆယ်မြင့်မိုရ်ပြန်ပြန်ဆ,သော်လဲ စံမမျှတုံပါ၊
အနန္တဂုဏ်ဝါငယ် စုံနှစ်ဖြာပါဒေ့။
ဆယ်ချောင်းလက်သမှုဟောကို အထူးလေဦးဖြင့်ဆင်ရွှေ၊
ကျမ်းဂန်တတ်အမြွက်ကိုရှာလျှင် လက္ခဏာအပြေ။
သက်တစ်ခါမတွေ့လို့ တမြေ့မြေ့ကြည်ညို၊
လူ့နယ်တွင် ခုရွယ်သက်မှာဖြင့် တုဖွယ်ဖက်ကင်းတဲ့
ပုဂ္ဂိုလ်။
ရှုဖွယ်ချက်လင်းထုတ်ဆိုလျှင် ကျဉ်းချုပ်ကိုကျမ်းဂန်ညီ
ပါလို့
လမ်းမှန်သည့်နည်းဥပဒေ စည်းပြုမသွေ။
ဖန်ဖန်ပြလို့ကြွင့်ဝေတယ်၊ မန္ဒတတွေမှတ်သားစေဖို့လေး။

ထို့ပြင် ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဆက်သွယ်ပေးမှုကြောင့် ရန်ကုန်မြို့ သူဌေးကြီးဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့ကလည်း ဓမ္မနာဒဘုန်းကြီးဦးပညာစက္ကအား ဆည်းကပ်ကိုးကွယ်လာကြသည်။ ၁၂၉၁-ခုနှစ်တွင် စေတီတော်များအနေကဇာတင်ခြင်း၊ ခေါင်းလောင်းလှူဒါန်းခြင်း၊ မီးစက်လှူဒါန်းခြင်း၊ ကျောင်းဆောက်ခြင်း စသောကုသိုလ်များပြုလုပ်ကြသည်။

တိပိဋကဓရအလျာရောက်လာခြင်း

၁၂၉၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် တိပိဋကဓရအလျာ ကိုရင်ဝိစိတ္တသာရ ဓမ္မနာဒကျောင်းတိုက်သို့ ရောက်လာသည်။ ဆရာတော်ဦးပညာစက္ကသည်

ကျောင်းဒကာကြီး ဦးမြို့

ဦးပညာစက္က ရှေးဦးသီတင်းသုံးရာ ဥရုဝေလရှိ လိုဏ်ဂူ

ဓမ္မနာဒတိုက်တိုးတက်လာ

ဆရာကြီးဒေါ်ဓမ္မစာရီ၏ဆက်သွယ်ပေးမှုကြောင့် သိလာရသော ထီးချိုင့်ဇာတိ ဦးမြို့+ဒေါ်မမတို့မှာ မန်လည်ဆရာတော်ကြီး၏ တပည့်များဖြစ်ကြ၍ အပွေးမြင်အပင်သိတတ်ကြရာ ဦးပညာစက္ကကိုဖူးတွေ့ရလျှင် သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်ကို အလွန်ယုံကြည်ကြ လေးစားကြသည်။ ဓမ္မနာဒကျောင်းတိုက်ဝယ် တင့်တယ်ခမ်းနားသော နှစ်ထပ်တိုက်ကြီးဆောက်လုပ်လှူဒါန်းပြီး ၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက် သောကြာနေ့၌ ကျောင်းလွှတ်သဘင်ကြီးကျယ်စွာဆင်ယင်၍ ရေစက်ချလှူဒါန်းကြသည်။ ဦးမြို့ + ဒေါ်မမနောက်ဆက် ဒေါ်ဆင်ဆင်တို့မှာ စီးပွားရေးအဆင်ပြေတိုင်းကျောင်းဆောက်လုပ်လှူဒါန်းကြရာ ဓမ္မနာဒတိုက်အတွင်းသူတို့လှူသောကျောင်းများမှာ လက်ညှိုးထိုးမလွဲလောက်အောင်များပြားလှ၍ ကျောင်းဒကာမျှမဟုတ် ကျောင်းတိုက်ဒကာများပင်ဖြစ်ကြသည်။

ကိုရင်၏ရုပ်အရည်အသွေး စိတ်အရည်အသွေး ဉာဏ်အရည်အသွေးကိုသိရ၍ သာသနာတော်အတွက် ကျေးဇူးများမည့်အရေးကို တွေးမြင်သဖြင့် အထူးစောင့်ရှောက်တော်မူသည်။ ပါဠိပိဋကတ်ဆိုင်ရာ နေ့စာဝါညစာဝါများကို စနစ်တကျသင်ပေးသည်။ ပညာရှိကဝိလက္ခဏာဘက်စုံဖြစ်စေရန် မြန်မာစာပေအရေးအသားကိုပါ သင်ပေးသည်။ လေ့လာစေသည်။ ပျို့, ကဗျာ, လင်္ကာ, ရတု, ရကန်, တေးထပ် စသည် စုံလင်အောင်သင်ပေးသည်။ လေ့လာစေသည်။ အကြောင်းပေါ်လျှင်လည်း လက်တွေ့အရေးခိုင်းသည်။ မြန်မာစာအရေးအသားဘက်၌ တစ်ဖက်သတ်ယိုင်မသွားအောင်ကိုလည်း စောင့်ရှောက်ပြုပြင်ပေးသည်။

၁၂၉၂-ခု ကိုရင်ဝိစိတ္တသာရရဟန်းခံရာတွင် ဆရာတော် ဦးပညာစက္ကက ဥပဇ္ဈာယ်ပြု၍ ချီးမြှောက်တော်မူသည်။ သာသနာတော်၌ ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိကတပည့်

မှာ အဖေနှင့်သားသဘောဖြစ်သည်။ ထိုအချိန်၌ ဆရာတော်ဦးပညာစက္ကက 'မိမိသည် ယခင်ကလည်း မည်သူ့ကိုမျှ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးဘူး၊ နောင်လည်း မည်သူ့ကိုမျှ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးတော့'-ဟု ထိုအကြောင်းကို နှုတ်ကလည်းထုတ်ပြောသည်။ မေတ္တာကိုစံပြုရာ၌ တစ်ယောက်တည်းသောသားအပေါ်ထားရှိသည့် မေတ္တာကို 'ဧကပုတ္တ မနုရက္ခေ'-ဟု စံပြုလေ့ရှိရာ ဤချီးမြှောက်ချက်က ရှင်ဝိစိတ္တသာရအပေါ်ထားရှိသည့် ဆရာတော်ဦးပညာစက္က၏ ကြီးမားလွန်ကဲသောမေတ္တာဓာတ်ကို ပေါ်လွင်စေပါသည်။ မည်သူနှင့်မျှ မဆက်ဆံသောချီးမြှောက်ခြင်းဖြင့် ချီးမြှောက်လိုက်ခြင်းဖြစ်ပါသည်။

ပထမကျော်နှင့် ဝဋံသကာ

အရှင်ဝိစိတ္တသာရကလည်း ထူးထူးခြားခြား ချီးမြှောက်ခံရသူပီပီ သာသနာလောကတွင် အခက်ဆုံးဟုအသိအမှတ်ပြုအပ်သော သကျသီဟစာမေးပွဲ၌ နှစ်ဝါအရတွင် စာသင်တန်းကိုအောင်ပြီး၊ သုံးဝါအရတွင် တဆက်တည်း စာချတန်းကို အောင်မြင်ပြန်သည်။ သကျသီဟစာမေးပွဲသမိုင်းတွင် မဖြစ်စဖူး ထူးထူးခြားခြား အောင်မြင်ခြင်းဖြစ်၍ 'ဝဋံသကာ=ဦးစိုက်ပန်း'ဟူသောဂုဏ်ပုဒ်ကို ပထမဆုံးရရှိလိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရစာမေးပွဲ ပထမကျော်အောင်ပန်းကိုပါ ရအောင်ယူပေးလိုက်သဖြင့် ဆရာတော်ဦးပညာစက္က၏ စာချအရည်အသွေးကို ပေါ်လွင်အောင် ဖော်ဆောင်ပေးသလိုရှိခဲ့သည်။

ထိုသို့ တပည့်ချစ်၏ အောင်မြင်မှုများရရာတွင် ဆရာတော်ဦးပညာစက္ကသည် ပါဠိအနေအထားအလွန်အဆင့်မြင့်သော ဝသန္တတိလကဂါထာကြီးများဖြင့် ရှင်ဝိစိတ္တသာရာဘိဝံသအား ချီးကျူးသည်။ သာသနာတော်အတွက် အားပေးတိုက်တွန်းခဲ့သည်။

ဆရာတော်၏အထူးဆောင်ရွက်ချက်

ဆရာတော်ဦးပညာစက္ကသည် တရားတော်ကို အလွန်လေးစားမြတ်နိုးသည့်အရှင်ဖြစ်ရာ နှစ်စဉ်နှစ်စဉ် ဝါဆိုဦးသို့ရောက်လျှင် ပိဋကတ်သုံးပုံဓမ္မစေတီစာအုပ်တို့ကို စားပွဲကြီးပေါ် သေချာစွာတင်ပြီးလျှင် ဆီမီးပန်းမာလ်တို့ဖြင့် တရိုတသေပူဇော်ပြီးနောက် အစဉ်အတိုင်း တစ်အုပ်ပြီးတစ်အုပ် ဉာဏ်သက်ဝင်နိုင်လောက်အောင် ဖြည်းဖြည်းလေးလေးရွတ်ဖတ်၍ မြတ်စွာဘုရားအား တရားအားလျော်သောအကျင့်မြတ်ဖြင့် ထူးထူးခြားခြားပူဇော်လေ့ရှိသည်။

မနောမယစေတီ

လောကီဆရာများ ဂြိုဟ်ကြီးရှစ်လုံးပူဇော်သည်ကို အတုလိုက်၍ ဗုဒ္ဓဘာသာဝင်များကလည်း ပူဇော်နေကြရာ အစားထိုးမပေးလျှင် ထိုအယူအဆ ဗုဒ္ဓဘာသာတွင်ရောယှက်၍ အမြစ်တွယ်မည်ကိုဆင်ခြင်၍ ရှေးဆရာတော်များက ဂြိုဟ်ကြီးရှစ်လုံးပူဇော်သည့်အစား ဘုရားကိုးဆူပူဇော်နည်းကို စနစ်တကျတီထွင်ပေးခဲ့သည်။ ဂြိုဟ်ရှစ်လုံးပူဇော်သည့်အလေ့အထ ဗုဒ္ဓဘာသာတွင်းမရောယှက်အောင် ကာကွယ်ပေးလိုက်ခြင်းဖြစ်ပါသည်။

ထို့အတူ ပထမဓမ္မနာဒဆရာတော်တို့ခေတ်က ဂြိုဟ်သက်ပေါင်း ၁၀၈-ပါနဝင်းကြီးကို အလေးဂရုပြုသောအယူအဆတစ်ခုရှိသည်။ ထိုအယူအဆကို လက်ခံကျင့်သုံးလျှင် မနောမယ = စိတ်အလိုတိုင်းပြည့်စုံသည်ဟု လောကီဆရာတို့ကဆိုကြလေသည်။ ထိုအယူအဆသည် ဗုဒ္ဓဘာသာဝင်တို့၏စိတ်တွင် အရိပ်ထင်လျက်ရှိနေရာ ပထမဓမ္မနာဒဆရာတော်ကြီးက ထိုအယူအဆကို ကာကွယ်လို၍ 'မနောမယစေတီတော်'ကို တည်တော်မူသည်။

ထိုစေတီတော်၏ တတိယပစ္စယံတွင် လိုဏ်ဂူစံကျောင်းကလေးများပြုလုပ်၍ နှစ်ကျိပ်ရှစ်ဆူဘုရားဆင်းတုတော်များကို သွင်းထားကိုးကွယ်သည်။ ဒုတိယပစ္စယံတွင် အသီတိမဟာသာဝက=ရှစ်ကျိပ်သောမဟာသာဝကတို့တွင် ဧတဒဂ်ဘွဲ့ထူးရသည့် မဟာသာဝကအပါးလေးဆယ်၏ရုပ်ဆင်းတုတော်များကို သွင်းထားပူဇော်သည်။ ပထမပစ္စယံတွင်မူ ကျန်မဟာသာဝကလေးဆယ်၏ ရုပ်ဆင်းတုတော်များကို သွင်းထားပူဇော်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ရှစ်ဆယ်သောမဟာသာဝကများပေါင်းလျှင် ၁၀၈-ဆူဖြစ်သည်။ ထို ၁၀၈-ဆူသောဘုရားရှင်များနှင့် သာဝကသံဃာတော်များသာ နဝင်းကြီးအစစ်ဖြစ်၍ ဆည်းကပ်ပူဇော်သူတို့ လောကီလောကုတ္တရာစိတ်လိုအင်ဆန္ဒများ ပြီးမြောက်အောင်မြင်နိုင်သည်ဟူသောအယူအဆမှန် ဗုဒ္ဓဘာသာဝင်တို့၏ သန္တာန်၌ ဖြစ်ပေါ်စေရန်ရည်သန်၍ 'မနောမယစေတီတော်'ဟုဘွဲ့မည်ပေးထားသည်။

ဓမ္မနာဒဆရာတော်သည် နေ့စဉ်နေ့စဉ် ညခုနစ်နာရီတစ်ကြိမ်၊ နံနက်လေးနာရီ တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်နှစ်ကြိမ် မနောမယစေတီတော်ကို မှန်မှန်ရှိခိုးလေ့ရှိသည်။ ထိုသို့ရှိခိုးရာတွင် သာမန်ရှိခိုးခြင်းမျိုးမဟုတ်ဘဲ နှစ်ကျိပ်ရှစ်ဆူဘုရားများကို တစ်ပါးစီတစ်ပါးစီ ဆိုင်ရာဂုဏ်တော်များ ပေါ်လွင်အောင် ဂါထာရေးသားပြီး ၂၈-ဂါထာတို့ဖြင့် ရှိခိုးသည်။

ထို့အတူ အသီတိသာဝက=ရှစ်ကျိပ်သောသာဝကများရှိခိုး ရာတွင်လည်း သာဝကတစ်ပါးတစ်ပါးလျှင် ဂါထာတစ်ပုဒ်စီ တစ်ပုဒ်စီဖြင့် ရှိခိုးသည်။ ၁၀၈-ဂါထာမပြီးဆုံးသမျှ ထ,တော် မမူ။

ဆရာတော်၏ မွေးနေ့ဖြစ်သည့် တော်သလင်းလဆန်း ၂-ရက်တွင်မူ မနောမယစေတီတော်ကို ပန်းကုံး, ပန်းအုံ, ပန်းထီး, ပန်းကလပ်, ပန်းစေတီ, ပန်းမွေ့ယာစသော ပန်း အမျိုးမျိုးဖြင့်လည်းကောင်း၊ ဆွမ်း, ရေချမ်း, ဆီမီး, အမွှေး တိုင် စသည်တို့ဖြင့်လည်းကောင်း၊ ရတု, ကဗျာ, စာပန်း တို့ဖြင့်လည်းကောင်း တခမ်းတနား အထူးပူဇော်လေ့ရှိသည်။

အိန္ဒိယဘုရားဖူးကြွ

၁၂၈၅-ခု၊ ပြာသိုလဆန်း ၂-ရက်နေ့တွင် ဓမ္မနာဒ ဆရာတော်ဦးဆောင်၍ စစ်ကိုင်း သမ္မာသတိဆရာတော်၊ ပဋ္ဌိရူပဆရာတော်၊ မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သီရိ ဝေပုလ္လဆရာတော်ဦးဇာဂရတို့အဖွဲ့ အိန္ဒိယသို့ ဘုရားဖူးကြွ ကြသည်။ ဓမ္မနာဒဆရာတော်မှာ ဗုဒ္ဓဂယာသို့ရောက်သော အခါသာမန်ကြည့်ရုံမျှမဟုတ်ဘဲ ရောက်သည့်နေရာတိုင်းမှာ ပါဠိတော်အဋ္ဌကထာ အဆိုအမိန့်များနှင့် နှိုးနှောတိုက်ဆိုင်၍ စေ့စေ့စပ်စပ်ဖူးမြော်ခဲ့သည်။

ကျောင်းအမကြီး ဒေါ်ဆင်ဆင်

ကျောင်းအမကြီး ဒေါ်မပ

ဦးမြို့ကျောင်းမှ ဓမ္မနာဒကျောင်းတိုက်

ဗောဓိညောင်ရေသွန်းမြဲပေ

ဓမ္မနာဒကျောင်းတိုက် တောင်ဘက်ကုန်းမြင့်တွင် ရေ တာရှည်မယ်ဒက်ကုန်းဆရာတော် ဗုဒ္ဓဂါယာမှပင့်လာခဲ့ပြီး ဆာဦးသွင်စိုက်ထားသော မျိုးတော်စစ်ဗောဓိပင်တစ်ဆူ ရှိသည်။ ဓမ္မနာဒဆရာတော်သည် ထိုဗောဓိပင်အား ညနေ ချမ်းတွင် နေ့စဉ် ရေသွန်းလောင်းပူဇော်သည်။ တစ်အိုး နှစ်အိုးပူဇော်ခြင်းမျိုးမဟုတ်ဘဲ အတော်အေးအောင် ပူဇော် ခြင်းမျိုးဖြစ်သည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့ရောက်လျှင်ကား တောင်ရိုးတစ်ခုလုံး ရွာနီးချုပ်စပ်မှ ရှင်လူများ လာရောက် ရေသွန်းလောင်းနိုင်ရန် အထူးစီမံပေးတော်မူသည်။ဘုရားဂုဏ် တော်များ အထူးတလည်ရေးသားရွတ်ပွားစေ၍ ကြည်ညို စိတ်များ ထက်သန်တိုးပွားအောင် ဆောင်ရွက်ပေးတော်မူ သည်။ ထိုအစဉ်အလာမှာ ယခုတိုင်ခိုင်မြဲလျက်ရှိသည်။ ဓမ္မနာဒ ကျောင်းတိုက်အရှေ့ဘက် မန်ကျည်းပင်ဝိုင်း၌ တည်ထား သောရေချမ်းစင်ကိုလည်း နေ့စဉ်မပြတ် ရေဖြည့်လှူဒါန်းသည်။

ဘာဝနာနှလုံး သီတင်းသုံး

၁၂၇၄-ခု၊ မင်းကွန်းရောက်စပင် နေ့ပရိယတ်, ညပဋိ ပတ်အလုပ်ဖြင့် သီတင်းသုံးခဲ့ရာ ၁၂၉၇-ခုနှစ်တွင် ဆရာတော် ဦးပညာစက္က၏ သက်တော် ၅၀-ပြည့်ပြီးဖြစ်သည်။ စာချ သက်လည်း မင်းကွန်းမှာပင် ၂၃-နှစ်ရှိပေပြီ။ စာပေအနေဖြင့် လည်းကောင်း၊ အုပ်ချုပ်ရေးအနေအားဖြင့်လည်းကောင်း တိုက်တာကို လွှဲအပ်ထိုက်သောတပည့်များလည်း ရှိလာကြ ပြီဖြစ်သည်။

ထိုအခါ ဆရာတော်ဦးပညာစက္ကသည် 'ငါ့အလုပ် ငါ လုပ်တော့မည်၊ ငါလည်း အသက်ငါးဆယ်ပြည့်ပြီ'ဟုမိန့်ဆို ကာ စာချဖို့အတွက် တိပိဋကဓရအလျာ အရှင်ဝိစိတ္တသာရ အားလွှဲအပ်၍၊ ကျောင်းသားငယ် ရှင်ရဟန်းငယ်များကို အုပ် ထိန်းဖို့အတွက် ဦးနန္ဒိယအားလွှဲအပ်ကာ တရားဘာဝနာ နှလုံးဖြင့်အချိန်ပြည့်အေးချမ်းစွာသီတင်းသုံးနေတော်မူသည်။



ဆရာတော်ဦးပညာစက္ကတည်ထားသော မနောမယစေတီတော်

ဦးပုကြီး တောင်ပေါ်ကြီးကျောင်း မုခ်ဦး

ခါတ်ကြီးခြောက်ပါးတရားနိဒါန်း

၁၂၉၈-ခုနှစ်၊ နှောင်းတပေါင်းလတွင် ဆရာတော်ဦးပညာစက္က၏လည်ပင်းတွင် ယခုခေတ်အခေါ် ကင်ဆာကဲ့သို့သော အနာရောဂါစွဲကပ်လာသည်။ ၁၂၉၉-ခု ဦးတန်းခူးလတွင် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လကျောင်းသို့ ကြွရောက်သီတင်းသုံး၍ မြန်မာဆေးပညာရှင်၊ အနောက်တိုင်းဆေးပညာရှင်တို့၏ ကုသမှုကို ခံယူသည်။ အနာမှာ သက်သာသည်မရှိ တစ်စတစ်စ တိုး၍တိုး၍ဆိုးလာသည်။

ဤမျှဆိုးရွားသော ဝေဒနာဒဏ်ကို ခံရသော်လည်း ဆရာတော်၏မျက်နှာမှာမူ ရှုံ့မဲ့ခြင်း၊ ဖောက်ပြန်ခြင်းမရှိသည့်အပြင် ညည်းညူမှု ပူပန်မှုအရိပ်အရောင်လုံးဝမရှိဘဲ ပကတိတည်ငြိမ်အေးချမ်းစွာ သည်းခံနိုင်ပါသည်။ သီရိဝေပုလ္လဆရာတော် အရှင်ဇာဂရမထေရ်သည် ထိုအခြင်းအရာကိုမြင်ရ၍ ဆရာတော်၏သန္တာန်ဝယ် အထူးနှလုံးသွင်းထားအပ်သည့်တရားများ ဧကန်ရှိမည်ဟု ယုံကြည်အားကိုးစွာဖြင့် 'တပည့်တော်များ အသက်ထက်ဆုံး နှလုံးသွင်း၍ကောင်းမည့်တရားကို ညွှန်ကြားတော်မူပါ'ဟု လျှောက်ထားတောင်းပန်သည်။

ထိုအခါ ဓမ္မနာဒဆရာတော်က အကျယ်တဝင့်ရှင်းလင်းပြောပြရန် ရောဂါအခြေအနေကမပေးသဖြင့် 'ဦးဇာဂရ၊ ဗလာစာအုပ်တစ်ခုပေးပါ'ဟု မိန့်မြွက်တော်မူကာ 'ခါတ်ခြောက်ပါးသိမ်းဆည်းထားပုံ'အမည်ရှိသောစာစောင်ငယ်ကို ရောဂါနှိပ်စက်ဒဏ်ခံရင်း ရေးသားတော်မူသည်။

ကျားကိုက်သည့်ဒဏ်ချက်၊ မြားမှန်သည့်ဒဏ်ချက်တို့ကို မရေမတွက်ဘဲ တရားနှလုံးသွင်း၍ ကိစ္စပြီးမြောက်သွားကြသည့် အရှင်မြတ်များ ဥဒါန်းကျူးရင့်သွားကြသကဲ့သို့ ခါတ်ခြောက်ပါးသိမ်းဆည်းထားပုံ စာစောင်ငယ်သည်လည်း ပျံလွန်အံ့ဆဲဆဲကာလ၌ ရောဂါဝေဒနာဒဏ်ကို သိမ်းဆည်းလျက် ပထမဓမ္မနာဒဆရာတော်ကြီးရေးသားခဲ့သည့် ဥဒါန်းစကားဟုပင် ဆိုထိုက်ပေသည်။

ဆရာတော်ဦးပညာစက္ကမထေရ်မြတ်သည် မိမိအတွက်တရားဘာဝနာကို အားရပါးရအားထုတ်ပြီးသည့်အပြင် သာသနာတော်အတွက်လည်း ဘက်စုံအရည်အချင်းပြည့်သည့် အရှင်ဝိစိတ္တသာရာဘိဝံသကို မွေးထုတ်ပေးခဲ့၍ လူ့ဘဝတွင် ကိစ္စပြီးပြေသည့်အနေအားဖြင့် ၁၂၉၉-ခု တော်သလင်းလပြည့်ကျော် ၉-ရက်နေ့တွင် ဘဝနတ်ထံ စံလွန်တော်မူလေသည်။ ။

မေမြို့ရတနာမာရ်အောင်ထေရ်

အရိယမဂ္ဂင်ချောင်ဆရာတော်ကြီး

လူထုဒေါ်အမာ

စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင်က ဆရာတော်ကြီးဦးအရိန္ဒမ ပျံလွန်တော်မူပြီလို့ ကြားတဲ့အခါ တိပိဋကဓရဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသာ သာမန်ပုဂ္ဂိုလ်မျှဆိုရင် အားပျက်ကြေကွဲ ဝမ်းနည်းနှမြောမဆုံး ရှိရှာပေလိမ့်မယ်။ အခုတော့ ဆရာတော်ဘုရားဟာ တရားရှင်မို့သာ ခံနိုင်စွမ်းရှိတော့တယ်။

အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးက တိပိဋကဆရာတော်ကို ငယ်စဉ်ကတည်းကစောင့်ရှောက်ခဲ့တဲ့ ဆရာသမားမို့ ခေါ်တာတောင် 'မောင်ဝိစိတ္တ'လို့ပဲ ခေါ်တာပါ။ ဆရာတော်ဦးဝိစိတ္တ ပိဋကတ်သုံးပုံကို အာဂုံဖြေဆိုတော်မူခဲ့တဲ့အချိန် တုန်းကဆိုရင် ကိုယ်တော်တိုင် ရန်ကုန်ကိုအတူလိုက်ကြွပြီး ထီးဖြူကြီးလိုအုပ်မိုး စောင့်ရှောက်တော်မူခဲ့တဲ့ပုဂ္ဂိုလ်ကြီးပါ။

နောင်အခါ ဆရာတော် သာသနာပြုလုပ်ငန်းတွေကို ရှက်ဆောင်တော့လည်း အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးက ဆရာတော်ရွက်ဆောင်လေရာတိုင်းမှာ လမ်းညွှန်လက်တွဲပြီး တက်တက်ကြွကြွ အတူပါဝင်ရွက်ဆောင်နေတော်မူတဲ့ ဆရာတော်ကြီးဖြစ်ပါတယ်။ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသရဲ့ဆရာ အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးဟာ တကယ်တော့ ထူးကဲထင်ရှားပြီး မင်းကွန်းမှာ အလွန်တန်ခိုးကြီးမားတဲ့ပုဂ္ဂိုလ်ဖြစ်ပြီး ဘဝအကျိုးပေးကလည်း သိပ်ထက်သန်တော်မူတဲ့ ဆရာတော်ကြီးပါ။

သက်တော်ရှည်ဆရာတော်ကြီး

အရိယမဂ္ဂင်ဆရာတော်ကြီး ၂၇-၇-၈၅-ရက်ကပျံလွန်တော်မူတာဖြစ်တော့ သက်တော်၉၆-နှစ်၊ ဝါတော် ၇၆-ဝါ ရှိပြီဖြစ်ပါတယ်။ ဒီမျှသက်တော်ရှည်တော်မူခဲ့လို့လည်း တိပိဋကဓရဆရာတော်က မပျံလွန်မီကဘဲ၊ 'သက်တော်ရှည်ဆရာတော်ကြီး'လို့ ဘွဲ့တော်ချည်ပြီးဖြစ်ပါတယ်။

အရိယမဂ္ဂင်ဆရာတော်ကြီးရဲ့ ထူးကဲတဲ့အကျိုးပေးတွေထဲမှာ သူမတူအောင် တစ်ခုသော ထူးကဲချက်ကတော့ သက်တော်ရှည်ပြီး ရှည်တာနဲ့အမျှ ကျန်းမာတော်မူခြင်းပဲဖြစ်ပါတယ်။ဆရာတော်ကြီးဟာ ၉၆-နှစ်ထိအောင်ရှိပေမယ့် မကုန်းဘူး, မကိုင်းဘူး, မျက်စိမမှုန်ဘူး။ ဝဝလင်လင် ကြည်ကြည်ရွှင်ရွှင်နဲ့ သွားနိုင်လာနိုင်ဟောပြောဆုံးမနိုင်တယ်။

ဆရာတော်ကို လွန်ခဲ့တဲ့ ၄၅-နှစ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ဆရာတော်ကြီး သက်တော်၅၀-ကျော်စကတည်းက တရင်းတနှီးအမြဲတမ်း ကိုးကွယ်ဆည်းကပ်လာတဲ့ ဒကာဆိုကုန်သည်ဦးသွဲ့က 'ကျွန်တော်ဖြင့် ဆရာတော်ကြီး နေမကောင်း ထိုင်မသာဖြစ်တယ်လို့ ဘယ်တုန်းကမှ မကြားဖူး မမြင်ဖူးဘူး၊ အမြဲတမ်းကျန်းမာနေတာပဲ။ ခုပျံလွန်တော်မူတော့မယ်ဆိုမှပဲ နေမကောင်းသံကြားရတော့တာ။ ဒါတောင်မှပဲ ဆရာတော်ကြီးရဲ့ဝေဒနာက လူအိုလူမင်းတိုင်းဖြစ်ရတဲ့ ဆီးမသွားနိုင်တဲ့ဝေဒနာပါပဲ။ဒီဝေနာနဲ့ပျံလွန်တော်မူတာပါ။ ဒါလည်း ဗျာဒိဒုက္ခကို ကြီးကြီးမားမား မခံစားရပါဘူး'။

'နေမကောင်းဘူးဆိုလို့ မန္တလေးတောင်ခြေ၊ ကုသိုလ်တော်ဘုရားတောင်ဘက်က သုဘဒ္ဒါဆောင်ကို ၂၂-၇-၈၅ နေ့က ပင့်လာတယ်။ ၂၇-၇-၈၅ နေ့မှာ ပျံလွန်တော်မူတယ်။ နေမကောင်းတဲ့ ဒီရက်တွေအတွင်း တစ်ရက်မှလည်း အစားမပျက်ဘူး။ တစ်ရက်မှလည်း ပရိတ်မေတ္တာပို့ ဘာဝနာပွားဝတ်မပျက်စေခဲ့ဘူး။ တပည့်ဒကာ လာလာသမျှကိုလည်း ဆုပေးနေတာပဲ။ ပျံတော်မူမယ်ဆိုတော့ 'ငါထိုင်ချင်တယ် ထူပေးစမ်း'ဆိုလို့ ထူမပေးကြတယ်။ ထိုင်ရင်း ဝိညာဉ်ချုပ်တာပါပဲ။ ဘယ်လောက်ဆန်းကျယ်ပါသလဲ' လို့ပြောပါတယ်။

ဆရာတော်ကြီး ဒီလောက်အသက်ရှည်ပြီး ဒီလောက်ကျန်းမာတာ ဘာတွေများအမြဲဘုဉ်းပေးလို့ပါလဲလို့ သိချင်စရာကောင်းပါတယ်။ သိလည်းသိထိုက်လှပါတယ်။ မဂ္ဂင်ချောင်ဆရာတော်ကြီးက ကောင်းတဲ့အာဟာရမှန်သမျှ အများကြီးဘုဉ်းပေးပါတယ်။ မကောင်းရင်ဘုဉ်းမပေးပါဘူး။ အဲဒီလို ဘုဉ်းပေးနိုင်အောင်လည်း သူ့ဘုန်းသူ့ကံသူ့ဒါနက အကျိုးပေးလှပါတယ်။

ဆရာတော်ကြီးသီတင်းသုံးတဲ့ အရိယမဂ္ဂင်ချောင်ဆိုတာ မင်းကွန်းမှာ ရေဆိပ်နဲ့ဝေးဝေး လှည်းစီးသွားရတဲ့ ခပ်ခေါင်ခေါင်နေရာမှာရှိတာပါ။ နို့ပေမယ့် ဆရာတော်ကြီးကျောင်းမှာ သစ်သီးဝလံထဲက ဒူးရင်းသီး,မင်းကွတ်သီး,စပျစ်သီး,လိမ္မော်သီး, သရက်သီးတွေဟာ ပြတ်တယ်မရှိ၊ လာလှူနေကြတာပါပဲ။ အသားငါး, ငါးပိ, ငါးခြောက်ကလည်း ပေါပေါများများ လှူလာနေကြတာပါပဲ။ အဲဒါတွေထားပါတော့၊ ဆရာတော်ကျောင်းမှာ နိုင်ငံခြားအစားအစာတွေအမျိုးမျိုး အများကြီး ရှိပါတယ်။ စည်သွပ်, ပုလင်းသွပ်, ပလတ်စတစ်ထုပ် စုံလို့သာနေပါရော။ ဒါတွေကို နိုင်ငံခြားတွေမှာရှိတဲ့ ဆရာတော့်တပည့်ဒကာတွေက ပို့ကြလှူကြလို့ဖြစ်ပါတယ်။

အရိယမဂ္ဂင်ချောင်ဆရာတော်ကြီး အစားကောင်းကို အများကြီး ဘုဉ်းပေးနိုင်တာနဲ့ပတ်သက်လို့ တိပိဋကဓရဆရာတော်က ဘယ်လိုများမိန့်ဖူးပါသလဲဆိုတော့ 'ပါစကတေဇောအရာမှာတော့ ဆရာတော်ကြီးကို ဘယ်သူမှ တုယှဉ်ဝံ့မယ် မဟုတ်ပါဘူး'တဲ့။ ဆရာတော်ကြီးက တစ်နေ့တော့ ဒူးရင်းသီးလေးလုံး ဆက်တိုက်ခွဲကပ်တာကို တစ်ပါးတည်း ဘုဉ်းပေးနေတာကို တိပိဋကဓရဆရာတော်ကမြင်တော့ စိုးရိမ်ပူပန်လို့ ရင်မပြီးကြည့်နေပါသတဲ့။ ဆရာတော်က ဘာမှမဖြစ်ပါဘူး။ ရေခဲမုန့်လိုဟာကို အနည်းဆုံး သုံးခွက်လောက် ဘုဉ်းပေးတော်မူတာပါ။

ဆရာတော်ကြီး သက်တော် ၉၆-နှစ်မှာ ပျံလွန်တော်မူတော့ သွားတစ်ချောင်းပဲကျိုးပါသေးတယ်။ သက်တော် ၉၀-တုန်းက 'မောင်သွဲ့ရေ၊ ငါ့အံသွားထဲ သွားကြားညပ်ချင်သလိုလိုဖြစ်တယ်'လို့ တစ်ခါပဲ မိန့်သံကြားဖူးပါသတဲ့။ ဒါသာဖြစ်တယ် ဆရာတော်ကြီးဟာ သူများ သွားနာမှာစိုးလို့ မစားဝံ့ဘူးဆိုတဲ့ အသားမျိုးကိုလည်း များများကြီး နေ့တိုင်းနီးပါး ဘုဉ်းပေးပါတယ်။ ဝက်သားလည်း ကြိုက်ပါတယ်။ သားငါးပုစွန်အကုန် ဘုဉ်းပေးပါတယ်။

ဒကာဦးသွဲ့က 'ဆရာတော့်ဘုန်းကံကလည်း ကြီးပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ရန်ကုန်ကြွတော့ ရန်ကုန်မှာရှိကြတဲ့ ဝန်ကြီးမြန်မာ့အလင်းဦးတင်၊ ကျားသူဌေးကတော်ဒေါ်စောမိသားစုစတဲ့ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေက သူ့ဒကာရင်းတွေမို့ ဆရာတော်ဘုဉ်းပေးဖို့ အစားအစာတွေ နေ့တိုင်း ချိုင့်ကြီးချိုင့်ငယ်နဲ့ လာပို့နေကြတာ ဘေးကသံဃာအပါး ၂၀-လောက် ဝိုင်းဘုဉ်းပေးရသေးတယ်။ အစားကောင်းအသောက်ကောင်းနဲ့ပတ်သက်ရင် ဒီဆရာတော်ကြီးလောက်ကုသိုလ်ကောင်းတာ ရှိမယ်မထင်ပါဘူး။ ကောင်းကောင်းတွေကို များများကြီးလှူမယ့်လူတွေကလည်း ပေါလိုက်တာ၊

ဆရာတော်ကြီးကလည်း ဘုဉ်းပေးနိုင်လိုက်တာ၊ ဘုဉ်းပေးပြီး တော့လည်း ကျန်းမာရေးကဒေါင်ဒေါင်မြည် ဘယ်တော့မှ ဘာမှမဖြစ်ပါဘူး'လို့ ပြောပြပါတယ်။

နောက်ပြီး ဆရာတော့်ကို လှူကြတန်းကြသူတွေဟာ အားလုံး ဗမာလူမျိုးတွေ ဗုဒ္ဓဘာသာတွေချည့်လည်း မဟုတ် ကြဘူးတဲ့။ ခရစ်ယာန်တို့ မဟာမေဒင်တို့ ဟိန္ဒူတို့လည်း ပါတယ်တဲ့။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတုန်းက ဆရာတော့် အရိယမဂ္ဂင်ချောင်ကို ဆက်ရာန္တယ်ရာတွေလာကြပြီး စစ်ဘေး ခိုလှုံကြတာ လူမျိုးစုံ ဘာသာစုံ လူတန်းစားစုံရှိတယ်ဆိုကိုး။ ဒီလို ခိုလှုံတော့ လုံခြုံမှုရှိလိုက်တာလည်း အလွန်ပဲတဲ့။ ဗုံး မကျစဖူးဘူး။ ဓားပြတိုက် မခံရစဖူးဘူး။ ကပ်ရောဂါဘယ မကျရောက်ခဲ့ဘူးတဲ့။ အဲဒါကြောင့် ဒီလိုအေးချမ်းသာယာ စွာခိုကိုးခဲ့ရတဲ့ ဒီကျေးဇူးတွေကို တုံ့ပြန်သောအားဖြင့် အဲဒီ စစ်ပြေးဘဝနဲ့နေရဖူးတဲ့ လူမျိုးခြားဘာသာခြားတွေကပါ ဆရာတော်ကြီးကို လှူနေကြတာဆိုကိုး။

ကလေးပါတဲ့။ ဦးစံပေါ်+ဒေါ်မိန်းကလေးတို့က သားသမီး သုံးယောက်မွေးပါတယ်။ သုံးယောက်စလုံး အရိယာန္တယ်ဝင် သူတော်စင်တွေဖြစ်ကြပြီး နှစ်ယောက်က ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်တွေဖြစ်လာကြပါတယ်။

အကြီးဆုံးက သမီးမိန်းကလေးပါ။ ဒီသမီးကြီးဟာ သီလ ရှင်ဝတ်ပြီး အသက် ၈၀-ကျော် ၉၀-တွင်းအထိ ကျန်းကျန်း မာမာရှိပြီး ဒီသီလရှင်အဝတ်နဲ့ပဲ အရိုးထုတ်သွားပါတယ်။ ဒုတိယသားက မင်းကွန်းမှာ မနောမယချောင်ဆရာတော် ဆိုပြီးသိပ်တန်ခိုးကြီးတဲ့ ဆရာတော်ကြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀-လောက်က ပျံလွန်တော်မူပါတယ်။ ပျံလွန်တော် မူတော့ သက်တော် ၈၁-နှစ်ပါ။ မနောမယဆရာတော်ဟာ ပရိယတ်ဘက်မှာ ဉာဏ်အလွန်ကြီးရင့်ထက်မြက်ပြီး ငယ် ဆရာများက သူ့ဦးရီးတော် ဦးနန္ဒရဲ့ဉာဏ်ကိုမီတယ်လို့ ချီးကျူးခံရပါသတဲ့။

မနောမယဆရာတော်ဟာ စစ်ကိုင်းတောင်ရိုးက ဝိဝေ

...ရာတော်ကြီး၏နောင်တော်
...နောမယဆရာတော်ကြီး

မဂ္ဂင်ဆရာတော်ကြီး၏ဦးရီးတော်
ဦးရာဇိန္ဒဆရာတော်ကြီး



တိပိဋကဓရစာမေးပွဲဖြေစဉ်က မဂ္ဂင်ဆရာတော်ကြီး၊ မင်းကွန်းဆရာတော်နှင့်
စာထောက် တောင်ရင်း ဦးကောဏ္ဍည

ထူးကဲတဲ့မျိုးရိုး

အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးဟာ မျိုးရိုးအနေနဲ့ လည်း ထူးကဲပါတယ်။ ဆရာတော်ကြီးတို့အမျိုးထဲမှာ အသက် ရှည်သူတွေ အရိယာန္တယ်ဝင်သူတော်စင်တွေ ပရိယတ် ပဋိပတ်မှာ ထိတ်ထိတ်ကြဲတွေအများကြီးရှိပါတယ်။ ဒါကြောင့် ဆရာတော်ကြီးကိုမွေးလာတော့ ကျေးဇူးရှင်မိဘနှစ်ပါးက သူတော်ကောင်းအမျိုးအနွယ်အစဉ်အလာကိုမပျက်ရအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေတော့လို့ 'မောင်ဝံသ' လို့ ငယ်နာမည်မှည့်ပေးပါသတဲ့။

ဆရာတော်ကြီးတို့က မကွေးတိုင်း မြိုင်မြို့နယ် ရွှေ လင်းဆွဲ ခေါင်းကွဲရွာကပါ။ အဖကဦးစံပေါ်+အမိကဒေါ်မိန်း

ကချောင်နဲ့ ဖျာပုံချောင်မှာ သီတင်းသုံးတော့ ကြည်ညိုသူ ဒကာဒကာမပေါ်များလွန်းလို့ ဆရာတော်ဟာ အဲဒီချောင် ကြီးနှစ်ချောင်ကိုစွန့်ခွာပြီး တိတ်တဆိတ် မင်းကွန်းဘက်ကို တောထွက်လာခဲ့ပါတယ်။ သက်န်းတစ်ထည်ခေါင်းပေါ်တင် ပြီး စစ်ကိုင်းတောင်ရိုးက မင်းကွန်းကိုခြေလျင်ကြွလာတယ်။ ပြီးတော့ ညီတော် အရိယမဂ္ဂင်ဆရာတော့်ချောင်မှာ ကိုရင် တစ်ပါးလို အေးအေးနေချင်တယ်ဆိုပြီး တဲကျောင်းငယ်ငယ် ကလေးမှာ သီတင်းသုံးတော်မူတာပါ။ နို့ပေမယ့် ဆရာတော့် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ကကြီးလေတော့ ဘယ် လိုပဲပုန်းလျှိုးနေပေမယ့် မရပါဘူး။ ပရိသတ်က ကြီးမြကြီး လာတာပါပဲ။ မနောမယဆရာတော်ကြီးကို ကြည်ညိုတဲ့

ဒကာဒကာမအများစုက ဒီဆရာတော်ကြီးဟာ လောကုတ္တရာကိစ္စလည်းပြီးတယ်၊ လောကီကိစ္စလည်းပြီးတယ်လို့ ယုံကြပါတယ်။

မနောမယဆရာတော်ကြီးဟာ ဦးရီးတော်ဦးနန္ဒရဲ့ ဉာဏ်ကိုမီတယ်လို့ချီးကျူးတဲ့ ဦးနန္ဒကတော့ မနောမယဆရာတော်နဲ့ အရိယမဂ္ဂင်ဆရာတော်ကြီးတို့ရဲ့ ဦးရီးတော်အရင်းပါ။ စလင်းမင်းသမီးက ပဋ္ဌင်းအမဖြစ်ပါတယ်။ မင်းတုန်းမင်းတရား ကြီးလက်ထက်မှာ ပထမကျော်ဘွဲ့ကို ဆွတ်ခူးပါတယ်။ ဒီဆရာ တော်ဦးနန္ဒ ဘယ်လောက်များဉာဏ်ကောင်းပါသလဲဆိုရင် တစ်နေ့ ပေစာတစ်အင်္ဂါ နှုတ်ငုံရရှိပါသတဲ့။ မင်းတုန်းမင်းတရားကြီးရဲ့ ပထမကျော်ဘွဲ့ရစာချမှုကထိက ဆရာတော်တစ်ပါးဖြစ်ပါတယ်။

ရဟန်းခံပွဲတစ်ခုတွင် မဂ္ဂင်ဆရာတော်ကြီးနှင့် မင်းကွန်းဆရာတော်ကြီး

ပါဠိတော်ဂိုဏ်း

မြန်မာသာသနာဝင်မှာ ပါဠိတော်ဂိုဏ်းကို ပထမစတင်တည်ထောင်တဲ့ဆရာတော်ကြီးသုံးပါးအနက်က ဆရာတော်ဦးရာဇိန္ဒ ဆိုတာကတော့ အရိယမဂ္ဂင်ဆရာတော်ကြီးတွေရဲ့ ဘထွေးတော်အရင်းပါ။ ပါဠိတော်ဂိုဏ်းကို ဝိသုဒ္ဓါရုံပထမရွှေကျင်ဆရာတော်ကြီးရဲ့ တပည့်ကြီးသုံးပါးဖြစ်ကြတဲ့ (၁) တောင်ဖီလာဆရာတော်ဦးပဏ္ဍဝံသ၊ (၂) ဝိပဿနာဂန္ဓာရုံဆရာတော်ဦးဥတ္တရနဲ့ (၃) အရိယဝံသမဂ္ဂင်ဆရာတော်ဦးရာဇိန္ဒတို့က စတင်တည်ထောင်ပါတယ်။ ဒီဆရာတော်ကြီးသုံးပါးက မြတ်စွာဘုရားရှင်က 'ပတ္တစီဝရမာဒါယ'လို့ အတိအလင်းပါဠိတော်မှာဆိုတယ်။ ဒါကြောင့် ဘယ်ကြွကြွ သပိတ်သက်န်းကို ဆောင်ယူရမယ်၊ ဘုဉ်းပေးရင်လည်း သပိတ်နဲ့ပဲ ဘုဉ်းပေးရမယ်လို့ သတ်မှတ်ပါတယ်။

ဘုရားရှင်ရဲ့ပါဠိတော်ကို တလေးတစားပြုသူများမို့ ပါဠိတော်ဂိုဏ်းလို့ ခေါ်တွင်ကြတာဖြစ်ပါတယ်။ ဒီဂိုဏ်းကို ဆရာတော်ဦးရာဇိန် ပျံလွန်တဲ့အခါ တူတော်များကို ချောင်ရောဂိုဏ်းရော တာဝန်လွှဲအပ်ပေးခဲ့တာမို့ အခုအခါမှာ ပါဠိတော်ဂိုဏ်းရဲ့ ဦးစီးနာယကဟာ အရိယမဂ္ဂင်ဆရာတော်ကြီးပဲဖြစ်ပါတယ်။ အရိယမဂ္ဂင်ဆရာတော်ကြီးဟာ နိုင်ငံတော်သံဃနာယကအဖွဲ့မှာ ကိုယ်တော်တိုင်ပါဝင်ပေမယ့် 'တို့က ပါဠိတော်ဂိုဏ်း'လို့ သံဃာ့အစည်းအဝေးမှာ မိန့်မြွက်တော်မမူတဲ့အတွက် သာသနာမှာ သံဃာဂိုဏ်းစာရင်းကောက်

မိုးမိတ်ကုန်းမြေရှိ မဂ္ဂင်ဆရာတော်ကြီးကျောင်းမှ မဂ္ဂင်မုခ်ဦး

တော့ ကိုးဂိုဏ်းပဲရှိတယ်လို့ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတာဖြစ်ပါတယ်။

အရိယမဂ္ဂင်ဆရာတော်ကြီးဟာ မင်းကွန်းမှာ တန်ခိုးလည်းအကြီးဆုံး သက်တော်လည်းအရှည်ဆုံးဖြစ်ရုံမက တိပိဋကဓရဆရာတော်ရဲ့ ငယ်ဆရာလည်း ဖြစ်ပါတယ်။ ဆရာတော်ကြီးက ဦးဝိစိတ္တဆရာတော်ကို အလွန်လည်း ဂရုစိုက်တော်မူပါတယ်။ အလွန်လည်း သံယောဇဉ်ထားပါတယ်။ သူ့ 'မောင်ဝိစိတ္တ'ကို ဆရာတော်ကြီး ပါးစပ်က မချပါဘူး။ တိပိဋကဓရဆရာတော်ကလည်း အရိယမဂ္ဂင်ဆရာတော်

ကြီးကိုဆရာသမားလိုသာမက ဖခင်ကြီးလို အောက်မေ့တာပါ။

တိပိဋကဖြေတုန်းက 'ပိဋကတ်တော်တွေကို ဘယ်အပိုင်း ဘယ်နေ့ဘယ်လမှာ ဖြေဆိုနိုင်ရင် ကောင်းမှာပဲ'လို့ သူဌေးဦးသွင်တို့က ရည်မှန်းချက်ပြုရင် အရိယမဂ္ဂင်ဆရာတော်ကြီးက 'စိန်လိုက် ဒကာကြီး၊ ရပါတယ် ဖြေနိုင်ရမှာပေါ့'လို့ မိန့်ပါသတဲ့။ အဲဒီလိုမိန့်သံကြားရင် ဆရာတော်ဦးဝိစိတ္တက မဖြစ်မနေကျက်ရ ကြိုးစားရရောတဲ့။ ဆရာတော်ကြီးနဲ့ သူဌေးဦးသွင်တို့ဆန္ဒကို ဖြည့်ဆည်းရတာ သိပ်တော့ မသက်သာလှဘူးလို့ ဆရာတော်က သူငယ်ငယ်ကအကြောင်းတွေ ပြန်ပြောင်းပြောပြတဲ့အခါ ပြောတတ်လှပါတယ်။

ဆရာတော်ကြီးရဲ့ တခြားထူးခြားချက်တစ်ခုကတော့ အသံတော်ကြီးအလွန်အောင်မြင်ကြီးမားခြင်းပါ။ ဆရာတော့်အသံတော် မောင်းမောင်းကြီးမျိုး အလွန်ရှားပါတယ်။ ဘယ်လောက်ကြီးတဲ့ ပရိသတ်ကိုပဲဖြစ်ဖြစ် အသံချဲ့စက်တပ်စရာမလိုပါဘူး။ ဆရာတော်ကြီးရဲ့ ပကတိအသံအားမထုတ်ရဘဲ ပြောဆိုတဲ့အသံကိုက လုံလောက်အောင် ပရိသတ်ကြီးကြားရပါတယ်။

အရိယမဂ္ဂင်ဆရာတော်လောင်းမောင်ဝံသကို ၁၄-နှစ်သားမှာ သာသနာ့ဘောင်ကိုသွတ်သွင်းတော့ သူ့ငယ်ဆရာ ဦးယုဂန္ဓရက မောင်ဝံသဟာ ဗုဒ္ဓဟူးသားဖြစ်ပေမယ့် ဘေးရန်ကင်းကွာ ကျန်းမာအသက်ရှည်အောင်ဆိုပြီး ကိုရင်ဘွဲ့ကို 'ရှင်အရိန္ဒမ'လို့ ဘွဲ့ချည်ပေးလိုက်ပါတယ်။ အမျိုးအနွယ်ကို စောင့်ရှောက်စေတော့လို့ 'မောင်ဝံသ' မှည့်ခဲ့တယ်။ ဘေးရန်ကင်းကွာ အသက်ရှည်အောင်လို့ 'အရိန္ဒမ'လို့ ဘွဲ့ပေးတယ်။

ပေးသမျှအမည်တွေဘွဲ့တွေဟာ ဆရာတော့်ဘဝနဲ့ အားလုံးအကိုက်အညီပါပဲ။ ခေါင်လှတဲ့မင်းကွန်းမှာ ဆရာတော်ကြီးချောင်ကပစ္စည်းတွေပေါပေါများများရှိတယ်ကြားတော့ ခေတ်ကာလမကောင်းတဲ့အခါ လူဆိုးလူမိုက်တွေက ဆရာတော့်ဆီ တိုက်ခိုက်လုယက်ယူငင်ဖို့ အကြိမ်ကြိမ်စိတ်ကူးထည့်ကြဖူးပါသတဲ့။ နို့ပေမယ့် တစ်ခါမှမအောင်မြင်ခဲ့ပါဘူးတဲ့။ ဆရာတော်ကြီးအဖို့ တစ်သက်လုံး 'န ဘယံ - ဘေးမရှိပါ'။

ဆရာတော်ကြီး သက်တော် ၉၆-နှစ်အထိနေခဲ့တာမှာ လူအိုလူမင်းဖြစ်ပြီရယ်လို့ တစ်ခုထဲသော လူအိုနာကတော့ လက်တုန်တာပါပဲ။ သက်တော် ၇၀-ကျော်တော့ ဆရာတော် လက်တုန်လာပါတယ်။ ဒီရောဂါကလွဲပြီး တခြားဘာမျှမရှိပါဘူး။ ဆရာတော်ကြီး ပျံလွန်တော်မူတော့ ဆရာဝန်တွေက ရုပ်ကလာပ်တော်ကို မပုပ်မသိုးအောင် ဖော်မလင်ဆေးထိုးပေးလိုက်ပါတယ်။ ဒီဆေးထိုးရင် ရုပ်အလောင်းတိုင်းဟာ အရောင်အသွေး ညှိုမည်းလာတာချည့်ပါပဲ။ ဆရာတော်ကြီး ရုပ်ကလာပ်မှာတော့ ဖော်မလင်ကြောင့် မမည်းတဲ့အပြင် မူလအသားရောင်ထက်တောင်မှ ဖြူလာဝင်းဝါကြည်လင်လာလို့ အားလုံးကအံ့ဩနေကြရပါတယ်။

ဆရာတော်ကြီးဟာ ငယ်စဉ်ကစပြီး အိုမင်းရင့်ရော်တဲ့အထိ အနေအထိုင်သန့်ရှင်းသပ်ရပ်တယ်။ ဘဝနိဂုံးအဆုံးသတ်ရေးအတွက် လွှန်ခဲ့တဲ့နှစ်ပေါင်းအစိတ်လောက်ကတည်းက အရိုးအိုးဂူလုပ်ထားသလို အန္တိမစျာပနတကယ်ကျင်းပရတော့လည်း ဒီကိစ္စအတွက် တခြားက အလှူမခံရဘူးတဲ့။ ဆရာတော်ကြီးက ပင့်သံဃာ ၁၂၀-အတွက် သင်္ကန်းဒွိစုံ-၁၂၀၊ သီလရှင်အပါး ၄၀၀-အတွက်ဝတ္ထုငွေတစ်ပါး-၁၀ကျပ်စီ အဆင်သင့်ထားရှိခဲ့တာကို လှူဒါန်းရတာဖြစ်ပါသတဲ့။ ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ် အမြဲပြုစုကြသူများကတော့ မြေးရဟန်းနှင့် သီလရှင်မောင်နှမအရင်းနှစ်ယောက်ဖြစ်ပါတယ်။ မြေးရဟန်းက ဦးဇာဂရိယ၊ မြေးသီလရှင်က မသုမာလာ ပါ။

ထင်ရှားတဲ့ဆောင်ရွက်ချက်နဲ့ဘွဲ့တံဆိပ်တော်များ

ဆရာတော်က ပရိယတ်ဘက်မှာ ငယ်စဉ်ကစပြီး အားထုတ် သင်ကြားတတ်မြောက်ခဲ့တာမို့ ဆရာတော်တို့ ဆွေစဉ်မျိုးဆက် ပရိယတ်အကျော်ဆရာတော်တွေရဲ့ စံချိန်မီပုဂ္ဂိုလ်ပင် ဖြစ်တယ်ဆိုရင် လွဲမှားမယ်မထင်ပါဘူး။ အရိယမဂ္ဂင်ဆရာတော်ရဲ့ နောင်တော်အရင်း မနောမယဆရာတော်ဦးဉာဏိန္ဒအထံတော်မှာ အရိယမဂ္ဂင်ဆရာတော်က 'တပည့်တော် ပိဋကတ်စာပေဟူသောအကြောင်းကြောင့် သူတစ်ပါးထံမှောက် ဒူးမထောက်တော့ပါ'လို့ တာဝန်ခံခဲ့ရဖူးသတဲ့။

၁။ ဆရာတော် ၂၄-ဝါ ရတုန်းက မန္တလေး တောင်ခွင်သာသနာပိုင်ဆရာတော်က ဝိနည်းငါးကျမ်းနဲ့ စပ်တဲ့ ပြဿနာတွေ မေးမြန်းတော့ ဆရာတော့်အဖြေတွေက သဘောကျစရာကောင်းလို့တဲ့ တောင်ခွင်သာသနာပိုင်ဆရာတော်က 'ဝိနယဓရဓမ္မကထိက'ဘွဲ့တော် ချီးမြှင့်တယ်။

၂။ ဆရာတော် ၃၅-ဝါ အရမှာ ဗျပန်ခေတ် ဒေါက်တာဘမော် အဓိပတိအစိုးရက'ခရိုင်နာယက'ဘွဲ့လက်မှတ်တော်ဆက်ကပ်တယ်။

၃။ ၃၈-ဝါအရမှာ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှာ သာသနာပြု ညောင်ရမ်းဆရာတော်က 'ခရိုင်နာယကဆရာတော်'ဘွဲ့ ဆက်ကပ်တယ်။

၄။ ဝါတော် ၄၂-ဝါအရမှာ ဖဆပလ အစိုးရလက်ထက်မှာ 'ခရိုင်ဝိနည်းဓိုရ်'ဘွဲ့ လက်ခံရတယ်။

ရန်ကုန်မှာ ဆဋ္ဌသင်္ဂါယနာမတင်ခင် ထိုင်းနိုင်ငံကို သာသနာရေးမစ်ရှင်တစ်ခုစေလွှတ်တော့ မစိုးရိမ်ပဌာန်းဆရာတော်၊ ရန်ကုန် အောင်မြေသုခဆရာတော်တို့နဲ့အတူ အရိယမဂ္ဂင်ဆရာတော်ကြီး ဦးဆောင်ပြီးကြွရောက်ရတယ်။ ကပ္ပိယကာရကအဖြစ် တရားရေးဌာနကအတွင်းဝန်ဦးချန်ထွန်း လိုက်ခဲ့တာပေါ့။

ရန်ကုန်မှာ ဆဋ္ဌသင်္ဂါယနာတင်မယ်လုပ်တော့ ဆရာတော် ၄၆-ဝါရပြီ။ ပါဠိဝိသောဓကအဖွဲ့တွေ ဖွဲ့တဲ့အခါ မင်းကွန်းတောင်ရိုးက ပါဠိဝိသောဓကအဖွဲ့မှာ ဝိနည်းမဟာဝါပါဠိတော်ကို ပြင်ဆင်ဖို့တာဝန်ယူရတယ်။ ဒီအဖွဲ့မှာ အရိယမဂ္ဂင်ဆရာတော်က အဖွဲ့ဥက္ကဋ္ဌပါ။

ဆဋ္ဌသင်္ဂါယနာ ပဏာမအစည်းအဝေးမှာ မစိုးရိမ်တိုက်ကဆရာတော်ဦးကောသလ္လက သင်္ဂါယနာတင်တဲ့အခါ စာအုပ်မကြည့်ကြဘဲ နှုတ်လွတ်အာဂုံပြန်ဆို သင်္ဂါယနာတင်ကြဖို့အဆိုသွင်းပါတယ်။ ဒီအဆိုကို ဝါတော် ၄၆-ဝါ၊ သက်တော် ၆၆-နှစ်ရှိနေပြီဖြစ်တဲ့ အရိယမဂ္ဂင်ဆရာတော်ကြီးက ထောက်ခံပြီး သင်္ဂါယနာတင်တဲ့အချိန်ရောက်တော့ ဆရာတော်ကြီးကိုယ်တိုင် ဝိနယဘာဏကအဖွဲ့မှာခေါင်းဆောင်ပြီး စာမျက်နှာ ၅၀၀-ကျော်ရှိတဲ့ ဝိနည်းမဟာဝါပါဠိတော်ကြီးကို သူ့အသံတော်ကြီးမောင်းမောင်းနဲ့ အာဂုံပြန်ဆို သင်္ဂါယနာတင်တော်မူခဲ့ပါတယ်။

ဆဋ္ဌသင်္ဂါယနာတင်ပြီးတဲ့အခါ ဒီကိစ္စကြီးမှာ ထူးခြားပြောင်မြောက်စွာပါဝင်ဆောင်ရွက်တော်မူခဲ့ကြတဲ့ ဆရာတော်ကြီးများကို အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းလို့ မဂ္ဂင်ဆရာတော်ကြီးဟာ-

၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊
၂။ ဆဋ္ဌသံဂီတိ ပါဠိဝိသောဓကသာသနာပြုလက်မှတ်၊
၃။ ဆဋ္ဌသံဂီတိ ဘာဏကသာသနာပြုလက်မှတ်၊
၄။ ဆဋ္ဌသံဂီတိ ကာရကသာသနာပြုလက်မှတ်-
များဆက်ကပ်တာကို ခံခဲ့ရတယ်။

၁၃၁၉-ခုနှစ်မှာ ကျင်းပတဲ့ အဋ္ဌကထာသင်္ဂါယနာသဘင်မှာတော့ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့က ဩဝါဒါစရိယတင်မြှောက်လို့ ဆဋ္ဌသင်္ဂါယနာသဘင် ထေရာသနပလ္လင်ပေါ်မှာသီတင်းသုံးပြီး သဘာပတိအဖြစ် ရွက်ဆောင်တော်မူခဲ့ပါတယ်။

သက်တော်-၇၅၊ သိက္ခာတော် ၅၅-ဝါမှာ စစ်ကိုင်းခရိုင်အတွက် တစ်ပါးတည်းသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်အဖြစ် အရွေးခံရပါတယ်။ သိက္ခာတော် ၅၈-ဝါမှာ မင်းကွန်းတောင်ရိုးလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံဂဏသမူဟအဖွဲ့ဖွဲ့စည်းတော့ ဆရာတော်ကြီးကိုပဲ ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြပြန်တယ်။ ၁၃၄၂-ခုနှစ်ကပြုလုပ်တဲ့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှာလည်း နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရတယ်။

တိပိဋကဓရဆရာတော်က မိုးမိတ်ကုန်းမြေမှာ တိပိဋကဓရ-နိကာယကျောင်းတိုက်ကြီးဖွင့်ပြီး စာကျက်၊ စာအံ၊ စာပြန် သံဃာတွေကို ပစ္စည်းလေးပါးထောက်ပံ့ဖို့ နိကာယသာသနာပြုအဖွဲ့ ဖွဲ့တဲ့အခါ အရိယမဂ္ဂင်ဆရာတော်ကြီးက မဟာနာယကဆရာတော်တစ်ပါးအဖြစ် စိတ်ရော ကိုယ်ရောပါဝင်စောင့်ရှောက်လမ်းညွှန်မှုပေးပါတယ်။

ပြီးတော့မှ သူ့ဘုန်းကံအလျောက် တရားနဲ့အညီရရှိထားတဲ့ပစ္စည်းများကို မိုးမိတ်ကုန်းမြေဘုရားပြင်ရာမှာ လှူတယ်။ နိကာယကျောင်းတိုက်ကြီးမှာလည်း မဂ္ဂင်မုခ်ဦး၊ မဂ္ဂင်စောင်းတန်း၊ မဂ္ဂင်ကျောင်းဆောင်များဆိုပြီးလှူတယ်။ ငွေပဒေသာပင်လည်း စိုက်ထူတော်မူသေးတယ်။

မန္တလေးမှာ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးဆောက်တော့လည်း ဆရာတော်ကြီးက ငွေပဒေသာပင် ဝင်စိုက်သေးတာပဲ။ တိပိဋကဓရဆရာတော် လှူဒါန်းလေသမျှအလှူတွေမှာ ဆရာတော်ကြီးက ပါဝင်လှူဒါန်းတာချည်းပဲ။ မင်းကွန်းတိုက်နယ်ဆေးရုံဆောက်ရာ၊ မင်းကွန်းအလယ်တန်းစာသင်ကျောင်းဆောက်ရာတွေမှာလည်း ဆရာတော်ကြီးရဲ့အလှူဒါန ပါလေသည်ချည်းပဲ။ ဒါတွင်မကဘူး၊ သူ့ဇာတိခေါင်းကွဲရွာမှာလည်း အဝီစိတွင်း၊ ရေကန်၊ မီးစက်၊ စက်ရုံ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ စာသင်ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းခဲ့တယ်။

ဆရာတော်ကြီးဟာ သက်တော် ၆၆-နှစ် အရွယ်ကတည်းက သူ့ပျံတော်မူရင် မီးသင်္ဂြိုဟ်ပြီး အရိုးကောက်ဂူသွင်းဖို့ အုတ်ဂူတစ်ခုပြုလုပ်ပြီး 'ဦးအရိန္ဒမ'လို့ ကမ္ပည်းထိုးထားပါတယ်။ သရဏဂုံလည်း တင်ထားလိုက်ပါတယ်။ အဲဒီဂူဟာ နောင်တော်မနောမယဆရာတော်ဘုရားရဲ့ဂူအနီးမှာဖြစ်ပါတယ်။ ဆရာတော်ကြီး ပျံလွန်တော်မူတော့ အဂ္ဂိစျာပနပူဇော်ကြတယ်။ ပြီးတော့အရိုးကောက်ပြီး ဒီဂူမှာပဲ ထည့်သွင်းလိုက်ပါပြီ။ ။

လူထုဒေါ်အမာ



မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဉာလက်ရုံး အားထားခံရဆုံး

ဓမ္မနာဒတိုက်အုပ်ဆရာတော်ဘဒ္ဒန္တဥက္ကံသာဘိဝံသ

အရှင်ယောသိတ(ရေနံ့သာ)

မင်းကွန်းဓမ္မနာဒတိုက်အုပ်ဆရာတော်ကြီးကို ၁၂၇၈- ခုနှစ်၊ ကဆုန်လဆန်း ၆-ရက်နေ့၊ တနင်္ဂနွေနေ့ နံနက် နေတက် ၁၉-ဖဝါးအချိန်၌ ခမည်းတော် ဦးဖိုးညီ၊ မယ်တော်ဒေါ်ခါဥတို့မှ ပြည်ခရိုင် ရွှေတောင်မြို့နယ် ဒန်ပူစားရွာတွင် ဖွားမြင်တော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ ငယ်မည်မှာ မောင်အောင်မြ-ဖြစ်ပါသည်။

၁၂၈၇-ခုနှစ်၊ အသက် ကိုးနှစ်သားအရွယ်၌ ရွာလယ် စာသင်ကျောင်းဆရာကြီးဦးဖိုးလှထံ ပညာစတင်သင်ယူခဲ့သည်။ထိုကျောင်း၌ လေးနှစ်တာကာလအတွင်း ဆရာကြီး၏ လက်ထောက်ကွမ်းထားဆရာငယ်အဖြစ် ကျောင်းသားများကို ပြန်လည်သင်ကြားပေးနိုင်လောက်အောင် စာပေပေါက်မြောက်ခဲ့သည်။

တိုက်အုပ်ဆရာတော်ကြီးမမ်းတော်မူခဲ့သော မင်းကွန်းတောင်ရိုးစာမေးပွဲအဖွဲ့

၁၂၉၁-ခုနှစ်၊ ၁၃-နှစ်သားအရွယ်တွင် ရှင်သာမဏေ ဖြစ်ပါသည်။ ဘွဲ့တော်မှာ ရှင်ဥက္ကံသ-ဖြစ်ပါသည်။ ရှင်ဥပဇ္ဈာယ် ဆရာတော်ကြီးမှာ မင်္ဂလာကျွန်းဆရာတော်ကြီး အရှင် ဝိညေယျဖြစ်ပြီး၊ မြင်းခြံမင်းကျောင်းတိုက် ရာဟုဒေါင့် ကျောင်း ဆရာတော်ဦးသောဘိတ၏တပည့်၊ ပထမဓမ္မနာဒ ဆရာတော်ဦးပညာစက္ကနှင့်ကျောင်းနေဖက်မိတ်ဆွေဖြစ် သည်။ ရှင်ဒကာနှင့်ရှင်အမတို့မှာ အဘကြီးဦးဘိုးခိုင်+ အမေကြီးဒေါ်ပုမတို့ ဖြစ်ကြသည်။ ၁၂၉၅-ခုနှစ်၊၁၇-နှစ် သားအရွယ်တွင် ပထမငယ်တန်းအောင်ပါသည်။ ၁၂၉၈-ခုနှစ်တွင် မင်္ဂလာကျွန်း ကျောင်းဆရာတော်ဦးဝိညေယျကို ပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။ ရဟန်း ဒါယကာမှာ ခမည်းတော်ဦးဖိုးညီ အမှူးပြုသော ဒန်ပူစား ရွာမှ ဆွေမျိုးဉာတိများဖြစ်ကြသည်။

ဆရာတော်ဦးဥက္ကံသသည် ရဟန်းဖြစ်သော ၁၂၉၈-ခုနှစ်မှာ မင်းကွန်းဒမ္မနာဒတိုက်သို့ ရောက်ရှိတော်မူပါသည်။ ၁၃၀၀-ပြည့်နှစ်၊ ရဟန်းနှစ်ဝါအရတွင် ပထမလတ်အောင် တော်မူသည်။ ၁၃၀၂-ခုနှစ်၊ လေးဝါအရတွင် ပထမကြီးနှင့် သကျသီဟစာသင်တန်းကိုပါ ပူးတွဲအောင်မြင်တော်မူသည်။ ၁၃၀၃-ခုနှစ်၊ ငါးဝါအရတွင် သကျသီဟဓမ္မာစရိယ နှစ်ကျမ်း နှင့်အစိုးရဓမ္မာစရိယ နှစ်ကျမ်းအောင်တော်မူသည်။၁၃၀၈-ခုနှစ်တွင် သကျသီဟဓမ္မာစရိယဘွဲ့နှင့် အစိုးရဓမ္မာစရိယဘွဲ့ တို့ကိုရရှိတော်မူသည်။

၁၃၁၁-မှစ၍ ၁၃၄၅-ခုနှစ်ဘဝနတ်ထံပျံလွန်တော် မူချိန်အထိ ဓမ္မနာဒကျောင်းတိုက်၏တိုက်အုပ်ဆရာတော် အဖြစ်ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၀၈-ခုနှစ်မှစ၍ ဘဝနတ်ထံဝင်စံသည်အထိ စာချမပျက်ခဲ့ပေ။

တိုက်အုပ်ဆရာတော်ကြီးသည် ဂါထာ, မော်ကွန်း, လေးချိုး စသည်တို့ကို ရေးသားခဲ့သည်။ အရေးအသားမှာ ပထမဓမ္မနာဒဆရာတော်ဦးပညာစက္က၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးနှင့် ဒေါ်ဓမ္မစာရီတို့၏ အရေးအသားကဲ့သို့ ခန့်ထည်ခြင်း၊ စကားလုံးအရွေးကောင်းခြင်း၊ ရှင်းခနဲ ထင်းခနဲ ရှိခြင်း၊ ကျစ်လျစ်ခြင်း စသောဂုဏ်တို့နှင့် ပြည့်စုံသည်။

တိုက်အုပ်ဆရာတော်ကြီး၏ကျေးဇူးရှင်ဆရာသမား တို့မှာ မစိုးရိမ်ဆရာတော်ဘဒ္ဒန္တသူရိယ၊ ပထမဓမ္မနာဒဆရာ တော် ဘဒ္ဒန္တပညာစက္က၊ ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးနှင့် ကျောင်းအုပ်ဆရာကြီးဦးဖိုးလှ စသည်တို့ ဖြစ်ကြသည်။

တိုက်အုပ်ဆရာတော်ကြီးသည် ဓမ္မနာဒတိုက်အုပ် တာဝန်၊တိပိဋက=နိကာယကျောင်းတိုက်ကြီး၏မဟာနာယက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆောက်လုပ်လှူဒါန်း ရေးအဖွဲ့၏နာယက၊အစိုးရပါဠိပထမပြန်စာမေးပွဲ၊ရန်ကုန်မြို့ နိကာယဉ္ဇောတကသမိတိနိကာယ် သာသနာတော်ထွန်းကား ရေးအသင်း၊ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာမေးပွဲ၊ ပဲခူး နိကာယစာမေးပွဲ၊ မော်လမြိုင် သုသမာစာရစာမေးပွဲ၊ မင်းကွန်းတောင်ရိုး ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ၊ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူဝိနယာနုဂ္ဂဟစာမေးပွဲ၊ ပျော်ဘွယ်, ရမည်းသင်း, တပ်ကုန်း သုံးမြို့နယ်မှကျင်းပသည့် ဝိနယာစာမေးပွဲ၊ မိတ္ထီလာမြို့ ဝိနည်းစာပြန်ပွဲ၊ ဝမ်းတွင်း သိမ်တောင်တောရ



တိုက်အုပ်ဆရာတော် ပျံလွန်တော်မူပြီး အရိုးဓါတ်ပြာတော်တို့ကို မင်းကွန်းသို့ ပင့်ဆောင်လာစဉ်

ဝိနယာဓိကစာမေးပွဲတို့၌ ပုစ္ဆကတာဝန်၊ တိပိဋကဓရဆရာတော်ကြီး၏ကိုယ်စား အခြားအခြားသောသာသနာ့တာဝန်တို့ကိုဆောင်ရွက်တော်မူခဲ့သည်။ အထူးအားဖြင့်ကား တိပိဋကဓရဆရာတော်ကြီး တိပိဋကဓရဖြေစဉ်၊ သင်္ဂါယနာပွဲဆင်နွှဲစဉ်တို့၌ တိုက်တာကို လများစွာပစ်၍ ရန်ကုန်၌သီတင်းသုံးနေရစဉ် တိုက်အုပ်ဆရာတော်သည် တိုက်တာကိစ္စအဝဝကို တာဝန်ခံ၍ ဆောင်ရွက်ထားပါသည်။

တိုက်အုပ်ဆရာတော်ကြီးသည် အလွန့်အလွန် ဩဝါဒပေး ကောင်းခြင်း၊ အေးဆေးတည်ငြိမ်ခြင်း၊ ပစ္စည်းဥစ္စာတွယ်တာမှုနည်းခြင်း၊တပည့်အားလုံးက ရိုသေလေးစားခြင်း၊ စာပေနိုင်နင်းကျွမ်းကျင်ခြင်း၊ ပစ္စည်းကောင်းကောင်းရသရွေ့လှူပစ်ခြင်း၊ မင်းကွန်းတောင်ရိုးရှိ ရဟန်းရှင်လူ သာသနာ့နွယ်ဝင် သီလရှင်အားလုံးတို့က လေးစားကြခြင်း၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးပေးအပ်သော များလှစွာသောတာဝန်တို့ကို မညည်းမညူဆောင်ရွက်တော်မူခြင်း၊ အနေအထိုင်ရိုးခြင်း-တို့မှာ ကြည်ညိုဖွယ်ဂုဏ်တို့ ဖြစ်ပါသည်။

တိုက်အုပ်ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ဂုဏ်တို့တွင် တိပိဋကဓရဆရာတော်ကြီးအပေါ်၌ ရိုသေလေးစားငဲ့ညှာမှုဂုဏ်ကား တုပ၍မရနိုင်လောက်အောင် ကြီးမားလှပါသည်။

ဥပမာပြရလျှင် တိပိဋကဓရဆရာတော်က တိုက်အုပ်ဆရာတော်ဖြစ်ပြီးနောက် မိမိဆွမ်းဝိုင်းလာစားဖို့ ဖိတ်ပါသည်။ ထိုအခါ မိမိသွားနေကျ ဆွမ်းခံဝတ်ကိုမဖျက်ဘဲ ရလာသော ဆွမ်း,ဆွမ်းဟင်းများကို ဆွမ်းစားကျောင်းသံဃာများအား လှူဒါန်းပါသည်။ ဆွမ်းစားဝိုင်း၌ တိပိဋကဓရဆရာတော်မရောက်မချင်း စောင့်ဆိုင်းနေလေ့ရှိပါသည်။

တစ်ခါတစ်ရံ တိပိဋကဓရဆရာတော်မှာ တာဝန်များ၍ဆွမ်းစားချိန် နောက်ကျနေသော်လည်း မစားနှင့်ဘဲ စောင့်နေတတ်ပါသည်။ ဆွမ်းစားရာ၌ ဆရာတော်ပြီးလျှင် မိမိလည်းပြီးအောင်စားပါသည်။ နောက်ကျမနေစေပါ။ တိပိဋကဓရဆရာတော်က မဝသေးဘူးထင်၍ အတင်းထည့်ပေးမှသာဆက်စားလေ့ရှိပါသည်။ ဆရာတော်ဘက်၌ရှိသော ဟင်းခွက်များကိုလည်း လှမ်းကျော်နှိုက်လေ့မရှိပါ။ ရိုးရိုးလေးသာစားလေ့ရှိပါသည်။

တိပိဋကဓရဆရာတော်က အခေါ်ခိုင်းလျှင် ဘာကိစ္စညာကိစ္စအကြောင်းပြ၍ နောက်ကျမနေ ချက်ချင်းပင်လိုက်သွားလေ့ရှိပါသည်။ တစ်ခါတစ်ရံ စာချခိုက်ဖြစ်သော်လည်း မဆိုင်းမတွ ထ,လိုက်သွားတတ်ပါသည်။ တိုက်အုပ်ဆရာတော်မှာ တိပိဋကဓရဆရာတော်ကို ငဲ့ညှာရာ၌ နှစ်ယောက်မရှိပါ။

၁၃၄၅-ခုနှစ်တွင် ရန်ကုန် တိပိဋကကျောင်းတော်သို့ ကြွရောက်ဝါဆို၍ အသည်းကင်ဆာကို ကုသတော်မူပါသည်။ သို့ပါသော် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ညာလက်ရုံးအားထားအခံရဆုံး မင်းကွန်းဓမ္မနာဒတိုက်အုပ်ဆရာတော်သည် ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်-၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၌ ၁၃၄၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်၊ ၁-နာရီ ၃၅-မိနစ်အချိန် သက်တော်-၆၇၊ ဝါတော် ၄၇-ဝါအရတွင် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏မျက်မှောက်မှာပင် ဒေဝါနတ်နန်းကြွမြန်းခဲ့ပါသတည်း။ ။

အရှင်ယောသိတ(ရေနံ့သာ)

တိပိဋကဓရသာသနာ့မိခင်ကြီး

ဒေါ်ဓမ္မစာရီ

လူထုဒေါ်အမာ



ဒေါ်ကုန္တစာရီ (ဖွားဖွားလေး) ဒေါ်ဓမ္မစာရီ ဒေါ်ဉာဏစာရီ (ဖွားဖွားလတ်)

ဆရာကြီးဒေါ်ဓမ္မစာရီတို့ ညီမသုံးပါး

တိပိဋကဓရသာသနာ့အာဇာနည်များ အများအပြားပေါ်ထွန်းရေးအတွက် အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်က ကြိုးပမ်းအားထုတ်နေတော်မူပုံ၊ အောင်မြင်တိုးတက်နေပုံတွေကို ကြားရ မြင်ရ တွေ့ရတဲ့အခါ ဆရာတော်ရဲ့ သာသနာ့မိခင်ကြီးဖြစ်သူ ဆရာကြီးဒေါ်ဓမ္မစာရီ မြင်စေချင်စမ်းပါဘိ-လို့ စိတ်ထဲ မချင့်မရဲအောက်မေ့မိပါတယ်။

မိခင်ကြီး စိုက်ပျိုးပြုစုခဲ့တဲ့ သာသနာအပင်မှ အကိုင်းအခက်အညွန့်အတက်တွေ ဝေဖြာအံ့ဆဲဆဲအခြေကို မိခင်ကြီးမြင်ခဲ့ပါလျှင် ဘယ်လိုများမိန့်လေမည်မသိ-လို့လဲ ရော်ရမ်းမှန်းဆမိရပါတယ်။

ဆရာတော်ရဲ့သာသနာ့မိခင်ကြီးကို အများက 'အိမ်ကြီးချောင်ဆရာကြီးဒေါ်ဓမ္မစာရီ' လို့ပဲ ခေါ်ဝေါ်ခဲ့ကြတယ်။ နို့ပေမယ့် ကျွန်မတို့ အမေကတော့ 'ဆရာတုတ်ကလေး'လို့ပဲ တရင်းတနှီး ခေါ်တတ်တယ်။ အမေတို့က မန္တလေး ဈေးချိုတော် ပိုးကုန်တန်းမှာ ပိုးထည်ဆိုင်ထွက်နေတဲ့ တုတ်တုတ်ဘဝတည်းက ဆရာကြီးဒေါ်ဓမ္မစာရီနဲ့ သိခဲ့ကျွမ်းခဲ့ခင်မင်ခဲ့ မိဘချင်းကလည်း သိကျွမ်းခင်မင်ခဲ့ကြတာမို့ပါပဲ။ ဒါကြောင့်လည်း ကျွန်မတစ်ခါတလေ မင်းကွန်းအိမ်ကြီးချောင်ကိုသွားပြီး ဆရာကြီးကိုကန်တော့တဲ့အခါ ဆရာကြီးက ကျွန်မကို 'မယ်စုသမီးအမာလာသလားဟဲ့'လို့ တူမသားချင်းလို မေးမြန်းနှုတ်ဆက်တယ်။ 'အကြောင်းကိစ္စတွေများပြားလို့ ဆရာကြီးဆီ မကြာမကြာအကန်တော့ မရောက်နိုင်ပါဘူး'လို့ ကျွန်မကအကြောင်းပြရင်လည်း 'အံမယ် ငါ သီလရှင်ဆွဲဝတ်ပေးလိုက်ပြန်ရော့မယ်'လို့ ဆရာကြီးက မချင့်မရဲနဲ့ ကျွန်မအပေါ်ထားရှိတဲ့ သဒ္ဓါသံယောဇဉ်ကို ဖော်ပြလေ့ရှိပါတယ်။

၂၇-၆-၆၈-နေ့ကတော့ ဆရာကြီး အသက် ၉၀-ပြည့် ပူဇော်ပွဲကို ကျွန်မတို့ သွားခဲ့ကြတယ်။ ဆရာကြီး အသက်ကြီး ရင့်ပြီမို့ အမှတ်တရဓာတ်ပုံလည်းရိုက်ခဲ့မယ်လို့ ဓာတ်ပုံ သတင်းထောက်တစ်ယောက်ကိုပါ ခေါ်သွားပြီး ဘီး(ဘိန်း) တပ်ကုလားထိုင်ကလေးနဲ့ ရွေ့လျားသွားလာနေရပြီဖြစ်တဲ့ ဆရာကြီးဒေါ်ခမ္ပစာရီရဲ့ပုံတွေကို ရိုက်ယူခဲ့တယ်။

ဓာတ်ပုံရိုက်ရင်း ဆရာကြီးနဲ့ရှေးဟောင်းနှောင်းဖြစ် တွေကို စကားစပ်မိတဲ့အခါမှာတော့ ဆရာကြီးဟာ အသက် ၉၀-ရှိပြီမို့ လူ့သက်တမ်းမှာ တွေ့ဝေတဲ့အရွယ်ရောက်ပြီလို့ သတ်မှတ်မှုရှိပေမယ့် ဆရာကြီးက ဘာကိုမှမတွေဝေတဲ့အပြင် ငယ်ရွယ်စဉ်ကရခဲ့တဲ့ ကဗျာတွေ စာတွေကိုတောင် အံ့သြ စရာကောင်းလောက်အောင် ရွတ်ဆိုပြသနေတာကို တွေ့ရ တယ်။ ဒါကြောင့် ကျွန်မက ကြားနာရခဲ့တဲ့ ရှေးဟောင်း နှောင်းဖြစ်တွေကို လက်နဲ့လိုက်ရေးပြီး အဲဒီအခါက မှတ်သားယူခဲ့တယ်။

ဆရာကြီးဒေါ်ခမ္ပစာရီဟာ ၁၂၄၀-ပြည့်နှစ်၊ တပို့တွဲ လဆန်း ၄-ရက်ဖွား စနေသမီးဖြစ်တယ်။ အသက် ကိုးနှစ် အရွယ်လောက် စာသင်ကျောင်းက လေးတန်းအောင်ပြီး ကတည်းက မန္တလေးမှာရှိတဲ့ လူလတ်တန်းစားမိဘများ ပြုလေ့ ပြုထရှိတဲ့အတိုင်း မန္တလေး ဈေးချိုတော်က ပိုးကုန်တန်းမှာ အရောင်းအဝယ်သင်ရပါတယ်၊ ဆရာကြီးရဲ့ အမေ့ညီမ မမကြီးတို့၊ ဒေါ်မြင့်တို့ ပိုးကုန်ဆိုင်မှာပေါ့။

အဲဒီခေတ်က မန္တလေးဈေးချိုထဲက ရွှေဆိုင်တန်းတို့၊ ပိုးကုန်တန်းတို့ဆိုတာ မိန်းမပျိုမိန်းမချောတွေပေါ်တဲ့ ဈေး တန်းတွေမို့ ကောလိပ်ကျောင်းသူတွေထက်ပဲ နာမည်ကြီးပါ သေးတယ်။ တစ်မြို့လုံးက ကာလသားသာမက အနယ်နယ် အရပ်ရပ်ကပါ လာကြတဲ့နေရာမို့ ဘယ်မိန်းကလေးချောတယ် ဆိုရင် မန္တလေးမြို့ထုတ် တာရာသတင်းစာမှာ ဒီအမျိုးသမီး ကိုဖွဲ့တဲ့ တေးထပ်တွေ လေးချိုးတွေပါစမြဲ။

တုတ်တုတ်က မန္တလေးသူပေမယ့် အသားကဖြူတယ်၊ နှာတံကလည်း ပေါ်တယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလေးက တုတ်တုတ်ခဲခဲ နာမည်နဲ့လိုက်ညီတယ်။ ဒါကြောင့် ပိုးကုန်တန်း ကအချောတွေထဲကတစ်ယောက်မို့ မကြာမကြာ စောင်းပါး ရိပ်ခြည်စာဖွဲ့ခံရသူတစ်ယောက်ပေါ့။

နို့ပေမယ့် ကာလသားများကသာ စာရင်းတို့ပြီး စိတ်က ပြစ်မှားနေကြတာ ဆရာကြီးလောင်းတုတ်တုတ်ကတော့ ဈေးကပြန်လာရင် အဘိုးဖတ်ပြီးချထားတဲ့ စာအုပ်တစ်အုပ် ဖြစ်တဲ့ သင်္ဂဇာဆရာတော်ရေးတဲ့ စတုရာရက္ခကျမ်းကို နေ့စဉ် ကောက်ဖတ်မိလို့ သီလရှင်ဝတ်ချင်စိတ် တော်တော်ပေါက် နေပြီ။ စာအုပ်ကို တစ်ခေါက်ကနှစ်ခေါက် ဖတ်မိတော့ ခေါင်း ရိတ်ပြီး သီလရှင်ဘောင်ကူးဖို့ တစ်ယောက်တည်းကျိတ်ပြီး ဆုံးဖြတ်လိုက်ပြီ။

ဒီအကြောင်းကို အမေ့နည်းနည်းပြောကြည့်တော့ အမေ (ဒေါ်သီး)က သဘောမတူပါဘူး။ အမေ့ဆီကတစ်ဆင့် မောင်နှမတွေကြားထဲ ဒီသတင်းရောက်သွားတဲ့အခါတော့ မောင်လေးယောက်နဲ့ ညီမသုံးယောက်ကလည်း သဘော မတူပါဘူး၊ ခါးခါးသီးပဲ။ ‘တုတ်တုတ်များ သီလရှင်ဝတ်ရင် သီလရှင်မောင်လို့အခေါ်ခံရမှာ ရှက်လိုက်တာ၊ သေသွား တာက ကောင်းသေးတယ်’လို့ မောင်တွေက ပြောသတဲ့။ ‘သားသေ+လင်ဆုံး၊ ကုန်ရှုံး+ကြွေးတင်၊ လိုလင်မရ မယ်သီလ’ ဆိုတဲ့ စာချိုးတွေကလည်း ရှိတယ်မဟုတ်လား။ မိန်းကလေး တစ်ယောက် သီလရှင်ဝတ်သွားသတဲ့ဆိုရင် သာဓုခေါ်တဲ့ လူကနည်းနည်း၊ ဘာစိတ်ဆင်းရဲတာတဲ့တုံးဆိုတာကို စိတ်ဝင် စားတဲ့လူကများတာကိုး။

နို့ပေမယ့် တုတ်တုတ်က လူ့ဝတ်ကြောင်ဘဝကို သံဝေဂ ဖြစ်နေပြီ။ တုတ်တုတ်တို့ ဈေးချိုမှာ ဈေးထွက်ကြတဲ့အချိန်က မင်းကွန်းမှာ ရွှေကျင်တိုက်မကြီးက ပထမရွှေကျင်ဆရာ တော်ကြီးဦးဇာဂရက လပြည့်နေ့တိုင်း တစ်နေ့လုံး တရား ဟောတယ်။ အဲဒီတရားပွဲကို ဈေးချိုထဲက ဈေးသူဈေးသား တွေ လပြည့်နေ့တိုင်း တရားနာသွားလေ့ရှိကြတယ်။ လပြည့် အဖိတ်နေ့မှာ မင်းကွန်းဘက်ကိုကူးချင်လို့ ညနေ ၃-နာရီမှာ ဈေးရုံအပိတ်ခိုင်းကြတယ်။ ဈေးစောစောပိတ်ပြီးရင် ပိန်း ကောမကြီးနဲ့ မင်းကွန်းကို အဖိတ်နေ့ညနေစောင်းမှာကူး ကြတာပဲ။ ဒီတရားနာအဖွဲ့ကို ဦးဆောင်တာက ကွမ်းရေ တော်မင်းဦးဖေပါ။ တုတ်တုတ်တို့က ကွမ်းရေတော်မင်း အုပ်ချုပ်ပြီးကူးတဲ့ တရားနာအဖွဲ့ထဲက အဖွဲ့ဝင်တွေပေါ့။ ဒါကြောင့် အပျိုအရွယ်ဆိုပေမယ့် တရားစာပေနဲ့နီးနေတော့ သီလရှင်ဝတ်ချင်စိတ်ကို မိဘမောင်ဘွား သဘောမတူတဲ့ ကြားက တားမရဆီးမရဖြစ်နေတယ်။

ဒါကြောင့် အသက် ၁၆-နှစ်ရှိလာတော့ မန္တလေး စစ်ကိုင်းတန်းမှာရှိတဲ့ နန်းတော်သူတွေ ဓာတ်ပုံရိုက်တဲ့ ဓာတ်ပုံဆရာ‘ဂျိုဟာနစ်’ဆီသွားပြီး တုတ်တုတ်က တိတ်တိတ် ဓာတ်ပုံရိုက်တယ်။ ပြီးတော့ တုတ်တုတ်တို့နဲ့အတူ ဉပုသ် စောင့်နေကျ သဘောကုန်တန်းက သီတင်းသည် ဦးအောင်+ ဒေါ်သန်းတို့ကို မင်းကွန်းလိုက်အပို့ခိုင်းတယ်။ ဦးအောင် တို့က တုတ်တုတ်ရဲ့မိဘတွေကို ကြောက်ပေမယ့် မိန်းကလေး အင်မတန်စိတ်အားထက်သန်နေတော့ ကြောက်ကြောက်နဲ့ပဲ လိုက်ပို့ကြတယ်။ အခုဆရာတော်ဦးဝိစိတ္တကျောင်း(ဓမ္မနာဒ

တိုက်)လာတဲ့အခါ လမ်းမှာတွေ့တဲ့ မန်ကျည်းပင်ဝိုင်းကြီးနားက အလယ်တောရ သီလရှင်ကျောင်းမှာဝင်ပြီး သီလရှင်ဝတ်ပေးဖို့ ပူဆာရတယ်။ အဲဒီမှာ တုတ်တုတ်တို့နဲ့သိကျွမ်းတဲ့ ဒေါ်သန်းရဲ့ယောက္ခမကြီး ကြီးတော်ကြီးဆိုတဲ့ သီလရှင်ကြီးရှိတာကိုး။

တုတ်တုတ်က ဓာတ်ပုံရိုက်ပြီးတော့ ဆံပင်ကိုအိမ်ကတည်းကဖြတ်လာတာ၊ ဒါပေမဲ့ ကိုယ့်ဘာသာဖြတ်လာတာဆိုတော့ မကုန်စင်ဘူးပေါ့။ အဲဒီဆံပင်တွေကို အမေ(ဒေါ်သီး)ကလိုက်ကောက်ပြီး နောက်တော့ ဆံစုစည်းထားပါသတဲ့။ ဈေးချိုသူတွေရဲ့ တရားနာအဖွဲ့ခေါင်းဆောင် ကွမ်းရေတော်မင်းဦးဖေက တုတ်တုတ်ရဲ့နေက္ခမ္မပါရမီကို ကူညီဖြည့်တဲ့အနေနဲ့ သူ့သမီးကြီးမသက်စုကို ချော့မော့ပြောဆိုပြီး တုတ်တုတ်တို့တိတ်တဆိတ် မင်းကွန်းဘက်ကို ထွက်ပြေးလာတဲ့အခါ ထည့်ပေးလိုက်သတဲ့။ ကွမ်းရေတော်မင်းဟာ နောက်ပိုင်း တုတ်တုတ်ဆရာကြီးဒေါ်ဓမ္မစာရီ ဖြစ်လာတဲ့အခါ သမီးအငယ်ကိုလည်း ဆရာကြီးထံမှာပဲ သီလရှင်ဝတ်စေလို့ နောက်တစ်ချိန်မှာ စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်ဆရာကြီး ဒေါ်ဝိစာရီဖြစ်သွားတယ်။ ချပ်သင်းချောင်ဆရာကြီးဒေါ်ဝိစာရီရဲ့အဖေ ကွမ်းရေတော်မင်းဦးဖေ၊ အမေဒေါ်ဖြူတို့ရဲ့ဓာတ်ပုံဟာ ချပ်သင်းချောင်မှာ ရှိသတဲ့။

ဆရာကြီးဒေါ်ဓမ္မစာရီက ‘ကွမ်းရေတော်မင်းဟာ ရုပ်ကသန့်ပြန့်တယ်၊ ပညာရှိပုံ ပီသတယ်၊ ဓမ္မဆန္ဒလည်း အားကြီးတယ်၊ စာရေးလည်း ကောင်းတယ်’လို့ ကျွန်မကို ပြောပြပါသေးတယ်။ ကွမ်းရေတော်မင်းဟာ တစ်နေ့တော့ ဓမ္မသံဝေဂဖြစ်တာနဲ့ သူ့ဒကာမကြီးဒေါ်ဖြူဆီ ခွင့်တောင်းတဲ့အခါ တေးထပ်တစ်ပုဒ်ရေးပြီး ခွင့်တောင်းတယ်လို့ပြောပြီး ကျွန်မကို ဆရာကြီးဒေါ်ဓမ္မစာရီက ဒီတေးထပ်ကိုရွတ်ပြပါသေးတယ်။ ‘ကွမ်းရေတော်မင်းရေးတဲ့တေးထပ်ဟာ အပုဒ်တိုင်း ဒရန့်မလွတ်ဘူး၊ မြန်မာပညာရှိဦးဖေက စာရေးရင် ဒရန့်ပါမှကောင်းတာ၊ တောင်သမန်လယ်စား မောင်ဖေငယ်က အရှင်သီပေါမင်းသားအတွက် စာဖွဲ့ခံစုဖုရားလတ်ဖို့ ရေးပေးတဲ့ လေးချိုးလေးတစ်ပုဒ်ကိုလည်း နားထောင်ကြည့်’လို့ ပြောပြီး ကျွန်မကိုဆိုပြလို့ လိုက်ရေးမှတ်ခဲ့ရပါသေးတယ်။

ကျွန်မက ဆရာကြီးဒေါ်ဓမ္မစာရီအသက် ၉၀-အရွယ်မှာ ဒီတေးထပ်တွေ၊ လေးချိုးတွေကို ဆိုပြ ရှင်းပြနေတာကို တအံ့တဩဝမ်းသာရင်း တစ်ဖက်ကလည်း အမီလိုက်ရေးနေရပါတယ်။

‘ဆရာကြီး သီလရှင်ဘယ်တော့မှ ဝတ်ရပါသလဲဘုရား’။

‘အဖေတို့အမေတို့က သူတို့သမီးကို ခေါင်းရိတ်ပြီး သီလရှင်ဝတ်ပေးရင် တရားစွဲမယ်ဆိုလို့ ဆရာတွေက ဝတ်မပေးကြဘူး။ ဒါကြောင့် ဥပုသ်ရက်ရှည်ပဲ စောင့်နေရတယ်။ ၁၂၅၆-ခုနှစ်က အိမ်ကထွက်ခဲ့တာ ၁၂၅၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့ကျမှ သီလရှင်ဖြစ်တယ်။ သီလရှင်ဖြစ်ပြီးတော့ ဆရာကြီးဆရာအိနဲ့ ဆရာတော်ဦးဉာဏတို့ဆီမှာ စာသင်ရတယ်။ ကြီးလာတော့ အရှေ့ပြင် ဝိသုဒ္ဓါရာမဆရာတော် (အရှေ့အင်းခန်းဆရာတော်ကြီး)နဲ့ လယ်တီဆရာတော်ကြီးဆီမှာ စာသင်ရတယ်’လို့ ဆရာကြီးက အမိန့်ရှိပါတယ်။

သီလရှင်ဆရာအိဆိုတာက မင်းတုန်းမင်းကြီးလက်ထက်မှာ သီလရှင်ထဲက ပရိယတ်ဘက်မှာ နာမည်ကြီးလှတဲ့ သီလရှင်မယ်ကင်း (ခေါ်) ဆရာကင်း၊ ဝိပဿနာဘက်က နာမည်ကြီးလှတဲ့ သီလရှင်မယ်နတ်ပေးတို့ရဲ့တပည့် ဒေါ်ဇသာရီဘွဲ့ခံ ဆရာထပ်တို့ရဲ့တပည့်ဖြစ်ပါတယ်။ ဆရာထပ်က ဆရာကြီးအခုနေသွားတဲ့ ရန်ကုန်အိမ်ကြီးချောင်နား (အနောက်ဘက်)က မယ်နတ်ပေးသီတင်းသုံးသွားတဲ့ ဂူကလေးချောင်မှာ ဆရာကြီးမယ်နတ်ပေးမရှိတဲ့နောက် နေထိုင်ပါတယ်။ ဆရာထပ် အနိစ္စရောက်တော့ တပည့် ဆရာအိ (ခေါ်တဲ့) ဒေါ်စိတြာ နေထိုင်သီတင်းသုံးပါတယ်။ ဆရာအိဟာလည်း သူ့ဆရာဒေါ်ဇသာရီလိုပဲ အဘိဓမ္မာနိုင်နင်းတတ်ကျွမ်းတယ်လို့ နာမည်ကြီးပါတယ်။ ကျွန်မတို့ရဲ့ ဆရာကြီးဒေါ်ဓမ္မစာရီဟာ ဆရာအိရဲ့တပည့်ပါပဲ။

ဆရာကြီးဒေါ်ဓမ္မစာရီရဲ့ဖခင်ကြီး အနိစ္စရောက်တော့ အမေကလာခေါ်သတဲ့။ အဖေမရှိတော့ဘူး လူထွက်ခဲ့တော့ပေါ့။ ဆရာကြီးက မထွက်ချင်ပါဘူးလို့ ငြင်းပယ်တဲ့အခါ ပြောမရရင် အဝတ်ဆွဲချွတ်တန်ရင်ချွတ်မယ်လို့ အမေက ပြောနေပါရောတဲ့။

အဲဒီအချိန်မှာ စိန်တုံးမိဖုရားကြီးကိုးကွယ်တဲ့ ဝဇီရာရာမဆရာတော်ကြီးရဲ့တပည့် ဆရာတော်ဦးဇိန သီဟိုဠ်ကို ဘုရားဖူးကြွပါတယ်။ သက္ကရာဇ် ၁၂၅၉၊ ၁၂၆၀-ပြည့်လောက်မှာ သီဟိုဠ်သွားပြီး ဆရာတော်ဦးဇိနတို့အဖွဲ့ ရွှေကြုတ်လှူတော့ ဆရာကြီးလည်း သီဟိုဠ်ကို တခြားတပည့်ဒကာတွေနဲ့အတူ ဘုရားဖူးလိုက်သွားပါတယ်။ ဗောဓိပင်ကို ဖူးပြီး ဆရာတော်ဦးဇိန မြန်မာပြည်ပြန်ကြွတော့ မော်လမြိုင်က(ဆရာကြီးအပေါ်မှာ အမေလိုချစ်တဲ့) သီလရှင်ကြီး ဒေါ်ဖန်လို့ခေါ်တဲ့ ဒေါ်ဇသာရီရဲ့တပည့်တချို့နဲ့အတူ ဆရာကြီး ဒေါ်ဓမ္မစာရီ သီဟိုဠ်မှာ နှစ်နှစ်လောက်စာသင်နေရစ်တယ်။ အဲဒီအချိန်က သီဟိုဠ်မှာသီလရှင်မရှိဘူး။

ဆရာတော်ဦးဇိနအဖွဲ့ မြန်မာပြည်ပြန်ကြွသွားတဲ့အခါ

ဆရာတော်ဦးဇိနအပ်နှံပေးခဲ့တဲ့ သီဟိုဠ်သား သီတင်းသည် အနာဂါရိကဥပါသကာထံမှာ ဆရာကြီး သီဟိုဠ်ဘာသာ သီဟိုဠ်စာကို သင်နေရစ်တယ်။ အဲဒီအနာဂါရိကဥပါသကာ ကြီးကပဲ ဆရာကြီးတို့အဖွဲ့ သီလရှင်များရဲ့စားဝတ်နေရေးကို တာဝန်ယူလှူဒါန်းပါသတဲ့။ ဆရာကြီးဒေါ်ဓမ္မစာရီဟာ သီဟိုဠ်ဘာသာရော သီဟိုဠ်စာကိုပါ ကောင်းကောင်း တတ်လာခဲ့ပါတယ်။ ဒါကြောင့် ဗမာပြည်ပြန်ရောက်တော့ သီဟိုဠ် စာသင်ချင်တဲ့ရဟန်းတွေကို သီဟိုဠ်စာသင်ပေးပါ တယ်။

ဆရာကြီးက ဉာဏ်ထက်မြက်သူ၊ ဓမ္မစ္ဆန္ဒအားကြီးသူဖြစ် လေတော့ ပရိယတ်ဘက်မှာ ပေါက်ပေါက်ရောက်ရောက် တတ်မြောက်ခဲ့ပါတယ်။ ဒါကြောင့် သီလရှင်ထဲမှာ ပရိယတ် တတ်တယ်၊ အပြောအဟောကောင်းတယ်လို့ နာမည်ကျော် တာပါ။

ကျွန်မတို့ ကြားဖူးတဲ့သတင်းတစ်ခုက လယ်တီပဏ္ဍိတ ဦးမောင်ကြီးနဲ့ ဆရာတုတ်ကလေး ဒေါ်ဓမ္မစာရီတို့ ရင်းရင်း နှီးနှီးအလွန်ရှိတယ်။ လယ်တီပဏ္ဍိတဦးမောင်ကြီး ဒဂုန် မဂ္ဂဇင်းက ယုဝတီစက္ကူအခန်းမှာ အမြဲရေးနေတဲ့ကလောင် 'မန္တလေးခင်တုတ်'ဟာ ဆရာတုတ်ကလေးကို ဂုဏ်ပြုပြီး ယူထားတဲ့နာမည်ပဲလို့ ကြားဖူးပါတယ်။ ဒါကြောင့် ဆရာ ကြီးကို လယ်တီပဏ္ဍိတဦးမောင်ကြီးအကြောင်း မေးကြည့် တော့ ဆရာကြီးက-

'လယ်တီပဏ္ဍိတနဲ့ ဆရာကြီးက ငယ်ငယ်ကတည်းက သိကျွမ်းခဲ့တယ်။ လယ်တီပဏ္ဍိတ ၁၂၄၀-ပြည့် တပို့တွဲ လဆန်း ၉-ရက်၊ ကြာသပတေးသား။ ဆရာကြီးက ၁၂၄၀-ပြည့် တပို့တွဲလဆန်း ၄-ရက်၊ စနေသမီး။ ဆရာကြီးက ငါးရက် ကြီးတယ်။ အရှေ့အင်းခန်းဆရာတော်ကြီးဆီ လယ်တီပဏ္ဍိတ သင်္ဂဟသင်ကတည်းက ဆရာကြီးတို့က အင်းခန်းဆရာတော် ကြီးဆီ တရားနာရင်းသိခဲ့တယ်။ နောက်အသက် ၂၆-နှစ် ကျတော့ လယ်တီဆရာတော်ကြီးရဲ့ အရိပ်အောက်မှာ သဂြိုဟ်သာသနာအတူပြုကြတာ၊ ဆရာကြီးက မိန်းကလေး တွေကို သဂြိုဟ်သင်ပေးတယ်၊ လယ်တီပဏ္ဍိတက သက်န်း ဝတ်နဲ့ ရဟန်းတွေကိုစာချတယ်။ ဒီလို ဗဟန်းမှာ သာသနာပြု နေကြတာ ငါးနှစ်နီးပါးကြာတယ်။ လယ်တီဆရာတော်ကြီး ဆိုတဲ့ ဓမ္မပင်ရိပ်ကြီးအောက်မှာ အကိုင်းအခက်တွေလို လယ်တီပဏ္ဍိတနဲ့အတူ သာသနာပြုနေကြတော့ တစ်ဦးနဲ့ တစ်ဦးရင်းနှီးမှုရှိပါတယ်။ လယ်တီပဏ္ဍိတက ကဗျာဉာဏ် အလွန်ထက်သန်တယ်။ တေးထပ်တစ်ပုဒ်ကို ချက်ချင်း ကောက်ရေးနိုင်တာ။ ဆရာကြီးရဲ့ မွေးသက္ကရာဇ်နဲ့ ဇာတာ ခွင်ကိုကြည့်ပြီး သူက တေးထပ် ချက်ချင်းစပ်ပေးတယ်'လို့ ပြောပြီး ဆရာဦးမောင်ကြီး စပ်ပေးတဲ့တေးထပ်ကို ကျွန်မကို ရွတ်ပြပါသေးတယ်။

၁၂၄၀-ပြည့် တပို့တွဲလဆန်း ၁၄-ရက်၊ စနေသမီးကို လယ်တီပဏ္ဍိတရေးပေးတဲ့တေးထပ်က-

သုဝ်စာလီ ဒွေးသတတ်၊ ဧသဟသ်ခါချိန်။ ရှေးဒြပ် သမ္ဘာရှိနိုင်ယ်၊ တာဝတိန်ဘုံမြင့်။ စံပျော်တုန်းရဝေ့ပေါ်မှာ၊ မမွေ့တော်မူပဲမို့ထင့်။

ဆန်းစတု ဇဏ္ဍာစနေတွင်၊ ကုမ်မာသေကြိမ်လင့်။ ကြုံလှာပလေ အချိန်သင့်ပါဘိ၊ စိန်ဆင့်တဲ့မြလို့။ မ,ကာရေ ကြွက်+ရာဟု၊ စက်သာန ပူးစံလို့ခို့။

ကညာလဂ်ဝင်၍ကြုံတယ်၊ ခြင်္သေ့ဂြိုဟ် ဗြိဋ္ဌာမွေ့ပါလို့၊ မိန်စနေ့ ဓနုဆင်၊ စန်းကုံလဂ်မြင်။ သူဇာနတ် စုတေအင်မှာ၊ လူ့မြေတွင် ဝင်စားလို့လေး။



လယ်တီဆရာတော်ဘုရားကြီး ရန်ကုန်ဆင်းပြီး တရား ဟော သာသနာပြုတော့လည်း ဆရာကြီးတို့ပါ အတူလိုက်ပါ ကြတာကိုး။ ရန်ကုန်မှာ လယ်တီဆရာတော်ဘုရားကြီးက ရွှေဂုံတိုင်တောရကျောင်းနဲ့ကပ်လျက် ဦးပြင်းထောင်ခြံထဲမှာ သီတင်းသုံးနေတော့ တစ်နေ့မှာ ဆရာကြီးနဲ့ ပရမတ္ထကုမ္မာရီ အသင်းသူတွေက ဆရာတော်ဘုရားကြီးကို သွားကန်တော့ ကြတယ်။ ဒီအခါမှာ ဆရာတော်ကြီးအနား အမြဲကပ်လျက် ရှိတဲ့လယ်တီပဏ္ဍိတက-

သီရိမြူတေ စုံစုံဆင့်လို့၊ ယုန်မင့်ဟန်နှင့် သော်တာနှယ်။ ဂုဏ်ရင့်ကံရင့် ပေါ်လာထယ်တယ်၊ အနော်ဇာန္တယ် ဆိုရန် သင့်။ ကုမ္မာရီစု သိန်နေဟန်ငယ် ဝတိန်ဝေယန် နတ်နန်း သူတို့ထင့်။

ရွှတ်ဆိုမိန့်မြွက် ဗျာချွေသံမှာ၊ သဒ္ဒါခြေင် နှုတ်လွှာဖွင့်။ ဗြဟ္မာဝေယန် ဥက္ကဋ္ဌာမြင့်က၊ သုဒ္ဓါသခင့် ကူသလို။ ကဆုန် စန်းရောင် ပုဏ္ဏာလင်း၊ ကုမ္မာအသင်း ညီကြီးညီတော့သကို။

ကြုံခဲကြုံရ မြန့်နယ်နဂိုမှာ၊ အံ့ဖွယ်ပိုမိုသရေမြင့်လို့၊ ရွှေနှင့်စိန်နှင့် နေနှင့်လပမာ၊ ရေနှင့်ကြာသို့သာ။ နောင်လဲ စဉ်ဆက် မပြတ်ပါအောင်၊ အမြတ်သဒ္ဓါ ကြည်ရွှန်းဝေဖို့လေး။ အောင်ပွဲယင်လျက် ဒြပ်ဖြာအောင်၊ ပရမတ်ကမ္မာတည်ထွန်း စေဖို့လေး။ -လို့ရေးပေးသတဲ့။

ဒေါ်ဓမ္မစာရီ အထိမ်းအမှတ် ဓမ္မစာရီ ဓမ္မပိဋကတ်စာကြည့်တိုက်နှင့်
ဒေါ်ဓမ္မစာရီ အဋ္ဌိဗူတ္တို ကျောက်စာတိုက်

မယ်နုတ်ပေးတရားအားထုတ်သည့် ဂူကလေး
(ဤဂူကလေးကို အစွဲပြု၍ ဂူကလေးချောင်ဟုတွင်သည်)

လယ်တီပဏ္ဍိတက ချက်ချင်းရေးပေးတဲ့စာကို အနှစ် ၆၀-ကျော်အထိ ဆရာကြီးက မှတ်မိသီဆိုပြနေပါတယ်။

ဆရာကြီးက ငယ်ငယ်ကတည်းက သီလရှင်ဝတ်ချင်တယ်။ သီလရှင်ဖြစ်လာတော့လည်း စာသိပ်တတ်ချင်သတဲ့။ တတ်ချင်တာမှ သီလရှင်တွေလို တတ်ချင်တာမဟုတ်ဘူး။ ဘုန်းကြီးတွေတတ်သလို တတ်ချင်တာတဲ့။ ဒါကြောင့် ပထမတော့ သီလရှင်ဆရာကြီးတွေဆီမှာ စာသင်တယ်။ နောက်တော့ ဘုန်းကြီးတွေချတဲ့စာကို သီလရှင်ဆရာကြီးတွေက ရှေ့နားကလိုက်ပြီးတက်တော့ ဒေါ်ဓမ္မစာရီတို့ သီလရှင်အငယ်တွေက နောက်နားကလိုက်ပြီး တက်ကြရတယ်။ အရွယ်ကငယ်လေတော့ ကိုယ်ချည်းဘာသာ စာလိုက်မတက်ရဘူး။ ဆရာကြီးတွေသွားမှ နောက်ကလိုက်ရတာ။

ရန်ကုန်မှာ ရွှေဂုံတိုင်တောရဆရာတော်ရဲ့တိုက်အုပ်ကစာချတော့ တိုက်ထဲမှာနေပြီး စာလိုက်တက်နိုင်အောင် သူဌေးဦးသွင်နဲ့ဇနီးဖြစ်လာမယ့် ပရမတ္ထကုမ္မာရီအသင်းသူ ဒေါ်ဒေါ်သိန်းက ဇရပ်ကလေးဆောက်ပေးလို့ အဲဒီကနေပြီး စာတက်ခဲ့ရသတဲ့။

ဆရာကြီးဒေါ်ဓမ္မစာရီဟာ ပညာဉာဏ်ထက်မြက်သူမို့ စာပေကျမ်းဂန်တတ်မြောက်ရုံသာမက အဟောအပြောပါကောင်းလို့ သီလရှင်လောကမှာ ထင်ရှားကျော်ကြားတဲ့ဘဝကို ရောက်လာတယ်။ ဆရာကြီးပါဠိလိုပြုစုရေးသားတဲ့ သစ္စဝါဒီဋီကာကျမ်းဟာ နာမည်ကြီးပါတယ်။ ဒီအတွက် ရွှေတံဆိပ်ကြီးတစ်ခုနဲ့ ချီးမြှင့်ပူဇော်တာကိုလည်း ခံရတယ်။ ဒါကြောင့် သီလရှင်လောကမှာသာမက ရဟန်းသံဃာတော်များ လောကကတောင် အရေးတယူ အလေးအနက်အာရုံပြုတာကို ခံရပါတယ်။

တစ်ခါတုန်းက မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော်ဦးမာလာရဲ့ ဖျာပုံကျောင်းမှာ ဆွမ်းကျွေးရှိလို့ ညောင်ကန်ဆရာတော်ကြီးဦးဣန္ဒကိုပင့်ပြီးဆွမ်းကပ်တော့ ညောင်ကန်ဆရာတော်ကြီးက ဖျာပုံဆရာတော်ဦးမာလာကို 'ကိုယ်တော်၊ မယ်ဓမ္မစာရီရဲ့တရားများ နာဖူးရဲ့လား'လို့ မေးပါသတဲ့။ ဦးမာလာက 'မနာဖူးပါဘူး'လို့ မိန့်တော့။ 'ကိုယ်တော်နိဗ္ဗာန်နဲ့ ဝေးသေးသကိုး'လို့ ညောင်ကန်ဆရာတော်ကြီးက အမိန့်ရှိပါသတဲ့။ ပြီးတော့မှ 'ကိုယ်တော်တို့ သူ့ဆီကိုသွားမှ နက်နက်နဲနဲ မေးတာပြုတာကို ဖြေလို့ကောင်းတာ'လို့လည်း အမိန့်ရှိပါသတဲ့။

ဒေါ်ဓမ္မစာရီက ပါဠိဆိုရင် အဋ္ဌကထာ၊ ဋီကာမှ ကြိုက်တာ၊ ဒါကိုသာအဖတ်ခိုင်းတယ်။ ပါဠိတစ်ပုဒ်ရဲ့ ပရိယာယ်ပုဒ်တွေ များလေလေကြိုက်လေပဲ။ အဲဒီလိုများဖြစ်ရင် 'ပင်လုံးကျွတ်ပွင့်တဲ့ အင်ကြင်းပင်ကို မြင်ရသလိုပဲ'လို့ ပြောလေ့ပြောထရှိတယ်။

ဒေါ်ဓမ္မစာရီကို အနီးစခန်းဆရာတော်ကတော့ တရားပွဲတစ်ခုမှာ အမျိုးသမီးသာသနာဘက်က ထိုက်ထိုက်တန်တန်နေဖို့သတိပေးပြီး 'ဘုန်းကြီးသဘောပြောရရင် ပရိသတ်နဲ့ ဧည့်ခံဖို့ ဆရာကြီးဒေါ်ဓမ္မစာရီပဲ သီလရှင်ဘက်က ခံ့ခံ့ညားညားရှိတယ်။ ပညာအရည်အချင်းကလည်း ဂုဏ်ယူလောက်အောင်ရှိတယ်။ သာသနာဘက်မှ ဆရာတော်တွေရဲ့ အရေးတယူအာရုံပြုတာကိုခံရတဲ့ပုဂ္ဂိုလ်ပဲ'လို့ ပြောဟောသွားဖူးပါတယ်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက ဒဂုန်မဂ္ဂဇင်းမှာ ထေရာထေရီဘာသာပြန်တွေကို ဆရာကြီးဒေါ်ဓမ္မစာရီကို ရေးပါလို့ တိုက်တွန်းပါတယ်။ ဆရာကြီးက စာချနေရတာနဲ့ မရေးအားတဲ့အခါမှ ဆရာကြီးမရေးနိုင်လို့ သူကိုယ်တိုင် ရေးတာပါတဲ့။ ရေးတော့လည်း ထေရာထေရီဘာသာပြန်၊ သာမုသုန္ဒရီ ဝိပါက်တော် ၁၂-ပါး စသည်တို့ကို ရေးပြီးတဲ့အခါ ဆရာကြီးဒေါ်ဓမ္မစာရီဆီကိုပို့ပြီး အတည်းဖြတ်ခိုင်းတယ်။ ပြီးမှ ရိုက်နှိပ်တာဖြစ်ပါသတဲ့။

လယ်တီပဏ္ဍိတ လူဝတ်လဲချင်တော့ လယ်တီဆရာတော်ကြီးကနှမြောသလိုပဲ ဆရာကြီးတို့ကလည်း နှမြောတယ်။ ဆရာတော်ကြီးက လယ်တီပဏ္ဍိတကို တေးထပ်တစ်ပုဒ်ရေးပြီး ဆုံးမတော်မူသေးတယ်။ အဲဒီတေးထပ်ကို သုခမ္မဝတီဦးပန်းမောင်က ငွေတာရီမဂ္ဂဇင်းမှာ ထုတ်ဖော်ဖူးတယ်။ ဆရာကြီးဒေါ်ခမ္မစာရီကလည်း ဒီတေးထပ်ကို ကျွန်မကိုရွတ်ပြတယ်။ ရွတ်ပြတော့ ဦးပန်းမောင်ရဖူးတာနဲ့ တစ်နေရာမှာနည်းနည်းကွဲနေလို့ ဆရာကြီးရွတ်ပြတာကို ဖော်ပြပါရစေ-

ပဏ္ဍိတကို ရိုက်မယ်လုပ်တော့ လယ်တီပဏ္ဍိတ ထွက်ပြေးရောတဲ့။

လယ်တီဆရာတော်ကြီးရဲ့ စာအုပ်တွေကို ကဝိမျက်မှန် ဒေါ်အေးမေတို့တိုက်မှာရိုက်တာမို့ ဆရာကြီးတို့က အဲဒီတိုက်ကို မကြာမကြာရောက်တယ်။ လယ်တီပဏ္ဍိတ လူထွက်ချင်နေပြီဆိုတာ ဒေါ်အေးမေတို့ကကြားတော့ တစ်နေ့မှာ ဆရာကြီးဒေါ်ခမ္မစာရီကို'ဆရာလေးရယ်၊ လယ်တီပဏ္ဍိတကို လျှောက်လိုက်စမ်းပါ၊ ကျွန်မတို့များအားကိုးပြီး လူထွက်မယ်



အိမ်ကြီးချောင်ရှိ နှစ်ကျိပ်ရှစ်ဆူစေတီ



ဒေါ်ကြင်ဆောက်လှူသော ရန်ကုန်အိမ်ကြီးဇရပ်
(ဤအိမ်ကြီးဇရပ်ကိုအစွဲပြု၍ အိမ်ကြီးချောင်ဟုခေါ်တွင်သည်)

ပါရမီသမ္ဘာရှိပါဘိ၊ တသာကို့ဘုန်းဝေ။ စာမရှိ့ထုံး အနေလို၊ သုံးမသွေသီလ။ ပရိယတ် စံမဟေမှာ၊ ဉာဏ်ကဝေ ချီးလောက်သူပ့ါ။

စိတ္တနှင့် ပညာ၊ သာသနာမှန်လှ။ ဘာဝနာဉာဏ်အစကိုတော့၊ အနန္တဝေးပယ်။ သမ္ဗဇဉ်ဆိုခွင့်များကိုတော့၊ ချိုနှင့်လား မေးမယ့်သူကွယ်။

လက္ခဏာ့မြင်နှုန်းခြယ်သည်၊ ယာဉ်သုံးသွယ် နေရာကျကိုတော့၊ ပေယျာလနာနာသူကန်၊ ရွှေးမျှမကြံ။ ကဗျာမှုကလေးဉာဏ်မှာ၊ အရေးသန်သန် သူစွဲရှာထင့်လေး။

ဆရာဦးပန်းမောင်ရေးပြတဲ့ တေးထပ်မှာ အချပုဒ်က 'ကဗျာမှုကလေးဉာဏ်မှာ'လို့ အစား 'ပိဋကတ်ကလေးဉာဏ်မှာ'လို့ ပါပါတယ်၊ ဆရာကြီးဒေါ်ခမ္မစာရီ အလွတ်ရတာကများ ပိုမှန်သလားလို့ မူကွဲကိုဖော်ပြတာပါ။

လယ်တီပဏ္ဍိတသင်္ကန်းယားလို့ ကြွေပျက်ပြီး လူထွက်ချင်နေတော့ ဆရာကြီးတို့က ရိပ်မိကြပါပြီ။ နောက်တော့ လယ်တီပဏ္ဍိတက လူဝတ်လဲရင်ဝတ်ဖို့ အဝတ်အစားတွေ မမကြီးဆီက ပို့ပေးထားတာ။ လယ်တီပဏ္ဍိတက မမကြီးဆီ ပို့ပေးဖို့ ရေးစပ်ထားတဲ့ကဗျာတွေကို ခိုးဖွင့်ကြည့်ပြီး ဆရာတော်ကြီးကို ပြကြသတဲ့။ အဲဒီမှာ ဆရာတော်ကြီးက လယ်တီ

မကြံပါနဲ့လို့'။ ဒီစကားကို ဆရာကြီးက လယ်တီပဏ္ဍိတကို ပြောပြတော့ ဒါကိုလည်း လယ်တီပဏ္ဍိတက စိတ်ဆိုးတယ်။ ပြီးတော့ ဘာပြောသလဲဆိုတော့ 'ငါ့မှာ ဆရာလေးကို အားကိုးရမယ်မှတ်နေတာ၊ ခုတော့ ရေသိတာက မီးထ၊ တောက်နေပြီ'လို့ ပြောပြီး-

နိဿယော ဣတိ မညန္တိ၊ မစ္ဆာ ဥဒကဂေါစရာ။
တမှာ အဂ္ဂိ ပဇ္ဇလန္တိ၊ ဇာတံ သရဏတော ဘယံ။ (၁)
နိဿယော ဣတိ မညန္တိ၊ သကုဏာ နဘဂေါစရာ။
တမှာ အဂ္ဂိ ပဇ္ဇလန္တိ၊ ဇာတံ သရဏတော ဘယံ။ (၂)

လို့ ပါဠိဂါထာ စာနှစ်ပုဒ် ရေးပေးတယ်။

အဓိပ္ပာယ်ကတော့-'ငါးတွေရဲ့အားကိုးရာရေက မီးထ၊ တောက်ရင် ငါးတွေဒုက္ခရောက်တယ်။ ငှက်တွေရဲ့အားကိုးရာ မိုးကောင်းကင်က မီးထ၊တောက်ရင် ငှက်တွေမှာဒုက္ခရောက်ရတယ်'ဆိုတဲ့အဓိပ္ပာယ်ပါပဲတဲ့။

ဆရာကြီးတို့ကတော့ လူမထွက်စေချင်ဘဲကိုး၊ ဒါကြောင့် သူ့ပစ္စည်းတွေထဲကတွေ့တဲ့ ကြိုးလိမ်လက်ကောက်တစ်ရံနဲ့ တေးထပ်တွေကို နောက်ထပ်ရှာပြီး ဆရာတော်ကြီးကို ပြကြပြန်တော့ လယ်တီပဏ္ဍိတက 'ငါ့မှာ အကြောင်းရှိရင် ဆရာလေးကို အားကိုးရတာ၊ ခုတော့ ဆရာလေးက နှိပ်စက်တယ်'

မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ဒေါ်ဓမ္မစာရီ



မစိုးရိမ်ဆရာတော်ကြီး သက်တော် ၉၀-ပြည့်မွေးနေ့ပွဲ၌ ဒေါ်ဓမ္မစာရီ

လို့ ပြောပါသတဲ့။ လယ်တီပဏ္ဍိတဟာ တားမရပါဘူး၊ လူထွက်သွားပါတယ်။ လူထွက်တော့ သင်္ကန်းမဆီးခင်က လူနာမည် 'မောင်သန့်စင်'ကို အသုံးမပြုတော့ဘဲ အမျိုးသမီးရဲ့နာမည် 'မမကြီး'နဲ့ လိုက်ဖက်အောင်လားမသိ၊ 'မောင်မောင်ကြီး' ဆိုတဲ့နာမည်ကို ယူလိုက်ပါတယ်။

ဆရာကြီးက 'တို့များတော့ ၁၂၅၆-ခုနှစ်က အိမ်ကထွက်လာပြီး ဥပုသ်စောင့်တယ်၊ ၁၂၅၇-ခုနှစ်မှာ သီလရှင်ဝတ်တယ်၊ အဲဒီကတည်းက ကနေ့အထိ(၁၃၃၀-ခုနှစ်အထိ) တစ်ခါမှ လူထွက်ဖို့ မတွေးဖူးဘူး၊ မကြံဖူးဘူး'လို့ ကျွန်မကို ပြောပါတယ်။

ဆရာကြီးဒေါ်ဓမ္မစာရီက စကားစပ်မိနေလေတော့ ရတနာပုံခေတ် သီလရှင်သမိုင်းကလေးကိုလည်း အကျဉ်းချုပ် ကျွန်မကိုပြောပါသေးတယ်။ သူ့ဆရာက ဂူကလေးချောင်က သီလရှင်ဆရာအိ၊ ဆရာအိရဲ့ဆရာက သီလရှင်ဆရာထပ်ခေါ်တဲ့ မယ်ဇေသာရီ၊ မယ်ဇေသာရီရဲ့ ဆရာက ဆရာကင်းနဲ့ မယ်နတ်ပေးတို့ ဖြစ်ပါသတဲ့။

မယ်နတ်ပေးက တောင်မြို့ (အမရပူရ) ဘိုးတော်ဦးဝိုင်းရဲ့သားအိမ်ရှေ့မင်း ကသည်းပြည်ကို သွားတိုက်တော့ အပြန်မှာ ကသည်းကြီးတစ်ယောက်နဲ့ သမီးမိန်းကလေးတစ်ယောက် တောင်မြို့ပါလာတယ်။ အဖေကသည်းကြီးက မင်းကွန်းဘုရားကြီးတည်ရာမှာသွားပြီး အုပ်ချုပ်ပေးရတော့ သမီးမိန်းကလေးကို ဝါးချက်ရှာ (ဝတ်ချက်ရှာ)အထက်က ဂူတစ်လုံးချောင်က သီလရှင်တစ်ပါးဆီ အပ်ထားခဲ့တယ်။ ဒီမိန်းကလေးကြီးပြင်းလာတော့ 'သီလရှင်မယ်နတ်ပေး'ရယ်လို့ထင်ပေါ်ကျော်ကြားလာတယ်။ မယ်နတ်ပေးကို ကြီးပြင်းအောင်မွေးပေးတဲ့ သီလရှင်ကြီးက တောင်ဆောင်တော်မိဖုရားကိုးကွယ်တဲ့ သီလရှင်ကြီးတဲ့။ သီလရှင်မယ်ကင်းလည်း အင်းဝကိုရောက်လာတဲ့ ကသည်းအမျိုးသမီးကလေးပဲ။

ဒီသီလရှင်နှစ်ပါးဟာ စစ်ကိုင်းတောင်ရိုး ဥမင်သုံးဆယ်ဘုရားမြောက်ဘက်က ကြာနီကန်တောထဲ တဲထိုးပြီး တရားအားထုတ်နေကြတယ်။ အဲဒီလိုနေတဲ့အချိန်က အမရပူရမှာ ပုဂံမင်းစိုးစံနေတယ်။ မင်းတုန်းမင်းက မင်းမဖြစ်သေးဘူး၊ မင်္ဂလာအိမ်တော်စံဘဝ။ နောင်တော်ကို လုပ်ကြံဖို့ ပုန်ကန်ခြားနားလာတဲ့အခါ ရွှေဘိုဒိစတြိတ် ကျောက်မြောင်းကနေပြီး စစ်ကိုင်းအထိရောက်လာတယ်။

တစ်နေ့တော့ သီလရှင်ဆရာကြီးနှစ်ပါး (ဆရာကင်းနဲ့ ဆရာမယ်နတ်ပေး) ချုံထဲမှာ တရားအားထုတ်နေတုန်း တောထဲ ယောကျ်ားတစ်ယောက်ရောက်လာပြီး 'မင်းတုန်းမင်းသား ရေကြည်တော်ဆာလို့ ရေပေးပါ' လို့ တောင်းလာတယ်။ ဆရာကြီးတွေက 'ယူပါ ယူပါ'လို့ ပြောပြီးပေးလိုက်တယ်။ ရေသောက်ရတဲ့ မင်းတုန်းမင်းသားက 'ရေဘယ်ကရခဲ့သလဲ' မေးတော့ 'ချုံထဲမှာ တရားအားထုတ်နေတဲ့ သီလရှင်တွေဆီကပါ'လို့ လျှောက်တဲ့အခါ လိုက်ကြည့်ပြီး၊ ကြည်ညိုတာနဲ့ 'ငါထီးနန်းရရင် ဒီသီလရှင်ဆရာကြီးတွေကို ပင့်ကိုးကွယ်မယ်'လို့ မှတ်သားသွားသတဲ့။

တောင်မြို့ရောက်တော့ မိုးကောင်းဝန်က ညီတော်မင်းတုန်းရဲ့အကြံကို နောင်တော် ပုဂံမင်းကိုလျှောက်တော့ နောင်တော်ပုဂံမင်းက အသာတကြည်ပဲ 'ဖြစ်မှဖြစ်ရပလေ၊ ညီတော်နန်းစံချင်ရင် ငါဆင်းပေးမှာပေါ့'လို့ပြောပြီး အနောက်မုခ်ကဆင်းပေးတော့ ညီတော်မင်းတုန်းက အရှေ့မုခ်က နန်းတက်တယ်။ နို့ပေမယ့် မင်းပြောင်းမင်းလွဲမှာ လူတွေတော့အနည်းနဲ့အများဒုက္ခရောက်ကြပါသေးတယ်။

တောင်မြို့က မန္တလေးကို မင်းတုန်းမင်းပြောင်းရွှေ့လာတဲ့အခါ နန်းတော်အနောက်ဘက်က တောရကျောင်းမှာ တောနဲ့တူအောင်ဖန်တီးပြီး သီလရှင်ဆရာကြီးနှစ်ပါးကို ရွှေထီးမိုးပြီးလာပင့်တယ်။

ဆရာကြီး
ဒေါ်ဓမ္မစာရီ

ဈေးချိုသူ
တုတ်တုတ်

ဆရာကြီးတွေဆီကို တစ်နေ့တော့ အပျိုကလေးတစ်ယောက်ရောက်လာပြီး သီလရှင်ဝတ်သတဲ့။ သူ့နာမည်က မယ်ထပ်၊ သီလရှင်ဘွဲ့က မယ်ဇသာရီတဲ့။ ဒီမယ်ဇသာရီရဲ့ အမျိုးတွေ ပန်းဆိုးတန်း မင်္ဂလာဈေးမှာရှိသေးတယ်။ မင်းကွန်းကဂူကလေးချောင်ကို မယ်ဇသာရီတည်တာပဲ။ မယ်ဇသာရီကို တောင်ဆောင်တော်မိဖုရားက တစ်လကို ရိက္ခာတော် ၃၀၀ ကျပ်နဲ့ ပိုးအုပ်တွေ ကိုယ်ရုံတို့ ခါးဝတ်တို့ ချုပ်ဖို့ လှူတယ်။ မယ်ဇသာရီက ပိုးအုပ်ကို ဘုရားကန့်လန့်ကာ (ကလကာ)ချုပ်လှူတယ်၊ ဘုန်းကြီးတွေကိုလှူတယ်၊ သူမဝတ်ဘူး။ ဒေါ်ဇသာရီ၏တပည့်က အင်းဝကဆရာအိတဲ့၊ ဆရာအိဟာ ဒေါ်ဓမ္မစာရီရဲ့ ဆရာပဲ။

ဆရာကြီးဒေါ်ဓမ္မစာရီကလည်း သူ့ဆရာ့ဆရာတွေလိုပဲ ပိုးကို ဘယ်တော့မှမဝတ်ဘူး၊ ဖျင်ကိုပဲ ကိုယ်ရုံ ရုံတယ်။ အဲဒါကို လယ်တီပဏ္ဍိတဦးမောင်ကြီးကမြင်တော့ တောကိုဖျင်အုပ်မှာပြီး ဆရာကြီးကိုလှူတယ်။ ဆရာကြီးက ဖျင်ကိုယ်ရုံကို ရုံထားတော့ ဦးမောင်ကြီးက 'တို့ဆရာကလေးက ဖျင်ရုံပေမယ့် ကြည်ညိုဖွယ်ဖြစ်နေတာပဲ'လို့ ပြောသတဲ့။ ဆရာကြီးတရားဟောလို့ ဈေးချိုမြောက်ပေါက်အထွက်က အစ်ခွက်ကုန်သည်ဒေါ်ခင် အသက်၄၀-ရွယ်လောက်လည်း သီလရှင်ဝတ်တယ်၊ ရေကြည်စုက စိန်ကုန်သည်အရီးအိုရဲ့ သမီး မပုလဲ သီလရှင်ဝတ်တယ်-လို့ ဆရာကြီးက ကျွန်မကို ပြောပြပါတယ်။

အဲဒါပြီးတော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မစိုးရိမ်ဆရာတော်ကိုပူဇော်တဲ့ တေးထပ်တစ်ပုဒ်ကိုလည်း ပြန်လည်ရွတ်ဆိုပြပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မစိုးရိမ်ဆရာတော်ကြီးဦးသူရိယ (ပြည်ထောင်စုခေတ်၌ အဘိဓဇမဟာရဋ္ဌဂုရု+ဆဋ္ဌသင်္ဂါယနာသံယမဟာနာယက)က စစ်ကိုတိမ်းရှောင်လို၍ ပထမမှာ ရှားပင်ချောင်၌ နေပြီးတတိယနှစ်မှာ မင်းကွန်း ဒေါ်ကြမ်းတိုက်မှာပြောင်းပြီး သီတင်းသုံးဝါဆိုပါတယ်။ အဲဒီအခါက ဝါကျွတ်ကန်တော့ပွဲမှာ ဆရာကြီးတို့က မစိုးရိမ်ဆရာတော်ကြီးကို 'ဂါထာကိုးခန်းစာတော်ပန်း' အပြင် အာမိသပူဇာအနေနဲ့ ငါးကျပ်တန်ငွေစက္ကူတွေကို ဒေါင်းရုပ်သဏ္ဍာန်လုပ်ပူဇော်ပြီး ဒေါင်းနှုတ်သီးမှာ အောက်ပါတေးထပ်ကို ကိုက်ချီထားစေပါသတဲ့။ မစိုးရိမ်ဆရာတော်ကြီးဦးသူရိယက ပဋ္ဌာန်းချရာမှာ နာမည်ကြီးတာမို့-

ကွန်းရွှေမြိုင် သောင်းကေတုဆီက၊ သြောင်းဟေတုဟေတု။ဒေါင်းရွှေညို နေတဆူငယ် (ဆရာတော်ရဲ့ဘွဲ့တော်က ဦးသူရိယမှတ်လား)၊ ဇေယျတူ သံရင့်။ ကျောင်းဆောင်တော့ဝေဇယန်မှာ၊ နေရဟန် လမ်းဖြောင့်ကိုဖွင့်။

ပစ္စည်း(နှင့်)ပစ္စယုပ္ပန်၊ နှစ်ရပ်နာမ် ဒွန်ပွင့်။ ဖြစ်ချုပ်ဟန်ညွှန်သဖြင့်သာပ၊ ခုနစ်ဆင့် ဗောဇ္ဈင်။ စက်ဘုန်းရောင်သာရှင်မြူးသော်ကြောင့်၊ ကြာခင်ဘူး ပွင့်မည်ပြင်ဆင်။

မစိုးရိမ့် ဂုဏ်သခင်ကို၊ စုံအလင် ဆုခြွေသန့်ပါလို့၊ ဥဒေတယံ့ မောရဗျာဂီ ဟောဘုရားလာပြီ။ နိဗ္ဗာန်နန်းမျှားမဲ့ထေရ်ကို၊ ဦးငဲ့ချီ ငွေဒေါင်းဘုရားလေး။

ဒီတေးထပ်ကို 'မေဓာ့ယာဉ်ပျံ' ကလောင်အမည်ခံ ဦးဝိစိတ္တသာရာဘိဝံသကရေးစပ်ပြီး အပူဇော်ခံဆရာတော်ကြီးက ဦးသူရိယမို့ ဒေါင်းရုပ်နဲ့ပူဇော်ကြတာတဲ့လေ။

ဆရာကြီးအသက် ၉၀-ပြည့် မွေးနေ့မှာ မစိုးရိမ်ဆရာတော်ကြီး ကြွရောက်ချီးမြှင့်တော့ ဆရာကြီးက ဆရာတော်

ကြီးကို ကန်တော့ရင်းနဲ့ ဆရာဒကာ နှစ်ဦးစလုံးက အိုမင်းလှ ကြပြီမို့ 'ဒီလိုသာပဲ အမြဲကန်တော့ပူဇော်နေချင်ပါဘိတယ်' လို့ ကျွန်မတို့ကို ပြောပြပါသေးတယ်။ မစိုးရိမ်ဆရာတော်က ၁၂၄၁-ခုဖွား၊ ဆရာကြီးက ၁၂၄၀-ပြည့်ဖွား၊ တစ်နှစ်ငယ် တစ်နှစ်ကြီးဖြစ်ကြပြီး ငယ်စဉ်ကတည်းက ရင်းနှီးကြည်ညို ခဲ့ကြပါသတဲ့။

ဆရာကြီးဒေါ်ဓမ္မစာရီ သီတင်းသုံးနေထိုင်တဲ့ ရန်ကုန် အိမ်ကြီးချောင်က ဓမ္မနာဒတိုက်ရဲ့ အထက်နားကလေးတွင် ကပ်နေပါတယ်။ ရန်ကုန်က ဒေါ်ဘုတ်ဆုံရဲ့သမီး ပရမတ္ထ ကုမ္မာရီအသင်းသူဒေါ်ကြင်က ဆောက်လုပ်လှူဒါန်းထားတဲ့ ရေနံတွေမှည့်နေတဲ့ သစ်သားမှန်တံခါးတပ်ဇရပ်ကြီးကို အစွဲပြုပြီး 'ရန်ကုန်အိမ်ကြီးချောင်'လို့ခေါ်တာပါ။ အဲဒီရဲ့ အထက်နားကပ်နေတာက မယ်ဇသာရီတည်သွားတဲ့ (မယ် နတ်ပေး တရားအားထုတ်တဲ့ ဂူကလေးကိုအစွဲပြုပြီး မှည့် ခေါ်တဲ့) ဂူကလေးချောင်ပါ။



ဆရာကြီးဒေါ်ဓမ္မစာရီဟာ လယ်တီဆရာတော်၊ မဟာ ဝိသုဒ္ဓါရုံဆရာတော် အစရှိတဲ့ဆရာတော်ကြီးများထံ ဩဝါဒခံ တရားဓမ္မနဲ့ပတ်သက်လို့ ဗဟုသုတလောက်ငုံထံတဲ့အပြင် ပထမဓမ္မနာဒဆရာတော်ဦးပညာစက္ကမထေရ်ထံ အဘိဓမ္မာ ဆိုင်ရာ မူလဋီကာ၊ အနုဋီကာကျမ်းများ၊နေတ္တိကျမ်းများကို ဆိုဝါအဖြစ် သင်ကြားတတ်မြောက်လို့ အဋ္ဌကထာ၊ ဋီကာကြီး များကို ကောင်းကောင်းကြည့်နိုင်တဲ့ ဉာဏ်ပညာကြွယ်ဝသူ ဖြစ်လေတော့ တရားသဘောကို နက်နက်နဲနဲ ကြံတတ် မေး တတ် ကျင့်တတ်သူဖြစ်ပါတယ်။ နေ့အခါမှာ ပါဠိအဋ္ဌကထာ၊ ဋီကာကိုကြည့်ပြီး၊ ညအခါ ပါဠိအဋ္ဌကထာ၊ ဋီကာ တို့နှင့် အညီ တရားနှလုံးကျင့်သုံးနိုင်သူ ကျင့်သုံးသူဖြစ်၍ ဝိဇ္ဇာ (နှင့်) စရဏ=အသိရောအကျင့်ပါ စွယ်စုံပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဆရာကြီးဟာ ဝိနည်းပိဋကတ်ကိုလည်း နာယူသင်ကြား ခဲ့တဲ့အတွက် ဘုရားလက်ထက်က မိထွေးတော်ဂေါတမီ အစရှိတဲ့ ရဟန္တာထေရီတို့ကျင့်ပုံတွေကိုလည်း လေ့လာ မှတ်သား အဝါးဝသူဖြစ်လို့ ရဟန်းငယ်များကို ဆုံးမစကား ပြောကြားလိုရင် တိုက်ရိုက်မပြောဘဲ 'ဦးပဥ္စင်း၊ ဘယ်မထေရ် ဟာ ဘယ်လိုကျင့်သတဲ့၊ စာထဲမှာပါတယ်။ ဘယ်ဆရာတော် ကြီးကတော့ ဘယ်လိုကျင့်သတဲ့' စသည်ဖြင့် သွယ်ဝိုက်၍ အဆုံးအမစကားပြောကြားလေ့ရှိပါတယ်။

ယနေ့ သာသနာတော်မှာ လွန်စွာထင်ရှားနေတဲ့ တိပိဋကဓရဆရာတော်ဦးဝိစိတ္တသာရာဘိဝံသဟာ ဆရာ ကြီးက ငယ်ငယ်ကတည်းက ဓမ္မဆိုင်ရာနည်းပေးလမ်းပြ သွန်သင်ဆုံးမလာတဲ့ သားရဟန်းတစ်ပါးပါပဲ။

ဖွားဖွားလေး၊ ဒေါ်ဓမ္မစာရီနှင့် လူထုဒေါ်အမာ

ဆရာကြီးမြေတောင်မြှောက်ပြီး ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ခဲ့တဲ့ သာသနာ့အပင်ကြီးဖြစ်တဲ့ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရန်ကုန်မြို့မှာကျင်းပတဲ့ ဆဋ္ဌသင်္ဂါ ယနာပွဲတော်ကြီးမှာ မဟာစည်ဆရာတော်ကြီးမေးသမျှကို အောင်မြင်စွာဖြေဆိုနေတဲ့ သတင်းကောင်းကို ဆရာကြီး ဒေါ်ဓမ္မစာရီက မင်းကွန်းကနေပြီး ကြားရတဲ့အခါ သာမန် လူတို့ရဲ့ ပီတိနှလုံးလွှမ်းဖုံးခြင်းမျိုးမဖြစ်ဘဲ သားရဟန်းဆီကို သတိပေးမှုပြုတဲ့ စာတစ်စောင်ပို့ပါသတဲ့။ စာမှာက ဘုရား ရှင်ရဲ့ပိဋကတ်တွေကို နှုတ်ငုံဖြေကြားနေရာမှာ ဖြေကာမတ္တ မဟုတ်ဘဲ အရှင်နာဂသေနရဲ့ထုံးကိုနှလုံးမူပြီး ထိုတရားတော်

တွေကို ကိုယ်တိုင်လည်း ဆင်ခြင်သုံးသပ်ပါ၊ ရှင်နာဂသေန ဟာ သူဟောတဲ့တရားကို သူပြန်ပြီးသုံးသပ်လို့ သောတာပန် ဖြစ်ရတယ်လို့ပါသတဲ့။

ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသဟာ မိမိကျောင်းက နေပြီး အိမ်ကြီးချောင်ကို တစ်နေ့လျှင် အနည်းဆုံးတစ်ခေါက် တက်ပြီး မယ်တော်ဆရာကြီးကို ကြည့်ရှုစောင့်ရှောက်တယ်။ မယ်တော်ဆရာကြီးကလည်း သားရဟန်းကျောင်းကို မကြာ မကြာလာရောက်ပါတယ်။

တစ်နေ့တော့ ဆရာတော်က စာချနေပါတယ်၊ စာဆိုတဲ့ ရဟန်းငယ်ကို အားမရနိုင်လို့ အသံပြင်းပြင်းနဲ့ ငေါက်ငမ်း ပြောဆိုသံကို ဆရာကြီးက ကြားလိုက်တော့ 'အံမယ် စာချ နေသလား အောက်မေ့ပါ၊ အပြီးသတ်တော့ မောင်ပဥ္စင်းက လှည်းမောင်းနေတာကိုး'လို့ မြည်တွန်တောက်တီးသွားပါ သတဲ့။

ဆရာကြီးဟာ အသက် ၉၀-ကျော်အထိ သတိမလွတ်ဘဲ တရားဓမ္မနဲ့သာ ငယ်ရွယ်သူတွေကို ဆိုဆုံးမရင်း ၁၃၃၃-ခု၊ ဝါခေါင်လဆုတ် ၆-ရက်နေ့၊ ည ၁၁-နာရီ၊ ၁၅-မိနစ်အချိန် အသက် ၉၃-နှစ်အရွယ်မှာ လူ့ရပ်ငြီးလို့ နတ်ထီးခိုလှုံသွား ပါတယ်။

မယ်တော်ကြီးဒေါ်ဓမ္မစာရီရဲ့ နောက်ဆုံး ဈာပနကို ၁၃၃၃-ခု၊ ဝါခေါင်လကွယ်နေ့ ၂၀-၈-၇၁-ရက်မှာ ကျင်းပ တော့ တပည့်ရင်း ပထမကျော်ဒေါ်ပုညဝတီက-

သီလာဒိဂုဏသမ္ပန္နံ၊ နာနာရဋ္ဌေသု ပါကဋံ။

ဉာတိသု ဇေဋ္ဌထေရိံ၊ ဝန္ဒာမဟံ + စေရိနိံ မယံ။

သီလ-သမာဓိ-ပညာဟု သုံးဖြာထွေထူး ဂုဏ်ကျေးဇူး တို့နှင့် အထူးကုံလုံ ပြည့်စုံပါပေထသော၊ ကမ္ဘာ့သမိုင်းဝင် မြန်မာ့တိုင်းတွင်မက သီဟိုဠ်စ,သား တိုင်းအများတို့၌ သိက္ခာ သုံးတန် ကြိုင်ရန့်ဖြင့် လှိုင်ပျံ့ကျော်ကြား အလွန်ထင်ရှား ပါပေထသော၊ ဘာသန္တရဆောက ဓမ္မဒေသက ပုဂ္ဂလနှင့် သစ္စဝါဒီ ဋီကာလမ်းမှန် ကျမ်းမြတ်ဂန်ကို ပြုဖန်ရေးသ အန္တတ္ထ ကြောင့် ဂန္ထကာရက ပုဂ္ဂလ-ဟု နာမကျော်ကြား အလွန် ထင်ရှားပါပေထသော၊ မိန်းမတကာ သူတော်စွာတို့တွင် သီလဝတီဥက္ကဋ္ဌ ထူးမြတ်သော ပါရမီနွယ် သာကီတင့်ထူး မဟာထေရီမယ်တစ်ဦးပမာ ဖြစ်ပါပေထသော၊ ကျမ်းဂန် သာဓက ထုတ်ဖော်ပြ၍ ကျနသိပ်သည်း နိဿရည်းဖြင့် ကျင့်နည်းအဝဝ ဆိုဆုံးမသည့် အနန္တကျေးဇူးရှင် ဆရာသခင် အရှင်မကြီးကို ဂူကလေးဟု ပြန့်မွှေးသညာ ချောင်ရိပ်သာ၌ ဆရာစဉ်ဆက် ဆုံးမချက်ကို မပြတ်လိုက်နာ ခုတိုင်ကြာအောင် ညီညာဝပ်တွား တပည့်အများတို့သည် ပစ္စုပ်သံသာ နှစ်ဖြာ ဝင်္ကြွေး အပြစ်ဘေးမှ လွတ်အေးစေငှာ စေတနာဖြင့် ဝေဖြာညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါ၏ဘုရား- လို့ ဆရာကြီးကို ပါဠိဂါထာနဲ့ပူဇော်ကန်တော့တယ်။

မင်းကွန်းဓမ္မနာဒတိုက် ဓမ္မာစရိယ စာချဆရာတော် အရှင်ဝေပုလ္လာစာရကတော့-

အမ့် ▪ တိပိဋကဓရ ပထမဝင်္ဂသကာ ကြေညာထင်ရှား ဆရာတော်ဘုရားနှင့်တကွ ဓမ္မနာဒတိုက်သား အကျွန်ုပ်တို့ သံဃာအများ၏၊ မာတာ ▪ ဂေါတမီပမာ အရာရာဝယ် သာသနာအချိုးကျစေဖို့ ပေါရာဏိက ထေရအပဒါန် နည်း နာမွန်ကို ညွှန်လျက်ညွှန်လျက် နှစ်သက်စဖွယ် သဒ္ဓါကြွယ်၍ နာဖွယ်ကြည်နူး မြွက်ဖော်ကျူးသဖြင့် ကျေးဇူးများဖြင့် သာသနာ့မိခင်ကြီး ဖြစ်ပါပေထသော၊ ယာဓမ္မစာရီ ▪ ယနေ့ ခေတ် သီလရှင်သာသနာဝင်ဝယ် အရှင်မခေမာလော မှတ်ထင်စောလောက်အောင် သဘောဉာဏ်ဂမ္ဘီရ ဟော ပြောပုံဆန်းကြွယ်လှသည့် အကြင်ဆရာကြီးဒေါ်ဓမ္မစာရီ သည်၊ မဟာ မဟန္တိ ▪ ဆယ့်ခုနစ်နှစ် ပျိုမျစ်နုစဉ် သီလရှင် ဘဝ ဖြစ်သည်ကလျှင် စ၍သချာ ရေတွက်ပါသော် သိက္ခာ ခုနစ်ဆယ့်ခြောက် ပြည့်မြောက်ခိုင်ဖြိုး ထေရ်ကြီးပါမောက် ပြောင်ရွှယ်လည်းရောက်ခဲ့ပါပေ၏-လို့ ဆရာကြီးကို ဂုဏ်ပြုတဲ့ ဂုဏာဘိတ္ထဝဓမ္မဂီတိဂါထာမှာ မြွက်ဖော်ခဲ့ပါတယ်။

မလှိုင်က ကာဗျဝိဒူအရှင်စန္ဒဇောတိ ရေးဖွဲ့တဲ့သံဝေဂ ဓမ္မဂီတိမှာတော့-ဓမ္မစာရိနီ=ဓမ္မဝိနယ ရှိသမျှဟု ပိဋကသုံးပုံ ရဂုံကျက်စား ဖက်မထားဘဲ မျက်ဝါးထင်ထင် ကျွမ်းကျင် တတ်သိ တောတိုင်လှည့်ပေသော၊ ယာ ဓမ္မစာရိနီ=အမျိုး သမီးသာသနာဝင် သီလရှင်လောက ထိပ်ဆုံးမှထင်ပေါ် သဖြင့် စင်တော်ကကောက် ချီးမြှောက်ဖွဲ့ချီး အကြင်သီလရှင် ဆရာကြီးဒေါ်ဓမ္မစာရီသည်၊ အာဂတာဂမ ထေရဿ ▪ ပရိယတ္တိသာသနာ ဝင်္ဂသကာဘွဲ့ထူးရ အစိုးရပထမကျော် နိုင်ငံတော်တိပိဋကဓရသာသနာ့လက်ရွေး ဓမ္မနာဒဆရာ တော်ကလေးအရှင်ဝိစိတ္တသာရာဘိဝံသ၏၊ မာတာ အာသိ ▪ မဟာပဇာပတိဂေါတမီ သက်တော်ရှည်ဘွဲ့ချီး မိထွေးတော် ကြီးပမာ အရာရာယုယသည့် သာသနာ့မိခင် ဂုဏ်တင်အပ်ဖြီး ကျေးဇူးရှင်မယ်တော်ကြီး ဖြစ်ခဲ့ပါပေ၏-လို့ ဂုဏ်ပြုထောမနာ ခဲ့ပါတယ်။

အပွင့်ကြီးလို့ အသီးအောင်တယ်၊ အသီးအောင်လို့ မြားမြောင်တဲ့မျိုးစေ့တွေကို ပေးစွမ်းနိုင်တယ်ဆိုစကားနဲ့ တူလှပါဘိတယ်။ ။

လူထုဒေါ်အမာ

သာသနာပြုဖက်

မြတ်ဆုမွန်

ဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်း

လောကမှာ ရဟန်းရှင်လူပုဂ္ဂိုလ်အသီးသီးတို့ ခင်မင် ရင်းနှီးအကျွမ်းဝင်ကြပုံအမျိုးမျိုး ရှိကြရာမှာ သာသနာပြုဖက်အနေမျိုးနဲ့ ခင်မင်ရင်းနှီးကျွမ်းဝင်ခွင့်ရကြတာဟာ အင်မတန်မှရခဲပြီး မွန်မြတ်သန့်ရှင်းတဲ့ ခင်မင်ကျွမ်းဝင်ရမှုမျိုးပဲလို့ ဆိုရပါမယ်။

ဆဋ္ဌသင်္ဂါယနာအတွေ့အကြုံကို မှတ်တည်ပြီးရေးရရင် သတိုးသီရိသုဓမ္မဆာဦးသွင်ကို အကြောင်းပြုလို့ ရှေးကမဆုံဆည်းဖူးခဲ့ကြတဲ့ မဟာစည်ဆရာတော်ကြီးနဲ့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတို့နှစ်ပါးဟာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ သာသနာပြုဖက်အဖြစ် ပါဝင်ဆောင်ရွက် တော်မူခွင့်ရခဲ့ကြပါတယ်။ ဒါ့အတူ မဟာစည်ဆရာတော်ကြီးနဲ့ ဆာဦးသွင်တို့ဆိုတာကလည်း ရှေးက မဆုံဆည်းကြဖူးပါလျက်နဲ့ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီကို အကြောင်းပြုပြီး ကြည်ညိုကျွမ်းဝင်တဲ့ အဖြစ်ကိုရောက်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒါ့အတူ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနဲ့ ဆာဦးသွင်တို့ဆိုတာကလည်း မင်းကွန်းအိမ်ကြီးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီကို အကြောင်းပြုပြီး ကြည်ညိုကျွမ်းဝင်ကြတဲ့အဖြစ်ကို ရောက်ခဲ့ကြရတာဖြစ်ပါတယ်။

ဒါကြောင့်မို့ မဟာစည်ဆရာတော်ကြီး, မင်းကွန်းတိပိဋကဓရဆရာတော်ကြီး, ဆာဦးသွင်, ဒေါ်ဓမ္မစာရီ, ဒေါ်မာလာရီဆိုတဲ့ သာသနာပြုဖက်ပုဂ္ဂိုလ်ကြီးများရဲ့ဆက်စပ် တွေ့ဆုံကြုံကြိုက်ကြပုံနဲ့ လက်တွဲညီညီ သာသနာပြုကြပုံများ ဟာ သူ့နေရာနဲ့သူ ကွက်တိဖြစ်နေကြတာမို့ ဒီဘဝမှာမှမဟုတ်ဘဲ ရှေးရှေးဘဝတွေကများ တင်ကြိုအစီအစဉ်ချကြပြီး ဒီဘဝ ရောက်လာကြရင် ဒီလိုသာသနာပြုကြမယ်လို့ ဇာတ်တိုက် ဝင်ရောက်လာကြလေရော့သလားလို့တောင်မှ ထင်မိပါတော့တယ်။

ဆာဦးသွင်က ၁၂၄၀-ပြည့်၊ နတ်တော်လပြည့်ကျော် ၅-ရက်၊ (၁၃-၁၂-၁၈၇၈)မော်လမြိုင်မြို့မှာ ဖွားမြင်ပါတယ်။ မင်းကွန်း အိမ်ကြီးချောင်ဆရာကြီး ဒေါ်ဓမ္မစာရီက ၁၂၄၀-ပြည့်၊ တပို့တွဲလဆန်း ၄-ရက်၊ (၂၅-၁-၁၈၇၉) မန္တလေးမြို့မှာ ဖွားမြင်ပါတယ်။ သမိဒ္ဓေါဒယချောင်ဆရာကြီးဒေါ်မာလာရီက ၁၂၄၂-ခုနှစ်၊ နတ်တော်လပြည့်ကျော်-၁၄၊ (၃၀-၁၂-၁၈၈၀)၊ ညောင်တုန်းအပိုင် ခတ္တိယရွာကြီးမှာ ဖွားမြင်ပါတယ်။ မဟာစည် ဆရာတော်ကြီးက ၁၂၆၆-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက်၊ (၂၉-၇-၁၉၀၄)ရက် ရွှေဘိုဆိပ်ခွန်ရွာဇာတိ ဖြစ်ခဲ့တာတဲ့။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကတော့ ၁၂၇၃-ခု၊ တန် ဆောင်မုန်းလဆန်း ၁၁-ရက် (၁-၁၁-၁၉၁၁) မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာမှာ မီးရှူးဖွားမြင်တာ ဖြစ်ပါတယ်။

အဲဒီသာသနာပြုဖက်ပုဂ္ဂိုလ်ကြီးငါးဦးမှာ ဆာဦးသွင်က ၁၃၂၇-ခု၊ တပို့တွဲလဆန်း ၁၂-ရက်၊ (၂-၂-၆၆)။ ဒေါ်ဓမ္မစာရီက ၁၃၃၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆-ရက်၊ (၁၂-၈-၇၁)။ မဟာစည် ဆရာတော်ကြီးက ၁၃၄၄-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀-ရက်၊ (၁၄-၈-၈၂)။ ဒေါ်မာလာရီက ၁၃၄၂-ခု၊ တပို့တွဲလဆန်း၆-ရက် (၁၀-၂-၁၉၈၃)။ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကတော့ ၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်၊ (၉-၂-၉၃)မှာ ဘဝတသွန် စံလွန်တော် မူခဲ့ကြပါတယ်။

သာသနာပြုဖက်ပုဂ္ဂိုလ်ငါးဦးတို့ရဲ့အကြောင်းကို ရေးမယ်ဆိုရင် ဂူကလေးချောင် ဆရာကြီးဒေါ်ဓမ္မစာရီအကြောင်းကစရေးမှ သရုပ်ပေါ်ပါလိမ့်မယ်။ ဒေါ်ဓမ္မစာရီဆိုတာက အခုတိပိဋကဓရဆရာတော်ကြီး သီတင်းသုံးတော်မူတဲ့ ဓမ္မနာဒကျောင်းတိုက်ကို ပထမဆုံး တည်ထောင်ပေးခဲ့တဲ့ သီလရှင်ဆရာကြီးပါ။ ဆရာကြီးက ဓမ္မနာဒတိုက်ရဲ့အထက်နားမှာတည်ရှိတဲ့ ဂူကလေးချောင်မှာနေတာမို့ ရှေးအခါက ဂူကလေးချောင်ဆရာကြီးလို့ တွင်ပါတယ်။

ဆရာကြီးဒေါ်ဓမ္မစာရီဟာ ငယ်ငယ်တုန်းက ရုပ်ချော, နာမည်ကြီးတဲ့ မန္တလေးဈေးချိုသူတစ်ဦးမို့ သီလရှင်ဘဝကူးလာတာဟာ အင်မတန်မှ သဒ္ဓါတရားထက်သန်လွန်းလို့ဆိုရပါမယ်။ အိမ်ကမိဘတွေတားတဲ့ကြားက ဆံစုအဆုံးထားပြီး သီလရှင်ဝတ်လာတာပါ။ သီလရှင်ဖြစ်လာတော့လည်း သီလရှင်ဆရာကြီးဆရာအိ၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ မင်းကွန်းဇေတဝန်ဆရာတော်ကြီးစတဲ့ ဆရာတော်ကြီးတို့ထံမှာ စာလိုက်ဖူးပါတယ်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနဲ့လည်း မဟာဝိသုဒ္ဓါရုံဆရာတော်၊ လယ်တီဆရာတော်တို့ထံမှောက် အတူစာလိုက်ဖက် သာသနာပြုဖက်အလွန်ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါ။ ဆရာကြီးဟာ ပါဠိဂါထာဖွဲ့စီရာမှာ နိုင်နင်းတယ်လို့ နာမည်ကျော်ပြီး သစ္စဝါဒီသူဌေးဦးလွန်းရဲ့ ရွှေတံဆိပ်ဆုကြီးကို သစ္စဝါဒီဋီကာကျမ်းရေးလို့ ရခဲ့ဖူးပါတယ်။ စာတတ်ပေတတ် သီလရှင်ဆရာကြီးဖြစ်တာကြောင့် ဓမ္မကထိက အကျော် အနီးစခန်းဆရာတော် အရှင်ပဏ္ဍိတက 'ပရိယတ်နဲ့ဉည့်ခံဖို့ ဆရာကြီးဒေါ်ဓမ္မစာရီပဲ သီလရှင်ဘက်က ခံ့ခံ့ညားညားရှိတယ်၊ ပညာအရည်အချင်းကလည်း ဂုဏ်ယူလောက်အောင်ရှိတယ်'လို့ တရားပွဲတစ်ခုမှာ ထုတ်ဖော်အမိန့်ရှိဖူးပါသတဲ့။

ဆရာကြီးဒေါ်ဓမ္မစာရီဟာ သူဌေးကြီးဆာဦးသွင်ရဲ့ ဇနီးဖြစ်လာမယ့် ဒေါ်ဒေါ်သိန်းနဲ့ အရင်တွေ့ဆုံခဲ့ကြတာပါ။ အင်္ဂလိပ်ခေတ်ကသူဌေးစာရင်းဝင် ဦးဖေ+ဒေါ်လေးတို့ရဲ့ သမီးဒေါ်ဒေါ်သိန်းက လယ်တီဆရာတော်ကြီးတည်ထောင်တဲ့ ပရမတ္ထသံခိပ်အသင်းမှာ သံခိပ်အသင်းသူအဖြစ်နဲ့ အဘိဓမ္မာစာပေများကို လိုက်စားခဲ့ပါသတဲ့။

အဲဒီအချိန်က ဒေါ်ဓမ္မစာရီကလည်း အဖေဦးလူပိန်ဆုံးသွားလို့ အမေဒေါ်သီးနဲ့ မောင်နှမတွေက 'သီလရှင်ဝတ်ကထွက်ပါ၊ မထွက်ရင် အတင်းဆွဲချွတ်မယ်'လို့ ပြောကြတာနဲ့ မိသားစုကိုရှောင်တဲ့အနေနဲ့ သီဟိုဠ်ကို ဘုရားဖူးအဖွဲ့နဲ့အတူလိုက်သွားတယ်။ သီဟိုဠ်ရောက်တော့ ချက်ချင်းပြန်မလာဘဲ ဟိုမှာဘဲ နှစ်နှစ်လောက်နေပြီး စာသင်တယ်။ ပြီးတော့ မြန်မာပြည်ပြန်လာပြီး ရန်ကုန် ဗဟန်းရပ် ရွှေဂုံတိုင်တောရမှာ မှီခိုနေရင်း အဘိဓမ္မာသံခိပ်သင်ချင်သူ အမျိုးသမီးငယ်တွေကို သင်ပေးနေတယ်။ ဒီလိုနဲ့ သံခိပ်သင်ပေးနေတဲ့ ဒေါ်ဓမ္မစာရီနဲ့ သံခိပ်သင်ချင်တဲ့ ဒေါ်ဒေါ်သိန်းတို့ ဆုံဆည်းခဲ့ကြပါတယ်။ ဒေါ်ဒေါ်သိန်းတို့က ဒေါ်ဓမ္မစာရီကို ကြည်ညိုလို့ ဗဟန်းတောရမှာ ဇရပ်တစ်ဆောင်ဆောက်

ဆာဦးသွင်

လှူကြပါတယ်။ ဒီနောက် ဆာဦးသွင်နဲ့ အိမ်ထောင်ကျ အကြောင်းပါပြီးတော့လည်း ဆာဦးသွင်+ဒေါ်ဒေါ်သိန်းတို့က ဆရာကြီးကို ဆက်လက်ကိုးကွယ်လာခဲ့ကြပါတယ်။

၁၂၆၉-ခုနှစ်လောက်မှာ ဆရာကြီးဒေါ်ဓမ္မစာရီ ရန်ကုန်ကနေ မင်းကွန်းကိုပြန်လာပြီး မူလနေခဲ့တဲ့ ဂူကလေးချောင်မှာနေပါသေးတယ်။ ဒီနောက် ရန်ကုန်က ဒေါ်ဘုတ်ဆုံရဲ့သမီး သံခိပ်အသင်းသူ ဒေါ်ကြင်လှူပြီး ရန်ကုန်က တရုတ်လက်သမားတွေနဲ့ ဆောက်လှူတဲ့ ဇရပ်ကြီးမှာနေပါတယ်။ အဲဒီအချိန်က မင်းကွန်းကသီလရှင်တွေထဲမှာ ဆရာကြီးတစ်ပါးပဲ မှန်တံခါးတွေနဲ့ ဒီလို အသားဇရပ်ကြီးမျိုး အလှူခံရဖူးတာရှိပါတယ်။ အခြားသီလရှင်တွေဆိုတာက တဲကျောင်းကလေး, အသားကျောင်းကလေးနဲ့ နေရချိန်ပါ။ဆရာကြီးရဲ့ဇရပ်ကြီးကို ရန်ကုန်က အရာရှိတွေ ဆောက်နေလေ့ရှိတဲ့အိမ်ကြီးတွေနဲ့ တူလို့ ရွှေကျင်ဂိုဏ်းက စည်ရှင်ဆရာတော်ကြီးအရှင် ကောသလ္လက ချောင်အမည်ပေးရာမှ အဲဒီဇရပ်ကြီးကို အစွဲပြုပြီး 'အိမ်ကြီးချောင်'လို့ အမည်ပေးပါတယ်။

ဆရာကြီးဒေါ်ဓမ္မစာရီက အိမ်ကြီးချောင်မှာနေတုန်း ပထမဓမ္မနာဒဆရာတော်ဖြစ်လာမယ့် မြင်းခြံဇာတိ ဆရာတော်ဦးပညာစက္ကက ၁၂၇၃-ခုနှစ်မှာ မန္တလေးကနေ ပုလိပ်ရောဂါကပ်ဘေးရှောင်ရင်း မင်းကွန်းဂူကလေးချောင်နားက ဦးပုကြီးရဲ့ တောင်ပေါ်ကြီး ပိဋကတ်တိုက်မှာလာပြီး စာပေလေ့လာဖတ်ရှုနေသတဲ့။ ဒေါ်ဓမ္မစာရီလည်း ဦးပညာစက္ကနဲ့ တွေ့ဆုံတဲ့အခါ ဦးပညာစက္ကရဲ့ သီလ, ပညာကို လေ့လာအကဲခတ်မိ ကြည်ညိုတာနဲ့ ၁၂၈၀-ပြည့်နှစ်လောက်မှာ အိမ်ကြီးချောင်ရဲ့အခြေမှာ မြေရှင်းလို့ ကျောင်းငယ်တစ်ဆောင်ဆောက်၊ ဓမ္မနာဒလို့ ကျောင်းတိုက်အမည်ပေးပြီး ကျောင်းတည်ကိုးကွယ်ခဲ့ပါတယ်။ ဆာဦးသွင်+ဒေါ်ဒေါ်သိန်း တို့ကလည်း ဒေါ်ဓမ္မစာရီကို အကြောင်းပြုပြီး ကျောင်းသစ်ဖြစ်လာတဲ့ ဓမ္မနာဒကျောင်းနဲ့ ကျောင်းထိုင်ဆရာတော် ဦးပညာစက္ကကို ကိုးကွယ်ဆည်းကပ်ခဲ့ကြပါတယ်။

ဒီလိုဓမ္မနာဒတည်ပြီး ၁၀-နှစ်ကြာတော့ ၁၂၉၁-ခုနှစ်မှာ မြင်းခြံမြို့ မင်းကျောင်းတိုက်က ရှင်ဥပဇ္ဈာယ်ဆရာ သမားပျံလွန်လို့ ပညာဆက်လက်သင်ဖို့ရာ ရှင်ဝိစိတ္တသာရဟာ မင်းကွန်းဓမ္မနာဒတိုက်ကို ရောက်လာပါသတဲ့။ ရောက်လာတဲ့ ရှင်ဝိစိတ္တသာရကို ဓမ္မနာဆရာတော်ဦးပညာစက္ကက စာပေသင်ကြားပေးပြီး၊ ဆရာကြီးဒေါ်ဓမ္မစာရီက သားရင်းသဖွယ် စားသောက်ရေး, နေထိုင်ရေးမှအစ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ ရှင်ဝိစိတ္တနဲ့ ဒေါ်ဓမ္မစာရီ တွေ့ကြတဲ့အချိန်မှာ ဒေါ်ဓမ္မစာရီက သက်တော် ၅၂-နှစ်၊ ရှင်ဝိစိတ္တက ၁၉-နှစ်၊ ဆရာကြီးက ရှင်ဝိစိတ္တထက် ၃၃-နှစ်ကြီးပါတယ်။ တကယ့်အမေနဲ့သား တွေ့ကြသလိုပါပဲ။

၁၂၉၂-ခုနှစ်မှာ ကိုရင်ဝိစိတ္တသာရ သက်တော် ၂၀-ပြည့်ပြီမို့ ဆရာကြီးဒေါ်ဓမ္မစာရီက ပစ္စည်းလေးပါးဒကာခံပြီး ရှေးဦးပထမရဟန်းပြုပေးပါတယ်။ နောက်မှ သူဌေးကြီး ဆာဦးသွင်နဲ့ဒေါ်ဒေါ်သိန်းတို့က ပစ္စည်းလေးပါးဒကာခံပြီး ရဟန်း ပြုကြပြန်ပါတယ်။ ဒီနေရာမှာ မင်းကွန်းဆရာတော်ကြီး လောင်းလျာ အရှင်ဝိစိတ္တသာရအကြောင်း နည်းနည်းရေးပါဦးမယ်။ မင်းကွန်းဆရာတော်ကြီးဟာ ကိုရင်ဘဝကပဲ အစိုးရ ပထမငယ်, ပထမလတ်တန်းတို့ကို မြင်းခြံမှာအောင်မြင်ခဲ့ပြီး၊ မင်းကွန်းကိုရောက်တော့ ပထမကြီးတန်း, အမျိုးသားပထမ ကြီးတန်းနဲ့ အစိုးရပထမကျော်၊ သကျသီဟစာသင်တန်းနဲ့ စာချတန်းတို့ကိုပါ အောင်မြင်တော်မူလို့ အဲဒီခေတ်က ပါဠိ ပညာရေးလောကမှာ ရှိရှိသမျှစာမေးပွဲတွေအကုန်အောင်မြင်တော်မူခဲ့ပြီပြီလို့ပြောရင်တောင်ရနေပါပြီ။ အဲသလို စာပေပရိယတ်ဘက်မှာ ကုံလုံပြည့်စုံအောင် သင်ကြားခဲ့ရတာဟာ အချို့ပုဂ္ဂိုလ်တွေဆို နေရာဌာနအသီးအသီး စာချဆရာအမျိုးမျိုးတို့ထံမှာ သင်ယူခဲ့ရပေမယ့် ဆရာတော်ကတော့ ဆရာတော် ဦးပညာစက္က တစ်ပါးတည်းထံမှာသာ သင်ယူခဲ့တာဖြစ်လို့ ဆရာတော်ဦးပညာစက္ကရဲ့ ပညာအစွမ်းကို အကဲခတ် သိနိုင်လောက်ပါတယ်။ ပါဠိတော်, အဋ္ဌကထာ,

မဟာစည်ဆရာတော်

ဋီကာစတဲ့ ခိုင်ခံ့တဲ့ ပရိယတ်စာပေတွေမှာသာ မွေ့လျော်လိုတဲ့ ဓာတ်သဘောဟာလည်း အရှင်ဝိစိတ္တသာရရဲ့ နှလုံးသားမှာ ကိန်းအောင်းလို့ နေပါပြီ။ ဒီလိုနဲ့ ၁၂၉၉-ခုနှစ်မှာ ပထမမွေ့နာဒ ဆရာတော် ဦးပညာစက္က ပျံလွန်တော်မူတော့ သိက္ခာခုနစ်ဝါမျှ ရှိတော်မူတဲ့ အရှင်ဝိစိတ္တသာရ အရှင်မြတ်ဟာ ဒုတိယမွေ့နာဒ ဆရာတော်အဖြစ် ကိုရောက်ရှိခဲ့ပါတယ်။ ရဟန်းဒကာရင်းဖြစ်တဲ့ သူဌေးကြီးဆာဦးသွင်နဲ့ ဒေါ်ဒေါ်သိန်းတို့က ကျောင်းအဆောင်မှအစ လိုလေသေးမရှိ ဆက်လက်ထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။

ဒီနေရာမှာ သူဌေးကြီးဆာဦးသွင်အကြောင်း နည်းနည်းရေးပါဦးမယ်။ ဆာဦးသွင်ဆိုတာက မော်လမြိုင်ဇာတိ။ ၁၉၁၁- ခုမှာ ရန်ကုန်ကောလိပ်က အက်ဖ်အေ (First Art) စာမေးပွဲကိုအောင်ပြီး ပညာအုပ်လုပ်ဖူးတယ်။ နောက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို စတင်လုပ်ရာက ဆန်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်စတဲ့ စက်ရုံကြီးတွေ ပိုင်လာခဲ့ပါတယ်။ ဒီနောက် ဗြိတိသျှခေတ် မြန်မာ့စီးပွားရေးလောကမှာ ဆာဦးသွင်မပါတာ မရှိသလောက်ပါပဲ။ ချစ်တီးဆီက မြန်မာတွေ ငွေချေးနေရတဲ့အချိန်မှာ ချစ်တီးက ဦးသွင်ဆီငွေလာလှည့်ရတဲ့ အထိ ချမ်းသာခဲ့ပါတယ်။ ၁၉၄၁-ခုမှာ အင်္ဂလိပ်အစိုးရက ဆာဘွဲ့ပေးလို့ ဆာဦးသွင်လို့ တွင်ပါတယ်။

ဆာဦးသွင်ဟာ စီးပွားရေးလောကမှာသာ အောင်မြင်ကျော်ကြားတဲ့ပုဂ္ဂိုလ်ဖြစ်တာမဟုတ်ဘဲ သာသနာတော်စည်ပင်တိုးတက်အောင်ချီးမြှောက်ရာမှာလည်း ရှေ့တန်းကနေ မားမားမတ်မတ်ရွက်ဆောင်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးလို့ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်နီးတော့ ဆာဦးသွင်က 'လွတ်လပ်ရေးရတဲ့အခါ ကိုယ့်တိုင်းကိုယ့်ပြည်ကို ပြန်ထူထောင်ကြရာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး-စတဲ့ ဘက်စုံထောင့်စုံက နိုင်ရာနိုင်ရာ ဝိုင်းဝန်းထူထောင်ကြမှာပဲ၊ ဒီအခါမှာ သူကလည်း ကျွန်တစ်ခေတ်မှာ ညှိုးနွမ်းခဲ့ရတဲ့ သာသနာတော်ကို ပြုစုစောင့်ရှောက်ထူထောင်ပါသကော'လို့ ကြံစည်သမှုပြုထားတာတွေ ရှိနေပါတယ်။

သူဌေးကြီးရဲ့အကြံက ပရိယတ္တိနှင့် ပဋိပတ် သာသနာတော်နှစ်ရပ်ကို ချီးမြှောက်ထောက်ပံ့ဖို့ပဲ။ ဒီသာသနာတော်နှစ်ရပ်မှာ ပရိယတ်သာသနာတော်ကို ချီးမြှောက်ရတာက မခက်ဘူး။ ပဋိပတ္တိဆိုတဲ့ ဝိပဿနာပွားများအားထုတ်မှုလုပ်ငန်းကို ချီးမြှောက်ရတာက အလွန်ခက်ခဲမယ့်ကိစ္စပဲ။ ဒါကြောင့် ဘုရားဟောနည်းနဲ့လည်း ကိုက်ညီအောင် တရားပြနိုင်ပြီး မိမိကိုယ်တိုင်အဖို့လည်း ရာသက်ပန်ပဋိပတ်ဆရာအဖြစ် ကိုးကွယ်သွားနိုင်မယ့် ဆရာတစ်ဆူရဖို့ကို ရည်ရွယ်ပြီး ပဋိပတ္တိသာသနာပြုလုပ်ငန်းအတွက် ပဋိပတ်ဆရာတစ်ဦးကို စုံစမ်းရှာဖွေနေပါသတဲ့။

၁၃၀၉-ခုနတ်တော်လဆန်း၁-ရက်(၁၃-၁၁-၄၇)မှာ ပရိယတ္တိ၊ပဋိပတ္တိ နှစ်ဖြာသောသာသနာတော်တို့ကို ချီးမြှောက်ဖို့ရည်ရွယ်ချက်နဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကိုတည်ထောင်ခဲ့တယ်။ ဥက္ကဋ္ဌကဆာဦးသွင်ပါပဲ။ အဲဒီ အဖွဲ့ကြီးကကြီးမှူးပြီး ပဋိပတ္တိရိပ်သာကြီးတစ်ခု ထူထောင်မယ်။ ထူထောင်ဖို့ မြေ၊ ခြံ၊ အိမ်အတွက်ဆာဦးသွင်က သူပိုင်ငါးဧကကျယ်တဲ့ အခု သာသနာ့ရိပ်သာနေရာကြီးကို လှူခဲ့ပါတယ်။

ဒီနောက် ပဋိပတ္တိဆရာရဖို့ သတင်းစုံစမ်းရာကနေ ၁၃၀၉-ခုနှစ်မှာ သူဌေးကြီးဟာ စစ်ကိုင်းမှာရှိတဲ့ သူ့သမီး

မင်းကွန်းဆရာတော်

ဒေါ်ခင်ခင်ကြီးထံ သွားရောက်တွေ့ဆုံ လည်ပတ်ရာက 'ရွှေဘို မြို့ ဆိပ်ခွန်ရွာမှာသီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးဟာဖြင့် တရားပြတော်တယ်၊ သူ့တရားကလည်း ကောင်းတယ်'လို့ ချပ်သင်းဦးဘတင်က သူဌေးကြီးဆီကို သတင်းစကားပါးပါတယ်။ သူဌေးကြီးကလည်း 'ဒီလိုမှဖြင့် အင်မတန်အဆင်ပြေတာပဲ။ အဲဒီဆရာတော်ကိုသာ စစ်ကိုင်းကို ပင့်ပေးပါ'လို့ပြောတော့၊ ဦးဘတင်ကလည်း 'ပင့်ပေးပါမယ်'ဆိုပြီး ကတိပေးဝန်ခံခဲ့တယ်။

ချပ်သင်းသူဌေးဦးဘတင်ဟာ မဟာစည်ဆရာတော်ကြီးနဲ့ သူဌေးကြီး ဆာဦးသွင်တို့တွေ့ဆုံမိအောင် လက်ဦးသတင်းပေးတဲ့ပုဂ္ဂိုလ်ပါပဲ။ ဦးဘတင်က ဆုံမိအောင် သတင်းသာပေးတာ၊ ဒီပုဂ္ဂိုလ်နှစ်ဦး စွဲစွဲမြဲမြဲ မခွဲဘဲ ဆုံဆည်းသွားအောင်ကို တော့ လုပ်မပေးနိုင်ခဲ့ပါဘူး။ အဲဒီ အလုပ်ကို လုပ်ပေးခဲ့သူက စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယကျောင်း ဆရာကြီးဒေါ်မာလာရီ ဖြစ်ပါတယ်။

ဒေါ်မာလာရီကလည်း ဆိပ်ခွန်က ဝိပဿနာ တရား သတင်းကိုကြားနေတာကြာပြီ။ နို့ပေမယ့် တွေတွေဆိုင်ဆိုင် ဆုံဆည်းပြီး မနာဖူးသေးဘူး။ ဆာဦးသွင်က ချပ်သင်းဦးဘတင်ထံကို မစုံစမ်းခင် ဒေါ်မာလာရီထံကိုလည်း မေးပါသေးတယ်။ ဒေါ်မာလာရီက သူကိုယ်တိုင် လက်တွေ့အားမထုတ်ရသေးလို့ ဆိပ်ခွန်တရားကို မညွှန်ပြဘဲ ဒိပြင် ဝိပဿနာကျောင်းတွေကိုပဲ ပြောပြနေသတဲ့။

ချပ်သင်းဦးဘတင်ပင့်လို့ မဟာစည်ဆရာတော်က စစ်ကိုင်းကို တရားဟောဖို့ကြွလာပါတယ်။ ဆာဦးသွင်က ဆရာတော်ကြီးရဲ့တရားကို သာမန်နာရုံမဟုတ်သေးဘဲ ဆရာတော်ရဲ့ ဥပဓိ, ခြေလက်အင်္ဂါပါအကဲခတ် ကြည်ညိုချင်တာမို့ တိုင်မကွယ်တဲ့ဇရပ်မှာ တရားပွဲလုပ်စေချင်နေပါတယ်။ ဒါ့ကြောင့် ချပ်သင်းကျောင်းမှာတရားပွဲမလုပ်စေဘဲ ကျယ်ကျယ် ဝန်းဝန်းရှိတဲ့ သမိဒ္ဓေါဒယကျောင်းဓမ္မာရုံမှာ တရားပွဲ လုပ်ဖို့စီစဉ် ကြပါတယ်။ ကျောင်းဆရာကြီး ဒေါ်မာလာရီကလည်း လိုလိုချင်ချင် ဖိတ်ခေါ်ခွင့်ပြုရုံမက ဘူး၊ 'တရားပြဆရာတော်ကို ဆွမ်းလည်းကပ်မယ်၊ တရားနာတွေကိုလည်း ဖိတ်ပေးဦးမယ်၊ ဓမ္မာရုံလည်း ရှင်းလင်းပေးပါမယ်'လို့ ဝန်ခံလာပါတယ်။ ဒါနဲ့ ဝါခေါင်လပြည့်ကျော် ၂-ရက်မှာ မဟာစည်ဆရာတော်ကြီး စစ်ကိုင်းကိုကြွလာပါတယ်။ လပြည့်ကျော်၃-ရက်၊နေ့၂-နာရီမှာ မာလုကျပုတ္တသုတ်ကို လက်တွေ့နဲ့ညှိပြီးဟောတယ်။ ဆာဦးသွင်က ဆရာတော်ကိုအကဲခတ်ရင်း ကျကျနနတရားနာတယ်။ မဟာစည်ဆရာတော်ကို ရွှေဦးဖူးရကတည်းက ပဋိပတ္တိဆရာအဖြစ်ကိုးကွယ်ဖို့ သဘောကျနေပါပြီ။ တရားပွဲပြီးတော့ ဒေါ်မာလာရီက တရားတော်ဆက်ချီးမြှင့်ပါဦးလို့ တောင်းပန်တာနဲ့ ဆရာတော်က နှစ်ရက်ဆက် တရားဟောရပါသေးတယ်။

ဒေါ်မာလာရီက ဆရာတော်ဟောတဲ့တရားကို နှစ်သက်လွန်းလို့ မကြာမီမှာ ကိုယ်တိုင်လာ အားထုတ်ပါ့မယ်လို့ ဆရာတော့်ကို ကတိပေးပါတယ်။ သီတင်းကျွတ်တော့ ဒေါ်မာလာရီနဲ့ ညီမ ဒေါ်သုဓမ္မစာရီတို့ ဆိပ်ခွန်ကို လိုက်သွားကြပြီး သုံးလ တရားအားထုတ်ကြတယ်။ သုံးလပြည့်တော့ တရားအားထုတ်ရတာ အင်မတန်သဘောကျလို့ သူဌေးကြီးဆာဦးသွင်ဆီ စာလှမ်းရေးပါတယ်။ စာထဲမှာလည်း 'သူဌေးကြီး၊ သူဌေးကြီးရဲ့ ကျေးဇူးကြောင့် ကျွန်မအပါယ်ဘေးနဲ့ ဆင်းရဲက လွတ်ကင်းပါပြီ'လို့ ရေးလိုက်ပါသတဲ့။

ဒီစာရတော့ ဆာဦးသွင်က ဒေါ်မာလာရီဆိုတာ စာတတ်သီလရင်ကြီး။ ထရံကာဆရာကြီး၊ မဟာဂန္ဓာရုံဆရာတော်ကြီး၊ ချမ်းအေးဆရာတော်ကြီး၊ မစိုးရိမ်ဆရာတော်ကြီး အရှင်နန္ဒဝံသ၊ ရေကန်ကျောင်းဆရာတော်-

စတဲ့ဆရာတော်ကြီးများအမှီပြုခဲ့ရတာမို့ သူတော်ကောင်းဓလေ့စရိုက်ကိုအင်မတန် ယဉ်ပါးသိလွယ်နေတဲ့ သီလရှင်ကြီးပဲ။ သူ ပြည့်ပြည့်ဝဝထောက်ခံတာမို့ ဘာမှမမှားနိုင်ဘူး။ ဆိပ်ခွန်က မဟာစည်ဆရာတော်ကို အမြန်ပင့်မှပဲလို့ ဦးနုနဲ့တိုင်ပင်ပြီး ရန်ကုန်ကို ပင့်စေပါသတဲ့။ ဒါနဲ့ ၁၃၁၁-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်မှာ ရန်ကုန်သာသနာ့ရိပ်သာကို မဟာစည်ဆရာတော်ကြီး ကြွရောက်တော်မူလာပါတယ်။ မဟာစည်ဆရာတော်ကြီးဟာ ရန်ကုန်ကို ပဋိပတ်သာသနာပြုဖို့ ကြွတော်မူလာတာဖြစ်ပေမယ့် အဲဒီအချိန်မှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲနဲ့ ကြုံကြိုက်နေတာမို့ ပရိယတ်သာသနာပြုဖို့ အခွင့်အလှည့်ကြုံ လာပြန်တယ်လို့ ပြောရမှာပါပဲ။

ဒေါ်မမ္မတာရီ

သူဌေးကြီးဆာဦးသွင်ဟာ ပဋိပတ်သာသနာပြုဖို့ ပဋိပတ် ဆရာရသွားပြီးတဲ့နောက် သူဌေးကြီးက သူနဂိုကြံစည်ရင်းဖြစ်တဲ့ ပရိယတ်သာသနာဘက်ကို အားပေးပြုစုဖို့အတွက် ဆဋ္ဌသင်္ဂါယနာတင်ချင်တယ်၊ သင်္ဂါယနာတင်ပွဲမှာ ဦးဆောင်မယ့် တိပိဋကဓရ ပုဂ္ဂိုလ်ရဖို့ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကိုလည်း ကျင်းပချင်နေတယ်။ ဒီကိစ္စတွေကို ဒုတိယကမ္ဘာစစ်အတွင်း အစောကြီးကပဲ သားရဟန်းဖြစ်တဲ့ ပညာလည်းတော်တဲ့ အရှင်ဝိစိတ္တသာရကို တိုင်ပင်ခဲ့သေးသတဲ့။ ဆရာတော်က အင်းမလုပ် အဲမလုပ်ဘဲ ဒီလိုနေခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးလို့ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကျင်းပတော့ ၁၃၁၀-ပြည့်နှစ် ပထမဆုံးအကြိမ်မှာ သူဌေးကြီးက သူ့ဦးပဉ္ဇင်းကို တိပိဋကဓရအဖြစ် ဝင်ဖြေစေချင်တယ်။ ဆရာတော်ကြီးက 'လေ့လာပါရစေဦး'ဆိုပြီး ဝင်မဖြေဘူးတဲ့။ အဲဒီနှစ်က တိပိဋကဓရစာမေးပွဲ ဂေဇက်အောင်စာရင်း ထုတ်တော့ အောင်သူမရှိဖြစ်ခဲ့ရပါတယ်။ ဒါနဲ့ ဆရာတော်က သူ့ဒကာကြီးရဲ့ဆန္ဒကိုဖြည့်စွက်ဖို့ သူတိပိဋကစာမေးပွဲ ဝင်ဖြေပြီး ကျေးဇူးဆပ်မယ့်အကြောင်း ထုတ်ဖော်မိန့်ကြားပါတယ်။

နောက်တစ်နှစ် ၁၃၁၁-ခုနှစ်မှာ ဆရာတော် ဝင်ဖြေဖို့ လုပ်ပေမယ့် ကျက်ရမယ့်စာက နည်းနည်းကျန်နေသေးလို့ ဝင်မဖြေဘဲ ၁၃၁၂-ခုနှစ်၊ ၁၃၁၃-ခုနှစ်၊ ၁၃၁၄-ခုနှစ်၊ ၁၃၁၅-ခုနှစ်-စတဲ့ လေးနှစ်မှာ သတ်မှတ်ထားတဲ့ စာမေးပွဲတွေကို အစဉ်အတိုင်း အာဂုံရောရေးဖြေပါ ဝင်ရောက်ဖြေဆိုလို့ အားလုံးမှာ ဂုဏ်ထူးတွေချည်းရ တိပိဋကဓရအဖြစ်ရောက်ရှိကာ ရဟန်းဒကာကြီးရဲ့ ကျေးဇူးကို တုံ့ပြန်နိုင်ခဲ့ပါတယ်။

အဲသလို မိမိကိုးကွယ်ဆည်းကပ်နေတဲ့ သားရဟန်းတော် တိပိဋကဓရဖြစ်ပြီမို့ သူဌေးကြီးဟာ တိပိဋကဓရပါမှဖြစ်မယ်ဆိုတဲ့ ဆဋ္ဌသင်္ဂါယနာပွဲကြီးကို ကျကျနနလုပ်ဖို့ အားတက်လို့နေပါတယ်။ သူ့စည်းစိမ် ကုန်ချင်သလောက် ကုန်သွားပါစေ ဆိုတဲ့ စိတ်စေတနာလည်း ဖြစ်နေပါတယ်။

ဒါသော်လည်း သင်္ဂါယနာတင်ပွဲ ဆိုတာက တိပိဋကဓရ ပုဂ္ဂိုလ်တစ်ပါးတည်းက ဦးဆောင်တင်ရတာ မျိုးမှမဟုတ်ဘဲ၊ တိပိဋကဓရပုဂ္ဂိုလ်ကို ပရိသတ်အလယ်မှာ မေးခွန်းထုတ်ဆင်မယ့် ပုစ္ဆကပုဂ္ဂိုလ်ကလိုသေးတာမို့ အဲဒီ ပုဂ္ဂိုလ်မျိုးရဖို့ရှာကြ ရပြန်ပါတယ်။ နောက်ဆုံးမှာတော့ သူဌေးကြီး ပဋိပတ်ဆရာအဖြစ်ပင့်လာတဲ့ မဟာစည်ဆရာတော်သာလျှင် ဒီနေရာနဲ့ အသင့်တော်ဆုံးပဲလို့ ရွေးချယ်ကြလို့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ ဆရာတော် ဦးပညာစက္ကနဲ့ဒေါ်မမ္မတာရီတို့ ပြောင်းမြောက်ပြီး သူဌေးကြီးဆာဦးသွင်အစဉ်တစိုက်ကိုးကွယ်ဆည်းကပ်လာခဲ့တဲ့ လောကုတ္တရာ သားရဟန်း တိပိဋကဓရအရှင်ဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇကအဖြေဆရာတော်အဖြစ် ဆောင်ရွက်ပြီး၊ ပုစ္ဆကအဖြစ် သမိဒ္ဓါဆရာကြီးဒေါ်မာလာရီ တိုက်တွန်းလို့ သူဌေးကြီးဆာဦးသွင် ပဋိပတ်ဆရာအဖြစ် ကိုးကွယ်ထားတဲ့ မဟာစည်ဆရာတော်ကြီးအရှင်သောဘနက ဆောင်ရွက်ကြမယ်လို့ အစီအစဉ်တွေ ဖြစ်ပေါ်ပါတော့တယ်။

ဒေါ်မာလာရီ

အဲသလို ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တော့ သူဌေးကြီးဆာဦးသွင်နဲ့ သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီတို့ရဲ့ ဝမ်းမြောက် ပီတိဖြစ်မှုကို ဘယ်သူမှ လိုက်မီမှာ မဟုတ်ပါဘူး။

သူဌေးကြီးဆာဦးသွင်ဟာ ဆရာ အရာမှာထားဖို့ သူပင့်လာတဲ့ရဟန်းတော် ကမေးလို့ သူရဟန်းခံထားတဲ့ သားရဟန်း ကဖြေလို့မို့ အင်မတန်ကြည်နူးနေရှာမှာပါ။ သူဌေးကြီးနဲ့ထပ်တူ ဒီမဟာထေရ်ကျော် နှစ်ပါးတို့ကို စောင့်ရှောက်ခဲ့ကြတဲ့ သမိဒ္ဓေါဒယ ဆရာကြီးဒေါ်မာလာရီ၊ အိမ်ကြီးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီတို့ရဲ့ ရင်ထဲနှလုံးထဲမှာ လည်း ဝမ်းမြောက်ပီတိဖြစ်လို့ ဆုံးကြမှာ မဟုတ်ပါဘူး။

ဆရာကြီးဒေါ်ဓမ္မစာရီကဆိုရင် ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ ဖြေဆိုသူ ဝိသဇ္ဇက ပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်တော်မူနေတဲ့ သားရဟန်းရဲ့အသံကို အဝေးကလှမ်းပြီး နားစိုက်နေတယ်။ ပြီးတော့မှ 'မိမိဖြေဆိုနေတဲ့တရားတွေကို သင်ကိုယ်တိုင်လည်း မမေ့မလျော့ သိတိနဲ့ယှဉ်ပြီး ဆင်ခြင်သုံးသပ်ပါ ငါ၏ချစ်သား' ဆိုတဲ့ စာတစ်စောင်ကို ပါဠိလို ရေးသားပြီး သား ရဟန်းထံကို ပို့ပေးပါတယ်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲဟာ သာသနာ ၂၅၀၀- ကာလအတွင်းမှာ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာ အထက်တန်း ရောက်အောင် ပို့ဆောင်ပေးတဲ့ပွဲကြီးတစ်ပွဲပါ။ ဒီသင်္ဂါယနာ တင်ပွဲမှာ မဟာစည်ဆရာတော်ကြီးက ပါဠိတော်များနဲ့ စပ်လို့ မေးသင့်မေးထိုက်တာတွေကို ထည့်ဝါခဲ့ညားတဲ့အမူအရာ အသံနေအသံထားနဲ့ မေးလို့၊ တစ်ဖက်ကလည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ဖြေသင့်တာများကို ခံ့ခံ့ညားညား ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်းဖြေကြား လျှောက်ထားတာဖြစ်လို့ ဒီပွဲကြီးဟာ ထေရဝါဒသာသနာ့ သမိုင်းမှာ ဖူးရခေါင့်ပွဲကြီး ပါပဲ။ ဒီပွဲကြီးကို တက်ရောက်ကြ သူပုဂ္ဂိုလ်တွေရော၊ အဝေးက ကြားနာနေရတဲ့ ရှင်ရှင်လူလူ ပုဂ္ဂိုလ်အားလုံး ဝမ်းမြောက်ဝမ်းသာပီတိဖြစ်နေကြတယ်။

ရဟန်းတော်ပေါင်း သိန်းချီသီတင်းသုံးတော်မူနေတဲ့ မြန်မာနိုင်ငံမှာ မဟာစည်ဆရာတော်ကြီးနဲ့ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးတို့နှစ်ပါးကို ဆာဦးသွင်က ရွေးချယ်ပြီး သာသနာပြုဖက်အဖြစ် ဆည်းကပ်မိတာကစပြီး ကမ္ဘာဆုံးတိုင် မမေ့နိုင်တော့မယ့် သာသနာပြုလုပ်ငန်းကြီးတွေကို လုပ်ဆောင်တော်မူခဲ့ကြတာဟာ အလွန်ထူးခြားတဲ့ သာသနာပြုဖက်တွေပါကလားလို့ပဲ ရေးရပါတော့မယ်။ ။

မြတ်ဆုမွန်

မညှိုးဂုဏ်ရည်နှစ်ကြာရှည်

❖ ဧရာဝတီ၊ နဒီမြစ်လျှ၊
ကာလရှည်ကြာ၊ စီးဆင်းလာသို့၊
ဆရာထေရ်ရှင်၊ နိဗ္ဗာန်ဝင်လည်း၊
အရှင်ကျေးဇူး၊ ဂုဏ်အထူးသည်၊
ချီးကျူးမကုန်၊ အံ့ဖွယ်ဂုဏ်နှင့်၊
လုံးစုံပြည့်ဝ၊ ဤလောက၌၊
ပြောရမဆုံး၊ နာမဆုံးတည့်။
မဆုံးပါပြီ၊ မြစ်နဒီမင်း၊
သွင်သွင်ဆင်းသို့၊ မင်းကွန်းမြေမှ ထေရ်ဘုန်းရှင်. . .။

❖ တတ်သိအရွယ်၊ ခပ်ငယ်ငယ်မှ၊
ကျင့်ဖွယ်သီလ၊ မြတ်ဓမ္မကို၊
မမေ့အပ်စွာ၊ ခါးဝတ်လွှာသို့၊
မြဲစွာကျင့်လျက်၊ ဝတ်မပျက်ခဲ့၊
အသက်ဆုံးတိုင် မြဲခိုင်ခိုင်. . .။

❖ သာသနာအတွက်၊ ကြိုးစားလျက်မို့၊
မိန့်မြွက်ဟောကြား၊ မြတ်ဘုရား၏၊
စကားလိုက်နာ၊ သံသရာမှ၊
လွတ်ရာလွတ်ကြောင်း၊ နည်းလမ်းကောင်းကို၊
အပေါင်းသူငါ၊ သိစေရာဟု၊
အခါတိုင်းမှာ၊ ဟောခဲ့ပါ၏. . .။

❖ အဋ္ဌာရှစ်ချက်၊ မဂ္ဂစက်နှင့်၊
ဖြစ်ပျက်အမှန်၊ ရုပ်နာမ်ခန္ဓာ၊
မမြဲရာမို့၊ သစ္စာလေးချက်၊
အသိဖက်၍၊ မပျက်'သတိ'၊
'သမာဓိ'နှင့်၊ ဝိပဿနာ၊
တရားရှာ၍၊ ကိုယ်မှလည်းကျင့်၊
တစ်ဆင့်နည်းပြ၊ လောကအမှောင်၊
အလင်းဆောင်သည်၊ ဘုန်းခေါင်ထိပ်တန်းပါတကား. . .။

❖ စာပေပရိယတ်၊ ပဋိပတ်နှင့်၊
အဋ္ဌကထာ၊ ဋီကာကျမ်းကုန်၊
အလုံးစုံနှင့်၊ သုံးပုံပိဋကတ်၊
သင်ကြားတတ်မြောက်၊ ထက်အောက်မကျန်၊
နှုတ်ငုံအံ၍၊ တစ်ရံမထောက်၊
တစ်ခေါက်ဖတ်မိ၊ လုံးစုံသိ၏။

ကဝိဉာဏ်ထက်၊ ပညာဘက်တွင်၊
ပြိုင်ဘက်အတူ၊ မရှိဟူ၏။
သူသည်ပထမ၊ တိပိဋကဓရ၊
ဓမ္မဘဏ္ဍာဂါရိက၊ လောကထိပ်တန်း၊
မြတ်ရဟန်းတည့်. . . ။

❖ သီလမှာရှိ၊ သမာဓိနှင့်၊
တတ်သိပညာ၊ ပြည့်စုံပါ၏။
သိက္ခာဝိနည်း၊ စောင့်စည်းလိုက်နာ၊
ထိန်းသိမ်းကာဖြင့်၊ စာပေကျမ်းဂန်၊
ပို့ချပြန်ခဲ့၊ သုံးတန်ပိဋက၊
ကျမ်းအမြတ်ကို၊ မပြတ်ရွတ်အံ၊
နှုတ်ငုံပြန်၍၊ ထူးချွန်ပုဂ္ဂိုလ်၊
ပေါ်ထွက်လို၍၊ ကိုယ့်လိုတိပိဋက၊
ဓရဘွဲ့ဖူး၊ ဆွတ်ခူးနိုင်ရန်၊
စိတ်အကြံဖြင့်၊ တည်ဖန်တိပိဋက၊
နိကာယဟု၊ နာမမည်ဟီး၊
ကျောင်းတော်ကြီးမှ၊ ပေါ်ပြီးရင်းပေါ်၊
ကျော်ပြီးကျော်သည့်၊ မဟော်ပဏ္ဍိ၊
များစွာပည့်ဟု၊ ကဝိသံဃာ၊
မွေးထုတ်လာရာ၊ များစွာနှစ်ပေါင်းရှည်ခဲ့ပြီ. . . ။

❖ မင်းကွန်းမြေမှ၊ စာပေရွှတ်သံ၊
တညံညံနှင့်၊ ရံခါမစဲ၊
ရွတ်ဖတ်ဆဲတည်း၊ နောင်လည်းအတူ ကြားရမှုအံ့။

❖ တစ်ဆူကဝိ၊ ထေရ်မရှိလည်း၊
ထေရ်ရှိပမာ၊ စောင့်ထိန်းလာခဲ့။
တစ်ရာနှစ်ပေါင်း၊ ကြာမြင့်ညောင်းလည်း၊
တအောင်းမေ့မေ့၊ တမြေ့မြေ့နှင့်၊
စေ့စေ့တွေးကာ၊ မမေ့ပါခဲ့။
ဆရာထေရ်ရှင်၊ မြတ်ဘုန်းခင်ကို၊
ဦးတင်ရိုကျိုး၊ ကျွန်ရှိခိုး၏၊
မညှိုးဂုဏ်ရည်၊ နှစ်ကြာရှည်ခဲ့ပါတကား. . . ။ ။

နန်းတင်ရင်(ပခုက္ကူ)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် ရတုပိုဒ်စုံ

ဖူးပွင့်ဝေဖြာ၊ စောသတ္တာ၏၊ သုံးဖြာမှန်လှ၊ သဒ္ဓမ္မနှင့်၊ ကမ္ဘာ့တန်ဆာ၊ ဖိုးထိုက်စွာသား၊ ရတနာမျိုးစုံ၊ တိုင်းလုံးခြုံသည်၊ ရွှေပုံဝေဖြာ၊ ပြည်မြန်မာဝယ်၊ မန္တလာတိုင်း၊ ဧရာခ,စံ၊ မြို့မြင်းခြံ၏၊ ခြံရံဝေဖြာ၊ ကျည်းပင်ရွာလျှင်၊ သဒ္ဓါကြည်ယုံ၊ ဦးဆုံ+ဒေါ်ဆင်၊ ကျေးဇူးရှင်မှ၊ 'မောင်ခင်' သည်းချာ၊ သားပုတ္တာကို၊ သင်္ဂါယနာ၊ သာသနာနှင့်၊ မြန်မာဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ ယူဆောင်နတ်တို့၊ ဖန်ဆင်းပို့လို့၊ မချို့သက္ကရာဇ်၊ တစ်နှစ်ခွန်သုံး၊ တန်ဆောင်မုန်း၏၊ စုရုံးဇုဏ္ဍ၊ ဆယ့်တစ်ရလျှင်၊ ဗုဒ္ဓနေ့ခါ၊ ဖွားမြင်လာသည်၊ **တေဇာထူးတင့် တောက်ပြီဘုရား။**

ထူးတင့်တေဇာ၊ ထွဋ်ဘုန်းလျာကား၊ သာကီယနှစ်၊ ဇာနည်စစ်မို့၊ တစ်ခေတ်တစ်ယောက်၊ ထွန်းတောက်ပွင့်ပေါ်၊ အကျော်အောင်လံ၊ ဝဋ္ဋံသကာ၊ ပဝရာသိရီ၊ အဂ္ဂါဘိဓေ၊ သဒ္ဓမ္မနှင့်၊ တိပိဋက၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာဟု၊ မဟာဝိသိဋ္ဌ၊ ဂုဏာကဲလွန်၊ ဉာဏ်ရည်ချွန်သား၊ မြတ်မွန်ဇိနု၊ ပိဋကသုံးပုံ၊ အလုံးစုံကို၊ အာဂုံနှုတ်ရောက်၊ ခြသေ့်ဟောက်သို့၊ ရွှံ့ကြောက်လွတ်ကင်း၊ သံနေရှင်း၍၊ ခပင်းထိုထို၊ များလူဗိုလ်အား၊ မောက်မိုကြည်သာ၊ သံဖြာနှုတ်သွင်း၊ ရွှေစောင်းညှင်းသို့၊ မပြင်းမပြ၊ သာချမ်းမြလျက်၊ မိန့်ဟ သေချာ၊ သံတော်သာသည် **ဒေသနာကျူးရင့် ဟောက်ပြီဘုရား။**

ကျူးရင့်ဒေသနာ၊ ဂုဏ်ပေါင်းဖြာသား၊ မဟာထေရ်ကျော်၊ တို့ဘုန်းမော်လျှင်၊ ဂုဏ်တော်တင့်ထူး၊ ဉာဏ်ရည်မြူးကြောင့်၊ အထူးမှတ်ကျောက်၊ ဝင်းနှစ်မြောက်၍၊ မျှော်ယောက်ဆဋ္ဌာ၊ သင်္ဂါယနာဝယ်၊ သေချာဖြေပြ၊ ဝိဿဇ္ဇကတည့်။ တက္ကသိလာ၊ သံယာ့ဒါန၊ ဇီဝိတနှင့်၊ တိပိဋက၊ နိကာယဟု၊ လောကသာသနာ၊ ကျိုးဖြာဖြာကို၊ သေချာဆောင်သွား၊ ဘုန်းဘုရား၏၊ ချန်ထားရောင်မြူး၊ အံ့ဖွယ်ထူးသား၊ ကျေးဇူးမေတ္တာ၊ ကရုဏာသည်၊ ကောဇာသက္ကရာဇ်၊ တစ်သုံးခွန်သုံး၊ တန်ဆောင်မုန်းဝယ်၊ စုရုံးနှစ်ပေါင်း၊ တစ်ရာညောင်းခဲ့။ ထပ်လောင်းရာမှ၊ ယောင်သောင်းရတိုင်၊ မြိုင်ဆိုင်ဝေဆာ၊ ဂုဏ်မဟာသည်၊ **ဝေဖြာဖူးပွင့် မောက်ပြီဘုရား။ ။**

မှတ်ချက်။ သက်တော်ရာပြည့်ပွဲကိုရည်ညွှန်း၍ ပါဒ ၁၀၀-ပြည့် ရေးဖွဲ့ထားပါသည်။

နံ့သာမြေမောင်လင်းလှ
တိပိဋက-နိကာယကျောင်းတိုက်၊ မင်းကွန်း။

မေတ္တာရနံ့ကြိုင်လှိုင်ပျံ့

❖ သာသနာတွက်၊ အားသွန်ဖက်၍
ထက်မြတ်သံဃာ၊ ထေရ်မဟာသည်
မေတ္တာဘာဝနာ၊ ပွားများရာကြောင့်
ကမ္ဘာသူသား ချမ်းမြေ့များ. . . ။

❖ စွမ်းအားကြီးပမ်း၊ ခမ္မပန်းကို
ရှိုက်နမ်းစေရာ၊ လန်းဝေဖြာဖို့
မေတ္တာရှေ့ထား၊ ဘာဝနာပွားသည့်
ထူးခြားပါဘိ မြတ်ကဝိ. . . ။

❖ မေတ္တာအကျိုး၊ ဆယ့်တစ်မျိုးကို
သယ်ပိုးကြဖြန့်၊ ကမ္ဘာနှံ့ထိ
မွှေးပျံ့ကြိုင်ဖြာ၊ ထူးမြတ်စွာမို့
ချမ်းသာကျိုးဆက် နှိုင်းယှဉ်ခက်. . . ။

❖ ထေရမဟာ၊ စေတနာနှင့်
မေတ္တာပွားရာ၊ ဒေသနာကြောင့်
မေတ္တာပွားပုံ၊ နည်းဖုံဖုံကို
အစုံအလင်၊ အကုန်စင်အောင်
သိမြင်ခဲ့ရ၊ နာခဲ့ရ၍
မပျက်ခါခါ၊ ပူဇော်ပါမည်
စာဆိုရေးရ၊ အနဂ္ဃမို့
တသသ ရေးဖွဲ့မကုန်တည်း။ ။

အညာမြေမောင်သောင်းနွယ်

မင်းကွန်းထေရ်လိုလုပ်လိုက်စမ်း



- လူ့ဘဝလျှင်၊ ပင်လယ်ပြင်၌၊
  ထင်ထင်ပေါ်ထွက်၊ အမြန်ပျက်သော၊
  ရေပွက်ပမာ၊ ခဏသာတည့်။
- ခဏဖြစ်လာ၊ ဤလူ့ရွာ၌၊
  ငါ့တွက်ချည်းသာ၊ မလုပ်ပါနှင့်။
- အများအကျိုး၊ ဆောင်သယ်ပိုးပါ၊
  မြတ်နိုးဖွယ်ပ၊ လူ့လောကသည်၊
  ထာဝရလှပနေလိမ့်မည်။
- လူ့ပြည်လူ့ရွာ၊ နေခိုက်ခါ၌၊
  မေတ္တာလည်းထား၊ ကြင်နာပွား၍၊
  တရားရင်မှာ၊ ထားလိုက်ပါတော့။
- ကြည့်လိုက်စမ်းပါ၊ မြန်မာ့ကျက်သရေ၊
  မင်းကွန်းထေရ်သည်၊ ကျောင်းတွေဆေးရုံတွေ၊
  တံတားတွေနှင့်၊ တစ်ထွေဘုရား၊
  ပြုပြင်ထား၏။
- တခြားတလီ၊ ဘုရားတည်၍၊
  ဆောက်ပြီအထက်တန်း၊ မူလတန်းနှင့်၊
  ရဲစခန်းမကျန်၊ ဆောက်လှူပြန်၏။
- တစ်ဖန်တက္ကသိုလ်၊ ကျောင်းထိုထိုနှင့်၊
  စိမ်းစိုတိတ်ဆိတ်၊ တန်ခိုးဖိတ်သည်၊
  မိုးမိတ်ကုန်းတွင်၊ တုမမြင်သည့်၊
  တိပိဋက၊ နိကာယဟု၊
  မြန်မာ့ထိပ်သီး၊ ကျောင်းတော်ကြီးကို၊
  ဆောက်ပြီးသာသနာ ပြုခဲ့ပါ၏။
- မင်းကွန်းကဝိန္ဒ၊ မြတ်ထေရသည်၊
  သူ့အတွက်ဆို၊ ဘာဆိုဘာမှ၊
  လုပ်မပြခဲ့။
  အများတွက်သာ၊
  သူ့ခန္ဓာကို၊ မညှာမထောက်၊
  တောက်လျှောက်တစ်သက်တာ၊ လုပ်ခဲ့ပါ၏၊
  ငါတို့နမူနာ ယူကြပါတော့။
- သို့မှသာလျှင်၊
  ငါတို့နေရာ၊ ဤလူ့ရွာသည်၊
  မှန်စွာမသွေ၊ သာယာပေမည်၊
  ထေရ်မင်းကွန်းလို လုပ်လိုက်စမ်း။ ။

စောယဉ်ကျေး (ကမ်းကလေး)
မြိုင်သာယာကျောင်း၊ ဘားအံမြို့။

ရာပြည့်ပွဲသို့



❖ မင်းကွန်းထေရ်ရှင်၊ တရားယာဉ်နှင့်
ဉာဏ်စဉ်တရား ဟောခဲ့ပြီ။
❖ မင်းကွန်းထေရ်မြတ်၊ ပိဋကတ်နှင့်
တတ်သိစကား ပြောခဲ့ပြီ။
❖ မင်းကွန်းဆရာ၊ လွမ်းစရာတည့်၊
နှစ်တစ်ရာပြည့်၊ မြတ်တပည့်တို့၊
မြတ်သည့်ပညာ၊ သာသနာနှင့်၊
မြန်မာရွှေပြည်၊ သာမောစည်၍၊
ယုံကြည်သဒ္ဓါ၊ ဂုဏ်ရည်ဖြာခဲ့။
❖ မေတ္တာ ကရုဏာ၊ မုဒိတာနှင့်၊
စာနာသနား၊ ဝမ်းမြောက်ငြားသို့၊
စွန့်ထားရှုလာ၊ ဥပေက္ခာက၊
ဗြဟ္မစိုရ်ထုံး၊ မြတ်နှလုံးဖြင့်၊
ကျင့်သုံးတတ်စေ၊ မြတ်သိဝေရင်း၊
ရွှေစာကမ္ပည်းတင်၊ ဗုဒ္ဓဝင်နှင့်၊
မြော်မြင်ကြံဆ၊ ကြည်ညိုကြဟု၊
ဓမ္မနာဒ၊ စကားဝါလှုပ်ဟု၊
ဗုဒ္ဓသားကျော်၊ ဆရာတော်လျှင်၊
စေ့ဆော်ခဲ့ပေါင်း၊ ကာလညောင်းပေ့။
❖ ကောင်းမွေကြည်ချို၊ တက္ကသိုလ်မှ၊
ထိုတပည့်စု၊ ငွေရတုသို့၊
တင်ရှုဆင်ခြင်၊ ဉာဏ်အမြင်နှင့်၊
မြတ်ရှင်မြင်ကောင်း၊ မမြင်ကောင်းစေ၊
လွမ်းကြောင်းစာခွေ၊ ကဗျာစေသည်၊
ဆရာထေရ်ကောင်းမွေ ရာပြည့်ပွဲ။
စာပေကြောင်းတွေ ရှာကြည့်ဆဲ။
လွမ်းခွေဝမ်းနည်း တမ်းဆွတ်မြဲ။ ။

ဖျာပုံမောင်မောင်စန္ဒာ
ဓမ္မရက္ခိတစာသင်တိုက်၊ ရန်ကုန်မြို့။

တစ်ကမ္ဘာအလွမ်း

သုံးပါးလက္ခဏာ၊ သိနေပါလည်း၊
ဖြေရာမတွေ့၊ လွမ်းငွေ့ငွေ့ဖြင့်၊
တမ်း၍မဆုံး နိုင်ပါဘုရား။
ရုပ်မြင်သံကြား၊ ကြည့်နေငြားလည်း၊
တရားကြည်မွေ့၊ မချမ်းမြေ့ပြီ၊
လွမ်း၍မဆုံး နိုင်ပါဘုရား။
သတင်းစကား၊ ကြားမြင်များလည်း၊
ဘုရားတပည့်တော်၊ လွမ်းရင်းမျှော်မိ၊
ဘုန်းတော်ဖြိုးလျှံ၊ အရှင့်ထံသို့၊
ဖန်ဖန်စိတ်ရောက် ပါသည်ဘုရား။
ပြော်. . . သာသနာတော်၊
ကောင်းကျိုးမျှော်၍၊ ပုံသော်အထိ၊
လုံ့လရှိသော၊ 'မဦးဝိစိတ္တသာရ'၊
ထူးစွဂုဏ်အင်၊ ထေရ်အရှင်အား၊
ဦးတင်ရှိက်နမ်း၊ ကန်တော့ပန်းဖြင့်၊
အလွမ်းမပြေ နိုင်ပါဘုရား။ ။

မျိုးသွင်(လှိုင်)

❖ တစ်ခေတ်တွင်တစ်ယောက်၊ ဆိုစလောက်အောင်၊
ထွန်းပေါက်လာသော်၊ ဆရာတော်ကား၊
ထူးခြားစွလေ၊ မင်းကွန်းမြေမှ၊
မြန်ပြေပထမ၊ တိပိဋကဓရ၊
ဘွဲ့ရအကျော်၊ မြတ်ဘုန်းမော်တည့်။
❖ အရှင့်အားရည်၊ စာပန်းချီကို၊
မသီဝံ့ဝံ့၊ သီဝံ့ဝံ့လျှင်၊
ရှိဦးတင်ကာ၊ ရေးဖွဲ့ပါသည်၊
နှစ်တစ်ရာမြောက် ကန်တော့ပန်း။
❖ မြင်းခြံခရိုင်၊ အပိုင်နယ်ထဲ၊
သဲဖြူဝလျှင်၊ ရွာကျည်းပင်၌၊
ဖခင်ဦးဆုံ၊ တစ်ဖုံမိခင်၊
ဒေါ်ဒေါ်ဆင်မှ၊ မောင်ခင်မည်ရ၊
သားလူလှအား၊ ကောဇာတွက်စစ်၊
သက္ကရာဇ်က၊ တစ်ထောင့်နှစ်ရာ၊
ခုနစ်ဆယ်သာရှင့်၊ စွန်းလာသုံးသွယ်-(၁၂၇၃)၊
လဝယ်တန်ဆောင်မုန်း၊ ရှုမဆုံးပ့ါ၊
လဆန်း၁၁-ရက်၊ ရက်မြတ်အထူး၊
ဗုဒ္ဓဟူးတွင်၊ ဖွားသန့်စင်သည်၊
ထေရ်ရှင်မင်းကွန်း လောင်းလျာတည်း။
❖ မြန်မာ့ပထမ၊ တိပိဋက၊
ဓရဘွဲ့အား၊ ရရှိခြားလည်း၊
မထားမာန၊ တကယ့်တကယ်ကို၊
ကြည်ညိုစရာ၊ ထေရ်မဟာရှင့်။
ဘာဆိုဘာမှ၊ မမက်လှဘဲ၊
စိတ်ကလည်းလှ၊ သီလလည်းဖြူ
ဖြူစင်ကင်းစင်၊ ရှင်လူရဟန်း၊
ချမ်းသာဆင်းရဲ၊ မခွဲဆက်ဆံ၊
သူ့သဏ္ဍာန်ကြောင့်၊ မြန်မာပြည်မှ၊
ရဟန်းရှင်လူ၊ ပြည်သူအားလုံး၊
ချစ်မဆုံးကြ၊ ပြည့်အသည်းကျော်၊
ဆရာတော်ကို၊ ကြည်ညိုဦးချ၊
အားမရနိုင် နှစ်တစ်ရာတိုင်တည့်။

❖ တေ-ဇ-သု-နေ-မ၊
တစ်ဝတစ်ဖန်၊ ဘူ-စန်-နာ-ဝိ၊
ဝေဿန်ထိမှတ်၊ ဇာတ်ကြီးဆယ်ဘွဲ့၊
ဟောခဲ့လေရာ၊ ထေရ်မဟာအား၊
နာသူတိုင်းမှာ၊ လက်ဖျားခါကာ၊
အံ့ဩပါ၏။ နာ၍မငြီး၊
အံ့ချီးပညာ၊ ဆန်းကြယ်စွာလျှင်၊
တန်ဆာဆင်လျက်၊ မိန့်မြွက်ထုတ်ဖော်၊
ဆရာတော်ကို၊ ကြည်ညိုဦးချ၊
အားမရနိုင် နှစ်တစ်ရာတိုင်တည့်။
❖ ဩော်. . . ဓမ္မနာဒ၊ ကျောင်းတော်မှသည်၊
သာသနာ့အမွေ၊ သားတော်တွေကို၊
ဖြန့်ဝေပေးငှာ၊ တိပိဋကဓရ၊
အဖအသွင်၊ ထေရ်အရှင်မြတ်၊
နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါးထိ၊
ကျော်ကြားခဲ့ပြီ၊ များဂုဏ်ရည်နှင့်၊
ပါရမီမြင့်၊ အရှင့်ကိုယ်ပွား၊
ထူးခြားအံ့ဖွယ်၊ သားခုနစ်သွယ်နှင့်၊
ကြီးကျယ်ခမာ၊ ဝီရိယာနှင့်၊
နိဝါတဂုဏ်၊ အဖုံဖုံကို၊
အာရုံစူးစိုက်၊ ဦးခိုက်လိုက်တိုင်း၊
ရင်၌အေးချမ်း၊ ပီတိလွှမ်းခဲ့။
တကယ့်သီဟ၊ ဓမ္မနာဒ၊
မဟာကဝိ၊ ပညာရှိသည့်၊
ဦးဝိစိတ္တ၊ သာရမည်တွင်၊
ထေရ်ဘုန်းရှင်၏၊ ပေါ်ပြည့်ဆန်းကြယ်၊
ဂုဏ်သွယ်သွယ်အား၊
ညွှတ်တွားဦးချ အားမရခဲ့၊
စာဖွဲ့မကုန်၊ ကျေးဇူးဂုဏ်မှာ၊
နှစ်တစ်ရာတိုင်လည်း၊ ပျံ့လှိုင်ဆဲ။
ကောင်းချီးနမော် မစဲဘဲ။
နတ်လူသာဓု ခေါ်နေမြဲ။ ။

စိမ်းမြအေး(လယ်ဝေး)

မင်းကွန်းရောင်ခြည် သုံးစေတီ

အိုးဝေဦးညိုမြ

ဘိုးတော်ဘုရား ခေါ် ဗဒုံမင်းသည် နန်းတက်ပြီး ၁၀- နှစ်ခန့်ကြာသောအခါ ၁၁၅၂-ခုတွင် အညာ မင်းရွာသို့ ထွက်တော်မူ၍ ထိုအရပ်ကို 'မင်းကွန်း' ဟုသမုတ်တော်မူလျက် ပုထိုးတော်ကြီးကို စ,တင် အုတ်မြစ်ချသည်။ ဧရာဝတီ မြစ်တွင်းရှိ နန်းတော်ကျွန်းတွင် ယာယီနန်းတော်တည်ဆောက်ကာ ဘုရင်ကိုယ်တော်တိုင် ကုသိုလ်ရေး၌ ကြပ်မတ်ကြီးပမ်းတော်မူခဲ့သည်။ ဗုဒ္ဓဘာသာလောက၌ အကြီးဆုံးသောစေတီ၊ အကြီးဆုံးသောခေါင်းလောင်းနှင့် အကြီးဆုံးသော ခြင်္သေ့ကြီးများကို ရုပ်လုံးဖော်ခဲ့သည်။

ဗဒုံမင်းအနေဖြင့် ရခိုင်ပြည်ကို သိမ်းပိုက်ပြီးစီးချိန်တွင် အာသံပြည်မှ ယိုးဒယားအထိ ကျယ်ပြန့်သော ကုန်းဘောင် အင်ပါယာကြီးကို စိုးပိုင်လေသည်။ ထို့ကြောင့် ဧကရာဇ်မင်းတို့နှင့် လျော်ညီသောကြီးကျယ်သည့် အဆောက်အအုံများ နေပြည်တော်ဝန်းကျင်တွင် ရှိသင့်ရှိထိုက်သည်ဟု ယူဆတော်မူ၏။

ထိုခေတ်က မြန်မာမင်း၏ ဩဇာပျံ့နှံ့ပုံကို တွင်းသင်းမင်းကြီးရေးထိုးသော မင်းကွန်းခေါင်းလောင်းစာ၌ ပါရှိသည်မှာ-

မဇ္ဈိမတိုက် ဝေသာလီပြည် လိစ္ဆဝီမျိုး မင်းမြေးမင်းမြစ် ရင်သွေးစစ်ကို ဆက်သသဖြင့် ကိုးရာဝန်းပိုက် တိုက်လုံးတုန်လှုပ်ခြင်း ကျော်ပုဂံ စန္ဒပူရိ လင်းဇင်း ယိုးဒယား ကောလီ အစည် ချင်းပြည် အင်္ဂလိပ် ကာလကတ္တား ဘင်္ဂလား ဂရုက္ခန္တာ သိစ် ပန္နရတ် အက္ကပတ် မျဉ်းတဲ-အစ ရှိသော နိုင်ငံဝေးနီး ပိုင်းခြားသီးသော မင်းတို့သည်လည်း ဆင်ကြီး မြင်းကြီး သမီးကညာ ပဏ္ဏာမပြတ် ဆက်သခြင်း- ဟူ၍ဖြစ်၏။

ဘုရားကြီး

ဘိုးတော်ဘုရားအနေဖြင့် ထိုပုထိုးတော်ကြီးကို ပေ-၅၀၀ တိတိ မြင့်မားစေမည်ဟု ရည်မှန်းခဲ့သည်။ ရွှေတိဂုံစေတီထက် ပေ-၂၀၀ ခန့် ပိုမိုမြင့်မားသော ထိုစေတီကြီးကို တရုတ်ပြည်မှ မြင်နိုင်စေမည်ဟုလည်း မျှော်လင့်ခဲ့သည်။

ထိုစေတီအနီး၌ ၁၅-ပေမြင့် ပုံစံစေတီတော်ကလေး တစ်ဆူရှိရာ ထိုအတိုင်းဆောက်လုပ်ခဲ့ကြသည်။ ပုထိုးတော်ကြီး၏ အောက်ခြေပစ္စယံကား ပေ-၄၅၀ အဝန်းရှိ၏။ ၁၀-နှစ်ကြာမျှ ဆောက်လုပ်သောအခါ ၁၆၅-ပေ အမြင့်ရှိသော အောက်ပိုင်းဗိမာန် ပြီးစီးခဲ့လေသည်။ တိုင်းပြည်အရပ်ရပ်မှ လူထုအင်အားဖြင့် တည်ဆောက်ရာတွင် ကြာလတ်သော် များစွာပင်ပန်းကြလေသည်။ ထိုအတောအတွင်း 'ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်'၊ 'မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုးသုညကပ်'ဟူသော တဘောင်များပေါ်လာသဖြင့် ဘိုးတော်မင်းတရားက အပြီးတိုင်ဆောက်လုပ်ရေးကို ပယ်ဖျက်လိုက်လေသည်။



မင်းကွန်းပုထိုးတော်ကြီး

အာရှဗိသုကာသမိုင်းစာအုပ်၌ မာဂူဆင်ဆိုသူက ရေးသားရာ 'မင်းကွန်းပုထိုးတော်ကြီးသည် ယခုကဲ့သို့ ပျက်စီးယိုယွင်းသောအခြေအနေ၌ပင် အလွန်ထုထည်ကြီးမားလျက်ခံ့ညားသော အုတ်ဗိမာန်ကြီးတစ်ခု ဖြစ်နေပေသည်။ အီဂျစ်ပြည်၌ ရှေးဘုရင်တို့၏ 'ပိရမစ်'ခေါ် ကျောက်ဂူကြီးများဆောက်လုပ်ခဲ့ကြသည်မှစ၍ ဤမျှကြီးမားသော အဆောက်အအုံမျိုးကို မည်သည့်အရပ်တွင်မျှ တီထွင်ဆောက်လုပ်ခြင်းမပြုခဲ့ကြပေ။ ၁၉-ရာစုနှစ်၌ မြန်မာဘုရင်ကောင်းမှုဖြစ်သော ဤအုတ်စေတီမျိုးကား ဤကမ္ဘာ၌ ရှာမှရှားသည် ဆိုရပေမည်'-ဟု ဆို၏။



ခြင်္သေ့ကြီး

ခြင်္သေ့ကြီး

ဘိုးတော်မင်းတရားရှိစဉ်က ထိုဘုရားကြီးအရှေ့ဘက်မုခ်မှ မြစ်ဆိပ်ဆီသို့ စောင်းတန်းရှိခဲ့သည်။ ထိုစောင်းတန်းထိပ် မြစ်ဆိပ်ကမ်းနားတွင် အုတ်ခြင်္သေ့ကြီး နှစ်ကောင်ရှိရာအရပ်သံတောင်-၆၀ မြင့်သည်။ ရှင်ဘုရင်က ထိုခြင်္သေ့ကြီးများကို ရှုစားတော်မူချိန်တွင် အမတ်ကြီးဦးပေါ်ဦးလည်း နောက်တော်ကပါလာသည်။

ဦးပေါ်ဦးက ထိုခြင်္သေ့ကြီးများအကြားတွင် အပန်းဖြေရင်း 'လည်တိုင်ရှည်သည်၊ ဦးခေါင်းသေးသည်၊ ခံတွင်းပြသည်၊ တင်ပါးဆုံချွန်သည်' စသောအပြစ်များကို ထင်မြင်မိ၍ ကဲ့ရဲ့လို၏။ ထို့ကြောင့် 'ဒီခြင်္သေ့ကြီးနှစ်ကောင်ကလည်းဗျာ. . . လုပ်ထားလိုက်တာ'ဟု နိဒါန်းပျိုးသည်။

ဤတွင် ဘဝရှင်မင်းတရားကြီးက ဝင်၍ 'ဟဲ့-ပေါ်ဦး၊ မောင်မင်းက ငါ့ခြင်္သေ့ကို အဘယ်သို့ကဲ့ရဲ့မည်နည်း'ဟု မိန့်တော်မူရာ ဦးပေါ်ဦးက တစ်မုဟုတ်အတွင်း ဇဝနဉာဏ်ဖြင့် တင်လျှောက်သည်မှာ 'ဒီခြင်္သေ့ကြီးနှစ်ကောင်ကို မာန်ပါစွာ ဖန်တီးထားသဖြင့် ဧရာဝတီအရှေ့ဘက်ကမ်းသို့ ခုန်လိုက်တော့မလိုလို မှတ်ထင်မိပါသည်ဘုရား'ဟူ၍ ဖြစ်၏။ ထိုအခါ မင်းတရားကြီးက 'ခွေးမသား၊ မောင်မင်းက တယ်လဲတတ်နိုင်သကိုး'ဆိုကာ များစွာရယ်မောတော်မူလေသည်။

ယခုတိုင် ထိုခြင်္သေ့ရုပ်ကြီးများ၏ အစိတ်အပိုင်းများ ကျန်ရှိနေသေး၏။ ဦးခေါင်းပိုင်းကား ဧရာဝတီမြစ်ကိုခုန်ကူးသွားကြလေသလား မပြောတတ်ပေ။ အကြွင်းအကျန်များပင်လျှင် ခြင်္သေ့လောက၌ အကြီးအကျယ်ဆုံးဖြစ်နေပေသည်။

ခေါင်းလောင်းကြီး

တတိယအံ့ချီးဖွယ်ရာဖြစ်သော ခေါင်းလောင်းတော်ကြီးကို နန်းတော်ကျွန်း၌ ပန်းတဉ်းဝန် 'မဟာနန္ဒကျော်သူ'က ကြပ်မတ်၍သွန်းလုပ်ရာတွင် ကြေးချိန်ပိဿာပေါင်း-၅၅၅၅၅ ထည့်သွင်းရသည်။ ထိုဂဏန်းကို လွယ်ကူစွာမှတ်သားနိုင်ရန် 'မင်းဖြူမှန်မှန်ပြော'ဟူသော ဆောင်ပုဒ်တစ်ခုတီထွင်ခဲ့သည်။ ထိုခေါင်းလောင်းကြီးနှင့်ပတ်သက်သော အခြားဂဏန်းသင်္ချာတို့ကား-

အဝ- ၁၁-တောင်၊ ၄-သစ်၊

လုံးပတ်- ၃၃-တောင်၊ ၁-မိုက်၊ ၄-သစ်၊

အစောက်- ၁၁-တောင်၊ ၁-မိုက်၊ ၄-သစ်။

ယခုအတိုင်းအထွာများနှင့် ရေတွက်သော် အမြင့် ၁၂-ပေ၊ အဝ ၁၆-ပေ ၃-လက်မ၊ အထူမှာ ၆-လက်မမှ ၁၂-လက်မ၊ အလေးချိန်မှာ တန်-၆၀ ရှိ၏။

၁၇၉၀-ပြည့်နှစ်က သွန်းလောင်းခဲ့သောခေါင်းလောင်းကြီးမှာ ၁၈၃၈-ခု မြေငလျင်ကြောင့် မြေသို့ကျခဲ့သည်။ အနည်းငယ်နေရာရွေ့ကာ ကြေးငါးပိဿာခန့် ပဲ့သွားသည်။ ၁၉၀၄-ခုနှစ်တွင် ဧရာဝတီသင်္ဘောကုမ္ပဏီမှ စကော့တလန်လူမျိုးအရာရှိတစ်ဦးက မူလသစ်သားရက်မကို သံရက်မနှင့် ပြောင်းလဲတပ်ဆင်ပေးခဲ့သည်။

ယခုအခါ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်သဖြင့် အမိုးပြာသာဒ်-၃ဆင့်၊ တိုင်ပေါင်း-၁၆ရှိ ဘုံဗိမာန်အတွင်းဝယ် ထိုက်တန်စွာ ဆွဲချိတ်ထားရှိပေသည်။ ကုသိုလ်ရှင်တိုင်း ခေါင်းလောင်းထိုး အမျှဝေနိုင်ပေသည်။

ဘိုးတော်ဘုရား၏ ကြီးလေးကြီးအနက် မပျက်မစီး ကျန်ရှိသည်မှာ ဤခေါင်းလောင်းဖြစ်သည်သာမက ယခုအခါ

ကမ္ဘာ၌ ဒုတိယအကြီးဆုံးအဖြစ်နာမည်ရနေပေသည်။ ရုရှားပြည် မော်စကိုမြို့ နန်းမြို့ရိုးအတွင်း၌ သူ့ထက် နှစ်ဆပိုကြီးသောခေါင်းလောင်းရှိနေ၏။ သို့သော် ထိုရုရှားခေါင်းလောင်းမှာ မြေစိုက်ဖြစ်လျက် မင်းကွန်းခေါင်းလောင်းလို တီးခတ်၍ မရချေ။ အသံထွက်သောခေါင်းလောင်းများအနက် အင်္ဂလန်ပြည် စိန်ပေါ်ဘုရားရှိခိုးကျောင်းအတွင်းရှိ ခရစ်ယာန် ခေါင်းလောင်းကြီးထက်ကား မင်းကွန်းက ၁၄-ဆ ပို၍ကြီးမားသည်။

အမှန်မှာ ဘိုးတော်မင်းတရားက မင်းကွန်း၌ 'ကြီးလေးကြီး' ဖန်တီးခဲ့ရာ မိုင်ပေါင်းများစွာကျယ်ဝန်းသော တစ်ဖက်ဆည်ကန်တော်ကြီးလည်း ရှိပေသေးသည်။ ထိုကန်ကား ယခုအခါ တိမ်ကောကာကွင်းပြင်အဖြစ်သို့ ရောက်ရှိနေချေပြီ။

ဘိုးတော်မင်းတရားသည် သူ၏နန်းစံနှစ်ပေါင်း-၄၀ တွင် အနှစ် ၂၀-ခန့် မင်းကွန်းနန်း၌စံမြန်းခဲ့သည်။၁၁၆၂-ခုနှစ်မှစ၍ အမရပူရမြို့တော်၌ သားတော်ရခိုင်နိုင်အိမ်ရှေ့မင်းကို ရှင်ဘုရင်၏ကိုယ်စား စီမံအုပ်ချုပ်ရန် တာဝန်လွှဲအပ်ထားလေသည်။

မင်းကွန်း နန်းတော်ကျွန်း၌ပင် နိုင်ငံခြားသံတမန်များကို လက်ခံသည်။ ပဲခူးမှ နိဗ္ဗာနပစ္စယနာဂဆင်ဖြူတော်ကို မင်းကွန်းသို့ ဆောင်ခဲ့သည်။ အရှင် မိဖုရားခေါင်ကြီး 'မယ်လွမ်းမယ်'နှင့် ဘုရင်၏အကြီးတော်ယ်ဆရာ တွင်းသင်းမင်းကြီး 'မဟာစည်သူ'တို့သည် မင်းကွန်း၌ပင် ကွယ်လွန်ကြသည်။ အရပ်ရပ်မှဆက်သသော သမီးကညာတို့ကို မင်းကွန်း၌ပင် လက်ခံတော်မူသည်။

ရှင်ဘုရင်က အကြီးဆုံးစေတီ တည်ဆောက်ချိန်တွင် အခြားသောနန်းတွင်းသူ သားတော်သမီးတော်များကလည်း ထိုအရပ်၌ ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ကြသည်။ သို့လျှင် ပုထိုးတော်ကြီး၏ မြောက်ဘက် အိမ်ရှေ့မင်းသား၏ 'မြသိန်းတန်စေတီ' ပေါ်ပေါက်ခဲ့သည်။ ထို့အတူ ပုထိုးတော်ကြီး၏ တောင်ဘက် နှစ်မိုင်ခန့် ဧရာဝတီမြစ်ကမ်း၌ပင် မယ်တော်မိုးမိတ်မိဖုရားကိုအမှူးပြု၍ သားတော်ကြီး 'လွတ်တက်မဟာဓမ္မရာဇာ'ဘွဲ့ခံ 'မင်းရဲရွှေတောင်မိုးမိတ်မင်းသားကြီး'၏ ကောင်းမှုစေတီတစ်ဆူ ရှိနေပေသည်။

မြသိန်းတန်စေတီ

မင်းကွန်း ခေါင်းလောင်းကြီး၏ မြောက်ဘက် ကိုက် ၅၀၀-ခန့်အကွာ၌ မြသိန်းတန်စေတီတော်တည်ရှိသည်။ ထိုစေတီမှာ မြန်မာပြည်၌ အချိုးအစားကျနလျက် အသပ္ပာယ်ဆုံးဟုပင် သမုတ်ထိုက်ပေသည်။ ပုဂံမြို့ရှိ အာနန္ဒာစေတီလောက် မကြီးကျယ်ပါ။ သို့သော် တည်ထားပုံမှာ များစွာသပ်ရပ်ပြေပြစ်ပေသည်။

ထိုစေတီကို 'ရှင်ဖြူဘုရား' ဟူ၍လည်းခေါ်သည်။ မူလအမည် ဖြစ်သည်။ အလောင်းစည်သူ တိုင်းခန်းလှည့်လည်၍အပြန် ထိုအရပ်၌ ဖောင်တော်နားနေ၍ 'ရှင်ဖြူဘုရားတစ်ဆူ' တည်ထားပူဇော်စေသည်။ ထိုရှင်ဖြူဘုရားကို ထိုခေတ်က ထိုအရပ်နေ ကလဲသံပျင်အမတ်တို့ ဧရာဝတီမြစ်ကမ်းထိပ်(ယခုနေရာ)တောင်ကုန်း၌ သစ်သားတန်ဆောင်းဖြင့် တည်ထားပူဇော်ကြ၍ 'ရှင်ဖြူဘုရား'ဟူ၍ အမည်တွင်သည်။ တစ်နည်းအားဖြင့် အလောင်းတော် ဆင်ဖြူတော်ဖြစ်စဉ် တစ်ခုသောဘဝ ထိုနေရာတောင်ကုန်း၌ ကျင်လည်ကျက်စားခဲ့သည်ကိုအစွဲပြု၍ ထိုတောင်ကို 'ဆင်ဖြူတောင်'ဟူ၍လည်း



မြသိန်းတန်စေတီတော်

ကောင်း၊ ထိုတောင်၌ တည်သောကြောင့် စေတီတော်ကို 'ဆင်ဖြူဘုရား'ဟူ၍လည်းကောင်း ခေါ်ဆိုသမုတ်လေသည်။

ဘိုးတော်မင်းတရားလက်ထက် မင်းကွန်း ပုထိုးတော်ကြီးကို တည်သောအခါ မြေးတော် စစ်ကိုင်းမင်းသားသည် ဘေးလောင်းတော်၏ကောင်းမှု ရှင်ဖြူဘုရား၏ တန်ဆောင်းတော် ထိုတောင်ကုန်းပေါ်၌ ပျက်စီးယိုယွင်းနေသည်ကို အသစ်တစ်ဖန် မွမ်းမံတည်ဆောက်လိုကြောင်း လျှောက်တောင်းခွင့်ပန်သောအခါ ဘိုးတော်မင်းတရားက 'သစ်သားဖြင့်ဆောက်လုပ်လျှင် နှစ်မကြာခင် ပျက်စီးယိုယွင်းမည်ဖြစ်၍ အုတ်အင်္ဂတေဖြင့်တည်ဆောက်ရန်'အမိန့်ရှိသဖြင့် ထိုနေရာ၌ ရှိရင်းအောက်ခံ 'ဆင်ဖြူတောင်'ကို ခုတ်ထွင်ရှင်းလင်း၍ ယနေ့တွေ့မြင်ရသောပုံစံအတိုင်း တံတိုင်းမီးတားကို စကြဝဠာတောင်ပုံဝိုင်းလျက် အလယ်၌ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ် တရွေ့ရွေ့ မြင့်ကာမြင့်ကာပတ်လျက် ယုဂန္ဓိုရ်တောင်နှင့် အလယ် မြင်းမိုရ်တောင်အကြား ရင်ပြင်တော်ထားပြီးလျှင် မြတ်စွာဘုရားအရှင် အဘိဓမ္မာတရားဟောပြီး၍ တာဝတိံသာမှ လူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းတော်မူသောအခါ စောင်းတန်းသုံးသွယ်သရုပ်ဖော်၍ မြင်းမိုရ်ခါးဝယ်

အာလိန်ငါးဆင့်ပတ်လျက် မြင်းမိုရ်တောင်ထိပ်၌ သုံးကျိပ်သုံးဦး နတ်မျိုးတို့ ဗိမာန်ဝန်းရံပြီး အလယ်၌ ဥမင်လိုဏ်ဖြင့် စေတီတော်ကိုဖောက်ပြီးလျှင် ထိုဥမင်လိုဏ်အတွင်း၌ မူလရှိရင်း 'ရှင်ဖြူဘုရား' ရုပ်တုတော်ကို ပလ္လင်ဖြင့်တည်ထားပူဇော်လေသည်။ ထိုစေတီတော်ကို သမိုင်းဆရာတို့က ရှင်ဖြူဘုရားဟုခေါ်တွင်ကြ၍၊ တစ်သိန်းတန်သောမြရတနာဌာပနာသွင်းနှံသည်ကို အစွဲပြု၍ 'မြသိန်းတန်စေတီ'ဟူ၍လည်း အများခေါ်ဆိုသမုတ်ကြလေသည်။

ဘကြီးတော်ခေါ် စစ်ကိုင်းမင်းသည် အိမ်ရှေ့စံဘဝ၌ ဘိုးတော်မင်းတရား၏ အမြတ်နိုးဆုံးမြေးတော် 'ဆင်ဖြူမယ်' နှင့် စုလျားလက်ထပ်ခဲ့ပေသည်။ တစ်ချိန်က ဘိုးတော်သည် သားတော်သမီးတော်များနှင့် ဆင်ကျုံးသို့ ထွက်တော်မူရာ ဆင်ဖြူတော်က ကြာပန်းများကို ရှင်ဘုရင်ထံ မဆက်သဘဲ ဆင်ဖြူမယ်ကိုသာ ရွေးချယ်ဆက်သသည်ဆို၏။ ဘိုးတော်က 'ဒီဆင်ဖြူကြီးကလည်း မျက်နှာလိုက်ရန်ကော'ဟု မိန့်တော်မူမှ ဘိုးတော်မင်းတရားထံ ကြာပန်းများ ထပ်မံဆက်သလေသည်။ ဤတွင် မင်းသမီးကလေးကို 'ဆင်ဖြူမယ်'ဟု ခေါ်ဝေါ်ကြလေသည်။

ဆင်ဖြူမယ်သည် အိမ်ရှေ့စံမိဖုရားအဖြစ် ၁၁၇၄-ခုတွင် သားတော်စကြာမင်းကလေးကို ဖွားမြင်သည်။ သူကား မြန်မာ့သမိုင်းတွင် ဘိုးဘိုးအောင်၏ အကာအကွယ်ရ စကြာမင်းအဖြစ် ထင်ရှားပေသည်။ မယ်တော်ကား သားတော်ကို ဖွား၍ ခုနစ်ရက်လည်ချိန်တွင် နတ်ရွာစံသည်။ ဤတွင် အိမ်ရှေ့စစ်ကိုင်းမင်းသားက မြသိန်းတန်စေတီကို ဆင်ဖြူမယ်အတွက် လွမ်းစေတီသဖွယ် အမှတ်တရ တည်ထားကိုးကွယ်ခြင်းဖြစ်သည်။အားလုံးခြုံ၍မှတ်ယူလျှင် စေတီတော်တစ်ဆူတည်းကိုပင် မူလအမည် 'ရှင်ဖြူဘုရား'၊ ဌာပနာကိုအစွဲပြု၍ 'မြသိန်းတန်ဘုရား'၊ ဘုရားဒကာ၏ရည်ရွယ်ချက်ကိုအစွဲပြု၍ 'ဆင်ဖြူမယ်ဘုရား'ဟူ၍ အမည်သုံးပါးဖြင့် ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုဘုရားတည်ထားပုံမှာ ရိုးရိုးနှင့်အလွန်ဆန်းကြယ်ပေသည်။ မီးတားတံတိုင်းကား လေးထောင့်မဟုတ်၊ အဝိုင်းဖြစ်သည်။ စကြဝဠာတောင်ကို ရည်ရွယ်သည်။ စေတီတော်အောက်ခြေက ပစ္စယံခုနစ်ဆင့် တရွေ့ရွေ့မြင့်တက်ကာဝိုင်းစက်လျက်ရှိပေ၏။ သီတာခုနစ်တန်၊ တောင်ရံခုနစ်လုံးကို ရည်ရွယ်သည်။ သတ္တမပစ္စယံ ယုဂန္ဓိုရ်တောင်ထိပ်အပြင် အလယ်ဗဟိုမှ မြင်းမိုရ်တောင်ပုံစေတီတော် အောက်ခြေကို အဝိုင်းတည်ထား၏။ ထိုမြင်းမိုရ်တောင်မှာမှ အာလိန်ငါးဆင့်ပတ်လျက်တည်ထား၏။ ပထမအာလိန်၌ နဂါးစောင့်၏။ ဒုတိယ၌ ဂဠုန်၊ တတိယ၌ ကုမ္ဘဏ်၊ စတုတ္ထ ၌ ယက္ခ၊ ပဥ္စမ၌ ဂန္ဓဗ္ဗစောင့်၏၊ ထိုအာလိန်ငါးဆင့်၏အထက်တွင် သိကြားမင်းစံရာ တာဝတိံသာနတ်ပြည် မြင်းမိုရ်တောင်ထိပ် ဖြစ်လေသည်။ ထိုမြင်းမိုရ်တောင်ထိပ်တွင် စူဠာမဏိစေတီတော်ကို တည်ထားလေသည်။ ဘေးမှ သုံးကျိပ်သုံးဦး နတ်မျိုးတို့၏ ဗိမာန်ပတ်လျက် တည်ထားသည်။

ပစ္စယံဖြစ်သည့် သီတာခုနစ်တန် တောင်ရံခုနစ်လုံးတို့မှာ ကျဉ်းမြောင်းခြင်းမရှိဘဲ ပရိသတ်များ ကောင်းစွာလှည့်လည်လှုပ်ရှားသွားလာနိုင်၏။ အရှေ့ဘက်မှ မုခ်တစ်ခုသာရှိသည်။ ဘုံအဆင့်ဆင့်မှ အရပ်လေးမျက်နှာကို လွတ်လပ်စွာ ရှုစားနိုင်ကြပေသည်။ မင်းကွန်းပုထိုးတော်ကြီးမှာ မတ်စောက်လျက် အပေါ်သို့ မည်သူမျှ မတက်နိုင်ရှိရာတွင် ဤမြသိန်းတန်စေတီပေါ်မှ လွယ်ကူစွာ မင်းကွန်းနယ်တစ်ရပ်လုံးကို လေ့လာနိုင်ကြပေသည်။

ဆင်ဖြူမယ်စေတီကို ရိုးရိုးနှင့်ဆန်းသည်ဆိုရာတွင် စက်ဝိုင်းခုနစ်ခုအလယ်၌ စေတီတော်ရှိနေသဖြင့် မှတ်သားရန်လွယ်ကူ၏။ သို့သော် ထိုစက်ဝိုင်းများ တောင်ရံခုနစ်လုံးတစ်ခုထက်တစ်ခုမြင့်မားသွားပုံ၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ ကုမ္ဘဏ်ရုပ်၊ ယက္ခရုပ်၊ ဂန္ဓဗ္ဗရုပ်တို့ဖြင့် မြင်းမိုရ်တောင်ခါးပန်းကို ပတ်ချာလည် သရုပ်ဖော်ထားပုံတို့မှာ ဆန်းပြားလေသည်။

အင်ဒိုချိုင်းနားပြည် ဂျာဝါးကျွန်း၌ ဗုဒ္ဓဘာသာထွန်းကားချိန်က 'ဘိုရိုဗဒူ'ခေါ် စေတီပေါ်ကြီးတည်ဆောက်ခဲ့ရာ မြသိန်းတန်စေတီကဲ့သို့ပင် တာဝတိံသာကို သရုပ်ဖော်ခဲ့လေသည်။ သို့သော် ဘိုရိုဗဒူစေတီက လေးထောင့်ပုံသဏ္ဍာန်ဖြစ်၏။

အင်္ဂလိပ်မင်းများလက်ထက်က ထိုစေတီကို ကြည်ညိုနှစ်သက်သူများ ပေါ်ခဲ့လေသည်။ မင်းတုန်းခေတ်က သံမှူးစလေဒင်သည် မြသိန်းတန်စေတီတော်အကြောင်းကို မဟာအာရှအသင်းဂျာနယ်၌ရေးသားခဲ့သည်။ အခြားသံမှူးဟင်နရီယူးကလည်း 'ထိုဘုရားတည်ဆောက်ပုံမှာ ရှေးဟောင်းရောမနှင့် ခေါမခေတ်တို့က အက်ပါတနာနန်းမြို့တော်ကြီး တည်ဆောက်ပုံကဲ့သို့ရှိသည်'ဟု ဆိုခဲ့သည်။ ထိုမြို့တော်၏ မြို့ရိုးတို့မှာလည်း ကစ်ခုအတွင်းမှတစ်ခု မြင့်တက်သွားသည်ဆို၏။

၁၈၃၈ ခုနှစ်က မြေငလျင်လှုပ်ရာတွင် မင်းကွန်းရှိ စေတီပုထိုးများနှင့် ခြသေ့်နှစ်ကောင်ပါလဲပြိုခဲ့လေသည်။ ၁၈၇၄-ခုနှစ်တွင် မင်းတုန်းမင်းက မြသိန်းတန်စေတီကို ထပ်မံပြုပြင်ခဲ့ရာ ယနေ့တိုင် သပ်ရပ်ဖြူဖွေးလျက်ရှိနေ၏။ ။

အိုးဝေဦးညိုမြ

မင်းကွန်းမိုးမိတ်ကုန်းမြေ
ကိုယ်တွေ့မဟုသုတများ

အိုင်စီအာက်စ်ဦးချမ်းသာ
(လက်ဝဲမင်းညို)

၁၃၄၂-ခု၊ တော်သလင်းလပြည့်နေ့က မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်သို့ ရောက်သွားသည်။ ဘိုးတော်ဘုရား (ဗဒုံမင်းတရား)၏သားတော် မိုးမိတ်မင်းသား တည်ထားကိုးကွယ်သည့် မိုးမိတ်စေတီတော်နှင့် ၎င်း၏ကြင်ရာတော် တည်ထားကိုးကွယ်သည့် စက်တော်ရာစေတီတော်တို့၏ ဘုရားပွဲတော်ကြီး စ, သောနေ့ဖြစ်သည်။ ဇေတဒင်ဘွဲ့တော်ရ ရဟန္တာ မထေရ်များ ရဟန္တာ ထေရီမများ၊ ဥပါသကာ ဥပါသိကာများ၏ ရုပ်တုပုံတော်များနှင့် မုဒြာဘုရားခုနစ်ဆူတို့ကိုလည်း ဖူးတွေ့ရသည်။

တောလက်ကျေးရွာဘုရားပွဲဖြစ်သည့်အတိုင်း ဧရာဝတီမြစ် အနောက်စစ်ကိုင်း ဘက်ကမ်းနှင့်အရှေ့ မန္တလေးဘက်ကမ်းမှ ကျေးရွာအသီးသီးတို့မှ ပဒေသာပင်များ ထမ်းပင့်လာကြကာ မြန်မာ့ရိုးရာ အတီးအမှုတ် အကအခုန်တို့ဖြင့် ဆွမ်းတော်ကြီးပွဲ များကပ်လှူရန်လာကြသည်မှာလည်း မြစ်ကမ်း ညွတ်မျှပင် ရှု၍မငြီးပေ။ ပရိသတ်လည်း ဘုရားကုန်းတော် ရင်ပြင်တစ်ခုလုံး ပြည့်လျှံသွားတော့သည်။ ညအခါတွင် မီးရောင်စုံကိုဖောင်ပြု၍ ဧရာဝတီမြစ်ကြောသို့ မျှော၍ ပူဇော်သည်မှာလည်း မင်းကွန်းမှ စစ်ကိုင်းမြို့လောက်အထိရောက်အောင် တစ်သီတစ်တန်းကြီးပင်၊ လရောင်အောက်တွင် အလွန်ကြည်နူးဖွယ်ကောင်းပါသည်။

မိုးမိတ်ပွဲတော်နှင့်တစ်ဆက်တည်း တော်သလင်းလပြည့်ကျော် ၄-ရက်နေ့တွင် တိပိဋက=နိကာယကျောင်းတိုက်အတွင်း တိပိဋကဓရ ငွေရတုအထိမ်းအမှတ်အဖြစ် ငွေရတုဓမ္မစေတီပိဋကတိုက်ဖွင့်ပွဲပြုလုပ်ရန် စီစဉ်ထားသည်။ နံနက်ပိုင်းတွင် ရွှေထီးတော်သုံးစင်းကို အရှေ့ဘက်မန္တလေးကမ်းမှ ကရဝိက်ဖောင်ပေါ်တွင်တင်ပြီး အတီးအမှုတ်အကအခုန်အမျိုးစုံဖြင့် ပင့်ဆောင်လာရာ မြစ်တစ်ခုလုံး ခြိမ့်ခြိမ့်သဲသဲပင်ဖြစ်သည်။ ဖောင်တော်၏ ဝဲယာဘက်မှ လောင်းလှေလှော်လှေများ ခြံရံကာ စည်တော်သံ,ရေကင်းသံ,နရည်းသံများ,ဖောင်လားကြိုး, ဖောင်ငင်ကြိုး စသည်များကို ကြားရသောအခါ မြန်မာ ရှေးရိုးအစဉ်အလာထုံးဓလေ့များ၏အရသာကို တဝကြီးခံစားလိုက်ရပါသည်။

ထီးတော်တင်ဆောင်လာသည့် ကရဝိက်ဖောင်တော် အနောက်ဘက်ကမ်း မိုးမိတ်ကုန်းမြေသို့ဆိုက်ရောက်လာသော အခါ ဒေါ်ကြည်ကြည်ဦးဆောင်၍ ရှေ့နောက်ဝင်းအပြည့် ခင်းလျက် စည်ကားသိုက်မြိုက်စွာ စည်တော်ကြီးများရွှမ်းပြီး ကြိုဆိုကြသည်။ လူထုပရိသတ်များမှာလည်း ဝက်ဝက်ကွဲပင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကြီး၏ အရသာထူးဟုပင်ဆိုရပါမည်။ ရှေ့ဝင်းနောက်ဝင်းတွင် ပါဝင်သူတို့၏ ဝတ်ဆင်ထားသော အဝတ်တန်ဆာ အဆောင်အယောင်များမှာလည်း ဖိတ်ဖိတ်တောက်သစ်လွင်ပြီး၊ မြင်းစီးလျက်ပါလာသည့် ဗန္ဓုလအဝတ်အစားဝတ်ဆင်လျက် ဓားလွယ်သိုင်းထားသည့် မြင်းစီးသူရဲကောင်းများမှာလည်း ဇာတိမာန်တက်ကြွလောက်အောင် ပရိသတ်မျက်စိကို အထူးဆွဲဆောင်ပါတော့သည်။ တင့်တယ် ခမ်းနားသိုက်မြိုက်လှပါပေစွ. . .။

သက်တော် ၉၃-နှစ်ရှိ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးဦးစီးလျက် ဓမ္မစေတီပိဋကတ်တိုက် ဖွင့်ပွဲနှင့် ရွှေထီးသုံးစင်းတင်လှူပွဲအခမ်းအနားကို စ,တင်လေပြီ။ အရိယမဂ္ဂင်ဆရာတော်ကြီးက 'ဇယန္တော ဗောဓိယာ မူလေ' အောင်ဂါထာတော်ကြီး ပါဠိ-အနက်ဖြင့် အခမ်းအနားဖွင့်ပြီး၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးသုံးပါးဖြစ်သည့် (၁) ခန္တီးဆရာတော်ဘုရားကြီး၊ (၂) စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၊ (၃) မန္တလေးမြို့ မစိုးရိမ် ပဋ္ဌာန်းဆရာတော်ဘုရားကြီးတို့က ဥက္ကဋ္ဌကြီးဦးနု၊ ဦးအောင်သိမ်းနှင့် ဦးသာလှတို့ဆက်ကပ်သော ရွှေကတ်ကြေးအသီးသီးတို့ဖြင့် ဦးညွန့်နှင့် ဦးချမ်းသာတို့ ကိုင်တန်းထားသောဖဲကြိုးကို ဖြတ်၍ ဖွင့်တော်မူကြသည်။

ရွှေထီးသုံးစင်းကိုလည်း ဓမ္မစေတီပိဋကတ်တိုက် ဂန္ဓကုဋိခေါင်မိုးထိပ်ဖျားသို့ ပန်းရထားဖြင့်တင်ကြကာ ရွှေမိုးငွေမိုး ပေါက်ပေါက်မိုးရွာသွန်း၍ စည်တော်ကြီးရွှမ်းသည်။ ပရိသတ်ကား ကြိတ်ကြိတ်တိုးပင်။ စာဆိုတော် လက်ဝဲမင်းညိုရေးသည့် 'ရတနတ္တယပူဇာထောမနာရတုပိုဒ်စုံ'ကို အကယ်ဒမီခြောက်ထပ်ကွမ်းရ ဆရာကြီးဦးသုခက ဖတ်ကြားသီဆို၍ နံနက်ပိုင်း အခမ်းအနားပြီးဆုံးသည်။

မွန်းလွဲပိုင်းတွင် မိုးမိတ်စေတီတော် အာရုံခံတန်ဆောင်းကြီးအတွင်း၌ သံဃာစင်၏ရှေ့ဝဲဘက်တွင် ဆိုင်းဝိုင်းကြီးများ ချထားပြီး ရွှေမန်းပန်တျာမှ အဆိုကျော် နီနီဝင်းကသီဆို၍ အခမ်းအနားကို ဆက်လက်ကျင်းပသည်။ အခမ်းအနားမျူး



တိပိဋကဓရငွေရတုအထိမ်းအမှတ်
ပိဋကတ်တိုက်

မိုးမိတ် ပိဋကတ်တိုက်ဖွင့်ပွဲသို့
ဆရာတော်ကြီးများကြွလာတော်မူပုံ

မင်္ဂလာဦးအောင်မြင့်က အစီအစဉ်ကိုကြေညာပြီး ဆရာကြီး ဦးသုခက လက်ဝဲမင်းညို၏ ထောမနာရတုပိုဒ်စုံကိုလည်းကောင်း၊ အဆိုကျော်ရီရီသန့်က ဆရာကြီးဒဂုန်ဦးစန်းငွေ ရေးဖွဲ့သည့် လူးတားညှပ်ရှစ်ဆယ်ပေါ်တေးထပ်ကိုလည်းကောင်း၊ မုံရွာဦးလေးခန့်က ကိုယ်တိုင်ရေးစပ်သည့် မင်္ဂလာ ထောမနာစာတမ်းကိုလည်းကောင်း၊ အဆိုကျော်ရီရီသန့်က မိုးမိတ်ကုန်းမြေနှင့်ပတ်သက်သည့် ဆရာဦးသုခနှင့် ဦးလေးခန့်တို့ရေးသားအသံသွင်းသည့် ဓမ္မတေးဂီတကိုလည်းကောင်း အသီးသီးရွတ်ဖတ်ပူဇော်ကြကာ ညနေ ငါးနာရီအချိန်တွင် တိပိဋကဓရဆရာတော်ဘုရားက ရေစက်သွန်းချပြီး အခမ်းအနားပြီးဆုံးသည်။

တော်သလင်းလပြည့်နေ့ညကမူ ဓမ္မကထိကအကျော်ထူးကြီးဆရာတော်က ဘုရားပွဲအဖွင့်တရား ချီးမြှင့်ပါသည်။ အရပ်ရပ်ကိစ္စများစီစဉ်၍ ချောမောအောင်မြင်စွာ ဆောင်ရွက်ပြီးစီးရေးတွင် 'တိပိဋက ‧ နိကာယ သာသနာပြုအဖွဲ့' ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှ၏ ခေါင်းဆောင်မှုနှင့် အဖွဲ့ဝင်များ၏ ညီညွတ်ပူးပေါင်းဆောင်ရွက်မှုတို့မှာ ချီးကျူးထိုက်လှပါပေသည်။ ဓမ္မစေတီပိဋကတ်တိုက်ဖွင့်ပွဲနှင့် ရေစက်ချပွဲတို့ကား ပြီးဆုံးလေပြီ။ သို့သော် တိပိဋကဓရဆရာတော်ဘုရားအတွက်မူ ပြီးဆုံးဟန်မတူသေးပေ၊ တစ်ခုကျန်နေသေးသည်။

မိဘမေတ္တာကား သားသမီးအပေါ်တွင် ကြီးမားလှပေသည်။ ဆရာသမားက တပည့်များအပေါ် ထားရှိသော မေတ္တာစေတနာသည်လည်း ထို့အတူပင် ကြီးမားလှပေသည်။ မိဘက သားသမီးကြီးပွားတိုးတက်လိမ္မာသည်ကို အလိုရှိသကဲ့သို့၊ ဆရာသမားကလည်း မိမိ၏တပည့်များ အခြားသူနှင့် ပညာချင်းယှဉ်ပြိုင်က အနိုင်ရစေချင်သော စေတနာသည်လည်း ဓမ္မတာပင်ဟုဆိုရပါမည်။ မှန်ပါသည်။ ၂၈-၉-၈၀ ရက် ပွဲကြီးများပြီးဆုံး၍ နေဝင်ခါနီး ၆-နာရီ အချိန်တွင် ကျောင်းတိုက်အတွင်းမှ အချက်ပေးခေါင်းလောင်းသံကိုကြားရပါသည်။

တိပိဋက ‧ နိကာယ သာသနာ့အမြုတေလောင်းများသည် ဒီဃနိကာယကျောင်းစသည် အမည်ကမ္ပည်းများ ထိုးထားသော နှစ်ပါးမှ လေးပါးအထိ သီတင်းသုံးကြသည့် နိကာယ်ကျောင်းဆောင်အသီးသီးတို့မှ ရွှေဒဂေါင်းသုံးထပ်တိုက် ကျောင်းကြီးပေါ်သို့ ကြွလာကြသည်။ တိပိဋကဓရဆရာတော်ဘုရားသည်လည်း သီဟာသနပလ္လင် ဥကင်တံကဲပေါ်တွင် အလွန်ကြည်ညိုဖွယ် သီတင်းသုံးတည်ရှိတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ကန်တော့ရှိခိုးပြီး ထိပ်ဆုံးနေရာမှ သာသနာ့အမြုတေလောင်းများဘက်သို့ မျက်နှာမူ၍ နေရာယူလေသည်။

ငယ်စဉ်က ကျောင်း၌စာမေးပွဲဖြေဆိုရန်သွားခါနီးတွင် မိဘများက 'သား. . . ဒီသပြေညွန့်ကလေးကို ရင်မှာထိုး၍ ဆောင်သွား၊ စာမေးပွဲမဖြေမီ အရဟံဂုဏ်တော်ကိုရွတ်၊ မေး-ဖြေပြုလုပ်ရာတွင် သုဂတောဂုဏ်တော်ကို ရွတ်'စသဖြင့် မေတ္တာရှေ့ထား၍ မှာကြားကြသည်ကို မှတ်မိကြပါလိမ့်မည်။

ဆရာဖြစ်သူတို့ကလည်း တပည့်များကို 'ဒီပုစ္ဆာမျိုးကလေးကို ဒီလိုဖြေရတယ်၊ ဒါကလေးကိုတော့ မှတ်ထားကွဲ့၊ မမေ့စေနဲ့' စသည်ဖြင့် စေတနာဖြူစင်စွာဖြင့် သွန်သင်တတ်ပေသည်။

တိပိဋကဓရဆရာတော်ကား မေတ္တာပြည့်ဝ ဖြူစင်လှသည့် မိဘနှင့်တူ၏၊ စေတနာသန့်ရှင်းစင်ကြယ်သည့် ဆရာကောင်းဆရာမြတ်နှင့်လည်း တူပေသည်။ အရေအတွက်အားဖြင့် ၁၅၀-ပါးခန့် ရှိသော တိပိဋက ‧ နိကာယ သာသနာ့အမြုတေလောင်းများကို ဆရာတော်ကဩဝါဒပေးသည်မှာ ချီးကျူးအတုယူဖွယ်မှတ်သားဖွယ်ပင်ဖြစ်သည်။

တိပိဋကဖြေဆိုမည့် ပုဂ္ဂိုလ်တို့အနက် သုတ္တန်ဖြေဆိုမည့်ပုဂ္ဂိုလ်တို့ အဓိဋ္ဌာန်ပြုနှလုံးသွင်းကြရန် သုတ္တန်နှင့်ဆိုင်ရာ ပါဠိအောင်ဂါထာကိုပေးသည်။ အလားတူပင် ဝိနည်းကို ဖြေမည့် အမြုတေလောင်းတို့အား ဝိနည်းနှင့်သက်ဆိုင်ရာ ပါဠိအောင်ဂါထာကို ရွတ်ဖတ်မြွက်ဆို၍ပြသည်။ အဘိဓမ္မာကိုဖြေဆိုကြမည့် တိပိဋကဓရလောင်းလျာတို့ကိုတော့ အဘိဓမ္မာနှင့်သက်ဆိုင်ရာ ပါဠိအောင်ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ရန်မှာကြားတော်မူသည်။ ထို့အတူ နိကာယ်ငါးရပ်ကို ပြန်ဖြေကြမည့် အမြုတေများကိုလည်း နိကာယ်တစ်ပါးစီ တစ်ပါးစီဆိုင်ရာ ပါဠိအောင်ဂါထာများကို ပေးပါသည်။ ဩဝါဒပေးရာတွင်လည်း သိမ်မွေ့သောအမူအရာ ညင်သာစွာဖြင့် မေတ္တာ,စေတနာအပြည့်အဝဖြင့် မိဘသဖွယ် ဆရာကောင်းသဖွယ်ပြောသွားခြင်းမှာ နှလုံးသားအတွင်း ထိမိလှပေသည်၊ ချီးမွမ်း၍လည်းမကုန်နိုင်အောင်ပင် ဖြစ်ပါတော့သည်။

ဤကဲ့သို့သော အလွန်ထူးမြတ်သည့် မိဘဆရာ၏ အရိပ်အာဝါသကို ခိုလှုံခွင့်ရသူများမှာ အလွန်ကံထူးပေစွ၊ အလွန့်အလွန် ကံကောင်းလေစွ-ဟုသာ မှတ်ချက်ချရပါတော့သတည်း။ ။

ဦးချမ်းသာ(လက်ဝဲမင်းညို)

အနုမောဒနာ
နှင့်
ဆုတောင်း

ဦးနု
(ဝန်ကြီးချုပ်ဟောင်း)

ပန်းချီ တင်ထွန်းထွန်း ၁၃၅၃

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိဝိသဇ္ဇက ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏ ဂုဏ်ပေါင်းများစွာတို့ကို အများပြည်သူပြည်သားများ သိရှိကြပြီးဖြစ်ပါသည်။ ကျေးဇူးရှင်သာသနာ့အာဇာနည်ဆရာတော်၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်-အစ ရှိသော ဂုဏ်ပေါင်းများစွာ တို့ကို ကျွန်တော်များအားလုံး အထူးကြည်ညိုပူဇော်ခွင့်ရရှိ ကြပါ၍ ကျွန်တော်များအဖို့ များစွာအကျိုးထူးလှပါသည်။

ပိဋကသုံးပုံကို ပထမဆုံးအာဂုံဆောင်နိုင်သော သာသနာ့အာဇာနည်မှာ ၁၃၁၅-ခုနှစ်က ရှားရှားပါးပါး ထူးကဲစွာ တစ်ပါးတည်းသာပေါ်ထွန်းခဲ့ပါသည်။ ထိုအရှင်မှာ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသမထေရ်မြတ်ပင် ဖြစ်ပါသည်။ ဤမထေရ်မြတ်ပေါ်ထွန်းလာခြင်းမှာ ဝမ်းသာကြည်နူးရခြင်း အဖြစ်ဆုံး ကုသိုလ်မင်္ဂလာကြီးတစ်ရပ်ပင် ဖြစ်ပါပေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားအနေဖြင့် ပရိယတ္တိသာသနာသည် ဗုဒ္ဓ သာသနာတော်၏ အခြေအမြစ်ဖြစ်ကြောင်းကို ကောင်းစွာသိမြင်တော်မူသည့်အလျောက် ဆရာတော်ဘုရား ကိုယ်တိုင်က တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော် အောင်ပန်းသရဖူကို ပထမဆုံး အောင်မြင်စွာဆွတ်ခူးခဲ့ပါသည်။

မိုးမိတ်ပိဋကတ်တိုက်ဖွင့်ပွဲတွင်
မန်းခေတ်ဦးလုရွှေ၊ လူထုဒေါ်အမာ၊ ဦးနု၊ လူထုဦးလှနှင့်
အခမ်းအနားမှူး မဂ်လာဦးအောင်မြင့်

မိမိကိုယ်တိုင် ဆွတ်ခူးခဲ့ပြီးရုံမျှဖြင့် အားရတင်းတိမ်တော်မမူဘဲ မိမိကဲ့သို့ သာသနာ့အာဇာနည်များ ဆက်လက်ပေါ်ထွန်းလာစေရန် အမြော်အမြင်ကြီးမားလှစွာသော ရည်ရွယ်ချက်ဖြင့် မိမိ၏တိပိဋကဓရ ဆွမ်းဆန်တော်လစာ၊ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်နှစ်စာများကို မ,တည်၍ တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ပါသည်။

ဆရာတော်ဘုရားအနေဖြင့် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များကုန်းမြေ၌ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးကို ၁၃၄၀-ပြည့်နှစ်တွင် ဖွင့်လှစ်ပြီးလျှင် တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးအား ကပ္ပိယကာရကအဖြစ် လွှဲအပ်ကာ ပရိယတ္တိသာသနာတော်ကို ထူးကဲအောင်မြင်စွာ ပြုစုပျိုးထောင်နိုင်ခဲ့ပါသည်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်ကြီး ဖွင့်လှစ်သည့် ၁၃၄၀-ပြည့်နှစ်မှစ၍ ကျောင်းနေ စာသင်သံဃာတော်များ ဒီရေအလားတိုးပွားခဲ့သည်မှာ အထင်အရှားဖြစ်ခဲ့ပါသည်။ ဆရာတော်ဘုရား၏ ဩဝါဒနည်းပေးချက်ကို ခံယူတော်မူကြလျက် တစ်နေ့လျှင် ၁၂-နာရီ စာကျက် + စာအံ + စာကြံ + စာကြည့်တော်မူကြကြောင်း သိရှိရပါသည်။ ဤသို့သော ဆရာတော်၏ အမြော်အမြင်ကြီးမားမှုနှင့် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာတည်မြဲပြန့်ပွားရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မှုများကို ကျွန်တော် လှိုက်လှဲစွာဂုဏ်ပြုချီးကျူးပါသည်။

ထိုကျောင်းတိုက်ကြီးတွင် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တို့ကို အသီးသီး ကျက် အံ ကြံ ကြည့်နေကြသော သာသနာ့အာဇာနည်အလျှာ စာဖြေသံဃာတော်များသည် ဆွမ်းကွမ်းဝေယျာဝစ္စအတွက် မကြောင့်ကြရဘဲ ပိဋကတ် = နိကာယ်ကျမ်းစာများကို စိတ်အေးချမ်းသာတည်ငြိမ်စွာ လေ့လာကျက်မှတ်နိုင်ကြပါ၍ နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့မှနှစ်စဉ် ကျင်းပပြုလုပ်အပ်သော တိပိဋကစာမေးပွဲနှင့် နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးမှ နှစ်စဉ်ကျင်းပ ပြုလုပ်အပ်သော နိကာယဘာဏကနှင့် နိကာယဓမ္မာစရိယ စာမေးပွဲကြီးများတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ အဆင့်အတန်း မြင့်မြင့်ဖြင့် ဆရာကောင်းတပည့်ပီသစွာ အောင်ပန်းသရဖူကို ဆွတ်ခူးနိုင်ကြသည့်အတွက် ကျွန်တော်များစွာဝမ်းသာကြည်နူး ဂုဏ်ပြုချီးကျူးမိပါသည်။

ကျွန်တော်ကိုယ်တိုင် မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးပရိဝုဏ်အတွင်းရှိ ငွေရတုပိဋကတ်တိုက်တော်သစ်ဖွင့်ပွဲသို့ တက်ရောက်နိုင်ခဲ့ပါ၍ ဆရာတော်ဘုရားအမှူးပြုသော သာသနာ့အာဇာနည်များကို ဖူးမြော်ခွင့်ရရှိပါသောကြောင့် များစွာမှပင် စိတ်ကြည်နူးကြည်ညို ကုသိုလ်သဒ္ဓါတရား ပွားများခဲ့ရပါသည်။

မင်းကွန်း တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီး၏ ထူးကဲစွာ အောင်မြင်သောဆောင်ရွက်မှုများကို မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေနှင့်တကွ ရန်ကုန်မြို့ နယူးလင်းလမ်းတွင် ခမ်းနားတင့်တယ်စွာ တည်ဆောက်ထားသော သာသနာ့အဆောက်အအုံများက ထင်ရှားစွာ သက်သေတည်လျက်ရှိပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပရိယတ္တိသာသနာထွန်းကားရေးတွင် အဖွဲ့ကြီး၏ထူးကဲသော အောင်မြင်မှုများကို နိုင်ငံတော်အစိုးရ၏ တိပိဋကဓရနှင့်နိကာယ်သာသနာထွန်းကားရေးအသင်းကြီး၏ နှစ်စဉ် စာဖြေသံဃာတော်များအောင်စာရင်းက ထင်ရှားစွာသက်သေတည်လျက်ရှိပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး ထွန်းကားတိုးတက်ပြန့်ပွားရေးတွင် အဓိကအချက်အချာဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားရေးကို ထူးကဲမြင့်မြတ်အောင်မြင်စွာ စွမ်းဆောင်နိုင်သော တိပိဋကဓရဆရာတော်ဦးဝိစိတ္တသာရာဘိဝံသကြီးမှူးသော မင်းကွန်းတိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီး၏လုပ်ငန်းဆောင်ရွက်မှုများအားလုံး ဆတက်ထမ်းပိုး ဆက်လက်တိုးတက်အောင်မြင်ပါစေရန် ကျွန်တော် အထူးကြည်ညိုသဒ္ဓါလေးမြတ်စွာဖြင့် ဆုတောင်းမေတ္တာတင်ဆက်ပို့သပါသည်ခင်ဗျား။ ။

ဦးနု (ဝန်ကြီးချုပ်ဟောင်း)

ထူးခြားသော ပုဂ္ဂိုလ်ဆရာမြတ်

ဒေါက်တာမောင်မောင်

မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်နှင့် စေတီတော်ကုန်းမြေတွင် ပေါ်ထွန်းလျက်ရှိသော တိပိဋက ကျောင်းတိုက်များသို့ အိမ်သူမြင့်နှင့် သမီးများ၊ မိတ်ဆွေများနှင့်အတူ ကျွန်တော်ရောက်ခဲ့ပါသည်။ လူမရောက်ဘဲ စိတ်ရောက်ခဲ့သည်မှာ ကြာပြီ။

မင်းကွန်းသို့ ကျွန်တော့်စိတ်သည် မကြာမကြာ ညွတ်ပါသည်။ မင်းကွန်း၏ကျေးဇူးသည် ကျွန်တော့် အပေါ်မှာ ရှိပါသည်။ စစ်အတွင်းက ဖခင်မိခင်နှင့် ကျွန်တော်တို့ မောင်နှမများ မင်းကွန်း၏အေးမြ သောအရိပ်ဝယ် စစ်အန္တရာယ်မှ ခိုလှုံခဲ့ကြသည်။ စိတ်ပန်းကိုယ်နွမ်းသောမိခင်သည် မင်းကွန်း၌ အတန်ကြာ စိတ်ချမ်းသာခဲ့ရသော်လည်း စစ်ပြီးသည်ထိမနေရ။ မင်းကွန်း၌ပင် ခေါင်းချခဲ့ရှာသည်။

နောက်ပိုင်းတွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဖခင်၏ ဆရာရင်းဖြစ်လာသည်။ ဖခင်သည် ဆရာအလွန်ရွေးသူဖြစ်လေသည်။ သို့ရာတွင် ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသကိုမူ အလွန် ကြည်ညိုသည်။ ဖခင်နှင့်ဆက်၍ ကျွန်တော်တို့လည်း တပည့်ရင်းချာဖြစ်လာသည်။ ဆရာတော်၏ ပညာ, သီလတို့အပြင် မာန်မာနထောင်လွှားမှု ကင်းရှင်းခြင်း၊ မိမိတတ်သိသလို တစ်ပါးသူတို့ တတ်သိစေလိုသည့် ပြင်းပြသောစေတနာဆန္ဒ၊ ထိုဆန္ဒနောက်သို့ မိမိ၏ ကိုယ်ခန္ဓာနွမ်းနယ်သည်ကို မမှုမှု၍ မနေမနား လိုက်လံ ဟောပြောပြသသော ဝီရိယတို့သည် ဆရာတော်၏ဂုဏ်ထူး သတ္တိထူးတို့မှ အချို့မျှသာဖြစ်ပါသည်။ တစ်ဆင့်ကြားဖြင့် စာတွေ့ဖြင့် သိရသည်မဟုတ်၊ ကိုယ်တိုင်မြင်ကြားခံစား၍ အထင်အရှားသိရခြင်း ဖြစ်ပါသည်။

'အမေး နွားကျောင်း၊ အဖြေ ဘုရားလောင်း' ဆိုစကား ရှိပါသည်။ တစ်ခါက ကျွန်တော်သည် ဗုဒ္ဓတရားတော်ကျမ်း အချို့ကို မြန်မာလိုအင်္ဂလိပ်လိုဖတ်ရှုပြီးနောက် စိတ်တွင် မပြေလည်မရှင်းလင်းသောပြဿနာအချို့ကို မေးခွန်းထုတ်၍ ဆရာတော်အား စာဖြင့်ဆက်ကပ်လိုက်ပါသည်။ နိဗ္ဗာန်၏ သဘောမှအစချီ၍ အနိစ္စအကြောင်း အနတ္တအကြောင်း ပုစ္ဆာစုံကို အတိုဆုံးအရှင်းဆုံးဖြေကြားပါရန် ပန်ကြားလိုက်ခြင်း ဖြစ်လေသည်။

ဆရာတော်က စာဖြင့် ပြန်ကြားသည်ထက် တွေ့ဆုံကြသောအခါ ကိုယ်တိုင် တတ်နိုင်သမျှရှင်းပြမည်-ဟု စကားပြန်လိုက်သည်။ တစ်နေ့ မန္တလေးသို့ရောက်သောအခါ ဖခင်က မစိုးရိမ်ဆရာတော်ကြီးနှင့် တိပိဋကရေဆရာတော်တို့အား အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီးနောက် ဆရာတော့်တရားနာယူနိုင်ရန် စီစဉ်ပေးသည်။ ဆရာတော်ကြီးနှစ်ပါးကြွလာကြရာတွင် တိပိဋကရေဆရာတော်သည် မစိုးရိမ်ဆရာတော်ကြီးအား နေရာထိုင်ခင်းကိုယ်တိုင်ခင်းကျင်းပေးသည်မှအစ အထူးရိုသေကိုင်းရှိုင်းစွာ ဝတ်ပြုသည်ကို ဝမ်းမြောက်စွာ တွေ့မြင်မှတ်သားရပါသည်။ ဆရာတော်ထက် အသက်အရွယ်အားဖြင့် ဆယ်နှစ်ကျော်ကြီးသော ကျွန်တော်တို့ဖခင်အားလည်း ဆရာတော်က ခင်မင်လေးစားစွာဆက်ဆံသည်။

ငယ်ရွယ်၍ တရားဓမ္မအရာမလိမ္မာသေးသော ကျွန်တော့်အပေါ်၌လည်း အထူးစေတနာထား၍ စိတ်ရှည်စွာဟောပြောပြသပါသည်။ မိမိကိုယ်ကို မိမိလည်း 'ဦးပဥ္စင်း'၊ 'ဘုန်းကြီး' စသည်ဖြင့်သာ နှိမ့်ချစွာခေါ်ဝေါ်ပါသည်။ ကျွန်တော်တစ်ဦးတည်းအား သုံးနာရီကြာမျှ မမောမပန်း ဟောကြားပါသည်။ ပရိသတ်စည်ကားမှ ဟောအားကောင်းသောပုဂ္ဂိုလ်မျိုးမဟုတ်ဟုကား ကျွန်တော့်စိတ်ဝယ် မှတ်ချက်ပြုခဲ့မိပါသည်။ ဆရာတော်အား ကျွန်တော် လျှောက်ထားမေးမြန်းခဲ့သော ပုစ္ဆာအလုံးစုံ၊ ကျွန်တော့်စိတ်တွင် မရှင်းသေးဘဲရှိနေသေးလျှင် ကျွန်တော်ကိုယ်တိုင် ဆင်ခြင်အားထုတ်ဖို့ လိုနေသေး၍သာ ဖြစ်ပါလိမ့်မည်။ ဆရာတော်ပြဩွန်ခဲ့သောလမ်းကို ကျွန်တော် အလျှောက်နှေးနေသေး၍ သာဖြစ်ပါလိမ့်မည်။

မင်းကွန်းဓမ္မနာဒကျောင်းတိုက်တွင် အရိယမဂ္ဂင်ဆရာတော်ကြီးနှင့်တကွ ဆရာတော်အား ကျွန်တော်တို့မိသားစု တစ်ခါကဖူးကြရသည်။ မဂ္ဂင်ဆရာတော်ကြီးက ဓမ္မနာဒကျောင်းတိုက်သို့ တောင်ရိုးသဲလမ်းကြောင်းကို တောင်ဝှေးတစ်ချောင်းကိုင်၍ စကြံကြွလာခဲ့ခြင်းဖြစ်လေသည်။ ထိုစဉ်က သက်တော် ရှစ်ဆယ်ကျော်ပြီဖြစ်သော်လည်း ဆရာတော်ကြီးသည် ဘေးလူမကူမထူရကိုယ်တိုင် တောလမ်းခရီးကို မမောမပန်း ကြွလာနိုင်ခဲ့သည်။

မဂ္ဂင်ဆရာတော်ကြီးကို ခုံမြင့်တွင်သီတင်းသုံးစေပြီးလျှင် တိပိဋကရေဆရာတော်က ကြမ်းပြင်ပေါ်တွင် သင့်တင့်ရုံခင်းကျင်းပြီး ကျွန်တော်တို့အား သင်ဖြူးဖျာကြီးများပေါ်တွင် ချမ်းသာစွာထိုင်စေသည်။ ပြီး နိုင်ငံတော်အေးချမ်း၍ စည်ပင်ဝပြောစေသောနည်းလမ်းတို့ကို ကူဋဒန္တသုတ်မှ ထုတ်ဖော်ဟောပြပါသည်။ ထိုသုတ်တော်တွင် ဘုရားလောင်းပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ခိုးသူဓားပြသောင်းကျန်းနေသောနိုင်ငံကို ဝပြောသာယာလာစေရေး အကြံပေးလျှောက်ထားခဲ့ပုံပါသည်။

'အရှင်မင်းကြီး၊ ထိုထိုခိုးသူ ဓားပြတို့အား ဖမ်းဆီးထောင်သွင်းသတ်ဖြတ်ခြင်းဖြင့် နိုင်ငံအေးချမ်းမည်မဟုတ်၊ အခြားအခြားသော ခိုးသူဓားပြတို့ထကြလိမ့်မည်'။

'နိုင်ငံသာယာဝပြောရန် နည်းလမ်းမှန်ကား လယ်ယာစိုက်ပျိုးသူတို့အား မျိုးရိက္ခာရောင်းဝယ်ဖောက်ကားသူတို့အား အရင်းအနှီး၊ မင်းမှုထမ်းတို့အား သင့်တော်သောလစာရိက္ခာထောက်ပံ့ပေးကမ်းခြင်းဖြစ်ပါသည်။ ထိုနည်းလမ်းကိုလိုက်နာငြားအံ့၊ ပြည်သူတို့သည် ကောင်းသောအသက်မွေးခြင်းကို အားထုတ်ကြသဖြင့် လုယက်ဖျက်ဆီးခြင်း ပြုဖွယ်မရှိပါ။ အေးချမ်းစွာ သွားလာလုပ်ကိုင်ကြ၍ ညအခါ တံခါးမပိတ်ချမ်းသာစွာ အိပ်စက်ကြရပါလိမ့်မည်။ နိုင်ငံတော်သာယာဝပြော၍ အခွန်အတုတ်ဥစ္စာဘဏ္ဍာ တိုးပွားပါလိမ့်မည်'။

သုံးလေးနှစ်တစ်ကြိမ်လို မင်းကွန်းသို့ မိသားစုရောက်ခဲ့ကြရာ တစ်ခါတွင် ဓမ္မနာဒကျောင်းတိုက်၌ပင် တိပိဋကရေဆရာတော်ဘုရားက 'အက္ကောစ္ဆိ မံ' အစချီသော ဓမ္မပဒလာဂါထာကို ဟောကြားဆုံးမသည်ကို အထူးမှတ်သားခဲ့ရပါသည်။

'ဒေါသအမျက် သူကထွက်သည်ကို အမျက်မထား မေတ္တာပွားသဖြင့် အောင်ရာ၏။ အမူကြမ်းကြုတ် လူသူယုတ်ကို သူတော်နှလုံးကိုယ်ကသုံးသဖြင့် အောင်နိုင်၏။ ကိုယ်လည်းမလှူ၊ သူ့ကိုလည်းဟန့်တား၊ ကြမ်းတမ်းသော မစ္ဆရိယသမားကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်စကား မုသားပြောသူကို အမှန်စကား ကိုယ်ကပြောကြားသဖြင့် အောင်နိုင်ရာ၏'။

'ဘုန်းကြီးကိုယ်တိုင် ဓမ္မပဒလာဂါထာတော်နှင့်အညီ နေထိုင်ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထားပြစ်တင်စကားပြောသော သံဃာအချင်းချင်းကိုပင် မိမိက ဦးအောင်သွားရောက်ကန်တော့တောင်းပန်ခဲ့သဖြင့် ရန်ပြေငြိမ်းကာ မိတ်ကောင်းဖြစ်စေခဲ့သည်။ ဤသည်းခံခြင်းတရား မေတ္တာ

တရားတို့ကို ဒကာတို့ ကောင်းစွာမှတ်သား၍ မမေ့မလျော့ ပွားများကြလေလော့'ဟု ဆရာတော်က မှာကြားခဲ့ပါသည်။

မှာကြားဆုံးမခဲ့သည်တို့ကို တတ်အားသရွေ့ သတိရ ဆင်ခြင်လိုက်နာခဲ့သဖြင့် အရေးကိစ္စကြုံရလျှင် စိတ်အေး ချမ်းသာစွာ ရင်ဆိုင်နိုင်ခဲ့ပါသည်။ အနည်းဆုံး သက်သာရာ ရခဲ့ပါသည်။ ဘေးရန်တို့မှ လွတ်မြောက်ခဲ့ရပါသည်။ မပြတ် ပြည့်ပြည့်ဝဝ လိုက်နာနိုင်သဖြင့် ရင့်ကျက်သောစိတ် ရရှိလာ ပါလျှင် မည်မျှကောင်းလေမည်နည်းဟူသော အသိစိတ်ဖြင့် လည်း လေ့ကျင့်နေရပါသည်။

တိပိဋကဓရဆရာတော်ဦးဝိစိတ္တသာရာဘိဝံသသည် မဂ္ဂင်ဆရာတော်ကြီးနှင့်အတူပူးတွဲ၍ စစ်ကိုင်း မင်းဝံ မင်းကွန်း တောင်ရိုးတစ်လျှောက် စိုပြည်သာယာရေး၊ တောင်ရိုးတွင် မွေ့လျော်ကြသောရဟန်းသံဃာသီလရှင်ယောဂီတို့အတွက် ဆွမ်းဆန်လုံလောက်ရေး၊ ချောင်များသို့ ရေ လျှပ်စစ်မီး ရောက်ရှိရေး၊ မင်းကွန်း ဒေါ်ဦးဇွန်းဘိုးဘွားရိပ်သာအတွက် အရာရာပြည့်စုံရေး စသည်တို့အတွက် ကြိုးပမ်းခဲ့သည့်အပြင် မင်းကွန်း၌ ဆေးရုံစာသင်ကျောင်း စသည်တို့ကိုဖြစ်မြောက် စေခဲ့သည်။ မိမိအား ကြည်ညိုလေးစား၍ လှူရန်လာကြသူ တို့၏စေတနာကို ထိုထိုသောအများအကျိုးပြု လုပ်ငန်းများသို့ ညွှတ်စေသည်။ အလှူငွေ ပိုငွေလျှံများကို ငွေစုဘဏ်တွင် အပ်နှံကာ ဂေါပကအဖွဲ့နှင့်အုပ်ချုပ်စေ၍ နှစ်စဉ် အတိုး အမြတ်ကို ဆေးရုံအတွက်ဆေးဝါး စာသင်ကျောင်းအတွက် လိုအပ်ရာတို့အဖို့ စနစ်တကျသုံးစေခဲ့သည်။ ငွေပင်စိုက်၍ ငွေသီးငွေပွင့်များကို ဝေငှစားသုံးကြခြင်း ဖြစ်လေသည်။

ပညာ သဒ္ဓါ ဝီရိယစသည့် အာဇာနည်ပုဂ္ဂိုလ်ထူးတို့၏ ဂုဏ်ထူးသတ္တိအရာရာတို့၌ အံ့သြလောက်သော ထူးခြားသော ပုဂ္ဂိုလ်သူမြတ် တိပိဋကဓရဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ၏ ပြောင်မြောက်သောလုပ်ဆောင်ချက်တို့တွင် မင်းကွန်း မိုးမိတ်စေတီတော်တစ်ဝိုက်၌ အခြေစိုက်တည်ထောင်လျက် ရှိသော တိပိဋက=နိကာယသာသနာပြုလုပ်ငန်းသည် အဓိက ကျလှသည်ဟု အနာဂတ်က မှတ်ချက်ပြုမည်ထင်ပါသည်။

ဆရာတော်ဦးဆောင်သော ဂေါပကအဖွဲ့သည် နိုင်ငံ အရပ်ရပ်မှ နိကာယ်စာမေးပွဲ တိပိဋကဓရစာမေးပွဲတို့ကို ဖြေဆိုလိုကြသော သံဃာတို့ကိုပင့်ဆောင်၍ မိုးမိတ်စခန်း ကျောင်းများတွင် အေးချမ်းပြည့်စုံစွာ သီတင်းသုံးကြရင်း ပရိယတ္တိစာပေလေ့လာကျက်မှတ်ကြစေသည်။ သပ္ပါယ ဘောဇဉ်ဆွမ်း၊ အဖျော်ယမကာ၊ ဆေးပစ္စည်း စသည့်အတွက် ကြောင့်ကြစရာမလို၊ ပြည့်စုံလှသည်ကို ကျွန်တော်တို့မိသားစု နှင့်မိတ်ဆွေများ ဝမ်းမြောက်ဝမ်းသာတွေ့ခဲ့ကြသည်။ ဆရာ တော်ကိုယ်တိုင် ဘွဲ့တော်အဆူဆူအတွက် နိုင်ငံတော်ကကပ် လှူသောလစာ၊ ဆွမ်းဆန်တော်စရိတ်တို့ကို နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အတွက်လှူဒါန်း၍ မ,တည်ခဲ့သည်။ လုပ်ငန်းကိုလည်းကောင်း၊ ဆရာတော်ကိုလည်းကောင်း ကြည်ညိုအားရကြသဖြင့် အရပ်ရပ်မှ အလှူငွေဝတ္ထုပစ္စည်း များ တဖွဲဖွဲရောက်ရှိလာကာ ယခုအခါ မိုးမိတ်စေတီတော် တစ်ဝိုက်တွင် နေရာမလပ် ကျောင်းကြီးကျောင်းငယ်များဖြင့် ပြည့်လျက်ရှိလေပြီ။ နွေအခါ ဧရာဝတီမြစ်ရေဆုတ်သဖြင့် ရေအထူးရှားလျှင်အသုံးပြုဖို့ တောင်ကျရေခံယူ၍ ကန်ကြီးတူး၊ ရေစုပ်စက်များ တပ်ဆင်နေသည်မှာလည်း ပြီးလုပြီဖြစ်နေ သည်ကိုတွေ့ခဲ့ရသည်။

စာမေးပွဲများအတွက် ကျက်မှတ်ပြင်ဆင်နေကြသော ရဟန်းများနှင့်တကွ ကျောင်းများတွင် သီတင်းသုံးကြသော သံဃာတော်တို့အတွက် ဆွမ်းအလှူရှင် နေ့စဉ်အပြည့်ရှိနေ သည်။ ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်ညိုသူတို့ ဆွမ်းရက်ကြို၍ ယူကြသည့်အထဲတွင် အစ်မဖြစ်သူဒေါ်သန်းသန်းသည်လည်း တစ်ယောက်ဖြစ်၍ သူ့မှာ နှစ်စဉ်ဆွမ်းရက်ရသဖြင့် ပျော်၍ မော်၍နေလေသည်။ ကျွန်တော်တို့ မိုးမိတ်ရောက်သည့်နေ့က ဆွမ်းဒကာမှာ မန္တလေးမြို့ ဆိုက်ကားဆရာတစ်ဦးနှင့် သူ့ဇနီး ဖြစ်ကြသည်။ တစ်နှစ်လုံးစုဆောင်း၍ ရရှိသောပိုငွေဖြင့် လာရောက်၍ ဝမ်းမြောက်စွာဆွမ်းကပ်လှူခြင်းဖြစ်လေသည်။

မိမိကဲ့သို့ ပညာအရာ ထူးချွန်စေလိုသည်။ မိမိကဲ့သို့ သာသနာတော့်ဝန်ကိုထမ်း၍ သာသနာတော်ပြန့်ပွားရေးကို အကျိုးဆောင်စေလိုသည်ဟူသော ကြီးမားသောမေတ္တာ စေတနာဖြင့် သာသနာ့အာဇာနည်အလျာတို့ကို ပျိုးထောင် လျက်ရှိသော မင်းကွန်း တိပိဋကဓရဆရာတော်ဦးဝိစိတ္တ သာရာဘိဝံသအား မိုးမိတ်စေတီရင်ပြင်တော်ပေါ်မှနေ၍ ကျွန်တော်တို့မိသားစု ကြည်ညိုလေးစားစွာ စိတ်ဖြင့်မျှော်မှန်း လျက်ကန်တော့ခဲ့ကြပါသတည်း။ ။

ဒေါက်တာမောင်မောင်

ဆရာတော်သည် အများအတွက်

ဓမ္မဃောသက
ဦးမောင်မောင်

ဒုတိယေ အတ္တဘာဝမှိ၊
လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နော မရှု ဘဝေ။

'ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်းပညာရှိအမှီကိုရပြီး ဓမ္မဓရဟူသောအမည်ဖြင့် သောတာပန်နတ်သားဖြစ်ရပါလို၏- လို့ ဆုတောင်းပါတယ်။ ဤ ဘုရားသာသနာတော်မှာပင် ကျွတ်တမ်းဝင်ရပါလို၏ လို့ ဆုတောင်းပါတယ်။ ဆောင်ပုဒ်နဲ့ ပြန်စစ်ပြီးပြောရလို့ရှိရင် 'အရင်းကြီးကြီးနဲ့အမြတ်နည်းနည်း' ကို လိုချင်တဲ့ ပုဂ္ဂိုလ်လို မိမိဆောင်ရွက်ချက်က သမ္မာဓိဆုကြီးပန် ပုဂ္ဂိုလ်များလိုရွက်ဆောင်ပြီးတော့ လိုချင်တဲ့ ဆုကဖြင့် သာဝကဗောဓိဆိုမှ ပကတိသာဝကဗောဓိ ဆုလောက်သာယူချင်ပါတယ်။ ဒါဟာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ'။

၁၃၄၀-ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅-ရက်၊(၂၅-၆- ၇၈) တနင်္ဂနွေနေ့နေ့လယ် ရန်ကုန်မြို့၊ ကုက္ကိုင်း မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ဆရာတော်သည် တိပိဋကရေဘွဲ့ တံဆိပ်တော်ရရှိတော်မူသည့် ၂၅-နှစ်မြောက်ငွေရတုသဘင်အထိမ်းအမှတ်ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပသည့်အချိန်အခါက ဆရာတော်၏ မြွက်ကြားချက်ဖြစ်ပါသည်။

ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပသော ငွေရတု တိပိဋက ပူဇော်ပွဲအခမ်းအနား

ဆရာဝန်ကြီးဦးသာလှ၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင် ဗိုလ်မှူးကြီးဟောင်း ဦးအောင်သိမ်း အစရှိသော ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်လူကြီးများ၏ တာဝန်ပေးမေတ္တာရပ်ခံချက် အရ စာရေးသူသည် ဆရာတော်အား ပါဝင်ဂုဏ်ပြုပူဇော်ခွင့် ရရှိခဲ့လျက် ထိုပူဇော်ပွဲကြီး၏ အကြောင်းအရာ အစီရင်ခံစာကို လည်းကောင်း၊ သုံးဆယ်မြို့မှ စေတနာရှင်တစ်ဦး၏ မေတ္တာရပ်ခံချက်အရ မင်းကွန်းနှင့် မန္တလေးပူဇော်ပွဲများ၌ ဓမ္မဒါန ကမ်းလှမ်းဝေငှရန် ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်းနှင့် ငွေရတု ဩဝါဒကထာကိုလည်းကောင်း ရေးသားပြုစုခဲ့ရပါသည်။

ရန်ကုန် သာသနာ့ရိပ်သာပူဇော်ပွဲ အစီရင်ခံစာတွင် ဆရာတော်၏ အထက်ဖော်ပြပါမိန့်ကြားချက်၏ အကျဉ်းမျှလောက်ကိုသာဖော်ပြလျက် မင်းကွန်း မန္တလေး ပူဇော်ပွဲ စာစောင်၌မူမိန့်ကြားချက်အပြည့်အစုံကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

ဆုကြီးပန်ဖြစ်ရမတဲ့

တစ်နေ့တွင် ရန်ကုန်ခြောက်ထပ်ကြီးဘုရားကျောင်းတိုက် နိကာယ်စာမေးပွဲ ဆွမ်းကျွေးအလှူ၌ ရန်ကုန်မြို့ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ဥက္ကဋ္ဌ ဆရာဦးကျော်နှင့် တွေ့ဆုံမိပါသည်။

ဦးကျော်။ ။ ဦးမောင်မောင်ရဲ့ စာအုပ်နှစ်အုပ်စလုံးကို ဖတ်ရပါတယ်။ ထိုနေ့ (ငွေရတုပူဇော်ပွဲနေ့)က ဆရာတော်ရဲ့မိန့်ကြားချက်ကိုလည်း ကိုယ်တိုင်နာကြားလိုက်ရပါတယ်။ အဲဒီမိန့်ကြားချက်ထဲမှာ ဆရာတော်က ပကတိသာဝကဆုကိုသာ တောင်းတယ်ဆိုတာ ကျွန်တော်တော့ လက်မခံနိုင်ဘူး။

စာရေးသူ။ ။ ဆရာတော်မိန့်ကြားတဲ့အတိုင်း ကက်ဆက်တိပ်ခွေထဲမှ လုံးစေ့ပါဌ်စေ့ ကျွန်တော် ကူးယူဖော်ပြထားတာပါပဲ ဦးကျော်။

ဦးကျော်။ ။ တစ်ခါက ကျွန်တော်တို့အသင်းမှာ ဩဝါဒပေးတော့ ဆရာတော်က ဆုကြီးပန် (ဘုရားဆု) သဘောမျိုး မိန့်ကြားဖူးပါတယ်။ ဆရာတော်လုပ်နေတဲ့ သာသနာရေးလုပ်ငန်းတွေက ဦးမောင်မောင်သိတဲ့အတိုင်း သာမန်ပုဂ္ဂိုလ်တွေမလုပ်နိုင်တဲ့ မစွမ်းဆောင်နိုင်တဲ့အလုပ်တွေပဲဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် ဆရာတော်က 'ပကတိသာဝကဆုကိုသာ အလိုရှိပါတယ်' ဆိုပေမယ့် ကျွန်တော်ကတော့ လက်မခံချင်ဘူး၊ ဘုရားဆုပဲဖြစ်ရမယ်လို့သာ ပြောချင်တယ်။ ဒီကိစ္စကို ကျွန်တော် ဆရာတော့်ထံ လျှောက်ထားတင်ပြထားတယ်။ လက်နှိပ်စက်နဲ့ စာသုံး,လေးမျက်နှာလောက်ရှိပါတယ်၊ ဆရာတော်ထံမှ ပြန်စာတော့မရသေးဘူးဗျ။

စာရေးသူ။ ။ ဦးကျော်ရဲ့စာကို ဖတ်ကြည့်ချင်ပါတယ်။

ဦးကျော်။ ။ ရနိုင်ပါတယ်၊ လက်ခံကော်ပီတစ်စောင် ကျွန်တော် ပို့လိုက်ပါ့မယ်။ ကျွန်တော် ပြောချင်တာ တစ်ခုရှိတယ်၊ ဆုကြီးပန်ပုဂ္ဂိုလ်များဟာ တစ်ခါတလေ စိတ်ဆန္ဒပြောင်းလဲတတ်တယ်လို့ဆိုတယ်။ ဒါပေမဲ့ သူလုပ်တဲ့အလုပ် သူဖြည့်ဆည်းပူးတဲ့ပါရမီက ဆုကြီးပန်ပုဂ္ဂိုလ်များရဲ့အလုပ်မျိုး ပါရမီမျိုးသာဖြစ်နေရင် နှုတ်က ဘာဆုပဲဖြစ်ပါတယ်လို့ပြောပြော ရလဒ်ကတော့ ဆုကြီးပန်ရလဒ်ပဲဖြစ်ရမှာပေါ့။ မဟုတ်ဘူးလား ဦးမောင်မောင်။

အများအတွက်သာ

'ဆရာတော်သည် ဘုရားဆုသာဖြစ်ရမည်' ဟူသော ဆရာကျော်၏တင်ပြချက်နှင့်စာကို ကြားနာရဖတ်ရှုရပြီးနောက် စာရေးသူအနေဖြင့် ဤသို့ ဆက်လက်စဉ်းစားမိပါသည်။ ဗုဒ္ဓဂေါတမလောင်းလျာသည် သုမေဓာရှင်ရသေ့အဖြစ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ ဗျာဒိတ်ခံယူစဉ်အခါက 'ကိံ မေ ဧကေန တိဏ္ဏေန = ငါတစ်ယောက်တည်း သံသရာမှကူးမြောက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုဘုရားအဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်ပြီးလျှင် နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို သံသရာ ဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆောင်ကယ်တင်ပေအံ့'လို့

အခိဋ္ဌာန်ပြုတဲ့အကြောင်းဖတ်ရပြီးသည့်နောက် ဆရာတော်က မဟာဗုဒ္ဓဝင်ကျမ်း ပဌမတွဲ၊ ပဌမပိုင်း (အနုဒီပနီ) ဗျာဒိတ်ခန်းတွင် ဤသို့ဖော်ပြထားသည်ကို တွေ့ရ၏။

'လောက၌ တစ်ကိုယ်ကောင်းမကြံရာ၊ တစ်ကိုယ်ကောင်းကြံသောသူသည် အတ္တာဟိတသမား (ကိုယ်ကျိုးသက်သက်ကျင့်သောသူ) ဖြစ်သည်။ ကိုယ့်အကျိုးသက်သက်ကိုသာရှာသောသူသည် လောက၌ အသုံးမဝင်ဟု ပြောဆိုကဲ့ရဲ့တတ်ကြသည်'။

'အများအကျိုး သယ်ပိုးမည့်အယောင်ဖြင့် ကိုယ်ကျိုးသက်သက်ကိုသာ ရွက်ဆောင်သူကား ယုတ်မာကောက်ကျစ်သူသာဖြစ်၏' စသည်ဖြင့် 'မိမိ၌ သဒ္ဓါ, ပညာ, ဝီရိယအားအစွမ်းရှိသောသူသည် သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ရမည်'ဟူသော ဆရာတော်၏ခံယူချက်များကို ထောက်ဆပါက ဆုကြီးပန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆရာတော်သည် အလောင်းတော်များ၏ လုပ်ငန်းစဉ်အတိုင်း အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်းကိုလိုချင်သော သူတစ်ပါး၏အကျိုးဆောင်ဖြစ်သည်ကိုကား မငြင်းနိုင်ကြပါ။ ပို၍ထင်ရှားသည်ကား မဟာဗုဒ္ဓဝင်ကျမ်းပြီး နိဂုံးဆုတောင်း၌ ဆရာတော်က ဤသို့ဆိုထားခြင်းပင်ဖြစ်၏။

ပရဿ=သူတစ်ပါး၏၊အတ္ထံ=အကျိုးကို၊ အကုဗ္ဗတော=မပြုသောသူ၏အဖို့ရာ၊ သကတ္ထော=မိမိအကျိုးသည်၊ နတ္ထိ=မရှိနိုင်။ နတ္ထေဝ=တကယ့်ကိုမရှိနိုင်။ က္လဒံ=ဤစကားသည်၊ သစ္စံ=မှန်၏။ ပုနပိ=တစ်ဖန်လည်း၊ သစ္စံ=မှန်၏။ ဣတိ=ဤသို့၊ ဘုဇံ=လက်ရုံးကို၊ ဥက္ခိပ္ပ=ချီးမြှောက်၍၊ ဝုစ္စတေ=ဆိုအပ်၏။ (၀၁) ဆိုလော့။

ဣတိ=ဤသို့၊ ဝစနတော=ကဝိထိုထို ပုဂ္ဂိုလ်+ဂ္ဂိုလ်တို့ မိန့်ဆိုတော်မူကြခြင်းကြောင့်၊ သပ္ပုရိသေဟိ = သူတော်ကောင်းမှန်သမျှတို့သည်၊ ပရတ္ထာဝ = သူတစ်ပါး၏အကျိုးကိုသာလျှင်၊ ကတ္တဗ္ဗော = အဦးထားကာ ပြုထိုက်စွာ၏။ ပရတ္ထေ = သူတစ်ပါး၏အကျိုးကို၊ သမ္မာဒိတေ ပန = ပြည့်စုံစေအပ်သည်ရှိသော်ကား၊ သကတ္ထော = မိမိအကျိုးသည်၊ သမ္ပန္နောဝ နာမ = ပြည့်စုံသည်သာလျှင်မည်၏။

ဆရာတော်၏ပါရမီကိုဖြည့်ပါသည်ဆိုလျှင်

မလွန်ဆန်လှူကိစ္စများမပေါ်သေးမီ အသင်းအဖွဲ့အစည်းများမရှိသေးမီအခါကာလက စာရေးသူသည် အောက်မြန်မာပြည်ရှိ ရပ်ဝေးရပ်နီးမြို့ရွာဒေသအချို့သို့ ဆရာတော်၏နောက်ပါးက အလုပ်အကျွေးကပ္ပိယကာရကအဖြစ်ဖြင့် လိုက်ပါဆောင်ရွက်ဖူး၏။ ဆရာတော်သည် မိမိ၏အနေအထိုင်ချမ်းသာရေး ကျန်းမာရေးတို့ကို လုံးဝမငဲ့ကွက်ဘဲ ရောက်လေရာအရပ်၌ ရဟန်းရှင်လူတို့၏လိုအင်ဆန္ဒကိုသာ လိုက်လျောဆောင်ရွက်တော်မူသည်။

ဂုဏ်ရှိသည်၊ ဂုဏ်ငယ်သည်၊ မျက်နှာကြီးသည်၊ မျက်နှာငယ်သည်၊ ပစ္စည်းဥစ္စာကြွယ်ဝသည်၊ မကြွယ်ဝသည်-စသည်စသည်ဖြင့် ခွဲခြားမှုမရှိ။ အချိန်ကာလမရွေး ပင့်လျှောက်လာပါက ချောင်ကြိုချောင်ကြားက တဲအိမ်တဲကျောင်းပင်ဖြစ်စေ အပင်ပန်းအဆင်းရဲခံ၍ ပင့်လျှောက်လာသူ၏အလိုဆန္ဒကို ဖြည့်စွမ်းပေး၏။ ထူးခြားသောပါရမီဟုဆိုရပါမည်။

ရှင်လူတိုင်း၏ စိတ်ချမ်းသာမှု၊ ရှင်လူတိုင်း၏အကျိုးကို လိုလားရှေးရှုပြီး ပါရမီဖြည့်တော်မူသောဆရာတော်အတွက် ကပ္ပိယကာရကအဖြစ် လိုက်ပါဆောင်ရွက်သူအဖို့ တစ်ခါတစ်ရံ သည်းမခံလိုသောစိတ်မျိုး၊ ဝန်တိုသောစိတ်မျိုး၊ ငါပြောသလို ငါစီစဉ်သလိုသာဖြစ်ရမည်-ဟူသောစိတ်မျိုး (ဒေါမနဿ=စိတ်ဆိုးစိတ်ယုတ်)တွေ အမှတ်မထင်ဝင်လာတတ်သည်။

ထိုအခါမျိုး၌ ဤသို့ ဆင်ခြင်ရာ၏။ 'ဆရာတော်သည် အများအတွက်သာလုပ်ဆောင်နေသော ပါရမီရှင်ပုဂ္ဂိုလ်မြတ်ဖြစ်သည့်အလျောက် ဆရာတော်အား ငါတစ်ဦးတည်းသာ သက်ဆိုင်သည်မဟုတ်၊ ရှင်လူအများနှင့် သက်ဆိုင်သောပုဂ္ဂိုလ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် One For All And All For One ဆိုသည့်အတိုင်း 'ဆရာတော်သည် အများအတွက်ဖြစ်ပြီး၊ ရှင်လူအများသည်လည်း ဆရာတော်အတွက်ဖြစ်ပေသည်'ဟု ဆင်ခြင်ရပါသည်။

တစ်ဖန် မိမိသည် ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်များကို ကြည်ညိုသည့်အလျောက် အပင်ပန်း အဆင်းရဲခံကာ ဆရာတော်၏ မေတ္တာ, ကရုဏာ, ဥပေက္ခာ, ခန္တီစသည့် ပါရမီလုပ်ငန်းများကို ဖြည့်နေခြင်း၊ စွမ်းဆောင်ကူညီပေးနေခြင်းဖြစ်သည်။

'ဆရာတော်၏အလိုဆန္ဒအတိုင်းဖြစ်စေရမည်။ မိမိ၏အလိုဆန္ဒအတိုင်းမဖြစ်စေရ'။ မိမိကြောင့် ဆရာတော်အား ဆည်းကပ်လိုသူ၊ လှူဒါန်းလိုသူ၊ ဆရာတော်၏ဩဝါဒတရားတော်များကို နာကြားလိုသူ ရှင်လူအားလုံးတို့အတွက် စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှု မဖြစ်ပါစေနဲ့ဟု မိမိကိုယ်ကိုမိမိ သတိနှင့်ထိန်းချုပ်ရပါသည်။

ဆုကြီးပန်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆရာတော်၏ ဒါန, မေတ္တာ, ခန္တီ-အစရှိသည့် ထူးခြားသောပါရမီလုပ်ငန်းတို့ကို ကြည်လင်မှန်ကန်သော သဒ္ဓါစိတ်မှုမှန်သောစေတနာ (True And Sincere) တို့ဖြင့် ဖြည့်စွမ်းဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

ဓမ္မယောသက ဦးမောင်မောင်

ဝေဝိမေသုတာ

ဇေယျာမောင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသမထေရ်အား ပင့်ဆောင်ခဲ့သောကားကလေးသည် နောက်ပါကားနှစ်စီးဖြင့် ကျောင်းတော်မှ ထွက်ခဲ့၍ နယူးလင်းလမ်းတစ်လျှောက်မောင်းနှင်နေ၏။ ၂၈-၃-၈၄ ရက်တွင် ကွယ်လွန်သူ ဦးဘသိန်း (သမီးတော်) အားရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအဝဝတို့ အတွက် ရေစက်သွန်းချပေးပါရန် ဆရာတော်အား လာရောက်ပင့်ဖိတ်သဖြင့် ကြွတော်မူခြင်း ဖြစ်ပေသည်။

ဆရာတော်၏အပါးတွင် တပည့်ဦးပဥ္စင်းတစ်ပါး လိုက်ပါလျက် ရှေ့ခန်း ကားမောင်းသူ၏နံဘေးတွင် စာရေးသူ လိုက်ပါလာခဲ့သည်။ ကားကလေးသည် ပြည်လမ်းထဲသို့ ချိုးဝင်၍ တောင်ဘက်သို့ဦးတည်မောင်းနေစဉ် စာရေးသူသည် နောက်သို့လှည့်၍ ဆရာတော်အား လက်အုပ်ချီကာ အောက်ပါအတိုင်း အဆက်မပြတ်လျှောက်ထားခဲ့ပါသည်။

'ဆရာတော်ဘုရား၊ တပည့်တော်ဟာ ဆရာတော်ဘုရားနှင့် အလွန်နီးလျက် အလွန်ဝေးနေခဲ့ပါသည်ဘုရား။ တပည့်တော် မန္တလေးတက္ကသိုလ်မှာ ကျောင်းအုပ်လုပ်ခဲ့တဲ့ ဒကာမောင်ကိုလေးပါဘုရား။ မန္တလေး သံဖြူတန်းက ဒကာမကြီး ဒေါ်စောတင်ဟာ တပည့်တော် အစ်မဝမ်းကွဲပါဘုရား။ ဆရာတော်၏ကပ္ပိယဖြစ်သူ သူ့သား မောင်မောင်အေးဟာ တပည့်တော်ရဲ့ တူပါဘုရား။ ဆရာတော်ဘုရား မန္တလေးမှာ တရားချီးမြှင့်တိုင်း မနာဖူးတာမရှိသလောက်ပါပဲဘုရား။ ဒါပေမယ့် တပည့်တော် ဆရာတော်အနား တစ်ခါဖူးမျှချဉ်းကပ်ခြင်းမရှိခဲ့ပါဘုရား။ အဲဒီတုန်းကတပည့်တော်မှာ အထူးလျှောက်ထားစရာမရှိ၍ မချဉ်းကပ်ခဲ့ပါဘုရား။

'တိပိဋကဆရာတော်လေးပါးကို မေမြို့မြို့နယ်က ပူဇော်ပွဲကြီးကျင်းပစဉ်က တပည့်တော် ပူဇော်ပွဲစီမံရေးအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ဖူးပါတယ်ဘုရား။ ၎င်းနောက် မေမြို့ ရွှေစေတီကျောင်းတိုက်၌ ဒီယဘာဏကပူဇော်ပွဲတွင် ဆရာတော်ကြွရောက်ချီးမြှင့်တုန်းကလည်း ဆရာတော်အား နီးနီးကပ်ကပ်ဖူးမြော်ခဲ့ရပါသည်ဘုရား။

'ယခု ရန်ကုန်တွင် ပိဋကတ်ဘာသာပြန်အဖွဲ့တွင် ဝင်ရောက်ဆောင်ရွက်နေပြီးမှ ဆရာတော်အား အနီးကပ်အကြိမ်များစွာ ဖူးမြော်ခဲ့ရပါပြီဘုရား။ မိတ်ဆွေများ၊ ဆွေမျိုးများ တပည့်များက အလှူအတန်းပြုကြ၊ ရေစက်ချပွဲပြုလုပ်ကြ၍ ဆရာတော် ကြွရောက်ချီးမြှင့်တိုင်းလိုလို တပည့်တော်ဖူးမြော်ရပါသည်ဘုရား။ ယခုအခါမှာ တပည့်တော်တွင် လျှောက်ထားစရာများရှိပြီဖြစ်သော်လည်း အလှူရှင်များ၏အချိန်အခါကို ဝင်ရောက်မစွက်ဖက်သင့်၍တစ်ကြောင်း၊ ဆရာတော်ဘုရား၏ တန်ဖိုးရှိလှသောအချိန်များကို ဇွတ်အတင်းလုယူရာမရောက်စေလို၍ တစ်ကြောင်းတို့ကြောင့် ဆရာတော်ထံပါး မချဉ်းကပ်ခဲ့ရပါဘုရား။

'ဆရာတော်ဘုရား မှတ်မိတော်မူပါလိမ့်ဦးမည်။ ပါမောက္ခဦးမျိုးမင်း၊ တပည့်တော်နှင့် ဓမ္မာစရိယဆရာကြီး ဦးအောင်မိုးတို့ ဆရာတော်ဘုရားထံ လာရောက်ဖူးမြော်ပြီး ပေါဋ္ဌပါဒသုတ်တွင်ပါရှိသော နေဝသညာ နာသညာယတနစျာန်ကိုဖြတ်ပြီး နိရောဓသမာပတ်ဝင်စားပုံနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်ကို လျှောက်ထားခဲ့ကြဖူးပါသည်ဘုရား'။

'အဲဒီလို စာပေနဲ့ပတ်သက်၍ မရှင်းလင်းသည့်အချက်၊ ဗဟုသုတဖြစ်ဖွယ်အချက်များ တပည့်တော်တွင် ယခု ရှိနေပါသည်ဘုရား။ သို့ပါသော်လည်း တပည့်တော်လျှောက်ထားသည့်အတိုင်း ဆရာတော်၏ရှေ့မှောက်ရောက်လျက် ဆရာတော်၏အချိန်ကို လုမယူထိုက်ပါသောကြောင့် လျှောက်ခွင့်မရခဲ့ပါဘုရား။

'ယခု လာရောက်ပင့်သောကိစ္စတွင် ကွယ်လွန်သူဒါယကာကြီးဦးဘသိန်းမှာ တပည့်တော်၏ ငယ်သူငယ်ချင်းပါဘုရား။ ဆရာတော်အားပင့်ဆောင်ရန် ကားစီစဉ်နေစဉ် တပည့်တော် ယခုကဲ့သို့ လိုက်ပါလာခြင်း ဖြစ်ပါသည်ဘုရား။ ကားနှင့် ခရီးသွားစဉ် အချိန်ကလေးတွင် လျှောက်ထားစရာလေးများ လျှောက်ထားလိုပါ၍ အခွင့်တောင်းယူခဲ့ခြင်းပါဘုရား'။

ဤကဲ့သို့ မရပ်မနားအဆက်မပြတ် ဆရာတော်အား လျှောက်ထားစဉ် ကားကလေးသည် ပြည်လမ်းမကြီးမှ အရှေ့ဘက်သို့ချိုး၍ ဗိုလ်ချုပ်လမ်းတွင်းသို့ ဝင်ရောက်ခဲ့လေပြီ၊ ဆရာတော်ကြီးသည် ဆိတ်ဆိတ်နေ၍ တစ်စုံတစ်ရာကိုမျှ မြွက်တော်မမူပေ။ ဤသို့ ဆိတ်ဆိတ်နေခြင်းသည် ပိဋကတ်တော်လာ ဆိတ်ဆိတ်နေသောခွင့်ပြုချက်'ဟု ရုတ်တရက်သတိရသဖြင့် -

'တပည့်တော်မှာ ပိဋကတ်လမ်းညွှန်စာအုပ်ပြုစုရန်တာဝန်ကျခဲ့ပါတယ်ဘုရား။ ခုဒ္ဒကနိကာယ်အဝင်အပါကျမ်းများကိုပြုလုပ်ရာတွင် ခုဒ္ဒကနိကာယ်တွင်ပါဝင်သောကျမ်းများမှာ ဆဋ္ဌသင်္ဂါယနာတင် ကျမ်းစာရင်းများအရ ၂၈-အုပ်ရှိကြောင်း တွေ့ရပါသည်ဘုရား။ စတုတ္ထသင်္ဂါယနာတင်အချိန်အထိ ခုဒ္ဒကနိကာယ်တွင် ကျမ်းစာ၁၅-သာ စာရင်းပေါက်ပါသည်ဘုရား။ ပဉ္စမသင်္ဂါယနာတင်စဉ်က မည်သို့ရှိခဲ့သနည်း။ ဆဋ္ဌသင်္ဂါယနာ စာရင်းအတိုင်းလော၊ သို့မဟုတ်လျှင် ဆဋ္ဌသင်္ဂါယနာပွဲတွင် သံဂီတိကာရကအရှင်များက နောက်တိုးကျမ်းသုံးကျမ်းဖြစ်သော နေတ္တိ+ပေဋကောပဒေသနှင့် မိလိန္ဒပဉှာတို့ကို မည်သို့သောအကြောင်းထူးများကြောင့် ထည့်သွင်း၍ သင်္ဂါယနာတင်ခဲ့ကြပါသနည်းဟု မေးမြန်းစရာပေါ်ပေါက်နေပါသည်ဘုရား။

'ဘာသာပြန်အဖွဲ့ဝင်များက 'ပဉ္စမသင်္ဂါယနာတွင် ပါ၊ မပါသိရန် မန္တလေးသားအတွက်အလွယ်ကလေးပါ၊ မန္တလေးတောင်ခြေမှာ ကျောက်ထက်အက္ခရာတင်ထားတာသွားဖတ်ပေါ့'ဟု ပြောကြပါသည်ဘုရား။ တပည့်တော်က မန္တလေးတောင်ခြေကို တကူးတကန့်မသွားရအောင် ဆရာတော်ဘုရားထံ ဖြတ်လမ်းက ယခုလိုမေးလျှောက်ရခြင်းပါဘုရား။ တပည့်တော် အထူးသိလိုတာကတော့ နေတ္တိ၊ ပေဋကောပဒေသလိုကျမ်းငယ်များကို ဘာကြောင့် သင်္ဂါယနာ တင်ခဲ့ကြပါသနည်းဘုရား။ ဘုရားဟောဒေသနာတော် ပါဠိတော်လည်းမဟုတ်၊ ပါဠိတော်လိုလေးနက်သော သဒ္ဒမ္မအကြောင်း

အရာများလည်းမဟုတ်၊ အဋ္ဌကထာကျမ်းရေးလိုလျှင် ရေးနိုင်ရန် နည်းလမ်းပြသောကျမ်းမျှသာဖြစ်တယ်။ အထူးသဖြင့် ပေဋကောပဒေသကျမ်းမှာ အလွန်သေးငယ်ပြီး ကျမ်းတွင် အမှားမြောက်မြားစွာပါနေတယ်လို့ ဆိုပါတယ်။ ပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ကြွရောက်တော်မူလာကြတဲ့ သီဟိုဠ်သံဃာများက ယင်းကျမ်းကိုသင်္ဂါယနာမတင်ကြရန် ကန့်ကွက်တော်မူကြတယ်လို့ ကြားသိရပါတယ်ဘုရား၊ သူတို့ကန့်ကွက်တဲ့ကြားက နောက်ဆုံးသန္နိပါတဖြစ်တဲ့ သီဟဠသန္နိပါတမှာပဲ နေတ္တိ၊ ပေဋကောပဒေသနှင့် မိလိန္ဒပဉှာတို့ကို သင်္ဂါယနာတင်တော်မူခဲ့ကြသလို သီဟဠအဖွဲ့ဝင်များ အတော်မကျေမနပ်ဖြစ်သွားကြတယ်လို့ သိရပါတယ်ဘုရား၊ ဟုတ်မှန်ပါသလားဘုရား'

ကားကလေးသည် ဆေးရုံကြီး၏ရှေ့တည့်တည့်တွင် မောင်းနှင်နေလေသည်။ စာရေးသူ၏ လျှောက်ထားချက်ပြီးဆုံးသွားပြီးနောက် ဆရာတော်သည် ခေတ္တမျက်စိမှိတ်၍ စဉ်းစားနေတော်မူသည်။ ထို့နောက် မျက်စိဖွင့်၍ စာရေးသူအား တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ဤသို့ အမိန့်ရှိပါသည်။

'အဲဒီ သုံးကျမ်းအနက် ပေဋကောပဒေသပါဠိကို ပဌမသင်္ဂါယနာမှာ ထည့်သွင်းရွတ်ဆိုခြင်းမပြုဟူ၍သာ ဘုန်းကြီးတို့ယူဆကြပါတယ်။ ဒါပေမယ့် မှတ်တမ်းအတွက် မပျောက်ရုံမန္တလေးမှာ ကျောက်ထက်အက္ခရာတင်ခဲ့တယ်လို့ပဲ ဘုန်းကြီးများအနေနဲ့ယူဆ၍ ဝန်ဆောင်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ရာမှာ ပေဋကောပဒေသပါဠိကို သင်္ဂါယနာတင်သည်ကို သီဟိုဠ်အဖွဲ့ခေါင်းဆောင် အရိယဝံသမထေရ်က ဤကိစ္စနှင့်ပတ်သက်ပြီး နောက်အခါတွင် သီဟိုဠ်၌ဖြစ်စေ၊ ယိုးဒယား (သျာမ)၌ဖြစ်စေ သတ္တမသင်္ဂါယနာတင်ပွဲဖြစ်လိမ့်မည်ဟု 'န စိရေနေဝ လင်္ကာယံ ဝါ သျာမေဝါ သတ္တမီ ဓမ္မသံဂီတိ ဘဝိဿတိ'ဟူ၍ မကျေမချမ်း မိန့်ကြားသွားတော်မူခဲ့ပါတယ်။

'မြန်မာပြည်မှလည်း ပေဋကောပဒေသကျမ်း သင်္ဂါယနာတင်ခြင်းကိုသဘောမတူသော မော်လမြိုင် ပန်းဘဲတန်းမင်းကျောင်းဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ အမရပူရမဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဘုန်းကြီးတို့လည်း သဘောမတူကြပါဘူး။'

'အရှင်ဘုရားနှင့်တကွ မဟာစည်ဆရာတော်၊ အမရပူရမဟာဂန္ဓရုံဆရာတော်၊ မော်လမြိုင်ဆရာကြီးတို့က သဘောမတူတာတောင် သင်္ဂါယနာတင်သွားကြတယ်ဆိုတော့ တပည့်တော်အတွက် ပြဿနာပိုကြီးသွားပြန်ပြီဘုရား။ ဘယ်လိုအကြောင်းများကြောင့် ဆရာတော်တို့လေးပါးက မတားမြစ်နိုင်ခဲ့ပါသလဲဘုရား။'

'ဒကာကြီးရေ၊ ဆဋ္ဌသင်္ဂါယနာတင်ကျင်းပစဉ်က ဒီကိစ္စတင်မကဘူး၊ ဒီပြင်ပြဿနာတွေလဲ ရှိသေးတယ်။ ဘုန်းကြီးတို့ ဘာမှမတတ်နိုင်ဘဲကြည့်နေကြရတာ။ မဟာစည်ဆရာတော်နှင့် အမရပူရဆရာတော်ကတော့ နှုတ်ဖြင့်သာသဘောမတူကြောင်းပြောပြတော်မူကြပါတယ်။ဘုန်းကြီးကတော့ စာဖြင့်ရေးပြီး အပြစ် ၁၄-ချက်ပြပြီး ကန့်ကွက်ခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ အလျှော့ပေးခဲ့ရတယ်။ ပေဋကောပဒေသကို သင်္ဂါယနာတင်ရန်အဆိုပြုတာက ပခုက္ကူဆရာတော်ကြီးဦးနန္ဒဝံသ၊ ဘုန်းကြီးတို့ထက် ဝါတော်ကြီးတယ်။ အခြေအနေ အရှိန်အဟုန်မြင့်မားတယ်။ အဲဒီတုန်းက ဘုန်းကြီးက အသက် ဝါ အလွန်ငယ်သေးတာပဲ။ ဒါကြောင့် မစိုးရိမ်ဆရာတော်ဘုရားကြီးနဲ့ ဘုရားကြီးတိုက်ဆရာတော်ဘုရားကြီးတို့က 'ဦးပဥ္စင်း ပေဋကောပဒေသသင်္ဂါယနာတင်မှုကို မကန့်ကွက်ပါနှင့်တော့၊ အလျှော့ပေးလိုက်ပါ'ဟု တားမြစ်ဖျန်ဖြေကြသဖြင့် ဆက်၍အငြင်းမပွားတော့ဘဲ ရပ်လိုက်ရပါတယ်။'

မော်တော်ကားသည် ရေကျော်ရပ်ကွက်သို့ ရောက်လာရာ ကရိုလမ်းဘက်သို့ ချိုးဝင်လာလေပြီ။ လျှောက်ထားစရာတွေလည်းစုပြုံလျက်ရှိသေးသည်။ လောလောဆယ် ခေါင်းထဲပေါ်ပေါက်လာတာက ဆရာတော် ရေးသားတင်ပြခဲ့သော ချွတ်ယွင်းချက် ၁၄-မျိုးကို ဖတ်ကြည့်ချင်သည်။

'ဆရာတော်ဘုရားတင်သွင်းခဲ့တဲ့ ချွတ်ယွင်းချက်ဆိုသည်များကို တပည့်တော်ဖတ်ချင်လှပါသည်ဘုရား၊ ယခုအထိများ ရှိပါသေးသလားဘုရား'ဟု လျှောက်ထားရင်း မော်တော်ကားသည် ကရိုလမ်း နံပါတ် ၂၁၃-၂၁၇-သို့ ရောက်လေပြီ။

ကားသည် ပလက်ဖောင်းပေါ်သို့တက်၍ အိမ်ပေါက်ဝတည့်တည့်ရပ်လိုက်သည်။ စာရေးသူသည် ကားမှအလျင်ဆင်း၍ ဆရာတော့်ဘက်က ကားတံခါးကိုဖွင့်ပေးကာ လက်အုပ်ချီရပ်နေသည်။ နောက်ဆုံးလျှောက်ထားချက်ကို ဖြေကြားချိန်မရလိုက်သော ဆရာတော်သည် စာရေးသူအား တစ်ချက်လှည့်ကြည့်လိုက်ပြီး 'လာ'ဟုတစ်ခွန်းတည်း မိန့်မြွက်ပြီး တိုက်ထဲသို့ဝင်ကြွသွားတော်မူသည်။

စာရေးသူသည် ဆရာတော်အပါးမှာ ထပ်ကြပ်မကွာလိုက်ပါသွားသည်။ ဖိနပ်ရိသတ်များကိုပတ်၍ ဆရာတော်သည် ခင်းကျင်းထားသည့်နေရာသို့ ကြွသွားသည်။ စာရေးသူသည် ဆရာတော့်နောက်ပါးမှလိုက်၍ ဆရာတော်အနားမှာ နီးကပ်စွာနေရာယူလိုက်သည်။ ဆရာတော်အား ယပ်ခပ်

မင်းကွန်းဆရာတော်ကြီးနှင့်
ဦးကြည်ညွှန့်၊ ဦးဝင်းဖေ၊ ဦးကျော်ထွတ်၊
ဇေယျာမောင်၊ ဦးတင်လွင်၊
ပိဋကတ်ဘာသာပြန်အဖွဲ့ဝင်များ

ပြုစုသော ဦးပဥ္စင်းအတွက်ပင် နေရာမရှိတော့ပေ။ ဆရာတော်သည် ခင်းကျင်းထားသည့်နေရာတွင် ထိုင်တော်မူပြီးနောက် ဝတ်ပြုကန်တော့နေကြသည့်ပရိသတ်အား တစ်ချက်မျှလှမ်းကြည့်ပြီးနောက် စာရေးသူအား အဆက်မပြတ်ဤသို့မိန့်မြွက်တော်မူသည်။

'အဲဒီ ချွတ်ယွင်းချက် ၁၄-ချက်ကို ဘုန်းကြီးကိုယ်တိုင် လက်နှိပ်စက်ဖြင့်ရိုက်ထားတာ မိတ္တူများ ရှိကောင်းရှိပါလိမ့်မည်၊ ရှာကြည့်ရသေးတာပေါ့။ မှတ်မိသေးတော့တယ်၊ အဲဒီ ချွတ်ယွင်းချက် ၁၄-ချက်ရိုက်နှိပ်တဲ့လက်နှိပ်စက်အကြောင်း မှတ်မိသေးတော့တယ်။ အလှူရှင်ဦးစံမောင် (အိုင်၊စီ၊အက်) လှူလို့ လက်နှိပ်စက် ကျောင်းသို့ရောက်လာတဲ့အချိန်မှာ ရဲဘော်ဖြူကွန်မြူနစ်တို့က မင်းကွန်းမှာ ကြီးစိုးနေချိန်ဖြစ်ပါတယ်။ သူတို့က လက်နှိပ်စက်ကိုလာပြီး အလှူမခံကြခင် လှူဒါန်းသူရဲ့ ကုသိုလ်တန်ဖိုးကျေပါစေဆိုတဲ့ စေတနာနှင့် သင်္ဂါယနာအဖွဲ့သို့တင်ပြရမယ့် တာဝန်ကျသုတ်သင်ပြီးသော ဝိနည်းမဟာဝါပါဠိတော်နှင့် ပေဋကောပဒေသကျမ်း ချွတ်ယွင်းချက် ၁၄-ချက်တို့ကို ရိုက်နှိပ်ခဲ့ပါတယ်ဒကာကြီး'။

အလှူရှင်များသည် ဆရာတော်နှင့် သံဃာငါးပါးအား နန်းကြီးမုန့်တီဆွမ်းကပ်လှူရန် ပြင်ဆင်လျက်ရှိကြသည်။ ဆရာတော်ကား ဆက်လက်မိန့်ဆိုလျက်ပင် နန်းကြီးမုန့်တီ ဆွမ်းပွဲများ စားပွဲပေါ်ရောက်လာ၍ ဦးပဥ္စင်းလေးပါးအား ဆက်ကပ်နေကြလေပြီ။ ဆရာတော်က စကားမပြတ်သေး။ ပရိသတ်ကလည်း စာရေးသူအား လှမ်းမျှော်ကြည့်ရင်း 'ဘယ်က,လူက ဆရာတော်အနားကပ်လိုက်လာပြီး ဘာတွေများလျှောက်ထားလို့ ဆရာတော်က ဒါလောက်စိတ်ပါလက်ပါ ပြောပြနေပါသလဲ'ဟု တွေးတောနေကြပေလိမ့်မည်။

ဆရာတော်အတွက် ယိုးဒယားခေါက်ဆွဲပြုတ်ကို ဒန်ချိုင့်ကလေးဖြင့်ယူလာ၍ ဆက်ကပ်လေပြီ။ဆရာတော်၏ ကပ္ပိယက ယူလာနေကျဒန်ချိုင့်ကလေးမှ စားသောက်ဖွယ်များကိုလည်း ဆရာတော့်အား ဆက်ကပ်ပါလေပြီ။

ဆရာတော်သည် ခေါက်ဆွဲပြုတ်ရည်အနည်းငယ်ကို ဘုဉ်းပေးရင်း လက်အုပ်ချီလျက် ငြိမ်သက်နေသော စာရေးသူအား 'ဒီပြင်ဘာလျှောက်ချင်သေးသလဲ'ဟုမေးပြီး မျက်လုံးများဖြင့် လှမ်း၍ကြည့်လိုက်ပါသည်။ စာရေးသူကလည်း မဆိုင်းမတွဘဲ အစဉ်ဦးခေါင်း၌ ကိန်းအောင်းနေသော ပြဿနာတစ်ခုကို ရုတ်တရက် ပြန်၍လျှောက်ထားမိလိုက်ပြန်ပါသည်။

'နောက်တစ်ချက်ကဘုရား 'ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတ ဒီပနီကျမ်း' အကြောင်းပါဘုရား။ ကျမ်းပြုဆရာတော်က လည်း နှယ်နှယ်ရရမဟုတ်၊ ရွှေကျင်နိကာယ အာဒိကမ္မိက ပထမရွှေကျင်ဆရာတော်ကြီးပါဘုရား။ ရေးထားတဲ့ အကြောင်းအရာက နိဗ္ဗာန်၊ တပည့်တော်ဖတ်ကြည့်တော့ တပည့်တော်တို့ ကြားဖူးနားဝရှိထားတဲ့ နိဗ္ဗာန်အယူအဆနဲ့ မတူ၊ တစ်မူထူးခြားနေပါတယ်ဘုရား။ ဒါလောက် ကွဲပြားထူးခြားနေတဲ့ အယူအဆများကို အခြားဆရာတော်ကြီးများက နှုတ်ဆိတ်လက်ခံတော်မူကြသလား၊ ပြန်လှန်ထိုးနှက် ဖြေရှင်းမှုမရှိကြလေသလားစဉ်းစားပြီး လေ့လာလိုက်တော့ ဒုတိယမြောက် မြို့ပြင်ကြီးဆရာတော်ဘုရားကြီးက အဘိ-ဓမ္မတ္ထသရူပဒီပကကျမ်းလာ နိဗ္ဗာနသရူပဒီပကအခန်းမှာ ပြန်လည်ဖြေရှင်းထားတာကို တွေ့ရပါတယ်ဘုရား။ တိပိဋက ကောဝိဒဖြစ်တဲ့ ဆရာတော်ကြီးများပင် နိဗ္ဗာန်နှင့်ပတ်သက်သည့်အယူအဆများ ဤမျှကွဲပြားနေသည်ကို တပည့်တော် တအံ့တသြတွေ့ရပါတယ်ဘုရား။ အခြား ထေရ်ဆရာတော်ကြီးများရဲ့ အယူအဆများရှိတော်မူကြ ထုတ်ဖော်တော်မူကြပါသေးလားဘုရား'။

'အဲဒီ ဂမ္ဘီရာဂမ္ဘီရကျမ်းလာ အကြောင်းအရာများကို

ရွှေကျင်ဆရာတော်ကြီးက ကျမ်းအဖြစ်အတည်မပြုသေးမီ မင်းကွန်းဌေးတောင်တောရမှာ အပိုင်းလိုက်အပိုင်းလိုက်ခဲ့ပြီး ဥပုသ်နေ့တိုင်းဟောကြားတဲ့အတွက် (ထိုစဉ်က စာသင်သား ဘဝမှာရှိသေးတဲ့) နောက်တစ်ချိန်မှာ 'တောင်ဖီလာ ဆရာတော်ဦးပဏ္ဍဝံသ'ဟု ထင်ရှားတဲ့ ဒုလ္လဘသင်္ဂြိုဟ်ကျမ်းပြု ဆရာတော်ဟာ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်ကြီးမှနေပြီး မင်းကွန်းသို့ ဥပုသ်နေ့တိုင်းလာပြီး ရွှေကျင်ဆရာတော်ကြီး ရေးသားထားတဲ့ ဂမ္ဘီရာ ဂမ္ဘီရကျမ်းလာ အကြောင်းအရာတို့ကို ပြင်သင့်ကပြင်ရန် နာယူမှတ်သားရသတဲ့။

'ဒါနဲ့ ဘုန်းကြီး၏ သာသနာ့မိခင် မင်းကွန်းသီလရှင်ဆရာကြီး သစ္စဝါဒီဋီကာကျမ်းပြုဒေါ်ဓမ္မစာရီထံ တစ်ချိန်က တောင်ဖီလာဆရာတော်ကြီးဦးပဏ္ဍဝံသ ကြွလာလို့ ဒီအကြောင်းအရာနှင့်ပတ်သက်ပြီး မေးမြန်းလျှောက်ထားတဲ့အခါ တောင်ဖီလာဆရာတော်ကြီးက 'ဒါတော့ ဒါယိကာမကြီးရယ်၊ သူဟောပြောရေးသားထားတော့ သူ့ အယူအဆ သူ့သဘောပေါ့'လို့ ပြန်ဖြေတာကို ဘုန်းကြီးကိုယ်တိုင်နားနဲ့ဆတ်ဆတ် ကြားနာမှတ်သားခဲ့ရပါတယ်။

'ဒါထက် ဘုန်းကြီးရဲ့ အယူအဆသဘောကိုကော မသိချင်ဘူးလား၊ မလျှောက်တော့ဘူးလား'လို့မေးတော့ စာရေးသူ 'လွန်စွာသိလိုပါတယ်ဘုရား၊ မလျှောက်ဝံ့လို့ ဆိုင်းငံ့နေတာပါဘုရား'လို့လျှောက်တော့ ဆရာတော်က 'အေး၊ ဘုန်းကြီးသဘောကတော့ ပဋိဝေဓနယ်ပယ်ကိစ္စကို ပုထုဇဉ်ပုဂ္ဂိုလ်က အကုန်အစင်မသိနိုင်ပါဘူး၊ မပြောနိုင်ပါဘူး။ ပုထုဇဉ်က ပြောလျှင် ပုထုဇဉ်အမြင်ကိုသာ ပြောနိုင်မှာပေါ့၊ အဲဒါပဲ ပြောချင်ပါသည်'ဟု မိန့်ကြားတော်မူပါတယ်။

ဆရာတော်သည် ခေါက်ဆွဲအရည်တစ်ဇွန်းကိုသောက်ပြီး အဖတ်အနည်းငယ်ကို ဦးပဥ္ဇင်းတစ်ပါး၏ ပန်းကန်ထဲသို့ လှမ်းထည့်၍ စွန့်လိုက်၏။ ထို့နောက် စာရေးသူအား 'ကိုင်း ဘာလျှောက်ဦးမလဲ'ဟု မေးသည့်အကြည့်မျိုးဖြင့် ကြည့်ပြန်သဖြင့် -

'လယ်တီဆရာတော်၏ ပရမတ္ထဒီပနီနှင့် ဋီကာကျော်တို့ ပြဿနာပေါ်ရသည့်ကိစ္စပါဘုရား။ ဋီကာကျော်ရဲ့ ဘယ်ပုဒ်၊ ဘယ်ကဏ္ဍမှာ လွဲမှားနေတဲ့အတွက် လယ်တီဆရာတော်က ပရမတ္ထဒီပနီကျမ်းကို ရေးရတာလဲဘုရား။ ဋီကာကျော်မှာ အမှားတွေပါနေလျှင် ယခု စာသင်သားတွေကို မပို့ချတော့ဘူးလားဘုရား၊ ပရမတ္ထဒီပနီကိုသာ လက်စွဲပြုတော်မူကြသလားဘုရား။'

'ဟ. . . ဘယ်ဟုတ်မလဲ၊ ဋီကာကျော်ဟာ ကျော်တုန်းပါပဲ။ ဒီ ပရမတ္ထဒီပနီကို သူ့အသိုင်းအဝိုင်းက ဋီကာမော်လို့ သမုတ်ပေမယ့် ဋီကာကျော်ကကျော်တုန်းပါပဲ ဒကာကြီး။ လယ်တီဆရာတော်ဘုရားကြီးက အဘိဓမ္မာအချက်အလက် အချို့မှာ ဆရာတော်ကြီး၏ယူဆချက်ကို ဖော်ပြရုံဖော်ပြတာပါ၊ အဲဒါကို လယ်တီဆရာတော်၏တပည့်ကြီး သေကျွတောင်ဆရာတော်ဦးတိလောကက အတွန့်တွေ အညွန့်တွေနှင့် ပုံနှိပ်ထုတ်ဝေလိုက်တော့ ပြဿနာမဖြစ်ပေါ်တန်ပဲ ဖြစ်ပေါ်ကုန်တာပေါ့ ဒကာကြီး။'

ဆရာတော်သည် စားပွဲမှလက်ကိုရုပ်သိမ်းတော်မူလေပြီ။ အလှူရှင်များကလည်း ဆွမ်းစားပွဲကိုသိမ်းသွားကြလေပြီ။ လှူဖွယ်ဝတ္ထုများကို ဆရာတော်၏ရှေ့၌ လာရောက် ချထားကြပြီ။ ဆရာတော်သည် ယပ်ကိုကိုင်၍ ချိုးမြှင့်မြဲကိစ္စအဝဝကို ဆောင်ရွက်တော်မူသည်။ သင့်လျော်သည့် တရားစကား ချီးမြှင့်သည်။ ပရိတ်ရွတ်ဖတ်တော်မူကြသည်။ ထို့နောက် ရေစက်သွန်းချ အမျှဝေစေတော်မူသည်။ အလှူပွဲ ရေစက်ချပွဲပြီးဆုံးချေပြီ။

ဆရာတော်သည် သီတင်းသုံးတော်မူသည့် နေရာမှ ထ၍ အခန်းပြင်ပသို့ လှမ်းထွက်တော်မူလေပြီ။ စာရေးသူသည် လှူဖွယ်ဝတ္ထုပစ္စည်းများကိုပိုက်၍ ဆရာတော်နောက်သို့ လိုက်ပါသွားသည်။ ဆရာတော်အတွက် မော်တော်ကား တံခါးဖွင့်ပေးပြီး ပြန်ပိတ်ပေးလိုက်သည်။ လှူဖွယ်ပစ္စည်းများကို ကားမောင်းသမားဘေးတွင်ချထား၍ ဆရာတော်အားလက်အုပ်ချီလိုက်သည်။ မော်တော်ကားသည်စက်နှိုး၍ ထွက်ချေပြီ။ ဆရာတော်က စာရေးသူအားလှမ်းကြည့်ပြီး 'တွေ့သေးတာပေါ့'ဟု ဆုလာဘ်ကြီးပေးသွားတော်မူသည်။

ဆရာတော်သည် ကြီးမားသောတာဝန်များဖြင့် ပိနေရှာတော်မူသည်။ စာရေးသူကို တကူးတကအချိန်ပေးနိုင်မည် မဟုတ်ရှာပါ။ ဘယ်လိုတွေ့ရ ဖူးမြော်ရပါမည်နည်း။ ဆရာတော်ခရီးထွက်တော်မူစဉ် မော်တော်ကား၊ရထား၊လေယာဉ်၊ သင်္ဘောခရီးကြွသွားရင်း ရသည့်အချိန်ကလေး ပေးတော်မူပါက ဆရာတော်ချီးမြှင့်သော ဆုလာဘ်ကို အမှန်တကယ် ရ၍ ဆရာတော်နှင့် အမှန်တကယ် တွေ့ရပါမည်။ ဆရာတော်ကသာ ခွင့်ပြုပါလျှင် ဤကဲ့သို့ခရီးမျိုးတွင် စာရေးသူသည် ဆရာတော်အပါးမှ ကပ္ပိယဒကာအဖြစ် လိုက်ပါရင်း မေးမြန်းလျှောက်ထားဖွယ်များကို လျှောက်ထားချင်ပါသည်။ ဤကဲ့သို့သာ ဆရာတော့်အပါးမှ လိုက်ပါကုသိုလ်ပြုခွင့်ရပါလျှင် ဤသို့သော 'ဇဝံ မေ သုတံ-ဆောင်းပါး အများရေးနိုင်ဦးမည်ဟု တွေးတောရင်း. . .။

ဇေယျာမောင်

ဆရာတော်ဘုရား၏ ဉာဏဓမ္မဂုဏ်

သုခ

ဤစာရှု[illegible] သူတော်စင်[illegible]ပါင်း သူမြတ်လောင်းတို့. . .

အကျွန်ုပ်၏ တရားဓမ္မ ကျမ်းဂန်စာပေအယူအဆ အဝဝသောအရေးတို့၌ မူလပကတိ သဘောထားစိတ်ရင်း အလေ့အကျက်မှာ မည်သူနှင့်မျှငြင်းခုံခြင်းမပြုဘဲ အေးဆေးစွာဖြင့် ပြီးစီးအောင်မြင်စေခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် တရားဓမ္မ ကျမ်းဂန်စာပေ အယူအဆအဝဝသော အရေးအခင်းတို့နှင့် ရင်ဆိုင်တွေ့ကြုံခဲ့လျှင် ငြင်းခုံခြင်းကိုအလျဉ်း မပြုဘဲ အေးဆေးစွာဖြင့်ပင် ပြဿနာတို့ကို ပြီးစေခဲ့ပါသည်။

အထူးအားဖြင့် သီတင်းသုံးဖော်တို့နှင့် စပ်၍ ငြင်းခုံဖွယ်ရာ အကြောင်းတစ်စုံ တစ်ရာပေါ်ပေါက်ခဲ့လျှင် လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်၍ တွေ့ကြုံသောကိစ္စ အဝဝကိုပြီးပြေစေခဲ့ပါသည်။ ထို့ကြောင့်ပင်လျှင် အကျွန်ုပ်ကို ရင်းနှီးခင်မင်သော သီတင်းသုံးဖော်ဆရာတော်တို့က 'ဦးဝိစိတ္တက လက်ျာဓမ္မာစရိယ လူပျော့ပါကွာ'ဟူ၍ပင် အဝေဖန်ခံခဲ့ရပါသည်။ ထိုဝေဖန်ချက်ကို လည်း နှစ်နှစ်သက်သက် အကျွန်ုပ်သည် ခံယူခဲ့ပါသည်။

၁၉၇၇-ခုနှစ်တွင် ဆရာတော်ကိုယ်တိုင် တည်းဖြတ် သ[illegible]သင်ထုတ်ဝေရိုက်နှိပ်ပေးခဲ့သော မအူပင်မြို့နယ် လက်ခုပ်ပင်ရွာ သာသနာ့ရောင်ခြည်အဖွဲ့၏ သာသနာ့ကြယ် ရောင်စာတမ်း'စာအုပ်၌ စာမူတည်းဖြတ်ပြင်ဆင်သူအနေဖြင့် ဤသို့အစချီ၍ ရေးသားတော်မူခဲ့ပါသည်။

ဆရာတော်၏ အာဘော်သည် မိမိ၏ ယောနိသောမန သိကာရကို တစ်စိတ်တစ်ဒေသဖော်ပြထားသလိုရှိပါဘိ သည်။ ဆရာတော်ကြီးသည် 'သစ္စော, ဥဇူ စ, သုဟုဇူ စ, သုဝစောစဿ, မုဒု, အနတိမာနီ' ဆိုသော ဂုဏ်တို့သည် ဆရာတော်၏သန္တာန်၌ တစ်လုံးတစ်စည်းတည်း စုဝေးတည်နေတော်မူသည်ဟု ရေးလိုက်ချင်ပါသည်။

၁။ သုတ္တန်,ဝိနယ,အဘိဓမ္မာဟု သုံးဖြာမခပါဠ် ပိဋကတ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ခြင်း၊

၂။ သဘောဖြူအူစင်း ဖြောင့်မတ်မှုရှိတော်မူခြင်း၊

၃။ ရိုးသားပွင့်လင်းတော်မူခြင်း။

၄။ သာသနာ့မိခင်ကြီး၏အဆုံးအမမှအစ အာစရိယ အဆူဆူတို့၏မိန့်မှသော အနုသာသန ဩဝါဒတို့ကို တရိုတသေ တလေးတမြတ် ခံယူလိုက်နာတော်မူခြင်း။

၅။ နူးညံ့ပျော့ပျောင်း သူတော်ကောင်းတရားလည်း အပြည့်အဝရှိတော်မူခြင်း။

၆။ အစဉ်ထာဝရနှိမ့်ချအပ်သော နိပါတတရားလည်း ရှိတော်မူခြင်း။

မှန်ပါသည်။ ဆရာတော်၏ နာမတော်နောက်မှ ဘွဲ့ပုံတော်များကို ကပ်ရမည်ဆိုလျှင် ၁၉၂၅-ခုနှစ် ရှင်သာမဏေဘဝက သဒ္ဒါကြီးရှစ်စောင်အာဂုံပြန် အောင်လက်မှတ်မှသည် အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့်တကွ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ပုံတော်အထိ ဘွဲ့ထူးဂုဏ်ထူးတော်မြတ်များသည် နှစ်ဆယ့်ကိုးဘွဲ့နှင့်နှင့် အဆက်အကပ်လက်ခံတော်မူခဲ့ရပါသည်။

ဤမျှသော အဓိကာရ ဓမ္မဘဏ္ဍာဂါရိက သုတဗုဒ္ဓ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးက သီတင်းသုံးဖော်တို့နှင့်စပ်၍ ငြင်းခုံဖွယ်ရာ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ခဲ့လျှင် လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်၍ တွေ့ကြုံသောကိစ္စအဝဝကို ပြီးစေခဲ့ပါသည်ဆိုသည့်စကားမှာ လက်ျာဓမ္မစရိယ ရွှေပြည်အေးဆရာတော်ပိသလုပါသည်။ အနှစ်ဖြိုးဖြိုးအသီးလှိုင်စွာသော ခိုင်ရွှေဝါစပါးနှံတို့သည်ကား မြေသို့ညွတ်စမြဲပင် မဟုတ်ပါလား။

ရွှေပြည်အေးဝါဒကို လက်ကိုင်ပြုလိုသော အကြောင်းတစ်ရပ်ကလည်း ရှိပေလိမ့်ဦးမည်။ ပြောက်တိပြောက်ကျားအချို့သောနေရာများမှ စကားသံ ထွက်လာတတ်ကြသော 'တရားထိုင်ရာ စာတတ်ဖို့မလိုပါဘူး၊ စာတတ်လျှင် စာကခံနေလိမ့်မည်'တဲ့။ ထိုအချေအတင်စကားများအတွက် ဆရာတော်သည် ပရိယတ်နှင့် ပဋိပတ်တည်းဟူသော ရွှေနှစ်ပြားကို ဂဟေသား၍ အခြားမထင်နိုင်အောင် နုညက်စွာ စေ့စပ်တော်မူလိုက်ခြင်းဖြစ်သည်ဟု ရိပ်စားနိုင်ဖွယ်ရာလည်း ရှိပါသည်။ ဤကား ဆရာတော်ကြီး၏ ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တအရာများသာတည်း။

တိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ ထုတ်ဝေသော ဩဝါဒကထာနှင့် ထေရုပ္ပတ္တိအကျဉ်းစာအုပ်တွင် ဆရာတော်ကိုယ်တိုင် ဖွင့်ဟရေးသားတော်မူခဲ့သည်ကို ဤသို့ ဖတ်ရှုကြည်ညိုခဲ့ရပါသေးသည်။

'အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီး ဖွင့်လှစ်သည့် အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးအမှူးပြုသော လူထုပရိသတ်ကြီး၏ ဦးညွတ်ကြည်ယုံ မချသော လက်အုပ်ဖြင့် လက်အုပ်ချီနေကြပုံကို အာရုံထင်ထင် တွေ့မြင်ရသောအခါ ဤကဲ့သို့ ပရိသတ်စုံညီ လက်အုပ်ကိုယ်စီချီ၍ ရှိခိုးကြခြင်းသည် ပရိတ်တရားနာယူလို၍ ရှိခိုးတောင်းပန်ကြသည့် လက်အုပ်ချီခြင်းမဟုတ်ပါပေ။ တိပိဋကဓရပုဂ္ဂိုလ်ကို လိုလားတောင့်တ ရှာဖွေကြသည့် လက်အုပ်ချီခြင်းဖြစ်သည်ဟု အလေးအနက်ဆင်ခြင်၍ ဤတိပိဋကဓရ ရွေးချယ်ပွဲကြီးမှ တိပိဋကဓရပုဂ္ဂိုလ်သူမြတ် တစ်ပါး,နှစ်ပါး ပေါ်ထွက်လာလျှင် ကောင်းပါ၏။ မပေါ်ထွက်လျှင်ကား ကြိုးပမ်းသောတော်များအပေါ်၌ တိပိဋကဓရရှာပုံတော် လက်အုပ်ကြွေးကား တင်ရှိချေတော့မည်။ ထိုသို့တင်ရှိခဲ့လျှင် ထိုလက်အုပ်ကြွေးကို တစ်နေ့နေ့၌ ပါပြန်ဆပ်ရလိမ့်မည်'ဟု စိတ်ယားတွင် ကြံစည်ကြိုးစားဆောက်တည်ထားခဲ့ပါသည်။ ဤသို့လျှင် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ထိုသို့ သန္နိဋ္ဌာန်ချမှတ်ဆုံးဖြတ်တော်မူပြီးသည်မှစ၍ ပိန်လှီသောခန္ဓာတွင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-တည်းဟူသော ဗိုလ်ကြီးငါးပါးကိုတင်လျက် တိပိဋကစာမေးပွဲအတွက် ပြင်ဆင်တော်မူရာ အချိန်ကာလဝယ် ဆရာတော်တွေ့ကြုံခဲ့သည့် နှစ်လိုဖွယ်ဖြစ်သော အတွေ့အကြုံတစ်ရပ်ကို ဇဝ်မေသုတ် စကားအရ မရေးဝံ့ဝံ့ ရေးဝံ့ဝံ့နှင့် ရေးပြလိုက်ချင်ပါသေးသည်။

'အမယ်. . . ကြီးကျယ်လိုက်လေကွာ၊ ဝါကလေးကနုနု၊ လူကိုကြည့်လိုက်တော့လည်း နွားပစ်တဲ့ ကုတ်လောက်နဲ့၊ တိပိဋကစာမေးပွဲ ဝင်ဖြေမလို့တဲ့လား' ထိုစကားကို ပြောကြားရေရွတ်လိုက်သောပုဂ္ဂိုလ်မှာ ဓမ္မနာဒကိုက်အနီးတွင် သီတင်းသုံးသော ဆရာတော်တစ်ပါး ဖြစ်သောဟူ၏။ ယခုမူ ထိုဆရာတော်ပျံတော်မူခဲ့ပါပြီ။

ထိုပုဂ္ဂိုလ်က မိမိအပေါ် အထင်အမြင်သေးခြင်း၊ မလိုတမာဖြစ်ခြင်းတို့ဖြင့် အမြှပင်ဝေဖန်တိုက်ခိုက်နေသဖြင့် ဆရာတော်မှာ အမြပင်စိတ်ဆင်းရဲနေရပေသည်။ လောကတွင် မိတ်ဆွေဆယ်ယောက် တိုးပွားမလာလျှင် နေပါစေ၊ ရန်သူတစ်ယောက် ပေါ်မလာပါစေနှင့်ဟူသောဝါဒ လက်ကိုင်ထားသောဆရာတော်သည် ထိုပုဂ္ဂိုလ်နှင့် သဟဇာတဖြစ်အောင် ချိုသာစွာနိမ့်ချဆက်ဆံသော်လည်း အကြိုးမပေးခဲ့ချေ။

ထို့ကြောင့် ဆရာတော်လည်း မေတ္တာဝါဒကို အားကိုးကာ စူးစိုက်စွာမေတ္တာပို့သည့်အပြင် အကောင်းအမွန်ပစ္စည်းများကို ပို့လွှတ်ကပ်လှူစေသည်။ ကိုယ်တိုင်လည်းသွားရောက်ကပ်လှူပြီး ပိဋကတ်ဆိုင်ရာများကို သိပြီးဖြစ်သော်လည်း တပည့်ခံ တောင်းပန်လျှောက်ထားလေသည်။ ထိုသို့ ပရောက်ရှည်ကြာကျင့်သုံးသောအခါမှ ဆရာတော်အပေါ် မလိုတမာစိတ်များလျော့ပါး၍ ကာလရှည်မေတ္တာဖြစ်နှင့် ရင်းနှီးသူများဘဝသို့ရောက်ခဲ့ရသည်။

ပိဋကတ်သုံးပုံကို အာဂုံဆောင်ကျက်မှတ်နိုင်ဖို့ အရေး မှာတောင် သမာဓိလိုပေသည်။ ပုဂ္ဂိုလ်တစ်ဦးဦးကြောင့် စနိုးစနောင့် စိတ်မပြောင်းခဲ့သည်ရှိသော် အနှောင့်အယှက် ကြီးတစ်ခုဖြစ်ရမည်ကားမုချ။ ထို့ကြောင့် ဆရာတော်သည် တိပိဋကစာပြန်ပွဲကြီးအတွက် ရှေးရှုရာလမ်းကို ဆူးငြောင့် ခလုတ်များရှင်း၍ မေတ္တာသံမံတလင်း စကြံလမ်းခင်းလိုက် ခြင်းဖြစ်တော့သည်။ ဤကား ဆရာတော်ဘုရား၏ ဉာဏ- ပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တအရာများသာတည်း။

ဆရာတော်၏အမြော်အမြင်ကြီးမားပုံကို ကိုယ်တွေ့ ကြုံသမျှ ရေးပြလိုပါသေးသည်။ လွန်ခဲ့သော အနှစ်,နှစ်ဆယ် ကျော်ကျော် ၁၉၆၄-ခုနှစ်တွင် ကျွန်တော့်ကို မန္တလေးမြို့ လူထုဦးလှက မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရဆရာတော် ကြီးထံ ဖူးမြော်ရန်လိုက်ပို့ပေးပါသည်။

ဆရာတော်ကြီးအား ပထမဆုံးအနေဖြင့်တွေ့ရှိဖူးမြော် ရခြင်းဖြစ်ရာ အချိန်အတန်ကြာအောင်ပင် ဆရာတော် ကြီးက စပ်ရာစပ်ရာတရားတို့ကို ဟောပြောတော်မူပါသည်။ ထိုအချိန်၌ ကျောင်းရှေ့တွင် သာမဏေငယ်သုံး,လေးပါးနှင့် ကျောင်းသားသူငယ် သုံး,လေးယောက်တို့ ဆော့ကစားရင်း ငြင်းခုံခိုက်ရန်ဖြစ်နေကြပါသည်။ ကျွန်တော့် မှာနာရခဲလှ သော ဆရာတော်တရားများကို နာကြားနေရင်းက စိတ် အနှောင့်အယှက်ဖြစ်မိပါသည်။ ဆရာတော်က ငေါက်ငမ်း ဟန့်တားလိုက်လေမည်လားဟု ကျွန်တော်မျှော်လင့်ပါသည်။ သို့သော် ဆရာတော်ကြီးကား စကားပြောမပျက် တရား ဟောမပျက်ပါပေ။ ထို့ကြောင့် 'ဆရာတော့်နှယ် အလိုလိုက် ရန်ကော'ဟု ကျွန်တော် အောက်မေ့လိုက်မိသည်ကိုလည်း ဝန်ခံရပါမည်။

ထိုအချိန်မှ ဆယ်နှစ်ကျော်ခန့် လွန်သောအခါ မင်းကွန်း မိုးမိတ်ဘုရားပွဲတော်သို့ ဆရာဝန်ကြီးဦးသာလှနှင့် ပထမဆုံး အကြိမ်လိုက်ပါသွားရာ ဆရာတော်၏ ရှင်လေးရှင် ပူဇော် လှူဒါန်းပွဲဟူသော ဝိသေသအလှူတော်ကြီးကို မျက်မြင်တွေ့ ကြုံခဲ့ရပါသည်။

ရှင်လေးရှင်ဟူသည်မှာ (၁) သာသနာ့ကျေးဇူးရှင်ကြီး များ၊ (၂) ရှင်ရဟန်းတော်များ၊ (၃) ရှင်သာမဏေများ၊ (၄) သီလရှင်များ ဖြစ်ကြပါသည်။

ထို ပူဇော်ပွဲကြီးနှင့်နှီးနွယ်၍ ရှင်သာမဏေငယ်များ အပေါ်ဝယ် ဆရာတော်ဘုရား၏ မျှော်လင့်ချက် ရည်ရွယ် ချက်တို့ကို တစ်စွန်းတစ်စကြားနာလိုက်ရသည့်အခါမှ ဆရာ တော်ကြီး၏အလိုလိုက်ပုံကို သဘောပေါက် နားလည်လိုက် ရပါတော့သည်။

"သာမဏေငယ်လေးများဟာ လူ့စကားနဲ့ ပြောရရင် ကလေးတွေပဲပေါ့။ ကလေးဆိုတာ ဆော့ချင်တယ်၊ ကစားချင်တယ်၊ ပျော်ပျော်ပါးပါး နေချင်တယ်၊ဒါဟာသဘာဝပဲ။ ဒီသဘာဝအတိုင်း မထားဘဲ ချုပ်ချယ်လွန်းလျှင် လူထွက်ပြီး အိမ် ပြန်ပြေးကြမှာပေါ့။

'ကစားတတ်တဲ့ ကလေးအရွယ်၏အသိမှ အသက်ကြီးရင့်လာတဲ့အခါ တဖြည်းဖြည်း ရင့် ကျက်ပြီး နေတတ်ထိုင်တတ် စားတတ်သောက် တတ် ကျင့်ကြံတတ်လာကြတာပေါ့။

'သာသနိကအဆောက်အအုံများဖြစ်ကြတဲ့ ကျောင်း ဇရပ် ပြာသာဒ်တို့ကို အသားကောင်း အပွေးကောင်း အရောင်ကောင်း အနှစ်ရှိတဲ့ ကျွန်းသားကြီးများနဲ့ ဆောက်လုပ်ကြရတယ်၊ ကျွန်းကြီး ကျွန်းကောင်းရဖို့ဆိုတာ ကျွန်းပင် ပေါက်ကလေးတွေကစပြီး ပြုစုပျိုးထောင်ပေး ရတယ်။ 'သာသနာတော်မှာလည်း ထို့အတူပဲ။ သာမဏေလေးတွေများသည်ထက်များ၊တိုးသည် ထက် တိုးပွားလာအောင် မွေးမြူပေးကြရမယ်၊ ပျော်အောင်ထားနိုင်ရမယ်။ ဒါမှ အနာဂတ်မှာ စုလစ်မွမ်းချွန် ပြာသာဒ်ကြီးတွေပေါ်သလို သာသနာတော်မှာလည်း ဆရာတော် အကျော် အမော်တွေ ထွက်ပေါ်လာကြမှာဖြစ်တယ်'။

ဆရာတော်ဘုရား၏ သဘောထားကို ကြားနာရသည့် နေ့မှစ၍ ကျွန်တော်သည် ရှင်သာမဏေကလေးများအပေါ် ဝယ် သနားချစ်ခင် ခွင့်လွှတ်ချင်သည့်စေတနာမျိုး ပေါ် ပေါက်ခဲ့ရပါသည်။

မှန်ပါသည်။ လွန်ခဲ့သော အနှစ်, နှစ်ဆယ်ကျော်က ဆရာတော်ကြီး၏ ဓမ္မနာဒတိုက်ပရိဝုဏ်အတွင်း၌ မြူးထူး ပျော်ပါးကစားခဲ့ကြသော သာမဏေငယ်များသည် ယခုအခါ မင်းကွန်း မိုးမိတ် တိပိဋက-နိကာယကျောင်းတော်ကြီးမှ နေ၍ ပိဋကတ်တစ်ပုံဆောင်၊ နှစ်ပုံဆောင် သာသနာ့အာဇာ နည် ဆရာတော်ကလေးများ ဘယ်နှစ်ပါး ထွန်းပေါက်နေ လိမ့်မည်လဲဟု တွေးမိပါတော့သည်။ မြန်မာနိုင်ငံလုံးတွင် တိပိဋကစာမေးပွဲအောင်နှုန်းမှာ ဆရာတော်ကြီး၏ ကျောင်း တိုက်ကသာ အများဆုံးဖြစ်နေသည် မဟုတ်ပါလား။

ဤကား ဆရာတော်ကြီး၏ ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနု- ပရိဝတ္တအရာများသာတည်း။ ။



တိပိဋကဓရပုဂ္ဂိုလ်တစ်ပါး၏ တန်ဖိုး

ဦးထွန်းလှိုင်
(ဝိနယပါရဂူ၊ဝင္ကသကာ၊သိရောမဏိ)

လောက၌ လူသားတို့သည် ရွှေ, ငွေ, စိန်, ကျောက်, နီလာ, ပတ္တမြားစသော လောကီရတနာတို့၏တန်ဖိုးကို အရည်အသွေး အလေးချိန်ပမာဏနှင့် ကာလဒေသ အခြေအနေအရ ညှိနှိုင်းထောက်ဆ၍ ဆုံးဖြတ်လေ့ရှိကြသည်။ တိပိဋကဓရ ပုဂ္ဂိုလ်တစ်ပါး၏တန်ဖိုးကို အဘယ်သို့ ညှိနှိုင်းထောက်ဆ၍ ဆုံးဖြတ်ကြပါမည်နည်း-။

စေတိယင်္ဂဏစာလျှောက်မေးခန်း

ကျွန်တော်၏မိတ်ဆွေ ဆရာကြီးဦးစာကျော်သည် ၁၃၄၉-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက် (၂၂-၁၁-၈၇) တနင်္ဂနွေနေ့၌ နံနက်စောစောကပင် သားသားနားနား ခံ့ခံ့ညားညား ဝတ်စားဆင်ယင်၍ ရွှေတိဂုံဘုရားကုန်းတော်ပေါ်သို့ တက်ရောက်လာခဲ့သည်။

အကြောင်းမှာ ရွှေတိဂုံဘုရားရင်ပြင်တော်ရှိ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ အသင်းကြီး၏ အကြိမ် - ၇၀ မြောက်စာလျှောက်မေးခန်း အာဂုံအစမ်း စတင်ကျင်းပ မည်ဖြစ်သောကြောင့်ပေတည်း။

စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးသည်ကား ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်ရင်ပြင်၌ တည်ရှိကာ မန္တလေးမြို့ သကျသီဟဘုရားရင်ပြင်တော်၌ တည်ရှိသည့် ပရိယတ္တိသာသနဟိတအသင်းကြီးနည်းတူ ပရိယတ္တိသာသနာ တော်ကို ချီးမြှောက်ထောက်ပံ့နေသော အသင်းကြီးဖြစ်ပေသည်။ နှစ်စဉ် ပရိယတ္တိအရာ၌ ကျွမ်းကျင်လိမ္မာသည့် ရဟန်းတော်များပေါ်ထွက်စေရန် စာမေးပွဲကျင်းပပြုလုပ်၍ မွေးထုတ်နေသောသာသနာပြုအသင်းကြီး ဖြစ်ပေသည်။

ယနေ့ စာလျှောက်ပေးခန်းဖွင့်ပွဲတွင် နှစ်တိုင်းနှင့်မတူ တစ်မူထူးခြားစွာ မင်းကွန်းဆရာတော်ကြီးအရှင်ဝိစိတ္တသာရာဘိဝံသကိုယ်တော်တိုင်ကြွရောက်ပြီး အဖွင့်မိန့်ခွန်းမြွက်ကြားတော်မူမည်ဖြစ်ကြောင်း ဆရာကြီးဦးစာကျော်ကြိုတင်၍သတင်းရထားသည်။ ထို့ကြောင့်ပင်လျှင် တမင်တကာစောစောကြီး အားသွန်ခွန်စိုက်တက်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။

ဆရာကြီးဦးစာကျော်သည် ရွှေတိဂုံစေတီတော်ကြီးကို ဦးချရှိခိုး၍ စာပြန်ပွဲကျင်းပရာဌာနသို့ အသော့နှင်၍ လာခဲ့သည်။ စာဖြေမည့်ရဟန်းတော်ကလေးများ ဟိုနေရာဒီနေရာတို့၌ မိမိတို့ပြန်ဆိုရမည့်စာကို အာရုံပြုကာ ငြိမ်သက်စွာထိုင်နေသည်ကိုလည်းကောင်း၊ ပါးစပ်မှ ပွစိပွစိလုပ်ကာ တိုးတိုးရွတ်ဆိုနေသည်ကိုလည်းကောင်း၊ စာအုပ်ကိုလှန်၍ စူးစူးစိုက်စိုက်ဖတ်၍ မှတ်နေသည်ကိုလည်းကောင်း ကြည်ညိုဖွယ်ရာဖူးတွေ့ရပါသည်။

မကြာမီပင် အဘိဓဇမဟာရဋ္ဌ ဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ကြွလာပါပြီခင်ဗျား' ဟူ၍ အသံချဲ့စက်မှကြွေးကြော်သံပေါ်ထွက်လာပြီး မကြာမီပင် ကိပိဋကဓရဆရာတော် ကြွဝင်လာကာ အသင့်ပြင်ဆင်ထားသည့် ပလ္လင်တော်ပေါ်၌ သီတင်းသုံးထိုင်နေတော်မူပါသည်။

အခမ်းအနားမှူးက အစီအစဉ်များဖတ်ကြားလျှောက်ထားပြီးမကြာမီပင် တိပိဋကဓရဆရာတော်၏မိန့်ခွန်းပြောရန် အလှည့်အကြိမ်သို့ ရောက်လာပါသည်။ ဦးစာကျော်သည် မိမိ၏စိတ်ကို ဆရာတော်၏ မိန့်ခွန်းတစ်ခုတည်းမှာသာ တည်နေစေလျက် စူးစိုက်တည်ငြိမ်စွာ နာယူနေပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်မိန့်ခွန်း

သက္ကရာဇ် ၁၃၄၉-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက်၊ တနင်္ဂနွေနေ့။ ဤနေ့ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးက စာလျှောက်မေးခန်းပွဲ စတင်ကျင်းပတဲ့အခါမှာ စာသင်တန်း၊စာချတန်း၊စာဖြေသံဃာများဘက်နှင့် စာမေးပွဲကျင်းပပြုလုပ်ပူဇော်သည့် ပုဂ္ဂိုလ်များဘက်လို့ နှစ်ဖက်ရှိရာတွင် စာဖြေသံဃာတော်များဘက်ကို ရှေးဦးစွာလျှောက်ထားပြောကြားလိုပါသည်။

စာဖြေအရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် မြတ်စွာဘုရားသာသနာ့ဝန်တာကို ထမ်းဆောင်တော်မူကြရာ၌ အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာကျမ်းများစွာကို သင်ယူလေ့ကျက် နှုတ်တက်ရွရွဆောင်ထားတော်မူကြ၍ အာဂုံပြန်ဆိုခြင်း၊ ရေးသားဖြေဆိုခြင်းများကို အားခွန်စိုက်ထုတ်ပြုလုပ်ကြရပါသည်။

'ယင်းသို့ ပြုလုပ်ဆောင်ရွက်ရသည့်တရားတော်များ၏ အတိုင်းအတာပမာဏသည် အလွန်ကြီးမားများပြားလှပါသည်။ ယင်းကြီးမားများပြားသည့် တရားတော်များ၏ တန်ဖိုးပမာဏသည်လည်း လွန်စွာကြီးမားများပြားလှသည်။ ဤနေရာမှာ အရှင်မြတ်တို့ဆောင်ထားကြသည့် ကြီးမားများပြားလှသောတရားတော်တို့၏တန်ဖိုးကို အရိပ်အမြွက်မျှမှန်းဆ၍သိကြရအောင် မြတ်စွာဘုရားအလောင်းတော်ဖြစ်သည့် မဟာသုတသောမမင်းကြီး ပြောကြားခဲ့သည့် စကားရပ်ကိုအထောက်အထားပြု၍ အရှင်မြတ်တို့အား တပည့်တော်လျှောက်ထားချင်ပါသည်။ အရှင်မြတ်များ သတိထား၍ စဉ်းစားဆင်ခြင်တော်မူကြပါ။

အရှင်မြတ်တို့ဘုရား-၊ တပည့်တော်တို့၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရားသည် နုစဉ်အခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ ကောရဗျမင်းကြီး၏သားတော် မဟာသုတသောမမင်းသားဖြစ်ခဲ့ဖူးပါသည်။

မဟာသုတသောမမင်းသား အချိန်အရွယ်ရောက်သောအခါ ခမည်းတော်နှင့် မယ်တော်တို့က တက္ကသိုလ်သို့သွား၍ အတတ်ပညာသင်ယူရန် စေလွှတ်ပါသည်။ အခြားသော ပြည်ထောင်တိုင်းသား မင်းအများကလည်း မိမိတို့၏သားတော်များကို တက္ကသိုလ်သို့သွား၍ ပညာသင်ကြားရန်စေလွှတ်ကြပါသည်။ ထိုမင်းသားအများထဲတွင် ဗာရာဏသီပြည်မှ ဗြဟ္မဒတ္တမင်းသားလည်းပါဝင်ခဲ့ပါသည်။

မဟာသုတသောမမင်းသားသည်ကား ပညာတော်သင်မင်းသားများထဲတွင် ဉာဏ်အကောင်းဆုံး ပညာအတော်ဆုံးဖြစ်သောကြောင့် တက္ကသိုလ်ဆရာကြီးကလက်ထောက်ဆရာအဖြစ်လွှဲထား၍ အခြားမင်းသားများကို ပညာသင်ကြားပေးရပါသည်။ အခြားမင်းသားများက လေးစားကြရပါသည်။

အတတ်ပညာများကို စုံလင်စွာတတ်မြောက်ကြ၍ မင်းသားများ တိုင်းတော်ပြည်တော်သို့ပြန်ကြ၍ လမ်းဆုံမှ ခွဲခွာကြရသည့်အချိန်၌ မဟာသုတသောမမင်းသားက မင်းသားအားလုံးအား 'အဆွေတော်တို့၊ အဆွေတော်တို့အားလုံးသည် မိမိတို့နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်ကြသောအခါ မိမိတို့၏ခမည်းတော်မင်းကြီး၏ အရိုက်အရာဖြစ်သော ထီးနန်းစိုးအုပ်မင်းလုပ်ကြရပါလိမ့်မည်။ ယင်းသို့မင်းဖြစ်သောအခါ ရှေးမင်းကောင်းမင်းမြတ်များ ကျင့်ရိုးလမ်းကြောင်းမှ မတိမ်းမစောင်းအောင် ကျင့်သုံးကြပါကုန်' ဟူ၍ ဆုံးမစကားပြောကြားလိုက်သည်။

ယင်းသို့ ဆုံးမစကားပြောကြားရခြင်းမှာ ဇာရာဏသီ မင်းဖြစ်သည့် ဗြဟ္မဒတ္တမင်းသား၏ ရုပ်လက္ခဏာမှာ ကြမ်းတမ်းရက်စက်မည့်သဘောကို ဖော်ပြနေသောကြောင့် သတိပေးလို၍ ပြောခြင်းဖြစ်ပေသည်။

မှန်လှပါသည်။ မင်းသားများ မိမိတို့တိုင်းပြည်သို့ ရောက်၍ မင်းအဖြစ်သို့ရောက်ကြသောအခါ ဇာရာဏသီ ဗြဟ္မဒတ္တမင်းသားသည် ထူးထူးခြားခြား အသားဟင်းကို ကြိုက်ပါသည်။ အသားဟင်းမပါဘဲ ပွဲတော်မတည်နိုင်အောင်ဖြစ်နေပါသည်။

တစ်နေ့သောအခါ အသားဟင်းကို ကြိုက်နှစ်သက်လှသည့် ဗြဟ္မဒတ္တမင်းသားစားရန် အသားဟင်းကိုမရနိုင်သောကြောင့် စားတော်ကဲရသကသည် သင်္ချိုင်းမှ လူသေကောင်၏အလောင်းမှအသားကို လှီးယူကာချက်၍ ပွဲတော်ဆက်လိုက်လေသည်။ ဗြဟ္မဒတ္တမင်းသားသည် လူသားကိုစားမိသောအခါ အလွန်အရသာရှိလှသောကြောင့် 'အမြဲမပြတ် လူသားကိုချက်၍ ဆက်သရမည်'ဟူ၍ အမိန့်တော်မှတ်လိုက်သည်။ ထို့ကြောင့် စားတော်ကဲရသကသည် လူသားကို နည်းအမျိုးမျိုးဖြင့်ရှာ၍ဆက်သရသည်။

'နောက်ဆုံး၌ ဗြဟ္မဒတ္တမင်း လူသားစားကြောင်း လူအများသိကြသောအခါ စစ်သူကြီးကာဠဟတ္ထခေါင်းဆောင်သည့် မှူးမတ်ဗိုလ်ပါလူများစွာတို့က ဗြဟ္မဒတ္တမင်းကို တိုင်းပြည်မှနှင်ထုတ်လိုက်ပါသည်။ ထိုအခါမှစ၍ ဗြဟ္မဒတ္တမင်းသည် တောအုပ်ကြီးတစ်ခုမှာနေကာ ခရီးသွားသူလူအများကို ဖမ်းဆီးသတ်ဖြတ်၍ စားလေသည်။ သူ့ကို လူအများက 'ပေါရိသာဒ=လူသားစားမင်း'ဟု ခေါ်ကြပါသည်။

'ပေါရိသာဒသည် လူများကို လိုက်လံဖမ်းယူစဉ် တစ်ချိန်၌ မတော်တဆ ခြေဖဝါးမှာ ရှားငုတ်စူး၍ အနာကြီးဖြစ်ကာ ညောင်ပင်ကြီးတစ်ပင်အောက်မှာ လှဲနေရရှာပါသည်။ ထိုအခါ ကြံရာမရ အားငယ်လှသောကြောင့် 'အရှင်ညောင်ပင်စောင့်နတ်မင်း၊ အကျွန်ုပ်အား ဤခြေနာပျောက်အောင် စောင့်ရှောက်မစ ကူသတော်မူပါ၊ ပျောက်လျှင် အရှင်နတ်မင်းအား ဇမ္ဗူဒီပါကျွန်းရှိ တစ်ရာ့တစ်ပါးသောမင်းတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပါမည်'ဟု ပန်ကြားသည်။

'ပေါရိသာဒသည် ငြိမ်သက်စွာနေသောကြောင့်လည်းကောင်း၊ အစာမစားသောကြောင့်လည်းကောင်း မကြာမီပင် ခြေထောက်အနာ ပျောက်ကင်းသွားပါသည်။ ယင်းသို့ အနာပျောက်သည်ကို 'ညောင်ပင်စောင့်နတ်ကယ်မ၍ ပျောက်သည်'ဟုယူဆကာ ဇမ္ဗူဒီပါကျွန်းရှိမင်းများကို ဖမ်းယူလေတော့သည်။ ဖမ်းပြီး လည်ချောင်းသွေးဖောက်ရန် နွယ်ကြိုးဖြင့်သီပြီး ညောင်ပင်မှာဆွဲထားပါသည်။

'နောက်ဆုံး မင်းအားလုံးကိုဖမ်းယူရရှိပြီး မဟာသုတသောမမင်းကိုသာ ဖမ်းယူရန်လိုတော့သည်။ ထို့ကြောင့် ပေါရိသာဒသည် မဟာသုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုလုပ်ရန် မင်္ဂလာရေကန်သို့အလာကိုစောင့်ကာ ရေကန်ထဲကြာပင်အောက်မှချောင်းနေလေသည်။

'မဟာသုတသောမမင်း မင်္ဂလာရေကန်သို့ ခေါင်းဆေးရန်လာစဉ် လမ်းခုလတ်မှာ 'အောင်စေသတည်း' ဟု အောင်ဆုတောင်းကာ ပုဏ္ဏားတစ်ယောက် ဆီးတားသောအခါ မင်းကြီးသည် ရထားကိုရပ်၍ ပုဏ္ဏားအားအကျိုးအကြောင်းကိုမေးသော် 'မင်းကြီးနှင့်ထိုက်တန်သော ဂါထာလေးပုဒ်ပါပါသည်။ နာကြားတော်မူပါ'ဟူ၍ လျှောက်တင်ပါသည်။ မဟာသုတသောမမင်းကြီးက - 'အချင်းပုဏ္ဏား၊ ယခု ငါ မင်္ဂလာကန်သို့ ခေါင်းဆေးမင်္ဂလာပြုရန် သွားပါဦးမည်။ ပြန်လာသောအခါကျမှ သင်ဟောမည့် တရားတော်ဂါထာကိုနာယူပါမည်။ ခေတ္တစောင့်နေပါ'ဟူ၍ ကတိပေးစကားပြောကြားပြီး မင်္ဂလာကန်တော်သို့ ဆက်၍သွားပါသည်။

မင်္ဂလာကန်သို့ရောက်ပြီး ခေါင်းလျှော် ရေချိုးပြီးသော် အဝတ်မလဲသေးမီ ရေခြောက်အောင် ရပ်တန့်ကာနေစဉ်မှာ ရေကန်ထဲ ကြာပင်အောက်မှစောင့်နေသည့် ပေါရိသာဒသည် တစ်ဟုန်ထိုးတက်လာ၍ 'ငါကွ ပေါရိသာဒ'ဟု အော်ဟစ်ကြုံးဝါးကာ မဟာသုတသောမမင်းကြီးကို ထမ်းယူလျက် ဆင်မြင်းရထားစစ်သည်များကို ကျော်နင်းခုန်လွှား၍ တောထဲသို့ပြေးသွားလေသည်။

ယင်းသို့ ထမ်းယူလာစဉ် ရေချိုးခေါင်းလျှော်ပြီးခါစ မဟာသုတသောမမင်းကြီး၏ဆံပင်မှ ရေစက်များသည် ပေါရိသာဒ၏ ခြေထောက်ပေါ်သို့ ကျပါသည်။ ရေစက်ကျသည်ကို ငို၍မျက်ရည်ကျသည်ဟု ထင်သောကြောင့် 'မဟာသုတသောမမင်းကြီး ကြောက်သလား'ဟု ပေါရိသာဒက မေးပါသည်။

'ပေါရိသာဒ ငါမကြောက်ပါ၊ စိုးရိမ်ခြင်းတော့ ဖြစ်မိပါသည်။ ယင်းစိုးရိမ်ခြင်းမှာ မင်္ဂလာကန်သို့လာခါနီးမှာ ပုဏ္ဏားတစ်ယောက်အား 'မင်္ဂလာကန်မှအပြန်မှာ ဂါထာလေးပုဒ်ကိုနာယူပါမည်၊ စောင့်နေပါဟု ချိန်းဆိုခဲ့သည့်ကတိပျက်မည်ကို စိုးရိမ်ခြင်းဖြစ်ပါသည်။ ပေါရိသာဒ ငါ့အား ဂါထာလေးပုဒ်ကိုနာယူရန် ခေတ္တပြန်လွှတ်ပါ၊ ဂါထာလေးပုဒ်ကိုနာယူပြီး သင့်ထံလာခဲ့ပါမည်'ဟူ၍ ပြောဆိုခွင့်တောင်းသည်။ ကျိန်စာလည်းဆိုသည်။

ထိုအခါ ပေါရိသာဒက မဟာသုတသောမမင်းကြီးကို

ပြန်၍လွှတ်လိုက်သည်။ မဟာသုတသောမမင်းကြီးသည်လည်း ချိန်းဆိုထားသည့်အတိုင်း နန္ဒပုဏ္ဏားဟောပြောသည့် ဂါထာလေးပုဒ်ကို နာယူသည်။

၁။ သကိဒေဝ သုတသောမ၊
သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊
နာသဗ္ဘိ ဗဟုသင်္ဂမော။

မဟာသုတသောမမင်းကြီး၊ အကြင်သူသည် တစ်ကြိမ်မျှသာလျှင် သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် ဖြစ်၏။ ယင်းတစ်ကြိမ်မျှသာ ပေါင်းသင်းလိုက်ရခြင်းသည် ထိုသူအား မကောင်းပယ်မြစ် ကောင်းရာဖြစ်ရန် စင်စစ်စောင့်ရှောက်နိုင်ပါပေ၏။ သူတော်မဟုတ် သူယုတ်တို့နှင့် များစွာပေါင်းသင်းရခြင်းသည်ကား မစောင့်ရှောက်နိုင်ပါချေ။

၂။ သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊
သေယျော ဟောတိ န ပါပိယော။

သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းပါ၊ သူတော်ကောင်းတို့နှင့်သာ ခင်မင်ပါ။ သူတော်ကောင်းတို့၏ တရားမြတ်ကို သိမြင်ခြင်းကြောင်း ကောင်းမြတ်သည့်အကျိုးသာ ဖြစ်နိုင်ပါသည်။ ယုတ်ညံ့သည့်အကျိုးတရား မဖြစ်ပွားနိုင်ပါ။

၃။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

လှပဆန်းပြား မင်းစီးရထားတို့သည် အမှန်ပင်လျှင် အိုမင်းနွမ်းပါး ဟောင်းနွမ်းသွားတတ်ကြပေသည်။ ထို့အတူသာ ကိုယ်ခန္ဓာသည်လည်း နွမ်းပါးယိုယွင်း အိုမင်းသွားတတ်ပါပေသည်။ သူတော်ကောင်းများ၏ မြတ်တရားသည်ကား ဟောင်းနွမ်းသွားခြင်းမရှိပါချေ။ ငြိမ်သက်ကြည်လင် သူတော်စင်တို့သည်ကား အမှန်အားဖြင့် သူတော်ကောင်းတရားကို သာလျှင် ထုတ်ဖော်ညွှန်ပြ ဟောကြားကြပါကုန်၏။

၄။ နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

မိုးကောင်းကင်သည်လည်း မြေပြင်နှင့်ဝေးကွာပေသည်၊ မြေပြင်သည်လည်း မိုးကောင်းကင်နှင့် ဝေးကွာပေသည်။ ထို့အတူ သမုဒ္ဒရာ၏ ဟိုဘက်ကမ်းနှင့် ဤဘက်ကမ်းသည်လည်း ဝေးကွာပေ၏။ မဟာသုတသောမမင်းမြတ်၊ ကောင်းကင်နှင့်မြေလွှာ သမုဒ္ဒရာကမ်းနှစ်ဖက် ဝေးကွာသည်ထက် သူတော်တရားနှင့် မသူတော်တရားတို့ အလွန်ကွာခြားကြသည်ဟူ၍ အစဉ်အလာအားဖြင့် ပြောကြားကြပါကုန်၏။

ဤသည်လျှင် နန္ဒပုဏ္ဏားဟောကြားသည့် လေးဂါထာဖြစ်ပါသည်။

ယင်းဂါထာလေးပုဒ်သည် ဤဘဒ္ဒကမ္ဘာ၌ သုံးဆူမြောက်ပွင့်တော်မူသည့် ကဿပမြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားဒေသနာဂါထာများ ဖြစ်ပါသည်။ ကဿပမြတ်စွာဘုရား သာသနာတော်ကွယ်ပျောက်သွားသည့်အခါ မပျောက်မကွယ်သေးတဲ့ကျန်ရှိနေသည့် ဂါထာများဖြစ်ပါသည်။

'နန္ဒပုဏ္ဏားဟောပြသည့် ဂါထာလေးပုဒ်ကို မဟာသုတသောမမင်းကြီး နာကြားရသောအခါ 'ဤဂါထာများသည်ကား ဘုရားတပည့် သာဝက, ရသေ့, လူပညာရှိနှင့် ပစ္စေကဗုဒ္ဓအရှင်များ ဟောကြားသည့်ဂါထာများ မဟုတ်နိုင်ချေ။ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ဟောသည့် ဂါထာများသာ ဖြစ်ချေသည်'ဟူ၍ ဆုံးဖြတ်သိရှိ၍ ထီးနန်းစည်းစိမ်ဖြင့်ပင် ပူဇော်ချင်ပါသော်လည်း နန္ဒပုဏ္ဏားနှင့် မထိုက်တန်ကြောင်းကို သိသောကြောင့် နန္ဒပုဏ္ဏားကိုပင်မေး၍ ပူဇော်အံ့ဟူ၍ ကြံစည်ကာ 'အချင်းနန္ဒပုဏ္ဏား၊ သင်သည် အခြားမင်းအား ဤဂါထာများကို ဟောခဲ့တုန်းက အဘယ်မျှလောက် အပူဇော်ခံခဲ့ရပါသနည်း'ဟူ၍ မေးပါသည်။

ထိုအခါ နန္ဒပုဏ္ဏားက 'အရှင်မင်းကြီး၊ အခြားမင်းများကို ဟောသောအခါ တစ်ဂါထာလျှင် အသပြာငွေတစ်ရာဖြင့် ပူဇော်ပါသည်။ ထို့ကြောင့် ဤဂါထာများသည် 'သတာရဟ-တစ်ရာတန်'ဂါထာမည်ပါသည်။ အကျွန်ုပ်သည် ဂါထာလေးပုဒ်အတွက် လေးရာရခဲ့ဖူးပါသည်'ဟူ၍ ဖြေကြားလျှောက်ထားလေသည်။

မဟာသုတသောမမင်းကြီးက - 'အချင်းနန္ဒပုဏ္ဏား၊ သင်သည်အဖိုးတန်ဂါထာများကို ဆောင်၍ထားခဲ့ပါလျက် ဂါထာ၏တန်ဖိုးကိုမသိပါလေ။ ဤဂါထာများသည် တစ်ဂါထာလျှင် တစ်ထောင်တန်သည့် သဟဿာရဟဂါထာများ ဖြစ်သည်။ ထို့ကြောင့် လေးဂါထာအတွက် အသပြာလေးထောင်ယူပါလေ'ဟူ၍ ဆုံးဖြတ်ပြီး ငွေအသပြာလေးထောင်ဖြင့် နန္ဒပုဏ္ဏားအား မဟာသုတသောမမင်းကြီးက ပူဇော်ပါလေသည်။

'စာပြန်ပွဲဝင် အရှင်မြတ်တို့ဘုရား၊ တပည့်တော်လျှောက်ထားခဲ့သည့်အတိုင်း မဟာသုတသောမမင်းကြီးက

ဘုရားဟောဂါထာတစ်ပုဒ်ကို တစ်ထောင်တန်ဟူ၍ ဆုံးဖြတ်ခဲ့ပါသည်။

ယခု အရှင်မြတ်တို့ ဆောင်ရွက်ပြန်ဆိုနေကြသည့် တရားဒေသနာတော်တို့သည် ရာထောင်မျှမကပါ၊ အလွန်များပြားလှပါသည်။ နန္ဒပုဏ္ဏားအား ဂါထာလေးပုဒ်အတွက် လေးထောင်ပူဇော်သည်ဟုဆိုပါလျှင် အရှင်မြတ်တို့အား ရာထောင်မကသော တရားဒေသနာများအတွက် ထောင်သောင်းသိန်းသန်းမက ပူဇော်သင့်လှပါသည်။ အရှင်မြတ်တို့ကိုလည်း 'ထောင်သောင်းသိန်းသန်းမက တန်ဖိုးရှိသော တရားရတနာပိုင်ရှင်ကြီးများ'ဟူ၍ ဆိုသင့်လှပါသည်။ အရှင်မြတ်တို့အား စာလျှောက်မေးခန်းပွဲကြီး ကျင်းပပြုလုပ်၍ ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့်ပူဇော်ကြသည့် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးသည်လည်း ထောင်သောင်းသိန်းသန်းမက တန်ဖိုးကြီးမားလှသည့် တရားရတနာများကို ပူဇော်နေသည်ဖြစ်ပါကြောင်း တပည့်တော် လျှောက်ထားပါသည်ဘုရား'။

ဤသို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်၏ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးက ကျင်းပပြုလုပ်သည့် အကြိမ်ခုနစ်ဆယ်မြောက် စာလျှောက်မေးခန်းဖွင့်ပွဲ၌ မိန့်ကြားတော်မူသော ဩဝါဒကထာမိန့်ခွန်းကို ကျွန်တော့်၏မိတ်ဆွေ ဆရာကြီးဦးစာကျော်က ကျွန်တော့်အား သူမှတ်သားမိသမျှကို ထပ်ဆင့်ဖောက်သည်ချ၍ မိန့်ကြားတော်မူပါသည်။

ယင်းမိန့်ခွန်းကို ကြားနာရသည့် ကျွန်တော်မှာ လွန်စွာမှပင် ကြည်လင်ရွှင်လန်း ဝမ်းသာခြင်းဖြစ်ရပါတော့သည်။

မှန်လှပါသည်။ ကျွန်တော်တို့သည် ဒုလ္လဘသာသနာနှင့် ကြုံရလာခိုက်၌ ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်ကို မြောက်မြားစွာ နာယူခွင့်ရနိုင်ကြပါသည်။ မြောက်မြားစွာ သင်ယူလေ့လာခွင့်ရနိုင်ကြပါသည်။ မြောက်မြားလှစွာသော တရားတော်ကို လေ့လာသင်ယူနေသောပုဂ္ဂိုလ်များ၊ တရားတော်ကိုဆောင်ထားကြသောပုဂ္ဂိုလ်များကို ချီးမြှောက်ထောက်ပင့်ပူဇော်ခွင့်ရနေကြပါသည်။ ယင်းသို့အခွင့်အရေးထူးကြီးရနေကြသည်ဖြစ်ပေရာ အဘယ်မှာ ဝမ်းမသာဘဲ ရှိပါအံ့နည်း။

ကျွန်တော်၏စိတ်အစဉ်မှာ ပီတိလွှမ်း၍ဝမ်းသာနေခိုက် ဉာဏ်ပညာများကလည်း ရွှင်လန်းလာပေသောကြောင့် ဆရာကြီးဦးစာကျော်နှင့် အောက်တွင် ဆက်လက်ဖော်ပြသည့်အတိုင်း အမေးအဖြေပြုလုပ်မိကြပါသည်။

ယင်းအမေး အဖြေမှာ-

မေး။ ဒီလို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးက မိန့်ခွန်းမြွက်ကြားတယ်ဆိုတော့ ကျွန်တော်က ဆရာကြီးကို ဉာဏ်စမ်းပုစ္ဆာတစ်ခု မေးချင်တယ်ဗျ။

ဖြေ။ မေးလေ ဖြေမယ်။ ပုစ္ဆာတစ်ခုမကဘူး၊ ပုစ္ဆာဆယ်ခု မေးနိုင်တယ်။

မေး။ ကောင်းပြီ မေးမယ်။ တိပိဋကဓရပုဂ္ဂိုလ်တစ်ပါးဟာ ဘယ်လောက် တန်ဖိုးရှိပါသလဲ။ ကဲ-ဆရာကြီး ဖြေစမ်းပါ။

ဖြေ။ ထောင်သောင်းသိန်းသန်းမကကျော်လွန်ပြီး ကုဋေကဋာမက အသင်္ချေယျအပ္ပမေယျအနန္တ တန်ဖိုးရှိတာပေါ့ဗျ။

မေး။ တိပိဋကဓရဆရာတော်ကြီးကတော့ ဇာတကပါဠိတော် အဋ္ဌကထာနဲ့ စရိယာပိဋက ပါဠိတော်အဋ္ဌကထာများမှာလာတဲ့ မဟာသုတသောမမင်းကြီးရဲ့စကားကို ထောက်ပြမိန့်ကြားတယ်။ ဆရာကြီးက ဘာကို အထောက်ပြုဖြေတာလဲ။

ဖြေ။ မဟာသုတသောမမင်းကြီးရဲ့စကားကို အထောက်ပြုမိန့်ကြားတော်မူတဲ့ တိပိဋကဓရဆရာတော်ရဲ့မိန့်ကြားချက်ကို အထောက်ပြုဖြေတာပေါ့ဗျာ-ဟူ၍ ဖြစ်ပါသတည်း။

သာသနာပြု တိပိဋကဓရပုဂ္ဂိုလ်များ ထွက်ပေါ်ပါစေ။ ထွက်ပေါ်လာသည့် တိပိဋကဓရပုဂ္ဂိုလ်များ သာသနာပြုနိုင်ပါစေ။

သာသနာတော်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွားပါစေ။ ။

ဦးထွန်းလှိုင်

ဝိနယပါရဂူ၊ဝဋံသကာ၊သိရောမဏိ



မင်းကွန်းတိပိဋကရေဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့သည်။ ဆရာတော်ကြီးသည် ရန်ကုန်မြို့ စကားဝါလမ်းရှိစံကျောင်းတော်တွင် ခေတ္တသီတင်းသုံးနေခိုက် ဖူးမြော်ခဲ့ရပါ၏။ စမ်းချောင်းရပ် အလှူရှင်တစ်ဦးအိမ်မှ ဆွမ်းစားပြီး ပြန်ရောက်စဖြစ်ရာ ဝင်သင့်၊ မဝင်သင့်ကို ရုံးခန်းရှိ ဦးစောလှိုင် အားမေးမြန်းရသေး၏။ ဦးစောလှိုင်မှာ တိ=နိဥပဋ္ဌာကအဖွဲ့ ရန်ကုန်ဌာနခွဲ၏ ဥက္ကဋ္ဌဖြစ်သည်။

'ဝင်သွား ဝင်သွား၊ ခုတင်ကပဲ ပြန်ရောက်တယ်'။

'ဟုတ်လား၊ နားနားနေနေ နေပါစေလေ။ ဆွမ်းစားပြီး အိပ်ချိန်လေး ဘာလေးလိုမှာပေ့ါ'။

'မအိပ်ဘူး မအိပ်ပါဘူး၊ စာဖတ် စာရိုက် တစ်ခုခုလုပ်နေတာတွေ့ပါလိမ့်မယ်'။

ကျွန်တော် စံကျောင်းပေါ်သို့ တက်သွားပြီး ဆရာတော့်အခန်းသို့ ဝင်သွားရာ လက်နှိပ်စက်ရိုက်နေသည်ကို တွေ့ရသည်။ ဆရာတော်က မော့ကြည့်ပြီး-

'ဪ. . . ဒကာကြီးလား၊ ဘယ်တုန်းကပြန်ရောက်လဲ'။

'တပည့်တော် ပြန်ရောက်တာ တစ်လလောက်ရှိပါပြီ ဘုရား'။

ကျွန်တော် အမေရိကသို့သွားနေသည်ဟု သိထားသဖြင့် မေးခြင်းဖြစ်သည်။

'ဒကာမကြီးကော နေကောင်းလား'။

'ကောင်းပါတယ်ဘုရား။ ဆရာတော့်ကို အခုလို ကျန်းကျန်းမာမာနဲ့ လှုပ်ရှားအလုပ်လုပ်နေတာတွေ့ရတာ ဝမ်းသာပါတယ်။ ကြည့်ရတာ အရင်ကထက်တောင် လန်းဆန်းစိုပြည်နေတယ်ဘုရား။ အခုဘာတွေရိုက်နေပါသလဲ ဘုရား'။

မြစ်ကူးတရား

ဦးအောင်သိမ်း



မင်းကွန်းဆရာတော်ကြီး လက်နှိပ်စက်ရိုက်တော်မူနေပုံ

'ချိန်ခွင်ကြီးလေးလက် ရိုက်နေတယ်'။

'ချိန်ခွင်ကြီးလေးလက်က စာအုပ်တောင်ထွက်နေပြီ မဟုတ်လားဘုရား'။

'ထွက်တာက ထေရာထေရီလေ။ အခု ဥပါသကာပိုင်း ရိုက်နေတယ်။ မူလက ဟောတရားတွေမဟုတ်လား ဒကာကြီး။ ဟောတရားဆိုတော့ တချို့နေရာတွေမှာ ထပ်နေတာတွေ ကျန်နေတာတွေ အနည်းအကျဉ်းပါတာပေါ့။ အခု လက်နှိပ်စက်နဲ့ ပြန်ရိုက်ရင်း လိုတိုးပိုလျှော့ ပြင်လိုက်တော့ စာမူချောရသွားတာပေါ့'။

'ဆရာတော် သက်တော်ရှစ်ဆယ်ရောက်လာပြီ။အခုထိ အပင်ပန်းခံသေးတာကိုးဘုရား။ မျက်စိကလည်းကောင်း တယ်နော်၊ မျက်မှန်မသုံးရဘူး'။

'အင်း. . . မျက်မှန်မလိုဘူး၊ မသုံးပါဘူး'။

နှုတ်ဆက်စကားပြောပြီး လက်နှိပ်စက်ကို ဆက်လက် ရိုက်နေသည်။ နှစ်ပေါင်းများစွာ ရိုက်နေကျဖြစ်သော လက်ချောင်းများသည် အသက်ရှစ်ဆယ်နှင့်မလိုက် ခလုတ်များကို ကျွမ်းကျင်စွာဖိနှိပ်ပြီး သွက်လက်မြန်ဆန်စွာ ဘယ်ညာ တဖျတ်ဖျတ် လှုပ်ရှားသွားလာရင်း စာရွက်ပေါ်တွင် အပိုဒ်ခွဲပြီးစာကြောင်းများ သေသပ်ရှင်းလင်းစွာပေါ်လာကြသည်။ စာရွက်လေးရွက်၊ မင်ခံသုံးရွက်ထူသော စာရွက်များကိုထင်ထင်ရှားရှားဖတ်နိုင်အောင် ရိုက်နေသော်လည်း အားစိုက်၍ ဖိနှိပ်ရိုက်ရပုံမပေါ်၊ သက်သက်သာသာပင် တစ်ကြောင်းပြီး တစ်ကြောင်း ပေါ်ထွက်လာနေသည်။ မျက်စိရှေ့တွင်ဖူးမြော်နေရသော သက်တော်ရှစ်ဆယ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး၏လှုပ်ရှားနေပုံကိုကြည့်ရင်း လွန်ခဲ့သော၁၈-နှစ်က သက်တော်-၆၀ ကျော်ခါစ တိပိဋကဓရဆရာတော်အား မြင်လည်းယောင်လာသည်။ မင်းကွန်းဒေသကို သတိရလာသည်။ ဘုံပျံဆရာတော်ကြီး၏ မိန့်တော်မူသံကိုလည်း ကြားယောင်လာပါသည်။

* * *

ဦးစောလှိုင်နှင့် ကျွန်တော်သည် တောင်မြို့ မဟာ ဂန္ဓာရုံဆရာတော်နှင့် မင်းကွန်းတိပိဋကဓရဆရာတော်အား ဖူးမြော်ရန် သွားရောက်လေ့ရှိရာ လွန်ခဲ့သော-၁၈နှစ် မင်းကွန်းဓမ္မနာဒတိုက်တွင် ရှိနေချိန်ကဖြစ်သည်။

တောင်မြို့ ဆရာတော်ကြီးထံတော်ပါး၌ သုံးရက်နေပြီး နောက် မင်းကွန်းဘက်သို့ ကူးလာကြခြင်းဖြစ်၏။ မန္တလေးသို့ရောက်သောအခါ မရမ်းခြံရှိ ကျောင်းအမကြီးဒေါ်ဒေါ်ဆင် လျှုဒါန်းထားသောတိုက်တွင် ခေတ္တနားနေပြီး ဆရာတော်၏ တပည့်များ စီစဉ်ပေးသောမော်တော်နှင့် မင်းကွန်းသို့လိုက်ပါမြဖြစ်သည်။ မင်းကွန်းဘက်သို့ဆိုက်ကပ်လျှင် သိက္ခမ်းပြီးဖြစ်သော လှည်းသမားသုံးဦးလေးဦးအနက် တစ်ဦးဦးကို တွေ့ရမြဖြစ်၏။ သူတို့ကိုတွေ့လျှင် ဈေးပြောစရာမလို၊ ဘယ်သွားမည် ပြောစရာမလို၊ ပြုံးရယ်သောမျက်နှာနှင့်ဆီးကြိုပြီး ပစ္စည်းများ သယ်ယူပေးခါ အချိန်မရွေးလိုက်ပို့ကြသူများဖြစ်သည်။

ထိုအခါက ဆရာတော်ထံတွင်မော်တော်ကားမထားသေး။ ရေဆိပ်မှ ကျောင်းတိုက်သို့ ယာတောများကြား သဲလမ်းက လှည်းဖြင့်သွားလာရသည်။ လှည်းလမ်းအချို့နေရာများတွင် နက်ရှိုင်းသောလှည်းဘီးရာများဖြစ်နေရာ အလယ်ကမူနှင့် လှည်းဝင်ရိုးထိခိုက်လုခမန်းဖြစ်နေသည်။ အချို့နေရာများ တွင် လှည်းဘီးရာတစ်ဖက်ကမြင့်ပြီး တစ်ဖက်နိမ့်နေရာ လှည်းကို စောင်းစောင်းကြီးမောင်းနှင်ရ၏။ ဤလမ်းကို အမြဖြတ်သန်းပြီး မန္တလေးသို့လည်းကောင်း၊ မြန်မာပြည် အရပ်ရပ်သို့လည်းကောင်း၊ ဆရာတော်အကြိမ်ကြိမ်သွားလာခဲ့သည်။ ပင်ပန်းနွမ်းနယ်မှုကိုပမာမထား တစ်ပြည်လုံးသို့ လှည့်လည်၍ တရားရေအေးတိုက်ကျွေးသော ဆရာတော်ကြီး၏ စေတနာနှင့်လုံ့လဝီရိယကား ချီးကျူးကြည်ညို၍ မဆုံးဖွယ်ဖြစ်သည်။

မင်းကွန်း သဲဖြူချောင်းရေဆိပ်ရောက်လျှင် ဆရာတော်၏ မင်းညွှန့်မော်တော်ရေယာဉ်သည် အဆင်သင့် စောင့်နေမြဖြစ်၏။ မင်းညွှန့်မော်တော်၏ မာလိန်မှူးနှင့် စက်ဆရာလည်း ကျွန်တော်တို့နှင့် အကျွမ်းဝင်နေသည်။ 'ရောက်လာပြန်ပြီနော်၊ ဒီတစ်ခါ ကြာကြာလေးနေမယ် မဟုတ်လား'ဟု နှုတ်ဆက်နေကျဖြစ်သည်။

မကြာမကြာရောက်လာလေ့ရှိသော ဦးစောလှိုင်နှင့် ကျွန်တော့်အား အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးသည် လည်းကောင်း၊ ဓမ္မစကြာချောင် သုံးဆယ်ပေးဆရာတော်ကြီးသည်လည်းကောင်း ဆရာဒကာအဖြစ် ရင်းနှီးနေပြီ ဖြစ်လေသည်။ ရှားပင်တိုက်သစ်ဆရာတော်သည်လည်း ဖော်ရွေစွာ အပြုံးဖိတ်ခေါ်လေ့ရှိ၏။ သွားရောက်ဖူးမြော်တိုင်း ထိုတိုက်မှဆရာကြီး, ဆရာလေးများက ဧည့်ခံကျွေးမွေးကြသည်။ သီရိဇကျောင်းဆရာတော်၊ ဓမ္မဒီပ-ဘိုကလေးချောင်ဆရာတော်များကိုလည်း ဖူးမြော်ရလေ့ရှိသည်။

ဓမ္မနာဒတိုက်ရောက်လျှင် သလ္လာပတိတိုက်ကျောင်းတွင် ကျွန်တော်တို့ စခန်းချတည်းခိုမြဖြစ်၏။ ဆရာတော်ကြီး၏ သီတင်းသုံးသောကျောင်းနှင့် ပေ ၁၀၀ခန့်သာရှိ၍ တရားနာရန် ဆွေးနွေးရန် အဆင်ပြေလှသည်။ သလ္လာပတိ တိုက်ရှိ ဆရာတော်ဦးတေဇိန္ဒသည်လည်းကောင်း၊ တိုက်အုပ်

ဆရာတော်ဦးဥက္ကံသာဘိဝံသသည်လည်းကောင်း၊ တိုက်ကြပ်ဆရာတော်ဦးသုစိတ္တသည်လည်းကောင်း ကျွန်တော်တို့ရောက်တိုင်း လိုအပ်သမျှ ဆောင်ရွက်ကူညီပေးကြသည်။ ဦးပဥ္စင်းဦးကောဏ္ဍည၊ ဦးဝေပုလ္လ၊ ဦးကုသလ၊ ဦးနန္ဒိယတို့သည်လည်း လိုလေသေးမရှိ စောင့်ရှောက်ကူညီကြသည်။

ဖွားဖွားကြီးဒေါ်ဓမ္မစာရီနှင့် ဒေါ်ကန္တစာဂီတို့ကိုလည်း ရောက်တိုင်း ချဉ်းကပ်ပူဇော်ရသည်။ မိုးမိတ်ဘုရားပွဲချိန်ကားအထူးဖြစ်၏။ အနီးအနားရွာများမှ လာရောက်ပူဇော်ကြသော အိုးစည်ဒိုးပတ်ယိမ်းအဖွဲ့များကိုကြည့်ပြီး ဦးစောလှိုင်တစ်လှည့် ကျွန်တော်တစ်လှည့် ဆုချကြရသည်မှာ ပျော်မြူးရွှင်ပျဖွယ်ဖြစ်၏။

မြင်းခြံမြို့မှ ဒေါ်ဒေါ်အိုကျွေးမွေးသော 'လျှာပေါ်ဝဲ'မုန့်သည်လည်းကောင်း၊ ရမည်းသင်း ရွှေလမင်းဒေါ်ဒေါ်တင်ကျွေးမွေးဧည့်ခံလေ့ရှိသော ငါးခြောက်ဟင်းသည်လည်းကောင်း အရသာရှိလှပေသည်။ ဓမ္မနာဒတိုက်အနီးအနားပတ်ဝန်းကျင်ရှိ ဆရာကြီး ဆရာလေးများနှင့်လည်းအကျွမ်းဝင်ရင်းနှီးနေကြသည်။ အထူးသဖြင့် အမြဲပြုံးပြီး စကားကိုအေးဆေးညင်သာစွာ ပြောဆိုတတ်သူ လူဝကြီးဦးစောလှိုင်ကို မသိသူမရှိသလောက်ဖြစ်သည်။ မင်းကွန်းသို့လာရသည်မှာ ချစ်ကြည်ညိုသော ရပ်ဆွေရပ်မျိုးများထံ ရောက်လာရသကဲ့သို့ စိတ်လက်ပေါ့ပါး လန်းဆန်းရပေသည်။

ထိုသို့ သွားရောက်သောအခေါက်က တစ်ညနေတွင် ဆရာတော်ကြီး မန္တလေးဘက်ကူး၍ တရားဟောရန်ရှိသည်။ ပစ္ဆာသမဏအဖြစ်လိုက်ပါရန် ဦးကောဏ္ဍညက လိုက်ခဲ့ဟု ကျွန်တော်တို့ကိုခေါ်သည်။ ဦးစောလှိုင်မှာ သီရိဓဇချောင်တွင် ကိစ္စတစ်ခုရှိ၍မလိုက်နိုင်ဘဲ ကျွန်တော်လိုက်ပါမည်ဖြစ်သည်။

ထိုနေ့က ဆွမ်းစားပြီးချိန် ကျောင်းပေါ်သို့ လှမ်းကြည့်လိုက်ရာ ဆရာတော်ကြီး လက်နှိပ်စက်ရိုက်နေသည်ကို မြင်ရသည်။ နောက်နှစ်နာရီခန့်အကြာ သွားကြည့်သော အခါ လည်း တစ်ချက်ချက်နှင့် ရိုက်နေဆဲပင်တွေ့ရသဖြင့် မော်တော်ပေါ်ရောက်မှပင် လျှောက်ထားမေးမြန်းစရာရှိသည်ကို မေးလျှောက်တော့မည်ဟု အမှတ်ထားလိုက်သည်။

ညနေ ၄-နာရီခွဲခန့်တွင် စီးနေကျလှည်းများ ရောက်လာကြသဖြင့် ခရီးစတင်ကြသည်။ ရှေ့လှည်းတွင် ဆရာတော်နှင့် ဦးကောဏ္ဍညကစီး၍ နောက်လှည်းတွင် ကျွန်တော်နှင့်အခြားသုံးဦးလိုက်ပါကြသည်။ အပူရှိန် လျော့နည်းသော ညနေစောင်းနေရောင်တွင် တအိအိသွားနေသောလှည်းကို တငြိမ့်ငြိမ့်စီးရင်း တစ်ချက်တစ်ချက်ဝှေ့လာသောလေနုအေးကို တောနံ့နှင့်ရော၍ ရှူရှိုက်ရသည်မှာ အရသာတစ်မျိုးပင်။

သာသနာ့မိခင်ကြီး
မြင်းခြံ ဒေါ်ဒေါ်အို

ယာတောမှပြန်လာသော ယာသမားများသည် လမ်းဘေးသို့ကပ်ရပ်ကာ လက်အုပ်ချီ၍ ဆရာတော်ကို နှုတ်ဆက်ကန်တော့ကြသည်။ ဤဒေသတစ်ဝိုက်ကလူတို့သည် ဆရာတော်၏ ဘုန်းတန်ခိုးကိုမှီ၍ မတောင့်မတ မကြောင့်မကျနေကြရသူများဖြစ်သည်။ သူတို့မှာ ဆန်မပူရ ဆေးမပူရ ကလေးများအတွက် စာအုပ်မပူရ ကျောင်းမပူရပေ။ လိုအပ်သမျှ ဆရာတော်က စီမံပေးနေသည်။ မင်းကွန်း လူအိုရုံသည်လည်း ထိုနည်းတူပင်။ ဆရာတော်၏ ကူညီမှုကြောင့် အစစအရာရာဖူလုံပြည့်စုံနေသည်။

သဲဖြူချောင်းဆိပ်ကမ်းသို့ရောက်လျှင် မင်းညွန့်မော်တော်မှ လူငယ်များကဆီးကြိုပြီး ပစ္စည်းများကိုနေရာချပေးကြသည်။ ဆရာတော်အား အသွားအပြန်အမြဲလိုက်ပို့နေကျဖြစ်သော မာလိန်မှူးသည် ဤရေကြောင်းကို ကြေညက်နေသူဖြစ်ရာ သန်းခေါင်သန်လွဲအချိန်မရွေး မောင်းနိုင်သူဖြစ်၍ အလွန်စိတ်ချရပေသည်။ မင်းညွန့်မော်တော်ပေါ်ရောက်သောအခါ ဆရာတော်သည် သင်္ဘောဦးတွင် ရွက်ထည်ဖျင် ပက်လက်ကုလားထိုင်တွင်ထိုင်ကာ စာရွက် လေး, ငါးရွက်ကိုကိုင်၍ အသံမထွက်ဘဲ ဖတ်ရှုနေလေသည်။ ဦးပဥ္စင်းနှင့် ကျွန်တော်သည် စက်ခန်းအပေါ်တွင်ထိုင်၍ စက်ဆရာနှင့် စကားပြောနေကြသည်။

မင်းညွန့်မော်တော်သည် စက်သံမှန်မှန်နှင့် ငြိမ်သက်စွာ ခုတ်မောင်းနေစဉ် ခပ်လှမ်းလှမ်းမှကျွန်းပေါ်တွင် ပေါက်ဝဲရွှာ၊ သမင်ခြံရွာတို့ကို မသဲမကွဲမြင်နေရ၏။ ဧရာဝတီမြစ်ပြင်တွင်

ညင်းလေပြေသည် လှိုင်းနုကလေးများ ဖန်တီးနေသည်။ ရေမှုန်ရေမွှားများကို သယ်ဆောင်လာသော လေညင်းက ချမ်းစိမ့်စိမ့်အအေးဓာတ်ကို ကိုယ်ပေါ်တွင်လွှမ်းခြုံပေးရာ သာယာသောမြစ်ပြင်ရှုခင်းကို ပိုမိုနှစ်သက်ဖွယ်ဖြစ်စေသည်။ အရှေ့ဘက်ကမ်းကို မျှော်ကြည့်လိုက်လျှင် မှိုင်းညို့ညို့ မန္တလေးတောင်သည် ဆည်းဆာကို အလှဆင်နေသကဲ့သို့ ရှိသည်။ မင်းရဲလှရွာအနီး ဖြတ်သန်းလာသောအချိန်တွင် ကျွန်းရွာပေါ်မှ လူသံ နွားသံ ကြက်ငှက်သံများကို တစ်ခါ တစ်ခါကြားရသည်။ ဆရာတော်သည် ဦးပဥ္ဇင်းအား လှမ်းခေါ်လိုက်၏။ ဦးပဥ္ဇင်း ပြန်ရောက်လာသောအခါ လက်ထဲတွင် စာရွက်များပါလာ၍ ရှမ်းလွယ်အိတ်ထဲသို့ ခေါက်ထည့်မည်ပြုလုပ်နေစဉ် ကျွန်တော်ကမေးလိုက်၏။

'ဦးပဥ္ဇင်းကို ဘာတွေ ပေးလိုက်တာလဲဘုရား'။

'ရော့. . . ကြည့်လေ'။

ဦးပဥ္ဇင်းက ကျွန်တော်အား ဖူးစကက်စာရွက်ငါးရွက်ကို လှမ်းပေးသည်။ မျက်နှာတစ်ဖက်တည်း အပြည့်ရိုက်ထားသော ပါဠိဂါထာဖြစ်၏။ စုဏ္ဏိယမပါ ဂါထာသက်သက် ၆၀-လောက်ကို ကြည့်နေစဉ် ဦးပဥ္ဇင်းကပြောပြ၏။

'အဲဒါ ဒီနေ့ည တရားပွဲဟောမယ့်တရားတွေပဲ။ နေ့ခင်းက ဆွမ်းစားပြီးချိန်ကစပြီး ရိုက်နေတာ ဒီစာတွေပေါ့'။

'တရားဟောပလ္လင်တက်ခါနီးတော့ ဆရာတော်ကို ပြန်ပေးရမှာပေါ့နော်'။

'မပေးရတော့ဘူး ဒကာကြီး၊ အခုတင်က ဖတ်နေတာ မြင်တယ်မဟုတ်လား၊ အဲ့ဒါအတွက် လုံလောက်သွားပြီ'။

'မေ့ပြုနေရင်ပြန်ကြည့်ဖို့ ဆရာတော့်ကိုပြန်ပေးထားဖို့ မလိုဘူးလား၊ ဂါထာ ၆၀-လောက်မှာ တစ်ခုခုမေ့နေရင် အစီအစဉ်လွဲနေရင် မခက်ပေဘူးလား'။

'အိုး. . . ကြိုကြီးစည်ရာ၊ ဒကာကြီးလည်း တရားပွဲတွေ နာဖူးလျက်သားနဲ့ ဘယ်မှာ မေ့နေတာ ထစ်နေတာ စဉ်းစားနေရတာတွေ့ဖူးလို့လဲ'။

'ဟုတ်ပါတယ်ဘုရား၊ တစ်ခါမှတော့ မတွေ့ဖူးပါဘူး'။

'ကျုပ်တို့ ဆရာတော်က စာမျက်နှာ ၈၀၀၀-လောက် အလွတ်ဆိုခဲ့တယ်ဆိုတာလဲ မမေ့နဲ့လေ။ ဒါလောက်တော့ ဘယ်မှုမလဲ။ ခုတလော ပင့်ကြတာတွေများတယ်။ ဒါကိုလဲ ပင်ပန်းတယ်ဆိုပြီးမငြင်းဘူး။ မကြာသေးခင်ကပဲ တွေ့တယ် မဟုတ်လား။ မိတ္ထီလာမှာ နံနက်တရားဟော၊ နေ့ခင်း ကျောက်ဆည်မှာ တရားပွဲ၊ ညနေ မန္တလေး တရားပွဲ။ ည စစ်ကိုင်းတရားဟောပြီး မင်းကွန်းကို ၁၂-နာရီလောက်မှ ပြန်ရောက်တာ'။

'ဒီနားလာလေ ဒကာကြီး'။

ဦးပဥ္ဇင်းနှင့် စကားကောင်းနေစဉ် ဆရာတော်က လက်တွင်စိပ်နေသောပုတီးကို ကုလားထိုင်လက်ရမ်းပေါ်တင်ပြီး ကျွန်တော့်အား လှမ်းခေါ်လိုက်သည်။ ကျွန်တော့်လက်တွင် ကိုင်ထားသောစာရွက်များကို ဦးပဥ္ဇင်းအားပေးခဲ့ပြီး ဆရာတော့်အနားသွားထိုင်လိုက်သည်။

'ဆယ်တာရွာနားရောက်လာပြီ၊ ဒီက တောင်ဘက် မောင်းလိုက်ရင် ရောက်ဖို့မကြာတော့ဘူးဒကာကြီး'။

'ဒီကနေပြီး သစ်စက်မီးခိုးခေါင်းတိုင်ကြီးတောင် မြင်နေရပြီဘုရား'။

'ရာသီဥတုကလဲ အနေတော်ပဲဒကာကြီး'။

'ဟုတ်တယ်ဘုရား။ ဆရာတော် ဒီခရီးကို အမြဲတမ်း အပြန်အလှန်ကူးသန်းနေရတာ အခုလို ရာသီဥတုကောင်းရင် တော်ပါသေးတယ်။ လှိုင်းလေပြင်းရင် မော်တော်ငယ်လေးနဲ့ အတော်ကြောက်စရာ ကောင်းမှာပဲဘုရား'။

'ဖြစ်ခဲ့ပါတယ် ဒကာကြီး'။

'တစ်ခါမှ မကြုံဖူးဘူးလားဘုရား'။

ဆရာတော်သည် ခေတ္တမျှငြိမ်သက်နေပြီး ဆက်လက်ပြောသည်။

'တစ်ခါတုန်းက နေဝင်ရီတရော ဒီလိုပဲမင်းကွန်းဘက်က မန္တလေးဘက်သို့ကူးခဲ့တယ်။ ဗန္ဓုလဓမ္မာရုံဒါယိကာမကြီးနဲ့ သူ့အဖွဲ့လည်းပါလာတယ်။ ထွက်ကတည်းက မိုးကခပ်အုံ့ အုံ့နဲ့ လေမှုန်နေတယ်။ အဲဒီလိုအခြေအနေမျိုးနဲ့ သွားလာဖူးတာရှိနေပါပြီ။ ဒါနဲ့ထွက်လာခဲ့တာ။ မြစ်လယ်လောက်ကျတော့ လေပြင်းလာတယ်။ မိုးကလည်း တဖြည်းဖြည်း သဲလာတယ်။ တဖြည်းဖြည်း ကြီးလာတဲ့လှိုင်းဟာ မော်တော်ဘေးကို လာလာပုတ်တယ်။ မော်တော်လေးလည်း ဟိုယိမ်း ဒီယိမ်းပေါ့။ လူတွေ နီးရာတိုင်တို့ နံရံတို့ကို တွယ်ကပ်နေရတယ်'။

'အားလုံးကြောက်ကြမှာပေါ့ဘုရား'။

'အင်း. . . ကြောက်လည်းကြောက်စရာပဲ၊ ဗန္ဓုလ ဒကာမကြီးလည်း ပါးစပ်ကတွတ်တွတ်တွတ်တွတ်နဲ့ ရွတ်ဖတ်နေလိုက်တာစုံလို့။ လှိုင်းပုတ်သံ မိုးသံလေသံ စက်ခုတ်သံ ဒကာမကြီးရွတ်ဆိုသံ အကုန်ရောပြွမ်းကြားနေရတယ်'။

'ဘယ်တော့ကျမှ မိုးလေငြိမ်သွားလဲဘုရား'။

'သိပ်မကြာပါဘူး၊ ဆယ်မိနစ်လောက်ကြာတော့ တဖြည်းဖြည်း ငြိမ်သက်သွားတယ်'။

'အဲဒီလို အန္တရာယ်မျိုးကြုံရင် သေဘေးနီးကပ်နေရင် ဆိုပါတော့ဘုရား၊ ဘယ်လိုတရားမျိုးအာရုံပြုရင်ကောင်းမလဲ

ဘုရား။ ဘုရားအာရုံ ဘုရားဂုဏ်တော်တွေက ကောင်းသလား၊ မိမိပြုခဲ့တဲ့ အလှူကောင်းမှုတွေသတိရနေရမလား၊ သီလ အာရုံပြုရမလား၊ ဘာဝနာကမ္မဋ္ဌာန်းက ကောင်းသလား'။

'ဒါန, သီလ, ဘာဝနာဆိုရာမှာ ဘာဝနာက ပညာပိုင်း ဆိုတော့ကောင်းတာပေါ့။ ဒီလိုရှိတယ်ဒကာကြီး၊ မိမိဟာ ဘယ်ရစိပုဂ္ဂိုလ်လဲဆိုတာလည်းစဉ်းစားရမယ်။ မိမိနှစ်သက် သဘောကျတဲ့ အာရုံ၊ မိမိလေ့ကျက်လို့ အာစိဏ္ဏကံဖြစ်နေတဲ့ ကုသိုလ်ကောင်းမှုဟာအာရုံပြုဖို့ အားသန်တာပေါ့။ အလှူ အတန်းနှစ်သက်အားသန်တဲ့ ဒါနရစိပုဂ္ဂိုလ်ဟာ ဒါနကောင်းမှု တွေပြန်ပြီးအာရုံယူရင် သူ့အဖို့ လေ့ကျင့်နေကြဆိုတော့ ပိုပြီး ထင်ထင်ရှားရှားအာရုံရတာပေါ့။ ဗလဝအကျိုးပေးမယ်ပေါ့။ သုမနသုတ္တန်မှာဆိုရင် ဒါနကိုအမွှမ်းတင်ဟောထားတာတွေ အများကြီးဘဲ။ သီလရစိပုဂ္ဂိုလ်ဖြစ်ရင်လည်း သီလအာရုံ ဟာ ထင်ထင်ရှားရှားပေါ်မယ်။ ဘုရားဂုဏ်တော်လည်း ဒီသဘောပဲ။ ကောင်းတာချည်းပေါ့။ ဘာဝနာကျတော့ ပညာပိုင်းပါသွားပြီ။ ဘာဝနာရစိပုဂ္ဂိုလ်အနေနဲ့ အာစိဏ္ဏကံ ဖြစ်အောင်လေ့ကျက်ထားတဲ့ ကမ္မဋ္ဌာန်းကို အောက်မေ့ စီးဖြန်းရင်ကောင်းတာပေါ့။

ယော စ ဝဿ သတံ ဇီဝေ အပဿံ ဥဒယဗ္ဗယံ ဧကာဟံ ဇီဝိတံသေယျော ပဿတော ဥဒယဗ္ဗယံ-လို့ ဆိုတယ်မဟုတ်လား'။

'ဆရာတော် ဘာလေ့လာလေ့ရှိပါသလဲဘုရား'။

'ဘုန်းကြီးတော့ ဆ-ပဥ္စကကမ္မဋ္ဌာန်းကို သဘောကျ တယ်။ ဒီကမ္မဋ္ဌာန်းကို အများအားဖြင့် လေ့ကျင့်တယ်။ ဒါ ကလည်း အကြောင်းရှိတယ်ဒကာကြီး'။

'ဘယ်လိုအကြောင်းပါလဲဘုရား'။

'တစ်ခါက ဘုန်းကြီး သွားနုတ်ရတယ်။ ခုနစ်ချောင်း တောင်နုတ်တယ်။ အဲဒီမှာ အစားအသောက်ပျက်အားနည်းပြီး နာမကျန်းဖြစ်တယ်။ တစ်နေ့ အိပ်ရာပေါ်မှာ မျောက်မျဉ်း အိပ်ပျော်စ ကောင်းကောင်းအိပ်မပျော်သေးခင် ဘဝင်နဲ့ဝီထိ ခပ်ရောရောအချိန်ပေါ့လေ၊ အိပ်မက်လိုလို တကယ်လိုလို နားထဲမှာ ထင်ထင်ရှားရှား ကြားလိုက်ရတယ်။ 'သင့်မှာ ဇီဝိတသန္တတိ နှစ်နာရီပဲရှိတော့တယ်'တဲ့။

အဓိပ္ပာယ်က နောက်နှစ်နာရီပဲ အသက်ရှင်တော့မယ် ပေါ့။ နိုးလာတော့ ဒီအသံ နားထဲမှာစွဲနေပြီး 'သုည ဝတ ဘော လောကော၊ သုညော ဝတ ဘော လောကော' လို့ ဓမ္မအာလုတ်နဲ့ ညည်းတွားမိတယ်။ အဲဒီလို ညည်းတွားပြီး စဉ်းစားမိတာက ငါနောက်နှစ်နာရီကြာရင် ဇီဝိန်ချုပ်မယ်ဆို ပါတော့။ သံသရာဘဝအတွက် ငါ့မှာ ဘာအားကိုးစရာရှိ သလဲ၊ ဘာကိုမှီခိုအားထားရမလဲလို့ တွေးလိုက်တော့ 'ပညာ ပညာ ပညာ'လို့ ကြားယောင်လိုက်တယ်။ အဲဒီမှာ 'အင်း. . . ဓမ္မဝိပဿနာပညာသာ အားကိုးရာရှိပါလား'လို့ ပေါ်လာတယ်။ အဲဒီလိုသဘောကျလာတော့ ဘုန်းကြီး အာရုံပြုနေကျ ဘုန်းကြီးနှစ်သက်တဲ့ ဆ-ပဥ္စကကမ္မဋ္ဌာန်းကို သတိရတယ်။ ဒီကမ္မဋ္ဌာန်းက ရာဟုလသံယုတ်မှာ ဟော တော်မူထားတာ။ ဘုန်းကြီးငယ်ငယ်ကတည်းက နှစ်သက်ပြီး အလေ့အကျင့်များခဲ့တာကိုး။ ဒီလိုစဉ်းစားရင်းနဲ့ ဒကာ ဒကာမများကိုသံဝေဂယူဖို့ သတိပေးနှိုးဆော်ဖို့ အချက် သုံးချက်ဉာဏ်ထဲမှာပေါ်လာတယ်။

နံပါတ်တစ်က မမေ့မလျော့ကြနဲ့။ မြတ်စွာဘုရားက အပ္ပမာဒေန သမ္ပာဒေထ-လို့ နောက်ဆုံးသတိပေးတော်မူ တယ်မဟုတ်လား။ ဒီအချက်က မဟာဟတ္ထိပဒေါပမ သုတ္တန် ထဲဝင်သွားတယ်။ ဘဒ္ဒေကရတ္တသုတ်နဲ့လည်း ကိုက်တယ်။

နံပါတ်နှစ်က တို့မှာ သေမင်းနဲ့အချိန်းအချက်မရှိဘူး။ အချိန်မရွေးသေသွားနိုင်တယ်။ သူရောက်လာရင် တောင်းပန် တိုးလျှိုးလို့မရဘူး။ ဘယ်နေ့ကျမှလာပါ။ ဘယ်လကျမှ လာပါဆိုလို့ စောင့်ဆိုင်းမနေဘူး။ ဒါကလဲ ဌာနသုတ္တန် တရားတော်ထဲ ဝင်သွားတယ်။

နံပါတ်သုံးက အိုရမယ်, နာရမယ်, သေရမယ်, သေချာ တယ်။ တစ်နေ့တခြား အိုမင်းလာနေကြတယ်။ ယခု မအို ခင်က တရားအားထုတ်ကြ။ ကိုယ်ဖြစ်ချင်သလိုမဖြစ်ရဘဲ သူဖြစ်ချင်သလိုဖြစ်တတ်တဲ့ ရုပ်နာမ်နှစ်ဖျင် သဘာဝ သူ့ညဉ်ကို အမှန်အတိုင်းမြင်သိပြီး အခုပဲကြိုတင်အားထုတ် ကြလို့ တိုက်တွန်းချင်တယ်။

ဒီအချက်သုံးချက်ကို တိုတိုနဲ့ အလွယ်တကူ သတိပြု ရအောင် ဂါထာစီလိုက်တော့-

အပ္ပ မတ္တာ သဒါဟောထ၊ ဥ တ္တာ သဓိရ ဓမ္မတံ။
သကိစ္စ မနုယုဥ္စေ့ာ၊ နတ္ထိ နော မစ္စုသင်္ဂရံ။

အဲဒီလိုရတယ်။ ဒါကို ဘုန်းကြီး ဒကာ ဒကာမများ နှိုးဆော်တဲ့အနေဖြင့် အမြဲဟောခဲ့တယ်။ ဆ-ပဥ္စကကမ္မဋ္ဌာန်း ဒကာကြီးသိတယ်မဟုတ်လား။ စာရွက်တွေလည်း ရိုက်ပြီး ဝေခဲ့တယ်။ ပရိသတ်ကိုလိုက်ဆိုစေခဲ့တယ်။ အမြဲဆင်ခြင်ပြီး လေ့ကျက်နေရင် တဖြည်းဖြည်း သဓိရတရား သဘော ပေါက်ပြီး ပညာပိုင်းပါရမီရင့်သန်လာမှာ သေချာတယ်။

ဆရာတော်သည် ဂါထာ၏အဓိပ္ပာယ်ကို ရှင်းပြပြီး စက္ခုပဥ္စက၊ သောတပဥ္စက၊ ဃာနပဥ္စက၊ ဇိဝှါပဥ္စက၊ ကာယပဥ္စက၊ မနောပဥ္စက-လင်္ကာများကို ရွက်ဆိုပြတော်မူ သည်။

တစ်ခါက လှိုင်းလေကြီးခဲ့ပုံကစပြီး စကားစပ်ကာ ဟောပြောလာရင်း မင်းညွန့်မော်တော်သည် မရမ်းခြံဆိပ်ကမ်းသို့ ကပ်ရောက်လာခဲ့သည်။ လာရောက်ကြိုဆိုကြသော ပရိသတ်နှင့်အတူ ဒေါ်ဒေါ်ဆင်၏တိုက်တွင် ခေတ္တနားပြီး တရားဟောကြွတော်မူသည်။ ထိုညက မင်းကွန်းဓမ္မနာဒ တိုက်သို့ ည ၁၂-နာရီကျော်မှ ပြန်ရောက်ကြသည်။

* * *

ရန်ကုန်မြို့ စကားဝါလမ်း ပိဋကကျောင်းတော်ပေါ်တွင် ဖျတ်လတ်လျင်မြန်စွာလက်နှိပ်စက်ရိုက်နေသော သက်တော် ၈၀ - အရွယ် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးအား ကြည့်ပြီး လွန်ခဲ့သော ၁၈-နှစ် သက်တော် ၆၀-ကျော်တွင် လက်နှိပ်စက်ရိုက်နှိပ်နေသော တိပိဋကဓရဆရာတော်ကို သတိရမြင်ယောင်လာသည်။ ထိုမှဆက်ပြီး တရားဟောရန် ထွက်လာခဲ့သော မြစ်ကူးခရီးပေါ်လာသည်။ မော်တော်ပေါ်တွင် ဟောခဲ့သောတရားကို သတိရလာသည်။ ဆက်လက်တွေးတောရင်း ၁၉၇၈-ခု၊ ဇွန်လကကျင်းပခဲ့သော ငွေရတုသဘင်ကို မြင်လာသည်။ ထိုချီးကျူးပူဇော်ပွဲတွင် ကျွန်တော်ရွတ်ဖတ်၍ ပူဇော်ခဲ့ရသော ဂုဏ်ပုဒ်များကို သတိရပြီး ကြည်ညိုသဒ္ဓါပွားရပေသည်။ အထူးသဖြင့် ထိုပွဲတွင် ဘုံပျံဆရာတော်၏ အောက်ပါဟောပြောချက်ကို နားတွင်ကြားယောင်မိပါသည်။

'အရှင်ဝိစိတ္တသာရာဘိဝံသ ရေးဖြေစာမေးပွဲ ဖြေပုံက အဆန်းဖြစ်နေတယ်။ တစ်ပါးသောသူတွေဖြေတာက ရိုးရိုးထိုင်ခုံပေါ်ထိုင်ပြီး စားပွဲပေါ်စာရွက်တင်ပြီး လက်နဲ့ရေးဖြေကြတယ်။ အရှင်ဝိစိတ္တသာရကတော့ စားပွဲပေါ်

လက်နှိပ်စက်တင်ပြီး အပျက်အစီး အပြင်အဆင်မရှိ ပကတိရိုးရိုး သူ့လက်ညှိုးနှစ်ချောင်းနဲ့ စက်လိုပုံနှိပ်ပြီး ချက်ချင်းအဖြေတွေရိုက်တော့တာပဲ'။

'တစ်ခါတည်းအပြီးသတ် ဖြေကြားတဲ့ အဖြေလွှာများကို သက်ဆိုင်ရာစစ်ဆေးတဲ့ဆရာတော်များက စစ်ဆေးကြည့်ရှုတဲ့အခါ စာလုံးပိုလျှံလို့ ဖျက်ရခြင်း၊ စာလုံးကျန်ရစ်လို့ ထပ်မံထည့်ရခြင်း၊ စာလုံးမှားနေလို့ ပြင်ဆင်ရိုက်နှိပ်ရခြင်း စသည့်အချက်များ လုံးဝမတွေ့ရလို့ စစ်ဆေးတဲ့ဆရာတော်များ အလွန်အံ့သြတော်မူကြတယ်'။

'အချို့ နာယကဆရာတော်များက 'လက်နှိပ်စက်ကို လက်နှစ်ချောင်းတည်းနဲ့ အလွန်မြန်အောင်ရိုက်နိုင်သကိုး'လို့ ပြောတော့ အရှင်ဝိစိတ္တက 'ဒါကဆင်းရဲသား ရိုက်ခေါ်ပါတယ်ဘုရား'လို့ ပြန်လျှောက်တော့ အားလုံးပွဲကျသွားတယ်'။

* * *

စကားဝါလမ်း စံကျောင်းတော်မှ ဆရာတော်အား ဖူးမြော်ပြန်လာပြီးနောက် အိပ်ပြန်လာခဲ့ရာ ကားပေါ်တွင် ဆက်လက် တွေးတောလာခဲ့သည်။

*ငယ်ရွယ်နုစို၊ လက်ချောင်းပျိုသည်၊
စက်ကိုဖျက်လတ်၊ ရိုက်နှိပ်ခပ်၍၊
ပြတ်ပြတ်သားသား၊ အဖြေများသည်၊
အမှားမပါ၊ ပေါ်ထွက်လာ၏။

* ဇရာဆင့်နွယ်၊ သက်ရှစ်ဆယ်တွင်၊
ရင့်သွယ်လက်များ၊ မရပ်နားဘဲ၊
ရွှေ့လျားညာဘယ်၊ ရက်ကန်းရှယ်သည့်
အံ့ဘွယ်လုံ့လ၊ ဝီရိယသည်၊
မမျှသက်ရွယ်ပါပေတည်း။

* နေ့ညလန်းဆန်း၊ ရှင်ကြိုးပမ်းသည်၊
မခန်းအံ့ဖွယ်ပါပေတည်း။

* ကျမ်းအထွေထွေ၊ ပေါ်ထွက်ပေသည်၊
ဝေနေကောင်းဖို့ပါပေတည်း။

ဦးအောင်သိမ်း
နာယက၊
တိ-နိသာသနာပြုအဖွဲ့။



မယ်တော်ကြီး ဒေါ်ဓမ္မစာရီ

ဆန်းထွန်း(မန်းတက္ကသိုလ်)

(၁)

ဇေတဒဂ်တော်တင်အရှင်ထေရီများနှင့် ဘိက္ခုနီအကျော်အမော်ရဟန်းမများကို ထေရီဂါထာ၊ ထေရီအပဒါန် ပါဠိတော်များ၌ မှတ်တမ်းတင်ခဲ့သည်။

ထေရီများအကြောင်းကို ဖတ်ရှုရတိုင်း ကြည်ညိုသဒ္ဓါပွားရသည်နှင့်အမျှ ကာလာတိပတ္တိသဘောတစ်မျိုး စိတ်အစဉ်တွင် ပေါ်ပေါက်လာပြီး စိတ်မကောင်းခြင်း ဝေဒနာတစ်ခုကိုလည်း ခံစားရသည်။

'ကာလာတိပတ္တိ' ဆိုသည်မှာ အချိန်ကောင်းမမီလိုက်ခြင်း၊ အချိန်ကောင်းမီသော်လည်း အလုပ်ကောင်းတစ်ခုမပြုလိုက်မိခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်ကား ဘုန်းကံပါရမီအဘယ်မျှပါလာစေကာမူ အမျိုးသမီးများ ဘိက္ခုနီမဘယ်လိုမှ မဖြစ်နိုင်တော့သောခေတ်ပေတည်း။ ဖြစ်နိုင်သောနည်းလမ်းများကို တမ်းတရှာကြံကြသည်မှာလည်း လူလယ်ကောင်ချပြောဖို့ပင်မကောင်းသောနည်းလမ်းများဖြစ်နေပါသည်။

ယနေ့ အမျိုးသမီးလောကကြီးတစ်ရပ်လုံး ဆုံးရှုံးနေရသောအချက်ကား 'ဘိက္ခုနီမဘဝကို မရနိုင်တော့ပြီ'ဟူသောအချက်ပင်ဖြစ်သည်။

ဘိက္ခုနီမဘဝကိုမရနိုင်တော့သော ယနေ့ခေတ်တွင် တပည့်တော်များ၏မယ်တော်ကြီး၊ အထူးအားဖြင့် တိပိဋကဓရကျေးဇူးတော်ရှင်အရှင်ဝိစိတ္တသာရာဘိဝံသ၏ မယ်တော်ကြီး ဒေါ်ဓမ္မစာရီသည် သီလဝတီ(သီလရှင်)ဘဝနှင့်ပင် ဘဝနိဂုံးအဆုံးသတ်ခဲ့ရလေသည်။

ဤနေရာ၌ မိခင်၁၆-မျိုးရှိကြောင်း မှတ်တမ်းတင်ထားခဲ့ခြင်းကို ကျေးဇူးသာတင်ပါတော့။ 'အတိတ္တေ ပက္ခန္ဒန'ဟု အပြစ်မမြင်ပါနှင့်တော့။

(၁) ထနဒါတြီ ဂဗ္ဘဓာတြီ
ဘက္ခဒါတြီ ဂုရုပ္ပိယာ
အဘိဋ္ဌ ဒေဝ ပတာနီစ
ပိတုပတာနီစ ကညကာ

(၂) သဂဗ္ဘဇာ ယာ ဘဂိနီ
ပုတ္တ ပတာနီ ပိယာပသူ
မာတု မာတာ ပိတု မာတာ
သောဒရဿ ပိယာ တထာ

(၃) မာတု ပိတုစ ဘဂိနီ
မာတုလာနီ တထေဝစ
ဇနာနံ ဝေဒ ဝိဟိတာ
မာတရော သောဠသာ မတာ။

ပြဟ္မဝေဝတ္တပုရာဏ်။

၁။ နို့တိုက်သူ
၂။ ကိုယ်ဝန်ဆောင်သူ
၃။ အစာကျွေးသူ
၄။ ဆရာ့ဇနီး
၅။ ကိုးကွယ်ရာ နတ်၏ဇနီး
၆။ ဖခင်၏ဇနီး
၇။ ဖခင်၏သမီး
၈။ အစ်မရင်း၊ နှမရင်း
၉။ ချွေးမ
၁၀။ ခယ်မ
၁၁။ အမိ၏အမိ(အဘွား)
၁၂။ အဖ၏အမိ(အဘွား)
၁၃။ အစ်ကိုအရင်း၊ ညီအရင်း၏ဇနီး
၁၄။ အမိ၏အစ်မ,ညီမ
၁၅။ အဖ၏အစ်မ,နှမ
၁၆။ ဦးရီး၏ဇနီး

တစ်မှုဟုတ်မျှမွတ်သိပ်ခြင်းကို ငြိမ်းစေတတ်သော ပကတိနို့ရည်ကိုတိုက်သော ပကတိအမိသည်ပင် ကျေးဇူးဆပ်၍မကုန်နိုင်ဖြစ်ခဲ့လျှင် ဓမ္မခီရ-တရားနို့ရည်တိုက်ခဲ့သော 'ဓမ္မမာတာ၊ ဓမ္မမယ်တော်'၏ ကျေးဇူးတော်၌ကား စကားဆိုဖွယ် အဘယ်မှာရှိပါတော့အံ့နည်း။

(၂)

တောစိုးသစ်ပင်ကြီးတစ်ပင် စည်ကားခိုင်ဖြိုးကြီးကျယ်နေသည်ကိုတွေ့ရလျှင် အဖျက်အဆီးကြီးမားသောအန္တရာယ်များကို ဖြတ်ကျော်ခဲ့ရကြောင်း ဆမှန်းနိုင်ပါသည်။

မယ်တော်ကြီးဒေါ်ဓမ္မစာရီသည် သားတော်တိပိဋကဓရဆရာတော်အား စာပေတတ်မြောက်အောင် အခြေပြုပျိုးအမျိုးမျိုးအကြောင်းပြုခဲ့ပေလိမ့်မည်။ ဘဝအလယ်တွင် တွယ်တတ်ကပ်တတ်ကျရောက်တတ်သော အန္တရာယ်အမျိုးမျိုးမရောက်အောင်လည်း အဘက်ဘက်မှစောင့်ရှောက်တော်မူရှာလိမ့်မည်။

တိပိဋကဓရဆရာတော်၏ ထူးခြားသော သာသနာပြုကိစ္စကြီး အောင်မြင်လာရေးအတွက် အထက်ကျော်ကာရီကပင် တစ်စတစ်စ ထောက်မပြုစုပစ္စည်းပြုခဲ့သော မယ်တော်ကြီးဒေါ်ဓမ္မစာရီသည် သားတော်၏ သာသနာပြုလုပ်ငန်း တစ်စိတ်တစ်ပိုင်းမျှကိုသာ မြင်သွားသိသွားရရှာပေသည်။

ယနေ့ ကမ္ဘာကပင် ချီးမွမ်းအံ့သြထောမနာနေရသော 'ရှင်တစ်ဆူ-လူတစ်ယောက်' စကားဥဒါန်းအရ အစိုးရနှင့်ပြည်သူ ညီမူတက်ကြွစွာဆောင်ရွက်နေကြသော ပရိယတ္တိသာသနာ့တက္ကသိုလ် သာသနာပြုလုပ်ငန်းကြီးများကို တုသိတာပျော် မယ်တော်ဘုရားငဲ့စောင်း၍ ကောင်းချီးနုမော်သာဓု-သာဓု-သာဓု ခေါ်တော်မူပါရော့ဘုရား. . .။

မယ်တော်ဘုရားသည် 'သားကောင်း တစ်ယောက်၊ ကျောက်ကောင်းတစ်စေ့' သားကောင်းတစ်ပါး၏ မယ်တော်တစ်ပါးဖြစ်ရခြင်းကြောင့် ပဒေသရာဇ်,ဧကရာဇ်,လေးကျွန်းသနင်း စကြာမင်းကြီးမယ်တော်ဖြစ်ရသည်ထက်ပင်သာလွန်မြင့်မြတ်လှပါသည်။

မယ်တော်ကြီးအား ချီးကျူးစကားဆိုရန် ကြိုးစားအားထုတ်စက မယ်တော်ကြီး အမျိုးမြတ်ကြောင်း၊ လောကီဥစ္စာချမ်းသာကြီးကျယ်ကြောင်း၊ ကောမရီပြဟ္မစရိယ ပထမအရွယ် ငယ်ငယ်နုနုဘဝကပင် နေကွမ္မပါရမီကို ပီပီပြင်ပြင်ဆည်းပူးခဲ့ကြောင်း၊ စာပေနယ်ပယ်တွင် စွယ်စုံတတ်ကျွမ်းခဲ့ကြောင်း၊ ပါဠိဘာသာ အရေးအသားကောင်းခြင်းကြောင့် သစ္စဝါဒီဋီကာဆုရခဲ့ကြောင်း စသော ထိုထိုအကြောင်းအရာများကို ခြယ်မှုန်းရေးသားဖို့ ကြံစည်မိသော်လည်း 'ဖြူရာမှာ ဖွပ်လျှင် ဖွေးသည်' မဖြစ်ဘဲ 'ထူရာမှာ ထပ်လျှင် လေးသည်' ဖြစ်သွားလေမလား စိုးနှောင့်သည့်ပြင် ဧတဒဂ်ဝင် မုလေးပန်းနှင့်တူသော ဂုဏ်ကျေးဇူးများကို ဆိုရမည့်အချိန်၌ စပယ်ပန်းနှင့်တူသော လောကီကျေးဇူးအထူးထူးကို မြူးမြူးကြွကြွ မဆိုချင်တော့ပါ။

'မုလေးရှိလျက်၊
စမွာယ်ခက်ကို၊
ငွေလျှက်ကုံကာ၊
မဝယ်ရာ'-ဟုရှင်အဂ္ဂသမာဓိဘုံခန်းပျို့၌ စပ်ဆိုခဲ့သည် မဟုတ်ပါလော။

(၃)

တစ်ယောက်လျှင်တစ်မျိုး အမျိုးမျိုးသောဂုဏ်ကျေးဇူးကို ဉာဏ်မျက်စိကျရာကျရာ မြင်ကြသည်အထဲတွင် ကျွန်တော်မြင်သောမယ်တော်ကြီး ဂုဏ်ကျေးဇူးတစ်ခုမှာ ရနိုင်ခဲလှသော 'ဣဿာမဲ့' ဂုဏ်ကျေးဇူးဖြစ်ပါသည်။

သောတာပန်မဖြစ်သေးသမျှ ကင်းနိုင်ခဲစွဖြစ်သော ဣဿာတရားမှာ ရပ်ကွက်မီးလောင်သလို ကျယ်ကျယ်ပြန့်ပြန့် အန့်လောင်တတ်သော သဘောဆိုးတစ်မျိုးဖြစ်ပါသည်။ ဣဿာမီးခိုးလိုက်ထနေချိန်၊ ထိုအချိန်၌ 'ကောင်းကွက်' 'တော်ကွက်'ကိုမမြင်နိုင်ဘဲ မှုန်ပါးကြီးဖြစ်နေကတတ်သည်။



မယ်တော်ကြီးသည် 'ရှင်တစ်ဆူ-လူတစ်ယောက်' ရွေးကောက်နိုင်သည်။ အကောင်းကိုရှာတတ်သည်။ အတော်ကိုတွေ့တတ်သည်။

ဤသို့အားဖြင့် သူတော်ကောင်းတစ်ပါး ထူးခြားသော ပါရမီရှင်၊ တိပိဋကလျောင်းလျာ ပုရိသာဇည ရဟန်းတော် ရှင်ဝိစိတ္တသာရကို သားတော်တစ်ပါးအဖြစ် ရွေးကောက်နိုင်ခဲ့သည်။

မယ်တော်ကြီးသည် မိမိစွမ်းဆောင်နိုင်သော စာပေဆိုင်ရာကို ကိုယ်တိုင်တာဝန်ယူ၍ ပစ္စည်းလေးပါးဆိုင်ရာတွင် မိမိထက် တာဝန်ယူနိုင်မည့် သူဌေးကြီးဆာဦးသွင်လို ဒကာကောင်းကောင်းရှာပေးခဲ့သည်။ အကျိုးဆိုနိုင်ခဲ့သည်။ရှုဆိတ်သည်။ လိုလားသည်။

သားချင်းမျိုးတော်၊
ဆွေဖြစ်သော်လည်း၊
ကျော်ကျော်ထင်ထင်၊
ဂုဏ်အင်ပွားတိုး၊
ကောင်းလေနိုးက၊
အကျိုးဆိုဆို၊
ရှုဆိတ်လိုလျက်၊
ကြည်ညို ဝမ်းထဲ ရှိခဲ့စွ။

နေမိဘုံ ခန်းပျို့။

လူ့သဘောကား ကြသာ ကင်းနိုင်ခဲသည်၊ စီးပွားရေးသမားချင်း မျက်နှာချင်းအဆိုင်ရခက်သည်၊ ပညာရေးသမားချင်း မျက်နှာချင်းအဆိုင်ရခက်သည်။ မျက်နှာမျက်ခွက်ငူစူလာသည်။ စီးပွားရေး, ပညာရေးသမားတစ်ယောက်အောင်မြင်ကြောင်း, တိုးတက်ကြောင်းကို အခြားစီးပွားရေးသမား ပညာရေးသမားတစ်ယောက်က နားမထောင်လိုမနာလိုဖြစ်တတ်သည်။ အပြစ်တစ်ခုခု ရှာရှာဖွေဖွေမပြောဘဲမနေနိုင်။ တိတ်ဆိတ်စွာ ရှုကြည့်မနေနိုင်။ မရှုဆိတ်နိုင်ဖြစ်ရသည်။

မယ်တော်ကြီးသည် အလွန်ဆိုးဝါးယုတ်မာသော ပဏ္ဍိတမာနီပုဂ္ဂိုလ်မျိုးမဟုတ်၊ အလွန်ကြည်ညိုဖွယ် အတုယူဖွယ်ကောင်းသော ပဏ္ဍိတမာမက ပုဂ္ဂိုလ်မျိုးဖြစ်သည်။ ဆရာကြီးကား တကယ့်ပဏ္ဍိတမာမိကာ မယ်တော်ကြီးတစ်ပါးပေတည်း။

(၄)

ဆရာကြီးဒေါ်ဓမ္မစာရီ မြန်မာနှစ် ၁၂၄၀-ပြည့်၊ တပို့တွဲလဆန်း ၄-ရက်၊ စနေနေ့ည ၇-နာရီအချိန်၊ မန္တလေးမြို့၊ ရသာတန်းရပ် ပဒေသာပင်လမ်း၊ ၈၂-လမ်းနှင့် ၃၁-လမ်းထောင့်တိုက်ကြီးတွင် ပိုးကုန်သည်ကြီး ဦးလူပိန်၊ ဒေါ်ရွှေသီးတို့မှဖွားသည်။

၁၂၅၇-ခု၊ တန်ဆောင်မုန်းလဆန်း ၂-ရက်၊ သောကြာနေ့တွင် မင်းကွန်း ဂူကလေးချောင်၌ သီလရှင်ဝတ်သည်။ ဒေါ်ဓမ္မစာရီ ခေါ်တွင်သည်။

၁၂၉၂-ခုနှစ်၊ ဝါဦးလောက်မှာ သူဌေးဆာဦးသွင်သူဌေးကတော်ဒေါ်သိန်းတို့ကို ဆရာကြီးဒေါ်ဓမ္မစာရီက ရဟန်းလောင်း အာဇာနည်တစ်ပါးရှိကြောင်း ပြောဆိုဆက်သွယ်ပေးပြီးနောက် ၁၂၉၂-ခုကုန်ခါနီး၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်၌ ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကကိုဥပဇ္ဈာယ်ပြု၍ ရှင်ဝိစိတ္တရဟန်းဖြစ်ခဲ့သည်။

၁၃၃၃-ခု ဝါခေါင်လဆုတ် ၆-ရက်၊ ည ၁၁-နာရီ၊ သက်တော် ၉၃-ခုနှစ်တွင် မယ်တော်ကြီး ဘဝပြောင်းတော်မူသည်။

ဤစာရေးသူသည် မယ်တော်ကြီးဒေါ်ဓမ္မစာရီအား အကြိမ်ကြိမ် ပူဇော်ခဲ့ဖူးပါသည်။ ပူဇော်တိုင်း ပူဇော်တိုင်း ဤမျှသောပူဇော်ခြင်းကြောင့် ကျေးဇူးကြွေးတွေပြေပါစေဟု အစဉ်ဆုတောင်းမိပါသည်။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ

မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘော)

တိပိဋကဓရမင်းကွန်းဆရာတော်ကြီးသည် မိမိဘဝ သက်တမ်းတစ်လျှောက်၌ စာပေပရိယတ္တိ သင်ယူကြိုးပမ်းအားထုတ်ခဲ့မှု၊ သာသနာ့တာဝန် ကြိုးပမ်းထမ်းဆောင်ခဲ့မှုတို့ကြောင့် ဘွဲ့တံဆိပ်တော်အမျိုးမျိုး ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူခဲ့သည်။ ယင်းဘွဲ့တံဆိပ်တော်များမှာ-

၁။ ပထမကျော် (၁၂၉၅)
၂။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(ဝင့်သကာ) (၁၂၉၆)
၃။ သာသနဓဇသီရိပဝရဓမ္မာစရိယ (၁၃၀၂)
၄။ ဝိသိဋ္ဌဝိနယဓရ (၁၃၁၂)
၅။ မဟာဝိနယကောဝိဒ (၁၃၁၂)
၆။ ဝိသိဋ္ဌအာဘိဓမ္မိက (၁၃၁၃-၁၃၁၄)
၇။ မဟာအဘိဓမ္မကောဝိဒ (၁၃၁၃-၁၃၁၄)
၈။ ဝိသိဋ္ဌဒီဃဘာဏက (၁၃၁၅)
၉။ မဟာဒီဃနိကာယကောဝိဒ (၁၃၁၅)
၁၀။ ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ (၁၃၁၅)
၁၁။ မဟာတိပိဋကကောဝိဒ (၁၃၁၅)
၁၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (၁၃၁၅)
၁၃။ ဆဋ္ဌသံဂီတိပါဠိဝိသောဓက (၁၃၁၈)
၁၄။ ဆဋ္ဌသံဂီတိပါဠိပဋိဝိသောဓက (၁၃၁၈)
၁၅။ ဆဋ္ဌသံဂီတိသြသာနသောဓေယျပတ္တပါဠက (၁၃၁၈)
၁၆။ ဆဋ္ဌသံဂီတိကာရက (၁၃၁၈)
၁၇။ ဆဋ္ဌသံဂီတိဘာဏက (၁၃၁၈)
၁၈။ ဆဋ္ဌသံဂီတိဘာရနိတ္ထာရက (၁၃၁၈)
၁၉။ ဆဋ္ဌသံဂီတိဓမ္မဝိသဇ္ဇက (၁၃၁၈)
၂၀။ အဋ္ဌကထာသံဂီတိကာရက (၁၃၂၃)
၂၁။ ဋီကာသံဂီတိကာရက (၁၃၂၃)
၂၂။ အဂ္ဂမဟာပဏ္ဍိတ (၁၃၄၀)
၂၃။ အဘိဓဇမဟာရဋ္ဌဂုရု (၁၃၄၅)
၂၄။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက (၁၃၅၃)-

တို့ဖြစ်ကြပါသည်။

ပထမကျော်ဘွဲ့

ပထမပြန်ဟုခေါ်သော စာတော်ပြန်ပွဲများကို ကောဇာ သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် သာသနာ့ဒါယကာ မြန်မာဘုရင် သာလွန်မင်းတရားကြီးလက်ထက်၌ စတင်ကျင်းပခဲ့၍ မြန်မာဘုရင်အဆက်ဆက်တို့ အမွေဆက်ခံကျင်းပခဲ့ကြသည်။ ၁၂၄၇-ခုနှစ်တွင် သီပေါဘုရင် ပါတော်မူပြီးနောက် ပထမပြန်ဟုခေါ်သော စာတော်ပြန်ပွဲလည်း ရပ်ဆိုင်းသွားတော့သည်။

ကိုလိုနီခေတ်တွင် သာသနာ့ဥသျှောင် ဆရာတော်ကြီးများနှင့် ဗုဒ္ဓဘာသာဝင် လူခေါင်းဆောင်များသည် အမြို့မြို့အနယ်နယ်တို့တွင် အသင်းအဖွဲ့များဖွဲ့စည်းပြီး ပရိယတ္တိစာမေးပွဲများကျင်းပ၍ ဗုဒ္ဓသာသနာတော်အား ချီးမြှောက်ထောက်ပံ့လာကြတော့သည်။ ထိုအခါ အင်္ဂလိပ်အစိုးရသည်လည်း မနေသာတော့သဖြင့် ၁၂၅၇-ခုနှစ်မှစ၍ ပညာမင်းကြီးက တာဝန်ခံလျက် ပါဠိပထမပြန်စာမေးပွဲကို ကျင်းပပေးရတော့သည်။ ယင်းစာမေးပွဲများမှာ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း-ဟူ၍ သုံးဆင့်ရှိသည်။ တစ်ဆင့်အောင်ပြီးမှ နောက်တစ်ဆင့်ဖြေရသည်။ ပထမကြီးတန်း ဖြေဆို အောင်မြင်သူများထဲမှ အမှတ်အများဆုံး 'ပထမ'ရသူကို 'ပထမကျော်'ဟု သတ်မှတ်၍ အောင်စာရင်းထုတ်ပြန်ပေးသည်။ ထို့ကြောင့် တစ်နှစ်မှာ တစ်ပါးသာလျှင် ပထမကျော်ဘွဲ့ ရနိုင်ပေသည်။ ထိုခေတ် ထိုအခါက ပရိယတ္တိစာမေးပွဲအရာ၌ ပထမကျော်ဘွဲ့သည် အမြင့်ဆုံးဖြစ်သည်။ ၁၂၉၅-ခုနှစ်တွင် မင်းကွန်းဆရာတော်ကြီးသည် ထိုအစိုးရပထမပြန်စာမေးပွဲ၌ အမြင့်ဆုံး ပထမကျော်တန်းကို အောင်မြင်တော်မူခဲ့သည်။

ကိုလိုနီခေတ်ဘွဲ့နှင်းသဘင်

ကိုလိုနီခေတ်က ပထမကျော်ဘွဲ့ရ စာအောင်ပုဂ္ဂိုလ် ရဟန်းတော်အား အောင်လက်မှတ်ဆက်ကပ်ပုံ ဆက်ကပ်နည်းကို တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဟောကြားချက်များမှထုတ်နုတ်၍ အကျဉ်းချုပ် တင်ပြပါဦးမည်။ ဤခေတ်မှာကဲ့သို့ စူဠဘွဲ့နှင်းသဘင်ပွဲ၊ မဟာဘွဲ့နှင်းသဘင်ပွဲများကဲ့သို့ ကြီးကျယ်ခမ်းနားစွာဆင်ယင်ကျင်းပ၍ ရိုသေလေးစားစွာဆက်ကပ်ခြင်း မပြုခဲ့ပေ။

ပထမကျော်ဘွဲ့ရပုဂ္ဂိုလ်သည် ဘုရင်ခံအိမ်သို့ကြွသွားရပြီး ဘုရင်ခံအိမ်ရှိ ရုံးခန်းတစ်ခုသို့ရောက်သောအခါ ပထမကျော်စာအောင်ပုဂ္ဂိုလ်အရှင်သူမြတ်အား မည်သူကမျှ နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း၊ 'ကြွပါဘုရား'ဟု နှုတ်ဖြင့် ဖိတ်မန္တကပြုခြင်းမရှိ။ မျက်နှာဖြူအရာရှိကြီးတစ်ဦးက ပထမကျော်ဘွဲ့လက်မှတ်ကို မြန်မာနိုင်ငံသားစာရေး ဝန်ထမ်းတစ်ဦး အားပေးလိုက်သည်။ ယင်းစာရေးဝန်ထမ်းက တစ်ဖန် ထိုင်ရာမှမထဘဲ ဆရာတော်လက်သို့ လှမ်းပေးလိုက်သည်။ ဆရာတော်သည် အလွန်ပင်ပန်းကြီးစွာကြိုးပမ်းအားထုတ် ကျက်မှတ်ဖြေဆိုနိုင်သဖြင့် ရရှိခဲ့သော တစ်နှစ်လျှင် တစ်ပါးသာအောင်ခွင့်ရှိသော အလွန်ထူးခြားမွန်မြတ်သည့် ပထမကျော်အောင်လက်မှတ်ကို မီးရထားဘူတာရုံ၌ ရထားလက်မှတ်ယူသကဲ့သို့ သာမန်စာရွက်တစ်ရွက်ကို လက်ခံရယူဘိသကဲ့သို့ လက်လှမ်းယူ၍ လှည့်ထွက်ခဲ့ရတော့သည်။ သူ့ကျွန်ဘဝတွင် ဗုဒ္ဓသာသနာတော်မည်မျှအနှိမ်ခံခဲ့ရသည်ကို မေ့မသွားသင့်ကြချေ။

ဝဋံသကာ-ဦးဆောက်ပန်းဘွဲ့

မန္တလေးမြို့တွင် စာချဆရာတော်ကြီးများအား လစဉ် ဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းနိုင်ရန် ၁၂၆၀-ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ခဲ့သည်။ ယင်းအသင်းကြီးသည် စာချဆရာတော်များအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တို့ကို လစဉ်လှူဒါန်း ခဲ့သည်။ ယင်းအသင်းကြီးသည် ၁၂၆၅-ခုနှစ်မှစ၍ စာသင်တန်းနှင့် စာချတန်းဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ စာမေးပွဲကျင်းပသည်။ စာသင်တန်း အောင်မြင်ပြီးနောက် တစ်ဆက်တည်း စာချတန်းကို နှစ်ချင်းပေါက် အောင်မြင်ပါက ဓမ္မာစရိယဘွဲ့တံဆိပ်တော်တွင် ထပ်ဆင့်၍ 'ဝဋံသကာ-ဦးဆောက်ပန်း'ဘွဲ့ထူးကို လှူဒါန်းဆက်ကပ်လေသည်။ ယင်းစာမေးပွဲကို မန္တလေးမြို့ သကျသီဟဘုရားကြီးအတွင်း၌ ကျင်းပပြုလုပ်သောကြောင့် 'သကျသီဟစာမေးပွဲ' ဟူ၍ခေါ်ဆိုကြသည်။ အသင်းကိုလည်း 'သကျသီဟအသင်း' ဟုခေါ်ကြသည်။

၁၂၉၅-ခုနှစ်အထိ သကျသီဟစာမေးပွဲရာဇဝင်တွင် အနှစ် ၃၀-ကြာခဲ့သော်လည်း စာသင်တန်းနှင့် စာချတန်းကို နှစ်မခြားဘဲ အောင်မြင်သည့်ပုဂ္ဂိုလ်မရှိသောကြောင့် ဝဋံသကာဦးဆောက်ပန်းဘွဲ့ထူးကို တစ်ကြိမ်တစ်ခါမျှ မပေးရသေးပေ။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ၁၂၉၅-ခုနှစ်တွင် သကျသီဟစာသင်တန်း စာမေးပွဲကို အောင်မြင်ခဲ့၍ ၁၂၉၆-ခုနှစ်တွင် သကျသီဟစာချတန်း စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်တော်မူခဲ့သည်။ ဤကဲ့သို့ စာသင်တန်းနှင့် စာချတန်း နှစ်မခြားဘဲ တစ်ဆက်

တည်း အဋ္ဌကထာကျမ်းကြီး သုံးကျမ်းကို တစ်နှစ်တည်းဖြင့် အပြီးအစီးအောင်မြင်သည်မှာ ရှေးယခင်ကမရှိစဖူး၊ မင်းကွန်းဆရာတော်ကြီး ပထမဦးဆုံး အောင်မြင်ခဲ့သဖြင့် 'ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသန ဟိတဓမ္မာစရိယ(ဝဋံသကာ)'ဟူသောဘွဲ့ထူးဖြင့် အာဒိကမ္မိကအစကနဦးပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြရသည်။

ထိုကဲ့သို့ သက္ကသီဟစာချတန်း၌ အဋ္ဌကထာကျမ်းကြီး သုံးကျမ်းကို နှစ်ချင်းပေါက်အောင်မြင်တော်မူခဲ့သည့်အတွက် အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်းဦးဆောင်သည့်ပါဠိဆရာ မြန်မာပညာရှိအသင်းကြီးက ဆရာတော်အား 'အဋ္ဌကထာပြန်အကျော်'ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထပ်ဆင့်ပူဇော်ခဲ့ကြပြန်ပါသည်။

သာသနဓဇသီရိပဝရဓမ္မာစရိယ

ထို့နောက် ၁၃၀၂-ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ပထမဆုံးကျင်းပသော ဓမ္မာစရိယစာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရာ ကျမ်းရင်းသုံးကျမ်းကို ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ အောင်မြင်တော်မူသဖြင့် 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ'ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။ ထိုနှစ်က ဓမ္မာစရိယစာချတန်းစာမေးပွဲတွင် အရှင်မြတ်ငါးပါးသာလျှင် အောင်မြင်ခဲ့သည်။

ယင်းဘွဲ့ကို 'သာသန +ဓဇ + သီရိ + ပဝရ + ဓမ္မ+ အာစရိယ'-ဟုပုဒ်ခွဲနိုင်သည်။ သာသန=သာသနာတော်၏+ ဓဇ=အလံတံခွန်သဖွယ်ဖြစ်သော+သီရိ = ဘုန်းကျက်သရေရှိသော+ပဝရ = မွန်မြတ်သော+ ဓမ္မ = တရားတော်ကို+ အာစရိယ=သင်ကြားပို့ချပေးနိုင်သောဆရာ-ဟု အဓိပ္ပာယ်ရပါသည်။

ဝိသိဋ္ဌဝိနယဓရ

ဤဘွဲ့တံဆိပ်တော်ကို 'ဝိသိဋ္ဌ+ဝိနယ+ဓရ'-ဟုပုဒ်ခွဲနိုင်သည်။ ဝိသိဋ္ဌ • ထူးခြားလွန်ကဲသော+ဝိနယ = ဝိနည်းငါးကျမ်းကို+ဓရ=နှုတ်တက်အာဂုံအလွတ် ကျက်မှတ်ဆောင်ထားနိုင်သောပုဂ္ဂိုလ်-ဟု ဆိုလိုသည်။

တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ၌ စာမျက်နှာပေါင်း ၂၂၆၀-မျက်နှာရှိသော ဝိနည်းငါးကျမ်းကို အာဂုံပြန်ဆိုရာတွင် အထောက်အမလွတ်ကင်းစွာ အထစ်အငေါ့မရှိပြန်ဆိုနိုင်ပါက ဝိနယဓရ=ဝိနည်းဆောင်ပုဂ္ဂိုလ်' ဟူသောဘွဲ့ကို ရရှိသည်။ ယင်းသို့အာဂုံပြန်ဆိုရာ၌ တစ်လုံးတစ်ပါဒ တစ်ဝါကျမျှ ခုန်ကျော်ခြင်း, ကျကျန်ရစ်ခြင်း မရှိသည့်အပြင် လုံးနေပါဌ်နေ အသံကြည်လင်ပြတ်သားရှင်းလင်းစွာပြန်ဆိုနိုင်ခြင်း၊ ကြားနာရသူများ ကြည်ညိုဖွယ်ဖြစ်အောင် ရွတ်ဆိုပြန်ဆိုနိုင်ခြင်းများ ရှိမှသာလျှင် 'ဝိသိဋ္ဌ' ဂုဏ်ထူးထပ်ဆင့်၍ 'ဝိသိဋ္ဌဝိနယဓရ' ဘွဲ့ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

မဟာဝိနယကောဝိဒ

ဤဘွဲ့တော်ကို 'မဟာ+ဝိနယ+ကောဝိဒ'-ဟု ပုဒ်ခွဲနိုင်သည်။ ဝိနယ=ဝိနည်းတရားတော်+ကောဝိဒ= ကျွမ်းကျင်လိမ္မာနှံ့စပ်သော+မဟာ= ကြီးကျယ်မြင့်မြတ်သော-ဟု ဆိုလိုပါသည်။

ဝိနည်းတရားတော်နှင့်ပတ်သက်၍ အနက်အဓိပ္ပာယ် အဆုံးအဖြတ်များကို ကျွမ်းကျင်လိမ္မာနှံ့စပ်သည်ဟု ဆိုရာ၌ဘုရားဟောဝိနည်းပါဠိတော်ငါးကျမ်း၌ပါရှိသည့် အနက် အဓိပ္ပာယ်များ၊ ယင်းဝိနည်းပါဠိတော်ကိုဖွင့်ဆိုသည့် ဝိနည်း အဋ္ဌကထာကျမ်းကြီးလေးအုပ်နှင့် လက်သန်းအဋ္ဌကထာ တစ်အုပ်။ ယင်းအဋ္ဌကထာကျမ်းများကိုဖွင့်ဆိုသည့် ဋီကာကျမ်းကြီးခြောက်အုပ်နှင့် လက်သန်းဋီကာငါးအုပ်၊ ယောဇနာကျမ်းများ၊ ဝိနိစ္ဆယအဆုံးအဖြတ်ကျမ်းများစသည်ဖြင့် ဝိနည်းနှင့်ဆက်စပ်သည့် ကျမ်းပေါင်း ၁၀၀-ခန့်၌လာရှိသော အနက်အဓိပ္ပာယ်အဆုံးအဖြတ်၊ သဘောတရားရေးအယူအဆနှင့် အာစရိယဝါဒများကို အကန့်အသတ်မရှိ မေးချင်သမျှ မေးသည်ကို ပိုင်နိုင်စွာဖြေဆိုနိုင်မှသာလျှင် 'ဝိနယကောဝိဒ' ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းသည်။

ရေးဖြေစာမေးပွဲ၌ အမှတ် ၁၀၀-ပေးထားရာ ၇၅-မှတ်သာရရှိပါက ရိုးရိုးသာမန်အောင်ပုဂ္ဂိုလ်အဖြစ် ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်။ အမှတ် ၈၀-အထက်ရရှိပါလျှင် ဂုဏ်ထူးအဆင့်သတ်မှတ်၍ 'မဟာ'ဟူသောဂုဏ်ထူးထပ်ဆင့်လျက် 'မဟာဝိနယကောဝိဒ' ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းသည်။

မင်းကွန်းဆရာတော်ကြီးသည် ဝိနည်းပါဠိတော် အဋ္ဌကထာ, ဋီကာ,ယောဇနာဂဏ္ဌိ စသော ဝိနည်းကျမ်းဂန်များကို ငါးပိုင်းခွဲ၍ငါးရက်ဖြေဆိုခဲ့ရာ ပထမရက် ၉၈-မှတ်, ဒုတိယရက် ၉၉-မှတ်,တတိယရက် ၉၂-မှတ်, စတုတ္ထရက် ၉၈-မှတ်, ပဉ္စမရက် အမှတ်၁၀၀-ပြည့် ရရှိတော်မူခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီးအား 'မဟာ'ဟူသော ဂုဏ်ထူးထပ်ဆင့်၍ 'မဟာဝိနယကောဝိဒ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ဝိသိဋ္ဌအာဘိဓမ္မိက

ဤဘွဲ့တံဆိပ်တော်တွင် 'အာဘိဓမ္မိက'ဟူသည် အဘိဓမ္မတရားတော်ကို နှုတ်တက်အာဂုံဆောင်သောပုဂ္ဂိုလ်ကို ခေါ်ဆိုရသည်။ ယင်းအာဂုံဆောင်ပုဂ္ဂိုလ်မျိုးအနက် ပိုမိုထူးခြားစွာ ပြည့်ပြည့်စုံစုံ အာဂုံဆောင်ထားနိုင်သောပုဂ္ဂိုလ်ကို 'ဝိသိဋ္ဌအာဘိဓမ္မိက'ဟု ခေါ်ဆိုရသည်။

မင်းကွန်းဆရာတော်ကြီးသည် အဘိဓမ္မာခုနစ်ကျမ်းကို အာဂုံပြန်ဆိုရာ၌ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း-တည်းဟူသော အဘိဓမ္မာအရှေ့ပိုင်းငါးကျမ်း၊ စာမျက်နှာပေါင်း ၁၃၉၀-ကို ၁၃၁၃-ခုနှစ်တွင် အာဂုံပြန်ဆိုခဲ့၍၊ ၁၃၁၄-ခုနှစ်တွင် စာမျက်နှာပေါင်း ၃၅၉၇-မျက်နှာရှိသော အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်းဖြစ်သည့် ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းတို့ကို အာဂုံပြန်ဆိုနိုင်တော်မူခဲ့သည်။ အထစ် အငေါ့ အခုန်အကျော်အကျမရှိ ပီသပြတ်သား သန့်ရှင်းကြည်လင် သာယာနာပျော်ဖွယ် ပြန်ဆိုနိုင်သောကြောင့် အာဘိဓမ္မိက=အဘိဓမ္မာ အာဂုံဆောင်ဟူသောဘွဲ့တံဆိပ်အပေါ်၌ ထပ်ဆင့်၍ 'ဝိသိဋ္ဌ' ဂုဏ်ထူးဖြင့်အောင်မြင်သည့်အတွက် 'ဝိသိဋ္ဌအာဘိဓမ္မိက'ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

မဟာအဘိဓမ္မကောဝိဒ

ဤဘွဲ့တွင် သက်ဆိုင်ရာဘာသာရပ်၌ ကျွမ်းကျင်လိမ္မာနိုင်နင်းခြင်းကို 'ကောဝိဒ'ဟု ခေါ်သည်။ အဘိဓမ္မာတရားတော်၌ လိမ္မာကျွမ်းကျင်သောပုဂ္ဂိုလ်ကို 'အဘိဓမ္မကောဝိဒ'ဘွဲ့ပေးရ၏။ သူတစ်ပါးနှင့်မတူအောင် ထူးခြားလွန်ကဲစွာ ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်ကို 'မဟာ'ဆိုသော ဂုဏ်ထူးထပ်ဆင့်၍ 'မဟာအဘိဓမ္မကောဝိဒ'ဟူသောဘွဲ့တံဆိပ်တော်ကို လှူဒါန်းရသည်။

မင်းကွန်းဆရာတော်ကြီးသည် အဘိဓမ္မာပါဠိတော်ကျမ်းအားဖြင့်ခုနစ်ကျမ်း၊ စာအုပ်ရေ ၁၂-အုပ်၊ ယင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၊ လက်သန်းအဋ္ဌကထာများ၊ ယင်းအဋ္ဌကထာများကိုထပ်ဆင့်ဖွင့်ဆိုသည့် မူလဋီကာ၊ အနုဋီကာ၊ လက်သန်းဋီကာများ၊ ယောဇနာကျမ်းများ၊ ဂဏ္ဌိကျမ်းများ၊ ဒီပနီ၊ ပကာသနီ၊ ဝိဘာဝနီကျမ်းများ၊ နိဿယကျမ်းများ၊ အရ ကောက်ကျမ်းများ-စသည်တို့၌လာရှိသော အနက်အဓိပ္ပာယ် အဆုံးအဖြတ်သဘောတရားရေး အယူအဆနှင့် အာစရိယဝါဒများကို အကန့်အသတ်မရှိ မေးချင်သမျှမေးသည်ကို ပိုင်နိုင်စွာဖြေဆိုနိုင်၍သာလျှင် 'မဟာအဘိဓမ္မကောဝိဒ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

ဝိသိဋ္ဌဒီဃဘာဏကဘွဲ့

ဤဘွဲ့ကို 'ဝိသိဋ္ဌ+ဒီဃ+ဘာဏက'-ဟု ပုဒ်ခွဲနိုင်သည်။ ဝိသိဋ္ဌ=ထူးခြားစွာ+ဒီဃ = ဒီဃနိကာယ်ကျမ်း သုံးကျမ်းကို+ ဘာဏက=ရွတ်ဆိုနိုင်သူ-ဟုဆိုလိုပါသည်။ ဒီဃနိကာယဟု ခေါ်သော သုတ္တန်ကျမ်း သုံးကျမ်းမှာ စာမျက်နှာအားဖြင့် ၇၇၉-ရှိ၍ ယင်းပါဠိတော်သုံးကျမ်းကို သန့်ရှင်းကြည်လင် ပီပြင်ပြတ်သားစွာ အာဂုံပြန်ဆိုတော်မူနိုင်ခြင်းကြောင့် 'ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ခြင်းဖြစ်သည်။

မဟာဒီဃနိကာယကောဝိဒ

ဤဘွဲ့ကို 'မဟာ+ဒီဃနိကာယ+ကောဝိဒ'-ဟု ပုဒ်ခွဲ နိုင်သည်။ မဟာ=ကြီးကျယ်မြင့်မြတ်သော+ ဒီဃနိကာယ=ဒီဃ နိကာယ်ဆိုင်ရာ အနက်အဓိပ္ပာယ်များကို + ကောဝိဒ= ကျွမ်းကျင်လိမ္မာနှံ့စပ်သော-ဟု ဆိုလိုပါသည်။

ဒီဃနိကာယ်ဆိုင်ရာတရားတော်နှင့်ပတ်သက်၍ အနက် အဓိပ္ပာယ်အဆုံးအဖြတ်များကို ကျွမ်းကျင်နှံ့စပ်သည်ဟုဆိုရာ၌ ဘုရားဟောဒီဃနိကာယပါဠိတော်၌လာရှိသည့် အနက် အဓိပ္ပာယ်များ၊ ယင်းဒီဃနိကာယ်ပါဠိတော်ဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများ၊ ယင်းအဋ္ဌကထာကျမ်းများကိုဖွင့်ဆိုသည့် ဋီကာ၊ အဘိနဝဋီကာကျမ်းများ-စသည်တို့၌လာရှိသည့် အနက်အဓိပ္ပာယ်အဆုံးအဖြတ် သဘောတရားရေးရာ အယူ အဆနှင့် အာစရိယဝါဒများကို မေးချင်သမျှမေးသည်ကို ပိုင်နိုင်စွာဖြေဆိုနိုင်မှသာလျှင် 'မဟာဒီဃနိကာယကောဝိဒ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ

ဤဘွဲ့ကို 'ဗုဒ္ဓသာသန+ဝိသိဋ္ဌ+တိပိဋက+ဓရ'-ဟု ပုဒ်ခွဲနိုင်သည်။ ဗုဒ္ဓသာသန=ဗုဒ္ဓသာသနာတော်မြတ်ကြီး၏+ ဝိသိဋ္ဌ = သူတစ်ပါးထက်ထူးခြားစွာ + တိပိဋက = ပိဋကတ်သုံးပုံကို+ဓရ=အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်-ဟု ဆိုလိုပါသည်။

ယခင်ပြဆိုခဲ့သည့်အတိုင်း ဝိနည်းငါးကျမ်းဟူသော ဝိနယပိဋက၊ ဒီဃနိကာယ်သုံးကျမ်းဟူသော သုတ္တန္တပိဋက၊ အဘိဓမ္မာခုနစ်ကျမ်းဟူသော အဘိဓမ္မပိဋက။ ဤပိဋကတ်သုံးပုံကို အထောက်အမလွတ်ကင်းစွာဖြင့် အကုန်အစင် နှုတ်တက်အာဂုံဆောင်နိုင်ပြီဖြစ်၍ မင်းကွန်းဆရာတော်ကြီး

အား 'ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်ပါသည်။

မဟာတိပိဋကကောဝိဒ

ဤဘွဲ့တံဆိပ်ကို 'မဟာ+တိပိဋက+ကောဝိဒ'-ဟု ပုဒ်ခွဲနိုင်သည်။ မဟာ=ကြီးကျယ်မြင့်မြတ်သော+တိပိဋက= ပိဋကတ်သုံးပုံကို+ကောဝိဒ=ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်-ဟု ဆိုလိုသည်။

ဝိနယပိဋက, သုတ္တန္တပိဋက, အဘိဓမ္မာပိဋက-ဟူသော ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ၊ ၎င်းပါဠိတော် ကျမ်းများ၏ အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းများ၊ ၎င်း အဋ္ဌကထာကျမ်း များကိုဖွင့်ဆိုသော ဋီကာကျမ်းများနှင့် ယောဇနာ, ဂဏ္ဌိ, နိဿယ ကျမ်း, အရကောက်ကျမ်း, အဆုံး အဖြတ်ကျမ်း-တို့၌လာရှိသော အနက်အဓိပ္ပာယ်နှင့် သဘော တရားရေးရာအယူအဆတို့ကို ဂုဏ်ထူးအဆင့်ဖြင့် သာ ဖြေဆိုနိုင်သောကြောင့် မင်းကွန်းဆရာတော်ကြီးအား 'မဟာ တိပိဋကဓရကောဝိဒ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်းဖြစ်သည်။

ဓမ္မဘဏ္ဍာဂါရိက

ဤဘွဲ့ကို 'ဓမ္မ+ဘဏ္ဍာဂါရိက'-ဟု ပုဒ်ခွဲနိုင်သည်။ ဓမ္မ=ပိဋကတ်သုံးပုံဟူသောတရား+ဘဏ္ဍာဂါရိက=ဘဏ္ဍာစိုး= တရားဘဏ္ဍာစိုး-ဟု ဆိုလိုပါသည်။ မင်းကွန်းဆရာတော်ကြီး အား ပိဋကတ်သုံးပုံဟူသောတရားဘဏ္ဍာကို ပိုင်စိုးသဖြင့် 'ဓမ္မဘဏ္ဍာဂါရိက'ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်းဖြစ်သည်။

ဤဘွဲ့တော်မှာ ပထမသင်္ဂါယနာတင်ပွဲ၌ အရှင် အာနန္ဒာအား ပေးအပ်ခဲ့သည့်ဘွဲ့တော်ဖြစ်သည်။ အရှင် အာနန္ဒာ မထေရ်သည် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-တို့ကို အာဂုံဆောင်ထား၍ ပထမသင်္ဂါယနာတင်ပွဲ၌ သံဃမဟာ ထေရ်ဖြစ်တော် မူသော အရှင်မဟာကဿပ၏အမေးများကို ဖြေဆိုသူ ဝိဿဇ္ဇကအဖြစ်ဆောင်ရွက်ခဲ့သောကြောင့် 'ဓမ္မ ဘဏ္ဍာဂါရိက= တရားဘဏ္ဍာစိုး'ဟူသော ဘွဲ့တော်ကို ရရှိ တော်မူခဲ့သည်။

ပါဠိဝိသောဓက

ဤဘွဲ့ကို 'ပါဠိ+ဝိသောဓက'-ဟု ပုဒ်ခွဲနိုင်သည်။ ပါဠိ=ဘုရားပါဠိတော်ကို+ဝိသောဓက=သုတ်သင်သူ, တည်း ဖြတ်သူ-ဟု ဆိုလိုပါသည်။

မင်းကွန်းဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ၌ ဝိနည်းမဟာဝါပါဠိတော်ကို မူလပထမ သုတ်သင် ပြင်ဆင် တည်းဖြတ်ပေးခဲ့သည့်အတွက်ကြောင့် 'ပါဠိဝိသောဓက' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ပဋိဝိသောဓက

ဤဘွဲ့ကို 'ပဋိ+ဝိသောဓက'-ဟုပုဒ်ခွဲနိုင်သည်။ ပဋိ= တစ်ဖန်ထပ်၍+ဝိသောဓက=သုတ်သင်သူ-ဟု ဆိုလိုပါသည်။

မင်းကွန်းဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပထမအဆင့်သုတ်သင်တည်းဖြတ်ပြီးသော ပါဠိတော်ကျမ်း များကို တစ်ဖန်သုတ်သင်တည်းဖြတ်သည့်အတွက် 'ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ခဲ့ခြင်းဖြစ်ပါသည်။

ဩသာနသောဓေယျပတ္တပါဠက

ဤဘွဲ့ကို 'ဩသာန+သောဓေယျ+ပတ္တ+ပါဠက'-ဟု ပုဒ်ခွဲနိုင်သည်။ ဩသာန=နောက်ဆုံးဖြစ်သော+သောဓေယျ= သုတ်သင်ပြီးသော+ ပတ္တ=စာမူကို+ပါဠက = ဖတ်ရှုပြင်ဆင် ရသူ-ဟု ဆိုလိုပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရန် တည်းဖြတ်သုတ်သင်ပြင်ဆင် ပြီးသော ကျမ်းစာအုပ်များကို ပုံနှိပ်ရာ၌ နောက်ဆုံးဖြစ်သော စာမူချောကို ဖတ်ရှုအတည်ပြုသောအဖွဲ့၌ ပါဝင်ဆောင်ရွက် ရသောကြောင့် မင်းကွန်းဆရာတော်ကြီးအား 'ဆဋ္ဌသံဂီတိ ဩသာနသောဓေယျပတ္တပါဠက' ဘွဲ့တံဆိပ်တော်ကို ဆက် ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သံဂီတိကာရက

ဤဘွဲ့ကို 'သံဂီတိ+ကာရက'-ဟု ပုဒ်ခွဲနိုင်သည်။ သံဂီတိ = သင်္ဂါယနာတင်ရာ၌+ကာရက = ပါဝင်ဆောင်ရွက် သောပုဂ္ဂိုလ်-ဟု ဆိုလိုပါသည်။

မင်းကွန်းဆရာတော်ကြီးအား ဆဋ္ဌသင်္ဂါယနာတင်ရာ၌ ပါဝင်ဆောင်ရွက်တော်မူသည့်အတွက်ကြောင့် 'ဆဋ္ဌသံဂီတိ ကာရက'ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သံဂီတိဘာဏက

ဤဘွဲ့ကို 'ဆဋ္ဌသံဂီတိ+ဘာဏက'-ဟု ပုဒ်ခွဲနိုင်သည်။ ဆဋ္ဌသံဂီတိ=သင်္ဂါယနာတင်ရာ၌+ဘာဏက = ပါဠိတော်ကို နှုတ်တက်အာဂုံဆောင်၍ သံပြိုင်ရွတ်ဆိုရာ၌ ပါဝင်သော ပုဂ္ဂိုလ်-ဟု ဆိုလိုပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာဝယ် ဘုရားဟောပါဠိတော် များကို နှုတ်တက်အာဂုံအရဆောင်၍ သံဃာတော်များနှင့် အတူ သံပြိုင်ရွတ်ဆိုရာ၌ ပါဝင်ဆောင်ရွက်ခဲ့သောကြောင့်

မင်းကွန်း ဆရာတော်ကြီးအား 'ဆဋ္ဌသံဂီတိဘာဏက' ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆဋ္ဌသံဂီတိဘာရနိတ္ထာရက

ဤဘွဲ့ကို 'ဆဋ္ဌသံဂီတိ + ဘာရ + နိတ္ထာရက'-ဟု ပုဒ်ခွဲနိုင်သည်။ ဆဋ္ဌသံဂီတိ=ဆဋ္ဌသင်္ဂါယနာပွဲ၌+ဘာရ=လုပ်ငန်း တာဝန်ကို+နိတ္ထာရက=ထမ်းဆောင်သောပုဂ္ဂိုလ်-ဟု ဆိုလိုပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမပြုလုပ်မီ လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်သည့် ဝန်ဆောင်ဆရာတော်များ အဖွဲ့ကြီးကို ဖွဲ့စည်းထားရှိခဲ့သည်။ ထိုသို့စတင်ဖွဲ့စည်းချိန်က မင်းကွန်း ဆရာတော်ကြီးသည် ထိုအဖွဲ့၌ပါဝင်ခွင့် မရရှိသေးချေ။ ၁၃၁၇-ခုနှစ်၌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီး ပျံလွန်တော်မူခဲ့ရာတွင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးကို ဝန်ဆောင်အဖွဲ့၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်သဖြင့် ဝန်ဆောင်အဖွဲ့တွင် တစ်နေရာလစ်လပ်သွားခဲ့သည်။ တိပိဋကဓရမင်းကွန်းဆရာတော်ကြီးကို အစားထိုးရွေးချယ် တင်မြှောက်ခဲ့သည်။ ယင်းသို့ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် တင်မြှောက်ခြင်းခံရ၍ 'ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက' ဟူသောဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆဋ္ဌသံဂီတိဓမ္မဝိသဇ္ဇက

ဤဘွဲ့ကို 'ဆဋ္ဌသံဂီတိ+ဓမ္မ+ဝိသဇ္ဇက'-ဟု ပုဒ်ခွဲနိုင် သည်။ ဆဋ္ဌသံဂီတိ=ဆဋ္ဌသင်္ဂါယနာတင်ရာ၌+ဓမ္မ=ပိဋကတ် သုံးပုံတရားတော်များကို+ဝိသဇ္ဇက=ဖြေဆိုသော ပုဂ္ဂိုလ်-ဟု ဆိုလိုပါသည်။

တိပိဋကဓရမင်းကွန်းဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ရာ၌ သံဃမဟာထေရ်ဖြစ်တော်မူသော မဟာစည် ဆရာတော်ကြီးက မေးမြန်းသမျှသော ပိဋကတ် သုံးပုံတရားတော်များကို အစအဆုံး အပြည့်အစုံ ဖြေဆိုတော်မူခဲ့သည့်အတွက် 'ဆဋ္ဌသံဂီတိဓမ္မဝိသဇ္ဇက'ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

အဋ္ဌကထာသံဂီတိကာရက

ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းပေါင်း ၅၁-ကျမ်းတို့ကို ပါဠိတော်သင်္ဂါယနာတင်ပွဲပြီးသည့်နောက်တွင် ၁၃၁၈- ခုနှစ်မှ ၁၃၂၁-ခုနှစ်တိုင် လေးကြိမ်ခွဲ၍ စိစစ်မေးမြန်း သင်္ဂါယနာတင်ခဲ့ကြပါသည်။ ထိုအဋ္ဌကထာသင်္ဂါယနာတင်ပွဲတွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်တော်မူသောကြောင့် 'အဋ္ဌကထာ သံဂီတိကာရက' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ဋီကာသံဂီတိကာရက

အဋ္ဌကထာသင်္ဂါယနာတင်ပြီးသည့်နောက် ထိုအဋ္ဌကထာ ကျမ်းတို့ကို ထပ်ဆင့်ဖွင့်ဆိုသော ဋီကာကျမ်းပေါင်း ၂၆-ကျမ်း တို့ကို ၁၃၂၂-ခုနှစ်နှင့် ၁၃၂၃-ခုနှစ်တို့တွင် စိစစ်မေးမြန်းပြီး နှစ်ကြိမ်ခွဲ၍ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။ ထိုဋီကာ သင်္ဂါယနာတင်ပွဲတွင်လည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဋီကာဒုတိယ (ပစ္ဆိမ)သန္နိပါတ၌ ဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်တော်မူသောကြောင့် 'ဋီကာသံဂီတိကာရက' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ

ဤဘွဲ့ကို 'အဂ္ဂ+မဟာ+ပဏ္ဍိတ'-ဟု ပုဒ်ခွဲနိုင်သည်။ အဂ္ဂ=အမြတ်ဆုံးဖြစ်သော+မဟာ=ကြီးကျယ်မြင့်မြတ်သော+ ပဏ္ဍိတ=ပညာရှိ-ဟုဆိုလိုသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် လှူဒါန်းထိုက်သော ဂုဏ်အင်္ဂါများမှာ ငါးချက်ရှိသည်။

၁။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာခြင်း၊

၂။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အမြဲမပြတ်ချပို့နေခြင်း၊

၃။ အနည်းဆုံး သိက္ခာဝါ ၂၀-ရှိခြင်း၊

၄။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊

၅။ သီလဝန္တဖြစ်ခြင်း။

မင်းကွန်းဆရာတော်ကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ကျွမ်းကျင်လိမ္မာ၍ အမြဲမပြတ်ပို့ချခြင်း၊ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊ သီလဝန္တဖြစ်ခြင်းဟူသော ဂုဏ်အင်္ဂါတို့ကြောင့် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဘိဓဇမဟာရဋ္ဌဂုရု

ဤဘွဲ့တံဆိပ်ကို 'အဘိ+ဓဇ+မဟာ+ ရဋ္ဌ+ဂုရု'-ဟု ပုဒ်ခွဲနိုင်သည်။ အဘိ=ထူးကဲသာလွန်သော+ဓဇ= အလံတံခွန် သဖွယ်ဖြစ်သော+မဟာ = ကြီးကျယ်မြင့်မြတ်သော+ရဋ္ဌ= တိုင်းသူပြည်သားများ၏+ဂုရု=ဆရာ-ဟုဆိုလိုသည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် လျှုဒါန်းထိုက်သော ဂုဏ်အင်္ဂါများမှာ လေးချက်ရှိသည်။

၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရရှိပြီးဖြစ်ခြင်း၊

၂။ အနည်းဆုံး သိက္ခာဝါ ၄၀-ရှိခြင်း၊

၃။ ဗဟုသုတ အကြားအမြင်များခြင်း၊

၄။ လူ့ရှင်ရဟန်းတို့အား ကျေးဇူးများသော ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို ရေးသားဖူးခြင်း။

မင်းကွန်းဆရာတော်ကြီးသည် ရဟန်းရှင်လူတို့အား ကျေးဇူးများသော ဗုဒ္ဓဘာသာစာပေကျမ်းဂန် အမြောက်အမြား ရေးသားပြုစုခြင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူပြည်သူ အားလုံးတို့၏ လေးစားကြည်ညိုမှုကို ခံယူရရှိခြင်း-ဟူသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသဖြင့် 'အဘိဓဇမဟာရဋ္ဌဂုရု'ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လျှုဒါန်းခဲ့ခြင်းဖြစ်သည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဤဘွဲ့တံဆိပ်တော်ကို 'အဘိ+ဓဇ+အဂ္ဂ+မဟာ+သဒ္ဓမ္မ+ဇောတိက'-ဟု ပုဒ်ခွဲနိုင်သည်။ အဘိ=ထူးကဲသာလွန်သော+ဓဇ = အလံတံခွန်သဖွယ်ဖြစ်သော+အဂ္ဂ=အမြတ်ဆုံးဖြစ်သော+မဟာ = ကြီးကျယ်မြင့်မြတ်သော+သဒ္ဓမ္မ = ဘုရားဟောတရားတော်ကို+ဇောတိက = ထွန်းလင်းတောက်ပအောင် ပြုလုပ်တတ်သောပုဂ္ဂိုလ်-ဟုဆိုလိုသည်။ သာသနာပြု လုပ်ငန်းကို စွမ်းစွမ်းတမံ သူမတူအောင် ထူးချွန်စွာဆောင်ရွက်နိုင်သောပုဂ္ဂိုလ်များအား ဤဘွဲ့တံဆိပ်တော်ကို လျှုဒါန်း ဆက်ကပ်ခြင်းဖြစ်သည်။

တိပိဋကဓရမင်းကွန်းဆရာတော်ကြီးသည် မြန်မာနိုင်ငံ တစ်ဝန်းလုံး တောင်ပေါ်မြေပြန့် ကျေးလက်တောရွာပါမကျန်ရအောင် လှည်းတစ်တန်, လှေတစ်တန်, ခြေလျင်တစ်မျိုး ကိုယ်ကာယပင်ပန်းနွမ်းနယ်မှုကိုဂရုမပြုဘဲ တရားဟောကြား ဆုံးမခြင်းဖြင့် သာသနာပြုတော်မူခဲ့သည်။ စာပေကျမ်းဂန် များရေးသားပြုစုဖြန့်ဝေခြင်းဖြင့်လည်း သာသနာပြုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့သည်။ ဗုဒ္ဓသာသနာတော် အပေါ်၌ မကြည်ညိုသေးသူတို့ကြည်ညိုလာစေရန်၊ ကြည်ညို ပြီးသူတို့သည်လည်း ခိုင်မြဲစွာပိုမိုတိုးတက်ကြည်ညိုလာစေရန် လက်တွေ့ကျင့်သုံး နေထိုင်ပြခြင်း၊ ဟောပြောခြင်း၊ ကျမ်းဂန် စာပေရေးသား ဖြန့်ဝေခြင်းတို့ကို မနားမနေဆောင်ရွက်တော်မူခဲ့သည့်အတွက် ဤဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လျှုဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ဤဖော်ပြပါ ဘွဲ့တံဆိပ်တော်များမှာ ဆရာတော်ကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ခမာ, ဇာဂရိယ, ဥဋ္ဌာန ဂုဏ်စသော ဂုဏ်အရည်အချင်းများ ဖော်ကျူးသည့်အနေဖြင့် နိုင်ငံတော်အစိုးရ မင်းအဆက်ဆက်တို့က ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပေသည်။ သို့ရာတွင် ဤ ဘွဲ့တံဆိပ်တော်များမှာ တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၌ တည်ရှိသော ဂုဏ်အရည်အချင်းများကို ကုန်စင်အောင် ဖော်ထုတ်နိုင်ရန်မဆိုထားဘိ ဆရာတော်ကြီးဂုဏ်ကျေးဇူးတော်များ၏ အပုံတစ်ရာပုံ တစ်ပုံကိုမျှ ဖော်ထုတ်ပြသနိုင်ခြင်း မရှိသေးပါကြောင်း၊ တစ်နည်းအားဖြင့် ဆရာတော်ကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ပြည့်ဝစုံလင်ကုန်စင် အောင် ဖော်ကျူးနိုင်စွမ်းသည့်ပုဂ္ဂိုလ် မပေါ်ထွန်းတော့ဟု ဆိုရမည်ဖြစ်ပါသည်။ ။

မောင်အုံ့(မဟာဝိဇ္ဇာ-ဘုံဘော)





မြန်မာနိုင်ငံတော်ပညာရေးဌာန။

ပဋ္ဌမပြန်ပွဲ။

ရန်ကုန်မြို့၊ ____ ခု၊ ____ လ ____ ရက်၊

အသက် ____ နှစ်ရှိသူ ____ သား ____

သည်၊ ပဋ္ဌမ ____ ဖြင့်ဆိုအောင်မြင်သူဖြစ်၍ လက်မှတ် [illegible] တော်မူသည်။

မြန်မာနိုင်ငံတော်ပညာရေးဝန်ကြီး၊
ပဋ္ဌမပြန်ပွဲ [illegible]

မြန်မာနိုင်ငံတော်ပညာရေးဌာန။

ပဋ္ဌမပြန်ပွဲ။

ရန်ကုန်မြို့၊ ____ ခု၊ ____ လ ____ ရက်၊

အသက် ____ နှစ်ရှိသူ ____ သား ____

သည်၊ ပဋ္ဌမ ____ ဖြင့်ဆိုအောင်မြင်သူဖြစ်၍ လက်မှတ် [illegible] တော်မူသည်။

မြန်မာနိုင်ငံတော်ပညာရေးဝန်ကြီး၊
ပဋ္ဌမပြန်ပွဲ [illegible]

DIEU ET MON DROIT

မြန်မာနိုင်ငံတော်ပညာရေးဌာန။

ပဋ္ဌမပြန်ပွဲ။

ရန်ကုန်မြို့၊ ____ ခု၊ ____ လ ____ ရက်၊

အသက် ____ နှစ်ရှိသူ ____ သား ____

သည်၊ ပဋ္ဌမ ____ ဖြင့်ဆိုအောင်မြင်သူဖြစ်၍ လက်မှတ် [illegible] တော်မူသည်။

မြန်မာနိုင်ငံတော်ပညာရေးဝန်ကြီး၊
ပဋ္ဌမပြန်ပွဲ [illegible]

မြန်မာနိုင်ငံတော်ပညာဌာန။

ပဌမမြန်ပွဲ။

ရန်ကုန်မြို့။ ၁၉ [illegible] ခုနှစ်။ [illegible] လ [illegible] ရက်။

[illegible] သား။ အသက် [illegible] နှစ်ရှိသူ [illegible] သည်။

ပဌမကြီးတန်းတွင်သာလွန်အောင်မြင်သူဖြစ်၍။ ၁၉ [illegible] ခုနှစ်။ ပဌမကျော်ဖြစ်ကြောင်းလက်မှတ် လျှော်နိုး/အနေအား

တော်မူသည်။

P. Bayd Ueunlan

မြန်မာနိုင်ငံတော်ပညာဌာနဝန်ကြီး။
ပဌမမြန်ပွဲကော်မီတီအသင်းအကြီးဥက္ကဋ္ဌ။

မြန်မာနိုင်ငံတော်ကိုစီရင်အုပ်ချုပ်တော်မူသော
ဘုရင်ခံမင်းကြီး။

မန္တလေးမြို့။

ပရိယတ္တိသာသနာဟိတအသင်းကြီး

သီးခြားစာသင်ပုဂ္ဂိုလ်တန်းအောင်လက်မှတ်။

၁၂၈၁–ခုနှစ်မြင်ဆင်သတ်မှတ်သည့်စာလျှောက်မေးခွန်းဥပဒေပုဒ်မ–၁၂–အရထုတ်အပ်ခြင်း။

စာအောင်လက်မှတ်နံပါတ် (၁၂၀)

စစ်ကိုင်း မြို့မင်းကွန်းခမ္ဘနာဒ တိုက်၊ ဆရာတော် ကျောင်း၌သီတင်းသုံးနေတော်မူသော ပြဲဝါဒါစရိယ / ဓမ္မာစရိယ ဆရာ မင်းကွန်းခမ္ဘနာဒဆရာတော်ထံတွင်တပည့်ဖြစ်သော၊ အသက် ၂၃ နှစ်၊ သိက္ခာ ၂ ဝါရှိ၊ ဦး ဝိစိတ္တသာရ ရဟန်းတော်အရှင် သူမြတ်သည်၊ ဤအသင်းကကျင်းပသော၊ ၁၂၉၅ ခုနှစ်၊ သီးခြားစာသင်တန်းစာလျှောက်မေးခွန်းတွင်၊ အသင်းကသတ်မှတ်ပြဋ္ဌာန်း သည့်ကျမ်းများကို သာမညသီ / ပဓမအသီ ပုဂ္ဂိုလ်အဖြစ်အောင်မြင်ထူးမြောက်တော်မူသည်ဖြစ်သောကြောင့်၊ ဤစာတန်းလက်မှတ်ကို၊ ၁၂၉၅ ခုနှစ်၊ ဝါဆို လဆန်း ၁၁ ရက်နေ့၊ မန္တလေးမြို့၊ အသင်းသုဓမ္မာစရပ်ကြီးတွင်၊ သာသနဓဇဓမ္မသဘင်ဆင်ယင်ကျင်းပလျက်၊ ဆက်ကပ် လှူဒါန်းပါသည်။

ဦးကျော်ခို

အသင်းမှ ရေးကိုင်။ | အသင်းဥက္ကဋ္ဌကြီး။

မန္တလေးမြို့။

ပရိယတ္တိသာသနာဟိတအသင်းကြီး

ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာစ-ဘွဲ့ပုံလက်မှတ်။

၁၂၈၂–ခုနှစ်မြင်ဆင်သတ်မှတ်သည့်စာလျှောက်မေးခွန်းဥပဒေပုဒ်မ–၁၄–အရထုတ်အပ်ခြင်း။

ဘွဲ့ပုံလက်မှတ်နံပါတ် (၁၀)

စစ်ကိုင်း မြို့မင်းကွန်းခမ္ဘနာဒ တိုက်၊ ဆရာတော် ကျောင်း၌သီတင်းသုံးနေတော်မူသော ပြဲဝါဒါစရိယ / ဓမ္မာစရိယ ဆရာ မင်းကွန်းခမ္ဘနာဒ / တိုက်အုပ်ဆရာတော် ၏တပည့်ဖြစ်သော၊ သက်တော် ၂၃ နှစ်၊ သိက္ခာတော် ၃ ဝါရှိ၊ ဦးဝိစိတ္တသာရ သည်၊ ဤအသင်းက ကျင်းပသော၊ ၁၂၉၅ ခုနှစ်၊ စာလျှောက်မေးခွန်းတွင်၊ သာမညသီ / ပဓမအသီ ပုဂ္ဂိုလ်အဖြစ်ဖြန့်ဆိုရာ၊ ဓမ္မာစရိယ / သီးခြား စာသင်ပုဂ္ဂိုလ်အတန်းကိုအောင် မြင်၍ယခု ၁၂၉၆ ခုနှစ်၊ ကျင်းပသောစာလျှောက်မေးခွန်းတွင်၊ သီးခြားစာချပုဂ္ဂိုလ်အတန်းသတ်မှတ်ပြဋ္ဌာန်းသည့် အဋ္ဌကထာကျမ်းကြီး များကိုပြည့်စုံစွာ ထူးမြောက်အောင်မြင်ပြီးသောကြောင့်၊ ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာစ-ဘွဲ့ပုံ လက်မှတ်ကို၊ ၁၂၉၆ ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၁၂ ရက်နေ့၊ မန္တလေးမြို့၊ အသင်းသုဓမ္မာစရပ်ကြီးတွင်၊ သာသနဓဇဓမ္မသဘင်ဆင် ယင်ကျင်းပလျက်၊ ဓမ္မာစရိယ / ပဓမအသီ ပုဂ္ဂိုလ်အဖြစ်ချီးမြှင့်ပေးအပ်၊ ဆက်ကပ်လှူဒါန်းပါသည်။

အဂ္ဂမဟာပဏ္ဍိတ၊ သာသနာပြုမြို့ ကောင်းမဟာဝေယန်ဘုံကျောင်းဆရာတော်

မြင်းခြံ ၅ တိုက်တော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေရေးကျောင်းဆရာတော်

အနောက်မြင်း သာသနာပြု ၄၁ အုပ်ထိုက်ဆရာတော်

မဟာထေရ်တော်ကြီးတို့၏အမိန့်လက်မှတ်။

ဦးကျော်ခို

အသင်းဥက္ကဋ္ဌကြီး။

မြန်မာပြည်ပါဠိဘာသာပညာရေးအဖွဲ့။

စာချတန်းစာမေးပွဲ။

၁၃၀၂ ခုနှစ်။ အောင်လက်မှတ်နံပါတ် (၈)

ခင်ကိုင် မြို့။ ပေါင်းကျွန်ရွာ ကျောင်းတိုက် မြေနဒဝိုက်

ဦးဝိစိတ္တာစာရ ၏တပည့် ကျည်ပင် နေ ဦးဆုံ ၏

သားအသက် ၂၉ နှစ်ရှိ ဦးဝိစိတ္တာစာရ သည်။

သာသနာ ၂၄၈၄ ခုနှစ်။ ဘီတင်းကျွတ် ခုနှစ်တန်ဆောင်းရာ လဲ့ကျင်းပသည့်စာချတန်းစာမေးပွဲကို

ကောဇာ ၁၃၀၂

ပါဠိတော်များနှင့် အဋ္ဌကထာ ဋီကာ ...

တွင် ဂုဏ်ထူးနှင့် အောင်မြင်တော်မူ၍။ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရတော်မူသည်။

ဥက္ကဋ္ဌဆရာတော်ကြီး

နာယကဆရာတော်များအဖွဲ့။

မြန်မာပြည်နန်းရင်းဝန်ကြီး။

ဥက္ကဋ္ဌ။

မြန်မာပြည်ပါဠိဘာသာပညာရေးအဖွဲ့။

မြန်မာပြည်ပညာရေးဝန်ကြီးချုပ်။

၁၃၀၂ ခုနှစ်။ တပေါင်း လဆန်း (၁) ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏

တိပိဋကဓရ ရွေးချယ်ပွဲ။



စစ်ကိုင်းခရိုင်၊ မင်းကွန်းရွာ၊ ဓမ္မနာဒတိုက်၊ ဦးဆုံ၏သား၊ အသက် ၃၉နှစ်၊ သိက္ခာ ၁၉(၂၀)ရှိ အရှင်ဝိစိတ္တသာရာဘိဝံသသည်၊ သာသနာသက္ကရာဇ်၂၄၉၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၁၂ ခု၊ နှတ်တော်လဌ် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲ (က) အာဂုံ ပြန်ဆိုပွဲတွင် ဝိနည်းငါးကျမ်းကို အယောက်အမ မရှိ ဂုဏ်ထူးနှင့် အောင်မြင်ပြီးလျှင် (ခ) သဘောရေးဖြေပွဲတွင်လည်း ဝိနည်းငါးကျမ်းကို ကျမ်းတိုင်းမှာပင် ဂုဏ်ထူးနှင့် အောင်မြင်သဖြင့် နိုင်ငံတော်အစိုးရ လှူဒါန်းအပ်သော ထီးရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၁-လက် အမှတ်တံဆိပ် ပါရှိသော သာသန အောင်လံတော်နှင့် ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က လှူဒါန်းအပ်သော **ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ** ဘွဲ့တံဆိပ်ကို ရတော်မူသည်။

ဥက္ကဋ္ဌ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်။

နိုင်ငံတော်သမ္မတ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်။

၁၃၁၂ - ခုနှစ်၊ တပို့တွဲလ

နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့၏

တိပိဋကဓရ ရွေးချယ်ပွဲ

စစ်ကိုင်းခရိုင် မင်းကွန်းရွာ ဓမ္မနာဒဘိုက် ဦးဆုံ၏သား အသက် (၄၀) နှစ် သိက္ခာ (၂၁) ဝါရှိ အရှင် ဝိစိတ္တသာရာဘိဝံသ (ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ) သည် သာသနာသက္ကရာဇ် ၂၄၉၅-ခု ကောဇာ သက္ကရာဇ် ၁၃၁၃-ခုနှစ် နတ်တော်လ တွင် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲ၌ (က) အာဂုံပြန်ဆိုပွဲတွင် ယခုနှစ် အတွက် သတ်မှတ်ထားသော အဘိဓမ္မာ ရှေ့ပိုင်း ငါးကျမ်းကို အတောက် အမ မရှိ ဂုဏ်ထူး နှင့် အောင်မြင် ပြီးလျှင် (ခ) သဘောရေးဖြေ ပွဲတွင်လည်း ဂုဏ်ထူး နှင့် အောင်မြင်တော်မူကြောင်း အသိအမှတ်ပြုသော လက်မှတ် ရတော်မူသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော် သမ္မတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

၁၃၁၃-ခုနှစ် တပို့တွဲလ

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏

၅-ကြိမ်မြောက် ကျင်းပအပ်သော

တိပိဋကဓရ ရွေးချယ်ပွဲ



စစ်ကိုင်းခရိုင်၊ မင်းကွန်းရွာ ဓမ္မနာဒတိုက် ဦးဆုံ၏သား အသက် ၄၂-နှစ်၊ သိက္ခာ ၂၂ - ဝါရှိ (ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ) ဘွဲ့တံဆိပ်တော်ရ အဘိဓမ္မာပိဋက ပဋ္ဌာန်ပိုင်း အာဂုံ ပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်ရပ်လုံးတို့တွင် ဂုဏ်ထူး နှစ်ဆင့် နှင့် အောင်မြင်တော်မူပြီးသော အရှင်ဝိစိတ္တသာရာဘိဝံသသည် သာ သ နာ သ က္က ရာဇ် ၂၄၉၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ် ပြာသိုလတွင် ကျင်းပအပ်သော ၅-ကြိမ် မြောက် တိပိဋကဓရ ရွေးချယ်ပွဲ၌ အဘိဓမ္မာပိဋက ဒုတိယပိုင်း (က) အာဂုံ ပြန်ဆိုပွဲတွင် အထောက်အမ မရှိ ဂုဏ်ထူးနှင့် အောင်မြင်တော်မူပြီးလျှင် (ခ) သဘောရေးဖြေပွဲတွင် လည်း ဂုဏ်ထူးနှင့် အောင်မြင်တော်မူသဖြင့် နိုင်ငံတော်အစိုးရက လှူဒါန်းအပ်သောထီးရိုး ဝါ ကနက္ကဒဏ်ထီးဖြူတော် ၂-လက် အမှတ်တံဆိပ်ပါရှိသော သာသနအောင်လံတော် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့က လှူဒါန်းအပ်သော (ဗုဒ္ဓသာသန ဝိသိဋ္ဌ အဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ) ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်တို့ကို ရတော်မူသည်။

ဥက္ကဋ္ဌ

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စု မြန်မာနိုင်ငံတော်

၁၃၁၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့ (၂၈-၂-၅၃)

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ကိုယ်စား

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့မှ

၆-ကြိမ်မြောက် ကျင်းပအပ်သော

တိပိဋကစရ ရွေးချယ်ပွဲ



စစ်ကိုင်းခရိုင်၊ မင်းကွန်းရွာ ဓမ္မနာဒတိုက်၊ ဦးဆုံ၏သား အသက် ၄၃ နှစ်၊ သိက္ခာ ၂၃ ဝါရှိ (ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ) ဘွဲ့နှင့် (ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ) ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ သည်၊ သာသနာ ၂၄၉၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်နေ့မှစ၍ ကျင်းပအပ်သော ၆ ကြိမ်မြောက် တိပိဋကစရ ရွေးချယ်ပွဲကြီး၌ သင်ရိုး ဝါစနာမဂ္ဂ သုတ္တန္တပိဋက ဒီဃနိကာယ် ၃ ကျမ်း (က) အာဂုံပြန်ဆိုပွဲ၌ အထောက်အမ မရှိ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပြီးလျှင်၊ (ခ) သဘောရေးဖြေပွဲ၌လည်း ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည်ဖြစ်၍၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က လှူဒါန်းအပ်သော (ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ) ဟူသော ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူသည်။ ။

ဥက္ကဋ္ဌ
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်။

၁၃၁၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်နေ့ (၁၃-၂-၅၄)

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ကိုယ်စား

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့မှ

၆-ကြိမ်မြောက် ကျင်းပအပ်သော

တိပိဋကဓရ ရွေးချယ်ပွဲ



စစ်ကိုင်းခရိုင် မင်းကွန်းရွာ ဓမ္မနာဒတိုက် ဦးဆုံ၏သား အသက် ၄၃-နှစ်၊ သိက္ခာ ၂၃-ဝါရှိ၊ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ကိုယ်စား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ကျင်းပပြီးစီးခဲ့သော တိပိဋကဓရရွေးချယ်ပွဲကြီးများတွင်၊ သာသနာ ၂၄၉၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၂-ခုနှစ်က၊ ဝိနယပိဋက အာဂုံ သဘောရေးဖြေပွဲ နှစ်ရပ်လုံး၌၊ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော် မူခဲ့သောကြောင့်၎င်း။ သာသနာ ၂၄၉၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၃-ခုနှစ်က၊ အဘိဓမ္မာပိဋက ပဌမပိုင်း အာဂုံသဘောရေးဖြေပွဲ နှစ်ရပ်လုံး၌၊ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့သောကြောင့်၎င်း။ သာသနာ ၂၄၉၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ်က၊ အဘိဓမ္မာပိဋက ဒုတိယပိုင်း အာဂုံ သဘောရေးဖြေပွဲ နှစ်ရပ်လုံး၌၊ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့သောကြောင့်၎င်း။ ယခု သာသနာ ၂၄၉၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၅-ခုနှစ်၌၊ သင်ရိုး ဝါစနာမဂ္ဂသုတ္တန္တပိဋက ဒီဃနိကာယ် ၃-ကျမ်း အာဂုံ သဘောရေးဖြေပွဲ နှစ်ရပ်လုံး၌၊ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော် မူသောကြောင့် ၎င်း။ နိုင်ငံတော် အစိုးရက လှူဒါန်း အပ်သော ထီးရိုးဝါ ကနက္ကဒဏ် ထီးမြွှတော် ၃-လက် အမှတ်တံဆိပ်ပါရှိသော သာသန အောင်လံတော်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က လှူဒါန်းအပ်သော (ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ) ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် တို့ကို ခံယူရရှိတော်မူသည်။

ဥက္ကဋ္ဌ	နိုင်ငံတော်သမ္မတ
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။	ပြည်ထောင်စု မြန်မာနိုင်ငံတော်။

၁၃၁၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်နေ့ (၁၃-၂-၅၄)

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်

အရှင်ဝိစိတ္တသာရ

မင်းကွန်းမွေနာဒတိုက်

စစ်ကိုင်းမြို့

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ကျင်းပအပ်သော တိပိဋကရေစာပြန်ပွဲကြီးတွင် သင်္ဂါးပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်စွမ်းနိုင်ခြင်း တည်းဟူသော ဝိသိဋ္ဌ တိပိဋကဓရဂုဏ်၊ သင်္ဂါးပိဋကတ်သုံးပုံ၏ ခက်ရာခက်ဆစ် မေးခွန်းတို့ကိုပြေစွမ်းနိုင်ခြင်း တည်းဟူသော မဟာတိပိဋကကောဝိဒဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့်ဆရာတော်အရှင်သူမြတ်အား (ဘဒ္ဒန္တဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

သာသနာတော်သက္ကရာဇ် ၂၄၉၇ ခု၊

ကောဇာသက္ကရာဇ်၊ ၁၃၁၅ ခု၊ တပို့တွဲလဆန်း ၁၀ ရက်။

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အစဉ့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ……မြန်မာ…… နိုင်ငံ ……စစ်ကိုင်း…… မြို့ ……ဓမ္မနာဒ ရကျောင်း…… တိုက် …………………… ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ……၂၄…… ရှိ ဆရာတော် ဦးဝိဇ္ဇော…… အား

ဆဋ္ဌသံဂီတိပါဠိသောဒကော

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြု လက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာ့ပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ……မြန်မာ…………နိုင်ငံ ……စစ်ကိုင်း……မြို့ ……ဓမ္မနာဒ……………တိုက်……………………ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ………………ရ ဆရာတော်ဦးဝိစိတ္တသာရ…အား

ဆဋ္ဌသံဂီတိပါဠိပဋိဝိသောဓက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

[signature]

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

[signature]

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြု လက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ......မြန်မာ......နိုင်ငံ ......စစ်ကိုင်း...... မြို့ ......ဓမ္မနာဒ...... တိုက် ...... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ...... ရှိ ဆရာတော်ဦးဝိစိတ္တသာရ အား

ဆဋ္ဌသံဂီတိပြုသာနသောစေယျပဏ္ဍပါဋ္ဌက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အစွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာ့ပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ......မြန်မာ...... နိုင်ငံ ......စစ်ကိုင်း...... မြို့ ......ရေဦး...... တိုက် ......[illegible]...... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ...... ရှိ ဦး၊ဝိသိဋ္ဌသာရာဘိဝံသ ...... အား

ဆဋ္ဌသံဂီတိကာရက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အစွန့်ရှည်စွာ တည်တံ့စည်ကားကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ....မြန်မာ........ နိုင်ငံ မင်းကွန်းသိမ်ဆိုင်မြို့ ....ဓမ္မရာဒ............ တိုက် .... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ....ရှိ ဦးဝိစိတ္တသာရာဘိဝံသ.....အား

ဆဋ္ဌသံဂီတိဘာဏက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေးသံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ...မြန်မာ... နိုင်ငံ ...စစ်ကိုင်း... မြို့ (မင်းကွန်း) [illegible]... တိုက် .... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ...၂၈... ရှိ [illegible] ဦးဝိစိတ္တသာရာဘိဝံသအား

ဆဋ္ဌသံဂီတိဘာရနိဗ္ဗာဟက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လျှောက်ပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမ္မတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

ဆဋ္ဌသံဂါယနာဝင်သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အစွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ၊ ကမ္ဘာ့ပေါ်ရှိ ထေရဝါဒ နိုင်ငံအားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် ......မြန်မာ...... နိုင်ငံ ......စစ်ကိုင်း...... မြို့ မင်းကွန်း ဓမ္မနာဒ ...... တိုက် ...... ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော် ...... ရှိ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား

ဆဋ္ဌသံဂီတိဓမ္မပိသဇ္ဇက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်သမတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာသက္ကရာဇ် ၂၅၀၀။
ကောဇာသက္ကရာဇ် ၁၃၁၈။

အဋ္ဌကထာ သံဂါယနာ သာသနာပြု လက်မှတ်

မြန်မာနိုင်ငံ......မင်းကွန်း.....မြို့ .... တိုက် ဓမ္မနာဒချောင်..... ကျောင်း၊ သိက္ခာတော် ......၃၆....... ဝါရှိ ဆရာတော်.....ဦးဝိစိတ္တသာရာဘိဝံသ..... အသျှင်မြတ်အား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော် ၂၅၀၀-ခုနှစ် မြန်မာ ၁၃၁၈-ခုနှစ်မှ သာသနာတော် ၂၅၀၃-ခု မြန်မာ ၁၃၂၁-ခုနှစ်အထိ လေးနှစ်တိုင်တိုင် ဆင်ယင်ကျင်းပအပ်သော အဋ္ဌကထာ သံဂါယနာမဟာဓမ္မသဘင်၌ ပါဝင်ဆောင်ရွက်တော်မူသဖြင့်—

"အဋ္ဌကထာ သံဂီတိကာရက"

သာသနာပြုလက်မှတ်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့	သာသနာ ၂၅၀၅။ မြန်မာ ၁၃၂၃။	နိုင်ငံတော်သမတ ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဋီကာ သံဂါယနာ သာသနာပြု လက်မှတ်

မြန်မာနိုင်ငံ ...မင်းကွန်း... မြို့ ....တိုက် ဓမ္မနာဒ ဝေဠုဝန်.... ကျောင်း၊ သိက္ခာတော်.........၃၆.........ဝါရှိ ဆရာတော်......ဦး ဝိစိတ္တသာရာဘိဝံသ အသျှင်မြတ်အား ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော် ၂၅၀၄-ခုနှစ် မြန်မာ ၁၃၂၂-ခုနှစ်မှ သာသနာတော် ၂၅၀၅-ခု မြန်မာ ၁၃၂၃-ခုနှစ်အထိ နှစ်နှစ်တိုင်တိုင် ဆင်ယင်ကျင်းပအပ်သော ဋီကာ သံဂါယနာ မဟာဓမ္မသဘင်၌ ပါဝင်ဆောင်ရွက်တော်မူသဖြင့်—

"ဋီကာ သံဂီတိကာရက"

သာသနာပြုလက်မှတ်ကို ဆက်ကပ်လှူဒါန်းပါသည်။

သိန်းမောင်
ဥက္ကဋ္ဌ
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာ ၂၅၀၅။
မြန်မာ ၁၃၂၃။

နိုင်ငံတော်သမတ
ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယဆောကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် တို့နှင့် ပြည့်စုံတော်မူသော စစ်ကိုင်းတိုင်း၊ မင်းကွန်းမြို့နယ်၊ ဓမ္မနာဒကျောင်းတိုက်၊ (ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက) မဟာနာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်အား ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ (သာသနာတော် သက္ကရာဇ် ၂၅၂၂၊ ကောဇာ သက္ကရာဇ် ၁၃၄၀ ခုနှစ်၊ ပြာသို လဆန်း ၇ ရက်) နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ကောင်စီ

ဦးနေဝင်း
နိုင်ငံတော်ကောင်စီ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တော်

အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရဋ္ဌညူမဟာနာယကဂုဏ်၊ ဂန္ထန္တရဗဟုသုတဂုဏ်၊ မဟာဇနပဒိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်း၊ ဓမ္မနာဒကျောင်းတိုက်၊ မဟာနာယက ဆရာတော် **ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ** အရှင်မြတ်အား သာသနာတော်နှစ်-၂၅၂၇၊ ကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်၊ (၁၉၈၄-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်) ဗုဒ္ဓဟူးနေ့တွင် **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

(သာသနာပြုအဆင့်မြင့်)

ဝိသိဋ္ဌဗုဒ္ဓသာသနဝုဍ္ဍိကရဂုဏ်၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတစရဂုဏ်၊
ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ ဝိသိဋ္ဌမဟာနာယကဂုဏ်၊
ဝိသိဋ္ဌသီလသမာဓိပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသော
စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

အရှင်မြတ်အား သာသနာတော်နှစ် ၂၅၃၅၊ ကောဇာ
သက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
(၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ ၂၁-ရက်) ကြာသပတေးနေ့တွင်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ဆရာ့အဆုံးအမခံ့ညားသော
တိပိဋကဓရ မင်းကွန်းဓမ္မနာဒဆရာတော်

ပါမောက္ခဒေါက်တာတင်အောင်အေး

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်-၁၂၊ စကားဝါလမ်း တိပိဋက အဘိဓဇ ကျောင်းတော်၌ ၁၉၈၉-ခုနှစ်၊ နိုဝင်ဘာလ ၅-ရက်၊ တနင်္ဂနွေနေ့ နေ့လယ် ၁-နာရီအချိန်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ သက်တော် ၇၈-နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ဂုဏာပူဇာဂါထာများဖြင့် ပူဇော်ကြမည့် အကြိုမွေးနေ့ပူဇော်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန(အငြိမ်းစား) ပါဠိပါမောက္ခ ဦးတင်လွင်နှင့် ကျွန်တော်တို့နှစ်ဦးသည် ထိုနေ့က တက္ကသိုလ်ဓမ္မာရုံ၌ တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီးက ကြီးမှူးကျင်းပသည့် သက်န်းကပ်လှူပွဲ မဟာဘုံကထိန်ပွဲတော်မှအပြန် နေ့ ၁၀-နာရီအချိန်တွင် ဆရာတော်ကြီး၏ ခြေရင်းသို့ ဦးခိုက်ရောက်ရှိခဲ့ကြသည်။

ဆရာကြီးဦးတင်လွင်သည် မင်းကွန်းဓမ္မနာဒကျောင်းတိုက်၌ ၉-၁၁-၈၉-ရက်တွင်ကျင်းပမည့် ဆရာတော်၏ ၇၈-နှစ်ပြည့်မြောက်သည့် မွေးနေ့ပူဇော်ပွဲမှာ ဖတ်ကြားပူဇော်ရန် ၎င်းစပ်ဆိုသီကုံးဖွဲ့နွဲ့ထားသောတေးထပ်ကို ဆရာတော်ကြီးအား ပြသဆက်ကပ်ရန်ဖြစ်သည်။ ကျွန်တော်က ဆရာတော်ကြီး၏ အဆုံးအမကို ခံယူရန်ဖြစ်သည်။

ဆရာတော်ကြီးသည် စာမေးပွဲဖြေဆိုသူ မည်သူ့ကို မဆို အားပေး၏။ ပညာပါရမီကို အထူးဂရုစိုက်၏။ ဆွေမျိုးများထဲမှ တူ, တူမ, မြေးများ စာမေးပွဲအောင် မြင်ကြသည် ဆိုလျှင် များစွာသဘောကျအားပေး၏။ ကျွန်တော် ၁၅-နှစ်, ၁၆-နှစ်နှင့် တက္ကသိုလ်ရောက်ခဲ့စဉ် တစ်ကြိမ်၊ ဥပဒေ ပါရဂူ ဘွဲ့ရရှိကြောင်း လျှောက်ထားစဉ်ကတစ်ကြိမ် စသည် စသည် စာမေးပွဲများ အောင်မြင်ခဲ့သည်ကို ဆရာတော်ကြီးသည် များစွာဂုဏ်ယူဝမ်းမြောက်ခဲ့၏။ ကျွန်တော်တို့သားအဖ စာပေများရေးသားနေခြင်းကိုလည်း ဆရာတော်ကြီးသည် နှစ်နှစ်ခြိုက်ခြိုက် အားပေးလျက်ရှိ၏။

ဆရာကြီးဦးတင်လွင်နှင့် ကျွန်တော်တို့နှစ်ဦးသည် ထိုနေ့က ဆရာတော်ကြီးထံ ဦးခိုက်ကြရင်း ရှိခိုးကန်တော့ကြလျက် ကျွန်တော်က 'တပည့်တော်တို့ပါဘုရား'ဟု လျှောက်ထားပြီး၊ ဆရာကြီးဦးတင်လွင်က ဆရာတော်ကြီး၏မွေးနေ့အတွက် သီကုံးစပ်ဆိုထားသော 'ဂုဏာပူဇာတေးထပ်'ကို စာအိတ်တွင်းထည့်၍ ဆရာတော်ကြီးအားဆက်ကပ်ပါသည်။ ဆရာတော်က သေချာစွာဖတ်ရာ ဦးတင်လွင်က 'ပြင်ဆင်စရာများရှိလျှင် ပြင်ဆင်ပေးပါဘုရား'ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးက 'ပြင်စရာမရှိပါ'ဟု မိန့်တော်မူပါသည်။

ဆရာတော်ကြီးသည် နဖူးနှင့်ဦးခေါင်းကို လက်ဖြင့် ပွတ်သပ်ရင်းက 'ဒကာကြီးဦးတင်လွင်၊ သီပေါမင်းပါတော်မူပြီးနောက် ဗြိတိသျှလက်ထက်အစပိုင်းလောက်မှာ သာသနာပိုင်ဆရာတော်ရဲ့ရုံးစာရေးကြီး မြန်မာပညာရှိဦးဖေ၏ ကဗျာတွ စန္ဒိကာကျမ်းကို ဖတ်ဖူးသလား'ဟုမေးသောအခါ ဆရာကြီးက 'ငယ်ငယ်ကဖတ်ဖူးကြောင်း' ပြန်လည် လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ကြီးက သီပေါမင်းသား မင်းပျိုဘဝတွင် သီပေါမင်းသား၏စာဆိုတော် မောင်ဖေငယ်က သီပေါမင်းသား၏ကိုယ်စား စုဖုရားလတ်တို့ အင်းဝအုတ်ကျောင်း မင်းတုန်းမင်း၏မိဖုရားကြီးပြင်ဆင်၍ အုတ်ကျောင်း ရေစက်ချရန် ရေနန်းစကြာသဘော်ဖြင့် အင်းဝသို့ စုန်ဆင်းလိုက်ပါသွားသောအခါ သီပေါမင်းသား၏ အရေးဖြင့် -

နှစ်နေညွှန့်နတ်ကယ်၊ ပယာဂမှာဖြင့် (ပယာဂ ဟူသည် ပုဏ္ဏားရေချိုးဆိပ်ကို ဆိုလိုသည်)၊ နာဝ့ါယာဉ် မွန်ညက်ကယ်နှင့်၊ ရေယက်ပြင် ပထလမ်းကိုတော့၊ ရွှေစက်ပြင်ကြွအလှမ်း မြန်းရှာရော့မယ်။

တောစုံစွာ နံ့သာသ,ပါတဲ့၊ စောပုညာ သာပတ္တမြား ငယ်နဲ့၊ နှစ်ဌာနရှေ့နန်းစွယ်၊ ကြက်မောင်မယ် စံကွန်း။

နှင်းစဲချိန်၊ ယင်းရဲရွှေဝတီသို့၊ ရွှေတသိရ်ရစု ခေါင်လဲ ဆိုက်ရှာရော့မယ်၊ မျှော်လိုက်မယ် သိန်သမ္ဘာငဲ့၊ ကိန္နရာဖို,မ ထုံးတို့လို ပြုံးဖြောင့်ဖြောင့်လွမ်း။

ဤလေးဆစ်ကိုရွတ်ဆိုပြ၍ မြန်မာပညာရှိဦးဖေက 'ဦးပဍ္ဍင်း၊ ကဗျာနယ်ပယ်မှာ အောက်မြစ်သံကို 'ဒျန့်သံ'ဟု ခေါ်ကြောင်း၊ ဤလေးဆစ်ဝယ် နောက်ဆုံးပိုဒ်၌ 'ဖြောင့်



ချုပ်သင်းချောင်
ဆရာကြီး
ဒေါ်ဝိစာရီ

ကွမ်းရေတော်မင်း
ဦးဖေနှင့်ဇနီး
ဒေါ်ဖြူ

ဖြောင့်'ဟူသော ဒျန့်သံပါရှိ၍ အရသာရှိကြောင်း' ပြောပြသည်ကို မှတ်ရဖူးကြောင်း မိန့်တော်မူပါသည်။

ငှင်းပြင် ကွမ်းရေတော်မင်းဦးဖေအကြောင်းကို ဆက်၍ မိန့်ကြားပါသည်။ ဦးဖေသည် ပညာရှိသူဖြစ်ကြောင်း၊ သီပေါ မင်းတရားလက်ထက်မှာ ကွမ်းရေတော်ဆက်ရာထူးရှင်ဖြစ် ကြောင်း၊ကွမ်းရေတော်မင်း ဦးဖေနှင့် ဒေါ်ဓမ္မစာရီဖြစ်မည့် တုတ်တုတ်၏မိဘဖြစ်သူ ဦးလူပိန်+ဒေါ်သီးတို့မှာ လွန်စွာရင်းနှီးကြကြောင်း၊ ဒေါ်ဓမ္မစာရီဖြစ်မည့် တုတ်တုတ် ၁၇-နှစ် သမီးအရွယ်မှာ မိမိ၏ဆံပင်ကို ဖြတ်၍ အိပ်ရာထဲ၌စွန့်ပစ်ခဲ့ပြီး မင်းကွန်းတောရဘက်သို့ တောထွက်သောအခါ ကွမ်းရေတော်မင်းဦးဖေက မိမိ၏ သမီးကြီးမသက်စုကို ချော့မော့ ပြောဆို၍ တုတ်တုတ်နှင့် အတူ သီလရှင်ဝတ်ရန်ထည့်ပေးလိုက်ကြောင်း။

နောင်တစ်ချိန် ဒေါ်ဓမ္မစာရီ မင်းကွန်းဂူကလေးချောင် ဆရာကြီးဖြစ်လာသောအခါ ကွမ်းရေတော်မင်းဦးဖေသည် မိမိ၏သမီးအငယ် ငါးနှစ်သမီးကို ဒေါ်ဓမ္မစာရီထံ အပ်နှံ၍ သီလရှင်ဝတ်စေကြောင်း၊ ဒေါ်ဓမ္မစာရီကလည်း သမီးပမာ ယုယစွာပြုစုသင်ကြားလျက် မဝိစာရီဟူသောဘွဲ့ဖြင့် ချီးမြှောက်ခဲ့ကြောင်း၊ နောင်တစ်ချိန်တွင် ထိုမဝိစာရီသည် ချပ်သင်းချောင်ဆရာကြီးဒေါ်ဝိစာရီဟု ထင်ရှားခဲ့ကြောင်း။

တစ်ချိန်ကမိမိ(တိပိဋကဓရဆရာတော်)သည် စစ်ကိုင်း တောင်ရိုး ချပ်သင်းချောင် သာသနာ့ဆွေမျိုးဖြစ်သော ဆရာ ကြီးဒေါ်ဝိစာရီ၏နေရာကျောင်းသို့ရောက်၍ ဆရာကြီး၏ မိဘဖြစ်သူ ကွမ်းရေတော်မင်းဦးဖေနှင့် ဒေါ်ဖြူတို့၏ ခန့်ညား သန့်ရှင်းလှသောဓာတ်ပုံတို့ကို တွေ့မြင်ရ၍ ဥပဓိရုပ်ကိုကြည့်သဖြင့် အသိဉာဏ်သန့်ရှင်းလိမ့်မည်ဟု ယူဆမိကြောင်း၊ ကွမ်းရေတော်မင်းရေးသော ကဗျာများရှိက မှတ်ယူလိုကြောင်း ပြောပြရာ ဆရာကြီးဒေါ်ဝိစာရီက ၎င်း၏ဖခင် ကွမ်းရေတော်မင်း ဦးဖေရေးသားသော အောက်မြစ်-ဒျန့်သံအများဆုံး ပါရှိသည့် အောက်ဖော်ပြလတ္တံ့ပါ သံဝေဂတေးထပ်ကို ရွတ်ပြလေသည်။

ငွေဝတ်မှုန် လေနဲ့သို့၊ ကြွေမည်တဲ့ (မတဲ့-ဟုဖတ်) သင်းကြူ။

ငွေပုလဲ့ သလင်းဖြူ ပယင်းဂူ အုတ်နန်း။

နှုန်းချင့်တော့ ငုံးမင်းမြိုင်မှာ၊ ဥမင်(အုံးမင့်)လိုက်တောရစခန်း။

ပုတီးနှင့် အပြီးစံ၊ မှိုးနေရန် နိမ့်ကမ်း။ သီးဝလံသိမ့် ကြမ်းလို့ စိမ့်စမ်းက လှဲ့ကြည်။

ဝေဆာယာ သေလာညွန့်ဆီသို့၊ ဧတကွန့် မြန်းချင်တော့ပြီ။

ခေမာညွန့် နန်းမော့ပြည်ကို၊ ပန်းပျော့ထည် ဝတ်လဲနှင့်၊ မချွတ်ဘဲ ကျွတ်ပွဲခွင်၊ ကြိုးလေမှုပင်။

သော့မနေး ကျော့ကြေးမှုင်ယ်၊ တော့်လေးဝင် ခွင့်ပေးပါ့လေး-ဟူ၍ဖြစ်သည်။

ဤတေးထပ်ကို အကျွန်ုပ်က 'ကျွတ်ပွဲဝင်တေးထပ်' ဟူ၍မှတ်တမ်းတင်လိုက်ပါသည်။

ဆရာတော်ကြီးဆက်၍မိန့်ကြားသည်မှာ 'အဲဒါ ကွမ်း ရေတော်မင်းဦးဖေရဲ့ တေးထပ်ပါ၊ ဘယ်လောက်ရသမြောက်သလဲ။

'အာဒိဝစနံ၊ လေးပိုဒ်ခံ၊ အမှန်နှစ်ပိုဒ်အုပ်'-တဲ့။ ပထမ အုပ်စုခြောက်ပိုဒ်တွင် ရှေ့လေးပိုဒ်က(အခံ)၊ နောက်နှစ်ပိုဒ်က (အအုပ်)။ ဒျန့်ခေါ်တဲ့ အောက်မြင့်သံတွေက နဲ့၊ တဲ့၊ လဲ့၊ ချင့်၊ မင်း၊ မင့်-ခြောက်သံပါတယ်။

'နှစ်ပိုဒ်တက်ပြန်၊ နှစ်ပိုဒ်ခံ၊ အမှန်နှစ်ပိုဒ်အုပ်'တဲ့။ အလယ်အုပ်စု ခြောက်ပိုဒ်တွင် အစနှစ်ပိုဒ်က (အတက်)၊ အလယ်နှစ်ပိုဒ်က(အအုပ်)၊ ဒျန့်သံတွေက 'နှင့်၊ နိမ့်၊ သိမ့်၊ စိမ့်၊ ညွန့်၊ ကွန့်'-ခြောက်သံပါရှိတယ်။ ဘယ်လောက်ရသမြောက် သလဲစဉ်းစားပါလေ။

'အာဒိဝစနံ၊ ရှေးနည်းပြန်၊ အမှန်နှစ်ပိုဒ်အုပ်'-တဲ့။ တတိယအုပ်စုခြောက်ပိုဒ်က ရှေ့လေးပိုဒ်က(အခံ)၊ နောက် နှစ်ပိုဒ်က(အအုပ်)။ ဒျန့်သံတွေကလည်း 'ညွန့်၊ မော့၊ ပျော့၊ သော့၊ ကျော့၊ တော့်'-ခြောက်သံပါရှိတယ်။ ကောင်းပါ့ဗျား' ဟူ၍တေးထပ်စပ်နည်းကိုပါ မိန့်ကြားခဲ့ပါသည်။

ကျွန်တော်ကတော့ 'တင်ပါ့ဘုရား၊ တင်ပါ့ဘုရား' ဟူ၍ ပေးသမျှပညာအမွေကို ရသမျှယူခဲ့ပါသည်။

ဆရာတော်ကြီးသည် ဖော်ပြပါတေးထပ်ကို ရဟန်းခြောက်ဝါလောက်ကပင် ချပ်သင်းဆရာကြီးဒေါ်ဝိစာရီထံမှ ရရှိခဲ့ရာ အတိတ်နှစ်ပေါင်း ၅၀-ကျော်က လေ့လာခဲ့သည့် တေးထပ်ကို ယခု လက်တန်းရွတ်၍သင်ကြားပေးနေခြင်း ဖြစ်ပါသည်။

ဤမျှကောင်းလှသည့် ဆရာတော်ကြီး၏မှတ်ဉာဏ်သည် မည်သို့သောမှတ်ဉာဏ်အမျိုးအစားဖြစ်သည်ကို လုံးဝစဉ်းစား၍ မရအောင်ဖြစ်ခဲ့ပါသည်။ မယုံနိုင်လောက်အောင် များးစွာ တအံ့တသြဖြစ်ခဲ့ရပါသည်။ 'ဆရာတော်၏ ပညာပါရမီသည် လွန်စွာထူးကဲလှပါ၏'ဟူ၍ ရေရွတ်လျက် အကြိမ်ကြိမ် ရှိခိုးကန်တော့မိပါသည်။

ဆရာတော်ကြီးအရှင်ဝိစိတ္တငယ်စဉ်က လေးလုံးစပ် ကဗျာ, လင်္ကာများနှင့် တေးထပ်များရေးသားမှု၌ ဝါသနာထုံ၍ ရေးလည်းရေးခဲ့ပါသည်။ ဆရာတော်ကြီး၏ဆရာ ဆရာတော်ကြီးဦးပညာစက္ကသည် ထိုစဉ်က ဦးပဥ္စင်းငယ်အရှင်ဝိစိတ္တ၏ ဉာဏ်ရည်ထက်မြက်မှုကို ကောင်းစွာသိ၏။ ပါဠိပိဋကတ် တစ်ဖက်ကမ်းခတ် တတ်မြောက်စေလို၏။ စာပြန်ပွဲများကိုသာ ဖြေစေလို၏။ ကဗျာ, လင်္ကာရေးဖွဲ့နေခြင်းကြောင့် ပါဠိပိဋကတ်စာပေသင်အံလေ့ကျက်မှု အားနည်းယုတ်လျော့သွားမည်ကို လွန်စွာစိုးရိမ်ခဲ့၏။

ဆရာတော်ကြီးသည် ကျွန်တော့်ကိုကြည့်ပြီး 'လူလေး၊ တပည့်ဆိုတာဟာ ဆရာနဲ့မလှမ်းမကမ်းမှာ နေရတယ်၊ ဆရာကခေါ်လိုက်ရင် တစ်ခွန်းတည်းနဲ့ကြားနိုင်သည့် နေရာမှာ နေရတယ်'ဟူ၍ ဩဝါဒပေးပါသည်။

၁၂၉၅-ခုနှစ်၏ တစ်နေ့သောအခါ ဆရာတော် ဦးပညာစက္ကက 'ဝိစိတ္တ'ဟုခေါ်လိုက်ရာ 'ဘုရား'ဟုထူးပြီး အရှင်ဝိစိတ္တသည် ဆရာတော်ကြီး၏ရှေ့မှောက်သို့ ရောက်သောအခါ ဆရာတော်ကြီးက လွန်ခဲ့သောသုံးနှစ်လောက်က အိမ်တော်ရာ အမျိုးသားစာမေးပွဲကြော်ငြာကို 'ရော့. . . စာမေးပွဲကြော်ငြာ' ဟုဆို၍ပေးသဖြင့် မိမိနေရာသို့ယူခဲ့ပြီးဖတ်ကြည့်ရာ လွန်ခဲ့သောသုံးနှစ်လောက်က စာမေးပွဲကြော်ငြာဖြစ်နေသဖြင့် ကျောဘက်ကို လှန်ကြည့်လိုက်သောအခါ အောက်ပါ ဩဝါဒတေးထပ်ကို ဖတ်ရှုရကြောင်း အမိန့်ရှိပါသည်။ ထိုစဉ်က ဆရာတော်ကြီး ရွတ်ဆိုပြသော ဩဝါဒတေးထပ်မှာ-

စာပြန်ပွဲ

ပါဠိစီ အသွားနက်နိုင်မှ၊ တရားဘက် အလုပ်ခွင်။
ရထားစက် အခုတ်လျှင်သလို၊ အဟုတ်ပင် မြန်လှ။
ကျမ်းဂန်၌ အမြင်သန်အောင်၊ သဘင်ဉာဏ်
ဖျောက်ပ့ါ ခဏ။
ကဗျာမှု ကလေးဉာဏ်မှာ၊ အရေးသန်ပါက။
သေးကွေးရန် အရာကျမဲ့ပြင်၊ သာသနာ့ ဗြောင့်ဟူ။
အာဏာတော် တင်းအကျပ်ကယ်နှင့်၊
ပညတ်ချက် ထုတ်ဆင့်တော်မူ။
အဲဒါကြောင့် သတိကူပါ၊ တပည့်မူ ဝိစိတ္တ-မှာ။
ဘိသိဋ္ဌ နှစ်မျို့စရာ၊ ဖြစ်ဖို့မကြာ။
ပါဠိသွားနဲနက်ရာမှာ၊ ခဲစကြာ ဖြန့်စမ်းကွယ့်လေး-

ဟူ၍ဖြစ်ပါသည်။

ဤတေးထပ်ကို 'စာပြန်ပွဲ'ဟူ၍ ခေါင်းစဉ်ပေးထားသည်မှာ ကျွန်ုပ်၏စိတ်ကူးရှိရာ ပေးထားခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးသည် အဆိုပါတေးထပ်ကို ရွတ်ဆို၍ တေးထပ်၏အဓိပ္ပာယ်ကိုလည်း ရှင်းလင်းပြောပြပါသည်။

တေးထပ်၏ရည်ရွယ်ချက်ကား 'ပါဠိ, ပိဋကတ် စာပေ ကျမ်းဂန်ကို တစ်ဖက်ကမ်းခတ် တတ်မြောက်စေရန် ကဗျာ, လင်္ကာရေးစပ်နေခြင်းကို ခဏချင်းဖျောက်စေလိုကြောင်း၊ ကဗျာရေးသားခြင်းသည် ကလေးဉာဏ်အဆင့်သာဖြစ် ကြောင်း၊ကဗျာရေးစပ်နေခြင်းကြောင့် သာသနာ့ဝန်ထမ်းဆောင် ရာတွင် ဆူးငြောင့်ခလုတ် များတတ်ကြောင်း၊ သာသနာ တော်၏အကျိုး ပြည့်ဝထိရောက်ထက်မြက်စွာ ထမ်းဆောင် နိုင်ရန် ပါဠိစာပြန်ပွဲတို့၌ ထွန်းပေါက်အောင် ဖြေစေလိုကြောင်း၊ ဆရာဘုန်းကြီးက ရှင်ဝိစိတ္တအား ရည်ညွှန်းဆုံးမသည့် တေးထပ်ဖြစ်သည်'ဟု မိန့်တော်မူပါသည်။

ဆက်လက်ပြီး ဆရာတော်ကြီးက မိန့်ပြန်သည်မှာ 'မြတ်စွာဘုရားလက်ထက်တော်က ပဋိဘာနဝန္တဧတဒဂ်ရ ပုဂ္ဂိုလ် အရှင်ဝင်္ဂီသ-ဟူ၍ရှိခဲ့ကြောင်း၊ ပဋိဘာန-ဆိုသည်မှာ ပါဠိကဗျာဂါထာစပ်ဆိုခြင်းဖြစ်ကြောင်း၊ ပါဠိကဗျာ ဂါထာ ကျူးရင့်ခြင်းတို့၌ ထူးချွန်သော အရှင်ဝင်္ဂီသအား ပဋိဘာနဝန္တ ဧတဒဂ် ပေးခဲ့ကြောင်း'ကိုလည်း မိန့်ကြားပါသည်။

ထိုနေ့က တစ်နာရီခွဲခန့်ကြာ ဆရာတော်ကြီး၏ အဆုံးအမ သွန်သင်ပြသမှု ပညာအမွေကို ကောင်းစွာခံယူရရှိခဲ့၍ များစွာအကျိုးရှိလှပါသည်။

ထိုနေ့က ဆရာတော်ကြီး၏မိန့်ကြားချက်ကို ခြုံငုံစုစည်းဆင်ခြင်ရာ ဆရာတော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များဆက်ကပ်ခံရခြင်း၊ သာသနာပြုနိုင်ခြင်း အဝဝသည် ဆရာ့စကား, ဆရာ့အဆုံးအမကို ကောင်းစွာနာယူခဲ့၍ဖြစ်သည်'ဟု ကောက်နုတ်ချက်ထုတ်ခဲ့မိပါ၏။ ဆရာတော်ကြီးသည် သောဝစဿတာမင်္ဂလာနှင့် ပြည့်စုံလှပါပေ၏။ ဆရာတော်ကြီး၏ မိန့်ကြားလမ်းညွှန်ချက်ကား 'ကြီးပွားချမ်းသာ ကြစေရန် ဆရာအဆုံးအမ၌ တည်ကြ'ဟူသတည်း။

ဆရာတော်ကြီး၏သက်တော် ရာပြည့်မွေးနေ့ကို ဤ ဆောင်းပါးဖြင့် ပူဇော်ကန်တော့ပါ၏။ ။

ပါမောက္ခဒေါက်တာတင်အောင်အေး



မင်းကွန်းတိပိဋကဓရဆရာတော်နှင့်

နိကာယ်သာသနာတော် ထွန်းကားရေးအသင်း

ဦးသောင်းလွင်

နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက စတင်ဖွဲ့စည်း၍ ပထမဆုံးနိကာယဘာဏကစာမေးပွဲကို ၁၃၃၆-ခုနှစ်တွင် စတင်ကျင်းပခဲ့ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရုမင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားက နိကာယ်သာသနာတော် ထွန်းကားရေးအသင်း စတင်ဖွဲ့စည်းချိန်မှစ၍ ပျံလွန်တော်မူချိန်အထိ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ကြီး၏ ဩဝါဒါစရိယအဖြစ် ပါဝင်ခဲ့ပြီး စာလျှောက်မေးပွဲဖွင့်ပွဲ အခမ်းအနားများနှင့် စာအောင်ပူဇော်ပွဲအခမ်းအနားများတွင် ဩဝါဒကထာများကို မြွက်ကြားတော်မူလေ့ရှိခဲ့ပါသည်။

နိကာယဘာဏက ပထမအကြိမ်, ဒုတိယအကြိမ် စာမေးပွဲများတွင် စာဖြေအရှင်တစ်ပါးသည် ပါဠိတော်စာအုပ် (၄၀) (၁၀)အုပ်စုတွင် မိမိနှစ်သက်ရာအုပ်စုမှ ပါဠိတော်တစ်အုပ်ကို ပါဠိအာဂုံရေးဖြေ တစ်ရက်နှင့် အနက်အဓိပ္ပာယ်ရေးဖြေ တစ်ရက်ကိုသာ ဖြေဆိုကြရပါသည်။ စာဖြေအရှင်တစ်ပါးသည် တစ်ကျမ်း, နှစ်ကျမ်း, သုံးကျမ်း မိမိစွမ်းနိုင်သလောက် ဖြေဆိုခွင့်ရရန် လည်းကောင်း၊ ထိုသို့ နှစ်ကျမ်း, သုံးကျမ်း အာဂုံပြန်ဆိုရေးဖြေရာ၌ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးမှာကဲ့သို့ ပိဋကတစ်ပုံလုံး (သုံးကျမ်းလုံး, ငါးကျမ်းလုံး)အောင်မှ အအောင်ပေးသကဲ့သို့ မဟုတ်ဘဲ ဖြေဆိုသည့် နှစ်ကျမ်း, သုံးကျမ်းထဲမှ အောင်မြင်သည့်ကျမ်းများကို ကျမ်းစွဲအောင်ပေးရန်အတွက်လည်းကောင်း၊ တတိယအကြိမ် နိကာယဘာဏကစာမေးပွဲမှစ၍ မင်းကွန်းဆရာတော်ကြီးက ဩဝါဒါစရိယဆရာတော်များအား ကျိုးကြောင်းပြရှင်းလင်းလျှောက်ထားပြီး နိကာယဘာဏက စာမေးပွဲစည်းမျဉ်းကို ပြင်ဆင်ပေးတော်မူခဲ့ပါသည်။

ပိဋကတစ်ပုံအာဂုံရေးဖြေ အောင်ပြီးသောပုဂ္ဂိုလ်များ နိုင်ငံတော်အစိုးရတိပိဋကဓရရွေးချယ်ရေးအဖွဲ့မှကျင်းပသည့် တိပိဋကကောဝိဒရေးဖြေစာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ၌ အထောက်အကူပြုနိုင်ရန် နိုင်ငံတော်အစိုးရ၏ တိပိဋက ကောဝိဒရေးဖြေစာမေးပွဲနှင့် ပြဋ္ဌာန်းချက်အဆင့်တူ နိကာယ ဓမ္မာစရိယစာမေးပွဲကို ပဉ္စမအကြိမ်နိကာယ်ငါးရပ် စာလျှောက် မေးပွဲမှစ၍ မင်းကွန်းဆရာတော်ဘုရားက စီစဉ်ပေးတော်မူခဲ့ပါသည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်မစိုး ရိမ်ဆရာတော်ကြီး၏မွေးနေ့ နိဝင်ဘာလတွင် ကျင်းပသည့် နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ နိကာယ် ငါးရပ်စာမေးပွဲသည် နှစ်စဉ် နိုင်ငံတော်အစိုးရက ကျင်းပသည့် တိပိဋကဓရတိပိဋကကောဝိဒစာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုကြမည့် တိပိဋကဓရလောင်းလျာ စာဖြေအရှင်သူမြတ်တို့အတွက် နောက်ဆုံးဝတ်စုံပြည့် အစမ်းလေ့ကျင့်စာမေးပွဲကြီးသဖွယ်ဖြစ်ပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီးသည် စာမေးပွဲအောင် အရှင်မြတ်များနှင့် အနာဂတ်တိပိဋကဓရ လောင်းလျာညီငယ်များ တိပိဋကဓရရွှေမြို့တော်ကြီးသို့ ပဉ္စနိကာယ် ပေါင်းကူးတံတားကြီးမှ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ လျှောက်လှမ်းဝင်ရောက်တော်မူကြရန် စတုတ္ထအကြိမ် စာအောင်ပူဇော်ပွဲ၌ အောက်ဖော်ပြပါ နိကာယ်နှိုးပဋိဘာန်ဂါထာဖြင့် တိပိဋကဓရလောင်းလျာ ညီငယ်များအား နှိုးဆော်တိုက်တွန်းတော်မူခဲ့ပါသည်။

သုသုခေနေဝ ဘဒ္ဒန္တာ၊ ပဉ္စနိကာယသေတုနာ။

ပဝိသန္တု တိပိဋ္ကာ၊ ဓရံ ပုရ ဝရုတ္တမံ။

ဘဒ္ဒန္တာ=သာကီယဇာတ်အရှင်မြတ်တို့ဘုရား။ ဘဒ္ဒန္တာ= သိက္ခာသုံးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားအရှင်မြတ် တို့ဘုရား။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ ထင်ရှား အရှင်ဘုရားတို့သည် (တန္တနည်း သာမညနိဒ္ဒေ သနည်း)၊ ပဉ္စနိကာယ သေတုနာ=နိကာယ် ငါးဖြာ စာလျှောက် မေးပွဲသဘင်တည်းဟူသော သွား၍ ကောင်း လျှောက်၍ကောင်းသောတံတားကြီးဖြင့်၊ (ဝါ) တံတားကြီးမှ(လျှောက်၍)၊ တိပိဋကဓရံ = တိပိဋကဓရ ဘွဲ့ထူးဂုဏ်ထူးတည်းဟူသော၊ ဝရုတ္တမံ=အထူးသဖြင့် မြင့်မြတ်သော၊ ပုရံ=ဓမ္မနေပြည်တော်ကြီးသို့၊ သုသုခေနေဝ= မပင်မပန်း ချမ်းချမ်းသာသာဖြင့် သာလျှင်၊ ပဝိသန္တု= ဝင်ရောက်တော်မူနိုင်ကြပါစေသတည်း. . . လို့ဆုမွန်ကောင်းလည်းတောင်း၍၊ ပဝိသန္တု=ဝင်ရောက်တော်မူကြပါကုန်လော. . . လို့ တိုက်တွန်းခြင်း ဥယျောဇနာပြု၍ တပည့်တော်ရဲ့ ဩဝါဒကထာ ဤမှာပင်နိဂုံး အဆုံးသတ်ပါတော့သည် နာယကဆရာတော်ဘုရားများ စာအောင် သီတင်းသုံးဖော်ညီတော်များနှင့် ဒါယကာဒါယိကာမ အပေါင်း သူတော်ကောင်းတို့။

အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီးသည် တိပိဋကဓရညီငယ်များအတွက် ဆောင်ရွက်သမျှတို့ကို ၁၃၃၇-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ ကျင်းပသည့် နိကာယ် စာအောင်ပူဇော်ပွဲ၌ အနုဗလပဝ္ပဒါနဩဝါဒကထာကို မြွက်ကြားတော်မူခဲ့ပါသည်။

'စာအောင်သံဃာတော် သီတင်းသုံးဖော် အရှင်မြတ်တို့။ အရှင်မြတ်တို့ ပရိယတ္တိနယ်ပယ်မှာ အတိုင်းအတာပမာဏအနေနဲ့ ချိတက်ခဲ့ရတဲ့ စာမေးပွဲအဆင့်ဆင့်ကို ပြောလိုပါတယ်။ အစိုးရမှာ ငယ်-လတ်-ကြီး-ဓမ္မာစရိယ-သကျသီဟနှင့် စေတိယင်္ဂဏမှာ စာသင်တန်း-စာချတန်း။ အဲဒီမှာ အစိုးရရဲ့ တိပိဋကဓရစာမေးပွဲ ယနေ့ ထိပ်ဆုံး အတန်းပါပဲ။ ဒါအကုန်ပဲ ထားပါတော့။ ကျန်တဲ့ ထိုထိုမြို့ ထိုထိုရွာကရှိကြတဲ့ ပရိယတ္တိ သာသနာနုဂ္ဂဟအသင်းတွေ ကကျင်းပတဲ့ စာမေးပွဲတွေကတော့ ဒီအထဲမှာပဲ အကုန်ဝင်တယ်ထားပါစို့။ ဒီတော့ မှတ်လွယ်အောင် အငယ်ရယ်, အလတ်ရယ်, အကြီးရယ်, ဓမ္မာစရိယရယ်, တိပိဋကဓရရယ်ဆိုတဲ့ အဲဒီအဆင့်အတန်း ငါးတန်းမှာ အရှင်မြတ်တို့ အစဉ်အတိုင်းတက်ခဲ့ပြီ။

နိကာယ် စာဖြေသံဃာတစ်ပါးအား
အောင်လက်မှတ်ပေးအပ်စဉ်

'အငယ်ကနေပြီးတော့ အလတ်တန်းကို နှစ်ချင်းတက်ခဲ့ကြတယ်၊ တက်နိုင်ကြတယ်။ အလတ်ကနေပြီးတော့ အကြီးတန်းကို နှစ်ချင်းတက်ခဲ့ကြတာများပါတယ်။ အို. . . အလွန် အကြောင်းမညီညွတ်လျှင် တစ်နှစ်ခြားပြီးတော့ တက်ကြ၊ နှစ်နှစ်ခြားပြီးတော့ တက်ကြပါတယ်။ အကြီးကနေပြီးတော့ ဓမ္မာစရိယတန်းကိုလည်း ခုပြောခဲ့သလိုပဲ တစ်နှစ်တည်းနဲ့ ကျမ်းအပြီး အောင်ကြတာလည်းရှိတယ်။ နှစ်နှစ်နဲ့လည်း အောင်ကြတာရှိတယ်။ တစ်နှစ်မှာ ကျမ်းစွဲ၍ နှစ်နှစ်မှာ ကျမ်းပြီးတာလည်းရှိတယ်။

'အဲဒီ ဓမ္မာစရိယကနေပြီးတော့ တိပိဋကဓရဆိုတဲ့ အဆင့်အတန်းကျတော့ ဥပမာ တပည့်တော်စိတ်ထဲမှာမြင်လာတာကို ပြောရလို့ရှိလျှင် အလှမ်းကွာပြီးတော့နေတဲ့ အဆင့်အတန်းပဲ. . . လို့ ဒီလိုပဲအောက်မေ့မိပါတယ်။ ဓမ္မာစရိယအဆင့်အတန်းကနေပြီးတော့ တိပိဋကဓရအဆင့်အတန်းကို လှမ်းကူးလိုက်ဖို့ နှစ်ချင်းမလွယ်ပါဘူး။ အဲဒီ မလွယ်တဲ့ အလှမ်းကွာနေတဲ့ ဓမ္မာစရိယအတန်းနဲ့ တိပိဋကဓရ အတန်း၊ ဒီနှစ်တန်းကြားထဲက အရှင်ဘုရားတို့ အစဉ်အတိုင်း လျှောက်သာ သွားသာအောင် နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီး အရှင်တို့ဘုန်းကံကြောင့် ပေါ်လာပါတယ်။

'အရှင်တို့. . .။ဤနိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီးမှာ အရှင်တို့ လျှောက်သာ သွားသာအောင် အရှင်ဘုရားတို့ရဲ့ရှေ့က တပည့်တော် မားမားမတ်မတ်ရပ်တည်ပြီးတော့ အရှင်တို့သည် တစ်နှစ်ကို တစ်ကျမ်းဖြေလိုတယ်၊ နှစ်ကျမ်း ဖြေလိုတယ်၊ သုံးကျမ်းဖြေလိုတယ်ဆိုလျှင် အလိုရှိသလို ဖြေဆိုနိုင်အောင်လည်းဘဲ ဖြေဆိုခွင့်ရအောင်လည်းဘဲ တပည့်တော် နာယကဆရာတော်များနှင့်တကွ နိကာယ်သာသနာ ထွန်းကားရေးအသင်း ဒကာကြီးများကိုလည်းပဲ ကျေနပ်အောင် အကြောင်းအကျိုးလျှောက်ထားပြောကြားပြီးပါပြီ။

'ယင်းသို့ဖြေတဲ့အခါမှာ အရှင်ဘုရားတို့ နှစ်ကျမ်းဖြေပါလျက် တစ်ကျမ်းအောင်လျှင် နှစ်ကျမ်းဖြေတာ တစ်ကျမ်းစွဲမအောင်ဘူး ဒီလိုမဟုတ်ပါဘူး၊ နှစ်ကျမ်းဖြေလို့ တစ်ကျမ်းအောင်လျှင်လည်းပဲ အဲဒီတစ်ကျမ်းကို ကျမ်းစွဲအမှတ်နဲ့ အောင်ပြီးထားပါ။ ဟိုနောက်ကျတော့မှ ကျန်တဲ့ကျမ်းကို ဖြေဖို့ ဆိုတာကို သကျသီဟ - စေတိယင်္ဂဏ - အစိုးရဓမ္မာစရိယ အတန်းတို့နှင့် နှိုင်းယှဉ်ပြီးတော့ အရှင်တို့ရှေ့က မားမား ရပ်ပြီး တစ်နည်းပြောရလျှင် အရှင်တို့မနစ်နာရအောင် တပည့်တော် နာယကဆရာတော်များအားရော အသင်းဒကာကြီးများအားရော အားလုံးအား ကျေကျေနပ်နပ် လျှောက်ထား ပြောကြားပြီးပါပြီ။ အားလုံးကလည်းပဲ လက်ခံကြပါတယ်။

'ဒီအကြောင်းကို ဤအဖွဲ့ရဲ့ နာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ခြောက်ထပ်ကြီးဆရာတော်ဘုရားအား အတိအလင်း ယခုလည်းပဲ အရှင်ဘုရားတို့ရဲ့ မျက်မှောက်မှာ လျှောက်ထားအပ်ပါတယ်။ အရှင်ဘုရားတို့အဖို့ ဘုရားစကားတွေကို မိမိရဲ့နှုတ်ဖျားသို့ ပင့်ဖို့ရန်အတွက် အလိုရှိသလို စိတ်ချမ်းသာသလိုပင့်ဖို့ရန် တို့ကံဖန်တီးတာပဲ ဟုအောက်မေ့တော်မူကြပါ။ အဲဒီတော့ အရှင်ဘုရားတို့သည် ဒီနိကာယ်စာမေးပွဲကို ယခုဝင်လည်းဝင်လက်စရှိနေကြပါပြီ။ အရှင်တို့ အားရှိအောင် သိဒ္ဓိအနှုံးဂါထာအနေနဲ့ အရှင်ဥပါလိရဲ့-

ဝိနယော အာသယော မယှံ၊
ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊
ဝိနယော မမ ဂေါစရော။

-ဆိုတဲ့ဒီသိဒ္ဓိအနှီးဂါထာကိုအတုယူပြီးတော့ အရှင်တို့လည်းပဲ အရှင်ဥပါလိရဲ့ ညီတော်တွေပီပီ နိကာယ်ဆောင်ပုဂ္ဂိုလ်တွေ ဖြစ်လည်းဖြစ်ပြီး, ဖြစ်လည်းဖြစ်ဆဲ, ဖြစ်လည်းဖြစ်ကြလိမ့်မည့် ပီပီ-

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစင်္ကမံ။
ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော။

အရှင်တို့နှုတ်ဖျားမှာ ဒီဂါထာပုဒ်ကို ဆောင်ထားကြပါ။ ဆောင်ထားကြပြီးတော့ အရှင်တို့ နိကာယ်စာပေကို ကျက်ခါနီးပြီဆိုလျှင် ဝါ-နိကာယ်စာကျက်ကျခါနီးကြလျှင် လက်သီးကိုဆုပ်ပြီးတော့-

နိကာယော=နိကာယ်ငါးဖြာ ဘုရားရဲ့ဒေသနာတော်သည်၊ မယှံ=ငါ (ဗုဒ္ဓရက္ခိတ)၏၊ အာသယော=အမြိုက်နန်းပျော်ရာကျောင်းဗိမာန်ကြီးပါပေတည်း။ နိကာယော=နိကာယ်ငါးဖြာဘုရားရဲ့ဒေသနာတော်သည်၊ မယှံ=ငါ(ဗုဒ္ဓရက္ခိတ)၏၊ ဌာနစင်္ကမံ=ရပ်ရာစင်္ကြံသွားရာလည်းမှန်ပေ၏။ (ရပ်လည်းပဲ နိကာယ်စိတ်နဲ့၊ စင်္ကြံသွားလည်းပဲ နိကာယ်စိတ်နဲ့ပဲ အချိန်ကုန်စေမယ်လို့ဆိုလိုပါတယ်)။ အဟံ=(ဗုဒ္ဓရက္ခိတ) ဟုနာမသညာ ရဟန်းငါသည်၊ နိကာယေ=နိကာယ်ငါးဖြာဘုရားဒေသနာတော်၌၊ ဝါသံ=နေထိုင်ခြင်းကို၊ ကပ္ပေမိ=ပြုပါ၏။နိကာယော= နိကာယ်ငါးဖြာဘုရားရဲ့ ဒေသနာတော်သည်၊ မမ=ငါ(ဗုဒ္ဓရက္ခိတ)၏၊ ဂေါစရော=နေ့နေ့ညည ကျက်စားရာ ဇေကန်စားကျက်ကြီး မှန်လှပါပေ၏။

'အဲဒီ သိဒ္ဓိအနှီးဂါထာကို ရွတ်ဆိုပြီးတော့မှ အရှင်ဘုရားတို့ နိကာယ်ဒေသနာတော်ကို လေ့ကျက်တော်မူကြမယ်ဆိုလျှင် စိတ်ဓာတ်တွေလည်း မြင့်၍လာပါလိမ့်မယ်။ မြတ်စွာဘုရား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီတော်တွေကို ဖြည့်ကျင့်မှ ခဲခဲယဉ်းယဉ်းထွက်ရှိလာတဲ့ ဘုရားစကားတော် ပရိယတ္တိသာသနာတော်ကို အရှင်တို့သည် မပျက်မပျောက်အောင်စောင့်ရှောက်တဲ့ သာသနာစောင့် သာသနာ့သူရဲကောင်းတွေ ဖြစ်နိုင်ပါတယ်။

အဲဒါကြောင့် အရှင်တို့အတွက် ဓမ္မာစရိယတန်းနဲ့ တိပိဋကဓရအတန်းကြားထဲမှာ လျှောက်သာသွား သာအောင် နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီး ပေါ်လာတာပဲလို့ ဝမ်းမြောက်စွာဖြင့် 'ထိုနိကာယ်သာသနာတော်သည် ငါတို့ရဲ့ အမြိုက်နန်းစံရာ ကျောင်းဗိမာန်ကြီး ဖြစ်တယ်' လို့ စိတ်ဓာတ်ကို မြှင့်တင်တော်မူကြစေလိုပါကြောင်း၊ အေး. . . အရှင် ဥပါလိရဲ့ဂါထာကို နည်းမှီးမှုတူကူးပြီးတော့ အရှင်ဘုရား တို့အား တစ်ဆင့်လက်ဆောင်ပါးအပ်ပါတယ်။

'တပည့်တော်ရဲ့ ဩဝါဒကထာလို့ဆိုချင်လည်းဆို၊ အနု-ဗလပ္ပဒါနကထာ အားအဆင့်ပေးတဲ့စကားလို့လည်း ဆိုချင် ဆိုနိုင်ပါတယ်။ ယင်းသည့် ဩဝါဒအနုဗလပ္ပဒါနကထာကို ပစ္ဆိမကြိယာပြောင်းပြီး ဆုတောင်း၍ နိဂုံးအုပ်ပါတော့မည်။

သာဂါရာ အနာဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊
ယောဂက္ခေမ-မနုတ္တရံ။

သာဂါရာ စ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာဟူသမျှတို့သည်လည်းကောင်း၊ (သာဂါရာစ= နိကာယ် သာသနာထွန်းကားရေး အားပေးဘိတောင်း ဒကာဒကာမ တို့သည်လည်းကောင်း)၊ အနာဂါရာ စ=အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်ဟူသမျှတို့သည်လည်းကောင်း၊ (အနာဂါရာ စ=နာယကမဟာ ဩဝါဒါစရိယ နိကာယ်နှုတ် ငုံဆောင် စာအောင်များဖြင့် အရှင်သူမြတ်တို့သည်လည်းကောင်း)၊ဥဘော=ဆရာဒကာ နှစ်ဦးသားတို့သည်၊ အညောည နိဿိတာ=ကိုင်းကိုကျွန်းကမှီ ကျွန်းကိုကိုင်းကမှီသလို အချင်းချင်းမှီ ပစ္စယအမှီဓမ္မအမှီ အချင်းချင်းအမှီရကြကုန်လျက်၊ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာမှန်သော၊ (ဝါ) ယောဂ လေးတန်ကုန်ကြောင်းမှန်သော၊ သဒ္ဓမ္မံ= ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ-တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို အရှင်တို့ တပည့်တော်တို့ရဲ့ ပရိယတ္တိသည် နိဿရဏပရိယတ္တိ ဖြစ်ပါတယ်၊ သဒ္ဓမ္မံ= နိဿရဏပရိယတ် ထိုမှတစ်ဆင့်တက်၍ ပဋိပတ္တိ, ထိုမှ တစ်ဆင့်တက်၍ရအပ်သော ပဋိဝေဓဆိုတဲ့ အစွန်းအမြတ် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို၊ အာရာဓယန္တု = အရဟတ္တဖိုလ်တိုင်ရောက် ပြီးမြောက်အောင်တစေ ချီးမြောက်ပြုစုနိုင်ကြပါစေကုန်သတည်း။ အာရာဓယန္တု- ဝိသုဒ္ဓိ ခုနစ်ပါး ရထားယာဉ်ကြီး ကိုယ်စီစီး၍ မဂ်ထီးရှစ်ဆူ စွင့်စွင့်ထူလျက် ပြည်နိဗ္ဗာန်ဘုံတိုင်ရောက်အောင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးထောက်ကို ပြီးမြောက်အောင်ပံ့သေ ချီးမြောက်ပြုစုတော်မူနိုင်ကြပါစေကုန်သတည်း။ ။

ဦးသောင်းလွင်
ဥက္ကဋ္ဌ၊ နိကာယ်သာသနာထွန်းကားရေးအသင်း။

ထာဝရကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်)

မင်းကွန်းဆရာတော်ကြီးသည် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ၁၉၁၁-ခုနှစ်၊ နိုဝင်ဘာလ ၁-ရက်နေ့တွင် ဖွားမြင်တော်မူသည်။ ၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်၊ ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၃-ရက်၊ သက်တော် ၈၁-နှစ်နှင့် ၂-လတွင် ပျံလွန်တော်မူခဲ့သည်။ 'သေသောသူ ကြာလျှင်မေ့' ဟူသောစကားရှိ သော်လည်း ဆရာတော်ကြီးကိုမူ ထာဝရသတိရနေမည်သာ ဖြစ်ပါသည်။ အကယ်၍ ဆရာတော်ကြီး သက်တော်ထင်ရှား ရှိနေသေးမည်ဆိုလျှင် ၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလတွင် သက်တော် ၁၀၀-ပြည့်တော်မူမည်ဖြစ်၍ ကြုံတောင့်ကြုံခဲ ရာပြည့်ပူဇော်ပွဲတော်ကြီးကို မင်းကွန်း တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်၊ မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက= နိကာယကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြရန် စီမံဆောင်ရွက်ထားကြပြီးဖြစ်ရာ ဆရာတော်ကြီး၏ ကျေးဇူးတော်များကို တစ်နည်းတစ်လမ်းအားဖြင့် ပေးဆပ်ရာရောက်သဖြင့် အလွန်သင့်လျော်သော အစီအစဉ်အတွက် ဝမ်းမြောက်ကြရပါသည်။

မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ပွဲကို ၁၃၁၆-ခုနှစ်၊ကဆုန်လပြည့်နေ့မှ ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ နှစ်နှစ်ကြာ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီးက သံဃမဟာ ဒါယကအဖြစ် ဆောင်ရွက်၍ သံဃာ ၂၅၀၀-တို့ဖြင့် ရန်ကုန်မြို့ သီရိ မင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော် ကြီးတွင် ကျင်းပခဲ့သည်။

ထိုစဉ်က စာရေးသူသည် တပ်မတော်တွင် အမှု ထမ်းနေစဉ်ဖြစ်သည်။ အောင်မာယစစ်ဆင်ရေး ပြုလုပ်နေ စဉ်အတွင်း မိမိ၏အမှတ် ၁၀၄-ခြေမြန်တပ်ရင်းသည် ပခုက္ကူခရိုင် ပေါက်မြို့ ချောင်းဆုံကျေးရွာကြီးတွင် ခေတ္တ စခန်းချနေစဉ် ရေဒီယိုမှ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပုစ္ဆက မဟာစည်ဆရာတော်အရှင်သောဘနမေးမြန်း၍ ဝိဿဇ္ဇက မင်းကွန်း တိပိဋကဓရ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ က အလွန် သာယာသောအသံဖြင့် ဖြေကြားသည်ကို ကြားရ သည်မှာ ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

ထိုစဉ်က စာရေးသူလို တပ်မတော်သားတစ်ဦး အနေနှင့် တိပိဋကဓရဆရာတော်လို ပုဂ္ဂိုလ်ထူး၏ တပည့် ဒါယကာ အနေနှင့် သာသနာအကျိုးဆောင်ရွက် ခွင့်ရလိမ့် မည်ဟူ၍ စိတ်ပင်မကူးမိပါ။ သို့သော် လူ့သဘာဝသည် ဆန်းကြယ်သည်။ ဘဝတစ်ကွေ့တွင် ကံကြမ္မာအလှည့် အပြောင်း မထင်မှတ်တာတွေတွေ့ရတတ်သည့်အတိုင်း စာရေးသူသည် ၁၉၇၆-ခုနှစ်၊ စက်တင်ဘာလ ၁-ရက်နေ့ တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာ ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ဖြစ်လာခဲ့သည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်း ပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ၁၃၄၂-ခုနှစ်၊ နယုန် လဆန်း ၁၂-ရက်၊တနင်္ဂနွေနေ့မှစတင်၍ သုံးရက်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာ ပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပရန် နိုင်ငံတော်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ထိုစဉ်က ပြည်ထဲရေးနှင့်သာသနာရေးဝန် ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သာသနာရေးဦးစီးဌာန မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံအနှံ့သွားရောက်၍ သာသနာတော် သန့်ရှင်းပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကျင်းပနိုင်ရန် နိုင်ငံတော်အစိုးရက ဘာကြောင့် ဆုံးဖြတ်ခဲ့ကြောင်းကို ဆရာတော်များအား ရှင်းလင်းလျှောက်ထားခဲ့ပါသည်။

ကျွန်တော်သည် ဝန်ကြီးနှင့်အတူ ၁၉၇၉-ခုနှစ်၊ ဒီဇင်ဘာလ၁၂-ရက်နေ့တွင် စစ်ကိုင်းသို့ရောက်ရှိခဲ့ပြီး စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီ မြဇရာခန်းမတွင် စစ်ကိုင်း မြို့နယ် စစ်ကိုင်းတောင်ရိုးနှင့်မင်းကွန်းတောင်ရိုးတို့မှ သုဓမ္မာဂိုဏ်းဝင် သံဃာတော် ၇၅-ပါးတို့ကို ဝန်ကြီးက ရှင်းလင်းလျှောက်ထားပြီးနောက်၊ စစ်ကိုင်းတောင်ရိုး တောတောင်ဘုံလူးချောင် နာယကဆရာတော် ဦးပုညာ ဘိနန္ဒနှင့် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့ နှစ်ပါးကို သံဃာ့ဝန်ဆောင်ဆရာတော်များအဖြစ် သံဃာတော် များက ရွေးချယ်ခဲ့ကြပါသည်။

သို့သော် စာရေးသူတို့တည်းခိုရာ မန္တလေးသို့ အရောက်တွင် မင်းကွန်းဆရာတော်သည် မိမိအစား အနန္တသူရိယ ဆရာတော်ကြီးကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း ကြားသိရပါသည်။ ဆရာတော်အရွေးမခံသဖြင့် ဝန်ကြီးက အတော်စိတ်မကောင်းဖြစ်သွားသည်။ ဆရာတော်ရန်ကုန် ရောက်သည့်အခါ ဝန်ကြီးထံ သူလာမည့်အကြောင်း ဖုန်းဆက်ပါသည်။ ဝန်ကြီးက 'ဆရာတော်မလာပါနှင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်နဲ့ ညွှန်ကြားရေးမှူး ဦးအုံ့မောင်တို့ကို လွှတ်လိုက်ပါမည်'ဟု ပြန်လည်လျှောက် ထားပြီး မိမိတို့နှစ်ယောက်ကို စေလွှတ်လိုက်ပါသည်။ စာရေးသူနှင့် ဦးအုံ့မောင်တို့က အကျိုးအကြောင်း ရှင်းလင်း လျှောက်ထားရာ ဆရာတော်က 'ဒကာကြီးတို့အလုပ်ကို ဘုန်းကြီးသဘောကျပါတယ်၊ ဘုန်းကြီး စွမ်းအားရှိ သလောက် ကူညီပါမယ်'ဟု ကတိပေးလိုက်သောအခါ အားလုံးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြရပါသည်။

တိပိဋကဓရဆရာတော်လေးပါးကို အကြံပေး ပုဂ္ဂိုလ်များအဖြစ် ဝန်ဆောင်အဖွဲ့တွင် ဖြည့်စွက်ကြပါသည်။ ၁၉၈၀-ပြည့်နှစ်၊ မေလ ၂၆-ရက်တွင်ကျင်းပသော နိုင်ငံ တော်ဗဟို သံဃဝန်ဆောင်အဖွဲ့က ပဲခူးမြို့မ ဆရာတော်ကြီး ကို ဥက္ကဋ္ဌအဖြစ်၊ မင်းကွန်းဆရာတော်ကြီးကို အကျိုးဆောင် ဆရာတော်အဖြစ်တညီတညွတ်တည်းတင်မြှောက်ခဲ့ကြသည်။

မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှဦးကုသလသည် 'မန္တလေးမှ အကျိုးတော်ဆောင်ချုပ်နေရာကို ရအောင်ယူ မည်'ဟု ပြောကြားခဲ့သော်လည်း မင်းကွန်းဆရာတော်ကြီးကို ရွေးချယ်သည့်အခါ သဘောကျလက်ခံခဲ့သည်။ မန္တလေး ကျောင်းထိုင်သင်တန်းကျောင်းနှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ဆောက်လုပ်ရေးကိစ္စများတွင် ဆရာတော် ဦးကုသလသည် အားကြိုးမာန်တက် ကူညီ ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးအရှေ့တောင်တွင် ရပ်ကွက် သံဃနာယက ရွေးပွဲတွင် ရွေးပွဲပြီးမှ နှစ်ဖက်အငြင်းပွားကြကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လာရောက်တိုင်တန်းကြသည်။ ပဲခူးမြို့မဆရာတော်ကြီးနှင့် မင်းကွန်း ဆရာတော်ကြီးတို့က စာရေးသူကိုခေါ်၍ တိုင်ပင်သည်။ စာရေးသူက 'ရွေးချယ်ပွဲ ပြီးမှ ရှုံးသည့်ဘက်က မကျေမနပ်ဖြစ်ပြီး တိုင်ကြားခြင်းမှာ မသင့်လျော်ကြောင်း' လျှောက်ထားသည်ကို လက်ခံသည်။ ထိုအခါ 'ဒကာကြီး၊ ဘုန်းကြီးတို့က အေဘီစီဒီဆိုတာ ဘာမှ နားမလည်ဘူး။ ဇဝံ မေ သုတံ-သာနားလည်တာ'ဟု မိန့်ကြားခဲ့သည်။

ဆရာတော်သည် ဆွမ်းစားရာတွင် ပဲကတ္တီပါပြုတ် နှင့်ဆွမ်းအနည်းငယ်ကိုသာ ဘုဉ်းပေးလေ့ရှိသည်။ စာရေးသူ က 'ဆရာတော် သိပ်ပိန်တယ်၊ ဆွမ်းစားသိပ်နည်း တယ်'ဟု လျှောက်ထားရာ 'ဒကာကြီး၊ ကျုပ်တို့အမျိုးက အပိန်မျိုးတွေ ပတယ်ဆိုတာမကောင်းဘူး'ဟုပြောသည်။ ဆရာတော်သည် ဆေးပေါ့လိပ်သောက်သည်ကိုလည်း ကျန်းမာရေးကိုထိခိုက် ပါကြောင်း လျှောက်ထားသည်ကိုလည်း 'ဒကာကြီး၊ လူတွေက ဘုန်းကြီးကို သိပ်အထင်ကြီးတယ်၊ ရဟန္တာလို့ထင်နေကြတယ်။ ဆေးလိပ်သောက်တော့ ရဟန္တာမဟုတ်ဘူးဆိုတာ သိသွား တာပေါ့'ဟု ပြောသည်။ ဆရာတော်သည် အပိုစကားတွေ မပြော၊ လျှောက်ထားစရာရှိလျှင်လည်း လျှောက်ထားပြီး ပြန်ခိုင်းသည်။ တစ်ချိန်လုံး လက်နှိပ်စက်တစ်လုံးနှင့် အလုပ် များနေတတ်သည်။

တိပိဋကဓရရွေးချယ်ပွဲကို မဟာစည်သာသနာ့ ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် ကျင်းပလေ့ရှိသည်။ နှစ်စဉ် ကျင်းပသော တိပိဋကဓရရွေးချယ်ပွဲမှာ လနှင့်ချီ၍ ကြာ သည့်အတွက် ရိပ်သာတွင် တရားအားထုတ်သူများကို အနှောင့်အယှက်ဖြစ်သည်ဟုဆိုကာ နေရာရွှေ့ပေးရန် မဟာစည်ဂေါပကအဖွဲ့က သာသနာရေးဦးစီးဌာနသို့ မေတ္တာရပ်ခံခဲ့သည်။ စာရေးသူတို့က မင်းကွန်းဆရာတော် ကိုလျှောက်ထားရာ ဆရာတော်ကိုယ်တိုင် မဟာစည် ဆရာတော်ထံ သွားရောက်တွေ့ဆုံလျှောက်ထားခဲ့ရာ မဟာ စည်ဆရာတော်က တိပိဋကဓရ ရွေးချယ်ပွဲကို ဆက်လက် ကျင်းပခွင့်ပြုခဲ့ရုံသာမက နယ်မှစာပြန်သံဃာတော်များ တည်းခိုရန် ကျောင်းဆောင်တစ်ခုကိုပင် ဆောက်လုပ် လှူဒါန်းခဲ့သည်။

အမှတ်-၁၂နယူးလင်းလမ်းတွင် ခြံမြေကိုဝယ်ယူ ပြီး ၁၃၄၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက် နေ့တွင် တိပိဋက-နိကာယ သာသနာပြုအဖွဲ့ရန်ကုန်ဌာနခွဲ ကို ဖွင့်လှစ်သည့်အခါ မိမိသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်။

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးတည်ဆောက်ရန် နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့က လာဘ်ပေါများသောအရာ၌ အရှင်သီဝလိ နှင့်တူသော မင်းကွန်းဆရာတော်ကို တာဝန်ပေးသည်။ ယခုလက်ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး ဆောက်လုပ်ထားသောမြေနေရာကို စာရေးသူက ဝန်ကြီးကို တင်ပြပြီး ခွင့်ပြုခဲ့သည်။ ၁၉၈၂-ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဋ္ဌာန်းဆရာတော်ဦးဝိသုဒ္ဓ ပျံလွန် တော်မူ၍ မန္တလေးတောင်ခြေ ရာပြည့်ကွင်းကြီးတွင် အဂ္ဂိ ဈာပနကျင်းပနေစဉ် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) ဆောက်လုပ်ရန် မဟာဝိဇယာပုည မှန်ကျောင်းမြေနေရာကိုလှူဒါန်းရန် မင်းကွန်းဆရာတော်ကြီး ကိုလာရောက်ပင့်စဉ် ဈာပနအခမ်းအနားသို့ ရောက်နေ သော စာရေးသူနှင့် ဦးအုံ့မောင်လည်းလိုက်ပါပြီး အသိ သက်သေများအဖြစ် လက်မှတ်ရေးထိုးခဲ့ကြရသည်။

မင်းကွန်းဆရာတော်ကြီးသည် ၁၃၄၀-ပြည့်နှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းခံရသည်။ ၁၃၄၆-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံခဲ့ရသည်။ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းသည့် အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ဗဟိုဝန်ဆောင် သံဃာအပါး ၃၀၀- တို့ကို ရန်ကုန်တိုင်း ကောင်စီကကြီးမှူးပြီး ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များက ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို စည်ကား သိုက်မြိုက်စွာကျင်းပခဲ့ရာ စာရေးသူသည် မင်းကွန်းဆရာ တော်ကြီးရှေ့မှ ငွေဖလားကြီးကိုကိုင်ပြီး အလှူခံခဲ့ရသည်။ လှူဒါန်းသောငွေများဖြင့် ငွေဖလားကြီး မကြာမကြာ ပြည့်သွား၍ ဆာလာအိတ်ကြီး အတွင်းသို့ ပြောင်းထည့်ပေး ရသော ဦးစံလှ(စံလှစာပေ)မှာလည်း လက်မအားအောင် ပင်အလုပ်များခဲ့သည်။ ထိုနေ့က မိုးရွာသည်။ စာရေးသူတို့က လည်း မိုးကိုမမှု၊ ပရိသတ်ကလည်း မိုးကိုမမှု။ စုစုပေါင်း အလှူငွေဘယ်လောက်ရသည်ကို မမှတ်မိတော့ပါ၊ စံချိန်တင် သည်ဟု တိပိဋကဥပဋ္ဌာကအဖွဲ့ကပြောပြ၍ သိရှိရသည်။

နယုန်လပြည့်ကျော် ၄-ရက်နေ့တွင် ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌ တိပိဋက-နိကာယသာသနာပြု ဥပဋ္ဌာက အဖွဲ့က မင်းကွန်းဆရာတော်ကြီးကို ခမ်းနား ကြီးကျယ်စွာ ပူဇော်ပွဲကျင်းပခဲ့သည်။ စာရေးသူက ဆရာ



ရန်ကုန်မြို့
စကားဝါလမ်းရှိ
တိပိဋကကျောင်းတော်ကို
ဦးကြည်ညွန့်
ဖွင့်လှစ်ပေးနေပုံ

တော်ကြီးသည် လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာကဲ့သို့ တရားစစ်ဗိုလ်ချုပ် ဓမ္မသေနာပတိဖြစ်တော်မူကြောင်း၊ဧတဒဂ်ငါးဘွဲ့ရ အရှင်အာနန္ဒာကဲ့သို့ တရားတော်ရတနာဘဏ္ဍာ တိုက်စိုး ဓမ္မဘဏ္ဍာဂါရိကလည်း ဖြစ်တော်မူကြောင်း၊ ပုဒ္ဓဝင် စသောကျမ်းကြီးများကိုလည်း ပြုစုတော်မူခဲ့ကြောင်း၊ ထို့ကြောင့် 'တိလောကဂုရု=လောကသုံးပါး၏ဆရာ'ဟူသောဘွဲ့ကို နောင်တစ်ချိန်တွင် နိုင်ငံတော်က ချီးမြှင့်မည်ဆိုပါက ဆရာတော်ကြီးသည် ရှေးဦးစွာဆက်ကပ်ခြင်းခံရမည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း စသည်ဖြင့် လှိုက်လှိုက်လှဲလှဲကြည်ညိုစွာဖြင့် လျှောက်ထားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝက မိမိ၏မြန်မာစာပါမောက္ခဆရာကြီးဖြစ်သူ ဦးအေးမောင်သည် အငြိမ်းစားဘဝတွင် အသက်ကြီးရင့်ပြီး မကျန်းမမာဖြစ်ကာ အိပ်ရာပေါ်တွင် ပက်လက်အနေအထားမှ တက္ကသိုလ်ရိပ်သာလမ်းရှိ တိုက်အိမ်နှင့် ပစ္စည်းများအားလုံးကို ဆရာတော်အား လှူဒါန်းရာတွင်လည်း မိမိသည် ညွှန်ကြားရေးမှူးချုပ်အနေနှင့် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုအချိန်က ပစ္စည်းများအားလုံး၏တန်ဖိုးမှာ ကျပ်သိန်း ၆၀-ကျော်ရှိပါသည်။

ဆရာတော်သည် သိန်းချီ၍လှူသော အလှူရှင်များပေါ်များသော်လည်း သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ရာတွင် လူတစ်ကိုယ် ပြား-၅၀ကအစ ငွေတစ်ကျပ်မျှလှူဒါန်းခြင်းဖြင့်လည်း သာသနာ့ဒါယကာ ကျောင်းဒကာကြီး ဖြစ်လာနိုင်ရေး၊ နည်းနည်းလှူပြီး များများကုသိုလ်ရနိုင်ရေးမှုကိုအလေးထားပြီး ဆောင်ရွက်တော်မူခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်ရန် ဖြစ်ပေါ်လာစေသည့် နောက်ခံအကြောင်းအရင်းကလေးကလည်း ကြည်နူးစရာကောင်းသည်။ မှတ်သားစရာလည်းကောင်းသည်။

မင်းကွန်းဆရာတော်ကြီး မြိတ်မြို့သို့ ကြွရောက်တော်မူမည့်အကြောင်းကိုကြားသိရသောအခါ မြိတ်မြို့နှင့်အတော်အလှမ်းဝေးသော ရွာတစ်ရွာမှ အသက်ကြီးကြီးဆင်းရဲသော ဒကာကြီးတစ်ဦးသည် နံနက်စောစော ရွာမှထွက်လာခဲ့ရာ ည ၇-နာရီလောက် ဆရာတော်၏ တရားပွဲသိမ်းခါနီးကျမှ ရောက်လာသည်။ ဆရာတော်သိသွားပြီး ထိုဒကာကြီးကို ခေါ်ခိုင်းရာ ထိုဒကာကြီးက လွယ်အိတ်ထဲတွင် ကျစ်ကျစ်ပါအောင် စက္ကူနှင့်ထုပ်ထားသည့် ပြား-၅၀ကို 'သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ရန်အတွက် ရှိရှိသေသေလှူပါသည်'ဟူ၍လျှောက်ထားသည်။ ဆရာတော်ကြီးက သာဓုခေါ်သည်။ 'ဒကာကြီး၊ ကျောင်းဒကာဖြစ်ပြီ' ဟု မိန့်ကြားရာ ထိုဒကာကြီးမှာ ဝမ်းသာမဆုံးဖြစ်ခဲ့သည်။

မိမိကိုယ်တိုင် မင်းကွန်းဆရာတော်ကြီးနှင့် ထိတွေ့ခဲ့ရသောအကြောင်းအရာများက ပြောမဆုံးပေါင် တောသုံးထောင်ပင်ဖြစ်ပါသည်။ သို့သော် မှတ်မိသမျှတင်ပြခဲ့ရာ ယခုနောက်ဆုံးတင်ပြလိုသော ဖြစ်ရပ်ကလေးကို ယခင်စာရေးသူ၏ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း မမေ့နိုင်သောဖြစ်ရပ်ကလေးဖြစ်ပါ၍ ထပ်မံဖော်ပြလိုပါသည်။

စာရေးသူ အငြိမ်းစားယူပြီးနောက် ဆရာတော်ကြီးနှင့်အတူ မန္တလေး, စစ်ကိုင်း, မင်းကွန်း, မိုးမိတ်ကုန်းမြေခရီးစဉ်တွင် မိမိ၏ဇာတိ စစ်ကိုင်းမြို့သို့လိုက်ပါခဲ့ပါသည်။ စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးရုံး စည်းဝေးခန်းမတွင် စစ်ကိုင်း ဥပဋ္ဌာကအဖွဲ့ဝင်များနှင့်တွေ့ပြီး သာသနာ့တက္ကသိုလ်များတည်ဆောက်ရေးကိစ္စအပါအဝင် တိုးနိုင်သာသနာပြုလုပ်ငန်းများကို ဆွေးနွေးကြပါသည်။

ဆွေးနွေးပွဲပြီး၍ ညနေတွင် မန္တလေးသို့ပြန်ရန် စီစဉ်နေစဉ် အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ကြီး (အဆိုကျော်)က စစ်ကိုင်းတွင်စာရေးသူ၏ အငယ်ဆုံးနှမ ကျောင်းဆရာမ ခင်ပြုံးရီသည် မကြာသေးခင်ကပင် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားကြောင်း၊ မိခင်အိုကြီး ရှိနေသေးကြောင်းတို့ကို လျှောက်ထားရာ ဆရာတော်ကြီးက ချက်ချင်းပင် 'ဒကာကြီး ဦးကြည်ညွန့်အိမ်ကိုမောင်း၊ ဒကာကြီးဦးကြည်ညွန့်က ရှေ့က ကားနှင့်လမ်းပြ'ဟုပြောပြီး ပိုးဇာရပ်ရှိ စာရေးသူမိခင်၏ နေအိမ်ကိုသွားကြပါသည်။

စာရေးသူမိခင် အိမ်အပေါ်ထပ်တွင်ရှိနေရာ ဆရာတော်ကြီးသည် အိမ်ပေါ်သို့တက်သွားခဲ့ပါသည်။ မိခင်ကြီးသည် မမျှော်လင့်ဘဲ မင်းကွန်းဆရာတော် ကြီးကို ဖူးတွေ့ခွင့်ရခဲ့၍ ဝမ်းသာမဆုံးဖြစ်ခဲ့သည်။ နေအိမ်တွင် အသင့်ရှိနေသော သင်္ကန်းတစ်စုံကိုကပ်သည်။ ဆရာတော်ကြီးက တရားချီးမြှင့်သည်။ မိခင်အိုကြီးသည် လက်အုပ်ချီပြီး နားထောင်သည်။ ပြီးလျှင် ဆရာတော်ကြီးကို ကန်တော့သည်။ ဆရာတော်ကြီးက စာရေးသူကို 'ဒကာကြီး အမေ့ဆီ ရောက်တုန်း အမေနဲ့နေခဲ့၊ အမေဆိုတာ သားနဲ့တွေ့ချင်တာပဲ၊ မနက်ဖြန်ကျမှ မန္တလေးကိုလိုက်ခဲ့'ဟုဆိုပြီး စာရေးသူမိခင်ကြီးကို နှုတ်ဆက်ပါသည်။ စာရေးသူသည် ဆရာတော်ကြီးကို ကားအထိလိုက်ပို့ပါသည်။

ဆရာတော်ကြီး၏ကား စာရေးသူမြင်ကွင်းမှ ပျောက်ကွယ်သည်အထိ လက်အုပ်ချီရင်း ကျန်ရစ်ခဲ့ပါသည်။ ထိုမြင်ကွင်းကို ယနေ့တိုင်မြင်ယောင်လျက်ပင် ရှိနေပါတော့သည်။ ။

ဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်)

မင်းကွန်းတိပိဋကဓရ

ဆရာတော်ကြီးပေးသော

အမွေ

ဦးသိန်းအောင် (ဗာရာဏသီ)

မင်းကွန်းတောင်ရိုးရှိ ရန်ကင်းချောင်ဆရာတော်ကြီးက သကျသီဟစာမေးပွဲဝင်ရန်တိုက်တွန်းပြီး၊ မိမိကျောင်းတိုက်၌ လာရောက်စာကျက်ဟုမိန့်၍ ရန်ကင်းချောင်သို့ သွားရောက် စာကျက်ပါသည်။ (မင်းကွန်း၌ တောင်နှစ်လုံးကြားရှိသော ကျောင်းတိုက်များကို 'ချောင်'ဟု သုံးပါသည်)။ဝါတွင်းမှာသွားရောက်စာကျက်ခြင်းဖြစ်ပါသည်။

ထိုအချိန်၌ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးပြီး၍ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ ၁၃၁၈-ခုနှစ်တွင် မဟာဗုဒ္ဓဝင်ကျမ်းကြီး စတင်ပြုစုနေသောအချိန်ဖြစ်ပါသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုရာတွင် ဥပတ္ထမ္ဘကအဖြစ် ဆရာထွန်းပါ ပါသည်။ ဗုဒ္ဓဝင် ဆရာထွန်းဟု အသိများပါသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးရေးသော မဓုသာရတ္ထ သတ်ပုံကျမ်းစာအုပ်ကိုလိုချင်၍ ရန်ကင်းချောင် ပိဋကတ်တိုက်သို့ လာရောက်ရှာပါသည်။ တွေ့မသွားပါ။

ထိုနှစ်က မင်းကွန်း ရန်ကင်းချောင်ဆရာတော်ကြီး ပုသိမ်ကြီးဆန်လှူပွဲသို့ သက်တော်ကြီး၍ မကြွပါ။ တပည့်များသာလွှတ်၍ တရားဟောခိုင်းပါသည်။ ဆရာတော်ကြီးက ပုသိမ်ကြီးလိုက်သွားရန်အမိန့်ရှိ၍ ပုသိမ်ကြီးသွားရင်း မိမိ လက်ရေးဖြင့်ကူးထားသော မဓုသာရတ္ထသတ်ပုံ စာအုပ်ကို မန္တလေးမှာဝင်၍ယူခဲ့ပါသည်။

ပုသိမ်ကြီးဆန်လှူပွဲကပြန်၍ တစ်ပတ်လောက်ရှိသောအခါ ဗုဒ္ဓဝင်ဆရာထွန်းထံ ဦးမိရနှင့်အတူ သွားရောက်၍ စာအုပ်ပေးပါသည်။ စာအုပ်ပေးရင်း တိပိဋကဓရဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ကြပါသည်။

ဆရာတော်သည် လူဒကာဒကာမ ဧည့်သည်များရှိသော်လည်း ရဟန်းတော်များကြွလာလျှင် ဦးစားပေးလေ့ရှိပါသည်။ ဦးမိရပါလာသဖြင့် ရန်ကင်းချောင်ကမှန်း သိပါသည်။

'ရန်ကင်းချောင်ဆရာတော်ကြီးအကြောင်း ကြားရတာ အလွန်စိတ်ချမ်းသာတယ်၊ ဆရာတော်ကြီးက မေတ္တာစိတ်ကြီးတယ်'ဟုပြောပြီး အဖြစ်အပျက်ကို ကြားထား၍ မေးဟန်ရှိပါသည်။

ထိုအခါ ဦးမိရက အဖြစ်အပျက်ကိုလျှောက်ထားပါသည်။ ပုသိမ်ကြီးကျောင်းအမကြီး ဒေါ်ဟန်နှင့်ဆွေမျိုးများက နှစ်စဉ် တပေါင်းလပြည့်မတိုင်မီ တရားပွဲကျင်းပပြီး တပေါင်းလပြည့်နေ့မှာ ရန်ကင်းချောင်၌ သီတင်းသုံးကြသော ရဟန်းသံဃာ သာမဏေ ကျောင်းသား သီလရှင်များအတွက် ဆန်အိတ် ၃၀,၄၀-လောက် လှူလေ့ရှိပါသည်။ ထိုအခါမှာ ပုသိမ်ကြီးမှ အချို့သော ဒကာဒကာမများ မင်းကွန်းသို့ ဘုရားဖူး လိုက်လာလေ့ရှိကြပါသည်။ မင်းကွန်း ရန်ကင်းချောင်မှာ တစ်ညအိပ်ပြီးမှ ပြန်ကြပါသည်။

ဆန်အိတ်အလှူလာသောအခါ မန္တလေးဆိပ်ကမ်းမှ မော်တော်ငှားပြီး မင်းကွန်းသို့ သယ်ဆောင်ရပါသည်။ မော်တော်ငှားသောအခါ နှစ်ဦးနှစ်ဖက်ကတိပြုပြီး ငှားကြရပါသည်။ ယခုလိုက်လာသူများသည် ရန်ကင်းချောင်မှာ တစ်ညအိပ်ပြီးပြန်ရန် နောက်နေ့ နံနက် ၈-နာရီ မော်တော်အရောက် ပြန်လာဖို့ ကတိပြုပြီးငှားကြပါသည်။ မန္တလေးဆိပ်ကမ်းမှ မင်းကွန်းအလာတွင် ကျသင့်ငွေပေးချေပြီး အပြန်အတွက် မပေးချေရသေးပါ။

ထိုနေ့မှာ မော်တော် ၈-နာရီ ရောက်မလာဘဲ နောက်ကျနေပါသည်။ ပုသိမ်ကြီးမှလိုက်လာသူများကလည်း မန္တလေး ဈေးချိုဝင်၍ ဈေးဝယ်ချင်သူတွေကလည်းဝယ်ချင်၊ ပုသိမ်ကြီး နာရေးသာရေးကိစ္စရှိသူတွေကလည်း အချိန်မီ ပုသိမ်ကြီးပြန်ချင် ဖြစ်နေပါသည်။ ဒါနဲ့ တပည့်တော်က (ဦးမိရက) နာရီဝက်လောက်တော့စောင့်ကြပါ။ မလာတော့လည်း ငှက်ဖြင့်ပြန်ကြတာပေါ့'လို့ပြောပြီး စောင့်နေကြပါသည်။ (သမ္ဗန်ကို မင်းကွန်းမှာ ငှက်လို့ခေါ်ပါသည်။ ပဲ့ပိုင်းကနှစ်ခွ၊ ဦးကအချွန်ဖြစ်လို့ ငှက်လို့ခေါ်ကြဟန်ရှိပါသည်။ သူ့ဒေသအသုံးစကားပါ)။

၈-နာရီခွဲကျော်အထိ စောင့်ကြသော်လည်း မော်တော် ရောက်မလာ၍ ငှက်(သမ္ဗန်)ငှားပြီးပြန်ကြပါသည်။ မော်တော် က ၉-နာရီလောက်ရောက်လာပါသည်။'အခုတင်ပဲ မော်တော် မလာဘူးလို့ထင်ပြီး ငှက်(သမ္ဗန်)ဖြင့် ပြန်သွားကြတယ်'ဟု ဦးမိရကပြောပါသည်။

မော်တော်ပိုင်ရှင်အမျိုးသမီးကြီး စိတ်တွေဆိုးဒေါသတွေထွက်ပြီး 'ကိုယ်တော်တို့ ဒကာဒကာမတွေက ကျောင်းဒကာကျောင်းအမဆိုပြီး ဒီလိုလုပ်သွားတာ ကောင်းရဲ့လား' စသည်ဖြင့် ရန်ထောင်ပါတော့သည်။ ဒါနဲ့ ဘာမှ ပြန်မပြောဘဲ ရန်ကင်းချောင်သို့ ပြန်လာကြပါတော့သည်။

မင်းကွန်းပုံတော်ဆိပ်ကမ်းနှင့် မနီးမဝေးတောင်ထိပ်ပေါ်မှာ ရဲစခန်းရှိပါတယ်။ အဲဒီရဲစခန်းသို့သွားရောက်ပြီး မော်တော်ပိုင်ရှင်အမျိုးသမီးကြီးက တိုင်ကြားပါတယ်။ ရဲစခန်းမှူးက 'ရန်ကင်းချောင်ဆရာတော်ကြီး သိဟန်မတူဘူး၊ ရန်ကင်းချောင်ဆရာတော်ကြီးက မေတ္တာစိတ်အား

ကြီးပါတယ်၊ ဆရာတော်ကြီးထံသာ အရောက်သွား လျှောက်ထားပါ၊ အဆင်ပြေသွားမှာပါ'ဟု ပြောလွှတ်လိုက်၍ နေ့လယ်နေပူကြဲကြဲ ရန်ကင်းချောင်သို့ တက်လာခြင်းဖြစ်ပါသည်။ အဖော်တစ်ယောက်လည်း ပါပါသည်။

မင်းကွန်းတောင်ရိုးသည် သဲတောင်ဖြစ်၍ တပေါင်း, တန်ခူးတွင် ခြစ်ခြစ်တောက်ပူပါသည်။ မျက်စိများကျိန်းစပ်နေပါသည်။ ရန်ကင်းချောင်မှာ အပေါ်ထပ်အောက်ထပ်လို ဖြစ်နေပါသည်။ ကုန်းမြင့်ပိုင်းကို အုတ်တံတိုင်း ကာထားပြီး အုတ်လှေကားတစ်ဖက်တစ်ချက်တွင် ရေကန်တစ်ခုစီရှိပါ သည်။ ဇရပ်တစ်ဆောင်မှာ လှေကားအနီးတွင်ရှိ၍ ဇရပ်တစ်ဆောင်မှာ မနီးမဝေးတွင်ရှိပါသည်။

ထိုနေ့က စာရေးသူသည် ဆွမ်းစားပြီး၍ အပေါ်တွင် ဧည့်သည်များနှင့်လူများနေသဖြင့် အောက်ထပ်လှေကားအနီး ဇရပ်သို့သွားရောက်နေပါသည်။ 'ဆရာတော်ကြီး ဘယ်နေရာမှာရှိသလဲ'လို့ မေးသံကြား၍ကြည့်လိုက်သောအခါ မော်တော်ပိုင်ရှင်ဒကာမ ထဘီစွန်တောင်ဆွဲပြီး အပေါ်ထပ်တက်သွားသည်ကို မြင်လိုက်ရပါသည်။

ဆရာတော်ကြီးထံရောက်လျှင် ဆရာတော်ကြီးက ထုံးစံအတိုင်း 'သင်ဖြူးဖျာလေး ယူထိုင်ကြ၊ ယပ်လည်းရှိတယ်၊ ယူခတ်ကြလို့' မိန့်တော်မူပြီးမှ 'ဘယ်ကလာကြသလဲ၊ ဘာကိစ္စရှိသလဲ'လို့ မေးလှေ့ရှိပါသည်။ မေးသောအခါ မော်တော်ပိုင်ရှင်ဒကာမကြီးက အဖြစ်အပျက်ကိုလျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ကြီးက 'ဒီအကြောင်းကို ဦးပဥ္စင်းတွေကမလျှောက်ထားလို့ မသိရဘူး၊ လျှောက်ထားရင် ဒီလို နေပူကျဲကျဲ တောင်ပေါ်တက်မလာရပါဘူး၊ ကျသင့်တဲ့ မော်တော်ခ အပေးခိုင်းလိုက်မှာ'ဟုပြောပြီး တုံးနှစ်ချက်ခေါက်လိုက်ပါသည်။ (တုံးခေါက်သောအလေ့က မန္တလေး၊ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်းမှာ ဆရာတော်ကြီးများက လူခေါ်လိုသောအခါ တုံးကလေးခေါက်ခေါ် လေ့ရှိပါတယ်။ တစ်ချက်ခေါက်လျှင် ကျောင်းသားတစ်ယောက်၊ နှစ်ချက်ခေါက်လျှင် ကိုရင်တစ်ပါး၊ သုံးချက်ခေါက်လျှင် ကျောင်းသား အကုန်၊ လေးချက်ခေါက်လျှင် ကိုရင်အကုန်၊ ငါးချက်ခေါက်လျှင် ကျောင်းသား,ကိုရင်,ရဟန်းတော်များပါ အားလုံးအကုန် စည်းဝေးရာနေရာမှာ လာကြရပါသည်)။

ဆရာတော်ကြီးက မန္တလေးစည်ရှင်ကျောင်းက ပြောင်းသွားသော်လည်း ဒီအတိုင်းပဲအသုံးပြုပါသည်။



မင်းကွန်း ရန်ကင်းချောင်ဆရာတော်ကြီး

ကိုရင်တစ်ပါး ရောက်လာ၍ သီလရှင်ဆရာကြီးကို အခေါ်ခိုင်းလိုက်ပါသည်။ သီလရှင်ဆရာကြီးရောက်လာတော့ 'မော်တော်ခကျသလောက် ပေးလိုက်ပါ၊ ထမင်းလည်း ကျွေးလိုက်ပါ၊ ဒီလို နေပူကျဲကျဲ တောင်ပေါ်တက်လာရတာ အတော်ပင်ပန်းရှာတယ်'ဟု မိန့်တော်မူပါသည်။ 'ထမင်းမစားတော့ဘူးဆိုတော့ ဖျော်ရည်နဲ့ မုန့်ယူခဲ့ကျွေးပါ၊ အေးအေးဆေးဆေးစားကြပါ၊ နေအေးမှ ပြန်ကြပေါ့၊ သီလရှင်ကျောင်းသွားပြီး လွတ်လွတ်လပ်လပ် အနားယူကြပါဦး'ဟု အေးဆေးကြည်လင် ချိုသာသောအသံဖြင့် မေတ္တာစိတ်ဖြန့်၍ မိန့်ကြားတော်မူပါသည်။ သီလရှင်ဆရာကြီးကျောင်းလိုက်သွားကြပြီး မကြာမီမှာပဲ ဆရာတော်ကြီးထံ ပြန်လာကြပါသည်။ အဲဒီအခါမှာ ဆရာတော်ကြီးက သံယုတ်ပါဠိတော်လာ-

ပုရိသဿ ဟိ ဇာတဿ၊ ကုဌာရီ ဇာယတေ မုခေ။
ယာယ ဆိန္ဒတိ အတ္တာနံ၊ ဗာလော ဒုဗ္ဘာသိတံ ဘဏံ။

ဤဂါထာကိုအဓိပ္ပာယ်ပြန်ပြီး 'တတိယရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော်ကြီးရေးသားသော လင်္ကာလာအဓိပ္ပာယ်ကို အမြဲတမ်းဆင်ခြင်ပွားများနေပါတယ်' ဆို၍ ရွတ်ဆိုပြပါသည်။ တိုတိုကျဉ်းကျဉ်း လိုရင်းအတိုင်း

တရားဟောလိုက်ပါသည်။ ဒီပဲယင်းဆရာတော်ကြီး ရေးသော လင်္ကာမှာ-

မလိမ္မာတတ်၊ ညှိုပါးစပ်၊ ရန်စာတ်ဖြစ်တော့သည်။
လိမ္မာမှုကား၊ မိတ်အလား၊ လိုတိုင်းရသည့်ပတ္တမြား။
ထမင်း,မီး,ရေ၊ မလိမ္မာချေမှုဘေးရန်သူ၊ လိမ္မာမှုကား မိတ်။
ထို့အတူ-စည်းစိမ်အရပ်ရပ် တတ်သမျှအတတ် မသိတတ်မှု၊ ဘေးရန်သူ၊ သိတတ်မှုကားမိတ်။

မေတ္တာဓာတ်အပြည့်အဝ ချိုသာအေးမြကြည်လင်သောအသံဖြင့် ဟောကြားလိုက်တော့ မော်တော်ပိုင်ရှင် ဒကာမကြီး စိတ်ပျော့ပျောင်းပြီး 'တပည့်တော်မကို ဒကာမ အရင်းလို မှတ်တော်မူပါဘုရား၊ နောင်ကိုလည်း ဆိုဆုံးမတော်မူပါဘုရား၊ ရန်ကင်းချောင်ကဆိုလျှင် အခမဲ့လျှူဒါန်းပါမည်ဘုရား'ဟု လျှောက်သွားလေသည်။

ထိုသတင်းစကားကို တိပိဋကဓရဆရာတော်ကြီးက ကြားထားဟန်ရှိပါသည်။ ထို့ကြောင့် 'ရန်ကင်းချောင်ဆရာတော်ကြီးဟာ မေတ္တာဓာတ်အားကြီးတယ်၊ ဆရာတော်ကြီး မေတ္တာဓာတ်မျိုးဖြစ်အောင် အားထုတ်ကြ'ဟု မိန့်တော်မူပြီး တိပိဋကဓရဆရာတော်ကြီးက ရေးထားတဲ့ မေတ္တသုတ်လာ မေတ္တာပွားနည်းလင်္ကာများကို ချပေးလိုက်ပါသည်။

မေတ္တသုတ်လာ မေတ္တာပွားနည်း(၁၁)နည်း
မြန်မာဆောင်ပုဒ်များ

၁။ လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်,မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်,မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ,နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်,တို,အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး,ငယ်,အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ,ကြုံ,အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ-ဟု နှုတ်တိုက်ချ၍ မေတ္တာအမွေပေးလိုက်ပါသည်။

'မေတ္တသုတ်တော်လာတိုင်း မေတ္တာပို့ကြပါ၊ ကျင့်ကြ အားထုတ်ကြပါ။ ဘယ်လောက်ပဲ သီလ စင်ကြယ်ကြယ် မေတ္တာ မပါလျှင် အကျိုးမပြီးနိုင်ဘူး'ဟု မိန့်တော်မူပြီး မေတ္တာအမွေ ပေးလိုက်ပါသည်။ ဆရာတော်ကြီး နှုတ်တိုက်ချပေးသည်ကို တစ်ခေါက်နှင့်မရပါ။ ဗုဒ္ဓဝင်ဆရာထွန်းထံမှ ကူးယူကျက်မှတ်ရပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်ကို ဤဆောင်းပါးဖြင့် ဦးညွှတ်ရိုကျိုး ရှိခိုးပူဇော်အပ်ပါသည်။ ။

ဦးသိန်းအောင် (ဗာရာဏသီ)
ဗုဒ္ဓစာပေအဖွဲ့။

ပဉ္စနိကာယ တိပိဋကဓရ

ဦးညွန့်မောင်
ဓမ္မာစရိယ၊B.A.,R.L.

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်များကို စတင်နာကြားခဲ့ရသည်မှာ မန္တလေးမြို့တွင် ပညာသင်ကြားစဉ်က ဖြစ်ပါသည်။ မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းတရားပွဲတွင် စစ်ကိုင်းတောင်ရိုးမှ မဟာဝိဇ္ဇောဒယဆရာတော်ကြီး၊ အနီးစခန်းဆရာတော်ကြီးတို့ တရားဟောပြီး နောက်ဆုံးညတွင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး တရားဟောခဲ့သည်ကို အမှတ်ရမိပါသည်။ ထိုဆရာတော်ကြီးသုံးပါးတို့ ဟောသောတရားတော်များကို နာကြားရသည်မှာ အလွန်ပင်အားရ ကျေနပ်လှပါသည်။ ထိုတရားပွဲတို့တွင် လူပုဂ္ဂိုလ်များသာမက ရဟန်းတော်များ လာရောက်တရားနာကြသည်မှာ အထူးပင်များပြားလှပေသည်။

မင်းကွန်းဆရာတော်ကြီးသည် နောက်ပိုင်းတွင် မြန်မာပြည်အနှံ့ ခရီးလမ်းပင်ပန်းမှုကို ပမာနမထား ကြွရောက် ဟောကြားတော်မူသည်။ တရားပွဲပင့်သူများ အလွန်များပြားသဖြင့် တစ်နေ့တည်း၌ပင် တရားပွဲသုံးပွဲ၊ လေးပွဲဟောကြားရသည်များလည်း ရှိသည်။ ဆရာတော်ကြီးသည် ကျန်းမာရေးကိုအကြောင်းပြု၍လည်း တရားပွဲများကို ငြင်းဆန်တော်မမူပေ။ လိပ်ခေါင်းရောဂါစွဲကပ်နေစဉ်မှာပင် တရားဟောမပျက်ပေ။ ဆရာတော်ကြီး တရားဟောတော်မူနေသည့် ပုံတော်ကိုကြည့်လျှင် သိသာပါသည်။ ပုဆစ်တုပ်တစ်ဖက် စောင်းပုံထိုင်လျက် ဟောကြားသည့်ပုံများ တော်တော်များများတွေ့နိုင်သည်။ လိပ်ခေါင်းရောဂါကြောင့် အောက်တွင် အဝတ်ခုကာ သက်သာအောင်ထိုင်တော်မူပြီး တရားပွဲမပျက်အောင် ဆက်လက်ဟောကြားတော်မူခြင်းဖြစ်သည်။

မင်းကွန်းဆရာတော်ကြီး ဟောကြားသော တရားတော်များကို အပြည့်အစုံမှတ်တမ်းတင်နိုင်လိမ့်မည် မထင်ပေ။ မှတ်တမ်းတင်အသံဖမ်းခဲ့ကြသည့်ပုဂ္ဂိုလ်များကို အလွန်ပင် ကျေးဇူးတင်ထိုက်လှပေသည်။ တရားပွဲအားလုံးကိုသာ မှတ်တမ်းတင်နိုင်မည်ဆိုပါက တရားတိပ်ခွေပေါင်းများစွာ ထွက်ရှိလာပေလိမ့်မည်။ တရားတိပ်ခွေမှတစ်ဆင့် ဟောစဉ်တရား စာအုပ်များလည်း များပြားစွာထွက်ရှိလာပေလိမ့်မည်။ အသံမဖမ်းယူနိုင်သဖြင့် လွတ်သွားသော တရားများကို မလွှဲသာမရှောင်သာ လျစ်လျူရှုရမည်ဖြစ်သော်လည်း မှတ်တမ်းတင်ပြီးသား တရားတိပ်ခွေများ မလျော့ပါးမပျောက်ပျက်စေရန်မှု ထိန်းသိမ်းစောင့်ရှောက်သင့်လှပေသည်။ ထိုမှတစ်ဆင့် စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ရေးသည်လည်း အရေးကြီးလှပေသည်။

တိပိဋကဟောစဉ်အစ

တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဟောစဉ်တရားတော်များ ပထမတွဲ၏ နိဒါန်းကို ဖတ်ကြည့်ပါလျှင် မင်းကွန်းဆရာတော်ကြီး၏ ဟောစဉ်တရားများကို သာသနာ ရေးဦးစီးဌာနက စတင်ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင်ပါသည်။ ထိုစဉ်က သာသနာရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က ကျမ်းပြုဌာနမှူး ဦးအေးနိုင် (ဓမ္မာစရိယ) အားခေါ်ယူ၍ တာဝန်ပေးအပ်ခဲ့သည်။ အချိန်အားဖြင့် ၁၉၈၀-ပြည့်နှစ်၊ ဇူလိုင်လ ၁၀-ရက်နေ့ဖြစ်သည်။ ထိုအချိန်မှစ၍ ဓမ္မာစရိယဦးအေးနိုင်ဦးစီးသော ကျမ်းပြုဌာန ဝန်ထမ်းများက ဆရာတော်ကြီး၏ တရားတိပ်ခွေများမှ စာမူဖြစ်အောင် ကူးယူ၍ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင် တိုက်ရိုက်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းသို့ထုတ်ဝေလိုက်နိုင်ခြင်းမှာ အလွန်ပင်တန်ဖိုးကြီးလှပေသည်။ စာအုပ်ထုတ်ဝေရန် စိတ်ကူးပေါ်ပေါက်ခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်အောင် တာဝန်ပေးခဲ့သည့် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်ကို ကျေးဇူးတင်ထိုက်လှပေသည်။ တာဝန်ပေးအပ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဓမ္မာစရိယဦးအေးနိုင်နှင့်တကွ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ထိုက်လှပေသည်။ ဟောစဉ်ပထမတွဲ ထွက်ပြီးနောက် ဒုတိယတွဲစာအုပ်ထွက်ဖို့ရန် လမ်းစရခဲ့ကြသည်။

နောက်ပိုင်းတွင် တိပိဋက-နိကာယ သာသနာပြုအဖွဲ့ကြီးပေါ်ပေါက်လာပြီး ထိုအဖွဲ့ကတာဝန်ယူကာ ထိုလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ကြသည်။ ဟောစဉ်ပထမတွဲကို ဒုတိယအကြိမ်ပြန်ရိုက်သည့်အခါ တိပိဋက-နိကာယသာသနာပြုအဖွဲ့က ၁၉၈၇-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်ကို တွေ့ရသည်။ တိပိဋက-နိကာယ သာသနာပြုအဖွဲ့အနေဖြင့် ဆရာတော်ကြီး၏ ဟောစဉ်တရားများကို အဆက်မပြတ်အောင် ထုတ်ဝေဖြန့်ချိနိုင်သည်မှာလည်း ကျေးဇူးတင်စရာပင်ဖြစ်သည်။

စာရေးသူသည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းများမစတင်မီ အကြိုကာလတွင် စစ်ကိုင်းတိုင်းတွင် တာဝန်ကျခဲ့သည်။ ဆရာတော်နှင့် ထိတွေ့ဆက်ဆံခွင့်ရခဲ့သည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ဝန်ဆောင်သံဃာ ၆၆-ပါးရွေးချယ်ရေးအတွက် ဥသျှောင်သံဃာတော်များ အစည်းအဝေးကို စစ်ကိုင်းတိုင်းကောင်စီ အစည်းအဝေးခန်းမတွင်ပြုလုပ်သည်။ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်ကိုယ်တိုင် ဖုန်းဆက်၍ ပြောသည်။ သံဃာဥသျှောင်အစည်းအဝေးကို မင်းကွန်းတိပိဋကဓရဆရာတော်တက်ဖြစ်အောင် အသေအချာလျှောက်ထားပါဟူ၍ ဖြစ်သည်။ မိမိကိုယ်တိုင် မန္တလေးမှ မင်းကွန်းသို့ စောစောထသွားသည်။ ဆရာတော် အရုဏ်ဆွမ်းဘုဉ်းပေးဆဲတွင် ရောက်ရှိသွားသည်။ ဆရာတော်က ကြိုစရာမလို သူ့ဘာသာ ကြွလာမည်ဟု အမိန့်ရှိလိုက်သည်။ ဆရာတော် တက်ဖြစ်မည်ကိုသိ၍ ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့နိုင်သည်။

အစည်းအဝေးနေ့တွင် သာသနာရေးဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်တို့ တက်ရောက်သည်။ ဝန်ကြီး လျှောက်ထားပြီးနောက် သံဃာ့ဝန်ဆောင် နှစ်ပါး ရွေးချယ်ရာတွင် စစ်ကိုင်းမြို့မှ တောတောင်ဘီလူးချောင် ဆရာတော်နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကို ရွေးချယ်ကြသည်။

ဝန်ကြီးသည် ဆရာတော်များနှင့် အလ္လာပသလ္လာပ စကားမပြောတော့ဘဲ ချက်ချင်းပင်ထပြန်သွားသည်။ ထို အချိန်တွင် မင်းကွန်းဆရာတော်ကြီးက မိုက်ကိုကိုင်၍ 'သံဃာ တော်အရှင်မြတ်တို့ဘုရား'ဟုဆိုကာ လျှောက်ထားပါတော့ သည်။ 'သံဃာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့ စစ်ကိုင်း မင်းကွန်းတောင်ရိုးတွင် ကျောက်ထီးတန္တု အလေးပြုအပ်သော ဆရာတော်ကြီးနှစ်ပါးရှိပါသည်။ တောတောင် ဘီလူးဆရာတော်ကြီးနှင့် အနန္တသူရိယ ဆရာ တော်ကြီးတို့ ဖြစ်ပါသည်ဘုရား၊ ထို့ကြောင့် တပည့်တော် အား ရွေးချယ်မည့်အစား အနန္တသူရိယဆရာတော်အား ရွေးချယ်ပေးတော်မူ ကြပါဘုရား။ တပည့်တော် မလုပ်ချင် ၍မဟုတ်ပါ၊ တပည့်တော်သည် ထိုဆရာတော်ကြီးနှစ်ပါးတို့၏ ပစ္ဆာသမဏ သဘောမျိုးဖြင့် ဆရာတော်ကြီးနှစ်ပါးကို၏ လုပ်ငန်းများကို ကူညီဆောင်ရွက်မည်ဖြစ်ပါသည်ဘုရား။ သဘောတူလျှင် တိတ်ဆိတ်နေတော်မူကြပါဘုရား'ဟု လျှောက်ထားပြီး အချိန်မဆိုင်းဘဲ 'တိတ်ဆိတ်နေတော်မူ ပါသဖြင့် အတည်ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား' ဟု လျှောက်ထားကာ အဆုံးသတ်လိုက်ပါသည်။ ဘယ် ဆရာတော်မှ ပါးစပ်မဟ,လိုက်ရပါ။ အစည်းအဝေး ပြီးသွား ပါသည်။

ဝန်ကြီးနှင့် ညွှန်ချုပ်တို့ သိသွားသည်မှာတခြား၊ ဖြစ်လာသည်မှာတခြားဖြစ်နေသဖြင့် မိမိတို့ ရုံးအဖွဲ့အနေ ဖြင့် သံကြိုးရိုက်ရ၊ ဖုန်းဆက်ရဖြစ်သွားပါသည်။ စာရေးသူ မှာ မန္တလေးမှ စစ်ကိုင်းသို့လာ၍ ရုံးတက်ရသူဖြစ်ရာ အပြန် တွင် မင်းကွန်းဆရာတော်ကြီးကားဖြင့် မန္တလေးသို့ပြန် လိုက်ခဲ့ပါသည်။

လမ်းရောက်သည့်အခါ ဆရာတော်ကို လျှောက် ကြည့်သည်။ 'ဆရာတော် ဘယ်လိုသဘောဖြင့် အခုလို ဆောင်ရွက်လိုက်တာပါလဲ၊ တပည့်တော်တို့ နားမလည် အောင်ဖြစ်ရပါ တယ်ဘုရား'ဟု လျှောက်သည့်အခါ 'ဒကာ ကြီး၊ ကျုပ်တို့ စစ်ကိုင်းတိုင်းက သုံးပါးရတာပေါ့'တဲ့။ ဆက် ပြီးအမိန့်ရှိသေးသည်။ 'ဒကာကြီး ကျုပ်က ဦးကြည်ညွန့်တို့နဲ့ မတွေ့ရသေးဘူး၊ သူတို့ရည်ရွယ်ချက်တွေ သိချင်သေးတယ်၊ တစ်ခန်းတစ်ကဏ္ဍကတော့ ပါရမှာပေါ့'တဲ့။ နောက်ပိုင်း သိလာသည်မှာ ၆၆-ပါး က ၆၇-ပါးတော့ဖြစ်မလာပါ။ တိပိဋကဓရဆရာတော်ကို အကြံပေးဆရာတော်များဆိုပြီး ဖြည့်စွက်ခဲ့သည်။

စာရေးသူပင်စင်ယူပြီးနောက် နိုင်ငံတော်သံဃာ့ မဟာနာယက ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ အစည်းအဝေး တစ်ခုတွင် ဦးကြည်ညွန့်က 'ကိုညွန့်မောင် ပင်စင်ရပြီဆို တော့ ကျုပ်တို့ဆီလာခဲ့ပါ'ဆိုပြီး အစည်းအဝေးနေ့တွင် ချိန်းဆိုလိုက်ပါသည်။ တိပိဋက-နိကာယ စာပေနှင့် မော်ကွန်းအဖွဲ့တွင် အဖွဲ့ဝင် ဖြစ်လာပါသည်။ ယိုအဖွဲ့တွင် တစ်နှစ်ခန့် ဆောင်ရွက်ခွင့်ရခဲ့ ပါသည်။ မိမိကြည်ညိုရင်းနှီး သည့် ဆရာတော်ကြီး၏စာပေများ ထိန်းသိမ်းစောင့်ရှောက် ပြုစုရသဖြင့်လည်းကောင်း၊ မိမိ လေးစားရသူ၏ ခေါ်ယူ တာဝန်ပေးမှုကြောင့်လည်းကောင်း တစ်နှစ်တာကာလ အတွင်း ပျော်ရွှင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

တစ်နှစ်သောကာလအတွင်း ဆောင်ရွက်ခွင့် ရသော လုပ်ငန်းမှာ စာအုပ်အဖြစ်မရောက်ရှိသေးသည့် ဇာတ်တော်ကြီးဆယ်ဘွဲ့အပါအဝင် ဝိဓူရဇာတ်၊ ဝေဿန္တရာ ဇာတ်နှင့် မဟောသဓဇာတ်တို့ကို စာအုပ်ဖြစ်အောင် ဆောင်ရွက်ခွင့် ရခြင်းဖြစ်ပါသည်။ ရှေးကဆောင်ရွက် သွားသောသူများကိုလည်း ကျေးဇူးတင်မိသည်။ ထိုစာမူ များမှာ လက်နှိပ်စက် စာမူဖြစ်နေပြီးဖြစ်သည်။ မဟောသဓ ဇာတ်မှာမူ လက်နှိပ်စက်စာမူဖြစ်သော်လည်း ဟိုရောက် သည်ရောက် အဆက်အစပ်မမိဖြစ်နေသဖြင့် မော်ကွန်း ထိန်းဦးစိုးအောင်နှင့် ဦးမြင့်သန်းဌေးတို့၏ အကူအညီကို များစွာရယူပြီးမှ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

ဖော်ပြပါစာမူသုံးခုကို အခေါက်ခေါက် ဖတ်ဖြစ် သကဲ့သို့ ဆရာတော်ကြီး၏ အခြားဟောစဉ်တရားများကို လည်းဖတ်ဖြစ်ခဲ့သည်။ ထိုအခါ စာရေးသူ၏စိတ်တွင် အတွေး တစ်ခုဝင်လာသည်။ ဆရာတော်ကြီး တိပိဋကဓရအောင် စဉ်က ပြဋ္ဌာန်းကျမ်းစာများမှာ သင်ရိုးပိဋကတ်ခေါ် ရှေ့ပိုင်း အုပ်ရေ ၂၀-ဖြစ်သည်။ တရားနာပရိသတ်များကတော့ ထင်ကြမည်။ ဆရာတော်ကြီးသည် 'မိမိရပြီးသား စာပေတွေ ဟောရတာဖြစ်လို့ ကျက်မှတ်စရာမလိုဘူး'ဟူ၍ ထင်ကြ မည်။ ယခုဇာတ်တော်ကြီးများသည် သင်ရိုးပိဋကတ်ထဲ မပါ။ ခုဒ္ဒကနိကာယ်လာ တရားတော်များဖြစ်သည်။

ဆရာတော်ကြီးသည် ရပြီးသားစာတွေကို အလွယ်တကူ ဟောနေသည်မဟုတ်။ စာမေးပွဲတွင် မပါဝင်သေးသည့် စာတွေကိုကျက်ပြီး ဟောနေခြင်းဖြစ်သည်။

ဝေဿန္တရာဇာတ်ဆိုလျှင် ဂါထာပေါင်း ၁၀၀၀- ရှိသည်။ ဂါထာဆိုသည်မှာ အလွတ်ကျက်ပြီးမှ ဟောနိုင်သည်။ စုဏ္ဏကိုယဇာတ်လမ်းဆိုလျှင် စကားပြေသဘောဖြင့် ဇာတ်လမ်းပြောသွား၍ရသည်။ ဝိဓူရဇာတ်ဆိုလျှင် ဝေဿန္တရာဇာတ်လောက် ဂါထာမများ၊ ၃၂၂-ဂါထာသာ ရှိသည်။ သို့သော် ကျက်မှတ်ရခက်သော ဂါထာများဖြစ်သည်။ ပထျာဝတ္တဂါထာကဲ့သို့ ကျက်ရလွယ်သော ဂါထာများ မဟုတ်။ မတ္တာဝုတ္တိဂါထာမျိုးတွေဖြစ်သည်။ မဟောသဓဇာတ်ဆိုလျှင် အလွန်ကျယ်ပြန့်သည့် ဇာတ်တော်ကြီးဖြစ်သည်။

ထိုဇာတ်တော်ကြီးများကိုဟောရာတွင် တရားတစ်ပွဲဖြင့်ပြီးအောင် ဟော၍မရနိုင်။ နှစ်နာရီခန့်ဟောရသော ညတရားပွဲ ၁၀-ကြိမ်, ၁၅-ကြိမ်ဟောမှ ပြီးနိုင်သော တရားမျိုး ဖြစ်သည်။ တစ်ကြိမ်ဟောပြီး နောက်တစ်ကြိမ်ဟောရန်မလွယ်။ သာမန်ဓမ္မကထိကတို့ဟောဖို့မလွယ်။ တရားတစ်ပွဲသာ နာယူနိုင်သူတို့ကိုမင့်၊ ရေရှည်အတွက် ကျန်ရစ်အောင် ဟောကြားသောတရားဖြစ်သည်ဟု မြင်သည်။

ဟောစဉ်တရားဆယ်တွဲ၊ ဇာတ်ကြီးဆယ်ဘွဲ့စသည့် တရားတော်များကို ခြုံလိုက်လျှင် နိကာယ်ငါးရပ် အစုံပင်ဖြစ်တော့သည်။ ဆရာတော်ကြီးသည် စာမေးပွဲအနေဖြင့် သင်ရိုး ပိဋကတ်ကုန်အောင် ပြန်ဆိုခဲ့ ရေးဖြေခဲ့ အောင်မြင်ခဲ့ပြီးနောက် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ ရှေ့မှောက်၌ နိကာယ်ငါးရပ် ပိဋကတ်စုံအောင် ပြန်ဆိုနေသည်ကို စာရေးသူ၏စိတ်တွင် မြင်မိနေသည်။ ထိုအမြင်ကို ရှင်လူအများ ပရိသတ်များကလည်း သဘောတူညီကြလိမ့်မည်ဟုထင်ပါသည်။

ထို့ကြောင့် 'ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ' ဟူသော ဘွဲ့တော်အပြင် ပဥ္စနိကာယကိုထပ်လောင်း၍ 'ဝိသိဋ္ဌပဥ္စ နိကာယ တိပိဋကဓရ၊ မဟာပဥ္စ နိကာယတိပိဋကကောဝိဒ' ဟူသောဘွဲ့ကို ထပ်ဆောင်း၍ ဖြည့်စွက်လိုက်မှသာ ပိုမိုလိုက်ဖက်နိုင်လိမ့်မည်ဟု ယူဆပါသဖြင့် ဆရာတော်ကြီး၏ ရာပြည့်ကာလတွင် ဖော်ပြလိုက်ပါသည်။

'ဝိသိဋ္ဌပဥ္စနိကာယ တိပိဋကဓရ၊ မဟာပဥ္စနိကာယ တိပိဋကကောဝိဒ' ဆရာတော်ကြီးပေတကား။ ။

ဦးညွန့်မောင်
ဓမ္မာစရိယ (B.A, R.L.)



စာရေးသူသည် ကျန်းမာရေးမှူးတစ်ဦးဖြစ်ပါသည်။ ကျန်းမာရေးမှူးသင်တန်း အမှတ်စဉ်-၆(၁၉၅၉/၆၁)သင်တန်း ဆင်းဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနပေါင်း ခုနစ်ဌာန တို့တွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကာ ၁၉၉၉-ခုနှစ်က အငြိမ်းစားယူခဲ့သူဖြစ်ပါသည်။ ကျန်းမာရေးဌာန ခုနစ်ဌာနအနက် တတိယမြောက်ဌာနဖြစ်သော စစ်ကိုင်းမြို့နယ် မင်းကွန်း ကျေးလက်ကျန်းမာရေးဌာနတွင် (၃၁-၇-၆၈)မှ (၃၀-၉-၇၃)ထိ ငါးနှစ်ခန့် ထူးခြားစွာ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

'ထူးခြားစွာ'- ဟု ဖော်ပြရခြင်းမှာ စစ်ကိုင်းမြို့နယ် မင်းကွန်းကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးရာထူးဖြင့် နောက်ဆုံးထမ်းဆောင်ခဲ့ရသော ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ နောင်အခါတွင် (၂၆-၉-၇၃)ရက်နေ့မှစ၍ ကျန်းမာရေးမှူးနေရာတွင် M.B.,B.S. ဘွဲ့ရ ဆရာဝန်က ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်ဖြင့် တာဝန်ယူ ကုသမှု ပြုရသောဌာနဖြစ်ခြင်း၊ ၎င်းတိုက်နယ်ဆေးရုံကို ဆောက်လုပ်ရာတွင် ကြီးကြပ်ဆောင်ရွက်ခွင့် ရခြင်း၊ ကျေးလက် ကျန်းမာရေးဆေးပေးခန်းတွင်လည်း အဆင့်မီနေထိုင်ခဲ့ရခြင်းနှင့် အထူးခြားဆုံးမှာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံခွင့်ရခြင်းတို့ သည် အထူးခြားဆုံးဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်ပါသည်။

မင်းကွန်းမဟာထေရ်၏

တုနှိုင်းမရသော မေတ္တာစေတနာတော်

ဦးကျော် (ကျန်းမာရေးမှူး)



မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ခြေတော်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ရစဉ်အတွင်း ဆရာတော်ကြီးနှင့် ပတ်သက်၍ နဂိုကြည်ညိုရင်းစွဲထက် ပိုမိုကြည်ညိုညွတ်တွားမှုများ ပေါ်ပေါက်ခဲ့ရပုံများကို ဖော်ပြသွားမည်ဖြစ်ပါသည်။

စာရေးသူ မင်းကွန်းကျန်းမာရေးဌာနသို့ (၃၁-၇-၆၈) ရက်နေ့တွင် ကျန်းမာရေးမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး လေးလခန့်အကြာ (၂၉-၁၁-၆၈)ရက်နေ့တွင် ဆရာတော်ကြီးထံမှ အောက်ပါအတိုင်း စာတစ်စောင် စာရေးသူထံ ပေးပို့လာပါသည်။ ၎င်းစာမှာ ဤသို့ဖြစ်ပါသည်။

နေ့စွဲ - ၂၉-၁၁-၆၈

မင်းကွန်းကျန်းမာရေးမှူးဒါယကာ
ဆရာကျော်ထံသို့

စာရေးမေတ္တာရပ်ပါသည်၊ အကြောင်းမှာ-

ရန်ကုန်အိမ်ကြီးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီအတွက် ပန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး ဆရာဝန်ဒေါက်တာဦးဟန်စောက (ဘူဒိုဒေါ)ခေါ် အားဆေးထိုးရန်အတွက်-

၁/ တနေ့တလုံး သုံးရက်ဆက်၍ ထိုးပေးရန်

၂/ ထို့နောက် သုံးရက်တလုံး သုံးရက်ထိုးပေးပါရန် ဆေးပို့လိုက်ပါသည်။

၎င်း ဆေးထိုးမှုကိစ္စအတွက် အထက်ပါညွှန်ကြားချက်အတိုင်း ပြည့်စုံစွာဖြစ်ရန် ဆရာကျော်က ကူညီစေလိုပါသည်။

နေ့မှာ မအားလပ်လျှင် ညကို အချိန်ယူ၍ ကူညီပေးစေချင်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေသတည်း-
ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်

ဆရာတော်ကြီး၏စာပါ ဆရာကြီးဒေါ်ဓမ္မစာရီမှာ ဆရာတော်၏ သာသနာ့မိခင်ကြီးဟု ခေါ်ဆိုနိုင်လောက်အောင် ဆရာတော်ငယ်ရွယ်စဉ်ကိုရင်ဘဝဖြင့် မြင်းခြံမှ မင်းကွန်းတောင်ရိုးသို့ ရောက်ရှိချိန်ကစတင်၍ ပြုစုပျိုးထောင်ပေးခဲ့သော ကောမာရဘြဟ္မစာရိနီသီလရှင် ဆရာကြီးတစ်ပါးပင် ဖြစ်ပါသည်။

အထက်ပါ ဆရာကြီး၏ကျန်းမာရေးအတွက် စာရေးသူအား ဆရာတော်က အမှာတော်လွှတ်ခြင်း ဖြစ်ပါသည်။ ထိုအခါ စာရေးသူ၏စိတ်အစဉ်တွင် နဂိုကြည်ညိုရင်းစွဲထက် ပိုမိုကြည်ညိုသဒ္ဓါတရားများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရပါသည်။ အကြောင်းမှာ စာရေးသူလိုသာမန်လူတစ်ယောက်အား ဆရာတော်ကဲ့သို့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကြီးက စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် ခေါ်စရာမလိုဘဲ ဓမ္မနာဒကျောင်းမှ ကိုရင်လေးတစ်ပါးဖြစ်စေ၊ စာရေးသူ၏လက်စွဲတော်လည်းဆရာ မင်းကွန်းတောင်ရွာမှဦးဘရီ (ယခုကွယ်လွန်) ကိုဖြစ်စေ စေလွှတ်ပြီး 'ဆရာကျော်အားတဲ့အချိန် ဆေးအိတ်နဲ့ ကျောင်းကိုတက်ခဲ့ဖို့' အမှာစကားမိန့်ရုံနှင့် စာရေးသူအနေဖြင့် ခေါင်းနှင့်ပြေးရပြေးရ ပြေးတက်မယ့်သူဖြစ်ပါသည်။ သို့ပါသော်လည်း ယခုကဲ့သို့ စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် စာရေးခေါ်တော်မူ၍ စာရေးသူအနေဖြင့် 'သြော် . . . နိဝါတတရား၊ နိမာနတရားတို့ဖြင့် ပြည့်စုံတော်မူသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ပါးပေတကား'ဟု တွေးတောမိပြီး ကြည်ညိုစိတ်များ ပိုမိုတိုးပွားလာခဲ့ရပါတော့သည်။

ဒေါက်တာဦးဟန်စော၏ ညွှန်ကြားချက်အတိုင်း (Inj: Budodouze) ခေါ် အားဆေးတစ်မျိုးကို ဆေးညွှန်းအတိုင်း ပြည့်စုံစွာဖြစ်စေရန် စာရေးသူမှဆောင်ရွက်ပေးရပါသည်။ ဆရာကြီးကိုဆေးထိုးနှံပေးစဉ်အတွင်း ဘွားဘွားကြီး (မင်းကွန်းတစ်နယ်လုံးမှ ဆရာကြီးဒေါ်ဓမ္မစာရီကို ဘွားဘွားကြီးဟု ခေါ်ကြပါသည်)၏ညီမ ဘွားဘွားလေး ဒေါ်ဣန္ဒစာရီမှ ဂါထာများတတွတ်တွတ် ရွတ်ဖတ်ပေးနေပါသည်။

နောက်ရက်များတွင် စာရေးသူကို 'ဆရာလည်းရွတ်ပါ'ဟု ဘွားဘွားလေးမှ တိုက်တွန်းပြောဆိုရင်း အောက်ပါ ဂါထာကို အလွတ်ရွတ်ဆိုနိုင်ရန် လေ့ကျင့်ပေးပြီး ဘွားဘွားကြီးအား ဆေးထိုးပေးတိုင်း ရွတ်ဆိုခဲ့ရပါသည်။

၎င်းဂါထာမှာ -

ဘဝသောတံ ဟဝေဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။

ဧတေန သစ္စဝဇ္ဇေန၊ ဗျာဓိတေ ဝူပသမ္မတု- ဖြစ်ပါသည်။

အနက်အဓိပ္ပာယ်မှာ - 'သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထားမြတ်စွာဘုရားသည် စင်စစ်ဧကန်အမှန်ပင် ဘဝသုံးသွယ် ရေပြင်ကျယ်ကို နိဗ္ဗာန်ထုတ်ခြောက်မှာကမ်း ရောက်အောင် ကူးမြောက်တော်မူပြီးလေပြီ (ဝါ) ကူးမြောက်တော်မူပြီးဖြစ်ရကား လောက၏အဆုံး နှလုံးကြည်ဖြူ ဆိုက်ရောက်တော်မူလေပြီ။ ခပ်သိမ်းသောတရား

ကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ ဝစီမင်္ဂလာဤသစ္စာစကားကြောင့် သင်(ဆရာကြီး)၌စွဲကပ်နေပါ အနာရောဂါသည် နေအလျှံကျောက် ဆီးနှင်းပေါက်သို့ မဖောက်ပုံသေ ပျောက်ငြိမ်းပါစေသတည်း။

အနက်အဓိပ္ပာယ်ကို ဓမ္မနာဒတိုက်မှ တိုက်ကြပ်ဆရာတော် ဦးဝေပုလ္လာစာရ (ယခု-မန္တလေးမြို့ ဇန်းမော်တိုက်၊ သဒ္ဓမ္မဝေပုလ္လတိုက်ကျောင်းဆရာတော်)က မြန်မာပြန်ပေးပါသည်။

မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကိုရည်မှန်း၍ အနာရောဂါများကို ပျောက်ကင်းအောင် သစ္စာပြုခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စာရေးသူအနေဖြင့် လူနာများအား ဆေးဝါးကုသတိုင်း အထက်ပါဂါထာကို စိတ်ထဲမှလည်းကောင်း၊ နှုတ်မှ ရွတ်ဆို၍လည်းကောင်း ကုသပေးလေ့ရှိပါသည်။ ထို့ကြောင့်ပင်ထင်သည် စာရေးသူ ကုသပေးသမျှလူနာတိုင်း မီးဇာကုန် ဆီခန်း ဝေဒနာရှင်များမှအပ အများအားဖြင့် ပျောက်ကင်း ချမ်းသာကြောင်း တွေ့ရှိရပါသည်။

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် ဖွားမြင်သည့် ဘွားဘွားကြီးသည် သက်တော် ၉၃-နှစ်အရွယ် ၁၃၃၃-ခုနှစ်၊ ဝါခေါင် လဆုတ် ၆-ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

၁၃၄၀ - ပြည့်နှစ်၊ တပို့တွဲလဆန်း ၄-ရက်နေ့တွင် မင်းကွန်းတောင်ရိုးရှိ ဘွားဘွားကြီးနေထိုင်ခဲ့သောချောင်တွင် နှစ် ၁၀၀-ပြည့်ပွဲကို ကျင်းပခဲ့ပါသည်။

နယ်ဒေသမရွေးတရားပွဲချီးမြှင့်လေ့ရှိခြင်း

မင်းကွန်းဆရာတော်ကြီး၏ နောက်ထပ်ထူးခြားမှုမှာ ဘာသာရေး သာသနာရေးကိစ္စများတွင် နယ်မရွေး၊ ဒေသမရွေး၊ပုဂ္ဂိုလ်မရွေး ကြွရောက်ချီးမြှင့်လေ့ရှိခြင်းပင်ဖြစ်ပါသည်။

စာရေးသူ မင်းကွန်းတွင်ရှိနေစဉ် တစ်နေ့သ၌ မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ် ဆားခါးရွာမှ တောင်သူဦးများဆိုသူသည် စာရေးသူထံအလည်လာပါသည်။ ၎င်းမှာ စာရေးသူတို့ဇနီးမောင်နှံ ဆားလင်းကြီးမြို့နယ် ဆားထုံးရွာတွင် တာဝန်ထမ်းဆောင်စဉ်က လိုအပ်သော အကူအညီများပေးခဲ့သူတစ်ဦးဖြစ်ပါသည်။ စာရေးသူက မင်းကွန်းဒေသရှိ တန်ခိုးကြီးဘုရားများဖြစ်သော မြသိန်းတန်စေတီ၊ စက်တော်ရာစေတီ၊ ပုထိုးတော်ကြီးဘုရား၊ ပုံတော်ဘုရားများနှင့် လူအိုမှ ခေါင်းလောင်းကြီးတို့သို့ ပို့ဆောင်ပေးပြီး တိပိဋကဓရဆရာတော်သီတင်းသုံးတော်မူရာ ဓမ္မနာဒကျောင်းတိုက်သို့ အဖူးအမြော်ပို့ဆောင်ပေးပါသည်။

ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဒေါးခန်းပြန်ရောက်သောအခါ ၎င်းက မကြာမီ သားများအား ရှင်ပြုမင်္ဂလာပြုလုပ်မည်ဖြစ်ကြောင်း၊ ထိုအလှူပွဲတွင် ဆရာတော်အား ဆားခါးရွာသို့ပင့်လျှောက်၍ တရားပွဲကျင်းပလိုကြောင်း စာရေးသူအား ပြောပါသည်။ စာရေးသူကလည်း ဆရာတော်အား ရိုရိုသေသေဖြင့် ဆားခါးရွာအလှူသို့ ကြွရောက်ပါရန် လျှောက်ထားပါသည်။ ဆရာတော်၏ အနွေ့ပါသိကတပည့် ဦးဝေပုလ္လစာရက ဆရာတော်၏ ဒိုင်ယာရီစာအုပ်တွင် 'ဆားခါးရွာ ကိုများအလှူသို့ ကြွရန်'ဟု သတ်မှတ်ရက်တွင် ကြိုတင် ရေးသွင်းမှတ်သားပေးတော်မူပါသည်။

သတ်မှတ်ထားသောအလှူရက်တွင် ဆရာတော်၏ ကပ္ပိယအဖြစ် စာရေးသူနှင့် ဦးလူပေါ် (ဆရာတော်၏ညီ တစ်ဝမ်းကွဲ၊ သံဖြူဂရွာ။ ယခုကွယ်လွန်)အပါအဝင် (စာရေးအမှတ်မမှားလျှင် မန္တလေးမြို့ ရွှေဝါပြည် လက်ဖက်ခြောက်တိုက်)မှလင့်ရိုဗာကားဖြင့် နံနက်ပိုင်းတွင် မန္တလေးမှ ထွက်ခွာကြပြီး ညနေပိုင်းတွင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဆားလင်းကြီးမြို့နယ် ဆားခါးရွာသို့ဆိုက်ရောက်ကြပါသည်။ ဆားခါးရွာတောင်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်အား ခေတ္တသီတင်းသုံးစေပါသည်။ ညပိုင်းတွင် အလှူဒါယကာ၏အိမ်ဝိုင်းအတွင်းရှိအလှူမဏ္ဍပ်တွင် ဆရာတော်က တရားပွဲချီးမြှင့်ပေးပါသည်။

နောက်တစ်နေ့နံနက်တွင်အရုဏ်ဆွမ်းဘုဉ်းပေးပြီး မန္တလေးသို့ပြန်လည်ကြွချီပါသည်။ လမ်းခရီးဖြစ်သော မုံရွာမြို့အရောက် ဦးထွန်းလှ+ဒေါ်ခင်ပုတို့၏ ရွှေဒေါင်းယဉ် သက်နန်းတိုက်၌ နေ့ဆွမ်းဘုဉ်းပေးရန် ခေတ္တရပ်နားကြပါသည်။ ဆရာတော်ဆွမ်းစားပြီး စာရေးသူ၊ ဦးလူပေါ်နှင့် ကားဆရာတို့ တိုက်အောက်ထပ် ထမင်းစားခန်းတွင် ထမင်းစားနေစဉ် ဦးထွန်းလှ+ဒေါ်ခင်ပုတို့ဇနီးမောင်နှံ ရောက်ရှိလာပြီး စာရေးသူကိုကြည့်ကာ 'ဆရာကျော်လား၊ ဆားခါးရွာ ကိုများက သူ့အလှူအတွက် သက်နန်းရောက်ရှိလာဝယ်ရင်း မင်းကွန်း တိပိဋကဓရဆရာတော် သူ့အလှူ ကြွမည့်အကြောင်း ပြောပါတယ်။ ကျွန်မတို့က မယုံဘူးလေ။ အခု ဆရာတော်ကအမိန့်ရှိမှ ဆရာကျော်ကတစ်ဆင့်ပင့်လို့ ကြွလာခဲ့ရကြောင်းသိရပါတယ်'ဟုစာရေးသူကို လာရောက်နှုတ်ဆက်ရင်း ပြောကြားပါသည်။

၎င်းကိုဇနီးမောင်နှံမှ ဆရာတော်၏ဓမ္မနာဒ ကျောင်းဝင်းအတွင်း သပ္ပာယကိုက်ကျောင်း ဆောက်လုပ်

လှူဒါန်းထားသော ကျောင်းဒါယကာဒါယိကာမများဖြစ်ပြီး ဆရာတော်အား ပထမဦးဆုံးအကြိမ် ကံထပ်ခွင့်ရသော ရဟန်းဒါယကာဒါယိကာမများဖြစ်ကြပါသည်။

မုံရွာမှဆက်လက်ထွက်ခွာလာရာ မင်းကွန်းရွာဆိပ်ကမ်းသို့ ညပိုင်းတွင်ပြန်လည်ရောက်ရှိပါသည်။ မင်းကွန်းရောက်သောအခါ စာရေးသူသည် ကမ်းနားရှိဆေးပေးခန်းတွင်ဆင်းကျန်ခဲ့ပြီး ဆရာတော်မှာ ဓမ္မနာဒကျောင်းတိုက်သို့ ပြန်အကြွ စာရေးသူကကန်တော့ရာ 'အင်း. . . ဆရာကျော်ကျေးဇူးကြောင့် ဘုန်းကြီး မုံရွာအနောက်ဘက်ကမ်းဆားခါးရွာကိုရောက်ခဲ့ဖူးပြီ၊ ဆရာကျော်ကို ကျေးဇူးတင်ပါတယ်'ဟု လမ်းပန်းဆက်သွယ်မှုကြောင့် ပင်ပန်းမှုကို မညည်းညူဘဲ ပြုံးပြုံးရွှင်ရွှင်အမိန့်တော်ရှိလိုက်ရာ စာရေးသူမှာ လှိုက်လှိုက်လှဲလှဲဝမ်းသာပီတိဖြင့် ကြည်နူးစိတ်များ ပိုမိုဖြစ်ထွန်းလာရပါတော့သည်။

အများအကျိုးကို
အစဉ်အလေးဂရုပြုတော်မူလေ့ရှိခြင်း

ဆရာတော်သည် အများအကျိုးအတွက် ကောင်းရာကိုသာ အစဉ်ဦးတည်စဉ်းစားလေ့ရှိသော အရှင်သူမြတ်ဖြစ်ပါသည်။

စာရေးသူတာဝန်ယူရသော ကျန်းမာရေးဌာနဆေးပေးခန်းသည် ယခင်က ကပ်မိုးကပ်ကာ အဆောက်အအုံမျှသာဖြစ်ပြီး ၎င်းဆေးခန်းတွင်ပင် ရဟန်းရှင်လူများအားပြုစု ကုသမှုပေးခဲ့ရပါသည်။ တစ်နေ့တွင် မုံရွာမြို့ ဒေါင်းယဉ်ပျံ စတိုးပိုင်ရှင် ဦးဘိုးမိုး+ဒေါ်ရွှေညွန့်တို့မှ ဆရာတော်ထံလာရောက်ပြီး ဓမ္မနာဒကျောင်းတိုက်ရှေ့အဝတွင် ခြသေ့်ကြီးနှစ်ကောင် ထုဆစ်ပူဇော်ခွင့်လျှောက်ထားရာ ဆရာတော်က ခြသေ့်ကြီးနှစ်ကောင်ကိုလက်မခံဘဲ မင်းကွန်းဒေသတွင် တကယ်အကျိုးများမည့် ကျန်းမာရေးဆေးပေးခန်းကို နိုင်ငံတော်အစိုးရသတ်မှတ်သော စံကိုက်ဆေးခန်းတစ်ခုလှူဒါန်းရန် ကြောင်းကျိုးပြဟောပြောမှုကြောင့် ပေါ်ပေါက်ခဲ့ရသောဆေးပေးခန်းဖြစ်ပါသည်။

ငါးခန်းလေးခန်း သွပ်မိုးနံကပ်အဆောက်အအုံဖြစ်ပြီး ညအိပ်ဧည့်သည်များအတွက်ရည်မှန်းကာ ခုတင်လေးလုံးကို မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံးများပါ အရန်သင့်လှူဒါန်းထားပါသည်။ ဝန်ထမ်းများအတွက် နေအိမ်အဆောက်အအုံများကို ကျန်းမာရေးမှူးအတွက် ဆေးခန်းဝင်းအရှေ့ဘက်ထိပ်တွင် ပျဉ်ထောင်ပျဉ်ခင်း အုတ်ကြွပ်မိုးနေအိမ်တစ်လုံးနှင့် ကျန် ဝန်ထမ်းများအတွက် ဝန်ထမ်းတန်းလျားတစ်လုံး၊ ဌာနစောင့်အတွက် နေအိမ်တစ်လုံး စသည်ဖြင့် အဆင့်မီ အဆင်တပြေ ဖြစ်အောင် စီမံဆောင်ရွက်ပေးတော်မူခဲ့ပါသည်။

ဆရာတော်သည် မင်းကွန်းမြေသို့ရောက်ရှိလာသော ဝန်ထမ်းတိုင်း အဆင်တပြေဖြစ်စေရန် အမြဲဖြည့်ဆည်းပေးတော်မူလေ့ရှိပါသည်။ ရေဝတီမြစ်ထဲမှ မြစ်ရေများကို မင်းကွန်းရွာရှေ့ရှိ ရေစုပ်စက်ဖြင့်စုပ်ယူကာ ဆေးပေးခန်းနှင့် ရဲစခန်းသို့ အမြဲစုပ်တင်ပေးတော်မူပါသည်။ မင်းကွန်းရွာ အလယ်တန်းကျောင်းကိုလည်း အထက်တန်းကျောင်းသို့ တိုးတက်ဖွင့်လှစ်ခွင့်ရအောင်နှင့် အဆောက်အအုံများပြည့်စုံမှုဖြစ်အောင် စီမံဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ယခု မင်းကွန်းတိုက်နယ်ဆေးရုံမှာလည်း မူလကျေးလက်ကျန်းမာရေးဌာနကို အဆင့်မြှင့်တိုးတက်ဖွင့်လှစ်ခွင့်နှင့် အဆောက် အအုံများပြည့်စုံမှုရှိစေခြင်းတို့မှာလည်း ဆရာတော်၏ဂုဏ်ကျေးဇူးများပင်ဖြစ်ပါသည်။

၁၉၇၁-ခုနှစ်အတွင်းက ဖြစ်ပါသည်။ တစ်နေ့တွင် မိုးကုတ်မြို့ မြို့မရပ်မှ ဦးဘရှင်းမိသားစုက ဆရာတော်ကျောင်းဝင်းအတွင်း၌ ဓမ္မာရုံကြီးတစ်ရုံ ဆောက်လုပ်လှူဒါန်းလိုကြောင်း လာရောက်လျှောက်ထားပါသည်။ ဆရာတော်က 'လက်ရှိ ဓမ္မာရုံနှစ်ခုရှိကြောင်း၊ နှစ်ခုရှိလျှင် တစ်ခုအပိုလိုဖြစ်နေကြောင်း၊ နောက်ထပ်သုံးခုဖြစ်လျှင် နှစ်ခုအပိုလိုဖြစ်နိုင်ကြောင်း၊ ဘုန်းကြီးအနေဖြင့် အလှူအတန်းများကို အကြီးအသေးအလိုက် လက်ရှိဓမ္မာရုံနှစ်ခုတွင် တစ်လှည့်စီကျင်းပရကြောင်း၊ ဒါကြောင့် ဓမ္မာရုံမလှူဘဲ ပိုပြီးအကျိုးများမည့် အဆောက်အအုံမလှူချင်ဘူးလား'ဟု မိန့်တော်မူပါသည်။ ဓမ္မနာဒကျောင်းတိုက်တွင် ၁။ ပင်လုံ ဒေါ်နုယဉ်လှူဒါန်းသော ပင်လုံဓမ္မာရုံနှင့် ၂။ ဗန္ဓုလ ဦးဆိုင်+ဒေါ်စောတင်တို့ လှူဒါန်းသော မဟာဗန္ဓုလဓမ္မာရုံ နှစ်ရုံရှိပြီးဖြစ်ပါသည်။

ဆက်လက်ပြီး ဆရာတော်က လက်ရှိကျန်းမာရေးဆေးပေးခန်းကိုအဆင့်မြှင့်ပြီး တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်လှူဒါန်းရန် ဟောကြားပါသည်။ ထိုအခါ ဦးဘရှင်းမိသားစုက ဆရာတော်စိတ်တိုင်းကျ မင်းကွန်းတွင် တိုက်နယ်ဆေးရုံဆောက်လုပ်လှူဒါန်းရန် ငွေကျပ်တစ်သိန်းတိတိပေးလှူ ရေစက်ချပါသည်။ ထပ်မံလိုအပ်ပါက ပေးလှူဦးမည်ဖြစ်ကြောင်း သဒ္ဓါတရားထက်သန်စွာ တာဝန်ယူပေးလှူကြပါသည်။



မင်းကွန်း တိုက်နယ်ဆေးရုံ

ဆရာတော်က လက်ရှိကျန်းမာရေးဆေးပေးခန်းကို အဆင့်မြှင့်ပြီး တိုက်နယ်ဆေးရုံအဖြစ်သို့ ဖွင့်လှစ်ခွင့်နှင့် ဆောက်လုပ်ခွင့်ရအောင် အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ ဆက်သွယ်ဆောင်ရွက်တော်မူပါသည်။ တစ်နေ့တွင် စာရေးသူထံသို့ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ စာတစ်စောင်ရောက်ရှိလာပါသည်။ စာပါအဓိပ္ပာယ်မှာ မင်းကွန်းတွင် ဖွင့်လှစ်မည့် တိုက်နယ်ဆေးရုံအတွက် လမ်းပန်းဆက်သွယ်မှု၊ အကျိုးခံစားရမည့် ကျေးရွာအုပ်စုပေါင်း၊ အိမ်ခြေပေါင်းနှင့် လူဦးရေပေါင်းစသည်များကို မြေပုံနှင့်တကွတင်ပြရန်တောင်းခံ ခြင်းဖြစ်ပါသည်။

ထိုစဉ်က မင်းကွန်းကျန်းမာရေးဌာနပိုင်တစ်ခုလုံးတွင် ကျေးရွာပေါင်း ၂၈-ရွာ၊ အိမ်ခြေပေါင်း/အိမ်ထောင်စုပေါင်း- ၂၆၂၅၊ လူဦးရေပေါင်း ၁၃၁၂၅-ဦးသာရှိပါသည်။ ချောင် အသီးသီးတွင် သံဃာတော် ၁၆၃-ပါး၊ သီလရှင် ၃၅၉-ပါး၊ ကိုရင် ၂၀၉-ပါး၊ ဖိုးသူတော်တစ်ပါးနှင့် မင်းကွန်းဘိုးဘွားရိပ်သာတွင် အဘိုး ၉၁-ဦးနှင့် အဘွား ၉၇-ဦးရှိကြပါသည်။

တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ခွင့်ရရန် လူဦးရေမပြည့်မီပါ။ ထို့ကြောင့် စာရေးသူမှ မင်းကွန်းရွာနှင့် မျက်နှာချင်းဆိုင်ဖြစ်သော ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများကိုပါထည့်သွင်း၍ ၎င်းတို့တည်နေရာ၊ အိမ်ခြေ၊ လူဦးရေများကို မင်းကွန်းအလကရှိ သုံးဆယ်ပေးရွာသား ဆရာဦးမြင့်ဆွေ(ယခုကွယ်လွန်)၏အကူအညီကိုရယူပြီး မြေပုံတစ်ချပ် ရေးဆွဲထည့်သွင်းကာ အထက်ရုံးသို့ပို့ဆောင်ပြီး ခွင့်ပြုမိန့်နှင့် ဆောက်လုပ်ခွင့်ရအောင် ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရာတွင် ကြီးကြပ်ဆောင်ရွက်ခွင့်ရခြင်း

မိုးကုတ်မြို့၊ မြို့မရပ် ဦးဘရှင်းလှူဒါန်းသောငွေကျပ်တစ်သိန်းကို ၁၆-၁-၇၂-ရက်တွင် ဓမ္မနာဒကျောင်းတိုက်၌ ဆရာတော်မှတစ်ဆင့် ထိုစဉ်က ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ဝန် ဦးတင်မောင်ကြီးထံ ပေးလှူပါသည်။ စံကိုက်ဆေးရုံအတွက် ကုန်ကျမည့်ငွေမှာ တစ်သိန်းနှစ်သောင်းဖြစ်သဖြင့် ထပ်မံလိုအပ်ငွေနှစ်သောင်းကိုလည်း ၁၆-၈-၇၂ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ မန္တလေးပြည်သူ့ဘဏ်တွင် အပ်နှံထားပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံကို ၁၉၇၂-ခုနှစ်၊ ဇွန်လ ၁၁-ရက်တွင် အုတ်မြစ်ချမင်္ဂလာပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါ မင်းကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရေးတွင် ဆရာတော်၏ တာဝန်ပေးချက်အရ ဓမ္မနာဒကျောင်းမှ ဘုန်းတော်ကြီး ဦးတေဇိန္ဒ (ယခုပျံလွန်တော်မူ)နှင့် စာရေးသူတို့မှ အနီးကပ် ကြီးကြပ်ဆောင်ရွက်ခွင့်ရခဲ့ကြပါသည်။ မင်းကွန်း တိုက်နယ်ဆေးရုံအတွက် လိုအပ်မည့်သဲများကို တိုက်နယ်ဆေးရုံအုတ်မြစ်မချမီကပင် မင်းကွန်းအုပ်စုအတွင်းရှိ ကျေးရွာပါတီစိတ်မှူးများ၊ ပါတီဝင်များ၏စည်းရုံးမှုအားဖြင့် ကျေးရွာများရှိ တောင်သူများမှ လှည်းများဖြင့် ၁၂-၅-၇၂-ရက်မှပင် စတင်၍လုပ်အားပေးခဲ့ကြပါသည်။

မင်းကွန်းအုပ်စုကင်းရွာမှ ၇၅-စီး၊ရှားရောင်းရွာမှ ၅၅-စီး၊ ရွာသစ်ရွာမှ ၃၀-စီး၊ မင်းကွန်း မြောက်ရွာမှ ၆၀-စီး၊ မင်းကွန်းတောင်ရွာမှ ၁၀၀-စီး၊ ထန်းမြင့် တောင်,မြောက်မှ ၁၂၀-စီးစသည်ဖြင့် တက်ကြွစွာတစ်ရက်စီ လုပ်အားပေး စုဆောင်းကြရာ စုစုပေါင်းလှည်းအစီး၄၄၀-စီး စုဆောင်း နိုင်ခဲ့ကြပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံကို စံကိုက်ဆောက်လုပ် ပြီး (၁၈-၇-၇၃)ရက်နေ့တွင် နိုင်ငံတော်အစိုးရကျန်းမာရေး ဌာနသို့ အပ်ပွဲနှင့်ဖွင့်ပွဲကို ကျင်းပနိုင်ခဲ့ကြပါသည်။ အဆိုပါ ဖွင့်ပွဲနေ့တွင် ရန်ကုန်မြို့မှ နိုင်ငံကျော်အနုပညာရှင်များ ဖြစ်ကြသော (ဦး)ဝင်းဦး၊(ဒေါ်)ချို့ပြုံး၊(ဒေါ်)တင်တင်မြ၊ စန္ဒရား(ဦး)လှထွဋ်နှင့် (ဒေါ်)ချို့ဝေလွင်တို့ဖြင့် ဧည့်ပရိသတ် များကို သီဆိုဖျော် ဖြေရာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ သာမက မန္တလေးမြို့ပေါ်မှပင် လာရောက်ကြည့်ရှုအားပေး ကြရာ ခြိမ့်ခြိမ့်သဲမျှ စည်ကားခဲ့ပါသည်။ ထိုအနုပညာရှင် များကို အနုပညာကြေး လုံးဝပေးဆောင်ရခြင်းမရှိဘဲ ဆရာတော်အား ကြည်ညိုသဒ္ဓါဖြင့် လာရောက်ဖြည့်ဆည်း ဖျော်ဖြေပေးကြခြင်းဖြစ်ပါသည်။

တိုက်နယ်ဆေးရုံဖွင့်ပွဲ လက်ခံပွဲကို ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဦးအောင်သိန်း ကိုယ်တိုင်တက်ရောက်လက်ခံဖွင့်လှစ်ပေးပါသည်။ ဖွင့်လှစ်ပွဲ ပြီးဆုံးချိန်ထိ အရပ်ရပ်ကုန်ကျစရိတ်မှာ ၁၆၄၉၅၄-ကျပ်၊ နှစ်-ပြားဖြစ်ပါသည်။ သို့သော် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးကော်မတီဝင် မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာ၏ ဆေးရုံ အဆောက်အအုံအရပ်ရပ် ကုန်ကျ စရိတ်ခန့်မှန်းတွက်ချက်ရာ ၁၈၉၀၄၅-ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် ခန့်မှန်းကုန်ကျငွေထက် အမှန်တကယ်ကုန်ကျ ငွေက ၂၄၀၀၀-ကျပ်(နှစ်သောင်းလေးထောင်ခန့် လျော့ နည်းနေကြောင်းနှင့် ထိုသို့လျော့နည်းရခြင်းမှာလည်း မင်းကွန်းဆရာတော်အား ကြည်ညိုသဒ္ဓါပွား၍ လုပ်အား ဒါနလှူဒါန်းကြခြင်းနှင့် ဝါယမစိုက်ထုတ် ကြိုးကြပ်လုပ်ကိုင် ကြသူများ၏ မကုန်ကျသင့်သည်တို့ကို မကုန်ကျစေရန် စေတနာထား၍ လုပ်ကိုင်ကြသည်တို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထိုပုဂ္ဂိုလ်အသီးသီးတို့အားကျေးဇူးတင် ကြောင်း မှတ်တမ်းတင်ရန်ဆုံးဖြတ်ကြကြောင်း(၃၁-၇-၇၃) ရက်နေ့တွင် စစ်ကိုင်းမြို့ လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော စစ်ကိုင်း မြို့နယ် မင်းကွန်းတိုက်နယ် ဆောက်လုပ်ရေးကော်မတီ၏ အစည်း အဝေးမှတ်တမ်းအမှတ်စဉ်(၇)တွင် ဆုံးဖြတ်အတည်ပြုထား ကြောင်း သိရှိရပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရာတွင် ဆရာတော်ကြီး၏ဆန္ဒတော်အတိုင်း ဒေသခံပညာရှင်များ ဖြစ်သော ရွာသစ်ရွာမှ ပန်းရန်ဆရာ ဦးဘလွန်း(ကွယ်လွန်)၊ မင်းကွန်း မြောက်ရွာမှ လက်သမားဆရာကြီးဘိုးကျော် (ကွယ်လွန်)နှင့် မင်းကွန်းမြောက်ရွာမှ လက်သမားဆရာ ဦးတင်မြင့် (ယခု အသက် ၈၁-နှစ်)တို့မှဦးစီး၍ စည်းစည်း လုံးလုံး ညီညီညာညာ တက်ကြွစွာဖြင့် စေတနာထား ဆောက်လုပ်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

တိုက်နယ်ဆေးရုံစတင်ဆောက်လုပ်စဉ် မြေတူး မြေဖို့မှစ၍ ပါဝင်လုပ်ကိုင်ခဲ့သော ထန်းမြင့်မြောက်ရွာမှ ဦးညိုတုပ် (ယခုကွယ်လွန်)နှင့် မောင်ဖိုးလုံး (ယခု ချောင်းမကြီးရွာ) တို့အား ၎င်းတို့ကြိုးစားမှု၊ ရိုးသားမှု၊ အနစ်နာခံမှု စသောဂုဏ်ပုဒ်များဖြင့်ပြည့်စုံကြောင်း လေ့လာတွေ့ရှိရ၍ ဆရာတော်ကြီး၏ လမ်းညွှန်မိန့်ကြားချက် အရ ၎င်းတို့နှစ်ဦးစလုံးတို့အား မင်းကွန်းတိုက်နယ်ဆေးရုံ တွင် လိုအပ်မည့် ဆေးရုံအလုပ်သမားများအဖြစ် ခန့်ထားနိုင်ရေးကို မြို့နယ်ဆရာဝန်ကြီးအား တင်ပြ၍ ဝန်ထမ်းအဖြစ်ခန့်ထားပေးနိုင်ခဲ့ပါသည်။ ၎င်းတို့အတွက် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံကို တိုက်နယ်ဆရာဝန် အဖြစ် တာဝန်ထမ်းဆောင်ရန် မုံရွာပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်ဒေါက်တာဦးရွှေအိုး (ဆေးရုံအုပ်ကြီး- ငြိမ်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့) ရောက်ရှိလာ ပါသည်။ စာရေးသူက ဒေါက်တာဦးရွှေအိုးအား ၂၆-၉-၇၃- ရက်တွင်အလုပ်ဝတ္တရားများလွှဲအပ်ပေးပြီး ၃၀-၉-၇၃-ရက် တွင် မင်းကွန်းမှ စွန့်ခွာထွက်ခွာခဲ့ပါသည်။

နောက်နေရာသစ်ဖြစ်သော ရွှေဘိုမြို့နယ်၊ ပလိုင်း ရွာသို့မပြောင်းရွှေ့မီ ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ ရန် ဓမ္မနာဒကျောင်းတိုက်သို့ရောက်ရှိရာ ဆရာတော်ကြီးက 'ဘုန်းကြီးတို့ တိုက်နယ်ဆေးရုံက ရွှေအိုးရတဲ့ဆေးရုံကွ၊ သိပ် ကံကောင်းတယ်'ဟု ဒေါက်တာရွှေအိုးအား ရည်ညွှန်းလျက် ဝမ်းပန်းတသာမက်လာယူမိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီးအား အနီးကပ်ဆွမ်းကပ်ခွင့် မကြာမကြာရရှိခြင်း

မင်းကွန်းတွင် တာဝန်ထမ်းဆောင်ခဲ့ရသော ၁၉၆၈- ခုနှစ်မှ ၁၉၇၃-ခုနှစ်ထိ နှစ်ပေါင်းငါးနှစ်အတွင်း စာရေးသူ၏ မွေးနေ့ဖြစ်သော နတ်တော်လဆန်း ၄-ရက်နေ့ ရောက်တိုင်း မင်းကွန်းဆရာတော်ကြီးအမှူးပြု၍ အရိယ

မဂ္ဂင်ချောင်ဆရာတော်ကြီး၊ဓမ္မနာဒကျောင်းတိုက်အုပ်ဆရာတော်ကြီး၊ အဘယ ရွှေဂူချောင်ဆရာတော်ကြီးနှင့် ရေဦးချောင်ဆရာတော်ကြီး စသည့် ထေရ်ကြီးဝါကြီး တန်ခိုးကြီး တန်ဖိုးကြီးဆရာတော်ကြီးများအား ဆွမ်းကွမ်းကိစ္စတတ်စွမ်းသမျှ ဆက်ကပ်လှူဒါန်းခွင့်ရခဲ့ပါသည်။ ယခုအခါအထက်ပါဆရာတော်ကြီးများအားလုံး ပျံလွန်တော်မူကြပြီဖြစ်ပါသည်။ ဝမ်းနည်းနှမြောဖွယ်ပင်ဖြစ်ပါသည်။

မင်းကွန်းတွင် တိုက်နယ်ဆေးရုံဆောက်လုပ်စဉ်ကာလအတွင်း တစ်နေ့တွင် ရန်ကုန်မြို့မှ မိသားတစ်စုသည် ဆရာတော်ထံအဖူးမြော်လာကြပါသည်။ ထိုစဉ်က ဆရာတော်သည် မင်းကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်နေမှုကို လာရောက်ကြည့်ရှုနေစဉ်နှင့်ကြုံပြီး ထိုနေ့ကဆရာတော်သည် စာရေးသူတို့ နေအိမ်ပေါ်တွင်ပင် ဆွမ်းဘုဉ်းပေးနေခိုက်ဖြစ်၍ အထက်ပါ မိသားစုသည် စာရေးသူတို့နေအိမ်ပေါ်တွင်ပင် ဆရာတော်အားဖူးမြော်ကန်တော့ခွင့်ရကြပါသည်။ ဆရာတော်က စာရေးသူတို့ဇနီးမောင်နှံအား ထမင်းဟင်းများပြည့်စုံမှုရှိလျှင် ထိုမိသားစုကိုထမင်းကျွေးရန် မိန့်ကြားပါသည်။

စာရေးသူတို့ကကျွေးမွေးဧည့်ခံပြီးသောအခါ ဧည့်သည်များက စာရေးသူတို့ဇနီးမောင်နှံအား 'ဆရာ၊ ဆရာမတို့ သိပ်ကံကောင်းကြောင်း၊ ဆရာတော်၏ ခြေတော်ရင်းတွင်လည်းနေရ၊ ဆွမ်းကွမ်းလည်း မကြာခဏကပ်ခွင့်ရသောကြောင့် သိပ်ကံထူးကြောင်း အကျိုးများကြောင်း၊ သူတို့အနေဖြင့် ရန်ကုန်ကပင်ဆရာတော်ကိုလာဖူးရာ ကျောင်းတွင်မရှိဘဲ ဆေးရုံဆောက်လုပ်ရာသို့ ကြွသွားကြောင်းသိရ၍ လိုက်လံဖူးမြော်ရကြောင်း' စသဖြင့် ဖွဲ့နွဲ့ပြောကြားပါသည်။

မန္တလေးမြို့ပေါ်တွင် ဆောက်လုပ်ပြီးစီးသွားသော စာရေးသူတို့၏ နေအိမ်သစ်တက်မင်္ဂလာကို (၁၈-၈-၉၁) ရက်နေ့တွင် ပြုလုပ်ရာ ဘုရားအနေကဇာတင်ခြင်း၊ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် သံဃာဆေးရုံတော်အတွက် ဆေးပဒေသာပင်ငွေများလှူဒါန်းခြင်းအမှု ပြုလုပ်ပါသည်။

ထိုအိမ်သစ်တက်မင်္ဂလာသို့ ဆရာတော်ကြီးကိုယ်တိုင်ကြွရောက်ပြီး ဘုရားအနေကဇာတင်ခြင်း လှူဒါန်းငွေကျပ် ၉၀၀၀ကိုအလှူခံပြီး ယာမအနုမောဒနာတရားများ ချီးမြှင့်ဟောကြားတော်မူပါသည်။

ယခုအခါ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ၁၃၇၃-ခုနှစ်၊တန်ဆောင်မုန်းလဆန်း သက်တော် ၁၀၀-ပြည့်ပြီဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဆရာတော်၏ သက်တော် ရာပြည့်ပူဇော်ပွဲတွင် ဆရာတော်၏ဂုဏ်ပုဒ်များကို ထိုက်တန်လျော်ညီအောင် မချီးကျူးတတ်ပါဘုရား။ ရှိသေကြည်ညို ပူဇော်ခြင်းမျိုးသာ ပြုလုပ်တတ်ပါသည်ဘုရား။

ဆရာတော်ကြီး တိပိဋကဓရဂုဏ်ထူးဆွတ်ခူးရရှိစဉ်က ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ချီးကျူးပူဇော်ပွဲကျင်းပပါသည်။ ထိုပူဇော်ပွဲတွင် ထိုစဉ်က သာသနာရေးဝန်ကြီးက ချီးကျူးပူဇော်လွှာဖတ်ကြားရာတွင် 'ချီးကျူးထိုက်သူကို ထိုက်တန်လျော်ညီအောင် မချီးကျူးတတ်လျှင် အန္တရာယ်ရှိတယ်လို့ ဗြဟ္မဇာလသုတ်တော်မှာ အထင်အရှားပြဆိုထားတာရှိပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော် အားပါးတရ မချီးကျူးရဲပါ ဘုရား၊ ရိုရိုသေသေ လေးလေးစားစား ကြည်ကြည်ညိုညို ပူဇော်ခြင်းမျိုးသာ ရဲရဲဝံ့ဝံ့ပြုလုပ်ပါက် ပါသည်ဘုရား'-ဟု လျှောက်ထားခဲ့ပါသည် ဘုရား။- စသည်ဖြင့် တိပိဋကဓရ ပုတ္တန္တပိကာသန်ကျမ်း (နှာ-၃၉၉)၌ ဖော်ပြထားသည်ကို ဖတ်ရှုရဖူးပါသည်။

ထို့ကြောင့် ဤဆောင်းပါးသည် စာရေးသူအနေဖြင့် ချီးကျူးလွှာမဟုတ်ပါဘုရား။ ရိုရိုသေသေကြည်ညိုခြင်းသာ ဖြစ်ကြောင်းပါဘုရား။ စာရေးသူ၏ ဉာဏ်ပညာနုံ့နည်းမှု၊ စာအရေးအသားမကျွမ်းကျင်မှု အားနည်းမှုတို့ကြောင့် ဆရာတော်ကြီးအပေါ်တွင် အဂါရဝရေးသက်ရောက်စေမည့် စကားလုံးစကားရပ်များ စာသားများပါရှိခဲ့လျှင် ဘုရားတပည့်တော်အား နိဗ္ဗူစံကျောင်း ကြုံပြောင်းစေ၍ ဆရာတော်က ခွင့်လွှတ်တော်မူပါရန် ရိုသေစွာလျှောက်ထား အပ်ပါသည် ဘုရား။ ။

ဦးကျော်(ကျန်းမာရေးမှူး)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ဟောကြားတော်မူသော တရားတော်များ

မြဝင်း (ဒဿန)



၁။

ကျွန်တော်သည် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်များကို နေ့စဉ်နာပါသည်။ ထိုသို့နာနိုင်ရန် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတိပ်ခွေများကို ရနိုင်သမျှ ရှာဖွေစုဆောင်းခဲ့ပါသည်။ ထိုသို့ရှာဖွေ စုဆောင်းခဲ့သဖြင့် တရားတိပ်ခွေအတော်များများ ရခဲ့ပါသည်။

ကျွန်တော် ရှာဖွေစုဆောင်းထားသော တရားတိပ်ခွေများတွင် ဆဋ္ဌသင်္ဂါယနာအမေးအဖြေ တရားတိပ်ခွေများလည်း ပါပါသည်။ သာသနာ့ချိန်ခွင်ကြီးလေးလက် တရားတိပ်ခွေများလည်း ပါပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့ တရားတိပ်ခွေများလည်း ပါပါသည်။ ထို့ပြင် အခြားအခြားသောတရားတိပ်ခွေများလည်း ပါပါသည်။ ထိုတရားတိပ်ခွေများကို ပျက်စီးဆုံးပါးခြင်းမရှိစေရန် အထူးဂရုပြု၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပါသည်။

၂။

ထိုတရားတိပ်ခွေများကို တစ်နေ့ တစ်ခွေကျ ဝတ်ထား၍ နာပါသည်။ တစ်ခါတစ်ရံ နှစ်ခွေအထိရောက်သွားတတ်ပါသည်။ တရားနာလိုသော ဓမ္မမိတ်ဆွေများအားလည်း ထိုတရားတိပ်ခွေများကို ငှားပါသည်။ ထို့ပြင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ဂေါပကအဖြစ် ကုသိုလ်ယူဆောင်ရွက်လျက်ရှိရာ ထိုတရားတိပ်ခွေများကို အများနာနိုင်ကြစေရန် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်မှနေ၍ ထိုတရားတိပ်ခွေများကို ဖွင့်ပေးရန်လည်း စီစဉ်ပေးပါသည်။

ဤတွင် အလျဉ်းသင့်သဖြင့် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်မှနေ၍ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတိပ်ခွေများဖွင့်ပေးပုံကို တင်ပြပါမည်။

နှစ်စဉ် တပေါင်းလဆန်း ၁-ရက်နေ့မှစ၍ ဝါဆိုလဆန်း ၁၄-ရက်အထိ ပဋ္ဌာန်းတရားတော်ကို ဖွင့်ပေးထားပါသည်။ ၂၀၀၈-ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ပဋ္ဌာန်းတရားတော်ကို နှစ်ရက်ခန့် အသံမစဲဖွင့်ပေးခဲ့ပါသည်။ 'စေတီတော်မြတ်ကြီးရင်ပြင်တော်မှ လွှင့်ထုတ်သော ပဋ္ဌာန်းတရားတော်သံကို ကြားနေရသဖြင့် စိတ်ထဲမှာလုံခြုံသွားပြီး အားတက်ရပါသည်'-ဟု မြို့သူမြို့သားများက ဝမ်းမြောက်ဝမ်းသာပြောကြပါသည်။

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မြန်မာ့အသံမှနေ၍ ဟောကြားတော်မူခဲ့သော ဗုဒ္ဓနေ့ အသံလွှင့်ဟောပြောချက်ကို ဖွင့်ပေးပါသည်။

နယုန်လပြည့် မဟာသမယနေ့တွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဦးဆောင်ရွတ်ဆိုထားသော မဟာသမယသုတ္တန်တရားတော်ကို ဖွင့်ပေးပါသည်။

ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလပတ်လုံး ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တရားတော်ကို ဖွင့်ပေးပါသည်။ ထိုသို့ဖွင့်ပေးနေရာ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သဖြင့် ဝါခေါင်လပြည့်နေ့၌ မေတ္တာတရားတော်ကိုပါဖွင့်ပေးပါသည်။ ထို့ပြင် သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ဖြစ်နေပြန်ရာ သီတင်းကျွတ်လပြည့်နေ့တွင် မဟာစည်ဆရာတော်ကြီးနှင့် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးတို့၏ ဆဋ္ဌသင်္ဂါယနာ အဘိဓမ္မာအမေးအဖြေတရားတော်ကို ဖွင့်ပေးပါသည်။ အခြားသောရက်များတွင် ပရိတ်ကြီး ၁၁-သုတ်တရားတော်ကိုဖွင့်ပေးပါသည်။

တစ်ခါသော် ဓမ္မမိတ်ဆွေတစ်ဦးက ကျွန်တော့်အား 'ဆရာတို့ ဘုရားကြီးပေါ်က မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ တရားတိပ်ခွေတွေကိုပဲဖွင့်နေတယ်၊ တခြားဆရာတော်တွေရဲ့ တရားတိပ်ခွေကိုကော မဖွင့်တော့ဘူးလား'ဟု မေးပါသည်။ ထိုအခါကျွန်တော်က 'မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးရဲ့တရားတိပ်ခွေတွေကိုဖွင့်ရတာက မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဟာ ပိဋကတ်သုံးပုံကို အာဂုံရော ရေးဖြေပါ ပထမဦးဆုံး ဂုဏ်ထူးနဲ့အောင်မြင်ခဲ့တဲ့ ဆရာတော်ကြီး ဖြစ်တယ်။ တိပိဋကဓရအရှင်မြတ်များရဲ့ ဖခင်လို့ဆိုနိုင်တယ်။ ဆဋ္ဌသင်္ဂါယနာမှာ အဖြေဆရာတော်အဖြစ်နဲ့ဆောင်ရွက်ခဲ့တဲ့ဆရာတော်ဖြစ်တယ်။ နောက်ပြီးတော့ ဗုဒ္ဓသာသနမူ မဟာဗုဒ္ဓဝင်ကျမ်းကြီးရေးသားခဲ့တဲ့ ဆရာတော်ဖြစ်တယ်။ နောက်ပြီးတော့ ဆရာတော်ကြီးရဲ့ အသံတော်ကလည်း ကြားရသူအပေါင်းအား သာသနာတော်ကို ကြည်ညိုစိတ်ဖြစ် ပေါ်လာစေတဲ့ အသံတော်ဖြစ်တယ်။ ဆရာတော်ကြီးဟာ ဂိုဏ်းပေါင်းစုံ ကြည်ညိုလေးစားခြင်းခံရတဲ့ ဆရာတော်ဖြစ်တယ်။ အဲဒီအချက်တွေကြောင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးရဲ့ တရားတိပ်ခွေတွေကိုပဲ

ဖွင့်ပေးနေတာပါ'-ဟူ၍ ရှင်းပြရပါသည်။ ထိုသို့ရှင်းပြသော အခါ ထိုဓမ္မမိတ်ဆွေသည် ကျေနပ်၍ ဝမ်းမြောက်ဝမ်းသာ သာခုခေါ် သွားပါသည်။

၃။

ကျွန်တော်ရှာဖွေစုဆောင်းထားသော တရားတိပ်ခွေများသည် နှစ်ကာလကြာလာသဖြင့် အသံများ မကြည်မလင် ဖြစ်လာပါသည်။ အချို့တိပ်ခွေများသည် တိပ်သားများကပ်၍ ဖွင့်မရဖြစ်လာပါသည်။ ကျွန်တော်သည် တရားတိပ်ခွေများ ပျက်စီးဆုံးပါးတော့မည်ကိုတွေး၍ စိတ်မကောင်းဖြစ်ရပါသည်။

ထိုစဉ် ရန်ကုန်မြို့ တိပိဋက = နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့က မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်များကို သင့်နိုးရာစုစည်း၍ 'ဟောစဉ်တရားတော်များ' ဟူသောအမည်ဖြင့် စာအုပ်များထုတ်ဝေလာခဲ့ပါသည်။ (ရန်ကုန်မြို့ တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာက စာအုပ်စာပေနှင့်အဖွဲ့ကိုအခေါ်ရလွယ်ကူစေရန် နောင်တွင် 'ရန်ကုန် တိ=နိအဖွဲ့'ဟု အသုံးပြုသွားမည်ဖြစ်ပါသည်။)။

ရန်ကုန်တိ=နိအဖွဲ့က ထိုသို့ စာအုပ်များထုတ်ဝေလာသောအခါ ကျွန်တော်သည် ပြောမပြတတ်အောင် ဝမ်းသာသွားပါသည်။ ရန်ကုန်တိ=နိအဖွဲ့က သာသနာ့ချိန်ခွင်ကြီး လေးလက် တရားတော်များအပါအဝင် ဆရာတော်ကြီး အနယ်နယ်အရပ်ရပ်မှာ ဟောကြားတော်မူခဲ့သော တရားတော်များကို သင့်နိုးရာစုစည်း၍ အတွဲ ၁၀-တွဲ ထုတ်ဝေခဲ့ပါသည်။

ရန်ကုန်တိ=နိအဖွဲ့က 'ဟောစဉ်တရားတော်များ' ထုတ်ဝေသလို မန္တလေး တိပိဋက=နိကာယ(ပင်မ) သာသနာပြု ဥပဋ္ဌာက မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဓမ္မဒေသနာများ ပြန့်ပွားရေးအဖွဲ့ကလည်း မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဟောကြားခဲ့သော တရားတော်များကို သင့်နိုးရာ စုစည်း၍ 'မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဓမ္မဒေသနာပေါင်းချုပ်' ဟူသောအမည်ဖြင့် စာအုပ်များထုတ်ဝေလာခဲ့ပါသည်။ (မန္တလေး တိပိဋက= နိကာယ(ပင်မ)သာသနာပြု ဥပဋ္ဌာက မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ဓမ္မဒေသနာများ ပြန့်ပွားရေးအဖွဲ့ကို အခေါ်ရလွယ်ကူစေရန် နောင်တွင်- 'မန်း တိ=နိအဖွဲ့'ဟု အသုံးပြုသွားပါမည်)။ မန်းတိ=နိအဖွဲ့သည် ဓမ္မဒေသနာပေါင်းချုပ် နှစ်တွဲ(အတွဲ-၁၊ အတွဲ-၂)ကို ထုတ်ဝေနိုင်ခဲ့သည် ဟုထင်ပါသည်။

၄။

ကျွန်တော်သည် ထွက်ပေါ်ခဲ့သမျှသော မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ တရားတော်စာအုပ်များကို စုဆောင်းခဲ့ရာ ရန်ကုန်တိ=နိအဖွဲ့ကထုတ်ဝေသော ဟောစဉ် တရားတော်များဆယ်တွဲနှင့် မန်းတိ=နိအဖွဲ့ကထုတ်ဝေသော ဓမ္မဒေသနာပေါင်းချုပ်နှစ်တွဲ၊ စုစုပေါင်းတရားတော် ၁၂-တွဲ ရခဲ့ပါသည်။ ထို ၁၂-တွဲတွင် တရားတော်ပေါင်း ၇၀-ခန့် ပါရှိပါသည်။

ကျွန်တော်သည် ဓမ္မဆောင်းပါးများကို ရေးနေသူဖြစ်ရာ ထိုအတွဲ ၁၂-တွဲ၌ပါရှိသော တရားတော်များကို မကြာမကြာ ကိုးကားရပါသည်။ ထိုသို့ကိုးကားရာတွင် ကိုးကားလိုသော တရားတော်ကို မည်သည့်အတွဲ၌ပါသည်ကို မသိသဖြင့် အတော်ရှာယူရပါသည်။ ထိုသို့ရှာရသဖြင့် ဆောင်းပါးရေးရာတွင် ကြန့်ကြာရပါသည်။ သို့ဖြစ်ရာ ကိုးကားလိုသော တရားတော်များကို အလွယ်တကူရှာဖွေနိုင်ရန် 'တရားတော်အညွှန်းစာ'ကို စီစဉ်ရပါတော့သည်။ ထိုတရားတော်အညွှန်းစာ၏ကျေးဇူးကြောင့် ကျွန်တော်ကိုးကားလိုသော တရားတော်များကို အလွယ်တကူရှာဖွေနိုင်ပါသည်။

တရားချစ်ခင်သူတော်စင်များသည်လည်း မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များကို အလွယ်တကူရှာဖွေနိုင်ကြစေရန် ထို'တရားတော်အညွှန်းစာ'ကို အက္ခရာစဉ်အတိုင်း ဖော်ပြအပ်ပါသည်။ 'တရားတော်အညွှန်းစာ'၌ 'ဟောစဉ်တရားတော်'ကို'ဟောစဉ်' ဟုလည်းကောင်း၊ 'ဓမ္မဒေသနာပေါင်းချုပ်'ကို 'ဒေသနာ'ဟု လည်းကောင်း အတိုကောက်အသုံးပြုထားပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များအညွှန်းစာ

စဉ်	တရားတော်	စာအုပ်အမှတ်	ထုတ်ဝေသူ
၁	ကထိန်အလှူခမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၂	ခေမာထေရီ (ပညာချိန်ခွင်)တရားတော်	ဟောစဉ်(ဆဋ္ဌမတွဲ)	ရန်ကုန် တိ-နိ
၃	ခုဇ္ဇုတ္တရာ (ပညာချိန်ခွင်)တရားတော်	ဟောစဉ်(နဝမတွဲ)	ရန်ကုန် တိ-နိ
၄	ဂဟဋ္ဌဝန္ဒနာသုတ္တန်နှင့် သလ္လသုတ္တန်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၅	စူဠကမ္မဝိဘင်္ဂသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၆	စူဠေကသာဋကဗြာဟ္မဏဝတ္ထုဓမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၇	စိတ္တသူကြွယ် (ပညာချိန်ခွင်)တရားတော်	ဟောစဉ်(အဋ္ဌမတွဲ)	ရန်ကုန် တိ-နိ
၈	ဆဆက္ကသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-နိ
၉	ဇောတိကမထေရ်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၁၀	တိရောကုဋ္ဋသုတ္တန်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၁၁	တေသကုဏဇာတ်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၁၂	တုဏ္ဍိလဝက်မင်းဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၁၃	ဒေဝသဒ္ဒသုတ္တန်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၁၄	ဒက္ခိဏဝိဘင်္ဂသုတ်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၁၅	ဒွယတာနုပဿနာသုတ္တန်တရားတော်	ဟောစဉ်(ဒသမတွဲ)	ရန်ကုန် တိ-နိ
၁၆	ဓမ္မစကြာတရားတော် *	ဟောစဉ်(ဒသမတွဲ)	ရန်ကုန် တိ-နိ
၁၇	နိမိကဏ္ဍသုတ္တန်တရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၁၈	နန္ဒမာတာ (သမာဓိချိန်ခွင်)တရားတော်	ဟောစဉ်(နဝမတွဲ)	ရန်ကုန် တိ-နိ
၁၉	နန္ဒသုတ္တန်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၂၀	ပတ္တကမ္မသုတ္တန်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၂၁	ဗဟုမီတရသုတ္တန်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၂၂	ဗဟုပုတ္တိကသောဏာထေရီဝတ္ထုတရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၂၃	ဗာဟိယသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-နိ
၂၄	ဗြဟ္မယာစနစာတမ်း	ဟောစဉ်(ဒသမတွဲ)	ရန်ကုန် တိ-နိ
၂၅	ဘာရဒွါဇသုတ္တန်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၂၆	မဟာကပိဇာတ်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၂၇	မဟာဂေါသိင်္ဂအင်ကြင်းတောဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၂၈	မဟာဓမ္မပါလဇာတ်တရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၂၉	မဟာသာရောပမသုတ္တန်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၃၀	မဟာသုဒဿနသုတ္တန်တရားတော်	ဟောစဉ်(ဒသမတွဲ)	ရန်ကုန် တိ-နိ
၃၁	မေဃိယသုတ္တန်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၃၂	မေတ္တာသုတ်ပရိတ်တရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၃၃	ရတနသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၃၄	ရေဝတီဝိမာနသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-နိ
၃၅	ရောဟိနီထေရီဂါထာတရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၃၆	ရဋ္ဌပါလသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-နိ

စဉ်	တရားတော်	စာအုပ်အမှတ်	ထုတ်ဝေသူ
၃၇	ရှင်ရာဟုလာတရားပေါင်းချုပ် **	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၃၈	ဝဿလသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-န
၃၉	ဝိဇယသုတ္တန်တရားတော်	ဟောစဉ်(စတုတ္ထတွဲ)	ရန်ကုန် တိ-နိ
၄၀	ဝိဿယှဇာတ်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၄၁	ဝမ္မိကသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၄၂	သဘိယသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၄၃	သရဏဂုံနှင့် ငါးပါးသီလတရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၄၄	သသပဏ္ဍိတဇာတ်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၄၅	သာခုသုတ္တန်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၄၆	သီလဝန္တသုတ္တန်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၄၇	သုမနသာမဏေရဝတ္ထုတရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၄၈	သုမနသုတ္တန်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၄၉	သံကိစ္စသာမဏေဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၅၀	သစ္စာလေးပါးဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၅၁	သဗ္ဗဒဂကိဒဒသုတ္တန်ဓမ္မဒေသနာ	ဒေသနာ(တွဲ-၁)	မန်း တိ-နိ
၅၂	ဟေမဝတသုတ္တန်တရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၅၃	ဟတ္ထကာဠဝကသီတင်းသည်တရားတော်	ဟောစဉ်(အဋ္ဌမတွဲ)	ရန်ကုန် တိ-နိ
၅၄	အနာထပိဏ္ဍိကောဝါဒသုတ္တန်တရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၅၅	အနတ္တလက္ခဏသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၅၆	အနှစ်လေးပါးတရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၅၇	အရဏဝိဘင်္ဂသုတ္တန်တရားတော်	ဟောစဉ်(ဒုတိယတွဲ)	ရန်ကုန် တိ-နိ
၅၈	အရှင်မောဂ္ဂလာန် (သမာဓိချိန်ထွင်)တရားတော်	ဟောစဉ်(ပဉ္စမတွဲ)	ရန်ကုန် တိ-နိ
၅၉	အရှင်သာရိပုတ္တရာ (ပညာချိန်ခွင်)တရားတော်	ဟောစဉ်(ပဉ္စမတွဲ)	ရန်ကုန် တိ-နိ
၆၀	အာဠဝကသုတ္တန်တရားတော်	ဟောစဉ်(တတိယတွဲ)	ရန်ကုန် တိ-နိ
၆၁	ဥရဂဇာတ်တရားတော်	ဟောစဉ်(သတ္တမတွဲ)	ရန်ကုန် တိ-နိ
၆၂	ဩကာသကန်တော့ခန်းနှင့်သီလယူရှင်းတမ်းတရားတော်	ဟောစဉ်(ပထမတွဲ)	ရန်ကုန် တိ-နိ
၆၃	ဥဂ္ဂသေနဝတ္ထုဓမ္မဒေသနာ	ဒေသနာ(တွဲ-၂)	မန်း တိ-နိ
၆၄	ဥပ္ပလဝဏ္ဏာထေရီ (သမာဓိချိန်ခွင်)တရားတော်	ဟောစဉ်(ဆဋ္ဌမတွဲ)	ရန်ကုန် တိ-နိ

* 'မန်းတိ-နိ'ကထုတ်ဝေသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအရှင်ဝိစိတ္တသာရာဘိဝံသ ဓမ္မဒေသနာပေါင်းချုပ် အတွဲ-၂ ၌ 'ဓမ္မစကြာဓမ္မဒေသနာ'ဟု ပါရှိပါသည်။

** ရာဟုလာတရားပေါင်းချုပ်တွင် (၁)အဘိဏှရာဟုလောဝါဒသုတ္တန်၊ (၂) ရာဟုလသံယုတ်ဒေသနာတော်၊ (၃)ရာဟုလာဝိပဿနာကိုယ်ဝန်သားတည်သော ရာဟုလာသံယုတ်၊ (၄)ရာဟုလာအား ဘုရားအလိုလိုဟောအပ်သောတရားဆယ်သုတ်၊ (၅)အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်၊ (၆) မဟာရာဟုလောဝါဒသုတ္တန်၊ (၇) စူဠရာဟုလောဝါဒသုတ္တန် -ဟူ၍ တရားခုနစ်ပုဒ်ပါရှိပါ သည်။

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ပါသည်ဘုရား။ ။

မြဝင်း (ဒဿန)

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်

ကျွန်တော်ကိုယ်တိုင်သိသော

ဆရာတော်ကြီးဦးဝိစိတ္တ

နေဝင်း(လန်ဒန်)

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇက မဟာဗုဒ္ဓဝင်ကျမ်းပြု သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသဆိုပါလျှင် ဗုဒ္ဓဘာသာဝင်တိုင်း မသိသူ မရှိသလောက်ဖြစ်ပါသည်။ ဆရာတော်ကြီးဦးဝိစိတ္တကို ကျွန်တော်သိရသည်မှာ ထိုဂုဏ်ထူးဘွဲ့ထူး လုပ်ဆောင်ချက်များကြောင့်မဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် ရင်းရင်းနှီးနှီး ဆရာတော်ကြီးကို သုံးကြိမ်သုံးခါဖူးတွေ့ခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မြင်းခြံမြို့နယ် သဲဖြူဝဇာတိဖြစ်ပြီး မြင်းခြံမြို့ မင်းကျောင်းမှစတင်၍ ပရိယတ္တိနယ်ထဲသို့ ထိုးဖောက်ထွန်းတောက်အောင်မြင်ခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်သည့်အားလျော်စွာ မြင်းခြံမြို့နှင့်တကွ မြို့သူမြို့သား နယ်သူနယ်သားများအပေါ် မေတ္တာတော်အထူးထားပုံရပါသည်။ မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူစေတီတွင်ကျင်းပသော ဝိနည်းစာပြန်ပွဲကိုဖြစ်မြောက်အောင် ဦးဆောင်ခဲ့ပြီးနောက် ထိုကိစ္စနှင့်ပတ်သက်၍ နှစ်ကျိပ်ဆူစေတီတော်တွင် တရားပွဲများနှစ်စဉ်ချီးမြှင့်ဟော ကြားပေးတော်မူရာ ထိုတရားပွဲများသို့ စာရေးသူ မကြာခဏ သွားရောက်နာယူခဲ့ဖူးပါသည်။ ဤသို့နာယူရာမှအစ ဆရာတော်ကြီးအား အထူးကြည်ညိုခဲ့ပြီး မိမိ၏သားရှင်ပြုအလှူကို ဆရာတော်ကြီးအားပင့်မည်ဟု အခိုင်အမာဆုံးဖြတ်ခဲ့ပါသည်။

ဤသို့ဆုံးဖြတ်ခဲ့သည့်အားလျော်စွာ သားကြီးမောင်ထိန်ကြည်လင်းကို ရှင်ပြုရန်အချိန်တန်လာသည့် ၁၃၃၂-ခုနှစ်ထဲတွင် မိဘဆွေမျိုးအကြီးအကဲများနှင့် တိုင်ပင်ပြီး အလှူရက်ကို ၁၃၃၃-ခုနှစ်၊ တန်ခူးလတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ အလှူအတွက် အဓိကရည်မှန်းချက်မှာ ဆရာတော်ကြီးဦးဝိစိတ္တ၏အထူးတရားပွဲတစ်ရက်ကျင်းပနိုင်ရေး၊ အလှူတွင် ဆရာတော်ကြီး တရားဟောရေစက်ချ ဆောင်ရွက်ပေးရေးတို့ဖြစ်ပါသည်။ ဆရာတော်မှာ မြင်းခြံမြို့သို့ မကြာခဏ ကြွရောက်တတ်ပြီး မင်းကျောင်းတိုက်ကြီးအတွင်းရှိ ဆရာတော်ဦးသူရိယ၏ ရာဟုဒေါင့်ကျောင်းတွင် တည်းခိုသီတင်း သုံးမြဲဖြစ်ပါသည်။ ရာဟုဒေါင့်ကျောင်းရှေ့ မန်ကျည်းပင်ရိပ်၌ရှိသည့် ဝါးကွပ်ပျစ်ပေါ်တွင် ဆရာတော်ဦးဝိစိတ္တနှင့် ဆရာတော်ဦးသူရိယတို့ ထိုင်ပြီးစကားပြောဆိုနေလေ့ရှိကြပါသည်။

ကျွန်တော်စီစဉ်ထားသည့်အလှူမတိုင်မီ တစ်နှစ်နီးပါးကပင် ဆရာတော်ဦးဝိစိတ္တ မင်းကျောင်းတိုက် ရာဟုဒေါင့်ကျောင်းသို့ရောက်ရှိစဉ် ကျွန်တော် သွားရောက်ဖူးမြော်ပြီး တရားပွဲတစ်ပွဲနှင့် အလှူတရားဟော၊ ရေစက်ချ ချီးမြှင့်ပေးနိုင်မည့်ရက်များပေးပါရန် လျှောက်ထားပါသည်။

ဆရာတော်ကြီးမှာ နိုင်ငံကျော်ဆရာတော်ကြီးဖြစ်သဖြင့် တစ်နှစ်နီးပါးခန့်ကြိုတင်၍ ရက်တောင်းပါမှ ရက်ရနိုင်ပါသည်။ ဆရာတော်က ၎င်းတရားပွဲနှင့် အခြားအစီအစဉ်များ ရေးမှတ်ထားသောမှတ်တမ်းကိုယူပြီး ၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂-ရက်နေ့တွင် တရားပွဲချီးမြှင့်ပေးမည်ဖြစ်ပြီး၊ တန်ခူးလပြည့်ကျော် ၄-ရက်နေ့တွင် အလှူတရား ဟော၊ ရေစက်ချ ဆောင်ရွက်ပေးမည်ဟု အမိန့်ရှိပါသည်။ ဆရာတော်ပေးသောရက်များတွင် ရှင်ပြုအလှူကြီးပြုလုပ်သည့် ၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄-ရက်နေ့မှာ ပြဿဒါးရက်ကြီးဖြစ်နေသဖြင့် စာရေးသူ၏စိတ်ထဲတွင် ထင့်သွားပြီး မဝံ့မရဲဖြင့်ပင် ဆရာတော်ကြီးအားထိုနေ့မှာ ပြဿဒါးရက်ဖြစ်သဖြင့် အခြားတစ်ရက်ကိုပြောင်းပြီး ချီးမြှင့်ပေးပါရန်လျှောက်ထားရာ ဆရာတော်က 'ဒကာ၊ ဘာမျှ ပူပင်ကြောင့်ကြခြင်းမဖြစ်လင့်။အလှူဒါနပြုတယ်ဆိုတာ ပြဿဒါး, ရက်ရာဇာ ရွေးစရာမလို။ အလှူဒါနပြုသော နေ့ရက်အချိန်အခါသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်ရက်ကောင်းသာဖြစ်သည်'ဟု အမိန့်ရှိတော်မူသဖြင့် စာရေးသူလည်း ဆက်လက်လျှောက်ထားရန် မဝံ့တော့ဘဲ ထိုရက်မှာပင် အလှူတော်မင်္ဂလာကိုကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤသို့ဖြင့် တစ်နှစ်ခန့် အလှူအတွက်ကြိုတင်ပြင်ဆင်ခဲ့ပြီး ၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂-ရက်နေ့တွင် ဆရာတော်ဦးဝိစိတ္တ၏ညတရားပွဲဖြင့် အလှူကိုစတင်ခဲ့ပါသည်။ လပြည့်ကျော် ၃-ရက်နေ့တွင် စိန်ကြည်လေး၊ စံမတူ၊ စိန်ဗဒင်၊ စိန်မြင့်အောင်၊ စိန်လှထွန်း၊ စိန်လက်သန်း၊ စိန်သန်းဋ္ဌေးတို့၏ မင်္ဂလာဆိုင်း ခုနစ်ဆိုင်းဖြင့် တစ်ပြိုင်တည်းဗျောရိုက်၍အလှူဝင်ခဲ့ပါသည်။

ဆိုင်းခုနစ်ဆိုင်း အလှည့်ကျတီးကြသဖြင့် ထိုနေ့ညတွင် ဆိုင်းနားထောင်လာကြသူပရိသတ်များ တိုးမပေါက်အောင်ပင် စည်ကားလှပါသည်။ စာရေးသူမှာ ဤမျှများပြားသောပရိသတ်များအား ခိုက်ရန်ဒေါသ မဖြစ်ကြစေရန် တောက်လျှောက်မေတ္တာဘာဝနာကို ပွားများခဲ့ရပါသည်။

အလှူဝင်ညတွင် စည်စည်ကားကား ပျော်ပျော်ပါးပါးဖြင့်ပြီးစီးအောင်မြင်ခဲ့ပြီး ပြဿဒါးနေ့ဖြစ်သောအလှူကြီးနေ့တွင်လည်း ဖိတ်ကြားထားသော ဧည့်ပရိသတ်တစ်ထောင်ကျော်တို့အား သက်သတ်လွတ်ထမင်းဟင်း



မြင်းခြံမြို့
မင်းကျောင်းတိုက်ဆရာတော်
ဦးသုရိယပူဇော်ပွဲ၌
မင်းကွန်းဆရာတော်ကြီးအား
ဖူးတွေ့ရပုံ

ကျွေးမွေးဧည့်ခံခြင်း၊ သံဃာတော်များအား သက်သတ်လွတ်ဆွမ်းကပ်လှူခြင်းနှင့်တကွ ပရိက္ခရာရှစ်ပါးအစုံစုံနှင့် အခြားလှူဖွယ်ဝတ္ထုများ အောင်မြင်စွာလှူဒါန်းနိုင်ခဲ့ပါသည်။

ဆရာတော်ဦးဝိစိတ္တကလည်း အံ့ဖွယ်ရှစ်ဖြာသာသနာဆိုသော တရားတော်ဖြင့်ချီးမြှောက်ပြီး ရေစက်ချအမျှဝေကာ အလှူတော်ကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ သံဃာတော်များနှင့်တကွ ဧည့်ပရိသတ်များအသီးသီးပြန်ကြပြီးနောက် မဏ္ဍပ်ဆရာအား မဏ္ဍပ်ဖျက်ချိန်ရောက်မှ လေပြင်းကျလာခဲ့ရာ မဏ္ဍပ်ကို လေနတ်သားကပင်ကူညီ၍ ဖျက်ပေးသကဲ့သို့ဖြစ်သည်ကို အံ့သြဖွယ်တွေ့ရပါသည်။

ဆရာတော်ကြီးနှင့် ရင်းနှီးစွာတွေ့ဆုံရသောဒုတိယအကြိမ်မှာ ဒုတိယသား မောင်သိန်းဇော်ဝင်းကိုရှင်ပြုစဉ်က ဖြစ်ပါသည်။ ထိုရှင်ပြုအလှူကို တောင်သာမြို့၊ ရေလယ် ပရိယတ္တိစာသင်တိုက်ကြီးတွင် ၁၉၈၁-ခုနှစ်၊ နိုဝင်ဘာလ ၃၀- ရက်နေ့တွင်ကျင်းပပါသည်။ ထိုစဉ်က စာရေးသူမှာ လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်၍ မြန်မာနိုင်ငံသို့ ခွင့်ရက်ရှည်ယူပြီးပြန်ခဲ့ခြင်းဖြစ်ပါသည်။

အလှူနေ့ နံနက်ပိုင်းတွင် ရေလယ်ကျောင်းဆရာတော်ကြီးဦးနန္ဒ၊ ထိုစဉ်က သံဃာ့မဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးဦးသောဘိတ (နောက်ပိုင်းတွင် သံဃာ့မဟာ နာယကဥက္ကဋ္ဌ ဖြစ်သွားသည်)နှင့် ဆရာတော်ကြီးဦးဝိစိတ္တတို့ သုံးပါးထိုင်၍စကားပြောနေစဉ် အင်္ဂလန်တွင် နောက်ဆုံးပေါ် ဖိလစ်အမျိုးအစား လျှပ်စစ်ခေါင်းရိတ်စက်ကို ဆရာတော်ဦးဝိစိတ္တအားလှူဒါန်းပါသည်။

စာရေးသူက 'ဒါဟာ နောက်ဆုံးပေါ် ဖိလစ်အမျိုးအစား ခေါင်းရိတ်စက်အကောင်းစားပါဘုရား၊ အရှင်ဘုရားကို လှူဒါန်းရန်အတွက် တပည့်တော် လန်ဒန်မှ ဝယ်ယူခဲ့တာပါ ဘုရား'ဟု လျှောက်ထားရာ ဆရာတော်ဦးဝိစိတ္တက ခေါင်းရိတ်စက်အား အမြတ်တနိုးကိုင်တွယ်ကြည့်ရှုပြီး 'ခေတ်ပေါ် လျှပ်စစ်ခေါင်းရိတ်စက်ဆိုတော့ ကောင်းပုံရပါ့ဗျာ၊ ဘုန်းကြီးတို့က မင်းကွန်းတောရမှာနေတဲ့ဘုန်းကြီးဆိုတော့ ဒီလိုခေတ်ပေါ်တွေနဲ့ မတော်ပါဘူး၊ မြို့ဘုန်းကြီးဖြစ်တဲ့ ဆရာတော်ဦးသောဘိတအသုံးပြုရန် တပည့်တော်က တစ်ဆင့်လှူဒါန်းပါသည်ဘုရား'ဟု ပြောပြောဆိုဆို အနီးရှိဥက္ကဋ္ဌဆရာတော်ကြီး ဦးသောဘိတလက်သို့ ပေးအပ်လှူဒါန်းပါသည်။

ဆရာတော်ကြီးဦးသောဘိတက 'အို . . . ကိုယ်တော် မလုပ်ပါနဲ့ဘုရား၊ တပည့်တော်လက်မခံပါရစေနဲ့၊ ကိုယ်တော်ပဲ အသုံးပြုပါ'ဟု ပြန်လည်ငြင်းဆိုပေးအပ်သောအခါ ဆရာတော်ဦးဝိစိတ္တက 'ဒီပစ္စည်းဟာ ဒကာဦးနေဝင်းက တပည့်တော်ကို လှူဒါန်းသဖြင့် တပည့်တော်ပိုင်ပစ္စည်းဖြစ်ပါပြီ။ တပည့်တော်၏ပစ္စည်းကို ဆရာတော်အား စေတနာဖြင့် လှူဒါန်းခြင်းကို ချီးမြှောက်သည့်အနေဖြင့် လက်ခံတော်မူပါ ဘုရား'ဟု ပြန်လည်လျှောက်ထားလှူဒါန်းခဲ့ရာ ဥက္ကဋ္ဌဆရာတော်ကြီးဦးသောဘိတက အလှူပစ္စည်းခေါင်းရိတ်စက်ကို လက်ခံလိုက်ရပါသည်။

'ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း' ဟူသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ စကားအရ ပစ္စည်းလေးပါးအပေါ်၌ တွယ်တာတပ်မက် နှစ်သက်မှုကင်း စွဲလမ်းခြင်းမရှိဘဲ အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံသော ဆရာတော်ကြီးတစ်ပါးဖြစ်သည်ကိုမူ အထူးရေးသားရန်လိုမည်မဟုတ်ပါ။

ဆရာတော်ကြီးဦးဝိစိတ္တမှာ သူမတူအောင် ပိဋကတ် ဘက်တွင် ထူးချွန်ပေါက်မြောက်သော်လည်း ရိုးရိုးကုပ်ကုပ်နေထိုင်သော တောနေဘုန်းကြီးတစ်ပါးအတိုင်း သာလျှင် ရာသက်ပန်နေထိုင်သွားခဲ့သည်မှာ စာရေးသူ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

နေ့လယ်ပိုင်းတွင် သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ သားငယ်အားရှင်ပြုခြင်းနှင့် ဆရာတော်ဦးဝိစိတ္တ၏ တရားတော်ကိုနာကြားပြီး ရေစက်ချအမျှဝေခြင်းဖြင့် ထိုအလှူ ကိစ္စလည်း ပြီးစီးအောင်မြင်ခဲ့ပါသည်။

ဆရာတော်ကြီးအား တတိယအကြိမ် တွေ့ဆုံဖူးမြော်ရခြင်းမှာ ၁၉၈၈-ခုနှစ်၊ ဇန်နဝါရီလကဖြစ်ပါသည်။ ထိုစဉ်က စာရေးသူမှာ ဘီဘီစီတာဝန်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခိုက်ဖြစ်ပြီး ဆရာတော်ကြီးများအား တွေ့ဆုံလျှောက်ထားမေးမြန်းမှုများကို အသံသွင်းယူနေချိန် ဖြစ်ပါသည်။

ကမ္ဘာအေးဘုရားလမ်းရှိ မြင့်မြင့်ခိုင် ဓာတ်ပုံတိုက် ပိုင်ရှင် ဦးအုံးရွှေ၊ နန်ယန်ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းနှင့် အထူးကုဆရာဝန်ကြီးဦးသာလှတို့ အကူအညီဖြင့် ဇန်နဝါရီလ ၈-ရက်နေ့တွင် ဆရာတော်ကြီးအား တွေ့ဆုံလျှောက်ထား မေးမြန်းနိုင်ခဲ့ပါသည်။ ထိုစဉ်က ဆရာတော်မှာ သက်တော် ၇၇-နှစ်ရှိပြီဖြစ်ပါသည်။

တွေ့ဆုံလျှောက်ထားခန်းအပြီးတွင် ကျွန်တော်က 'အရှင်ဘုရား၊ အင်္ဂလန်နိုင်ငံကို ခေတ္တတရားဟောကြွရောက်နိုင်ပါက ပင့်ဖိတ်လိုပါသည်'ဟုလျှောက်ထားရာ ဆရာတော် ဦးဝိစိတ္တက 'ဒကာကြီး၊ ဘုန်းကြီးမှာ သာသနာရေးတာဝန်ကိစ္စများဖြင့် လုံးဝမအားလပ်နိုင်အောင်ရှိပါသည်။ ဒီသာသနာ့တာဝန်တွေကိုပစ်ပြီး ခေတ္တခဏတောင် နားဖို့သော် လည်းကောင်း၊ အဲဒီလိုခရီးမျိုးထွက်ဖို့သော်လည်းကောင်း အချိန်မပေးနိုင်ပါ။ အင်္ဂလန်ကိုမပြောနဲ့ ဗုဒ္ဓဂါယာတို့ မဇ္ဈိမဒေသ ဘုရားဖူးတို့ကြွရန် ပင့်လျှောက်ချက်များကိုပင် ဘုန်းကြီး လက်မခံခဲ့ပါ။ ဘုန်းကြီးက ပင့်လျှောက်သူတွေကို ပြောရတယ်။ နိုင်ငံအပြင်ထွက်ပြီး ဘုရားဖူးရတယ်ဆိုတော့ ဒီက မဟာမြတ်မုနိကိုယ်တော်ကြီးတို့, ရွှေတိဂုံစေတီတော်ကြီးတို့ကိုအားနာစရာဗျာ။ ဒီမှာရှိတဲ့ ရွှေတိဂုံစေတီတော်ကြီးတို့, မဟာမြတ်မုနိကိုယ်တော်ကြီးတို့ကိုပဲ သက်ရှိထင်ရှား ဘုရားရှင်အဖြစ်ရည်စူး၍ ဖူးမြော်နေပါတယ်ဗျာ-လို့ ပြောရတယ်'ဟု အမိန့်ရှိရာ စာရေးသူလည်း အင်္ဂလန်ပင့်ရေး လက်လျှော့လိုက်ရပါသည်။ ဆိုလိုသည်မှာ ဆရာတော်ကြီး ဦးဝိစိတ္တသည် သာသနာရေးကိုသာ အဓိကဦးစားပေး ဆောင်ရွက်ကြောင်း ထင်ရှားစေသည့်သာဓကဖြစ်ပါသည်။

ပိဋကတ်ပညာ သူမတူအောင်တတ်သိပြီး နိုင်ငံကျော် ကမ္ဘာကျော်ဖြစ်သော်လည်း ပျံလွန်တော်မူသည်အထိ ရိုးရိုးကုပ်ကုပ်ဖြင့် သာသနာရေးတစ်ခုတည်းအတွက်သာ စွမ်းစွမ်းတမံဆောင်ရွက်သွားတော်မူရှာသော ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ အပ်ပါကြောင်း။ ။

နေဝင်း(လန်ဒန်)



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏
လက်အုပ်အစုံ

ဝဏ္ဏသီရိ

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ဖူးတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက် လက်အုပ်ချီပြီးဖြစ်နေကြသော လမ်းပေါ်ကပရိသတ်သည် ဆရာတော်ကြီးကိုယ်တိုင်ကလည်း လက်အုပ်အစုံချီထားသည်ကို တွေ့လိုက်ကြရပါ၏။

ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီးမှစတင်၍ တစ်ဟုန်ထိုးကျော်ကြားလာခဲ့သော ဆရာတော်ကြီး၏ဂုဏ်သတင်းက အရှိန်လျော့သွားသည် မရှိခဲ့ပါ၊ မှေးမှိန်သွားသည်မရှိခဲ့ပါ။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးတွင် ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ်ဖြင့် ပုစ္ဆကပုဂ္ဂိုလ် မဟာစည်ဆရာတော်ကြီး၏ မေးလေသမျှကို ကျကျနနဖြေကြားခဲ့၏။ အမေးပုစ္ဆာမှာပါဝင်သည့် အကြောင်းအရာနှင့်သက်ဆိုင်သမျှ ကျမ်းဂန်အဆိုအမိန့်များဖြင့် ပြည့်ပြည့်စုံစုံဖြေကြားခဲ့၏။ ငြိမ့်ညောင်းသာယာသည့် အသံနေအသံထားဖြင့် ပရိသတ်အပေါင်းတို့ ကြည်ညိုသဒ္ဓါတရားတိုးပွားအောင် စွမ်းဆောင်နိုင်ခဲ့၏။

ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီး၏နောက်တွင်လည်း မဟာဗုဒ္ဓဝင်ကျမ်းစာကြီးရေးသားခြင်း၊ သာသနာတော်ကြီး၏ တိုးတက်ထွန်းကားရေးအတွက် အဘက်ဘက်က ဆောင်ရွက်တော်မူခဲ့ခြင်း၊ မိမိ၏ကျန်းမာရေးကို မငဲ့ကွက်ဘဲ အနယ်နယ်အရပ်ရပ်သို့လိုက်ပါ၍ တရားပွဲကြီးများကျင်းပ၍ ဟောပြောပေးခဲ့ခြင်း၊ ဤကဲ့သို့သော ဂုဏ်ကျေးဇူးတော်များကြောင့် ဆရာတော်ကြီး ရောက်လေရာရာအရပ်တိုင်းတွင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ လက်အုပ်တွေက အစီအရီချီထားမြဲဖြစ်၏။

ထိုကဲ့သို့ ရဟန်းရှင်လူပြည်သူအပေါင်းက သောင်းသောင်းဖြဖြလက်အုပ်ချီခဲ့ရသော ဆရာတော်ကြီးကိုယ်တိုင်က ယခုတော့ လက်အုပ်ချီလိုက်ပါချေပြီ။ ထူးဆန်းလှပါပေစွ၊ အံ့ချီးဖွယ်ရှိပါပေစွ။

ဆရာတော်ကြီးကတော့ လမ်းပေါ်ကပရိသတ်၏ဖြစ်အင်ကို မည်သို့မျှသတိပြုမိမည်မဟုတ်ပါ။ မိမိ၏ပူဇော်ရာ ဦးခိုက်ရာ စေတီဟောင်းတစ်ဆူသို့သာ အာရုံစူးစိုက်ထားလျက် ကားပင့်ဆောင်ရာ ပါသွားတော်မူပါ၏။

ထိုနေ့သည်ကား ၁၃၄၀ - ပြည့်နှစ်၊ ပြာသိုလဆန်း ၄-ရက်၊ (၃၁-၁၂-၇၈)ရက်၊ နေ့ ၁၂-နာရီဝန်းကျင်။

ထိုနေရာသည်ကား မုံရွာမြို့၊ ဗိုလ်ချုပ်လမ်းမကြီး တောင်ပိုင်း ဈေးသစ်မရောက်ခင် အဝင်လမ်း။

ဆရာတော်၏ လက်အုပ်အစုံဦးတည်ရာကား လမ်းအနောက်ဘက် ဇောင်ကြမ်းပင်ကျောင်းဦးက စေတီဟောင်းတစ်ဆူ။

စေတီတော်မှာ တစ်စုံတစ်ရာ ပျက်စီးယိုယွင်းခြင်း မရှိသော်ငြားလည်း ပြုပြင်မွမ်းမံခြင်းမရှိသဖြင့် အရောင်အဆင်း မှေးမှိန်ကာ သာမည ရှေးလက်ကျန်စေတီတစ်ဆူသာဖြစ်နေရ၏။ ထီးဖြူတော်များအုပ်မိုးထားသည့် ပန်းမျိုးစုံမှန်လုံကားကြီးနှင့် ကြွတော်မူလာသည့် ဆရာတော်ကြီးသည် စေတီတော်ကို လှမ်း၍မြင်လိုက်သည်နှင့် လက်အုပ်ချီထားသည်ဟု ဆိုကြပါ၏။

ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ ကျေးရွာတိုင်းတွင် ဘုရားစေတီတွေရှိကြမည်သာ။ ဤမန္တလေး-မုံရွာလမ်းတစ်လျှောက်တွင်လည်း စေတီတော်တွေ အဆူဆူရှိကြသည်သာ။ သို့ပါလျက် ထိုစေတီတော်များတုန်းက ထူးထူးခြားခြားမရှိခဲ့ဘဲ ဤစေတီဟောင်းကျခါမှ လက်အုပ်ချီရသည်မှာ အဘယ့်ကြောင့်ပါနည်း။

တအံ့တသြတွေးနေသည်တို့ကိုကျော်ဖြတ်ကာ ဆရာတော်ကြီး၏ ထီးဖြူတော်မိုးကားတန်းကြီးကတော့ မုံရွာတစ်မြို့လုံး အပူဇော်ခံရန် မြောက်ဘက်သို့ရောက်သွားကြပါပြီ။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးနှင့်အတူ တိပိဋကဓရပုဂ္ဂိုလ်ကျော်သုံးပါးတို့သည်လည်း အတူတကွ ကြွချီတော်မူလာကြ၏။ ထိုပုဂ္ဂိုလ်ကျော်သုံးပါးတို့မှာ ပခုက္ကူဆရာတော်အရှင်နေမိန္ဒ၊ ပြည်ဆရာတော် အရှင်ကောသလ္လနှင့် ရန်ကုန်ဆရာတော်အရှင်သုမင်္ဂလာလင်္ကာရတို့ဖြစ်ကြ၏။ ထိုစဉ်က မြန်မာနိုင်ငံတွင် ဤပုဂ္ဂိုလ်ကျော်လေးပါးတို့သာ တိပိဋကဓရဘွဲ့ထူးကို ခံယူကြရပါသေးသည်။ ဆရာတော်ကြီးလေးပါးတို့သည် ထိုညတွင် ရွှေသိမ်တော်ကျောင်းတိုက်ကြီး၌ အနားယူကျိန်းစက်တော်မူကြသည်။

မုံရွာမြို့၊ ရွှေဒေါင်းယဉ် သက်န်းပရိက္ခရာတိုက်ပိုင်ရှင် ဦးထွန်းလှ+ဒေါ်ခင်ပုတို့မိသားစုသည် တိပိဋကဓရဆရာတော်ကြီးလေးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို အခြားအလှူပွဲများနှင့် ပူးတွဲ၍ကျင်းပခဲ့ကြ၏။

ဆရာတော်ကြီးလေးပါး မရောက်မီကပင် ရှေ့ပိုင်းအလှူပွဲများပြီးစီးခဲ့ပြီဖြစ်၍ ဆရာတော်ကြီးများသည် ပြာသိုလဆန်း ၅-ရက် နံနက်ခင်းတွင်ကျင်းပသော ရဟန်းခံပွဲသို့သာ ကြွရောက်၍ ချီးမြှောက်ကြရ၏။

နေ့ပိုင်းတွင်ကား မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးအတွင်း တိပိဋကဓရဆရာတော်ကြီးလေးပါးပူဇော်ပွဲကြီး ကျင်းပလေရာ ဘုရားပရိဝုဏ်နှင့်အပြည့် ပရိသတ်များတက် ရောက်ကြည်ညိုကြ၏။ ထိုညတွင် ဆုတောင်းပြည့်ဘုရားကြီး အတွင်း၌ပင် တိပိဋကဓရ

ဆရာတော်ကြီးလေးပါးတို့က တရား ဟောကြားတော်မူခဲ့ကြပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်သည် အပြန်ခရီးတွင်လည်း ဇောင်ကြမ်းပင်တိုက်ရှေ့အရောက်တွင် လက်အုပ်ချီပြန်ပါသေးသည်။ ရွှေရောင်မဝင်း ထုံးသင်္ကန်းလေးမျှ ဖွေးဖွေးဖြူဖြူမရှိခဲ့သော ဤစေတီဟောင်းက အခြားအခြားသောစေတီတော်များထက် ဘာတွေများ ထူးခြားနေပါသနည်း။

ဇောင်ကြမ်းပင်ကျောင်းတိုက်၏ ဒုတိယဆရာတော် ဦးဗြဟ္မသီရိလက်ထက်တွင် ဤဘုရားစေတီကို တည်ခဲ့ရာတွင် မုံရွာမြို့၊ ညောင်တပင်လမ်း၊ ရွှေသမင်ဆေးတိုက်ပိုင်ရှင်ဖြစ်လာမည့် ဦးရာဆယ်သည် ငယ်စဉ်က ပန်းရံလက်ထောက် အဖြစ်ဖြင့် ဤဘုရားတည်ရာတွင် ပါဝင်လုပ်ကိုင်ခဲ့ရ၏။ ထို ဦးရာဆယ်၏ ပြောပြချက်အရ ဒုတိယဇောင်ကြမ်းပင်ဆရာတော်ကြီးသည် အိပ်မက်ထဲမှာ ဖူးတွေ့ခဲ့ရသည့် ဘုရားပုံတော်အတိုင်း တည်ဆောက်ပေးရန် ပန်းရံဆရာများအား ပုံစံပေး၍ ညွှန်ကြားခဲ့သည်ဟုသိရ၏။ 'အေးချမ်းသူကြွယ်ဘုရားတည်' ဟူသောဆောင်ပုဒ်အရ ဤစေတီတော်ကို သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင်တည်ခဲ့ကြောင်း သိရပေသည်။

ထိုစေတီတော် အောက်ခံဖိနပ်တော်မှာ လူတစ်ရပ်မျှ မြင့်၍ လေးဘက်လေးတန် အုတ်ဝရန်တာ ကာပေးထား၏။ အနောက်ဘက်မှာ အုတ်လှေကားနှစ်စင်း၊ အရှေ့ဘက်မှာ အုတ်လှေကားနှစ်စင်းတို့ဖြင့် တက်ရောက်နိုင်၏။ အုတ်လှေကားထိပ်တွင် မုခ်ဦးတည်ထားကာ 'မဟာဝေါဟာသက်တော်ရှည်ဘုရား'ဟု ဘွဲ့တော်ကိုကမ္ပည်းထိုးထား၏။ လေးဖက်လေးတန် မုခ်လိုဏ်အတွင်း၌ ရုပ်တော်မူကျောက်ဆင်းတုတော်များကို ကြည်ညိုဖွယ်ဖူးမြော်နိုင်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းဟုန်းက မုံရွာမြို့ကြီး တစ်မြို့လုံး ဗုံးဒဏ် စက်သေနတ်ဒဏ်ခံခဲ့ကြရာတွင် ဤစေတီတော်မှာ မည်သို့မျှ ထိခိုက်ပျက်စီးခြင်းမရှိခဲ့ပါ။ ၁၃၁၉ ခုနှစ်၊ ကဆုန်လအတွင်း မုံရွာမြို့လုံးကျွတ် မီးကြီးလောင်ဟော့လည်း ဤစေတီမထိခိုက်ခဲ့ပါ။ ထို့ကြောင့် စတုတ္ထဆရာတော် ဦးသြဘာသလက်ထက်၌ ဤစေတီတော်ကို ပြုပြင်ရာတွင် အကြီးအကျယ်မပြုပြင်ရဘဲ ပွမ်းပံရုံမျှဖြင့် ရွှေရောင်တဝင်းဝင်း ဖြစ်လာခဲ့ပေသည်။

တိပိဋကဓရဆရာတော်ကြီး၏ ထူးခြားလှသော လက်အုပ်အစုံ၏ အကြောင်းရင်းမှန်ကို သိလိုသူများတွင် အောင်သာစံ(မုံရွာ)ကလောင်အမည်ခံယူထားသော ဆရာဦးသာဓွေးလည်း အပါအဝင်ဖြစ်၏။ ဆရာဦးသာဓွေးသည် ဇောင်ကြမ်းပင်ကျောင်းတိုက်က တတိယဆရာတော် ဦးပဏ္ဍိစ္စ၏ တူ၊ တူမဖြစ်ကြသော ဦးမြဟံစံ+ဒေါ်ရွှင်တို့က ဖွားမြင်သည်ဖြစ်၍ ဆရာတော်ကြီးဦးပဏ္ဍိစ္စ၏ မြေးတော်စပ်သူဖြစ်၏။ ကလေးအရွယ်ကစ၍ အဘိုးဆရာတော်ကြီးရှိရာ ဇောင်ကြမ်းပင်ကျောင်းတိုက်သို့ မကြာခဏ ရောက်ခဲ့၏။

ဆရာဦးသာဌေးသည် တတိယနာယကဆရာတော်ကြီး ဦးပဏ္ဍိစ္စ၏ မြေးဖြစ်ရုံမက စာရေးဆရာတစ်ဦးလည်းဖြစ်နေ၍ ဇောင်ကြမ်းပင်ကျောင်းတိုက်၏ သမိုင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းရှာဖွေထား၏။ ဆရာကြီး ဦးသာဌေးက လိုက်လံပြသသဖြင့် ကျောင်းတိုက်မတည်ခင်ကတည်းကရှိနေခဲ့သည့် ဇောင်ကြမ်းပင်ကို တွေ့ခဲ့ရ၏။ ယခင်က ဤဇောင်ကြမ်းပင်တွင် ရုက္ခစိုးနတ်ရှိသည်ဟုယူဆကာ အချို့ကပူဇော်ပသခဲ့ကြ၏။ ဤနေရာတစ်ဝိုက်လုံးကို ခြံငုံ၍ ကျောင်းတိုက်ကြီး တည်ထောင်သောအခါတွင် ဤအပင်ကိုပင်အကြောင်းပြုကာ ကျောင်းတိုက်အမည်တွင်လာခဲ့၏။ အလယ်တိုက်ကြီး၏ စနေထောင့်မှာရှိနေသော ဤဇောင်ကြမ်းပင်သည် စစ်အတွင်းက ဗုံးဒဏ်ခံထားရသော မူလအပင်ကြီးမှ အတက်ပေါက်လာသည့် အပင်ပျိုဖြစ်ပါလိမ့်မည်။

ကျေးဇူးရှင် ပထမလယ်တီဆရာတော်ဘုရားကြီးသည် ဒုတိယဇောင်ကြမ်းပင်ဆရာတော်ဦးဖြဟ္မသီရိထက်ရှစ်နှစ်ကြီးသည်ဟုသိရ၏။ ရှစ်နှစ်မျှအသက်ကွာခြားနေသော်ငြားလည်း ဆရာတော်ကြီးနှစ်ပါးသည် အပြန်အလှန်ကြည်ညိုလေးစားကြ၏။ ခင်မင်ရင်းနှီးကြ၏၊ ယခု သံလမ်းဘေးက ဘုရားလှဘုရားအနီး ဇရပ်ပေါ်တွင် ဆရာတော်ကြီးနှစ်ပါးတို့ မကြာခဏတွေ့ဆုံကာ စာပေရေးရာများဆွေးနွေးကြသည် ဟုဆိုကြ၏။ လယ်တီဆရာတော်ကြီးက ဦးဖြဟ္မသီရိကို ခင်မင်ရင်းနှီးစွာ 'ဗိုလ်ကလေး'ဟုခေါ်လေ့ရှိကြောင်း ပြောဆိုကြ၏။ ဆရာဦးအောင်မွန်(မြတ်ဆုမွန်)ရေးသားပြုစုသည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်စာအုပ်ကြီးထဲမှာလည်း ဤအကြောင်းကို အခိုင်အမာဖော်ပြထားပေသည်။

ဇောင်ကြမ်းပင်ကျောင်းတိုက် ဒုတိယဆရာတော် ဦးဖြဟ္မသီရိ ရေးသားခဲ့သော ကျမ်းစာအုပ်များ၏ နိဒါန်းနှင့် နိဂုံးများ၌ ဆရာတော်ကြီးသည် အခြားမြို့ရွာ၊ အခြားကျောင်းတိုက်များသို့ စာသင်ထွက်သည့်အထောက်အထား မတွေ့ရပါ။ ဆရာရင်းဖြစ်သူ ပထမဇောင်ကြမ်းပင်ဆရာတော်ကြီးထံမှာပင် စာလိုက်ခဲ့ရဟန်တူပါသည်။

သိမီလိုက်သော လူကြီးသူမများ ပြောစကားအရ ဇောင်ကြမ်းပင်ကျောင်းတိုက်တည် ပထမဆရာတော်ကြီး၏ ဘွဲ့မှာ ဦးဝိသုဒ္ဓဖြစ်ကြောင်း သိကြရ၏။ ဦးဝိသုတဟု ပြောသူလည်းရှိ၏။ဆရာတော်ဦးဝိသုဒ္ဓသည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် မန္တလေးနေပြည်တော်သို့တက်၍ သာသနာပိုင်ဆရာတော်ဦးဉေ ယျ၊ ပုခန်းသုမင္ဂာဆရာတော် ဦးနန္ဒတို့ထံ စာလိုက်ခွင့်ရခဲ့၏။ ဇာတိရပ်ဌာန်ဖြစ်သော အောင်သာရွာက ဆရာတော်ဦးစိန္တာထံမှာလည်းကောင်း၊ ခင်မွန်ဆရာတော် ဦးဂုဏဝ စသည့် စာတတ်အကျော်ဆရာတော်ကြီးများထံ နည်းခံသင်ကြားခဲ့ရသည်ဖြစ်၍ မိမိ၏တပည့် ဦးဖြဟ္မသီရိကိုလည်း မိမိထံမှာပင် ကျမ်းမျိုးစုံပေါက်ရောက်အောင် သင်ကြားပေးနိုင်ပါလိမ့်မည်။

ဤကဲ့သို့ ပရိယတ္တိဂုဏ် ပြည့်စုံလုံလောက်နေသဖြင့် ဦးဝိသုဒ္ဓ ရှစ်ဝါအရမှာပင် မုံရွာမြို့၏ ထိပ်တန်းကုန်သည်ကြီးဖြစ်သော ဦးဖောင်+ဒေါ်ကြော့တို့က ၁၂၂၄-ခုနှစ်တွင် ဇောင်ကြမ်းပင်ကျောင်းတိုက်ကြီးကို အသစ်တည်ထောင်၍ တင်လှူပူဇော်ခဲ့ကြ၏။ ပထမဆရာတော်သည် ၁၂၅၁-ခုနှစ်၊ သက်တော်၅၆-နှစ်ဖြင့်ပင် စောစီးစွာပျံလွန်တော်မူ၏။ သို့ရာတွင် ဇောင်ကြမ်းပင်ကျောင်းတိုက်ကြီးကို ၂၇-နှစ်တာမျှဦးဆောင်မှု ပေးနိုင်ခဲ့သဖြင့် ထင်ရှားကျော်ကြားသည့် စာသင်တိုက်အဖြစ် ဆက်လက်တည်တံ့နေရစ်ရန် အခိုင်အမာအုတ်မြစ်ချ၍ပေးနိုင်ခဲ့ပါပေသည်။

ဆရာကောင်းတပည့်ပီသစွာပင် ဒုတိယဆရာတော် ဦးဖြဟ္မသီရိလက်ထက်တွင်လည်း အောင်မြင်ကျော်ကြားသည့် စာသင်တိုက်တစ်တိုက်ဖြစ်လာခဲ့၏။ ဒုတိယဆရာတော်သည် တပည့်ရဟန်းသာမဏေများအတွက် ကစ္စည်းသဒ္ဒါကြီး ကျမ်းကိုပို့ချရာတွင် တပည့်များသက်သောင့်သက်သာ လွယ်ကူစွာသင်ယူနိုင်ကြစေရန် သဒ္ဒါကျမ်းအသစ်တစ်စောင်ကို ပါဠိဘာသာဖြင့်ရေးသားခဲ့၏။ အသစ်ရေးထားသည့် သဒ္ဒါ ကျမ်းကို 'ကစ္စာနဝုတ္တိ'ဟု အမည်ပေးထား၏။ ထို့နောက် ထိုသဒ္ဒါကျမ်းကို အကျယ်တဝင့်ဖွင့်ဆိုသည့် နိရုတ္တိကောသလ္လ ဋီကာအမည်ရှိ သဒ္ဒါကျမ်းကြီးကိုလည်း အချိန်တွေအများကြီးယူ၍ ရေးသားခဲ့၏။ ထိုကျမ်းကြီးထဲက အချို့အဝက်ကို ပုံနှိပ်ခဲ့ဖူးသည်ဟု မှန်းဆရသော်ငြားလည်း ပုံနှိပ်စာအုပ်ကိုတော့ မတွေ့ရသေးပါ။ ပုရပိုက်မူကြမ်းမှတစ်ဆင့် ပေထက်သို့ အချောတင်ထားသော နိရုတ္တိကောသလ္လဋီကာ ကျမ်းပေစာထုပ်ကြီးသည် သည်အတိုင်းရှိနေခဲ့၏။

သဒ္ဒါကျမ်းသင်ကြားရေးကို အထူးအလေးထားခဲ့သော ဆရာတော်ဦးဖြဟ္မသီရိသည် သဒ္ဒါနှင့်ဆက်နွယ်နေသည့် အဘိဓာန်ကျမ်းကိုလည်း အသစ်ပြုစုရေးသားခဲ့သေး၏။ ထိုကျမ်းမှာ 'အဘိဓာန်ဂါထာ'ဟု အမည်တပ်ထားသည့်အတိုင်း ပါဠိဘာသာနာမ်ပုဒ်များကို မြန်မာအနက်များနှင့်တွဲစပ်ကာ ဂါထာအဖြစ်ရေးဖွဲ့ထားပေသည်။ အဘိဓာန်ဂါထာကျမ်းမှာ ဂါထာပုဒ်ရေ ၄၅၃-ပုဒ်ပါဝင်၍ စာမျက်နှာ

၇၄-မျက်နှာသာ ရှိသောစာအုပ်ငယ်ကလေးဖြစ်၏။ ၁၂၇၃-ခုနှစ်၊နတ်တော်လအတွင်း မုံရွာမြို့ သလ္လာဝတီ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ပေသည်။

ဆရာတော်ဦးဖြုဟ္မသီရိသည် လယ်တီဆရာတော် ဘုရားကြီး၏ ဒီပနီကျမ်းများကဲ့သို့ ဗျာကရီအမည်တပ်ကျမ်း များရေးသားခဲ့၏။ ဒီပနီဟူသည် အလင်းပြကျမ်းဟု အဓိပ္ပာယ်ရသကဲ့သို့ ဗျာကရီမှာလည်း ထင်ရှားစွာပြုခြင်း၊ တစ်နည်းအားဖြင့် ပေါ်လွင်ထင်ရှားအောင်ပြောပြခြင်းပင် ဖြစ်ပေသည်။ ရှာဖွေတွေ့ရှိရသမျှ စာအုပ်စာရင်းတွင် စိတြဗျာကရီနှင့် ခန္ဓာဒိဘေဒဗျာကရီဟူ၍ နှစ်အုပ်သာတွေ့ ရသေး၏။

ဆရာတော်ကြီး၏ လက်ရာများထဲက အမည် ထူးဆန်းသောစာအုပ်ငယ်တစ်အုပ်မှာ 'ဇီဝ်သတ္တကီ'ဖြစ်၏။ ဇီဝ်သဒ္ဒါက (ဝ)အက္ခရာကို သရမပါဘဲ ဗျည်းသက်သက် ဖြစ်၍ တံခွန်ပြထား၏။ မုံရွာမြို့၊ ရာဇဝတ်ဝန်ထောက်မင်း (K.S.M) ဘွဲ့ရ ဦးသိုင်း လျှောက်ထားသည့် ဇီဝသတ္တ ဆိုင်ရာ အမေးပုစ္ဆာ ၇-ချက်ကို ဖြေကြားထားခြင်းဖြစ်၏။ ဆရာတော်ဦးဖြုဟ္မသီရိသည် ပါဠိ-မြန်မာ စာပေဗဟုသုတ ပြည့်ဝသူဖြစ်၍ လေခ ကျော်ထင်အမည်ရှိ သတ်ပုံကျမ်းကို လည်း ရေးသားထားခဲ့၏။

ကျမ်းအမျိုးမျိုးပြုစုခဲ့သော ဆရာတော်ဦးဖြုဟ္မသီရိ သည် ရှေးရှေးကကျမ်းပြုဆရာတော်ကြီးများအတိုင်း နိဿယ ကျမ်းကိုလည်း ရေးသားခဲ့ပါသေးသည်။ ထိုကျမ်းကို ဝဠနယုတ္တိ ကထာနိဿယဟု အမည်ပေးထား၏။ နေတ္တိ အဋ္ဌကထာ၊ ယုတ္တိဟာရဝိဘင်း၌လာသော လိမ်လည် လှည့်ပတ်ပုံ ၃၈-မျိုး တို့ကိုဖွင့်ပြထားသော ပါဠိစကားပြေကို နိဿယပြန်ဆိုထားခြင်းဖြစ်၏။ ထိုကျမ်းကို ရဟန်းသိက္ခာ ၁၀-ဝါအရတွင် ရေးသား၍ ၁၂၄၆-ခုနှစ်၊ ဝါဆိုလပြည့် ကျော် ၄-ရက်၊ (သောကြာ)နေ့တွင် ပြီးစီးကြောင်း မှတ်တမ်း တင်ထားပေသည်။ ထိုကျမ်းများအပြင် 'မေတ္တာသုတ် ပရိတ်တော်အဖွင့်' ဟူသော ကျမ်းတစ်စောင်လည်း ပါရှိနေ ပါသေးသည်။

ဆရာဦးသာဌေး မှတ်တမ်းတင်ထားသော ကျမ်း ၁၅- စောင်ထဲက အထက်ပါစာအုပ်များကိုသာ ရှာဖွေ တွေ့ရှိ၍ ကစ္စာနဝုတ္တိနိဿယ၊ မဟာနိဗ္ဗာနဗျာကရီကျမ်း၊ ဘဝစက္က သမ္မောဓနီကျမ်း၊ သောတာပတ္တိယင်္ဂသုတ်တော် အဖွင့်၊ ဝိထိ လက်ရိုးသစ်၊ သာဓုကာရီကျမ်း၊ ရှစ်ဓာတ်ခွဲ ခက်ဆစ်-စသော ကျမ်းစာအုပ်တို့ မတွေ့ရသေးပါ။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ လက်အုပ် ချီသော သတင်းကိုကြားသိရသည့် ဆရာဦးသာဌေးသည် ဇောင်းကြမ်းပင်ကျောင်းတိုက် ဒုတိယဆရာတော်ကြီး၏ လက်ရာ ကျမ်းစာများကိုရေတွက်ကြည့်မိ၏။ မင်းကွန်းဆရာ တော်ကြီး စာသင်သားအရွယ်တွင် ဆရာတော်ဦးဖြုဟ္မသီရိ ၏ ကျမ်းစာအုပ်များ ပုံနှိပ်ပြီးစီးနေပြီဖြစ်၍ တစ်နည်းနည်း နှင့်တွေ့ထိနိုင်ပါသည်။ ဤကျမ်းစာများထဲက မည်သည့် ကျမ်းကို အကြောင်းပြု၍ လက်အုပ်ချီတော်မူရပါသနည်း။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဤ တစ်ခေါက်တွင်သာမဟုတ်ပါ။ မုံရွာသို့ရောက်တိုင်း ရောက်တိုင်း မုံရွာသို့ ဝင်တိုင်းထွက်တိုင်း ဤစေတီရှေ့သို့ ရောက်တိုင်း လက်အုပ်ချီမြဲဖြစ်ပေသည်။ ဤသတင်းတွေ ကြားရလေလေ ဆရာဦးသာဌေးမှာ အဖြစ်မှန်ကိုသိချင် လေလေ။ သို့ရာတွင် မိမိမှာ မင်းကွန်းဆရာတော်ကြီးရှေ့မှောက် သို့ တိုက်ရိုက်မဝင်ရဲ။ ဝင်ရဲသည့်တိုင် မေးလျှောက်ရန်ခက် နေပါဦးမည်။

ထိုအခက်အခဲကို ဘယ်နည်းနှင့် ဖြေရှင်းရပါ့မလဲ ဟု တွေးတောနေဆဲမှာပင် မုံရွာမြို့မှာ ဆောက်လုပ်ပြီးစီး သွားသည့် ဘိုးဘွားရိပ်သာရေစက်ချပွဲကြီး လုပ်တော့မည့် အကြောင်း သကင်းကောင်းကြားလာရ၏။ ရေစက်ချပွဲကြီး တွင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်မည်ဟုလည်း ဆက်လက်၍ကြားရပြန်၏။ ထိုနေ့သည်ကား သက္ကရာဇ် ၁၃၅၁-ခုနှစ်၊ နတ်တော်လပြည့် ကျော် ၉-ရက်၊ ကြာသပတေးနေ့၊ (၂၁-၁၂-၈၉)ဖြစ်၏။ ထိုနေ့တွင် ဆရာဦးသာဌေးသည် စောစောစီးစီးသွားရောက် ကာ ဆရာတော်ကြီးများရှေ့မှောက်တည့်တည့်တွင် နေရာ ယူထား ခဲ့၏။ ဤသို့ နေရာယူထားနိုင်၍လည်း မိမိမျှော်လင့် ထားသည့် အဖြေစကားကို အသေအချာပီသစွာ ကြည်မြ စွာကြားလိုက်ရပါပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မုံရွာ မြို့ ပွဲစားကြီးဦးသန်းညွှန့်ဦးဆောင်သော ဂေါပကအဖွဲ့ ဆောက်လုပ်လှူဒါန်းသည့် ဘိုးဘွားရိပ်သာအလှူတော်ကြီး အသီးသီးကို ရေစက်ချ အနုမောဒနာတရားဟောကြားရင်း မိမိလက်အုပ်ချီခဲ့ရခြင်း အကြောင်းရင်းကို ထုတ်ဖော် ဟောကြားတော်မူခဲ့သည်မှာ-

'မုံရွာကို နေ့လနှစ်ပါးလိုထင်ရှားတဲ့ ဆရာတော်ကြီး နှစ်ပါးကြောင့် လေးစားရပါကယ်။ တစ်ပါးက လယ်တီ ဆရာတော်ကြီး၊ နိုင်ငံကျော် ကမ္ဘာကျော်မို့ အထူး ပြောစရာ မလိုဘူး။ ကျန်တစ်ပါးကတော့ ဒုတိယ ဇောင်းကြမ်းပင် ဆရာတော်ကြီးပါပဲ။ ဘုန်းကြီးတို့စာသင်သားဘဝက အဲဒီ

ဆရာတော်ကြီးရဲ့ သဒ္ဒါကျမ်းများကို လေ့လာဖတ်ရှုခဲ့ရလို့ အများကြီး အထောက်အကူရခဲ့ပါတယ်။ မုံရွာမြို့ဝင်တိုင်း၊ ထွက်တိုင်း ဆရာတော်ကြီးရဲ့ဂုဏ်ကျေးဇူးကို ရည်မှန်းပြီး ဇောင်ကြမ်းပင် ကျောင်းထိပ်စေတီတော်ကို လက်အုပ်ချီရပါတယ်။

ဤသို့ အားပါးတရမိန့်ကြားတော်မူပြီးလျှင် အဘိဓာန် ဂါထာစာအုပ်ထဲက ဂါထာ သုံး၊လေးပုဒ်ကို ကျကျနနရွတ်ပြတော်မူလိုက်ပါသေးသည်။ ထိုအချိန်တုန်းကပင် အဘိဓာန်စာအုပ်၏ ပုံနှိပ်သက်တမ်းမှာ နှစ်ပေါင်း ၇၀-ကျော်ရှိ၍ ဆွေးမြေ့နေပါပြီ။ သို့ရာတွင် မင်းကွန်းဆရာတော်ကြီး၏မှတ်ဉာဏ်ထဲမှာတော့ လတ်လတ်ဆတ်ဆတ်ကြီးပင် ရှိနေပါဦးမည်။ စာသင်သားဘဝ သာမဏေဘဝက ကျက်မှတ်ထားခဲ့သည့် ဂါထာတို့ကို ယခုလို သက်တော်(၇၀)ကျော်အချိန်ထိ စိတ်ပါလက်ပါ ရွတ်ပြနိုင်သေးသည့်ဖြစ်အင်ကို ထောက်ရှုကာ ဤဂါထာများအပေါ်ထားရှိသည့် နှစ်သက်ကျေနပ်မှုကို ရှုမြင်နိုင်ကြပါလိမ့်မည်။ ကျမ်းပြုဆရာတော်ကြီးများအပေါ်ထားရှိခဲ့သည့် နှစ်သက်ကျေနပ်မှုကို ရှုမြင်နိုင်ကြပါလိမ့်မည်။ ကျမ်းပြုဆရာတော်ကြီးများအပေါ် ကြည်ညိုလေးမြတ်မှုကို မှန်းဆနိုင်ကြပါလိမ့်မည်။

ဆရာတော်ကြီး အာဂုံပြန်ဆိုခဲ့ရသော ပါဠိတော်ကြီးများ၊ စာရေး၍ဖြေဆိုခဲ့ရသော အဋ္ဌကထာကျမ်းကြီးများ၊ လေ့လာကြည့်ရှုခဲ့ရသော ဋီကာကျမ်းကြီးများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဤသဒ္ဒါကျမ်းနှင့် အဘိဓာန် ဂါထာကျမ်းတို့မှာ တကယ့်အသေးအမွှားကျမ်းစာလေးတွေ ဖြစ်နေပါလိမ့်မည်။ စာသင်သားတို့၏နယ်ပယ်တွင် မူလတန်းအဆင့်လောက်သာရှိပါလိမ့်မည်။

သို့ရာတွင် ဆရာတော်ကြီးကတော့ ဤသို့သဘောထားမည်မဟုတ်ပါ။ ထိပ်ဆုံးတန်းက စာမေးပွဲကြီးတွေကို ထိပ်ဆုံးတန်းက ဂုဏ်ထူးတွေတစ်သီကြီးနှင့်အောင်မြင်ကာ သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီးဖြစ်လာသည့်တိုင်အောင် စာသင်ခါစ သာမဏေဘဝတုန်းက လေ့လာကျက်မှတ်ခဲ့ရသည့်စာကလေးများကို ချောင်ထိုးမထားနိုင်သေးပါ။ နှစ်ပရိစ္ဆေဒအားဖြင့် ငါးဆယ်ကျော်မျှရှိလာသည့်တိုင်အောင် မှတ်ဉာဏ်ထဲက ထုတ်မပစ်နိုင်သေးပါ။ အကြောင်းရှိပါက ပူပူနွေးနွေးကျက်မှတ်ထားရသော စာကဲ့သို့ပင် ပြန်ဆို၍ ပြနိုင်ပါသေးသည်။

ဤသို့ ဆရာတော်ကြီးကိုယ်တိုင်က အလေးအမြတ်ပြုနေရခြင်းမှာ ထိုစာကလေးများ၏ ကျေးဇူးတရားကို သိသိမှတ်မှတ်ပြုထားခဲ့၍သာဖြစ်ပါလိမ့်မည်။ ဇောင်ကြမ်းပင်ကျောင်းတိုက် ဒုတိယဆရာတော်ကြီး၏ ကစ္စာနဝုတ္တိသစ်ဆိုလျှင် သဒ္ဒါသင်ကြားရေးအတွက် အထောက်အကူရလှပါ၏။ စာသင်သားအားလုံး၏ လက်စွဲဖြစ်သော သဒ္ဒါကြီးရှစ်စောင်ကို တိုက်ရိုက်သင်ယူရာတွင် အခက်အခဲရှိနေသူများအတွက် လက်စွဲပြုသင့်၏။ သဒ္ဒါကြီးရှစ်စောင်ထဲက ရှုပ်ထွေးနေသောအချက်များကို ဖြေရှင်းပေးထား၏။ မလိုအပ်ဟု ယူဆရသောသုတ်တချို့ကို ဖယ်ထုတ်ထား၏။ လိုအပ်လာသည့်နေရာတို့တွင် သုတ်အသစ်များ ထပ်ဖြည့်ပေးထား၏။ ရှည်လျားသည့်သုတ်အချို့ကို ချုံ့ပေးထား၏။ သုတ်စဉ်ကို အချို့နေရာ၌ အစီအစဉ်ပြောင်းပေးထား၏။ ထို့ကြောင့်လည်း သဒ္ဒါသင်ခါစအချိန်တုန်းက ရှင်ဝိစိတ္တသာရအတွက် ဤ ကစ္စာနဝုတ္တိသစ်က အထောက်အကူကောင်းကောင်းပေးခဲ့ပါလိမ့်မည်။ ထို့အတူပင် အဘိဓာန်ဂါထာစာအုပ်ကလေးကလည်း သူ့နည်းနှင့်သူ ကျေးဇူးပြုခဲ့ပါလိမ့်မည်။

စာသင်သားများ အဘိဓာန်ဂါထာများ ကျက်မှတ်ကြရာတွင် ရှေးဦးစွာ ထိုဂါထာတို့၏အနက်ကို ကျေညက်အောင် ကြိုးစားပြီးမှ ပါဠိဂါထာများကို အရကျက်ရ၏။ သို့ဖြင့် ဤ ဂါထာတစ်ပုဒ်တွင် နှစ်ခါကြိုးစားနေရ၏။ အဘိဓာန်ဂါထာမှာမူ ပါဠိရော အနက်ပါ တစ်ပေါင်းတည်း ပူးတွဲပေးထားသဖြင့် အနက်ပေးအတွက် ကြောင့်ကြစရာ မရှိတော့ချေ။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ အလောင်းအလျာကလေးသည် ဤအခြေခံကျမ်းတို့ကြောင့် သဒ္ဒါ မျက်လုံးပွင့်လာသဖြင့် သမုဒ္ဒရာတမျှ အပြောကျယ်လှစွာသော ပိဋကတ်ပါဠိကျမ်းစာကြီးများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ပါလိမ့်မည်။ သဒ္ဒါနှင့် အဘိဓာန်ကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ထားသူအဖို့ မည်သည့်ပါဠိကျမ်းစာကိုမျှ ကြောက် ရွံ့ဖွယ်မရှိနိုင်ပါ။ 'အစကောင်း၍ အနှောင်းသေချာ'ဟူသော စကားအတွက် ဤအချက်က သက်သေခံဖြစ်ပါလိမ့်မည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် နှစ်ပေါင်း ငါးဆယ်ကျော်က မူလတန်းကျမ်းစာလေးများ၏ ဂုဏ်ကျေးဇူးကို လွန်ခဲ့သည့်နှစ်သုံးဆယ်အချိန်တုန်းက ပရိသတ်ဗိုလ်ပုံအစုံအလင်ရှေ့မှောက်၌ ထုတ်ဖော်ချီးကျူး၍ သွားခဲ့ပါပြီ။ ထိုအပြုအမူကို စံနမူနာယူနိုင်ကြပါစေသတည်း။ ။

ဝဏ္ဏသိရိ

မင်းကွန်း
တိပိဋကဓရဆရာတော်ကြီး၏
အံ့ဖွယ်ဖြစ်ရပ်များ
အဆိုတော်မောင်မောင်ကြီး

(၁)

ဆရာတော်ကြီး၏ကပ္ပိယဦးလှမြင့်၏ ကိုယ်တွေ့ ပြောဆိုခဲ့သည့်ဖြစ်ရပ် ဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သီတင်းသုံး တော်မူသောစက်ကျောင်းသည် သစ်သားကျောင်းလေး ဖြစ်ပါ သည်။ ဆရာတော်ကြီး သီတင်းသုံးသည့်အခန်း၌ အလယ် တွင် ဆရာတော်ကြီးကျိန်းစက်သည့်ခုတင်ရှိ၍ ခုတင်ပတ် ပတ်လည်တွင် တရားစာအုပ်များထည့်ထားသော ဗီရိုကြီး များ ဝန်းရံလျက်ရှိပါသည်။

ညအချိန် ဆရာတော်ကျိန်းစက်သည့်အခါတွင် ကပ္ပိယ ဦးလှမြင့်သည် အဝင်အထွက်တံခါးကိုစေ့ပြီး တံခါး ရှေ့ အပြင်ဘက်တွင် အိပ်လေ့ရှိပါသည်။ ထိုသို့အိပ်ရခြင်း အကြောင်းမှာ ဆရာတော် ညရေးညတာ ကုဋီသို့ထသွား လျှင် တံခါးဖွင့်လိုက်သည်နှင့် ဦးလှမြင့်ကိုတံခါးနှင့်ထိ၊ ထိသည်နှင့်ချက်ချင်းနိုးပြီး ဆရာတော်ကြီးအားတွဲ၍ ကုဋီသို့ သွားရောက်နိုင်ရန် ဖြစ်ပါသည်။

ထူးထူးခြားခြား ဝါဆိုလပြည့် ညတစ်ည သန်းခေါင် ကျော်လောက်တွင် ဦးလှမြင့်အိပ်ရာမှနိုးပြီး ထ၍မရ၊ မျက်လုံးကိုလည်း ဖွင့်မရဘဲဖြစ်နေပါသည်။ အသံများကိုကား ကြားနေရပါသည်။ သတိလည်း ရနေပါသည်။ ထိုအချိန်တွင် ကျောင်းခန်းတစ်ခုလုံး မွှေးကြိုင်သည့်ရနံ့များကို ရှူရှိုက်ခံစား ရပါသည်။

မကြာမီ ဩကာသဆိုသံများကြားရပြီး ဆရာ တော်ကြီး၏ဆုပေးသံ၊ ငါးပါးသီလချီးမြှင့်သည့်အသံနှင့် နောက်ပိုင်းတွင် ဆရာတော်ကြီး၏ တရားဟောသံတို့ကို ကြားရပါသည်။ တရားအစအဆုံး ဦးလှမြင့်နာရပြီး တရားပွဲ ပြီး၍ သာဓုခေါ်သံများကိုလည်း ကြားရပါသည်။ ၎င်း တရားပွဲမှာ တစ်နာရီကျော်မျှကြာပြီး တရားပွဲပြီးမှ ဦးလှမြင့် မှာ အိပ်ရာမှထနိုင်သလို မျက်စိများလည်းဖွင့်နိုင်ကြောင်း ပြောပြပါသည်။

နောက်တစ်နေ့ နံနက်အိပ်ရာထချိန်တွင် ဦးလှမြင့် က ညက မိမိတွေ့ကြုံခဲ့ပုံများကို ဆရာတော်ကြီးအား လျှောက်ထားသော်လည်း ဆရာတော်ကြီးက မည်သို့မျှ မိန့်ကြားခြင်းမပြုဘဲ ဆိတ်ဆိတ်နေတော်မူသည်ဟု ဦးလှမြင့် ထံမှ ကြားသိရပါသည်။

အထက်ပါဖြစ်ရပ်အတိုင်း သီတင်းကျွတ်လပြည့် ည၊ တန်ဆောင်မုန်းလပြည့်ညများတွင်လည်း ဦးလှမြင့် သုံးကြိမ်တိုင်တိုင် ကိုယ်တိုင်ကြုံတွေ့ရပြန်ပါသည်။ ဆရာ တော်ကြီးအား ဦးလှမြင့်က ထပ်မံလျှောက်ထားရာတွင် 'ဟောသင့် ဟောထိုက်တဲ့ပုဂ္ဂိုလ်တွေကို ဟောရတာပေါ့'ဟု မိန့်တော်မူကြောင်း ဦးလှမြင့်ပြော၍ သိခဲ့ဖူးပါသည်။

ကပ္ပိယဦးလှမြင့်က ထိုအကြောင်းကို ထိုအချိန်က မည်သူ့ကိုမှမပြောပြခဲ့ကြောင်း၊ ပြောလျှင်လည်း ယုံကြည်သူ များရှိသလို မယုံသူများကြားလျှင်လည်း သက်သက်လုပ်ကြံ ပြောသည်ဟု အထင်ခံရမှာကို စိုးရိမ်မိ၍ မပြောခဲ့ကြောင်း ပြောပြပါသည်။

(၂)

ကျွန်တော်ကိုယ်တိုင် တွေ့ကြုံရသည်ဖြစ်ရပ် ဖြစ်ပါ သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မွေးနေ့ပူဇော်ပွဲကို ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီးတွင်ကျင်းပရန် စီစဉ်ဆောင်ရွက်နေချိန် ရန်ကုန်တိပိဋကကျောင်းတော်သို့ သရက်တောကျောင်းတိုက် ဖျာပုံတိုက်သစ်ဆရာတော်ကြီး ကြွရောက်တော်မူခဲ့သဖြင့် ကျွန်တော်က ဆရာတော်ကြီးအား ကြိုဆို ကန်တော့ခဲ့ပါသည်။

ဖျာပုံတိုက်သစ်ဆရာတော်ကြီးက မင်းကွန်းဆရာ တော်ကြီးရှိမရှိမေးမြန်းတော်မူ၍ ဆရာတော်ကြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဆောက်လုပ်ရာတွင် လှူဒါန်း သည့် အလှူရှင်တစ်ဦး၏အိမ်သို့ ရေစက်ချပေးတော်မူရန် ကြွရောက်သွားကြောင်း'ကို ဖျာပုံတိုက်သစ်ဆရာတော်ကြီး အား ကျွန်တော်လျှောက်ထားသော် ဆရာတော်ကြီးက 'အေး. . . မင်းတို့ မင်းကွန်းဆရာတော်ကြီး ၇၅-နှစ်ပြည့် မွေးနေ့အတွက် ငွေတစ်သိန်းလှူချင်လို့ လာတာကွယ့်'ဟု အင်္ဂလိပ်ဘာသာဖြင့် မိန့်ကြားပါသည်။

'ငါဘာဖြစ်လို့ ဒီလိုလှူရတာလဲ သိလား။ မင်းတို့ ဆရာတော်နဲ့ငါ အနီးကပ်အတူတူနေခဲ့ဖူးတယ်။ မင်းတို့ ဆရာတော်ရဲ့ အကျင့်သီလ၊ ရဟန်းသံဃာနဲ့ လူတိုင်းအပေါ် ထားတဲ့ စေတနာ၊ အပြစ်မမြင်တတ် အပြစ်မပြောတတ် ဆင်းရဲချမ်းသာမရွေး မခွဲမခြားဆက်ဆံပြီး ကျေးဇူးသိတတ် ချိုချိုသာသာ ပြောဆိုလေ့ရှိပြီး ဝိနည်းကို အထူးလေးစားတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ငါ့ထက်အသက်ငယ်ပေမယ့် မင်းတို့ ဆရာတော်ကို လေးစားကြည်ညိုတယ်။ အဲဒါကြောင့် ငါ သူ့မွေးနေ့မှာ ချီးမြှင့်တာ' ဟု မိန့်ကြားတော်မူပါသည်။

(၃)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သက်တော် ၇၅-နှစ်ပြည့် စိန်ရတုပူဇော်ပွဲတွင် မန်းတက္ကသိုလ်ဆရာကြီး ဦးဆန်းထွန်းရေးသားပြီး ကိုယ်တိုင်ရွတ်ဖတ်မည့်ဂါထာကို

ရယူရန် ရန်ကုန်တက္ကသိုလ်ရှိ ဆရာကြီးဦးဆန်းထွန်း၏ နေအိမ်သို့ ကျွန်တော်သွားရောက်ခဲ့ပါသည်။

ဆရာကြီးဦးဆန်းထွန်းက ၎င်းရေးသားပူဇော်မည့် ဂါထာကို ကျွန်တော့်အား နားထောင်ရန်ပြောပြီး ရွတ်ဆိုပြရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ပထမအကြိမ် သင်္ဂါယနာတင်ရာဝယ် အမေးဆရာတော်အဖြစ် ရှင်မဟာကဿပရဟန္တာကြီးက မေးတော်မူပြီး အဖြေဆရာတော်အဖြစ် ဝိနည်းပိဋကကို ရှင်ဥပါလိရဟန္တာကြီးနှင့် သုတ္တန်နှင့် အဘိဓမ္မာပိဋကတို့ကို ညီတော်အာနန္ဒာရဟန္တာထေရ်ကြီးက ဖြေဆိုတော်မူကြောင်းကို ဆရာတော်သမားတော်ကြီးများ လူကြီးသူမများအဆက်ဆက် ပြောကြားဆုံးမတော်မူခဲ့၍ သက်ရှိထင်ရှားမမီလိုက်သော်လည်း ယနေ့အထိ ကြည်ညိုနေရဆဲဖြစ်ကြောင်း၊ ယခု မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ချိန်၌ အမေးဆရာတော်အဖြစ် မဟာစည်ဆရာတော်ကြီးက ရွက်ဆောင်တော်မူပြီး ပထမသင်္ဂါယနာတင်စဉ်က ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး ဖြေဆိုခဲ့ကြသည်ကို မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက တစ်ပါးတည်း ဖြေဆိုခဲ့သည်ဟုပြောပြသောအခါ အထူးကြည်ညိုဝမ်းမြောက်ခဲ့ရပါသည်။

(၄)

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် စာသင်သားသံဃာတော်များ သီတင်းသုံးရန် ဝိဇ္ဇာလယ ကျောင်းဆောင်များကို မြန်မာနိုင်ငံရှိ ပြည်နယ် ခုနစ်ပြည်နယ်နှင့် တိုင်းခုနစ်တိုင်းအမည်များသတ်မှတ်၍ ဆောက်လုပ်ရန် ထိုစဉ်က မြန်မာနိုင်ငံတွင် လူဦးရေ သန်း-၅၀ ခန့်ရှိသဖြင့် လူတစ်ကိုယ်လျှင် ငွေတစ်ကျပ်သာလှူဒါန်းလျှင် မပင်မပန်း လှူဒါန်းနိုင်ပြီး လူတိုင်းလူတိုင်း ကျောင်းဒကာဖြစ်နိုင်သည်ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့ပါသည်။ တချို့တတ်နိုင်သည့် အလှူရှင်များသည် ထိုထက်မက လှူဒါန်းမည်ဖြစ်၍ အခက်အခဲမရှိဘဲ ဆောက်လုပ်လှူဒါန်းနိုင်မည်ဖြစ်ကြောင်းလည်း အမိန့်ရှိခဲ့ပါသည်။

ဆရာတော်ကြီး တိုင်းနှင့်ပြည်နယ် ခရိုင်မြို့နယ်များသို့ အနှံ့ကြွရောက်ရာတွင် ဆရာတော်ကြီးနှင့်အတူ ဥက္ကဋ္ဌကြီး ဦးသာလှ၊ ကျွန်တော်နှင့် အမှုဆောင်များလိုက်ပါကြရပါသည်။ လေကြောင်း၊ကုန်းကြောင်း၊ ရေကြောင်းများဖြင့် ဆရာတော်ကြီး ကြွတော်မူရာတွင် ပူပြင်းသည့်အရပ်ဒေသသို့ ကြွလျှင် လမ်းခရီးတစ်လျှောက် မိုးရိပ်များသန်းခါ အေးချမ်းစွာသွားခဲ့ရသလို၊ အလွန်ချမ်းသည့် ဒေသများသို့ ရောက်ရှိချိန်တွင်လည်း အချမ်းပေါ့ပြီး အလွန်နေသာထိုင်သာရှိနေသည်ကို သတိပြုမိခဲ့ပါသည်။

တစ်ချိန်တွင် လားရှိုးမြို့မှပင့်ဖိတ်၍ လေယာဉ်ဖြင့် ကြွရောက်တော်မူရာဝယ် လားရှိုးမြို့မှပုဂ္ဂိုလ်များက လားရှိုးမှာ ကျွန်တော်တို့တောင် မနေနိုင်အောင်ချမ်းသည့်အကြောင်းနှင့် ယခုလိုအချိန်မျိုးတွင် ဆရာတော်ကြီးအား

ပင့်မလာသင့်ကြောင်း ပြောကြပါသည်။ ဆရာတော်ကြီး ယခုလိုကြွရောက်ခဲ့သည်မှာ ရှမ်းပြည်မြောက်ပိုင်းက တာဝန်ရှိပုဂ္ဂိုလ်များ, ပြည် နယ်ဥပဋ္ဌာကအဖွဲ့များက ပင့်လျှောက်၍ ကြွလာရကြောင်း ပြောကြရပါသည်။

ဆရာတော်ကြီးရောက်ရှိတော်မူသည့်နေ့မှစ၍ သိသိသာသာ အအေးပေါ့သွားပြီး နှစ်ညအိပ်သီတင်းသုံး ခဲ့ရာတွင် ရာသီဥတု မျှတညီညွတ်နေသည်ကို အံ့ဩဖွယ် တွေ့ကြုံခဲ့ရပါသည်။

လားရှိုးတွင် နှစ်ရက်သီတင်းသုံးပြီး ဟဲဟိုးသို့ နံနက် ၈-နာရီလေယာဉ်ဖြင့်ကြွရာတွင် တစ်မိုးလုံးမှာ မည်းမှောင် နေပြီး ရာသီဥတုဆိုးနေသည်ကို တွေ့ရပါသည်။ လေယာဉ်ပျံ ကောင်းကင်သို့အရောက် မိုးသားများအထက်၌ မည်သည့် ဘေးအန္တရာယ်မှုမရှိဘဲ ဟဲဟိုးသို့ ချောမောစွာ ပျံသန်းရောက်ရှိခဲ့ပါသည်။ ၎င်းအဖြစ်အပျက်နှင့်စပ်လျဉ်း၍ လေယာဉ်ပေါ်တွင် အတူလိုက်ပါလာသည့် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ လူမှုရေးအဖွဲ့ဝင်ဦးနီက 'ကျွန်တော် လားရှိုး, ဟဲဟိုးကို မကြာခဏ လေယာဉ်ဖြင့်သွားရာ၌ ယခုကဲ့သို့ ရာသီဥတုမျိုးနှင့် ကြုံလျှင် ကောင်းကင်တွင် လေယာဉ်ပျံ မကြာခဏတုန်ခါပြီး တစ်ခါတစ်ရံ လေဟာနယ်မှ ပေတစ်ထောင်ခန့် လေယာဉ်ပြုတ်ကျသည် ကို တွေ့ရကြောင်းပြောပြီး ယခုခရီးစဉ်တွင် ဆရာတော်ကြီး ၏ဘုန်းကံကြောင့် မည်သည့်အခက်အခဲမှုမရှိသည်ကို လက်တွေ့ခံစားရကြောင်း' ပြောပြဖူးပါသည်။

ဆရာတော်ကြီး ဟဲဟိုးသို့ရောက်ပြီး နောက် တစ်နေ့ လားရှိုးမှပုဂ္ဂိုလ်များက ဆရာတော်ကြီး ပြန်ကြွသည့် ညမှာ ခါတိုင်းလိုပဲ ပြန်၍ချမ်းကြောင်း တယ်လီဖုန်းဆက် ပြောကြပါသည်။

(၅)

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာသိမ် တော်ကြီး စေတီထီးတင်ပွဲကို ကျင်းပသည့်အချိန် နံနက်ပိုင်း တွင် နေပူရှိန်ပြင်းထန်သဖြင့် ဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီးများ ရဟန်းသံဃာတော်များ တက်ရောက် ကြည်ညိုပူဇော်ကြသည့် လူပရိသတ်များအဖို့ အပူဒဏ်ကို ခံကြရမည်ကိုတွေး၍ စိုးရိမ်နေကြပါသည်။

နံနက် ၉-နာရီ ထီးတော်တင်ရန် နီးကပ်လာချိန် တွင် မိုးရိပ်များတက်လာပြီး နေပူရှိန်မှာ သိသိသာသာ လျော့နည်း၍ ထီးတော်တင်ပွဲကို အေးချမ်းအောင်မြင်စွာ ဆင်ယင်ကျင်းပ နိုင်ခဲ့ပါသည်။ မွန်းလွဲ ၁-နာရီနောက်ပိုင်း တွင် မိုးမှာသဲသဲမဲမဲ ရွာပါတော့သည်။ မဟာသိမ်တော်ကြီး ထီးတင်ပွဲမှာ အပူဒဏ် လည်းမခံရ, လေဒဏ်မိုးဒဏ်လည်း မခံရဘဲ ထီးတော်တင်ပွဲ အောင်မြင်ချောမောစွာ ပြီးမြောက် သည်အထိ စိတ်လက်ချမ်းသာစွာဖြင့် ဆရာတော်ကြီး ဦးဆောင်၍ ကောင်းမှုကုသိုလ်ပြုနိုင်ခဲ့ကြောင်းတွေ့ရှိရပါ သည်။

(၆)

ဆရာတော်ကြီးပျံတော်မူပြီး ဆရာတော်ကြီး၏ ရုပ် ကလာပ်တော်အား မီးပူဇော်ကြရာတွင် မီးခိုးများနှင့်အတူ ထွက်လာသည့်အနံ့မှာ ပန်းသီးနံ့မွှေးကြိုင်နေသည်ကို ဆရာ တော်ကြီးအား ပူဇော်နေကြသည့် ရဟန်းတော်များနှင့်တကွ လူပရိသတ်များအားလုံး ထိတွေ့ခံစားကြရပါသည်။ ။

အဆိုတော်မောင်မောင်ကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်

မင်းကွန်းဆရာတော်ကြီး၏

ပစ်ခွာသမဏ

စိန်နားကပ်ကြီး



တပည့်တော်စိန်နားကပ်ကြီးသည် ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ပစ္ဆာသမဏဖြစ်ခဲ့ဖူးပါသည်။ ပစ္ဆာသမဏ ဆိုသည်မှာ အနီးကပ်အလုပ်အကျွေးပုဂ္ဂိုလ်ကို ခေါ်ခြင်းဖြစ်ပါသည်။

တပည့်တော်ကို ဆရာတော်ကြီးက အနားမှာ ခြင်ခြောက်ခိုင်း ယပ်ခပ်ခိုင်း အနားမှာနေခိုင်းပါသည်။ ထိုစဉ်က တပည့်တော်သည် ခဏတစ်ဖြုတ်လေး ၁၀-မိနစ် ၁၅-မိနစ်လောက်သာ ဆရာတော်ကြီးအနားနေပြီး ဝေးဝေးသွားနေပါသည်။ စင်စစ်တပည့်တော်သည် ဆရာတော်ကြီးနှင့် အနီးကပ်နေသော ပစ္ဆာသမဏမဟုတ်ဘဲ ဆရာတော်ကြီးကို ပစ်ထားခဲ့ပြီး ခပ်ခွာခွာနေခဲ့သောကြောင့် 'ပစ်ခွာသမဏ'ဟု ရေးခြင်းဖြစ်ပါသည်။ အခုအခါမှာတော့ ဆရာတော်ကြီး၏ အနားမှာသာ ကပ်ပြီးနေချင်နေပြီ။ ဆရာတော်ကြီးက သွားဆိုမှသာ သွားမည်ဟုလည်း ပြောလို့ လျှောက်လို့လည်းမရတော့ပါ။

တပည့်တော်သည် ဆရာတော်ကြီးနှင့်အတူ ၂၃-နှစ်လောက် အနီးကပ်နေခဲ့ရပါသည်။ တပည့်တော် ငါးနှစ်သားကတည်းက ကလေးချစ်သောဆရာတော်ကြီးက အနားမှာ ခေါ်ထားခြင်းဖြစ်ပါသည်။ ထိုစဉ်ကပင် မပီကလာ ပီကလာ နှင့် 'စိန်နားကပ်ကြီးပန်ရမလို' သီချင်းဆိုခဲ့ပါသည်။ ဆရာတော်ကြီးက သဘောကျတော်မူ၍ 'စိန်နားကပ်'လို့ အမည်တွင်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးကိုယ်တော်တိုင် 'စိန်နားကပ်'ကြီးဟူ၍သာ ခေါ်တော်မူခဲ့ပါသည်။

တပည့်တော်ကို ငယ်စဉ်ကပင် ဆရာတော်ကြီးသည် မန္တလေးမြို့သို့ တရားပွဲသွားတဲ့အခါ ည ၁၂-နာရီ ၁-ချက်လောက်ဆိုလည်း မန္တလေးမြို့၌မကျိန်းဘဲ မင်းကွန်းဘက်ကိုသာ ပြန်ကြွတော်မူလေ့ရှိသည်။ ကမ်းနားလိုက်ပို့သော ဒကာများကို 'သွားမယ် သွားမယ်၊ စိန်နားကပ်က စောင့်နေလိမ့်မယ်'ဟု မိန့်ဆို၍ မင်းကွန်းကိုပြန်ကြွလာလေ့ရှိပါသည်။ တပည့်တော်သည် ဆရာတော်ကြီးသွားကြိုသော လှည်းနှင့် ကမ်းနားမှာ ညဉ့်သန်းခေါင် အမြဲတမ်းစောင့်နေခဲ့ပါသည်။ ဆရာတော်ကြီးက လှည်းနားရောက်လျှင် 'စိန်နားကပ်ကြီး ဘယ်နှစ်ရေးရပြီလဲ'ဟုမေးတော်မူကာ ကြွလာတော်မူပါသည်။

ဆရာတော်ကြီးသည် တပည့်တော်တို့ကို စကားပြောသောအခါ 'မင်း၊ငါ'ဟုမသုံးဘဲ 'ဦးဇင်း၊ တပည့်တော် ဘယ်မှာ ဘယ်နေ့ တရားပွဲရှိတုံး၊ ဘယ်သွားရမှာလဲ'ဟု 'ဦးဇင်း၊ တပည့်တော်' စသည်ဖြင့် သုံးနှုန်းတော်မူလေ့ရှိပါသည်။

အိပ်လျှင်လည်း ဆရာတော်ကြီး၏ခြေရင်း ခုတင်ဘေးတွင် အိပ်ခဲ့ရပါသည်။ နံနက်တိုင်း အိပ်ရာမှထလျှင် တပည့်တော်တို့ကို ခြေဖြင့်ဖြစ်စေ၊ တုတ်နှင့်ဖြစ်စေ ပုတ်၍ မနိုးဘဲ အသာအယာ လက်ဖြင့်သာပုတ်၍ 'ထ၊ထ'ဟု နှိုးလေ့ရှိပါသည်။

ဆရာတော်ကြီး မျက်နှာသစ်လျှင် ရေအေးတစ်ဆ၊ ရေနွေးနှစ်ဆရော၍ ရေစပ်ပေးရသည်။ အရုဏ်ဆွမ်းအဖြစ် ဆန်ပြုတ်ရိုးရိုးကို လေး,ငါးဇွန်းဘုဉ်းပေးပါသည်။ ယမ်ယမ်ခေါက်ဆွဲပြုတ်ကို တစ်ထုပ်လျှင် နံနက်နှစ်ရက်ခွဲ၍ ဘုဉ်းပေးသည်။

ဆရာတော်ကြီး မင်းကွန်းသို့ ပြန်ကြွလာသောအခါ ကမ်းနားမှ ကျောင်းသို့အပြန် လမ်းတွင် ကလေးများကို မုန့်ဝေလေ့ရှိပါသည်။ သို့ပါ၍ ကလေးများဝေဖို့ မုန့်ထုပ်အထုပ်ကြီးများ ဆောင်ထားရပါသည်။ အထုပ်ကြီး တစ်ထုပ်ကို အထုပ်ငယ် ၃၀၀-လောက်ပါပါသည်။ တစ်ခါဝေလျှင် ထို မုန့်ထုပ်ကြီး ၁၀-ထုပ်, ၁၂-ထုပ် ကုန်ပါသည်။ ကလေးများ မုန့်ဝေနေရလျှင် ဆရာတော်ကြီး အင်မတန်ပီတိဖြစ်နေပါသည်။

ထို့မျှမက ဆရာတော်ကြီးသည် တရားဟောနေရလျှင်လည်း ပီတိဖြစ်ပါသည်။ နေမကောင်းတာတောင်မှ ခုတင်ပေါ် ကျိန်းနေရင်း တရားဟောတာဖြစ်ပါသည်။ အဖျားတိုင်းစရာ မလိုပါ။ နေမကောင်းလို့ တရားဟောတဲ့အခါမှာ တရားအစမှအဆုံး မထစ်မငေါ့ဘဲ ဟောပါသည်။ ရေစက်ချတဲ့အထိ ဟောပါသည်။ နိုင်ငံတော်ပရိယတ္တိအကြောင်း ဟောတာများပါသည်။ ဆရာတော်က 'နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် တပည့်တော် လိုက်တရားဟောနေတာ၊ သေချင်သေသွားပါစေ'ဟု မိန့်ဆိုပြီး အရိုးကျေကျေ အရည်ခန်းခန်းဆိုသလိုပဲ နေ့မအား ညမအား တက္ကသိုလ်ကြီးအတွက် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုခေတ်က ယခုခေတ်လို သွားလို့လာလို့ မလွယ်ကူပါဘူး။ လွန်စွာပင်ပန်းခံ၍ ကြွတော်မူခဲ့ခြင်းများဖြစ်ပါသည်။

ဆရာတော်ကြီးက သာသနာအတွက်ဆို နေ့မအား ညမအား အလုပ်လုပ်ပါသည်။ တစ်ခါတွင် နံနက် ၉-နာရီလောက်မှာ ဗုဒ္ဓဝင်ကျောင်းအခန်းထဲရှိ ဗီရိုတွေရှင်းရင်း 'စာအုပ်များကို ဒီလိုသပ်သပ်ရပ်ရပ်ထား'ဟု မိန့်တော်မူပါသည်။ မိမိဟောသောတရားခွေတို့ကိုပြပြီး 'ဒီကိုယ်တော်ရဲ့ တရားတွေကိုစုထားနော်၊ နောက်ဆို ရဖို့မလွယ်တော့ဘူးပဲ'ဟူ၍လည်း အမိန့်ရှိခဲ့ဖူးပါသည်။

မြင်းခြံတို့, သဲဖြူဝတို့ သွားတဲ့အခါ၊ မင်းကွန်းလည်း အတူတူပဲ၊ 'ဘယ်သူမှ တို့ဂရုမစိုက်ကြဘူး'ဟု ဆရာတော်ကြီး က အမိန့်ရှိဖူးပါသည်။

သို့ပါသော် ဆရာတော်ကြီးသည် မိမိကိုကြိုဆိုမည့်သူ ဧည့်ဝတ်ပြုမည့်သူမရှိသော်လည်း လုပ်စရာရှိလျှင် ကိုယ်တိုင်လုပ်လေ့ရှိပါသည်။ မစိုးရိမ်ဆရာတော်ကြီးက အမိန့်ရှိတယ်။ 'ဦးဝိစိတ္တ အသက်ကြီးလာရင် ကိုယ့်စာလေးနဲ့ ကိုယ်ပျော်မှ လူငယ်တွေက အနားမကပ်ကြဘူး'ဟု ဘွားဘွားလေးကိုပြောပါသည်။ 'ဘုန်းကြီးနားကပ်ပါတယ် ဆိုတဲ့ ဘွားဘွားလေးရဲ့ စိန်နားကပ်ကြီးတောင် တိုင်လေးကွယ်ထိုင်နေတာဖြစ်ပါတယ်' ဟုအမိန့်ရှိရာ ဘွားဘွားလေး ရယ်ပါသည်။

ဈာပနပွဲသွားတဲ့အခါ ဆရာတော်က ကား၌တပ်ထားသောအလံများ ပိတ်သွားခိုင်းပါသည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်ပေါ့။ စေတီပုထိုးအပေါ်တွေမှာသွားလျှင်လည်း ဘယ်လောက်နေပူပူ ထီးမဆောင်းရပါ။

ဆရာတော်ကြီးပျံလွန်တော်မမူမီ ကျန်းမာရေး သင့်တင့်စဉ်က နေ့စဉ် ရှေးပေစာတွေရှင်းလင်းလိုက်တာ ပေထုပ်ရေ ၄၀၀-လောက်ပြီးသွားပါသည်။ တပည့်တော်တို့ ရဟန်း,ရှင်,လူလေးငါးယောက်ဝိုင်းကူးသော်လည်း ဆရာတော်ကြီးက တစ်ပါးတည်းလုပ်တာဖြစ်ပါသည်။ တပည့်တော်တို့က ရေနံတုတ်လေးနဲ့ ပေချပ်ပေါ် အက္ခရာဖော်ရခြင်း ဖြစ်ပါသည်။ ပေစာလုပ်တာ နံနက်အရုဏ်တက်ပြီးကနေ ညပိုင်း တစ်နာရီ, နှစ်နာရီထိလုပ်ခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးသည် မဟာနဆရာတော်များက အစည်းအဝေးပင့်လျှောက်ရင် ထိုအစည်းအဝေးတို့၌ ပြောလေ့ပြောထ စကားရှိပါသည်။ 'မင်းဆရာပြောလောစရာမရှိပါဘူး'လို့ မိန့်လေ့ရှိပါသည်။



ဆရာတော်ကြီးနှင့်
ဦးဇင်းစိန်နားကပ်ကြီး



ဆရာတော်ကြီးနှင့်
နောက်ပါးမှစောင့်ရှောက်နေခဲ့သော
ဦးဇင်းစိန်နားကပ်ကြီး

ရန်ကုန်မြို့မှာဆိုလျှင် တစ်နေ့အနည်းဆုံးဆရာတော်ကြီး တရားငါးပွဲခန့်ဟောရပါသည်။ တစ်ခါတလေ တရားခုနစ်ပွဲလောက်ဟောရပါသည်။ ဒကာကြီးအချို့က ဆရာတော်ကြီးအားသနား၍ 'ဆရာတော်ကြီး မပင်ပန်းဘူးလားဘုရား၊ မနေမနားတရားတွေဟောနေရတာ'ဟု လျှောက်သောအခါ ဆရာတော်ကြီးက 'ဟိုးရှေ့က ဘတ်စ်ကားပေါ်မှာ လက်တစ်ဖက် ခြေတစ်ဖက်တွယ်စီးရတဲ့လူတွေက ပြည့်နေတာပဲ။ ကောင်းကောင်းမစီးကြရဘူး။ ဘုန်းကြီးက ဆိုဖာပေါ်မှာထိုင်လိုက်ရတာ၊ မပင်ပန်းပါဘူးဒကာကြီး'ဟု မိန့်တော်မူပါသည်။

၁၃၁၅-ခုနှစ် တိပိဋကဓရဘွဲ့ရတော့ အစိုးရက ပိဋကတ်သုံးပုံ ထီးသုံးလက်နဲ့ အလံလှူပါသည်။။ 'ဒီအလံဘာအကျိုးကျေးဇူးရှိတုံး'ဟု ဆရာတော်ကြီးက မေးခဲ့ဖူးပါသည်။ ဝန်ကြီးချုပ်က 'ဒီအလံက မီးပွိုင့် မီးနီ,မီးဝါ, ဖြတ်သန်းခွင့် ရှိပါသည်'ဟု လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးက 'ကောင်းပါပြီဒကာကြီး'ဟု အမိန့်ရှိပါသည်။ ဆရာတော်ကြီးနှင့် တပည့်တော်တို့ ရန်ကုန်စကားဝါလမ်း အဘိဓဇကျောင်းကနေ ကမ္ဘာအေးအစည်းအဝေးသွားလျှင် ကမ္ဘာအေးမီးပွိုင့်ရောက်သောအခါ ဆရာတော်ကြီးက မီးနီနေစဉ် အစည်းအဝေးကလည်း နောက်ကျနေတော့ ကားဆရာကို 'ဖြတ်ပါဟ' ဒီလိုပြောတော့ ကားဆရာလေးကရယ်သည်။ ဖြတ်ရင်လည်း အတိုက်ခံရမှာသေချာသည်။ နောက်ကျတော့ တပည့်တော်တို့က ဆရာတော်ကြီးအကြောင်းသိနေတော့ သွားလျှင် ယာဉ်ထိန်းရဲခေါ်တာ ဖြစ်ပါတယ်။ ဆရာတော်ကြီးက 'အေး. . . မင်းတို့မှကြောက်တာ'လို့ အမိန့်ရှိပါသည်။

လမ်းခရီးသွားတဲ့အခါ ဆရာတော်ကြီးက ကားမောင်းသူကို 'ကားဆရာလေး၊ ကားလှတာရယ်, လူလေးလှတာရယ် ဘေးလူမြင်ပါစေ'လို့ အမိန့်ရှိပါသည်။ ကားကို ဖြည်းဖြည်းသာ မောင်းခိုင်းလေ့ရှိပါသည်။

ငယ်ရွယ်နုနယ်စဉ်က မသိလိုက်၍ ဆရာတော်ကြီးအတွက် စိတ်တိုင်းကျမလုပ်ပေးခဲ့ရသည်များကို ယခုအချိန်တွင် နောင်တရ၍မဆုံးတော့ပါ။

ဆရာတော်ကြီးအပေါ် မသိမလိမ္မာ၍ ကာယကံ, ဝစီကံ,မနောကံတို့ဖြင့် အမှားများပြုခဲ့ပါလျှင် ခွင့်လွှတ်သည်းခံတော်မူပါဘုရား-ဟု လက်ဆယ်ဖြာထိပ်မှာမိုး၍ ဝန်ချတောင်းပန် ကန်တော့ပါသည် ကျေးဇူးတော်ရှင် အနန္တဂိုဏ်းဝင်ဆရာတော်ကြီးဘုရား။

ဆရာတော်ကြီး၏သားတပည့်-

စိန်နားကပ်ကြီး

ဥက္ကဋ္ဌနာယက ဂုဏ်ပြည့်ဝ မြတ်လှသောဆရာတော်

ဦးသန်းအောင်ရွှေ



ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တိပိဋကစာမေးပွဲပြီးဆုံး၍ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော်များရရှိသည့် အချိန်မှာ ဤစာရေးသူ လေးနှစ်သားသာရှိပါသေး၏။ သို့ရာတွင် လောကကြီးမှာ ပိဋကတ်သုံးပုံပြန်ဆိုနိုင်သော ပုဂ္ဂိုလ်ရှိသည်ဆိုခြင်းကို ၁၅-နှစ်သားအထိ မသိရှိသေးပါ။ ၁၅-နှစ်ပြည့်၍ ၁၆-နှစ် ဝင်စမှာ ရွှေဘိုမြို့ စက်ဆန်းကျောင်းတိုက်ဟုခေါ်သည့် စာသင်တိုက်လေးသို့ ရောက်ရှိခဲ့ပါသည်။

စက်ဆန်းဆရာတော်ကား ရှေးခေတ်က အမျိုးသားပထမကျော်နှင့် အစိုးရပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သော ဆရာတော်ဖြစ်ပါသည်။ စက်ဆန်းဆရာတော် ပထမကြီးတန်းအောင်မြင်စဉ်က ဓမ္မာစရိယတန်း မပေါ်သေးပါ။ ပထမကြီးတန်းအောင်ပြီးလျှင် စာမေးပွဲတန်းဆုံးသောခေတ်ဖြစ်၏။ စာရေးသူ ထိုဆရာတော်ထံ အငယ်တန်းစာပေများလိုက်နေစဉ် တစ်ခုသောညဌ် စက်ဆန်းဆရာတော်က မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို မိန့်ကြားတော်မူရာ စာရေးသူမှာ ထိုအချိန်ကျမှ (၁၆-နှစ်သားရောက်မှ) ပိဋကတ်သုံးပုံကိုဆောင်နိုင်သောပုဂ္ဂိုလ်ရှိမှန်းသိခဲ့၍ မင်းကွန်းဆရာတော်ကြီးအား ကြည်ညိုမဆုံးရှိခဲ့ရ၏။ ဖူးတွေ့လိုသည့်စိတ်များလည်း တဖွားဖွားဖြစ်မိခဲ့၏။

စက်ဆန်းဆရာတော်၏တပည့်ကြီး ဝွေးပင်ကျောင်း ဆရာတော်ကလည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအကြောင်းစပ်မိ၍ပြောရာမှာ 'မင်းကွန်းဆရာတော်ကြီးဟာ ပညာပါရမီအလွန်ကြီးမားတော်မူလို့ ပိဋကတ်သုံးပုံကို အထစ်အငေါ့မရှိ အထောက်အမမရှိ စင်းလုံးချော်ပြန်ဆိုနိုင်တာပဲ၊ ဆရာတော်ကြီးဟာ ဘုရားအလိုတော်ကိုသိတဲ့ ဗုဒ္ဓမတ္တညူ ပုဂ္ဂိုလ်ကြီးဖြစ်တယ်'ဟု အမိန့်ရှိပါသည်။ ဤသို့သော မိန့်ကြားသံတို့ကို ကြားပြန်တော့လည်း နောက်ထပ်တစ်ဖန် အတိုင်းထက်အလွန် ကြည်ညို၍ တိပိဋကဓရဆရာတော်ကြီးအား ဖူးတွေ့ချင်စိတ်များ ဖြစ်ပွားခဲ့ပါသည်။

စာရေးသူ ၁၇-နှစ်သားလောက်တွင် ရွှေဘိုမြို့ လမ်းမတော်၌ ဦးထိန်+ဒေါ်သိန်းတို့အလှူတွင် မင်းကွန်းဆရာတော်ကြီး ညတရားပွဲဟောကြားမည်ဟု သတင်းကြားရသဖြင့် ဝမ်းသာဝမ်းမြောက် သွားရောက်ဖူးမြော်နာယူခဲ့ပါသည်။ ဖူးမြော်သည်ဆိုသော်လည်း ပရိသတ်တွေများသောကြောင့် ခပ်ဝေးဝေးမှပင် ဦးချကန်တော့ခဲ့ရပါသည်။ တရားတော်ကိုမူကား အစအဆုံး နှစ်ခြိုက်စွာ နာကြားခဲ့ရပါသည်။ ထိုနေ့ညက ဟောသောတရားမှာ တုဏ္ဍိလဇာတ်ဒေသနာဖြစ်ပါသည်။

ဆရာတော်ကြီးသည် ထိုအခါက သက်တော်၅၀-ကျော် အရွယ်မို့ ခန္ဓာကိုယ်မှာလည်း ကျန်းမာရေးကောင်းတော်မူသောကြောင့် ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်ဆိုတာမျိုး မရှိဘဲ အလွန်တည်ငြိမ်သော ဣန္ဒြေရှိလှပါသည်။ ခြေလက် မျက်နှာတို့မှာလည်း လှုပ်ယမ်းခြင်းမရှိ တည်ငြိမ်လှပါသည်။ အသံတော်ကလည်း သလိပ်ကပ်ခြင်း ချောင်းဟန့်ခြင်းတစ်ချက်မှမရှိဘဲ ကြည်လင်ခံ့ညားစွာရှိလှပါသည်။ ထိုကဲ့သို့တည်ငြိမ်သော တရားဟောခြင်းမျိုးကို ယခုခေတ်တွင် တွေ့မြင်ဖို့ ခဲယဉ်းလှပါသည်။

၁၃၄၁-ခုနှစ်မှာမူ ယခင်ကစိတ်ကူးခြင်းမရှိခဲ့ဘဲ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးတည်ထောင်သော မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်သို့ တိပိဋကစာပေများ ကျက်မှတ်ရန်ရည်ရွယ်ချက်ဖြင့် ရောက်ရှိခဲ့ပါသည်။ ကျောင်းတိုက်တည်ထောင်ပြီး ဒုတိယနှစ်အစ ကဆုန်လလောက်မှာရောက်ရှိသဖြင့် စာသင်သားသံဃာအပါး ၃၀- လောက်သာရှိသေး၏။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် တိပိဋက-နိကာယကျောင်းတိုက်တည်ထောင်ခါစဖြစ်သဖြင့် တရားပွဲတို့၌တရားဟောရာမှာ တိပိဋကစာသင်သားသံဃာများအား သိန္ဓောမြင်းဥပမာထား၍ ဘယ်လိုထားမည်၊ ဘယ်လိုကျွေးမွေးမည်စသဖြင့် ဟောကြားတော်မူရာ ကျောင်းဒကာ ဆွမ်းဒကာများ အသီးသီးပေါ်ပေါက်လာခဲ့လေ၏။

ဆရာတော်ကြီးသည် ဝါပကာလများတွင် အနယ်နယ်အရပ်ရပ်သို့ တရားဟောကြွနေရသဖြင့် တိပိဋက-နိကာယ ကျောင်းတိုက်သို့ရောက်လာခဲ၏။ တစ်ခါတစ်ရံသာ ကြွလာ၏။ ကြွလာတိုင်းလည်း စာသင်သား သံဃာများအား ပြောစရာအထူးမရှိက တွေ့ဆုံခြင်းမရှိ။ ဆွမ်း,ကွမ်း, မီး,ရေ စသောအခြေအနေတို့ကို မေးမြန်း၍ ဓမ္မနာဒတိုက်သို့ ပြန်ကြွလေ့ရှိ၏။ ပြောစရာ ဩဝါဒပေးစရာရှိက ဘုရားရှိခိုးကျောင်း ပေါ်မှာစုဝေးစေပြီး 'ဦးဇင်းတို့ အဆင်ပြေကြရဲ့လား၊ ဘာများလိုအပ်တာရှိသလဲ' စသည်ဖြင့်မေးကာ ဩဝါဒပေးလေ့ရှိပါသည်။

စာရေးသူသည် မိုးမိတ်ကုန်းမြေသို့ ဆရာတော်ကြီး ရောက်လာမှန်းသိလျှင် သွားရောက်ရှိခိုးကန်တော့လေ့ရှိပါသည်။ ပြုသင့်သမျှသော ဝေယျာဝစ္စကိုလည်း ဝိုင်းဝန်းလုပ်

ဆောင်ခဲ့ပါသည်။ သို့ဖြင့် ဆရာတော်နှင့် ရင်းနှီးခဲ့ပါသည်။ ရန်ကုန် တိပိဋကကျောင်းတော်တွင် အနုနာယကအဖြစ်နှင့် ငါးနှစ်နေစဉ်အခါ ရန်ကုန်မြို့သို့ ဆရာတော်ကြွလာတိုင်း ညဥ့်အခါ ဆရာတော်မကျိန်းစက်မီ ဆရာတော်အား ယပ်လေးခတ်ပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း စသည့် ဝတ္တရားများကို ပြုလုပ်ကာ ဆည်းကပ်ခဲ့ပါသည်။

တစ်ခါတစ်ရံ ပစ္စာသမဏဦးကုသလ စသည်တို့မရှိသည့်အခါ ဆရာတော်ကြီး၏သက်န်းကို ဖွပ်လျှော်ပေးခြင်း၊ ခေါင်းရိတ်ပေးခြင်း စသည့်ဝေယျာဝစ္စများကိုလည်း ပြုလုပ်ခဲ့ပါသည်။ သို့ဖြင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးထံ၌ ၁၃၄၁-ခုနှစ်မှ ၁၃၅၁-ခုနှစ်ထိ ၁၀-နှစ်တိုင်တိုင် ခိုလှုံဆည်းကပ်လျက် ပရိယတ္တိဓမ္မကို လေ့ကျက်ဆည်းပူးခဲ့ရပါသည်။

ယင်းသို့ ၁၀-နှစ်တိုင်တိုင် ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီးထံနေလာခဲ့ရာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ အဇ္ဈတ္တသန္တာန်တွင်-

၁။ သတ္တဝါများကို သနားတတ်ခြင်း၊

၂။ သတ္တဝါတို့အပေါ်၌ မေတ္တာတရား ကျယ်ပြန့်စွာထားခြင်း၊

၃။ သည်းခံတော်မူခြင်းဟူသော ပုဂ္ဂိုလ်သူမြတ် လူဥက္ကဋ္ဌတို့ထားရမည့် တရားသုံးပါးနှင့် ပြည့်စုံတော်မူသည်ကို တွေ့ရပါသည်။

စာရေးသူတို့ရောက်စကာလနှင့် ရှေးအခါကာလများဆီက မင်းကွန်း၊ ထန်းမြင့် စသောရွာများသည် ယခုလောက် တိုးတက်ဖွံ့ဖြိုးမှုမရှိချေ။ ဆေးရုံသွားစရာရှိက ဧရာဝတီမြစ်ကိုဖြတ်လျက် မန္တလေး၊ စစ်ကိုင်း စသော မြို့ကြီးများရှိ ဆေးရုံ ဆေးခန်းသွားရသည်မှာ ဒုက္ခကြီးလှ ခက်ခဲလှ၏။ လူတွေသာမဟုတ် ရှင်ရဟန်းများလည်း ကျန်းမာရေးအတွက် ခက်ခဲလှသည်သာဖြစ်၏။ ဤနေရာဒေသ၌ နေထိုင်ကြသည့် ရဟန်းရှင်လူတို့၏ ကျန်းမာရေးအတွက် အခက်အခဲဖြစ်နေသည်ကို မင်းကွန်းဆရာတော်ကြီး ကရုဏာဖြစ်တော်မူရာ၏။ ဤအခက်အခဲကို ဖြေရှင်းပေးနိုင်မည့်အခြေအနေကို ဆရာတော်ကြီး ကျိတ်၍စဉ်းစားနေတတ်၏။

တစ်ခါသော် မုံရွာမြို့မှ သူဌေးဦးဖိုးမှိုနှင့် ဒေါ်ရွှေညွန့်တို့က ဓမ္မနာဒကျောင်းတိုက်ရှေ့တွင် ခြင်္သေ့ကြီးနှစ်ကောင် ခံ့ခံ့ညားညားတည်ထားလှူဒါန်းလိုကြောင်း လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်ကြီးက ခြင်္သေ့ကြီးနှစ်ကောင်တည်ထားတာက လူတစ်ယောက်တောင် အရိပ်ခိုလို့မရကြောင်း၊ ဤအရပ်မှာနေထိုင်ကြသော ရဟန်းရှင်လူတို့အဖို့ ဆေးရုံဆေးခန်းသွားရတာခက်ခဲလှသည့်အတွက် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်နေကြောင်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်လှူဒါန်းပါက များစွာအကျိုးရှိကြောင်း မိန့်တော်မူကာ ဦးဖိုးမှို+ဒေါ်ရွှေညွန့်တို့လှူဒါန်းသော အဆောက်အဦကို မတည်၍ တိုက်နယ်ဆေးရုံဖြစ်အောင် လုပ်ဆောင်တော်မူခဲ့လေသည်။

ထို့ပြင် မင်းကွန်းအုပ်စုဒေသသည် နောက်ကျောဘက်မှ ရွှေမြင်တင်တောင်တန်းကြီးပိတ်ဆီး၍ ရှေ့မျက်နှာစာက ဧရာဝတီမြစ်ကြီးကာဆီးကာ ဖြတ်သန်းနေလေရာ လယ်ယာလုပ်ကွက်များစွာ မရှိလှချေ။ ရေကျသွားသောအချိန်မှ ပေါ်လာသည့် နုန်းမြေကျွန်းများပေါ်တွင် မြေပဲ စသောသီးနှံများ စိုက်ပျိုးကြရလေသည်။ သီးနှံစိုက်ပျိုးစရာ ယာမြေမရှိသောသူများမှာ အချို့ခုံဖိနပ်ခုတ်ကြ၏။ မိန်းကလေးများက ဆေးလိပ်၊ ဆေးလိပ်အစီခံ လုံးကြဖြတ်ကြ၏။ လှည်းရှိသူများက ဘုရားဖူး ဧည့်ကြိုဧည့်ပို့ပြုကြ၏။ ပန်းရန်လက်သမား တတ်ကျွမ်းသူများက ပန်းရန်လက်သမားလုပ်ကြရလေသည်။

ဧည့်ကြိုဧည့်ပို့ လှည်းသမားများသည် တစ်ခါတစ်ရံ လှည်းတစ်ခေါက်မှမလိုက်ရသည့်အတွက် ထိုရက်အဖို့ ဝင်ငွေတစ်ပြားတစ်ချပ်မှမရသောနေ့ဖြစ်လေ၏။ ထိုရက်မျိုးနှင့် မကြာမကြာကြုံရသောလှည်းသမားများအဖို့ မိသားစုစားဝတ်နေရေးကို ခဲခဲယဉ်းယဉ်းလုံးပန်းကြရတော့၏။ သားသမီးများ ကျောင်းထားဖို့လည်း ခက်ခဲလျက်ရှိနေကြ၏။ ဤသို့သော မိသားစုတို့ထံမှ ကြေးငွေများစွာကောက်ခံ၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းဆောက်ဖို့ရန်မှာလည်း ခက်ခက်ခဲခဲရှိကြမည်သာဖြစ်၏။

ဆရာတော်ကြီးအနေဖြင့် ဤသို့သောအခြေအနေဘဝဘုံဇာတ်မှာ စုံရပ်နေကြသည့် တပည့်ဒကာများကိုလည်း သနားတော်မူလေသည်။ ထို့ကြောင့် ဤရပ်ရွာနေ ကလေးများ ပညာရေးနောက်ကျမှုမရှိရလေအောင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းများဖြစ်လာဖို့ လုပ်ဆောင်တော်မူခဲ့လေသည်။ ဤသို့သောကုသိုလ်များကို ဆရာတော်ကြီးက ပညာသံဝဏ္ဏနိကကုသိုလ်ဟု အမည်တပ်တော်မူ၍ အခြား ဒကာဒကာမအပေါင်းတို့ကိုလည်း ဆည်းပူးကြရန် ဟောကြားတော်မူလေ့ရှိ၏။

ဆရာတော်ကြီးသည် အနယ်နယ်အရပ်ရပ်မှရလာသော ဓမ္မပူဇာဝတ္ထုလှူဒါနများဖြင့် ယောဘ်လာဘ်ရှားပါးသည့် ရှင်သာမဏေတို့အား သင်္ကန်းချုပ်ပေးခြင်း၊ စာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည့် လိုအပ်ရာရာတို့ကို ဖြန့်ဝေဆည်းပေးခြင်းဖြင့် ချီးမြှောက်တော်မူ၏။



မင်းကွန်းဆရာတော်ကြီး
ပေစာရှင်းလင်းနေစဉ်

မိုးမိတ်ကုန်းမြေသို့ကြွရာတွင် ရွာထဲမှ ကျောင်းသား အရွယ် ကလေးငယ်များအားလည်း ကားပေါ်မှာ တင်ဆောင်လာသော မုန့်ထုပ်, မုန့်ချပ်များပေးဝေတော်မူရာ ကလေးငယ်များ ဝမ်းသာပျော်ရွှင်မှုရှိကြလေ၏။ ဤသည်တို့မှာ ဆရာတော်ကြီး၏ ကရုဏာ, မေတ္တာကြီးမားမှု၏ ပုံရိပ်များဖြစ်ပါသည်။

ယခုကာလ ဤလောက၌ ဒေသတိုင်း နေရာတိုင်းတွင် အကြီးအကဲနာယကဆိုသူတို့ကား ထိပ်ဆုံးကနေရာယူကြ၍ လက်အောက်ငယ်သား သူတစ်ပါးတို့အား ခိုင်းရုံသက်သက် အာဏာပေးရုံသက်သက်မျှ လုပ်ကြသူကများလေသည်။ တကယ်တမ်း နာယကဂုဏ်နှင့်ပြည့်စုံသောသူကား ရှားပါးလှ၏။ နာယကဂုဏ်နှင့်ပြည့်စုံသောသူသည် ပြုဖွယ်ကိစ္စကြုံတွေ့လာပါက မိမိကိုယ်တိုင်ဦးဆောင်၍ ငယ်သားများနှင့် အတူတကွအလုပ်လုပ်ကြလေသည်။ ထကြွနိုးကြားမှုဂုဏ်ပေတည်း။

မင်းကွန်းဆရာတော်ကြီးကား ငယ်သူတို့အပေါ်၌ ခိုင်းရုံသက်သက် အာဏာပေးရုံသက်သက်အမူမျိုးကို လုပ်လေ့မရှိပေ။ မိမိ၏ စာရေးခြင်း, စာကြည့်ခြင်းကိစ္စ တရားဟောခြင်း စသည့်ကိစ္စများမရှိပါက တပည့်တပန်း ရဟန်းသာမဏေတို့နှင့်အတူပါဝင်ကာ အလုပ်လုပ်လေ့ရှိတော်မူပါသည်။

တစ်ခါက မင်းကွန်းဆရာတော်ကြီး၏ ဓမ္မနာဒ ကျောင်းတိုက်အတွင်း သန့်ရှင်းရေးလုပ်နေကြရာ အချို့ကိုရင်များက မြက်ထိုးကြ၍ အချို့ကိုရင်များက မြက်ဝါးရမ်း (ဝါးခြမ်းပြားကို ဓားရင်းထက်အောင်လုပ်ထားသည့်အရာ)ဖြင့် မြက်ပင်ငယ်များ ပြတ်သွားအောင်ရမ်းကြ၏။ အချို့ဦးဇင်းများက တံမြက်လှည်းကြ၏။ စာရေးစာကြည့် နားနေခိုက်ဖြစ်သော ဆရာတော်ကြီး ကိုယ်တော်တိုင်လည်း ကိုရင်များနှင့် အတူ မြက်ကောက်ခြင်း မြက်ကျုံးခြင်း စသောကိစ္စတို့ကို ဝိုင်းဝန်းပြုလုပ်လေ၏။

ထိုအခိုက် ကိုရင်ငယ်တစ်ပါးသည် မြက်ရမ်းသည့်နေရာတွင် ခဲလုံးလေးချကာ မြက်ရမ်းဖြင့် ရမ်းလိုက်လေ၏။ မြက်ရမ်းဖြင့် ရမ်းမိသောခဲလုံးသည် အရှိန်ပြင်းစွာလွင့်စဉ်၍ ဆရာတော်ကြီး၏ခါးသို့ထိမှန်ရာ ဆရာတော်ကြီးမှာ ခါးကော့သွားသည်အထိ နာကျင်တော်မူလေ၏။ ထိုအခြင်းအရာကို သိမြင်လိုက်ကြသော ဦးဇင်း, ကိုရင်များက ထိုကိုရင်အား ဝိုင်းဝန်းမာန်မဲကြရာမှအစပြုကာ တစ်နေရာတွင် သန့်ရှင်းရေးလုပ်လျက်ရှိသော တိုက်အုပ်ဆရာတော် သိရှိသွား၏။

ထိုအခါ တိုက်အုပ်ဆရာတော်က ထိုကိုရင်ကို ကြိမ်ဒဏ်ပေး၍ ဆုံးမရန်ခေါ်လေရာ ဆရာတော်ကြီးက ရိုက်ပုတ်ချင်ကြသည့် ဦးဇင်းများနှင့် ကြိမ်ဒဏ်ပေး၍ ဆုံးမရန်ခေါ်နေသည့် တိုက်အုပ်ဆရာတော်ကိုလည်း

'ကလေးသဘာဝ ဆော့ရှာတာပါ၊ မရိုက်ကြပါနဲ့'ဟု ဆရာတော်ကြီးက တားမြစ်တော်မူလေ၏။ မိမိရှေ့တွင်မရိုက်သော်လည်း မျက်ကွယ်မှာ ရိုက်မည်စိုးသောကြောင့် ထိုကိုရင်ငယ်အား တစ်နေ့လုံး မိမိအပါးမှာ နေစေသကတ်။

ဤအကြောင်းအရာကို စာရေးသူ မိုးမိတ်ကုန်းမြေ ရောက်စနှစ်က တိ=နိကျောင်းတိုက် ကျောင်းဆောင်ငယ်များကို ဆောက်လုပ်နေသော ဓမ္မနာဒကျောင်းသားဟောင်း ပန်းရန်ဆရာကြီးတစ်ဦးထံမှ သိမှတ်ခဲ့ရပါသည်။ ဤသည်မှာ ဆရာတော်ကြီးတွင်ရှိသော ခန္တိဂုဏ်, မေတ္တာဂုဏ်တို့၏ ပုံရိပ်များဖြစ်ပါသည်။

စာရေးသူ တစ်ခါကြုံဖူးသည်မှာ ဆရာတော်ကြီးသည် ရန်ကုန်တိပိဋကကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မှောင်သည့်ဘက်မှ အလင်းရောင်ရှိသည့်ဘက်သို့ စာရေးသည့်ခုံနှင့် စာအုပ်တင်သည့်စားပွဲခုံများ ရွှေ့ကြရာတွင် ဆရာတော်ကြီးကိုယ်တိုင် ဝိုင်းဝန်း၍ခုံမခြင်း ရွှေ့ခြင်းတို့ကိုပြုလုပ်တော်မူလေ၏။ ထိုအခါ ပဏ္ဍာသမဏဦးကုသလက 'ဆရာတော် နေပါဘုရား၊ တပည့်တော်တို့ချည်း မနိုင်ပါတယ်'ဟု လျှောက်ရာ 'တပည့်တော်ဝိုင်းမတော့ ဦးဇင်းတို့ သက်သာတာပေါ့'ဟု အမိန့်ရှိပါသည်။ ဤသည်မှာလည်း ဆရာတော်၏ မေတ္တာနှင့်ယှဉ်သော ဥဋ္ဌာန(=ထထကြွကြွ လုပ်ဆောင်တတ်သော) ဂုဏ်တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

မ-ဆ-လခေတ်အခါဆီက ဆန်များကို တိုင်းတစ်တိုင်းမှ တစ်တိုင်းသို့သယ်ဆောင်ရာတွင် တိုင်းကောင်စီရုံးမှထောက်ခံချက်ပါမှသာ သယ်ဆောင်ရ၏။ တစ်ခါသော် မင်းကွန်းဆရာတော်ကြီးအား ဓမ္မနာဒကျောင်းတိုက်နှင့် တိပိဋက=နိကာယ ကျောင်းတိုက်တို့အတွက် ဧရာဝတီတိုင်းမှ ဆန်များလှူဒါန်းထား၏။ ထိုဆန်များ ရန်ကုန်ရောက်လာရာ စစ်ကိုင်း မင်းကွန်းသို့သယ်ဆောင်ရန် ရန်ကုန်တိုင်းကောင်စီရုံးတွင် သယ်ဆောင်ခွင့်ရဖို့ လုပ်ဆောင်ကြရ၏။ တစ်နေ့သောအခါ ဆရာတော်ကြီးက စာရေးသူအား 'မင်းကွန်းကို ဆန်တွေသယ်ဖို့ ပါမစ်လုပ်တာ အဆင်ပြေရဲ့လား'ဟု မေးပါသည်။ 'ကိုထိန်ဝင်းတို့ လုပ်နေတုန်းပါဘုရား'ဟုလျှောက်ထားရာ ဆရာတော်ကြီးပြန်လည်မိန့်ကြားပုံမှာ 'အလုပ်ဆိုတာ ခိုင်းရတာလွယ်တယ်၊ လုပ်တဲ့သူက ဘယ်လောက်ထိ ခက်ခက်ခဲခဲလုပ်နေရမှန်းမသိ ဖြစ်နေတတ်တယ်။ ဒါကြောင့်မေးရတာ'လို့ မိန့်တော်မူပါသည်။

ဤသည်မှာ ဝေဖန်ထောက်ရှုတတ်သောသဘောပင် ဖြစ်ပါသည်။ တချို့သောအကြီးအကဲများကား မိမိခိုင်းတာကို မြန်မြန်မပြီးစီးလို့ဖြစ်စေ၊ လုံးဝမပြီးစီးလို့ဖြစ်စေ ဝေဖန် ထောက်ရှုတတ်သောသဘောမရှိခြင်းကြောင့် လုပ်ဆောင်ရသောသူကို ငေါက်ငမ်းမာန်မဲ အပြစ်ပေးတတ်၏။ ထိုအခါ လုပ်ဆောင်ရသောသူတို့လည်း စိတ်ဆင်းရဲရ၏။ ခိုင်းသောသူမှာလည်း အကုသိုလ်တွေပွားရတော့၏။

မင်းကွန်းဆရာတော်ကြီးကား 'ဥက္ကဋ္ဌလူ၊ ဖြစ်လိုမူကား၊ သူများထက်သာ၊ ကရုဏာနှင့်၊ မေတ္တာပွားမှု၊ သည်းခံပြုမှ၊ ဂုဏ်ထူးရ၏'-ဟူသော မဃဒေဝလင်္ကာအတိုင်း သူများထက်သာသော ကရုဏာ,မေတ္တာ,ခန္တီတရားတို့ဖြင့် လောကအကျိုး သာသနာအကျိုးတို့ကို သယ်ပိုးခဲ့သော ပုဂ္ဂိုလ်ဥက္ကဋ္ဌမြင့်မြတ်သော ဆရာတော်ဖြစ်တော်မူပါပေ၏။

'ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤ ခြောက်ခုကား၊ ကြီးသူနာယက၊ ကျင့်အပ်စွ'-ဟူသော နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူသော မဟာနာယကဆရာတော်ကြီးလည်း ဖြစ်တော်မူပါပေ၏။

ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးသည် မင်းကွန်း တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်၊ မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်၊ ရန်ကုန် တိပိဋကကျောင်းတိုက်တို့ကို အထက်ပါ ဥက္ကဋ္ဌဂုဏ်တို့နှင့်ပြည့်စုံစွာ အုပ်ချုပ်ဟော်မူခဲ့ခြင်းကြောင့် ထိုကျောင်းတိုက်သုံးတိုက်လုံး အေးချမ်းသာယာမှု တိုးတက်မှုများစွာရှိခဲ့ပါ၏။

အကြင်အကြင် ကျောင်းတိုက်, မြို့,ရွာ, တိုင်းပြည်စသည်တို့ကိုအုပ်ချုပ်ကြသော အကြီးအကဲများသည် ဆိုခဲ့ပြီးသော ဥက္ကဋ္ဌဂုဏ်, နာယကဂုဏ်တို့နှင့် ပြည့်စုံစွာ အုပ်ချုပ်ကြမည်ဆိုပါက ထိုထိုကျောင်းတိုက်, မြို့,ရွာ,တိုင်းပြည်စသည်တို့သည် ဧကန်မုချ အေးချမ်းသာယာတိုးတက်လာမည်ဖြစ်ပါကြောင်း ဆရာတော်ကြီးအား စံနမူနာထား၍ ဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်ကာလတွင် ဂုဏ်ပြုဖော်ပြလိုက်ရပါသတည်း။ ။

သန်းအောင်ရွှေ

နိုင်ငံတော်သံဃမဟာနာယကစာကြည့်တိုက်မှူး(ငြိမ်း)။

ဘဘုန်းဘုရားနှင့်

ထူးမခြားနား

စိန်ရဲနောင်

စာရေးသူသည် မင်းကွန်းတိပိဋကဓရမထေရ်မြတ်ကြီးအား အကြိမ်ကြိမ်ဖူးမြော်ပူဇော်ခွင့် အခါခါ တရားနာကြားရက် အမှန်ပါလေသည်။

ဆရာတော်ကြီးသည် ဇာတိမွေးရပ်မြေမှအစပြု၍ ကျေးဇူးရှိရာအရပ်တိုင်းတွင် ဘုရား၊တန်ဆောင်း၊သိမ်၊ ကျောင်း ဓမ္မာရုံ အဖုံဖုံသော သာသနိကအဆောက်အအုံများ တည်ဆောက်လှူဒါန်းခြင်း၊ ဘာသာရေးအသင်းအဖွဲ့ကြီးများ ဖွဲ့စည်းတည်ထောင်ပေးခြင်း၊ မြင်းခြံမြို့သူမြို့သား နယ်သူနယ်သားများကလည်း ဇာတိဖွားမထေရ်မြတ်အား ပူဇော်ပွဲများ အမျိုးမျိုးကျင်းပ၍ပူဇော်ခြင်း၊ ဤသို့ ပွဲလမ်းသဘင် နွှဲဆင်ကြတိုင်း မဏ္ဍပ်အတွင်း ဆိုင်းဝိုင်းကြီးနှင့်ဧည့်ခံ၍ဖြစ်စေ၊ လှည့်လည်ရာလိုက်ပါ၍ဖြစ်စေ၊ အခမ်းအနားကျင်းပချိန်၌ ရတု၊ ဩဘာစာ၊ တေးထပ်၊လူးတား၊ ဓမ္မတေးများရေးစပ်ပြီး သီဆိုသူများအား ပံ့ပိုးတီးခတ်၍ဖြစ်စေ အနီးကပ်ထိစပ် ပူဇော်ခွင့်ရတတ်ပေသည်။

ထေရ်မြတ်လောင်းလျာဖွားမြင်ရာ ကျည်းပင်ရွာကြီးတွင် အဘိဓဇကေန်ကူလက်လှည့်ကျောင်းတော်ကြီးတည်ဆောက်ပြီးစီး၍ ကျောင်းလွှတ်ပူဇော်ပွဲကျင်းပစဉ်ကဆိုမထင်မှတ်ဘဲ၊ ကြိုတင်ချိန်းထားခြင်းမရှိပါဘဲ ထိုနေ့နံနက်ရောက်မှ ကျောက်ဆည်ဆင်အဖွဲ့ခေါ်လာရာ ဆိုင်းမပါ၍အရေးပေါ်လာခေါ်ပါသည်။ ကျွေးမွေးဧည့်ခံချိန် ကျောင်းရှေ့တလင်းပြင်တွင် ဆင်အကနှင့်အတူ တီးမှုတ်အသုံးတော်ခံခဲ့ရပါသည်။

လူစုကွဲ၍ ဖြေဖျော်ပွဲပြီးသောအခါ ဦးဇင်းတစ်ပါးက 'ဒကာကြီးတို့ဆိုင်းအဖွဲ့က ပြန်လို့မဖြစ်သေးဘူး၊ ကျောင်းပေါ် ရွှေ့ရမယ်၊ ဆရာတော်ကြီးက သူတရားဟောရေစက်ချအမျှဝေပြီး ပြောတီးပေးရမယ်'လို့ မိန့်တော်မူပါသည်။

စိတ်ထဲထင်မိသည်မှာ ဘဘုန်းဘုရားကတော့ ဆိုင်းဇယားအလေးထား၍ ဤသို့မိန့်ကြားမှာမဟုတ်ပါ။ သူတို့ ဒကာဒကာမတွေက တီးစေချင်လို့နေမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တီးကိုယ်ကသိုလ်ရ ရွှေ့ကြ-ဟုဆိုကာ ဆိုင်းပစ္စည်းများ ကျောင်းပေါ်အနောက်ဖျား ရွှေ့ပြောင်းပြင်ဆင်ရပါသည်။

ဆရာတော်ကြီးသည် တရားပလ္လင်ရှေ့တွင် ကြည်ညိုဖွယ်စိုက်တင်ထားသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အလံကို လက်ညှိုးညွှန်ပြ၍ 'ဒီအလံကိုဘုန်းကြီးရွာအထိ ယူဆောင်လာပြီးပြရခြင်းဟာ ကြွားချင်လို့မဟုတ်ပါဘူး။ အဘိဓဇဘွဲ့ရတဲ့ဘုန်းကြီးရဲ့ရွာက ရပ်သူရပ်သား၊ နယ်သူနယ်သား ဆွေမျိုးသားချင်းပေါက်ဖော်များနဲ့ ဒကာဒကာမ အားလုံး ကလေးလူကြီးမကျန် တို့ရွာသားဘုန်းကြီးရတဲ့ အဘိဓဇမဟာရဋ္ဌဂုရုတံဆိပ်တော်အလံဟာ ဒီအလံပဲလို့ မျက်ဝါးထင်ထင် လက်တွေ့ကျကျ မြင်ဖူးတွေ့ဖူးပြီး ကြည်နူးဖူးခွင့်ရအောင် ဘုန်းကြီးယူလာတာပါ'ဟု မိန့်ကြားကာ မွေးရပ်မြေ ကျေးဇူးဆပ်တရားများကို မပင်မပန်း ရွှင်လန်းဝမ်းသာစွာဖြင့် အကြာကြီးဟောတော်မူပါသည်။

ရေစက်ချအမျှဝေခါနီးအချိန်တွင် 'ကိုင်း. . . ဒါနအဖုံဖုံ စုံစွာအသီးသီး ဤကျောင်းရေစက်ချပွဲကြီး နိဂုံးကမ္ပတ် အဆုံးသတ်တော့မို့ ဆိုင်းဆရာတို့ ပြောတီးရန်အသင့်ပြင်ထားကြပါ၊ ရှေးတုန်းက ဒါနရှင်သူတော်စင်တို့ ရေစက်သွန်းချအမျှဝေငှလျှင် ပံသုမဟာ မြေပထဗျာကသာခုခေါ်ရာ အကြိမ်ကြိမ်အခါခါတုန်ဟည်းပြီး ပတ္ထနာကောင်းချီး အလှုပ်ကြီးလှုပ်ပေးတော်မူတယ်တဲ့။ယခုအခါ ဆိုင်းတော်ကြီးဆရာတို့က အလှူရှင်၏ရင်၌ ပီတိလှိုင်းခတ်အောင် ကျယ်လောင်စွာပြောစည်ဟည်း မြေတုန်အောင်တီးရတော့မှာမို့ ဆိုင်းဆရာတို့ ကိုယ်တီးမှုတ်ရမည့် တူရိယာအသင့်ကိုင်ကာစောင့်ဆိုင်းပြီး ပြောတီးဖို့ရာ လုံ့လပြုထားကြပါ၊ ဘုန်းကြီးရေစက်ချအမျှဝေပါတော့မယ်'ဟု အရေးတယူ အလေးမူမိန့်၍ ကုသိုလ်ဖြစ်ရေး နေရာပေး နှီးဆော် နိဗ္ဗာန်အပါခေါ်သည်ကို ကိုယ်တိုင်ကြားသိခံစား ကြည်ညိုစိတ်များ ဖြစ်ပွားရပါတော့သည်။

နွားထိုးကြီးမြို့ကို 'နွားတိုးကြီး'မြို့ဟုပြင်ခေါ်ရန် ဩဝါဒပေးသော နွားထိုးကြီးမြို့လယ်အလှူပွဲအပါအဝင် ထို့နောက်ပိုင်းတွင် ဆရာတော်ကြီးတရားပွဲပါသော အလှူပွဲ၊ ပူဇော်ပွဲမှန်သမျှ သံယာစင်အဆင်း ပြောစည်ရွှမ်းပြီးမှ ဆိုင်းသိမ်းမင်္ဂလာပြုရသည့်ထုံးစံ လက်ခံငှားစဉ်ကတည်းက ကြိုတင် သတိကတိရှိလာကြပါသည်။

သဘင်ဂီတအနုပညာရှင်များအား အထူးခြားဆုံး ဩဝါဒပေးဖြစ်တာကတော့ မြင်းခြံမြို့ မင်းကျောင်းတိုက် ဓမ္မပါလရာဟုဒေါင့်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယမဟာထေရ် သက်တော် ၇၅-နှစ်ပြည့် စိန်ရတုမွေးနေ့ပူဇော်ပွဲ ဆင်နွှဲချိန်ကဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီး ဦးစီးကြီးမှူးကျင်းပသော ပွဲဖြစ်၍ မင်းကွန်းပြေ ဓမ္မနာဒမှ စာသင်သား ဦးပဉ္စင်းအများလည်း လိုက်ပါကြွချီလာကြသည်။ တစ်မြို့လုံးရှိ ဘာသာရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့ အစည်းများ၊ ရပ်ကွက်များမှ ဖျော်ဖြေရေးတာဝန် ကိုယ်ပိုင်အစီအစဉ်ကောင်းများနဲ့ တစ်ဖွဲ့စီသီးခြားပါဝင်ပူဇော်ကြတာမို့ ပူဇော်ရေးအဖွဲ့တွေ များပြားစုံလင်ပြီး စည်လည်းစည်

မြင်းခြံမြို့ မင်းကျောင်းတိုက်ဆရာတော် ဦးသူရိယ ပူဇော်ပွဲ

ညီလည်းညီတဲ့ပွဲပါပဲ။ သဘင်အစည်းအရုံးမှလည်း တိပိဋက အဘိဓဇမဟာရဋ္ဌဂုရု ကိုယ်စား အတွင်း ဆိုင်းဝိုင်း ဗိမာန်အစုခင်းကျင်းကာ ပညာရှင်များစုပေါင်းလျက် အဝင်ညကတည်းက ကြိုတင်ဧည့်ခံကြပါသည်။

စာရေးသူကတော့ မင်းကွန်းမှ အရှင်မြတ်တစ်ပါး ရေးသားသော ရှစ်ဆယ်ပေါ်လူးတားညှပ် ထပ်တွန့်တေးထပ်ကြီးကို တေးသံရှင် ရေဒီယိုစိန်စိန်မြိုင်နှင့်တွဲဖက်ပြီး လှည့်လည်ရာနှင့် အခမ်းအနားကျင်းပချိန်မှာ ဝါးပတ္တလားနှင့် တီးခတ်ပူဇော်ရပါသည်။

နေ့လယ်၁-နာရီ ပူဇော်ပွဲသဘင်အခမ်းအနားကျင်းပသောအခါမှာ ရွှေပလ္လင်အမြင့်ကြီးနှစ်ခုယှဉ်ခင်းထားပြီး မွေးနေ့ရှင် ဘဒ္ဒန္တသူရိယမထေရ်မြတ်နဲ့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးတို့ ဝဲယာထိုင်တော်မူပါသည်။ များပြားလှတဲ့ အစီအစဉ်ပါ။ တေးသီချင်းများနဲ့ ဝန္ဒနာဂါထာတော်များကို မိတ္တူပွားရှ် မင်းကွန်းဆရာတော်ကြီးအား အကုန်ဆက်ကပ်ရပါသည်။ ဆရာတော်ကြီးက နံပါတ်စဉ်အတိုင်း အလှည့်ကျပူဇော်မှုများကို ဂရုတစိုက်အာရုံကပ်လျက် စာသားကြည့်ရှု နားဆင်သမှုပြုပါ၏။ အခမ်းအနားနောက်ဆုံး ဩဝါဒပေးရမည့်အချိန်ရောက်သောအခါ 'ကဲ. . . ကိုယ့်မြို့သူ ကိုယ့်မြို့သား ညီတော်ရဟန်းများနဲ့ အနုပညာရှင်များအားလုံးကို ကြုံကြိုက်တုန်း ဆုံးမသင့်တာဆုံးမ၊ ပြုပြင်သင့်တာပြုပြင်ပေးခဲ့ရတော့မှာပဲ' အစချီပြီး ဦးစွာသံဃာတော်များအား ဩဝါဒစကားအလျင်မိန့်ကြားပါသည်။

ထို့နောက် သဘင်ပညာရှင်များကို ဦးတည်ကာ 'ဘုန်းကြီး မနေ့ညကတည်းက ရောက်နေတာ၊ ဆိုင်းစချင်းပြောတီးတော့ ရောင်ခြည်တော်ဘွဲ့နဲ့ နိဒါန်းချီမှာပဲထင်ပြီး ထူးမခြားနား ရှေးစာသားတွေကို ကြည့်ညိုချင်လို့ နားစွင့်ထားတာ။ ဆိုင်းတော်ကြီးက ရောင်ခြည်တော်ဘွဲ့သီချင်းနဲ့ ပြောစ,မတီးဘူး။ ထူးမခြားနားအစချီ ရောင်ခြည်တော်ဘွဲ့သီချင်းကို ဗုဒ္ဓဘာသာဝင်သူခပ်သိမ်းတို့နှင့်စပ်သော သဘင်ပွဲအခင်းအကျင်းမှန်သမျှ၌ အခြားသီချင်းများကို မတီးမှုတ်မသီဆိုမီ ဘုရားဂုဏ်အင်ဦးထိပ်ထား၍ ရှေးဦးစွာ သီဆိုတီးမှုတ်လေ့ရှိကြောင်း ဘုန်းကြီးသိထားသည်။ အဲဒီလို ရှေးပညာရှင်တွေ အစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ သဘင့်ထုံးစံကို တို့မြင်းခြံက အနုပညာရှင်တွေက ဘာကြောင့်အမွေဆက်မခံတာတုန်း။ သဘင်ခေတ်တစ်လျှောက် တင်စားအမွှန်းတင်ခံခဲ့ရတယ်လေ။ ဇာတ်ရုပ်သေးမြို့ မြင်းခြံတဲ့။ မိမိတို့ခေတ်မှာလည်း နာမည်ကောင်းသတင်းတွေ လျှံရအောင် ရှေးသမားစဉ်တွေကို ဖျောက်ဖျက်မပစ်ကြပါနဲ့။ ဒီပွဲမှာတော့ နံနက်ဧည့်ခံဆိုင်းတီးတော့လည်း ထူးမခြားနားကို ဦးဦးဖျားဖျား တီးသံဆိုသံမကြားရတော့ ဘဝင်မကျဘူး။ တော်သေးတယ်၊ အစီအစဉ်တစ်ဝက်လောက်မှာ နှစ်ကျိပ်ရှစ်ဆူဝိနယာနုဂ္ဂဟအဖွဲ့ လှစန်းကြည်က ထူးမခြားနားကို သုံးပိုဒ်သီဆိုပူဇော်တာကြားလိုက်ရသေးလို့။ အချိန်ကြာမှာစိုးလို့ ဖြတ်လိုက်တာလား၊ ဖြူနီညိုပြာကနေ 'တင်ထိပ်ဦးစုံဖူးတည့်ရှိကြာမုံ'အပြီးထိ ပြောင်မြောက်တဲ့ စာသားတွေ အများကြီးကျန်သေးတယ်။ တစ်ဝက်တစ်ပျက် အဓိပ္ပာယ်သာပေါ်ပြီး အဆုံးတိုင်ဆိုတော့ ရောင်ခြည်တော်ခြောက်သွယ် အံ့ဖွယ်ဂုဏ်အင်စုံလင်တာပေါ့။ ဒါကြောင့်. . . ပူဇော်သဘင်ပါဝင်ကြတဲ့ ပညာရှင်အားလုံးကို ဘုန်းကြီးသတိပေးပါတယ်။ နောက်နောင် လောကီမင်္ဂလာနှင့်စပ်သောပွဲ၌ဖြစ်စေ၊ လောကုတ္တရာနှင့်စပ်သော အခမ်းအနား၌ဖြစ်စေ ထူးမခြားနား အဦးထားသီဆို ဘုရားရှင်ကိုအရင်ကြည်ညိုပြီးမှသာ ကိုယ်လိုရာအမှုပြုကြပါလို့ ဘုန်းကြီး ဩဝါဒအထူးဝေငှခဲ့ပါတယ်'။

ဤတွင် 'တီးသင့်သောသီချင်း၊ မှတ်သားသင့်သောစကား၊ ဘဘုန်းဘုရားနှင့် ထူးမခြားနား မြတ်ဆောင်းပါးနိဂုံးကမ္ပတ်အပြီးသတ်ပါသည်။ ။

စိန်ရဲနောင်

နိုင်ငံတော်ရွှေတံဆိပ်ဆုရ

ရွှေညောင်ပင်ကျောင်းသားဟောင်း။

ပန်းချီ သရုပ်ဖော် မြင့်မောင်ကျော်

ခေါင်းတွဲ

ကျော်ရင်မြင့်

ယခုခေတ်မှာ ကွန်ပျူတာနည်းပညာတွေ သိပ်ထွန်း ကားနေပြီ။ ကွန်ပျူတာတစ်လုံးက အချက်အလက်ပေါင်း မြောက်မြားစွာကို သိုမှီးထားနိုင်တယ်။ သိုမှီးထားတာတွေကို လိုအပ်တဲ့အချိန်မှာ ချက်ချင်းထုတ်ယူလို့ရတယ်။ အချက်အလက်တွေ ထည့်သွင်းထားတဲ့ စီဒီတွေလည်း ပေါ်နေပြီ။

နည်းပညာတွေက အံ့မခန်းတိုးတက်နေတာ နေ့စဉ်နဲ့အမျှပါပဲ။ ဒီလိုအခြေအနေမျိုးမှာ ပိဋကတ်သုံးပုံကို နှုတ်တက် အာဂုံကျက် အလွတ်ရေးဖြေနိုင်အောင် ပင်ပင်ပန်းပန်းလေ့ကျင့်နေဖို့ လိုပါသေးရဲ့လား?။

ဒီမေးခွန်းကို လူအများစုက ကြိုက်ကြမှာမဟုတ်ဘူး။ ဓမ္မန္တရာယ်လို့ယူဆတဲ့သူလည်း ရှိနိုင်တယ်။ ဒါပေမယ့် ဒါလည်း မေးသင့်မေးထိုက်တဲ့ မေးခွန်းတော့ဖြစ်ပါတယ်။ အမေးရှိရင် အဖြေလည်းရှိပါတယ်။

ဒီမေးခွန်းကို ရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရကို ကျွန်တော်မေးလျှောက်ဖူးပါတယ်။

ဆရာတော်က အဲဒီလိုကြိုးစားဖို့ အခွင့်အလမ်းတွေရှိမှ သာသနာ့အာဇာနည်တွေ ပေါ်ထွန်းလာမယ်။ သာသနာ့အာဇာနည်ပုဂ္ဂိုလ်တွေပေါ်ထွန်းလာရင် သူတို့က ဦးဆောင်လမ်းညွှန်မှုတွေပြုပြီး လူမှုရေးစတဲ့ ကိစ္စတွေလုပ်ကိုင်ရင် ပိုပြီးတွင်ကျယ်အောင်မြင်နိုင်တဲ့အကြောင်း ရှင်းပြပါတယ်။

မြန်မာနိုင်ငံမှာ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပေါ်ထွန်းလာခဲ့တဲ့အတွက် လူတွေအတွက် အလွန်အင်မတန် အကျိုးများခဲ့တာ အားလုံးသိကြပြီးသားပါ။ ဆရာတော်ကြီးကိုအမှီပြုပြီး ပိဋကတ်တော်တွေကို အာဂုံဆောင်နိုင်တဲ့ဆရာတော်တွေ အများအပြားပေါ်ပေါက်လာပြီး အဲဒီဆရာတော်တွေက လောကကောင်းကျိုးကို အများကြီးဦးဆောင်ဦးရွက်ပြုနိုင်ကြတယ်။

မြန်မာ့လူ့အဖွဲ့အစည်းမှာ သံဃာတော်တွေရဲ့ အနေအထားက အလွန်အရေးကြီးပါတယ်။ ကျေးရွာတစ်ရွာရဲ့တိုးတက်မှု ယိုယွင်းမှုဟာ ရွာဦးကျောင်းဆရာတော်နဲ့ဆိုင်ပါတယ်။ အရည်အချင်းရှိတဲ့ဆရာတော် ဦးဆောင်တဲ့ရွာတိုင်း ဖွံ့ဖြိုးတိုးတက်တယ်။

ကျွန်တော့်ကိုယ်တွေ့ကိုတင်ပြရရင် ကျွန်တော်ဟာ ကျေးလက်တောရွာမှာ မွေးဖွားခဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ရွာဟာ ဧရာဝတီမြစ်ကမ်းနဖူးပေါ်မှာတည်ရှိပြီး မင်းကွန်းရဲ့ အရှေ့ဘက်ကမ်း နန်းတော်ကျွန်းရွာရဲ့ မြောက်ဘက်နှစ်မိုင်အကွာလောက်မှာရှိတယ်။ သုံးဆယ်ပေးရွာလို့ ခေါ်တယ်။

သုံးဆယ်ပေးဆရာတော်ကြီးလို့ လူသိများတဲ့ ဆရာတော်တစ်ပါး ရွာဦးကျောင်းမှာ ကျောင်းထိုင်ခဲ့တဲ့အတွက် ရွာကဖွံ့ဖြိုးတိုးတက်လာတာ ယနေ့အထိပါပဲ။

သုံးဆယ်ပေးဆရာတော်ကြီးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့တာအများကြီးပဲ။ ပညာရေးအပိုင်းတစ်ခုတည်းကိုတင်ပြပါမယ်။ ဘုန်းကြီးကျောင်းဝင်းထဲမှာ စာသင်ကျောင်းအတွက် နေရာပေးတယ်။ စာသင်ကျောင်းက အကြီးကြီး အကျယ်ကြီး။ စာသင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းကို တံတားထိုးထားတယ်။ အလွယ်တကူ ကူးလို့ရတယ်။ ဒီတံတားက အကြောင်းမဲ့ထိုးထားတာ မဟုတ်ဘူးထင်တယ်။ ကျွန်တော်တို့ငယ်ငယ်က နေ့ကျောင်းဆင်းရင် အဲဒီတံတားပေါ်က ဖြတ်ပြီး ဘုန်းကြီးကျောင်းပေါ်သွားကာ ဘုရားရှိခိုးကြရတယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေ သန္ဓေတည်ခဲ့တယ်။

ကျွန်တော်တို့ငယ်စဉ်က သုံးဆယ်ပေးကျောင်းက အလယ်တန်းကျောင်းပါ။ အနီးပတ်ဝန်းကျင်ရွာတွေမှာက မူလတန်းကျောင်းပဲရှိကြသေးတာ။ ပတ်ဝန်းကျင်ရွာတွေက လေးတန်းအောင်ရင် ပညာဆက်သင်ဖို့ သုံးဆယ်ပေးကိုလာကြရတယ်။ အဝေးရွာကကျောင်းသားတွေ ဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစား တည်းခိုနိုင်တယ်။

သုံးဆယ်ပေးကျောင်းက ခုနစ်တန်းအောင်ရင် အထက်တန်းပညာသင်ဖို့ မန္တလေးမှာ ကျောင်းဆက်တက်ရတယ်။ သုံးဆယ်ပေးဆရာတော်ကြီးက မန္တလေး အကောက်ဝန်မင်းတိုက် သီရိမာလာကျောင်းဆရာတော် ဦးဩဘာသနဲ့ အချိတ်အဆက်လုပ်ပြီး ပညာဆက်သင်မယ့်သူတွေ တည်းခိုနေထိုင်ဖို့ စီမံထားတယ်။ စရိတ်အဖြစ်နဲ့က တစ်နှစ်ကို ဆန်တစ်အိတ်၊ ဆီတစ်ပုံးနဲ့ ငွေကျပ် ၁၀၀-ပါ။ ဒီဆန်၊ ဒီဆီ၊ ဒီငွေတွေက ကျောင်းသားတွေ တစ်နှစ်တာ ချက်ပြုတ်စားသောက်ဖို့ သုံးစွဲဖို့ပါ။ မိဘတွေအတွက် နိုင်နင်းတဲ့အနေအထားမို့ မိဘတော်တော်များများ သူတို့သားသမီးတွေကို အထက်တန်းပညာ သင်ပေးနိုင်ခဲ့ကြတယ်။

အဲဒီလို ပညာသင်ယူခွင့်ရကြလို့လည်း လူတစ်လုံးသူတစ်လုံး ဖြစ်သွားကြတဲ့သူတွေအများကြီးပဲ။ ဒီလူတွေဟာ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လည်စောင့်ရှောက်တာရော သုံးဆယ်ပေးဆရာတော်ကြီးစတည်ခဲ့တဲ့ အခြေခံအုတ်မြစ်ကောင်းတာရော အစဉ်အဆက် ဆက်ခံကြတဲ့ ဘုန်းတော်ကြီးတွေ အရည်အချင်းရှိတာကြောင့်ရော ရွာက ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ယခုအချိန်မှာ အထက်တန်းကျောင်းဖြစ်နေပါပြီ။

ကျွန်တော်အဓိကတင်ပြချင်တာက ဆရာတော်သံဃာတော်တွေရဲ့ စွမ်းပကားဖြစ်ပါတယ်။ သုံးဆယ်ပေးဆရာတော်ကြီးက နမူနာတစ်ခုအဖြစ်တင်ပြတာပါ။ နောက်ထပ် နမူနာအဖြစ်တင်ပြချင်တဲ့ ဆရာတော်တစ်ပါးကတော့ မန္တလေးမြို့ တောင်စလင်းတိုက်သစ်ဆရာတော်ဦးတိက္ခ ဖြစ်ပါတယ်။

ဆရာတော်ဦးတိက္ခဟာ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ နာရေးကူညီမှုအသင်းတွေ ပေါ်ပေါက်လာအောင် ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ယခုလို နာရေးကူညီမှုအသင်းတွေမရှိသေးခင်က မန္တလေးမြို့မှာ ပုဂ္ဂလိက 'မသာကား' အနည်းငယ်ရှိတယ်။

အသုဘဖြစ်ရင် ငှားရတယ်၊ ဈေးကြီးတယ်။ ဗလီတွေမှာ 'နိဗ္ဗာန်ယာဉ်'ခေါ်တဲ့ အသုဘကားတွေရှိတယ်။

ဘုန်းကြီးပျံတစ်ခုကို ဗလီက အသုဘကားနဲ့ချသွားရတာ၊ လမ်းပေါ်မှာ ယာဉ်တိုက်ခံရပြီး သေဆုံးသွားတဲ့ အလောင်းကို ဆေးရုံရောက်ခဲတိုက်ပို့ဖို့ ဘယ်ကားကမှ မတင်ချင်တာမျိုးတွေ ဆရာတော်ဦးတိက္ခ တွေ့လာရတဲ့အခါ နာရေးကူညီမှုအသင်းတွေရှိဖို့လိုနေပြီဆိုတာ ဆရာတော်မြင်ပါတယ်။

စာရေးဆရာမကြီး လူထုဒေါ်အမာနဲ့ နာရေးကားထောင်ဖို့ ဆရာတော်ကဆွေးနွေးတယ်။ တစ်ချိန်က လူထုဦးလှတို့ အဲဒီကိစ္စကြံစည်ဖူးပေမယ့် နာရေးကားထားဖို့ နေရာအခက်အခဲရှိလို့ မအောင်မြင်ခဲ့တာ လူထုဒေါ်အမာက ပြန်လျှောက်တယ်။ မြန်မာတွေက အယူအစွဲသီးလို့ အရပ်ထဲမှာ မသာကားထားတာမကြိုက်ဘူး။

ဆရာတော်က တောင်စလင်းတိုက် စနေထောင့်မှာ ပေ-၂၀၀ ပတ်လည်လောက်ကျယ်တဲ့ မြေနေရာကို နာရေးကားတွေထားဖို့ နာရေးရုံးဖွင့်ဖို့ နေရာပေး ခွင့်ပြုတယ်။ တောင်စလင်းတိုက်တည်ရှိရာရပ်ကွက်က မကျေမနပ်ဖြစ်ကြတယ်။ ဆရာတော်ကလည်း စနေသား၊ ကျောင်းရဲ့ စနေထောင့်မှာ မသာကားတွေထားရင်ဖြင့် ဆရာတော်ကိုခိုက်မှာ တပည့်တော်တို့ စိုးရိမ်လှပါတယ် ဘုရား နဲ့ ခြိမ်းခြောက်သလိုနဲ့ လျှောက်ကြတယ်။ ဒါပေမယ့် ဆရာတော်က မမှုဘူး။

နဒီမြန်မာဟိုတယ်ပိုင်ရှင်ဦးအောင်ခိုင်က သူပိုင်ဆိုင်တဲ့ မီနီဘတ်စ်ပေါင်မုန့်ကားတစ်စီးကို နာရေးကားအဖြစ် သုံးဖို့လှူတယ်။ ဒီလိုနဲ့ ၁၉၉၈-ခုနှစ်၊ မေလ ၇-ရက်၊ ၁၃၆၀- ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂-ရက်မှာ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းကို စတင်ထူထောင် ဖွဲ့စည်းလိုက်ကြပါတယ်။ စာရေးဆရာမကြီး လူထုဒေါ်အမာ ဦးစီးလုပ်ကိုင်တဲ့ ပြဟ္မစိုရ်လူမှု ကူညီရေးအသင်းကိုသဘောကျပြီး စာရေးဆရာ ဒါရိုက်တာ ဦးသုခက ရန်ကုန်နာရေးကူညီမှုအသင်းကိုဖွဲ့စည်းဖို့ ကြိုးစားတယ်။ ဆရာတော်ဦးတိက္ခက ဦးဆောင်လမ်းပြပေးပြီး ပြဟ္မစိုရ်က လိုအပ်တာတွေအကူအညီပေးခဲ့တယ်။

နာရေးကြုံရတဲ့ပူပင်သောကဟာ အလွန်ကြီးမားပါတယ်။ နာရေးကူညီမှုအသင်း ပေါ်ပေါက်လာတဲ့အတွက် သောကတွေ ဒုက္ခတွေ အတန်အသင့်ပြေပျောက်ရတယ်။ ဆရာတော်ဦးတိက္ခက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ နာရေးကူညီမှုအသင်းတွေဖွဲ့စည်းဖို့ ဟောပြောစည်းရုံး အကူအညီပေးတယ်။

ယခုအချိန်မှာတော့ မြို့ကြီးရွာကြီးမှန်သမျှမှာ နာရေးကူညီမှုအသင်းတွေရှိလာပါပြီ။ နာရေးကူညီမှုအသင်းအများစုဟာ ဘုန်းကြီးကျောင်းတွေမှာ အခြေစိုက်တယ်။

နာရေးနဲ့ပတ်သက်တဲ့ အယူလွဲအစွဲအလမ်းလွဲတွေလည်း ပြေပျောက်တန်သလောက် ပြေပျောက်လာပါပြီ။ မြန်မာတွေဟာ လူမှုရေးအလှူတွေမှာ ထက်ထက်သန်သန် လှူဒါန်းတဲ့အလေ့အထ ထွန်းကားလာတယ်။ ဒါဟာကြီးမားတဲ့ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ ဒီပြောင်းလဲမှုမှာ ဆရာတော်ဦးတိက္ခရဲ့ စွမ်းဆောင်မှုဟာအဓိကဖြစ်တယ်။

မြန်မာနိုင်ငံမှာ အရည်အချင်းရှိတဲ့ ဆရာတော်သံဃာတော်တွေ အများကြီးပေါ်ပေါက်လာနေပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းဟာ သံဃာတော်တွေရဲ့ကျေးဇူးနဲ့ တိုးတက်ဖွံ့ဖြိုးလာနိုင်ပါတယ်။ ။

ကျော်ရင်မြင့်

ကျေးဇူးအမေ့အနှစ်

ရှင်သန်ရစ်သည်

မဥ္ဇူသက(မုံရွာ)

ကျွန်မ ၄၅-ရက်သမီးအရွယ်တွင် တိပိဋကရေဘွဲ့တော် ရကာစ မင်းကွန်းဆရာတော်ကြီးထံ မိဘများက မင်းကွန်းဓမ္မနာဒကျောင်းတိုက်အတွင်း အာရောဂျသာလာကျောင်းဆောင် ရေစက်ချပွဲနှင့် ကံထပ်ပွဲသို့ လိုက်ပါသွားခွင့်ရသကဲ့သို့၊ ကျွန်မအသက် ၄၅-နှစ်ပြည့်မွေးနေ့တွင် မင်းကွန်းဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီး၏ ပုံတူရုပ်ပွားတော်နှစ်ဆူကို သာသနာ့သမိုင်းမော်ကွန်းဝင် အရှင်မြတ်ကြီးနှစ်ပါးအဖြစ် သမိုင်းပြတိုက်မှာ လှူဒါန်းပူဇော်ခွင့်ရခဲ့သည့်ဖြစ်ရပ်တို့ကို ထောက်ချင့်ကြည့်လျှင် ကောင်းသောဘဝတစ်ခုကို ကျွန်မ ပိုင်ဆိုင်ခဲ့သည်ဟု တွေးမိကာ စိတ်ကြီးဝင်မိသလိုလို။

'စိတ်ကြီးဝင်ကြ။ သာသနာနဲ့နီးစပ်ခွင့် သာသနာအရင်းကျကျ ဆည်းကပ်ခွင့်ရဖို့ မိကောင်းဖခင်သားသမီးဖြစ်ခဲ့လို့ ကိုယ့်ဘဝကိုယ်စိတ်ကြီးဝင်ကြ။ ဘဝင်မြင့်ခိုင်းတာမဟုတ်ဘူးနော်။ ဒီမိဒီဖကပေါက်ဖွားလို့ ဒီလိုဆရာကောင်းသမားကောင်းဆည်းကပ်ခွင့်ရတာ၊ စိတ်ကြီးဝင်။ ကိုယ့်ဘဝကိုယ် တန်ဖိုးထားပြီး ညစ်နွမ်းကြောင်း အကုသိုလ်ဖြစ်ကြောင်းတွေကို ကိုယ်နဲ့မတန်မရာလို့သဘောထားပြီး နည်းနည်းလေးမှ မလုပ်မိအောင် စိတ်ကြီးဝင်ခိုင်းတာ'ဟူ၍ ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ကြီး ရာပြည့်ပွဲမတိုင်မီ ညနေမှာ ငွေစေတီပူဇော်ဖို့ မိသားစုကန်တော့သောအချိန်က ဆုံးမစကား။ အဖိုးထိုက်တန်လှသည့် စကားလုံးများဖြစ်ကြပါ၏။

မင်းကွန်းတိပိဋကရေဆရာတော်ကြီးနှင့် မိသားစု ဆက်စပ်ခွင့်ရခဲ့သည်က ဘဒ္ဒန္တသူရိယဘွဲ့တော်ရှိသော ပထမ မစိုးရိမ်ဆရာတော်ကြီး၏ကျေးဇူးတော်များပါပေ။

မစိုးရိမ်ဆရာတော်ကြီး ငယ်စဉ် မုံရွာမြို့ ရွှေသိမ်တော်ကြီးကျောင်းတိုက်တွင် သီတင်းသုံးစဉ်က ဆေးလိပ် အလွန်ကြိုက်သော်လည်း ကျောင်းစည်းကမ်းမဖောက်လို၍ ဘေးကကျောင်းတိုက်သို့သွားပြီး ဆေးလိပ်သောက်တတ်သည်။ ထိုအဖြစ်ကိုသိသော အဘွားဒေါ်ညွန့်က တစ်ဖက်ကျောင်းသို့ ဆေးလိပ်ကြိုတင်လှူဒါန်းပေးပို့ထားတတ်သည်ဟု သိခဲ့ရပါသည်။

ထိုကဲ့သို့ စာသင်သားဘဝကတည်းက ဆရာရင်း ဒကာရင်းဖြစ်ခဲ့သောကြောင့်လည်း ၁၉၅၆-ခုနှစ် နိုင်ငံတော်အစိုးရက မစိုးရိမ်ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲတွင် မိမိ ဒကာရင်း၏သားနှင့်ချွေးမကို မစိုးရိမ်ဆရာတော်ကြီးက နေရာပေးချီးမြှင့်မြှောက်စားခဲ့ပါ၏။ 'မောင်ထွန်း မခင်ပုပါခေါ်ခဲ့၊ တောင်ရှည်ပုဆိုး၊ တိုက်ပုံ၊ ခေါင်းပေါင်းပါယူခဲ့၊ ငါထရင်ထ၊ ငါထိုင်ရင် ထိုင်၊ ငါသွားရင်လိုက်၊ ငါ့နားနေ'ဟု မိန့်ကြားကာ နှစ်ထပ်သက်န်းကြီးနှင့်ယပ်တောင်ကို ဖခင်ကြီးလက်အပ်ကာ အဘိဓဇလက်မှတ်ဆက်ကပ်ပွဲအခမ်းအနားသို့ အတူတက်စေခဲ့သည့် ကျေးဇူးတော်အကြောင်းကို ဖခင်ကြီးက ကြည်နူးစွာပြောလေ့ရှိပါသည်။

ကျွန်မငယ်စဉ် သေချာစွာမှတ်သားမိသည်ကတော့ သူငယ်စာငှက်ပျောသီးသုံးဖီးကို အခွံနွာ၊ စဉ့်အိုးထဲထည့်၊ ပျားရည်လောင်း၊ လုံအောင်ပိတ်ပြီး စပါးထဲသုံးလမြှုပ်ထားရခြင်းပင်ဖြစ်ပါ၏။ သုံးလပြည့်လျှင် မစိုးရိမ်ဆရာတော်ကြီးထံပို့ပေးရ၏။ 'သက်ရှည်ကျန်းမာဆေးကွယ့်၊ ငါ့တစ်ယောက်တည်းမကပ်နဲ့၊ မင်းတို့လည်းစား။ မင်းတို့လည်းအသက်ရှည်မှဖြစ်မယ်'ဟု မိန့်ကြားလေ့ရှိပါသည်။

ဆရာတော်ကြီး သက်တော်ရလာသောအခါ 'တို့များ အသက်ကြီးပြီ၊ သာသနာအဆက်ပြတ်မသွားအောင် ဒီဆရာတော်ကို ကိုးကွယ်ကြ၊ ကံထပ်၊ ကျောင်းဆောက်'ဟု မိန့်မှာချက်နှင့်အညီ တိပိဋကဓရဘွဲ့တံဆိပ်တော်ရခါစ မင်းကွန်းဆရာတော်ကြီးသည် မိသားစု၏ဆရာရင်းဖြစ်လာပါတော့၏။

ထိုစဉ်က အာရောဂျသာလာကျောင်းဆောင် ရေစက်ချပွဲနှင့် ကံထပ်ပွဲသို့ ၄၅-ရက်သမီးအရွယ်ကျွန်မက မင်းကွန်းအထိလိုက်ပါခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ မင်းကွန်းဆရာတော်ကြီးက ဖခင်ကြီးထံ ပေးပို့ချီးမြှင့်ထားသော ဆရာတော်၏ ကံထပ်ရက်ချုပ်နှင့် ဆုံးမစာတစ်စောင်ကိုလည်းဖော်ပြလိုပါသည်။ စိတ်ဒုက္ခကြုံစရာရှိတိုင်းလည်း အဝေးမှပို့သော ဆုံးမစာတို့က မိသားစု၏ဓမ္မရတနာပစ္စည်းများဖြစ်လာပါတော့၏။

ဆရာဒကာဆက်ဆံရေးက ရင်းနှီးခိုင်မာလှသည်။ ၁၉၇၅-ခုနှစ် မင်းကွန်းဆရာတော်ကြီး မုံရွာသို့ ဓမ္မဒူတကြွလာခိုက် ကျွန်မတို့တိုက်ပေါ်၌ သီတင်းသုံးစဉ် မိခင်ကြီး၏ အမေ အသက် ၈၀-ကျော်အဘွားဒေါ်ဘူးအား 'အသက်ကြီးလာပြီ၊ ဝ,သုံးလုံးဆောင်ထား။ ဝဝစား၊ဝေးဝေးနေ၊ဝင်မစွက်နဲ့'ဟုရင်းနှီးပွင့်လင်းစွာ မိန့်ကြားခဲ့ပါသည်။ ဤအဆုံးအမကမိမိတို့ ဒီလိုအသက်အရွယ်ထိများနေရမည်ဆိုလျှင် ဆက်လက် လက်ကိုင်ထားရန် သံမှိုစွဲပေးလိုက်သကဲ့သို့ပါပေ။

တစ်နေ့တော့ မင်းကွန်းသို့ ဆရာတော်ဘုရား ဦးခိုက်ရန် ဖခင်ကြီးရောက်သွားသည်။ ဆရာတော်ဘုရား သီတင်းသုံးရာ ကျောင်းဆောင်တံခါးဝရောက်တော့ အသာအရာ ရပ်နေလိုက်ရသည်။ ဆရာတော်ကြီး ပြတင်းပေါက်ကို မျက်နှာမူ၍ လက်နှိပ်စက်ရိုက်နေသည်။ ဝင်ပေါက်ကို ကျောခိုင်းထား၏။ ဖခင်ကြီးသည် အာရုံပျက်မှာစိုး၍ မိမိရောက်တာ မသိစေဘဲ ငြိမ်နေပါသည်။ စာမှာစိတ်နှစ်ထားလို့ လျော့ကျနေသောသင်္ကန်းစကို ဆွဲမတင်အားသေး၊ နံရိုးလေးများက အပြိုင်းသား။ ဖခင်ကြီးရောက်နေတာကို သိစရာအကြောင်းမရှိပါဘဲလျက် ရုတ်တရက်လှည့်လာကာ သင်္ကန်းစကို ပခုံးပေါ်ဆွဲတင်ရင်း 'မျိုးရိုးကိုက ပိန်တာပါ ဒကာထွန်းရဲ့၊ စိတ်မကောင်းမဖြစ်ပါနဲ့'ဟုမိန့်လေ၏။ ဖခင်ကြီးမှာ အံ့သြကြည်ညိုစိတ်များ ကြက်သီးထအောင်ဖြစ်ရသည်။ ငါရောက်နေတာ သိစရာအကြောင်းမရှိပါဘဲ စိတ်ထဲကခံစားချက်ကိုပါ ဖော်ထုတ်ဖြေသိမ့်ပေးနေသည်။ 'ငါ့စိတ်ကို သိနေတာပါလား'ဟု ဆရာတော်ဘုရား၏ စရဏအားကို အံ့သြစွာသိလိုက်ရလေသည်။

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရား အာရုံခံတန်ဆောင်းအတွင်း
တိပိဋက(၄)ပါး ပူဇော်ပွဲ

မင်းကွန်းဆရာတော်ကြီး၏ဩဝါဒဖြင့် မလွန်ဆန်လှူအသင်းကြီးအတွက် ဖခင်ကြီးသည် နှစ်စဉ် ဝါဝင်သည်နှင့် ဆောင်ရွက်မှုစတင်ပါသည်။ ကျွန်မတို့မောင်နှမများ မုံရွာမြို့တွင်း သဒ္ဓါတရား ခနအင်အားပြည့်စုံသူများထံသို့ အိမ်တိုင်ရာရောက်လှည့်လည်၍ ရှစ်ပြည်ဝင် မလွန်ဆန်အိတ်ခွံကလေးများကို ယခင်နှစ်ရှင်းတမ်း၊ ကုသိုလ်ရှင်စာရင်းများနှင့်အတူ ပို့ပေးရပါသည်။ သုံးရက်ခန့်နေလျှင် ဆန်ထည့်ပြီးသောအိတ်များ ပြန်လိုက်သိမ်းရ၏။ အခန့်မသင့်လျှင် ငွေကြေးပြည့်စုံပါလျက် သဒ္ဓါအားနည်းသူတို့၏ အမနာပပြောဆိုမှုကိုလည်း ခံခဲ့ရသေးသည်။ ဆန်အိတ်များကို ဝါခေါင်လမကုန်မီ မန္တလေး အသင်းကြီးသို့အရောက်ပို့ရ၏။ သိတတ်စအရွယ်ကတည်းက ဆောင်ရွက်လာခဲ့သည်မှာ ယခုချိန်ထိ အသက်နှင့်အမျှဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ လှူသူဦးရေနှင့် ဆန်အိတ်ရရှိမှုအရေအတွက် တစ်နှစ်ထက်တစ်နှစ် တိုး၍တိုး၍ပို့လှူနိုင်ပါသည်။ ၂၀၁၀-ပြည့်နှစ်ကဆိုလျှင် အိတ်ရေ-၅၀၀ကျော် ပို့နိုင်ခဲ့ပါသည်။

မင်းကွန်း၌ သီတင်းသုံးနေသော ဆရာတော်ကြီး ထံတော်သို့ မိသားစုသွားရောက်ကန်တော့သည်များမှ



မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးနှင့်
ပင့်သံဃာ (၃၁)ပါး ဆွမ်းကပ်နေသော ဒါယကာကြီးဦးထွန်းလှ

တစ်ခေါက်တွင်တော့ ဆရာတော် ဓမ္မဒူတခရီးအပြန်ကို သဲသောင်ပြင်ထိပ်မှကြိုရသည်။ ဘောလုံးကန်နေကြသော ကိုရင်ငယ်များကို လှည်းပေါ်မှမုန့်ဝေပေးရင်း ဘောလုံး မကောင်းတော့သဖြင့် အသစ်ဝယ်ပေးမည်ဟုမိန့်လေ၏။ ကိုရင်များဆော့ကစားသည်ကို မဆူငေါက်သည့်အပြင် ပျော်ရွှင်စေသည်ကို ထူးခြားစွာ တွေ့ရ၏။ 'ဒကာကြီးရယ်၊ ဘုန်းကြီးတို့အရွယ်ရောက်ရင် ကစားခိုင်းတောင် မကစား တော့ပါဘူး၊ သာသနာမှာ သာမဏေပျော်မှ အရှည်တည်မှာ ဒကာကြီးရဲ့၊ အကာကမှ အနှစ်ဖြစ်လာမှာလေ'ဟုမိန့်ကြားမှ ဆော့ကစားနေသော ကိုရင်ငယ်များ၏ သီလနှင့်ပရိယတ္တိ အသိဉာဏ်တို့ကို ကြည်ညိုတတ်ခဲ့ရပါသည်။

မောင်ငယ်ကိုလှဌေးကို ရှင်ပြုစဉ်က မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၊ ပခုက္ကူတိပိဋကဓရဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပြည်တိပိဋကဓရဆရာတော်ဘဒ္ဒန္တကောသလ္လ၊ ရန်ကုန်တိပိဋကဓရဆရာတော်ဘဒ္ဒန္တသုမင်္ဂလတို့လေးပါးကို ပင့်ဖိတ်ပူဇော်ပွဲကျင်းပခွင့်ရခဲ့ပါ၏။ သီတဂူဆရာတော်ကြီးက အကြိုတရားပွဲတွင် 'မနက်ဖြန် သုတဗုဒ္ဓတွေကြွလာတော့မယ်၊ ကြိုတောင့်ကြိုခဲ ထူးမြတ်စွာပူဇော်ကန်တော့ကြ' ထည့်သွင်းဟောကြားသွားသောကြောင့် တစ်နယ်လုံး အုတ်အုတ်ကျက်ကျက် လာရောက်ဖူးမြော်ကြပြီး ကျေးဇူးများခဲ့ကြပေသည်။

မင်းကွန်းဆရာတော်ကြီးလွန်တော်မူပြီးနောက် ဖခင်ကြီး မကွယ်လွန်မီ ယခုလက်ရှိ မင်းကွန်းဓမ္မနာဒ ရွှေစင်တိပိဋကဓရ ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရကို သိက္ခာထပ်ပြီး မိသားစု ဆက်လက်ဆည်းကပ်ကိုးကွယ်ကြပါ၏။ ဤသို့ဖြင့် နောက်မျိုးဆက် မောင်ငယ်မောင်လှဌေး၏ သားသုံးယောက်ရှင်ပြုပွဲတွင် မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရနှင့် ရမ္မာဝတီတိပိဋကဓရဆရာတော် ဘဒ္ဒန္တကုက္ကန္ဒပါလာလင်္ကာရတို့ လေးပါးကို ပင့်ဖိတ်သိက္ခာထပ် ပူဇော်ပွဲကျင်းပခဲ့ရပါ၏။

မှတ်မှတ်ရရဖြစ်ရပ်တစ်ခုက လွန်ခဲ့သောငါးနှစ် ကျွန်မ အသက် ၄၅-နှစ်မတိုင်မီမှာဖြစ်ခဲ့သည်။ နွေရာသီ အပူရှိန်ပြင်းပြင်းတွင် စစ်ကိုင်းတောင်ရိုးတစ်ခုလုံးအတွက် သီတဂူ ရေအလှူမှာ နေ့စဉ် စက်သုံးဆီ ကျပ်ခြောက်သိန်းသုံး နေရပြီး ဘဏ်မှာလက်ကျန်ငွေက သိန်းသုံးဆယ်သာကျန် တော့သည့် လိုအပ်ချက်ပေါ်ပေါက်လာသည်။ ကျွန်မ အတွက်မူ သဒ္ဓါတရား ဓနအင်အားပြည့်ဝသည့် ရင်းနှီးသူတို့ ထံ ကုသိုလ်ပါဝင်ဖို့ နှိုးဆော်ရသည့်အတွက် ကုသိုလ်ပွား ခွင့် ရရှိခဲ့ပါ၏။

ထိုရေအလှူတော်မီဒီယာကိစ္စအတွက် ပန်းပု ရွှေလှ ဦးလှအောင်ထံရောက်တော့ တွေ့လိုက်ရသည်က မင်းကွန်းဆရာတော်ကြီး၏ ရုပ်ပွားရုပ်တုပုံတူမှာထားသူက မယူဖြစ် မလှူဖြစ်တော့၍ ဒီအတိုင်းထားရသည်ဆိုပဲ။ ထိုတစ်ခဏလေးတွင် ဆရာတော်ကြီးနှင့် ထိတွေ့ဆက်ဆံခွင့် ရခဲ့သည်များ၊ ဩဝါဒမိန့်မှာချက်များက ကျွန်မ၏အတွေး တွင် တဖျပ်ဖျပ်ပေါ်လာတော့ ဆို့နစ်ဝမ်းနည်းကာ ကျွန်မ မျက်ရည်ဝဲလာတော့သည်။

'ကျွန်မယူမယ်၊ ကျွန်မလှူမယ်' အလျင်အမြန် ပြောရင်း ကုသိုလ်စိတ်ကူးတစ်ခုက မွေးဖွားလာသည်။ 'ဒါပေမယ့် ဒီတစ်ဆူတည်းနဲ့တော့ မပြည့်စုံသေးဘူး'ဟု ပြောသောအခါတွင် အနည်းငယ်အံ့အားသင့်သွားသည့် ဦးလှအောင်က 'ဘာလိုသေးတာလဲ'ဟု မေးသည်။

'သာသနာ့ဖခင်ကြီးနှစ်ဆူဆိုမှ ပြည့်စုံမယ်လေ၊ သာသနာတော်ကြီးအရှည်တည်တံ့အောင် အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြတာ ဆဋ္ဌမအကြိမ်မြောက် သင်္ဂါယနာ တင်ပွဲမှာ အမေးအဖြေ ဆရာတော်ကြီးနှစ်ပါးလေ။ ဒီတော့ မဟာစည်ဆရာတော်ကြီးပုံတော်ပါ ထုပေးပါ'ဟုပြောလိုက်မှ မဟာစည်ဆရာတော်ကြီးပုံတော်အတွက် လိုအပ်သည့် ဓာတ်ပုံများ စုဆောင်းပေးရသည်။

သို့နှင့် ကျွန်မ၏ ၄၅-နှစ်ပြည့် မွေးနေ့တွင် သင်္ဂါယနာတင်အရှင်သူမြတ်နှစ်ပါးပူဇော်ပွဲကို သင်္ဂါယနာတင် အမေးအဖြေအသံတော်များပါဝင်သည့် **MP-3** စီဒီအချပ်-

၅၀၀ လှူဒါန်းမှုနှင့်အတူ ကျင်းပနိုင်ခဲ့ပါ၏။ မင်းကွန်းဆရာတော်ကြီးနှင့်အတူ မဟာစည်ဆရာတော်ကြီးရုပ်တုပုံတူမှာ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးသမိုင်းပြတိုက်မှာ စံပယ်တော်မူလျက်ရှိနေခဲ့ပါသည်။ တည်ငြိမ်ခန့်ညားလှသော ဆရာတော်ကြီးနှစ်ပါး၏ သင်္ဂါယနာတင်အမေးအဖြေအသံတော်တို့မှာလည်း မုံရွာမြို့အနှံ့ လွှမ်းသွားသည်။

မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်မြတ်ကြီး တည်ဆောက်စကာလက မိုးညှင်းတောရဆရာတော်ကြီး အလိုရှိသလောက်မြေနေရာတို့ကို အဘွားဒေါ်ညွှန့်ကလှူဒါန်းခဲ့သည်ဟု အဆိုရှိပါ၏။ ဂျပန်ခေတ်စစ်အတွင်းကာလ စစ်ပြေးဒုက္ခသည်များနှင့်အတူ မေတ္တာရိပ်ခိုလှုံရင်း သမ္ဗုဒ္ဓေမိုးညှင်းဆရာတော်ကြီးထံ မင်္ဂလာဦး ဆွမ်းသင်္ကန်းကပ်လှူရန် ကြင်စဦးဇနီးမောင်နှံ မိခင်ဖခင်ကြီးတို့ ရောက်ရှိသွားကြသည်။ ဆရာတော်ကြီးက ဆုံးမစကားမြွက်ကြား၏။

'သိပ်ပျော်မနေကြနဲ့။ ဥုံဟဲ့ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေလုပ်မနေကြနဲ့။ သေခြင်းတရားက လွဲကိုမလွဲဘူး၊ မှတ်ထားကြနော်။ တစ်ယောက်ကိုတစ်ယောက် မောင်သေရင် မယ်ချပ့်မယ်၊ မယ်သေရင် မောင်ချပ့်မယ်လို့ အလောင်းအပ်တယ်လို့မှတ်ထားကြ။ ကြားလား။ ဒီတော့ကာ. . .'ဟုမိန့်ဆိုပြီး မင်္ဂလာဦးဇနီးမောင်နှံကို စင်းစင်းကြီး အိပ်ပြီးမှတ်ရသည့်အသုဘကမ္မဋ္ဌာန်းပွားများနည်းကို ဆရာတော်ကြီးက ချီးမြှင့်လိုက်သည်။ ထိုဩဝါဒကို တစ်ဆင့်နာကြား မှတ်ယူကျင့်သုံးထားသည့် ကျွန်မအတွက် သေရမည့်အရေးကိုလည်း တွေးမပူတတ်တော့။

မိုးညှင်းဆရာတော်ကြီးကိုယ်တိုင် ကျန်းမာရေးအနည်းငယ်အားနည်းလာသောအခါ ဖခင်ကြီးကိုခေါ်၍ 'မောင်ထွန်း၊ သေတ္တာတစ်လုံးလုပ်ပေး။ အလျားခြောက်ပေ၊ အနံနှစ်ပေ၊ အမြင့်တစ်ပေခွဲ၊ အပေါ်ဖုံးမှာ ပတ္တာထည့်၊ ငါးမျက်နှာစလုံး မှန်တပ်၊ ဘီးလေးလုံးတပ်'ဟု စေခိုင်းကာ ထိုသေတ္တာကြီးကို အိပ်ရာနံဘေးထား၍ အသုဘကမ္မဋ္ဌာန်းရှုပွားပုံရပါသည်။ နောက်နှစ်နှစ်ကြာတော့ 'ဖြူနေတဲ့မွေးညင်းတွေ ပြန်မည်းလာသကွယ့်'ဟု အမိန့်ရှိလေ၏။ နောက်လွန်တော်မူသောအခါမှ သေတ္တာကို မှန်စီရွှေချကာအသုံးပြုရသည်။ 'သုံးနှစ်တစ်ကြိမ်ထုတ်၍ ပူဇော်ပွဲလုပ်ရန်'လည်း မှာခဲ့သည်ဟုဆိုပါသည်။

ထိုမှထပ်ကာထပ်ကာ အဘိဓဇမစိုးရိမ်ဆရာတော်ကြီး၊ အဘိဓဇစံကင်းဆရာတော်ကြီး၊ ဝိသုဒ္ဓါရုံပိုက်ကျိုးဆရာတော်ကြီး၊ တောင်တန်းသာသနာပြုဆရာတော်ကြီးများ. . .

မင်းကွန်း ဓမ္မနာဒ အာရောဂျသာလာကျောင်း ရေစက်ချပွဲတွင်
မင်းကွန်းဆရာတော်ဘုရားကြီးနှင့်
ဒါယကာ ဦးထွန်းလှနှင့် ဒါယိကာမ ဒေါ်ခင်ပု

စသည်ဖြင့် မှန်စီရွှေချ၊ မှန်ကာမှန်လုံ ခေါင်းတော်ကြီးများကို မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဈာပနထိ ၁၄-ကြိမ်တိုင် လှူဒါန်းခွင့်ရခဲ့ပြီးဖြစ်ပါသည်။

ထိုကုသိုလ်များက ဖခင်ကြီးအပါအဝင် မိမိတို့မိသားစုအား နောက်ဆုံးအချိန်အတွက် ဓမ္မအသိဉာဏ်ဖြင့်ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ ကျေးဇူးပြုနေသည်ဟုမြင်မိပါသည်။ ထုထည်ကြီးမားခိုင်မာလှသော ဗုဒ္ဓဘာသာအမွေအနှစ်တို့ကို ပိုင်ဆိုင်ရရှိထားပြီး တတ်စွမ်းသရွေ့ လက်တွေ့ကျင့်သုံး သယ်ပိုးရွက်ဆောင်နေသူတို့အတွက်မူ ဘဝ၏နေ့ရက်၊ အချိန်၊ နာရီ၊ မိနစ်တို့သည် အလဟဿအချည်းနှီးကုန်လွန်သွားသည် မရှိသည့်အတွက် ငွေရတုနှစ်၊ ရွှေရတုနှစ်စသည်ဖြင့် သတ်မှတ်ရန် မလိုပြီ။ နေ့ရက်တိုင်း, အချိန်တိုင်းသည် ရွှေ, စိန်, မြ, ပုလဲ ရတနာအတိတို့ဖြင့် စီခြယ်ထားခြင်းဖြစ်ပေမည်ဟု ကျွန်မ လှိုက်လှဲစွာယုံကြည်နေမိပါသည်။ ။

မဥ္ဇူသက (မုံရွာ)

ရွှေဒေါင်းယဉ်သက်န်းတိုက်၊
ဘုရားကြီးလမ်း၊ မုံရွာမြို့။

ထာဝရကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါသည်

ကပ္ပိယတစ်ဦး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးသည် ကျွန်တော်တို့မိသားစု၏ ကျေးဇူးရှင်ကြီးတစ်ဆူ ဖြစ်တော်မူပေသည်။ ဆရာတော်ကြီး၏ ဩဝါဒအဆုံးအမ များသည် ကျွန်တော်တို့ မိသားစု၏နှလုံးသားတွင် ထာဝစဉ် စွဲထင်လျက်ရှိပေသည်။ ဆရာတော်ကြီး၏ကျေးဇူးတရားတို့ကို ကျွန်တော်တို့မိသားစုသည် နှစ်စဉ်အကြိမ်ကြိမ် ထုတ်ဖော်ဖွင့်ဟပူဇော်လျက်ရှိကြပါသည်။ ယခု ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃-ရက်၊ ကလည်း ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်ကြီးတွင် အနှစ် ၂၀-ပြည့် နိဗ္ဗာနဆွမ်းပဒေသာပင် အလှူတော်မြတ်ကို စိုက်ထူ လှူဒါန်းပူဇော်တော်မူခဲ့ကြပါသည်။ ဤသို့ဆရာတော်ကြီး၏ ဂုဏ်တော်အနန္တကျေးဇူးတော်အဝဝတို့ကို နှစ်စဉ် နှစ်တိုင်း ထုတ်ဖော်ပူဇော်လျက်ရှိနေခြင်းသည်ပင် မြူမှုန်ကလေးတစ်မှုန်စာမျှ ကျေနိုင်အံ့ဟုဆိုပါက ကျွန်တော်တို့ မိသားစုတစ်သက်တာတွင် ထာဝရ ကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။

ကျွန်တော်တို့မိသားစုဆိုသည်မှာ မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၂၀-ကျော်အချိန်က ကျွန်တော်တို့မိသားစုသည် မင်းကွန်းဆရာတော်ကြီးအား ပင့်ဖိတ်လျှောက်ထား၍ တိပိဋကဓရလောင်းလျာ သာသနာ့အာဇာနည်များ ပစ္စည်းလေးပါးအတွက် မငြိုမငြင် မပင်ပန်းကြရန်အလို့ငှာ နိဗ္ဗာနဆွမ်းပဒေသာပင်အလှူတော်ကို ဆရာတော်ကြီးထံမှောက်၌ စတင်စိုက်ထူလှူဒါန်းကြရန် စိတ်အကြံအစည်၌ ပြင်းပြင်းပြပြဖြစ်ပေါ်လျက်ရှိကြပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား မိမိတို့မရမ်းကုန်းမြို့နယ်ပညာရေးမိသားစုက ကြွရောက်ပါရန်လျှောက်ထားဖိတ်ကြားလိုသည့်ဆန္ဒနှင့် မိမိတို့၏ဘဝသည် မြင်းမိုရ်တောင်နှင့် ဆီးစေ့ပမာ အကွာကြီးကွာနေပေသည်ဟူ၍ထင်မှတ်နေမိ၏။ သို့သော် ကောင်းမြတ်သည့် ဆန္ဒပြင်းပြမှုတို့ကား တစ်နေ့တခြား တိုးပွားလျက်သာရှိနေပါတော့သည်။ 'ဆန္ဒပြင်းပြင်းပြပြ ထက်ထက်သန်သန်ဖြင့် ကြိုးပမ်းသောအလုပ်သည် မအောင်မြင်ရာမရှိ အောင်မြင်ရာ၏'-ဟူ၍ မှတ်သားနာယူထားသည်နှင့်အညီ 'မိတ်ဆွေကောင်းကိုရအောင်ရှာ၊ ပညာရှိသူကို ကိုးကွယ်၊ အပေါင်းကြည်သာလျှင် အရာခပ်သိမ်းပြီး၏-ဟုဆိုသကဲ့သို့ မင်းကွန်းဆရာတော်ကြီးအား ပင့်လျှောက်ဖိတ်ကြားရန် အဆွေမိတ်ကောင်းကို ရှာကြရပါတော့သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး ဇွဲစုံရပ်ကွက်နေ ဦးကံမြင့်သည် မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု၏ မိတ်ဆွေကောင်း တစ်ဦးဖြစ်ပါသည်။ သို့ပါ၍ ဦးကံမြင့်+ဒေါ်ခင်ရီတို့ထံ အမြန်သွားရ၏။ ဦးကံမြင့်သည် မင်းကွန်းဆရာတော်ကြီး၏ ဒကာအရင်းဖြစ်သည်။ ရန်ကုန်မြို့၊ စကားဝါလမ်း၊ တိပိဋကကျောင်းတော် တိပိဋက-နိကာယဥပဋ္ဌာက အဖွဲ့ဝင်တစ်ဦးလည်းဖြစ်၏။ သူ၏အကူအညီဖြင့် ပင့်လျှောက်လွှာပုံစံကိုဖြည့်စွက်၍ ကြိုတင်ပင့်လျှောက်လိုက်ရပါတော့သည်။ နံနက်ဘုရားရှိခိုးပြီးတိုင်းလည်း မင်းကွန်းဆရာတော်ကြီးပုံတော်ရှေ့၌ ပန်း ရေချမ်းများကို နေ့စဉ်ကပ်လျက် စိတ်ထဲမှ ပင့်လျှောက်နေမိပါသည်။ တစ်နှစ်ကျော်ကျော်ကြာမည်ထင်ပါသည်။

မှတ်မှတ်သားသား ထိုနေ့ ထိုအချိန်ကို ကောင်းစွာမှတ်မိ၏။ ၁၉၉၂-ခုနှစ်၊ ဇူလိုင်လ၅-ရက်နေ့ နံနက် ၇-နာရီ ဖြစ်ပါသည်။ စာရေးသူ၏ကျောင်းရုံးခန်း အလုပ်စားပွဲပေါ်မှ တယ်လီဖုန်းခေါ်သံကြောင့် ဖုန်းခွက်ကိုကောက်ယူနားထောင်မိပါ၏။ 'ဟဲလို. . . ပြောပါခင်ဗျား'၊ 'မရမ်းကုန်းပညာရေး ကလား'၊ 'ဟုတ်ပါတယ်ခင်ဗျား'၊ 'ဒီကနေ့နံနက်ပဲ မင်းကွန်းဆရာတော်ကြီး ရန်ကုန်ကိုကြွလာတယ်'၊ 'ဟုတ်ကဲ့ပါခင်ဗျ'၊ 'ဇူလိုင်လ ၈-ရက်နေ့ နံနက် ၈-နာရီမှာ ခင်ဗျားတို့ပင့်ထားတဲ့အတိုင်း မရမ်းကုန်းကိုကြွမယ်၊ လိုအပ်တာတွေပြင်ထားပါ'၊ 'ဟုတ်ကဲ့ပါခင်ဗျား'။

တစ်ဖက်မှစကားပြောသူက ဖုန်းကိုချလိုက်သော်လည်း စာရေးသူသည် ဖုန်းခွက်ကိုပြန်မချမိ။ ဖုန်းခွက်ကိုကိုင်လျက် ငူတူတူ ငိုင်တိုင်တိုင်ဖြင့် မှင်သက်မိနေသကဲ့သို့ အချိန်အတန်ကြာနေမိ၏။

ဆရာတော်ကြီးကြွရောက်လာလျှင် လိုအပ်သည့်ကိစ္စအဝဝတို့ ပြီးမြောက်စေရန် ပညာရေးမိသားစုအတွင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပေသည်။ ထိုစဉ်က မရမ်းကုန်းမြို့နယ် မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးတို့မှာ ဆရာကြီးဦးကျော်မြင့်နှင့် ဆရာဦးခင်မောင်လတ်တို့ ဖြစ်ကြပါသည်။ မိသားစုဝင်အင်အားမှာ မြို့နယ်ပညာရေးမှူးရုံးတစ်ရုံး၊ အထက်တန်းကျောင်းငါးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်းနှင့် မူလတန်း ကျောင်း ၃၀-တို့မှ ပညာရေးဝန်ထမ်းပေါင်း ၁၁၀၅-ဦးရှိပါသည်။ ပညာရေးမိသားစုတို့ထံ နိဗ္ဗာနဆွမ်းပဒေသာပင်အလှူငွေများ ပါဝင်လှူဒါန်းရန် နှိုးဆော်ကြရ၏။ လှူဒါန်းမှုတို့ကိုလည်း စာရင်းဇယားများနှင့် စနစ်တကျလက်ခံကြရ၏။ ဖိတ်ကြားကြရ၏။

မရမ်းကုန်းပညာရေးအလှူပွဲသို့
မင်းကွန်းဆရာတော်ကြီး ကြွတော်မူလာပုံ

စာရေးသူပင် ဤပညာရေးမိသားစုဝင် အမက-၂ မရမ်းကုန်းမှ ကျောင်းအုပ်ဆရာကြီးဖြစ်သည်နှင့်အညီ အမက-၂ မရမ်းကုန်းကျောင်းခန်းမကို အလှူမင်္ဂလာခန်းမကြီး အဖြစ် အထူးတလည်မွမ်းမံလျက် တရားဟောရန် ဓမ္မပလ္လင်တော်ပါ ရှာဖွေငှားရမ်းပြင်ဆင်ထားရ၏။ လိုအပ်သောအကူအညီများကို ဦးကံမြင့်ထံမှ ရယူရပေသည်။

၁၉၉၂-ခုနှစ်၊ ဇူလိုင်လ ၈-ရက်နေ့ နံနက် ၈-နာရီ။ ထိုအချိန်ကား ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသည့် အချိန်အခါကောင်းဖြစ်ပါသည်။ မင်းကွန်းဆရာတော်ကြီးကို ပင့်ဆောင်လာသော စပရင်တာ အက်(စ်)အီး၊ နီညိုရောင် ဓ/၉၀၅၉ ယာဉ်ငယ်သည် အမက-၂ မရမ်းကုန်းကျောင်းဝင်းအတွင်းသို့ ဖြည်းညင်းညင်သာစွာ ဝင်ရောက်လာပါသည်။ မော်တော်ယာဉ်ငယ်ပေါ်တွင် အလုပ်အကျွေးပြုရမည့် သံဃာတော်တစ်ပါး၊ ရန်ကုန်ဌာနခွဲ တိပိဋက = နိကာယ သာသနာပြုဥပဋ္ဌာက အဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်နှင့် ယာဉ်မောင်းသူအပါအဝင် စုစုပေါင်း သံဃာတော်နှစ်ပါးနှင့် လူ ပုဂ္ဂိုလ်နှစ်ဦးသာပါရှိ၏။ ဆရာတော်ကြီးကြွလာသည်မှာ အရိုးဆုံးအရှင်းဆုံးဖြစ်ပါသည်။ မလိုအပ်သည့် ပကာသန ဟန်ပန် အဆောင်အယောင်များ လုံးဝမပါရှိခဲ့ပေ။ ယခုအသုံးအနှုန်း အခေါ်အဝေါ်ဖြစ်သော ကြိုပွဲ့ငုံ့ယာဉ်၊ နောက်ကပါမည့် ယာဉ်တန်းဆိုသည်တို့ကား ဝေလာဝေးခဲ့ပါသည်။ ဒါသည်ကပင် ဆရာတော်ကြီးအား ကြည်ညိုထိုက်လှပေသည်။

ကြိုဆိုဖူးမြော်သူများကလည်း ထိုနည်းတူရိုးရှင်းကြ၏။ သမိုင်း မြို့မကျောင်း ဆရာတော်ဦးတေဇ (ပျံလွန်တော်မူ)၊ နာယကကြီးဆရာကြီးဦးကျော် (အသက် ၁၀၂-နှစ်တွင် ကွယ်လွန်)၊ အငြိမ်းစားပညာရေးမှူး ဆရာကြီးဦးတင်မောင် (အသက် ၇၀-နှစ်တွင်ကွယ်လွန်) နှင့် မြို့နယ်ပညာရေးမှူး အမှူးပြုသော ပညာရေးမိသားစုများသာဖြစ်ကြသည်။ အလှူမင်္ဂလာခန်းမကြီးအဝင်အထိ ဆရာတော်ကြီးကြွလာရာလမ်းတစ်လျှောက်၌ အမက-၂မှ ဆရာမဒေါ်ခင်မြင့်စမ်း (အသက် ၇၃-နှစ်တွင်ကွယ်လွန်)ကို ဦးဆောင်စေလျက် ကျောင်းသား ကျောင်းသူများက စီတန်းမတ်တတ်ရပ် လက်အုပ်ချီကန်တော့ကြကာ ဆရာတော်ကြီး၏မေတ္တာပို့ကို ရွတ်ပွားပူဇော်၍ ဖူးမြော်ကြိုဆိုကြရပါသည်။ ခန်းမအတွင်းတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ ကြိုတင်မနေစေဘဲ ဆရာတော်ကြီး၏ နောက်အပါးမှ လိုက်ပါကြရန် စီစဉ်ထားပါသည်။

စာရေးသူသည် ဤအလှူမင်္ဂလာပွဲကြီး အစမှ အဆုံးအထိ အောင်မြင်ရန်စီစဉ်ရသည့် ကပ္ပိယတစ်ဦးဖြစ်သည်နှင့်အညီ ဆရာတော်ကြီး၏အပါးမှ ကပ်လျက်လိုက်ရ၏။ ဆရာတော်ကြီး ခန်းမအဝင်သို့ရောက်က ခြေသုတ်ပေးကြ၏။ ခြေသုတ်ပေးပြီးသော် ဆရာတော်ကြီး ရှေ့ဆက်မကြွပါ။ အတန်ကြာရပ်တော်မူလျက် ဟိုဟိုဒီဒီကြည့်နေ၏။ ခဏနေလျှင် စာရေးသူအား စကားတစ်ခွန်းမိန့်ပါသည်။ 'မူလတန်းကျောင်းက ကျောင်းသားလေးတွေဆိုလို့ကြွလာတာ'

မရမ်းကုန်း ပညာရေးမိသားစုမှ အလှူငွေလှူဒါန်းနေပုံ

ဤသို့ဆိုမိန့်ပြီးလျှင် ဓမ္မပလ္လင်ရှိရာတူရူသို့ ဆက်လက်ကြွပါသည်။ ပင့်လျှောက်လွှာပေးပို့လျှောက်ထားခဲ့စဉ်က အမှတ်-၂ အခြေခံပညာမူလတန်းကျောင်းဟူသော လိပ်စာအရ ဆိုမိန့်ပုံရပါသည်။

စာပေဗဟုသုတအရလည်းကောင်း၊ မင်းကွန်းဆရာတော်ကြီး၏ ဒကာရင်းများပြန်ပြောပြသော စကားများအရ လည်းကောင်း 'မင်းကွန်းဆရာတော်ကြီးသည် ဆင်းရဲချမ်းသာမရွေး ပင့်သောနေရာကိုလိုက်၍ တရားဟောတော်မူလေ့ရှိပါသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် တပည့်ပရိသတ်တို့အပေါ်၌ မေတ္တာတရားအလွန်ကြီးမား တော်မူ၏' ဟု တစ်ဆင့်စကားဖြင့် ကြားသိကြည်ညိုခဲ့ရ၏။ ယခုအခါမတော့ ဆရာတော်ကြီး၏ မေတ္တာကြီးမားပုံတို့ကို လက်တွေ့ ထင်ထင်ရှားရှားပင် သိလိုက်ရပါတော့သည်။ ဆရာတော်ကြီးအား လွန်စွာမှပင် ကြည်ညိုမဆုံး ဖြစ်ခဲ့ရပါတော့သည်။

ထိုနေ့သည် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသည့်နေ့ရက်ဖြစ်ရုံမျှမက မရမ်းကုန်းမြို့နယ် ပညာရေး မိသားစု၏ ဘာသာ, သာသနာဆိုင်ရာ သမိုင်းမှတ်တိုင်သစ် စိုက်ထူသည့်နေ့တစ်နေ့လည်း ဖြစ်ပေသည်။ တိပိဋကဓရ ဆရာတော်များ အဆက်မပြတ်ပေါ်ထွန်းလာစေရန် ပစ္စည်းလေးဖြာအလို့ငှာ နည်းများမဟူ နိဗ္ဗာန်ဆွမ်းပဒေသာပင်အလှူတော်မြတ်ကို ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ် ဆရာတော်ကြီးထံမှောက်၌ ပထမဦးဆုံးအကြိမ် လှူဒါန်းစိုက်ထူခဲ့သော နေ့တစ်နေ့ဖြစ်ပါပေသည်။

ထိုအလှူမင်္ဂလာပွဲတွင် ဆရာတော်ကြီးချီးမြှင့်သည့် တရားတော်မှာ သပ္ပုရိသဒါနငါးပါးတရားတော်ဖြစ်ပါသည်။ 'သဒ္ဓါကြည်ညို၊ ရိုသေလှူစွာ၊ အခါကိုသိ၊ မစွန်းညိဘဲ၊ မထိမပါး၊ လှူတုံငြား၊ ငါးပါးသပ္ပုရိသ မြတ်ဒါန' တရားတော်ကို အကျယ်တဝင့်ဟောကြားတော်မူခဲ့၏။

မင်းကွန်းဆရာတော်ကြီး မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုသို့ ကြွရောက်လာသည့် မင်္ဂလာသတင်းကား တစ်မုဟုတ်ချင်းပျံ့လွင့်သွားပါတော့သည်။ ဆရာတော်ကြီး၏ ကျေးဇူးတော်အဝဝတို့သည် ကျွန်တော်တို့မိသားစု၏ နှလုံး သားထဲတွင် ထာဝစဉ်စွဲထင်ကျန်ရစ်လျက်ရှိပေသည်။ သို့ပါသော်လည်း ဝမ်းသာကြည်နူး၍မှမဆုံးသေးမီ ဆရာတော်ကြီး မကျန်းမာသည့်သတင်းများ ကြားလာရပါတော့သည်။ ဆရာတော်ကြီးထံ ကျန်းမာရေးသတင်းမေး လျှောက်ထားဖူးမြော်ရန်ဆန္ဒများ ပြင်းပြင်းပြပြ ပေါ်ပေါက်လာပြန်ပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် တိုက်ဆိုင်လွန်းလှသည်။ ဤနေ့ကား ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၉-ရက်၊ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေ သတင်းမေး လျှောက်ထားဖူးမြော်ရန် မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု ကိုယ်စားလှယ်အဖွဲ့သည် စစ်ကိုင်းတိုင်း မင်းကွန်းဓမ္မနာ ကျောင်းတိုက်သို့ သွားရောက်ကြရန် ရန်ကုန်ဘူတာကြီးမှ ညနေ ၅-နာရီ မန္တလေးအဆန် ရထားဖြင့် ထွက်ခွာသွားပါသည်။ ထိုအဖွဲ့တွင် ဦးကံမြင့်က ဦးဆောင်လျက် ဦးခင်မောင်လတ် (လက်ထောက်မြို့နယ်ပညာရေးမှူး)၊

ဦးမြသန်း (ကျောင်းအုပ်ကြီး၊ အမက-၁၄၊ မရမ်းကုန်း)နှင့် စာရေးသူတို့ ပါဝင်ပါသည်။ နောက်တစ်နေ့ ၁၀-၂-၉၃-ရက် နံနက်တွင် မန္တလေးမြို့သို့ရောက်ရှိ၏။ မန္တလေးဘူတာကြီးတွင် စာရေးသူတို့အား လာရောက်ကြိုဆိုသော ကြိုဆိုရေးအဖွဲ့က ၉-၂-၉၃-ရက်၊ အင်္ဂါနေ့ ညနေ ၄-နာရီတွင် ဆရာတော်ကြီး ဘဝနတ်နန်း စံဝင်သွားပြီးဖြစ်ကြောင်း သတင်းပေးပါသည်။ အလာကောင်းသော်လည်း နှောင်းခဲ့ပါပြီ။

မူလက ကျန်းမာရေးအခြေအနေ သတင်းမေးလျှောက်ထားရန်ဖြစ်သော်လည်း ဈာပနနှင့်ကြုံကြိုက်နေပြီဖြစ်ပါ၍ ဈာပနသို့လာရောက်ဖူးမြော်ကြသည့် ဒကာဒကာမများတွင် စာရေးသူတို့ မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုကိုယ်စား လှယ်အဖွဲ့သည် အစောဦးဆုံးရောက်ရှိသည့် တပည့်ဒကာများ ဖြစ်ကြပေသည်။ ဒါသည်ကပင် တိုက်တိုက်ဆိုင်ဆိုင် တိုက်ဆိုင်လွန်းလှပါသည်။

ရုပ်ကလာပ်တော်ကို အသက်ဇီဝိန်ချုပ်ပြီးစအတိုင်း ဖူးတွေ့ရပါသေးသည်။ လူ့အသုံးအနှုန်းစကားအရ ဆွေမျိုးစုံအောင် စောင့်နေခြင်းဖြစ်ပေမည်။ အဆောင်အယောင်များမရှိ၊ ပကတိအတိုင်း ကျောင်းဆောင် အပေါ်ထပ်တွင် လျောင်းစက်တော်မူနေသော မင်းကွန်း ဓမ္မနာဒ တိပိဋကဓရဆရာတော်ကြီး၏ ရုပ်ခန္ဓာအသွင်အပြင်သည် ငြိမ်းအေးမှု ရှိနေပါသည်။ သို့ပါသော်လည်း ရုပ်ကလာပ်တော်၏ ခြေတော်ရင်း၌ မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုကိုယ်စားလှယ် အဖွဲ့ဝင်တို့၏ရင်တွင်းမှာမူ နှမြောတသပူဆွေးလှကာ ငြိမ်းအေးမှုမရှိ ပူလောင်၍ နေပါတော့သည်။

ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားတော်မူခဲ့သည့် ဩဝါဒကလည်း အထင်အရှားရှိနေ၏။ ‘မမေ့မလျော့ကြနှင့်၊ တို့မှာ သေခြင်းတရားနှင့် အချိန်းအချက်မရှိကြဘူး။ မိမိတို့ ဆောင်ရွက်ရမည့် ဓမ္မကိစ္စများကို နေ့ရက်ဆွဲမထားဘဲ ခုကပဲ ကြိုးစားအားထုတ်ကြပါ’။ ဤဩဝါဒသည်ပင်လျှင် အပ္ပမာဒ တရားတော် ဖြစ်ပေသည်။ ဆရာတော်ကြီး၏ အဆုံးအမဩဝါဒများကိုရင်ဝယ်ပိုက်၍ ဆရာတော်ကြီးအား နောက်ဆုံး ဂါရဝပြုပူဇော်ကြလျက် စာရေးသူတို့ကိုယ်စားလှယ်အဖွဲ့ မင်းကွန်းမှပြန်ခဲ့ကြရပါတော့သည်။

ဆရာတော်ကြီး သက်တော်ထင်ရှားမရှိတော့သော်လည်း ဆရာတော်ကြီး၏ အဆုံးအမများနှင့် ဟောဖော် ညွှန်ပြ ထားသမျှတရားဓမ္မတို့ကို တပည့်ရဟန်းသံဃာ ဒါယကာ ဒါယိကာမများနှင့် မရမ်းကုန်းမြို့နယ်ပညာရေးမိသားစုတို့သည် မှတ်သားလိုက်နာ ဆောင်ရွက်ကြရပေမည်။

မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုတို့က ဆရာတော်ကြီးထံတော်မှောက်၌ ပထမအကြိမ်စိုက်ထူ လှူဒါန်းလျက် နှစ်စဉ်မပျက် ဆက်လက်လှူဒါန်းလာကြသော နိဗ္ဗာနဆွမ်းပဒေသာပင်အလှူတော်မြတ်ကို အနှစ် ၂၀-ပြည့်တိုင် လှူဒါန်းခဲ့ခြင်းသည် ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးကို ပေးဆပ် ပူဇော်ရာမည်ပေသည်။ ဤသို့ပေးဆပ်ပူဇော်မှုတို့သည် မြူမှုန်ကလေးတစ်မှုန်စာမျှ ကျေနိုင်အံ့ဟုဆိုခဲ့ပါက ကျွန်တော်တို့ မိသားစု၏တစ်သက်တာတွင် ထာဝရကြည်နူးဝမ်းမြောက်ဂုဏ်ယူနေမိပါတော့သတည်း။ ။

ကပ္ပိယတစ်ဦး



မေတ္တာဟူသည်

ခင်လေးနွယ်

၁၉၈၉-ခုနှစ်၊ နိုဝင်ဘာလဆန်းမှာ ကျွန်မခင်ပွန်း ကာတွန်းဦးဖေသိန်းဆီကို ဖုန်းဝင်လာပါတယ်။

'ဝမ်းသာစရာကောင်းလိုက်တာဆရာရယ်၊ လိုက်ဖြစ်အောင်လိုက်ပါမယ်၊ ကျွန်တော့်ဇနီးပါခေါ်လို့ ရတယ်ဆိုတော့ သူလည်းဝမ်းသာမှာပါ၊ ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးပါပဲဆရာ'။

ဦးဖေသိန်း တစ်ဖက်နဲ့ ဖုန်းစကားပြောနေပုံဟာ ထူးခြားလှပါတယ်။ စိတ်ပါလက်ပါ ဝမ်းသာအားရရှိနေတာနဲ့ ကျွန်မကမေးလိုက်တော့. . .။

'ဉာဏ်လင်းစာပေက ဦးအောင်+ဒေါ်မြမြဝင်းတို့က ကမကထပြုပြီး စာရေးဆရာကြီးတွေ, ပန်းချီဆရာတွေနဲ့ ကာတွန်းဆရာတွေကို မင်းကွန်းတိပိဋက-နိကာယသာသနာပြုအဖွဲ့က ဦးဝိစိတ္တသာရာဘိဝံသဆရာတော်ကြီးရဲ့ တတိယ သုံးနှစ်ခရီးစာအုပ်ချီးမြှင့်ပွဲတက်ရောက်ဖို့တဲ့၊ နွယ်လည်း လိုက်လို့ရပါတယ်တဲ့'

'အမလေး ဝမ်းသာလိုက်တာ၊ ဆရာတော်ကြီးရဲ့ ခြေတော်ရင်းမှာ ချီးမြှင့်ခံရမှာမို့လေ'

ကျွန်မလည်း ဝမ်းသာအားရပြောလိုက်မိပါတယ်။

တကယ်ပါပဲ။ ၁၉၈၉-ခုနှစ်၊ နိုဝင်ဘာလ ၇-ရက်နေ့ ရန်ကုန်ဘူတာကြီးမှာ အနုပညာသည်တွေစုပြီး ညအမြန်ရထားနဲ့ မန္တလေးကိုထွက်ခွာခဲ့ကြပါတယ်။ ဆရာကြီး, ဆရာမကြီးများကို အထူးတန်းမှာထားပေးပါတယ်။ ဦးဖေသိန်းကတော့ ရိုးရိုးတန်းမှာပဲ ပန်းချီဆရာ, ကာတွန်းဆရာတွေနဲ့ အတူလိုက်ခဲ့ပါတယ်။

ရထားပေါ်မှာ ညစာထမင်းဟင်းအပြင် မုန့်ပဲသရေစာများနဲ့ပါ လိုလေသေးမရှိအောင်အထူးဂရုစိုက်ကြလို့ အားလုံးက ဝမ်းသာကျေးဇူးတင်ကြပါတယ်။ အနုပညာသည်တွေ စိတ်တူ ကိုယ်တူဆိုတော့ ဒီခရီးကအလွန်ပျော်စရာလည်းကောင်းပါတယ်။ အနုပညာသမားဆိုတာ စိတ်လွတ်ကိုယ်လွတ်နေချင်ကြတယ်၊ ကုန်ကြမ်းပေည်းရှာချင်ကြတယ်။

(၈)ရက်နေ့နံနက်စောစောမှာ မန္တလေးကို ရောက်ကြပြီး မန္တလေးသာသနာ့တက္ကသိုလ်ဝင်းထဲမှာ တစ်စုတစ်ဝေးတည်း တည်းခိုကြရပါတယ်။ စိတ်အေးချမ်းသာစွာ နေကြရပါတယ်။

ဒီနောက် မန္တလေးကနေ မင်းကွန်းဘက်ကို ကူးခဲ့ကြပါတယ်။ မင်းကွန်းဆရာတော်ကြီးရဲ့ကျောင်းမှာ တစ်ည အိပ်ပြီး ဆရာတော်ကြီးရဲ့မေတ္တာနဲ့ ပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီးနဲ့ ဘိုးဘွားရိပ်သာများလည်း ရောက်ခဲ့ ကြရပါတယ်။

၉-ရက်နေ့မှာတော့ မန္တလေးသာသနာ့တက္ကသိုလ် ဝင်းထဲမှာဆောက်ထားတဲ့ အလွန်ခမ်းနားလှတဲ့မဏ္ဍပ်မှာ ဆရာတော်ကြီးကိုယ်တိုင် တတိယသုံးနှစ်ခရီးစာအုပ်ကြီးကို နာမည်ကမ္ပည်းထိုးပြီး ချီးမြှင့်တော်မူပါတယ်။ အင်မတန် ဝမ်းသာပီတိဖြစ်ကြလို့ သာဓုအကြိမ်ကြိမ်ခေါ်ကြရပါတယ်။

ဒီပွဲတက်ဖို့ ဦးအောင်ကဖိတ်ကတည်းက ဦးဖေသိန်းလည်း သူအင်မတန်နှစ်ခြိုက်သဘောကျတဲ့ ဆရာတော်ကြီးရဲ့ မေတ္တာပို့ကို သူ့အနုပညာလက်ရာနဲ့ရေးဆွဲပြီး ကန်တော့ခဲ့ပါတယ်။ ဦးဖေသိန်းက နံနက်တိုင်း ဆရာတော်ကြီးရဲ့ မေတ္တာပို့ကိုဖွင့်ပြီးကြည်နူးခဲ့သူပါ။

ကာတွန်းဦးဖေသိန်းက သတင်းကာတွန်းဆရာပါ။ လူအများစိတ်ဝင်စားတဲ့သတင်းကို ထိထိမိမိအထူးရေးလေ့ရှိသူပါ။ ရေးစရာသတင်းမရှိ ရေးခွင့်လည်းမရတော့တဲ့ အချိန်မှာ ဗုဒ္ဓဘာသာဝင်များရဲ့ လူမှုရေးအခြေခံ တရားတော်ဖြစ်တဲ့ ၃၈-ဖြာမင်္ဂလာ၊ ငါးပါးသီလ၊ အနန္တော အနန္တငါးပါး-စတဲ့ တရားတော်လာ ပုံပမာများကို သူ့ ကာတွန်းပညာနဲ့ ကလေးများသဘောပေါက်အောင် ရေးသားထုတ်ဝေခဲ့ပါတယ်။ သာမန်ကာတွန်းဇာတ်လမ်းတွေ ရေးဆွဲဖို့စိတ်မပါတာနဲ့ ဘုရားတရားတော်နဲ့ပတ်သက်တာကိုပဲ ရေးဆွဲ ထုတ်ဝေခဲ့ပါတော့တယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့။

နာဂစ်မုန်တိုင်းကြောင့် မြန်မာပြည်သူပြည်သားများ ဒုက္ခဆင်းရဲအတော်ရောက်ခဲ့ကြပါတယ်။ ပြည်သူလူထုကလည်း ကူညီပံ့ပိုးမှုအမျိုးမျိုးနဲ့ အဘက်ဘက်က ပါဝင်လှူဒါန်းကြပါတယ်။ တစ်ရက်မှာတော့ ကာတွန်းဆရာများက ဦးဖေသိန်းကို ပြောပါတယ်။

'ကာတွန်းဆရာတွေစုပြီး မုန်တိုင်းမှုန်းထခြင်း ကာတွန်းပြပွဲကို လောကနတ်ခန်းမမှာလုပ်မယ်ဆရာ။ ၂၀၀၈-ခုနှစ်၊ ဇူလိုင် ၂၂-ရက်က ၂၆-ရက်ထိပါ။ ကာတွန်းရောင်းရငွေကို နာဂစ်မုန်တိုင်းခံရသော ပြည်သူများအတွက် အကုန်လှူမှာပါဆရာ'တဲ့။

ကာတွန်းဆရာတွေရဲ့ မုန်တိုင်းမှုန်းထခြင်း ကာတွန်းပြပွဲအတွက် စိတ်ရှိပေမယ့် သူဆွဲမပေးနိုင်တော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ၁၉၉၈-ခုနှစ်ကုန်ခါနီးမှာ ခန္ဓာကိုယ် ဘယ်တစ်ခြမ်းလေထိသွားခဲ့လို့ပါပဲ။ ဒါပေမယ့် ဦးဖေသိန်းက သတိကောင်းပြီး စကားပြောဆိုနိုင်နေတော့. . .။

'ဆရာလည်း နာဂစ်ဒုက္ခသည်တွေကို အထူးမေတ္တာပို့ဖြစ်နေတော့ မင်းတို့ပြပွဲအတွက် ၁၉၈၉-ခုနှစ်က မင်းကွန်းဆရာတော်ကြီးရဲ့မေတ္တာပို့ကို ဆရာ့ပညာနဲ့ ရေးဆွဲပြီးကန်တော့ခဲ့တယ်၊ သမီးမဇွန်ပွင့်ဆီမှာ မိတ္တူကူးထားတာကို ကနေ့ခေတ် မင်းတို့ပညာနဲ့ပြုပြင်ပြီး ပြပွဲတင်လိုက်ပေါ့'လို့ ပြောရှာပါတယ်။

မုန်တိုင်းမှုန်းထခြင်း ကာတွန်းပြပွဲကို ၂၀၀၈-ခုနှစ်၊ ဇူလိုင်လ ၂၂-ရက်မှာ ဖွင့်လှစ်ပြသခဲ့ကြပါတယ်။ ဖွင့်ပွဲကို ဦးဖေသိန်းမသွားနိုင်သလို ကျွန်မလည်း ဒူးနာနေလို့မတက်ရောက်နိုင်ကြတာမို့ သမီးကြီးမဇွန်ပွင့်ကိုပဲ တက်ရောက်စေခဲ့ပါတယ်။

'ဖေဖေရေ၊ ဝမ်းသာစရာသတင်းပြောရဦးမယ်၊ ကနေ့ ပြပွဲဖွင့်လိုက်တာနဲ့ ဖေဖေ့ရဲ့မေတ္တာပို့ကာတွန်းပုံ ဈေးဦးပေါက် ရောင်းလိုက်ရတယ်။ တစ်ပုံ-၅၀၀၀၀ကျပ် သတ်မှတ်ထားတယ် ဖေဖေရဲ့။ ပွဲဦးထွက်ကောင်းလိုက်တာနဲ့ ပြောနေကြတယ်'။

သမီးပြောတာကို နားထောင်နေတဲ့ ဦးဖေသိန်းရဲ့ မျက်နှာမှာ ဝမ်းသာပီတိဖြစ်နေတာ မြင်လိုက်ရပါတယ်။ ပြီးတော့ လေအေးအေးနဲ့ပြောနေရှာတယ်။

'ညက ဖေဖေလည်းဘုရားရှိခိုးပြီး ဆရာတော်ကြီးကို အထူးရည်မှန်းကန်တော့ပြီး မေတ္တာပို့ကိုရွတ်ဆိုရင်း နာဂစ် မုန်တိုင်းဒဏ်ခံကြရတဲ့ပြည်သူတွေ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ရှိကြပါစေဆိုပြီး မေတ္တာပို့ခဲ့တာ ခုလိုအထူးအားပေးသွားတာဆိုတော့ မေတ္တာပို့ရကျိုးနပ်တာပေါ့'တဲ့။

၂၀၀၉-ခုနှစ်၊ ဇွန်လ ၁၉-ရက်မှာ ဦးဖေသိန်း ကွယ်လွန်ခဲ့ပြီဆိုတော့ သူ့ကိုယ်စား ကျွန်မက ဆရာတော်ကြီးရဲ့ရာပြည့် စာစောင်အတွက် ဦးဖေသိန်းဆွဲခဲ့တဲ့မေတ္တာပို့ပုံလေးနဲ့ ထပ်ဆင့်ပူဇော်ကန်တော့လိုက်ရပါတော့တယ်။

စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရသူအားလုံး ဆရာတော်ကြီးရဲ့ မေတ္တာပို့သံနာခံရင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ခင်လေးနွယ်



ရည်မျှော်တခမ်းတာ ဦးနှိမ်ချလျက်

မောင်ရင့်ကျူး
(မြောင်းမြ)

ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်ကြီးက အမေးဆရာတော်အနေနှင့်ဆောင်ရွက်၍ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက အဖြေဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့သည်။ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။ ကောဇာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲစတင်ခဲ့ရာ ထိုစဉ်ကာလက ကျွန်တော် ၁၀-နှစ်သားအရွယ်ပင်ရှိပါသေးသည်။ ကျွန်တော်၏မိဘများသည် ကြုံတောင့်ကြုံခဲ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ သွားရောက်ကြည်ညိုခွင့်ရခဲ့ကြောင်း သိရှိရပါသည်။ မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ အံ့ချီးဖွယ်ရာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားသော ပုဂ္ဂိုလ်ဖြစ်၍ ပါဠိတော်များကို ကြည့်ရှုခြင်းမရှိဘဲ မေးသမျှကို အာဂုံပြန်ဆိုခဲ့ပုံကို ကြားနာမှတ်သားမိဖူးပါ၏။

ဘုရားကိုလွမ်းသလိုလို မင်းကွန်းဆရာတော်ကြီးကိုလွမ်းသလိုလို

ဆဋ္ဌသင်္ဂါယနာတင်ချိန်တွင် မြန်မာ့အသံမှ သင်္ဂါယနာ အမေးအဖြေ အသံလွှင့်ထုတ်ပေးသည်ကို ကြားနာရပါ၏။ မင်းကွန်းဆရာတော်ကြီး၏ ပါဠိတော်ရွတ်ဆိုသံသည် ကြည်လင်ပြတ်သား၍ သာယာနာပျော်ဖွယ်ရှိလှပါ၏။

ကျွန်တော် ကလေးအရွယ် ငယ်စဉ်ကပင် ဆရာတော်ဘုရား၏ ဓမ္မဒေသနာကို စွဲလမ်းကြည်ညိုမိပါ၏။ ထိုအချိန်ကတည်းကပင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား လွမ်းသလိုလို ဘုရား ကိုလွမ်းသလိုလို ဝေဒနာတစ်ရပ် ခံစားမိခဲ့ရပါသည်။ မြတ်စွာဘုရား၏ ပဋ္ဌာန်းဒေသနာသံသည် ချိုမြိန်သာယာနာပျော်ဖွယ် ကောင်းလေစွဟု အဟိတ်တိရစ္ဆာန်များဖြစ်ကြသော လင်းနို့ သားငါးရာသည်ပင်လျှင် တရားသံကို ကြည်ညိုစွာ နာယူတတ်သည်မဟုတ်ပါလော။ ကျွန်တော် ကလေးအရွယ်ကပင် မင်းကွန်းဆရာတော်ကြီးကို စွဲလမ်းဖူးမြင် တွေ့လိုခြင်းသည် ဆရာတော်ကြီးနှင့် မည်သို့ ရေစက်ပါရမီနီးခဲ့သည်ကို မသိခဲ့ပါချေ။

မင်းကွန်းဆရာတော်ကြီးနှင့် ဒုလ္လဘဘဝ

ကျွန်တော်ငယ်စဉ်ကတည်းက စွဲလမ်းကြည်ညိုနေခဲ့ရသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ၁၉၈၀-ပြည့်နှစ်တွင် အနီးကပ်ဖူးမြော်ကြည်ညိုခွင့် လှူဒါန်းပူဇော်ခွင့် ရရှိခဲ့ပါသည်။ ထို့နောက် ဆရာတော်ကြီးထံ၌ ၃-၄-၈၃ ရက်တွင် တိပိဋကကျောင်းတော်၊ နယူးလင့်လမ်း (ယခု စကားဝါလမ်း)၌ ရဟန်းခံခွင့်ရရှိခဲ့သည်။ ဒုလ္လဘရဟန်းခံစဉ်က သက်တော်ရှည်မဂ္ဂင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက အနုသာသကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ကျွန်တော် ဒုလ္လဘရဟန်းခံစဉ်ကာလတွင် တိပိဋက ကျောင်းတော်ကို ဖွင့်လှစ်တည်ထောင်စပင်ရှိပါသည်။ ဒုလ္လဘ ရဟန်းများ ရဟန်းခံရန်အတွက် သာသနာတော်၏အဓိက ဖြစ်သော သိမ်တော်ပင်မရှိသေးပါ။ ဒုလ္လဘရဟန်းခံလို သော ရဟန်းလောင်းများကို သရက်တောကျောင်းတွင်းရှိ သိမ်နှင့် ကျားကူးသိမ်တို့တွင် သိမ်ဝင်၍ ရဟန်းခံပွဲများ ပြုလုပ် ခဲ့ရသည်။ ကျွန်တော် ဒုလ္လဘရဟန်းခံစဉ်က ရွှေတိဂုံဘုရား လမ်းရှိ ကျားကူးသိမ် (ရန်ကုန် မြို့တွင် ရဟန္တာသိမ်ကြီး ကိုးသိမ်တော် အပါအဝင်)တွင် စတုတ္ထဥတ်ကမ္မဝါဖတ်ခြင်း၊ ရဟန်းလောင်းဆုံးမခြင်းတို့ကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကိုယ်တိုင် အနုသာသကဆရာတော်အဖြစ် ချီးမြှောက်ဆောင်ရွက်တော်မူခဲ့ပါသည်။

ကျွန်တော် ဒုလ္လဘရဟန်းဘဝ ရက်သတ္တတစ်ပတ် ကာလအတွင်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား အနီးကပ်ကြည်ညိုခွင့်ရခဲ့ပါသည်။ ထိုစဉ်ကာလ တိပိဋကဓရ ဆရာတော်ကြီး၏ ပစ္ဆာသမဏဦးကုသလ ဖြစ်ပြီး၊ ထိုစဉ် ကာလက သီတင်းသုံးဖော်သံဃာတော်များမှာ အနုနာယက ဆရာတော် ဦးနန္ဒိယ (ယခု မင်းကျောင်းတိုက်၊ မြင်းခြံ)၊ ဦးရာဇိန္ဒ (မဟာဂန္ဓဝါစကပဏ္ဍိတ၊ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ဌာနမှူး)၊ ဦးဉာဏ လင်္ကာရာဘိဝံသ၊ ဦးသုန္ဒရ (မော်လမြိုင်)၊ ဦးခေမာစာရ၊ ဦးဝါယာမိန္ဒ (ဆဋ္ဌမပြောက် တိပိဋကဓရ တိပိဋက ကောဝိဒ)တို့နှင့် အတူ နေထိုင်ရင်း သိလိုသောဓမ္မအကြောင်းအရာများကို မေးမြန်း ခွင့် ဓမ္မသာကစ္ဆာ ဆွေးနွေးခွင့် ကြားနာခွင့်ရရှိခဲ့ပါသည်။

တစ်နေ့ နာရီ ၂၀-နီးပါးခန့် အလုပ်လုပ်သော
မင်းကွန်းဆရာတော်ကြီး

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် တိပိဋက ကျောင်းတော်၌ သုံးထပ်တိုက်ကျောင်း၏ ပထမ ထပ်တွင် သီတင်းသုံးတော်မူပါသည်။ ဒုလ္လဘ ရဟန်းများကို ဆရာတော်ကြီးနှင့် တစ်ဆက်တည်း ဖြစ်နေသော ခန်းဆီး ခြားထားသည့် တစ်ဖက်ခြမ်းတွင်နေထိုင်ခွင့်ပြုထားပါသည်။ ထိုကဲ့သို့ ဆရာတော်ကြီးနှင့် တစ်စပ်တည်း နီးနီးကပ်ကပ်နေ ထိုင်ခွင့် ရရှိခဲ့၍ ဆရာတော် ကြီး၏ မနားမနေ အလုပ်လုပ် တတ်သည့် အလေ့အထကို သိခွင့်ရရှိပါသည်။

ဆရာတော်ကြီးသည် နံနက် ၄း၃၀-တွင် ကျိန်းစက် ရာက ထတော်မူသည်။ အရုဏ်ဆွမ်းပင့်ထား သော ဒကာ ဒကာမအိမ်ကြွ၍ တရားချီးမြှင့်သည်။ အရုဏ်ဆွမ်း ဘုဉ်းပေးပြီး၍ ကျောင်းပြန်ရောက်ပါက အနားမပေး လက်နှိပ်စက်ရိုက်၍ ကျမ်းပြုနေပေသည်။ နေ့ဆွမ်းအတွက် အပြင်မကြွသည့်ရက်များတွင် ကျောင်း၌ဆွမ်းဘုဉ်းပေး သည်။ ဆွမ်းဘုဉ်း ပေးပြီး ခေတ္တမျှအနားယူသည်။ နေ့လယ် တစ်နာရီအချိန် ခန့်တွင် လက်နှိပ်စက်ရိုက်၍ ကျမ်းပြုသံကို ကြားရပြန်ပါသည်။ နေ့ခင်းနေ့လယ်တွင် ပြင်ပမှလာ၍ တရားပွဲကိစ္စ၊ ပင့်ဆွမ်းကိစ္စ၊အလှူတော်ရေစက်ချပွဲကိစ္စများ လာ၍လျှောက်ထားကြသော ဒကာများကို ခေတ္တမျှလက်ခံ တွေ့၍ အ-လ္လာပ သလ္လာပမိန့်ကြားပါသည်။ ဒကာများ လျှောက်ထားစရာကိစ္စများ လျှောက်ထားပြီးပါက ပြန်ခွင့် ပြု၍ မိမိလုပ်ရန်ရှိသော ကျမ်းစာပြုခြင်းကိစ္စကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်တော်မူပါသည်။ ညနေ ၄း၃၀-ခန့်တွင် ဆည်းဆာတရားတော်ပွဲအတွက် တရားချီးမြှင့်ပေးပါရန် လာရောက်ပင့်ကြသော ဒကာများနှင့် ကြွရပြန်ပါသည်။ တစ်ခါတစ်ရံ ဆည်းဆာ တရားပွဲကအပြန် ကျောင်းသို့ ခေတ္တဝင်နားပြီး ညတရားပွဲများကို ဆက်ရပြန်ပါသည်။ ညတရားပွဲသိမ်း၍ ကျောင်းပြန်ရောက်ချိန်သည် ၁၀-နာရီ ခန့်ရှိနေပြီဖြစ်သည်ကို သတိပြုမိပါသည်။

ဆရာတော်ကြီးသည် ညတရားပွဲများမှ ကျောင်းသို့ ပြန်ရောက်သော်လည်း အနားယူအိပ်စက်ခြင်းမပြုသေးဘဲ လက်နှိပ်စက်ရိုက်သံကို ကြားရပြန်ပါသည်။ ခန်းဆီးခြား ထားသော တစ်ဖက်ခန်းမှ ကျွန်တော်၏ ဒုလ္လဘရဟန်း ဘဝ ကာလအတွင်း ဆရာတော်ကြီး၏ မရပ်မနား မနားမနေ အလုပ်လုပ်သည့်နှုန်းကို စဉ်းစားကြည့်ခဲ့မိသည်။ တဖြောက် ဖြောက် တချောက်ချောက်နှင့် ဆရာတော်ကျမ်းပြုရင်း လက်နှိပ်စက် ရိုက်သံများကို နားထောင်နေစဉ် တဖြည်းဖြည်း ပျောက်ကွယ်သွားပါတော့သည်။ ကျွန်တော်သာလျှင် အိပ်ပျော်သွားပါသည်။ ဆရာတော်ကြီးကား မည်သည့်အချိန် တွင် ကျိန်းစက်အနားယူမည်ကို ကျွန်တော် မသိတော့ပေ။

ဆရာတော်ကြီးသည် အထက်မြန်မာပြည် တစ်ခွင် နှင့် အောက်မြန်မာပြည်တစ်ကြော မမောမပန်း စုန်ချည် ဆန်ချည် အလီလီကြွချီတော်မူခဲ့သည်။ မိုင်ပေါင်းများစွာကို ကြွတော် မူ၍ တရားပွဲပေါင်းများစွာ ဩဝါဒပေါင်းများစွာ ဟောကြား ဆုံးမခဲ့ပါသည်။ လှေတစ်တန် လှည်းတစ်တန် ကုန်းတစ်တန် ရေတစ်တန် လေကြောင်းတဖုံ ခရီးမျိုးစုံကို ကြွချီတော်မူ၍ သာသနာအကျိုး ဆောင်ရွက်တော်မူခဲ့သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မြန်မာ ပြည်အနှံ့အပြား တရားရေအေးအမြိုက်ဆေးတိုက် ကျွေးခဲ့ဖူး ပေပြီ။ ဒကာဒကာမများက ဆရာတော်ကြီး၏ ကျန်းမာရေး အတွက် ငဲ့ကွက်ရန်လျှောက်ထားသော်လည်း ခန္ဓာကိုယ်ကို လုံးဝမငဲ့ညှာခဲ့ပေ။ တစ်ခါက ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူး

မင်းကွန်းဆရာတော်ကြီးအား
စာရေးသူမိသားစုမှ ဆွမ်းကပ်နေစဉ်

သည်။ 'ဂန္ထဓုရ ဝိပဿနာဓုရတဲ့။ ဘုန်းကြီးတို့လုပ်ရမှာ ဒီနှစ်ခုရှိတယ်။ ဒကာကြီးတို့လူတွေ လူ့ကိစ္စလုပ်ရင်း ဖျားနာသေကြတာ မဟုတ်လား။ ဖျားနာသေချင်လည်း သေပေ့ါ။ အလုပ်လက်မှဲ့ ဘုန်းကြီးတော့ အဖြစ်မခံနိုင်ဘူး'ဟု အမိန့်ရှိခဲ့ဖူးသည်။

ဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးရာတွင် နည်းလွန်းလှပါ၏။ နည်းလွန်းလှသည့်အပြင် ရောင့်ရဲလွယ်လွန်းသည်။ အလုပ်လုပ်ရာတွင်မူ ခန္ဓာကိုယ်ကိုငဲ့ကွက်ခြင်းမရှိဘဲ အလုပ် လုပ်တတ်ပါသည်။ ဆရာတော်ကြီးကို အသက်ရှည်စေလိုကြသည်။ အလုပ်ကိုလျှော့လုပ်ပါရန် လျှောက်ထားကြဖူးပေါင်း များခဲ့ပါ၏။ သို့ရာတွင် ဆရာတော်ကြီးသည် တိုး၍သာ သာသနာအလုပ် လုပ်နေသည်ကိုမြင်တွေ့ရပါသည်။

'ဒကာတို့က တစ်ဘဝစာလောက် စီးပွားရေးတောင် ထမင်းမှန်းမသိ ဟင်းမှန်းမသိ လုပ်သေးတာ။ ဦးဇင်းတို့ သံသရာရေး ဓမ္မရေးမှာ ပိုပြီးမလုပ်သင့်ဘူးလား'ဟူ၍ စောဒကသာတက်ပါတော့သည်။

သာသနာပြုလုပ်ငန်းကြီးများ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် သာသနာပြု လုပ်ငန်းကြီးသုံးသွယ်ကို ရှေ့ပိုင်းတွင် တစ်ပါးတည်း ဆောင်ရွက်ခဲ့သည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်ရရှိအောင် ဆောင်ရွက်တော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ အဖြေ ဝိသဇ္ဇကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထို့နောက် မဟာဗုဒ္ဓဝင်ကျမ်း ခြောက်တွဲ ရှစ်အုပ် ပြုစုတော်မူခဲ့ပါသည်။ နောက်ပိုင်းတွင် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးကို တည်ထောင်ခဲ့သည်။ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေနှင့် ရန်ကုန်မြို့ တိပိဋကကျောင်း တော်တို့တွင် သီတင်းသုံးနေတော်မူရင်း တိပိဋကဓရ အရှင်မြတ်များပေါ်ထွန်းရေးကို တစိုက်မတ်မတ် ဆောင်ရွက်တော်မူခဲ့သည်။ ပြည်တွင်းပြည်ပ သာသနာပြု သံဃာတော်များ ပေါ်ထွန်းရေးအတွက် မန္တလေးမြို့၊ ရန်ကုန်မြို့တို့၌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ရပ်ကို ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်။ မန္တလေးမြို့၌ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်။ ရွှေဘို၊ မန္တလေးမြို့တို့၌ စံချိန်မီ စံပြကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းပေါ်ထွန်းရေးကို ဆောင်ရွက်၍ အကောင်အထည်ဖော်ခဲ့ပါသည်။

ဆရာတော်ကြီးသည် ၁၃၅၃-ခုနှစ်၊ ဝါခေါင်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့မှစတင်၍ မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ စာချကျောင်းတော်ကြီး၌ အဋ္ဌသာလိနီအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီမူလဋီကာတို့ကို တပည့်သံဃာတော်များအား စာချပေးလျက်ရှိပါသည်။ မင်းကွန်းဆရာတော်ကြီးသည် ကိုရင်ဘဝမှစ၍ သက်တော် ၈၁-နှစ်ပြည့်ထိ နှစ်ပေါင်း-၆၀ ကျော်ကာလတိုင်အောင် သာသနာ့တာဝန်ကို ထမ်းရွက်လုပ်ဆောင်ခဲ့သည်ကို တွေ့မြင်သိရှိနေပါ၏။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ရရှိခဲ့သောဘွဲ့တံဆိပ်တော်များမှာ ၁၈-ဘွဲ့ရရှိကြောင်း မှတ်သားသိရှိရပါသည်။ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ကျန်းမာရေးသည် သက်တော် ၈၁-နှစ်ပြည့်မှစ၍ သိသိသာသာကျဆင်း ယိုယွင်းလာခဲ့ပါသည်။ ဆရာတော်ကြီးသည် သာသနာတော်အတွက် အရေးကြီးသည့် အလုပ်ကိစ္စဆောင်ရွက်မှုအဝဝကို ပြည့်စုံလုနီးပါး ဆောင်ရွက်တော်မူခဲ့ပေပြီ။

၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်၊ အင်္ဂါနေ့ ညနေ ၄း၄၄-နာရီတွင် ဘုရားရဟန္တာတို့မှပင် ရှောင်ကွင်း၍ မရသော ဇာတိ, ဇရာ, ဗျာဓိ, မရဏ သဘောတို့ကြောင့် ခန္ဓာချုပ်ငြိမ်းခဲ့လေပြီ။ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော် မူခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့်တကွ ပြည်သူပြည်သားအားလုံးအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီးပင်ဖြစ်ပါ၏။

လွန်ခဲ့သည့်အနှစ် ၂၀-ခန့်က ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် ဆရာတော်ကြီးအား ရည်မျှော်တမ်းတ ဦးနှိမ်ချကာ ဂါရဝပြုလိုက်ရပါသည်ဘုရား။ ။

မောင်ရင့်ကျူး(မြောင်းမြ)

ရှေးကကျမ်းတတ်အကျော် ဆရာတော်ကြီးများ ကျမ်းပြု ပုဂ္ဂိုလ်ကြီးများ အတော်များများတို့သည် ဘုရားဆုပန်လေ့ရှိကြ ကုန်၏။ ဉာဏ်ပညာကြီးကျယ် မြင့်မားကြသည့်အလျောက် ကြီးကျယ်မြင့်မားသောဆုကို ပန်သည့်သဘောပင်ဖြစ်၏။ တိပိဋကဓရမင်းကွန်း ဆရာတော်ကြီးကိုလည်း ၎င်း၏ ဉာဏ်ပညာ ကြီးကျယ် မြင့်မားမှု, လုံ့လဝီရိယ ကြီးမားမှု, စွမ်းရည်သတ္တိရှိမှု, အထွတ်အထိပ်အောင်မြင်မှုတို့ကိုကြည့်ပြီး ဆုကြီးပန်ပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြ၏။ သို့သော် ဆရာတော်ကြီးကား 'အရင်းကြီးကြီးနဲ့ အမြတ်အစွန်း နည်းနည်းလိုချင်တာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ'-ဟုမိမိ၏သဘောထား ခံယူချက်ကို ထုတ်ဖော် မိန့်ကြားတော်မူပြီး ဤသို့ ဆုပန်တော်မူခဲ့လေ၏။

ဒုတိယေ အတ္တဘာဝမှိ ၊ လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓရောတိနာမေန ၊ သောတာပန္နော မရူ ဘဝေ။

ဓမ္မဓရနတ်သားဆုကို လေ့လာခြင်း

ပထမကျော်ဦးစံသင်းလှိုင်

အရင်းကြီးကြီး အရင်းအနှီးများ

'ဒုတိယဘဝ၌ ပညာရှိတို့၏အမှီကိုရ၍ ဓမ္မဓရအမည်ဖြင့် သောတာပန်နတ်သား ဖြစ်ရပါလို၏'-ဟု ဆုပန်ခြင်းဖြစ်၏။ ဤဆုပန်ခြင်းအပေါ် ဆရာတော်ကြီးက 'အရင်းကြီးကြီးနဲ့ အမြတ်အစွန်းနည်းနည်း'-ဟု ဆိုထား၏။ 'အရင်းကြီးကြီး'-ဟူသည်မှာ သူပြုခဲ့ဆည်းပူးခဲ့သော ပုညဉာဏသမ္ဘာရခေါ် ကုသိုလ်ပုညဉာဏ်ပညာထုထည်ပမာဏ ကိုဆိုခြင်းဖြစ်ပြီး၊ 'အမြတ်အစွန်းနည်းနည်း'-ဟူသည်မှာ ရရှိလာမည့် ဓမ္မဓရ အမည်ရှိ သောတာပန်နတ်သားဘဝကို ဆိုခြင်းဖြစ်၏။

ဆရာတော်ကြီး၏ ဉာဏ်ပညာ ထုထည်ပမာဏကြီးမားမှုကို ဦးစွာပထမထုတ်ပြလို၏။ ရှေးခေတ် ဘုန်းတော်ကြီးကျောင်းပညာရေးမူအရ မင်္ဂလသုတ်အစ ပရိတ်ကြီးအဆုံးပါရှိသော ဆယ်စောင်တွဲစာအုပ်ကို ရှစ်နှစ်သားအရွယ်ကပင် အာဂုံအရဆောင်ထားနိုင်ခြင်း၊ ၁၃-နှစ်သားအရွယ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ပထမပြန်စာမေးပွဲကြီး၌ ကစ္စည်း သဒ္ဒါကြီးရှစ်စောင်ကို အထောက်အမလွတ်ကင်း အာဂုံပြန်ဆို အောင်မြင်ခြင်း၊ သဂြိုဟ်ကိုးပိုင်းကို တစ်လဖြင့် အလွတ်ကျက်မှတ် ဆောင်ထားနိုင်ခြင်း၊ ၁၄-နှစ်သားအရွယ်တွင် သုဝဏ္ဏသာမဇာတ်တော် ယပ်ထောင်တရားရေးသားနိုင်ခြင်းတို့သည် သူ့ဘဝအစနနယ် ငယ်ရွယ်စဉ်ကတွေ့ရသော ဉာဏသမ္ဘာရခေါ် ဉာဏ်ပညာထုထည်ပမာဏကြီးမားမှုတို့ပင်ဖြစ်၏။

၁၄-နှစ်သားအရွယ်သာရှိသေးသော ရှင်ဝိစိတ္တသာရ ရေးဖွဲ့ခဲ့သည့် သုဝဏ္ဏသာမဇာတ်တော် ယပ်ထောင်တရားကို ဖတ်ရှုခံစားကြရသဖြင့် နောင်အနာဂတ်အတွက် စာပေအရာများစွာ အလားအလာရှိသည်ကို ပညာရှင်များက ကြိုတင် ခန့်မှန်းနိုင်ခဲ့ကြ၏။

တစ်ဆင့်တက်၍ အရင်းကြီးကြီး အရင်းအနှီးများအဖြစ်တွေ့ရသည်မှာ အံ့ဖွယ်ရာများဖြစ်၏။ သာမဏေဘဝမှာပင် ပိဋကတ်ဆိုင်ရာ ပါဠိစာပေနှင့် မြန်မာစာပေအခြေခံ ရရှိပြီးဖြစ်၍ ပါဠိဂါထာစီကုံးရေးသားနိုင်ခြင်း၊ ရတု, ကဗျာ ပျို့လင်္ကာများ ဖွဲ့ဆိုနိုင်ခြင်း၊ ပါဠိ အဋ္ဌကထာ ဋီကာများကို ဆရာနည်းကျ အဝါးဝစွာ လေ့လာဆည်းပူးထားခြင်း၊ ထိုသို့ လေ့လာဆည်းပူးထားသည့်အလျောက် ပထမကျော် အောင်ပန်းကို ဆွတ်လှမ်းပန်ဆင်နိုင်ခြင်း၊ သကျသီဟဝင့်သကာ= ဦးစိုက်ပန်းကို ဆွတ်ချူဆင်မြန်းနိုင်ခြင်း၊ ရဟန်းခုနစ်ဝါအရတွင် ဝိနည်းအဘိဓမ္မာ ပါဠိအဋ္ဌကထာဋီကာများကို ဂဏဝါစက တစ်ပါးအနေဖြင့် ပို့ချပေးနိုင်ခဲ့ခြင်း၊ စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ မဟုတ်သော မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကို အခေါက်ခေါက်အခါခါ ပို့ချပေးခြင်း၊ တိပိဋကစာမေးပွဲတွင် ပြဋ္ဌာန်းသက်မှတ်ချက်အတိုင်း လေးနှစ်လေးကြိမ်ဖြေဆိုခြင်းဖြင့် အာဂုံရော ရေးဖြေပါဂုဏ်ထူးဖြင့်အပြီးအစီး အောင်မြင်၍ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့ကို ရရှိခြင်းတို့သည် ပထမ,ဒုတိယ ဘဝနှစ်သွယ် လူငယ်လူလတ်ပိုင်းအရွယ်တွင် အံ့သြဖွယ်တွေ့ရသော ပုညဉာဏသမ္ဘာရသဘော ရောနှောပါသော အရင်းကြီးကြီး အရင်းအနှီးများပင်ဖြစ်၏။

တစ်ဖန်ဆက်၍ ထူးခြားချက်များကိုကြည့်လျှင် ဤသို့ မြင်နိုင်၏။ ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် ဝိသဇ္ဇက ပုဂ္ဂိုလ်အဖြစ်ဖြင့် တာဝန်ယူဆောင်ရွက်ခြင်း၊ ပါဠိ အဋ္ဌကထာ ဋီကာများကို အဆင့်ဆင့်သုတ်သင်ပြင်ဆင်ခြင်းမှစ၍ ဆဋ္ဌသင်္ဂါယနာ တာဝန်အရပ်ရပ်ကို တရစပ်ဆောင်ရွက်ခဲ့ခြင်း၊ အတွဲခြောက်တွဲ အုပ်ရေရှစ်အုပ်ပါဝင်သော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုခဲ့ခြင်း၊ ကျေးလက်ဆေးပေးခန်း, အခြေခံပညာကျောင်း, ရေကန် ရေစခန်း ရေတန်လျားများဆောက်လုပ်ပေးခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း၊ မန္တလေး ပရိယတ္တိဗိမာန်တော်ကြီးနှင့် မလွန်ဆန်လျှအသင်း ညီမူရာခန်းမကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးစီးဦးဆောင်ပြုဆောင်ရွက်ခဲ့ခြင်း၊ တောင်ပေါ်မြေပြန့်ဒေသအနှံ့ခရီးဆန့်၍ နယ်လှည့်တရားဟောခြင်း၊ နိကာယ်အသင်းကြီးများပေါ်ပေါက်အောင်ဖော်ဆောင်ခဲ့ခြင်း၊ တိပိဋက=နိကာယကျောင်းတိုက်တည်ထောင်၍ တိပိဋက=နိကာယ်စာမေးပွဲဝင် အရှင်မြတ်တို့အား ပစ္စည်းလေးပါး အထောက်အပံ့ပေးခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်း၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ် တာဝန်ယူ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာ ညီညွတ်ရေးကို အလေးပေးဆောင်ရွက်ခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ခြင်းတို့သည် ဒုတိယ, တတိယ ဘဝနှစ်သွယ် လူလတ်ပိုင်း လူကြီးပိုင်း အရွယ်တွင် အံ့ဖွယ်ထူးခြား အထင်အရှားတွေ့ရသော ပုညသမ္ဘာရကုသိုလ်အထုကြီးမားသော အရင်းအနှီးပြုမှုများပင် ဖြစ်၏။

ဘာသာဋီကာကျမ်းပြုဆရာတော်

ဆရာတော်ကြီး၏ ဤသို့သော စွမ်းဆောင်ရည် မြင့်မားမှု အထွတ်အထိပ်အောင်မြင်မှုရလဒ်တို့ကို မြင်ရသူတိုင်းက အရင်းအနှီးကြီးမားကြောင်းကို ထောက်ခံအတည်ပြုခဲ့ကြ၏။ ဤမျှအရင်းအနှီးကြီးမားသော်လည်း သူရယူမည့် အမြတ်အစွန်းကား 'ဓမ္မဓရသောတာပန်နတ်သား ဘဝ' ဖြစ်၏။ ထို့ကြောင့်လည်း ဆရာတော်ကြီးက 'အရင်းကြီးကြီးနဲ့ အမြတ်အစွန်းနည်းနည်းလိုချင်တာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ'-ဟူ၍ မိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။

ဤ၌ ဆရာတော်ကြီးနှင့် ခေတ်ပြိုင်ဟုဆိုရမည့် ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသ၏ ဆုပန်ပုံကို အကဲခတ်ကြည့်စေလို၏။ ဘာသာဋီကာဆရာတော်ကြီးက 'ငါ၏ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တရားငါးပါးတို့သည် လောကီလူပေါင်း နှစ်မြို့ကြောင်းနှင့် အကောင်းဆုံးရည်သန် ဗောဓိဉာဏ်အကျိုးငှာ တစ်မြင့်ထဲ မြင့် ဆင့်ကဲတင့်သည်ဖြစ်၍ တက်သစ်လဝန်း နေသစ်ထွန်းသို့ ရှန်းတဝေဝေ တိုးတက်ကြပါစေကုန်သတည်း'ဟူ၍ ဆုပန်တော်မူခဲ့၏။ ဤသို့ဆုပန်သဖြင့် သမ္မာသမ္ဗောဓိဘုရားဆု ဖြစ်ကြောင်းသိနိုင်၏။ သဂြိုဟ်ဘာသာဋီကာကျမ်းပြီးအဆုံး နိဂုံးလာဤဂါထာသည် အထောက်အထားဖြစ်၏။

အဘိဝဍ္ဎန္တု မေ ပညာ ၊ သဒ္ဓါ သတိသမာဓယော။
ပရက္ကမော လောကဿာဒ-ဗောဓျတ္ထာယ ပရံပရံ။

ဘုရားဆုပန်ကြောင်း တိုက်ရိုက်မဆိုသော်လည်း 'လောကဿာဒဗောဓျတ္ထာယ = လောကီလူပေါင်း နှစ်မြို့ကြောင်းနှင့် အကောင်းဆုံးရည်သန် ဗောဓိဉာဏ်အကျိုးငှာ' ဟူသော အကျိုးပြုစကားအရ ဘုရားဆုပန်ကြောင်း ကောက်ချက်ချနိုင်၏။ ထို့ပြင် ဆရာတော်ကြီး နေ့စဉ်နံနက်ခင်း ဩဝါဒပေးခဲ့ရာတွင်လည်း ဘုရားအလောင်းတော်ကြီးများ ပါရမီဖြည့်ပုံကို မကြာခဏဆိုသလို မိန့်ကြားတတ်ပြီး အလောင်းတော်ကြီးများ၏လမ်းစဉ်ကို အကုန်အတုယူ၍ အစွမ်းကုန် အလုပ်လုပ်နေသည့်သဘောမျိုး မိန့်ကြားချက်များရှိခဲ့၏။ သို့ရာတွင် ပျံလွန်တော်မူပြီးမှတွေ့ရသော သံဝေဂလင်္ကာများကြောင့် စိတ်ပြောင်းသွားလေရော့သလားဟု စဉ်းစားစရာဖြစ်ကြရ၏။ 'ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။ တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်-စသည်ဖြင့် နောက်ဆုံး၌ 'မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်'ဟူသော သံဝေဂလင်္ကာ ၁၀-ပုဒ်က ဘုရားဆုပန်ခြင်းမှပြောင်းလဲပြီး အလျင်အမြန် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရယူတော့မည့်ဟန် ညွှန်ပြသကဲ့သို့ဖြစ်၏။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်ပိုင်း ရိုက်နှိပ်သောစာအုပ်များတွင် ဤသံဝေဂလင်္ကာ ၁၀-ပုဒ်ပါရှိသည်ကိုတွေ့ရပြီး 'ဆရာတော် ပျံလွန်တော်မူခါနီး ရေးသွားသည်ဟု ထင်ရပါ သည်'ဟူ၍ မှတ်ချက်ပြုထားသည်ကိုလည်း တွေ့ရ၏။

ထိုသံဝေဂလင်္ကာ ၁၀-ပုဒ်နှင့်ဆက်ပြီး ဆရာတော်ကြီး စိတ်ပြောင်းလဲသွားခြင်းဖြစ်နိုင်ပုံကို တပည့်ရင်းဖြစ်သူ တိပိဋကဓရအရှင်သုမင်္ဂလာလင်္ကာရကလည်း 'နောက်ပိုင်းမှာ တပည့်တွေအုပ်ချုပ်ရသည့် အခက်အခဲအမျိုးမျိုး ပြဿနာအဖုံဖုံကို ဆရာတော်စိတ်ပျက်ပုံရတယ်၊ သံသရာထဲ အကြာကြီးကျင်လည်နေလိုခြင်းမရှိတော့ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရလိုပုံပေါ်တယ်'ဟု ထောက်ခံမိန့်ကြားတော်မူခဲ့ဖူး၏။ အမှန်စင်စစ် အခြားသူများ၏အသိအမြင်သည် အနုမာနသဘောသာဖြစ်၍ ဆရာတော်ကြီးကိုယ်တိုင်သာ အတိအကျ သိပေလိမ့်မည်။ လောကလူသားတို့အား သံသရာခရီးမှ အလျင်အမြန်လွတ်မြောက်စေလိုသောဆန္ဒဖြင့် ဤသံဝေဂလင်္ကာ ၁၀-ပုဒ်ကို ရေးသွားခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

တောင်ဖီလာဆရာတော်

ဤလောက၌ ဘာမသိညာမသိ သူများယောင်လို့ယောင် အမောင် တောင်မှန်းမြောက်မှန်းမသိသူများလည်း ရှိ၏။ အရာရာတွင် သူများအထက်ကနေလိုကြ၏။ အကြီးဆုံးနေရာကို မျှော်မှန်းတတ်ကြ၏။ ဘယ်နည်းဖြင့် သူများမျက်ခုံး မွေးပေါ် စကြ်လျှောက်ရမလဲဟု ကြံဆောင်သူများပင်ရှိကြ၏။ ဤနေရာ၌ တောထွက်ရဟန်းကြီးတစ်ပါး အကြောင်းကိုအမှတ်ရမိ၏။ ဒုတိယတောင်ဖီလာဆရာတော်ကြီးသည် ဘုရားဆုပန်ပုဂ္ဂိုလ်ဖြစ်၏။ နေ့စဉ် ဘုရားဝတ်တက်ပြီးတိုင်း ဆုပန်လေ့ရှိ၏။ ဘုရားရှေ့တွင် ဝတ်တက်သံဃာအားလုံး ဆုပန်ကြရ၏။ ဆရာတော်ကြီးက ရှေ့ဆုံးမှပန်ကြား၍ ဝါစဉ်အလိုက် အစဉ်အတိုင်းပန်ကြားရ၏။

အချို့ကိုယ်တော်က 'အရှင်သာရိပုတ္တရာလို ပညာအရာ ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်ရပါလို၏'ဟု ပန်ကြား၏။ အချို့ကိုယ်တော်က 'အရှင်မဟာမောဂ္ဂလာန်လို တန်ခိုးအရာ ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်ရပါလို၏'ဟု ပန်ကြား၏။ ဤသို့စသည်ဖြင့် သံဃာအားလုံး မိမိတို့လိုရာဆုကို ပန်ကြ၏။ တောထွက်ရဟန်းကြီးကား ဆုမပန်ဘဲနေ၏။ ထိုအခါ ဆရာတော်ကြီးက 'ကိုယ်တော်ကြီး ဘယ်လိုလဲ ပန်ကြားလေ'ဟု တိုက်တွန်းရာ ကိုယ်တော်ကြီးက 'တပည့်တော်

မပန်ကြားပါရစေနဲ့ဘုရား၊ တပည့်တော် အားနာလို့ပါဘုရား'ဟု လျှောက်ထား၏။ 'ကိုယ်တော်ကြီး ဘာမှ အားနာစရာမလိုဘူး၊ ကိုယ်တော်ကြီး ပန်လိုတဲ့ဆုကိုသာ ပန်ပါ'ဟု ထပ်မံတိုက်တွန်းလေမှ ကိုယ်တော်ကြီးက 'တပည့်တော်သည် သုဒ္ဓေါဒနမင်းကြီးကဲ့သို့ ဘုရား အဖေဖြစ်ရပါလို၏'ဟု ပန်ကြားလိုက်လေတော့၏။ တကယ်ပင် သုဒ္ဓေါဒနမင်းကြီးကို အားကျပေ၍လား (သို့မဟုတ်) ဘုရားထက်ကြီးချင်၍ပေလား ဆိုသည်ကိုတော့ ကိုယ်တော်ကြီးသာ သိပေလိမ့်မည်။

ဒုတိယတောင်ဖီလာဆရာတော်ကြီး၏ ဤအစီအမံသည် အလွန်ပင်မှတ်သားဖွယ် အတုယူဖွယ်ကောင်း၏။ ဗုဒ္ဓတရားတော်ကို တကယ်သက်ဝင်ယုံကြည်သော ဗုဒ္ဓဘာသာဝင်တိုင်း ဆုတစ်မျိုးမျိုးကို တောင့်တပန်ဆင်ထားသင့်ကြောင်း အဆိုပြုလို၏။ မရေရာမသေချာသော အနာဂတ်ဘဝအတွက် စိတ်ချလက်ချဖြစ်စေလို၏။ သို့သော် ဆုပန်ရုံမျှဖြင့် မိမိပန်ဆင်သောဆုကို ရမည်မဟုတ်သဖြင့် ပန်ဆင်ထားသည့်ဆုနှင့် ထိုက်တန်သောအလုပ်ကိုတော့ လုပ်ဖို့လိုပေလိမ့်မည်။

မှန်၏။ 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးမျိုးသာရှိ၍ ဆုတောင်းမှုမပြုသူသည် ဂတိမမြဲ။ ဆုတောင်းမှုသာပြု၍ တရားငါးမျိုးမရှိသူသည်လည်း ဂတိမမြဲ။ တရားငါးမျိုးရှိပြီး ဆုတောင်းမှုပြုသူသည်သာ ဂတိမြဲ၏။ ကောင်းကင်သို့ ပစ်တင်လိုက်သော တုတ်ချောင်းကလေးသည် အဖျား၊ အလယ်၊ အရင်း ဘယ်အခင်းဖြင့် မြေသို့သက်ဆင်းမည်ဟု အတိအကျသတ်မှတ်ချက်မရှိသကဲ့သို့ သတ္တဝါတို့၏ ပဋိသန္ဓေယူမှု ဘဝကျင်လည်မှုသည်လည်း အတိအကျသတ်မှတ်ချက် မရှိပေ။ ထို့ကြောင့် တရားငါးပါးဖြည့်ကျင့်ပွား၍ တစ်ခုသောဘုံဘဝ၌ ဆုတောင်းမှုပြုထားသင့်၏'ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ ဆို၏။ ဤအဆိုအမိန့်အရ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးပါးလက်ကိုင်ထား၍ မိမိလိုရာဆုတစ်မျိုးမျိုးကို မလွဲမသွေအမှန်ပင်ပန်ဆင်ထိုက်လှပါပေ၏။

ဓမ္မဘဏ္ဍာဂါရိကမှ ဓမ္မဓရသို့

တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဓမ္မဓရနတ်သားဆုကို သုတေသနအမြင်ဖြင့် စိစစ်လေ့လာကြည့်သောအခါ နတ်သားဖြစ်ရုံသက်သက်မျှ တောင့်တခြင်းမဟုတ်ဘဲ 'ဓမ္မဓရ'ဟူသော အမည်နာမဖြင့် အထူးပြု၍ တောင်းထားသည်ကို တွေ့ရ၏။ 'ဓမ္မဓရ'ဟူသည် တရားကိုဆောင်သူဖြစ်၏။ ရိုးရိုးနတ်သားမဟုတ်ဘဲ တရားဆောင်သောနတ်သားအဖြစ်ကို တောင်းခြင်းဖြစ်၏။

သာသနာတော်၌ ဓမ္မဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ ဓမ္မသေနာပတိ-ဟူ၍ ဝေါဟာရသုံးမျိုးရှိ၏။ ယင်းဝေါဟာရသုံးမျိုးသည် အစဉ်အတိုင်း ပို၍ပို၍အဆင့်မြင့်၏။ ဗုဒ္ဓလက်ထက်တော်အခါက ဓမ္မဓရပုဂ္ဂိုလ်များစွာရှိသော်လည်း ဓမ္မဘဏ္ဍာဂါရိကကား အရှင်အာနန္ဒာတစ်ပါးသာရှိ၏။ အရှင်အာနန္ဒာသည် ဓမ္မဘဏ္ဍာဂါရိကဖြစ်သော်လည်း ဓမ္မသေနာပတိကားမဖြစ်။ ဓမ္မသေနာပတိကား အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ပိုင်ဆိုင်သောဓမ္မအရာ အထွတ်အမြတ်ဘွဲ့တော်ကြီးပါပေတည်း။

တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးသည် ပုညဉာဏသမ္ဘာရခေါ် ကုသိုလ်ပုည ဉာဏ်ပညာထုထည်ပမာဏ အရင်းကြီးကြီးနှင့် အရင်းအနှီးရှိထားသော်လည်း ဓမ္မဓရ နတ်သားဆုကိုတောင်းသဖြင့် အမြတ်အစွန်းနည်းသကဲ့သို့ ဖြစ်ရုံမျှမက လက်ရှိဘဝတွင် ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကြီးကိုရရှိ ပိုင်ဆိုင်ထားပြီး နောက်ဘဝအတွက် ဓမ္မဓရဆုကိုတောင်းရာ၌ တောင်းခြင်းသည်လည်း အမြတ်အစွန်းနည်းနည်းကို ရယူလိုသကဲ့သို့ဖြစ်၏။

သို့ရာတွင် ဓမ္မဓရနတ်သားဆုကို တောင်းရာ၌ ပုထုဇဉ်နတ်သားမျိုးမဟုတ်ဘဲ သောတာပန်အရိယာနတ်သားအဖြစ်ကို တောင်းခြင်းဖြစ်၏။ နတ်သားဖြစ်ခြင်း၊ တရားဆောင်သူဖြစ်ခြင်း၊ သောတာပန်ဖြစ်ခြင်းဟူသော အင်္ဂါသုံးချက်နှင့် ပြည့်စုံသော သောတာပန် ဓမ္မဓရနတ်သားဆုကို တောင်းခြင်းဖြစ်သောကြောင့် အမြတ်အစွန်းမနည်းဟူ၍ ဆိုသင့်၏။ သောတာပန်ဘဝကို ရမည်ဖြစ်သောကြောင့် အမြတ်အစွန်းမနည်းကြောင်း အတိအကျပြောနိုင်၏။

သတ္တဝါများ သံသရာရေလျဉ်ကြော မျောခဲ့ကြရသည်မှာ ဘဝပေါင်းအသင်္ချေအနန္တပင်ဖြစ်၏။ ထိုသို့ သံသရာ ရေလျဉ်ကြောမျောခဲ့ရာတွင်လည်း ' စတ္တာရော အပါယာ သကဂေဟသဒိသာ = အပါယ်လေးဘုံတို့သည် မိမိတို့၏ ကိုယ်ပိုင်အိမ်နှင့်တူကုန်၏'ဟူသော ကျမ်းဂန်စကားအရ အပါယ်လေးဘုံတို့၌သာ အများအားဖြင့်ကျင်လည်မျောပါရသောသဘောရှိ၏။ အပါယ်လေးဘုံတို့သည်သာ မိမိတို့ ကိုယ်ပိုင်အိမ်ဖြစ်၍ အခြားသုဂတိဘုံများကား ယာယီအပန်းဖြေအိမ်များသာဖြစ်၏-ဟု ဆိုရပေမည်။

သံသရာသည် အနမတဂ္ဂဆိုသည့်အတိုင်း အစမထင် အဆုံးမမြင်သဖြင့် သံသရာ၌ ကျင်လည်မျောပါနေရသည့် သတ္တဝါတို့သည်လည်း အစမထင်အဆုံးမမြင် အနန္တပင်ဖြစ်၏။ သတ္တဝါတစ်ဦးတစ်ယောက်အနေဖြင့်မူ သံသရာအစမရှိသော်လည်း အဆုံးကားရှိ၏။ သောတာပတ္တိမဂ်ဉာဏ်ကိုရ၍ သောတာပန်ဖြစ်သည်နှင့်တစ်ပြိုင်နက် သူ့အတွက် အနာဂတ်သံသရာသည် အနားသတ်သွားပြီဖြစ်၏။ အပါယ်လေးဘုံမှ လွတ်သည့်အပြင် နောက်ထပ်ခုနစ်ဘဝထက်ပို၍ သံသရာ၌ကျင်လည်ရန်အကြောင်း မရှိတော့ပြီ။ အစမထင် အဆုံးမမြင်သော သံသရာရေလျဉ်ကြော မျောနေရမည့် အခြေအနေမှ အဆုံးသတ်နိုင်သဖြင့် သောတာပန်ဘဝကို ရခြင်းသည် အမြတ်အစွန်းမနည်းကြောင်း ထင်ရှား၏။

အမြတ်အစွန်းမနည်း

သောတာပန်ဘဝရရှိခြင်းဖြင့် အမြတ်အစွန်းမနည်းကြောင်းကို ကျမ်းဂန်လာစကားဖြင့် ထင်ရှားစေပါအံ့။

သောတာပန်ဘဝကိုရခြင်းသည် တစ်မြေပြင်လုံးကို အစိုးရသော စကြာဝတေးမင်း, စကြဝတေးမင်းဘဝကို ရခြင်းထက် မြတ်ပါ၏။ ထို့ပြင် နတ်လောကခြောက်ထပ်၊ ဗြဟ္မာလောက-၂၀ တို့၌ နတ်မင်းဘဝ, ဗြဟ္မာမင်းဘဝတို့ကို ရခြင်းထက်လည်း မြတ်ပါသေး၏။ ထို့မှုမက ၃၁-ဘုံကမ္ဘာလောကကြီးကို အစိုးရသော မဟာဗြဟ္မာမင်းကြီးဘဝကို ရခြင်းထက်လည်း မြတ်ပါသေး၏။ အကြောင်းကား ထိုထိုစကြာဝတေးမင်း, စကြဝတေးမင်း, နတ်မင်း, ဗြဟ္မာမင်း, လောကာဓိပတိမဟာ ဗြဟ္မာမင်းကြီးဘဝတို့ကို အကြိမ်ကြိမ်ရသော်လည်း ထိုဘဝပိုင်ရှင်များသည် သောတာပန်မဖြစ်သေးပါလျှင် မိမိတို့ ကိုယ်ပိုင်အိမ်ဂေဟာပမာ အပါယ်လေးရွာသို့ ပြန်လာရဦး မည်ဖြစ်ပြီး သံသရာရေလျဉ်ကြောအတောမသတ်အောင် မျောနေရဦးမည်ဖြစ်သောကြောင့်တည်း။ ဤသဘောကိုရည်၍ ဓမ္မပဒဒေသနာတော်၌ ဤသို့ဟောကြားတော်မူထားလေ၏။

ပထဗျာ ဧကရဇ္ဇေန ၊ သဂ္ဂဿ ဂမနေန ဝါ။

သဗ္ဗလောကာဓိပစ္စေန ၊ သောတာပတ္တိဖလံ ဝရံ။

ဆရာတော်ကြီးကိုယ်တော်တိုင်က 'မိမိရယူမည့် ဓမ္မဓရသောတာပန်နတ်သားဘဝကို အမြတ်အစွန်းနည်းသည်'ဟု မိန့်ကြားတော်မူသွားသော်လည်း အစမထင် အဆုံးမမြင်သော သံသရာဘဝခရီးကြီးကို ရပ်တံ့သွားအောင် အဆုံးသတ်နိုင်သဖြင့် အမြတ်အစွန်း မနည်းကြောင်း ထပ်လောင်း၍ ဆိုပါရစေ။

တစ်နည်းအားဖြင့် လောဘဇောတိုက်နေသော လောကလူသားတို့အား တဏှာလောဘနည်းပါးစေလိုသော ဆန္ဒဖြင့် ထိုသို့တရားပြသွားလေရော့သလား-ဟု ထင်မြင်မိပါ၏။ ဆရာတော်ကြီးသည် ပျံလွန်တော်မူသည့်အချိန်အထိ မိမိတောင်းဆုပြုထားသည့်အတိုင်း အခိုင်အမာရပ်တည်သွားသည်ဆိုပါလျှင် ယခုအခါ တုသိတာဘုံနန်း၌ တရားဓမ္မဖြင့် မွေ့လျော်စံမြန်း၍နေပေတော့မည်တကား။ ။

ပထမကျော် ဦးစံသင်းလှိုင်





ပန်းချီကားဖြင့်ညွှတ်တွားပူဇော်ခြင်း

ဒေါက်တာမင်းလှဲ့ရီ

၁၉၈၂-ခုနှစ် နှစ်ဦးပိုင်းတွင် မန္တလေးမြို့ ပိုက်ကျုံး ရေဆိပ်မှ စက်တပ်ယာဉ်ဖြင့် တစ်ဖက်ကမ်းရှိ မင်းကွန်း တောင်ရိုး မိုးမိတ်ကုန်းမြေသို့ သွားရောက်ခဲ့ပါသည်။

နံနက် ၇-နာရီအချိန်ဖြစ်၍ လေပြည်လေအေးလေး ညင်းညင်းပြေပြေ တိုက်ခတ်ရွေ့လျားနေ၏။ ဧရာဝတီမြစ် ရေပြင်သည် ကြည်လင်အေးမြ၍ ရင်ဝရှင်လန်းချမ်းမြေ့သာယာရှိလှပါသည်။

မိုးမိတ်ကုန်းမြေပေါ်သို့ရောက်သည့်အခါတွင် ထို့ထက်သာလွန်စွာ စိတ်ကြည်လင်အေးမြ၍ ချမ်းသာသောရသကို ခံစားရပါသည်။ ထိုအခါတွင် သူတော်ကောင်းသူမြတ်လောင်းတို့၏ အရိပ်အာဝါသသည် လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့ ကင်းငြိမ်း၍ ဆိတ်ငြိမ်ရှင်းလင်းသောကကင်းစရာ နေရာဒေသပါပေတကားဟု ကြည်ညိုအားထားကာ ကုသိုလ်တရားပွားများရပါသည်။

စာရေးသူ မန္တလေးမြို့ရှိ မိဘများအိမ်တွင်နေထိုင်စဉ် တိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော ဘုရားအလောင်းဝက်မင်းနှင့် သေသောက်ကျူးများအကြောင်း၊ အရိန္ဒမမင်းနှင့် သောနကမထေရ်မြတ်အကြောင်းတို့ကို အစမှအဆုံး ကြားနာဖူးရာ အသိအလိမ္မာ သံဝေဂကို များစွာရရှိခဲ့ပါသည်။



ပန်းချီ ဦးမြသောင်း(မန္တလေး)၏
ဆရာတော်ဘုရားကြီး စိန်ရတုပိဋကတအခမ်းအနား ပန်းချီကား



ပန်းချီ ဦးမြသောင်း(မန္တလေး)၏
မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ပန်းချီကား

ထိုအချိန်မှစ၍ 'ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်သော ပါရမီရှင်သာသနာ့အာဇာနည်ဆရာတော်ကြီးအား အနီးကပ် ပူဇော်ကာ ဆရာတော်ကြီးကိုယ်တိုင်ဟောသော ဒေသနာ ဆုံးမစကားတို့ကိုနာကြားပါရစေ'-ဟု တောင့်တမိပါသည်။

စာရေးသူ မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေဆဲ တစ်နေ့တွင် အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက် ရှင်ပြုအလှူပွဲတစ်ခုသို့ရောက်သွားရာ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကို အနီးကပ်ဖူးမြော်ခွင့်ရရှိလျက် ဆရာတော်ကြီး ဟောကြားတော်မူသော ရေစက်ချတရားတော်ကို နာခဲ့ရပါသည်။ မိမိလိုလားတောင့်တသောဆုနှင့်ပြည့်ရကား ဝမ်းသာပီတိကို မဆုံးနိုင်အောင်ရရှိလျက် ကုသိုလ်စိတ်ဖြင့် ပို၍ပို၍ကြည်ညိုမဆုံးအောင်ရှိပါတော့သည်။

ဆရာတော်ကြီး၏ ဝိနည်းတော်နှင့်အညီ ရိုးစင်းလှသော သီတင်းသုံးနေထိုင်မှုမှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။ ဆရာတော်ကြီး၏ ပြည့်စုံလှသော သီလဂုဏ်, သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့မှာ ထူးခြားမြင့်မြတ်လှသဖြင့် မည်ကဲ့သို့ ရေးသားပူဇော်ရမည်ကို မသိတော့ပါ။ တစ်နည်းပြောရပါလျှင် အသင့်တော်ဆုံးစကားလုံးများဖြင့် အထိုက်တန်ဆုံး ပူဇော်လိုပါသော်လည်း အဆင့်မီအောင် မရွေးချယ်နိုင်တော့သဖြင့် မိမိကိုယ်ကိုမကျေနပ်ဘဲ အားမလိုအားမရ ဖြစ်ရပါသည်။

စာရေးသူသည် ငယ်စဉ်က ကျေးလက်ဒေသ၌ကြီးပြင်းကာ ဘုန်းတော်ကြီးသင်မူလတန်းကျောင်း၌ ပညာစသင်ခဲ့ရပါသည်။ ထိုအချိန်က မိမိအနေဖြင့် ပရိတ်ကြီးကို ရအောင် မကျက်မှတ်နိုင်ဘဲ ရပြန်တော့လည်း ကြာရှည်မှတ်မိရန်ခက်ပြန်ပါသည်။ထို့ကြောင့်ပင် ပရိယတ္တိသာသနာတွင် နေတစ်ဆူ လတစ်ဆူပမာတမျှ ဘွဲ့ဂုဏ်ထူးတွေများစွာရရှိခဲ့သော တိပိ- ဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး၏ ဗလငါးတန် ဗိုလ်ငါးဖြာကို အလွန်အားကျကာ ကြည်ညိုလှသဖြင့် ထာဝရ ညွှတ်တွားလျက် ရိုကျိုးကော်ရော် ပူဇော်နေရပါသည်။

သို့အတွက် ၂၀၀၃-ခုနှစ်တွင် ပူဇော်ထုတ်ဝေသော မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရွှေရတုနှင့် ငွေရတု စာစောင်တွင် စာရေးသူရေးဖွဲ့ပူဇော်ခဲ့သော မဟာလေးချိုးကြီး၏ တတိယအပိုဒ်၌-

'ပညာပါရမီကို ထုတ်ဖော်ခြွေညွှန်းရလျှင်ဖြင့်
မယှဉ်သာပါပြီ သုတ်တော်ရွှေကျမ်းကိုလ
နှုတ်ပေါ်ဖွေစမ်းစဉ် သာမဏေအရွယ်က
စာပေကြွယ်ကာ ငယ်,လတ်,ကြီးအောင်လို့
ပဗ္ဗဇ္ဇခရီးဘောင်မှာ ဝင့်သကာ, ပထမကျော်နဲ့
အရွယ်တော်နုစဉ် ဓမ္မနာဒတိုက်အုပ်ဆရာတော်ပ့ါ
ဓမ္မာစရိယအောင်တော်မူခဲ့စဉ်မှာ ဂုဏ်ထူးရလို့မို့
ကြုံဖူးသမျှပြောရလျှင် ဆဋ္ဌသင်္ဂါယနာတင်ရာတွင်
အဖြေဝိသဇ္ဇကအရှင်ဟာ အပြီးအမှန်ပါဝင်လို့
ခရီးအတန်မကြာခင် ဗုဒ္ဓဝင်ကျမ်းကြီးကိုပြုပါခဲ့'-

ဟူ၍ ထည့်သွင်းပူဇော်ခဲ့ပါသည်။

ဤဂုဏပူဇာကဗျာသာမကဘဲ ရှေးဦးစွာထုတ်ဝေခဲ့သော တိပိဋကဓရ ဌေးရတုစာစောင်တွင်လည်း ဆရာတော်ကြီးကို မဟာကဗျာတစ်ပုဒ်တွင် ကြည်ညိုသဒ္ဓါဖြင့် ဝေဝေဆာဆာ ပူဇော်ရေးသားခဲ့ဖူးပါသည်။

ဆရာတော်ကြီး၏ စိန်ရတုဝိဇာတအခါတွင် မန္တလေးမြို့မှ ပန်းချီဆရာကြီးများက ပန်းချီကားများ ရေးဆွဲ၍လှူဒါန်း ပူဇော်ခဲ့ကြပါသည်။ ထိုအထဲတွင် စာရေးသူ၏ အစ်ကို ဂီတစာဆို ကဗျာဆရာမျိုးမြင့်ဆွေခေါ် ပန်းချီဦးမြသောင်း(မန္တလေး) လည်းပါဝင်ခဲ့၏။

ဆရာဦးမြသောင်း (မန္တလေး)သည် မင်းကွန်းဆရာတော်ကြီး၏ သက်တော် ၇၅-နှစ်ပြည့်တွင် ဆရာတော်ကြီး ငှက်ကလေးများကို သက်စေ့ဘေးမဲ့လွှတ်နေပုံကို ပန်းချီဖြင့် ပုံတူရေးဆွဲကာ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ထိုပုံတူပန်းချီကားအပြင် မိုးတဖွဲဖွဲရွာသွန်းနေချိန်တွင် မြင်တွေ့ရသော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ရှုခင်းကိုလည်းရေးဆွဲကာ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထိုပန်းချီကားနှစ်ချပ်ကိုရေးဆွဲခဲ့သော ဂီတစာဆို ဆရာမျိုးမြင့်ဆွေ(ခ) ပန်းချီဦးမြသောင်း(မန္တလေး)သည် ယခု အခါတွင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၀-ကျော်ခဲ့ပြီ။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးလည်း ခန္ဓာဝန်ချလျက် ဘဝနတ်ထံပျံလွန်ကြွမြန်းခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။

စာရေးသူအနေဖြင့် ဆရာတော်ကြီးအား စာပေဖြင့် ပူဇော်ခဲ့သည်မှာ နှစ်ကြိမ်ရှိခဲ့ပြီးဖြစ်၍ မိမိအသက်နှင့်ခန္ဓာတည်မြဲနေသေးကြောင်းကိုတွေးတောကာ နှစ်သိမ့်ကျေနပ်မိပါသည်။ ယခုတတိယအကြိမ်တွင် ရှစ်ဆယ်ပေါ် ထပ်တွန့် တေးထပ်ဖြင့် ဂုဏပူဇာမင်္ဂလာကဗျာကို ရေးစပ်သီကုံး၍ ပူဇော်လိုက်ရပါသတည်း။

* ခေတ်တစ်ခါ နှစ်အကာ လှစ်ဓမ္မာညွန်းပြ
ရှစ်ဖြာဟွာသွန်းကြ မြတ်ညောင်ရေ
မေတ္တာရွှန်းမြ ရပ်ခေါင်ဗွေမှာ
မန္တတ်အောင်မြေစံတစ်နှုန်း
ပိဋကတ် ကဝိမှတ် သတိချပ်ပါလျှင်
ပရိယတ်အရာတွင် ဉာဏသာစွဘုန်း။

* သွင်မထည်ပ မြင်မကျယ်လှ ရှင်ငယ်ဘဝ
စာပွဲသဘင်မှာ
တစ်ခါနွဲလျှင် ပြိုင်ဘက်ရှုံး
မကြာမြဲပင် နိုင်လျက်မဆုံးမို့
အောင်ချက်အားလုံး ဂုဏ်ထူးဆောင်
တစ်သာကီ ဇာနည် ပါရမီမြူးကြွ
ခါမီဖူးသမျှ အထူးပ,မကြုံဖူးအောင်။

* ဝီရသမဏ ညီမျှပစယ ဒီဃဘာဏက
မှတ်တမ်းထောင်သည်
မြတ်ရဟန်းဘောင်ခေါင် ထိပ်သီးမို့
အောင်နိမိတ်ချီးလို့ သွန်းချအရာရာ
ထွန်းပသာသနာ
တိပိဋကဓရ ဝိသဇ္ဇကပ သိရှိသမျှမှ
မွှန်းမကုန်သီရာ ကျွန်းခုံဒီပါ ရန့်သင်းကြည်
ဘုရာ့လေ. . . ။

* ဆဋ္ဌမသင်္ဂါယနာ၏၊
မြတ်ဓမ္မာပညာကမ္ဘာသိ
အတ္တမယှဉ်ပါနမာမိ
မဟာထေရ်အကျော်လျှင် ဒကာတွေမြော်မြင်
မော်ကွန်းထူဘုရာ့လေ. . . ။

* ရှေးဦးဆရာတစ်ပါး ကျေဇူးသဒ္ဓါတရား
ပေးဖူးဓမ္မာအများ
ဦးခိုက်ကာရည် ဖူးလိုက်ပါသည် ရာပြည့်ရှင်
ဘုရာ့လေး။ ။

ဒေါက်တာမင်းလှဲ့ရီ

မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ

ဒေါက်တာမြတ်မြတ်ထွန်း
(ITBMU)

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းစဉ်များတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်မှုသည်ကား ထူးခြားမှုကြီးတစ်ရပ်ဖြစ်သည်သာမက သာသနာသမိုင်းတွင်လည်း မော်ကွန်းထိုးလောက်သော ဆောင်ရွက်ချက်ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် မြန်မာနိုင်ငံ ထေရဝါဒသမိုင်းတွင် ဂုဏ်ယူဖွယ်ရာ မှတ်တိုင်ကြီးတစ်ခုဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ့အလိုအရ သင်္ဂါယနာတင်ပွဲကို ခြောက်ကြိမ်တိုင်တိုင် ကျင်းပခဲ့ကြသည်။ သင်္ဂါယနာတင်ခြင်းသည် သာသနာတော် ခိုင်မြဲတည်တံ့စေခြင်းအကျိုးငှာ ပြုလုပ်ဆောင်ရွက်ခဲ့ကြသော သာသနာရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထိုသင်္ဂါယနာတင်ပွဲနှင့်အတူ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်တို့သည်လည်း သင်္ဂါယနာတင်ပွဲသမိုင်းစဉ်နှင့်အတူ ထွန်းပေါ်လာခဲ့ကြပါသည်။ ပထမသင်္ဂါယနာမှသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတိုင်အောင် ပေါ်ပေါက်လာခဲ့သည့် သာသနာ့အာဇာနည်များကိုလည်း သာသနာ့သမိုင်းတွင် မော်ကွန်းထိုး မှတ်တမ်းတင်ထားပြီး ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၁၇၊မေ၊ ၁၉၅၄-ရက်က စတင်ကျင်းပခဲ့သည်။ ညောင်ရမ်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတအမှူးပြုသော သံဃာတော်တို့ ၂၅၁၅-ရက်ကြာ ဘုရားဟောကြားပါဠိတော်တို့ကို စုပေါင်းရွတ်ဆို တည်းဖြတ်သုတ်သင်ခဲ့ကြသည်။ ထိုပွဲကြီးတွင် အမေးပုစ္ဆကပုဂ္ဂိုလ်အဖြစ် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘဒ္ဒန္တ သောဘနထေရ်က ဆောင်ရွက်တော်မူခဲ့ပြီးအဖြေ ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ်မူ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ်က ဆောင်ရွက်ခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် မြန်မာနိုင်ငံတွင်းရှိ ရဟန်းသံဃာတော်တို့သာမက အခြားထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ ရဟန်းတော်များနှင့် မဟာယာနဂိုဏ်းမှ ရဟန်းများလည်း ပါဝင်ဆောင်ရွက်ခဲ့သော သာသနာ့ညီလာခံကြီးဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တိပိဋကဓရရွေးချယ်ပေါ်ထွက်ရေးကိစ္စသည်လည်း ပရိယတ္တိသာသနာတော်တွင် အလွန်နက်နဲကျယ်ပြန့်သော သာသနာရေးဆိုင်ရာကိစ္စကြီးဖြစ်ခဲ့သည်။ တိပိဋကဓရဆရာတော်တို့ မပေါ်ပေါက်ခဲ့လျှင် ဆဋ္ဌသင်္ဂါယနာတင်ပွဲသည်လည်း ဖြစ်လာနိုင်စရာအကြောင်းမရှိနိုင်ပေ။ သို့ပါ၍ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲသည် ဆဋ္ဌသင်္ဂါယနာတင်ရာတွင် အရေးပါသောသာသနာရေးကိစ္စဖြစ်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို အကြောင်းပြု၍ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် မဆောင်ရွက်မီ မန္တလေးတိုင်း စစ်ကိုင်းခရိုင် မင်းကွန်းတိုက်နယ် ပါဠိဝိသောဓကအဖွဲ့၏ အကျိုးဆောင်အဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။ အရှင်ဝိစိတ္တသာရာဘိဝံသပါဝင်သော မင်းကွန်းတိုက်နယ်အဖွဲ့မှဝိနည်း မဟာဝါပါဠိတော်သန့်စင်ရန် တာဝန်ယူရသည်။ ဆရာတော်သည် ၁၉-ရက်အတွင်း ထိုလုပ်ငန်းတာဝန်ပြီးစီးအောင် ဆောင်ရွက်၍ ပရိဝါပါဠိတော်ကို သန့်စင်ရန် ဆက်လက်တာဝန်ယူနိုင်ခဲ့သည်။

ထိုတာဝန်များထမ်းဆောင်နေစဉ် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဝိနည်းပါဠိတော်စာအုပ်တို့ကို ပါဠိတော်အနေဖြင့်သာ စစ်ဆေးသန့်စင်ရုံသာမဟုတ်ဘဲ မူကွဲဆိုင်ရာပါဠိများနှင့် အဋ္ဌကထာ, ဋီကာတို့၌ရှာဖွေ၍ အားလုံးကိုသဘောတူ သည့်အခါ မှတ်ချက်များကိုပါ ကိုယ်တိုင်လက်နှိပ်စက်ဖြင့် ရိုက်ခြင်း၊ အဖွဲ့ဝင်ဆရာတော်များအား မှတ်ချက်မိတ္တူများ ရိုက်နှိပ်ဆက်ကပ်ခြင်းဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးနှင့်တကွ အဖွဲ့ဝင်ဆရာတော်အားလုံးကို ကျေနပ်နှစ်သိမ့်စေခဲ့ပါသည်။

ဤသို့ အရှင်ဝိစိတ္တသာရာဘိဝံသ ဝိသောဓကအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်စဉ်က ထိုအဖွဲ့အတွင်း မြန်မာရဟန်းတော်များသည် ပါဠိစာပေတွင် ကျွမ်းကျင်ပါသော်လည်း ပါဠိဘာသာစကားဘက်တွင် ပြောလေ့မရှိသဖြင့် ကျွမ်းကျွမ်း ကျင်ကျင်မပြောနိုင်ကြပေ။ သီရိလင်္ကာဆရာတော်များမှာ ပါဠိဘာသာစကားကို အစဉ်ပြောနေကြ၍ ပါဠိစကားပြော ကျွမ်းကျင်ကြသည်။ သို့သော် ပါဠိစာပေကျမ်းဂန်ဘက်များတွင် သီဟိုဠ်ဆရာတော်တို့က အားနည်းတော်မူကြသောကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှုရရန် ခဲယဉ်းခဲ့သည်။ အချို့သော အကြောင်းကိစ္စများတွင် အရှင်ဝိစိတ္တသာရာဘိဝံသက အဖွဲ့ဝင်သံဃာတော်တို့အား ရှိသေစွာရှင်လန်းနှစ်သိမ့်လျက် ပြဿနာများကိုဖြေရှင်း၍ ဖြစ်နိုင်ချေရှိသောဖြေရှင်းချက်တို့ကို နှစ်ဖက်စလုံးသို့ ပေးနိုင်ခဲ့သည်။ ထို့ကြောင့် အဖွဲ့ဝင်သံဃာအားလုံးကျေနပ်ကြကာ နားလည်မှုကိုရရှိခဲ့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသ၏ဆောင်ရွက်ချက်ကို သတိမူမိတော်မူကြသော သီရိလင်္ကာဆရာတော်များက 'ဤရဟန်းတော်မျိုး သီရိလင်္ကာမှာမရှိ ၊ ဇမ္ဗူဒီပါကျွန်း(အိန္ဒိယ)တွင်လည်းရှိမည်မဟုတ်ပါ'ဟု ပြောစမှတ်ပြုကြကုန်သည်။

သင်္ဂါယနာဆိုသည်မှာ စုပေါင်းရွတ်ဆိုခြင်းဖြစ်သည်။ သင်္ဂါယနာအစဉ်အလာအရ ထိုသို့ရွတ်ဆိုမီ ပါဠိတော်များကို တစ်ခုစီစစ်ဆေးရသည်။ ဤသုတ်ကို မြတ်စွာဘုရား ဘယ်ဌာနမှာ ဟောခဲ့ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောခဲ့ပါသနည်း၊ အဘယ်အကြောင်းကြောင့် ဟောခဲ့ပါသနည်း အစရှိသည်ဖြင့် ဘုရားဟောအစစ်ဖြစ်ကြောင်းကို ခိုင်လုံသေချာအောင် အထပ်ထပ်စိစစ်ရသည်။ ဤသို့ အထပ်ထပ်မေးစိစစ်၍ကျေနပ်မှသာ ပိဋကတ်တော်အဖြစ် လက်ခံအတည်ပြု၍ အတည်ပြုလက်ခံကြောင်း ထင်ရှားရန် သံဃာတော်အားလုံးရွတ်ဆိုတော်မူကြသည်။ ထိုကိုပင် သင်္ဂါယနာတင်သည်ဟုခေါ်လေသည်။ ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပက မေးစိစစ်သူအဖြစ် ဆောင်ရွက်၍ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့က ဖြေဆိုသူများအဖြစ် ဆောင်ရွက်[illegible]မူခဲ့ကြသည်။

ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မေးစိစစ်မည့်ဆရာတော်နှင့် အဖြေဆိုမည့်ဆရာတော်အားဖြင့် ပုဂ္ဂိုလ်ထူးနှစ်ပါးလိုအပ်ပါသည်။ သံဃာ့ပရိသတ်၊ လူပရိသတ်အလယ်တွင် အမေးအဖြေပြုလုပ်ရမည်ဖြစ်၍ ထိုလုပ်ငန်းမှာ မလွယ်ကူလှ။ ပရိသတ်တိုးဖူး ပွဲတိုးဖူး၍ ဝါရင့်သောပုဂ္ဂိုလ်များသာဖြစ်နိုင်ရပါမည်။ အများရှေ့၌ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ပေရာ စာရွက်ပေါ်မှာရေးကူးပြီး စာကိုဖတ်၍ မေးဖြေပြုလုပ်ရန်လည်း မသင့်လျော်ပေ။ မေးသူ၊ ဖြေသူ နှစ်ပါးစလုံး အလွတ်မေးဖြေရမည်ဖြစ်သည်။ ထိုထက် သာ၍ခက်သည်မှာ မေးဖြေလုပ်သောအခါ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် မေးဖြေရမည်ဖြစ်ရာ နှစ်ဦးစလုံး ပါဠိဘာသာ၌ တစ်ဖက်ကမ်းခပ်တတ်ကျွမ်း နားလည်ပြီးသောပုဂ္ဂိုလ်လည်း ဖြစ်ရမည်။ ပါဠိဘာသာကိုလည်း ကျင်ကျင်လည်လည် ပြောဆိုနိုင်သည်အထိ ကျွမ်းကျင်သောပုဂ္ဂိုလ်လည်းဖြစ်ရပါမည်။ သို့ဖြစ်၍ အထက်၌ဆိုပြီးသည့်အတိုင်း အရည်အချင်းနှင့်ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်ကိုရဖို့ရန်မှာ မလွယ်ကူလှပေ။

ထိုသို့သင်္ဂါယနာပွဲတွင် အမေးအဖြေပြုမည့်ဆရာတော်ရှာရာမှာ ကံကောင်းထောက်မစွာဖြင့် ရှာဖွေတွေ့ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပိဋကတ်သုံးပုံအာဂုံဆောင် တိပိဋကဓရဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ပေါ်ထွန်းလာသောကြောင့်ဖြစ်သည်။ ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကစတင်၍ ကျင်းပပြုလုပ်အပ်သော ပိဋကတ်သုံးပုံ အာဂုံရေးဖြေစာမေးပွဲကြီးတွင် တိပိဋကရွေးချယ်ပွဲစည်းမျဉ်း အပိုဒ် ၄၀-အရ သင်ရိုးပိဋကတ်သုံးပုံကို ဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့၍ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋက ကောဝိဒ တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကိုပါ ဆက်ကပ်လှူဒါန်းခံခဲ့ရပါသည်။

ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ အချိန်ကာလ၏ လိုအပ်ချက်အရ ထူးထူးကဲကဲပေါ်ထွန်းလာသော တိပိဋက ဓရမင်းကွန်းဆရာတော်ကြီးကိုပင် သင်္ဂါယနာပွဲတွင် ဖြေဆိုသူ ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ရန် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဝင်ဆရာတော်တို့က ရွေးချယ်တော်မူခဲ့ပါသည်။ သင်္ဂါယနာတင်ပွဲ ကျင်းပနေစဉ်က မဟာစည်ဆရာတော် မေးလျှောက်သမျှကို မင်းကွန်းဆရာတော်ကြီးသည် သံနေသံထားမှန်မှန်ဖြင့် ကြည်ညိုစဖွယ်လျှောက်ထား ဖြေဆို တော်မူနိုင်ခဲ့ပါသည်။ ထိုဆဋ္ဌသင်္ဂါယနာတင်သည်မှစ၍ မင်းကွန်းဆရာတော်ကြီး၏ ဂုဏ်သတင်းသည် မြန်မာ့မြေပေါ်မှ ကျော်လွန်၍ ကမ္ဘာတိုင်အောင် ပျံ့နှံ့သွားခဲ့သည်။

ရန်ကုန်တိပိဋကကျောင်းတော်၌
မင်းကွန်းဆရာတော်ကြီး၏ ရုပ်ပွားပူဇာပြခန်း
ပြင်ဆင်ထားပုံ

မင်းကွန်းဆရာတော်ဟုဆိုလိုက်ရုံနဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲအမှတ်ရမိသလို ဆဋ္ဌသင်္ဂါယနာတင်ပွဲဟုဆိုလိုက်ရုံနှင့်လည်း မင်းကွန်းဆရာတော်ကိုလည်း မေ့ထားလို့မရနိုင်သော အမှတ်ရဖွယ် သာသနာ့ပုံရိပ်များဖြစ်ခဲ့သည်။

မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းတွင် အမြဲဒွန်တွဲနေမည့် မှတ်တိုင်များဖြစ်သည်။

သို့ပါ၍ မင်းကွန်းဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတို့သည် အမိမြန်မာနိုင်ငံ၏ အမှတ်တရ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း မှတ်တမ်းတင်ဖော်ပြ၍ ဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ်အဖြစ် ပူဇော်ရေးသားအပ်ပါသတည်း။ ။

ဒေါက်တာမြတ်မြတ်ထွန်း (ITBMU)။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို အလှူကျက်ထားနိုင်သူ

ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ

ပဥ္စမသင်္ဂါယနာတင် အချိန်ကာလတွင် မြန်မာနိုင်ငံ ရတနာပုံမန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓစကားတော် (ပါဠိတော်)များကို စကျင်ကျောက်ပြားများပေါ်တွင် ထွင်းထုစေခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ကျွန်ုပ်သည် မန္တလေးမြို့တွင်နေထိုင်ခဲ့ရသဖြင့် ၎င်းကျောက်စာတော်တို့ကို မန္တလေးတောင်ခြေ၌ တွေ့မြင်ခဲ့ရဖူးပါသည်။

၎င်းကျောက်စာများကို တွေ့ရှိရသောအခါ ကျွန်ုပ်၏ စိတ်တွင် ဗုဒ္ဓစာပေနှင့်စပ်၍ အသိဉာဏ် တစ်စုံတစ်ရာမရှိသေးသောလူငယ်ပီပီ ဘာမျှအကျိုးထူးရှိသောအလုပ်မဟုတ် မှားယွင်းသောအလုပ်ဟု ပင်ထင်ခဲ့မိပါသည်။ ကြီးပြင်းလာ၍ အမှန်တရားကိုသိမြင်လာသောအခါ ထိုကျွန်ုပ်အထင်မှာ ရယ်ရွှင်ဖွယ်ဖြစ်ရုံမျှမက၊ အလွန်ရှက်ဖွယ်ကောင်းသော ထင်မြင်မှုဖြစ်ကြောင်း တွေ့လာရသည်။

အိန္ဒိယသားတို့ရှက်စရာ

ကျောက်စာတော် တစ်ချပ်တစ်ချပ်ပေါ်တွင် ဘေးမှ ဖတ်ရှုလို့ရအောင် အကာအကွယ်မပါဘဲ အပေါ်၌စေတီငယ်များပေါက်ပြီး တန်းစီတည်ဆောက်ထားရာ ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ကြီး ဟုပင် ပြောစမှတ်ပြုကြပါသည်။ ကျောက်စာတော်များကို တစ်ချပ်ပေါ်ကစ်ချပ် ထပ်ဆင့်စီထားပါမူ အမှန်တကယ်ပင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ဖြစ်လာမည်မှာ သေချာလှပါသည်။

အိန္ဒိယပြည်သူပြည်သားများ မိမိတို့၏တန်ဖိုးမဖြတ်နိုင်သောရှေးဟောင်းရတနာကို မြန်မာတို့ကယခုကဲ့သို့ ထိန်းသိမ်းထားကြသည်ကို မသိကြသည်မှာ ကံဆိုးလှသည့် အပြင် အလွန်ပင်ရှက်စရာကောင်းလှပါသည်။ မြန်မာနိုင်ငံမှာနေသော အိန္ဒိယနွယ်ဖွားတို့မသိကြသည်မှာလည်း ပို၍ပင် ရှက်ဖွယ်ကောင်းပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရ၍ ဆဋ္ဌသင်္ဂါယနာတင်ဖို့ စီမံကြသောအခါ ဗုဒ္ဓစာပေများ၏ ကြီးမားကျယ်ပြန့်မြင့်မြတ်ပုံကို ပို၍သိမြင်လာရပါသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနုဋီကာ, ဒီပနီ- စသည်ဖြင့် အမှန်တကယ်ပင်ကြီးမား၍ ကျယ်ပြန့်၍ အံ့ဘနန်းရှိသည်ကို သိလာရသောအခါ အိန္ဒိယနိုင်ငံကြီး၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းစာပေရတနာပေါ်ကြွယ်ဝခြင်းကို ဆုံးရှုံးခဲ့ကြရလေစွ၊ အစဉ်သဖြင့် မေ့ပျောက်နေကြလေစွဟု စိတ်မကောင်းခြင်းဖြစ်ခဲ့ရပါသည်။

သို့ရာတွင် မြန်မာ, သီရိလင်္ကာ, ထိုင်းနှင့် ကမ္ဘောဒီးယား, လာအိုနိုင်ငံရှိ သံဃာတော်များက နှစ်ပေါင်းနှစ်ထောင်ရောက်သည့်တိုင်အောင် မူရင်းမပျက်လက်ဆင့်ကမ်းထိန်းသိမ်းတော်မူခဲ့ကြ၍ ဝမ်းမြောက်ရပါသည်။

ကွဲလွဲမှုမရှိသောပင်ရင်းမူမှန်

ဆဋ္ဌသင်္ဂါယနာတင်သောအခါ ထိုထိုနိုင်ငံတို့မှ ရဟန်းတော် ၂၅၀၀ ကျော်တို့ မိမိကို့ဒေသရှိ ပါဠိတော်ကျမ်းစာများကို အသီးသီးယူဆောင်လာကြကာ စည်းဝေးတိုင်ပင်၍ တည်းဖြတ်ကြပါသည်။

ဒေသအလိုက်အသံထွက်ပုံ၊ အက္ခရာအရေးအသား ကွဲလွဲခြင်း၊ အနည်းအကျဉ်း စာလုံးအရေးအသား ချွတ်ချော်ခြင်းမှအပ အဓိပ္ပာယ်ပျက်ပြားအောင် မှားယွင်းမှုတစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ကြရပေ။ ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋက မည်သည့်နေရာ၌မျှ မှားယွင်းမှု, ကွဲလွဲမှုမရှိရအောင် ရဟန်းသံဃာတော်များက မူရင်းမပျက်နှုတ်ငုံဆောင်ကျက်မှတ်ထိန်းသိမ်းတော်မူခဲ့ကြသည်ကို သိရသောအခါ ရဟန်းသံဃာတော်များအပေါ် အလွန်ကြည်ညိုလေးစားမှုတိုးပွားခဲ့ရပါသည်။ ပိဋကတ်သုံးပုံကို ထိုသို့ နှုတ်ငုံအာဂုံအရကျက်ဆောင်ထားနိုင်သောရဟန်းတော်ကို 'တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက (=တရားဘဏ္ဍာစိုးကြီး)'ဟု ခေါ်ဆိုခဲ့ကြပါသည်။ ပဋိဘာန်ဉာဏ်ထက်မြက်၍ အလွန်ဉာဏ်ကောင်းသော ရဟန်းပုဂ္ဂိုလ်ထူးများ အခါအားလျော်စွာဖြစ်ပေါ်လာတတ်ပါသည်။

ဗုဒ္ဓစကားတော် နှစ်သန်းကျော်

ပိဋကတ်သုံးပုံဟူသည် ဝိနယ ၅-ကျမ်း၊ သုတ္တန္တ ၂၃-ကျမ်း၊ အဘိဓမ္မ ၁၂-ကျမ်းအားဖြင့် ကျမ်းစာအုပ်ကြီးပေါင်း ၄၀-အုပ်ရှိပါသည်။ပိဋကတ်သုံးပုံပါဠိတော်ကို ယခုခေတ်ပေါ် ကွန်ပျူတာ၌ ထည့်သွင်းကြည့်ရှုသောအခါ ပိဋကတ်သုံးပုံရှိ မြတ်စွာဘုရားရှင်၏ စကားလုံးပေါင်း ၂ သန်း ၅ သိန်းကျော် (၂၅,၂၁,၈၁၉) ရှိကြောင်း တွေ့ရှိရပါသည်။

ထိုစကားလုံးများတွင်လည်း အက္ခရာတစ်လုံးတည်းပါသော စကားလုံး၊ သမာသ်စပ်ထားသဖြင့် အက္ခရာတစ်ရာကျော်ပါဝင်သော စကားလုံးများအထိ ပါဝင်သည်။ ထိုမျှထုထည်ကြီးမား၍ အပြောကျယ်လှသောကျမ်းစာများကို အလွတ်ကျက်မှတ်နိုင်ခြင်း၊ မည်သည့်နေရာကမဆို ကောက်ကာငင်ကာရွတ်ပြနိုင်ခြင်းဟူသော စွမ်းရည်သတ္တိထူးရှိသော ပုဂ္ဂိုလ်မျိုးကား ကမ္ဘာကျော်အထွတ်အထိပ်မှတ်တမ်းတင်ရမည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်မည်ရှိသောအခါ မြန်မာနိုင်ငံ၌ ထိုသို့သော အာဇာနည်ပုဂ္ဂိုလ်ထူးတစ်ပါး ဦးစွာပေါ်ပေါက်ခဲ့ပါသည်။ သူကား အရှင်ဝိစိတ္တသာရာဘိဝံသဖြစ်ပါသည်။ ကမ္ဘာ့ပုဂ္ဂိုလ်ကျော်များ မှတ်တမ်းစာအုပ်ကြီးတွင် အရှင်ဝိစိတ္တအား နှစ်ကြိမ်တိုင်တိုင်မှတ်တမ်းတင်နေရာပေးခဲ့ရပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသကား ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ကြီးကို ပထမဆုံးအလွတ်ရအောင် နှုတ်ငုံဆောင်ကျက်မှတ်နိုင်သောအရှင်မြတ်ကြီးပါတည်း။ စင်စစ် အရှင်ဝိစိတ္တသာရာဘိဝံသကား ပါဠိတော်စာအုပ်ကြီးများကိုသာမက အဋ္ဌကထာ,ဋီကာ,အနုဋီကာ စသည်တို့ကိုပါ အုပ်ပေါင်း ၂၀၀-ခန့်ကို လိုအပ်သောနေရာများကို လိုသလို ကျက်မှတ်ဆောင်ယူနိုင်သော တကယ့်အာဇာနည်အရှင်မြတ်ကြီးဖြစ်ပါသည်။

သူ့အား ဥပမာနှိုင်းရသော် မြတ်စွာဘုရား လက်ထက်တော်က ညီတော်အာနန္ဒာနှင့်သာ နှိုင်းအပ်ပါတော့သည်။ အရှင်အာနန္ဒာသည် ပထမသင်္ဂါယနာတင်ခါနီးမှကပ်ပြီး အရှင်ဝိစိတ္တသာရာဘိဝံသလည်း ဆဋ္ဌသင်္ဂါယနာတင်ခါနီးမှကပ်၍ ထွက်ပေါ်လာသော ပထမဆုံးသောပိဋကဆောင်တရားဘဏ္ဍာစိုးကြီးဖြစ်လာခဲ့သည် မဟုတ်ပါလော။ သင်္ဂါယနာတင်သောအခါတွင်လည်း အမေးရှင်များ အပြောင်းအလဲရှိစေကာမူ အဖြေရှင် အရှင်ဝိစိတ္တသာရာဘိဝံသကား အစမှအဆုံး တောက်လျှောက်ပင်တိုင် ဖြေဆိုနိုင်သော ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါသည်။

မည်သည့်နေရာက မည်မျှခက်ခဲသောမေးခွန်းမျိုးကို မဆို အမေးသံမဆိတ်မီ ကရားရေသွန်သကဲ့သို့ ဖြေဆိုတော်မူနိုင်လေသည်။

ဘွဲ့အားလုံးတို့၏ပိုင်ရှင်

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရတို့က အရှင်ဝိစိတ္တအား အမြင့်ဆုံးဘွဲ့ထူးကြီးများဖြင့် ဂုဏ်ပြုပူဇော်ခဲ့ကြရပါသည်။ သူကား မြန်မာနိုင်ငံရှိ ဘွဲ့ထူးဂုဏ်ထူးပေါင်းသုံးဆယ်ကျော်ကို ပိုင်ဆိုင်သော တကယ့်အာဇာနည်ကြီးဖြစ်ပါသည်။ သည် ဝိစိတ္တကမှ တကယ့်ဝိစိတ္တပါတည်း၊ အမှတ်သတိဉာဏ်နှင့် ပဋိဘာန်အရာမှာ အံ့ချီးမကုန်ရှိပါတော့သည်။

ဆရာတော်၏အားပေးကူညီမှု

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပါဠိဘာသာကိုသာမက မြန်မာဘာသာတွင်လည်း အလွန်ကျွမ်းကျင် နိုင်နင်းတော်မူပါသည်။ စာမျက်နှာပေါင်း ၅၅၁၆-မျက်နှာရှိ မဟာဗုဒ္ဓဝင်စာအုပ်ကြီးကိုလည်း မြန်မာဘာသာဖြင့်ရေးသားပြုစုတော်မူထားပါသည်။ အခြားကျမ်းများ, ကဗျာလင်္ကာများကိုလည်း ပြုစုထားပါသည်။

အရှင်ဝိစိတ္တသာရ၏ဗုဒ္ဓဝင်ကျမ်းကြီးကိုသာ ဟိန္ဒူဘာသာပြန်ဆိုနိုင်ကြပါမူ ဟိန္ဒူစာပေနှင့် ဟိန္ဒူလူမျိုးတို့အတွက် များစွာအကျိုးဖြစ်ထွန်းမည်မှာ မလွဲပါ။

ကျွန်ုပ်၏ဇာတိ မန္တလေးနှင့် ဆရာတော် အရှင်ဝိစိတ္တသီတင်းသုံးရာ မင်းကွန်းမှာ ဧရာဝတီမြစ်၏ ဟိုဘက်သည်ဘက်ဖြစ်ရာ အရှင်ဝိစိတ္တထံ ကျွန်ုပ်ဆရာကြီးနှင့် တစ်ကြိမ်သွားရောက် ဖူးမြော်ဖူးပါသည်။ ဆရာတော်၏ မေတ္တာ, ပညာရောင်ပြန်များ ထိဟပ်ခြင်းခံယူခဲ့ရပါ၏။

ကျွန်ုပ်သည် အိန္ဒိယသို့ရောက်ပြီးနောက် ၂၁-နှစ်အကြာ မြန်မာနိုင်ငံသို့ အကြောင်းအားလျော်စွာ ရောက်ရှိရပေရာ ရောက်သောနေ့မှာပင် ဆရာတော်အရှင်ဝိစိတ္တသာရသီတင်းသုံးရာ (စကားဝါလမ်း ရန်ကုန်)သို့ သွားရောက်ဖူးမြော်ပါသည်။ ဆရာတော်သည် ပရိယတ္တိသာသနာတက္ကသိုလ်ကြီးနှစ်ခု ရန်ကုန်နှင့် မန္တလေး၌ တည်ထောင်ပေးထားရာ ထိုတက္ကသိုလ်ကြီးနှစ်ခုလုံးကပင် ကျွန်ုပ်အားဝိပဿနာဟောပြောပေးရန် သက်ဆိုင်ရာအဖွဲ့တို့ကဖိတ်ခေါ်ဟောပြောစေခဲ့ပါသည်။

အထူးကုဆရာဝန်ကြီးဦးသာလှကြီးမှူးသော ဆရာတော်၏ ဥပဋ္ဌာကသာသနာပြုအဖွဲ့ကြီးကလည်း ဘုံဘေမြို့ရှိ ကျွန်ုပ်၏ဓမ္မဂီရိဝိပဿနာရိပ်သာ ပိဋကတ်တိုက်အတွက် ဆဋ္ဌသင်္ဂါယနာမူ ပါဠိပိဋကတ်တစ်စုံကိုပင် ချီးမြှင့်ပေးလှူကာ အားပေးတော်မူပါသည်။ ဝိပဿနာတရားပြသနေမှုနှင့် စပ်၍လည်း ကြည့်ရှုလေ့လာရမည့် ကျမ်းစာများကိုပါ သွားရောက်ဖူးမြော်စဉ်က ဩဝါဒစကား ချီးမြှင့်ကူညီအားပေးတော်မူပါသည်။

ဆရာတော်ဖူးရ ကံကောင်းစွ

ယခုတစ်ကြိမ်ဖူးမြော်ရသောအခါ သက်တော် ၈၀-ကျော်ပြီဖြစ်၍ ကာယဗလကျဆင်းနေပြီဖြစ်သော်လည်း ဉာဏဗလ, ဗုဒ္ဓိဗလ, ပဋိဘာနဗလတို့ကား ရှေးကကဲ့သို့ ထက်သန်အားကောင်းဆဲရှိနေသည်ကို ဖူးတွေ့ရပါ၏။ 'စရထ ဘိက္ခဝေ စာရိကံ' ဟူသော ဗုဒ္ဓဘုရားရှင်၏ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ မလျှော့သောလုံ့လဖြင့် တစ်နိုင်ငံလုံးသို့ ဓမ္မဒေသနာခရီးလှည့်လည်မြဲလှည့်လည်နေတုန်းပင်ရှိပါသည်။

ဤသို့သော ကမ္ဘာပေါ်တွင် နှစ်ဦးမရှိသော ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ကြုံဖူးမြော်ခွင့်ရသည်မှာ ကျွန်ုပ်တို့ ကံကောင်းထောက်မခြင်းပင် ဖြစ်ပါတော့သတည်း။ ။

ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ
ဘုံဘေ၊ အိန္ဒိယ။

မိမိသည် ရန်ကုန်တက္ကသိုလ် ပါဠိ(အရှေ့တိုင်းပညာ) ဌာနမှ အငြိမ်းစားယူပြီးသည့်နောက်တွင် ဉာဏ်လင်းစာပေမှ ဦးအောင်, ဦးအောင်မွန်တို့၏အကူအညီဖြင့် မင်းကွန်း တိပိဋက=နိကာယသာသနာပြုအဖွဲ့သို့ ရောက်ခဲ့ပါသည်။ မိမိကို တိ=နိအဖွဲ့သို့ မရောက်ရောက်အောင် အဓိကထောက်ခံပေးခဲ့သူမှာ ဆရာကြီးဦးဆန်းထွန်း(ဆန်းထွန်း-မန်းတက္ကသိုလ်) ဖြစ်ပါသည်။

တိ=နိအဖွဲ့မှာ စာအုပ်စာပေကိစ္စထမ်းဆောင်ရင်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့်ပတ်သက်၍ လေ့လာမှတ်သားပြီး အဆင်သင့်သလို စာတိုပေစများ ရေးသားခဲ့ပါသည်။ ဤသို့ ဆရာတော်ကြီးအကြောင်း ရေးသားနိုင်မှုနှင့်စပ်၍ ခင်မင်ရင်းနှီးသူအချို့က 'ဆရာတော်ကြီးနှင့် ဆရာဒကာလို ဖြစ်လာသည့်အတွက် ရေးသားနိုင်ပေတာပဲ'ဟု မှတ်ချက်ချကြပါသည်။ သူတို့၏မှတ်ချက်မှာ တစ်စိတ်တစ်ပိုင်းသာမှန်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် စပ်လျဉ်းသည့်အမှတ်တရများ

ကျော်လှိုင် (ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ–သက္ကတ)

တကယ်တမ်းမှာ ဆရာတော်ကြီးနှင့်စပ်လျဉ်း၍ မိမိသည် တိ=နိအဖွဲ့သို့ မရောက်မီ ဟိုကလေးဘဝထဲကပင် သိထားနှင့်ပြီးသား အကြောင်းအရာများရှိပါသည်။ မိမိ၏ ငယ်ဆရာတော် မိတ္ထီလာမြို့နယ် တောမညောင်ပင်သာဓမ္မာရုံကျောင်းဆရာတော်ထံမှ ကြားဖူးထားသည်များလည်း ရှိပါသည်။ ထို့ပြင် မိမိ မန်းတက္ကသိုလ်ကျောင်းသားဘဝ, ရန်ကုန်တက္ကသိုလ် ဆရာဘဝမှာလည်း ဆရာတော်ကြီးနှင့် တွေ့ဆုံဖူးသောကိုယ်တွေ့များ ရှိထားသောကြောင့် ဖြစ်ပါသည်။

မိမိငယ်စဉ် မူလတန်းကျောင်းသားဘဝက မိမိတို့ရွာ တောမညောင်ပင်သာဓမ္မာရုံကျောင်းမှာ တိပိဋကဓရဖြစ်စ မင်းကွန်းဆရာတော်ကြီးကို ပူဇော်ပွဲကျင်းပခဲ့ပါသည်။ ထိုစဉ်က အကြောင်းကို ဟောစဉ်သတ္တမတွဲနိဒါန်းတွင် 'မင်းကွန်းဆင်ဖြူတော်' ခေါင်းစဉ်ဖြင့် ရေးသားတင်ပြခဲ့ပါသည်။

ထို့ပြင် မိမိ မန္တလေးတက္ကသိုလ်ကျောင်းသားဘဝတုန်းက တောမရွာမှ ဦးသာညွှန့်+ဒေါ်အုန်းမေတို့၏ သားရှင်ပြုအလှူပွဲမှာ မင်းကွန်းဆရာတော်ကြီး၏ ညတရားပွဲပါ ပါသည်။ ထိုစဉ်က မင်းကွန်းဆရာတော်ကြီးကို ဝတ်ဖြည့်နှိပ်ပေးခဲ့ဖူးပါသည်။ ထိုစဉ်က ဆရာတော်နှင့် စကားနှီးနှောပြောဆိုကြသည်ကို အခြေခံ၍ ဟောစဉ်တတိယတွဲနိဒါန်းတွင် ရေးသားတင်ပြထားခဲ့ပါသည်။

မိမိ ရန်ကုန်တက္ကသိုလ်ဆရာဘဝ ၁၉၈၄-ခုနှစ် နွေရာသီတုန်းက မန္တလေးတက္ကသိုလ်ပါဠိဌာနနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပအပြီးတွင် ဆရာဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်)ဦးဆောင်၍ မင်းကွန်းသို့ လေ့လာရေးသွားခဲ့ပါသည်။ ထိုစဉ်က မိမိနှင့် မရှင်ဝို (ပါဠိပါမောက္ခ-ငြိမ်း)တို့ မင်းကွန်းဆရာတော်ကြီးကို သွားရောက်ဖူးမြော်ပါသည်။ ဆရာတော်ကြီးက မိမိကို 'ဘယ်သူလဲ'ဟု မေးတော်မူပါသည်။ မိမိက မိမိ မည်သူမည်ဝါဖြစ်ပါသည်ဘုရားဟု မဖြေဘဲ 'တောမဓမ္မာရုံဆရာတော့်တပည့်ပါဘုရား'ဟု လျှောက်ထားလိုက်ပါသည်။ တောမဓမ္မာရုံဆရာတော်နှင့် စာသင်ဖက် သူငယ်ချင်းဖြစ်၍ ဝမ်းသာအယ်လဲရှိမည် ထင်ပြီး ဤသို့လျှောက်ထားခြင်းဖြစ်ပါသည်။ သို့သော် မင်းကွန်းဆရာတော်ကြီးက မိမိကိုဘာတစ်ခွန်းမှမမိန့်ကြားဘဲ မရှင်ဝိုလျှောက်ထားသည်များကိုသာ လက်ခံပြောဆိုနေတော်မူပါသည်။ ထိုအခါ မိမိအဖြေ နေရာမကျပုံကိုတွေးပြီး ယနေ့တိုင် စိတ်မကောင်းဖြစ်နေမိပါသည်။

* * *

သို့သော် တိ-နိအဖွဲ့သို့ရောက်ပြီး စာအုပ်စာပေကိစ္စ ဆောင်ရွက်ရသောအခါ ဟောစဉ်တတိယတွဲနိဒါန်းတွင် 'ဇက စာရီကျင့်ရန်အဆင့်' ခေါင်းစဉ်ပါအပိုဒ်၌-

'ဓမ္မနာဒတိုက်တုန်းက အတူတကွအသင်ဖက်ဖြစ်သော ညောင်ပင်သာရွာဆရာတော်၏ ဓမ္မာရုံကျောင်း၌ ခေတ္တ သီတင်းသုံးပါသည်'

-ဟုရေးသားထားရာတွင်၊ မင်းကွန်းဆရာတော်ကြီးက မိမိဆရာညောင်ပင်သာရွာဆရာတော်၏ဘွဲ့တော်ကို 'ဦးပဏ္ဍဝ' ဟူ၍ ဖြည့်စွက်တော်မူခဲ့သောအခါ မိမိမှာ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ဤသို့ မိမိကလေးဘဝကတည်းက မင်းကွန်းဆရာတော်ကြီးကို သိခဲ့ရ ထိတွေ့ခဲ့ရသည့် ဘဝမှတ်တမ်းများကို မိမိ တိ-နိအဖွဲ့သို့ရောက်ပြီး စာအုပ်စာပေကိစ္စဆောင်ရွက်သောအခါ မင်းကွန်းဆရာတော်ကြီးနှင့် စပ်ဆိုင်သမျှကို ကြိုးစားဖော်ပြခဲ့ပါသည်။ ဤသို့ဖော်ပြနိုင်အောင် မြတ်ဆုမွန် ဦးအောင်မွန်ကလည်း အများကြီးအထောက်အကူပြုခဲ့ပါသည်။

နတ်စကားပြောပြဿနာနှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ပုတီးစိပ်နည်းဆောင်းပါးတို့မှာ မြတ်ဆုမွန် ဦးအောင်မွန်၏ကျေးဇူးကြောင့် ဖြစ်ပေါ်လာသောစာများဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ ပုတီးစိပ်နည်းကို မေးမြန်းလျှောက်ထားစဉ်က ဆရာတော် အသုံးပြုတော်မူသော ကနုကမာပုတီးနှင့်ပတ်သက်၍ ဆရာတော်ကြီး အမိန့်ရှိတော်မူသည်ကို သတိရမိပါသေးသည်။

မင်းကွန်းဆရာတော်ကြီး၏ ပုတီးမှာ ၃၇-လုံးသာရှိပြီး ကနုကမာနှင့်ပြုလုပ်ထားပါသည်။ မြိတ်က ဒကာတစ်ယောက်က တစ်သက်လုံးစိပ်ရန်လှူထားခြင်းဖြစ်သဖြင့် တစ်သက်လုံး စိပ်ပါမည်ဟူသော ခံဝန်ချက်ဖြင့် စိပ်သော ပုတီးဖြစ်ပါသည်။

* * *

မိမိ တိ-နိအဖွဲ့သို့ ရောက်ချိန်မှစ၍ ဆရာဝန်ကြီး ဦးသာလှကလည်း မိမိကို မင်းကွန်းဆရာတော်ကြီးနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို မကြာမကြာပြောပြလေ့ရှိသည်။ သွားလေရာကိုလည်း ခေါ်လေ့ရှိပါသည်။ အခမ်းအနားများကိုလည်း တက်စေပါသည်။ မိမိကလည်း တိ-နိအဖွဲ့သို့ရောက်သည့် ကာလတိုအတွင်းမှာပင် မင်းကွန်းဆရာတော်ကြီးနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ကောက်သင်းကောက်နိုင်သလောက်ကောက်ပြီး မြတ်ဆုမွန် မဂ္ဂဇင်းနှင့် ဟောစဉ်နိဒါန်းတို့တွင် ရေးသားဖော်ပြခဲ့ပါသည်။

* * *

၁၉၈၈-ခုနှစ်၊ မတ်လဆန်းက မြစ်ကြီးနားခရိုင်ရေစကြာချတရားပွဲသို့ မိမိလိုက်ပါခွင့်ရခဲ့ပါသည်။ အင်းတော်မြို့ အင်းတော်ကျောင်း၌စခန်းချစဉ် နေ့ဆွမ်းစားချိန်မှစ၍ ဆရာတော်ကြီးနှစ်ပါး စကားနှီးနှောပြောဆိုကြသည်ကို တတ်နိုင်သမျှ လေ့လာမှတ်သားခဲ့ပါသည်။ ထို့ကြောင့်လည်း မင်းကွန်းဆရာတော်ကြီး တစ်နေ့သာ သက္ကတဘာသာကို လေ့လာဖူးခြင်း၊ အင်္ဂလိပ်စာကို လေးနာရီမျှလေ့လာဖူးခြင်း-ဟူသော မင်းကွန်း ဆရာတော်ကြီး၏ ဘာသန္တရလေ့လာမှုကို

တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။

တစ်နေ့သော သက္ကတဘာသာကို လေ့လာဖူးသော မင်းကွန်းဆရာတော်ကြီးသည် ၁၉၈၈-ခုနှစ်၊ မတ်လ ၁၂ ရက် နေ့ခင်းပိုင်းမှာ မိုးညှင်းမြို့ ရေစက်ချတရားပွဲ၌ မိုးညှင်း ပရိယတ်၏ ယဉ်ကျေးမှု၊ ဘာသာတရားလေးစားမှု၊ ရတနာ သုံးပါး၌ မြတ်နိုးတနာရှိမှုကို ဂုဏ်ပြုသောအားဖြင့် - 'အာစာရော ကုလမာချာတိ၊ အမူအကျင့်သည် အမျိုးယုတ်မြတ် ကိုဖော်ပြသည်။ ဒေသမာချာတိ ဘာသန်၊ ပြောစကားသည် ဒေသကို ပြောပြသည်။ သမ္ဘမောသ္နေဟ မာချာတိ၊ ရိုသေ လေးမြတ်ခြင်းသည် ချစ်ခင်မှုကိုဖော်ပြသည်'-ဟူ၍ သက္ကတ နီတိကို ထည့်သွင်းဟောကြားသွားတော်မူခဲ့ပါသည်။

မိမိ၏ဘာသန္တရလေ့လာမှု၌ အားနည်းခဲ့ပုံကို မင်းကွန်းဆရာတော်ကြီးသည် မကွယ်မဝှက်ဖော်ပြတော်မူ လေ့ရှိပါသည်။ သက္ကတကို သက္ကတသိက္ခာမဥ္စရီကိုသာ ဖတ်ဖူး ကြောင်း၊ အင်္ဂလိပ်စာကို A.B.C ပုံနှိပ်စာလုံးမျှသာ သိကြောင်း မိန့်တော်မူခဲ့ပါသည်။

သို့သော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မှာ သက္ကတသင်မည်ဆိုသောအခါ ဆရာတော်ကြီးသည် မန္တလေးမြို့သို့ တက္ကသိုလ်အတွက် အလှူတော်ရေစက်ချပွဲ များရှိသဖြင့် ကြွရောက်တော်မူလာရင်းက မန္တလေး သာသနာ့ တက္ကသိုလ်မှ နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ ကို သုဘဒ္ဒါဆောင်သို့ပင့်စေ၍ 'သက္ကတဘာသာပြဋ္ဌာန်းရာ မှာ သတိထားသင့်ကြောင်း၊ သက္ကတစာပေထဲမှာ ဗုဒ္ဓ ဘာသာကို ထိပါးပုတ်ခတ်ထားတာတွေပါနေသည့်အတွက် သတိပြုရန်' သတိပေး မိန့်ကြားတော်မူပါသည်။

* * *

ဆရာတော်ကြီး၏ ဟောစဉ်တရားတော်များကို စာအုပ် ဖြစ်အောင်စီစဉ်ရာတွင် အချို့တရားတိပ်ခွေများမှာ မူရင်း ရီကော်ဒါတိပ်ခွေကြီးမှတစ်ဆင့် ကက်ဆက်တိပ်ခွေသို့ ကူးပြောင်းထားသည်ဖြစ်ရကား အချို့တရားတော်များမှာ 'ဘီ' ဆိုက်ဘက်မှာ လုံးဝအသံမပါသည်များကိုလည်း ကြုံရပါ သည်။ ထိုအခါ စာကူးသူရော အသံကူးယူရန်စီစဉ်သူမှာပါ အခက်ကြုံရပါသည်။

ထိုကိစ္စကို မင်းကွန်းဆရာတော်ကြီးထံ လျှောက် ထားရာ ဆရာတော်ကြီးက 'ဒါလား၊ ဖြစ်ပါတယ်ဗျာ'ဟု မိန့် တော်မူပါသည်။ မိမိတို့မှာသာ ခက်နေသည်၊ မူလတရား ဟောပုဂ္ဂိုလ်ဖြစ်သော ဆရာတော်ကြီးအဖို့ရာမှာကား မိမိ ဟောကြားခဲ့သောတရားကို စာမူချောရင်း တစ်ခေါက်ပြန် ဟောခြင်းမျိုးဖြစ်ရကား အပန်းမကြီးလှပါ။ လိုအပ်သည့် တရားစာသားတို့ကို လွယ်လင့်တကူ လက်နှိပ်စက်ဖြင့်ရိုက် နှိပ်ကာ ချီးမြှင့်ပေးတော်မူပါသည်။

* * *

မင်းကွန်းဆရာတော်ကြီး ရန်ကုန်ကြွရန် အကြောင်း ကိစ္စမရှိသေး၍ မင်းကွန်းမှာ သီတင်းသုံးနေစဉ် ကာလများ အတွင်း လစဉ်ထုတ် ရတနာမဂ္ဂဇင်းနှင့် မြတ်ဆုမွန်မဂ္ဂဇင်း တို့ကို မိမိကအလှူခံထားပြီး ဆရာတော်ကြီး ရန်ကုန်ကြွလာ သောအခါ မိမိကဆက်ကပ်ရသည်။ ထိုအခါမျိုးတွင် ဆရာ တော်ကြီးက စာအုပ်ကိုလှန်ရင်း-'ရန်ကုန်ကလူတွေ သိပ် အလုပ်လုပ်ကြတာပဲဗျာ၊ ကျုပ်တို့တော့ လိုက်လို့တောင် မမီ ဘူး'ဟု မိန့်တော်မူပါသည်။

ဆရာတော်ကြီးသည် သာသနာ့တက္ကသိုလ် စာသင် သားများနှင့် တိပိဋကအာဇာနည်လောင်းလျာများ၏ ကျန်းမာရေးကို အထူးအလေးထားတော်မူပါသည်။ အစား အစာနှင့် ပတ်သက်၍ ဝက်သားကိုအထူးသတိထားကြဖို့ ဩဝါဒပေးတော်မူပါသည်။ ဝက်သားသည် သွေးကြော ကျဉ်းစေတတ်၊ လေဖြတ်စေတတ်သည်ဖြစ်ရကား 'တက္ကသိုလ်ထဲ ဝက်သား မဝင်စေဖို့' အမိန့်ရှိတော်မူပါသည်။

* * *

မန္တလေးမြို့မှာ တက္ကသိုလ်နှင့်ဆိုင်ရာ အခမ်း အနားများရှိသောအခါ ဆရာဝန်ကြီးဦးသာလှက မိမိကိုခေါ် ပါသည်။ မန္တလေးမှ မင်းကွန်းဘက်သို့ကူးပြီး မော်တော်ပေါ် ဆရာတော်ကြီး အနားမှာထိုင်ပြီး ဆရာတော်ကြီးအမိန့် ရှိသည်ကို နားထောင်ရပါသည်။ မင်းကွန်းခေါင်းလောင်းကြီး သွန်းသည့် သွန်းလွန်းရွာ၊ နောင် စွန်းလွန်းရွာဖြစ်ပုံမှအစ သိမှီလိုက်သမျှကို မိန့်တော်မူပါသည်။

တစ်ခါမှာတော့ မင်းကွန်း မိုးမိတ်ဘုရားများ ထီးတင်ပွဲအတွက် ဆရာတော်ကြီးရေးပေးသည့်ရတုကို ကက်နက်စိန် ဖတ်သည့်အကြောင်း မိန့်တော်မူနေစဉ် မန္တလေး ဂေါဝိန်ဆိပ်သို့မော်တော်ရောက်ပါသည်။ ဆရာ တော်ကြီး၏ တေးထပ်များမှာ ဒွန့်သံပါသဖြင့် အဆိုရခက်ပါ သည်။ ကက်နက်စိန် အခက်အခဲဖြစ်နေချိန် ရွှေမန်းတင်မောင် က 'ပေးစမ်းဗျာ ကိုကက်နက်ဆိုပြီး တေးထပ်ကို ယူဖတ် လိုက်တာ ကောင်းလိုက်တာဗျာ'ဟုအမိန့်ရှိရင်း နောက်ပြန် လှည့်ကြည့်တော်မူပါသည်။ မော်တော်ပေါ်က အဆင်း ဂေါဝိန်ဆိပ် ကျောက်လှေကားပေါ်တက်နေသည် ဖြစ်ရာ နောက်ကပါလာသည့် မိမိကို မီရဲ့လားဟု လှည့်ကြည့်တော် မူခြင်းဖြစ်ပါသည်။

* * *

ဆရာတော်ကြီး တိပိဋကဓရဖြစ်တော်မူခြင်းကို အချို့ အချို့သောပုဂ္ဂိုလ်တို့အဖို့ မယုံနိုင်စရာကိစ္စဖြစ်သည်။ စာတော်ပြန်နေစဉ်ကပင် မယုံ၍စမ်းသပ်တာမျိုးရှိသည်။ ဆရာတော်ကြီး၏ ရဟန်းဒကာကြီး ဦးစီးကျင်းပသည့် စာမေးပွဲလည်း ဖြစ်ပြန်၊ ဆဋ္ဌသင်္ဂါယနာပွဲကလည်းရှိပြန်မို့ တိုက်တိုက်ဆိုင်ဆိုင် ဆဋ္ဌသင်္ဂါယနာ၏ဖွားဖက်တော်ဖြစ်လာခဲ့ရရာ 'ခါတော်မီ တိပိဋကဓရပါကွာ'ဟု ဆိုချင်စရာပင် ကောင်းနေပါသည်။ ပေါင်းတည်မြို့က ဆရာတော်ကြီး တစ်ပါးက ဤအတိုင်းမှတ်ချက်ချသည်ကို နောက်မှသိရကြောင်း၊ တောင်းပန်သွားကြောင်း ပြန်ပြောင်းမိန့်တော်မူပါသည်။

* * *

၁၉၉၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃-ရက်တွင် နေ့လယ် ၂-နာရီ ၄၂-မိနစ် ကမ္ဘာအေးသိမ်တော်ကြီးပေါ်မှာ ၄၃-ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားပေါင်းစုံနှင့် တွေ့ဆုံ ဩဝါဒပေးပွဲ ကျင်းပခဲ့ပါသည်။ ထိုပွဲတွင် မင်းကွန်းဆရာတော်ကြီးက တိုင်းရင်းသားအပေါင်းကို ညီရင်းအစ်ကို မောင်ရင်းနှမ သဘောထား၍ 'ညီငယ်နှောင်ငယ် အစ်မဒကာဒကာမများတို့'ဟု နှုတ်ခွန်းဆက်တော်မူပြီးနောက် ညီကိုနှောင်ရင်း ဆွေမျိုးသားချင်းများဖြစ်ကြောင်းကို ဇယဒိသဇာတ်ဖြင့် ဥပမာပြုတော်မူပြီးနောက် 'ဆွေမျိုးဘုန်းကြီးဟု အောက်မေ့စေချင်ကြောင်း' မှာကြားတော်မူပြီး၊ 'မညီညွတ်တာကို ဘေးလို့ရှုပြီး ညီညွတ်တာကို ဘေးမဲ့တရားလို့မှတ်ကာ ကိုယ်ရောစိတ်ပါ ညီညွတ်နေကြပါ'ဟု ဩဝါဒပေးတော်မူ ပါသည်။

* * *

တစ်ချိန်က မြန်မာပြည်မှာ ဝစီပိတ်အတော်ခေတ်စားခဲ့ပါသည်။ ဆရာတော်ကြီးက 'မူဂဗ္ဗတ=အ,အ အကျင့်ကြီးဗျား၊ မကျင့်ကောင်းဘူး'ဟု မိန့်တော်မူပါသည်။ ဤအကျင့်ကို အကောင်းထင်သူတို့ သတိပြုစရာပင်ဖြစ်ပါသည်။

* * *

ဘိက္ခုနီသာသနာနှင့်ပတ်သက်၍ အရှင်အာဒိစ္စဝံသက စာတစ်စောင်ပေတစ်ဖွဲ့ ရေးခဲ့ဖူးသည်။ ထိုကိစ္စကို ဆရာတော်ကြီးက ဩချကာ ဂါထာတစ်ပုဒ်ရေး၍ မှတ်တမ်းတင်ထားပါသည်။ ဤဂါထာကို မင်းကွန်း တိုက်ကြပ်ဆရာတော် ဦးဝေပုလ္လစာရထံမှ မိမိရ၍ ဆရာတော်ကြီးကိုပြရာ ဆရာတော်ကြီးက 'ဘောက်ထော်မှာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် ဦးသေဋ္ဌိလဆိုတာရှိတယ်'ဟု မိန့်တော်မူပါသည်။ ဤသို့မိန့်ကြားခြင်းမှာ အခြေအနေအရ အရှင်အာဒိစ္စဝံသ ဆရာတော်ကြီး၏တပည့်ကြီး ဆရာတော်ဦးသေဋ္ဌိလ ရှိသေး၍ စာမရေးသားစေချင်သောကြောင့်ဖြစ်ပါသည်။ ထိုစဉ်က ဆရာတော်ကြီးရေးတော်မူခဲ့သောဂါထာမှာ-

အဗ္ဗုဒေါ ဝတ ဘော လောကော၊
သာသနဿ သမုဗ္ဘဝီ။
ယံ ကရောန္တိ ဇနေ ထေရာ၊
ဘိက္ခုနီ သာသနုဗ္ဘဝံ-ဟူ၍ဖြစ်ပါသည်။

* * *

သက်တော် ၈၀-ပြည့် ကျော်လာပြီဖြစ်သော မင်းကွန်းဆရာတော်ကြီး၏ကျန်းမာရေး တစ်စတစ်စယိမ်းယိုင်လာနေပါသည်။ သို့သော် အပြောအဟောမပျက် သာသနာရေးအတွက် အားခဲဆောင်ရွက်ဆဲပင်ရှိပါသည်။ ဆရာတော်ကြီး ရန်ကုန်ရောက်ခိုက် သာသနာရေးဦးစီးဌာနက တိပိဋကဓရ အာဇာနည်များအတွက် ဩဝါဒ သမ္မောဒနီယကထာချီးမြှင့်ရန် လျှောက်ထားလာပါသည်။ ဦးဇင်းစိန်နားကပ်အား မိမိကို ခေါ်ခိုင်းပါသည်။ မိမိရောက်သွားသောအခါ ဆရာတော်ကြီးက လျှောက်ထားစာကိုပြ၍- 'ကိုကျော်လှိုင် ကြည့်လုပ်လိုက်ပါဗျာ၊ ဖြစ်ပါတယ်'ဟု မိန့်တော်မူပြီး မိမိကို တာဝန်ပေးတော်မူပါသည်။

မိမိကလည်း ဆရာတော်ကြီး၏အလိုကျ တိပိဋကဓရ ကာဗျမာလာစာအုပ်ထဲမှ နမူနာယူ၍ရေးသားပြီး ဆရာတော်ကြီးကို ဆက်ကပ်ပါသည်။ ဆရာတော်ကြီး အချောသပ်ပြီး လက်မှတ်ထိုးကာ သာသနာရေးဦးစီးဌာနသို့ ပေးပို့ပါသည်။ ဤသည်မှာ ဆရာတော်၏နောက်ဆုံး ဩဝါဒ ကထာပင် ဖြစ်ပါတော့သည်။

ဆရာတော်ကြီးသက်တော်၈၀-ပြည့်ပြီးနောက်ပိုင်းတွင် ဆရာတော်ကြီး ရန်ကုန်ရောက်ခိုက် ဆရာတော်ကြီးကို ဖူးရာတွင် ဆရာတော်ကြီးက 'စာတွေမေ့ကုန်ပြီ'ဟု မိန့်တော်မူပါသည်။ မေ့ကုန်ပြီဟုသာ မိန့်တော်မူသည်၊ ငယ်စဉ်ကရေးသားခဲ့သော ဓားထပ်အချို့ကိုမူကား ရွတ်ပြတော်မူတတ်ပါသေးသည်။

မင်းကွန်းဆရာတော်ကြီး သက်တော် ၈၁ နှစ်ပြည့်ချိန်တွင်ကား ကျန်းမာရေးအခြေအနေ လုံးဝမကောင်းတော့ပါ။ ထို့ကြောင့် မွေးနေ့ပူဇော်ပွဲအခမ်းအနားကို ဆယ်မိနစ်ခန့်သာ အဖူးမျှော်ခံ [ပြု]တော်မူနိုင်ပါသည်။

ထိုနှစ်ဒီဇင်ဘာလလထဲတွင် မိုးမိတ်၊ ဓမ္မနာဒနှင့် ဆရာတော်ကြီး၏ ဆေးကုသခံယူတော်မူပုံ ဓာတ်ပုံမှတ်တမ်းများရယူရန်အတွက် ဦးအောင်မွန် ဦးဆောင်သော ဓာတ်ပုံသမား ရှစ်ယောက်နှင့်အတူ မင်းကွန်းသို့ရောက်ပါသည်။ ထိုအချိန်က ဆရာတော်ကြီးမှာ ခုတင်ပေါ်တွင် ပက်လက်အနေအထားနှင့် သီတင်းသုံးနေပါသည်။ ဤအကြိမ်မှာ ဆရာတော်ကြီးအား သက်တော်ထင်ရှား နောက်ဆုံးဖူးတွေ့ရခြင်းပင်ဖြစ်ပါသည်။

ဆရာတော်ပျံတော်မူချိန်မှာ မိမိနေမကောင်း၍ ရုံးပင်မတက်နိုင်ပါ။ ထို့ကြောင့် ရန်ကုန် တိပိဋကကျောင်းတော်ရှိ အန္တိမစျာပနပူဇော်ပွဲ ပြခန်းဖွင့်လှစ်ရန်အတွက် မိမိ၏ ဇနီးကို တိပိဋကကျောင်းတော်သို့လွှတ်ပြီး ကိုအောင်မွန်ထံသော့ပေးခိုင်းရပါသည်။ လိုအပ်သည်များကိုယူငင်၍ ကိုအောင်မွန်က ပြခန်းပြင်ဆင်ရာတွင်သုံးပါသည်။

မိမိနေကောင်းပြီဖြစ်၍ ရုံးပြန်တက်သောအခါ ထိုစျာပနပြခန်းကို ခမ်းခမ်းနားနားဖွင့်လှစ်ထားသည်ကို တွေ့ရပါသည်။ ဆရာတော်ကြီးနှင့်ပတ်သက်သည့် ဓာတ်ပုံမှတ်တမ်းများကိုပြသပါသည်။ လက်တွန်းလှည်းပေါ်တွင် ထိုင်၍ ဆရာတော်ကြီး နေဆာလှုံနေသည့်ပုံကို ဖူးတွေ့ရသောအခါ ဘယ်လိုမှမဆည်နိုင်အောင် မျက်ရည်ဖြိုင်ဖြိုင်ကျမိပါသည်။ ဘယ်လိုမှ ထိန်းလို့ကိုမရပါ။

ဆရာတော်ကြီးနှင့်စပ်လျဉ်းသည့် အမှတ်တရများထဲမှာ ဆရာတော်ကြီး၏ဆန္ဒကို မဖြည့်ပေးနိုင်သေးသော ပြစ်ချက်တစ်ခုကို ဝန်ခံလိုပါသည်။ ဤသည်မှာ 'အဝန်းသုံးပါး ဘုရားရှိခိုးအကြောင်း'ဖြစ်ပါသည်။ ဤဘုရားရှိခိုးအကြောင်းကို ရေးဖြစ်အောင်ရေးပြီး ဆရာတော်ကြီးဆန္ဒကို ဖြည့်ဆည်းပါမည်-ဟု ကတိပြုရင်း ဤစာစုကို နိဂုံးချုပ်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ အနန္တကျေးဇူးဂုဏ်ကို အာရုံပြုပူဇော်လျက် . . . ။ ။

ကျော်လှိုင်

ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ (သက္ကတ)

နိမ္မိတ

ကြည်စိုးထွန်း

'အနန္တောအနန္တ ငါးဝဂုဏ်ရည် ယုံယုံကြည်ကြည် နေ့စဉ်ရိုကျိုး ရှိခိုးကြရဲ့လား. . .'။

တေးရေးဆရာရွှေတိုင်ညွန့်၏သီချင်းတစ်ပုဒ်မှ အစပိုဒ် ဖြစ်ပါ၏။ 'အနန္တော အနန္တငါးပါးကို နေ့စဉ်ရှိခိုးကြပါရဲ့လား'ဟု စ,စချင်းမေးခွန်းထုတ်ထားသော တေးသီချင်းဖြစ်ပါသည်။

'ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃာ ဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော' ဟူသည့် အနန္တော အနန္တငါးပါးကို ဗုဒ္ဓ ဘာသာဝင်တိုင်း သိကြပါသည်။ ဘုရား, တရား, သံဃာ, မိဘ, ဆရာတို့၏ အတိုင်းအဆမရှိ ကြီးမားသောဂုဏ်ရည်ကို အောက်မေ့သတိရ ရှိခိုးကန်တော့ကြသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ကောင်းမြတ်သောအကျင့်ဖြစ်ပါ၏။

ကိစ္စများမြောင် လူတို့ဘောင်မှာ ဘုရားစင်ရှေ့ ဘုရားရှိမခိုးနိုင်သူ တော်တော်များများရှိကြပါလိမ့်မည်။ သို့ဖြစ်ပါ၍ ဘုရားမေ့, တရားမေ့, သံဃာမေ့, မိဘဆရာမေ့ မေ့နေသူတို့အတွက် ကျွန်တော်က ဟောပြောပွဲများတွင် အနန္တောအနန္တငါးပါးမမေ့ရအောင် လွယ်ကူသောနည်းလမ်း တစ်ရပ်ကို အကြံပေးလေ့ရှိပါသည်။

တခြားမဟုတ်ပါ။ လူတိုင်းလူတိုင်း နံနက် အိပ်ရာ ထသည့်အခါ မျက်နှာသစ်လေ့ရှိကြသည့်အလျောက် ထိုသို့ မျက်နှာသစ်သည့်အခါ ရေတစ်ခွက်ဖြင့် မျက်နှာသစ်တိုင်း ပထမတစ်ခွက်သစ်လျှင် 'ဗုဒ္ဓဂုဏော အနန္တော'ဟု စိတ်မှ ရွတ်ဆိုကာ မြတ်စွာဘုရား၏အသွင်ကိုမြင်ပြီး မျက်နှာသစ် ဖို့၊ ဒုတိယတစ်ခွက်တွင် 'ဓမ္မဂုဏော အနန္တော'ဟု စိတ်မှ ရွတ်ဆိုကာ တရားဂုဏ်တော်ကိုနှလုံးသွင်းပြီး မျက်နှာသစ်ဖို့၊ တတိယတစ်ခွက်တွင် 'သံဃာဂုဏော အနန္တော'ဟုဆိုကာ မိမိကြည်ညိုခဲ့ဖူးသော သံဃာတော်များ၏ မျက်နှာတော်များ ကို ပြန်လည်အောက်မေ့ကာ တတိယမျက်နှာသစ်ရေကို သစ်ဖို့၊ စတုတ္ထအနေဖြင့် မိဘများ၏မျက်နှာ, မိဘများ၏ ကျေးဇူးကိုတွေးပြီး စတုတ္ထမျက်နှာသစ်ရေကိုသုံးဖို့နှင့် ပဉ္စမရေခွက်အား လောကီလောကုတ္တရာပညာများ သင်ကြားပေးခဲ့သောဆရာအပေါင်းတို့ကိုရည်စူးပူဇော်ကာ ငါးခွက်မြောက်မျက်နှာသစ်ရေဖြင့် မျက်နှာသစ်ဖို့ အကြံပေး ခဲ့ပါသည်။

ဤသို့မျက်နှာသစ်ခြင်းဖြင့် နေ့စဉ်နံနက်တိုင်း အနန္တော အနန္တငါးပါးကို ကန်တော့ပြီးဖြစ်သောကြောင့် ဆရာရွှေတိုင်ညွန့်၏ 'နေ့စဉ်ရိုကျိုး ရှိခိုးကြရဲ့လား' ဆိုသည့် မေးခွန်းကို သက်သက်သာသာ ဖြေကြားပြီးသားလည်း ဖြစ် သွားလေတော့သည်။

ဆရာရွှေတိုင်ညွန့် သီချင်းအမည်မှာ 'ဝိစိတြ'ဟူ၍ ဖြစ်ပါသည်။ အနက်က 'ထူးခြားဆန်းကြယ်ခြင်း'။ ဤတေး သီချင်းကိုကြားရတိုင်း အခြား 'ဝိစိတ္တ'အမည်ရ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးကို သတိရမိလာသည်။ သီချင်းကိုကြားမှ သတိရသည်မဟုတ်ပါ၊ သီချင်းသံမကြားသည့်တိုင် ထိုဘွဲ့ မည်က ထင်ရှားပြီးဖြစ်ပါသည်။ အရှင်ဝိစိတ္တသာရာဘိဝံသ ထေရ်မြတ်။ ထူးခြားဆန်းကြယ်သည့် ဉာဏ်ပညာပိုင်ရှင်။ ပထမဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးရှင် မင်းကွန်း ဆရာတော်ဘုရား ဖြစ်လေသည်။

'သူ့ကျွန်မခံပြီ' ရုပ်ရှင်ဇာတ်ကားရိုက်ပြီးနောက် ကျွန်တော့်ကိုယ်ကျွန်တော် 'အခွံ'ဟု သတ်မှတ်မိခဲ့သည်။ စိတ်အင်အား လူအင်အားကုန်ခန်းပြီး နုံးချည့်နေသောကြောင့် ဖြစ်သည်။ ဘာကိုမှ လုပ်ချင်ကိုင်ချင်စိတ်မရှိသော ကာလ။ ထိုကာလအတွင်း တိပိဋကဓရ-နိကာယအဖွဲ့နှင့် မြဝတီရုပ်မြင် သံကြားတို့ပူးပေါင်းပြီး 'မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ မော်ကွန်း' ရုပ်မြင်သံကြားရိုက်ကူးရေးတွင် ဒါရိုက်တာ လုပ်ပေးရန် ကမ်းလှမ်းခြင်းခံခဲ့ရသည်။

လောကကြီးကိုငြီးငွေ့နေချိန် သာသနာရေးအတွက် ဒါနလုပ်ရတာ ဟန်ကျတာပဲဟူသောအတွေးဖြင့် ကျွန်တော် မင်းကွန်းဆရာတော်ကြီး၏ ချက်မြှုပ်ရာကာလမှသည် အရိုးပြာရေမျှောရာကာလသို့တိုင် ကိုယ့်ကိုယ်ကို နှစ်မြှုပ် လိုက်တော့သည်။

ဘုန်းကြီးကျောင်းမှာအိပ်, ဘုန်းကြီးကျောင်းမှာစား, မင်းကွန်းဆရာတော်ကြီး၏ဆွေမျိုးများ မိတ်သင်္ဂဟများနှင့် တွေ့, တပည့်တပန်းများရှိရာနောက်သို့လိုက်၊ ကျွန်တော် နှစ်နှစ်တိုင်တိုင် သာသနာ့တာဝန်တို့ဖြင့် ပျော်ရွှင်နေခဲ့ သည်။ ဘဝ၏ အပျော်ရွှင်ဆုံးအချိန်များဟု ကျွန်တော်ဆိုချင် ပါတော့သည်။

မြဝတီရုပ်မြင်သံကြားမှ ကင်မရာစက်အဖွဲ့သား များနှင့် မင်းကွန်းတစ်ခွင်ပြုပြစင်၊ စစ်ကိုင်း, မန္တလေး, မြင်းခြံ နေရာအနှံ့ရောက်, သံဃာပေါင်းစုံ, လူပေါင်းစုံနှင့်တွေ့ခဲ့ရ သည်။

မော်ဘီရှိ မြဝတီရုပ်မြင်သံကြားဌာနတွင် နေ့စဉ် ရက်ဆက် ရိုက်ပြီးသမျှရုပ်ပုံတွေကို တည်းဖြတ်၊ လိုအပ်သမျှ ရုပ်ပုံတွေကိုထပ်ရှာ၊ မင်းကွန်းသို့ နောက်တစ်ကြိမ်သွား။ မန္တလေးဝင်, စစ်ကိုင်းဝင်, မြင်းခြံဝင် . . . သည်လိုနှင့် နှစ်နှစ်လောက်ကြာမှ 'မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ မော်ကွန်း' ဇာတ်လမ်းတွဲ ၈-နာရီကြာ မှတ်တမ်းရုပ်မြင် သံကြားအစီအစဉ် ပြသနိုင်ခဲ့သည်။ ကောင်းလေစွ။

ဆရာတော်ကြီးချက်မြှုပ်ဒေသမှ ဆရာတော်ကြီး၏ အရိုးပြာမျှောရာဒေသအထိ ခရီးဆန့်ခဲ့သလို ဆရာတော်ကြီး ၏ ဘဝအစမှဘဝအဆုံး အကြောင်းအရာများကို နှိုက်နှိုက် ချွတ်ချွတ် ရှာဖွေမေးမြန်း မှတ်တမ်းပြုစုစဉ် မြတ်စွာဘုရား ၏အပြစ်ကို စောင့်ကြည့်ရှာဖွေခဲ့သော မကောင်းသော မျက်စိပိုင်ရှင်မာရ်နတ်ကဲ့သို့ ကျွန်တော်သည်လည်း ဆရာ တော်ကြီး၏ ချို့ယွင်းချက် အားနည်းချက်များကို မသိမသာ ရှာဖွေမိခဲ့ပါသည်။ ဤသို့ဖြစ်ခြင်းကား ရုပ်ရှင်ဒါရိုက်တာ၏ အပြစ်ရှာ အကျင့်ကြောင့်ဟုဆိုပါက မမှားပေ။ ကျွန်တော် တို့လို ဒါရိုက်တာတွေက ရုပ်ရှင်တစ်ကားရိုက်ပြီဆိုလျှင် ဇာတ်လမ်းအပြစ်, သရုပ်ဆောင်အပြစ်ကို ရှာဖွေနေကျ အကျင့်ကပါနေပြီမဟုတ်ပါလား။

ဒါဖြင့် မင်းကွန်းဆရာတော်ကြီး၏အားနည်းချက် ချို့ယွင်းချက်ကို ပြောပါဦးဟုဆိုလာငြားအံ့၊ ကျွန်တော့်မှာ ဖြေစရာစကားမရှိ။ ဆရာတော်၏ ဉာဏ်တော်, ဆရာတော်၏ ကိုယ်ကျင့်သိက္ခာ, ဆရာတော်၏ နှိမ့်ချမှုနိဝါတတရား စသည် စသည်တို့၌ အမှားဟူ၍ တစိုးတစိမျှမတွေ့။ ဆရာတော့်စကား, ဆရာတော့်အနေအထိုင်, ဆရာတော်၏အကျင့်များ ကိုလေ့လာရင်း လေ့လာရင်း ကိုယ်တိုင်က အတုခိုးကျင့်သုံးမိခဲ့သောကြောင့် ဝန်ခံရတော့မည်သာ။

ဥပမာ-ဆရာတော်က မမေ့အပ်သည့် အရပ်သုံးပါး အကြောင်း ပြောခဲ့သည်။

၁။ မွေးဖွားရာအရပ်၊

၂။ ကိုယ့်ကိုကျွေးသောအရပ်နှင့်

၃။ ကိုယ်အောင်မြင်ရာအရပ်-ဟုဆို၏။ ထိုစကားအတိုင်း ယခုအချိန်အထိ ကျွန်တော်ကျင့်သုံးနေဆဲ။

ဆရာတော်၏အချို့သောအတွေးများက ထူးခြားလှသည်ကို ဓမ္မနာဒတိုက်ရှေ့မှ ခြင်္သေ့ငယ်နှစ်ကောင်က ပြသနေသည်။ ကျောင်းဒါယကာ ဒါယိကာမတို့က သေးငယ်သော ခြင်္သေ့အစား ခန့်ညားအောင် ကြီးကြီးမားမား ခြင်္သေ့နှစ်ကောင်ကို ဆောက်ချင်သည်။ ဆရာတော်က ခွင့်မပြု။ ခြင်္သေ့ရုပ်ထက် လူတွေကို အကျိုးပြုစေသည့် ဆေးပေးခန်းကို ဆောက်လုပ်တာမျိုးတွေ ဖြစ်ပါ၏။

'အလှူခံဌာန'ဆိုသော ခွက်ထိုးခံသာသနာပြုလုပ်ငန်းမျိုးထက် 'လှူရန်ဌာန'ဆိုသော သိက္ခာရှိရှိသာသနာပြုလုပ်ငန်းမျိုးကိုတွေးပြီး၊ ဆိုင်းဘုတ်ရေးတာမှအစ ဂရုစိုက်ပုံမျိုးတွေကား အတုယူစရာကောင်းလှသည်။

ဆရာတော့်ထံမှ အတုယူဖွယ်ရာများကို အခြားသော ပုဂ္ဂိုလ်များကလည်း ရေးကြဦးမည်မို့ သိသာရုံမျှ ဖော်ပြလိုက်ရပါ၏။ ကျွန်တော်ပြောချင်သည်က ဆရာတော်သည် သံဃာဂုဏ်ရည်ရှိသော ပုဂ္ဂိုလ်မျိုးဖြစ်သလို၊ ဆရာတော် နေပုံထိုင်ပုံ, စားပုံသောက်ပုံ, ပြောပုံ ဆိုပုံ, တွေးခေါ်ပုံ မှန်သမျှ သင်ခန်းစာတွေချည်းဖြစ်သည်ဟု ကျွန်တော် တွေးမိသည်။ သည်တော့ ဆရာတော့်ကို အာစရိယဆရာတစ်ဆူအဖြစ်လည်း ကျွန်တော် သတ်မှတ်ချင်တော့သည်။

အနန္တော အနန္တငါးပါးနှင့်ပတ်သက်၍ စဉ်းစားသောအခါ ဆရာတော်သည် ဓမ္မဂုဏော အနန္တောဆိုသော ဓမ္မဂုဏ်ရည်နှင့်လည်း ညီပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်သည် မြတ်စွာဘုရားဟောကြားသော တရားတော် အလုံးစုံကို အာဂုံဆောင်နိုင်သောပုဂ္ဂိုလ် ဖြစ်သောကြောင့်ပါတည်း။ ဆရာတော်၏တစ်ကိုယ်လုံးသည် ဓမ္မနှင့် ပြည့်နှက်နေသည်ဆိုက မှားမည်မဟုတ်ပေ။

သံဃာဂုဏော အနန္တောဆိုသည့်အတိုင်း သံဃာဂုဏ်ရည်နှင့်ပြည့်ဝသော သံဃတစ်ပါးဖြစ်သည်လည်းအမှန်။

တစ်ဖန် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဆရာတော်၏ အနေအထိုင်, အပြောအဆို, အတွေးအခေါ်မှန်သမျှ သင်ခန်းစာများသဖွယ်ဖြစ်၍ ဆရာတော်သည် အာစရိယဂုဏ်ရည်နှင့်လည်း ညီပါပေ၏။

ကျွန်တော်သည် နံနက်တိုင်း မျက်နှာသစ်သည့်အခါ အနန္တော အနန္တငါးပါး ရွတ်ဆိုမျက်နှာသစ်ရင်း ဘုရားပုံတော်, တရားပုံတော်, သံဃာပုံတော်, အမိအဖပုံများ, ဆရာတို့၏ ပုံများကို စိတ်မှ မြင်အောင်ကြည့်တတ်ပါသည်။ ထိုသို့ကြည့်သည့်အခါတိုင်း မင်းကွန်းဆရာတော်ကြီး၏ ပုံတော်သည် ဓမ္မဂုဏောတွင်လည်းကောင်း၊ သံဃဂုဏောတွင်လည်းကောင်း၊ အာစရိယဂုဏောတွင်လည်းကောင်း သုံးမျိုးသုံးနေရာ သုံးကိုယ်ခွဲ နိမိတ္တအဖြစ်ပေါ်လာလေ့ရှိပါသည်။

ထူးခြားသောဆရာတော်ကြီးကို အနန္တောအနန္တငါးပါးတွင် သုံးကိုယ်ခွဲဆရာတော်ကြီးအဖြစ် တွေ့မြင်ရသည့်အတွက် ကျွန်တော့်ကို ကျွန်တော် 'အရတော်ပေစွ'ဟု ပီတိဖြစ်ရင်း နိမိတ္တမင်းကွန်းဆရာတော်ကြီးကို ဤစာဖြင့် ရှိခိုးကော်ရော် ပူဇော်လိုက်ရပါတော့သတည်း။ ။

ကြည်စိုးထွန်း

ပင်းကွန်းတောင်ရိုး မိုးပိတ်ကုန်းမြေ တိပိဋက = နိကာယကျောင်းတိုက်တည်ထောင်သည့် ၁၃၄၀ - ပြည့်နှစ်မှ
ကျေးဇူးရှင်ပင်းကွန်းတိပိဋကဓရဆရာတော်ကြီး သက်တော်ရာပြည့်သည့် ၁၃၇၃ - ခုနှစ်အထိ
တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ၌
တိပိဋက = နိကာယကျောင်းတိုက်မှအောင်မြင်တော်မူကြသော

သံဃာတော်အရှင်မြတ်များအပေါင်းစာရင်း

စဉ်	ဘွဲ့များ	အရေအတွက်
၁	ပိဋကသုံးပုံအောင် (တိပိဋကဓရ တိပိဋကကောဝိဒ)	၅
၂	ပိဋကသုံးပုံဆောင် (တိပိဋကဓရ)	၂
၃	ပိဋကနှစ်ပုံခွဲအောင်	၃
၄	ပိဋကနှစ်ပုံခွဲဆောင်	၆
၅	ပိဋကနှစ်ပုံအောင်	၆
၆	ပိဋကနှစ်ပုံဆောင်	၂၇
၇	ပိဋကတစ်ပုံအောင်	၃၀
၈	ပိဋကတစ်ပုံဆောင်	၁၅၂
၉	ဥဘတောရေးဖြေအောင်	၆၄
၁၀	ဥဘတောအာဂုံဆောင်	၃၂၂
	စုစုပေါင်း	၆၁၈

၁၃၄၀ - ပြည့်နှစ်မှ ၁၃၇၃ - ခုနှစ်အထိ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ၌
ပင်းကွန်းတောင်ရိုး မိုးပိတ်ကုန်းမြေ တိပိဋက = နိကာယကျောင်းတိုက်မှ အောင်မြင်တော်မူကြသော

သံဃာတော်အရှင်မြတ်များအသေးစိတ်စာရင်း

တိပိဋကဓရ တိပိဋကကောဝိဒ (၅) ပါး

၁။ အရှင်ဝါယာမိန္ဒာဘိဝံသ
၂။ အရှင်သီလက္ခန္ဓာဘိဝံသ
၃။ အရှင်ဝံသပါလာလင်္ကာရ
၄။ အရှင်ဂန္ဓမာလာလင်္ကာရ
၅။ အရှင်ကုန္ဒပါလ

တိပိဋကဓရ (၂) ပါး

၁။ အရှင်ကုန္ဒာစရိယ
၂။ အရှင်ဝီရိယာနန္ဒ

ပိဋကနှစ်ပုံခွဲအောင် မူလအဘိဓမ္မကောဝိဒအရှင်မြတ် (၃) ပါး

၁။ အရှင်ပညာသိရီလင်္ကာရ

၂။ အရှင်စက္ကိန္ဒ

၃။ အရှင်ဝိစိတ္တာလင်္ကာရ

ပိဋကနှစ်ပုံခွဲဆောင် မူလအာဘိဓမ္မိကအရှင်မြတ် (၆) ပါး

၁။ အရှင်ကေသရိန္ဒ

၂။ အရှင်သီလာစာရ

၃။ အရှင်ဇဋိလ

၄။ အရှင်သေဋ္ဌဉာဏ

၅။ အရှင်ဩဘာသာဘိဝံသ

၆။ အရှင်သုနန္ဒ

ပိဋကနှစ်ပုံအောင် ဒွိပိဋကကောဝိဒအရှင်မြတ် (၆) ပါး

၁။ အရှင်ဝိလာသ

၂။ အရှင်ဂမ္ဘီရဉာဏ

၃။ အရှင်ခေမာဝံသ

၄။ အရှင်သိရီဒတ္တာလင်္ကာရ

၅။ အရှင်သုခိန္ဒြိယ

၆။ အရှင်အာစိဏ္ဏ

ပိဋကနှစ်ပုံဆောင် ဒွိပိဋကဓရအရှင်မြတ် (၂၇) ပါး

၁။ အရှင်နိမလ

၂။ အရှင်သုန္ဒရ

၃။ အရှင်ကောဝိဒါဘိဝံသ

၄။ အရှင်ဝံသပါလ

၅။ အရှင်ခေမာစာရ

၆။ အရှင်နန္ဒဝံသ

၇။ အရှင်ကဝိသေဋ္ဌ

၈။ အရှင်ဝိလာသာဘိဝံသ

၉။ အရှင်အဂ္ဂသာမိ

၁၀။ အရှင်သီလဝံသာလင်္ကာရ

၁၁။ အရှင်သီလာစာရ

၁၂။ အရှင်ပညာသာမိ

၁၃။ အရှင်ဝရဉာဏာလင်္ကာရ

၁၄။ အရှင်ဝိမုယ

၁၅။ အရှင်သုန္ဒရာလင်္ကာရ

၁၆။ အရှင်တိသာသန

၁၇။ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ

၁၈။ အရှင်ဇနိန္ဒ
၁၉။ အရှင်ဣန္ဒက
၂၀။ အရှင်ကောသလ္လ
၂၁။ အရှင်အရိယဓမ္မ
၂၂။ အရှင်ဓမ္မသိဒ္ဓိ
၂၃။ အရှင်ဝါသေဋ္ဌ
၂၄။ အရှင်အဂ္ဂသာရာလင်္ကာရ
၂၅။ အရှင်ပညောဘာသာလင်္ကာရ
၂၆။ အရှင်ခေမာစာရ
၂၇။ အရှင်ဇောတိကာလင်္ကာရ

ပိဋကတစ်ပုံတစ်စိတ်အောင် ဒီဃနိကာယကောဝိဒ၊ ဥဘတောဝိဘင်္ဂရေအရှင်မြတ် (၄) ပါး

၁။ အရှင်သုဝဏ္ဏ
၂။ အရှင်ကေသရ
၃။ အရှင်သောမ
၄။ အရှင်စာရိန္ဒာသဘ

ပိဋကတစ်ပုံအောင်အရှင်မြတ် (၂၇) ပါး

၁။	အရှင်ဉာဏာလင်္ကာရာဘိဝံသ	ဝိနယကောဝိဒ
၂။	အရှင်ဓမ္မပိယ	״
၃။	အရှင်စန္ဒဇောတိ	״
၄။	အရှင်ဝါယမ	״
၅။	အရှင်သုနန္ဒ	״
၆။	အရှင်သိရီကဥ္စန	״
၇။	အရှင်ဇယဒိသ	״
၈။	အရှင်ဝိစိတ္တ	״
၉။	အရှင်ဇဝနာလင်္ကာရ	״
၁၀။	အရှင်ကေသရ	״
၁၁။	အရှင်ပညာစက္က	״
၁၂။	အရှင်ဉာဏိဿရာလင်္ကာရ	״
၁၃။	အရှင်အဂ္ဂဝံသ(မိုးကုတ်)	״
၁၄။	အရှင်ပညာသာမိ	ဒီဃနိကာယကောဝိဒ
၁၅။	အရှင်ဣန္ဒာသဘ	״
၁၆။	အရှင်ပညိန္ဒ	״
၁၇။	အရှင်ဝိမလသာရ	״
၁၈။	အရှင်ရာဇိန္ဒ	״
၁၉။	အရှင်ဇာနေယျ	״
၂၀။	အရှင်ပဏ္ဍိတ	״
၂၁။	အရှင်ကောဝိဒ	״

၂၂။	အရှင်သာသန	။
၂၃။	အရှင်ပညာဇောတ	။
၂၄။	အရှင်ကောသလ္လာဘိဝံသ	။
၂၅။	အရှင်ဓမ္မပီယ	။
၂၆။	အရှင်ဝေရောစန	မဇ္ဈိမနိကာယကောဝိဒ
၂၇။	အရှင်ဉာဏဝရ	။

ပိဋကတစ်ပုံဆောင်ဒီဃဘာဏက (၂၈) ပါး

၁။ အရှင်သုဇာတ
၂။ အရှင်ဂန္ဓမာလာ
၃။ အရှင်သဒ္ဓောဘာသ
၄။ အရှင်နန္ဒိယ
၅။ အရှင်တေဇာဘာသ
၆။ အရှင်ဝိသုဒ္ဓါစာရ
၇။ အရှင်သုမင်္ဂလ
၈။ အရှင်သောဘဏ
၉။ အရှင်ကုန္ဒာစရိယ
၁၀။ အရှင်ဇောတိက
၁၁။ အရှင်သုဇန
၁၂။ အရှင်တေဇောသာရ
၁၃။ အရှင်တေဇောဘာသ
၁၄။ အရှင်နန္ဒောဘာသ
၁၅။ အရှင်ကဝိန္ဒာဘိဝံသ
၁၆။ အရှင်ယောသိတ
၁၇။ အရှင်လက္ခဏ
၁၈။ အရှင်ဝိလာသ
၁၉။ အရှင်ကုန္ဒဝံသ
၂၀။ အရှင်ကောဏ္ဍည
၂၁။ အရှင်စန္ဒောဘာသ
၂၂။ အရှင်ဓမ္မိက
၂၃။ အရှင်အရိယဓမ္မ
၂၄။ အရှင်ဓမ္မသာမိ
၂၅။ အရှင်သီလဝံသ
၂၆။ အရှင်ပညာဝံသ
၂၇။ အရှင်ဝရဉာဏ
၂၈။ အရှင်ကုသရိယ

ပိဋကတစ်ပုံဆောင် ဝိနယဓရ (၁၂၄) ပါး

၁။ အရှင်ဥေယျာနန္ဒ
၂။ အရှင်သုန္ဒရ
၃။ အရှင်ကုန္ဒဝံသ
၄။ အရှင်တိက္ခဉာဏ
၅။ အရှင်ဝိမလာစာရ
၆။ အရှင်တိက္ခဉာဏ
၇။ အရှင်ကုဏ္ဍလ
၈။ အရှင်ဇောတိက
၉။ အရှင်ပဝရ
၁၀။ အရှင်ဥတ္တမာဘိဝံသ
၁၁။ အရှင်ဉာဏိက
၁၂။ အရှင်ထေရိယ
၁၃။ အရှင်သေဋ္ဌာစာရ
၁၄။ အရှင်စန္ဒိမာ

၁၅။ အရှင်ဉာဏောဘာသာလင်္ကာရ
၁၆။ အရှင်ကုန္ဒောဘာသာဘိဝံသ
၁၇။ အရှင်ဇာဂရ
၁၈။ အရှင်စရိယ
၁၉။ အရှင်ဓမ္မာစာရ
၂၀။ အရှင်ပညောဘာသ
၂၁။ အရှင်ဥတ္တမ
၂၂။ အရှင်ဥတ္တရ
၂၃။ အရှင်နာဂိန္ဒာလင်္ကာရ (ဝိသိဋ္ဌ)
၂၄။ အရှင်သုမနဓဇ
၂၅။ အရှင်ဓမ္မာလောက
၂၆။ အရှင်သုတေသနာလင်္ကာရ
၂၇။ အရှင်ဇယသေန
၂၈။ အရှင်အတုလ
၂၉။ အရှင်တေဇိန္ဒ
၃၀။ အရှင်ဝိစိတ္တာလင်္ကာရ
၃၁။ အရှင်သုမန
၃၂။ အရှင်ကုန္ဒဝံသ
၃၃။ အရှင်ခေမိဿရ
၃၄။ အရှင်မေတ္တာနန္ဒ
၃၅။ အရှင်ယုဇန
၃၆။ အရှင်ပညာသာရ
၃၇။ အရှင်ဇေယျာနန္ဒ
၃၈။ အရှင်အဂ္ဂဓမ္မ
၃၉။ အရှင်ဉာဏောဘာသ
၄၀။ အရှင်ဉာဏဝရ
၄၁။ အရှင်တိလောက
၄၂။ အရှင်နိမ္မလာနန္ဒ
၄၃။ အရှင်ကေလာသ
၄၄။ အရှင်အရိယဝံသ
၄၅။ အရှင်စန္ဒောဘာသ
၄၆။ အရှင်စန္ဒိမာ
၄၇။ အရှင်သဒ္ဓန
၄၈။ အရှင်ပုည
၄၉။ အရှင်တိလောက
၅၀။ အရှင်ပညာသီဟ
၅၁။ အရှင်ပဏ္ဍိစ္စ

၅၂။ အရှင်ဝိသုခ
၅၃။ အရှင်ဉာဏုတ္တရ
၅၄။ အရှင်ပညာသိရီ
၅၅။ အရှင်တေဝိဇ္ဇ
၅၆။ အရှင်နေမိန္ဒ (မြိုင်)
၅၇။ အရှင်ကုဝေရ
၅၈။ အရှင်နေမိန္ဒ (ချောက်)
၅၉။ အရှင်စိတ္တသာမိ
၆၀။ အရှင်ရေဝတာလင်္ကာရ
၆၁။ အရှင်ပညာလင်္ကာရ
၆၂။ အရှင်ဝဏ္ဏိဿရ
၆၃။ အရှင်သူရိယ (တန့်ဆည်)
၆၄။ အရှင်ဆန္ဒာနုတ္တရ (ဝိသိဋ္ဌ)
၆၅။ အရှင်ပရမ
၆၆။ အရှင်ပညောဘာသ
၆၇။ အရှင်ဝိလာသ
၆၈။ အရှင်စိန္တိတ
၆၉။ အရှင်စက္ကိန္ဒ (လှိုင်းဘွဲ့)
၇၀။ အရှင်ဝိစက္ခဏ (ဝိသိဋ္ဌ)
၇၁။ အရှင်ဂန္ဓသာရာလင်္ကာရ (ဝိသိဋ္ဌ)
၇၂။ အရှင်သုဇန
၇၃။ အရှင်ဓမ္မနာဒ
၇၄။ အရှင်အာလောက
၇၅။ အရှင်မဏ္ဍလ
၇၆။ အရှင်ပညာသိရီလင်္ကာရ
၇၇။ အရှင်ဝိစိတ္တ (မကွေး)
၇၈။ အရှင်သူရိယ (ပုလဲ)
၇၉။ အရှင်အဂ္ဂဉာဏ
၈၀။ အရှင်ရာဇိန္ဒ
၈၁။ အရှင်ဇနပတိ
၈၂။ အရှင်သီလာစာရ (မင်းဘူး)
၈၃။ အရှင်ဝိဇောတာလင်္ကာရ
၈၄။ အရှင်ယောသိတ
၈၅။ အရှင်ဝါသဝ
၈၆။ အရှင်ဝေပုလ္လ
၈၇။ အရှင်ဥတ္တမ (မွန်)
၈၈။ အရှင်ခေမိဿရ

၈၉။ အရှင်စန္ဒာသိရီ
၉၀။ အရှင်ဝဇိရဉာဏ
၉၁။ အရှင်ဇနိန္ဒ
၉၂။ အရှင်နိမလ
၉၃။ အရှင်သူရိယ (ရေစကြို)
၉၄။ အရှင်ခေမိန္ဒ
၉၅။ အရှင်ဣန္ဒက
၉၆။ အရှင်ဉာဏမဥ္ဇူ
၉၇။ အရှင်မင်္ဂလာစာရ
၉၈။ အရှင်အာစာရ
၉၉။ အရှင်ပဏ္ဍိတ
၁၀၀။ အရှင်တေဇနိယ (တန့်ဆည်)
၁၀၁။ အရှင်ကောသလ္လ (လွင်)
၁၀၂။ အရှင်နန္ဒိယ
၁၀၃။ အရှင်သုစိတ္တာလင်္ကာရ
၁၀၄။ အရှင်ဝိမလ
၁၀၅။ အရှင်စန္ဒနာလင်္ကာရ
၁၀၆။ အရှင်ဥတ္တမ
၁၀၇။ အရှင်ဝါသဝါလင်္ကာရ
၁၀၈။ အရှင်ကောသလ္လ (ခင်ဦး)
၁၀၉။ အရှင်ကေလာသ (နတ်မောက်)
၁၁၀။ အရှင်သဒ္ဓန
၁၁၁။ အရှင်ဇဝန (ရွှေဘို)
၁၁၂။ အရှင်တေဇိန္ဒ
၁၁၃။ အရှင်ဂန္ဓမာလာ
၁၁၄။ အရှင်ဣန္ဒကာလင်္ကာရ
၁၁၅။ အရှင်ဝဏ္ဏိသရ
၁၁၆။ အရှင်ဝိလာသ (မော်ကျွန်း)
၁၁၇။ အရှင်ကောသလ္လ (ကော့ကရိတ်)
၁၁၈။ အရှင်အဂ္ဂဉာဏ (ငါန်းဇွန်)
၁၁၉။ အရှင်ဓမ္မပိယ
၁၂၀။ အရှင်ပညိန္ဒ (ခင်ဦး)
၁၂၁။ အရှင်ဣန္ဒောဘာသာလင်္ကာရ
၁၂၂။ အရှင်စန္ဒောဘာသ
၁၂၃။ အရှင်နရိန္ဒ
၁၂၄။ အရှင်နန္ဒိသာရာလင်္ကာရ

အစိုးရတိပိဋကစာမေးပွဲ၌ ဝိသိဋ္ဌ၊ မဟာဂုဏ်ထူးရ အရှင်မြတ်များ

၁။	ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ	(ဝိသိဋ္ဌဒီဃဘာဏက၊ ဝိသိဋ္ဌအာဘိဓမ္မိက၊ အဘိဓမ္မာနောက်ပိုင်း ယမိုက်ပဋ္ဌာန်းရေးဖြေ)
၂။	ဘဒ္ဒန္တဝံသပါလာလင်္ကာရ	(ဝိသိဋ္ဌဒီဃဘာဏက)
၃။	ဘဒ္ဒန္တကုန္ဒပါလ	(ဝိသိဋ္ဌဒီဃဘာဏက၊ အဘိဓမ္မာရှေ့ပိုင်း ၅-ကျမ်းအာဂုံ)
၄။	အရှင်စက္ကိန္ဒ	(ဝိသိဋ္ဌဝိနယဓရ)
၅။	အရှင်ဩဘာသာဘိဝံသ	(ဝိသိဋ္ဌဒီဃဘာဏက)
၆။	အရှင်သုနန္ဒ	(ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏက၊ အဘိဓမ္မာရှေ့ပိုင်း ၅-ကျမ်းအာဂုံ)
၇။	အရှင်ဝိစိတ္တာလင်္ကာရ	(ဝိသိဋ္ဌဒီဃဘာဏက၊ အဘိဓမ္မာရှေ့ပိုင်း ၅-ကျမ်းအာဂုံ)
၈။	အရှင်ဝံသပါလ	(ဝိသိဋ္ဌဒီဃဘာဏက)
၉။	အရှင်ဝရဉာဏာလင်္ကာရ	(ဝိသိဋ္ဌဒီဃဘာဏက)
၁၀။	အရှင်နာဂိန္ဒာလင်္ကာရ	(ဝိသိဋ္ဌဝိနယဓရ)
၁၁။	အရှင်ရေဝတာလင်္ကာရ	(ဝိသိဋ္ဌဝိနယဓရ)
၁၂။	အရှင်ဆန္ဒာနုတ္တရ	(ဝိသိဋ္ဌဝိနယဓရ)
၁၃။	အရှင်ဝိစက္ခဏ	(ဝိသိဋ္ဌဝိနယဓရ)
၁၄။	အရှင်ဂန္ဓသာရာလင်္ကာရ	(ဝိသိဋ္ဌဝိနယဓရ)
၁၅။	အရှင်ဇောတိကာလင်္ကာရ	(ဝိသိဋ္ဌဝိနယဓရ)

ပါဠိပါရဂူဘွဲ့ရ တိ-နိသ်ယာတော်အရှင်မြတ်များ

၁။ ရေစကြိုတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ဝိနယပါဠိပါရဂူ၊ အဘိဓမ္မပါဠိပါရဂူ၊

၂။ မော်ကျွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဝိနယပါဠိပါရဂူ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ၊ ဒီဃနိကာယ ပါဠိပါရဂူ၊ အဘိဓမ္မပါဠိပါရဂူ၊

၃။ အရှင်သုခိန္ဒြိယ ဒီဃနိကာယပါဠိပါရဂူ၊ ဝိနယပါဠိပါရဂူ၊

၄။ အရှင်ဇာနေယျ ဒီဃနိကာယပါဠိပါရဂူ၊

၅။	အရှင်ရာဇိန္ဒ	ဝိနယပါဠိပါရဂူ
၆။	အရှင်စန္ဒဇောတိ	။
၇။	အရှင်နာဂိန္ဒာလင်္ကာရ	။
၈။	အရှင်ဩဘာသာဘိဝံသ (အဂ္ဂမဟာကျော်)	။
၉။	အရှင်ကောလိနိယ (အဂ္ဂမဟာကျော်)	။
၁၀။	အရှင်အဂ္ဂသာရာလင်္ကာရ	။
၁၁။	အရှင်ဝိစိတ္တ(မင်းလှ)	။

* * *

စိတ္တံ ယဿ န ကမ္ပတိ

ရေနံချောင်း ဦးခင်မောင်မြ

'ကိုယ်တွေ့ သိမှီထားသမျှ ရေးသင့်တယ်'ဟု တိပိဋက= နိကာယသာသနာပြုအဖွဲ့မှထုတ်ဝေခဲ့သော ကျေးဇူးတော်ရှင် မင်းကွန်းဓမ္မနာဒဆရာတော်ကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အား တပည့်များဒကာဒကာမများ စုစည်းရေးသားပူဇော် သည့် ဘဝဖြစ်စဉ်စာအုပ်ကို အကြောင်းပြု၍ ကျွန်တော့်ကို ဓမ္မမိတ်ဆွေအပေါင်းတို့က တိုက်တွန်းခဲ့ကြသည်။ ရေးမည် ဟု ကျွန်တော်ဆုံးဖြတ်ထားခဲ့သည်။ သို့သော် မရေးဖြစ်ခဲ့ပါ။

အဓိကအကြောင်းရင်းတစ်ရပ်မှာ မှတ်တမ်းမှတ်ရာ အထောက်အထား စာအုပ်စာတမ်းများ ၁၉၇၉-ခုနှစ် ရေနံ ချောင်းမီးကြီး၌ ကျွန်တော့်တိုက် မီးလောင်ခံရရာတွင် ပါသွားခြင်းနှင့် ဆရာတော်ကြီးအနီး ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ပြုစုနေခဲ့သည့် ကျွန်တော်အားထားရာအစ်ကို ဖြစ်သူ ဓမ္မနာဒတိုက်ကြပ်ဆရာတော်ဘဒ္ဒန္တစန္ဒာသီရိ ပျံလွန် တော်မူသွားခဲ့ခြင်း စသောအကြောင်းများဖြင့် ရေးရန် လက်တွန့်နေခဲ့ခြင်းဖြစ်ပါသည်။

သို့ပါသော် နောင်အခါ မှတ်တမ်းဖြစ်စေခြင်းငှာ ကျွန်တော်သိမီသော ကိုယ်တွေ့များအနက် အဖြစ်အပျက် တစ်ခုကိုရေးသားလိုပါသည်။ ဖြစ်ပျက်သမျှသော ကိစ္စရပ် တိုင်းသည် ကျွန်တော်ကဲ့သို့သော သတင်းသမားတစ်ဦး အတွက် သတင်းများသာဖြစ်ပါသည်။

မကွေးတိုင်း ရေနံချောင်းမြို့သို့ ဆရာတော်ကြီးကြွလာ လျှင် ထိုစဉ်အခါက ကျွန်တော်တို့တိုက်သည် ဆရာတော်ကြီး သီတင်းသုံးရာ ဝိဟာရကျောင်းဖြစ်ခဲ့ပါသည်။ ယာယီစံကျောင်း အင်္ဂါအရပ်ရပ်ညီစေရန် ကုဋီကအစ သီးသန့်ထားရှိသည်။

'တပည့်တော် တပည့်တော်မတို့၏ နေအိမ်ဂေဟာကို ကျောင်းဝိဟာရအဖြစ် လှူဒါန်းပါတယ်'ဟု ဆရာတော်ကြီး ကြွလာတိုင်း ဦးစွာလျှောက်ထားခဲ့ကြရပါသည်။ ကျွန်တော်၏ ဖခင်ဦးဘဖြူ (ကွယ်လွန်)မှာ လမ်းမလျှောက်နိုင်သော အောက်ပိုင်းသေနေသည့် ဒုက္ခိတတစ်ဦးဖြစ်သည်။ မိခင် ဒေါ်တင်အုန်း (ကွယ်လွန်)မှာ လက်ပံတန်းမတင်မြင့် ရွှေ ပြည်အေးဆေးလိပ်ခုံထောင်လျက် ရေနံချောင်းမြို့ ရွာသစ် ရပ်ကွက်၌နေကြသည်။ သားကြီးဖြစ်သူမှာ ရဟန်းဖြစ်၍ ဓမ္မနာဒကျောင်းတိုက် မင်းကွန်းတောင်ရိုး၌ သီတင်းသုံးပါ သည်။

သားကြီးရဟန်းအရှင်စန္ဒာသီရိ(ဓမ္မာစရိယ)ကို အကြောင်း ပြုလျက် ကျွန်တော်တို့မိသားစုသည် ဆရာတော်ကြီးအား အနီးကပ်ဖူးမြော်ပူဇော်ခွင့်ရရှိခဲ့ခြင်းဖြစ်လေသည်။ ကျွန်တော့် အစ်ကိုတော်ရဟန်းက 'သတင်းသမားဆိုတာ မှတ်တမ်း မှတ်ရာထားရတယ်'ဟု သတိပေးချက်ဖြင့် ဆရာတော်ကြီး အား အနီးကပ်ဖူးမြော်ပူဇော်ခွင့်ကြုံကြိုက်တိုင်း ခေါင်းနှင့် မမှတ်ဘဲ လက်နှင့် မှတ်တမ်းမှတ်ရာရေးခဲ့သည်။ ရေးသမျှ အစ်ကိုတော်ရဟန်းအားတင်ပြခဲ့ရပါသည်။ အစ်ကိုတော်သည် ဆရာတော်ကြီးနှင့် နှစ်ပေါင်းများစွာ အနီးကပ်ဖူးမြော်ပူဇော် လုပ်ကျွေးခွင့် သေတပန်ရရှိသွားခဲ့ပါသည်။ ဆရာတော်ကြီး နှင့်ပတ်သက်သမျှ မှတ်တမ်းမှတ်ရာများ မီးလောင်ခံရသဖြင့် ကျွန်တော့်မှာ ပူဆွေးဝမ်းနည်းဖွယ် ကြုံခဲ့ရပြန်ပါသည်။ သို့သော် ဆရာတော်ကြီးပူဇော်ပွဲ၌ တပည့်များ ဒကာဒကာမ များသိကြရန် ဆန္ဒပြင်းပြ၍ သတင်းသမား၏ သတင်းစကား ဦးနှောက်(မှတ်တမ်း)ဖြင့် အဖြစ်အပျက်အား ရေးသားတင်ပြ လိုက်ခြင်းဖြစ်သည်။

၁၉၇၅-ခု၊ ဇူလိုင်လ ၈-ရက်။

ဆရာတော်ကြီးသည် ကျွန်တော်တို့တိုက်အပေါ်ထပ်၌ သီတင်းသုံးနေပါသည်။ ကျွန်တော်သည် ရွာသစ်ရပ်ကွက် ဓမ္မာရုံသို့ကြွလာလျက် တရားပွဲကျင်းပနေသည့် ရန်ကုန်မှ ဓမ္မကထိကဆရာတော်ကြီးတစ်ပါးအား အနီးကပ် ဧည့်ခံနေလေသည်။ ထိုဆရာတော်ကြီးမှာ ဝိဇ္ဇာရေ ဝိဇ္ဇာပညာ မြေလှျိုမိုးပျံ သမထလုပ်ငန်းကျင့်ကြံသည့်ပြင် ဂန္ဓာရီပညာအတတ်များ လေ့လာလိုက်စားဟောပြောသည့် ပုဂ္ဂိုလ်ကြီးဖြစ်၏။

'ဒကာကြီးတိုက်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး သီတင်းသုံးနေတယ်လို့သိရတယ်' ဟု ထိုဆရာတော်ကြီးက ကျွန်တော်အား မေးပါသည်။ ကျွန်တော်က ဟုတ်ကြောင်းလျှောက်ထားလျှင် 'ကြုံကြိုက်တုံး ဘုန်းကြီးလည်း ဆရာတော်ကြီးကို ဖူးချင်တယ်ဒကာကြီး' ဟု ဆန္ဒပြုသည်။ ကျွန်တော့်အနေဖြင့် ဖူးချင်သူအားတားပိုင်ခွင့် မရှိပါ။ သို့သော် ဖြစ်ပါမလားဟု သံသယစိတ်ထားမိလေသည်။ ဓမ္မကထိကဘုန်းကြီးသည် ဝိဇ္ဇာဘုန်းကြီးဖြစ်နေသောကြောင့်ဖြစ်သည်။ ခေတ်လုံး ခေတ်ပြာတို့၏ မဟိဒ္ဓိသိဒ္ဓိများအကြောင်း တွင်တွင်ဟောပြော 'ဟိတ်ခတ်'နေသော ဓမ္မကထိကဘုန်းကြီးအား ကျွန်တော့်ကိုအကြောင်းပြု၍ ဆရာတော်ကြီးနှင့် တွေ့ဆုံပေးရမည်ကို ဝန်လေးနေမိသည်။ ဆရာတော်ကြီးနှင့် ဓမ္မကထိကဘုန်းကြီးတို့ကြား ကျွန်တော် မျက်စိမှိတ်ဝင်လိုက်ရပါသည်။

ထိုနေ့ညနေပင် ဝိဇ္ဇာမိုရ် ဓမ္မကထိကဘုန်းကြီးသည် ကျွန်တော်အကြောင်းပြု၍ ဆရာတော်ကြီးအား အနီးကပ် ဖူးမြော်ခွင့်ရသွား၏။

'ဒီပြာက ရွှေပြာဘုရား၊ သက်ရှည်ကျန်းမာတယ်။ ဒီခေတ်လုံးက သွပ်သေသွပ်လုံး။ ဆရာတော်ကြီးတို့အဖို့ ပလိုပါဘူး၊ တပည့်တော်တို့အဖို့ ဟဲ ဟဲ. . ပရိသတ်လိုတယ်ဘုရား'။

ဝိဇ္ဇာရေ၏ သောင်းပြောင်းထွေလာ ဆရာတော်ကြီးနှင့် တွေ့တွေ့ချင်း လျှောက်ထားချက်များကြောင့် ကျွန်တော် ရင်ခုန်သံမြန်လာပါသည်။ ဆရာတော်ကြီးအနေဖြင့် ထိုခေတ်ဘုန်းကြီးလျှောက်ထားချက်များအပေါ် ဆိတ်ဆိတ်နေသည်။ ခေတ်ဘုန်းကြီးလျှောက်ထားသည့် စကားလုံးတိုင်း တဒိန်းဒိန်း ရင်ဝလာဆောင့်ခံရသူမှာ ကျွန်တော်ဖြစ်ပါ၏။ ဆရာတော်ကြီးအနီးရှိ မြို့ခံဉပါသကာလူကြီးများ၏ မျက်လုံးများက ဝိဇ္ဇာရေခေတ်ဘုန်းကြီးထံမရောက်ဘဲ ဆရာတော်ကြီးနှင့် တွေ့ဆုံပေးသူ ကျွန်တော့်ကိုသာ ကြည့်နေသယောင် ခံစားလာရ၏။ စိတ်လည်း မွန်းကြပ်သည်ထက် မွန်းကြပ်၍လာတော့သည်။

နေလည်းစောင်းသွားပြီ။ နေဝင်ဖြိုးဖျ အချိန်ရောက်လာသော်လည်း ဝိဇ္ဇာရေခေတ်ဘုန်းကြီးသည် သိဒ္ဓိအစွမ်းအကြောင်း ပြောဆိုလျှောက်ထားနေသည်။ ကျွန်တော်သတ္တိမွေးလိုက်ရသည်။ 'အရှင်ဘုရား ညစောစောတရားပွဲမယ်လို့ ကြေညာထားလို့ ရွာလယ်ဓမ္မာရုံတန်စောင်းတွင်း တရားနာတွေ ရောက်လာကြတော့မယ်' ဟု မှုသားသုံး လျှောက်ထားမိပါသည်။ ကျွန်တော် လျှောက်ထားချက်ကို ခေတ်ဘုန်းကြီး အရေးမထားပါ။ သူပြောချင်သော လောကီအကြောင်းများ လျှောက်ထားစဉ် ကျွန်တော်တို့နေထိုင်ရာ တိုက်ကြီးမှာ တောင်နှင့်မြောက်ခါရမ်းသွားပါတော့သည်။

'ငလျင်လှုပ်တယ်ဟေ့ ငလျင်' အသံများ ဆူညံစွာပေါ်ထွက်၍လာ၏။ တိုက်သည် ပတ်ကားတိုက်မဟုတ်၊ လွှာခြင်းနံကပ်ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ဖြစ်သဖြင့် မြေငလျင်ဒဏ်ကြောင့် ပြိုတော့မည်ဟန် ယိမ်းယိုင်လာသည်။ ဝိဇ္ဇာရေခေတ်ဘုန်းကြီးနှင့် ဉပါသကာတချို့သည် က္ကန္ဒြေမဆယ်နိုင်။ မိမိအသက်ဘေး လွတ်ရာလွတ်ကြောင်း တိုက်ပေါ်ထပ်မှ တိုက်အောက်သို့ အမြန်ပြေးဆင်းသွားကြသည်။

'ဆရာတော်ကြီးကော ဆရာတော်ကြီး' မြေကြီးပေါ်ရှိ ပုဂ္ဂိုလ်များ ပြိုတော့မည့်ဟန် လှုပ်နေသော တိုက်အထက်ထပ်မှာ ကျန်နေကြောင်းသိရသည်။ ကျွန်တော်သည် တိုက်ပြို၍ သေမည့်ဘေးအတွက် ပဓာနမထားမိတော့ဘဲ တိုက်အပေါ်ထပ်သို့ပြေး၍ ဆရာတော်ကြီးကို ခေါ်ဆောင်ရန် တက်ခဲ့ရပါတော့သည်။

လှုပ်ရမ်းလှုပ်ရမ်းနေသော ပြိုလုလုတိုက်အပေါ်ထပ်၌ ဆရာတော်ကြီးသည် မူလထိုင်နေစဉ်နေရာမှာပင် ထိုင်နေလျက်ရှိသည်။ မျက်လွှာချထားသည်။ မျက်နှာမူရာမှာ ဇောက်ထိုးမိုးမျှော်ဖြစ်နေပြီဖြစ်သော ကျွန်တော်တို့တိုက် အပေါ်ထပ်ရှိ ဘုရားစင်အခန်းဘက်သို့ ဆရာတော်ကြီး မျက်နှာမူထားလေသည်။ ဆရာတော်၏က္ကန္ဒြေကို ကျွန်တော် ဖူးရင်း တစ်ကိုယ်လုံးကြက်သီးမွေးညှင်းများ ထသွားပါတော့သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကား တည်ကြည်သောကုန္ဒြေရှိပေစွ။ ရဟန္တာအရှင်မြတ်တို့သာ ခံနိုင်သော လောကဓံနှင့်တွေ့ကြုံရရာတွင် ပညာရှိသူတော်ကောင်းပီပီ ကြောက်ခြင်းတုန်လှုပ်ခြင်းကင်းဝေးပေစွ။

၁၉၇၅-ခု၊ ဇူလိုင်လ၈-ရက်၊ ညနေ ၆း၃၅-နာရီအချိန်တွင် မကွေးတိုင်း ပခုက္ကူမြို့ အနောက်တောင်ယွန်းယွန်း မိုင် ၁၂၀-ခန့်ဝေးသောနေရာကို ဗဟိုပြု၍ အင်အားပြင်းထန်သောမြေငလျင်လှုပ်ခဲ့ပါသည်။ ။

ရေနံချောင်း ခင်မောင်မြ

ပန်းချီ ရဲအောင်နိုင်

သာသနာ့မိခင်ကြီး၏ ကာမျာလပက်ာရုပ်များ

တင်အောင်သွင်

မျက်မှောက်ခေတ် ပရိယတ္တိသာသနာဝင်တွင် နေမင်းကြီးသဖွယ် ထွန်းလင်းတောက်ပတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ရေးမည်ဆိုပါလျှင် သစ္စဝါဒီဋီကာကျမ်းပြု သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီ အကြောင်း မပါရှိပါက ပြည့်စုံမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် တိပိဋကဓရ ဆရာတော်ကြီးနှင့် ဆရာကြီး ဒေါ်ဓမ္မစာရီတို့သည် 'ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ'ဆိုသကဲ့သို့ ဆက်နွှယ်လျက်ရှိသောကြောင့်ပင် ဖြစ်ပါသည်။

တိပိဋကဓရဆရာတော်ကို ငယ်စဉ်သာမဏေဘဝကတည်းကစ၍ ပြုစုစောင့်ရှောက် မြေတောင်မြှောက်ပေးခဲ့သောပုဂ္ဂိုလ်ကား ဖော်ပြပါ ဆရာကြီးဒေါ်ဓမ္မစာရီပင်ဖြစ်သည်။ ဒေါ်ဓမ္မစာရီသည် တရားဒေသနာတော်ကို အစဉ်မပြတ် ကျူးရင့်ကြွေးကြော်ရာ ချောင်သေလာဟူသောဗျူပွတ်ကို အစွဲပြု၍ ဓမ္မနာဒကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့သည်။ ထိုသို့ တည်ထောင်ပြီးနောက် အရှင်ပညာစက္ကမထေရ်မြတ်အား ကျောင်းတင်မင်္ဂလာ ကျောင်းလွှတ် ပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပခဲ့လေသည်။

ဒေါ်ဓမ္မစာရီသည် သထုံ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်းဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီးနှင့် အင်းဝဆရာကြီးဆရာအိ (သီလရှင်)တို့ထံတော်၌ ဝိနည်းပိဋကပါဠိတော်၊ အဘိဓမ္မာ ညဝါ၊ ဆန်းကျမ်း၊ နေတ္တိပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းကြီးများကို ပေါက်မြောက်အောင် သင်ယူခဲ့သူ ဖြစ်သည်။ ဒေါ်ဓမ္မစာရီသည် မိမိကိုယ်တိုင်ကလည်း ပညာ တတ်၍ မိမိကျောင်းတင်ကိုးကွယ်တော်မူသော အရှင်ပညာ စက္ကမထေရ်မှာလည်း နိကာယပါရဂူဖြစ်ရကား အလွန် ကျေနပ်ဝမ်းမြောက်ကြည်နူးလှသဖြင့် ဆရာတော်ဘုရား၏ တိပိဋကနိကာယဂုဏ်ကျေးဇူးကိုရည်စူးလျက် အောက်ပါ အတိုင်း ဥဒါန်းကျူးရင့်ခဲ့ပေသည်။

ဆယ်မြင့်မိုရ် ပြန်ပြန်ဆသော်လည်း
စံမမျှတုံပါ၊
အနန္တဂုဏ်ဝါယေ စုံနှစ်ဖြာပါဒေ့။
ဆယ်ချောင်းလက်သမ္ပဟေကို၊
အထူးလေဦးဖြင့်ဆင်၍။
ကျမ်းဂန်တတ်အမြွက်ကိုရှာလျှင်၊
လက္ခဏာအပြေ (ပြည့်)။
သက်တခါမတွေ့လို့ တမြေ့မြေ့ကြည်ညို၊
လူ့နယ်တွင် ခုရွယ်သက်မှာဖြင့်၊
တုဆွယ်ဘက် ကင်းတဲ့ပုဂ္ဂိုလ်။
ရှုဖွယ်ချက် လင်းထုတ်ဆိုလျှင်၊
ကျဉ်းချုပ်ကို ကျမ်းဂန်ညီပါလို့၊
လမ်းမှန်သည့်နည်းဥပဒေ စည်းပြုမသွေ။
ဖန်ဖန်ပြုလို့ ကျန်ငှဝေတယ်၊
မန္တတွေ မှတ်သားစေဖို့လေး။

မင်းကွန်းတောင်ရိုးကြီးသည် အရှေ့ဘက်မှာ ဧရာဝတီ မြစ်ကြီးတည်ရှိလျက် အနောက်ဘက်မှာ ရွှေမြင်တင်တောင် တန်းကြီးကလည်း တောင်နှင့်မြောက်တည်ရှိသဖြင့် သဘာဝ အလျောက် တံတိုင်းကြီးသဖွယ် ကာဆီးလျက်ရှိပါသည်။ မင်းကွန်းတောင်ရွာနှင့် မြောက်ရွာမှာ တန်းလျက်ရှိပြီး ထို ရွာမှ အနောက်ဘက်သို့ထွက်လိုက်လျှင် တောင်ယာကလေး များ၊ တောင်သဇင်တောကလေးများ၊ ခင်တန်းကလေးများ ခြားပြီးမှ သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ ကျောင်းသင်္ခမ်းနှင့်ချောင်များမှာ တောင်ခါးပန်းတစ်လျှောက်၌ တောင်မြောက်စဉ်သွယ်တန်းလျက် အထပ်ထပ်စီရရီတည်ရှိ နေပေသည်။

ထိုချောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ဆရာကြီးဒေါ်ဓမ္မစာရီသီတင်းသုံးရာ ရန်ကုန်အိမ်ကြီးချောင်မှာ လည်း ခက်ရွက်သန်ဖူး ယုက်ကူးသိုင်းမို့ ဆိုင်းဆို့မှိုင်းဝေ ပင်ခြေရှင်းရှင်း သင်းသင်းပျံ့မွှေး တောအရေးနှင့်ပြည့်စုံ၍ တင့်တယ်သာယာလှပါသည်။ လူသံသူသံတို့မှ ကင်းဝေး၍ ဝိဝေကာဘိရတပုဂ္ဂိုလ် ဆိတ်ငြိမ်မှုကို မြတ်နိုးသောပုဂ္ဂိုလ်တို့ အတွက် အလွန်သင့်လျော်သော ဝိဝေကဋ္ဌာနတစ်ခု ဖြစ်ပါ သည်။ မူလကပင် ဝတ်ကြောင်ကိုလွတ်အောင်ရုန်း၍ တရား နှင့်ပျော်မွေ့ခဲ့သော ဒေါ်ဓမ္မစာရီအဖို့ကား ကြည့်လေရာရာ တရားသံဝေဂယူစရာချည်းပင်ဖြစ်ပေတော့သည်။ ထို့ကြောင့် တစ်နေ့သောအခါ အောက်ပါ နိဗ္ဗိန္ဒတေးထပ်တစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပေသည်။

အရှေ့ဝါသုဝေးဝ ခုတွေးဆပြန်လှန်၊
ယနေ့လားနက်ဖြန် ရက်မှန်မသိ။
သင်္ခါရမို့ ဖြစ်ပျက်မှန်တယ်၊
နှစ်သက်ရန် ရွေးမျှမရှိ။
အသုဘ ဒွတ္တိံသာကို၊
ကျွတ်ကိန်းရှာအတိ။
လွတ်ငြိမ်းရာသတိနှင့် သမာဓိတည်ရာ၊
လူ့စည်းစိမ် လျှပ်တပျက်၊
မတပ်မက် ကင်းမှုတော်တာ။
သံဝေဂ တရားရှာလျှင်၊
အလကားဟာတွေဟဲ့ရယ်လို့၊
ဖြေခဲ့ပေါ့ယခုအခါ ငြီးငွေ့စိတ်မှာ။
မင်းကွန်းဘက် ဆိတ်ငြိမ်ရာမှာ၊
နိဗ္ဗိန္ဒာဖြစ်ကြောင်းကွဲ့လေး။

ဆရာတော်၏သာသနာ့မိခင်ကြီး ဖြစ်သည်နှင့်အညီ ဆရာတော်၏ စားပုံသောက်ပုံ နေပုံထိုင်ပုံ ပြောပုံဆိုပုံမှစ၍ သက်န်းဝတ်ရုံပုံတို့ကိုပါ သတိပေးသင်ကြားပြသ ဆိုဆုံးမ လေ့ရှိသည်။ ထိုသို့ဆုံးမရာတွင် တိုက်ရိုက်မပြော သွယ်ဝိုက် သောနည်းဖြင့် 'ကိုရင်၊ ရှေးကဆရာတော်များ ဤသို့ပြောဆို တော်မူကြသတဲ့။ ဤသို့ဝတ်ရုံ ဤသို့စားသောက် ဤသို့ နေထိုင်တော်မူကြသတဲ့။ ဘယ်လောက် အတုယူစရာ အားကျ စရာကောင်းသလဲ' စသဖြင့် ဆုံးမသွန်သင်လေ့ရှိသည်။

တစ်ခါသော် ဆရာတော်ကို အရကျက်စေ၍ မပြတ် သတိရမစေရန် အောက်ပါကေးထပ်ဖြင့် ရေးစပ်သတိပေးခဲ့သည်။

မောင်ဆန်းကြယ် တကယ်မဆန်းချင်နဲ့၊
အရွယ်ကန်းငယ်သည်၊
တကယ်ဆန်းကြွယ်ပယ်လျှင်၊
မဖွယ်မည်အရေး။

မကြုံသင့်ကြုံရမည်ကို၊
တုန်လှုသည်သည်းလှိုက်ဖိုအေး။
မြတ်ဗုဒ္ဓဒေသနာမှာ၊
အရာရာလိုသေး။
ပမာဒါ ခိုမမှေးစေနဲ့၊
ကိုယ်ရေးကို ကိုယ်မျှော်။
သံသရာဘုံဓလေ့ကိုဖြင့်၊
ကြုံမတွေ့ ဝေးကရှောင်နော်။
သာကီဇာတ်တစ်ပါးအမော်ရယ်၊
တရားတော်အခြေမြင့်စေဖို့၊
အဆွေနှင့် ဆရာရှင် ဆုံးမသွန်သင်။
ပြောသမျှသောတဆင်လျှင်၊
လောကတွင် မောင်တင့်ပါလိမ့်လေး။

အထက်ပါတေးထပ်ကို ဆရာတော်စာသင်သားဘဝက ရေးစပ်ပေးခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ဘွဲ့မည်မှာ ရှင်ဝိစိတ္တသာရဖြစ်၍ 'ဝိစိတ္တ' သဒ္ဒါမှာ ဆန်းကြယ်ခြင်းအနက်ကိုလည်းဟောသည်။ ရှင်ဝိစိတ္တသာရဘွဲ့ကို မြန်မာလိုပြန်သော် 'မောင်ဆန်းကြယ်'ဟု အဓိပ္ပာယ်ရလေရာ ဤသည်ကိုရည်၍ ဆရာကြီးဒေါ်ဓမ္မစာရီက'မောင်ဆန်းကြယ် တကယ်မဆန်းချင်နဲ့'ဟု စပ်ဆိုခြင်းဖြစ်သည်။ သောတုဇနစာသင်သားဘဝတွင် ဆန်းဆန်းကြယ်ကြယ်မနေပါနှင့်။ ဝိသဘာဂအာရုံအဆန်းအပြားတွေကိုလည်း မမက်မောပါနှင့် အကယ်၍မက်မောတွယ်တာခဲ့ပါလျှင် ဒုက္ခရောက်ပါလိမ့်မည်ဟူသောသဘောဖြင့် 'သံသရာဘုံဓလေ့ကိုဖြင့်၊ ကြုံမတွေ့ ဝေးကရှောင်နော်'ဟု ရေးဖွဲ့သတိပေးခဲ့ခြင်းဖြစ်ပေသည်။

ဆရာတော်သည် သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီ၏စကားကို မြေဝယ်မကျနားထောင်ခဲ့သည်။ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သည်။ ဤသို့အားဖြင့် ဆရာတော်မျှော်မှန်းခဲ့သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကတည်းဟူသော အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ပေသည်။ သာသနာ့မိခင်ကြီး၏ကျေးဇူးဂုဏ်ကိုလည်း ဆရာတော် မည်သည့်အခါမျှ မမေ့ချေ။ မမေ့ကြောင်းကို ဆရာကြီး ဒေါ်ဓမ္မစာရီ၏ သက်တော် ၉၀-ပြည့် မွေးနေ့အလှူပွဲတွင် ဖတ်ကြားစေအပ်သော ထုတိဝေဒလ္လမင်္လာဂါထာပါ ကောက်နုတ်ချက်က သက်သေခံလျက်ရှိသည်။

ထိုထုတိဝေဒလ္လမင်္လာဂါထာ ကောက်နုတ်ချက်မှာ-

'သာသနမာတုယာ = မင်းကွန်းရွှေတောင် ရန်ကုန်အိမ်ကြီးချောင်၌ ဂုဏ်ရောင်ကျော်ဟည်း ဆရာကြီးဒေါ်ဓမ္မစာရီ နာမည်သစ်လွင် သာသနာ့မိခင်ကြီး၏၊ ထေရပုတ္တသုပါလိတာ=အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုတ္တသားကျော် ဆရာတော်ကို ပူဇော်ချီးမြှောက် ကောင်းစွာစောင့်ရှောက်အပ်သည်၏ အဖြစ်ကြောင့်၊ စက္ကံ = ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်၊ သမုန္နတိံ = ဆဋ္ဌသင်္ဂါယနာမင်္လာသဘင် အောင်ပွဲဆင်၍ အစဉ်ထိန်လင်း တိုးတက်ခြင်းသို့၊ ယာတိ = ကမ္ဘာတွင်မကြုံဖူးအောင် သာသနာဝင် တစ်ဂုဏ်ထူးစေဖို့ ချီးကျူးမကုန် ကမ္ဘာကုန်မျှ သမ္ဘာဟုန်ကဲမောက် ရဲရဲတောက်ပါရမီအာဇာနည်အရှင်တစ်ပါးဟု ထင်ရှားပေါ်ပေါက် အထက်တန်းရောက်ခဲ့လေပြီတကား-ဟုဖြစ်ပါသည်။

စင်စစ်ဆရာကြီးဒေါ်ဓမ္မစာရီသည် ကဗျာလင်္ကာသီဆိုဖွဲ့ဆိုရာ၌သာ ကျွမ်းကျင်သည်မဟုတ်ပါ။ သီဟိုဠ်စာပေနှင့်ပါဠိစာပေတို့ကိုလည်း နိုင်နင်းကျွမ်းကျင် တတ်မြောက်တော်မူပါသည်။ သစ္စဝါဒီဋီကာကျမ်း ပါဠိဘာသာဖြင့် ပြုစုနိုင်သောကြောင့် ရွှေတံဆိပ်ဆုရရှိခဲ့သူလည်းဖြစ်သည်။ သို့ဖြစ်လေရာ လယ်တီဆရာတော်ကြီးတို့လို ပိဋကတ္တယပါရဂူဖြစ်တော်မူကြသော ဂိုဏ်းပေါင်းစုံမှဆရာတော်ကြီးများ၏ ဂုဏ်ပြုချီးကျူးခြင်းခံရသူလည်း ဖြစ်ပါသည်။ အချို့ဆရာတော်ကြီးများကဆိုလျှင် ဆရာကြီးဒေါ်ဓမ္မစာရီ စာမေးလွန်းအားကြီးသည်ကိုရည်ရွယ်၍ 'မင်းကွန်းကဓားမကြီးက အလွန်ထက်သဟေ့၊ အမေးမခံနိုင်ရင် မသွားကြနဲ့'ဟူ၍ပင် မိန့်ကြားတော်မူကြကြောင်း မှတ်သားရဖူးသည်။

သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီသည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိဝိသဇ္ဇက အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်ကြီးကို မွေးထုတ်တော်မူလျက် သာသနာတော်ကြီးအတွက် စွမ်းဆောင်တော်မူသွားခဲ့ပေပြီ။ တစ်ဖန်တိပိဋကဓရဆရာတော်ကြီးသည်လည်း တိပိဋက=နိကာယကျောင်းတိုက်ကြီးများ ဖန်ဆင်းတည်ထောင်ကာ တိပိဋကလောင်းလျာ သာသနာ့အာဇာနည်အရှင်မြတ်များ ပေါ်ထွန်းလာရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။ တကယ်တော့မူ တိပိဋကဓရဆရာတော်ကြီး၏ သာသနာတော်အတွက် စွမ်းဆောင်ချက်များသည် သာသနာ့မိခင်ကြီးဒေါ်ဓမ္မစာရီစိုက်ပျိုးခဲ့သော သာသနာ့သစ်ပင်ကြီးမှ ဝေစည်ဖြာထွက်လာသည့် အကိုင်းအခက်အညွန့်အတက်များပင်မဟုတ်ပါလား။ ။

တင်အောင်သွင်

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ထူးခြားသော အရည်အသွေးများ



ဆရာဝန်တင်ရွှေ

ပါရဂူဘွဲ့ရထိုက်သည့်ကျမ်းကြီးပြုစုပုံ

စာရှုသူတို့ ရွှေတိဂုံစေတီတော်သို့ အကြိမ်ကြိမ် ရောက်ဖူးပါလိမ့်မည်။ ကုန်းတော်ပေါ်မှာ နှံ့စပ်သူဟု အမည်ခံယူကောင်း ခံယူပါလိမ့်မည်။ သို့သော် စာရေးသူက ဥက္ကလာပ မင်းကြီး၏ရုပ်ပုံသည် စေတီတော်၏ မည်သည့် ထောင့်တွင် ရှိပါသလဲဟုမေးသော် မည်သူမျှ ရုတ်တရက် အဖြေပေးနိုင်မည် မဟုတ်၊ တွေ့မြင်ဖန် များပါလျက် အမှတ်မဲ့နေပြီး သတိမပြုမိ၍ တည်နေရာကို အတိအကျ မညွှန်ပြနိုင်ခြင်းဖြစ်၏။

အလားတူပင် မြန်မာနိုင်ငံသားတိုင်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ဖူးခွင့်ရကြပါလိမ့်မည်။ သို့သော် ဆရာတော်ကြီး၏ ထူးခြားသောအရည်အသွေးတို့ကို လူတိုင်း မြင်တွေ့ကြမည်မဟုတ်။ စာရေးသူလည်း အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့၏။ ဆရာတော်သည် ဘဝပါရမီကြောင့် အတန်းတိုင်းမှာ ပညာထူးချွန်ခဲ့၍ ပိဋကတ်သုံးပုံကို အလွယ်တကူ အာဂုံဆောင်နိုင်သည်။ တိပိဋက စာမေးပွဲဖြေဆိုရာ၌ အထောက်အကူ လုံးဝကင်းစင်အောင် ရွတ်ဆိုနိုင်သည်။ ရေးဖြေ စာမေးပွဲတွင်လည်း အမှားကင်းစင်စွာ လက်နှိပ်စက်ဖြင့် မင်ဖျက်မရှိစေဘဲ ဖြေဆိုနိုင်သည်။ ထို့ကြောင့် နှစ်အတိုဆုံး ဂုဏ်ထူးအများဆုံးဖြင့် အောင်မြင်သော ပုဂ္ဂိုလ်ထူး ဖြစ်သည် ဟူ၍သာ မြင်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ဂျပန်နိုင်ငံမှ လန်ဒန်တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် ကြိုးစားနေသော ကော့ကော် အမည်ရှိ အမျိုးသမီးတစ်ဦး မြန်မာနိုင်ငံကို ရောက်လာခဲ့သည်။ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာအမျိုးသမီးတို့၏ဘဝကို ကျမ်းပြုမည်ဖြစ်ရာ ဗုဒ္ဓဘာသာအကြောင်းကို ခရေစေ့တွင်းကျ သိရအောင်လေ့လာခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း ဒေါ်ဉာဏစာရီသီလရှင်စာသင်တိုက်တွင် သီလရှင်ဝတ်ပြီး မြန်မာစာနှင့် ဗုဒ္ဓစာပေကိုလေ့လာကာ အစိုးရ၏ပညာတော်သင် အဖြစ် တစ်နှစ်ကျော် နေထိုင်သွားခဲ့သူဖြစ်သည်။

သူမသည် မြန်မာနိုင်ငံတွင်နေထိုင်စဉ် ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် နေရာအနှံ့ရောက်ခဲ့သလို တွေ့ဆုံသင့်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်အားလုံးနှင့် တွေ့ဆုံခဲ့သည်။ စာရေးသူကလည်း ဒေါ်ဉာဏစာရီစာသင်တိုက်၌ လုပ်အားပေး ဆရာဝန်တစ်ဦးဖြစ်ရာ သူမနှင့်ရင်းနှီးခဲ့ပါသည်။

သူမ လန်ဒန်သို့မပြန်မီ 'မြန်မာနိုင်ငံမှ အထူးခြားဆုံး ပုဂ္ဂိုလ်သည် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဖြစ်သည်' ဟုဆိုခဲ့သည်။ ဆရာတော်ကြီး၏ဂုဏ်ပုဒ်မှာ သူမပြောမှ မြင်ခဲ့မိသည်။

ယင်းတို့ကား-

၁။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မဟာစည်ဆရာတော်မေးသည့်မေးခွန်းများကို တိပိဋကဓရဆရာတော်က ဖြေဆိုသည့်အသံ-ကြည်လင်၏။ ပြတ်သား၏။ သာယာနာပျော်ဖွယ်ကောင်း၏။ အချက်အလက်နှင့် ပြီးပြည့်စုံ၏။ အသံသြဇာနှင့် ပြည့်စုံ၏။ ဆွဲဆောင်နိုင်၏။

၂။ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီးရေးသားခဲ့ခြင်း-

ကမ္ဘာကျော် စာရေးဆရာကြီးအချို့လည်း ဤမျှထုထဲသော အချက်အလက်နှင့်ပြည့်စုံသော ကျမ်းစာအုပ်မျိုးကို ပြုစုနိုင်ကောင်း ပြုစုနိုင်ပါလိမ့်မည်။ သို့သော် လူသိနည်းသောအချက်က ဤကျမ်းစာကိုပြုစုရန် အစိုးရက ကျွမ်းကျင်သောလူပုဂ္ဂိုလ်အချို့ကိုတာဝန်ပေးခဲ့၏။လုပ်ငန်းရှေ့မတိုးခဲ့။ ဤအခြေအနေမှာ ဆရာတော်ကြီးအား ရေးသားပါရန် မေတ္တာရပ်ခံလာသောအခါ ဆရာတော်ကြီးက-(က) သူရေးသား ပြုစုပြီးသည့်အခါ ဘွဲ့တံဆိပ်မပေးရန်နှင့်၊ (ခ) စာမူခ မချီးမြှင့်ရန် မေတ္တာရပ်ခံခဲ့သည်ဟု သိရသည်။

ယခု ဤကျမ်းကြီးပြီးသောအခါ စွယ်စုံကျမ်းအရွယ်စာအုပ်များ ဖြစ်၏။ မြတ်ဗုဒ္ဓ၏ဘဝကို ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အချက်အလက်အားလုံးပြည့်စုံစွာ သူ့နေရာနှင့်သူ ဖြည့်စွက်ထား၏။ ထို့ကြောင့် လူကြိုက်များကာ အကြိမ်ကြိမ်ပုံနှိပ်နေရ၏။ နောက်ထပ်လည်း အကြိမ်မည်ရွေ့မည်မျှ ဆက်လက်ပုံနှိပ် နေရဦးမည်မသိ။

ဤစာအုပ်တွဲ၏စာမူခကို သတိထား တွက်ကြည့်လျှင်-

စာတစ်အုပ်တန်ဖိုး = ၄၀-ကျပ်၊

စာအုပ်တစ်တွဲတန်ဖိုး ၄၀×၈-အုပ် = ၃၂၀-ကျပ်

တစ်ကြိမ်ပုံနှိပ်အုပ်ရေ ၅၀၀၀ = ၅၀၀၀ × ၃၂၀ ကျပ်

= ၁၆၀၀၀၀၀-ကျပ်

ရသင့်သောစာမူခ ၁၀% = ကျပ်တစ်သိန်းခြောက်သောင်း ငါးကြိမ်ထက်မနည်း ပုံနှိပ်ပြီးခဲ့၊ ရရှိမည့်စာမူခမှာ-

၁. ၆ သိန်း × ၅ကြိမ် = ၈-သိန်းကျပ်။

ဤမျှများပြားသော ငွေကြေးကို မည်သူကမရလိုဘဲ ရှိပါလိမ့်မည်နည်း။ အစိုးရထံမှရရှိမည့်ငွေဖြစ်သဖြင့် မည်သူ့ကိုမှလည်း လက်ဖြန့်တောင်းခံနေစရာမလို။ သာမန်လူသားဆိုလျှင် ဤမျှများပြားသောငွေကို ကိုယ်ရေးကိုယ်တာအတွက် မသုံးသည့်တိုင်အောင် မိမိလှူဒါန်းလိုသောကိစ္စများအတွက် အသုံးပြုမိမည်ဖြစ်၏။

ဗုဒ္ဓဘာသာမှာ ကမ္ဘာ့နိုင်ငံအများသို့ ပျံ့နှံ့လျက်ရှိ၏။ ထို့ကြောင့် နိုင်ငံအပေါ်မူတည်၍ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ အမူအကျင့်သည် များစွာကွာခြားလျက်ရှိကြသည်။

အချို့နိုင်ငံများတွင် ဆရာတော်များသည် နိုင်ငံတကာ စီးပွားရေးကုမ္ပဏီများ၌ အစုရှယ်ယာများ ထည့်ဝင်ထားသဖြင့် ဝင်ငွေအမြောက်အမြားရရှိလျက်ရှိရာ သူတို့နေထိုင်သော ကျောင်းတော်များမှာ လွန်စွာခေတ်မီလျက်ရှိ၏။ ခလုတ်တစ်ချက်နှိပ်ရုံနှင့် အလိုအလျောက် ဖွင့်ပိတ်သော တံခါးများ၊ အကောင်းဆုံးကုလားထိုင် အိပ်ရာ စသည်တို့ဖြင့် တန်ဆာဆင်လျက်ရှိ၏။ မြန်မာနိုင်ငံမှာပင်လျှင် အချို့သော ဘုန်းကြီးကျောင်းများမှာ ပြည်သူလူထု၏အဆင့်နှင့် မမီနိုင်လောက်အောင် အဆင့်ကင်းကွာလျက်ရှိ၏။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးမှာမူကား ပြည်သူက အဆင့်အတန်းမည်သို့ရှိရှိ ပင့်ဖိတ်သောနေရာကိုကြွ၏။ ဆရာတော်၏ကျောင်းမှာ အထူးထူးသော အဆောင်အယောင်များမရှိ။ သူ၏တပည့်လက်သားများသီတင်းသုံးရာ မိုးမိတ်ကုန်းမြေကမှ ကျောက်စာတိုက်များ၊ စေတီပုထိုးများဖြင့် အစစအရာရာ ခမ်းခမ်းနားနားရှိသေး၏။ ဆရာတော်သီတင်းသုံးရာမင်းကွန်းရှိ ကျောင်းတော်က ရိုးရိုးသားသားနှင့် တောစပ်အနီးတစ်နေရာဖြစ်၏။

ဤအချက်ကို သူမပြောပြသော်လည်း စာရေးသူက ကောင်းစွာသဘောမပေါက်ခဲ့ပေ။ သဘောမပေါက်ရခြင်းမှာလည်း စာရေးသူကိုယ်တိုင်က ဆရာတော်နှင့် နီးစပ်မှုမရှိခဲ့၍ဖြစ်ပါသည်။

စာရေးသူမှာ ဘွဲ့လွန်ဆရာဝန်ကြီးဆိုသော်လည်း ဆင်းရဲနွမ်းပါးသော အနာကြီးရောဂါသည်များနှင့်သာ အချိန်ကုန်ခဲ့သူဖြစ်၍ ငွေကြေး အထူးချမ်းသာလှသူ မဟုတ်ပါ။ ထို့ကြောင့် ငွေကို သိန်းနှင့် သောင်းနှင့် လှူနေကြသော လူအများစုဝေးရာ မင်းကွန်းဆရာတော်လို ပုဂ္ဂိုလ်မျိုးကို ရှောင်ခဲ့သည်။ စာရေးသူအဆင့်နှင့်တန်သော စာသင်တိုက်များမှာသာ အချိန်ပိုင်းဆေးခန်းများဖွင့်လှစ်ပြီး စိတ်ကျေနပ်မှုရယူခဲ့ပါသည်။

တစ်နေ့တွင် ရန်ကုန် စမ်းချောင်းရပ်ရှိ ဒေါ်ဉာဏစာရီ စာသင်တိုက်အတွက် မှတ်တမ်းစာတစ်အုပ်ရေးရန် အကြောင်းပေါ်လာပါသည်။ စာသင်တိုက်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀-ကျော်ရုံမျှမက သီလရှင်အကျော်အမော်များ အများဆုံးထွက်ပေါ်ရာဌာနလည်း ဖြစ်နေသည်။ အထက်မှ ကချင်, ရှမ်း, ပလောင်။ အောက်ပြည်မှ ဆလုံ, မွန်, ကရင် စသည့် တိုင်းရင်းသူအများအားကိုးရာ ပညာသင်ကြားရာဌာနကြီးဖြစ်၍ မှတ်တမ်းမှတ်ရာများ ရှိသင့်သည်ထင်သဖြင့် စာရေးသူ ကြိုးစားရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ စာမူက ပြီးပြီ။ သို့သော် စကားချီးရေးပေးဖို့ လိုသေးသည်။

မင်းကွန်းဆရာတော်ကို သတိရမိသည်။ ဆရာတော်သည် မွေးနေ့ရောက်တိုင်း ရဟန်းသာမဏေများကိုသာမက သီလရှင်များကိုပါ နှစ်စဉ် ပစ္စည်းပြန်လည်လှူဒါန်းပါသည်။ ဖြစ်၏။ သို့သော် ဆရာတော်တို့လို မအားမလပ်သောပုဂ္ဂိုလ်က ဤဌာနမျိုးအတွက် စာမူရေးသားချီးမြှင့်နိုင်ပါ့မလား၊ ဆရာတော်က ရေးသားချီးမြှင့်ခဲ့သော် သီလရှင်များရှေ့ရေး

အတွက် များစွာကြည်လင်သွားစရာရှိ၏။ ထို့ကြောင့် မဝံ့မရဲနှင့် ဆရာတော်အား စာမူချီးမြှင့်ပါရန်စာဖြင့် တောင်းခံမိပါသည်။

သုံးလကြာသွားပြီ။ ဆရာတော်ထံမှ အဖြေပြန်မရ။ စာရေးသူ၏စာမူက အသင့်ဖြစ်နေပြီ။ ထို့ကြောင့် ဆရာတော်သီတင်းသုံးရာ ရန်ကုန် တိပိဋကကျောင်းတော်သို့ မဝံ့မရဲသွားရောက်စုံစမ်းခဲ့မိသည်။ ဆရာတော်ကမရှိ၊ ခရီးထွက်နေသည်။ ဒုတိယတစ်ကြိမ်သွားပြန်သည်။ ဆရာတော်ကမရှိ။ ဤနည်းဖြင့် ခြောက်ကြိမ်ခြောက်ခါက်မြောက်သွားပြီးသောအခါ မှန်မှန်ဝန်ခံရလျှင် စိတ်က အတော်လေးခုသွားမိသည်။ မချီးမြှင့်နိုင်လျှင်လည်း ပြီးတာပဲ။ သိသိသာသာပြတ်ပြတ်သားသားသိချင်လှသည်။ ဂေါပကများကို မေးမြန်းတော့လည်း မရေမရာသောအဖြေကိုရ၏။

ဤလိုနှင့် ခုနစ်ကြိမ်မြောက် ထပ်မံကြိုးစားသောအခါ 'ဆရာတော်ကျောင်းပေါ်မှာရှိနေသည်၊ သွားရောက်စုံစမ်းကြည့်ပါ'ဟု အောက်မှပြောလိုက်သဖြင့် ဆရာတော်၏အခန်းသို့တက်သွားမိသည်။ စာရေးသူ၏ စိတ်ထဲမှာတော့ ကြောက်သလိုလို ရွံ့နေသလိုလို အမျိုးစုံအောင်ခံစားနေရသည်။

ဆရာတော်ကိုပက်လက်ကုလားထိုင်ပေါ်၌ စာတစ်အုပ်ဖတ်နေသည်ကို ဖူးတွေ့ရသည်။ ကြမ်းပြင်အခင်းကလည်း အထူးသားနားခြင်းမရှိ။ သာမန်ကော်ဇောအဟောင်းတစ်ချပ်ကို ခင်းထားသည်၊ ခုတင်ကလည်းအဟောင်း၊ မွေ့ရာထူထူထဲထဲမရှိ။ ခြင်ထောင်ကလည်း အရောင်အဆင်းကင်းမဲ့နေသေးသည်။ ခြင်ထောင်ကို တင်ထားရာတွင် မသေမသပ်ရှိသဖြင့် အစတစ်ဖက် အောက်ကိုကျနေသည်။ ခြင်ထောင်ဇာက သုံးလက်မလောက် ထောင့်စုတ်နေသည်ကို အပ်ချည်ဖြင့် သီထားသည်ကို အထင်အရှား မြင်တွေ့ရသည်။ ခေါင်းအုံးစွပ်ကလည်း ဖြူဆွတ်နေခြင်းမရှိ။ သို့သော် သပ်သပ်ရပ်ရပ်တော့ရှိသည်။ မနှိုင်းစကောင်း နှိုင်းရလျှင် ဆရာတော်၏အိပ်ရာမှာ သာမန်ငွေကြေးပြေလည်သူတစ်ယောက်၏အိပ်ရာလောက်ပင်တန်ဖိုးမရှိ။ စာရေးသူကျောချမ်းသွားမိသည်။ ကြက်သီးများပင်ထမိသည်။ ဆရာတော်အပေါ် စာရေးသူထားရှိခဲ့သောအမြင်နှင့်အသွင်မှာ များစွာကွာခြားနေသောကြောင့် ဖြစ်ပါသည်။

ထိုစဉ် ရဟန်းတစ်ပါးကြွလာသည်။ စာရေးသူက အဆိုပါရဟန်းအား သူလျှောက်ထားလိုတာကို အရင်လျှောက်ထားရန် ခွင့်ပေးလိုက်၏။ အဆိုပါရဟန်းက 'သူဟာ ကချင်ပြည်နယ်မှဖြစ်ကြောင်း၊ ဆရာတော်အား သူ၏မြို့နယ်သို့ကြွရောက်ပါရန် ပင့်ဖိတ်လိုကြောင်း၊ ဆရာတော့်အလှူမှာ သူ၏ဒကာဒကာမများ ပါဝင်လိုကြောင်း၊ ဆရာတော်ကိုလည်း ကိုယ်တိုင်ကိုယ်ကျဖူးတွေ့လိုကြကြောင်း၊ သူနေထိုင်သောဒေသမှာ ခရစ်ယာန်ပေါများ၍ ဝတ္ထုပစ္စည်းအလှူတော့များများရစရာမရှိကြောင်း၊ သို့သော်ရှေ့အလားအလာသာသနာအတွက် ဆရာတော်ကိုယ်တိုင် ကိုယ်ကျကြွရောက်နိုင်မည်ဆိုလျှင် ခရီးကကြမ်းတမ်း၍ ဆရာတော်၏ကျန်းမာရေးအတွက် ဂေါပကလူကြီးများက မလိုက်စေလိုကြကြောင်း' စသည်ဖြင့်လျှောက်ထားရာ ဆရာတော်က-

'တပည့်တော် ဆင်းရဲချမ်းသာမရွေး ပင့်သောနေရာကို ကြိုးစားလိုက်ပါသည်။ အခုလို ခေါင်တဲ့ဒေသမျိုးကို တပည့်တော်က ပိုပြီးလိုက်ချင်သေးတာပ၊ ခရီးကြမ်းတာကကိစ္စမရှိပါဘူး၊ အောက်မှာပြောထား၊ တပည့်တော်လိုက်ဖို့ သဘောတူပါတယ်လို့'-ဟု မိန့်ကြားလိုက်သဖြင့် စာရေးသူမှာ ကြက်သီးမွေးညင်းများပင် ပို၍ထမိပါသည်။

ပြီးတော့ စာရေးသူ၏အလှည့်။

စာရေးသူက 'သမိဒ္ဓေါဒယဒေါ်ဉာဏစာရီစာသင်တိုက်မှတ်တမ်းအတွက် စာမူရေးသားထားပါသလားဘုရား'ဟု လျှောက်ထားရာ ဆရာတော်က-

'အေး. . . ဒကာမရသေးဘဲကိုး၊ ဘုန်းကြီး စာတိုက်နှင့်ပို့ထားတာကြာပြီပဲ၊ နေဦး'ဟုဆိုကာ သူ၏ဖိုင်တွဲကို ဖွင့်ရှာပါသည်။ ပြီးနောက် ဆရာတော့်လက်ထဲမှ လက်နှိပ်စက်ဖြင့်ရိုက်ထားသည့်မိတ္တူကို စာရေးသူအားပေးပါသည်။

စာရေးသူ ဆရာတော်အပေါ် အထင်မှားမိသည်ကို ဘယ်လိုဟောင်းပန်ရမည်မသိ။

စာမူရလာခဲ့ပြီ။ စာရေးသူရေးသားထားသောစာအုပ်နှင့် ပေါင်းစပ်လိုက်လျှင် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သက်ဆိုင်ရာသို့ စာမူကို စာအုပ်ဖြစ်အောင် ထိုးအပ်လိုက်သည်။ သို့သော် အကြောင်းတစ်ခုကြောင့် စာမူမှာ ယနေ့တိုင် စာအုပ်ဖြစ်မလာနိုင်သေး။ စာရေးသူ ရှက်မိပါသည်။

သို့သော် စာရေးသူရလိုက်သောအကျိုးက ဆရာတော်သည် ပြည်သူ့ဘက်က အမြဲရပ်တည်သော၊ အဆောင်အယောင်အခမ်းအနားတွေကို အထူးမလိုလားသော၊ စာပေရေးရာတွင် လွန်စွာတိကျမြတ်နိုးသော ပြည်သူ့ဆရာတော်ဟူ၍. . .။

စာရေးသူ အထင်မှားမိသည်ကို ကန်တော့တောင်းပန်လျက်. . .။ ။

ဆရာဝန်တင်ရွှေ

ဓမ္မပူဇာပါဘုရား

ဓမ္မစရိယ ဦးဌေးလှိုင်

'နေ့စဉ်နေ့တိုင်း ပိဋကတ်သုံးပုံကို ရွတ်ဖတ်ပူဇော်သည်' ဟူသောစကားကို ကြားရရုံမျှဖြင့် အတုယူစရာ အံ့သြစရာများ တသီကြီးထွက်ပေါ်လာ၏။

၁။ ဘုရားဟော ပိဋကတ်ပါဠိတော်များကို ယေဘုယျအားဖြင့် စာကြည့်တိုက် ဗီရိုများ၌ တရိုတသေ ပူဇော်ထားရုံသာထားကြသည်။ အာဂုံဆောင်ဖို့ကိုထား၍ စာကြည့်ပြီး ရွတ်ဖတ်ပူဇော်ရန်ပင် စိတ်ကူးအာရုံမပေါ်ကြ။ 'ဤသို့ ပြုလုပ်ရသော် ကောင်းလေစွ' ဟု အကြံဖြစ်သူ ရှားပါးလှ၏။

၂။ ထိုစိတ်အကြံဖြစ်ပေါ်သည့်တိုင်အောင် ပိဋကတ်သုံးပုံ ပါဠိတော်အုပ်ရေ-၄၀ ကို အစမှ အဆုံးတိုင် တစ်ခေါက်ပေါက်ရုံမျှ ရွတ်ဖတ်ပူဇော်ဖို့ပင် တော်တော့်သဒ္ဓါဝီရိယနှင့် မလွယ်ကူ၊ အဓိဋ္ဌာန်ပါရမီ ပြည့်ညီမှသာ အောင်မြင်နိုင်၏။

၃။ ထို့ထက် နေ့စဉ်ဝတ်ထား၍ ရွတ်ဖတ်ပူဇော်ရန်မှာ သာ၍ပင်ခက်ခဲလေပြီ။ နေ့စဉ်နေ့တိုင်း ဝတ်မပျက် တစ်သက်လုံး ပူဇော်သည်ဟုဆိုလျှင်ကား လူသာမန်တို့ ယုံကြည်ရန်ပင် မလွယ်ကူတော့ချေ။

ထိုသို့သော အာဇာနည်အရှင်မြတ်ကား မြန်မာနိုင်ငံ၌ အမှန်တကယ်ရှိခဲ့၏။ အာဇာနည်တို့မည်သည် အကြောင်းအရာတစ်ခုကိုရှုမြင်ရာ၌ လူသာမန်တို့မြင်သလိုမမြင်၊ ထို့ကြောင့်လည်း-

၁။ လူသာမန်တို့ကြံသော အကြံမျိုးကို မကြံကြ၊

၂။ လူသာမန်တို့ကဲ့သို့ မပြော၊

၃။ လူသာမန်တို့လုပ်သလို မလုပ်။

ထို့ကြောင့်ပင် အာဇာနည်မည်၍ ထိုအာဇာနည်တို့၏ စိတ်နေ, သဘော, အပြော, အလုပ်တို့ကို လူသာမန်တို့ အတုယူလိုက်နာဆောင်ရွက်ဖို့ကိုမဆိုထားဘိ၊ ယုံရမည်ကိုပင် ဝန်လေးနေတတ်ကြသည်မှာ လောက၏ဓမ္မတာပင်။

ရွတ်ဖတ်ပူဇော်ပုံ အစီအရင်

စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ရကြောင်း သမထ, ဝိပဿနာ အလုပ်ကို မဆိုထားဘိ၊ ဝတ်တက်ဝတ်ကပ် ရွတ်ဖတ်ပူဇော်သော အခြေခံအပိုင်းမှာပင် လူသာမန်တို့နှင့် ကွာခြားချင်တိုင်း ကွာခြားနေ၏။ လူသာမန်တို့ကား အသက်ကြီးသောအခါ ဘုရားရှေ့သွားပြီး ဩကာသကန်တော့ခန်း၊ သီလတောင်း ဂုဏ်တော်ပါဠိအနက်မျှလောက်ကိုပင်မရ။ ဘာသာစာပေများကို တစ်အုပ်ပြီးတစ်အုပ် ဝယ်ယူဖတ်ရှုလေ့လာနိုင်သူ၊ ဘာသာရေးသင်တန်းကြီးများ တက်ရောက်နေသူတို့ပင် ပရိတ်ကြီး ၁၁-သုတ်ကိုမျှ အာဂုံမရ။ ဓမ္မာစရိယတန်းလောက်ပေါက်မြောက်သူ ပါဠိဆရာကြီးများပင် ဓမ္မစကြာ၊ အနတ္တလက္ခဏာ၊ သတိပဋ္ဌာန်များကို အမိအရရှိဖို့ထား၍ ဂုဏ်တော်ဖွင့်နှင့် ပရိတ်လောက်ကိုပင် မေ့ပျောက်နေတတ်ကြရာ ပိဋကတ်သုံးပုံကို နေ့စဉ်ရွတ်ဖတ်ပူဇော်သော ဆရာတော်အကြောင်းကို ပြောပြရသည်မှာ ပြောရသူကိုပင် အားပျက်စရာ ကောင်းနေပေတော့သည်။

သို့သော် မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူဦးစ တရားဟောရန် စိတ်အကြံတော် တွန့်ဆုတ်နေသောအခါ သဟမ္ပတိပြဟ္မာမင်းကြီးလျှောက်သော 'ဟောလျှင် သိမြင်နိုင်မည့်သူများ ရှိပါသေးသည်'ဟူသကဲ့သို့ မူလက စိတ်ကူးအကြံမရ၍ မလုပ်မိခဲ့သော်လည်း 'တုယူအားကျမည့်သူများ ရှိနိုင်ကောင်း၏'ဟုအားတင်းကာ ရေးသားဖော်ပြရပါသည်။ အနည်းဆုံး ထိုဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ပူဇော်ရ ဖတ်ရှုကြည်ညိုရသော ကုသိုလ်စိတ်ကိုမူ ရေးသူဖတ်သူ နှစ်ဦးနှစ်ဝရရှိကြမည်မှာ မလွဲပါချေ။

ထိုဆရာတော်ကြီးကား ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး၏ယဲ့ဆရာ မင်းကွန်း မူလဓမ္မနာဒဆရာတော်ကြီးဦးပညာစက္က (၁၂၇၇-၁၂၉၉) ပင် ဖြစ်ပါသတည်း။

မူလ ဓမ္မနာဒဆရာတော်ကြီးသည် သက်ရှယ်တော် ခပ်ငယ်ငယ်ကပင် ကျောင်းရှိပိဋကတ်သုံးပုံပါဠိတော်စာအုပ်များ၊ ဓမ္မစေတီများကို ဘုရားရှေ့၌ စားပွဲများခင်းလျက် စားပွဲပေါ်၌ စနစ်တကျ အမြဲပူဇော်ထားရှိ၏။

ဝိနည်းငါးကျမ်းပါဠိတော်၊ သုတ္တန်သုံးကျမ်းပါဠိတော်၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိတော်၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ နိကာယ်အလိုက် စားပွဲပေါ်တန်းစီစေလျက် မြတ်စွာဘုရားရှင်အား ပူဇော်သကဲ့သို့ ပန်းဆီမီးမှအစ သီးခြားပူဇော်၏။ အထူးသဖြင့် နံ့သာရေမွှေးများဖြင့်လည်း ထုံမွှမ်းဆွတ်ဖျန်းပူဇော်တော်မူ၏။ 'ဓမ္မံ ပူဇေမိ'ကို လက်တွေ့ အဓိပ္ပာယ်ဖွင့်ပြနေသကဲ့သို့ရှိသည်။ ဝါဆိုလဆန်း ၁-ရက်နေ့မှစတင်၍ ရွတ်ဖတ်ပူဇော်ရာ တစ်နှစ်တာ ကုန်ဆုံးသောရက်တွင် ပိဋကတ်သုံးပုံ အစအဆုံး ရွတ်ဆိုပူဇော်ပြီးဖြစ်၏။ ဆရာတော်၌ တစ်နေ့တာ ရွတ်ဖတ်ပူဇော်မှု စံနှုန်းရှိနေပြီးဖြစ်သည်။ တစ်ဖန် ဝါဆိုလဆန်း ၁-ရက်ရောက်ပြန်လျှင် ဝိနည်းငါးကျမ်းမှစကာ တစ်ကြော့ပြန်၍ တစ်နှစ်တာ စ,ပြန်လေသည်။

'ဓမ္မနာဒ=တရားရင့်ကျူးကြွေးကြော်ရာ ကျောင်းတိုက်'ဟူသော အမည်သည် မည်ကာမတ္တ မှည့်ကာမတ္တ မဟုတ်။ အလုပ်နှင့်အပြော တစ်သဘောတည်းဖြစ်သကဲ့သို့ အမည်နှင့်အရည် အသံနှင့်အဆံလည်း တစ်ကြိတ်တည်း ကိုက်ညီကာ အနွတ္ထသညာဖြစ်လေတော့၏။

ပိဋကတ်သုံးပုံဆောင်ဆန္ဒ နှိုးဆွသယောင်

ဆရာတော် နေ့စဉ် ဓမ္မစေတီပါဠိတော်များကို ဖုန်သုတ်ခြင်း၊ အမွှေးနံ့သာများဖြင့်ပူဇော်ခြင်းများ ပြုလုပ်နေသည်ကို တွေ့မြင်နေရတာပင်လျှင် ကြည်နူးဖွယ်ကောင်းလှ၏။ ဆရာတော့် အမူအရာမှာလည်း တည်ငြိမ်အေးချမ်းလှဘိသည်။

အမွှေးနံ့သာ ပန်း ဆီမီး ရေချမ်းများ ပူဇော်ပြီးလျှင် ဓမ္မစေတီများအနီး ကြမ်းပြင်၌ ကျုံ့ကျုံ့ကလေးထိုင်ကာ လက်အုပ်ချီလျက်က စာတင်ခုံအမြင့်၌ အနေတော်လှန်ချထားသောပါဠိတော်များကို တစ်လုံးချင်း ပီပီသသ လေးလေးပင်ပင် ရွတ်ဖတ်ပူဇော်လေ့ရှိ၏။

နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော ထိုမြင်ကွင်းမှာ ယေဘုယျ ကိုရင် ဦးပဉ္စင်းများအဖို့ ကြည်ညိုရသည်မှအပ မထူးခြားလှသော်လည်း ကိုရင်ဝိစိတ္တသာရ၊ ဦးပဉ္စင်းကလေးအရှင်ဝိစိတ္တသာရာဘိဝံသ အတွက်ကား ဖော်မပြနိုင်သော ခံစားချက်များကို ဖြစ်ပေါ်စေခဲ့၏။ အခိုက်အကန့်အားဖြင့်

ငုပ်ကွယ်နေသော မြင့်မြတ်သည့် ဆန္ဒစာတ်တစ်ခုကို နှိုးဆွပေးနေသယောင်ရှိတော့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် အစဉ်အလာ စာမေးပွဲများ အဆင့်ဆင့် အမြင့်ဆုံးနေရာကချည်း ဖြေဆိုအောင်မြင်ပြီးသောအခါ မိမိငယ်ဆရာ နှိုးဆွပေးလိုက်သော သဒ္ဓါဆန္ဒများ တစ်နေ့တခြား ကြီးထွားလာ၏။ သို့နှင့် အထူးကြည်ညိုလျက်ရှိခဲ့သော ပါဠိတော်သုတ္တန်ကြီးအချို့ကို အာဂုံကျက်၍ပင် နေ့စဉ် ရွတ်ဖတ်ပူဇော်နေခဲ့၏။

ပိဋကတ်မှော်ပေါက်တာ သူများကိုမပြောနှင့်

ရွတ်ဖတ်ပူဇော်ဖန်များလာသောအခါ အရှင်ဝိစိတ္တသာရာဘိဝံသ၌ ထူးခြားသောအသိအမြင် အတွေးအခေါ်များ ဝင်လာ၏။ မြတ်စွာဘုရားရှင်အပေါ်ကြည်ညိုမှု၊ ရွတ်ဖတ်ရင်းရွတ်ဖတ်ရင်း ယခင်ကမဖြစ်ဖူးသော အသိဉာဏ်များ လျှပ်စစ်ဘတ်သီးပွင့်သလို ပွင့်လာမှုများ တစ်နေ့တခြား ဖြစ်ပေါ်လာ၏။ နှစ်,လချီ၍ ကြာသည်ထက် ကြာလာသောအခါတွင်ကား ထိုမျှလောက်မက နေမှုစားမှု ကျန်းမာရေးပတ်ဝန်းကျင်က မိမိအပေါ် ခင်မင်လေးစားသဘောထားမှု၊ မိမိဖြစ်လို လုပ်လိုသောအရာများ အထူးကြောင့်ကြမစိုက်ရဘဲ အလွယ်တကူပြီးစီးအောင်မြင်မှု စသည်ဖြင့် မိမိကိုယ်ကိုယ်မိမိ အထင်ကြီးလောက်အောင်၊ အတွေးအယူ မတည့်မတ်သူများအဖို့ တန်ခိုးကြီးသောပုဂ္ဂိုလ် တစ်စုံတစ်ယောက်က အမြတ်မ်းစောင့်ရှောက်ကူညီပြီး 'လိုတာတွေ အကုန်ပြည့်အောင် ပါရမီဖြည့်နေ၊ မ,စနေသလား၊ တိပိဋက မှော်ပင်ပေါက်နေရော့သလား' ထင်ရလောက်အောင်ပင် စဉ်းစားစရာတွေ ထူးခြားသောခံစားမှုတွေ များစွာဖြစ်ပေါ်လာလေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုအသိအမြင် ခံစားချက်များကို မျိုသိပ်မနေနိုင်ဘဲ ဓမ္မနာဒဆရာတော်ကြီးအား ဖွင့်ဟ၍ပင် လျှောက်ထားမိလေတော့၏။ ပထမတွင် ဆရာတော်ကြီးကား ကြည်နူးစွာ ပြုံးလျက်ပင်နေတော်မူ၏။ ပိဋကတ်ကိုရွတ်ဖတ်ပူဇော်ရခြင်း၏ အကျိုးကျေးဇူးကို အတန်အသင့်ရိပ်စားမိလာသော တပည့်တစ်ဦးပေါ်လာ၍ များစွာလည်း အားတက်တော်မူဟန်ရှိသောအပြုံး၊ နှလုံးငြိမ်းချမ်းသောအကြည့်ဖြင့် ရွှန်းရွှန်းကြီး ကြည့်တော်မူကာ-

'အင်း. . . ဦးပဉ္စင်း၊ ဒီအကြောင်းကို သူများတွေ လျှောက်မပြောနှင့်၊ မလုပ်တဲ့သူတွေက ဘယ်လိုမှယုံကြမှာ မဟုတ်တော့ ငရဲကြီးတတ်တယ်။ ဒါတင်မကဘူး၊ ဦးပဉ္စင်းယောနိသော မနသိကာရ မထားတတ်တဲ့ လူတွေအဖို့ ဦးပဉ္စင်းတို့ ငါတို့ ဒီလိုအမြဲပူဇော်နေတာကိုပဲ ဘုန်းကြီးချင်လို့၊ သိဒ္ဓိတွေပေါက်ချင်လို့ ထင်မှတ်ပြောဆိုမိရင် တို့များလည်း မကောင်းဘူး၊ ပြောတဲ့လူလည်း မကောင်းတော့ဘူး'ဟု မိန့်တော်မူလေသည်။

ကမ္ဘာပေါ်မှာ အမြတ်ဆုံး စကားလုံးများ

'သူများတွေကို မပြောပါဘူးဘုရား၊ ဘုရားတပည့်တော်စိတ်ထဲမှာ သဘောပေါက်လာတာကိုသာ လျှောက်စမ်းကြည့်တာပါ'ဟု လျှောက်ရလေ၏။

ဤနေရာ၌ ပိဋကတ်ရွတ်ဆိုပူဇော်မှု အာနိသင်ကို ကိုယ်တွေ့သဘောပေါက်နေသူ အရှင်ဝိစိတ္တသာရာဘိဝံသ မဟုတ်မူ၍ အခြားတစ်ပါးပါးသာဖြစ်ပါမူ ဆရာတော်သည် အောက်ပါစကားများကို ဆက်လက်ဖွင့်ဆို မိန့်ကြားတော်မူလိမ့်မည်ဟု မျှော်လင့်ရပါသည်။

'အေး. . . မပြောနှင့်၊ ကိုယ်သိ ကိုယ့်ဝမ်းထဲမှာပဲထား၊ ဒီမှာဦးပဉ္စင်း၊ ပါဠိတော်သုတ်တိုင်းမှာလိုလို ဦးပဉ္စင်းတို့နေ့စဉ်တွေ့နေတဲ့ 'အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ၊ ဗြဟ္မစရိယ ပရိယောသာနံ' ဆိုတဲ့ ဂုဏ်ပုဒ်တွေဟာ ဒီဘုရားဟောတရားတော် ပါဠိတော်တွေရဲ့ ဂုဏ်တွေပဲမဟုတ်လား။ အစ,အလယ်,အဆုံးကောင်းတယ်။ သဒ္ဒါအနက်ပြည့်စွက်ပယ်နုတ်စရာမရှိ၊ အပြည့်စုံဆုံး အကောင်းဆုံး အကျင့်တရားအတွက် တပ်ပေးလိုက်တဲ့ တရားစကားတွေ။

'သွာက္ခာတော ဓမ္မော-ဆိုရင်ပဲ ပဋိပတ်သာမက ဒီစာပေ ပရိယတ္တိ ပါဠိတော်စကားလုံးတွေ အကုန်ပါသွားတယ်။ သည့်အပြင်ဟာမပြောပါနှင့်၊ ပါဠိတော်စာအုပ်တွေမှာ သုတ်တစ်ခုမှာ ပထမဆုံးတွေ့ရတဲ့ 'ဧဝံ မေ သုတံ'ဆိုတဲ့ စာပိုဒ်ကိုက ဟော. . . ပျက်နေတဲ့ ဝိပတ္တိစက်လေးပါးစလုံး တစ်ခါတည်း လည်ပတ်သွားစေတယ်။ ရွတ်တဲ့ဖတ်တဲ့ နာကြားတဲ့ သတ္တဝါတွေ လူတွေ နတ်တွေ ဗြဟ္မာတွေ အားလုံး အကုန်လုံး သမ္ပတ္တိဆိုက်ပြီး အစီးပွားချမ်းသာတွေ ရသွားစေနိုင်တယ် ဆိုတာကို ဖော်ပြတာပဲမဟုတ်လား၊ ဒီလောက် ကျေးဇူးများတဲ့ စကားလုံးတွေ။

'ဘာသာတစ်ရာ့တစ်ပါးမှာ ဘယ်ဘာသာစကားကို ပြောဆိုရွတ်ဖတ်လို့မှ ပဋိသမ္ဘိဒါပတ္တ မဖြစ်စေနိုင်ဘူး မဟုတ်လား။ မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်တွေကျတော့ သင်ကြား ရွတ်ဖတ်ရတယ်ဆိုရင်ပဲ ပဋိသမ္ဘိဒါဉာဏ် ရစေနိုင်တယ်။ ဒီလောက်တန်ဖိုးရှိတဲ့ ဘာသာစကား။ ခုနကပြောတဲ့ သာတ္ထံ သဗျဉ္ဇနံဆိုတာ ဒီပဋိသမ္ဘိဒါဉာဏ်တွေပါ ပါသွားတယ်။ ဦးပဉ္စင်းတို့ အဋ္ဌကထာကြည့်ရင် ဒါတွေပဲ ထပ်ချည့်တလဲလဲ တွေ့နေရတာ။ ဘေဒစိန္တာမှာ ဒါကိုပဲ 'သော ဟာ,

နုဿဝန် ပဋိသမ္ဘိဒါယ စ ပစ္စယော' ဆိုပြီး အာဂုံဆောင် ဂါထာရေးထားတာမဟုတ်လား။

'အေး. . . ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးတွေ ရစေနိုင်တာ ဘာမှမဆန်းဘူးဦးပဥ္စင်း။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စီးပွားဥစ္စာ, အင်္ဂါခြေလက်, အသက်ပေါင်းများစွာစတေးပြီး ဆည်းပူးမှ ရရှိတော်မူတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟော ထားတဲ့ စာတွေ, တရားတွေဆိုတော့ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းက အင်အားသတ္တိတွေ တန်ခိုးတွေ စကားလုံးတိုင်း မှာ အကုန်ပါဝင်ကိန်းအောင်းနေတာ။ ဒါကြောင့် အဲသလို အကျိုးတွေများတာ၊ တစ်လုံးတစ်ပါဒ ရွတ်ရဖတ်ရနာရ ကြားရရုံနှင့် ဒီလိုဂုဏ်ကျေးဇူးတွေရနိုင်တာ။ ဒါ့ကြောင့် သုတ္တနိပါတ်ပါဠိတော် သုဘာသိတသုတ်မှာ -

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊
ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊
သာ ဝေ ဝါစာနမုတ္တမာ။

'ဒါ့ကြောင့် ကမ္ဘာပေါ်မှာ ဘာသာစကားတွေအနက် ဘုရားရှင်ရဲ့ စကားလုံးတွေဟာ စကားလုံးတိုင်း စကားလုံး တိုင်း နိဗ္ဗာန်ရောက်ကြောင်း၊ ဒုက္ခကင်းကြောင်း၊ ချမ်းသာ ကြောင်းဖြစ်လို့ အမြတ်ဆုံး အကောင်းဆုံး စကားလုံးတွေလို့ ဟောတော်မူတာ။

အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်မှာ ဟောတဲ့ အတိုင်းပေါ့။ နာမိကြည့်မိတော့ ကျက်ထား၊ ဆောင်ထားပြီး (ဓာတာ)၊ နှုတ်ကရွတ်မယ်(ဝစသာပရိစိတာ)၊ ရွတ်တော့ စိတ္တာမယဉာဏ်နဲ့ အနက်အဓိပ္ပာယ် စဉ်းစားရော (မနသာ နုပေက္ခိတာ)၊ နောက် ဘာဝနာမယဉာဏ်နဲ့ လက်တွေ့ဖြစ် အောင်လုပ်တယ် (ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ)။ ဒီတော့ မဂ်,ဖိုလ် နိဗ္ဗာန်ဟာ အနေးနဲ့အမြန်ရတော့တာပဲ။ ဒီလောက်ကြီးကျယ် မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေရှိနေလေတော့ ဒီဘုရား စကားတွေ ရွတ်လို့ဖတ်လို့ကြားနာရလို့ ဘယ်လိုအန္တရာယ် ကင်းတယ်။စီးပွားဥစ္စာတိုးတယ်ဆိုတာတွေဟာအမည်တပ်ပြီး ဘာမှပြောစရာမလိုတော့ဘူး'ဟုလည်း မိန့်တော်မူလေ၏။

ကျေးဇူးရှင် တိပိဋကဓရမင်းကွန်းဆရာတော်ကြီး ပိဋကတ်သုံးပုံဆောင် တစ်ပါးတည်းသော တရားဘဏ္ဍာစိုး ကြီးဖြစ်တော်မူရာ၌ မူလဓမ္မနာဒဆရာတော်ကြီး၏ ပိဋကတ် သုံးပုံကို နေ့စဉ်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ယင်းသို့သော အဆုံး အမတို့သည် ပဓာနတွန်းအားကြီး ဖြစ်ကောင်း ဖြစ်ပေလိမ့် မည်ဟု မှန်းဆရပေသည်။

တစ်ဖန် 'ကြည့်သောသူသည် မြင်၏' ဆိုသကဲ့သို့ ယခု အခါ လွန်စွာတာဝန်ကြီးလေးလှသော နိုင်ငံတော် သံဃာ့ ကိစ္စများနှင့် အထက်အောက် မြန်မာနိုင်ငံ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှစ်ခုဖြစ်ပေါ်လာစေရန် ကိုယ်အားဉာဏ်အား ပညာအား ပစ္စည်း(အဆောက်အအုံ)အားရှိသမျှ အားများကို သုံးကာ အလွယ်တကူနှင့် ဦးဆောင်တော်မူနိုင်သည်မှာ ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအားများကြောင့်ပင်ဖြစ် ပေလိမ့်မည်။

သို့ရာတွင် ကျွန်ုပ်တို့သည် အလွန်တရာရခဲသော ဝရဇိန်လက်နက်ကြီးကို သားမုဆိုးလိုက်ရာ၌ သုံးစွဲနေသကဲ့သို့ ကြံတောင့်ကြံခဲ ထူးကဲလွန်မြတ်သော ဆရာတော်ကြီးထံမှ မဟာဗုဒ္ဓဝင်ကဲ့သို့သော ကျမ်းစာများ၊ တရားစကားများ၊ အဆုံးအမများကို အချိန်ပြည့် နည်းခံမှတ်ယူ ပူဇော်နေကြ ရမည့်အစား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အားကြီးကို ဗဟိဒ္ဓသာသနာ (အုတ်,သစ်,ကျောက်ရရေး)၌ ရှေ့တန်းတင် သုံးစွဲနေကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။

တိပိဋကဓရ လမ်းပြရှေ့သွား ဓမ္မနာဒဆရာတော် ဘုရားကြီးဦးပညာစက္ကအကြောင်း ကျွန်ုပ်တို့ မှတ်သိနာ ကြားဖူးသမျှ အနည်းငယ်ဆက်၍ပြဆိုပါဦးအံ့။

ဆရာတော်ကြီးသည် မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ကြီး၌ သံဃာလေး,ငါးဆယ်၏ ပရိယတ္တိ ပညာရေး (ပရဟိတ၊ သာသနဟိတ)အတွက် ဦးစွာသော ပိဋကတ် သူရဲကောင်းကြီးတစ်ဦး ထွက်ပေါ်နိုင်သည့်တိုင် အောင် အလေးပေး စွမ်းဆောင်တော်မူသည့်ကြားက အတ္တ ဟိတ သာသနဟိတပြဆိုခဲ့သော ဓမ္မပူဇာအလုပ်ကိုလည်း ရာသက်ပန် ဝတ်မပျက် ဆောင်ရွက်တော်မူခဲ့၏။

စာဝါများအားလပ်ခိုက်တွင်လည်း နေ့စဉ်လိုပင် အရည်ဝါဇကစာနေတော်မူလေ့ရှိကြောင်း သိမှတ်ရ၏။ ဓမ္မနာဒချောင်၏ အနောက်မြောက်ဘက်တွင် ဥရုဝေလ ချောင်ဟူ၍ရှိသည်။ (ယခု ဇာဓိပတိကိုယ်ချောင် မြောက် ပိုင်း)။ ယင်းနေရာသည် ဓမ္မနာဒချောင်နှင့်စာလျှင် လူသံ သူသံ ကင်းဝေးဆိတ်ငြိမ်၏။ တောင်ကမ်းပါးယံတွင် တစ်ပါး နေလိုဏ်ဂူတစ်ခုကိုလည်း ဖန်တီးတော်မူထားသည်။ 'နန္ဒမူ လိုဏ်ဂူ'ဟု သမုတ်တော်မူထား၏။

'နန္ဒမူ ဖလ်ဂူရိပ်မှာ၊ ပစ္စေကာချွေးတော်သိပ်တယ်' ဟူသောကဗျာကဲ့သို့ ဆရာတော်သည် နေ့စဉ်ပင် နန္ဒမူလိုဏ် ဂူ၌ ဇကစာသီတင်းသုံးကာ ဘာဝနာကမ္မဋ္ဌာန်းများဖြင့် မွေ့လျော် တော်မူလေ့ရှိ၏။ ဗုဒ္ဓါနုဿတိဘာဝနာ၌ များစွာလေ့ထုံ တော်မူတတ်၍ ဆရာတော် ဇကစာသီတင်းသုံးသော နန္ဒမူ

လိုဏ်မှာ အမြဲတမ်း မွှေးကြိုင်သင်းပျံ့သော ရနံ့များ လှိုင်နေသည်ဟု ဆိုပါသည်။

ဓမ္မနာဒဆရာတော်ကား သက်တော် မရှည်ရှာပါ။ ၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်၊ သက်တော် ၅၂-နှစ်မှာ ပျံလွန်တော်မူခဲ့၏။ အရှင်ဝိစိတ္တသာရာဘိဝံသ ဒုတိယဓမ္မနာဒဆရာတော်ဖြစ်တော်မူလာ၏။

ဒုတိယဓမ္မနာဒဆရာတော်သည်လည်း မိမိ၏ဥပဇ္ဈာယ်ဆရာ့အမွေဖြစ်သော ဥပဇ္ဈာယ်ဆရာနည်းပေးခဲ့သော ပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာ နှလုံးသွင်းခြင်းများကို မလစ်မလပ် ရွတ်ဖတ်ဆင်ခြင်တော်မူကာ တပည့်ဒါယကာ, ဒါယိကာမတို့အားလည်း ဟောကြားညွှန်ပြ ပေးတော်မူလေ့ရှိသည်။

မိမိဆရာ့ဂုဏ်ကျေးဇူးကို အထူးသတိတရ ရှိတော်မူလှ၍ မိမိဆရာသုံးစွဲခဲ့သော 'မေဓာ့ယာဉ်ပျံ' (မေဓာ=ပညာ+ယာဉ်ပျံ=စက္က) ကလောင်အမည်ကိုပင် ရံခါယူငင်သုံးစွဲတော်မူလေ့ရှိပေသည်။

လူ့ဘုံလူ့ရွာသို့ တာဝန်အသီးသီးနှင့် လာကြရသော ဤဆရာနှင့်တပည့် တုံ့လှည့်ကျေးဇူး လက်ယှက်ကူး၍ ဆည်းပူးတူစုံ ပွားထုံခဲ့ကြသည့် ဓမ္မဒူတ သာသနာ့တမန်တော် အလုပ်ကား ကျွန်ုပ်တို့အတွက် ဤမျှဖြင့်၊ ဤတစ်ဘဝဖြင့် နိဂုံးချုပ်သွားကြတော့မည်လော။

ဤလူ့ရွာတွင် တစ်ခါပြန်၍ တွေ့ဆုံးဖူးမြော်ခွင့် သင့်မှသင့်ပါဦးတော့မည်လောဟု တွေးတောကြံဆ သတိပြုမိကြပါမူ ခံစားမှုတစ်မျိုး ဖြစ်ကြပေလိမ့်မည်။

ပညာစက္ကနတ်သားသည် ဤလူ့ရွာသို့ တာဝန်ဖြင့် ရောက်လာ၏။ တာဝန်ပြီးပြေ၍ ဌာနေရင်းသို့ ပြန်သွားခဲ့လေပြီ။

ပါရမီဖြည့်ဖက်ဓမ္မဓရနတ်သားလည်း ၂၅၀၀-သာသနာခေတ်တွင် တာဝန်အရ လူ့အဖြစ်ကိုယူခဲ့၏။ ထိုက်တန်ရာ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်လျက်ရှိချေပြီ။

တာဝန်ကျေကုန်၍ ဤလူ့ဘုံမှ ပြောင်းရွှေ့ရသော် အဘယ်ဘုံ၌ မွေ့လျော်ချေမည်နည်း။

ဒုတိယေ အတ္တဘာဝမှိ၊
လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နော မရူဘဝေ။

ဒုတိယေ အတ္တာဘာဝမှိ=ဤဘဝမှထောက်၊ နှစ်ခုမြောက်သော ကိုယ်၏အဖြစ် (ဒုတိယဘဝ)၌၊ သပ္ပညနိဿယံ=ပညာရှိသဟဲ တံကဲ တရထည် အမှီကို၊ ဝါ-ပညာစက္ကဟူသော ပညာရှိနတ်သားအမှီကို၊ လဒ္ဓါ=မလွဲဧကန် အမှန်ရရှိ၍၊ မရူ ဘဝေ=တာဝတိံသာ နတ်တို့ရွာ၌ ဓမ္မဓရောတိနာမေန=တရားဆောင်သူ ဓမ္မဓရဟူသော အနွတ္ထအမည်ဖြင့်၊ သောတာပန္နော=အောက်သို့မလား အဆင့်ဆင့်တက်သွားမည့် သောတာပန် နတ်သားသည်၊ ဘဝေယျံ=စင်စစ်မသွေ၊ ဖြစ်စေခလို။

ကျေးဇူးရှင် ဓမ္မနာဒဆရာတော်ဘုရားကြီးနှစ်ပါး၏ ခြေတော်အစုံကို ဦးခိုက်လျက်. . .။ ။

ဓမ္မာစရိယ ဦးဌေးလှိုင်

စာရေးသူတို့ ရှင်သာမဏေဝတ်၍ ပရိယတ္တိစာပေနယ်တွင် အစပျိုးချိန်ကား မင်းကွန်း တိပိဋကဓရဆရာတော်ကြီး မန္တလေးသကျသီဟစာမေးပွဲအောင်ပြီး၍ သုံးလေးနှစ်မျှသာ ရှိသေးသည့်အချိန်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီး၏ ပရိယတ္တိပညာဂုဏ်သတင်းမှာ ပျံ့သင်းလျက်ပင်ရှိနေသေးရကား- 'ဆရာတော်ကြီးဟာ သကျသီဟစာမေးပွဲကြီးမှာ စာသင်တန်း၊ စာချတန်း နှစ်တန်းလုံးကို ဆက်တိုက် နှစ်ချင်းပေါက် ပထမဆုံးအောင်မြင်တဲ့အတွက် မန္တလေး သကျသီဟ အသင်းကြီးက ဘွဲ့အသစ်တီထွင်ကာ 'ဝဋံသကာ' ဆိုတဲ့ ဘွဲ့ကို ချီးမြှင့်ပူဇော်ခဲ့ရတယ်' ဟု တစ်စွန်းတစ်စ ကြားသိခဲ့ရပါသည်။

ထိုသတင်းကြားချိန်မှစ၍ စာသင်ပျိုနု အခြေပြုမျှသာ ရှိသေးသည့် စာရေးသူမှာ ဆရာတော်ကြီး၏ ပရိယတ္တိပညာဂုဏ်ကို အာရုံပြု၍ ကြည်ညိုခဲ့ရပါသည်။ အားလည်း ကျခဲ့ပါသည်။

ငယ်စဉ်မှစ၍ ယနေ့အထိ ကြည်ညိုနေရသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

ဓမ္မာစရိယဦးအေးနိုင် (ဘီအေ)

မှန်ပါသည်။ မန္တလေးမြို့ သကျသီဟစာမေးပွဲကား ပရိယတ္တိပညာရေးနယ်တွင် အလွန်ခက်သည်ဟု ကျော်ကြားသောစာမေးပွဲကြီး ဖြစ်သည်။ အထူးသဖြင့် စာသင်တန်းကို နှစ်ချင်းပေါက်အောင်မြင်ရန် အလွန်ခဲယဉ်းလှသည်။ အောင်ချက်ရာနှုန်းလေးရာနှုန်းမျှသာရှိ၍ ကမ္ဘာတွင် အောင်ချက်အနည်းဆုံးစာမေးပွဲဖြစ်သည်။ စာသင်တန်းကို နှစ်ချင်းအောင်ဖို့ရန်ထက် စာသင်တန်းအောင်ပြီး စာချတန်းကို နှစ်မခြားဘဲ ဆက်တိုက်အောင်ဖို့ရန်ကား သာ၍ပင်ခက်လှပါသည်။ ထို့ကြောင့် သကျသီဟစာမေးပွဲသမိုင်းတွင် စာမေးပွဲစတင်ကျင်းပသည့် ၁၂၆၅-ခုနှစ်မှ ၁၂၉၅-ခုနှစ်အထိ အနှစ် ၃၀-ကာလအတွင်း ဤကဲ့သို့အောင်မြင်သည့် ပုဂ္ဂိုလ်ထူးများမပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ၁၂၉၅-ခုနှစ်တွင် စာသင်တန်းကို နှစ်ချင်းပေါက် အောင်မြင်၍၊ ၁၂၉၆-ခုနှစ်တွင် စာချတန်းကို ဆက်တိုက်အောင်မြင်ခဲ့ရာ အသင်းကြီးက ရိုးရိုးစာချတန်းအောင်ပုဂ္ဂိုလ်များအား လှူဒါန်းနေကျ ဘွဲ့တံဆိပ်လက်မှတ်တွင် 'ဝံ့သကာ = ဦးဆောက်ပန်း' ဟူသောဘွဲ့ကို တီထွင်ထပ်ဆင့်ထည့်သွင်း၍ 'ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝံ့သကာ' ဟူသောဘွဲ့တံဆိပ်ထူးကို ဆက်ကပ်လှူဒါန်းရပါသည်။ ရန်ကုန်မြို့ ပါဠိဆရာမြန်မာပညာရှိအသင်းကလည်း 'အဋ္ဌကထာပြန်အကျော်' ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ဆက်ကပ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ နိဒါန်းအဖြစ်ဖြင့် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပချိန်၌မူ စာရေးသူမှာ အစိုးရစာချတန်းနှင့် စေတိယင်္ဂဏစာချတန်းတို့ကိုကြိုးပမ်းနေပြီဖြစ်၍ ပိဋကတ်စာပေအကြောင်းကို အတော်အတန် နားလည်နေပေပြီ။ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးနှင့်ပတ်သက်၍ ပိဋကတ်သုံးပုံကို အာဂုံပြန်နိုင်ရန်ခက်ခဲပုံ၊ အာဂုံပြန်အောင်ပြီးနောက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ ခဲရာခဲဆစ်အဓိပ္ပာယ် အကြောင်းအရာ အဆုံးအဖြတ်များကို ရေးသားဖြေဆိုနိုင်ရန် ပိုမိုခက်ခဲပုံတို့ကို နားလည်သိရှိနေပေပြီ။

တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး တစ်ကြိမ်နှစ်ကြိမ် ကျင်းပပြီးသည်အထိ အောင်မြင်သည့်ပုဂ္ဂိုလ် မပေါ်လာသည့်အခါ သံဃာ့လောကတွင် ဆရာတော်ကြီးများက 'ဒီစာမေးပွဲကြီး ရပ်ဆိုင်းထားရမှာပါ။ ဒီပိဋကတ်သုံးပုံကို အကုန်အာဂုံပြန်ဆိုဖို့ဆိုတာက လွယ်ကူတဲ့ကိစ္စမှမဟုတ်ဘဲ၊ ရဟန္တာကြီးများသာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကြတာ၊ အခု ပုထုဇဉ်တွေ ဘယ်နည်းနဲ့မှမဆောင်နိုင်ကြဘူး'ဟု ညည်းညူတော်မူနေကြသည့်အချိန်၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကြီးကလည်း စာမေးပွဲကြီး ဆက်လက်ကျင်းပရေးအတွက် စိတ်လက်မအေးဖြစ်နေကြသည့်အချိန်တို့၌ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက စာမေးပွဲကြီးဆက်လက်တည်တံ့နိုင်ရေးအတွက် စွန့်စွန့်စားစား တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး၌ ပိဋကတိုင်းတွင် ဝိသိဋ္ဌဂုဏ်ထူး၊ မဟာဂုဏ်ထူးနှစ်ခုစီရကာ အာဒိကမ္မိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို ထူးထူးခြားခြားရရှိတော်မူသည့်သတင်းကို ကြားသိရသည့်အခါ စာရေးသူမှာ ဆရာတော်ကြီးအား တအံ့တသြ ချီးကျူးကြည်ညိုခဲ့ပြန်ပါသည်။ ဆရာတော်ကြီးအားလည်း ကိုယ်တိုင်ဖူးမြင် ကြည်ညိုချင်သောစိတ်ဆန္ဒများ ဖြစ်ပွားခဲ့ပါသည်။

ကံအားလျော်စွာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးက စာရေးသူ၏ စိတ်ဆန္ဒကို ဖြည့်ပေးခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် အရေးအကြီးဆုံး ပဓာနအကျဆုံးဖြစ်သည့် ဆဋ္ဌ-သင်္ဂီတိဝိသဇ္ဇက = ဆဋ္ဌသင်္ဂါယနာတင်အဖြေရှင်မထေရ်တာဝန်ကို ထမ်းဆောင်ရသည့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား နီးနီးစပ်စပ် ချဉ်းကပ်ကြည်ညိုခွင့်ရခဲ့ပါသည်။

တစ်ဖန် သာသနာရေးဦးစီးဌာန ကျမ်းပြုဌာနစုတွင် ကျမ်းပြုမှူးအဖြစ်တာဝန်ထမ်းဆောင်စဉ် မင်းကွန်းဆရာတော်ကြီး၏ဟောစဉ်တရားတော်များ ပထမတွဲကို စတင်ထုတ်ဝေရန် တာဝန်ယူခဲ့ရသည့်အခါ ကျမ်းစာအုပ်နိဒါန်းတွင် ဆရာတော်ကြီး၏အတ္ထုပ္ပတ္တိအကျဉ်းကို ထည့်သွင်းနိုင်ရန်အတွက် ဆရာတော်ကြီး၏ အကြောင်းအရာများကို မိမိလက်လှမ်းမီသလောက် ရှာဖွေစုဆောင်း သုတေသနပြုခဲ့ရပါသည်။

ယင်းသုတေသနပြုချက်အရ သာသနာရေးကိစ္စများ၌ ဆရာတော်ကြီး၏ ဝီရိယဓာတ်ကြီးမားပုံ၊ သဒ္ဓါဗိုလ်စသော ဗိုလ်ကြီးငါးဦးတို့ဦးစီးပုံ၊ အာဇာနည်ပါရမီရှင်တို့၌သာရှိသည့် ပြောသည့်အတိုင်းလုပ်လေ့ရှိသော ယထာဝါဒီ တထာကာရီဂုဏ်၊ အလိုနည်းလှ အပ္ပိစ္ဆဂုဏ်၊ အရာရာ၌ သည်းခံနိုင်သည့် ခန္တီဂုဏ်၊ စွန့်လွှတ်ပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သည့် ဒါနရတိဂုဏ် စသော အဖုံဖုံသောဂုဏ်တို့နှင့် ပြည့်စုံသည့် သာသနာပြုပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ထူးကြီးဖြစ်သည်ကို လေ့လာတွေ့ရှိလာရသည့်အခါ ဆရာတော်ကြီးအား ပို၍ပို၍ ကြည်ညိုသဒ္ဓါများ ပွားလာပါတော့သည်။

ဆရာတော်ကြီး၏ ဟောစဉ်တရားတော်များ ပထမတွဲကြီးကို ထုတ်ဝေပြီး မကြာမီ စာရေးသူသည် ဒုတိယတွဲကို ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ဒဂုံမြို့နယ်၊ စကားဝါလမ်းရှိ တိပိဋကကျောင်းတော်သို့သွားရောက်၍ အထူးကုဆရာဝန်ကြီးဦးသာလှနှင့် တွေ့ဆုံပါသည်။

စာရေးသူက ဆရာတော်ကြီးအကြောင်းကို ဆရာဝန်ကြီးအားမေးရာ ဆရာဝန်ကြီးက 'ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ ကြည်ညိုစရာအချက်တွေကတော့ အများကြီးပါပဲ။ ပြောလို့တောင် ကုန်မယ်မထင်ပါဘူး။ ဒါဟာလည်း ဆရာတော်ကြီးနဲ့ တရင်းတနှီး အနီးအကပ်ကြည်ညိုခွင့်ရသူများသာ သိနိုင်ပါတယ်'ဟုပြောပြီး မကြာသေးမီက သူတွေ့ခဲ့ရသည့် အကြောင်းအရာကလေးတစ်ခုကို ပြောပြပါသည်။

မှန်ပါသည်။ 'လူ့အကြောင်း၊ ပေါင်းမှသိ' ဆိုသကဲ့သို့ ဆရာတော်သံဃာတော်များနှင့် နီးနီးစပ်စပ် ချဉ်းကပ်ကြည်ညိုခွင့်ရသူများသာ ထိုဆရာတော် သံဃာတော်များ၏ သီလ, သမာဓိ, ပညာဂုဏ်များကို သိနိုင်ပါသည်။

ဆရာဝန်ကြီးဦးသာလှသည်ဆရာတော်ကြီး၏ အကြောင်းကိုသိသည်ဆိုရာ၌လည်း သတ္တဇဋိလသုတ် ဒေသနာတော်လာ အင်္ဂါရပ်များနှင့် ညီညွတ်၍သာသိသည်ဟုဆိုရမည် ဖြစ်ပါသည်။

ရဟန်းရှင်လူမည်သူမဆို အဝေးပေါင်းသာကောင်းကြမြ ဖြစ်သည်။ အနီးကပ်ပေါင်းမိလျှင် မုန်းသွားသူ, အကြည်ညို မဲ့သွားသူ များတတ်ကြသည်။ နီးနီးစပ်စပ် ချဉ်းကပ်ပေါင်း လေလေ ပို၍ရင်းနှီးချစ်ကျွမ်းဝင်လေ(ဝါ) ပို၍ကြည်ညိုလေ ပုဂ္ဂိုလ်တို့ကား အလွန်ရှားလှပေသည်။ မင်းကွန်းဆရာတော်ကြီးကား အလွန်ရှားလှသည့်ပုဂ္ဂိုလ်များတွင် တစ်ပါးအပါ အဝင်ဖြစ်ပါသည်။

ဆရာဝန်ကြီးဦးသာလှ ပြောပြသည့် အကြောင်းအရာမှာ တစ်နေ့တွင် ဆင်းဆင်းရဲရဲ အဘိုးကြီးတစ်ယောက်သည် ထန်းလျက်ထုပ်ငယ်ကလေးကိုကိုင်ကာ တိပိဋကကျောင်းတော်သို့ရောက်လာပြီး ဆရာတော်ကြီးရှိသည့် ကျောင်းပေါ်သို့ တက်သွားခဲ့ပါသည်။ အဘိုးကြီးမှာ ဆရာတော်ကြီးကို ကြည်ညိုလွန်း၍ လှူနိုင်သမျှ ထန်းလျက်ခဲကလေး အနည်းငယ်ကို လာရောက်လှူဒါန်းပုံပေါ်ပါသည်။ အချိန်တစ်နာရီကျော်ကျော် ကြာသွားသော်လည်း အဘိုးကြီးပြန်မဆင်းလာသေးသဖြင့် ဆရာဝန်ကြီးက ကျောင်းပေါ်သို့ ဖြည်းညင်းစွာတက်ပြီး ကြည့်သတဲ့။ ထိုအခါ ဆရာတော်ကြီးမှာ ထန်းလျက်ခဲကလေး အနည်းငယ်လှူသည့် အဘိုးကြီးအား တရားပွဲမှာ ပရိသတ်အများကို တရားဟောကြားသည့် ပုံဟန်အတိုင်း အလေးအနက်ထားပြီး တရားဟောကြားနေသည်ကိုတွေ့ရ၍ ငြိမ်သက်စွာ ပြန်ဆင်းလာခဲ့သည်။ နောက် နာရီဝက်ခန့်ကြာမှ အဘိုးကြီးပြန်ဆင်းသွားသည်ကို တွေ့ရသည်- ဆိုသည့်အကြောင်း ဖြစ်သည်။

ဤအကြောင်းအရာကို ဆင်ခြင်ကြည့်လျှင် ဒကာ, ဒကာမများအပေါ် ဆရာတော်ကြီး၏ မေတ္တာစိတ်, ကရုဏာစိတ်တို့ ကြီးမားပုံနှင့် ဆင်းရဲချမ်းသာ ဂုဏ်ရှိမရှိ ပရိသတ်အနည်းအများမခွဲခြားဘဲ အားလုံးသော ဒကာ ဒကာမ များအပေါ် မေတ္တာစိတ်, ကရုဏာစိတ် တန်းတူ ညီတူထားနိုင်ပုံတို့ကိုတွေ့ရှိရသည်။ ဤသို့ ဒကာဒကာမများ အပေါ် အတန်းအစားမခွဲခြားဘဲ မေတ္တာစိတ်, ကရုဏာစိတ် တန်းတူညီတူထားနိုင်ခြင်းကား သာမန်ပုဂ္ဂိုလ်များမှာဖြစ်နိုင် ရှိနိုင်သောသမာဓိဂုဏ်မျိုးမဟုတ်ပေ။ ဆရာတော်ကြီးမှာ ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်ချွန်ကြီးဖြစ်သည့်အတွက် ဤကဲ့သို့ ဘုရားသားတော်ပီပီ ဘုရားရှင်နည်းအတိုင်း လိုက်နာကျင့်သုံးနိုင်ခြင်းဖြစ်သည်ဟု တွေးတောကာ ဆရာတော်ကြီးအား ကြည်ညိုသဒ္ဓါထပ်ကာပွားရပြန်ပါသည်။

ထို့နောက် ဆရာတော်ကြီးကိုယ်တိုင် အကျိုးတော်ဆောင်ဆရာတော်အဖြစ် ပါဝင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ရန်ကုန်နှင့် မန္တလေးမြို့ကြီး နှစ်မြို့တို့၌ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးတစ်ခုစီ တည်ထောင်ရန် ဆုံးဖြတ်လိုက်သည့်နောက်ပိုင်းတွင် ထိုတက္ကသိုလ်ကြီးနှစ်ခု ပေါ်ပေါက်လာရေးအတွက် အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းတော်မူသည်။ ဆရာတော်ကြီး၏ သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယစိတ်ကို အံ့မခန်းတွေ့ရှိရပြန်သည်။

နိုင်ငံတော်တစ်ဝန်းလုံးရှိ အမြို့မြို့အရွာရွာများသို့ ဆရာဝန်ကြီးဦးသာလှကို နောက်ပါကပ္ပိယကာရက ဒါယကာပြုကာ နေ့မအား ညမအား နှစ်နှင့်ချီပြီး ကြွသွားရပါသည်။ ဆရာတော်ကြီးသည် သာသနာရေးကိစ္စတစ်ခုခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးသည့်အခါ ထိုကိစ္စမအောင်မြင်မချင်း ကြံ့ခိုင်ထက်သန်သောစိတ်ဓာတ်ဖြင့် ထိုကိစ္စထဲတွင် စိတ်ကို စူးစူးစိုက်စိုက်ထားလေ့ရှိပေသည်။

ထင်ရှားစေဦးအံ့။ လွန်ခဲ့သည့်၁၀-နှစ်ကျော်ခန့်ကတစ်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံး တည်ရှိရာ ကမ္ဘာအေးဇမ္ဗူဒီပကျောင်းဆောင်ရှိ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက် စတုတ္ထစံကျောင်းဆရာတော်ဘုရား သီတင်းသုံးရာအခန်းသို့ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ကြွလာပြီး စံကျောင်းဆရာတော်ဘုရား နောက်တစ်နေ့ နယ်ပြန်ကြွမှာဖြစ်သည့်အတွက် လာရောက်ကန်တော့ဟန် ရှိပါသည်။ တိပိဋကဓရဆရာတော်ကြီးသည် စတုတ္ထစံကျောင်းဆရာတော်ကြီးအား ဦးချကန်တော့ပြီးနောက် ဘုရားရှင်လက်ထက်တော်က ဝိနည်းအရာဧတဒဂ်ရတဲ့ အရှင်ဥပါလိမထေရ်ကြီးက-

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။

ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော-

လို့ ဥဒါန်းကျူးခဲ့ပါသည်ဘုရား။

(-ဝိနည်းသည်သာ ငါလိုလားရာ၊ ဝိနည်းသာ ငါ၏ ရပ်လေရာ သွားလေရာ၊ ဝိနည်းသည်သာ ငါခိုနားနေထိုင်ရာ၊ ဝိနည်းသည်သာ ငါ၏ ကြံစည်တွေးတောကျက်စားရာ)။

ဒီနောက် စံကျောင်းဆရာတော်ဘုရားကြီးက အလင်္ကာ နိဿယသစ်ကျမ်းကို ရေးသားကော်မူတဲ့အခါ ကျမ်းစာနိဒါန်းမှာ-

လင်္ကာရော အာသယော မယှံ၊ လင်္ကာရော ဌာနစက်မံ။

ကပ္ပေမိ လင်္ကာရေ ဝါသံ၊ လင်္ကာရော မမ ဂေါစရော။

လို့ ဥဒါန်းကျူးခဲ့ပါသည်ဘုရား။

(=အလင်္ကာသာ ငါလိုလားရာ၊ အလင်္ကာသာ ငါရပ်လေရာ သွားလေရာ၊ အလင်္ကာသာ ငါခိုနားနေထိုင်ရာ၊ အလင်္ကာသာ ငါ၏ ကြံစည်တွေးတောကျက်စားရာ)။

ဒါကြောင့် တပည့်တော်များ ပဋ္ဌာန်ကာယဗိမာန် တည်ဆောက်ပြီးတဲ့အခါ ပိဋကတ်သုံးပုံ ပြန်ဆိုကြမယ့် ရဟန်းငယ်ကလေးတွေကို-

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစက်မံ။

ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော-

လို့ရွတ်ဆိုကြဖို့ ညွှန်ကြားခဲ့ပါတယ်ဘုရား။

(=နိကာယ်သည်သာ ငါလိုလားရာ၊ နိကာယ်သည်သာ ငါရပ်လေရာ သွားလေရာ၊ နိကာယ်သည်သာ ငါခိုနားနေထိုင်ရာ၊ နိကာယ်သည်သာ ငါ၏ ကြံစည်တွေးတောကျက်စားရာ)။

အခု မန္တလေးမှာ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ဖြစ်မြောက်အောင် တာဝန်ယူပြီးဆောင်ရွက်ရတဲ့အခါ-

တက္ကသိုလ် အာသယော မယှံ၊ တက္ကသိုလ် ဌာနစက်မံ။

ကပ္ပေမိ တက္ကသိုလ်ဝါသံ၊ တက္ကသိုလ် မမ ဂေါစရော-

လို့ ရွတ်ဆိုမိဌာန်ရပါတယ်ဘုရား။

(=တက္ကသိုလ်သာ ငါလိုလားရာ၊ တက္ကသိုလ်သာ ငါရပ်လေရာ သွားလေရာ၊ တက္ကသိုလ်သာ ငါခိုနားနေထိုင်ရာ၊ တက္ကသိုလ်သာ ငါ၏ ကြံစည်တွေးတော ကျက်စားရာ) ဟု လျှောက်ထားခဲ့ဖူးပေသည်။

ဤကဲ့သို့ သာသနာရေးကိစ္စတို့ကို ဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်း ထိုသာသနာရေးကိစ္စ မအောင်မြင်မချင်း ကြံ့ခိုင်ထက်သန်သောစိတ်ဓာတ်ဖြင့် ထိုကိစ္စထဲ၌ပင် စိတ်နှင့်ကိုယ် နှစ်ပါးလုံးကို နှစ်မြှုပ်ထားလေ့ရှိသည်ကိုတွေ့ရပေသည်။

အမှန်ဆိုရသော် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် သာသနာတော်၏အကျိုး ဝေနေယျသတ္တဝါတို့၏အကျိုးကို ဘဝတစ်လျှောက်လုံး စွမ်းအားရှိရှိ သက်တော်ရှည်ရှည် အစဉ်မပြတ်ဆောင်ရွက်နိုင်သည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ချွန်ပုဂ္ဂိုလ်မွန်ကြီးပင် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ အဟော အပြော အရေးအတွေး အသွားအလာ လှုပ်ရှားမှုအဖြာဖြာသည် သာသနာ့အကျိုး ဒကာ ဒကာမတို့၏အကျိုးမှ လွတ်သည်ဟူ၍မရှိပါချေ။

ထို့ကြောင့် စာရေးသူသည် မင်းကွန်းဆရာတော်ကြီးအား-

သာသနံ အာသယံ တုယှံ၊ သာသနံ ဌာနစက်မံ။

ကပ္ပေမိ သာသနေဝါသံ၊ သာသနံ တဝ ဂေါစရော-

လို့ ရွတ်ဆိုမိဌာန်ရပါတယ် ဘုရား။

(= သာသနာတော်သည်သာ ဆရာတော်ကြီး၏ လိုလားရာ၊ သာသနာတော်သည်သာ ဆရာတော်ကြီး၏ ရပ်လေရာ သွားလေရာ၊ သာသနာတော်သည်သာ ဆရာတော်ကြီး၏ ခိုနားနေထိုင်ရာ၊ သာသနာရေးကိစ္စသည်သာ ဆရာတော်ကြီး၏ ကြံစည်တွေးတောကျက်စားရာ) ဟု ဥဒါန်းကျူး ဂုဏ်ပြုကာ ကြည်ညိုသဒ္ဒါ အဖြာဖြာ ပွားလျက်ရှိနေပါသည်။ ။

ဓမ္မာစရိယဦးအေးနိုင် (ဘီအေ)

သံ + အာ + ဓာ + ဣ

ကျော်နန္ဒအောင်

သမာဓိ-ဟူသောစကားလုံး၌ 'သံ+အာ+ဓာ'သုံးပုဒ် ပေါင်းစည်း၍ 'ဣ'ပစ္စည်း သက်ထားပါသည်။ 'သံ+အာ-ဓာ+ဣ=သမာဓိ' ဟု ဖြစ်နေပါသည်။ သံ= ကောင်းစွာညီညီ၊ အာ= စွဲစွဲမြဲမြဲ၊ ဓာ= ဆောင်ရွက်၊ ဣ= တတ်သော တရား-ဟူ၍ အသီးသီးအဓိပ္ပာယ်ရှိပါသည်။ ထို့ကြောင့် သမာဓိ-ဟူသည် 'ကောင်းစွာ ညီညီညွတ်ညွတ် စွဲမြဲစေရန် ဆောင်တတ်သော တရား'ဟူ၍ မြန်မာစကားစစ်စစ်ဖြင့် ပြန်ဆိုသင့်ပါသည်။

သမာဓိ၏ မူရင်းတရားကိုယ်မှာ 'ဧကဂ္ဂတာ'ဟူသော စေတသိက်တရား ဖြစ်ပါသည်။ ထို့ကြောင့် သမာဓိ ဟူသည်မှာ တစ်ခုတည်းသောအာရုံကိုသာ စူးစိုက်ရှုမှတ်တတ်ပါ သည်။ 'ဟိုအာရုံ ဤအာရုံ အာရုံအမျိုးမျိုးကို အာရုံမပြုတတ်ပါ'ဟူ၍ ဆရာမောင်တက်အင်း၏ လိုတရဂါထာမန္တန် များစာအုပ်တွင် သမာဓိနှင့်ပတ်သက်၍ ဖတ်ရှုမှတ်သားရဖူးပါသည်။

ဤဆောင်းပါး၏ခေါင်းစဉ်အတိုင်း ကျွန်တော်ရေးလိုသောအကြောင်းအရာမှာ တိပိဋကဓရဆရာတော်ကြီး နှင့် စပ်လျဉ်း၍ ဖြစ်ပါသည်။ ကျွန်တော်နှင့် ဆရာတော်ကြီး တွေ့ဖူးကြုံဖူးသမျှတို့တွင် အမှတ်ထင်ထင်ပင် ဆရာတော်ကြီး၏သမာဓိကို ပူဇော်လိုက်ရခြင်းဖြစ်ပါသည်။

၁၄-၆-၈၉-နေ့။ ထိုနေ့သည် ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမနေ့အစည်းအဝေး ကျင်းပနေချိန်ဖြစ်ပါသည်။ ကျွန်တော်နှင့် ဆရာကြီးဓမ္မ-ယောသက ဦးမောင်မောင်သည် နှစ်စဉ် ထိုအစည်း အဝေးကျင်းပရာ ကမ္ဘာအေးကုန်းမြေသို့ ရောက်ရှိနေကြပါသည်။

ဤသို့ဖြင့် ကျွန်တော်နှင့် ဆရာကြီးဦးမောင်မောင်တို့သည် တိပိဋကရေဆရာတော်ကြီး သီတင်းသုံးရာအခန်းသို့ ရောက်ကြပါသည်။ ဆရာတော်ကြီးမှာ အစည်းအဝေးတက်ရန်အတွက် သင်္ကန်းပင် ရုံနေချေပြီ။ သင်္ကန်းရုံရင်းမှ 'ဩ-ဒကာကြီး ဦးမောင်မောင်ပါလား၊ ကျန်းမာရေး ကောင်းရဲ့နော်'ဟု နှုတ်ဆက်ပါသည်။

'အရှင်ဘုရား အစည်းအဝေးသွားတော့မယ်ထင်ပါရဲ့၊ ဆရာတော်များကို လာပြီးနှုတ်ဆက်ကန်တော့တာပါဘုရား။ တပည့်တော်လည်း လေဖြတ်ထားလို့ ကျန်းမာရေးမကောင်းဖြစ်နေပါတယ်ဘုရား၊ ဟိုတစ်မြန်နှစ်က ဒီသူငယ် စုဆောင်းပူဇော်တဲ့ ဆရာတော်ကြီးများရဲ့ ဝိပဿနာရှုနည်း ကိုးနည်း ပထမတွဲကို အရှင်ဘုရားကိုကပ်ပြီးပါပြီဘုရား။ ဖတ်ပြီးပြီနဲ့တူပါရဲ့။ အခုလည်း ဒုတိယတွဲကို လာပြီးကပ်တာပါဘုရား။ တစ်ဆက်တည်းပဲ တပည့်တော်လျှောက်လိုတာက တတိယတွဲ ဆက်လက်ပူဇော်ဖို့ စီစဉ်နေပါတယ်ဘုရား။ အဲဒီမှာ ပထမမေ့နာဒမင်းကွန်းဆရာတော်ကြီးရဲ့ ခါတ်ခြောက်ပါးသိမ်းဆည်းပုံကို ဖော်ပြချင်ပါတယ်ဘုရား။ အဲဒါ အရှင်ဘုရား ကြည့်ရှုပြင်ဆင်ပြီး အမှာများရေးပေးဖို့ လာလျှောက်တာပါဘုရား'။

ဆရာကြီး ဦးမောင်မောင်၏ စကားအဆုံးတွင် ဆရာတော်ကြီးမှာသင်္ကန်းရုံပြီးနေချေပြီ။ ဝိပဿနာရှုနည်းကိုးနည်း ဒုတိယတွဲ လျှုဒါန်းသည်ကို လက်ခံသည်။ ထို့နောက် 'ကဲ ဒကာကြီး၊ဘုန်းကြီးအစည်းအဝေးသွားတော့မယ်။မနက်ဖြန်ကျရင် မေမြို့က ဦးပညာသီဟတို့ စီစဉ်ခိုင်းလိုက်ပါမယ်။ ဒကာကြီးနဲ့ ဦးပညာသီဟတို့ တွေ့ကြဦးမှာပဲ'ဟု မိန့်တော်မူပြီး အစည်းအဝေးသို့ ကြွတော်မူပါသည်။

အပြန်လမ်းတစ်လျှောက်တွင် ကျွန်တော့်ခေါင်းထဲ၌ အတွေးစတစ်ခုပါလာခဲ့ပါသည်။ ဆရာတော်ကြီးသည် ပြောလိုက်သော်လည်း မေ့မေ့ပျောက်ပျောက်ပင်ရှိနေမည်လား။ နောက်တစ်ကြိမ်များသွား၍ သတိပေးရဦးမည်လားမသိဟု ထင်ခဲ့မိပါသည်။ အထင်သေးခြင်းကားမဟုတ်။ စိုးရိမ်သွားခဲ့မိခြင်းသာဖြစ်ပါသည်။

၂၀-၁၁-၈၉-ရက်။ ဆရာကြီးမေ့ယောသကဦးမောင်မောင်၏အိမ်တွင် မေမြို့ ရတနာမာရ်အောင်ဆရာတော်ဦးပညာသီဟ(ပါဠိပါရဂူ)ကိုဆွမ်းကပ်ကြသည်။ ဆွမ်းကပ်ပြီး ဆရာဒကာတို့ သာသနာရေးကိစ္စများဆွေးနွေးကြ၊ ဩဝါဒခံယူကြသည်။ စကားစပ်မိ၍ တိပိဋကရေဆရာတော်ကြီး အကြောင်း ရောက်သွားကြပါသည်။

ထိုတွင် မေမြို့ဆရာတော်က စကားတစ်ခွန်းပြောလာပါသည်။ 'ဟိုတစ်ခေါက် ဒကာကြီး ဦးမောင်မောင်တို့ ကမ္ဘာအေးလာတုန်းကပေါ့၊ အဲဒီနေ့ညနေ ဆရာတော်ကြီးက ဇမ္ဗူဒီပကို ဦးပဍ္ဍင်းကိုခေါ်တယ်။ ဒကာကြီးတို့ လာသွားတဲ့အကြောင်း၊ ပြီးတော့ ပထမမေ့နာဒဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိအကျဉ်းရေးပေးဖို့ရယ်၊ ခါတ်ခြောက်ပါးသိမ်းဆည်းပုံကို ရိုက်ပြီးသားမူရှာဖွေပေးဖို့ရယ် ဦးပဍ္ဍင်းကိုခိုင်းတယ်။ အခုပြီးလို့ပါလာပြီ။ ဆရာတော်ကြီးကိုလည်း လျှောက်ပြီးပြီ။ ဒကာကြီးတို့ ယူလိုက်ပေတော့။ မရိုက်သေးဘူးဆိုရင်လည်း တစ်ရက်လောက် ဆရာတော်ကြီးထံ သွားပြီးပြချေဦးပေါ့။ ဦးပဍ္ဍင်းနဲ့ ဆရာတော်ကြီးနဲ့ အခုတစ်ပတ်ထပ်တွေ့ဖို့တော့မရှိတော့ဘူး'ဟူ၍ မိန့်ပါသည်။

ပထမမေ့နာဒဆရာတော်ကြီး၏စာမူကို မေမြို့ဆရာတော်ထံမှ လက်ခံယူရင်းမှာပင် ကျွန်တော်သည် ကြက်သီးများပင် ထမိပါတော့ပါသည်။ တစ်ဆက်တည်းပင် ဆရာတော်ကြီး၏ သမာဓိဂုဏ်ကို စိတ်ထဲမှ ဦးချလိုက်မိပါသည်။ ဆရာတော်ကြီးကို ကျွန်တော်တို့သွား၍ လျှောက်ထားစဉ်က သာမန်မျှပင် ပြောလိုက်သည်ဟု ပူပန်စိတ်ဖြင့် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်ခဲ့မိဖူးပါသည်။ သို့သော် ဆရာတော်ကြီးကား ကျွန်တော်ထင်သလိုမဟုတ်ခဲ့။

ဤမျှ ပရိယတ္တိသာသနာ့တက္ကသိုလ်တာဝန်တွေ၊ အနယ်နယ်အရပ်ရပ်မှ အလှူအတန်းတွေကို လက်ခံရသည့်တာဝန်တွေ၊ တရားဟော ရေစက်ချသည့်တာဝန်တွေ၊ သံဃမဟာနာယကအဖွဲ့၏တာဝန်တွေ၊ မင်းကွန်းမေ့နာဒတိုက်၏တာဝန်တွေ၊ မိုးမိတ်ကုန်းမြေ၏တာဝန်တွေ၊ များပြားလှသည့်တာဝန်တွေကြားထဲမှ ကျွန်တော်တို့သွား၍လျှောက်ပြီးသည့်ညနေမှာပင် မေမြို့ဆရာတော်ကိုခေါ်၍ မေ့နာဒဆရာတော်ကြီး၏စာမူကိစ္စကို သတိပေးနှိုးဆော်ပါသေးသတဲ့။ သမာဓိကောင်းလေစွ၊သာသနာတော်ကိုအလေးထားပေစွ၊အလုပ်ကို အကြွေးမထား စူးစူးစိုက်စိုက် ပြုလုပ်တတ်ပေစွ-ဟူ၍ ကျွန်တော်၏စိတ်တွင် ကြည်ညို၍မဆုံးတော့ပါ။ ဤသည်မှာ တစ်ချက်ဖြစ်ပါသည်။

၉-၁၁-၈၉-ရက်။ ထိုနေ့တွင် ဆရာတော်ကြီးသည် ရန်ကုန်မှ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတအနုပညာရှင်များကို ဖိတ်ကြား၍ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းတွင် တတိယသုံးနှစ်ခရီးစာအုပ် လက်ဆောင်ပေးလှူဒါန်းရင်း အခမ်းအနားကျင်းပပါသည်။

ထိုပွဲတွင် အဆိုတော်ဦးမောင်မောင်ကြီး (တိပိဋကနိကာယအဖွဲ့ အကျိုးတော်ဆောင်) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါသည်။ အခမ်းအနားအစီအစဉ်များ

ကြေညာသော်လည်း အစီအစဉ်ဘယ်နှစ်ခုပါသည်ဟု မည်သူမျှ အမှတ်မထားမိကြပါ။ မေ့မေ့ပျောက်ပျောက် ဖြစ်နေကြပါသည်။ အစီအစဉ်-၈ အရ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ဆုတောင်းအမျှပေးဝေ ရန်ဖြစ်ပါသည်။ အစီအစဉ်အတိုင်းပင် ဆရာတော်ကြီးသည် အနုမောဒနာတရားကို လိုရင်းတိုရှင်းပင် ဟောကြားတော်မူပါသည်။

တရားပွဲပြီးသည်နှင့် သာဓုခေါ်ကာ ပြီးပြီအထင်ဖြင့် ပရိသတ်များလည်း ထရန်ဟန်ပြင်ကြပါသည်။ အခမ်းအနားမှူးကလည်း ဘာမျှမကြေညာတော့။ ထိုအခါတွင် ဆရာတော်ကြီးက ပရိသတ်များကို ပြန်ထိုင်စေပါသည်။ အခမ်းအနားမှူးဖြစ်သူ ဦးမောင်မောင်ကြီးထံသို့ လှမ်း၍ ပြောပါသည်။ 'အခမ်းအနားမှူး အစီအစဉ်-၉ ကို ကြေညာပါဦး' ဟူ၍ မိန့်ကြားလိုက်ပါသည်။ ပရိသတ်များလည်း အားလုံး လိုလိုပင် အံ့သြသွားကြသည်။ မည်သူမျှ အမှတ်မထားလိုက်မိသည့်ကိစ္စတစ်ခုကို ဆရာတော်ကြီးသည် သတိတရားကောင်းစွာဖြင့် မှတ်သားထားနိုင်ခဲ့ပေသည်။

အခမ်းအနားမှူးလည်း အစီအစဉ်စာရွက်ကို ပြန်ဖတ်ကြည့်ပြီး 'အစီအစဉ်-၉ အရ ဆရာတော်ကြီးကို ပူဇော်ထားသည့် ပန်းချီကားများ၊ ရုပ်တုများစသည့်အနုပညာလက်ရာစုံကို သွားရောက်ကြည့်ရှုကြဖို့ ဖြစ်ပါတယ် ခင်ဗျား' ဟု အရေးပေါ်ကြေညာပေးလိုက်ရပါသည်။

ပရိသတ်များမှ သာဓုခေါ်ကြပြီး တီးတိုးစကားသံများ ထွက်ပေါ်လာခဲ့ပါ၏။ အင်း- ဒါကြောင့်လဲ ဘုန်းကြီးပြီး တိပိဋကရေဘွဲ့ထူးကို ရပေတာပဲ ဟူသတည်း။ ဆရာတော်ကြီး၏စူးစိုက်မှုသမာဓိအားကောင်းပုံကား ကြက်သီးထဖွယ်ရာပါတည်း။

၂၂-၁၁-၈၉။ စကားဝါလမ်းရှိ တိပိဋကကျောင်းတော်သို့ ကျွန်တော်နှင့် ဆရာကြီးဓမ္မယောသကဦးမောင်မောင်တို့ ရောက်ရှိသွားခဲ့ရပြန်ပါသည်။ ဆရာတော်ကြီးရောက်နေခိုက် မေမြို့ဆရာတော်ပေးထားသည့် ပထမဓမ္မနာဒဆရာတော်ကြီး၏စာမူကို ဆက်ကပ်ရန်ဖြစ်သည်။

ဆရာတော်ကြီးသည် ကျောင်းတော်၏အပေါ်ထပ် အခန်းတစ်ခန်းတွင် မျက်မှန်မတပ်ဘဲ သတင်းစာဖတ်နေသည်ကို ဖူးတွေ့ရပါသည်။ တစ်ချက်မော့ကြည့်၍ 'ဩော် ဒကာကြီးဦးမောင်မောင်ကိုး။ လာ၊ထိုင်၊ ကိစ္စထွေထွေထူးထူး ရှိသလား၊ ကျန်းမာရေးကောင်းတယ်မဟုတ်လား'ဟု နှုတ်ဆက်စကားပြောပါသည်။ ဆရာကြီးမှလည်း လေဖြတ်ထား၍ ကျန်းမာရေးမကောင်းကြောင်း၊ ဆရာတော်ကြီးအား စာမူလာ၍ပြပါကြောင်း လျှောက်ထားလေသည်။

စာမူကိုတောင်းသည်။ စာမူလက်ထဲသို့ရောက်သည်နှင့် ဆရာတော်ကြီး စကားမပြောတော့ပဲ စာမူကို ငြိမ်သက်စူးစိုက်စွာ ဖတ်နေတော့သည်။ ဘောပင်တစ်ချောင်းတောင်း၍ လက်နှိပ်စက်အမှားများ၊ စာအကျအပေါက်များကို ဖတ်ရင်း ပြင်ဆင်နေပါတော့သည်။ ကျွန်တော်နှင့် ဆရာကြီးဦးမောင်မောင်မှာ ဆရာတော်ကြီး၏ ခြေတော်ရင်းတွင် ၂-နာရီနီးပါးခန့် ငြိမ်သက်စွာစောင့်ဆိုင်းရင်း ဖူးမြော်ခွင့်ရကြပါသည်။

လက်နှိပ်စက်စာမူ-၁၁ မျက်နှာကို စေ့စေ့စပ်စပ် ဖတ်၍ ပြင်ပြီးသည်နှင့် စကားတစ်ခွန်း မိန့်ပါသည်။ 'ဒကာကြီး၊ ဒီမှာ ဆရာတော်ကြီး ရေသွန်းပူဇော်တဲ့ဗောဓိပင်ဆိုတာ သူဌေးကြီးဆာဦးသွင် ဗုဒ္ဓဂယာကပင့်လာတဲ့ ဗောဓိပင်လို့ ပါနေတယ်။ အမှန်က ရေတာရှည်မြို့က မယ်ဒက် ဆရာတော်ကြီးပင့်လာတာလို့ ဘုန်းကြီးမှတ်မိတယ်၊ ဟုတ်သလား' ဟု မိန့်ပါတယ်။ ဆရာကြီးကလည်း မဆိုင်းမတွပင် 'ဟုတ်ပါတယ်ဘုရား၊ မယ်ဒက်ဆရာတော် ဗုဒ္ဓဂယာက ပင့်လာတဲ့ ဗောဓိပင်ကို ဆာဦးသွင်က တစ်ဆင့်ထပ်ပြီး ပင့်လာတာပါဘုရား'ဟု လျှောက်ထားလိုက်လေသည်။

'အေး သူ့စာကို အမှန်အတိုင်း ပြင်လိုက်နော်'ဟု ဂရုတစိုက် ညွှန်ကြားတော်မူပါသည်။ စာမူကိုလည်း ပြန်လည်၍ ပေးအပ်ပါသည်။ စာမူတွင် လက်နှိပ်စက်အမှားများ အပြင် ဓမ္မနာဒဆရာတော်နှင့်ပတ်သက်၍ လိုအပ်ရာရာများကိုလည်း အနည်းအကျဉ်းပြင်ဆင်ပေးလိုက်ပါသည်။ ဆရာတော်ကြီးသည် သူ၏ဆရာသမားဖြစ်သူ ပထမဓမ္မနာဒ ဆရာတော်ကြီး၏ထေရုပ္ပတ္တိကို အာဂုံဆောင်ထားရုံမက စာမူနှင့်ပတ်သက်၍ အသေးအမွှားလေးကအစ အတိမ်းအစောင်းမခံခဲ့ပေ။ ဆရာတော်ကြီး၏အခန်းမှထွက်လျှင် ကျွန်တော်သည် ဆရာတော်ကြီး၏ သမာဓိစွမ်းအားဂုဏ်ကို ရည်ညွှန်းလျက် ပျပ်ဝပ်စွာဦးတင်ခဲ့ပါသည်။ အပြန်လမ်းတစ်လျှောက်တွင်လည်း ဆရာတော်ကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ဦးခိုက်ပူဇော်မိပါ တော့သည်။

ဤသို့သော သီလ, သမာဓိ, ပညာဂုဏ်တို့ဖြင့် ပြည့်စုံသော တိပိဋကဓရဆရာတော်ကြီးအဖို့ အသေးအဖွဲဟူ၍ မေ့လျော့သော အမှုမရှိတန်ရာပါ။ ထို့ကြောင့်ပင်ဤဆောင်းပါးဖြင့် ဆရာတော်ကြီး၏ စူးစိုက်မှုသမာဓိအဟုန်ကို ဂုဏ်တော်ခြုံယွှမ်း ပုံတော်မှန်း၍ ရှိခိုးဦးခိုက်လိုက်ရပါတော့သည်ဘုရား။ ။

ကျော်နန္ဒအောင်

ကောက်သင်းကောက်ပုဇာ

ကံထွန်းသစ်

လွန်ခဲ့သောနှစ်ပေါင်း ၃၀-ကျော်ခန့်က မိမိဇာတိ စစ်ကိုင်းတိုင်း မြောင်မြို့နယ် သာထွန်းရွာသို့ မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ကြွရောက်ကာ တရားချီးမြှင့်ခဲ့ဖူးလေသည်။ အားလပ်ရက်မရှိအောင် တရားပွဲစဉ်တွေပြည့်နှက် နေလျက်က ဗုဒ္ဓသာသနာနုဂ္ဂဟစာပြန်ပွဲဖြစ်သည်က တစ်ကြောင်း၊ကျေးလက်နေတို့ကို ချီးမြှောက်လိုသည်ကတစ်ကြောင်းဖြစ်၍ ဆရာတော်ကြီးကလက်ခံကာ လှေတစ်တန် လှည်းတစ်တန်ဖြင့် ကြွရောက်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ဆရာတော်ကြီးဟောကြားခဲ့သောတရားဓမ္မကို ကျေးလက်နေတို့၏ 'နားဝယ်မဆံ့ ရင်ဝယ်မပြန့်'ရှိကြသည့်တိုင် ဆရာတော်ကြီး၏ စေတနာ, ကရုဏာနှင့် ဆုံးမစကားတို့ကား ယနေ့တိုင် စွဲထင်လျက်ရှိဆဲပင်။ အထူးသဖြင့် စာရေးသူ၏မိခင်ကြီးထံတွင် ပြန်လည်တွေ့ရှိရသော ဓမ္မစကားများဟုဆိုက ပို၍လျော်ကန်ပေမည်။

ထိုစဉ်က မန္တလေးတွင် စာသင်နေဆဲဖြစ်၍ မိမိမှာ ဆရာတော်ကြီးကို မဆုံဆည်းလိုက်ရသည့်တိုင် မယ်တော်ကြီးက ပြန်လည်ပြောပြခဲ့သည်မှာ 'အဲဒီညက လူတွေကလည်း စည်ကားလိုက်တာ၊ ဒီနယ်တစ်ဝိုက်မှာ အစည်ကားဆုံးလို့ တောင်ပြောရမယ်ထင်ပါရဲ့။ အဲဒီလိုတရားပွဲစဖို့ ပြင်နေတုန်း ကလေးငိုသံက အကျယ်ကြီးပေါ်လာပါလေရော။ အရှေ့ရွာက သားသည်အမေတစ်ယောက်နဲ့ တူပါရဲ့။ အဲဒါနဲ့ ဂေါပကလူကြီးအချို့က ကလေးကိုအပြင်ခေါ်သွားဖို့ပြောကြတော့ ဆရာတော်ကြီးက 'အေး. . . ကလေးဆိုတာ ငိုမှာပေါ့၊ ငိုပါစေ၊ ငိုပါစေ။ ကလေးငိုလို့သာ တခြားသွားနေရရင် သားသည်အမေတွေ ဘယ်တရားနာခွင့်ရရှာတော့မလဲကွယ်' တဲ့ဆိုပြီး တရားကို ဆက်ဟောတာပဲ'။

ဆရာတော်ကြီး၏ကရုဏာသည် တောသူတောင်သားတို့၏စိတ်ကို အေးမြစွတ်စိုသွားစေသောမိုးဟု မြင်လိုက်မိသည်။ မိုက်ကရိုဖုန်း မကောင်းလို့ ကလေးတွေ ဆူလို့ ဘာဖြစ်လို့ ညာဖြစ်လို့ စသည့်အကြောင်းပြတွေနှင့် တရားဟောရန် ရွှေဘဝင်မချမ်းသည့် ပုဂ္ဂိုလ်တချို့ကိုလည်း ရုတ်ခြည်း မြင်လိုက်မိသည်။ ကောင်းတုယူနိုင်ကြပါစေ-ဟု နှလုံးပြုလိုက်မိသည်။

သို့နှယ် စဉ်းစားနေစဉ်မှာပင် မယ်တော်ကြီးက 'နောက်ပြီး ဦးဇင်းရယ်၊ တရားဥပမာလေးတစ်ခု ကောင်းလိုက်တာ။ လူ့ဘဝဆိုတာတဲ့ အလွန်မြတ်တယ်တဲ့။ သံတုံးတစ်တုံး ဆိုပါတော့၊ ရေထဲချည်းစိမ်ထားရင်လည်း ဓား, ပေါက်ဆိန်, ပဲကွပ်စတဲ့ လိုရာကို မသွန်းလုပ်နိုင်ဘူး။ မီးထဲချည်း ထည့်ထားပြန်ရင် လည်း အရည်ပျော်သွားလို့ မလုပ်နိုင်ပြန်ဘူးတဲ့။ ရေရောမီးပါ နှစ်မျိုးရှိမှ အအေးအပူသင့်တင့် ညီညွတ်အောင်ပေးပြီး လိုရာပစ္စည်းဝတ္ထုပြုနိုင်သလို နတ်ပြည်ဆိုတာလည်း အမြဲအေးနေတဲ့ ရေနဲ့တူလို့ ဘဝကို လိုရာပုံမဖော်နိုင်ဘူး၊ ငရဲပြည်ကျတော့ လည်း အမြဲတောက်လောင်နေလို့ ပုံမသွန်းနိုင်ပြန်ဘူး။ လူ့ ပြည်ကသာ ပူမှုအေးမှု နှစ်မျိုးရှိရာဖြစ်လို့ ဘဝဆိုတဲ့ သံတွေ သံခဲကို လိုသလို ပုံသွန်းထုဆစ်နိုင်တယ်တဲ့'။

တရားပွဲတိုင်းတွင် တိုင်ပေးသော လင်္ကာသီသံလေးတွေကို ရှာဦးကျောင်းဆရာတော်ကပင် ချီးမွမ်းလောက်အောင် နှုတ်ငုံဆောင်တတ်သည့် မယ်တော်ကြီးက အခုလို လုံးစေ့ပတ်စေ့ ပြောပြနေသည်ကို ကြည်နူးစွာနားထောင်နေမိသည်။ 'တပည့်တော်မဖြင့်လေ လူဖြစ်ရတာ အရတော်လိုက်လေ အဲသည်ကတည်းက သိလိုက်ရတာ'ဟု ဝမ်းမြူးသံနှင့် စကားကိုအဆုံးသတ်သွားခဲ့သည်။

ထိုနေ့မှစ၍ မယ်တော်ကြီးကို ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ကြီး၏ တရားတိပ်ခွေတို့ကို အမြဲဝယ်ယူပေးခဲ့တော့သည်။ အကောင်းဆုံးကျေးဇူးဆပ်ခြင်းတို့တွင် တစ်ခုဟုခံယူကာ ဓမ္မဖြင့် ကျေးဇူးဆပ်ခွင့်ရခဲ့သည်။ ရန်ကုန်ရောက်တော့လည်း စူပါဟိုက်တေးသံသွင်းသို့ သွားရောက်ကာ တရားခွေများမထပ်အောင် ကူးယူပေးခဲ့သည်မှာ ထင်းရှူးသေတ္တာငယ်တစ်ခုပင် ပြည့်ခဲ့ပြီ။

မိခင်ကြီးကလည်း ကိုယ်တိုင်နာကြားသလို တစ်ရွာလုံးကြားအောင် ဝါတွင်းကာလများ၌ ရွာဦးကျောင်းမှ အသံချဲ့စက်ဖြင့်ပင် ဖွင့်ပေးလေ့ရှိသည်။

သို့ဖြင့် မိခင်ကြီးသည် ဘဝလက်ကျန်ကို ဆရာတော်ကြီး၏ တရားဓမ္မရိပ်၌ မြုပ်နှံသွားတော့သည်ဟု ဆိုလိုက်ချင်ပါသည်။

မြင်ယောင်မိသေးတော့သည်။ ၂၀၀၇-ခုနှစ်၊ မေလ၏ နေ့တစ်နေ့၊ မမာမကျန်းဖြစ်ခဲ့သော မိခင်ကြီးသည် ၈၄-နှစ် ဆိုသည့် ဇရာ၏ဖိစီးမှုနှင့် ဖျားနာခြင်းဗျာဓိတို့ နှိပ်စက်နေသည့်ကြားက တိုးတိုးသဲ့သဲ့လေး ရွတ်ဆိုသွားသည်မှာ-

သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။
စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော၊
နှံ့သော ကိုယ်ဝယ်ပြည့်။
ဝါယော ပြည့်သော် ရုပ်သစ်ပေါ်၊
ရုပ်သော် သွားပေ၏။
ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ် ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်သိ။

ကျေးဇူးတော်ရှင်မင်းကွန်းတော်ကြီး၏ နာမရူပပရိစ္ဆေဒ ဉာဏ်ကို ထင်လွယ်စေရန် လင်္ကာသိမ်တံ လေးများကပင် မိမိတို့၌မူ အံ့သြခြင်း, ကြေကွဲခြင်း, ကြည်နူးခြင်းတို့ပွမ်းသောစိတ်ဖြင့် မိခင်ကြီး၏နောက်ဆုံးအချိန်ကို ရင်ဆိုင်ခဲ့ကြရပေသည်။ သည်အတွက်လည်း ဆရာတော်ကြီး၏ကျေးဇူးကို ဦးညွတ် ပူဇော်ဖြစ်ရပြန်သည်။ ဩော်. . . ဆရာကောင်း၏ကျေးဇူးကား ကြီးမားပါပေစွ။

တကယ်တော့ ဒီသာစကေလေးသည် ပမာ မဟုတ်သေး။ ၁၉၈၈-ခုနှစ်ကာလမှစ၍ တိုင်းပြည်အဝှမ်းလောင်ခြစ်ရာ အခါတိုင်တွင် ဆရာတော်ကြီး၏ အေးကြည်သောအသံတော်ဖြင့် 'ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ' စသည့် ဒိသာဖရဏ မေတ္တာပို့သံသည် လေလှိုင်းတို့မှ ပျံ့နှံ့ကာ လူတိုင်း၏ရင်ကို ငြိမ်းအေးစေခဲ့သည် မဟုတ်ပါလော။ မာနတွေ, အာဃာတတွေ လျှော့သက်သွားခဲ့ရပြီ မဟုတ်ပါလား။

ဘီစီ၆-ရာစုကပင် ပွင့်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် ယနေ့တိုင် လောကကို ဓမ္မနှုတ်ခွန်းတော်တို့ဖြင့် စောင့်ရှောက်တော်မူနေဆဲဖြစ်သကဲ့သို့ ဘုရားတပည့် သားကောင်းသားမွန် ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော်ကြီးသည်လည်း မိမိတိုင်းပြည် မိမိလောကကို စောင့်ရှောက်ခဲ့ စောင့်ရှောက်နေဆဲပါတကား။

ထိုစောင့်ရှောက်မှုတွင် မိမိ၏မယ်တော်ကြီးနှင့် မိမိတို့လည်း ခံယူခွင့်ရလိုက်ပါကလားဟု ကြည်ကြည်နူးနူး ခံယူရင်း ထိုကျေးဇူးဂုဏ်တို့ကို အသက်ထက်ဆုံး အောက်မေ့ပူဇော်နေရဦးမည်သာ။ ။

ကံထွန်းသစ်

ပဲခူး၊ ဝစ်ကွန်ဆင်။

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏တပည့်ရင်း
တိ=နိသာသနာပြုဥပဋ္ဌာကအနုပညာအဖွဲ့ဝင်များ
သီဆိုပူဇော်အပ်ကြသော

မင်းကွန်းဓမ္မတေးရင်မှာအေး

ထပ်ဆင့်ဂီတအကာယ်ဒမီ
ဂီတလုလင်ဦးကိုကို

အေးမြအသံမှာ အလှဝေစည် ဝေးကြ ခွဲခွာရပေပြီ ဆွေးရအမြဲသာတ ဖြေမဆည်
ဖူးမြင်ရသည်မှာ ရွှင်စွာအေးမြသမို့ တာရှည်
တရားဓမ္မညွှန်းသည်မှာ-ကြည်နာဖေးမ မချို့သဒ္ဓါညီ
မေတ္တာဖြန့်ဝေသည်မှာ-ဘဝင်မှာထွေးကြည်လို့ ကမ္ဘာတည်
အေး အေး အစဉ်သင်းပျံ့အေး (အေး) (အေး) . . .
နီးရာမှ ဝေး ဝေးလေပြီ- (ရုပ်နာမ်ချုပ်ငြိမ်း သိမ်းလေပြီ။)
နွမ်းလျှိုကြွေး တွေးဖြေမဆည် (ဝေးသည်ထက် ဝေး ဝေးလေပြီ။)
ဝေး ဝေး မြင်ကွင်းကဝေး ဝေး (ဝေး) (ဝေး) ×××
(မျက်ရည် မဆည်နိုင်ပြီ၊ တပည့်သားတွေ တပည့်သမီးတွေ)
[အေး အေး အေးခဲ့ပါသည်]
ဝေး ဝေး ဝေးခဲ့လေပြီ။
[ဆွေး ဆွေး ဆွေးခဲ့တာရှည်]
အေးမြခြင်းတွေ ဝေးလေပြီ၊ (ဝေးရာမှသည် ဆွေးမပြေတော့သည်)
ဆွေး ဆွေး ရင်တွင်းမှာဆွေး ဆွေး (ဆွေး) (ဆွေး) ×××
စေတနာသန့်စင် ကြည်ဖြူ ပြည်သူအများ ဝပ်တွားခ,ညွတ်လာ
သံဃာအပေါင်း ထေရ်မဟာ ယုံကြည်ခြင်း ရင်တွင်းရှင်းသန့်စွာ၊
အို. . . မြတ်လှပညာ ထက်စွာပြည်ချစ်ပန်း
ကြည်ညိုလေးမြတ် ပူဇော်ကာ၊ ဆရာတစ်ဆူ ဇမ္ဗူတွင် ရှာမှရှား၊
ကမ္ဘာတစ်ခွင် ထွန်းသစ်နေရောင်ပမာ၊ ဝေဖြာပဒေသာ ဂုဏ်ပြန့်ပွား၊
မြတ်ဘုရားသာသနာတွင်း ထင်လင်းထွန်းတောက်လာ၊
သက်ရာကျော်ရှည်စေ ဆုတောင်းငြား၊
တရားမင်း ဗုဒ္ဓသခင်မဟာ မကင်းနိုင်ပါ သည်လမ်းအနိစ္စာ။
[မချိသော်လည်း သတိမြဲစွာ တိ=နိဂုဏ်သတင်း ပျံ့သင်းရာ၊
ကြိုးပမ်းဆောင်ရွက် နောင်အဆက်ဆက်တိုင်သာ၊
ပေါင်းစည်းသီကြွေး ထာဝစဉ်မနေး
မင်းကွန်းဓမ္မတေး ရင်မှာအေး ××× (အေး) (အေး)]။ ။

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏
အန္တိမဈာပနအခမ်းအနားတွင်
တိ=နိဥပဋ္ဌာကအနုပညာအဖွဲ့ဝင်များ
သီဆိုပူဇော်ခဲ့ကြသည့်

ဓမ္မနာဒအမိဋ္ဌာန်ဓမ္မတေး

အကယ်ဒမီစန္ဒရားလှထွတ်

* ဘုရားမြတ်စွာကို အရိုအသေအလေးအမြတ်
လက်စုံမိုးရှိခိုးပါသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
* တရားတော်ကို ရိုသေလေးစား
ဦးချပါသည်။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
* သံဃာတော်မြတ် အရှင်တို့အား
ရိုသေစွာကန်တော့ကြပါသည်။ သံဃံ သရဏံ ဂစ္ဆာမိ။
* မြန်မာနိုင်ငံတော်သည် သာသနာထွန်းတဲ့ပြည်၊
ဗုဒ္ဓသာသနာရောင်ဝါသည် ကျွန်းစကြာမဟီ၊
နေ့လရာထောင်သို့ညီ ဤကမ္ဘာကိုအလင်းဖြန့်ဝေစီ။
* ဆရာတော်သခင်သည် သာသနာ'အကျိုးဆက်'ရည်၊
အဘိဓဇအကျော်အမော် ဆရာတော်သခင်ကျေးဇူးရှင်သည်၊
မြတ်ဘုရားဒေသနာများ ဤမြေကမ္ဘာတစ်လွှားပျံ့စေရည်။
သံပြိုင် ** [ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ သာသနာတော်အဓွန့်ရှည်
ဗုဒ္ဓဘာသာ သာသနာအကျိုး သယ်ပိုးဆောင်ရွက်ကြမယ်လို့
ဆရာတော်ဘုရား ဤတပည့်များကတိစကား အဓိဋ္ဌာန်တည်။]၂
* ကျေးဇူးရှင်တိပိဋက ဝိသဇ္ဇနကအမော်
မင်းကွန်းဆရာတော်ဘုရားသည် ဘဝနတ်ထံပျံလွန်ခဲ့ပြီ×××။
ကျေးဇူးရှင်အဆုံးအမကို ရင်မှာထားကာ
တပည့်ဒကာများသည် အသိမဟာပွားစည်×××။
ဗုဒ္ဓသာသနာထွန်းကား အရှည်တည်ရန်ရည်
မုချဘာဝနာပွားများ ကြံစည်နေပါမည်
အဓိဋ္ဌာန်ရင်း စိတ်မာန်တင်း ဆရာတော်ဘုရားကို
နောက်ဆုံး ဦးချမဝတော့ပြီ×××။
သံပြိုင် ** [ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ သာသနာတော်အဓွန့်ရှည်
ဗုဒ္ဓဘာသာ သာသနာအကျိုး သယ်ပိုးဆောင်ရွက်ကြမယ်လို့
ဆရာတော်ဘုရား ဤတပည့်များ ဓမ္မနာဒအဓိဋ္ဌာန်တည်။]၂

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏
သရီရဓာတုဒကအရိုးဓာတ်ပြာတော်များကိုရေဝယ်မျှော
အဆုံးကာလအန္တိမပူဇာအခါတွင်
အရိုးဓာတ်တော်ပင့်ဆောင်သည့်ကရဝိက်ဖောင်တော်
မင်းကွန်းကမ်းမှခွာသည့်အချိန်တွင်သီဆိုသည့်

မင်းကွန်းမြေမှခွာတော်မူလေပြီ

ဗိုလ်ကလေးတင့်အောင်

ဆရာတော်မထေရ် မင်းကွန်းမြေမှ ထွက်ကြွတော်မူရရှာပြီ××× တပည့်ဒကာများ တိပဏာ အားဖြင့် ဝပ်တွားဦးချသည် ဖူးမဝဖြေမဆည်××× အရှင်အသံ အရှင့်စကား မှတ်သားဖွယ် တရားအဆီ ဆုံးမတော်မူပါဦးဘုရား ငိုကြွေးတမ်းတ လွမ်းကြရပါပြီ×××။

ဒန္တာဝန်မချခင်ကတည်းက တစ်နည်းပ အကြံအစည်၊ အရိုးတော်ပြာတော်အတွင်း မြစ်တွင်း ယူကြ ရေမျှောချရမည်၊ အနှစ်သဘောဖွေရှာမည် မြစ်ကြောဧရာဝတီ အညာအကြေ မြန်မာပြည်အတွင်း စီးဆင်းထွေထွေ ရစ်ခွေပတ်လည်×××။

ဆရာတော့် မေတ္တာရေအလျဉ်သည် တသွင်သွင် စီးဆင်းနေလိမ့်မည်။

သတ္တဝါဟူသမျှ . . . ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစီ၊
ဒေါသခပ်သိမ်း ငြိမ်းကြပါစီ၊
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစီ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစီ။ ။

in Mingun

မင်းကွန်းတိပိဋကဓရ ရွှေလက်ဆောင်

ဒကာ+ဒကာမ အပေါင်းသူတော်ကောင်းတို့...

(၁) မမေ့ မလျော့ကြနဲ့။

(၂) ဦးမှာ သေခြင်းတရားနဲ့ အချိန်အချက် မရှိကြဘူး။

(၃) မိမိတို့ ဆောင်ရွက်ရမဲ့ ဝေယျဝစ္စများကို ရှေ့ရက်ဆွဲမထားပဲ ဦးကပဲ ကြိုးစားကြပါ။ ။

ဦးဝိစိတ္တသာရာဘိဝံသ